စစ်ကိုင်းတောင်ရိုး

အဂ္ဂမဟာပဏ္ဍိတ

ပဌာန်းသိမ်ဖံဆရာတော် အရှင်ဣန္ဒကထေရ၏

ပဌာနသာရဝိလာသိနီ

၏

ပဌာန်းသိပ္ပကျမ်း

တတိယတွဲ

(ပစ္စယနိဒ္ဒေသနှင့် ဆဝါရ အရကောက်)

အဘိဓမ္မဟာရဋ္ဌဂုရု ရှေဟသ်ာဆရာတော် အရှင်ပဏ္ဍိတ

တည်းဖြတ်တော်မူသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ခေါဇာ ၁၃၇၁ ဒီဇင်ဘာလ ၁၉၇၉

စင်ကိုင်းတောင်ရိုး
အဂ္ဂမဟာပဏ္ဍိတ
ပဌာန်းသိမ်ဖံဆရာတော် အရှင်ဣန္ဒကထေရ၏

ပဌာနသာရဝိလာသိနီ

၁၀၁

ပဌာန်းသိပ္ပံကျမ်း

တတိယတွဲ

(ပစ္စယနိဒ္ဒေသနှင့် ဆဝါရ အရကောက်)

အဘိဓဇမဟာရဋ္ဌဂုရု ရှေဟသ်ာဆရာတော် အရှင်ပဏ္ဍိတ
တည်းဖြတ်တော်မူသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၇၁ ဒီဇင်ဘာလ ၁၉၇၉

ပဋ္ဌာန်းသိပ္ပံကျမ်း (တတိယတွဲ)

ပဌမအကြိမ် ရိုက်နှိပ်ခြင်း။ အုပ်ရေ ၃၀၀၀၊ ၁၉၇၉။

ရန်ကုန်မြို့ ဇမ္ဗာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂) က ပုံနှိပ်ထုတ်ဝေသည်။



ပဌာန်းသိမ်ပွဲ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒက မဟာထေရ
စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့။

နေကိုင်ထခင်ရဲ့ ယွဲ့ပင်စ ဘုန်းဘုရားထဲ ဂိုဏ်းနှင်ဒေါက ထမ်ပိုဝင်ဟာလိမ်ဏ

ပုဂစနှင်ဒေါက ဦးဂြိုဟ်-၀၀၀ ဒုတ်ကြီး လင်ထိုဂ်ထ ခုနှစ်ဦးဂြိုဟ်-၀၆၈၀



နေ၀ါဒဗိမာန်လေးထပ် ဦးဂယ ဘုန်းဌာဝဇ်ထက် ဂိုဏ်းနှင်ဒီဂ ထယ်ပေါင်ကျောက်ဆစ်ဇေ

ပုဂဇေနှင်ဒီဂ ဦးဂြာ-၀ဝင ဌယ်ကြီး လင်ထိုက်ယ ဖွန်ဦးဂြာ-၀ဝင်ဝ



ဗဟိုကဒ္ဒယခင်ကလုံ ယွင်္ဂလင်ဖ ခ့ဲနီ့ဒ္ဒယခစ်ထ ဂိုဏ်းနှင်ဒ်ာ်က ထယ်ိုဂင်ဟကပ်ဏ
ပ္ဍဝေးနှင်ဒ်ာ်က ယ္ဍင်ကြ၁ဒ္ဒ၁ယ်-ဝ၀ လးဒ္ဒလဏ္ဍဒ္ဒယ ဒ္ဓနီ-ဝ်ဝ်ဝ

ပဋ္ဌာနသာရဝိလာသိနီခေါ်

ပဋ္ဌာန်းသိပ္ပံကျမ်း တတိယတွဲ

နိဒါန်း

သဘောရေးရာ ကျမ်းမဟာ

သဗ္ဗညုတဉာဏ်တော်ရှင်။ ။မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် တရားအားလုံးကို သိစွမ်းနိုင်သည့် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်ပေသည်၊ ယင်းသို့တရားအလုံးစုံကို သိစွမ်းနိုင်ကြောင်းကို ကိုယ်တော်တိုင်ပင်လျှင်–

"ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏၊ တရားအလုံးစုံကို သိစွမ်းနိုင်သူဖြစ်၏"ဟူ၍ မိန့်မြွက်တော်မူခဲ့ပေသည်။

ဤမိန့်ဒေတာ်မူချက်ကို ယောက်ယားလျှင်လည်း မြတ်ဗုဒ္ဓရှင်တော်ဘုရား သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်သိရှိနိုင်ပါသည်၊ ထို့ပြင် မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသော တရားတော်များကို လေ့လာဝေဘန်ကြည့်ရှုလျှင်လည်း သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်ကြောင်း သိသာနိုင်ပါသည်။

ကောင်းခြင်းစုံသည့်ပိဋကသုံးပုံ။ ။မှန်လှ၏၊ မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်များသည်–

၁။ **အစ**၏ကောင်းခြင်း၊

၂။ **အလယ်**၏ကောင်းခြင်း၊

၃။ **အဆုံး**၏ကောင်းခြင်း–

ဟူသော ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံ၏၊ အနက်အဓိပ္ပါယ်နှင့် ပြည့်စုံ၏၊ သဒ္ဒါဝါကျနှင့် ပြည့်စုံ၏၊ အပြစ်တင်ဖွယ်မရှိ အလုံးစုံစင်ကြယ်၏။[1]

ဤအကြောင်းထင်ရှားစေရန် သာဓကနှင့်တကွ စိစစ်ပြပါဦးအုံ—

မြတ်စွာဘုရား၏ တရားတော်များကို—

၁။ **အဘိဓမ္မာ**တရားတော်၊

၂။ ဝိနည်းတရားတော်၊

၃။ သုတ္တန်**တရား**တော်–

ဟူ၍ အစဉ်အလာအားဖြင့် ၃-မျိုး ခွဲခြားသတ်မှတ်ခဲ့သည်။[2]

၁။ ဝိ ၃၊၁၂။ ဝိမြန် ၃၊ ၁၃။ ၂။ ဝိ ၁၊ ၁။ ၃။ ဒီ ၆ ၁၊ ၁၇။

ဤတွင် အဘိဓမ္မာပိဋကသည် သဘောတရားရေးရာကို ပြဆိုသည့် တရားတော်အစုဖြစ်သည်။

ဝိနည်းပိဋကသည် သဘောတရားရေးရာနှင့် ကိုက်ညီသည့် စည်းမျဉ်းဥပဒေတရားတော်အစုဖြစ်သည်။

သုတ္တန်ပိဋကသည် သဘောတရားရေးရာနှင့် ဆီလျော်သည့် လမ်းစဉ်ကို ပြဆိုသည့် လုပ်ထုံးလုပ်နည်း တရားတော်အစုဖြစ်သည်။

ဒေါသနှင့်ပိဋက။ ။ဥပမာ "ဒေါသ" ဟူသော တရားတခုကို ဓမ္မသင်္ဂဏီပါဠိတော် အကုသိုလ်စိတ် ၁၂-ခုကို ပြဆိုရာ ဒ္ဒါဒသအကုသလ အခန်းဌ-[1]

ထိုအခါ၌ စိတ်၏ဖျက်ဆီးမှု 'ဒေါသ' ဟူသည် အဘယ်သဘော ဖြစ်သနည်း၊ ထိုအခါ၌ အကြင် ဖျက်ဆီးမှု ဒေါသ၊ ဖျက်ဆီးပုံအခြင်းအရာ ဒုဿနာ၊ ဖျက်ဆီးသူ၏အဖြစ် ဒုသိတတ္တ၊ ဖောက်ပြန်ခြင်း ဗျာပတ္တိ၊ ဖောက်ပြန်ပုံအခြင်းအရာ ဗျာပဇ္ဇနာ၊ ဖောက်ပြန်သူ၏အဖြစ် ဗျာပဇ္ဇိတတ္တ၊ ဆန့်ကျင်မှု ဝိရောဓိ၊ အဖန်ဖန်ဆန့်ကျင်မှု ပဋိဝိရောဓ၊ ကြွေမ်းတမ်းသူ၏အဖြစ် စဏ္ဍိက္ခ၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း အသုရောပ၊ စိတ်၏မနှစ်လိုမှု အနတ္တမနတာစိတ္တသ-သည် ဖြစ်၏၊ ထိုအခါ၌ ဖျက်ဆီးမှုဒေါသဟူသည် ဤသဘောဖြစ်၏—

ဟူ၍ သဘောတင်ရှားအောင် သုံးသပ်ဖော်ပြထားပေသည်။

ယင်းသို့ ဒေါသ၏ အကုသိုလ်သဘောတရားကို သဘောတရားရေးရာ အဘိဓမ္မာ ဟရားတော်၌ ဖော်ပြပြီးလျှင် စည်းမျဉ်းဥပဒေပိုင်းဆိုင်ရာ ဝိနည်းတရားတော်၌-[2]

အကြင်ရဟန်းသည် သတ်လိုသောစေတနာဖြင့် စေ့ဆော်၍ လူဇာတ်ပြစ်သောသူ၏ ကိုယ်ကို အသက်ဇီဝိတိန္ဒြေမှ ချကြားအံ့၊ ထိုသူသေစေရန် လက်နက်ကိုမူလည်း အနီးဌ ထားကြားအံ့၊ သေခြင်း၏ကောင်းကြောင်း ကိုမူလည်း ချီးကျူးပြောဆိုကြားအံ့၊ သေစိမ့်သောဌာနမူလည်း ဆောက်တည်စေကြားအံ့၊ "အိုယောကျား သင့်အား ယုတ်ညံ့စွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင့်အား အသက်ရှင်နေရခြင်ထက် သေရခြင်းက မြတ်သေး၏" ဟု ဤသို့ သေစေလိုသော စိတ်ရှိသည်ဖြစ်၍, ဤသို့ သေစေလိုသော စိတ်အကြံရှိသည်ဖြစ်၍ မျှားစွာ

၁။ အဘိ ၁၊ နှာ ၁၀၁၊ အဘိမြန် ၁၊ နှာ ၁၆၀။ ၂။ ဝိ ၁၊ နှာ ၉၂၊ ဝိမြန် ၁၊ နှာ ၉၆။

သောအကြောင်းဖြင့် သေခြင်း၏ကောင်းကြောင်းကိုမူလည်း ချီးကျူးပြောဆိုပြီးအံ့၊ သေစိမ့်သောဌာနမူလည်း ဆောက်တည်စေပြီးအံ့၊ ဤရဟန်းသည်လည်း သာသနာတော်မှ ရှုံးခြင်းသို့ရောက်၏၊ ရဟန်းကောင်းတို့နှင့်အတူ ပေါင်းဖော်ခြင်းမရှိ—

ဟူ၍ ဒေါသဖြင့် လူသတ်ခြင်းကို တားမြစ်၍ ဥပဒေစည်းမျဉ်း ချမှတ်ထားပေသည်။

ယင်းသို့ လူသတ်ခြင်း၌ စည်းမျဉ်းဥပဒေချမှတ်ပြီးလျှင် တိရစ္ဆာန်များကို သတ်ခြင်း၌ ပါစိတ်ပါဋိဒေါတ်တင်[1]—

အကြင်ရဟန်းသည် သေစေလိုသော စေတနာဖြင့် စေ့ဆော်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ချပြားအံ့(သတ်ပြားအံ့)၊ ပါစိတ်အမည်ရှိသော အာပတ်သင့်စေ—

ဟူ၍ စည်းမျဉ်းဥပဒေ ချမှတ်တော်မူပေသည်။

အများအားဖြင့် လူသတ်ခြင်း, တိရစ္ဆာန်သတ်ခြင်းတို့သည် ဒေါသအရင်းခံ၍ သတ်ဖြတ်ခြင်းဖြစ်ရာ ဒေါသကို အကုသိုလ်အဖြစ် ပြဆိုခဲ့သည်၊ သဘောတရားရေးရာ အဘိဓမ္မာ ပိဋကနှင့်အညီ စည်းမျဉ်းဥပဒေဖြစ်သည့် ဝိနည်းပိဋကတ်၌ တားမြစ်ချက် ချမှတ်ထားသည်ကို တွေ့နိုင်ပေသည်။

ဒေါသသည် အကုသိုလ်တရားဖြစ်ကြောင်း အဘိဓမ္မာ၌ အခြေခံသဘောတရားအဖြစ် ခံယူထားသည်နှင့်အညီ သုတ္တန်ပိဋကတ်၌ ယင်းဒေါသကို သတ္တဝါတို့ ရှိမုန်းလာစေရန်—

ဒေါသသည် အကျိုးစီးပွါးကို မသိတတ်၊ ဒေါသသည် တရားသဘောကို မမြင်တတ်၊ ဒေါသဖြစ်ပေါ်နေသောအခါ၌ အမှိုက်မှောင်အတိ ကျနေ၏၊ ဒေါသသည် လူကို ဖိစီးတတ်၏[2]—

ဟူ၍ ဒေါသအပြစ်ကို ပြဆိုသည်။ ထို့နောက် ဆက်သက်၍—

"သတ္တဝါအားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ သတ္တဝါ အားလုံးတို့သည် ဘေးခြင်းမှ ကြောက်ရွံ့ကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို ညှဉ်းလည်း မညှဉ်းဆဲရာ၊ သတ်လည်းမသတ်ရာ"[3]—

ဟူ၍ မိမိကိုယ်ကို ဥပမာထား၍ ညှဉ်းဆဲသတ်ဖြတ်မှု မပြုလုပ်ရန် လမ်းစဉ်ကို ညွှန်ပြထားပေသည်။

၁။ ဝိမြန် ၂၊ နှာ-၁၇၄။ ၂။ ခု ၁၊ နှာ ၂၅၂၊ ခုမြန် ၁၊ နှာ ၂၃၇။
၃။ ခု ၁၊ နှာ ၂၅၂။ ခုမြန် ၁၊ နှာ ၂၃၇။

ထို့ပြင်လည်း သုတ္တန် ပိဋကတ အဂုံတွဲ၁ပါဠိတော်လာ အာဃာတ ပဋိဝိနယ သုတ်ကို အကျဉ်းမျှဖော်ပြရလျှင်—

ရဟန်းတို့ ရန်ငြိုးမဲ့ခြင်း ဒေါသ ဖြစ်ပေါ်လာလျှင် ယင်း ရန်ငြိုးမဲ့ခြင်းကို ဤ ၅-မျိုးဖြင့် ပယ်ဖျောက်ရမည်။ ၅-မျိုး ဟူသည်မှာ—

ရန်ငြိုးထားသူ အပေါ်၌—

၁။ မေတ္တာပွါးခြင်းဖြင့်ရင်း၊

၂။ ကရုဏာပွါးခြင်ဖြင့်ရင်း၊

၃။ ဥပေက္ခာပွါးခြင်းဖြင့်ရင်း၊

၄။ နှလုံးမသွင်းပဲ နေခြင်းဖြင့်ရင်း၊

၅။ သူကံအတိုင်း ဖြစ်ပါစေ=ဟု အဓိဋ္ဌာန်ခြင်းဖြင့်ရင်း-

ရန်ငြိုးကို ပယ်ဖျောက်ရမည်[1]—

ဟူ၍ ရန်ငြိုးမဲ့ခြင်း အာဃာတပယ်နည်းကို ဟောကြားထားပေသည်။ ဤ၌ ရန်ငြိုးမဲ့ခြင်း အာဃာတဟူသည် ဒေါသအရင့်စားပင် ဖြစ်ပေသည်။

ဤကား ဒေါသဟူသော်နှင့် ပတ်သက်၍ အဘိဓမ္မာပိဋက လာ အခြေခံ သဘောတရားရေးရာကိုရင်း ယင်းအခြေခံ သဘောတရားရေးရာနှင့် လျော်ညီစွာ ဝိနည်းပိဋကလာ စည်းမျဉ်းဥပဒေ ချမှတ်ချက်ကိုရင်း၊ အခြေခံသဘောတရားရေးရာနှင့် လျော်ညီသည့် သုတ္တန်ပိဋကလာ လုပ်ထုံး လုပ်နည်းကိုရင်း အကျဉ်းချုပ် ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။

ဤ ဒေါသ သဘောတရားတခု၌ အဘိဓမ္မာ,ဝိနည်း,သုတ္တန်, ပိဋကသုံးဖြာ ညီညွတ်သင့်လျော်သည်ကို သိရှိရလျှင် ပညာရှင်များဘည် အခြားသော ဘုရားဟော တရားတော်ကို၌လည်း ပိဋကသုံးပုံတည်ညွှတ်ဝ ည်း ရှိမည်ဖြစ်ကြောင်း သိရှိယုံကြည်ကြလိမ့်မည်ဟု ထင်မြင်ပါသည်။

ယင်းသို့ ဖော်ပြခဲ့သည့် သာဓက ကေားရပ်များဖြင့် မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် တရားအလုံးစုံကို သိမြင်နိုင်စွမ်းရှိသည့် သဗ္ဗညုတ ဉာဏ်တော်ရှင် ဖြစ်သည်၊ သဗ္ဗညုတဉာဏ်တော်ရှင် တည်ထောင်ဖန်ဆင်းသည့် သာသနာ ဖြစ်သောကြောင့် အခြေခံ သဘောဟူရေးရာ အဘိဓမ္မာပိဋက၊ စည်းမျဉ်းဥပဒေ ဝိနည်းပိဋက၊ လုပ်ထုံး လုပ်နည်း သုတ္တန်ပိဋကဟူသော ပိဋကသုံးပုံ အပြည့်အစုံရှိနေကြောင်းကို သိသာထင်ရှားပေပြီ၊ ထို့ကြောင့်ပင်လျှင် မြတ်စွာ

---

[1] အံ ၂ နှာ ၁ဖြာ။

ဘုရားသာသနာတော်သည် အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းရှိ၍ အနက်အဓိပ္ပါယ် သဒ္ဒါဝါကျနှင့် ပြည့်စုံပြီး ဖြည့်စွက်ရန် လိုအပ်ချက်မရှိ၊ နှုတ်ပယ်ရန် အပြစ်အနာ မရှိ၊ အလုံးစုံကောင်းမွန်ပြည့်စုံကြောင်း သိသာပြန်ပေသည်။

အဘိဓမ္မာပိဋကကျမ်းများ။ ။ဆိုခဲ့သည့်အတိုင်း ကောင်းခြင်းအဖုံဖုံဖြင့်ပြည့်စုံသည့် ပိဋကသုံးပုံတွင် အခြေခံ သဘောတရား ရေးရာ အဘိဓမ္မာ ပိဋကသည်—

၁။ ဓမ္မသင်္ဂဏီကျမ်း၊

၂။ ဝိဘင်းကျမ်း၊

၃။ ဓာတုကထာကျမ်း၊

၄။ ပုဂ္ဂလပညတ်ကျမ်း၊

၅။ ကထာဝတ္ထုကျမ်း၊

၆။ ယမိုက်ကျမ်း၊

၇။ ပဋ္ဌာန်းကျမ်း—

ဟူ၍ ၇-ကျမ်းရှိပေသည်။

ယင်း ၇-ကျမ်းတို့တွင် နောက်ဆုံး သတ္တမမြောက် ပဋ္ဌာန်းကျမ်းကြီးသည်ကား ကျယ်ဝန်းကြီးမား များပြားလှပါပေသည်[1]။

သာသနာတော်အတွက် သဘောတရားရေးရာ၌ ကျေးဇူးကြီးမား၍ အားကိုးလောက်သည့် ကျမ်းကြီးဟုဆို ပြစ်ပါပေသည်[2]။ သဘော, သရုပ်, အဓိပ္ပါယ် အယူအဆလည်း ခက်ခဲ နက်နဲလှပါပေသည်။ ယင်းကျမ်းကြီးကို သာသနာတော်၏ သဘောတရားရေးရာ ကျမ်းမဟာ–ဟူ၍ပင် အမည် ပေးလောက်ပါပေသည်။

သဘောတရားရေးရာ ကျမ်းမဟာ ခေါ်လောက်သည့် ပဋ္ဌာန်းကျမ်းကြီး၏ သဘောအဓိပ္ပါယ်ကို နောင်လာနောက်သားတို့ ကဗျာသိနားလည်စေရန်အတွက် အဋ္ဌကထာ, ဋီကာ, ဒီပနီ, အရကောက်, ဂဏ္ဌိ-စသော ပါဠိ မြန်မာ ကျမ်းများစွာ ပေါ်ထွက်ခဲ့ပေသည်[3]။

၁။ ပဋ္ဌာန်းကျမ်း ကျယ်ဝန်းပုံကို ဤကျမ်း ဒုတိယတွဲ နိဒါန်း၌ရှုပါ။
၂။ ပဋ္ဌာန်းကျမ်း သာသနာအတွက် အကျိုးကြီးပုံကို ဤကျမ်းဒုတိယတွဲ နိဒါန်း၌ရှုပါ။
၃။ ပဋ္ဌာန်းဆိုင်ရာကျမ်းများအကြောင်းကို ဤကျမ်း ပဌမတွဲ နိဒါန်း၌ရှုပါ။

ယင်း ပေါ်ထွက်ခဲ့သည့် ကျမ်းများအနက် ဤနိဒါန်းဖြင့် သွယ်တန်း လမ်းခင်းနေသည့် ပဋ္ဌာနသာရဝိသဒိသိနီ ခေါ် ပဋ္ဌာန်းသိပ္ပံ ကျမ်းသည်လည်း ဓနာဂတ်ဆုံးကြိုးပမ်းလိုက်သည့် ကျမ်းတဆူဖြစ်ပေသည်။

ကျမ်းအမည်ရှင်းချက်

အမည် ၂-မျိုး။ ။ဤကျမ်းကို ပဋ္ဌာနသာရဝိလာသိနီ ခေါ် ပဋ္ဌာန်းသိပ္ပံကျမ်းဟူ၍ အမည် ၂-မျိုး မှည့်ခေါ်ထားပေသည်၊ ပဋ္ဌာနသာရဝိလာသိနီမှာ ပါဠိအမည်ဖြစ်၍ ပဋ္ဌာန်းသိပ္ပံကျမ်းမှာ အတိုကောက် မြန်မာ**အမည်** ဖြစ်သည်။

ပဋ္ဌာနသာရဝိလာသိနီ။ ။ပဋ္ဌာနသာရဝိလာသိနီ ဟူသော ပါဠိအမည်၌ ပဋ္ဌာန-တပုဒ်၊ သာရ-တပုဒ်၊ ဝိလာသိနီ တပုဒ် အားဖြင့် ၃-ပုဒ် ပေါင်းစပ်ပါဝင်နေသည်။

ပဋ္ဌာန ကို ပဋ္ဌာန်းကျမ်းဟု အနက်ပြန်ရသည်။

သာရ ကို **အနှစ်အသား**ဟု အနက်ပြန်ရသည်။

ဝိလာသိနီ ကို တင့်ဘယ်ခြင်း ရှိသည့် ကျမ်းဟု အနက်ပြန်ရသည်။

ပဋ္ဌာန သာရ ဝိလာသိနီဟု ၃-ပုဒ် ပေါင်းစပ်လိုက်သော**အခါ** ပဋ္ဌာန်းကျမ်း၏ **အနှစ်အသား**တို့ဖြင့် တင့်တယ်ခြင်းရှိသောကျမ်း ဟူသော မြန်မာ**အနက်** အဓိပ္ပါယ် ရရှိပေသည်။

ပဋ္ဌာန်းသိပ္ပံတိုက်။ ။ပဋ္ဌာန်းသိပ္ပံကျမ်း အတိုကောက် မြန်မာ**အမည်** ဖြစ်ပုံမှာ ဤကျမ်းပြုပဋ္ဌာန်းသိပ္ပံဆရာတော်သည် စစ်ကိုင်းတောင်ရိုးမူလက မဟာသီဟချောင်၌ သီတင်းသုံးနေဟော်မူစဉ် သက္ကရာဇ် ၁၃၁၅-ခုနှစ်သို့ ရောက်သော်၊ ရတနာဝုဝံချောင် ပထမ ဆရာတော်ကြီးက ရတနာပုံ လှိုင်းတက်ချောင်ကို ချီးမြှင့်လှူအပ်တော်မူသည်။

ဤကျမ်းပြုဆရာတော်သည် ရာဘနာပုံ လှိုင်းဘက်ချောင်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီး ပဋ္ဌာန်းပညာ လေ့လာလိုက်စားသူ ရဟန်းရှင်လူအများတို့အား ပဋ္ဌာန်းပညာဝေဒနာ ပဋ္ဌာန်စာဝါ ပို့ချတော်မူသည်၊ ထို့ကြောင့် ယင်းချောင်၏ ရာဘနာပုံလှိုင်းဘက်ချောင်ဟူသော အမည်ဟောင်း ပျောက်၍ ပဋ္ဌာန်းသိပ္ပံတိုက် ဟူသော အမည်သစ် ပြောင်းလဲ ရောက်ရှိလာခဲ့လေသည်။

ပဋ္ဌာန်းသိပ္ပံ ဟူသည် "ပဋ္ဌာန်းကျမ်းဆိုင် သ**အတတ်ပညာသင်ရာ** ကျောင်းခေါ်ဝေါ်" ဟု **အနက်**အဓိပ္ပါယ် ရရှိပေသည်။

ပဋ္ဌာန်းသိပ္ပံဆရာတော်။ ။ထိုမှတဆင့် ယင်း ပဋ္ဌာန်းသိပ္ပံတိုက်ကို ဦးစီး အုပ်ချုပ်သည့် ဆရာတော်၏ အမည်သည်လည်း ပဋ္ဌာန်းသိပ္ပံဆရာတော်ဟု ထင်ရှား ကျော်စောလာပြန်ပေသည်။

ပဋ္ဌာန်းသိပ္ပံကျမ်း။ ။ပဋ္ဌာန်းသိပ္ပံဆရာတော်သည် ပဋ္ဌာန်းဆိုင်ရာ ပညာကို ပဋ္ဌာန်းသုတေသီ ရဟန်းရှင်လူအမျှားတို့အား သင်ကြား ပို့ချပေးနေခဲ့ရာမှ(မထင်မရှား မပါ)သိသိသာသာ ထင်ထင်ရှားရှား သင်ကြား ပို့ချပေးခဲ့သည့် အကြိမ်ပေါင်း(၇၂)ကြိမ်ဖြစ်သောနောက်ဆုံးအကြိမ်၌ ပို့ချပုံကို အသံဖမ်းစက်ဖြင့် ကူးယူပြီး ပဋ္ဌာန်းကျမ်းတဆူအဖြစ် ပြုစုတော်မူသည်၊ ယင်း ကျမ်းကို "ပဋ္ဌာနသာရဝိလာသိနီ" ဟူသော ပါဠိဘာသာဖြင့် အမည်ပေးခဲ့ပါ သော်လည်း ယင်း မှည့်ခေါ်ရင်းအမည် မတွင်မူ၍ ပဋ္ဌာန်းသိပ္ပံဆရာတော် ပြုစု သောကြောင့် ပြုစုသည့် ဆရာတော်၏အမည်သို့လိုက်ကာ ပဋ္ဌာန်းသိပ္ပံကျမ်း ဟု အမည်တွင် ထင်ရှားလာလေသည်။

ဤသည်ကား ပဋ္ဌာနသာရဝိလာသိနီဟူသော ဤကျမ်း၏ ပါဠိအမည်နှင့် ပဋ္ဌာန်းသိပ္ပံဟူသော မြန်မာအမည်တို့၏ အဓိပ္ပါယ်ကို ရှင်းပြချက် ဖြစ်ပေ သည်၊ ယင်းအမည်တို့၏ အနက်အဓိပ္ပါယ်အရနှင့် ဤကျမ်းတို့သည် မည်သို့ လိုက်လျောညီညွတ်ခြင်းရှိသည်ကို ဆက်လက်၍ ရှင်းပြပါဦးအံ့။

အမည်နှင့် လိုက်လျောညီညွတ်ခြင်း

ဤကျမ်း၏ ပါဠိ, မြန်မာ အမည် ၂-မျိုး ရှိသည်တွင် ပဋ္ဌာန်းသိပ္ပံ ကျမ်းဟူသော မြန်မာအမည်အရ ဤကျမ်းက ပဋ္ဌာန်းကျမ်းဆိုင်ရာ အတတ်သင် ပြုပုံကို ရှင်းလင်းရေးသားလျှင် ပဋ္ဌာန သာရ ဝိလာသိနီ ဟူသော ပါဠိအမည် အရ ပဋ္ဌာန်းကျမ်း၏အနှစ်သာရတို့ကို ပြဆိုရေးသားခြင်းပင် ဖြစ်နိုင်သော ကြောင့် ပဋ္ဌာန်းသိပ္ပံကျမ်းဟူသော မြန်မာအမည်နှင့် လိုက်လျောညီညွတ်ခြင်း ရှိမှုကိုသာ အဓိကထား၍ ရေးသားပြဆိုပါမည်။

မှန်ပါသည်၊ ဤကျမ်းကို သေချာစွာ လေ့လာ ဝေဘန် ဖတ်ရှုကြည့်သော အခါ—

(က) ပါဠိတော်စီကုံးမှု အဘတ်သင်ခြင်း၊
(ခ) ပါဠိတော်ကိုအနက်ပေးမှု အတတ်သင်ခြင်း၊
(ဂ) အဌကထာနည်းဖွင့်ဆိုမှု အတတ်သင်ခြင်း၊
(ဃ) ဋီကာနည်းဖွင့်ဆိုမှု အတတ်သင်ခြင်း၊
(c) အရကောက်နည်း အတတ်သင်ခြင်း၊

(၀) ဟေတုဆိုနည်း အတတ်သင်ခြင်း၊
(၁) ဂဏ္ဌိပညာ အတတ်သင်ခြင်း၊
(၂) စာမေးပွဲဖြေဆိုနည်း အတတ်သင်ခြင်း၊
(၃) ဇယားဖြင့် ပဋ္ဌာန်းအတတ်သင်ခြင်း—

စသည်ဖြင့် ပဋ္ဌာန်းကျမ်းဆိုင်ရာ အတတ်ပညာသင်ကြားချက်အမျိုးမျိုးကို ပြဆို ရေးသားထားသည်ကို တွေ့မြင်ရပေသည်။

ယင်းတွေ့ရှိသည့်အချက်အချို့ကို ဤကျဉ်းချုပ်၍ အနည်းငယ်မျှ ဤနိဒါန်း၌ ရေးသားဖော်ပြပါအုံ့။

ပဋ္ဌာန်းဆိုင်ရာ အတတ်သင်ပုံများ

(က) ပါဠိတော်စိုးမှုအတတ်သင်ခြင်း။ ။မြန်မာပြည်ဖွား စာသင်သားများအတွက် မိခင်ရင်း မြန်မာစကားကို ငယ်စဉ်ကပင် ပြောဆိုသုံးစွဲခဲ့သောကြောင့် မြန်မာဘာသာ၌ ကျမ်းကျင်လိမ္မာကြပေသည်၊ ကြီးခါမှ တွေ့မြင်ရသည့် ပါဠိဘာသာကိုမူ ကျမ်းကျင်စွာ ပြောဆိုရန် မလွယ်ကူပဲ အခက်အခဲရှိတတ်ကြပေသည်။

ဤသည်မှာ လူမျိုးတိုင်း, ဘာသာစကားတိုင်း၌ ဖြစ်ရိုးဓမ္မတာသာလျှင် ဖြစ်ပေသည်၊ ထို့ကြောင့် ပဋ္ဌာန်းပညာကို လေ့လာလိုက်စားကြသည့် မြန်မာပြည်ဖွား စာသင်သားတို့မှာ ပါဠိဘာသာဖြင့် ရေးသားထားသည့် ပဋ္ဌာန်းပါဠိတော်ကြီးကို အလွယ်ဆိုနိုင်ရန်မှာလည်း မလွယ်ကူသော အလုပ်ဖြစ်နေပေသည်၊ အချို့စာသင်သားကလေးများမှာ အသံဝင်အောင် အာပူတိုက်ကျက်ရသည်ကို တွေ့မြင်ခဲ့ရဘူးပေသည်။

ယင်းသို့သော အခက်အခဲကို သိမြင်တော်မူသော ဤကျမ်းပြုပဋ္ဌာန်းသိပ္ပံဆရာတော်သည် ရှေးဦးစွာ သုဒ္ဓသခ်္ဂါယနိုရိုးကို သင်ပေးပြီး ဆိုင်ရာပစ္စည်း, ပစ္စယုပ္ပန်တို့၌ ပါဠိစိုးရွက်ဆိုဘတ်အောင် နည်းပေးသင်ကြား ရေးသားထားသည်ကို တွေ့မြင်ဖတ်ရှုရပေသည်။

သာဓကဆုတ်ပြုရလျှင် ဤကျမ်း စာမျက်နှာ ၂-နှင့် ၃-တို့၌-

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ
တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော—

ဟု ရွက်ဆိုတတ်အောင် ပါဠိစိုးနည်းကို အဓိပ္ပါယ်ခွဲခြားရှု ရေးပြထားသည်ကို ဖတ်ရှုနိုင်ပေသည်။

ဤသည်မှာ ဟေတုပစ္စည်း ပစ္စယနိဒ္ဒေသ တနေထားမျှမှသာ ဥပမာ သာဓက ထုတ်ပြခြင်းဖြစ်သည်၊ ဤနည်းအတိုင်းပင် အခြား၊အခြားသော ပစ္စည်းများ နေထားအများအပြား၌လည်း ပါဋိစိကုံးရှုတ်ဆိုနည်းအတတ်ကို ရေးသားသင်ပြ ထားထည်ကိုလည်း တွေ့နိုင်ပေသည်။

ဤမြန်မာဘာသာကို ပါဋိစိကုံးနည်းတတ်ကျမ်းသူကား ပါဋိပညာရှင်တရာ လျှင် တယောက်မျှ ရှားပါးလှချေ၏၊ ဆရာတော်သင်ပြချက်အတိုင်း စိတ်ပါ ဝင်စား လေ့လာပါမူ ပဋ္ဌာန်းပါဋိပါရဂူဖြစ်ရုံမျှမက တိပိဋကပါဋိပါရဂူတဆူပင် ဖြစ်လာနိုင်ပေသည်။

(ခ) နိဿယပြန်ဆိုနည်းအတတ်သင်ခြင်း။ ။ပါဋိရပြီးနောက် အနက်မြန်မာ ပြန် သိရှိရန်လည်း လိုပေသေး သည်၊ပါဋိရလျက်အနက်မသိပြန်လျှင်လည်း "ကြက်တူရွေးစကားတတ်" သကဲ့သို့ ကိုယ်ပြောသည့် စကားအဓိပ္ပါယ်ကို ကိုယ်မသိ ဖြစ်နေတတ်ပေသည်၊ ပဋ္ဌာန်း သိပ်ပံဆရာတော်သည်ကား ပဋ္ဌာန်းလေ့လာသူတို့အတွက် စေတနာသဒ္ဓါတရား ကြီးမားစွာထားလျက် ပဋ္ဌာန်းပါဋိစိကုံးနည်းသာမက နိဿယပြန်ဆိုနည်းကို လည်း ခက်ခဲရာ လိုအပ်ရာတို့၌ ဂရုစိုက်ရေးသားသင်ပြထားပေသည်။

ဥပမာထုတ်ပြရလျှင် ဤကျမ်းစာမျက်နှာ ၃-၄ တို့၌ "ဟေတူ ဟေတုသမ္ပ-ယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနနာဉ္စ ရူပါနံ–ဟူသော ပါဋိတော်ကို—

> ဟေတူ၊ ဟိတ် ၆-ပါးပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာ-နံ ဓမ္မာနံ၊ ဟိတ်နှင့်ယှဉ်ဖက် နာမကွန္ဓာတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထို ဟိတ်, ဟိတ်နှင့်ယှဉ်သောစိတ်, စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန် သော။ ရူပါနဉ္စ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ အားရင်း—

ဟူ၍ နိဿယပြန်နည်းအတတ်ကို ဆရာနည်း, အဋ္ဌကထာနည်းကျကျ ရေးသား ပြထားပေသည်။

ထူးခြားပြောင်မြောက်သည့် နိဿယပြန်ဆိုနည်း အတတ်သင်ပုံကို မြင်ရမည် ဆိုလျှင် "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဋ္ဌိကာဓိပ သဟဇာတပစ္စယေန ပစ္စယော၊ ကိဋ္ဌိကာလေ နု သဟဇာတပစ္စယေန ပစ္စယော" ဟူသော နိဒ္ဒေသ ပါဋိကို ဤကျမ်း နှာ ၃၂-၌—

> ရူပိနော၊ ရူပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတရားတို့သည်။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋ္ဌဝေါကာရပဋိသန္ဓေနာမကွန္ဓာ တို့အား။ ကိဋ္ဌိကာလေ၊ ပဋိသန္ဓေအခါ၌သာ။ သဟဇာတ ပစ္စယေန၊

သဟဇာတပစ္စယသတ္တိပြင့်။ ပစ္စယော–ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ပြစ်၏။ ကိဉ္စိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိပြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ န ဟောတိ၊ မပြစ်—

ဟူ၍ ထင်းကနဲ ရှင်းကနဲ အဓိပ္ပါယ်အနက် ပေါ်လွင်ထင်ရှားအောင် နိဿယ ပေးနည်းအတတ်ကို သင်ပြထားပေသည်။

(ဂ) အဌကထာဖွင့်ဆိုနည်း အတတ်သင်ခြင်း။ ။ဗုဒ္ဓစောပေနယ်ပယ်၌ ပါဠိတော် စကားရပ်ကို ထင်ရှားစေအောင် ဖွင့်ပြလျှင် အဌကထာဟု အသိအမှတ် ပြုထားပေသည်။

ဤပဌာန်းသိပ္ပံကျမ်း၌ ဖြစ်ကတတ်ဆန်း ပေါ့ပေါ့တန်တန် ရေးသားထားသည် မဟုတ်၊ အခွင့်အခါ သင့်ရုံရုံတို့ ကြုံလာတိုင်း ပါဠိတော်နည်း, အဌ-ကထာနည်း ခွဲခြား ရေးသားထားသည်ကို တွေ့ရပေသည်၊ ဥပမာသာဓက တခုမျှ ထုတ်ပြရလျှင် ဤကျမ်း စာမျက်နှာ ၄-၌—

နိဿယဆရာတော်ဘုရားကြီးက အဌကထာနည်းကျကျ ဆိုတော့ "ရူပါနံ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အားလုံး အဌကထာနည်း" ဆိုပြီး ထပ်ပြီး အနက်ပေးတယ်။ .

သဟိတ်စိတ္တဇရုပ်တင် ယူလို့ရှိလျှင် ပါဠိတော်တိုက်ရိုက်၊ သဟိတ်ပဋိ-သန္ဓေကမ္မရုပ်ပါ ဆွဲယူလျှင် အဌကထာနည်းလို့ ညွှန်ပြတော်မူကြတယ်–ဟု အဌကထာဖွင့်ဆိုနည်းအတတ်ကိုလည်း ရေးသားပြဆိုထားပေသည်။

(ဃ) ဋီကာဖွင့်ဆိုနည်း အတတ်သင်ခြင်း။ ။အဌကထာစကားကို ပိုမိုထင်ရှား အောင် ဖွင့်ဆိုလျှင် ဋီကာဖွင့်နည်း ဖြစ်သည်။ သို့မဟုတ် အဌကထာဖွင့်ဆိုရ ကြွင်းကျန်သော စကားရပ်ကို ဖြည့်စွက် ဖွင့်ဆိုလျှင်လည်း ဋီကာဖွင့်ပင် ဖြစ်သည်။

ဤပဌာန်းသိပ္ပံကျမ်း၌ အဌကထာအဆိုကို ကိုးကားဖော်ပြပြီး ယင်း အဌကထာအဆိုကို ထင်ရှားအောင် ထပ်မံ၍ ဋီကာနည်း ဖွင့်ပြချက်များကို လည်း လိုအပ်ရာရာ၌ ထည့်သွင်းရေးသားထားပေသည်။

ဥပမာ သာဓက တခုမျှ ထုတ်ပြပါအုံ—

ဝိပါကပစ္စည်း၏ အရကောက်၌ ပစ္စည်းဘက်၌ ဝိပါက်နာမကွန္ဓာဖြစ်၍ ပစ္စယုပ္ပန်ဘက်၌ ဝိပါက်နာမကွန္ဓာ, ဝိပါက်စိတ္တဇရုပ်, ဝိပါက်ပဋိသန္ဓေကမ္မဇရုပ် များ ဖြစ်သည်။ သို့ပါလျက် ပစ္စယနိဒ္ဒေသပါဠိတော်၌ "ဝိပါကာ စတ္တာရော

ခန္ဓာ အရှုပ်ခန္ဓာ အညမည်”ဟု ဝိပါက်နာမကွန္ဓာအချင်းချင်း ပစ္စည်း,ပစ္စယုပ္ပန် ဖြစ်သည်ကိုသာ ဟောတော်မူသည်၊ ရုပ်တရား မပါဝင်ပေ၊ ယင်းသို့ ဟောသည်ကို ပဋ္ဌာနကရဏအဋ္ဌကထာ (နှာ-၃၇၆)၌ “သာဝသေသန ဒေသနာ ကကာ=အကြွင်းထား၍ ဟောခြင်းဖြစ်သည်”ဟုဖွင့်ပြသည်၊ဘာကြောင့် သာဝသေသ အကြွင်းထား ဟောသည်ဟုကား မပြဆိုချေ၊ နောင်လာနောက်သားများ အသိခက်နေသည်၊ ယင်းသို့ အဋ္ဌကထာစကားအသိခက်သည်ကို ဖွင့်ပြလျက်—

ဖကျဉ်းမကျယ်ဟောရာဖြစ်သော ပစ္စယနိဒ္ဒေသမှာ အခုလို ဝိပါက ပစ္စည်းနေရာမျိုးမှာ တရားအစုံအလင် မဟောဘူး၊ သာဝသေသဒေသနာလို့ ခေါ်တယ်၊ တရားကို အကြွင်းထားပြီးတော့, ချန်ထားပြီးတော့, အကြွင်းပြုပြီးတော့ ဟောတဲ့ ဒေသနာမျိုးတဲ့—

ဟူ၍ ဤကျမ်း စာမျက်နှာ ၇၂-၌ ဋီကာဖွင့်ဆိုနည်းအတတ်သင် ရေးသားထားပေသည်။

(c) အရကောက်နည်း အတတ်သင်ခြင်း။ ။အရကောက်အတတ်သည် စာတတ် ဖြစ်ခြင်း၏ အဓိကအင်္ဂါရပ် တချက်ဖြစ်သည်။

သဒ္ဒါကျမ်းဘက်ဆိုင်ရာ၌ ဥာဏ်နည်းအရကောက်ခြင်း၊ နေတ္တိနည်းအရ ကောက်ခြင်း စသည့် အရကောက်နည်းများ ရှိသည်။

အဘိဓမ္မာကျမ်းဘက်ဆိုင်ရာ၌ မာတိကာအရကောက်, ဓာတုကထာ အရ ကောက်, ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက်ဟူ၍ အရကောက်အမျိုးမျိုး ရှိသည်၊ မည်သည့်အရကောက်၌မဆို သဘောပေါက် နားလည်ရန် အရေးကြီး သည်၊ သဘောပေါက်နားလည်လျှင် အရကောက်ကျမ်းရင်းကို မကြည့်မူ၍ အလွတ် ရွတ်ဆိုနိုင်ပေသည်။

ဤပဋ္ဌာန်းသိပ္ပံကျမ်း၌ ဆိုင်ရာပစ္စည်းတခုခုကို အရကောက်နိုင်ရန်အတွက် သရုပ်ခွဲခြင်းဖြင့်ရင်း၊ သုဒ္ဓသင်္ချာကို ဖော်ပြခြင်းဖြင့်ရင်း၊ ဇယားကွက်ကို ပြဆိုခြင်း နည်းအမျိုးမျိုးဖြင့် အရကောက်နည်းအတတ်ကို ပြဆိုရေးသားထားပေသည်။

စာရှုသူတို့ သိသာစေရန် ဥပမာ သာဓက တခုမျှ ထုတ်ပြပါအုံ—

“ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု-ပစ္စယေန ပစ္စယော”—

ဟူသော ပစ္စယနိဒ္ဒေသပါဠိအရကို ဤကျမ်းစာမျက်နှာ ၁၅-၌—

အဲဒီလို ဒေသနာ ၂-မျိုး မြတ်စွာဘုရား ဟောတော်မူပြီးသည့် နောက် နိဒ္ဒသိဟဠမှ လို ခေါ်တဲ့ ရှေးဦးစွာဟောတဲ့ ဒေသနာမှာ အရမကောက်ဘူး၊ နိဒဿနာကာရကျတော့ အရကောက်တယ်၊ ဘယ်လိုကောက်သလဲမေးလျှင် ဦးပဏ္ဍိုင်းတို့ အကျက်ခိုင်းထားတဲ့ သုဒ္ဓ သခ်္ခာအတိုင်း ကောက်ရှုံ့ဘဲ။

ဒါကြောင့် ထိုနိဒဿနာကာရပါဠိ အပေါင်းတို့တွင် ဟေတု-ဟူ သောကဘွားပါဠိဖြင့် ဟိတ် ၆-ပါး ပစ္စည်းတနားကို ပြတော်မူ၏—

စသည်ဖြင့် အရ-ကောက်နည်း အတတ်သင်ပြ ရေးသားထားပေသည်။

ဤအရကောက်နည်း အတတ်သင်ခြင်းမှာ ဤကျမ်း၏ အဓိက ပင်မ ကျောရိုးကြီးပင် ဖြစ်သည်ကို စာရှုသူတို့ ကျမ်းအစမှ အဆုံးအထိ တဝကြီး ပတ်ရှုကြရမည် ဖြစ်ပါသည်။

(၀) ဟောရိုး ဆိုနည်း အတတ်သင်ခြင်း။ ။အရကောက်နည်း တတ်သိပြီးသည့် ပဌာန်း သုတေသီ အတွက် ပဌာန်း ဟောရိုးကို တတ်သိရန်လည်း လိုပေသေးသည်၊ ဟောရိုးသည် "ဟင်းမျိုးစုံ၌ ဆား"ကဲ့သို့ ပဌာန်းအတတ်ပညာ၌ လိုအပ်လှပေသည်။ ထို့ကြောင့် ဤကျမ်း၌ ဟောရိုး ဆိုနည်း အတတ်ပညာကို လိုအပ်ရာရာ၌ ရေးသားထားပေသည်။

ပုံစံအဖြစ် တခုမျှ ထုတ်ပြပါအုံ—

ပဌာန်းပါဠိတော် ဥဒ္ဒေသပါဠိအပြီး နိဒ္ဒေသပါဠိကို ဟောရန် ဟောရိုးကို ဤကျမ်း စာမျက်နှာ ၁၄-၌—

အရကောက် ဆရာတော်ကြီးက ဟောရိုးစစ်တော့ ဘာက စ-လိုက် သလဲဆိုတော့ မနေ့က ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားက ရှေးဦးစွာ ပစ္စယုဒ္ဒေသကို ဟောတယ်၊ အဲဒီနောက်ကျတော့မှ ပစ္စယနိဒ္ဒေသကို ဟောတယ်၊ ဒါကြောင့်မို့ လို့ အရကောက်ဆရာတော်ကြီးက ပစ္စယုဒ္ဒေသကို ဟောဘော်မူသည်၏ အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောဘော်မူ၏တဲ့၊ ဒါကလေးကို ဆိုရမယ် ဟောရိုးကလေး—

စသည်ဖြင့် ဟောရိုးဆိုနည်း အတတ်ကို ရေးသားထားပေသည်။

(ဆ) ဂဏ္ဌိပညာ အတတ်သင်ခြင်း။ ။ဂဏ္ဌိဟူသော ပါဠိ ဝေါဟာရကို မြန်မာဘာသာဖြင့် "အထုံး အမွှ

သုဇာ-ခုနှစ်၊ နတ်တော်လ၊ ၁၀၂-ကြိမ်မြောက် ပဌာန်းသင်တန်းဖြစ်မြောက်ရေး ကော်မတီဝင်များ

ပဌာန်းသိပ္ပံ ဆရာတော်နှင့်

ရှေတန်း ဝဲ-မှ-ယာ။ ။ဒေါက်တာ ခင်ပြုံးညွှန့်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်မေသန်း၊ ဒေါ်သိန်းတင်၊ ဒေါ်မြင့်မြင့်၊ ဒေါ်စန်းမာမာ၊ ဒေါ်ခင်သန်းနှစ်၊ မောင်ဝင်းနိုင်။

နောက်တန်း ဝဲ-မှ-ယာ။ ။ဦးလှထွန်း၊ ဦးအောင်မျိုး၊ ဦးကြိုင်၊ ဦးစိုးမောင်၊ ဦးညွှန့်ရီ၊ ဦးမောင်မောင်ကြီး၊ ဦးမောင်မောင်ညွှန့်၊ ဦးကြည်ညွှန့်။

အထစ် အဖု"ဟု ပြန်ဆိုရသည်၊ စာပေလောကၜ် အသိခက်ခဲသည့် ဖြေရှင်းရန်ခက်သော အထုံးအဖွဲ့ အထစ် အဖု အရာဌာနများကို ဂဏ္ဍီ-ဟုပင် တင်စား ခေါ်ဝေါ်သည်၊ ယင်းဂဏ္ဍီ အရာဌာနများကို ဖြေရှင်းသိမြင်ခြင်းကို ဂဏ္ဍီပညာ ဟု ခေါ်ဆိုသည်၊ ယင်းဂဏ္ဍီကို ဖြေရှင်းပြဆိုသည့်ကျမ်းကို ဂဏ္ဍီကျမ်းဟု ခေါ်သည်၊ ဥပမာ အဌသာလိနီ ဂဏ္ဍီကျမ်း၊ ပါရာဇိကဏ် ဂဏ္ဍီကျမ်း၊ ရူပသိဒ္ဓိ ဂဏ္ဍီကျမ်း စသည်ဖြစ်၏။

ဤကျမ်းၜ် လိုအပ်ရာရာတွင် ပဋ္ဌာန်းနှင့်ဆိုင်ရာ ဂဏ္ဍီပညာကိုလည်း အတတ်သင်ပြရေးသားသားသည်ကို လေ့လာဖတ်ရှုနိုင်သည်။

ဥပမာသာဓကအဖြစ် တခုမျှ ထုတ်ဆောင်ပြပါအုံ—

ဆရာတော်နှင့် သာမဏေယ်။ ။စစ်ကိုင်းမြို့ ကောင်းစားစဉ် ရှေးတချိန်တုန်း အခါက ကောင်းမှုတော်ဘုရားမြောက်ဘက်ၜ် တည်ဆောက် ထားသောကြောင့် ဥတ္တရာဝန်ကျောင်းဟုရင်း၊ မြောက်နန်းကျောင်းဟုရင်း ခေါ်ဝေါ်သည့် ကျောင်းတိုက်ၜ် သီတင်းသုံးတော်မူသည့် ဆရာတော်ကြီးသည် စာမပပရိယာတ် တတ်ကျွမ်း လိမ္မာကြောင်း ထင်ရှားကျော်စောလှပေသည်၊ တနေ့သောအခါ ဆရာတော်ထံ သာမဏေယ်တပါး ချဉ်းကပ်၍-

"တပည့်တော်အား ပဋ္ဌာန်းမှ ဝတ္ထာရမ္မဏပုရေဇာတာဓိပတိ-ပစ္စည်းကို သဘောကျအောင် မိန့်ကြားတော်မူပါ ဘုရား"—

ဟု လျှောက်ထားသည်၊ ထိုအခါ မြောက်နန်းကျောင်း ဆရာတော်က-

"အေး ဝတ္ထာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း သဘောပေါက်ချင်လျှင် ငါ ဘုရားဆု တောင်းဦးမည်၊ ဘုရားဖြစ်အောင် စောင့်အုံး၊ မင်းလျှင်လည်း ဘုရားဖြစ်အောင် ဆုတောင်းအုံး၊ ဘုရားဖြစ်လျှင် သိမည်"

ဟု ပြန်လည်မိန့်ကြားတော်မူဘူးကြောင်း တဆင့်ပြောကြားချက်ကို မှတ်သားမိလိုက်ဘူးပေသည်။

ဘိုစင်မျှလောက် ခက်ခဲသည့် "ဝတ္ထာရမ္မဏ ပုရေဇာတာဓိပတိ" ပစ္စည်းဟူသည်မှာ မီဂုဝတ္ထုရူပ်လည်း ဖြစ်၍, အာရုံလည်း ဖြစ်၍, ရှေးဦးစွာလည်း ဖြစ်၍, အဓိပတိလည်း ဖြစ်၍ ကျေးဇူးပြုခြင်းဟု ဆိုလိုပေသည်။

ယင်းသို့ ခက်ခဲသော ဂဏ္ဍီနေရာမျိုးကို ဤ ကျမ်းပဌမတွဲ စာမျက်နှာ ၆-နှင့် ၃၅-၌ရင်း၊ ဒုတိယတွဲ စာမျက်နှာ ၂၄-နှင့် စာမျက်နှာ ၂၃-မှ ၃၂-အထိ၌ရင်း အကျေအလည် ရှင်းလင်းရေးပြခဲ့ပြီး ဤ တတိယတွဲ စာမျက်နှာ၂၅၊ ၂၆-တို့၌

စာခမေးပဲ့ပုစ္ဆာအနေဖြင့်ဖြစ် ရှင်းလင်းရှိ ဂဏ္ဍီအဘတ် သင်ပြထားသည်ကို ဖတ်ရှုလေ့လာနိုင်ပေသည်။

(၈) ပုစ္ဆာပြေနည်း အတတ်သင်ခြင်း။ ။ပဌာန်း သိပ္ပံဆရာတော်ထံသို့ လာရောက်၍ ပဌာန်းစာဝါ လိုက်သည့် စာသင်းသားများ အတွင်း၌ ပဌမကြီးတန်း၌ ပဌာန်း အရကောက်ကို သင်ကြားရန် ပြဌာန်းထားသောကြောင့် ပဌမကြီးတန်းကို ဖြေဆိုနိုင်ရန် စာလိုက်ကြသည့် စာသင်သား ရဟန်းတော် ရာခိုင်နှုန်း တော်တော်များများ ပါဝင်သည်။

ဤကျမ်းပြု ပဌာန်းသိပ္ပံ ဆရာတော်မြတ်သည် ယင်း စာမေးပွဲဝင်မည့် စာသင်သားတို့ အတွက်လည်း အထူးဂရုစိုက်ကာ ပဌာန်းဆိုင်ရာ စာမေးပွဲမေးကွက်များကို ဖြေဆိုနည်း အတတ်ကိုလည်း သင့်လျော်ရာ နေရာတို့၌ သင်ကြား ရေးသားသားတော်မူပေသည်။

သက်သေအဖြစ် ပုံစံတခုမျှ ထုတ်ပြပါအုံ—

ဤကျမ်း စာမျက်နှာ ၂၅ အာရမ္မဏပစ္စည်း ပြဆိုခန်း၌—

ပုစ္ဆာအနေအားဖြင့် ပဌမကြီးတန်းမှာ မေးမည်ဆိုလျှင် အမှတ်တမဲ့နှင့် မဖြေတတ်တဲ့ သဘောတရားလေးတွေ ရှိနေတတ်တယ်၊ ဥပမာ ဦးပဏ္ဍိုင်းတို့ အခု လျှောက်ပြီး ဟောလာခဲ့တယ်၊ ပဏ္ဍာဝါရ တုန်းကလဲ ဟောပြီးသား၊ အခုလဲ တခါဟောတယ်၊ ၂-ကြိမ်ရှိနေပြီ၊ ဒီလို စဉ်းစားကြစမ်းပါ၊ ဘုန်းကြီးပြောမယ်။

အာရမ္မဏမျိုးပစ္စည်းပေါင်း ဘယ်လောက်ရှိလဲ (၈-ပစ္စည်းရှိတယ်)။ ဆာရမ္မဏ ၈-ပစ္စည်းလုံး၏ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ထိုက်တဲ့ တရား ဖော်ပြပါ—

ဟူ၍ ပုစ္ဆာပြေနည်း အတတ်ကို သင်ပြ ဖေးထားသည်ကို တွေ့နိုင်ပေသည်။

ထို့အတူပင်—

ဤကျမ်း သဟဇာတ ပစ္စည်းအခန်း စာမျက်နှာ ၃၂-၌ရင်း၊ ဝိပဿယုတ္တ ပစ္စည်းအခန်း စာမျက်နှာ ၉၁-၌ရင်း ပြဆိုထားပေသည်။ဤသို့စသည်ဖြင့် ပုစ္ဆာပြေဆိုနည်း အတတ်သင်ချက်များကို များပြားစွာပင် ဤကျမ်း၌ တွေ့မြင်ဖတ်ရှုနိုင်ကာ ပဌမကြီး ပဌမကျော်အောင် ပုဂ္ဂိုလ်ထူး, ပဌာန်းပညာတတ် ပုဂ္ဂိုလ်ထူးများ ဖြစ်လာနိုင်ပေသည်။

(စ၃) ဇယားဖြင့် ပဋ္ဌာန်းအတတ်သင်ခြင်း။ ။မာတိကာ, ဓာတုကာ, ယမိုက်, ပဋ္ဌာန်းဟူသော အာဘိဓမ္မာ ပါဠိတော်ကျမ်းများ၏ ဆိုလိုရင်း အဓိပ္ပါယ်ကား မည်သို့ဖြစ်သည်၊ ဤ ပါဠိပုဒ်အရ မည်သည့် ပရမတ္ထတရားကို အရကောက်ရမည်ဟု ပြဆိုသည့် ပါဠိတော်အရ ကောက် ကျမ်းများရှိသည်၊ ဤ အရကောက်ကျမ်းများ ကျေးဇူးကြောင့် မြန်မာပြည်သည် ဗုဒ္ဓ အာဘိဓမ္မာအရာ၌ ထိပ်တန်းရောက် တတ်မြောက်သူ ပေါများနေပေသည်။

ယင်း အရကောက်ကျမ်းများကို ရှေးခေတ်က ညအခါ၌ စာချ ဆရာတော်က အဓိပ္ပါယ်အရကောက် ရှင်းပြပြီး စာသင်သားများက အလွတ်လိုက် ဆိုရသည်၊ ထို့ကြောင့် ယင်းစာဝါကို ညဝါ-ဟု ခေါ်ခဲ့ကြသည်၊ ထို့နောက် ယင်းညဝါကို ပင်လျှင် ဇယားကွက် ချပြကာ နေ့အခါ၌ သင်ကြားနည်း ပေါ်လာပြန်သည်။

ညမှာ ပို့ချသည့် ညဝါမှာ စာချဆရာတော်၏ အသံ သဒ္ဒါရုံ တခုတည်းကို အာရုံပြု ဆိုရသောကြောင့် ဉာဏ်နုံ့သူများတတ်ရန် ခက်ခဲပေသည်၊ နောက် ပေါ်သည့် နေ့မှာ ပို့ချသော ဇယားနည်းမှာ စာချဆရာ၏ ပြောဆိုသံ သဒ္ဒါရုံ ပြဆိုချက်နှင့် ဇယား ရူပါရုံများပါ ပါဝင်သောကြောင့် တတ်မြောက်သူ ပို၍ များလာပေသည်။

ယင်းသို့ ဇယားနည်းက ပိုကောင်းဆသောကြောင့် ဤ ကျမ်းပြုပဋ္ဌာန်းသိပ္ပံ ဆရာတော်သည် ပဋ္ဌာန်းစာဝါများကို ဇယားနည်းဖြင့်သာ ပို့ချတော်မူသည်၊ ဤ ကျမ်းဖြစ်ပေါ်လာရသည်မှာလည်း ဆရာတော်၏ ပို့ချချက်များကို အသံ ဖမ်းပြီး ရေးကူး ပြုစုသည့် ဖြစ်သောကြောင့် ဇယားများစွာ ဤ ကျမ်း၌ ပါဝင်လာပေသည်။

ပါဠိတော် ဟောပုံဇယား, အရကောက်ဇယား, သုဒ္ဓသင်္ချာဇယား, သဘာဝ သင်္ချာ ဇယား, ဃဋ္ဋနာ သင်္ချာဇယား, မိဿကဃဋ္ဋနာ သင်္ချာဇယား, ပကိဏ္ဏက ဃဋ္ဋနာသင်္ချာဇယား စသည်ဖြင့် ဇယားများစွာဖြင့် ပဋ္ဌာန်းဆိုင်ရာ ပညာကို အတတ်သင်ကြား ရေးသားထားပေသည်။

ဥပမာ သာဓကအဖြစ် ဤ ကျမ်းစာမျက်နှာ ၄၇-၌ ဆဝါရ အနုလုံ သုဒ္ဓ သင်္ချာဇယား၊ စာမျက်နှာ ၈၈-၌ ဝိပ္ပယုတ္တ ပါဠိတော် အရကောက် ဇယား စာမျက်နှာ ၉၉-၌ ပုစ္ဆာဝါရ ပါဠိတော်ဇယား၊ စာမျက်နှာ ၁၀၉-၌ ဆဝါရ ပါဠိတော် အညွှန်းဇယားများ ပြသားသည်ကို တွေ့နိုင်ပေသည်။

ယင်းဇယားများကား ပဋ္ဌာန်း အတတ်ပညာအတွက် ဤ ကျမ်း၏ မဏ္ဍိုင် အဖြစ်ထားကာ ပြဆိုရေးသားချက် ဖြစ်သောကြောင့် နေရာများစွာ၌

တိုက်ရိုက်ပြဆိုသည်ကို တွေ့မြင်နိုင်ပါသည်၊ အချိုနေရာ၌ ပဌမတွဲ၊ ဒုတိယတွဲ စာမျက်နှာ မည်မျှမှာ ကြည့်ပါဟု တဆင့်. ညွှန်းပြသည်ကို တွေ့မြင် ဖတ်ရှု ကြရမည် ဖြစ်ပါသည်။

ဤသို့ စသည်ဖြင့် ပဌာန်းဆိုင်ရာ အတတ် အမျိုးမျိုးတို့ကို ရေးသား ပြဆို ထားသည်ကို ဖတ်ရှုတွေ့မြင်နိုင်ပေရာ ဤ ကျမ်းသည် ပဌာန်းသိပ္ပံ–ပဌာန်း အတတ်သင်ကျမ်း ဟူသော အမည်ဖြင့် လိုက်လျော ညီညွတ်သော ကျမ်း ဖြစ်ကြောင်း စာရှုသူတို့ လက်ခံယုံကြည် ကြလိမ့်မည်ဟု ယူဆပါသည်။

ယင်း ပေါ်ပြုချက် တို့သည်ကား ပဌာန်း သိပ္ပံကျမ်း၏ ကျမ်းအမည်နှင့် ကျမ်းပြုစု ရေးသားထားပုံ လိုက်လျော ညီညွတ်ကြောင်းကို စာရှုသူတို့ သိသာ ရန် အနည်းငယ် အကျဉ်းချုပ်မျှ စာမြည်းအဖြစ် နိဒါန်းမှ တင်ပြခြင်း ဖြစ်ပေ သည်၊ ယင်းတင်ပြချက်များအပြင် အခြားသော ပဌာန်းဆိုင်ရာ မှတ်သားဖွယ် ရေးဆားချက်များနှင့် ဗုဒ္ဓတရားတော်ဆိုင်ရာ မှတ်သားဖွယ် ရေးသားချက် များလည်း ဤ ပဌာန်း သိပ္ပံကျမ်း၌ ရေးသားပြဆိုထား၊ပေသေးသည်၊ ယင်းသို့ တို့ကား စာရှုသူတို့ လက်တွင်းသို့ ဤပဌာန်းသိပ္ပံ တတိယတွဲကြီး ရောက်ရှိနေပြီ ဖြစ်သောကြောင့် ကိုယ်တွေ့မျက်မြင် ဖတ်ရှု လေ့ လာ နိုင်ကြစေရန် အတွက် ပေယျာလကန် ဝက္ကက်၌ ချန်ထား လိုက်ပါသည်။

ပဌာန်း သိပ္ပံကျမ်း ကောင်းမွန်ခြင်းအကြောင်း ရှင်းပြချက်

အထက်တွင် ပဌာန်း သိပ္ပံကျမ်းသည် အမည်နှင့် လိုက်အောင် ကောင်းမွန် ကြောင်း အထောက်အထား သက်သေပုံစံနှင့် တကွ တင်ပြ ခဲ့လေပြီ၊ အဘယ် အကြောင်းကြောင့် ဤမျှလောက် ကောင်းရသည်ကိုလည်း ဆက်လက် ရေးသားတင်ပြလိုပါသည်။

ဤ ပဌာန်းသိပ္ပံကျမ်း ကောင်မွန်ရာတွင် အကြောင်း ၅-ချက်ကို သုံးသပ် တွေ့မြင် ရပါသည်၊ ယင်းအကြောင်း ၅-ချက်မှာ—

၁။ ကျမ်းပြုပုဂ္ဂိုလ် ဉာဏ်ထက်မြက်ခြင်း၊
၂။ ဆရာကောင်းများထံ နည်းနာ ခံခဲ့ရခြင်း၊
၃။ ပဌာန်းကျမ်း၌ အလေ့ အလာ များခြင်း၊
၄။ ပြုစုသည့် ကျမ်းကို သဘောကျ ပြင်ခွင့်ရခြင်း၊
၅။ ပဋိပတ္တိ အလုပ်ကို အားထုတ်ဘူးခြင်း—

တို့ပင် ဖြစ်ပေသည်၊ ဤ အကြောင်းများသည် ကောင်းမြတ်သော ကျမ်းတဆူ ဖြစ်ပေါ် လာနိုင်စေသည့် အကြောင်းများ ဖြစ်သောကြောင့် ယင်းအကြောင်း များကို အနည်းငယ်မျှ ခွဲ၍ ပြဆိုပါအုံ့။

၁။ ကျမ်းပြုပုဂ္ဂိုလ် ဉာဏ်ထက်မြက်ခြင်း။ ။ကျမ်းစာတခု ကောင်းမွန်မှု ရှိ ရာ၌ ကျမ်းပြု ပုဂ္ဂိုလ်၏ ဉာဏ် ပညာထက်မြက်မှု အပေါ်၌လည်း တည်ရှိ နေပေသည်။

"ကြက်မှာ အရိုး လူမှာ အမျိုး၊ချောင်းရိုး မြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုး မတိမ်ကော" ဟူသော မြန်မာ ရှေးဟောင်း စကားပုံမျိုးသည် လူသား တို့၏ မျိုးရိုးစဉ်ဆက် အကျင့်စာရိတ္တ ဝါသနာ ပါရမီအဆိုးအကောင်း လိုက်တတ် ကြောင်း ပြဆိုသည့် စကားမျိုး ဖြစ်သည်။

ဤကျမ်းပြု ပဌာန်းသိပ္ပံ ဆရာတော်၏ ခမည်းတော်သည် မြန်မာ ရှင် ဘုရင် "သိရီပဝရ ဝိဇယာနန္တ ယသပဏ္ဍိတ တြိဘဝနာဒိတျာဓိပတိ ဓမ္မရာဇာ ဓိရာဇာ" ဘွဲ့နာမံကို ခံယူတော်မူသော ပဌမ သံဂါယနာတင် မင်းတုန်းမင်းကြီး အသိအမှတ်ပြု ကိုးကွယ်ခြင်း ခံရသည့် ပဌမ စာတော်ချ ဖြစ်ခဲ့ဘူးသည်၊ ထို့ ကြောင့် မျိုးရိုး လိုက်၍ သားဖြစ်သူ ပဌာန်း သိပ္ပံ ဆရာတော်သည်လည်း ဉာဏ်ပညာ ထက်မြက်သည်ဟု ဆိုနိုင်ပေသည်။

ထို့ပြင် ပဌာန်း သိပ္ပံ ဆရာတော် လောင်းလျှာသည် ငယ်စဉ်အခါ ကျောင်း သားငယ် သာမဏေငယ်ကလေး ဘဝမှ စ၍ ဗုဒ္ဓစာပေ နယ်ပယ်၌ ကျင်လည် ကျက်စား ကြီးပွါးလာခဲ့ရသည်၊ ဤ အကြောင်းကြောင့်လည်း ပါဠိဘာသာ, ဗုဒ္ဓစာပေ, အဘိဓမ္မာ သဘောတရားတို့၌ ရင်းနှီး ယဉ်ပါးပြီး ထက်မြက် စူးရှ သည့် အသိဉာဏ်ပညာ ဗဟုသုတ ရှိသည်ဟု ဆိုနိုင်သည်။

ယင်းသို့ စူးရှထက်မြက်သော ဉာဏ်ပညာရှိကြောင်းကို အသက် ၂၄-နှစ်အရွယ် ၅-ဝါရ ရဟန်းငယ်ဘဝမှာပင် ဝိနည်း ၅-ကျမ်းကို တောင်ခွင် သာသနာပိုင် ဆရာတော်ကြီး၏ ရှေတော်၌ တပါးတည်း အလွတ်အာဂုံ ပြန်ဆိုနိုင်ရုံမျှ, ဆရာတော်ကြီး ရေးသားသော ဂုဏ္ဌတ္ထဝိနိစ္ဆယစသော ပါဠိ ကျမ်းစာများကို အနက်ပြန်ဆိုခြင်း သဘာဝအဓိပ္ပါယ် စသည်တို့ကို နှုတ်လွတ် ဖြေဆိုနိုင်ခြင်း တို့ကြောင့်ရုံး မရမ္ဘရဋ္ဌ ဓမ္မကထိက ဝိနယဓရ သာသနာပြု ဆရာတော် ဟူသော ဘွဲ့ကို ရရှိခဲ့ခြင်းကို ထောက်ဆ၍လည်း သိရှိနိုင်ပေသည်။

ဝိနည်း ၅-ကျမ်း၏ အတိုင်းအဟာပမာဏသည်ကား ကြီးမားလှပါပေသည်။

၁။ ပါရာဇိကပါဠိတော်	စာမျက်နှာ	၃၈၁၊
၂။ ပါစိတ္တိယ ပါဠိတော်	စာမျက်နှာ	၄၆၇၊
၃။ မဟာဝဂ္ဂ ပါဠိတော်	စာမျက်နှာ	၅၁၀၊
၄။ စူဠဝဂ္ဂ ပါဠိတော်	စာမျက်နှာ	၅၀၈၊
၅။ ပရိဝါရ ပါဠိတော်	စာမျက်နှာ	၃၉၀၊
	စာမျက်နှာပေါင်း -	၂၂၅၆—

ရှိပေထု ဤမျှ မျှားပြားလှသည့် ပါဠိ စာပေများကို အလွတ်အာဂုံ ရရှိခြင်းသည် အသက် ၄-နှစ်သာ ရှိသေးသည့် ရဟန်းငယ် ကလေးအတွက် မည်သို့ ရှိနိုင်သည်၊ ဝန်နှင့်အား နှိုင်းချိန်ကြည့်က သိနိုင်ပေသည်။

သက်ဘော်ကြီးဂုဏ်ရှိ မဟာထေရ် အဖြစ်သို့ ရောက်သောအခါ ၈ ဦးသံဃာ ယဝနာ တင်ပွဲ၌ ဝိနယ ပါဠိတော် မူလဝိဘင်္ဂသာခက အဖွဲ့ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သောကြောင့် "ပါဠိ ဝိဘင်္ဂသာခက" ဘွဲ့နှင့် ပဌာန်းပါဠိတော် ပဋ္ဌာန် ဝိဘင်္ဂသာခက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သောကြောင့် "ပါဠိပဋ္ဌာန်သာခက" ဘွဲ့မျှားကို ရရှိခဲ့ခြင်းတို့ကို ထောက်ရှုရ၍လည်း ဆရာတော်သည် မည်မျှ ဉာဏ်ပညာ ထက်မြက်ကြောင်း သိသာပေသည်။

အထူးအားဖြင့် ဖော်ပြရမည်ဆိုလျှင် ဤကျမ်းပြု ပဌာန်းသိပ္ပံ ဆရာတော်သည် ဉာဏ်ပညာ ထက်မြက် ကြီးမားလှကြောင်းကို အလွန်ခံယူ ရရှိထားသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကြီးက သက်သေခံလျက် ရှိနေပေသည်။

မှန်လှ၏၊ ဆရာတော် ဤပဌာန်းသိပ္ပံကျမ်း ပဌမတွဲနှင့် ဒုတိယတွဲကို ရိုက်နှိပ်ထုတ်ဝေပြီးစ တဘိယတွဲကို ရိုက်ရန် စီစဉ်နေစဉ် ၁၉၂၉-ခုနှစ်မှာပင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရက အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်း ခံယူရရှိတော် မူခဲ့သည်၊ သို့ဖြစ်သောကြောင့် ဤကျမ်းပြု ဆရာတော်၏ ဉာဏ်ပညာ ထက်မြက်မှု ရှိခြင်းကို စာရှုသူတို့ လက်ခံယုံကြည်ခြင်း ဖြစ်လောက်ပြီဟု ယူဆပါသည်။

ယင်းသို့ ဉာဏ်ပညာထက်မြက်သည့် ပုဂ္ဂိုလ်ဘဉီး ပြုစုထားသည်ဖြစ်သောကြောင့်လည်း ဤပဌာန်းသိပ္ပံကျမ်း ကောင်းမြတ်ခြင်း ဖြစ်ပါသည်။

၂။ ဆရာကောင်းမျှားထံနည်းခံခဲ့ခြင်း။ ။ဖော်ပြခဲ့သည့်အတိုင်း ဉာဏ်ပညာ စူးရှထက်မြက်လှသော ဤကျမ်းပြု ပဌာန်းသိပ္ပံဆရာတော်သည် ဆရာကောင်းမျှားထံတွင် နည်းနာခံ၍ ပညာကို ဆည်းပူးခဲ့ရပြန်သည်၊

စာပေကိုနည်းနာခံယူ၍ စာလိုက်ခဲ့ရသော ဆရာတော်မျှားမှာ—

၁။ အဘိဓမ္မာဝရဋ္ဌဂုရု စံကင်းဆရာတော်၊

၂။ အဘိဓမ္မာဝရဋ္ဌဂုရု ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်၊

၃။ အဘိဓမ္မာဝရဋ္ဌဂုရု မစိုးရိမ်ဆရာတော်၊

၄။ အဂ္ဂမဟာပဏ္ဍိတ မူလပဌာန်းဆရာတော်—

ဟူသော ထိပ်ထိပ်ကြဲ ဆရာတော်ကြီးများ ဖြစ်ပေသည်။

ဖော်ပြခဲ့သည့် ဆရာတော်ကြီးများသည် အထူးသဖြင့် အဘိဓမ္မာ ညဝါ ဆိုဝ်ရာ ပဋ္ဌာန်းဘာသာကို ပို့ချရာ၌ နာမည်ကျော်ကြား အပို့အချများသည်ပြင် ထင်ရှားသော ပဋ္ဌာန်းဘာသာရပ် ကျမ်းဂန်များကို ပြုစုတော်မူသည့် ပဋ္ဌာန်း ကျမ်းပြု ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပေသည်။

ဤပဋ္ဌာန်းသိပ္ပံကျမ်းပြု ဆရာတော်သည် ပဋ္ဌာန်းနာမည်ကျော် ဆရာတော်ကြီးများထံတွင် ကိုယ်တိုင် လိုက်ဝါ ဆိုဝါများအဖြစ်ဖြင့် သင်ယူခဲ့ရသည်။

ပရိယတ္တိလောကတွင် စာသင်ယူနည်း ၃ မျိုး ရှိသည်၊ ယင်းတို့မှာ—

၁။ လိုက်ဝါအဖြစ်သင်ယူခြင်း၊

၂။ စာထောက်အဖြစ်သင်ယူခြင်း၊

၃။ ဆိုဝါအဖြစ်သင်ယူခြင်း –

တို့ ဖြစ်သည်။

၁။ **လိုက်ဝါအဖြစ်သင်ယူခြင်း**မှာ စာချဆရာတော်က ပို့ချသည့် ကျမ်းစာ၏ အနက်, အဓိပ္ပါယ်, မှတ်ချက်များကို ပြောပြောသောအခါ မိမိသင်ယူသည့် ကျမ်းစာကို ဖြန့်ခင်း, ကြည့်ရှု, မှတ်သားသင့်သည်ကို မှတ်သားရှိသော စာဝါ လိုက်ရသည်၊ အထူးတာဝန် မထမ်းဆောင်ရပေ။

၂။ **စာထောက်အဖြစ် သင်ယူခြင်း** ဟူသည်မှာ စာချဆရာတော်က ချပို့သော ကျမ်းစာအဓိပ္ပါယ်သဘောကို ချပို့ပြောပြနေယင်း ဆိုက်ရောက်ရာ နေရာ၌ သဒ္ဒါ, အဘိဓာန်, အလင်္ကာ, ဆန်း, နိယံ, တဗျာများကို "ဘယ်လို ဆိုသလဲ ရှင်လိုက်စမ်းပါ" ဟု ခိုင်းသောအခါ စာထောက်အဖြစ် စာလိုက်သူက စာချဆရာတော် ဆိုခိုင်းသည့် သဒ္ဒါကျမ်း စသည်ကိုထောက်၍ ရှင်းဆိုပြရသည်၊ ယင်းပုဂ္ဂိုလ်ကို စာထောက်အဖြစ် စာလိုက်သူဟု အသိအမှတ်ပြုကြသည်။

၃။ **ဆိုဝါအဖြစ်သင်ယူခြင်း** ဟူသည်မှာ စာချဆရာတော်က ချပို့သည့် ကျမ်းစာ၏ အနက်အဓိပ္ပါယ် သဘောမှတ်ချက်များကို ပြောပြီးသောအခါ ဆရာပို့ချပေးသည့်အတိုင်း အခြားစာသင်သား စာလိုက်သံဃာများ ကြားရ အောင် ပြတ်ပြတ်သားသား မထစ်မငေါ့ ချောမောစွာ ဆိုပြရသည်။ ယင်း စာသင်သားကို စာဆိုဟူ၍ အသိအမှတ်ပြုကြသည်။

ယင်းစာလိုက်နည်း သုံးမျိုးတို့တွင် ဆိုဝါအဖြစ်စာလိုက်ခြင်းသည် အလွန် တာဝန်ကြီးလှပေသည်၊ ဉာဏ်ကောင်းရန်လည်း လိုသည်၊ အမှတ်သညာ ကောင်းရန်လည်း လိုသည်၊ ဝိရိယရှိရန်လည်း လိုသည်၊ ရဲရင့်ရန်လည်း လိုသည်၊ အသံသြဇာရှိရန်လည်း လိုပေသည်။

ပဋ္ဌာန်းသိပ္ပံဆရာတော်သည် ဆရာကောင်းများထံ ပဋ္ဌာန်းစာဝါကို လိုက်ရာ၌ လိုက်ဝါအဖြစ်ရင်း၊ ဆိုဝါအဖြစ်ရင်း လိုက်ခဲ့ရသည်၊ ထို့ကြောင့် ပဋ္ဌာန်းကို ပိုမိုတတ်သည်၊ ထို့ကြောင့် ဆရာတော်ပြုစုသည့် ပဋ္ဌာန်းသိပ္ပံကျမ်း ကောင်းရခြင်း ဖြစ်ပေသည်။

၃။ ပဋ္ဌာန်းကျမ်း၌ အလေ့လာ မျှားခြင်း။ ။လောကီ အရာမှာ ဖြစ်စေ၊ လောကုတ္တရာအရာမှာ ဖြစ်စေ အလေ့အလာမျှားခြင်းသည် ကျမ်းကျင်စွာ လိမ္မာတတ်မြောက်ခြင်း၏ အကြောင်းဖြစ်သည်၊ ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားကလည်း—

> ဘာဝိတာ၊ ပွါးများသည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုလုပ်သည်ရှိသော်။ အဘိညာယ၊ ထူးခြားစွာ သိမြင်ခြင်းငှါ။ သမ္မောဓာယ၊ ထိုးထွင်း၍ သိမြင်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်နိုင်၏–

ဟူ၍ ဟောတော်မူခဲ့သည်။

ပင်ကိုယ်ဉာဏ်ပညာထက်မြက်စူးရှတော်မူသော ပဋ္ဌာန်းသိပ္ပံဆရာတော်သည် ပဋ္ဌာန်းပညာကို ဆရာကောင်းများထံ ဆိုဝါ လိုက်ဝါဘို့ဖြင့် နည်းနာခံ သင်ယူခဲ့သည်သာမက စာသင်တပည့်များအားလည်း အကြိမ်များစွာ ပို့ချပေးခဲ့သည်။

စာပေအရာ၌ မိမိတကိုယ်တည်း တတ်သိရန် လေ့လာထားသူထက် မိမိတတ်သိရုံသာမက အခြားသူများကိုပါ တတ်သိစေရန် ပို့ချသင်ကြားပေးနိုင်သည် အထိ လေ့လာထားသူက ပိုမို၍ တတ်ကျမ်းနားလည်သည့် သဘောဓမ္မတာရှိပေသည်၊ ပဋ္ဌာန်းသိပ္ပံဆရာတော်သည် ဤကျမ်းကိုရေးရန်အတွက် အသံဖမ်းယူသည့် ပဋ္ဌာန်းစာဝါပို့ချသည့်အကြိမ်မှာ ၇၂-ကြိမ်မြောက် ဖြစ်သည်၊ ထို့ကြောင့်ယခင်က အကြိမ်ပေါင်း ၇၁-ကြိမ် ပဋ္ဌာန်းစာဝါကို ပို့ချခဲ့ပြီးဖြစ်ကြောင်း သိသာသည်။ ပဋ္ဌာန်းစာဝါ ၁-ဝါထက် ၁-ဝါ အကြိမ်ပိုလာလေလေ ကျမ်းကျင် တတ်မြောက်မှု ပိုလာလေလေ ဖြစ်နိုင်ပေရာ ယခုအသံဖမ်းယူသည့် ၇၂-ကြိမ်မြောက်၌ ပဋ္ဌာန်းအရာ၌ မည်မျှလောက် ကျမ်းကျင်တတ်မြောက်နေမည်ကို စာရှုသူများ ပညာဉာဏ်ဖြင့် ခန့်မှန်းကြည့်က သိနိုင်ပါသည်။

ယင်းသို့ ၇၂-ကြိမ် ပဋ္ဌာန်းစာဝါ ပို့ချသင်ကြားပေးသည်မှာ စာဝါဖြစ်ကာမျှ မဟုတ်၊ စာလိုက်သံသာများကို အတိအကျ လက်မှတ်ထိုးခစေပြီးမှ ပို့ချသည့် အစအဆုံး ပြီးစီးအောင်မြင်သော စာဝါများဖြစ်ကြောင်း သိရသည်။ ဤမျှ အကျဉ်းချုပ် ဖော်ပြလျှင် ပဋ္ဌာန်းသိပ္ပံ ဆရာတော်သည် ဤပဋ္ဌာန်းသိပ္ပံကျမ်းကို အကြိမ်ပေါင်း ၇၁-ကြိမ် ပို့ချခဲ့ပြီး အကြိမ်ပေါင်း များစွာ လေ့လာပြီးမှ ရေးသားသည်ဖြစ်သောကြောင့် ဤကျမ်းကို ကောင်းမွန်သော ကျမ်း ၁-ဆူ ဖြစ်ကြောင်း မှန်းဆသိနိုင်ပါသည်။

၄။ ပြုစုသည့်ကျမ်းကို သဘောကျပြင်ခွင့်ရခြင်း။ ။ကျမ်းပြုပုဂ္ဂိုလ်များသည် မိမိ ပြုစုသည့် ကျမ်းကို အလျင်အမြန်ပြုစုပြီး အလျင်အမြန် ပုံနှိပ်လျှင် ထိုကျမ်းသည် စံတင်လောက်သည့် ကျမ်းတဆူဖြစ်မလာတတ်ပါ။ ဖြေးဖြေးအေးအေး ပြုစု ပြုစုပြီး သဘောကျသည်အထိ ပြန်လည်ဖတ်ရှု သုံးသပ်၍ ပုံနှိပ်ရမှသာ စံတင်လောက်သည့် ကျမ်းကောင်းတဆူ ဖြစ်လာနိုင်ပေသည်။

ဤ ပဋ္ဌာန်းသိပ္ပံ ကျမ်းကိုကား စာအုပ်အဖြစ် ရိုက်နှိပ်ရန် ရည်ရွယ်၍ အသံဖမ်းတိပ်ခွေဖြင့် ဖမ်းယူထားကာ အကြိမ်ကြိမ်ပြန်လည် ဖွင့်လှစ် နားထောင်သည်။ အခြားပညာရှင်များ လေ့လာသူများကို နားထောင်စေသည်၊ ယင်းသို့ နားထောင်ခြင်းဖြင့် မှားသည်ကိုပြင်, လိုသည်ကိုဖြည့်၍ ပိုသည်ကို နှုတ်ပယ်နိုင်သဖြင့် ကောင်းမွန်သောကျမ်းဖြစ်ရန် အခွင့်အလမ်း ရှိလာခဲ့သည်။

အသံမှ လက်နေးမူအဖြစ် ရောက်သောအခါ ဒုတိယတကြိမ် ထပ်မံကြည့်ရှုပြင်ဆင်ခွင့် ရပြန်သည်။ တကြိမ် ထပ်မံ၍ ကောင်းမွန်သော ကျမ်းဖြစ်အောင် ပြင်ဆင်ရန် အခွင့်အလမ်း သာပြန်သည်။

လက်ရေးမူမှ ၈ နှိပ်စက်မူသို့ တဆင့် ပြောင်းရပြန်သောအခါ တတိယတကြိမ် ထပ်မံ၍ လိုတိုးပိုလျှော့ ပြုလုပ်ရန် အခွင့်ရပြန်သည်။

ဤသို့လျှင် ကျမ်းပြုပုဂ္ဂိုလ်အနေဖြင့် မိမိကျမ်းစာကို သဘောကျ ပြုပြင်ပြင်ဆင်ခွင့် ရခဲ့ပေရာ ပဋ္ဌာန်းသိပ္ပံကျမ်းသည် ကောင်းမြတ်သည့် ကျမ်းတဆူ ဖြစ်ရန် လမ်းဖြူးပြောင့်လျက် ရှိခဲ့ပေသည်။

၅။ ပဋ္ဌိပတ္ထိအလုပ်ကို အားထုတ်ဘူးခြင်း။ ။ပဋ္ဌိပတ္ထိ - ဟူသည်မှာ သမထ ကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်း ၂-ပါးစုံကိုဖြစ်ခစ၊ တပါးပါးကိုဖြစ်စေ ပွါးများခြင်းဖြစ်သည်။

ယင်းပဋ္ဌိပတ္ထိ အလုပ်ကို အားထုတ်သူသည် ဒေါမနဿတကယ်သာ အားထုတ်သူဖြစ်လျှင် စိတ်ဟည်ကြည်မှု "သမာဓိ"ကို ရရှိနိုင်မည် ဖြစ်သည်။ သမာဓိရသည်ကို လောကီနယ်ပယ်၌ "မှော်ဝင်သည်, မှော်ပေါက်သည်"ဟု ခေါ်သည်။ မကောင်းမှုအရာ၌ "မိစ္ဆာသမာဓိ"ဟု ခေါ်သင့်၍ ကောင်းမှုအရာ၌ "သမ္မာသမာဓိ"ဟု ခေါ်သင့်ပေသည်။

သမာဓိရှိမှကား အရေးကြီးလှပေသည်။ မည်သည့်အလုပ်မဆို သမာဓိအားကောင်းမှ အဟိုင်းအဟာအရ ပြီးစီးအောင်မြင်မှုကို ရနိုင်သည်။ ပြီးစီးမအောင်မြင်မှုကို လောကီနယ်ပယ်၌ "သိဒ္ဓိ"ဟု ခေါ်ကြ၍ ပြီးစီးအောင်မြင်မှု ရခြင်းကို "သိဒ္ဓိပေါက်သည်"ဟု ခေါ်ကြသည်။

သမာဓိ၎၁ မှော်ကြောင့်ပင် ဖဲသမားသည် မည်သည့်ဖဲထွက်သွားပြီ၊ မည်သူလက်ထဲ ဘာဖဲရှိနေသည်ကို သေချာစွာသိသည်။

အင်းသူကြီးသည် ငါးပွက်သည်ကို မြင်ရုံကြားရုံမျှဖြင့် ဘာငါးမျိုးဖြစ်သည် အလေးချိန်မည်မျှရှိမည်ကို အတိအကျပြောနိုင်သည်။

ဂျာမန်စစ်ဗိုလ်ချုပ်ကြီးရွန်းမဲသည် အမြောက်ဆန် ကျလာမည်ကို ကြိုတင်သိရှိ၍ နေရာပြောင်းရွှေ့နိုင်ခဲ့သည်။

ဤ ဖော်ပြပါ ကိစ္စရပ်များသည် မိစ္ဆာသမာဓိ၏ အစွမ်းသာဖြစ်သည်။ သမ္မာသမာဓိကား ထို့ထက်ပင်စွမ်းသည်။ အကြား အမြင် တန်ခိုး အမျိုးမျိုး၊ ဈာန်အဘိညာဉ်, မဂ်, ဖိုလ်, နိဗ္ဗာန်ရသည်အတိ စွမ်းအင် ကြီးမားပေသည်၊ မြတ်စွာဘုရားကလည်း "သမာဟိတော ယထာဘူတံ ပဇာနာတိ=စိတ်တည်ကြည်လျှင် အမှန်ကို သိမြင်နိုင်သည်"ဟု ဟောခဲ့သည်။

စာပေပို့ချမှု ကျမ်းပြုမှု ကိစ္စမျှလောက်ကိုမူကား ပြောဖွယ်ရာပင် မလိုပါ အစွမ်းထက်ထက်ဖြင့် ကျေးဇူးပြုနိုင်မည်သာ ဖြစ်ပေသည်။

ပဌာန်းသိပ္ပံဘရာဇာတော်သည် ၁၂၉၇-ခုနှစ်မှ ၁၂၉၉-ခုနှစ်အထိ ၃-နှစ်တိုင်တိုင် တောရဆောက်တည်၍ ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ခဲ့သည်၊ ၃-နှစ် ကမ္မဋ္ဌာန်းထိုင်၍ ပြုစုပျိုးထောင်ခဲ့သည့် သမာဓိကား မည်မျှကြီးမားလေမည်နည်း၊ စာရှုသူဘို့ မှန်းဆကြည့်က သိနိုင်ပါပေသည်။

ဆရာတော်၏ ပဌာန်းစာဝါလိုက်သူတဦးက ပြောပြဘူးသည်မှာ–

> ဆရာတော်၏ ပဌာန်းစာဝါလိုက်လျှင် ဆရာတော်ပြသည့် ပဌာန်းဇယားကွက်များသည့် ကသိုဏ်းဝန်းကဲ့သို့ထင်လာပြီး ဘယ်နေရာမှာ ဘာဂဏန်း၊ ဘာပုဒ်မ၊ ဘာအညွှန်းရှိသည်ကို မျက်စိ မှိတ်ထားသော်လည်း တွေ့မြင်နေရသည်–

ဟူ၍ ပြောဘူးပေသည်။

ဤပုဂ္ဂိုလ်၏ ပြောပြချက်အရ စိတ်ပါဝင်စားစွာ သင်ယူကြည့်ရှုပါလျှင် ပဌာန်းဇယားများသည်လည်း ကသိုဏ်းဝန်းကဲ့သို့ဖြစ်ပြီး သမာဓိရင့်သန်အားကောင်းပေနိုင်ကြောင်း သိသာသည်။

ဖော်ပြခဲ့သည့်စကားရပ်များကို ပေါင်းစပ်သေတ္တာချလိုက်သော် ပဌာန်းသိပ္ပံဆရာတော်သည် ၃-နှစ်တိုင်တိုင် ပဋ္ဌိပတ္တိအလုပ်ကို အားထုတ်ခဲ့သောကြောင့်ရင်း၊ ပဌာန်းဇယားများဖြင့် ပဌာန်းကိုလေ့လာခြင်း၊ ၇၁-ကြိမ်တိုင်တိုင် ပို့ချခဲ့ခြင်းတို့ကြောင့်ရင်း အဆင့်အတန်း မြင့်မြင့်မားမား သမာဓိအားကောင်း

လျက် ရှိသည်၊ သမာဓိအင်အား ကြီးမားထက်သန်နေသော အရှင်သူမြတ်သည် မိမိပြုစုစီရင်သည့် ပဌာန်းသိပ္ပံကျမ်းကို အစမှအဆုံးတိုင် လေ့လာသုံးသပ်နိုင်သည်၊ ယင်းသို့သုံးသပ်နိုင်လျှင်—

ဘယ်နေရာ မှားယွင်းနေသည်ကိုရင်း၊
ဘယ်နေရာ လိုနေသည်ကိုရင်း၊
ဘယ်နေရာ ပိုနေသည်ကိုရင်း–

ကောင်းစွာသိမြင် ပြင်ဆင်နိုင်မည်ဖြစ်ပေရာ ပဌာန်းသိပ္ပံကျမ်းသည် ကောင်းမွန်သည့် ကျမ်းတဆူဖြစ်မည်ကို စာရှုသူများ ဆုံးဖြတ်သိမြင်နိုင်ပေသည်။

ဤမျှတိုင်အောင် ရေးသားပေးပြခဲ့သည့်ဓကားရပ်များဖြင့် ပဌာန်းသိပ္ပံကျမ်း ကောင်းရခြင်းအကြောင်း ပြည့်စုံလုံလေ၊ က်ပြီဟု ယူဆပါသည်။

ဤမျှကောင်းမွန်ဘာဝကျမ်း မည်သို့မည်ပုံဖြစ်ပေါ်လာသည်ကို စာရှုသူတို့အား ဆက်လက်တင်ပြပါဦးအုံ့။

ပဌာန်းသိပ္ပံကျမ်းဖြစ်ပေါ်လာပုံ

ကြိုးပမ်းရခြင်း။ ။ပဌာန်းဆိုင်ရာပညာ အတတ်သင်ယောကြောင့် "ပဌာန်းသိပ္ပံကျမ်း" ဟူသောအမည်နှင့် လိုက်လျောညီညွတ်အောင် ကောင်းမွန်သော ဤပဌာန်းသိပ္ပံကျမ်းသည်ကား လမ်းဘေးမျက်လှည့်ဆရာများ မျက်လှည့်ပြသကဲ့သို့ "အပ်ချလောင်း"ဟု မန်းလိုက်ရုံဖြင့် ဖြစ်ပေါ်လာသည် မဟုတ်ပါ၊ အမှန်စင်စစ် အဖက်ဖက်မှ ကြိုးပမ်းခြင်းဖြင့်သာ ဖြစ်ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

မှန်လှ၏၊ ဤကျမ်းပြုပဌာန်းသိပ္ပံဆရာတော်သည် စာသင်သားအဖြစ် ပရိယတ္တိအကျော်အမော် အထူးသဖြင့် ပဌာန်းဘာသာရပ်ဆိုင်ရာ အကျော်အမော်ဆရာတော်ကြီးများထံတွင် ရိုသေကျိုးနွံစွာ ပညာသင်ကြားခဲ့၏။ ပညာတတ်ပြီးနောက် အားဆေးစွာ ဇရသာခိုနေသည်မဟုတ်၊ ပညာလိုလားစာသင်သားတို့အား ပဌာန်းပညာကိုအဓိကထားလို၍ ပဌာန်းစာဝါကို အခါခါအားဖြင့် ၂၆ နှစ်၊ အကြိမ်အားဖြင့် ၇၂-ကြိမ် ပို့ချခဲ့၏။ ဤကျမ်းကို ၇၂-ကြိမ်မြောက်၌ အသံဗမ်းယူပြုစုခြင်းဖြစ်၏။ ဤနိဒါန်းရေးသားနေသည့် (၂၉-၁-၇၉) နေ့မှာဆိုလျှင် ရွှေတိဂုံစေတီတော်မြောက်ဟက် ရာဟုထောင့် သံတန်ဆောင်းတော်ကြီးနှင့် ရဟန်းသံဃာများနှင့် လူ, သီလရှင် ပေါင်း ၄၅၀ ကျော်တို့အား ပဌာန်းစာဝါကို ၁၀၂-ကြိမ်မြောက် စတင်ပို့ချလျက်ရှိပေသည်။

ကျမ်းပြုရန်တောင်းပန်ခြင်း။ ။ဆရာတော်သည် ယင်းသို့ ပဌာန်းဘာသာရပ်ကိုသာ အဓိကထား၍ ပို့ချသောကြောင့်

ပဋ္ဌာန်းကျမ်းဌ် လိမ္မာကျမ်းကျင်ကြောင်း ထင်ပေါ်ကျော်ကြားလာလေရာ ပဋ္ဌာန်းပညာကို လိုလားသူ၊ ပဋ္ဌာန်းတရားတော်၏ အကျိုးကျေးဇူးသိသူ၊ သာသနာတော်ကို ကြည်ညိုသူတို့က ဆရာတော်အား သာသနာအရှည်တည်တံ့ရေးကိုမျှော်တွေးကာ နောင်လာနောက်သားအနီးအဝေးရှိ တပည့်များ ကြည့်ရှုလေ့လာရန် ပဋ္ဌာန်းကျမ်းတဆူပြုစုတော်မူပါရန် တိုက်တွန်းတောင်းပန်ကြသည်။

အသံဖမ်းခြင်း။ ။ယင်း တိုက်တွန်းချက်များအရ ကျမ်းပြုရန် ရည်ရွယ်၍ ၇၂-ကြိမ်မြောက် ပဋ္ဌာန်းစာဝါ၌ ပို့ချချက်ကို ၉၀ ၁၅၀၀, ၁၈၀၀-ရှိ တိပ်ရကော်ဒါ ကြိုးခွေပေါင်း ၂၉-ခွေ တို့ဖြင့် အသံဖမ်းယူထားလိုက်သည်၊ ရက်ပေါင်း ၆၂-ရက် ကြာသည်။

အသံဖမ်းပြီးနောက် ဆရာတော်ကိုယ်တိုင်နှင့် တပည့်ကြီးများပါ ဖွင့်လှစ်နားထောင်၍ သဘောကျသောအခါ ရိုသေစွာသိမ်းဆည်းထားလိုက်ကြသည်။ ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ဂုဏ်သတင်းနှင့် ပဋ္ဌာန်းပို့ချစဉ်များ အသံဖမ်းယူထားကြောင်း သတင်းဂကောင်းကြားသိရသောအခါ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဆရာဦးလှမောင် (ယခု နိုင်ငံတော်ကောင်စီဝင်)နှင့် ဇနီး ဒေါ်တင်တင်မြင့်တို့ စစ်ကိုင်းတောင်သို့သွားရောက်ကာ ဆရာတော်ပဋ္ဌာန်းပို့ချစဉ် စာမူများကို တိပ်ကြိုးခွေမှသည် စာအုပ်အဖြစ်သို့ ရောက်လိုပါကြောင်း အခွင့်တောင်းကြ၍ ဆရာတော်လည်း ဝမ်းပမ်းတသာ ပုံနှိပ်ခွင့်ပြုလိုက်သည်။

ဆရာဦးလှမောင်ကလည်း သာသနာရေးဦးစီးဌာနရှိ ပါဠိပညာရှင်များနှင့် အတူ ယင်းအသံသွင်းပဋ္ဌာန်းပို့ချချက်များကို နားထောင်ပြီး စာအုပ်အဖြစ် ပုံနှိပ်ရန် သဘောတူဆုံးဖြတ်၍ မြန်မာပြန်အယ်ဒီတာ ဓမ္မာစရိယ-ဦးစိန်မောင်အား လက်ရေးဖြင့် လိုက်ကူးရန် တာဝန်ပေးအပ်သည်။

ဦးစိန်မောင် လက်ရေးဖြင့် ကူးပြီးသောအခါ ဆရာတော်ထံပို့၍ ပြင်ဆင်တည်းဖြတ်မှုကို ခံယူသည်။

ဆရာတော် ပြင်ဆင်တည်းဖြတ်ပြီး ပြန်ပို့သည့်အခါ ယင်းလက်ရေးမူကို လက်နှိပ်စက်ဖြင့် အချောရိုက်ကူးစေသည်၊ ပြီးလျှင် ဆရာတော်ထံ ပြန်ပို့၍ ပြင်ဆင်တည်းဖြတ်မှု ခံယူပြန်သည်။

ထိုစဉ်အတွင်း ဆရာဦးလှမောင် နိုင်ငံတော်ကောင်စီဝင်အဖြစ် ပြောင်းရွှေ့တာဝန်ယူရသောကြောင့် ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆက်လက်တာဝန်ယူသည့် ဦးကြည်ညွှန့်က ဆရာတော်ကြည့်ရှုပြင်ဆင်ပြီး ပြန်ပို့သည့်စာမူများကို သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်သို့ ရိုက်နှိပ်ရန် အမိန့်ချမှတ် ပေးအပ်သည်။

ပုံနှိပ်တိုက်သို့ ရောက်သောအခါ စာပြင်ဆရာ ဓမ္မာစရိယ ဦးမြင့်စိုးက စာမူပြင်ဆင်ပေးပြီး စာစီ, စာပြင်, စက်, စာအုပ်ချုပ် ပုံနှိပ်ဘက်ဆိုင်ရာ အလုပ်များကို လုပ်ဆောင်ခြင်းပြုကြသဖြင့် အပြီးသတ် စာအုပ်အဖြစ်သို့ ချောမောစွာ ရောက်လာလေတော့သည်။

၃-တွဲခွဲခြင်း။ ။စာအုပ်ရိုက်နှိပ်ရာ၌ ပဋ္ဌာန်းပို့ချချက် စာမူများမှာ များပြားလှသောကြောင့် ပဋ္ဌမတွဲ, ဒုတိယတွဲ, တတိယတွဲ-ဟု ၃-တွဲ ခွဲရသည်။

ပဋ္ဌမတွဲ၌ သုဒ္ဓသင်္ချာနှင့် ပဥ္စာဝါရ ဝိဘင်္ဂအရကောက် ပါရှိသည်။

ဒုတိယတွဲ၌ ပဥ္စာဝါရ အနုလုံနှင့် ပစ္စနိက်အရကောက် ပါရှိသည်။

တတိယတွဲ၌ ပစ္စယနိဒ္ဒေသနှင့်ဆဝါရ အရကောက် ပါရှိသည်။

ယင်းသို့ ၃-တွဲခွဲရိုက်နှိပ်မှု ပဋ္ဌာန်းသိပ္ပံကျမ်း ပြည့်စုံပြီးစီးအောင်မြင်သွားမည် ဖြစ်ပေသည်၊ ဤပဋ္ဌာန်းသိပ္ပံကျမ်း ၃-တွဲကို ဖတ်ရှုလေ့လာလျှင် ပဋ္ဌာန်းဆိုင်ရာ ပညာရပ်များကို အပြည့်အစုံ တတ်နိုင်ကြပြီ ဖြစ်ပေသည်။

နိဂုံးချုပ်။ ။ဤနိဒါန်းအစဉ် ဦးတည်ပြဆိုခဲ့သည့်အတိုင်း ပဋ္ဌာန်းကျမ်းကြီးကား မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်တခုလုံး၏ အခြေခံသဘောတရားရေးရာ အဘိဓမ္မာ ၇-ကျမ်းတို့တွင် အကြီးမားဆုံးသော သဘောတရားရေးရာကျမ်းမဟာကြီးဖြစ်ပေရာ စာရှုသူတို့သည် ယင်းပဋ္ဌာန်းကျမ်းကြီး၏ သဘောအနှက်အဓိပ္ပါယ်များကို ဤပဋ္ဌာန်းသိပ္ပံကျမ်းအကူအညီဖြင့် တတ်သိနားလည်ကြပြီးလျှင် လောကီ, လောကုတ္တရာ လိုရာအကျိုးတရားများကို ရရှိခံစားနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

ဦးထွန်းလှိုင်-ဝိနယပါရဂူ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝဋ္ဌသကာ
သာသနဓဇသိရိပဝရဓမ္မာစရိယ သိရောမဏိ
ဧတိယင်္ကာပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။

နေ့စွဲ-၁၃၄၁-ခုနှစ် နတ်တော်လဆန်း (၁၂)ရက်။
၁၉၇၉-ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်။

ပဌာနသိပ္ပံ ထောမနာ ဂါထာ
ပါဠိ-နိဿယ

ပဌာနသိပ္ပံတဝိရ သုဇာတာ၊
ပဌာနပဇ္ဇောတကရ ဇဂတံ့။
ပဌာနသာရဒိဝိလာသိနိယံ၊
ပဌာနကာမီဟိ ဘိသေဝနိယာ။

ဇဂတံ့၊ ဗုဒ္ဓသာသနာ ပြန့်နှံ့စေခြင့် ရောင်ဝါထိန်လျှမ်း အလုံးစုံလွှမ်းခြုံ အေးချမ်းသာယာမည့် စကြဝဠာကမ္ဘာလောကကြီးဌာ။ ပဌာနပဇ္ဇောတကရ၊ ပဌာန်းအလင်းရောင်ကို ဟပြောင်ပြောင် တောက်ပအောင် ပြုတတ်ပေကုန်ထသော။ ပဌာနကာမီဟိ၊ ပဌာန်းလိုလား ရှင်လူအများတို့သည်။ အဘိသေဝ-နိယာ၊ အမြဲတစေ ရိုသေဆည်းကပ် မှီဝဲအပ်ကုန်ထသော။ ပဌာနသိပ္ပံထဝိရ၊ ပဌာန်းသိပ္ပံ မည်သော မဟာပဋ္ဌာန်ကို ခံယူပေတတ် ဆရာတော်မြတ်တို့သည်။ သုဇာတာ၊ ပြိမ်းချမ်းခြင်းကို မျှော်တောင့်လိုလား လူအများတို့ အားတက်ဖွယ်ရာ ပေါ်ထွန်းလာတော် မူကြပေကုန်၏။

ဇဂတံ့၊ ဗုဒ္ဓသာသနာ ပြန့်နှံ့စေခြင့် ရောင်ဝါထိန်လျှမ်း အလုံးစုံလွှမ်းခြုံ အေးချမ်းသာယာမည့် စကြဝဠာကမ္ဘာလောကကြီးဌာ။ ပဌာနပဇ္ဇောတကရ၊ ပဌာန်းအလင်းရောင်ကို ကပြောင်ပြောင် တောက်ပအောင် ပြုနိုင်ပေထသော။ ပဌာနကာမီဟိ၊ ပဌာန်းလိုလား ရှင်လူအများတို့သည်။ အဘိသေဝနိယာ၊ အမြဲမကွာ လေ့လာရှာတော် မှီဝဲအပ်ပေထသော။ အယံ ပဌာနသာရဒိဝိလာသိနီ၊ ပဌာနသာရ ဝိလာသိနီ ဟူသည်ဖြင့်ဆန်း ဤ ရှေးစာကျမ်းသည်။ သုဇာတာ၊ ပဌာန်းပညာ လိုလားခြင်းနှင့် လေ့လာလိုက်စား ရှင်လူများတို့ အားတက်ဖွယ်ရာ ထွက်ပေါ်လာခဲ့ပေပြီတကား။

ပဌာန်းသိပ္ပံကျမ်းပြု ဆရာတော်၏

ကတည္ဟတမဂ်လာ ဓကျေးဇူးတော် မှတ်တမ်းလွှာ

ပဌာန်းသိပ္ပံကျမ်းကြီး ပ-ဒု-တ ၃-တွဲလုံးကား အပြည့် အစုံ ပြီးစီး အောင်မြင်ခဲ့ပေပြီ၊ ယင်းသို့ ပြီးစီး အောင်မြင်ရန်အတွက်—

ပဌာန်းသိပ္ပံ ပဌမတွဲကို တည်းဖြတ်ပြင်ဆင်ပြီး မဂ်လာကထာ ရေးသား ချီးမြှင့်တော်မူသော အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌ ဂုရု ရှေဟသ်ာ ဆရာတော်အားလုံး၊

ပဌာန်းသိပ္ပံ ပ,ဒု-တွဲတို့၌ နိဒါန်းရေးသားသည့် အဘယာရာမ ရှေဂူ ဘိုက်၊ ဒုတိယ နာယက ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ(သ-အ-ဓ ဓမ္မာစရိယ) အားလုံး။

ပဌာန်းသိပ္ပံ ပို့ချချက် တိတ်ခွေမျှားမှ စာအုပ်အဖြစ် ရောက်ရှိအောင် ဦးဆောင် စတင်၍ စီစဉ် အမိန့်ချမှတ်ဟော နှိုင်ငံတော် ကောင်စီဝင် ဆရာ ဦးလှမောင် (M.A,M.S,B.L.)နှင့် ဇနီး ဒေါ်တင်တင်မြင့် (B. A. HONS. B. Ed.)တို့အား၊

ပဌာန်းသိပ္ပံကျမ်းကို ရိုက်နှိပ် ပြီးဆုံးသည် အထိ အစစ ကူညီသော သာသနာမေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်နှင့်-ဇနီး ဒေါ်အေးမြင့် တို့အားလုံး၊

ပဌာန်းသိပ္ပံကျမ်း အသံဖမ်း တိတ်ခွေမှ လက်ရေးမူအဖြစ် ၃-တွဲ လုံးကို ကူးယူရေးသားပေးသူ မြန်မာပြန် အယ်ဒီတာ ဦးစိန်မောင် (အစိုးရ ဓမ္မာစရိယ) (ကွယ်လွန်) အားလုံး၊

ပဌာန်းသိပ္ပံကျမ်း ပ-ဒု-တွဲတို့၌ စာပြင်မှုးချုပ်အဖြစ် ကြပ်မပြင်ဆင်ခဲ့၍ တတိယတွဲ၌ နိဒါန်း ရေးသားပူဇော်သူ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းလှိုင် (ဝိနယပါရဂူ သ-စ-အ-ဓမ္မာစရိယ ဝင့်သကာ, သိရောမဏိ) အားလုံး။

ပဌာန်းသိပ္ပံကျမ်းကို ၃-တွဲလုံး စာမူ ပြင်ဆင်မပေးသူ တာဝန်ခံ စာပြင်ဆရာ ဦးမြင့်စိုး ဓမ္မာစရိယ ပါဠိပါရဂူ၊ ဝိနယပါရဂူ အားလုံး၊

ပဌာန်းသိပ္ပံကျမ်း ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဌေးကြေးတာဝန်ယူ ဆောင်ရွက်သူ ကျမ်းပြုဆရာတော်၏ ပစ္စည်း ၄-ပါး ရဟန်း ဓါယိကာမ၊ ဝန်ကြီးချုပ်ရုံး ဌာနစိတ်မှူး ဒေါ်ခင်သန်းနှစ်အားရင်း၊

ပဌာန်းသိပ္ပံကျမ်း ၃-တွဲလုံးကို ရိုက်နှိပ်ပေးသော လက်ထောက် ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးမြင့်မောင် (ဘီ.အေ, ဒီ.တီ)၊ ဌာနစုမှူး (စက်)၊ ဦးသောင်းလွင် (သ-အ ဓမ္မာစရိယ၊ ဝဋ္ဌသကာ၊ ဘီ-အေ) နှင့် ပုံနှိပ်တိုက် ဝန်ထမ်းများအားရင်း

ကျမ်းပြုဆရာတော် အမိန့်အရ လှိုက်လှိုက်လှဲလှဲ ကျေးဇူး အထူးတင်ရှိပါကြောင်း မှတ်တမ်းဘင်ဖော်ပြအပ်ပါသည်။

သာသနာပြု ပုဂ္ဂိုလ်များအားလုံး ရှင်ပြုံး ကျန်းမာ ချမ်းသာကြပါစေ။

ပဋ္ဌာန်းသိပ္ပံကျမ်း

(တတိယတွဲ)

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ပစ္စယနိဒ္ဒေသပါဠိတော် အရကောက်			
ပစ္စယုဒ္ဒေသ	....	....	၁
ပစ္စယနိဒ္ဒေသ	....	....	၁
နိဒ္ဒိသိတမ္မနှင့် နိဒဿနာကာရ	....	....	၂
ဟေတုပစ္စည်း ပါဠိတော်ဟောပုံ	....	....	၂
အာရမ္မဏပစ္စည်း ပါဠိတော်ဟောပုံ	....	....	၄
အာရမ္မဏဌ္ဌ နိဂုံးနှင့်အမှာ	....	....	၆
အဓိပတိပစ္စည်း ပါဠိတော် ဟောပုံ	....	....	၈
သဟဇာတာဓိပတိ	....	....	၈
အာရမ္မဏာဓိပတိ	....	....	၉
အနန္တရပစ္စည်း ပါဠိတော်ဟောပုံ	....	....	၁၀
အနန္တရဌ္ဌ နိဂုံးနှင့် အမှာ	....	....	၁၃
ပစ္စယနိဒ္ဒေသ အရကောက်			
ဟေတုပစ္စည်းအရကောက်	....	....	၁၄
ကရိယာ်းကောက်နည်း ၂-မျိုး	....	....	၁၆
သဘာဝကရိယာ်း	....	....	၁၇
ဃဋ္ဋနာကရိယာ်း	....	....	၁၇
အရကောက်ဆရာတော်ကြီး အမှာ	....	....	၁၈
အာရမ္မဏပစ္စည်း အရကောက်	....	....	၁၉
ကရိယာ်းထုတ်နည်း	....	....	၂၀
သဟဇာတ ပါဠိတော် ဟောပုံ	....	....	၂၆
ပဋိသန္ဓေအကြောင်း	....	....	၂၉
အဓိပတိပစ္စည်းအရကောက်	....	....	၃၂
ကုပဒ ၂-ချက်	....	....	၃၉
အကုပဒ ၂-ချက်	....	....	၄၀

အကြောင်းအရာ			စာမျက်နှာ
ဗျာပဒ ၃-ချက်	....	....	၆၁
အညမညပါဋိတော်ဟောပုံ	....	....	၆၃
နိဿယပစ္စည်း ပါဋိတော်ဟောပုံ	....	....	၆၆
ဆဝါရ အနုလုံ သုဒ္ဓသခ်္ပါ	....	....	၆၆
ဆဝါရအနုလုံ သုဒ္ဓသခ်္ပါ ဇယား	....	....	၆၇
သဟဇာတပစ္စည်း အရကောက်	....	....	၅၀
အညမညပစ္စည်း	....	....	၅၃
နိဿယပစ္စည်း	....	....	၅၈
ဝတ္ထာရမ္မဏတရား မဃကာက်သင့်	....	....	၆၁
ဥပနိဿယပစ္စည်း	....	....	၆၂
ပုရေဇာတပစ္စည်း ပါဋိတော် ထုတ်နည်း	....	....	၆၈
ပစ္ဆာဇာတပစ္စည်း ပါဋိတော်ထုတ်နည်း	....	....	၇၀
ကမ္မပစ္စည်း ပါဋိတော်ထုတ်နည်း	....	....	၇၀
ဥပနိဿယပစ္စည်း အရကောက်	....	....	၇၁
အနန္တရူပ မရလို့ ကေသဠိ ဟောခြင်း	....	....	၇၃
ပညတ်ဝါရား ထည့်ကောက်သင့်ပုံ	....	....	၇၄
ပုရေဇာတပစ္စည်း အရကောက် အဓိပ္ပါယ်	....	....	၇၄
ပစ္ဆာဇာတပစ္စည်း အရကောက်	....	....	၇၆
အာသေဝနပစ္စည်း အရကောက်	....	....	၇၇
ကမ္မပစ္စည်း အရကောက်	....	....	၇၈
နာနာက္ခဏိကကမ္မ	....	....	၇၈
သဟဇာတကမ္မ	....	....	၈၀
ဝိပါကပစ္စည်း ပါဋိတော်နှင့် အရကောက်	....	....	၈၁
အာဟာရပစ္စည်း ပါဋိတော်နှင့် အရကောက်	....	....	၈၃
ဣန္ဒြိယပစ္စည်း ပါဋိတော်နှင့် အရကောက်	....	....	၈၄
ဈာနနှင့် မဂ္ဂ ပါဋိတော် အရကောက်	....	....	၅၅
သမ္ပယုတ္တပစ္စည်း ပါဋိတော် အရကောက်	....	....	၈၆
ဝိပ္ပယုတ္တပစ္စည်း ပါဋိတော် အရကောက်	....	....	၈၈
ဝိပ္ပယုတ္တ ပါဋိတော် ဇယား	....	....	၈၀
အတ္ထိပစ္စည်း စသည်	....	....	၉၄
အတ္ထိ ဟောနည်း အညွှန်း	....	....	၉၅
နတ္ထိ, ဝိဂတ ဟောနည်း အညွှန်း	....	....	၉၅

အကြောင်းအရာ			စာမျက်နှာ
အတ္ထိစသည် အရကောက်	...	....	၉၆
နတ္ထိ, ဝိဂတ အရကောက်	....	....	၉၇
ပုစ္ဆာဝါရ			
ပုစ္ဆာဝါရဇယား	....	....	၉၀
ပုစ္ဆာဝါရ ဇယား အညွှန်း	....	....	၉၀
ကံပုဒ်=ပစ္စည်း=ပဒ	....	....	၁၀၀
ဒုကဝါရ ပုစ္ဆာပေါင်း	....	....	၁၀၅
ပါဠိတော် အညွှန်းဂါထာမျှား	....	....	၁၀၇
ဆဝါရ ဝိဿဇ္ဇနာဝါရ			
ဆဝါရ ဟောနည်းအညွှန်း	....	....	၁၀၉
ဆဝါရ အညွှန်းဇယား	....	....	၁၁၀
ပဋ္ဌိစ္စဝါရ			
သဟဇာတပစ္စည်း သုဒ္ဓသင်္ချာ	....	....	၁၁၂
ပုရေဇာတ သုဒ္ဓသင်္ချာ	....	....	၁၁၈
အာသေဝန သုဒ္ဓသင်္ချာ	....	....	၁၁၉
ကမ္မ သုဒ္ဓသင်္ချာ	....	....	၁၁၉
ဝိပါက သုဒ္ဓသင်္ချာ	....	....	၁၂၀
အာဟာရ သုဒ္ဓသင်္ချာ	....	....	၁၂၀
ဣန္ဒြိယ သုဒ္ဓသင်္ချာ	....	....	၁၂၁
ဈာန သုဒ္ဓသင်္ချာ	....	....	၁၂၁
ဝိပွယုတ္တ သုဒ္ဓသင်္ချာ	....	....	၁၂၂
ဟေတုပစ္စည်း သုဒ္ဓသင်္ချာ	....	....	၁၂၂
ဣန္ဒြိယပစ္စည်း သုဒ္ဓသင်္ချာ	....	....	၁၂၈
ကမ္မပစ္စည်း သုဒ္ဓသင်္ချာ	....	....	၁၂၉
အဝိပတိပစ္စည်း သုဒ္ဓသင်္ချာ	....	....	၁၂၉
အာရမ္မဏပစ္စည်း သုဒ္ဓသင်္ချာ	....	....	၁၄၁
ဟေတု အရကောက်	....	....	၁၃၃
ဟိတ်, ကတ္တား အရကောက် အတူတူ	....	....	၁၃၆
ကုသလေန ကုသလံ	....	....	၁၃၇
ကုသလေန အဗျာကတံ	....	....	၁၃၇

အကြောင်းအရာ			စာမျက်နှာ
ကုသလေန ကုသလာဗျာကတံ	....	....	၁၃၈
အကုသလေန အကုသလံ	....	....	၁၃၈
အကုသလေန အဗျာကတံ	....	....	၁၃၉
အကုသလေန အကုသလာဗျာကတံ	....	....	၁၃၉
အဗျာကတေန အဗျာကတံ	....	....	၁၃၉
ရူပ်သက်သက်	....	....	၁၄၁
ကုသလာဗျာကတေန အဗျာကတံ	....	....	၁၄၃
အကုသလာဗျာကတေန	....	....	၁၄၄
မဂ္ဂအရကောက်	....	....	၁၄၅
ကုသလေန ကုသလံ	—	—	၁၄၅
ကုသလေန ကုသလာဗျာကတံ	....	....	၁၄၆
အကုသလေန အကုသလံ	....	....	၁၄၆
အကုသလေန အဗျာကတံ	....	....	၁၄၆
အကုသလေန အကုသလာဗျာကတံ	....	....	၁၄၆
အဗျာကတေန အဗျာကတံ	....	....	၁၄၇
ကုသလာဗျာကတေန အဗျာကတံ	....	....	၁၄၇
အကုသလာဗျာကတေန အဗျာကတံ	....	....	၁၄၈
စျာနအရကောက်	....	....	၁၄၈
အဗျာကတေန အဗျာကတံ	....	....	၁၄၈
အာဟာရအရကောက်	....	....	၁၅၀
ကုသလေန ကုသလံ	....	....	၁၅၀
အဗျာကတေန အဗျာကတံ	....	....	၁၅၀
ပဋ္ဌာဝါရနှင့် ဆိုရိုး မတူကြောင်း	....	....	၁၅၄
သြဇာက ကျေးဇူးပြုပုံ	....	....	၁၅၆
ဆဝါရမှတ်စု	....	....	၁၅၆
ဣန္ဒြိယအရကောက်	....	....	၁၅၇
အဗျာကတေန အဗျာကတံ	....	....	၁၅၈
ဆဝါရ နံပါတ် ၃ မှတ်စု	....	....	၁၆၀
အညမညသုဒ္ဓသင်္ချာ	....	....	၁၆၂
ဟဒယဝတ္ထု ၂-မျိုး	....	....	၁၆၂
ပုရေဇာတသုဒ္ဓသင်္ချာ	....	....	၁၆၅
ဝတ္ထုပုရေဇာတကိုသာ ဟောတော်မူခြင်း	....	....	၁၆၆

အကြောင်းအရာ			စာမျက်နှာ
ကမ္မပစ္စည်း အရကောက်	....	....	၁၆၇
ကုသလေန ကုသလံ	....	....	၁၆၇
အဗျာကတေန အဗျာကတံ	....	....	၁၆၈
ပဝတ္တိအခါ	....	....	၁၆၈
ပဋိသန္ဓေအခါ	....	....	၁၇၀
ရုပ်သက်သက်	....	....	၁၇၂
သဟဇာတ ကမ္မသာ	....	....	၁၇၉
အဓိပတိပစ္စည်း အရကောက်	....	....	၁၇၉
ကုပဒ ၃-ချက်	....	....	၁၇၉
ဗျာပဒ ၃-ချက်	....	....	၁၈၀
သတိထားစရာ	....	....	၁၈၃
အာရမ္မဏပစ္စည်း အရကောက်	....	....	၁၈၄
ကုသလေန ကုသလံ	....	....	၁၈၅
အကုသလေန အကုသလံ	....	....	၁၈၆
အဗျာကတေန အဗျာကတံ	....	...	၁၈၆
ပဝတ္တိအခါ အရကောက်	....	....	၁၈၇
ပဋိသန္ဓေအခါ အရကောက်	....	....	၁၈၈
၈ သေခါနီး မိတ်ကောင်းလို	....	....	၁၉၃
အနန္တရပစ္စည်း အရကောက်	....	....	၁၉၅
ပါဠိတော်ဟောပုံနှင့် အရကောက်	....	....	၁၉၅
ပဋိသန္ဓေအခါ	....	....	၂၀၃
သဟဇာတပစ္စည်း အရကောက်	....	....	၂၀၄
ဆဝါရမှတ်စု အဆက်	....	....	၂၀၆
ဆဝါရမှတ်စု အဆက်	....	....	၂၀၇
အညမညပစ္စည်း အရကောက်	....	....	၂၀၈
ဗျာဗျာ ပဝတ္တိ	....	....	၂၀၈
ပဋိသန္ဓေအခါ	....	....	၂၀၈
အရကောက်မှာ ထည့်ရန်	....	....	၂၀၉
ပစ္ဆာဇာတပစ္စည်း မဟောခြင်းအကြောင်း	....	....	၂၁၀
အာသေဝနပစ္စည်း အရကောက်	....	—	၂၁၁
ဝိပါကပစ္စည်း အရကောက်	....	....	၂၁၂
ဝိပွယုတ္တပစ္စည်းပါဠိတော် အရကောက်	....	....	၂၁၃

အကြောင်းအရာ			စာမျက်နှာ
ဆဝါရအနုလုံ ဝိပွယုတ္တပစ္စည်းဇယား	....	....	၂၁၅
ကုသလေန ကုသလံ	....	....	၂၁၆
နိဿယပစ္စည်း အရကောက်	....	....	၂၁၆
ကုပဒ ၃-ချက်	....	....	၂၁၆
အကုပဒ ၃-ချက်	....	....	၂၁၇
အဗျာကတေန အဗျာကတံ	....	....	၂၁၈
အသေစ်အဟောင်း မပြောင်းလိုပါ	....	....	၂၁၉
နိရောဓ ဟဒယဝတ္ထု ထည့်သားပုံ	....	....	၂၂၀
နိရောဓနှင့် ဟဒယဝတ္ထု ၃-မျိုး	....	....	၂၂၁
ဥပနိဿယပစ္စည်း အရကောက်	....	....	၂၂၃
ပကတူပနိဿယ အရကောက်	....	....	၂၂၄
ကုသလေန ကုသလံ	....	....	၂၂၄
အကုသလေန အကုသလံ	....	....	၂၂၄
အဗျာကတေန အဗျာကတံ	....	....	၂၂၅
ပုရေဇာတပစ္စည်း အရကောက်	....	....	၂၂၆
အာသေဝနပစ္စည်း အရကောက်	....	....	၂၂၇
ဝိပါကပစ္စည်း အရကောက်	....	....	၂၂၈
အဗျာကတေန အဗျာကတံ	....	....	၂၂၈
သမ္မယုတ္တပစ္စည်း အရကောက်	....	....	၂၃၀
ဝိပွယုတ္တပစ္စည်း အရကောက်	....	....	၂၃၁
အရကောက်အညွှန်း	....	....	၂၃၁
တရားသူကြီး ဥပဒေရှာသလို	....	....	၂၃၂
ဗျာပဒ ၃-ချက်	....	....	၂၃၄
အဗျာကတေန အဗျာကတံ	....	....	၂၃၅
ပဋ္ဌိသန္ဓေအခါမှာ သဟဝိပ်	....	....	၂၃၇
ဆန္ဒာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ၌ မှတ်တမ်း	....	....	၂၃၇
အတ္ထိပစ္စည်း ပါဠိတော်အရကောက်	....	....	၂၃၉
ဆဝါရ အနုလုံမှာ အတ္ထိ ၄-မျိုးဟောခြင်း	....	....	၂၃၉
အရကောက် အညွှန်း	....	....	၂၄၁

ဆဝါရပစ္စနိုက်

ပစ္စနိုက်သုဒ္ဓသင်္ချာမျှား			၂၄၂
နဟေတု သုဒ္ဓသင်္ချာ	....	....	၂၄၂

မာတိကာ

အခြားအရာ			စာမျက်နှာ
ထူးခြားသောသခ္ခါ	....	....	၂၄၃
ဆဝါရပစ္စနိုက်ပါဠိတော်	....	....	၂၄၃
သုဒ္ဓသခ္ခါချင် ပုံ	....	....	၂၄၃
မောဟမူ အသုံးအနှုန်း	....	....	၂၄၆
နာရမ္ဘကသုဒ္ဓသခ္ခါ	....	....	၂၅၁
ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ အရကောက်	....	....	၂၅၃
အာရမ္ဘကမျိုးဖြင့် ရှာနည်း	....	....	၂၅၄
သဟဇာတမျိုးဖြင့် ရှာနည်း	....	....	၂၅၇
ပဋိစ္စဝါရ နဟေတု နည်းပြုပုံ	....	....	၂၅၈
အနန္တရမျိုးဖြင့် ရှာနည်း	....	....	၂၆၂
ပကတူရှာနည်း	....	....	၂၆၃
ပုရေဇာတမျိုးဖြင့် ရှာနည်း	....	....	၂၆၃
ကျန်မျိုးဒီတူဖြင့် ရှာနည်း	....	....	၂၆၄
အဗျာကတဟေတု အဗျာကတံ	....	....	၂၆၅
ဗျာဗျာ ဟိတ်ပါဠိအရကောက်နည်း	....	....	၂၆၈
အာရမ္ဘကမျိုးဖြင့် ရှာနည်း	....	....	၂၆၉
သဟမျိုးဖြင့် ရှာနည်း	....	....	၂၇၀
အနန္တရမျိုးဖြင့် ရှာနည်း	....	....	၂၇၂
ပကတူမျိုးဖြင့် ရှာနည်း	....	....	၂၇၇
ပုရေမျိုးဖြင့် ရှာနည်း	....	....	၂၇၇
ပစ္ဆာဇာတမျိုး မရ	....	....	၂၇၈
နာနာက္ခဏိက ကမ္မမျိုးဖြင့်ရှာနည်း	....	....	၂၇၈
သီသင့်ရာမျှား	....	....	၂၇၉
ပဋိသန္ဓေအခါ အရကောက်	....	....	၂၈၀
ရုပ်သက်သက်	....	....	၂၈၀
နာရမ္ဘကပစ္စည်း အရကောက်	....	....	၂၈၁
နာဓိပတိပစ္စည်း ပါဠိတော်ထုတ်နည်း	....	....	၂၈၂
သိမှတ်ဖွယ်များ	....	....	၂၈၆
နအာသေဝနပါဠိတော် ထုတ်နည်း	....	....	၂၈၆
နာဓိဝတ္ထုပါဠိတော် ကောက်နည်း	....	....	၂၈၈
ကုသဒ ၃-ချက်	....	....	၂၈၉
အကုသဒ ၃-ချက်	....	....	၂၉၁

အကြောင်းအရာ			စာမျက်နှာ
ဗျာဗျာ ကောက်နည်း	....	....	၂၉၀
နအညမည အရကောက်	....	....	၂၉၁
နာရုမ္မဏ်ထက် ထူးသောအရာ	....	....	၂၉၃
နပုရေဇာတ်သုဒ္ဓသခ်္ခ	....	....	၂၉၃
သခ်္ခသတ္တဖြစ်ပုံ	....	....	၂၉၄
ကုသလေန ကုသလံ	....	....	၂၉၂
အကုသလေန အကုသလံ	....	....	၂၉၂
အဗျာကတေန အဗျာကတံ	....	....	၂၉၈
နပုရေဇာတ အရကောက်နည်း	....	....	၂၉၈
နပဇ္ဇာဇာတ သုဒ္ဓသခ်္ခ	....	....	၃၀၀
နာသေဝနသုဒ္ဓသခ်္ခ	....	....	၃၀၀
အရကောက်နည်း ညွှန်ပြချက်	....	....	၃၀၁
ကုပဒ ၃-ချက်	....	....	၃၀၂
အဗျာကတေန အဗျာကတံ	....	....	၃၀၃
နကမ္မသုဒ္ဓသခ်္ခ	....	....	၃၀၅
ပါဠိတော်ဟောပုံ	....	....	၃၀၅
အရကောက်	....	....	၃၀၆
နဝိပါကသုဒ္ဓသခ်္ခ	....	....	၃၀၆
ပါဠိတော်ဟောပုံ	....	....	၃၀၇
အရကောက်အညွှန်း	....	....	၃၀၈
နဣန္ဒြိယသုဒ္ဓသခ်္ခ	....	....	၃၁၀
နစျာန သုဒ္ဓသခ်္ခ	....	....	၃၁၁
သခ်္ခ-၂ကြိမ်, ၃-ကြိမ် ထုတ်ပုံ	....	....	၃၁၁
သံသဋ္ဌ, သမ္ပယုတ္တ ပစ္စနိုက်မှာ ၁၀-ပစ္စည်းသာ		....	၃၁၂
နမဂ္ဂသုဒ္ဓသခ်္ခ	....	....	၃၁၄
နသမ္ပယုတ္တသုဒ္ဓသခ်္ခ	....	....	၃၁၄
နဝိပ္ပယုတ္တသုဒ္ဓသခ်္ခ	....	....	၃၁၄
မှတ်ဖွယ်ရာများ	....	....	၃၁၅
ကျမ်းဆရာ အလို	....	....	၃၁၆
အဌကထာအလို	....	....	၃၁၇
ပါဠိတော်နှင့် အရကောက်အညွှန်း	....	....	၃၁၉
နောနတ္ထိ, နောဝိဂတ ပစ္စည်းများ			၃၁၉

အကြောင်းအရာ			စာမျက်နှာ
သဟဇာတဝါရ			
ပစ္စယနှင့် နိဿယဝါရ			
ဝတ္ထုကံဇယားနှင့်အညွှန်း	....	....	၃၂၂
ကုပဒ ၃-ချက်	....	....	၃၂၅
ဗျာပဒ ၅-ချက်	....	....	၃၂၆
သံဟပုရေမိဿက	....	....	၃၂၇
တိုက်တွန်းချက်	....	....	၃၂၉
ပါဠိတော်ဟောပုံဟောနည်း	....	....	၃၃၂-၃၃၈
ဟေတုပစ္စည်း ပါဠိတော်ဟောနည်း	....	....	၃၃၃
ဝိပါကပစ္စည်း ပါဠိတော်ဟောနည်း	....	....	၃၃၄
အာသေवနပစ္စည်း ပါဠိတော်ဟောနည်း	....	....	၃၃၅
အာရုံမှီကပစ္စည်းပါဠိတော်ဟောနည်း	....	....	၃၃၆
သတိထားစရာအချက်	....	....	၃၃၇
ပခုက္ကူဆရာတော်ဘုရားကြီးနည်း	....	....	၃၃၈
မွမ်းမံပို့ချကြ	....	....	၃၃၉
ရတနာ ဘဏ်တိုက်ကြီး	....	....	၃၄၉
ပစ္စယဝါရ အရကောက်နည်း	....	....	၃၃၉
ကုသလပဒ ၃-ချက်	....	....	၃၄၁
အကုသလပဒ ၃-ချက်	....	....	၃၄၁
အဗျာကတ ပဒ	....	....	၃၄၁
ပဝတ္တိ အရကောက်	....	....	၃၄၂
ပဋိသန္ဓေ အရကောက်	....	....	၃၄၂
ရုပ်သက်သက် အရကောက်	....	....	၃၄၂
ဝတ္ထုကံ အရကောက်	....	....	၃၄၃
ဗျာကုန် ဗျာအကု	....	....	၃၄၅
ဗျာ-ကုဗျာနဲ့ ဗျာ-အကုဗျာ	....	....	၃၄၅
နိဿယ ၂-မျိုးသိနိုင်ရေး	....	....	၃၄၅
ကုဗျာကု မှတ်ရန်	....	....	၃၄၇
ကုဗျာ-ဗျာ	....	....	၃၄၈
ကုဗျာ-ကုဗျာ	....	....	၃၄၈
ဟေတုပစ္စည်း ဟောပုံ အညွှန်းများ	....	....	၃၄၉
ဝတ္ထုကံကြောင့် သင်္ချာ သတ္တရသ	....	....	၃၅၀

အကြောင်းအရာ			စာမျက်နှာ
ဒွေဖဋ္ဌဝိညာဏ် ၁၀-ပါးလျှင် မှတ်ဖွယ်	....	....	၃၅၀
ဝတ္ထုံ ပစ္စယာ မှတ်ဖွယ်ရာများ	....	....	၃၅၁
ဝတ္ထုံ ပစ္စယာ ဆိုရိုး	....	....	၃၅၁
အာသေဝန ရှဲ ဝတ္ထုံ ပစ္စယာ	....	....	၃၅၂
ဇောမဟုတ်တဲ့ သာမန်ကြိယာ	....	....	၃၅၃
ဗျာ-ကုမ္မ ကုသိုလ်ခန္ဓာ	....	....	၃၅၄
ပစ္စနိုက်	....	....	၃၅၅
ဝမ်းမြောက် ဝမ်းသာ ဒုံစာဝါ	....	....	၃၅၇
ပစ္စနိုက်၌ ဝတ္ထုံကံ မရသော ပစ္စည်းများ	....	....	၃၅၉
ဝတ္ထုကံ ရှိသော ပစ္စည်းများ	....	....	၃၆၀
နကမ္မ ပါဠိတော် သခ်္ခ ၇-ချက်	....	....	၃၆၂
နဝိပါက	...	....	၃၆၃
နဘာဝရ, နှ ဣန္ဒြိယ, နစျာန, နမဂ္ဂ, နသမ္ပယုတ္တ	....	....	၃၆၄
နဝိပ္ပယုတ္တ	....	....	၃၆၅
ပစ္စယ ဝါရ ပစ္စနိုက်၌ ဝတ္ထုကံ ဂ-ပစ္စည်း	....	....	၃၆၅
နိဿယဝါရ			၃၆၆
သံသဋ္ဌနှင့် သမ္ပယုတ္တဝါရ			၃၆၇
သမ္ပယုတ္တဝါရ			၃၆၉

ခန္ဓာဝါရ သင်တန်း

ခန္ဓာဝါရဇယား	....	....	၃၇၀
ဝေဒနာမူ ၃-ဝါရ	....	....	၃၇၂
သာမညမူ ၂-ဝါရ	....	....	၃၇၂
ရေးနည်း အညွှန်း	....	....	၃၇၃
နာမ်နာမ်ဆယ်လေး	....	....	၃၇၄
ခန္ဓာဝါရ ၁၄-ဝါရ	....	....	၃၇၅
တိက ၄-ဝါရ	....	....	၃၇၅
ဒုက ၆-ဝါရ	....	....	၃၇၆
နာမ်ရုပ်တွေး၊ ဒွေးဒွေးပဉ္စသာ	....	....	၃၇၇
ဧကက ၄-ဝါရ	....	....	၃၇၈
တိက ၄-ဝါရ	....	....	၃၇၉
ဒုက ၆-ဝါရ	....	....	၃၇၉
ပထဝီမူ ၃-ဝါရ	....	....	၃၇၉

အကြောင်းအရာ			စာမျက်နှာ
အာဝေါမူ ၂-ဝါရ	....	....	၃၂၉
တေဇောမူ ၁-ဝါရ	....	....	၃၂၉
စတုက ၁-ဝါရ	....	....	၃၂၉
အစိတ်အစိတ် နာမကွန္ဒာခေါ်ပုံ	....	....	၃၀၀
ကေက ၄-ကွက်ကြည့်	....	....	၃၀၀
တိက ၄-ကွက်ကြည့်	....	....	၃၀၀
ဒုက ၆-ကွက်ကြည့်	....	....	၃၀၁
စတုက ကွက်ကြည့်	....	....	၃၀၁
ခန္ဓာဝါရ ၂၂၅	....	....	၃၀၁
အစိတ်အပေါင်း နာမကွန္ဒာ အဓိပ္ပါယ်	....	....	၃၀၄
ကုသလေန ကုသလာဗျာကတ်၌ ခန္ဓာဝါရ-၂၁၀	....	....	၃၀၅
ပထဝီ၌ ၁၄-ဝါရ	....	....	၃၀၅
ဟေတုပစ္စည်း၏ ခန္ဓာဝါရပေါင်း ၁၀၂၀	....	....	၃၀၆
ဗျာဗျာမှာ ခန္ဓာဝါရ ၄၀၀	....	....	၃၀၇
ခန္ဓေ ဝတ္ထုနှင့် ဝတ္ထုံ ခန္ဓာတို့၌ ဖွဲ့နည်း	....	....	၃၀၈
ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၌ ၁၅-ဝါရ	....	....	၃၀၉
ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ၌ ၁၅-ဝါရ	....	....	၃၀၉
ရူပ်တမျိုး တမျိုးလျှင် ၁၅-ဝါရ	....	....	၃၉၀

သင်္ချာဝါရ

သင်္ချာဝါရ အနုလုံ	....	....	၃၉၂
သုဒ္ဓသင်္ချာဝါရ	....	....	၃၉၂
သင်္ချာ ၃-မျိုး	....	....	၃၉၃
ပစ္စယနဲ့ နိဿယ သုဒ္ဓသင်္ချာ ပါဠိတော်	....	....	၃၉၅
ဒုကာဒိ သင်္ချာဝါရ	....	....	၃၉၅
ဟေတုမူ အာရမ္မဏဒုက	....	....	၃၉၅
ဟေတုမူ အဓိပတိ ဒုက	....	....	၃၉၇
ဟေတုမူ သဟဇာတ ဒုက	....	....	၃၉၈
သင်္ချာဝါရ သင်္ချာထုတ်နည်း	....	....	၃၉၉
သင်္ချာဝါရ ပစ္စည်းတွန်း	....	....	၄၀၀
၂-နံပါတ် အပုံ	....	....	၄၀၄
နံပါတ် ၃-အပုံ	....	....	၄၀၅
နံပါတ် ၄-အပုံ	....	....	၄၀၆

အကြောင်းအရာ			စာမျက်နှာ
ပြယုဂ်နဲ့ ရှင်းပြချက်	....	....	၄၀၈
အနည်းနဲ့ အများ	....	....	၄၀၉
ဆောင်ပုဒ်	....	....	၄၁၀
အဋ္ဌကထာ သိမ္မတ်စရာ	....	....	၄၁၀
သင်္ချာဝါဒီရ ပစ္စည်းတွန်း			
ဟေတုမူ အညမညဒုက	....	....	၄၁၁
ဟေတုမူ ပုရေဇာတဒုက	....	....	၄၁၂
ဟေတုမူ အာသေဝနဒုက	....	....	၄၁၃
ဟေတုမူ ကမ္မဒုက	....	....	၄၁၃
ဟေတုမူ ဝိပါကဒုက	....	....	၄၁၄
ဟေတုမူ အာဟာရဒုက	....	....	၄၁၄
ဟေတုမူ ဣန္ဒြိယဒုက	....	....	၄၁၄
ဟေတုမူ စျာနဒုက	....	....	၄၁၄
ဟေတုမူ မဂ္ဂဒုက	....	....	၄၁၄
သဟဇာတအတိုင်းတုတ်ပါ	....	....	၄၁၄
ဟေတုမူ ဝိပွယုတ္တဒုက	....	....	၄၁၅
ဒုကကို နှုတ်ငုံဆောင်ပါ	....	....	၄၁၆
တိကသင်္ချာဝါဒီရစသည်	....	....	၄၁၆
တိကစသည်၌ ရှုပ်မရ	....	....	၄၁၆
အရေးကြီးသော မှတ်စရာ ၂-ချက်	....	....	၄၁၇
တိကဆိုနည်းအညွှန်း	....	...	၄၁၈
စတုကစသည်အညွှန်း	....	....	၄၁၉
ကောဒသကအညွှန်း	....	....	၄၂၁
အာသေဝန ကောဒသက	....	....	၄၂၂
ကမ္မ ကောဒသက	....	....	၄၂၂
ဝိပါက ကောဒသက	....	....	၄၂၃
အာဟာရ ကောဒသက စသည်	....	....	၄၂၃
ကမ္မ ဒ္ဓါဒသက	....	....	၄၂၄
ဝိပါက ဒ္ဓါဒသက မရှိ	....	....	၄၂၂
တေရသက	....	....	၄၂၅
ဝိပါကပစ္စည်း	....	....	၄၂၅
သာသေဝန ဒေသနာတော်	....	....	၄၂၆

အကြောင်းအရာ			စာမျက်နှာ
အာဟာရစတဲ့ ပစ္စည်းတွေ	....	....	၄၂၆
နောက်ပိတ်ဆုံး ဗာဝိသကမူ	....	....	၂၇
သဝိပါကဒေသနာဖြစ်လျှင် အာသေဝနဖယ်	....	....	၂၈
အနုလုံ ၂၂-ပစ္စည်းလုံးမှာရှိတဲ့တရား	....	....	၂၉
ဟေတုနိုင်လျှင် ကြွင်းပစ္စည်းတွေ ဟောနိုင်ပြီ	....	....	၃၀
အာဝရမ္မဏ မူလုပ်လျှင်	....	....	၃၀
လွှယ်အောင်ပေးတော့ မယုံချင်ကြဘူး	....	....	၄၃၁
ပဌမပြန်က မသုံးလျှင် မသင်ကောင်းသလို ထင်ကြခြင်း		....	၄၃၁
ဝိပါက မူထားဟောလျှင်	....	....	၄၃၁
ရှေးက ပဋ္ဌာန်းသင်နည်း	—	....	၄၃၂
ကုသိုလ်ဖြစ်အောင် ဆိုရသေးတယ်	....	....	၄၃၃
ဆဝါရပစ္စနိုက်			
နည်းမပြောင်း တရားသာပြောင်း	....	....	၄၃၄
ပစ္စနိုက ဒုကသင်္ချာဝါရ	....	....	၄၃၅
နဟေတုမူ နာရမ္မဏဒုကအညွှန်း	....	....	၄၃၅
၂-ပစ္စည်းရောနှောမှုဌ် မှတ်ဖွယ်	....	....	၄၃၅
နဟေတုမူ နာဓိပတိ ဒုကအညွှန်း	....	....	၄၃၅
ဝိသေသန'မထည့်လဲဖြစ်ခြင်း	....	....	၄၃၆
နဟေတုမူ နအာသေဝနဒုက အညွှန်း	....	....	၄၃၆
နဟေတုမူ နပုရေဇာတအညွှန်း	....	....	၄၃၇
နဟေတုမူ နပစ္ဆာဇာတအညွှန်း	....	....	၄၃၇
နဟေတုမူ နာသေဝနဒုကအညွှန်း	....	....	၄၃၇
ပစ္စနိုက် ဒုကသင်္ချာဝါရ ဆိုရိုးကျင့်း	....	....	၄၃၈
နဟေတုမူ နဝိပါကဒုကအညွှန်း	....	—	၄၃၉
နဟေတုမူ နာဟာရဒုက, နဣန္ဒြိယဒုကအညွှန်း		....	၄၄၁
နဟေတုမူ နစျာနဒုကအညွှန်း	....	....	၄၄၁
ပစ္စနိုကဒုကသင်္ချာဝါရ	....	....	
နဟေတုမူ နမဂ္ဂဒုကအညွှန်း	....	....	၄၄၁
နဟေတုမူ နသမ္ပယုတ္တဒုကအညွှန်း	....	....	၄၄၁
နဟေတုမူ နဝိပ္ပယုတ္တဒုကအညွှန်း	....	....	၄၄၁
နဟေတုမူ နောနတ္ထိ, နောဝိဂတဒုကအညွှန်း	....	....	၄၄၂

အကြောင်းအရာ			စာမျက်နှာ
ပစ္စနိုက်ဒုကဝါရ ဆိုရိုးအကျဉ်း	....	....	
နဟေတုမူ နဝိပါကဒုက ဆိုရိုးအကျဉ်း	....	....	၇၇၄
နဟေတုမူ နဘာဝရဒုက ဆိုရိုးအကျဉ်း	....	....	၇၇၃
နဟေတုမူ နဇျှန္ဒြိယဒုက ဆိုရိုးအကျဉ်း	....	....	၇၇၃
နဟေတုမူ နစျာနဒုက ဆိုရိုးအကျဉ်း	....	....	၇၇၃
နဟေတုမူ နမဂ္ဂဒုက ဆိုရိုးအကျဉ်း	....	....	၇၇၃
နဟေတုမူ နဝိပ္ပယုတ္တဒုက ဆိုရိုးအကျဉ်း	....	....	၇၇၃
တိကစသည်အညွှန်း	....	....	၇၇၇

အနုလောမ ပစ္စနိုက်နှင့် ပစ္စနီယာနုလောမ

အနုလုံတုန်းက စကားကို ပြန်စဉ်းစား	....	....	၇၇၅
နဟေတုနဲ့ နကမ္မမှာ သတိထားပါ	....	....	၇၇၅
အနုလောမပစ္စနိုက်	....	....	၇၇၆
ပစ္စနီယာနုလောမ	....	....	၇၇၇
သုဒ္ဓသင်္ချာရဘို့ ပဓာန	....	....	၇၇၉
တိုက်တွန်းချက်	....	....	၇၇၉
အာသီသကထာ	....	....	၇၅၁
အမျှဝေခြင်း	....	....	၇၅၂
၃၂-ကြိမ်မြောက် ပဋ္ဌာန်းစာဝါအောင်ပွဲ ထုတိဝေဒလ္လ ပတ္ထနာဂါထာများ			၇၅၄
အကြိမ် ၁၀၀-မြောက် ပဋ္ဌာန်းစာဝါအောင်ပွဲ ထုတိဝေဒလ္လ ပတ္ထနာ ဂါထာများ	....	....	၇၅၆
ပဋ္ဌာန်းသိပ္ပံ တတိယတွဲ မှတ်သားဖွယ် အကွာရာစဉ်	....	....	၇၅၉

ပဋ္ဌာန်းသိပ္ပံ တတိယတွဲ မာတိကာ ပြီးပြီ။

ပဋ္ဌာန်းသိပ္ပံကျမ်း

တတိယတွဲ

ပစ္စယနိဒ္ဒေသ ပါဠိတော် အရကောက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋ္ဌာနံ နာမ နာမေန၊ နာမရူပနိရောဓေနော။
ဒေသေသိ အတိဂမ္ဘီရ-နယမဂ္ဂိတဒ္ဒေသနံ။

ဒီနေ့မှာမှ ခက်မှာ ဦးပဋ္ဌင်းတို့၊ ဘာဇယားမှလဲ ရှာလို့တွေ့မှာ မဟုတ်ဘူး၊ ဘုန်းကြီးက ပစ္စယနိဒ္ဒေသကို အဲဒီပဋ္ဌာဝါရနှင့်ဘဲ ပြန်ပြီးချမေးမှာဘဲ၊ အဲဒါကြောင့် ပဋ္ဌာဝါရ မေ့ပစ်တဲ့ ပုဂ္ဂိုလ်ဖြစ်လျှင်တော့ သံဃာစင်ပါ မှောက်ပြီသာ မှတ်ပေတော့။

ပစ္စယုဒ္ဒေသ

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပဋ္ဌာန်းကျမ်းတော်ကြီးကို **စၦ-ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော**။(ပ)။ အဝိဂတပစ္စယောတိ-လို့ ဟောတော်မူတဲ့ ဒေသနာကို ၂၄-ပါးသော အကြောင်းပစ္စည်းတရားတို့ကို အကျဉ်းဆုံးအားဖြင့် ဟောရာဖြစ်သောကြောင့် ပစ္စယုဒ္ဒေသပါဠိတော်လို့ ခေါ်ပါသည်။

ပစ္စယနိဒ္ဒေသ

အဲဒီ ၂၄-ပါးသော အကြောင်းပစ္စည်းတရားတွေကို အကျဉ်းဟောပြီးတဲ့နောက် မကျဉ်းမကျယ် အနေအားဖြင့် ဟောတော်မူတဲ့ ဒေသနာတော်ကို **နိဒ္ဒေသဝါရ**လို့လဲ ခေါ်ပါတယ်။ ပစ္စယနိဒ္ဒေသဝါရလို့လဲ ခေါ်ကြပါတယ်၊ သုံးစွဲနေကြပုံရှိလို့ ပြောပေးနေတာနော် (မှန်ပါ)။ နိဒ္ဒေသပါရလို့လဲခေါ်တယ် ပစ္စယနိဒ္ဒေသဝါရလို့လဲ ခေါ်တယ်၊ အဲဒါကို ဒီနေ့ သင်ရမယ်။

ပစ္စယနိဒ္ဒေသလို့ခေါ်တာ ဘာဖြစ်လို့ ခေါ်သလဲမေးလျှင် ခုတင်ကပြောခဲ့တဲ့ အကျဉ်းအားဖြင့် ဟောပြထားတဲ့ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော အစရှိသော ပစ္စယုဒ္ဒေသ ဒေသနာထောင်ရဲ့ သိမှတ်စဖွယ် မကျဉ်းမကျယ် ဖြစ်

သောပစ္စည်း, ပစ္စယုပ္ပန်ဘို့ကိုပြပေးတဲ့ ဒေသနာတော်ကို ပစ္စယနိဒ္ဒေသဒေသနာတော် ခေါ်တယ်။

ပစ္စည်းအနေအားဖြင့်ရင်း, ပစ္စယုပ္ပန် အနေအားဖြင့်ရင်း၊ တနည်း—အကြောင်း, အကျိုး ၂-မျိုးအနေအားဖြင့် မကျဉ်းမကျယ် ဟောပြတဲ့ ဒေ-သနာတော်ကို ပစ္စယနိဒ္ဒေသ ခေါ်သည်၊ နိဒ္ဒေသဝါရလို့လဲ ခေါ်တယ်လို့ နားလည်ထားကြပါ။

နိဒ္ဒိသိတဗ္ဗနှင့် နိဒဿနာကာရ

အဲဒီ ပစ္စယနိဒ္ဒေသကျတော့လဲ မြတ်စွာဘုရားက ဒေသနာတော်ကို ၂-မျိုး ဟောတော်မူပါတယ်၊ အဲဒီ ၂ မျိုးက ဘယ်လိုကွဲနေသလဲလို့ မေးလျှင် နိဒ္ဒိသိ-တဗ္ဗဓမ္မဒေသနာတော်လို့ ကမျိုးဟောပါတယ်၊ နံပါတ် ၂-ကတော့ နိဒဿနာ-ကာရဒေသနာတော်တဲ့၊ အဲဒီလို ၂-မျိုး ခွဲဟောပါတယ်။

အဲဒီလို ၂-မျိုးရှိရာမှာ နိဒ္ဒိသိတဗ္ဗဓမ္မဒေသနာတော်ဆိုတာ ဘယ်လိုဒေသနာတော်မျိုးကို ယူရမလဲလို့ မေးလျှင် ညွှန်ပြအပ်တဲ့ ဒေသနာတော်မျိုး-တဲ့၊ ဥပမာ—မြတ်စွာဘုရားက ဟေတုပစ္စည်းကို ဟောတော့မယ်လို့ဆိုလျှင် ဟေတု-ပစ္စယောတိလို့စပေးတာ၊ဒါဟာ နိဒ္ဒိသိတဗ္ဗဓမ္မဒေသနာတော်ခေါ်တယ်၊အာရမ္မဏ ဟောတော့မယ်ဆိုလျှင်လဲ အာရမ္မဏပစ္စယောဘိ ဆိုပြီးတော့ တိုက်လေးနှင့် ဆုံးထားတယ်၊ အဲဒီဒေသနာမျိုးတွေ ၂၄-ပစ္စည်းစလုံးမှာ ရှိတယ်၊ အဲဒါကို နိဒ္ဒိသိတဗ္ဗဓမ္မဒေသနာတော်ခေါ်တယ်၊ ဘာဖြစ်လို့ ခေါ်သလဲမေးလျှင် ဗမာလို ရှင်းရှင်းပြောလျှင် ငါဘုရားသည် ဘယ်ပစ္စည်းကို ဟောပြမလို့ဆိုတာ ညွှန်ပြ-လိုက်တာဘဲ (မှန်ပါ)။

ပြီးတော့မှ နိဒဿနာကာရဆိုတာ နိဒဿန+အာကာရ=ညွှန်ပြအပ်သော ပစ္စည်း၏ ဟောဒါက ပစ္စည်းတရား, ဟောဒါက ပစ္စယုပ္ပန်တရားလို့ ပစ္စည်းနှင့် ပစ္စယုပ္ပန် ၂-မျိုးကို ခွဲပြတာကို နိဒဿနာကာရလို့ခေါ်တယ်၊ နိဒဿနာကာရ-မှာ နိဒဿန+အာကာရ=ညွှန်ပြအပ်သော ပစ္စည်းရဲ့ အခြင်အရာအာကာရကို ပြတာတဲ့။

ဟေတုပစ္စည်း ပါဠိတော်ဟောပုံ

ပဌမဦးစွာ ဟေတုဟောချင်တော့ မြတ်စွာဘုရားက ဟေတုပစ္စယောတိလို့ နိဒ္ဒိသိတဗ္ဗဓမ္မ ကို စ-ဟောတော်မူတယ်။

နိဒဿနာကာရကို ဟောချင်တော့ ဘယ်လိုလုပ်ပြီး ဟောသလဲ-သတိပြု-ကြည့်ပါ၊ ဦးပဌာန်းတို့ ပဋ္ဌာဝါရတုန်းက ဟေတုသုဒ္ဓသင်္ချာ အတိုင်းဘဲ ဟော

ပါသည်၊ ပဋ္ဌာဝါရပြန်ရောက်လာပြန်ပြီနော်၊ လက်မလွတ်စေနှင့်၊ သတိပြုကြပါ၊ ဟေတုသုဒ္ဓသင်္ချာက ဘယ်နှယ်ဟောသလဲ။

သမ္မယုတ္တခန္ဓာ, သဟိဘာစိတ္တဇရူပ်, သဟိတ်ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော၊ ဒါက ဘာလဲ ပစ္စယုပ္ပန်၊ ပြီးတော့ဘာတုံး...ဟိတ် ၆-ပါး (မှန်ပါ)။ ဟိတ် ၆-ပါးက ပစ္စည်း၊ ဒါက ပဋ္ဌာဝါရက အရ သင်္ဃားလို့ ဟိတ် ၆-ပါးက ပစ္စည်း၊သမ္မယုတ္တခန္ဓာ,သဟိတ် စိတ္တဇရူပ်,သဟိတ်ပဋိသန္ဓေကမ္မဇရူပ်က ပစ္စယုပ္ပန်လို့ နားလည်တာမဟုတ်လား(မှန်ပါ)။ အဲဒီအတိုင်းကလေး ပစ္စည်း, ပစ္စယုပ္ပန်ကို ဒီမှာ နိဒဿနာကာရမှာ ပါဠိစီတယ် မြတ်စွာဘုရားက။

ဒီတော့ ဟေတုပစ္စယောတိ ဆိုတာက ၈ါဟေတုပစ္စည်း ဟောမယ်လို့ ညွှန်ပြတဲ့ ဒေသနာ၊ နိဒ္ဒိသိတဗ္ဗမေ့ မဟုတ်လား (မှန်ပါ)။ ပစ္စည်းထိုက်တဲ့ ဟိတ် ၆-ပါးကို ပါဠိစီတော့ မြတ်စွာဘုရားက ဟေတူတဲ့၊ ဟေတု-ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည်၊ ဒါက ပစ္စည်းကို ဟောတာနော်(မှန်ပါ)။

လွယ်လွယ်ကလေးရယ်လို့ အမှတ်တမဲ့နေလျှင် ခက်နေတတ်ပါတယ်၊ ဒီနည်းရလို့ရှိလျှင် နောက်ကပစ္စည်းဘေ့ ဦးပဋ္ဌာန်းတို့ သွားတတ်ပါတယ်။

ပြီးတော့ သမ္မယုတ္တခန္ဓာကို ဟောတော်မူလို့၍ သမ္မယုတ္တကာနံ ဓမ္မာနံလို့-လိုရင်းကို ဟောစရာပါဘဲ၊ ဒါပေမဲ့ အဲဒီ သမ္မယုတ္တကာနံ မြောနံ=ယှဉ်အပ်ကုန်သော တရားအပေါင်းဟာ ဘယ်သူနှင့် ယှဉ်ရမှာလဲလို့မေးတော့ ဟိတ် ၆-ပါးနှင့် ယှဉ်ရမှာ သေချာတော်မူစေလို့၍... ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ... တဲ့၊ ဘယ်သူကို ပါဠိစီဘာလဲမေးလျှင် ကိုယ်ကျက်အားတဲ့ သုဒ္ဓသင်္ချာမှ သမ္မယုတ္တခန္ဓာကို ပါဠိစီတာ(မှန်ပါ)။ ဓမ္မသဒ္ဒါနှင့် ဟောတယ်၊ ပစ္စယနိဒ္ဒေသ တလျှောက်လုံး ဓမ္မနှင့်ချည်း ဟောတယ်၊ သမ္မယုတ္တကာနံ ဓမ္မာနံကို ဟေတုပစ္စည်း အရာဖြစ်၍ ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ။

ပြီးဒတော့မှ သဟိတ်စိတ္တဇရူပ်, သဟိတ်ပဋိသန္ဓေကမ္မဇရူပ်ခေါ်တဲ့ ရူပ် ၂-မျိုးကို ပေါင်း၍ တံသမုဋ္ဌာနာနဉ္စ ရူပါနံ....လို့ ဟောသည်။

ဟေတုပစ္စယေန ပစ္စယော–လို့ အဆုံးသတ်တော်မူသည်၊ ကောက်တော့လဲ ဒီသုဒ္ဓသင်္ချာကို ပြန်ကောက်မှာဘဲ၊ ဘာမှ သိပ်ပူမနေနှင့်တော့။

သတိပြု၊ ဟေတုပစ္စယောတိ–ဆိုတာက နိဒ္ဒိသိတဗ္ဗမေ့၊ နောက်မှာက နိဒဿနာကာရ၊ နိဒဿနာကာရတို့ကြောင့် ဟေတုဆိုတာက ပစ္စည်း၊ ပစ္စယုပ္ပန်တို့တွင် ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံဖြင့် သမ္မယုတ္တခန္ဓာကို ပြသည်၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဆိုတာက စိတ္တဇရူပ်နှင့် ပဋိသန္ဓေကမ္မဇရူပ် ပြသည်၊ တံသမုဋ္ဌာ-

နာနံ့ ထို ဟိတ်,ဟိတ်နှင့်ယှဉ်သော စိတ် စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော၊ ရူပါနဋ္ဌ-သဟိတ်စိတ္တဇရူပ်တို့အားဇင်း။

နိဿယ ဆရာတော်ဘုရားကြီးက အဋ္ဌကထာ နည်းကျကျဆိုတော့ ရူပါနဋ္ဌ-သဟိဘ်စိတ္တဇရူပ်, သဟိတ်ပဋိသန္ဓေကမ္မဇရူပ်တို့အားဇင်း....အဋ္ဌကထာနည်း ဆိုပြီး ထပ်ပြီး အနက်ပေးတယ်။

သဟိဘ်စိတ္တဇရူပ်တင် ယူလို့ရှိလျှင် ပါဠိတော်ဝဲ တိုက်ရိုက်၊ သဟိတ်ပဋိသန္ဓေ-ကမ္မဇရူပ်ပါ ဆွဲယူလျှင် အဋ္ဌကထာနည်းလို့ ညွှန်ပြတော်မူကြတယ်။

အဲဒါ ဟေတုပါဠိတော် ပြီးရော၊ အရဟတ္တမဂ်ကတော့ သုဒ္ဓသခ်္ခာအတိုင်း ဘာမှ တွေးမနေနှင့်တော့၊ ပြီးပြီးသားသာ မှတ်ထားကြပါတော့။

အာရုံမှဏပစ္စည်း ပါဠိတော်ဟောပုံ

အာရုံမှဏပစ္စည်း သွားကြမယ်၊ ဒီတော့ ဘာယူခဲ့ရလဲ လို့မေးလျှင် ပဋ္ဌာဝါရ တုန်းကပြတဲ့ အာရုံမှဏအရဟတ္တမဂ်ဇယား[1] ဆိုတာ ကြည့်စမ်း၊ ပဋ္ဌာဝါရဇယား တွေ ပြန်သုံးတော့မှာ၊ အာရုံမှဏ ပါဠိတော်အရဟတ္တမဂ်ကို အဲဒီဇယား တခုလုံး နှင့် သုံးစွဲသွားတော့မယ်၊ ဒါကြောင့် အရဟတ္တမဂ်ခိုင်းခဲ့တယ် ဟိုတုန်းက။

ဘာတွေ ရေးထားသလဲ၊ ရှေ့အကွက်က ပစ္စည်း, အာရုံ၊ နောက်အကွက်က ပစ္စယုပ္ပန်, အာရုံမှဏိက။

ပဋ္ဌမဆုံးအကြောင်းမှာ ပစ္စုပ္ပန် ရူပါရုံက ပစ္စည်းဖြစ်လျှင် ပစ္စယုပ္ပန်က စက္ခုဝိညာဉ်ဒွေ ...ဒီလိုမဟုတ်လား (မှန်ပါ)။ အဲဒီပစ္စယုပ္ပန်က စက္ခုဝိညာဉ်ဒွေ လို့တွေ့တဲ့အခါ ဝိညာဏခေါတ်တွေနှင့် ဟောလိမ့်မယ်၊ ပစ္စယနိဒ္ဒေသ သတိပြု နားထောင်။

အာရုံမှဏ စွယောတီ... ဒါက နိဒ္ဒိသိတဗ္ဗမမှ၊ ပစ္စည်းတရားဖြစ်တဲ့ ရူပါရုံကို ရူပါယတနံ-လို့ ပါဠိစိတယ်၊ ပစ္စယုပ္ပန်ဖြစ်တဲ့ စက္ခုဝိညာဉ်ဒွေကို ဝိညာဏ ခေါတ်ဖွဲ့၍.... စက္ခုဝိညာဏခေါတုယာ- ဒါက စိတ်အတွက်၊ တံသမ္ပယုတ္တကာနဋ္ဌ ဓမ္မာနံ....ဒါက စေတသိက်အတွက်၊ စက္ခုဝိညာဉ်နှင့်ယှဉ်တဲ့ စေတသိက် သဗ္ဗ-စိတ္တသာဓာရဏ စေတသိက် ၇-ခု ရှိတယ် မဟုတ်လား (မှန်ပါ)။ အပြည့်အစုံ ပါဠိစိတော့—

> ရူပါယတနံ စက္ခုဝိညာဏခေါတုယာ၊ တံသမ္ပယုတ္တကာနဋ္ဌ ဓမ္မာနံ အာရုံမှဏပစ္စယေန ပစ္စယော။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ဒု-ဘဏ်၊ နာ-၄၂ (က) ရှိ အာရုံမှဏအရဟတ္တမဂ်ဇယား။

ဒီအတိုင်း လာခဲ့ပုံမှာ ၅-ခု ရှိတယ်၊ ရူပ-ပြီးတော့ သဒ္ဒါယတနံ သောတ-ဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဒါက ၁-နံပါတ်အကြောင်းအကျက် ပြီးသွားရော၊ ဒုတိယ အကြောင်းကို ကြည့်။

ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာ-ယတနံ မနောဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စ-ယေန ပစ္စယော။

နံပါတ် ၃-ကစပြီး နောက်ဆုံး ၂၂-အထိ တရားတွေ ပစ္စည်းတွေကို အကုန်လုံး စုပြီး ပေါင်းလိုက်စမ်း၊ ကာမပစ္စယုပ္ပန် နောက်ဆုံးနံပါတ် ၆-အကြောင်းကို သွားပြီးကြည့်ပါ၊ ဘာတွေပါသလဲ၊ စိတ်တခုယုတ် ကိုးဆယ်, စေတသိက်ဒွေပညာ-သ, ရူပ်အဋ္ဌဝ်သ, နိဗ္ဗာန်, ပညတ် .. တဲ့၊ ဒါ့ထက် ပို ရဦးမှာလား၊ ဒီမှာ တရား-တွေ အကုန်စုနေတယ်၊ ဓာတ်ပေါင်းစုပေါ့၊ စိတ်အကုန်, စေတသိက်, ရူပ်, နိဗ္ဗာန်, ပညတ်တောင် ပါလိုက်သေးတယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ဒါ့ကြောင့် တရားတွေအကုန်လုံး နံပါတ် ၃-က နေပြီး နောက်ဆုံး ၂၂-အထိ ပေါင်းလိုက်လျှင် အဲဒီနံပါတ် ၆ မှာရှိတဲ့ တရားတွေဘဲလို့ ကိုယ့်ဉာဏ်ထဲကို သွင်းပြီး နားလည်ထားကြပါတော့၊ သူတို့ကို ဟောတော့လဲ တရားတွေကုန်-နေပြီ ဖြစ်ခြင်းကြောင့် 'သဗ္ဗေ ဓမ္မာ' လို့ ဟောပါ၊ ပစ္စည်းဘက်က ပြောနေ-တယ်နော် (မှန်ပါ)။

ဘယ်မှ အားမကိုးပါနှင့်၊ ဘုန်းကြီးပေးနေတဲ့ ဇယားကြည့်ပါ၊ ကောက်-တော့လဲ ဒါနှင့်ဘဲ ပြန်ကောက်မှာပါ။

ပစ္စယုပ္ပန်တရားတွေကို ကြည့်၊ ဦးပဏ္ဍိတကို သရုပ်ခွဲတုန်းက ဘယ်လိုလုပ် ခွဲခဲ့-သလဲ၊ သတိပြု နားလေထောင်ကြစမ်းပါ၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်-မည်၏၊ ဝိညာဏဓာတ် ၇ ပါး မှည့်ပုံလေ (မှန်ပါ)။ (ပ)။ ကာယဝိညာဉ်-ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဋ္ဌဒ္ဒါရုဝင်္ဂန်း, သမ္ပဋိစ္ဆိ-ုး ဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော စိတ် ၇၆-ပါးသည် မနောဝိညာဏဓာတ် မည်၏၊ ဒါဖြင့် ပစ္စယုပ္ပန် နံပါတ် ၃-ကနေပြီး အဆုံးအထိ တရားတွေ ပေါင်းကြည့်ပါ၊ မနောဝိညာဏဓာတ် ၇၆-ရှိမယ် (မှန်ပါ)။ စိတ်မချလျှင် ကျောင်းကျတော့-ပြန်ပေါင်းကြည့်ပေါ့၊ ၇၆- ရှိရဲ့ လား, မရှိ လားလို့၊ ပေါင်းကြည့်လျှင် ဘယ်က-စမလဲ၊ တဒါရုံ ကောဒသ-က စပြီး လောကုတ္တရာစိတ် ဂ-ခုအထိ ပေါင်းကြည့်

လျှင် ၇၆-ပါး ရှိတယ်၊ ဒါကြောင့် သူကို ဓာတ်ဖွဲ့လိုက်တော့ ဘာဓာတ်တဲ့ (မနောဝိညာဏဓာတ်)။

သမ္ဗေ ဓမ္မာ-က ပစ္စည်းတရား၊ မနောဝိညာဏဓာတုယာ တံသမ္မယုတ္တ-ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒါက ပစ္စယုပ္ပန်တရား၊ အာရမ္မဏပါဠိတော် ဒီဇယားကြီး[1] ရလျှင် မမှန်နိုင်သေးဘူးလား (မှန်နိုင်ပါတယ်)၊ အရကောက်ကလဲ အဲဒီဇယားအတိုင်း ကောက်မယ်၊ ဘာမှ ပူမနေနှင့်၊ ပါဠိတော်ကို အလျှင်ရအောင် လုပ်ထားကြပါ။

အာရမ္မဏဌ် နိုဂုံးနှင့် အမှာ

ကုန်သွားရော....အာရမ္မဏရဲ့ ပစ္စည်း ပစ္စယုပ္ပန်၊ ပြီးတော့မှ နိုဂုံးချုပ် အနေအားဖြင့် အမှာအထားပြုပြီး မြတ်စွာဘုရား ဟောတော်မူတာကို သတိပြုကြည့်ကြပါ၊ ပြီးတော့ အမ်ပွဲယ်ပြောပေးမယ် ဘာဖြစ်လို့ ဟောတယ်ဆိုတာ၊ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ အနိယမ ဒေသနာတော်လို့ ခေါ်တယ် ဒါက၊ စိတ္တစေတသိကာ ဓမ္မာ-လို့ နောက်နားက ဆက်ထည့်၊ ပြီးတော့မှ နိယမဒေသနာတော်က–တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ နိုဂုံးလဲ ဖြစ်ပါတယ်, အမှာဘက်ကားလဲ ဖြစ်ပါတယ်။

နိဿယ ဆရာတော်ဘုရားကြီး အလိုအားဖြင့် ယံ ယံ ဓမ္မံ- အကြင် အကြင်သို့ သဘောရှိသော အာရုံ ၆-ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍ အကြောင်းပြု၍။ ယေ ယေ၊ အကြင် အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာ၊ အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။

အာရုံ ၆-ပါး စွဲပြီးတော့မှ အာရမ္မဏိက ပစ္စယုပ္ပန်တရား ဖြစ်ရတယ်တဲ့၊ အာရုံ ၆-ပါး မရှိလျှင် အာရမ္မဏိက ပစ္စယုပ္ပန်တရား မရှိဘူးတဲ့။

ဒါကြောင့် ရှေးရှေး ဆရာဘော်ဘုရားကြီးတွေက—

ဆဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ—

လို့ မိန့်မှာတော်မူကြတယ်။

ဘာကို ရည်ညွှန်းပြီးတော့ ဒီကဲ့သို့ အသုံးတွေ သုံးကြသလဲလို့ ·မေးလျှင် ,အာရမ္မဏရဲ့ အဓိပ္ပါယ် ပေါ်လွင်စေလိုလို့ သုံးထားတာတဲ့။

လယ်တီဆရာတော်ဘုရားကြီးက "ဆဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ"တဲ့၊အာရုံဟာရားတွေရဲ့ သဘောနားလည်အောင် မိန့်ခဲ့တယ်။

၁။ ပဋ္ဌာန်းသိပ္ပံ-၃-တဲ့ နှာ-၄၂ (က)ရှိ အာရမ္မဏ အရကောက်ဇယား

ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာ ခုတင်က ပစ္စယုပ္ပန်ခေါ်တာ ဝိညာဏ်မျိုးတော် ၇-ပါး မဟုတ်လား (မှန်ပါ)။ အဲဒီ ဝိညာဏ်မျိုးတော် ၇-ပါးဟာ ဘာတွေလဲ လို့ မေးလျှင် ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာ ဒီစိတ်တွေ ဖြစ်တယ်ဆိုတဲ့ ဥစ္စာက အာရုံ ၆-ပါး မရှိလျှင် ဘယ်တော့မှ မဖြစ်ဘူး။

ဥပမာတခု ပြောကြစို့၊ ရူပါရုံ မရှိဘဲနှင့် သတ္တဝါသန္တာန်မှာ စက္ခုဝိညာဉ်စိတ် ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ရူပါရုံမရှိဘဲနှင့် သတ္တဝါဟာဦးရဲ့ သန္တာန်မှာ စက္ခုဝိညာဏဝီထိ ဘယ်တော့မှ မကျဘူး၊ ထို့အတူ ဖောဋ္ဌဗ္ဗာရုံ မရှိဘဲနှင့် သတ္တဝါ တဦးရဲ့ သန္တာန်မှာ ကာယဝိညာဏဝီထိ ဘယ်တော့မှ မကျဘူး၊ ကြွင်းသော ဓမ္မာရုံနယ်ပယ်မှာနေတဲ့ တရားတွေမရှိဘဲနှင့် မနောဝိညာဏ်မျိုးတော် ခေါ်တဲ့ တရားတွေ ဘယ်တော့မှ မဖြစ်ဘူး။

ပြန်ပြီးတော့ တခေါက် ကြည့်ကြစမ်းပါ၊ ရူပါရုံရှိလျှင် စက္ခုဝိညာဉ်စိတ် ခေါ်တဲ့ စက္ခုဒ္ဒါရဝီထိ အမြဲတမ်း ဖြစ်သလားလို့ မေးတော့ ဇယားမှာ ကြည့်စမ်းပါ၊ ပစ္စည်းရူပါရုံဟာ ဘာရူပါရုံတဲ့ဘုံ (ပစ္စုပ္ပန်ရူပါရုံ)၊ ပစ္စုပ္ပန်ရူပါရုံရှိမှ စက္ခုဝိညာဏဝီထိ ဖြစ်နိုင်တယ်၊ အတိတ်ရူပါရုံ, အနာဂတ်ရူပါရုံကြောင့် စက္ခုဝိညာဏဝီထိ ဘယ်တော့မှ မဖြစ်ဘူး၊ နားလည်ကြရဲ့မဟုတ်လား (မှန်ပါ)။

အဲဒီ ရူပါရုံကြောင့်ကော သတ္တဝါသန္တာန်မှာ သောတဝိညာဏဝီထိ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ)၊ ယံ ယံ မဲ့ အာရဇ္ဇ ဆိုတာ အဲဒီအဝိပ္ပါယ်ကို ပြောတာ၊ ဆိုင်ရာဖြစ်တဲ့ အာရုံကြောင့် ဆိုင်ရာဖြစ်တဲ့ အာရမ္မဏာက ပစ္စယုပ္ပန်တရားသာ ဖြစ်ရတယ်၊ အာရုံ အာရမ္မဏာက လဲ့လို့ ဧရေဘူး 'ဒီ အာ ကြီး ငါမြင်ဘူးပါတယ်' ဆိုတာ လူပြောင်စကား၊ အသံကို ဘယ်နှယ်လုပ် မြင်မလဲ၊ သူ့ပစ္စည်းနှင့် သူ့ပစ္စယုပ္ပန်, သူ့အာရုံနှင့် သူ့အာရမ္မဏာက ရှိရတယ်။

ဒီအာရုံရှိမှ ဒီအာရမ္မဏာက ဖြစ်ရလို့ ခုတင်က ပြောခဲ့တဲ့ ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ် အာရုံဆိုတာ ဘာပြောတာလဲ အာရုံဆိုတာ ဘာနှင့်တူသလဲလို့ မေးလျှင် အိပ်ရာမှ မထနိုင်အောင် မကျန်းမာမှု ဖြစ်နေတဲ့ ဂိလာန ပုဂ္ဂိုလ်တယောက်သည် သူတပါးမကူဘဲနှင့် သူ့အိပ်ရာထဲမှ သူထဘို့ရာ အပေါ်မှာ မိမိမျက်နှာတည့်တည့်ပေါ်ဆီမှာ ဆိုကြပါစို့၊ လက်လှမ်းမှီရာမှာ ဆွဲနိုင်လောက်တဲ့ ကြိုးစတခု ချသားလျှင် ထိုကြိုးစဆွဲပြီး ထလျှင် လူမမာ ထနိုင်တယ်၊ ကိုင်စရာကလေး တမုဆုပ်ပေးထားလို့ သို့ကိုင်စရာလေးကို ယူပြီး ကိုင်ပြီးတွယ်ပြီး ထလျှင်လဲ ထိုပုဂ္ဂိုလ် ထနိုင်တယ်၊ မှီစရာကလေး တခုခုရလို့ ရှိလျှင်လဲ ထိုမှီစရာကလေး အားပြုပြီးတော့ လူမမာ ထနိုင်တယ်၊ တွယ်စရာကလေး တခုခုရလျှင်လဲ ထိုတွယ်စရာကလေး တွယ်ပြီးတော့ လူမမာက ထနိုင်တယ်၊ လမ်း

မလျှောက်နိုင်တဲ့ လူကို ကြိုးတန်း ကြိမ်တန်း ပေးရတယ်၊ ကြိုးတန်း ကြိမ်တန်း ဝါးလုံးဆာန်းကိုင်ပြီး လမ်းလျှောက်သင်ရတယ်၊ သွားရတယ်။

အဲဒီလို ဆွဲကိုင်မှီတွယ် လို့ခေါ်တဲ့ တရားမျိုးက အာရုံ ၆-ပါးရဲ့ ဥပမာ၊ အာရုံ ၆-ပါး ပစ္စည်းတရားရှိမှ အာရုံမြင်ကပ်ပစ္စယုပ္ပန်တွေ ဖြစ်နိုင်တယ်တဲ့၊ ဒါကြောင့် ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ။

ဒါဟာ အာရုံမြင်ပစ္စည်းနှင့် စပ်လို့ ပြောပါတယ်။

ဒါကြောင့် ဘာကိုပြောတာလဲ၊ ဆိုင်ရာအာရုံရှိမှ ဆိုင်ရာအာရုံမြင်က ဖြစ်ရမယ်၊ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ အနိယမဒေသနာတော်က အဲဒီလို ပြတာမဟုတ်လား (မှန်ပါ)။

ဂင်း အနိယမဒေသနာတော်အရ အာရုံနှင့် အာရုံမြင်က ဇယားပေါ်မှာ ယှဉ်ကြည့်စမ်း၊ ပစ္စည်းအာရုံတရားမှာ စိတ်ရှိတယ်၊ စေတသိက်ရှိတယ်၊ ရူပ်ရှိတယ်၊ နိဗ္ဗာန်ရှိတယ်၊ ပညတ်ရှိတယ်၊ ပစ္စယုပ္ပန်ဖြင့်တဲ့ အာရုံမြင်က ဇယားကြည့်လျှင် ဘာရှိသတုံး၊ စိတ်ရှိတယ်, စေတသိက်ရှိတယ်၊ နားလည်ပလား (မှန်ပါ)။

ဒါကြောင့် ယံ ယံ ဓမ္မံ အာရဗ္ဘ-ဒါက ပစ္စည်းကို ညွှန်ပြတယ်၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ-ဆိုတာက ပစ္စယုပ္ပန်ကို ညွှန်ပြတယ်၊ စိတ္တစေတသိကာ ဓမ္မာ ဆိုတာက ပစ္စည်းနှင့် ပစ္စယုပ္ပန် ခွဲကြည့်လျှင် ပစ္စည်းမှာ စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်, ပညတ် ရှိပေမဲ့ ပစ္စယုပ္ပန်ကျတော့ စိတ်နှင့် စေတသိက် ၂-မျိုးသာ ရှိပေ စေလို့ ထပ်ပြီးတော့ မှာတဲ့စကား။

အနိယမဒေသနာတော်ကို အစဲ့ပြုပြီးတော့ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ-အာရုံမြင်ပစ္စယေန ပစ္စယော လို့ ဟောတော်မူတယ်။

အဓိပတိပစ္စည်း ပါဠိတော်ဟောပုံ
သဟဇာတာဓိပတိ

အဓိပတိ ဘယ်နှစ်မျိုးရှိသလဲ (အာရုံမြင်ကာဓိပတိ, သဟဇာတာဓိပတိ) ၂-မျိုး ရှိပါတယ်၊ ပဋ္ဌာဝါရမှာ အာရုံမြင်ကာဓိပတိ, သဟဇာတာဓိပတိလို့ နှုတ်တက်လာတယ်၊ အဲဒါကို ဒီကျတော့ ပြောင်းပြန် ပြန်လိုက်ကြပါ၊ သဟဇာ-တာဓိပတိကို အလျှင်ဟောတယ်။

လွယ်လွယ်ကလေးရယ်၊ သတိပြုပြီး နားထောင်ကြပါ၊ သဟာဓိဆိုတာ သဟဃယ်ဘဲ မဟုတ်လား (မှန်ပါ)။ ဟေတုလိုဘဲ ဟောရတယ်၊ ဟေတုလို ဟော

ပေမဲ့ ဟေတုကတော့ ဟိတ် ၆-ပါး ပစ္စည်းတရားလို့ ပေါင်းလို့ရဘယ် မဟုတ်လား (မှန်ပါ)။ အဓိပတိကတော့ ပေါင်းလို့ရရဲ့လား (မရပါ)။

ဒါကြောင့် အဓိပတိပစ္စယောတိ-ဆိုပြီး နိဒ္ဒိသိတဗ္ဗမမ္မ ပြီးတော့ ဆန္ဒကို အလျှင်ဟောပါ၊ ဆန္ဒာဓိပတိ–ဒါက ပစ္စည်းတရားပြတာ၊ ဆန္ဒသမ္ပယုတ္တကာနဲ့ ဓမ္မာနဲ့ တံသမုဋ္ဌာနာနဉ္စ ရူပါနဲ့ အဓိပတိပစ္စယန ပစ္စယော၊ ကျွန်တာတွေလဲ ဒီအတိုင်းပေါ့၊ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနဲ့ ဓမ္မာနဲ့ တံသမုဋ္ဌာနာနဉ္စ ရူပါနဲ့ အဓိပတိပစ္စယန ပစ္စယော၊ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနဲ့ ဓမ္မာနဲ့ တံသမုဋ္ဌာနာနဉ္စ ရူပါနဲ့ အဓိပတိပစ္စယန ပစ္စယော၊ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနဲ့ ဓမ္မာနဲ့ တံသမုဋ္ဌာနာနဉ္စ ရူပါနဲ့ အဓိပတိပစ္စယန ပစ္စယော။

အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါးဆိုတော့ တပါးစီ ဟောနေရတယ်၊ ဒါက ဘာအဓိပတိတုံး (သဟဇာတာဓိပတိ)။

အာရမ္မဏာဓိပတိ

အာရမ္မဏာဓိပတိကို ခုတင်ကတုန်းက ပြီးသွားတဲ့ အာရမ္မဏနိဂုံးအနေ အားဖြင့် ဟောထားတယ်၊ ပစ္စယနိဒ္ဒေသ အာရမ္မဏာဓိပတိ ပါဠိတော်ကို ပြောတာ (မှန်ပါ)။ အာရမ္မဏနိဂုံးက ဘာတဲ့တုံး....ယံ ယံ ဓမ္မံ အာရဗ္ဘ၊ ဒီမှာတော့ အဓိပတိဆိုတော့ အာရဗ္ဘ-လုပ်လို့ မရဘူး ဂရုံ-လို့ လုပ်ရတယ် (မှန်ပါ)။ ယံ ယံ ဓမ္မံ ဂရုံ ကတ္မာ ယေ ေ၊ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တေစတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိ..တိပစ္စယေန ပစ္စယော၊ ခုတင်ကနိဂုံးအတိုင်းဘဲ၊ အာရဗ္ဘ နေရာမှာ ဂရုံ ကတ္မာ လို့ ပြောင်းတာဘဲ ရှိတယ် (မှန်ပါ)။

အဲဒီကျတော့ အမှတ်မဲ့ ပါဠိတော်သင်မပေးတဲ့နေရာတွေကျဟော့ ကိုယ့်ဘာသာကိုယ် ပါဠိတော်စာအုပ်ဖွင့်ကျက်ရပါတယ်၊ အဲဒီလို ကျက်သွားတဲ့ အခါမျိုးတွေကျတော့ ဘာတွေပါလာသလဲဆိုတော့ ဘယ်ပါဠိတော်က ဘယ်ပစ္စည်းကို ညွှန်ပြနေမှန်းမသိဘဲ ရှိနေစတ်ပါတယ်၊ အမျှားအားဖြင့် တွေ့တတ်ကြုံတတ်တယ်၊ အခု ဒီက လျှောက်ပြီး ရှတ်လိုက်တော့ အဓိပတိပစ္စယောတိ ဆိုတာ ဘယ်နေရာရောက်တော့ ဘာအဓိပတိတုံး၊ သဟာဓိလား, အာဓိလား-လို့ ခွဲတဲ့အခါမှာ အာရမ္မဏာဓိပတိပါဠိတော်ရဲ့ သီးသန့် ဘာနှတ်ရမလဲလို့ မေ လျှင် ခုတင်ကပြောတဲ့ နိဂုံးရှတ်ပေါ့၊ ဘုရားပေးလျှင်လဲ ဦးပဉ္စင်းတို့ ကျက်ထားတဲ့ သုဒ္ဓသခ်္ခ၊ အာရမ္မဏာဓိပတိအတိုင်း ပေးရတယ်၊ သတိပြုဖို့ ပြောပြပါတယ်၊ ဥပမာ–ယံ ယံ၊ အကြင်အကြင်သို့သော သဘောရှိသော။ ဓမ္မံ၊ အလေးအမြတ်ပြုအပ်သော ဂုဏ်ဖြစ်သော နိပ္ပန္နရူပ် အဋ္ဌာရသ, ဒေါသမူဒ္ဓေ, မောဟမူဒ္ဓေ,

ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သောစိတ် ၈၄-ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ-ကြဉ်သော စေတသိက် ၄၇-ခု, နိဗ္ဗာန်-ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်းတရားကို။ ဂရုံကတ္တ၊ အလေးအမြတ်ပြု၍။ ယေ ယေ၊ အကြင် အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာ၊ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခု, မဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, လောကုတ္တရာစိတ် ၈-ခုဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စယုပ္ပန်တရား တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏-လို သုဒ္ဓသခ်္ခာအတိုင်း အနက်ပေးလျှင် တော်ပြီ (မှန်ပါ)။

ဒါကြောင့် ဒီ ပါဠိတော်သည် အာရမ္မဏာဓိပတိပါဠိတော်လို့လဲ ကိုယ့်ဉာဏ်ထဲမှာ မှတ် အနက်ပေးခိုင်းလျှင်လဲ ဒီအတိုင်း ဒို့ပေးရမှာဘဲလို့ နားလည်ကြပါ၊ အပြည့်အစုံအနက်ပေးခိုင်းလျှင် ပြောတာ၊ အကျဉ်းချုပ်ပေးလျှင်တော့ သဒ္ဒါနက်ပေးလိုက်လဲ ရတာဘဲ၊ အဓိပတိက ဒါပါဘဲ။

အနန္တရပစ္စည်း ပါဠိတော်ဟောပုံ

အနန္တရပစ္စည်းဟောချင်တော့ **အနန္တရဝိထိ**[1] ဘဲ ကြည့်ပေါ့၊ ပဋ္ဌာဝါရကို **မ**ကြည့်ချင်လို့ **မ**နေရဘူး၊ ပဋ္ဌာဝါရ ပြန်ပါမှာချည့်ဘဲ၊ **မ**ကြည့်ချင်လဲ ကြည့်ရ**မှာ**ဘဲ၊ ကြည့်ချင်လဲ ကြည့်ရ**မှာ**ဘဲ၊ အဲဒါကြောင့် ပဋ္ဌာဝါရကို ဦးပဋ္ဌင်းတို့ လက်လှတ်လို့တော့ ဘယ်တော့မှ **မ**ရဘူး လို့သာ **မ**ှတ်ကြပါ၊ ပြန်ပြန်ပြီး ဒါကလေးတွေ့ လေ့လာရတယ်၊ သို့မဟုတ် လက်လှတ်ပစ်ခဲ့တတ်ကြရော၊ ပြီးသွားပါပြီ၊ သူ့အတွက် ကိစ္စပြီးပြီ ဆိုပြီး ချောင်ထိုးထားတတ်ကြတယ်၊ ဘုန်းကြီး ဆီမှာတော့ ဒီလိုလုပ်လို့ ရမှာမဟုတ်ဘူး၊ ပဋ္ဌာဝါရက စပြပြီး ပဋ္ဌာဝါရချည်း ပြန်ပို့တာဘဲ၊ လာလိမ့်ဦးမယ် ဆဝါရဟောတော့လဲ အဲဒီဘဲ ပြန်ပို့မှာဘဲ၊ ဒါကြောင့် ပဋ္ဌာဝါရကို မေ့ပစ်လိုက်မယ်မျှားတော့ စိတ်မကူးလိုက်ကြပါနှင့်။

သတိပြုကြပါ၊ ကာမဇဝါရဝိထိ[1]၊ ကြည့်လို့ဘဲ မဆုံးနိုင်ပါဘူး၊ ဒါကလေးတွေ ပြန်ကြည့်၊ သတိရတိုင်း ပြန်ကြည့်၊ မှတ်မိပြီးတော့ မျက်စိထဲမှာ ဒီ စာလုံးကလေးတွေ တွေ့နေတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်မျှားလို့ မျက်စိနှစ်လုံး မှိတ်ပြီး စဉ်းစားလိုက်လျှင် ဒီ စာကလေးတွေ ပေါ်နေရတယ်။

ဘာတဲ့တုံး၊ ပဋ္ဌိသန္ဓေ, ဘဝင် ၁၅-၁၆, အာဝဇ္ဇန်းဒွေ, ပဋ္ဌဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌေ, ဇော, တဒါရုံ, ဘဝင်....ဒီလို မဟုတ်လား(မှန်ပါ)။ အလယ်နားမှာ သတိပြုစမ်း၊ ပဋ္ဌဝိညာဉ်တဲ့၊ တလုံးကို မှတ်လိုက်ကြစမ်းပါ၊ သတိပြု

---

[1] ပဋ္ဌာန်းသိပ္ပံ ၁-တွဲ၊ နှာ-၃၁၉-၌ အနန္တရဝိထိပါဠိတော် အရကောက် ဇယားကြည့်။

အမှတ်ခိုင်းတာ၊ ပဋ္ဌာဝိညာဉ်, သမ္ဘဝိဆိုင်း, သန္တီရဏ-တဲ့၊ အဲဒီ စာကလေး ၃-လုံးကို ဟောမလို့၊ ပစ္စယနိဒ္ဒေသအတွက် ဒီစာကလေး ၃-လုံး ဖြိုဟောရလိမ့်မယ်လို့ နားလည်ထားကြပါ။

ခုတင်တုန်းက အာရမ္မဏပစ္စည်းတုန်းက ဘုန်းကြီးပြောတယ် မဟုတ်လား၊ ပစ္စယနိဒ္ဒေသကို မြတ်စွာဘုရားဟောတာက ရှေးဦးဆုံး ဝိညာဏဓာတ် ၇ ပါးနှင့် ဟောတယ်လို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။ အဲဒီစာကလေး ၃-လုံးကို ခေါ်ဖွဲ့ကြည့်ပါလား၊ ပဋ္ဌာဝိညာဉ်ကို ခေါ်ဖွဲ့လျှင် ဘာခေါ်တော့ပေါ်လာမလဲ (စက္ခုဝိညာဏခေါ်, သောတဝိညာဏခေါ်, ဃာနဝိညာဏခေါ်, ဇိဝှါဝိညာဏခေါ်, ကာယဝိညာဏခေါ်ပေါ်ပါတယ်)၊ ပဋ္ဌဝိညာဏခေါ် ပေါ်တယ်၊ သမ္ဘဝိဆိုင်းကို ခေါ်ဖွဲ့တော့ကော(မနောခေါ်ပေါ်ပါတယ်)၊သန္တီရဏခေါ်ဖွဲ့တော့ကော (မနောဝိညာဏခေါ်ပေါ်ပါတယ်)၊ အဲဒီခေါ် ၇-ပါးနှင့် ဟောတယ်။

ပဋ္ဌဝိညာဏခေါ်တို့တွင် စက္ခုဝိညာဏခေါ်ကို ပစ္စည်းထားပါလျှင် ရှေ့စိတ် ပစ္စည်း,နောက်စိတ် ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)။ နောက်က ဘာခေါ်ရှိတယ် (မနောခေါ်ရှိပါတယ်)၊ မနောခေါ်ပေမဲ့ ၃-ပါးမဟုတ်ဘူးနော်၊ သမ္ဘဝိဆိုင်း ဒွေဟု ဆိုအပ်သော မနောခေါ်၊ သူက ပစ္စယုပ္ပန်။

ပြီးတော့တခါ သူကို ပစ္စည်းထားပြန်ရော၊ သမ္ဘဝိဆိုင်း ဒွေဟု ဆိုအပ်သော မနောခေါ်ကို ပစ္စည်းထားလျှင် သူနောက်က သန္တီရဏလို့ခေါ်တဲ့ မနောဝိညာဏခေါ်က ပစ္စယုပ္ပန်၊ ခုတင်ကပြောခဲ့တဲ့ မနောဝိညာဏခေါ် ၇၆-ပါးစလုံး မရနိုင်ဘူးနော်၊ သမ္ဘဝိဆိုင်းနောက်မှာဆိုလျှင် မနောဝိညာဏခေါ်ထဲက သန္တီ-ရဏ ၃-ခုတင် ရတယ်၊ အဲဒါက ပစ္စယုပ္ပန်၊သောတဝိညာဉ်, ဃာန-ဇိဝှါ-ကာယ-ဝိညာဉ် တခုစီ သွားပါ၊ ဒီစာ ၃-လုံးဘဲ လှည့်နေမှာဘဲ ဟုတ်ရဲ့လား (မှန်ပါ)။

သဘိပြုကြပါ၊ ခေါ်မသိတော့လဲ စာတွေဟာ ခက်ဟယ်၊ ခေါ်သိတော့လဲ လွယ်နိုင်ပါတယ်။

ပဋ္ဌဝိညာဏခေါ်ထဲက စက္ခုဝိညာဏခေါ်ကို ဟောမလို့၊ အနန္တရပစ္စယောတိ စက္ခုဝိညာဏခေါတု တံသမ္ပယုတ္တကာ စ ဓမ္မာ၊ ဒါက ဘာလဲ ပစ္စည်းတရား၊ မနောခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ဒါက သမ္ဘဝိဆိုင်းဒွေ-ဟု ဆိုအပ်သော မနောခေါ် ပစ္စယုပ္ပန်-ဟုတ်လား (မှန်ပါ)။

အဲဒီမနောခေါ်ကို တခါပြန်ပြီး ပစ္စည်းထား လိုက် မနောခေါတု တံသမ္ပယုတ္တကာ စ ဓမ္မာ၊ ပစ္စည်းဆိုလျှင် ကတ္တားပေါ့ (မှန်ပါ)။မနောဝိညာဏခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ သန္တီရဏ ၃-ခုကို ပစ္စယုပ္ပန် ယူ။

သောတမှာလဲ ဒီအတိုင်းဘဲ၊ သောတဝိညာဏခေါတု တံသမ္ပယုတ္တကာ စ ဓမ္မာ–ဒါက ပစ္စည်း၊ မနောခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-က ပစ္စယုပ္ပန်၊ ပြီးတော့တခါ သူ့ကို ပစ္စည်းဘက် လှည့်လိုက်ပြန်ရော၊ မနောခေါတု တံသမ္ပယုတ္တကာ စ ဓမ္မာ-က ပစ္စည်း၊ မနောဝိညာဏခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော စသည်ဖြင့် သွားပါ။

နောက်ပိတ်ဆုံး—

ကာယဝိညာဏခေါတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောခေါတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကြိုးစားပြီး မှတ်ကြပါ၊ ဆိုတာက လွယ်ပါတယ်၊ ဘုန်းကြီးရှင်တာဝန်ကို ဦးပဉ္စင်းတို့က ယူရတဲ့အချိန်မှာ ဒီနရာက ဒါကလေးယူပြီး ဟောတာလို့ ပြောတတ်အောင် သတိပြုကြပါ။

အဲဒီလို ဟောလိုက်တော့ ပဋ္ဌာဝါရတုန်းကတော့ ဝိထိတွေ အကုန်လုံး ဟောတော်မူတယ်၊ အခုတော့ ကာမဇောဝါရဝိထိမှ ဒီစာကလေး ၃-လုံးတင် ဟောတာလားဆိုတော့ သတိပြုကြပါ အားလုံးဝိထိတွေကို ဟောပါတယ်၊ အဆူးပြုပြီးတော့ ဒီစာကလေး ၃-လုံးကို ဟောတယ်၊ ဘာဖြစ်လို့လဲ မေးလျှင် ဝိညာဏခေါတ် ၇-ပါးဖွဲ့လို့ ရမဲ့တဆုံးတွေ၊ ကာမဇောဝါရမှာလဲ ဒီစာကလေး ၃-လုံးမှ ကြွင်းတဲ့ဝိထိတွေ ကျွန်သေးတယ် မဟုတ်လား ရှေ့နောက်တွေ (မှန်ပါ)။ ဒီ့ပြင် ကြွင်းတဲ့ စျာန အစရှိတဲ့ ဝိထိတွေ အဲဒီ ဝိထိတွေတော့ ဘယ်လိုလုပ် ဟောသလဲလို့ မေးလျှင် သတိပြုကြပါ၊ ဦးပဉ္စင်းတို့ ရပြီးသား အနန္တရတုန်းက ပဋ္ဌာဝါရမှာ သခ်္ခါထုတ်တော့ ဘယ်လောက်ထုတ်တယ် (သတ္တထုတ်ပါတယ်)၊ ဘာတွေလဲ... ကုကု, ကုဗျာ ၂-ချက်၊ အကုအကု, အကုဗျာလို့ ၂-ချက်၊ ဗျာ ၃-ချက်, ပေါင်း ၇-ချက် မဟုတ်လား (မှန်ပါ)။ အဲဒါတွေကို ရှေစိတ်က ပစ္စည်း, နောက်စိတ်က ပစ္စယုပ္ပန် ဆိုပြီး ပုရိမာ ပုရိမာနှင့် ဟောသွားတယ်။

သတိပြုကြပါ၊ ဘုန်းကြီး ဟောပြမယ်၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ဒါဟာ ဘာတုံး ကုကုအတွက် ဟောတာ၊ (မှန်ပါ)၊ ပြီးတော့ ကုဗျာ ဟော၊ အကု အကု ဟော၊ အကုဗျာ ဟော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ သာမန် အဗျာကတလို့ ဆို (မှန်ပါ)။ ပြီးတော့

ပုရိမာ ပုရိမာ အဗျာကာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ဒါက ဗျာကု မဟုတ်လား (မှန်ပါ)။ ပြီးတော့ ဗျာ-အကု ဟော.... ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော-ဆိုတော့ အားလုံး ဝိထိတွေ့ ကုန်သွားရော။

အနန္တရဌ် နိုဂုံးနှင့်အမှာ

သခ်္ခ ၇-ချက် စေ့သွားရော၊ ပြီးတော့မှ အနန္တရဟောတဲ့ တရားတွေရဲ့ နိုဂုံးချုပ် မှာတမ်းက ဘာမှာသလဲလို့ ဆိုတော့ ယေသံ ယေသံ ဓမ္မာနံ အနန္တရာ....၊ ပစ္စည်းရဲ့ သဘာဝလက္ခဏာကို ပြောတယ်၊ ပစ္စည်းရဲ့ သဘော ဘယ်လိုကြည့်ရမလဲ၊ ရှေစိတ် အခြားမဲ့ဌ် ရှေစိတ်ချုပ်ပြီးမှ၊ တနည်း နတ္ထိနည်းနှင့် ပြောလျှင် ရှေစိတ်မရှိမှ.... ဒါကို ပြောတာ။

ယေသံ ယေသံ၊ အကြင်အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာနံ၊ (အနန္တရ ပစ္စည်းဘက်က ဘာတုံး၊) ရဟန္တာတို့၏ စုတိစိတ်ကြည်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့၏။ အနန္တရာ၊ အခြားမဲ့ဌ်။

ပစ္စယုပ္ပန်ကို တခါကြည့်၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ယေ ယေ၊ အကြင် အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိနှင့် တကွ နောက် နောက်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။အနန္တရ တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံးက တခေါက်ဟောကြစမ်းပါ၊ အားလုံးကဟောတော့ သမနန္တရကို ဟောပါ၊ သမနန္တရမှာလဲ ခုတင်ကအတိုင်းပါဘဲ၊ အနန္တရ နေရာမှာ သမနန္တရ ပြင်ပြီးထည့်ရုံဘဲ၊ ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ဆိုတဲ့နေရာမှာ သမနန္တရာလို့ ပြင်ထည့်ရုံပါဘဲ။

သံဃာတော်များ။ ။သမနန္တရ တခေါက် ဟောကြသည်။

ဆရာတော်။ ။သမနန္တရ ကုန်သွားရော၊ အချိန်က နည်းနည်းကျန်ပါ ဓသ တယ်၊ သတိပြုကြစမ်းပါဦး၊ နောက်နေ့တွေ ကျတော့ ဆဝါရသုဒ္ဓသင်္ခ်ာ ကျက်ဘို့ သုဒ္ဓသင်္ခ်ာ စာအုပ်ကလေးတွေလဲ အသီးအသီးယူခဲ့ပါ။

ဒီနေ့ ပဥ္စာဝါရ ကုန်သွားခဲ့တာ့ ဦးပဉ္စင်းတို့ ရက်ပေါင်း ဘယ်လောက်ရသလဲ ပြန်တွက်ကြည့်ကြစမ်းပါ၊ ဝါဆိုလပြည့်ကျော် ၃-ရက်နေ့က စတာ မဟုတ်လား

(မှန်ပါ)။ ၃-၄-၅-၆-၇ ပေါင်း (၅)ရက်၊ ပြီးတော့ ၉-၁၀-၁၁-၁၂-၁၃-၁၄ ပေါင်း (၆)ရက်၊ ၆ နှင့် ၅ ပေါင်းတော့ ၁၁၊ ဝါဆိုလက ၁၁-ရက် ရခဲ့ဘယ်၊ ဝါခေါင်လက ၂၉-ရက် ရှိတဲ့အနက်က ၄-ရက်နုတ် ၂၅ ရက် ရခဲ့တယ်၊ ပေါင်းကြည့် ခုတင်ကရက်နှင့်(၁၁+၂၅=၃၆)၊ ၃၆-ရက် ရခဲ့တယ်၊ ဒီနေ့ တော်သလင်းလဆန်း ဘယ်နှစ်ရက်လဲ(၅ ရက်)၊အဲဒါ ပေါင်းကြည့်(၃၆+၅=၄၁)၊ဒီနေ့ပါနှင့် ၄၁-ရက်၊ ဒီနေ့ ပဋ္ဌာဝါရအနေနှင့် ပြောလို့ရှိလျှင် မက်ပေါင်း ၄၀၊ (မှန်ပါ)။ ဆဝါရနှင့် ပစ္စယနိဒ္ဒေသက မကြာပါဘူး၊သုဒ္ဓသခ်ျာကျက်ဘို့ နက်ဖြန်ခါကျတော့ သုဒ္ဓသခ်ျာစာအုပ်ကလေးတွေ ယူခဲ့ကြပါ၊ ကဲ....တော်ကြဦးစို့။

ပစ္စယနိဒ္ဒေသ အရကောက်
ဟေတုပစ္စည်း အရကောက်

မနေ့က ဟောထားတဲ့ ပစ္စယနိဒ္ဒေသပါဠိတော် ဒီနေ့ အရကောက် သွားရအောင်။

အရကောက်ဆရာတော်ဘုရားကြီးက ဟောသွားစစ်တော့ ဘာက စလိုက်သလဲ ဆိုတော့ မနေ့က ဘုန်းကြီးပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားက ရှေးဦးစွာ ပစ္စယုဒ္ဒေသကို ဟော ၊ ယ်၊ အဲဒီနေ့ကျတော့မှ ပစ္စယနိဒ္ဒေသကို ဟောတယ်၊ ဒါကြောင့်ဒီလို အရကောက်ဆရာတော်ဘုရားကြီးက ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏....တဲ့။ ဒါကလေးကို ဆိုရမယ်၊ ဟောရိုးကလေး။

ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏၊ ထို ပစ္စယနိဒ္ဒေသသည်လည်း ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ, အာရုံမှတ်ပစ္စည်း၏ ပစ္စယနိဒ္ဒေသ အစရှိသောအားဖြင့် ၂၄-ပါး အပြားရှိ၏၊ ဒါကိုတော့ မှတ်ထားကြပေါ့၊ ဘယ်သားထဲမှ မပါဘူး။

ထို ၂၄-ပါးတို့ဘက် ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသသည်လည်း—

အဲဒီမှာ မနေ့ကပြောခဲ့တယ် ဒေသနာ ၂-မျိုး မဟုတ်လား(မှန်ပါ)။ ဘာတဲ့ဘုံး....နိဒ္ဒိသိတဗ္ဗမမ္မ, နိဒဿနာကာရ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါ တို့တွင် နိဒ္ဒိသိတဗ္ဗမမ္မကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန့်ကား— ဟေတုပစ္စယောတိ-ဟူသည်တည်း၊ ဒါပါဘဲ၊ ဘယ်ပစ္စည်းကို ငါဘုရား ဟောမလို့ ဆိုတာ ညွှန်ပြတာ၊ လက်ညှိုးညွှန်တဲ့ ဒေသနာမျိုး လို့ ခေါ်တယ်။

ထို့နောင် နိဒဿနာကာရကို ဟောတော်မူ၏၊ ဟောဟန့်ကား – ဟေတု ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန

ပစ္စယော-ဟူသည်တည်း၊ ဟေတုနှင့်စပ်တဲ့ ပါဠိဇောတ် ကုန်သွားတော့ ဟူသည်တည်းလို့ တပ်၊ ဒီ့ပြင်ပစ္စည်း ပါဠိတော်လဲ ဒီအတိုင်းဘဲ မှတ်ထားကြပါ၊ ပါဠိတော် မကုန်တဲ့ အခါမျိုးကျတော့ အစလောက်ကိုဖော်ပြီး 'ပစ္စယော၊ အစရှိသည်တည်း'လို့ ဆို၊ ဘယ်ပစ္စည်းမှာမဆို ပေါ့၊ ဒီအတိုင်း မှတ်ထားပါ၊ ဒါက ကိန်းသေနည်း။

အဲဒီလို ဒေသနာတော် ၂-မျိုး မြတ်စွာဘုရားဟောပြီးတဲ့နောက် နိဒ္ဒိသိ-တဗ္ဗခမ္မလို့ ခေါ်တဲ့ ရှေးဦးစွာဟောတဲ့ ဒေသနာမှာ အရ မကောက်ဘူး၊ နိဒဿနာက.ရကျတော့ အရကောက်တယ်၊ ဘယ်လိုကောက်သလဲ မေးလျှင်ဦးပဋ္ဌင်းတို့ အကျက်ခိုင်းထားတဲ့ သုဒ္ဓ ခ်ီ-အဘိုင်း ကောက်ရုံဘဲ။

ဒါကြောင့်-ကို နိဒဿနာကာရပါဠိ အပေါ်င်းတို့ဝင် ဟေတု ဟူသော ကတ္တားပါဠိဖြင့် ဟိတ် ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

ပဋ္ဌာဝါရတုန်းကတော့ ပစ္စည်းတရားရ၏ ပေါ့-ဟုတ်လား(မှန်ပါ)။ ဒီကျတော့ ပစ္စယနိဒ္ဒေသမို့လို့ ပြတော်မူ၏ ဆို။

ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္ပယုတ်ပါဠိဖြင့် သုဒ္ဓသခ်ျာတုန်းကတော့ သမ္ပယုတ္တခန္ဓာလို့ သာမညဆိုတယ်မဟုတ်လား(မှန်ပါ)။ ဒီမှာတော့ သရုပ်ဖော်ဆိုရကယ် သူ့ရဲ့သရုပ်ကိုလဲ ပဋ္ဌာဝါရပြုတုန်းကနားလည်ပြီးသားဘဲ၊ ဘာမတ္တရသလဲ၊ သဟိတ်စိတ် ဇကသတ္တတိ,မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ သမ္ပယုတ္တခန္ဓာ၊ အဲဒီ ကောင်းအသုံးကို နေရာတိုင်းမှာ 'အဘယ်ပစ္စည်းတွေ'မှာ ပါပေမယ်၊ အရကောက် စာအုပ်ထဲမှာ ဒါကခလေးတွေက ပျက်နေတယ်၊ တချို့နေရာတွေမှာ သာမည သမ္ပယုတ္တခန္ဓာလို့ ရေးတယ်၊ တချို့နေရာတွေမှာ သရုပ်ဟင် ရေးထားတယ်၊ အဲဒီတော့ သရုပ်လဲ ပါပေစေ, သမ္ပယုတ္တခန္ဓာ ဆိုတဲ့ အသုံးအနှုန်းလဲ ပါပေစေ။

ဘာတဲ့ကုံး... သဟိတ်စိတ် ဇကသတ္တတိ, မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ သမ္ပယုတ္တခန္ဓာ၊ ပြီးတော့ကော သုဒ္ဓသခ်ျာမှာ ပါနေတဲ့ အတိုင်း ကျက်ထားတဲ့အတိုင်း ရှိပေစေ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ကုန်ရောပေါ့၊ ပစ္စည်းက ဟိတ် ၆-ပါး၊ ပစ္စယုပ္ပန်က သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋ္ဌိသန္ဓေကမ္မဇရုပ်။

ဟောဘုပစ္စယေန ဟူသော ကရိယာပါဠိဖြင့် ဆိုကော့ အဲဒီ ခုတင်က ပြောတဲ့ သုဒ္ဓသခ်ျာမှာ ယာဝဘဝပစ္စယ်းရေ ဘယ်လောက်တဲ့တုံး (၁၂-ပါ)၊ မှတ်သားခဲ့ပါ၊ ဒီက ဆိုရိုးတွေ.... လတ်ကြီး (ဂ)နှင့် ဓိ,ဣ,မဂ် ပေါင်း ၁၂-အရ ပြောတာ၊

ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဆိုတော့ ဦးပဋ္ဌာန်းတို့ ပေးထားတဲ့ သုဒ္ဓသခ်ျာ ပါတာလဲ ဒါဘဲ မဟုတ်လား (မှန်ပါ)။ ဤ ၁၂-ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏၊ (ရ၏ မဟုတ်ဘူးနော်)၊ ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြခဲ့တော်မူ၏၊ ပြီးတော့ ကနည်းကား–ဆိုပြီးတော့ ကရိုဏ်း ပါဠိ ထပ်ဆုတ်၊ အဲဒါကလေး ရပြီးတော့မှ ဘုန်းကြီး ပြန်ပြောမယ်၊ ဦးဥာဏဝရ ဟောကြည့်စမ်းပါ။

ဦးဥာဏဝရ။ ။ဟေတုပစ္စယနိဒ္ဒေသကို တခေါက်ဟောသည်။

ဆရာတော်။ ။သတ်ပြုကြည့်စမ်းပါ၊ ဘုန်းကြီး ပြန်ပြောမယ်၊ အရကောက်ထဲမှာ အဓိပ္ပါယ်ကလေးတွေတော့ အဲဒီမှာဘဲ ကြည့်ယူပါ၊ အဲဒီမှာ မပြောတဲ့ အဓိပ္ပါယ်တွေ ဘုန်းကြီးပြောပေးမယ် နားလည်အောင်။

မနေ့က ပြောထားဘယ်၊ နိဒ္ဒိသိတဗ္ဗမေ့ ဆိုတာက မြတ်စွာဘုရားက ငါဘယ်ပစ္စည်းကို ဟောမလို့ ဆိုပြီး လက်ညှိုးညွှန်ပြတဲ့ ဒေသနာ၊ ဒီလို မဟုတ်လား (မှန်ပါ)။ နိဒဿနာကာရ ဆိုတာက ထိုညွှန်ပြတဲ့ ပစ္စည်းမှာ ဟောဒါက ပစ္စည်းဘရား, ဟောဒါက ပစ္စယုပ္ပန်ဘရားလို့ အကျဉ်းအားဖြင့်, တနည်း–မကျဉ်းမကျယ်အားဖြင့် ဝေဘန်ပြီးတော့ ပြတဲ့ ဒေသနာ။

အဲဒီ ၂-မျိုးတို့ဘွင်လဲ နိဒဿနာကာရမှ ပစ္စည်းနှင့် ပစ္စယုပ္ပန် ကောက်ပြပြီးတော့ ဟေတုပစ္စယေန စတဲ့ ကရိုဏ်း ပါဠိ ကောက်တဲ့အခါမှာ ပစ္စယနိဒ္ဒေသ အဘွက် ကရိုဏ်း ပါဠိ ကောက်နည်းကို ရှေး ဆရာတော် ဘုရားကြီးတွေ ရည်ညွှန်းတော်မူချက် ကရိုဏ်း ပါဠိ ကောက်နည်း ၂-မျိုးရှိတယ်။

အဲဒါ နားလည်ပါစေ၊ စာက ပဌာဝါရက ရပြီးသား၊ ဒီမှာ နည်းကို ဘုန်းကြီး ပြောပေးနေတာ။

ကရိုဏ်းကောက်နည်း ၂ မျိုး

ကရိုဏ်းပါဠိ ကောက်နည်း ၂-မျိုးရှိတယ် အများအားဖြင့်၊ အခါခပ်သိမ်းတော့ မဟုတ်ဘူး၊ အဲဒီ ၂-မျိုးဆိုတာ ဘယ်သူလဲလို့ မေးလျှင် နံပါတ် ၁-သဘာဝကရိုဏ်း လို့ ခေါ်တယ်၊ နံပါတ် ၂-ဃဋ္ဋနာကရိုဏ်း လို့ ခေါ်တယ်။

နေရာဌာန အားလျော်စွာဘဲ၊ တခါတလေကျတော့လဲဘဲ ဃဋ္ဋနာကရိုဏ်း ထုတ်လို့ရတယ်၊ တခါကလေ မရဘူး၊ အများအားဖြင့် ပစ္စယနိဒ္ဒေသ တလျှောက်လုံးကို ခြုံပြီးကြည့်လျှင် ကရိုဏ်းပါဠိ ထုတ်နည်း ၂-မျိုးရတယ်။

သဘာဝ ကရိုဏ်း

သဘာဝ ကရိုဏ်းဆိုတာ ဘာလဲလို့ ဆိုချင်လျှင် ခုတင်ကဦးပဋ္ဌင်းတို့ ဟောတဲ့မှာ ထုတ်တောဲ့ကော ဟောတုပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာရဟာတပ်ကောင်းသော ဘယ်နှစ်ပစ္စည်းလဲ (၁၂-ပစ္စည်း)။

သတိပြုကြစမ်းပါ၊ ပဋ္ဌာဝါရတုန်းက ဟောတုမှ သဘာဝပစ္စည်းပေါင်း ဘယ်လောက်လဲ (၁၁-ပစ္စည်း)၊ သုဒ္ဓသခ်ၤအတိုင်း အခုကျွက်ကားတာက ၁၂ ဟောတုက မူ-ပစ္စည်း၊ ကျန် ၁၁-ပစ္စည်းက မူလီ၊ အခု ထုတ်ပေးတဲ့ဥစ္စာ အဲဒီ သဘာဝကို ထုတ်တာ(မှန်ပါ)။ တပြိုနက် ယထာရဟာ တပ်ကောင်းသော-ဆိုပြီး ထုတ်လိုက်တယ်၊ ၁၂-ပစ္စည်းဟာ ဘာကရိုဏ်းလဲ မေးလျှင် သဘာဝကရိုဏ်း။

ဃဋ္ဌနာ ကရိုဏ်း

အဲဒါနှင့် မပြီးဘူး၊ ဆရာတော်ဘုရားကြီး(၁) ဆက်ပြီးတော့ ကနည်းကား ဆိုပြီးတော့ ကရိုဏ်းတမျိုး ထုတ်ပြန်တယ်၊ အဲဒီဝနည်းကားကျော(၁) ဟာလဲလို့ မေးလျှင် ဃဋ္ဌနာကရိုဏ်း တဲ့။

အဲဒီ ဃဋ္ဌနာကရိုဏ်းကို ဘယ်လိုလုပ်ပြီး မှတ်မလဲလို့မေးလျှင် ဟောတုမှာ ဃဋ္ဌနာမျိုးပေါင်း ဘယ်လောက်ရှိသလဲ (၃-မျိုးရှိပါဘယ်)၊ ဘာတွေလဲ၊ (၁-သာမညဃဋ္ဌနာ။ ၂-ဘာဝကျွန်ယမဂ္ဂဃဋ္ဌနာ။ ၃-ဘာဝဓိပတိကျွန်ယမဂ္ဂဃဋ္ဌနာ။) ဃဋ္ဌနာအာလုံး ပေါင်းလိုက်လျှင် ၂၄-မျိုး ရှိကယ်၊ ပြန်ပြန်ရေတွက်ပေးမှ မရေတွက်လျှင် မေ့ကုန်မယ်၊ ကိုယ့်နှုတ်က ကိုယ်ပြောမှ ကိုယ်မှတ်မိကယ်။

အဲဒီ ၃-မျိုးသော ဃဋ္ဌနာမှ ဃဋ္ဌနာအချက်ပေါင်း ၂၄-မျက် အကုန်လုံးကို ပြန်ထုတ်ရတယ်။

ပြီးတော့ အရကောက် ဆရာတော်ဘုရားကြီး ရေးထားတဲ့ စာအုပ်ကို ကြည့်ကြစမ်းပါ၊ ဘုန်းကြီးပြောပြမယ်၊ တနည်းကား-ဆိုတော့ သာမညဃဋ္ဌနာ သဗ္ဗဘဝန်ကကို ဆိုလိုက်တယ် (မှန်ပါ)။

သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား ကပ်သော ဟိတ် ၃-ပါးဆိုတော့ အဲဒီ ပဋ္ဌာနဃဋ္ဌနာမှာ ကပ်နှုတ်ပစ္စည်း ထုတ်ထားသည်။ (၅-ပစ္စည်း ထုတ်လာပါတယ်)၊ အဲဒီ ၅-ပစ္စည်းကို အနုသုတ်မယ်၊ ဒါကြောင့် သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား ကပ်သော ဟိတ် ၆-ပါး ပစ္စည်းတရား ဖြစ်အုံ့၊ တပြိုင်နက် ကပ်ကောင်းသော ဟေတု, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ-ဒါဘဲမဟုတ်လား (မှန်ပါ)။ ဤ ၅-ပစ္စည်း

၁။ ပဋ္ဌာန်းသိပ္ပံ၊ ၄-တွဲ၊ နာ-၁၂၀-၌ သဟဇေယ်ဃဋ္ဌနာ ၂၅-ယောင်း ကြည့်။

ပဋ္ဌာန်းသိပ္ပံ (တ)၂—ပ-သ-ဃ

သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ-ဖြင့် ကျေးဇူးပြုဟန်ကို ဆိုတာကတော့ နောက်ဆုံးမှ ထည့်ရတယ် (မှန်ပါ)။

ပြီးတော့ ဒုတိယဃဋ္ဋနာသုံးတော့ ဘာကိုး- သမ္မယုတ္တခန္ဓာ, ဟဒယဝတ္ထု အား တပ်သော ဟိတ် ၆-ပါး ပစ္စည်းတရားဖြစ်အုံ့-ဆိုတော့ ခုတင်က ၅-ပစ္စည်း ထဲမှာ ဘာ တိုးမယ်(အညမည တိုးရပါမယ်)၊ ၆-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိ ဟု ဆိုအပ်သော သတ္တိဝိသေသ။

နံပါတ် ၃-ဃဋ္ဋနာက ဘာတဲ့တုံး၊ သမ္မယုတ္တခန္ဓာအားသာ တပ်သော ဟိတ် ၆-ပါး ပစ္စည်းတရားဖြစ်အုံ့၊ ဘာ ထပ်တိုးမယ်(သမ္မယုတ္တ ထပ်တိုးပါတယ်)၊ ၇-ပစ္စည်း မဟုတ်လား (မှန်ပါ)။ ဤ ၇-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

နံပါတ် ၄-ဃဋ္ဋနာ သဟိတ်စိတ္တဇမျိုး, သဟိတ်ပဋိသန္ဓေဂ မှဇရုပ်အား တပ်သော ဟိတ် ၆-ပါး ပစ္စည်းတရားဖြစ်အုံ့၊ ဘာ ထပ်တိုးမယ် (အညမည, သမ္မယုတ္တနှုတ်ပြီး ဝိပ္ပယုတ္တ တိုးပါတယ်)၊ ၆-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏လို့ တပိုင်း ဖြတ်လိုက်တယ်၊ ဒါက ဘာတုံ၊ အဝိပါကဃဋ္ဋနာ ၄-ချက် မဟုတ်လား (မှန်ပါ)။

ပြီးတော့ ဒီအဲတိုင်းဘဲ သဝိပါကဖြစ်အုံ့ဆိုပြီး သဝိပါက ၅-ချက်ကို တခါဆို၊ အခုဆိုတဲ့ နည်းအ ဘိုင်း ဆို၊ ဦးပဉ္စင်းတို့ကို အဆိုမခိုင်းတော့ဘူး ဃဋ္ဋနာ ရခဲ့ ပြီးတာ ဘာကြာသေးတာမှတ်လို့၊ အချိန်ကုန်ပါတယ်၊ စာအုပ်မှာ သွားကြည့် ဒတော့ ဒါတွေ ဒီအတိုင်း ရှိတော့ ဒါတွေဟာ ဒို့ရပြီးသားပါကလားဆိုတာ သိပေစေ၊ စာအုပ်ဖွင့်ကြည့်တဲ့အချိန်ကျတော့ 'ဟာ-လာပြန်ပြီ ဘာတွေတုံးလို့' ဖြစ်မယ်နေကြစေနှင့်၊ ဘာတွေမှ မဟုတ်ဘူး၊ ဦးပဉ္စင်းတို့ သင်ပြီးခါစကလေး ရှိသေးတဲ့ ဃဋ္ဋနာတွေကို ဆရာတော်ဘုရားကြီး ထပ်ရေးတာ။

အဲဒီနည်းအတိုင်းဘဲ သဝိပါကဖြစ်အုံ့-ဆိုပြီး ကဋ္ဌိဏ်းပါဠိ ၅-ကြိမ် တခါ ထပ်ထုတ်ကယ်၊ သာမညဃဋ္ဋနာနည်းတူ၊ သဂ္ဂါန္ဒြိယမဂ္ဂဃဋ္ဋနာက ၉-ချက်, သာဝိပတိဂ္ဂါန္ဒြိယမဂ္ဂဃဋ္ဋနာက ၆-ချက် ပေါင်း ၂၄-ချက်။

အရကောက်ဆရာတော်ကြီး အမှာ

အဲဒါတွေကို ပြည့်ပြည့်စုံစုံ ဆရာတော်ဘုရားကြီးက ရေးပါတယ်၊ ဒီတော့ ဒီကိစ္စတွေနှင့်စပ်ပြီးတော့ ဆရာတော်ဘုရားကြီးက ဘာမှာသလဲလို့ မေးတော့ အခုပြောနေတဲ့ ဃဋ္ဋနာကရှိဏ်းကို ဒီကရှိဏ်းပါဠိတွေထုတ်မှုကို **ပစ္စည်းပြိုင်, ဃဋ္ဋနာတို့ကို လေ့လာမှု နားလည်မယ်-တဲ့**။

ပစ္စည်းပြိုင် ဆိုတာ ဘာလဲ မေးပေါ့ တချို့က ဘုန်းကြီးပြောခဲ့ပြီ မဟုတ်လား၊ ဘာတွေ မြန်မာပြန်ထားတာလဲ မေးလျှင် ဒီ ဃဋ္ဋနာတွေ မြန်မာပြန်ထားတာ မဟုတ်လား(မှန်ပါ)။ အဲဒီ ကျမ်းစာအုပ်ကတော့ ကွယ်သလောက် တောင် ရှိနေတယ်ထင်ပါတယ်။

ထားပါတော့၊ ဘယ်လိုရေးထားမလဲ၊ အမှုလက်တွေ့ကိုကြည့်လျှင် အခု ပြောပြီးသား သာမညဃဋ္ဋနာပဌမအချက်--သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ် ၆-ပါး ပစ္စည်းတရားဖြစ်အုံ၊ ဟေတု, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ၅-ပစ္စည်းတို့သည် ပြိုင်ကြကုန်၏။

အဲဒါကို အစွဲပြုတာဘဲ(မှန်ပါ)။ ဘာကျမ်းခေါ်တယ်၊ ပစ္စည်းပြိုင်ကျမ်း။

နောက်ပြီး ဟေတုမှာ ပစ္စည်းပြိုင်ပေါင်း ဘယ်လောက်ရှိသလဲ မေးလို့ ရှိလျှင်လဲ ဃဋ္ဋနာ ၂၄-ချက် ရှိနေလျှင် ၂၄-မျိုး ရှိတာဘဲ။

အဲဒါ ဟေတုနှင့်စပ်၍ အကျဉ်းချုပ် သိမှတ်စရာတွေဘဲ၊ ဟေတုပစ္စည်း အကောက် တော်ကြစို့။

အာရမ္မဏပစ္စည်း အရကောက်

အာရမ္မဏပစ္စည်း အရကောက် သူ့ဆိုင်ရာဇယားကို ကြည့်ပါ၊ အာရမ္မဏ အရကောက်ဇယား [1]၊ ပါဠိတော်တုန်းက ဒါနှင့် သွားထားပါတယ်။

ဆရာဟော်ဘုရားကြီးက ပစ္စည်းတခုနှင့်တခု ပြောင်းတဲ့အခါ ဟောရိုး စစ်တော်မူပါတယ်၊ မှတ်ထားကြပါ၊ ဘုန်းကြီးကတော့ ဒါတွေ အကုန်စစ်ပေး နေမှာ မဟုတ်ပါဘူး။

ဥပမာ – ဒီပစ္စည်းမှာဆိုလျှင် 'ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထို အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသသည်လည်း နိဒ္ဒိသိတဗ္ဗမမ္မ, နိဒဿနာကာရ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် နိဒ္ဒိသိတဗ္ဗမမ္မကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား – အာရမ္မဏပစ္စယော တိ ဟူသည်တည်း။ ထို့နောင် နိဒဿနာကာရကို ဟောတော်မူ၏။ ဟောဟန်ကား–ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော အစရှိသည်တည်း။ ဒီမှာ နိဒဿနာကာရပါ၌ မကုန်သေးတော့ 'အစရှိသည်တည်း'လို့ နိဂုံးချုပ်ပါ။ ခုတင်က ဟေတုတုန်းကတော့ ကုန်သွားတော့ 'ဟူသည်တည်း'လို့ နိဂုံးချုပ်။ ဒီမှာတော့ မကုန်သေးလို့ 'အစရှိသည်တည်း'လို့ ချုပ်ပါ။

၁။ ပဋ္ဌာန်းယိပုံ- ဒုတဲ့၊ နှာ-၎၂(က) အာရမ္မဏအရကောက်ဇယား ကြည့်။

ပါဠိတော်တွေက နည်းတာမှ မဟုတ်ဘဲ၊ ပါဠိတော်တွေက မဓနုက ရပြီးပြီ၊ ဒီနေ့ ကောက်ရုံဘဲ။

ထို နိဒဿနာကာရပါဠိအပေါင်းတို့တွင် ရူပါယတနံ-ဟူသော ကတ္တားပါဠိဖြင့် ဇယားကို သတိပြု ကြည့်ပါ၊ ဇယားမှာ ရှိတယ်၊ ပစ္စုပ္ပန်ရူပါရုံ ပစ္စည်းတရားကို ပြတော်မူ၏၊ ဇယားမှာ ဒီအတိုင်းဘဲရှိတယ် မဟုတ်လား(မှန်ပါ)။ စက္ခုဝိညာဏ-မဟုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္မဒါန်ပါဠိဖြင့် စက္ခုဝိညာဉ်ဒွေ, သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဒါက ပစ္စည်းနှင့် ပစ္စယုပ္ပန်၊ ပစ္စည်းက ရူပါရုံ, ပစ္စယုပ္ပန်က စက္ခုဝိညာဉ်ဒွေ, သူနှင့် ယှဉ်နေတဲ့ စေတသိက်။

ကရိဏီး ထုတ်နည်း

ကရိဏီးပါဠိထုတ်ချင်လို့ အာရမ္မဏပစ္စယေနဟူသော ကရိဏီးပါဠိဖြင့် ဘာထုတ်မလဲ မေးတော့ သုဒ္ဓသခ်္ခါဝက တပစ္စည်းထဲ ရှိတယ် မဟုတ်လား (မှန်ပါ။)

နားလည်အောင် နားထောင်ပါ၊ ဘာဆိုလိုတာလဲ ပစ္စည်းက ရူပါရုံ, ပစ္စယုပ္ပန်က စက္ခုဝိညာဉ်ဒွေ၊ လိုရင်း ဒါဘဲ။

ဒီတရားမျိုးတွေက အာရမ္မဏမျိုး သုဒ္ဓသခ်္ခါလိုက်ရှာလျှင် ဘယ်မှာရမှာလဲလို့ ရှာရတယ်၊ သိအောင်ရှာရတယ်၊ ရှာတော့ သူမျိုးထဲက ပဌမတွေ့တာက အာဝိ မတွေ့ဘူးလား(မှန်ပါ)။ အာဝိပစ္စည်းမှာ နိပ္ဖန္နရူပ်-ဘဂ မပါဘူးလား (ပါပါတယ်)။ ပါလျှင် အဲဒီအထဲမှာ ရူပါရုံရှိမှာပေါ့(မှန်ပါ)။

သတ်ပြုကြပါ။ ပစ္စည်း ရူပါရုံတော့ အာဝီမှာရှိပြီ၊ ပစ္စယုပ္ပန် စက္ခုဝိညာဉ်ဒွေသည် အာဝီမှာ ရှိမရှိလား မရှိပါ)။ ဘာတွေတုံး၊ လောဘမူ,မဟာကုသိုလ်, မဟာကြိယာ, လောကုတ္တရာ၊ ဒီတရားတွေမဟုတ်လား (မှန်ပါ)။ မရှိလို့ရှိလျှင် အာရမ္မဏာဝ်ပတိတရားလို့ ခေါ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါ)။ မခေါ်နိုင်လျှင် သူတို့ မရှာဘူး။

နောက်တခုထုတ်ကြည့် အာရမ္မဏ ပုရေဇာတ-ခေါ်တဲ့ အာပေ၊ သူမှာကော ပစ္စည်း နိပ္ဖန္နရူပ် မဟုတ်လား(မှန်ပါ)။ ရူပါရုံက ပစ္စည်းမှာ ရပြန်ပြီ၊ ပစ္စယုပ္ပန်မှာ ကာမ ၅၄-လို့ ဆိုတာ ကာမ ၅၄-ထဲမှာ စက္ခုဝိညာဉ်ဒွေ မပါဘူးလား (ပါပါတယ်။) သူမှာ ပစ္စည်းရေ ဘယ်လောက်ရှိသလဲ(၄-ပစ္စည်းရှိပါတယ်)။ မှတ်ထားဦး၊ အာရမ္မဏပုရေဇာတ-အနေနှင့်တော့ ၄-ပစ္စည်း ရနေပြီ။

ကျန်တဲ့ သုဒ္ဓသခ်ၫာတွေ မေးကြည့်စမ်း ဝတ္ထာတဲ့၊ ပစ္စည်းက ဘာတုံး ဟဒယဝတ္ထု၊ ဒီက ရူပါရုံဆိုတော့ ပစ္စည်းမတူတော့ဘူး မဟုတ်လား (မှန်ပါ)။ ဒီတော့ မရနိုင်တော့ဘူး။

ဂဲ ဒါဖြင့် ရှေတိုးကြည့်ပါဦး အာပုဓိ၊ပစ္စည်း နိုပ္ပန္နရူပ် ရူပါရုံ ရှိတယ်၊ ပစ္စယုပ္ပန်က သူက ဘာတုံး (လောဘမူစိတ်) ရပါ့မလား(မရပါ)။ ဒီက ဘာရှာနေတာလဲ မေးလျှင် စက္ခုဝိညာဉ်ဒွေ။

ဝတ္ထာဓိမှာလဲ ဟဒယဝတ္ထုပစ္စည်းရှိလို့ မရတော့ဘူး။

ဒါကြောင့် အခုကောက်နေတဲ့ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယောလို့ဆိုတဲ့ ကရိုဏ်းပါင့်ဟာ ဘာ ကရိုဏ်းလဲ မေးလျှင် အာရမ္မဏပုရေဇာတ ကရိုဏ်း၊ အားလုံး ပေါ်ပြိုင်နက်၊ ဒါကြောင့် အာရမ္မဏ ပစ္စယေန ဟူသော ကရိုဏ်းပါင့်ဖြင့် တပြိုင်နက် တပ်ကောင်းသော အာရမ္မဏ, ပုရေဇာတ,အတ္ထိ, အဝိဂတ၊ ဤ ၄ ပစ္စယ သတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ကျန်တဲ့ သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ-အထိ ကောက်လျှင် ဒီအတိုင်းဘဲကောက် (မှန်ပါ)။ ဒီတော့ ဇယားမှာ နံပါတ်- ၁ တခြောင်း ကုန်သွားပြီ။

နံပါတ် ၂-အကြောင်းကို ကြည့်ကြစမ်းပါ၊ ရူပါယနံ, သဒ္ဒါယတနံ,ဂန္ဓာယတနံ, ရသာယတနံ,ဖောဋ္ဌဗ္ဗာယတနံ ဟူသော ကတ္တားပါင့်ဖြင့် ဇယားမှာရှိတဲ့ အဘိုင်း ကောက်ပါ၊ ပစ္စုပ္ပန် ပဋ္ဌာရုံ ပစ္စည်းတရားကို ပြတော်မူ၏။ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္ပယောဂနိုပါင့်ဖြင့် မနောဓာတ် ၃-ခု၊ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာနိ စေတသိက် ၁၁၊ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ ကရိုဏ်းပါင့်ထုတ် ခုတင်ကအတိုင်းဘဲ၊ အာရမ္မဏ-ပုရေဇာတဘဲ ရှိတယ်။ မှတ်သားခဲ့ပါ၊ဒါလေးတွေပေါင်းပြီး ပြန်ဟောရအောင် ဘယ်နှစ်ပစ္စည်း ထုတ်မယ်(၄-ပစ္စည်း ထုတ်ရပါ့မယ်။)

နောက်ဒေသနာတော်ကချက် ရှိမသေးတယ်၊ သမ္ပယုတ္တ ဓမ္မာ မနောဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒီလို ဖတ်လား (မှန်ပါ)။ ဘယ်နေရာကို ညွှန်ပြသလဲ၊ သမ္ပယုတ္တ ဓမ္မာက ကာမပစ္စ-ယုပ္ပန် ၆-ကြောင်းကျော်တဝင် နောက်ဆုံး ၆-နံပါတ်ကို ညွှန်ပြတယ် (မှန်ပါ)။ ဒါကြောင့် သမ္ပယုတ္တ ဓမ္မာ ဟူသော ကတ္တားပါင့်ဖြင့် အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, ရုပ်အင္ဂဝိသ, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏၊ မနောဝိညာဏဓာတုယာ

တံသမ္မယုတ္တကာနဥ္ စမ္မာနံ ဟူသော သမ္မဒါန်ပါဌ်ဖြင့် မနောဝိညာဏဓာတ် ၇၆-ခု, စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ တနည်းကား– လို့ ပါတယ်၊ နေပေစေတော့။

အဲဒီမှာ ကရိုဏ်းပါဌ်ထုတ်လျှင်တော့ သတိပြုကြစမ်းပါ၊ လွယ်လွယ်ပြော လျှင် ပစ္စည်းမှာလဲ ပရမတ္ထတရား ၄-ပါး အကုန်လုံးအပြင် ပညတ်တရားတွေ ပါမနေဘူးလား (ပါနေပါတယ်)၊ ပစ္စယုပ္ပန်မှာလဲ မနောဝိညာဏဓာတ်ဆိုတော့ စိတ်ကုန်လုနီးပါး ၇၆-ခုထိအောင် ရှိနေခြင်းကြောင့် အာရမ္မဏမျိုး သုဒ္ဓသခ်္ခာ ၅-ခုစလုံးနှင့် ဘယ်မှာမှ မလွတ်တတ်ဘူး၊ ဒါကြောင့် အာရမ္မဏပစ္စယေန ထုတ်လို့ရှိလျှင် တပြိုင်နက် ယဿာရဟာဆိုပြီ·တော့ ဘယ်နှစ်ပစ္စည်းထုတ်မယ် (၇-ပစ္စည်း ထုတ်ရပါမယ်)၊ ဒီတွင်ရပ်ထားပြီး တနည်းကား နောက်မှ တမျိုး ပြောပေးမယ်၊ ဦးသုဇာတ ပေါ့စမ်းပါ။

ဦးသုဇာတ။ ။အာရမ္မဏပစ္စယနိဒ္ဒေသ တခေါက်ဟောသည်။

ဆရာတော်။ ။သဗ္ဗေ စမ္မာ မနောဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဥ္ စမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော ဆိုတာ ဇယားကြီး တခုလုံးကို ခြုံပြီးတော့ အကုန်လုံးပါအောင် အကျဉ်းကောက်တာ၊ ဒါကြောင့် သဗ္ဗေ စမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရူပ် အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

တနည်းကား ဆိုပြီးတော့ ဆရာတော်ဘုရားကြီးက ကောက်ပြန်တယ်၊ တတိယအကြောင်းက စပြီးတော့ ၂၂-နံပါတ်အကြောင်းအထိ အဲဒီစာကြောင်း တွေကို ပဥ္စသပါရတုန်းက ဘုန်းကြီးပြထားတဲ့အတိုင်း ဆိုရလိမ့်မယ်။

ဒီတော့ ဘာတွေ့သလဲ၊ နံပါတ် ၃-က တခုရုံ ကောဒသ, ဟသိတုပ္ပါဒ်အား တပ်သော ကာမစိတ် စတုပညာသ, စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံ ၆-ပါး၊ တကြောင်း ပြီးသွားပြန်ရော။

စတုတ္ထအကြောင်း အကုသိုလ်စိတ်ဒွါဒသ, မဟာကုသိုလ်, မဟာကြိယာ-ဉာဏဝိပ္ပယုတ်စိတ် ၈-ခုအားတပ်သော လောကီစိတ် ဧကာဒသိတို, စေတသိက် ဒွေပညာသ, ရူပ် အဋ္ဌဝီသ, ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး စသည်ဖြင့် အကုန်လုံး ကာမ ၆-ကြောင်း ဆိုသွားပါ (မှန်ပါ)။ ဆိုတတ်လောက်ပါတယ်၊ မှတ်ထားခဲ့ကြပါ။

ပြီ·တော့ အဘိညာဉ်တွေ့သွားတော့ ကုသိုလ်အဘိညာဉ်, ကြိယာအဘိညာဉ် ၂-မျိုးရှိရာ ကုသိုလ်အဘိညာဉ်ကို တခေါက်ဆို၊ ကုသိုလ်အဘိညာဉ် ပစ္စယုပ္ပန်

ဖြစ်လျှင် ပစ္စည်းဘက်က ဘာတွေကြည့်ရမယ်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြည့်ပြီးကောက်၊ ပြီးတော့မှ ကြိယာအဘိညာဉ်ဆိုပြီး တခေါက်ပြန်လာရတယ်၊ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်, ဒိဗ္ဗသောတကြိယာအဘိညာဉ်အား တပ်သောနှင့် တခေါက်ပြန်ဆို (မှန်ပါ)။

ကုန်သွားတော့ တခါ ဘယ်ရောက်ပြန်သတုံး၊ ရူပပစ္စယုပ္ပန် ၃-ကြောင်း၊ ပဋ္ဌာဝါရတုန်းက မဟောဘူး၊အခု ဘာဖြစ်လို့ ဟောသလဲမေးလျှင် ပစ္စယနိဒ္ဒေသ မှာ ခန္ဓ-သဒ္ဒါနှင့် မဟောဘဲနှင့် ဓမ္မ-သဒ္ဒါနှင့် မြတ်စွာဘုရားက ဟောတော့ ပညတ်တွေ အကုန်လုံး သွင်းကောက်ပါဆိုတာ ပစ္စယနိဒ္ဒေသအကွက် အံကျ ရေးထားတဲ့ ဇယား (မှန်ပါ)။

အစဉ်အတိုင်း သွားလိုက်တာ နောက်ပိတ်ဆုံး ဘယ်ရောက်မလဲ၊ လောကုတ္တရာစိတ် ၈-ခုအားတပ်သော နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ၊ ဤ အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

မနောဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္မဒါန် ပါဠိဖြင့် မနောဝိညာဏဓာတ် ၇၆-ခု, စေတသိက် ဒွေ့ညာသ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ အာရမ္မဏပစ္စယော နဟူသော ကရိုဏ်းပါဠိဖြင့် ဆိုတော့ ခုတင်ကအတိုင်း ၈-ပစ္စည်းဘဲ ထုတ်၊ ဦးသူရိယ ကောက်စမ်းပါ။

ဦးသူရိယ။ ။အာရမ္မဏပစ္စယနိဒ္ဒေသ ကတ္တား, သမ္မဒါန်, ကရိုဏ်းပါဠိအရ တခေါက်ဆိုသည်။

ဆရာတော်။ ။ကုန်သွားရော၊ ဒါဟာ ဦးပဉ္စင်းတို့ ရပြီးသား ဖြစ်ရမည့် တရားဘဲ၊ ပဋ္ဌာဝါရတုန်းက သင်ပြီးသား ရပြီးသား ဖြစ်နေတော့ သူ့အတွက် အခြေနဲ့ အကုန်မခံနိုင်တော့ဘူး၊ ရှေ့ကို တိုးရအောင်လို့။

ဘယ်ကို သွားမလဲ၊ နိဂုံး ဒေသနာတော်ကို သွားရအောင်၊ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ ဇတ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒီလို မဟုတ်လား (မှန်ပါ)။

သတိပြုကြပါ၊ ရပြီးသားတွေကိုဘဲ ပုံတမျိုး သွင်းပြီးတော့ ပြနေရတာ။

ဒီနေရာမှာ ကတ္တား, သမ္မဒါန် မသုံးပါနဲ့ဟော့၊ ယံ ယံ ဓမ္မံ ဟူသော ပါဠိဖြင့် အနိယမ အားဖြင့် အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ အကျဉ်းချုပ် ပြောတာနော်။ မနေ့က ပြောခဲ့တဲ့အတိုင်း အာရမ္မဏပစ္စည်းနဲ့ ပစ္စည်းတရားတွေဟာ ဘယ်လိုလို လိုက်ရှာလျှင် ဇယားကြီးတခုလုံး ခြုံကြည့်လျှင် အာရုံ ၆-ပါးဘဲ မဟုတ်လား (မှန်ပါ)။

သတ္တဝါတွေ သန္တာန်မှာ အာရမ္မဏိက ပစ္စယုပ္ပန် တရားတွေ ဖြစ်တယ်ဆိုတာ ဒီ အာရုံ ၆-ပါး စွဲပြီး ဖြစ်တယ်လို့ ပြောတာ။

ယေ ယေ ဓမ္မာ ဟူသောပါဠိဖြင့် အနိယမ အားဖြင့် အာရမ္မဏိကပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

စိတ္တစေတသိကာ ဓမ္မာ-ဟူသောပါဠိဖြင့်....ပစ္စည်းကို မဆိုလိုဘူး၊ ပစ္စယုပ္ပန်ကို ညွှန်ပြတယ်လို့ မနေ့က ပြောထားတယ် မဟုတ်လား (မှန်ပါ)။ အာရမ္မဏိက ပစ္စယုပ္ပန် နားမကွဲနွှာသရုပ်ကို ပြတော်မူ၏။

မှတ်ထားရတယ်၊ ဒါကလေးတွေဟာ နောက်ထပ်ပြီး တွေ့တတ်တယ်။

မနေ့က ပြောခဲ့တယ်-ပစ္စည်းတရားမှာတော့ စိတ်ရှိတယ်, စေတသိက်ရှိတယ်, ရုပ်ရှိတယ်, နိဗ္ဗာန်ရှိတယ်, ပညတ်ရှိတယ်၊ တရားစုံ မဟုတ်လား၊ ပရမတ်အပြင် ပညတ်ကို ပါသေးတယ်၊ ပစ္စယုပ္ပန် တရားကျတော့ စိတ်, စေတသိက် မေါ်တဲ့ တရား ၂-မျိုးသာ ငါဘုရား ဟောတယ်လို့ ဆိုပြီးတော့ စိတ္တာ စေတသိကာ ဓမ္မာလို့ ထပ်ပြီးဟောတာ၊ ပစ္စယုပ္ပန်အတွက် (မှန်ပါ)။

တေ တေ ဓမ္မာ-ဟူသော ပါဠိဖြင့် နိယမအားဖြင့် – အဲဒီမှာတော့ ဂ.တ္တားသုံးလျှင် ဖြစ်ပါတယ် (မှန်ပါ)။ နိယမအားဖြင့် ယံ ယံ ဓမ္မံ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ဟုတ်ရဲ့လား (မှန်ပါ)၊ ဘာတွေတဲ့တုံး၊ အာရုံ ၆ ပါး, ပစ္စည်းတရားကို ပြတော်မူ၏။

တေသံ တေသံ ဓမ္မာနံ ဟူသော သမ္မဒါန်ပါဠိဖြင့် နိယမအားဖြင့် ယေ ယေ ဓမ္မာ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

အာရမ္မဏပစ္စယေန-ဟူသော ကရိုဏ်းပါဠိဖြင့်...အဲဒီမှာ သတိပြုကြစမ်းပါ၊ ခုတော်ငါတုန်းက သမ္ဗေ ဓမ္မာ တုန်းက ထုတ်ထားတာ အာရမ္မဏမျိုး ဂ-ပစ္စည်း မဟုတ်လား (မှန်ပါ)၊ အဲဒါက သဘာဝ ကရိုဏ်းလို့ ခေါ်တယ်၊ အဲဒီတုန်းက သဘာဝကရိုဏ်းပြီးလျှင် ဒီမှာ ဃဋ္ဋနာကရိုဏ်း လာပြီး ထုတ်လိမ့်မယ်၊ ဃဋ္ဋနာ ကရိုဏ်းဆိုလျှင် အာရမ္မဏပစ္စည်းမှာ ဃဋ္ဋနာ ဘယ်နှစ်ချက် ရှိသလဲ (၅-ချက် ရှိပါတယ်)၊ ဘယ်မှာလဲ မေးလျှင် ပကိဏ္ဏကဃဋ္ဋနာ[1]မှာကြည့် (မှန်ပါ)။ အဲဒီ ဃဋ္ဋနာ ၅-ချက်က ဘယ်သူလဲ မေးလျှင် ဦးပဉ္စင်းတို့ လှယ်အောင်မှတ်ချင်လျှင် အာရမ္မဏ မျိုး သုဒ္ဓဃဋ်ခ၊ ၅-ပုဒ်ဘဲ မဟုတ်လား(မှန်ပါ)။ ပဌမ ဘာတုံး အာဓိ၊ ကြီးတော့ အာပု၊ ဝတ္ထာ၊ အာပုဓိ၊ ဝတ္ထာဓိ၊ အစဉ်အတိုင်း အဲဒါတွေ သုဒ္ဓဃဋ်ခဆိုပြီး ယုတ်ထားတယ်။

---

[1] ပဋ္ဌာန်းဘ၀်ပ်ပ်ပ

ဒီတော့ ဘယ်နှယ်ထုတ်မလဲ၊ အာရမ္မဏပစ္စယေန ဟူသော ကရိုဏ်းပါဌ်ဖြင့် **အ**လေးအမြတ်ပြုတတ်သော သုဒ္ဓသခ်ၦာဘဲ မဟုတ်လား(မှန်ပါ)။လောဘမူစိတ် ၈-ခု, **မ**ဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, **လော**-ကုတ္တရာစိတ် ၈ ခု**အား**း တပ်သော **အ**လေးအမြတ် ပြုအပ်သော ဂုဏ်ဖြစ်သော နိပ္ဖန္နရူပ် **အ**ဋ္ဌာရသ၊ ဒေါသမူဒ္ဓေ, မောဟမူဒ္ဓေ, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ် သောစိတ် ၈၄-ခု, ဒေါ သ ဂ္ဂဿ-မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာကြဉ်သော စေတ သိက် ၄၇-ခု, **နိ**ဗ္ဗာန်ဟု ဆိုအပ်သော **အ**ာရမ္မဏာဝဓိပတိပစ္စည်းဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော–သဘာဝဆိုလျှင်တော့ တပြိုင်နက် ယထာရဟ (မှန်ပါ)။ ဃဋ္ဌနာဆိုလျှင် တပြိုင်နက်(မှန်ပါ)။ **အ**ာရမ္မဏ, ဓိပတိ, ဥပနိဿယ ၃-ပစ္စယ သတ္တိတို့တွင် **အ**ာရမ္မဏသတ္တိဟု ဆိုအပ်သော **သ**တ္တိဝိဓောသ၊ ဒါက ဘာတုံ**း** **အ**ာဓိမဟုတ်လား(မှန်ပါ)။

ပြီးတော့ **အ**ာပု-သုဒ္ဓသခ်ၦာ**ဆို** ၄-ပစ္စည်း၊ ဝတ္ထာ-သုဒ္ဓသခ်ၦာ**ဆို**၊ ဘယ်နှစ် ပစ္စည်းလဲ(၆-ပစ္စည်း)၊**အ**ာပုဓိကကော(၆-ပစ္စည်း)၊ဝတ္ထာဓိကကော(၈-ပစ္စည်း)၊ **အ**ဲဒီကျမှ ရတယ်၊ ဦးဉာဏ ဟောစမ်းပါ။

ဦးဉာ**ဏ**။ ။ယံ ယံ ဓမ္မံ ဟူသောပါဌ်ဖြင့်။(ပ)။

ဆရာ**တော်**။ ။ဃဋ္ဌနာ ၅-ချက် ရှိတာဘဲ၊ **အ**ဲဒါကို **အ**ကုန်လုံ**း** ဒီမှာဟောတာ၊ ဒါကို သတိပြုကြပါ။

ပုစ္ဆကအနေ**အား**ဖြင့် ပဌမကြိုးတန်**း**မှာ မေးမည်ဆိုလျှင် **အ**မှတ် တမဲ့နှင့် မဖြေတတ်တဲ့ သဘောတရား**ကလေ**းတွေ ရှိနေတတ်တယ်၊ ဥပမာ-ဦ**း**ပဏ္ဍိတ်**တို့** **အ**ခု လျှောက်ပြီ**း** ဟောလာခဲ့တယ်၊ ပဋ္ဌာဝါရတုန်**း** **ကလ**ဲ ဟောပြီ**း**သား**း**၊ **အ**ခုလဲ တခါဟောတယ်၊ ၂-ကြိမ်ရှိနေပြီ၊ ဒီလို **စ**ဉ်**း**စား**ကြ**စမ်**း**ပါ၊ ဘုန်**း**ကြီ**း**ပြောမယ်။

အာရမ္မဏ၂ျိ**း** ပစ္စည်**း**ပေါင်**း** ဘယ်လောက်ရှိသလဲ(၈-ပစ္စည်**း** ရှိပါတယ်)။

'**အ**ာရမ္မဏ၂ျိ**း** ၈-ပစ္စည်**း**လုံ**း**၏ ပစ္စည်**း**, ပစ္စယုပ္ပန် ဖြစ်ထိုက်တဲ့တရား' ဖော်ပြပါ။

အဲ**ဒါ** **မ**ေးမ**း**သင့်ဘူ**း**လား**း**၊ **အ**ာရမ္မဏ, **အ**ဓိပတိ, နိဿယ, ဥပနိဿယ, ပုရေ-ဇာတ, ဝိပဿယုတ္တ, **အ**တ္ထိ, **အ**ဝိဂတ၊ **အ**ာရမ္မဏ၂ျိ**း** ၈ ပစ္စည်**း** **မ**ဟုတ်လား**း** (မှန်ပါ)။ **အ**ဲ**ဒီ** ၈-ပစ္စည်**း**လုံ**း**၏ ပစ္စည်**း**ဖြစ်ထိုက်တဲ့တရား**း**, ပစ္စယုပ္ပန်ဖြစ်ထိုက်တဲ့ တရား....တဲ့(မှန်ပါ)။

ဘာမှ**ာ** တည်နေသလဲ၊ ဦ**း**ပဏ္ဍိ**တို့** ကျက်ထား**တဲ**့ သုဒ္ဓသခ်ၦာ နောက်ဆုံ**း**ပုဒ် **မ**ဟုတ်လား**း**၊ တပြိုင်နက် တပ်ကောင်**း**သော ဆိုတော့ ၈-ပစ္စည်**း** **မ**ဟုတ်လား**း**

(မှန်ပါ)။ ဒီတော့ ပစ္စည်းတရားက ဘယ်သူရသလဲ **ဟဒယဝတ္ထု၊ တွေ့တယ်** **မဟုတ်**လား၊ ဒါတွေဟာ သံသယကင်းကင်းနှင့် ယုံယုံကြည်ကြည် မှတ်ထားကြပါ၊ ဘယ်တော့မှ **မလွဲ**နိုင်ဘူး၊ အဲဒီမှာ သုဒ္ဓသင်္ချာ ကျက်ထားတာက အထိန်းအကျောင်းဘဲ။

ပစ္စယုပ္ပန်တရားကတော့ ဘာလဲမေးလျှင် **လောဘမူ မရဏာသန္နဇော** (မှန်ပါ)။

ထိုနည်းတူစွာ ကြင်းတဲ့ အာပုဓိ, ဝတ္ထာ တို့၏ တရားအနေအားဖြင့် နေပြီး မေးလျှင်လဲ ဖြစ်နိုင်တာပေါ့၊ သုဒ္ဓသင်္ချာသာ မူရင်းဘဲလို့ မှတ်ထားပါ။

ဒါကြောင့် အာရမ္မဏမျိုး ဂ-ပစ္စည်းလုံး၏ ပစ္စည်းထိုက်တဲ့တရား, ပစ္စယုပ္ပန်ထိုက်တဲ့ဘရားများကို ခွဲခြားရ ပြခဲ့ပါဆိုလျှင် ဒီ ဝတ္ထာဓိ-သုဒ္ဓသင်္ချာကို ရေးလိုက်လျှင် အလိုလိုပြီးနေတာ မဟုတ်လား(မှန်ပါ)။ အဲဒါကို သတိပြုရပါတယ်၊ ဒီနည်း မှီပြီးတော့ ဒီ့ပြင် သိစရာကလေးတွေလဲ ပြည့်လို့ပေါ့၊ ဒီနေ့ အရကောက် ဒီ တင်ထားပြီး ရှေ့ ပါဠိတော် ဆက်ရအောင်။

သဟဇာတပါဠိတော် ဟောပုံ

ဒီနေ့ ဘာပါဠိးတော်လဲ(သဟဇာတပါဠိတော်)၊ သဟဇာတပါဠိတော်ဆိုလျှင် ပဋ္ဌာဝါရက သဟကြီး လတ် ပါဠိတော်ဇယား[1] ကို ကြည့်၊ နှိ့ မဟုတ်လျှင် ဒါကလေးတွေ မေ့နေမှာစိုးမို့ အဲဒီကို ပြန်ပြန်ပို့ရတယ်။

သတိပြုပြီး ဇယားကို ကြည့်ကြပါ၊ ဒါကလေးကို ထပ်တလဲလဲ ပြောလာတဲ့ အကြိမ်ပေါင်းလဲ မနည်းလှဘူး၊ နံပါတ် ၁-၂-၃-လို့ ရေးထားတယ်၊ နံပါတ် -၁ ပစ္စည်းတရားက နာမက္ခန္ဓာ ၄-ပါး၊ နံပါတ် -၂ ပစ္စည်းတရားက မဟာဘူတ် ၄-ပါး၊ နံပါတ် ၃-က ပဋ္ဌာဝါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု၊ ဒီတရား ၃-မျိုး ရှိတယ် (မှန်ပါ)။

၁-နံပါတ် အခြောင်း ပြန်ကြည့်စမ်း၊ ပဋ္ဌာဝါရတုန်းက သရုပ်ခွဲပုံ မှတ်ထားခဲ့၊ အခု ပစ္စယနိဒ္ဒေသ ဘယ်နှယ်လုပ်ပြီး သရုပ်ခွဲပေးမယ်ဆိုတာ သတိထားကြပါ။ ပစ္စည်းမှာ ခုကင်ကပြောသလို နာမက္ခန္ဓာ ၄-ပါး, မဟာဘူတ် စသည် ရှိတယ်၊ ပစ္စယုပ္ပန်ကျ၊ ဟာ့ ၂-ကွက်ရှိတယ်၊ အဲဒီမှာ နောက်ဘက္ကတ်ကို ချန်ထား၊ နောက်တက္ကတ်ဆိုတာ စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်ကို ချန်လိမ့်မယ် ဟုတ်လား၊ (မှန်ပါ)။ ဒုတိယအတန်းက ဥပါဒါရုပ်၊ သူ့ကို ကျန်ပေစေ။

---

[1] ပဋ္ဌာန်းသိပ္ပံ ပ-တွဲ၊ နှာ-၂၂၂-ရှိ သဟကြီး လတ် ပါဠိတော် သုဒ္ဓသင်္ချာဇယားကြည့်။

ကဲ ကြည့်စမ်း၊ နံပါတ် ၁-မှာ ပစ္စယုပ္ပန် နောက်ကွက်ချန်လျှင် ရှေ့ပစ္စယုပ္ပန်က ဘာတုံး 'အချင်းချင်း နာမကွန္ဓာ'တင် ရှိတော့တယ်မဟုတ်လား (မှန်ပါ)။ အချင်းချင်းအား တပ်သော နာမကွန္ဓာ ၄-ပါး၊ တမျိုးတဲ့။

ပဋ္ဌာဝါရမှာ ခွဲတာနှင့် မတူဘူး၊ ဒီက တမျိုး၊ သူ့နေရာနှင့် သူ့ မူတ်ရတယ်၊ ဒါ ပစ္စယနိဒ္ဒေသအတွက်လို့ သိပြီး မှတ်ပါ၊ အချင်းချင်းအား တပ်သော နာမကွန္ဓာ ၄-ပါး တမျိုးဆိုတော့ ရုပ်တွေ မကျန်ရစ်ခဲ့ဘူးလား (ကျန်ရစ်ခဲ့ပါတယ်)။

နံပါတ် -၂ ကြည့်ပါ၊ အချင်းချင်းအားတပ်သော မဟာဘူတ် ၄-ပါး တမျိုး၊ ဒါက ဘယ်ကလဲ၊ နံပါတ် ၂-က နော် (မှန်ပါ)။

နံပါတ် -၃ ကြည့်စမ်း၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ, ဟဒယဝတ္ထု။

၁-၂-၃ ၃-မျိုးရှိသွားပြီ၊ နံပါတ် -၁ ပြန်ခဲ့ပါ၊ ဘာ ပစ္စယုပ္ပန်တွေ ကျန်နေသလဲ၊ (စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ် ကျန်ပါတယ်)၊ ဒါကြောင့် စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော နာမကွန္ဓာ ၄-ပါးတမျိုး၊ ခုတင်က ကျန်တာ ရုပ်ကျန်တယ်၊ အချင်းချင်းကတော့ ပါပြီးသား (မှန်ပါ)။

နံပါတ် ၂-က ဘာ ပစ္စယုပ္ပန် ကျန်တယ် (ဥပါဒါရုပ် ကျန်ပါတယ်)၊ ဥပါဒါရုပ်အား တပ်သော မဟာဘူတ် ၄-ပါး တမျိုး-ဆိုတော့ ၅-မျိုး ရှိသွားပြီ၊ ဒီ့ပြင် ခွဲစရာ မရှိတော့ဘူး၊ ဒါဘဲရှိတယ်။

မူတ်မိရဲ့လား၊ ဘုန်းကြီးပြောတာ၊ ဦးကောလိယ ခွဲကြည့်စမ်း။

ဦးကောလိယ။ ။(၁) အချင်းချင်းအားတပ်သော နာမကွန္ဓာ ၄-ပါး တမျိုး၊ (၂) အချင်းချင်းအား တပ်သော မဟာဘူတ် ၄ ပါး တမျိုး၊ (၃) အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ, ဟဒယဝတ္ထု တမျိုး၊ (၄) စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော နာမကွန္ဓာ ၄-ပါး တမျိုး၊ (၅) ဥပါဒါရုပ်အား တပ်သော မဟာဘူတ် ၄-ပါး တမျိုး။

ဆရာတော်။ ။အဲဒါ ပါဠိတော်လဲ ဖြစ်ကရော၊ အရကောက်လဲ ဖြစ်ကရော၊ ပဋ္ဌာဝါရမှာ ခွဲတာနှင့် မတူဘူးနော်၊ ပဋ္ဌာဝါရမှာ ကုသိုလ်, အကုသိုလ်, အဗျာကတ ဆိုပြီး တိကနှင့် ဝေဘန်ပြီး ခွဲတယ်၊ ဒီမှာတော့ သုဒ္ဓသင်္ခါ ရှိတာကလေးကို သာမန် ၅-မျိုး ခွဲတယ်။

ဒီဏာ၃ အချင်းချင်းအား တင်ဘဲ့ နာမကွန္ဓာ ၄-ပါးဆိုတာ စိတ် ၀၇, စေတသိက် ၅၂-ကို ခန္ဓာဖွဲ့လျှင် ဘယ်နှစ်ပါး ရမလဲ (၄-ပါး ရပါတယ်)၊ ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာ ခေါ်တဲ့ နာမ်တရားတွေကို ဖွဲ့တဲ့ ခန္ဓာ ၄-ပါး ပေါ်လာတယ်။

အဲဒီ ၄ ပါးသော ခန္ဓာတို့တွင် သတ္တဝါတယောက်ရဲ့ သန္တာန်မှာ ခန္ဓာ ၄-ပါး ပေါ်နေတဲ့အခါ ဝေဒနာကွန္ဓာ အကြောင်းပြုပြီးတော့ ပစ္စည်းတရား ထားပြီးတော့ ကြွင်းတဲ့ သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာတွေက ပစ္စယုပ္ပန် အနေအားဖြင့် တည်တဲ့လို့နေကြတာ။

ထိုနည်းတူစွာ သညာကွန္ဓာကို ပစ္စည်းအကြောင်းတရား ထားပြီးတော့ ဝေဒနာ, သင်္ခါရ, ဝိညာဉ်ခေါ်တဲ့ ခန္ဓာ ၃-ပါးကို သဟဇာတသတ္တိနှင့် ကျေးဇူးပြုထားလို့ သတ္တဝါသန္တာန်မှာ တည်နေတာ။

သင်္ခါရကို ပစ္စည်းထားလိုက်, ဝိညာဉ်ကို ပစ္စည်းထားလိုက် ဆိုတော့ နာမ်ခန္ဓာ ၄-ပါးတွင် တပါး ပစ္စည်း, ၃-ပါးက ပစ္စယုပ္ပန်။

ဒီတော့ ပဋ္ဌာဝါရတုန်းက ဘယ်နှယ်ဟောသတုံး၊ ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ- စသည်ဖြင့် ဒီလိုဟောသွားတယ် မဟုတ်လား(မှန်ပါ)။ အဲဒီသဘောဘဲ၊ ပြီးတော့ ပြောင်းပြန် ပြန်လိုက်ပြန်တော့ ၃-ပါးသော နာမကွန္ဓာတွေက ပစ္စည်းဖြစ်, တပါးသော နာမကွန္ဓာက ပစ္စယုပ္ပန်၊ ၂-ပါးက ပစ္စည်းမြစ်နေလျှင် ၂-ပါးက ပစ္စယုပ္ပန်၊ အဲဒါ အချင်းချင်းတပ်တဲ့ နာမကွန္ဓာ ၄-ပါး ခေါ်တယ်။

အဲဒီတော့ ဒီတရားကို မြတ်စွာဘုရားက ဒေသနာတော်တင်တော့ ဘယ်လို တင်ထားသလဲ သတိပြုကြစမ်းပါ၊ သဟဇာတ ပစ္စယောတီ၊ ပစ္စည်းတရားက ကာလဲ နာမကွန္ဓာ ၄-ပါး မဟုတ်လား (မှန်ပါ)။ နာမ်ခန္ဓာ ၄-ပါး ခေါ်တယ်၊ ခန္ဓာ ၄-ပါးကို ပါဠိစီတော့ စတ္တာရော ခန္ဓာ ဒါဘဲပေါ့၊နာမ်လို့ဆိုတာ ဘယ်သူလဲ မေးလျှင် ရူပ်မဟုတ်ကာ နာမ် မဟုတ်လား(မှန်ပါ)။ ဒါကြောင့် 'အရူပိနော'-လို့ ဝိဿဇဿနကည့်၊ ဒီကော့ ဘယ်လိုနေမလဲ "စတ္တာရော ခန္ဓာ အရူပိနော" (မှန်ပါ)။ ဒါကို ရေးထားတယ် နာမကွန္ဓာ ၄-ပါး။

ဂိုးပဋ္ဌင်းတို့ မျက်မှောက်မှာ ဖြစ်နေတဲ့ တရားကို မြတ်စွာဘုရားက ကိုယ်ဟောတ်ကိုင် ပါဠိစီတာ ၊ ဒေဝဒတ္တခိုးစရာ အင်မတန်ကောင်းပါတယ်၊ စတ္တာရော၊ ၄-ပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကြကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။

ပစ္စယုပ္ပန်ကတော့ 'အချင်းချင်းအား တပ်သော'လို့ ဆိုခဲ့တယ်မဟုတ်လား (မှန်ပါ)။ 'အညမညံ'-လို့ ပါဠိစီ၊ ပြီးသွားရော၊ အညမညံ-ကို မြန်မာပြန်တော့

ဘားတုံး (အချင်းချင်းအာ) ဒါဘဲပေါ့၊ သဟဇာတပစ္စယေန ပစ္စယော၊ သရွပ်က ဘယ်သူတုံး၊ အချင်းချင်း အားတပ်သော နာမကွန္ဓာ ၄-ပါး(မှန်ပါ)။

ထိုနည်းတူစွာ နံပါတ် ၂-က အချင်းချင်းအားတပ်သော မဟာဘုတ် ၄ ပါး၊ **အခုအတိုင်း** စီပေါ့၊ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

နံပါတ်-၃ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ, ဟဒယဝတ္ထု။

ပဋ္ဌိသန္ဓေ အကြောင်း

ပဋ္ဌိသန္ဓေနှင့် စပ်လာတော့ မြတ်စွာဘုရားက ပဋ္ဌာဝါရမှာ ပဋ္ဌိသန္ဓိကွဏေ-လို့ ကာလကြားပြီး ဟောတယ်၊ မှတ်ထားခဲ့ပါ (မှန်ပါ)။ ဒီမှာလဲ 'ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ'လို့ ဆိုတော့ ပဋ္ဌိသန္ဓိကွဏေ-လို့ ပေါသလား မေးလျှင် ဒေသနာတော် တမျိုး ပြောင်းတယ်၊ သြက္ကန္တိကွဏေ-တဲ့ ဟာထူးသလဲလို့ မေး-လျှင် သဘာဝအနေအားဖြင့် အတူတူဘဲ၊ ပရိယာယ် ထူးတယ်၊ ပဋ္ဌိသန္ဓိကွဏေ-ဆိုတဲ့ ပဋ္ဌိသန္ဓေဆိုတာ ဘာကိုခေါ်တာလဲ၊ ပဋ္ဌာဝါရဟုန်းက ဘုန်းကြီး ဓမ္မာသင့် ဓမ္မာထိုက်တဲ့ နေရာကလေးတွေမှာ ပဋ္ဌိသန္ဓေအကြောင်းတွေ စပ်ပြီး ကျယ်ကျယ်ဝင့်ဝင့် ပြောထားခဲ့ပါတယ်၊ အကျဉ်းချုပ်ကြီ-လျှင် ဘာလဲလို့မေးလျှင် ရဟန္တာမဖြစ်သေးတဲ့ သတ္တဝါမှန်သမျှ ဘဝဟောင်းဟခုကို ဖွန့်ပစ်ဟာကို ဘာ ခေါ်သလဲ သေတယ်လို့ ခေါ်တယ်၊ သေတယ်လို့ခေါ်တဲ့ စုတိနောက်မှာ ဘာ ဆက်ပေါ်လာသလဲ (ပဋ္ဌိသန္ဓေ ပေါ်ပါတယ်)။ ပဋ္ဌိသန္ဓေ ပေါ်လာတယ်။ ပဋ္ဌိသန္ဓေဆိုပြီး ဘဝသစ်တခု ပြောင်းသွားတယ်၊ နောက် အဲဒီဘဝသစ်ကတဲ့ ဘဝ ဟောင်း ဖြစ်ပြီး၊ နောက်တခါ သေပြန်ဟော့ စုတိ၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ရဟန္တာမဖြစ်သေးလျှင် စုတိနောက်က ဘာ ဆက်လာပြန်သတုံး (ပဋ္ဌိသန္ဓေ ပေါ်လာပါတယ်)။

ဒီတော့ စုတိနှင့် ပဋ္ဌိသန္ဓေ ခေါ်တဲ့ နာမ်တရား ၂-ခု အကြားမှာ ဘာစိတ် ရှိသလဲလို့ လိုက်ရှာရတယ်၊ စုတိနှင့် ပဋ္ဌိသန္ဓေအကြားမှာ ဘာစိတ်ရှိသလဲ မေး-လျှင် ဘာစိတ်မှ မခြားဘူး၊ စုတိပြီးလျှင် ပဋ္ဌိသန္ဓေက ဆက်ကာပေါ်လာတယ်။

ဒါကြောင့် ပဋ္ဌိသန္ဓိလို့ခေါ်တာ၊ ဘာခေါ်ကလဲ ဟေ-လျှင် ပဋ္ဌိ-နောက် ထပ် တဖန်၊ သန္ဓိ=ဆက်စပ်ရှိပြတဲ့တရား၊ ဘဝင်မခြားနိုင်ဘူ-နော်(မှန်ပါ)။ စုတိ မတိုင်ခင်သာ ဘဝင်ရှိလို့ ရနိုင်တယ်၊ စုတိနောက်မှာဆိုလျှင် ပဋ္ဌိသန္ဓေက ဆက်

လျက်ဘဲ၊ မရဏာသန္နဝိထိ [1] လိုက်ကြည့်လျှင် ဘယ်ကျမ်းကန် လိုက်ကြည့်ကြည့် ဒီဒေတိုင်း တွေ့ပါလိမ့်မည်။

ဒါကြောင့် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်တတ်တဲ့ သဘောကို ဘာခေါ်တယ် (ပဋ္ဌိသန္ဓေလို့ ခေါ်ပါတယ်)။

လူ့လောကက နားလည်နေတဲ့ ပဋ္ဌိသန္ဓေက တမျိုးမဟုတ်လား (မှန်ပါ)။ ဒုစရိုက ပြောတဲ့ ပဋ္ဌိသန္ဓေအဓိပ္ပါယ်က ဘာလဲ–**အဟောင်းအသစ် ဆက်စပ်မှု**။

ဦးပဋ္ဌင်းတို့ သဒ္ဒါသင်တော့ ရှေးဦးစွာ သင်ကြားရတဲ့ကျမ်းဟာ ဘာကျမ်းတုံး (သန္ဓိကျမ်းပါ)၊ သန္ဓိဆိုတာ ဘာလဲ၊ ဒ္ဒိန္ဒံ ပဒါနံ အန္တရံ အဒယောတ္ဘာ သမ္ဘာဝိယတိတိ သန္ဓိ–တဲ့ အဓိပ္ပါယ်က ဘာတုံး ပုဒ် ၂-ပါးတို့အကြားကို မမြင်စေမူ၍ စပ်ပြတဲ့သဘောကို သန္ဓိခေါ်တာ မဟုတ်လား (မှန်ပါ)။ အဲဒီသန္ဓိလိုဘဲ ဒီမှာ သန္ဓိကလဲ (မှန်ပါ)။

ဒီ ပဋ္ဌိသန္ဓိဆိုတာ ဘယ်လောက် မျှားပြားသလဲလို့ မေးလျှင် ဥပါဒ်, ဌီ, ဘင်လို့ ခေါ်တဲ့ ခဏငယ် ၃-မျက် အတွင်းသာ အဘိဓမ္မာနည်းက ခေါ်သည်၊ သုတ္တန် ပရိယာယ်နည်းအားဖြင့် ကြည့်လျှင် ဘယ်ထိအောင်ရှိသလဲ မေးလျှင် 'မိခင်ဝမ်းသို့ စရောင်သည့် အချိန်က စပြီးတော့ ဖွားမြင်သည့်တိုင်အောင်' ပဋ္ဌိသန္ဓေအချိန်ဘဲ၊ (မှန်ပါ)။ **အမေ့ဝမ်း**မှာ အောင်းနေသမျှ ကာလပတ်လုံး ပဋ္ဌိသန္ဓေစိတ်ရဲ့ ဥပါဒ် ဌီ ဘင်-ခဏငယ် ၃-မျက်ကိုပင်လျှင် ပဋ္ဌိသန္ဓေ ခေါ်တယ်။

အဲဒီပဋ္ဌိသန္ဓေကို ယခု ပစ္စုယနိဒ္ဒေသကျတော့ မြတ်စွာဘုရားက "သြက္ကန္တိက္ခဏော" လို့ ဟောတော်မူတယ်၊ ပရိယာယ်တမျိုး ပြောင်းတယ်လို့ ဘုန်းကြီးက ခုတင်က ပြောခဲ့တယ်၊ သြက္ကန္တိက္ခဏဆိုတာ အဝကန္တိ+ခဏ၊ အဓိပ္ပါယ် ဘာရောက်လာသလဲ မေးလျှင် သတိပြု၊ ဘဝဟောင်းကို စွန့်ပစ်၍ ဘဝသစ်သို့ ကူးပြောင်းမှုကို အဝကန္တိ ခေါ်တယ်၊ ဒါကြောင့် ဘဝဟောင်းကို စွန့်ပစ်၍ ဘဝသစ်သို့ ကူးပြောင်းတဲ့ အချိန်ခဏကလေးကို 'သြက္ကန္တိက္ခဏ' လို့ ခေါ်တယ် မှတ်ကြပါ။

ဒီ ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃-ချက် အတွင်းကလေးတွင် ပြောတာ အကြာကြီး မဟုတ်ပါဘူး။

ဒါ့ကြောင့် နံပါတ် ၃-ကို ဟောတော့မယ်ဆိုတော့ မြတ်စွာဘုရားက သြက္ကန္တိက္ခဏော-လို့ ကာလကြားလိုက်တယ်။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှာ-၃၁၉-ရှိ **အနန္တရဝိထိ** ပါဠိတော်အရကောက် ဇယားတွင်ကြည့်။

ပြီးတော့ ဦးပဉ္စင်းတို့ ရနေတဲ့တရားကို ကြည့်စမ်း၊ ပဥ္စဝေါကာရပဋ္ဌိသန္ဓေက နာမ်၊ ဟဒယဝတ္ထုက ရုပ်၊ နာမ်ရုပ် ၂-ပါး ပစ္စည်း ပစ္စယုပ္ပန် အပြန်အလှန် ဖြစ်တယ်၊ ဒါကြောင့်–သြက္ကန္တိက္ခဏော နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏော၊ ပဋ္ဌိသန္ဓေခဏာ၌။ နာမရူပံ၊ ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေ-နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အပြန်အလှန် အချင်းချင်း။ သဟဇာတပစ္စယေန ပစ္စယော။

မှတ်မိကြပါပြီနော် ၁-၂-၃၊ ပြီးတော့ ၁-ကို ပြန်ခဲ့၊ နာမ်မက္ခန္ဓာ ၄-ပါးက ပစ္စည်း, ပစ္စယုပ္ပန်က ဘာတုံး (စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်)၊ အဲဒီအချိန်ကျတော့ နာမက္ခန္ဓာ ၄-ပါးကို ခန္ဓာနှင့်မသုံးဘဲနှင့် သရုပ်ဖော်ပြီးတော့ မြတ်စွာဘုရားက ဟောတော်မူသည်၊ သရုပ်က ဘာတုံး၊ စိတ်နှင့် စေတသိက် မဟုတ်လား (မှန်ပါ)။ ဒါ့ကြောင့် စိတ္တစေတသိကာ ဓမ္မာ....တဲ့၊ ဒါက ပစ္စည်းတရား၊ နာမက္ခန္ဓာ ၄-ပါးကို သရုပ်ဖော်ပြီး ဟောတာနော် (မှန်ပါ)။ ပစ္စယုပ္ပန်က စိတ္တ-သမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ အပြန်အလှန် မရလို့ 'အညမညံ' လို့ မဟောတော့ဘူး (မှန်ပါ)။

ပြီးတော့ ၂-နံပါတ်က ဒုတိယပိုင်းကို ကြည့် မဟာဘူတာ၊ ဒါက ပစ္စည်း၊ ပစ္စယုပ္ပန်က ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော ဆိုလျှင် သဟ-ပါဠိတော် ကုန်သွားပြီ။

ကုန်သွားတော့မှ မြတ်စွာဘုရားက နံပါတ် ၁-မှာ တရားကို ကြည့်ပါ၊ ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာက ပစ္စည်းဖြစ်လျှင် ဟဒယဝတ္ထုက ပစ္စယုပ္ပန်။

အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတယ်ဆိုတာ ပဝတ္တိမှာလဲ ကျေးဇူးပြုနိုင်တယ်၊ ပဋ္ဌိသန္ဓေမှာလဲ ကျေးဇူးပြုနိုင်တယ်၊ ၂-ချိန်စလုံး ကျေးဇူးပြုလို့ ရတယ်။

ဟဒယဝတ္ထု ပစ္စည်းဖြစ်ပြီးတော့ ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာခေါ်တဲ့ နာမ်ကို ပစ္စယုပ္ပန်ကားတဲ့အခါမှာတော့ ပဋ္ဌိသန္ဓေအခါမှာသာ သဟဇာတသတ္တိက ကျေးဇူးပြုလို့ ရတယ်၊ ပဝတ္တိကာလကျတော့ ကျေးဇူးမပြုနိုင်ဘူး၊ နံပါတ်-၃ တရားကို ပြောနေတာနော် (မှန်ပါ)။

ပဥ္စဝေါရတုန်းက ဟဒယဝတ္ထု ၃-မျိုး ပြောခဲ့တယ် မဟုတ်လား၊ သဟ-ဇာတ ဟဒယဝတ္ထုသည် ဘယ်အချိန် ကျေးဇူးပြုသလဲ (ပဋ္ဌိသန္ဓေအခါ ကျေးဇူးပြုပါတယ်)။ အခုပြောနေတဲ့ ပဋ္ဌိသန္ဓေမဟုတ်လား(မှန်ပါ)။ ဝတ္ထုပုရေဇာတ ဟဒယဝတ္ထုသည် ပဝတ္တိအခါ ကျေးဇူးပြုတယ်(မှန်ပါ)။ ဝတ္ထာရမ္မဏ ဟဒယ-ဝတ္ထုသည် မရဏာသန္နအခါ ကျေးဇူးပြုတယ်၊ အခုဟာက သဟဇာတ ဟဒယ-ဝတ္ထု (မှန်ပါ)။

အဲဒါကို မြတ်စွာဘုရားက မှာတမ်းထုတ်တာ၊ သတိပြုကြပါ၊ နံပါတ် ၃-က တရားနော်(မှန်ပါ)။ ရူပိနော ဓမ္မာ-ပစ္စည်းတရား ဘယ်သူ့ရတယ်(ဟဒယဝတ္ထုရပါတယ်)၊ အရူပိနံ ဓမ္မာနံက ပစ္စယုပ္ပန်တရား၊ ဘယ်သူ့ရမလဲ၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ(မှန်ပါ)။ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နု သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော၊ ရူပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတရားတို့သည်။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေနာမက္ခန္ဓာတို့အား။ ကိဉ္စိ-ကာလေ၊ ပဋ္ဌိသန္ဓေအခါ၌သာ။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိ-ကာလေ၊ ပဝတ္တိကာလ၌၊ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ နု ဟောတိ၊ မဖြစ်။

အဲဒီ ကိဉ္စိကာလေ-ကလေးတွေကို ပဌမကြိုးတန်းမှာ မေးတတ်တယ်၊ သတိပြုမှတ်ရတယ်၊ ကုန်သွားရော မဟုတ်လား(မှန်ပါ)။

ပါဠိတော်မူရင်းက ၅-ချက်, မှာတမ်းက တချက်၊ ပေါင်း ၆-ချက် ရှိတယ် (မှန်ပါ)။ ဦးပညာနန္ဒ ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။သဟဇာတပစ္စယောတိ ။(ပ)။ သဟဇာတပစ္စယေန ပစ္စယော။

ဆရာတော်။ ။ကုန်သွားရော၊ အဲဒါရလျှင် နောက်ကို ရပြီးသား ဖြစ်မှ'တွေ အမျှားကြီး။ ကဲ ဒီနေ့ တော်ကြဦးစို့။

အဝိပတိပစ္စည်း အရကောက်

မနေ့က အာရုံမှာ အရကောက် ပြီးခဲ့တယ်၊ ဒီနေ့ အဝိပတိ သွားရအောင်၊ ဟောရိုး မစစ်ကြစို့နဲ့တော့။

ဆန္ဒာဝိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ ဟံသမုဋ္ဌာနာနဉ္စ ရူပါနံ အဝိပတိ-ပစ္စယေန ပစ္စယော။

ဆန္ဒာဝ်ပတိ ဟူသော ကတ္တားပါ၌ဖြင့် အကျဉ်းချုပ်ပြောလျှင် ဆန္ဒာဝိပတိ-ပစ္စည်းတရားကို ပြတော်မူ၏၊ ဒီတော့ ဒီအတိုင်း ကောက်သလား မေးတော့ ဆရာတော်ဘုရားကြီးက ဒီလို မကောက်ဘူး၊ ပဋ္ဌာဝါရတုန်းက ဘုန်းကြီးပြော ခဲ့တဲ့အတိုင်း ဆန္ဒသည် သာမညဆန္ဒက စိတ်ပေါင်းဘယ်လောက် ယှဉ်နိုင်သလဲ ဆိုထော့ ၆၉-ပါး၊ အဝိပတိတပ်တဲ့ ဆန္ဒကျတော့ သာဝိပတိတော ၅၂-ခုမှာ ယှဉ်တယ်ဆိုတာ သိစေဘို့ရာ ဆရာတော်ဘုရားကြီးက "ဆန္ဒာဝ်ပတိ ဟူသော

ကတ္တားပါ၍ဖြင့် သာဓိပတိဇော ၅၂ ခု၌ ရှိသော ဆန္ဒာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏"တဲ့။

ဆန္ဒသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္မဒါန် ပါ၍ဖြင့် သာဓိပတိဇော ၅၂၊ ဒါက စိတ်ကိုပြောတာနော် (မှန်ပါ)။ စေတသိက် အနေအားဖြင့် စဉ်းစားလျှင် သာဓိပတိဇော ၅၂-ခု, စေတသိက် ၅၂-မှာ လုံးဝ မပါတဲ့ မောဟမူဒ္ဓေမှာသာ ယှဉ်နိုင်တာ ဘယ်သူလဲ မေးလျှင် (ဝိစိကိစ္ဆာ)၊ သူကို ကြဉ်ရမယ်၊ ဝိစိကိစ္ဆာ တခုလျှင်တော့ ၅၁-ကျန်သေးတယ်၊ အဲဒီ ၅၁-ထဲမှာလဲ ပစ္စည်းတပ်နေတဲ့ဆန္ဒကို တခါသပ်ကြဉ်ပစ်ရတယ်၊ ပစ္စည်းဖြစ်နေတဲ့ တရားသည် ပစ္စယုပ္ပန် မဖြစ်နိုင်ဘူး၊ အဓိပတိမှာ ပြောတာနော် (မှန်ပါ)၊ 'ကေဝ္ဌဏော အဘာဝတော' ၁တဲ့၊ ပစ္စည်းဖြစ်တုန်း ပစ္စယုပ္ပန် မဖြစ်နိုင်ဘူး။

ဒါကြောင့် ဆန္ဒသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္မဒါန်ဖြင့် သာဓိပတိဇော ၅၂-ခု, ဆန္ဒ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ-သမ္မယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရူပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အဓိပတိပစ္စယေန ဟူသော ကရိုဏ်းပါ၍ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဆိုးတော့ သတိပ္ဋ္ဌာန်စမ်းပါ၊ ဘုန်းကြီးပြောပြမယ်၊ ဦးပဉ္စင်းတို့ သုဒ္ဓသခ်္ပါက ဘယ်လိုဆိုသတုံး– လတ်ကြီး (၇)နှင့် ဟေ-ဟာ-ဣ-မဂ် ပေါင်း (၁၃)၂၊ ဒီလို မဟုတ်လား (မှန်ပါ)။

ဟေ-ဟာ-ဣ-မဂ်-လို့ဆိုတော့ အခုကောက်နေတဲ့ ပစ္စည်းတဆုံးဟာ ဘာတုံး (ဆန္ဒ)၊ ဆန္ဒကြောင့် ဟေဘုပစ္စည်း ရပါ့မလား (မရပါ)၊ ပဋ္ဌာဝါရတုန်းက ဒါကို ပြောထားခဲ့တယ်နော် (မှန်ပါ)။ အာဟာရုကော ရပါ့မလား (မရပါ)၊ ဣန္ဒြိယ, မဂ္ဂကော (မရပါ)၊ မရနိုင်ဘူး၊ အဲဒါကို ကြပ်ကြပ် သတိထားကြပါ။

ဒါကြောင့် ပဋ္ဌာဝါရမှာ ဘုန်းကြီးက ဒီနေရာမှာ တပစ္စည်းကည်း ကောက်ခိုင်းတယ်၊ အခု ဦးပဉ္စင်းတို့ လက်ထဲမှာ ရှိနေမည့် စာအုပ်တွေက အဲဒီဟာတွေ အကုန်ထည့်ကောက်ထားလိမ့်မယ်။

ဒီတော့ ဘာထုတ်မလဲ မေးလျှင် အကြီး ၄-ပစ္စည်း ရနိုင်တယ်၊ အလတ် ၄-ပစ္စည်း ရနိုင်တယ်၊ ၇-ပစ္စည်း မနေဘူးလား (မှန်ပါ)၊ ကိုယ်တိုင် အဓိပတိနှင့် ဆိုတော့ ၉-ပစ္စည်း။

၁။ အဘိ၊ဌ၊၃၊နှ၊၃၆၀။

၂။ ဟောဆဲ အဓိပတိပစ္စည်းတွင် လတ်ကြီး (၇)နှင့် ဟေ-ဟာ-ဣ-မဂ် ထည့်ပေါင်း ၁၃ ဖြစ်သည်။

ဒါကြောင့် တပြိုင်နက် ယထာရဟ တပ်ဂကောင်းသော အဓိပတိ,သဟဇာတ, အညမည, နိဿယ, ဧပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ အတ္ထိ, အဝိဂတ ၉-ပစ္စယ တို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

တနည်းကား – အခဿာက်အတိုင်းဖြစ်လာအောင် ပြောမလို၊ တနည်းကား-ဆိုလျှင် ယခု ပြီးခဲ့တာက ဘာတုံး သဘာဝကရိုဏ်း မဟုတ်လား (မှန်ပါ)၊ ဃဋ္ဌနာကရိုဏ်း သွားဆိုလျှင် ဆန္ဒာဓိပတိ ဃဋ္ဌနာကို သွားကြည့်ပါလား၊ ဘာရသတုံး၊ ဦးပဏ္ဍင်းတို့ ဆိုရိုးကျက်သားတော့ ဆန္ဒာမိ-အဓိပတိ ဘဲ မဟုတ်လား (မှန်ပါ)။ ပဌမဃဋ္ဌနာမှာ အဓိပတိနှင့် ၄-ပစ္စည်း၊ ဒုတိယဃဋ္ဌနာမှာ အညမည, သမ္ပယုတ္တ၊ တတိယဃဋ္ဌနာမှာ ဝိပ္ပယုတ္တ-အလတ် ၃-ပစ္စည်း၊ သဝိပါကကျတော့ ဝိပါက ကိုး၊ ကုန်ရော မဟုတ်လား (မှန်ပါ)။

အဲဒါ ဒီမျှသာ ရနိုင်တယ်ဆိုတာ ဃဋ္ဌနာက ထပ်ပြီး အခေါ်အကိုးပြတယ် (မှန်ပါ)။ အဲဒီ ဃဋ္ဌနာ ၆-ချက်ကို တနည်းကား–ဆိုပြီး ထုတ်ရမယ်ဆိုတာ ထုံးစံအတိုင်း၊ သို့ပေမဲ့ ဃဋ္ဌနာရပြီး ဖြစ်၍ မဆိုပါနှင့်တော့။

ရှေကိုးပါ၊ စိတ္တာဓိပတိ-ဟူသော ကဏ္ဌားပါဌ်ဖြင့် သာဓိပတိဇော ၅၂-ခုဟု ဆိုအပ်သော စိတ္တာဓိပတိပဋ္ဌာန်းတရားကို ပြတော်မူ၏၊ စိတ္တသမ္ပယုတ္တကာနှင့် ဓမ္မာနုံ တံသမုဋ္ဌာနာနဉ္စ ရူပါနုံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့်....၊ ပစ္စည်းက စိတ်ဖြစ်နေတော့ ပစ္စယုပ္ပန် သမ္ပယုတ္တခန္ဓာထဲမှာ စိတ်ပါလို့ ရုပါဦးမလား (မရုပါ)၊ ပစ္စယုပ္ပန်မှာ ပစ္စည်းထိုက်တဲ့တရား မပါနိုင်ဘူး၊ ဒီတော့ ဘာရှိမလဲလို့ မေးလျှင် ဒီ ပစ္စယုပ္ပန်မှာ စေတသိက်သာ ရှိရတယ်၊ အဲဒီစေတသိက်က ဘယ်သူလဲမေးလျှင် ဝိစိကိစ္ဆာကြဉ်သော စေတသိက်ကေပညာသ သမ္ပယုတ္တခန္ဓာလို့ ဆိုပါ။

ဝိစိကိစ္ဆာကြဉ်သော စေတသိက်ကေပညာသ သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အဓိပတိပစ္စယေန ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော၊ အဲဒီမှာ ခုတင်က ၄-ပစ္စည်းကြည့်ပါ၊ ဟော-ဟာ-ဣ့် မဂ် ဆိုတယ် မဟုတ်လား (မှန်ပါ)။ အခု စိတ္တ ပစ္စည်းဖြစ်နေတုန်း ဒီ ၄-ပစ္စည်းထဲက ဘယ်သူ ရသင့်သလဲ (အာဟာရနဲ့ ဣန္ဒြိယ ရသင့်ပါတယ်)၊ ဟုတ်ပါ့မလားလို့ မေးလို့ ရှိလျှင် ဟုတ်လိုက်ကာမှ လွှန်လို့ ဃဋ္ဌနာလုမ်းမေးကြည့်စမ်းပါအုံး၊ စိတ္တာဓိ အကွက်မှာ ကြည့်ဦ (အာဟာရ, ဣန္ဒြိယ ကည့်ပါတယ်)၊ အဲဒါ အခေါ်အကိုး သာဓကဘဲ။

၁။ ပဌာန်းသိပ္ပံ၊ ဒု-တဲ့၊ နှာ-၁၂၀-ရှိ သဟဇေယ်ဃဋ္ဌနာ ၂၅၅-ဇယားတွင်ကြည့်။

ဒီတော့ ဘာရသလဲ အကြီး ၄-ပစ္စည်း, အလတ် ၄-ပစ္စည်း, ဟာ-ဣ-၂-ပစ္စည်းနှင့်ဆိုတော့ ၁၀-ပစ္စည်း ရှိသွားရော၊ ကိုယ်တိုင် အဓိပတိနှင့်ဆိုတော့ ၁၁-ပစ္စည်း။

ဒါ့ကြောင့် အဓိပတိပစ္စယေန ဟူသော ကရိုဏ်းပါဌ်ဖြင့် တပ်ပိုင်နက် ယထာ-ရဟ တပ်ကောင်းသော အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ- ဤ ၁၁-ပစ္စယသုတ္တိ တို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ထိုနည်းတူစွာ ဝိရိယာဓိပတိဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိဇော ၅၂-ခု၌ ရှိသော ဝိရိယာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။

ဝိရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သာဓိပတိဇော ၅၂ ခု, ဝိရိယ ဝိစိကိစ္ဆာကြည်သော စေတသိက် ပညာသ သမ္ပယုတ္တခန္ဓာလို့ ဆို၊ သမ္ပယုတ္တခန္ဓာကလေး ပါပါစေ (မှန်ပါ)။ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရူပ် ပစ္စယုပ္ပန်တရားကို ပြခဲတော်မူ၏။

ကရိုဏ်းပါဌ်ထုတ်ဖို့ကြည့်ပါ၊ ဝိရိယပစ္စည်းအဖြာဖြာနှင့် ဟေ-ဟာ ဣ-မဂ် ထဲက ဘယ်သူရနိုင်မလဲ (ဣ-မဂ် ရပါဘယ်)၊ ဣန္ဒြိယနဲ့ မဂ္ဂ ရတယ်၊ ဘာဖြစ်လို့လဲ မေးလျှင် သူ့ရဲ့ ပစ္စည်းတရားချင်းလဲ တူနေတယ်၊ ဃဋ္ဌနာ မေးကြည့်တော့ ဘာတွေ့သလဲ 'ဝိရိယာဓိ-ဓိ-ဣ-မဂ်'လို့ တွေ့တယ်၊ အဲဒီလိုကလေးတွေ နှိုးနှောတတ်ပါစေ။

ဒီတော့ ခုတင်ကလိုဘဲ ၁၁-ပစ္စည်းနေမယ်၊ ခုတင်က အာဟာရ, ဣန္ဒြိယ၊ အခုဟာက ဣန္ဒြိယနှင့် မဂ္ဂ။

ပြီးတော့ ဃဋ္ဌနာကို ဟနည်းကား-ဆိုပြီး ကရိုဏ်းထုတ်ရတယ် သိနိုင်လောက်ပါပြီ၊ ဒီမှာတော့ မဟုတ်တော့ပါဘူး။

ဝိမံသာဓိပတိ ဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိ တိဟိတ်ဇော ၃၄-ခု၌ ရှိသော ဝိမံသာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။ ဝိမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သာဓိပတိ တိဟိတ်ဇော ၃၄-ခု- အဲဒီမှာ သတိပြုကြစမ်းပါ၊ တဲ့ဟိတ်ဇောထဲမှာ ဝိဒိကိစ္ဆာ ရှိ-မရှိ လင်းပါးဘို့ မလိုးတာ့ဘူး၊ မရှိနိုင်တဲ့တရားဘဲ (မှန်ပါ)။ ဒီတော့ သူနှင့် ယှဉ်နိုင်တဲ့ စေတသိက်ကလဲ ဒွေပညာသ မဟုတ်ဘူး အဌတိံသသာ ရှိတာ၊ အဲဒီ အဌတိံသမှာ ပစ္စည်းထိုက်နေတာက ဘယ်သူလဲ (ဝိမံသ)၊ သူကို ကြည့်ရှုံဘဲ။

ဒါကြောင့် သာဓိပတိတိဟိဘ်ဇော ၃၄-ခု, ဝိမံသကြဉ်သော စေတသိက် သတ္တတိ သ-သမ္မယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ကရိုဏ်းပါ၌ ထုတ်၊ ဝိမံသက ပစ္စည်းဖြင့်နေတယ် မဟုတ်လား (မှန်ပါ)၊ ဟေ-ဟာ-ဣ-မဂ် ၄-ပစ္စည်းထဲမှာ ဘယ်သူရမလဲ၊ (ဟေတုဌာန်ဒြိယ,မဂ္ဂ ရပါတယ်)။ မရတာက (အာဟာရ မရပါ)။ ဦးပဉ္စင်းတို့ ကျက်ထားတဲ့ ဃဋ္ဋနာကြည့်ပါ၊ ဝိမံသာဓိ-မှာ ဘယ်လိုပြသလဲ (ဟေ-မ်-ဣ-မဂ်)၊ အဲဒါ သေချာနေတာ ဘဲ၊ ဒီဟော့ သူက လယ်လောက်ရှိမလဲ ပစ္စည်းပေါင်း (၁၂-ပစ္စည်း ရှိပါတယ်)။ ၁၂-ပစ္စယသတ္တိတ္ဌ်တွင် ဆိုပြီး ထုတ်ဟောပါ။ ဦးဉာဏ ဟောစမ်းပါ။

ဦးဉာဏ။ ။ဆန္ဒာဓိပတိ ဟူသော ကတ္တားပါ၌ဖြင့်။ပ။ပြတော်မူ၏။

ဆရာတော်။ ။ယခုပြီးသွားတာက ဘာလဲ သဟဇာတာဓိပတိ၊ အာရမ္မဏာ-ဓိပတိ ပါဠိတော်က ဘယ်လိုတဲ့တုံး၊ (ယံ ယံ ဓမ္မံ ဂရုံ ကတ္တာ)၊ နောက်နိဂုံးက အာရမ္မဏာဓိပတိ ပါဠိတော်တဲ့၊ အဲဒီလို အသိအမှတ်ပြုထားကြပါ။

ဒီတော့ သူကို ကောက်ချင်လျှင် သတိပြုကြပါ၊ ခုတင်က ကောက်သွားတဲ့ သဟာဓိ ၄-ချက်လုံးမှာလဲ နောက်က ဃဋ္ဋနာ၊ ရိုဏ်းတွေ ၆-ချက်စီ ရှိတယ်ဆိုတာ နားလည်ထားကြပါ၊ ဒါမှ အရကောက်ကြည့်တော့လဲ သိပါတယ်။

ယံ ယံ ဓမ္မံ ဟူသောပါဠိဖြင့် အနိယမအားဖြင့် ပစ္စည်းက အလေးအမြတ်ပြုအပ်သော-မဟုတ်လား (မှန်ပါ)။ ကျဉ်းကျဉ်းကောက်မလို့၊ အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားကို ပြုတော်မူ၏။ ဖော်ချင်လျှင် ဃဋ္ဋသင်္ခါပစ္စည်းဘက်က တရားတွေ အကုန်ဖော်ရတယ်နော် (မှန်၂ါ)။ ရှေ့ဆုံးခန့်မှာဗိုးလို့ မပေါ်ဘာ၊ ပြီးတော့လဲ လာဦးမှာ တခါက်။

ဒါကြောင့် ယံ ယံ ဓမ္မံ ဟူသောပါဠိဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းတရားကို ပြုတော်မူ၏။ ယေ ယေ ဓမ္မာ ဟူသောပါဠိဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုတတ်သော အာရမ္မဏာ-ဓိပတိပစ္စယုပ္ပန်တရားကို ပြုတော်မူ၏။

စိတ္တ စေတသိကာ ဓမ္မာ ဟူသောပါဠိဖြင့် ဒီမှာ သတိပြုကြပါ၊ ဟိုတုန်းက တော့ အာရမ္မဏိက ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)။ အခုတော့ အာရမ္မဏာ-ဓိပတိ ပစ္စယုပ္ပန် နာမကွန္ဓာသရုပ်ကို ပြုတော်မူ၏လို့ ကိုယ့်နာမည်ကလေး ကိုယ် ပြန်ပြောင်းပြီး ထုတ်တာဘဲ။

တေ တေ ဓမ္မာ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယံ ယံ ဓမ္မံ ဟူသောပါဠိ ဖြင့် မှတ်အပ်ပြီးသော အလေးအမြတ် ပြုအပ်သော အားရှိ ၆-ပါး ပစ္စည်းတရား ကို ပြတော်မူ၏။

တေသံ တေသံ ဓမ္မာနံ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယေ ယေ ဓမ္မာ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုတတ်သော အာရမ္မဏာ-ဓိပတိ ပစ္စယုပ္ပန်ကို ပြတော်မူ၏။

အဓိပတိပစ္စယေန-ဟူသော ကရိုဏ်းပါဠိဖြင့် ဘာပစ္စည်းလို နားလည်ထား သတုံး၊ အာရမ္မဏာဓိပတိ မဟုတ်လား၊ (မှန်ပါ)။ ဆိုလိုက်ပါလား သုဒ္ဓသခ်္ခ ကလေးကို၊ အာဓိသုဒ္ဓသခ်္ခ ဆိုရမယ် မဟုတ်လား၊ (မှန်ပါ)။ သူ့ကိုဆိုပြီး တော့ ကရိုဏ်းပါဠိ ဘယ်နှစ်ပစ္စည်း ထွက်လာမလဲ (၃-ပစ္စည်း ထွက်ပါတယ်)။

ဃဋ္ဋနာကနေပြီး ဘုန်းကြီး တနည်းပြောပါဦးမယ်၊ အဓိပတိ ပစ္စည်းကို သဟတုန်းက သဟဃဋ္ဋနာ ၆-ချက်စီဆိုတော့ ခုတင်က ၂၄-ချက် ပြီးသွားပြီ မဟုတ်လား၊ (မှန်ပါ)။ ဒီ့ပြင် အဓိပတိဃဋ္ဋနာတွေ ဘယ်မှာရှိသလဲလို့ ကြည့် လျှင် မိဿကမှာ ၃-ချက် မရှိဘူးလား၊ (ရှိပါတယ်)။ ပကိဏ်းမှာကော ၃-ချက် ရှိတာဘဲ။

မိဿက ၃-ချက်က အာဓိချည်း သန့်သန့် ဟောထားဘာ ဟုတ်ရဲ့လားလို့ မေးလျှင် မဟုတ်ပါဘူး၊ သဟာဓိ, အာပုဓိ၊ သဟာဓိ, ဝတ္ထာဓိ၊ သဟာဓိ၀ိပ်, ဝတ္ထာဓိ၊ ရောလျက်ဟောထားတယ်၊ (မှန်ပါ)။ ဒီတော့ ဒီမှာ ဒီကရိုဏ်းကို မိဿကဃဋ္ဋနာထုတ်လို့ မရဘူး၊ ပကိဏ်းက ဃဋ္ဋနာကို ထုတ်ပါ။

ပကိဏ်းမှာ ဃဋ္ဋနာ ၃ ချက်ရှိတာ ဘယ်သူလဲလို့ ကြည့်ပါလား၊ (အာဓိ, အာပုဓိ, ဝတ္ထာဓိ)၊ အဲဒီ ၃-ချက်ကို အခု ဒီမှာထုတ်မှာ (မှန်ပါ)။

ဒါကြောင့် အာဓိသုဒ္ဓသခ်္ခ ဆို၊ တပြိုင်နက်တပ်ကောင်းသော ၃-ပစ္စယ-သတ္တိတို့တွင်....ဒီလိုဆို (မှန်ပါ)။

ပြီးတော့ အာပုဓိသုဒ္ဓသခ်္ခ ဆို၊ ၆-ပစ္စယသတ္တိ ထုတ်။

ဝတ္ထာဓိသုဒ္ဓသခ်္ခ ဆို၊ ၇-ပစ္စယသတ္တိ ထုတ်။

ကရိုဏ်းပါဠိကို ၃-ဆင့်ထားပြီး ထုတ်ပါ၊ သူ့မှာ သဘာဝကရိုဏ်းရယ်လို့ မလာတော့ဘူး၊ ဃဋ္ဋနာကရိုဏ်း ၃ ချက်သာ ဆဲ့ထုတ်လာတယ်၊ အရဂေါက် ကိုလည်း ကြည့်ကြပါ၊ ဦးကောလိယ ဟောစမ်းပါ။

ဦးကောလိယ။ ။ယံ ယံ ဓမ္မံ ဟူသော ပါဠိဖြင့်။ (ပ)။ ပြတော်မူ၏။

ဆရာတော်။ ။ဃဋ္ဋနာကရိုဏ်းက တပြိုင်နက်ချည်းဘဲ၊ သဘာဝကရိုဏ်းဖြစ် လျှင် တပြိုင်နက်ယထာရဟ၊ အဲဒါကို သတိထားကြပါ။

အနန္တရပစ္စည်းအရကောက် ပဋ္ဌာန်းဝိဿဇဇနာ

ပြီးတော့ ဘယ်သွားသလဲ၊ အနန္တရပစ္စည်း၊ ဝိထိကိုဘဲ သွားကြည့်ပါ[1]၊ စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပဋ္ဌာဝါရကတဆုံးတွေ့ပြန်ဟောနေတာဘဲ၊ အခုလိုဟာကလေးက နည်းနည်း ပါးပါးကလေး ပါဘာ၊ ဦးပဋ္ဌင်းတို့ ခုတင်က ဆင်ခြေနှာကရိုးကိုးတွေ့ ထုတ်တယ် ဆိုတာလဲ ပဋ္ဌာဝါရက သုဒ္ဓသခ်္ပါဘဲ မဟုတ်လား (မှန်ပါ)။ ဟိုတုန်းက သုဒ္ဓ သခ်္ပါရနေလျှင် ဒီမှာလဲ ရှုနေတာပါဘဲ၊ ယခုလို အနန္တရလို့ စတဲ့ အပိုင်း ကလေးကတော့ ပဋ္ဌာဝါနဲ့ မတူဘူးပြောပါတော့၊ သီးသန့်ထုတ်ယေ၊ သီးသန့်ထုတ်တော့ကော သူက ခက်သလားလို့မေးတော့ ဦးပဋ္ဌင်းတို့ ငိုထိမြင်ကြ သားဘဲ စက္ခုဝိညာဉ်ဒွေက ပစ္စည်း, သမ္ပဋ္ဌိစ္ဆိုင်း ဒွေက ပစ္စယုပ္ပန်၊ သမ္ပဋ္ဌိစ္ဆိုင်း ဒွေက ပစ္စည်း, သန္တီရဏ ၃-ခုက ပစ္စယုပ္ပန်၊ ကောက်တော့ ဓာတ်နှာမည် ဖွဲ့ထားတာ ရှိတာဘဲ၊ တရားကိုယ်ကတော့ သူတို့ဘဲ (မှန်ပါ)။

ဒါကြောင့် စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ-ဟူသော ကတ္တား ပါဌ်ဖြင့် စက္ခုဝိညာဉ်ဒွေ, သဗ္ဗစိတ္တသာဓारณစေတသိက် ၇-ခု ပစ္စည်းတရားကို ပြတော်မူ၏။ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-ဟူသော သမ္ပဒါန်ပါဌ် ဖြင့်....အဲဒီမှာ မနောဓာတ် ၃-ခုလို့ မဆိုနိုင့် ဒီမှာရေးထားတဲ့ တရားကို ဆိုရ တယ် (မှန်ပါ)။ သမ္ပဋ္ဌိစ္ဆိုင်းဒွေဟာ ဆိုအပ်သော မနောဓာတ်, ဆန္ဒ ပီတိ ဝီရိယ ကြည်ညိုသော အညသမာနံ့ စေတသိက် ၁၀၊ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေန-ဟူသော ကရိုက်ပါဌ်ဖြင့်... ဆင်ပြီး ကရိုက်ထုတ်မည် ကြံ တော့ အနန္တရမျိုးနှင့် ဝိထိတွေကို ဘုန်းကြီး ပြောထားတာကလေး နည်းနည်း ပြန် လေ့လာကြစမ်းပါ၊ ဘုန်းကြီးပြောပြမယ်။

အနန္တရမျိုးထဲမှာ နောက်လိုက်ပစ္စည်း အနေအားဖြင့် ဘယ်သူရှိသလဲ (အာသေဝနနှင့် အနန္တရကမ္မ)ရှိပါတယ်။

သတိပြုနားထောင်ကြပါ၊ ဒါ ဘာမှခက်တာမဟုတ်ဘူး၊ ဒီငိုထိတွေ့အနေနှင့် ကြည့်တော့ ဝဋ်ထိမှာ မဲကပစ္စည်း, ဖိုလ်က ပစ္စယုပ္ပန်၊ ဒီ ပစ္စည်း, ဒီ ပစ္စယုပ္ပန် သည်သာဖြင့် အနန္တရကမ္မတရား၊ အဲဒီနေရာက လွဲလို့ရှိလျှင် ဘယ်ငိုထိမှာမှ အနန္တရကမ္မ မရှိဘူး၊ အာသေဝန မေးကြည့်လျှင် ဘယ်မှာလဲမေးလျှင် ဇောထဲ မှာ၊ ဇောတောင်မှ ဖိုလ်ဇောက လုံးဝမရဘူး။

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊နှာ-၃၁၉-၌ အနန္တရဝိထိ ပါဠိတော်အရကောက် ဇယားကြည့်။

ဒီတော့ ဇောမဟုတ်တဲ့နေရာမျိုး၊ အခုကောက်နေတာ ဇောဟုတ်ရဲ့လား (မဟုတ်ပါ)၊ အဲဒီလို ဇောမဟုတ်တဲ့ နေရာမျိုးဖြစ်နေလျှင် ဘယ်ပစ္စည်း ဘယ်ပစ္စယုပ္ပန် ကောက်ကောက် အာသေဝန ဘယ်တော့မှ မရဘူး။

ဒါဟာ ကိန်းသေ သတ်မှတ်ထားတဲ့နည်း (မှန်ပါ)။ ဆိုလိုရင်းက ဘာလဲ အနန္တရကမ္မဆိုတာ မဂ် ပစ္စည်း, ဖိုလ် ပစ္စယုပ္ပန်၊ အာသေဝနဆိုဟာက ဇောမှာ သာ ရတယ်၊ ဇောတွင်လဲ ဖိုလ်ခေါ်တောင် မရနိုင်ဘူး။

အခု ဒီနေရာမှာ အာသေဝနလဲ မဆိုင်ဘူး၊ အနန္တရကမ္မလဲ မဆိုင်ဘူး-ဆိုတော့ အနံ ၅-ပစ္စည်းဘဲ ရတော့မယ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် ကရိုဏ်းပါဠိ ထုတ်လျှင် တပြိုင်နက် ဘယ်နှစ်ပစ္စည်း ရမလဲ (၅-ပစ္စည်း ရပါတယ်)၊ အဲဒါ ကိန်းသေ မှတ်ထားပေါ့။

ပြီးတော့ သတိပြုပါဦး၊ ဒီပစ္စယုပ္ပန်ကိုဘဲ ပစ္စည်းပြန်လုပ်မယ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် သမ္ပဋိစ္ဆိုင်း ဒွေဟုဆို အပ်သော မနောဓာတ်, ဆန္ဒ ပီတိ ဝီရိယကြည်သော အညသမာန်း စေတသိက်-၁၀ ပစ္စည်းတရားကို ပြတော်မူ၏၊ ခုတင်က ပစ္စယုပ္ပန်သည် အခု ပစ္စည်း ပြန်ဖြစ်တယ်။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-ဟူသော သမ္ပဒါန်ပါဌ် ဖြင့်....ဆိုရာမှာလဲ မနောဝိညာဏဓာတ်က ၇၆-ပါးတောင်ရှိတယ်၊ ဒါတွေ အကုန် ရမှာလားလို့မေးလျှင် ဒီဝိထိမှာပါတဲ့ စာလုံးဘဲကောက်၊ ဒါကြောင့်....သန္တီရဏ ၃-ခုဟု ဆိုအပ်သော မနောဝိညာဏဓာတ်, ဆန္ဒ ဝီရိယကြည်ယာ အညသမာန်း စေတသိက် ၁၁ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ကရိုဏ်းပါဌ်ကို ခုတင်ကအတိုင်း တပြိုင်နက် ၅-ပစ္စည်းထုတ်။

နောက်လာမည့် ဃာနဓာတု-ဃာနဗီဇာ ကာယဝိညာဉ် တို့မှာလဲ ဒီအတိုင်းဘဲ နေမှာပေါ့ (မှန်ပါ)။ ဦးပညာနန္ဒ....စက္ခုဝိညာဉ်တခု ကောက်ကြည့်စမ်းပါ။

ဦးပညာနန္ဒ။ ။စက္ခုဝိညာဏဓာတ်ကို အဃက်ကအတိုင်း အရကောက်သည်။

ကုပဒ ၂-ချက်

ဆရာတော်။ ။ပြီးရောပေါ့၊ အနန္တရမှာ ပဋ္ဌာဝါရဏက် ပိုလာတာ ဒီတရား ကလေးဘဲ ရှိတယ်၊ သတိပြုကြပါ၊ ကျန်တာတွေက ဘာတုံး....ပုရိမာ ၃-ချက် မဟုတ်လား၊ (မှန်ပါ)။ အဲဒီ ပုရိမာ ၃-ချက်ကို ပဋ္ဌာဝါရအတိုင်း အကျဉ်းအကျယ် ၂-မျိုး ကောက်ရတယ်၊ ကုသလပဒက ၂-ချက်, အကုသလပဒက ၂-ချက်, အဗျာကတပဒက ၃-ချက် ပဋ္ဌာဝါရအတိုင်း

ဘာမှမထူးဘူး၊ အကျဉ်းကောက်တာရော, အကျယ်ကောက်တာရော၊ စာနှာတဲ့ ပုဂ္ဂိုလ်တွေက မှားသံကြားလျှင် ဖမ်းပြီးထောက်ကြပါ၊ ကုသလပဒ ၂-ချက်ကို ဦးသူရိယ ကောက်စမ်းပါ။

ဦးသူရိယ။ ။ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ဟူသော ကတ္တားပါ၍ဖြင့် ။(ပ)။ ပြတော်မူ၏။

မှတ်ရန်။ ။ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော-တွင် ကရိုဏ်းပါ၍ကောက်ရာ၌.... တပြိုင်နက်တည်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ ဤ ၅-ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိ-ဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏လို့ ကောက်ပါ။

အနန္တရကမ္မ ကျန်နေသည့်အတွက် ၎င်းကို သီးခြားခွဲ၍....

မဂ္ဂါနန္တရဖိုလ် ၄-ခုအား တပ်သော မဂ် ၄-ခု စေတနာဖြစ်အံ့၊ တပြိုင်နက်တည်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, ကမ္မ, နတ္ထိ, ဝိဂတ ဤ ၆-ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ဃဋ္ဋနာထုတ်နည်းဆိုတာ အဲဒါခေါ်တယ်၊ ပဠာဝါရတုန်းက တော့ တပြိုင်နက် ယဃာရဟ-ဆိုပြီး ၆-ပစ္စည်းထုတ်တယ်၊ အခုဒီမှာ ပစ္စယနိဒ္ဒေသကျတော့ တပြိုင်နက် ၅-ပစ္စည်းက အနံ့ ဆိုတဲ့ ဃဋ္ဋနာ၊ နောက်ထုတ်တဲ့ ဃဋ္ဋနာက ဘယ်သူလဲ၊ အနံ့ကမ္မ။ နားလည်ကြရဲ့နော် (မှန်ပါ)။ ပကိဏ်းမှာရှိတယ် မဟုတ်လား၊ အနံ့, အာသေ, အနံ့ကမ္မ လို့ ၃-ချက် (မှန်ပါ)။ အဲဒါကို ထုတ်ပြတယ်၊ ကုဗျာ၌ တပြိုင်နက် အနံ့ ၅-ပစ္စည်း၊ ဃဋ္ဋနာက အနံ့ကမ္မ-ထုတ်ပြီးတော့ ၆-ပစ္စည်း၊ ဒါကလေး ထူးတယ်နော်။

အကုပဒ ၂-ချက်

ဦးပဉ္စင်းတို့ နာဌံနာကြတော့ပေါ့၊ ဘပါးကဘဲ ဟောပါ၊ အကုပဒ ၂-ချက် ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ။(ပ)။ပြတော်မူ၏။

ဆရာတော်။ ။အကုဗျာမှာ ၅-ပစ္စည်းဘဲရတယ်၊ အကု အကု-တုန်းက ၆-ပစ္စည်း၊ တပြိုင်နက်ချည်းဘဲ၊ ဘာမှ စိတ်က စိုးရိမ် ကြောင့်ကြဘူ

၁။ ပဌာန်းသိပ္ပံ၊ ဒု-တွဲ၊ နှာ-၂၀၀-၌ ပကိဏ္ဏကဃဋ္ဋနာ ဇယားတွင်ကြည့်။

မရှိစေရဘူး၊ စာဆိုတဲ့အခါမှာ သတိပြုရတယ်၊ ကိုယ်ဆိုနေတဲ့ နေရာကလေးကို ဒီဝိထိမှာ ဆိုနေတယ်ဆိုလျှင် ဒီဝိထိကလေးကို အာရုံကစိုက်ထားရဘယ်၊ ဒါဟာ နဂိုရ်တုန်းကလဲ ကျက်ခဲ့တာမှ မဟုတ်ဘဲ၊ သဘောအားဖြင့် သင်ပြထားခဲ့တာတွေ ဖြစ်တော့ ပေးထားတဲ့နည်းကို ဦးကျောက်ထဲမှာ ထည့်ထားရတယ်၊ ဦးကျောက်ဆိုတာ ဦးပဉ္စင်းတို့ ယခု ခေတ်သုံးနေတဲ့ အသုံးကို ပြောတာပါ၊ ပေးထားတဲ့ နည်းကလေးကို ကိုယ့်ဉာဏ်ထဲက ပိုင်ပိုင်အောင် ယူထားရတယ်။

ပြီးတော့ စာဆိုပြီဟော့ ဆိုတဲ့ အခါကျတော့ လောမကြီးပါနှင့်၊ အခု အဆိုခိုင်းကြည့်တယ်၊ ၂-ပါး ရှိသွားပြီ၊ မဆိုတတ်တာ မဟုတ်ပါဘူး၊ ဆိုတတ်ပါတယ်၊ ရှေ့ကို လောကြီးနေတာနှင့် မှားတယ်, ထစ်ငေါ့ဖြစ်လာတယ်၊ စိတ်ကူးက လွှန်လွှန်သွားတယ်၊ မရောက်ခင် စာကို စိတ်က ကူးထားတော့ ဒီက ပါးစပ်ကဆိုတော့ အလွဲဖြစ်တတ်ရော၊ ဒါကြောင့် စိတ်ချ လက်ချ ဒ္ဒိ သင်ထားတဲ့နည်းရှိတယ် ဆိုပြီးတော့ ဆိုပါ၊ စာနာတဲ့ပုဂ္ဂိုလ်တွေကလဲ ဒီအတိုင်း အာရုံပြုရတယ်၊ လောမကြီးရဘူး၊

ဗျာပဒ ၃-ချက်

ပြီးတော့ ဗျာပဒ ၃-ချက်၊ မျှားတယ် ဂရုစိုက်ပြီး ဖြေးဖြေးချင်းသာ ဆို။ ဦးဉာဏဝရ ဟောစမ်းပါ။

ဦးဉာဏဝရ။ ။ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် ။ပ။ အနုန္တရ ပစ္စယေန ဟူသော ကရိယာပါဌ်ဖြင့် အနုန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ ဤ ၅-ပစ္စယ သတ္တိတို့တွင် အနုန္တရ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ဒီမှာ အာသေဝန မရှိဘူးလားမေးလျှင် ရှိတယ် မဟုတ်လား(မှန်ပါ)။ ရှိတော့ သူ့ကို သီးသန့် ထပ်ထုတ်ရတယ် ဃဋ္ဋနာ၊ ဘယ်လို ထုတ်မလဲ မေးလျှင် အာသေဝန ဗျာဗျာတုန်းက ဘယ်လို ဆိုသတုံး၊ ပဌမဇောကြဉ်သော နောက်နောက်သော ကြိယာဇော အဌာရသ အား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော အဌာရသ ပစ္စည်းတရားဖြင့်အံ့၊ ပဌာဝါရတုန်းက ဒီလိုလာတယ်မဟုတ်လား(မှန်ပါ)။ အဲဒီအတိုင်း ဆိုပြီးတော့ တပ်ပြီင်နက် ၆-ပစ္စည်းထုတ်။

အတူဘူဘဲ၊ သတိပေးရုံ ဘုန်းကြီးက အရှုတ်ခိုင်းနေတာ၊ အတူတူဘဲလို့ ပြောလိုက်လျှင်တော့ ပြီးပါရဲ့ အတူတူတင် ကျက်ထားလို့တော့ မဖြစ်ဘူး၊ ဒီလို ပြန်ဆိုရမယ်ဆိုတာ နားလည် သဘောပေါက်ထားကြပါ။

အခု ဒီမှာ ဘာထူးလဲ မေးလျှင် ခုတင်တုန်းက ကုဗျာတုန်းက အနုံကမ္မ တဆင့်ထုတ်တယ်၊ အခု ဗျာဗျာ-မှာ အာသေဝနုထုတ်တယ်၊ အဲဒါမှတ်ထားပါ၊ ရှေ့ဆက်ကောက်ပါ။

ဦးဥာဏဝရ။ ။ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသ-လာနံ ဓမ္မာနံ အရ, အကုသလာနံ ဓမ္မာနံ-တို့အရကို ကောက်သည်။

ဆရာတော်။ ။ဒါတွေ ရလဲ ရပြီးသားဘဲ၊ ဦးပဉ္စင်းတို့အားလုံး ဟိုတုန်းက ပါ၊စပ်က ကြေညက်နေအောင် ဆိုရိုးတဆပ်, အရကောက်တဆပ်နှင့် ဆိုထားတာ ဒီအတိုင်းချည်းဘဲ လာတယ်၊ ဒါကို ပြီးပြန်ပြီလို့ ပစ်မထား နှင့်၊ ဆဝါရက လာဦးမှာ အဲဒါကို ပြန်ကောက်မှာ၊ တကြိမ် တွေ့ဦး မယ်လို့ မှတ်ထားကြပါ။

ကဲ...နိုဂုံး ကြည့်ကြစမ်းပါ၊ ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ မ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယောဟု။ ယေသံ ယေသံ ဓမ္မာနံ အနန္တရာ-ဟူသော ပါဠိ ဖြင့် သုဒ္ဓသင်္ချာအတိုင်းဆိုတာပါဘဲ (မှန်ပါ)။ ဖော်ဆိုလျှင် အနိယမအားဖြင့် ရဟန္တာတို့၏ စုတိကြည်သော ရှေးရှေးသော စိတ် တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ နာမကွန္ဓာ ၄-ပါး ပစ္စည်းတရားကို ပြတော်မူ၏၊ သုဒ္ဓသင်္ချာကလဲ ဒါဘဲရတာဘဲ မဟုတ်လား စိတ်, စေတသိက်။

ယေ ယေ ဓမ္မာ-ဟူသောပါဠိဖြင့် အနိယမအားဖြင့် ရဟန္တာတို့၏ စုတိနှင့် တကွ နောက်နောက်သော စိတ် တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ နာမကွန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားကို ပြတော်မူ၏၊ တချို့လဲ စိတ် စေတသိက် မထည့်တော့ဘူး၊ နာမကွန္ဓာ၄-ပါးလို့ သာမန်ကလေးဘဲ ဆိုပါတယ်။

စိတ္တစေတသိကာ ဓမ္မာ-ဟူသောပါဠိဖြင့် အနန္တရပစ္စယုပ္ပန် နာမကွန္ဓာသရုပ်ကို ပြတော်မူ၏။

ခုတင်က အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်၊ အခုဟာက ဘာပစ္စယုပ္ပန်တဲ့တုံး (အနန္တရပစ္စယုပ္ပန်)။

တေ ဘာ ဓမ္မာ-ဟူသောပါဠိဖြင့် နိယမအားဖြင့် ယေသံ ဟူသောပါဠိ ဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့၏ စုတိကြည်သော ရှေးရှေးသော စိတ် တခု ယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ နာမကွန္ဓာ ၄-ပါး ပစ္စည်းတရားကို ပြ၊တော်မူ၏။

တေသံ တေသံ ဓမ္မာနံ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယေ ယေ ဓမ္မာ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်

နောက်သော စိတ် တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ နာမကွန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ကရိုဏ်းပါဠိထုတ်၊ သတိပြုကြပါ၊ ပကိဏ်းမှာရှိတဲ့ ဃဋ္ဋနာ ၃-ချက် မဟုတ်လား (မှန်ပါ)။ အစဉ်အတိုင်း ဆိုပြီး ထုတ်ပါ။

အခုဟာက အနန္တရပစ္စည်း ပစ္စည်း ပစ္စယုပ္ပန်ကို ဆိုပြီးသားဖြစ်နေပြီ မဟုတ်၊ လား (မှန်ပါ)။ ဒီတော့ သရုပ်မပေါ်နှင့်တော့၊ သူ့အတွက် အနန္တရပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက်ဟပ်ကောင်းသော ဘယ်နှစ်ပစ္စည်းတုံး (၅-ပစ္စည်းပါ)။ တပြိုင်နက် ယဿာရဟာဆိုလျှင် အနန္တရ ၇-ပစ္စည်းစလုံး ဝင်နိုင်တယ် ဒီအချိန်မှာ (မှန်ပါ)။ သို့ပေမဲ့ တပြိုင်နက်သာဆိုလိုက် ၅-ပစ္စည်း။

ပြီးတော့ အာသေဝနသုဒ္ဓသခ်္ခါ ဆိုး၆-ပစ္စည်း။အာသေဝနတုံးတယ်(မှန်ပါ)။

နောက် အနန္တရကမ္မသုဒ္ဓသခ်္ခါ ဆိုး၊ ကမ္မနှင့် ၆-ပစ္စည်း။

ဦးပညာနန္ဒ ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။နိုဂုံးကို တခေါက်ဟောသည်။

ဆရာတော်။ ။ကုန်သွားရော၊ သမနန္တရလဲ ဒီအတိုင်းကောက်ရပါတယ်၊ ဒီနေ့ ပြီးကာ အဓိပတိနှင့် အနန္တရ။

ပါဠိတော်မှာ မနေ့က သဟ-ပြီးသွားတယ် မဟုတ်လား၊ (မှန်ပါ)။ ပြန်ဆက်ကြရအောင် အဲဒီဃယားဘဲ ပြန်ကြည့်၊ အစဉ်အတိုင်း ပါဠိဘော်။

အညမညပါဠိတော်ဟောပုံ

ပဋ္ဌာဝါရတုန်းက ဘုန်းကြီးပြောခဲ့တယ်၊ သဟကြီးအတွက် ပေးထားတဲ့ သုဒ္ဓသခ်္ခါ ၁-၂-၃၊ ပစ္စည်းက တကွက်၊ ပစ္စယုပ္ပန်က ၂-ကွက်ရှိတယ်၊ အဲဒီ ၂-ကွက် တို့တွင် နောက်ဖြစ်တဲ့ ပစ္စယုပ္ပန်ကို ကွယ်လိုက်လျှင် ဘာဖြစ်တယ် (အညမည သုဒ္ဓသခ်္ခါ ဖြစ်ပါတယ်)။

ဒီလိုဆိုတော့ ဖတ်ကြည့်တော့ ဘာတုံး၊ အချင်းချင်းအား တပ်သော နာမကွန္ဓာ ၄-ပါး, အချင်းချင်းအား တပ်သော မဟာဘုတ် ၄-ပါး (မှန်ပါ)။ နံပါတ် ၃-က အတူတူဘဲ မဟုတ်လား၊ (မှန်ပါ)။ ဒီတော့ မနေ့က သရုပ်ခွဲတော့လဲ ရှေ့ ၃-ပိုဒ်က ပါဘဲမဟုတ်လား (မှန်ပါ)။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ-နှာ-၂၂၂-ရှိ သဟကြီးလတ်ပါဠိတော် သုဒ္ဓသခ်္ခါ ဃယားကြည့်။

ဒီလို နားလည်ထားလျှင် အညမညပါဋ္ဌိတော်ဟာ အဲဒီ ၃-ပိုဒ်ဝ. ရှိတယ် ဘယ်သူတွေ့လဲလို့ မေးလျှင် အညမညပစ္စယောတိ ၎င်တွာရော ခန္ဓာ အရှုပ်နော.... ဒီလိုမဟုတ်လား (မှန်ပါ)။ မနေ့ကတော့ သဟဇာတပစ္စည်းမို့ 'အညမည'လို့ ထည့်ရတယ်၊ ဒီနေ့ ကိုယ်တိုင်က အညမညပစ္စည်း ဖြစ်နေတော့ 'အညမည'လို့ ထည့်မနေနှင့်တော့၊ စတ္တာရော ခန္ဓာ အရှုပ်နော အညမညပစ္စယေန ပစ္စယော၊ 'အညမည'လို့ ထည့်ဘို့မလိုဘူး (မှန်ပါ)။ စတ္တာရော မဟာဘူတာ အညမည-ပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော၊ အဲဒါ အညမညပါဋ္ဌိတော် ပြီးနေပြီ၊ မှတ်ဆားပါ လွယ်ပါတယ်၊ ပြီးတော့မှ ပေါင်း ဟောရအောင်။

နိဿယပစ္စည်း ပါဋ္ဌိတော်ဟောပုံ

ပြီးတော့ နိဿယပစ္စည်း၊ နိဿယသည် ပဠာဝါရတုန်းက အကျဉ်းအားဖြင့် ဘယ်နှစ်မျိုးပြောခဲ့တယ်(၂ မျိုးပြောခဲ့ပါတယ်)သဟနိ,ပုရေနိလို့ ၂-မျိုးပြောခဲ့ တယ်၊ သဟနိဆိုတာ သဟဇာတဘဲမဟုတ်လား (မှန်ပါ)။ မနေ့တုန်းက ပြော ခဲ့တဲ့အတိုင်း နိဂုံးမပါဘဲနှင့် မှာတမ်းမပါဘဲနှင့်ဆိုလျှင် သဟဇာတပါဋ္ဌိတော်က ဘယ်နှစ်ပိုဒ်တုံး (၅-ပိုဒ်ပါ)၊ ခုတင်တုန်းက အညမည ၃-ပိုဒ်အပြင် စိတ္တစေတ-သိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော-လို့ ဒါ ပိုလာမယ် (မှန်ပါ)။ အညမဟုတ်ဘူး သဟအတိုင်းမှာ (မှန်ပါ)။မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော-ပေါ့ (မှန်ပါ)။ ရှေ့ ၃-ပိုဒ်က သဟ အတိုင်း ဟောရတယ်၊ အညမညံနှင့်တကွ (မှန်ပါ)။ ဒါက သဟနိ ပြီးရော ပေါ့၊ နားလည်လောက်ပါတယ် နော်၊ မထူးတာတွေ့ သိပ်မပြောပါရစေနှင့် ခတော့။

ပုရေနိ-ပြောရအောင်၊ ပုရေနိ-ရေးထားတာလဲ ပဠာဝါရတုန်းက ရှိတယ်၊ သို့ပေမဲ့ ဒီကနေ မှန်းကြည့်စမ်းပါ၊ လွယ်လွယ်ကလေးပါ၊ သတ္တဝိညာဏခေတ် အား တပ်သော ဆဝတ္ထု ဒီလိုမဟုတ်လား (မှန်ပါ)။ လွယ်ပါတယ်၊ မှန်းပြီး တော့ ကြည့်လျှင်ကို ရပါတယ်။

စက္ခုဝိညာဏခေတ်အား တပ်သော စက္ခုဝတ္ထု၊ ဒီလိုခဲ့တယ် မဟုတ်လား (မှန်ပါ)။ (ပေယျာလ) ကာယဝိညာဏခေတ်အား တပ်သော ကာယဝတ္ထု၊ မနောခေတ်, မနောဝိညာဏခေတ်အား တပ်သော ဟဒယဝတ္ထု (မှန်ပါ)။

ဟိုမှာတော့ ကုသိုလ်, အကုသိုလ်တွေ့ ခဲ့ဘားတော့ ဟဒယဝတ္ထုပစ္စည်း နှင့် ပဒါဝသာန ၃-ချက် ထွက်မလာဘူးလား (ထွက်လာပါတယ်)၊ ဒီမှာတော့ မလိုပါဘူး၊ မနောခေတ်, မနောဝိညာဏခေတ်အား တပ်သော ဟဒယဝတ္ထု (မှန်ပါ)။ ဒါမြင်နေလျှင် အဲဒါကို ပါဋ္ဌိတော် စီရုံပေါ့။

ခုတင်က ဘာဆုံးမယ်၊ မဟာဘူတာ ဥပါဒါရူပါနဲ့ နိဿယပစ္စယေန ပစ္စယော၊ စက္ခာယတနံ စက္ခုဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ မမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ သောတ, ဃာန, ဇိဝှါ, ကာယာယတနံ ကာယ-ဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ဒီလိုနေမယ် မဟုတ်လား (မှန်ပါ)။

သတိပြုကြပါ၊ ဟဒယဝတ္ထု ပစ္စည်း မဟုတ်လား (မှန်ပါ)။ ယံ ရူပံ နိဿာယ ဒီမှာ ယံ ရူပံ-အရ ဘယ်သူကိုခံ့သလဲ မေးလျှင် ဟဒယာတ္ထု၊(မှန်ပါ)။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ ပါဠိတော်စီပုံ။

ပဌာဝါနုတုန်းကတော့ ကုသိုလ်, အကုသိုလ်, အဗျာကတ ခုမျိုး ခွဲထားတယ်၊ မနောဓာတ်, မနောဝိညာဏဓာတ်မှာ (မှန်ပါ)။ ဒီမှာဆိုတော့ ပေါင်းပြီးတော့ မကျဉ်း မကျယ် ဟောခဲ့သည်။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

အဲဒါပါဘဲ၊ ဘာမှ မမျှားပါဘူး၊ အညမညပစ္စည်းက စဋ္ဌ ဦးပဏ္ဏာ ဟောကြည့်စမ်းပါ။

ဦးပဏ္ဏာ။ ။အညမညပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမည-ပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမည ပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

နိဿယပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။ စိတ္တေစတသိကာ ဓမ္မာ စိတ္တာဝမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။ စက္ခာယတနံ စက္ခုဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ (ပ)။ ကာယာယတနံ ကာယဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ-ပစ္စယေန ပစ္စယော။

ဆ-ဝါရ အနုလုံ သုဒ္ဓသင်္ချာ

ဆရာတော်။ ။ပါဠိတော် ၂-ပစ္စည်း၊ ရှေကို ပါဠိတော် မဆက်ပါနှင့်ဦး၊ ဆဝါရ အနုလုံ သုဒ္ဓသင်္ချာ ဖတ်စမ်းရအောင်။

ဟေတု, မဂ္ဂ-ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ လို့ ရေးထားတာ တွေ့ကြတယ် မဟုတ်လား (မှန်ပါ)။ မဂ္ဂ-ပါတယ်လို့ မှတ်ထားပါ၊ ဟေတုတင် ဆိုရအောင်။

ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒ္ဓေ၌ မောဟကြောင့်သော သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်။

ဦးပဋ္ဌင်းတို့ စဉ်းစားခဲ့လျှင် ဆဝါရ အနုလုံ သုဒ္ဓသင်္ချာဆိုတာဟာ ဘာလဲ လို့မေးလျှင် ပဋ္ဌာဝါရ ဟေတုရဲ့ ပစ္စယုပ္ပန်တရားတွေဘဲ၊ ပဋ္ဌာဝါရ ဟေတု သမ္မယုတ္တခန္ဓာမှာ တရားဘယ်သူလဲလို့ မေးတော့ အခုပြောတဲ့ သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒ္ဓေ၌ မောဟကြောင့်သော ဧကတသိက်ဒ္ဓပညာသ သမ္မယုတ္တခန္ဓာဘဲ မဟုတ်လား (မှန်ပါ)။ အဲဒီ ပဋ္ဌာဝါရက ပစ္စယုပ္ပန်တရားတွေ ဒီမှာ ယူထားတယ်လို့ နားလည်ပါ။

ဒါ စဉ်းစားခဏ်း ဖွင့်စဆုံးကခလေးတွေဟာ၊ တမျိုးသားပြန်ပလားလို့ ထင်မနေနှင့်၊ ပစ္စည်းမပါဘဲနှင့် ပစ္စယုပ္ပန်တရားမျှကိုသာ ရှေးပြီး ဆိုနေတယ်၊ ဒါကြောင့် သတိပြုကြပါ ဆိုပုံကို။

ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမမြစ်သော တရားတို့ မည်ကုန်၏။

ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏ မဟုတ်ဘူးနော်၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမမြစ်သော တရားတို့ မည်ကုန်၏။ ပစ္စည်းရေတွေ ဘာတွေလဲ မလိုတော့ဘူး၊ 'သင်္ချာ နဝ, သတ္တရသ, တိဏိ-ဟူသည်တည်း' လို့ သင်္ချာ ၃-မျိုး ထုတ်လာတယ်၊ ဇယားသွားကြည့်ပါ၊ ဆဝါရ အနုလုံ သုဒ္ဓသင်္ချာ ဇယား....တဲ့ (မှန်ပါ)။

ဝါရ	ငါးခြင်း	ခ-ကြိုးအ			ခ-ကြိုး			ဗျာပဒ-၅					အကုန်-၃			ခ-ပဒ			ပစ္စည်း
		ငါးခြင်းအ	ရဲ	ဘယ	ငါးခြင်း	ရဲ	ဘယ	ငါးခြင်းအ	ရဲ	ဘယ	ငါးခြင်း	ရဲ	ဘယ	ရဲ	ငါးခြင်း	ငါးခြင်း	ရဲ	ဘယ	
ပဋ္ဌာန်	၉	॥	॥	॥	॥	॥	॥					॥	॥			॥			ဟေတာဒီ ၁၂
ပစ္စယ	၁၂	॥	॥	॥	॥	॥	॥	॥	॥	॥	॥		॥	॥	॥	॥	॥	॥	
သံသင်	၃						॥											॥	
ပဋ္ဌာန်	၃						॥											॥	အာ-နံ-၂ အည
ပစ္စယ	၂						॥	॥	॥			॥			॥			॥	ဥပ-ပုရ-အာသေ
သံသင်	၃						॥											॥	သံ-နတ်-ဝိဂ-၁၀
ဆဝါရ	၁						॥												ဝိပါ-၁

အဲဒါ ဒီနေ့ ပေးလိုက်တာကလေး ရလျှင် နောက်ကို သခ်ျာက ကျက်ခဏ်း မရှိသလောက် ဖြစ်သွားမယ်၊ တမျိုးတည်းလိုလိုဘဲ၊ အားလုံးတော့ ၂-မျိုးစီ လောက် ရှိပါဘယ်။

သခ်ျာ ၃-မျိုးထုတ်တယ်၊ သတိပြုနားထောင်ကြစမ်းပါ၊ 'နဝ, သတ္တရသ, တိဏိ ဟူသည်တည်း' ဆိုတော့ နဝက တမျိုး, သတ္တရသက တမျိုး, တိဏိ က တမျိုး မဟုတ်လား (မှန်ပါ)။ နဝ-ဟာ ဘယ်သူလဲလို့ အဲဒီဇယားမှာ သတိပြုပြီးတော့ ကြည့်ပါ၊ ကုသလပဒမှ ၃-ချက်, အကုသလပဒမှ ၃-ချက်, ဗျာပဒက တချက်, ကုဗျာပဒက တချက်, အကုဗျာပဒက တချက်။

ဒါက ဒီဇယားပေါ် တည်ပြီး ဘုန်းကြီးက ပြောနေတာ၊ လွယ်အောင်းပြော လျှင် ပဋ္ဌာဝါရ သဟဇာတပစ္စည်းတုန်းက သခ်ျာ ဘယ်လောက်ထွက်သလဲ (နဝ ထွက်ပါတယ်)၊ အဲဒီ နဝပါဘဲ၊ ကု ၃-ချက်, အကု ၃-ချက်, ဗျာတချက်, ကုဗျာဘချက်, အကုဗျာတချက် မဟုတ်လား (မှန်ပါ)။

သို့ပေမဲ့ ဟိုတုန်းကတော့ ဒီနဝကို ကုသလော ကုသလဿ, ကုသလော အဗျာကတဿ စသည် ဆိုတယ်မဟုတ်လား (မှန်ပါ)။ ဒီကျတော့ သတိပြုပါ၊ ကုသလေန ကုသလ,ကုသလေန အဗျာကတတ, ကုသလေန ကုသလာဗျာကတ၊ အကုသိုလ် ဒီအတိုင်းဆို၊ အဗျာကတေန အဗျာကတံ, ကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အဗျာကတံ... ဟူသည်တည်း....လို့ ဆို၊ ဒီ ၉ ချက်က ပဋ္ဌာဝါရတုန်းက သဟဇာတ နဝကိုရလျှင် ရှုပြီးသားလို့ မှတ်ကြပါ၊ ဒါက နဝအတွက်။

သတ္တရသ ဟူသော်ကား....ဆိုတော့ ကု ၃-ချက် ခုတင်ကအတိုင်းဘဲ၊ အကု ၃-ချက်လဲ ခုတင်က နဝထဲပါတဲ့အတိုင်းဘဲ၊ ဗျာ ၅-ချက်ရှိရာမှာ ရှေ့ ၃-ချက် သည် ပဋ္ဌာဝါရတုန်းက နိဿယပစ္စည်းတို့,ပုရေဇာတတို့မှာ ရတဲ့ ဗျာ ၃-ချက်ဘဲ (မှန်ပါ)။ ဒီတော့ ဘာတုံး အဲဒီဟာက–အဗျာကတေန အဗျာကတံ, အဗျာ-ကတေန ကုသလံ, အဗျာကတေန အကုသလံ,....ဒီလိုမဟုတ်လား (မှန်ပါ)။ နောက်ပြီးတော့ ပိုနေတာက ဦးပဋ္ဌင်းတို့ မှတ်စဆုက ၂-ချက် ပါတယ်၊ အဗျာ-ကတေန ကုသလာဗျာကတံ, အဗျာကတေန အကုသလာဗျာကတံ....ဒီလို မဟုတ်လား (မှန်ပါ)။

သတ္တရသ ၁၇-ချက်သာဆိုတယ်၊ ဒီမှတ်စဆုက ဒီနားမှာ ယခု ၂–ချက်တည်း တွေ့ခဲသးတယ်၊ ကျန်တာက ပဋ္ဌာဝါရက ပြီးပြီးသားတွေ။

ပြီးတော့ ကုဗျာပဒမှာ ၃-ချက်ရှိရာတွင် ရှေ့ ၂-ချက်သည် ပဋ္ဌာဝါရက ပါပြီးသား၊ ကုသလာဗျာကတေန ကုလလံ ဆိုတာ နိဿယ, အတ္ထိ, အဝိဂတ

ပါတဲ့၊ သဟပုရေ-မိဿကသင်္ချာ မဟုတ်လား (မှန်ပါ)။ ကုသလာဗျာကတေနဲ့ အဗျာကတံ ဆိုတာလဲ ခုတင်က သဟမှာ ပါသွားပြီမဟုတ်လား (မှန်ပါ)။ နောက်ပိုတာက တချက်ရှိတယ် ကုသလာဗျာကတေန ကုသလာဗျာကတံ (မှန်ပါ)။ အကု ၃-ချက်ကလဲ ဒီအတိုင်းပေါ့၊ အကုသလာဗျာကတေန အကုသလံ, အကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အကုသလာဗျာကတံ၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ပြန် ကြည့်ကြစမ်းပါ၊ ကုက ၃-ချက်, အကုက ၃-ချက်, ဗျာက ၅-ချက်, ကုဗျာ ၃-ချက်, အကုဗျာ ၃-ချက် ပေါင်း ၁၇-ချက်။

တီကာ တမျိုးကျန်သေးတယ်၊ တီကာ-ဟူသော်ကား အဲဒါကတော့ **အညမညတို့** ရတဲ့ တီကာပါဘဲ၊ ကုသလေန ကုသလံ, အကုသလေန အကုသလံ, အဗျာ-ကတေန အဗျာကတံ။

အဲဒီတပစ္စည်းကို အခုပြောတဲ့ သင်္ချာ ၃-မျိုး ကြေနေအောင် ကျက်ရလိမ့်**မယ်နော်**၊ ဦးသူရိယ တခေါက်ဖတ်စမ်းပါ။

ဦးသူရိယ။ ။ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာ၀ါရဌ် သဟိတ်စိတ် ဧကသတ္တတိ, **မောဟမူဒ္ဓေ**ဌ် **မောဟ**ကြဉ်သော သဟိတ်ပ၀တ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ-နဝ, သတ္တရသ, တီကာ-ဟူသည်တည်း။

နဝ-ဟူသော်ကား ကုသလေနကုသလံ, ကုသလေန အဗျာကတံ, ကုသလေန ကုသလာ ဗျာကတံ၊ အကုသလေန အကုသလံ, အကုသလေန အဗျာကတံ, အကုသလေန အကုသလာဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာ-ဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ-ဟူသည်တည်း။

သတ္တရသ-ဟူသော်ကား ကုသလေန ကုသလံ, ကုသလေန အဗျာကတံ, ကုသလေန ကုသလာဗျာကတံ၊ အကုသလေန အကုသလံ, **အကုသ**လေန **အ**ဗျာကတ, **အ**ကုသလေန **အ**ကုသလာဗျာကတ၊ **အ**ဗျာကတေန ကုသလံ, **အ**ဗျာကတေန **အ**ကုသလံ, **အ**ဗျာကတေန ကုသလာ-ဗျာကတံ, **အ**ဗျာကတေန **အ**ကုသလာဗျာကတံ၊ ကုသလာဗျာကတေန ကုသလံ, ကုသလာဗျာကတေန **အ**ဗျာကတံ, ကုသလာဗျာကတေန ကုသလာ-ဗျာကတံ၊ **အ**ကုသလာဗျာကတေန **အ**ကုသလံ, **အ**ကုသလာဗျာကတေန **အ**ဗျာကတံ, **အ**ကုသလာဗျာကတေန **အ**ကုသလာဗျာကတံ-ဟူသည်တည်း။

တိဏိ-ဟူသော်ကား ကုသလေန ကုသလံ, အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ-ဟူသည်တည်း။

ဒီနေ့ ဒီတပစ္စည်းထဲ ပေးပါ့မယ်၊ နောက်နေ့တွေ့လဲ စာအုပ်ကလေးတွေ ယူလာ**ကြ**ပါ၊ ဟေတုသုဒ္ဓသင်္ချာ ကုန်သွားရော။

ကဲ....ဒီနေ့ တော်ကြဦးစို့။

သဟဇာတပစ္စည်း အရကောက်

မနေ့က အနန္တရ ကောက်ပြီးပြီ၊ သမနန္တရသည့် အနန္တရနှင့် ပါဠိတော်တူသလို အရကောက်လဲ အတူတူဘဲ၊ သဟဇာတပစ္စည်း ကောက်ရအောင် သဟ**ကြီ**း လတ် ဇယား[1]ကို ပြန်ကြည့်ပါ။

သဟဇာတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ-ပစ္စယေန ပစ္စယော-စသည်ဖြင့် ဟောထားတဲ့ ပါဠိတော်၊ ပဠာဝါရကောက်နည်း အတိုင်းဆိုလျှင်တော့ ဘာကောက်မလဲ၊ အချင်းချင်းအားတပ်သော နာမကွန္ဓာ ၄-ပါး လုပ်ရုံပေါ့ (မှန်ပါ)။

သတိပြုနားထောင်ကြစမ်းပါ၊ သုဒ္ဓသင်္ချာကို ဆိုရိုးပြင်တာ၊ ပဠာဝါရ**ကော**က်နည်းဆိုလျှင် ဘာတုံး အချင်းချင်းအားတပ်သော ဆိုလျှင် ပြီးနေတယ်ဟုတ်**လား** (မှန်ပါ)။ အဲဒီ အချင်းချင်းဆိုတဲ့ မြန်မာကို ပါဠိစီထားတာက **အော**က်နားက ဇယား သွားကြည့်တော့ ဘယ်လိုတွေ့နေသလဲ၊ **ဧ**ကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဒီလိုမဟုတ်**လား** (မှန်ပါ)၊ ၃-ပါးအားတပ်သော တပါး၊ တပါးက ပစ္စည်း, ၃-ပါးက ပစ္စယုပ္ပန်၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ-တပါးအား တပ်သော ၃-ပါး၊ **ဒွေ** ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ ၂-ပါးအားတပ်သော ၂-ပါး၊ ပဠာဝါရ တုန်းက ဟောတာပြောတာ (မှန်ပါ)။

အဲဒီ ပါဠိတော်အသွားကို ကြည့်ပြီးတော့ ပစ္စယနိဒ္ဒေသကျတော့ **အ**ဲဒီ **အ**တိုင်း ဆိုရိုးပြင်ထားတယ်၊ ဘာဖြစ်လို့ ပြင်သလဲဆိုတာ လိုက်ပြီးတော့ **အ**ကြောင်းရှာတော့ ဒီပါဠိတော်ကို ကြည့်ပြီး ပြင်တာ။

ဒါ**ကြော**င့်–စတ္တာရော ခန္ဓာ **အ**ရူပိနော-ဟူသော ကတ္တားပါဌ်ဖြင့် ၃-ပါး ၃-ပါးသော နာမကွန္ဓာ**အာ**း တပ်သော ဒါက **ဧ**ကော တိဏ္ဏံ-**အ**ရနော်(မှန်ပါ)။ ပြီးတော့ တပါးတပါး**ဧ**သော နာမကွန္ဓာ**အာ**း တပ်သော ၃-ပါး ၃-ပါး**သော** **နာ**မကွန္ဓာ၊ ဒါက ပစ္စယုပ္ပန် **တ**ပါးထားတော့ ပစ္စည်းက ၃-ပါး(မှန်ပါ)။ ၂-ပါး

---

[1]။ ပဋ္ဌာန်းသိမ်ပ်ီ၊ ပ-တွဲ၊ နှာ-၂၂၂-ရှိ သဟ**ကြီ**းလတ် ပါဠိတော်ဗီ သုဒ္ဓသင်္ချာ**ဇ**ယား**ကြ**ည့်။

သဟဇာတပစ္စည်း အရကောက် ၅၁

၂-ပါးသော နာမက္ခန္ဓာအားတပ်သော ၂-ပါး ၂-ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

ဘာတွေ့ရှိသလဲမေးလျှင် စိတ် ၇၉, စေတသိက် ၅၂-ဘဲ စတ္တာရော ခန္ဓာ အရှုပ်နော-အရဟာ (မှန်ပါ)။

အညမညံ့-ဟူသော သမ္ပယုတ္တပါဠိဖြင့် ၃-ပါး ၃-ပါးသော နာမက္ခန္ဓာ, တပါး တပါးသော နာမက္ခန္ဓာ, ၂-ပါး ၂-ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဒီတရား ဘယ်က လာခဲ့သလဲ မေးလျှင် ခုတင်ကပြောတဲ့ အချင်းချင်းအား တပ်သော နာမက္ခန္ဓာ ၄-ပါးဆိုတာ နားလည်အောင် သတိပြုထားကြပါ (မှန်ပါ)။

အဲဒီလို ပစ္စည်းနှင့် ပစ္စယုပ္ပန် ကောက်ပြီးတော့ ပစ္စယသတ္တိ သိချင်တော့ ဘယ်နှယ်လုပ်မလဲလို့ မေးလျှင် မူရင်းက ဘာတုံ အချင်းချင်းအား တပ်သော နာမက္ခန္ဓာ ၄-ပါး မဟုတ်လား (မှန်ပါ)။ အဲဒီ အချင်းချင်းအား တပ်သော နာမက္ခန္ဓာ ၄-ပါးဆိုတာ အကြီး ၄-ပစ္စည်းမှာ ရှိနေသလို ဒီတရားမျိုး အလတ်ထဲမှာ ဘယ်သူရှိသလဲ မေးလျှင် အညမညနှင့် သမ္ပယုတ္တ ၂-ပစ္စည်းမှာ ရှိတယ်၊ ဝိပါကမှာကော မရှိဘူးလား (ရှိပါတယ်)။ ရှိပါတယ်၊ တစိတ်တဒေသ ရှိတယ်။

ဒီတော့ ဒီမှာ ရနေတာက စိတ် ၇၉, စေတသိက် ၅၂-ကို ယူထားခြင်းကြောင့် ကရိယာပါဠိထုတ်ချင်လျှင် တပြိုင်နက်ထုတ်အုံ၊ အကြီး ၄-ပစ္စည်းနှင့် ညှဉ်းပေါင်း ၆-ပစ္စည်း။

ဒါ ဘယ်ကရသလဲ မေးလျှင် ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာက ရနေတဲ့စကား (မှန်ပါ)။

ပြီးတော့မှ အကောက်ခံ ရာကော်ဘုရားကြီးက ဝိပါကပစ္စည်းကို တပြိုင်နက်သွင်းလိုက် အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋ္ဌာနေ-နာမက္ခန္ဓာ ၄ ပါး ဖြစ်အုံ့-ဆိုကော့ ကုသိုလ် အကုသိုလ် ကြီယာတွေ့ မပါတော့ဘူး မဟုတ်လား (မှန်ပါ)။ ဒီအချိန်မှာ ဝိပါက တပြိုင်နက် ဝင်လာရမယ် မဟုတ်လား (မှန်ပါ)။ ခုတင်က ၆-ပစ္စည်းဆိုလျှင် အခု ၇-ပစ္စည်း ဖြစ်သွားရော (မှန်ပါ)။

အဲဒါ အခကောက်ဆရာတော်ဘုရားကြီး ဘာတွေလုပ်နေတာလဲလို့ မေးလျှင် သတိပြုပြီးတော့ သဟကြီးလတ် ဃဋ္ဌနာဇယားကို ပြန်ကြည့်စမ်း။

အသုံးချတတ်ကြပါစေ၊ ဘုန်းကြီးက အသုံးချစရာနေရာ ရှာပေးနေတာ၊ ကျက်ထားရုံကျက်ထားလို့ မမှတ်မိတတ်ပါဘူး။

သဟကြီးလတ် ဃဋ္ဌနာဇယား[1]တွင် အဝိပါက အကွက်မှ ၃-နံပါတ်အကွက်ကို ကြည့်၊ ဘာရေးထားသလဲ ခေါင်းစီးက သမ္မယုတ္တ မဟုတ်လား၊ (မှန်ပါ)။ သမ္မယုတ္တဆိုတော့ ဘယ်နှယ်လုပ်ပြီး သုဒ္ဓသခ်္ခါခေါ်မလဲ သမ္မယုတ္တသုဒ္ဓသခ်္ခါ မှာ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ ခုတင်တုန်းက ကောက်ထားတဲ့ တရားဟာ ဒါဘဲမဟုတ်လား၊ (မှန်ပါ)။ **အဲ**ဒီကအောက်ကို ပုဒ်မကလေးတွေ ရှောက်ကြည့်စမ်း ဘယ်နှစ်ခုရှိသလဲ (၆-ခု ရှိပါတယ်)။ ခုတင်က ကရိုဏ်းပါဌ်က အဲဒါဘဲ (မှန်ပါ)။

နားလည် သဘောကျအောင် စဉ်းစားတတ်ပါစေ၊ ခုတင်က ကရိုဏ်းပါဌ်က ၆-ပစ္စည်းဘဲ အထုတ်ခိုင်းတယ်မဟုတ်လား (မှန်ပါ)။ အဲဒါ သူ့ကိုရည်ရွယ်တာ။

ဒါဖြင့် အဲဒါမှတ်ပြီးတော့ သဝိပါကမှာလဲ နံပါတ်-၃ သွားကြည့်စမ်း၊ ဘာဆိုသတုံး၊ သဝိပါက နံပါတ် ၃-ကျတော့ (အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး)၊ ခုတင်က ဘုန်းကြီး ပြောတာ အဲဒါဘဲ မဟုတ်လား (မှန်ပါ)။ အောက်ကို ပုဒ်မကလေးတွေ ရှောက်ကြည့်လျှင် ခုတင်**ဆ**ာ ၆-ပစ္စည်းအပေါ်မှာ ဝိပါကတပစ္စည်း တိုးမနေဘူးလား (တိုးပါတယ်)။ ဒီတော့ ၇-ပစ္စည်းဖြစ်သွားရော။

ဘုန်းကြီး တချိန်က ဘာပြောခဲ့သလဲ သတိထားကြပါ၊ ဦးပဏ္ဍိုင်းတို့ ဒါတွေ ရအောင် လုပ်ထားကြပါ၊ သဘာဝလဲ သူဘဲ, ဃဋ္ဌနာလဲ **သူ**ဘဲ, ကရိုဏ်းပါဌ်လဲ သူဘဲ, ပစ္စည်းပြိုင်လဲ **သူ**ဘဲ, ပစ္စယသတ္တိဆိုတာလဲ သူဘဲ ဆိုတာ၊ အဲဒါ ဘာမှ မထူးဘူး၊ တနေရာက သဘောကျနေလျှင် ဒါဟာပြီးနေတာဘဲ။

ဘုန်းကြီးကလဲ အဲဒီစကားတွေကို ကိုယ်တိုင်သဘောကျပြီးတဲ့ အချိန်ကျမှ ပြောနိုင်တာပါ၊ တခါတုန်းကလဲ ပြောခဲ့တယ်၊ စောစောပိုင်းစာချတုန်းက ဒီ စကားတွေ ပြောပြလို့ မဖြစ်ပါဘူး၊ ရအောင်ယူပါ ဒီနည်းကို ငါတို့သည် ဒီတာ ဝန်ကြီး ဆက်လက်ထမ်းရွက်ရမည့် ပုဂ္ဂိုလ်တွေ၊ ဒါတွေမပျောက်ပျက်ရအောင် ဒီနည်းတွေ မရမနေ ငါတို့ ယူမယ်လို့ စိတ်ထဲမှာ မှန်းထားရတယ်၊ စာမေးပွဲ အောင်ရုံကလေးတော့ ဘာမှ မဖြစ်လောက်သေးပါဘူး၊ တကယ် နားလည် တတ်မြောက်မှုကို ပဓာနထားကြပါ။

နောက်ဘာတုံး 'စတ္တာရော မဟာဘူတာ'–ဟူသော ကတ္တားပါဌ်ဖြင့် အဲဒီ မှာလဲ ခုတင်က နာမ်ခန္ဓာတွေဆိုသလိုဘဲ ဆိုရတယ်၊ ဒါကြောင့် ၃-ပါး ၃-ပါး

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ။ နှာ ၂၃၈-၌ သဟကြီးလတ် ဃဋ္ဌနာဇယားကြည့်။

သော မဟာဘုတ်အားတပ်သော တပါးတပါးသော မဟာဘုတ်, တပါးတပါးသော မဟာဘုတ်အားတပ်သော ၃-ပါး ၃-ပါးသော မဟာဘုတ်, ၂-ပါး ၂-ပါးသော မဟာဘုတ်အား တပ်သော ၂-ပါး ၂-ပါးသော မဟာဘုတ် ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံ-ဟူသော သမ္မဒါန်ပါဠိဖြင့် ၃-ပါး ၃-ပါးသော မဟာဘုတ်, တပါးတပါးသော မဟာဘုတ်, ၂-ပါး ၂-ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ပြီးသွားရော၊ ဒါကဘာတုံး အချင်းချင်းအား တပ်သော မဟာဘုတ် ၄-ပါး မဟုတ်လား (မှန်ပါ)။

ကရိုဏ်းပါဠိထုတ်တော့ အကြီး ၄-ပစ္စည်းမှာ ရှိတယ်၊ အလတ် ဘယ်သူမှာ ရှိသလဲ (အညမညမှာ ရှိပါတယ်)။ ဒါကြောင့် တပြိုင်နက် အညမညပါ ၅-ပစ္စည်း ကရိုဏ်းပါဠိထုတ်။

ကိုယ့်သုဒ္ဓသန်ဿကို သဘောကျနေလျှင် ဒါတွေ့လွယ်ပြီးသား ဖြစ်ပါစေ။

သူကို ဃဋ္ဋနာရှာလို့ ရူပ်ပစ္စည်း, ရူပ်ပစ္စယုပ္ပန် ကုသလဏိတ်မှာ ဃဋ္ဋနာ မရှိဘူးလို့ ဘုန်းကြီး ပြောထားခဲ့တယ် မဟုတ်လား (မှန်ပါ)။ မရှိဘူး၊ မရှာပါနှင့်တော့။

နောက်တခု သွားပါ၊ 'သြက္ကန္တိကွဏ္ဏော နာမရူပံ'ဟူသော ကတ္တားပါဠိဖြင့် အချင်းချင်းအားတပ်သော ပဋ္ဌေါကာရပဋ္ဌိသန္ဓေနာမကွန္ဓာဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏၊ အညမညံ-ဟူသော သမ္မဒါန်ပါဠိဖြင့်.... ဒီတရားကိုဘဲ ပြန်ကောက်မှာဘဲ၊ အချင်းချင်းအား မဆည့်နှင့်တော့(မှန်ပါ)။ ဒါကြောင့် အညမညံ ဟူသော သမ္မဒါန်ပါဠိဖြင့် ပဋ္ဌေါကာရပဋ္ဌိသန္ဓေနာမကွန္ဓာ ဟဒယ-ဝတ္ထု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ကရိုဏ်းပါဠိထုတ်၊ ပဋ္ဌာဝါရတုန်းက ဘယ်လိုပြောသတုံး၊ အချင်းချင်းအားတပ်သော ပဋ္ဌေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာဟဒယဝတ္ထု ခေါ်တဲ့ တရားဟာ အကြီး ၄-ပစ္စည်းမှာ ရှိနေသလို အလတ် ဘယ်မှာရှိသလဲ (အညမညနှင့် ဝိပွ-ယုတ္တမှာ ရှိပါတယ်)၊ တပြိုင်နက် ၆-ပစ္စည်းထုတ်ပါ။

သူကို ထက်ဝက်ခဲ့ပြီးတော့ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌေါကာရ ပဋ္ဌိ-သန္ဓေ နာမကွန္ဓာဆိုတာ ဘယ်ပစ္စည်းမှာ ရှိသလဲ(ဝိပါကမှာ ရှိပါတယ်)၊ အဲဒီ ကျတော့ ၇-ပစ္စည်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ခုတင်က ဃဋ္ဌနာဇယား[1] သုံးကြည့်စမ်းပ။ နာမ်ရုပ်တွဲနေတာ ဇော့ဌလိမ့်မည်၊ ကြည့်တတ်ကြပါစေ၊ ကြည့်ဘတ်စေချင်လို့ အကြည့်ခိုင်းတာ၊ ဘယ်မှာ ဒီအတိုင်း ရှိတယ်ဆိုလဲ ပြီးနေတာဘဲ၊ အဲဒီလို မဟုတ်ဘဲနှင့် ဟိုက ဇယားတမျိုး, ဒီက ဇယားတမျိုး ဆိုလျှင် စာသင်သားတွေ ဉာဏ်ကိုထိုင်းလို့၊ ဒါကို ပြန်ပြန်ပြီး အသုံးချတတ်စေရတယ်၊ ဒီအထဲ ကြည့်တတ်စေရတယ်။

အဝိပါက နံပါတ် ၅-ကို ကြည့်ကြစမ်းပါ၊ ခေါင်းစီးက ဘယ်လို ရေးထားသလဲ (ညဝိပ် ရေးထားပါတယ်)၊ သူ့ကို တရားဖော်တော့ ဘယ့်နှယ်ဖော်သလဲ (အချင်းချင်းအားတပ်သော ပဋ္ဌဝေါဟာရ ပဋိသန္ဓေ နာမကွန္ဓာ ဟဒယဝတ္ထု)၊ ခုတင်က တရားဘဲ မဟုတ်ဘူးလား(မှန်ပါ)။

ဒီဘော့ အောက်မှာ ပုဒ်မကလေးတွေ ဘယ်မှာရှိသလဲ လျှောက်ကြည့်ကြစမ်း (သဟဇာတ, အညမညဝိပ္ပယုတ္တ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ရှိပါဘယ်)၊ ခုတင်က ၆-ပစ္စည်းမှ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား)။

ပြီးတော့ သဝိပါက နံပါတ်-၅ သုံးပြီးကြည့်စမ်း၊ ခေါင်းစီးက ရေးထားဟာက ဘာတဲ့တုံး (ဝိ-ညဝိပ်) တရားဖော်တော့ ဘယ်လိုဖော်သတုန်း(ဟဒယ-ဝတ္ထုအားတပ်သော ပဋ္ဌဝေါဟာရပဋိသန္ဓေ နာမကွန္ဓာ)၊ ဒါဖြင့် ခုတင်ကဖော်ပေးတာ ဒါဘဲ မဟုတ်လား(မှန်ပါ)။အောက်က ပုဒ်မကလေး လိုက်ကြည့်၊ ခုတင်က ပြောတဲ့ ၇-ပစ္စည်းဘဲ မဟုတ်လား(မှန်ပါ)။ အင်မတန်ရှင်းပါတယ်။

ပဋ္ဌာဝါရကို ဦးပဋ္ဌင်းတို့ မမေ့နှင့်နော်၊ ပဋ္ဌာဝါရကို ပြန်လိုနေမှာဆိုတာ အဲဒါတွေကို ပြောတာ၊ အသစ်လုပ်လုပ်ပြီး မက်တယ်, အဟောင်းကလဲ မေ့ပစ်တယ် ဆိုလျှင်တော့ ပစ္စယနိဒ္ဒေသလိုဟာကတော့ ဘုန်းကြီးက ဝတ္ထုရားအတိုင်း ဒါလောက်ကလေး လိုက်ပြောနေတာ၊ အမှန်ကတော့ ဘာမှတောင် ပြောစရာမလိုဘူး၊ ပြောစရာမလိုဘဲ ပြီးနိုင်ပါတယ်၊ ဘုန်းကြီး ပဋ္ဌာဝါရ ရှေးဦးစွာ သင်ပေးတာဟာ ဒါတွေ ကိစ္စပြီးနေအောင် သင်ပေးခဲ့တာဘဲ၊ အရင်ဆုံး သင်တာဟာ အဲဒီ အကျိုးပါဘဲ၊ ဆဝါရကျတော့လဲ တဝက်လောက် ပဋ္ဌာဝါရကပြီးနေတယ်၊ ဘာမှ အကြောင်းထူး သိပ်မရှိဘူး၊ တဝက်တောင်မကပါဘူး ကျန်တာက လွယ်လွယ်ကလေးရယ် ဆဝါရမှာ၊ သို့သော် သုဒ္ဓသင်္ချာတွေတော့ ကြေအောင် ကျက်ခဲ့ပါ။

အခု ပြီးခဲ့တာက ၃-ပိုဒ် ရှိသေးတယ်၊ နောက် စတုတ္ထအပိုဒ်က ဘာတဲ့တုံး၊ စိတ္တစေတသိကာ ဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် ဆိုတော့ ပစ္စယုပ္ပန်က စိတ္တ-သမုဋ္ဌာနာနံ မဟုတ်လား(မှန်ပါ)။ စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ် ဖြစ်နေလျှင် ဝိပ္ပယုတ္တသုဒ္ဓသင်္ချာ ရှေ့ပိုင်းအတိုင်းဆိုပေါ့၊ သဟဝိပ်လေ(မှန်ပါ)။

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှာ ၂၃၈-ရှိ သဟ ကြီး လတ် ဃဋ္ဌနာဇယား။

ဘယ်လိုဆိုရသလဲ၊ စိတ္တဇရူပ် ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော ပဋ္ဌာဝေါ-ကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြည်သော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟူသော သမ္ပဒါန်ပါ၍ဖြင့် စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ပစ္စည်းက နာမ်, ပစ္စယုပ္ပန်က ရူပ်၊ အကြီး ၄-ပစ္စည်းမှာ ရှိနေသလို အလတ် ၄-ပစ္စည်းထဲမှာလဲ ဘယ်သူမှာ ရှိသလဲ ဒီတရား၊ (ဝိပွယုတ္တမှာ ရှိပါတယ်)၊ သဟဝိပ်နော်၊ ဝိပ်မှာရှိတယ် မဟုတ်လား(မှန်ပါ)။

ဒီတော့ ဒီကရိုက်းပါ၍ ဘယ်လောက်ထုတ်မလဲ မေးလျှင် (၅-ပစ္စည်း ထုတ်ရပါမယ်)၊ ဒီအထဲမှာ ဝိပါက်နာမက္ခန္ဓာတွေ ပါသေးတယ်မဟုတ်လား (မှန်ပါ)။ ပါလျှင် ဝိပါကထည့်၊ ထည့်ချင်လျှင် ဘယ့်နှယ်လုပ် ထည့်မလဲ မေးလျှင် ခုတင်ကလိုဘဲ ဝိပါက်တင် ပြင်လိုက်ကြပါ၊ စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀,ရဟန္တာတို့၏ စုတိကြည်သော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရား ဖြစ်အုံ၊ ဒီလိုဆိုပါ၊ ဒီလိုဆိုလျှင်ကော သာ ထပ်ဝင်လာမယ် (ဝိပါက ဝင်လာပါမယ်)၊ ဒီထော့ ၆-ပစ္စည်း မနေဘူးလား (မှန်ပါ)။

ဃဋ္ဌနာဇယား ကြည့်စမ်းပါ၊ သဟကြီးလတ် ဃဋ္ဌနာဇယား[1]မှာ အဝိပါကနံပါတ်၄-ကို ကြည့်၊ ဘာရေးထားသလဲ(သဟဝိပ် ရေးထားပါတယ်)၊သူကတော့ တရားကုန်နော်၊ ဒုတိယ သုဒ္ဓသင်္ချာပါရတယ် မဟုတ်လား (မှန်ပါ)။ အချင်းချင်းအား တပ်သော ပဋ္ဌာဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ခုတင်ကအကောက်ထဲမှာ အဲဒါမျိုး မပါဘူး၊ သို့ပေမဲ့ သဟဝိပ် တရားဘဲ မဟုတ်လား (မှန်ပါ)။ သဟဝိပ်တရားဘဲဆိုလျှင် အောက်ကိုကြည့်စမ်း ပုဒ်မကလေး အယ်နှစ်ခု ရှိသလဲ (၅-ခုရှိပါကယ်)၊ ခုတင်က ထုတ်လားတဲ့ ၅-ခုပေါ့၊ သဟကြီး ၄-ရယ်, ဝိပွယုတ်ရယ် (မှန်ပါ)။

သူ့ားပါဦးတခါ၊ သဝိပါက နံပါတ်-၄ သူ့ားကြည့်စမ်း ဘာတဲ့တုံး (ဝိပါဝိပ်) ဝိပါဝိပ်ဆိုတော့ ခုတင်က ဘုန်းကြီးရွတ်ပြတဲ့အတိုင်း မဟုတ်လား (မှန်ပါ)။

နားလည်လောက်ပါတယ်နော်, ဒီဟာ့ ခုတင်က ၅-ပစ္စည်းအပြင် အောက်က ပုဒ်မကြည့်တော့ ဘာတိုးနေသလဲ (ဝိပါက တိုးပါတယ်)၊ ဒါကြောင့် ၆-ပစ္စယသတ္တိ ထုတ်။

---

[1] ပဋ္ဌာန်းသိမ့်၊ ဒု-တဲ့၊ နှာ-၂၃၀-ကြည့်။

အင်မတန်ကို ကျေနပ်စရာကောင်းပါတယ်၊ တနေရာကသာ ကိုယ့်ဉာဏ်ထဲမှာ သက်ဝင်လာပေစေ၊ ဘုန်းကြီးပြောပေးတဲ့ စကားကလေးတွေ ဦးပဋ္ဌင်းတို့ဉာဏ်ထဲမှာ တိုက်ဆိုင်လာပေစေ၊ ဘယ်စောမှ မမေ့နိုင်ပါဘူး။

ပြီးတော့ ၅-နံပါတ် အချက်ကိုကြည့်လျှင် 'မဟာဘူတာ ဥပါဒါရူပါနံ'-ဆိုလျှင် သူရှိတဲ့အတိုင်းကလေး ကောက်လိုက်ရုံပေါ့၊ မဟာဘူတာ-ဟူသော ကတ္တားပါဌ်ဖြင့် မဟာဘုတ် ၄-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

ဥပါဒါရူပါနံ-ဟူသော သမ္မဒါန်ပါဌ်ဖြင့် ဥပါဒါရူပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဒီ မဟာဘုတ်ပစ္စည်း, ဥပါဒါရူပ် ပစ္စယုပ္ပန်ဆိုတာက သဟကြီး ၄-ပစ္စည်းကလဲ့လို့ ဘယ်မှာ ရှိနိုင်ဦးမှာလဲ (မရှိပါဘူး)၊ ဒီတော့ ဒီကရိုဏ်းပါဌ်ဟာ တပြိုင်နက် သဟကြီး ၄-ဘဲ ထုတ်ရတယ်။

ကုန်သွားရော၊ ဒါက မူရင်းပါဠိတော် ၄-ပိုဒ် ခေါ်တယ်။

ပြီးတော့ မှာတမ်းကဘာလဲ ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ-ဆိုတာ ဘယ်သူကို မှာတာလဲ မေးလျှင် နံပါတ်-၃ သုဒ္ဓသခ်္ပါကို မှာဟာလို့ သိပါ၊ နံပါတ် ၃-က ဘယ်သူတုံး၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုတို့တွင် ဟဒယဝတ္ထု ပစ္စည်းဖြစ်၍ ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်ဖြစ်ခိုက်ကို ပြောနေတာမဟုတ်လား (မှန်ပါ)။ ဒါကြောင့် ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော ကိဉ္စိ ကာလေ နု သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ အရူပိနံ ဓမ္မာနံ-ဟူသော သမ္မဒါန်ပါဌ်ဖြင့် ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

သတိပြုကြစမ်းပါ၊ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန-ဟူသော ကရိုဏ်းပါဌ်ဖြင့် ဒီထိအောင်ဆိုပါ၊ ကိဉ္စိ ကာလေ-လဲ ပါပေစေ၊ ပဋ္ဌိသန္ဓေအခါ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

နားလည်ရဲ့ မဟုတ်လား(မှန်ပါ)။ ဘာ ဆိုလိုတာတုံး၊ သဟဇာတ ဟဒယဝတ္ထုသည် ပဋ္ဌိသန္ဓေအခါသာ ကျေးဇူးပြု၏၊ ဒီလိုမဟုတ်လား(မှန်ပါ)။

ကိဉ္စိ ကာလေ နု သဟဇာတပစ္စယေန-ဟူသော ကရိုဏ်းပါဌ်ဖြင့် ပဝတ္တိအခါ သာဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။

သဟဇာတ ပြီးသွားရော၊ အဲဒါတွေ ကြေကြေလည်လည်ရတော့ နောက်ကို အတူတူဘဲဆိုပြီး ကျော်သွားမှာတွေ ရှိပါတယ်၊ ကျေကျေနပ်နပ် ရအောင် လုပ်ကြပါ၊ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။စတ္တာရော ခန္ဓာ အရူပိနော ။ပ။ ပြတော်မူ၏။

အညမညပစ္စည်း

ဆရာတော်။ ။သဟဇာတ-ပြီးတော့ အညမည-သွားပါ၊ အညမညက သဟ-ဇာတပါဠိတော် ၅-ပိုဒ်တို့တွင် ရှေ့ ၃-ပိုဒ် မဟုတ်လား(မှန်ပါ)။ ပါဠိတော် တူနေလို့ အရကောက်လဲ အတူတူဘဲ၊ 'စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော'ပါဠိတော်၊ ပစ္စည်းရော, ပစ္စယုပ္ပန်ရော, ကရိုဏ်းပါဠိရော သဟဇာတနှင့် အတူတူဘဲ၊ ပါဠိတော်မှာ အညမည-လို့ မပါပေမဲ့ ကောက်တဲ့အခါမှာ အညမည ထည့်ကောက်ရတယ်၊ ဦးပညာနန္ဒ ကောက်ကြည့်စမ်းပါ။

ဦးပညာနန္ဒ။ ။စတ္တာရော ခန္ဓာ အရူပိနော ဟူသော ကတ္တားပါဠိဖြင့် ။ပ။ အညမညပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် ဇပြိုင်နက် တပ်ကောင်းသော အညမည, သဟဇာတ, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤ ၆-ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ, အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး ပစ္စည်းတရားဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော အညမည, သဟဇာတ, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤ ၇-ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ဦးပဉ္စင်းတို့ ခုတင်က ဟော သွားတာနှင့် အတူတူဘဲနော်၊ဘာမှ မထူးဘူး၊ ပစ္စည်းအားလျော်စွာ အညမည ကို ရှေ့ကထားတာဘဲ ရှိတယ်၊ ရှေ့ဆက်ပါဦး။

ဦးပညာနန္ဒ။ ။စတ္တာရော မဟာဘူတာ ဟူသော ကတ္တားပါဠိဖြင့် ။ပ။ ပြတော်မူ၏။

ဆရာတော်။ ။ပြီးသွားရော၊ ဒါဟာ အညမည ပါဠိတော် မုတင်က ကောက်ခဲ့တဲ့ သဟဇာတ အရကောက် ၅-ပိုင်းတို့တွင် ရှေ့ ၃-ပိုင်းဘဲ၊ ပါဠိတော် တူတယ်၊ အရကောက် အကုန်လုံး တူတယ်၊ ဒီပစ္စည်းအတွက် ကျေနပ်ကြပါတော့၊ ကိုယ့်ကျောင်းကျမှ ကိုယ် ရှုတ်လိုရှုတ်ကြပါ၊ ရှေ့သွားရအောင်။

နိဿယပစ္စည်း

သဟဇာတနိဿယ။ ။နိဿယ ပစ္စည်းကို ပါဠိတော် အနေနှင့် ဟိုနေ့က ပြောလိုက်တော့ ဘယ်လို ရှတ်ထားသတုံး၊ **သ**ဟနိ, ပုရေနိ လို ၂-မျိုး မဟုတ်လား(မှန်ပါ)။ သဟနိ ဆိုတာ ဘယ်သူလဲ **မေး**တော့ 'နိဿယပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော'ဆိုပြီး သဟဇာတ ၅-ပိုဒ်စလုံး **မ**ဟုတ်**လား**(မှန်ပါ)။ ဘယ်မှာသုံးပြီး ဆုံးသလဲ-ဆိုတော့ 'မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော' ဆိုတော့ ဦးပဋ္ဌင်းတို့ ခုဘင်က ပါဠိတော်ဘဲ၊ ခုတင်က အရကောက်ဘဲ၊ ဒါကြောင့် ဒီမှာ မကောက်ကြပါနဲ့တော့ အားလုံးတူပါတယ်။

ပုရေဇာတနိဿယ။ ။ဒီတော့ ကျန်တဲ့ပုရေနိကိုဟောသွားတာက မြတ်စွာဘုရား ဘယ်လိုဟောသလဲ၊ 'စက္ခာယဘာနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော'၊ ဒီလိုမဟုတ်**လား**(မှန်ပါ)။စက္ခာယဘာနံ-ဟူသော ကတ္တားပါဌ်ဖြင့် စက္ခုဝိညာဉ်ဒွေအား တပ်သော မဏ္ဍိမာယုကဖြစ်၍ အတိတဘာဝင်နှင့် ဥပါဒ်ပြုင်သော စက္ခုဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ ပဋ္ဌာဝါရတုန်းကလဲ ဒီလိုဘဲ **ကော**က်**တာ**ဘဲမဟုတ်**လား** (မှန်ပါ)။

စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူ**သော** သမ္ပယုတ်ပါဌ်ဖြင့် စက္ခုဝိညာဉ် ဒွေ,သမ္ဗန္ဓိတ္တာသာဓာရဏ **စ**ေတသိက် ၇-ခု **ပ**စ္စယုပ္ပန်**တ**ရား**ကို**ပြတော်မူ၏။

အားလုံး သတိပြုကြစမ်းပါ၊ ဦးပဋ္ဌင်းတို့ ဒါတွေကို **နာ**းလည်ပြီးကြပါပြီ၊ သိပါတယ် မစဉ်းစားလျှင်သာ ခက်နေမှာ။

ဒွေပဋ္ဌဝိညာဉ် ၁၀-**အား** တပ်သော ပဋ္ဌဝတ္ထု-ဆိုတာ ဘာတရားလဲ **မေ**းလျှင် ဝတ္ထုပုဗ္ဗရဇာတိန္ဒြိယ မဟုတ်လား (မှန်ပါ)။ ဝတ္ထုပုရေဇာတိန္ဒြိယ ဖြစ်နေလျှင် ဒီကရိုဏ်းကို ဘယ်**လော**က်ထုတ်မှာလဲ (ဇ-ပစ္စည်း ထုတ်ပါတယ်)။ ထုတ်ပေါ့၊ ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်ကောင်း**သော** နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပယုတ အတိ အဝိဂတ ဇ-ပစ္စယသတိ ထတ်။

သုဒ္ဓသင်္ခါမှာ သိခဲနရမယ်၊ ဒီပစ္စည်းတွေ ပဋ္ဌာဝါရ သုဒ္ဓသင်္ခါမှာချည်း နေတယ်၊ ပဋ္ဌာဝါရသုဒ္ဓသင်္ခါလဲ မရဘူး၊ ပဋ္ဌာဝါရလဲ မေ့ကုန်ပြီဆိုလျှင်တော့ ဒါတွေဟာ အကုန်လုံး မေ့ကုန်တော့တာဘဲ၊ ဘာမှမထူးပါဘူး။

သောတ, ဃာန, ဇိဝှါ အကူတူဘဲ **နေ**မယ် **မ**ဟုတ်**လား** (မှန်ပါ)။ နောက်ပိတ်ဆုံး ကာယ-**သ**ွားပါ။

'ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော'၊ သူလဲ ခုတင်ကအတိုင်း ပုတ်ဘဲ မဟုတ်လား (မှန်ပါ)။ ဘယ်လိုကောက်မလဲ၊ ကာယဝိညာဉ်ဒွေအား တပ်သော မဏ္ဍိမာယုက ဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြုင်သော ကာယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

သမ္မဒါန်ဖြင့် ကာယဝိညာဉ် ဒွေ, သဗ္ဗစိတ္တသာဓာရณ စေတသိက် ၇-ခု ပစ္စယုပ္ပန်ကို ပြတော်မူ၏။

ကရိုဏ်းပါဠိဖြင့် ခုတင်ကလိုဘဲ ၆-ပစ္စည်း ထုတ်။

ရှေသွားပုံကို သတိပြုကြည့်ကြပါ၊ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ' ဟဒယဝတ္ထုကို ပစ္စည်းထားတော့ ဒါဟာ ပစ္စည်းပစ္စယုပ္ပန်ဘဲ၊ ယံ ရူပံ-ဟူသော ကတ္တားပါဠိဖြင့် ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

ဘာကိုရည်ရွယ်ပြီး ဒီဆိုရိုး ဇည့်ပြန်သလဲလို့ မေးလျှင် အနန္တရ ကာမဇော-ဝါရဝိထိ ပဌမဆုံးစတာ ဘာတုံး ပဋ္ဌိသန္ဓေ မဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓေနှင့် အတူဥပါဒ်တဲ့ ကာမဇရူပ်ထဲက ပါတဲ့ ဟဒယဝတ္ထုက ပစ္စည်း၊ သူနောက်က ပဌမဘဝင်က ပစ္စယုပ္ပန်၊ အဲဒါကို ရည်ရွယ်တယ်။

ဒါကြောင့် ယံ ရူပံ-ဟူသော ကတ္တားပါဠိဖြင့် အဲနိယတအားဖြင့် ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ-ဟူသော ပါဠိဖြင့်—

အဲဒီမှာ သုဒ္ဓသင်္ချာဝါရကို ပြန်စဉ်းစားပါ၊ ဟိုမှာ ဘုံသတ်မထားဘူးလား (ထားပါတယ်)။

ဒါကြောင့်....ပဋ္ဌေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြည်သော၊ သုဒ္ဓသင်္ချာမှာ ဆိုတာမဟုတ်လား (မှန်ပါ)။ ဒါကြောင့် အဲဒါကိုပါ ထည့်ရမယ်၊ ပဋ္ဌေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဉ်-၁၀ ကြည်သော မနောဓာတ် ၃-ခု, မနောဝိညာဏဓာတ် ၇၂-ခု, စေတသိက် ဒွေ ပညာသ၊ သရုပ် ဒါဘဲရမယ်မဟုတ်လား (မှန်ပါ)။

ပြန်ကြည့်ကြပါဦး၊ ဆိုရိုး စုံသွားအောင်၊ မနုဿဝဏ္ဏတု စ မနောဝိညာဏ-ဓာတု စ ဝတ္တန္တိ-ဟူသော ပါဠိဖြင့် ပဋ္ဌေါဟာရဘုံ၌ ဖြစ်သောအခါ အရူပ-

ဓိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဉ်-၁၀ ကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်သော မနောဓာတ် ၃-ခု, မနောဝိညာဏဓာတ် ၂၂-ခု စေဘသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ပဋ္ဌဝိညာဏဓာတ်က ပြီးသွားပြီ၊ ပဋ္ဌဝိညာဏ်ဓာတ် ပြီးသွားတော့ ဒီကဘာရှိသလဲ၊ မနောဓာတ်နဲ့ မနောဝိညာဏဓာတ် ရှိတယ်၊ အဲဒါကို ကောက်။

တံ ရူပံ ဟူသောပါဠိဖြင့် ဒါကိုဘဲ ပြန်ကောက်တာဘဲ၊ နိယမအားဖြင့် ယံ ရူပံ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဒီလို မဟုတ်လား (မှန်ပါ)။ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ ဟူသော သမ္မဒါန်ပါဠိဖြင့် ခုတင်ကအတိုင်း ပြန်ကောက် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ။ ပ ။ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ပစ္စည်းနှင့် ပစ္စယုပ္ပန် ဘာတွေကောက်သလဲလို့ မေးလျှင် ဘာပြောမလဲ၊ ဟဒယဝတ္ထုက ပစ္စည်း, မနောဓာတ်နှင့် မနောဝိညာဏဓာတ်က ပစ္စယုပ္ပန်၊ ဒါ ဘာတရားလဲ မေးလျှင် ဝတ္ထုပုရေဇာတ တရား။

အပေါင်းအားဖြင့်တော့ ဝတ္ထုပုရေဇာတ သုဒ္ဓသင်္ခါရက ဘာတဲ့တုံး၊ သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထု၊ ဒီမှာလဲ ဆဝတ္ထုဘဲ ကောက်တယ် မဟုတ်လား(မှန်ပါ)။ ခုတင်က ပဋ္ဌဝိညာဏ ဖော်ပြီးခဲ့တယ်၊ အခုဟာက မနောဓာတ်နှင့် မနောဝိညာဏဓာတ် မဟုတ်လား (မှန်ပါ)၊ ခုတင်က ပဋ္ဌဝိညာဏဓာတ်နှင့် ပဋ္ဌဝတ္ထုတုန်းကတော့ ပုတိ ပါ ရှနေလို့ ၆-ပစ္စည်း ဖြစ်တယ်။

သတိပြု နားထောင်ကြစမ်းပါ၊ အခု ဟဒယဝတ္ထုပစ္စည်းမှာတော့ ပုတိ မရှိဘူး၊ ဝတ်ပု သန့်သန့်ဘဲရတယ်၊ ဝတ်ပု-ဆိုတာ ဘာလဲ ဝတ္ထုပုရေဇာတကို ခေါ်တာ (မှန်ပါ)၊ ဝတ္ထုပုရေဇာတ သန့်သန့်ဘဲရတယ်၊ ဟဒယဝတ္ထုက ပစ္စည်း, မနောဓာတ် မနောဝိညာဏဓာတ်က ပစ္စယုပ္ပန်။

ဒီတော့ ဒီကရိုဏ်းကို ဦးပဉ္စင်းတို့ ဘယ်လောက်ထုတ်မလဲ (၅-ပစ္စည်း ထုတ်ရပါမယ်)။

ကိန်းသေ မှာဘသားကြ၊ါနော်၊ ဦးပဉ္စင်းတို့ အသီဘာဏ် သင်လာခဲ့တဲ့ နောက်ပိုင်း ရာဇဝင်နှင့်ကြည့်လျှင် ၅-ပစ္စည်း[1] ထုတ်ပါ၊ (မှန်ပါ)။

၁။ နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ=၅-ပစ္စည်း။

ဝတ္ထာရမ္ဘဏတရား မကောက်သင့်

အရကောက်ထဲမှာ အဲဒီ ဟဒယဝတ္ထု-ပစ္စည်းကို ကောက်ပြီးတဲ့နောက် ဝတ္ထာ-ရမ္ဘဏတရားကို ပြည့်ပြည့်စုံစုံကြီးလဲ မဟုတ်လှဘဲနှင့် သွင်းပြီးကောက်ထားတယ်၊ အဲဒါ မကောက်သင့်ဘူး။

ဦးပဉ္စင်းတို့ အရကောက်ထဲမှာ ကြည့်စမ်းကြပါ၊ 'ယံ ရူပံ နိဿာယ မနော-ဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ' ဆိုတဲ့ နေရာဟာ ဝတ်ပု သန့်သန့် မဟုတ်လား (မှန်ပါ)၊ အဲဒီနေရာမှာ ဝတ္ထာ ထည့်ကောက်ထားတယ်။ မကောက်သင့်ဘူးလို့ ဘုန်းကြီးက ထင်တယ်။

ဘာဖြစ်လို့ မကောက်သင့်သလဲလို့ မေးလျှင် ကရိဏ်းပါဠိ ထုတ်တော့လဲ ဝတ်ပု ၅-ပစ္စည်းဘဲ ထုတ်ထားတယ်၊ ဝတ္ထာ-တရား ထည့်ထုတ်နေလျှင် ဘယ်သူ ဝင်လာမလဲ၊ အာရမ္ဘဏ ဝင်မလာပေဘူးလား (မှန်ပါ)။ ဒီတော့ ၆-ပစ္စည်း ဖြစ်သွားမယ် မဟုတ်လား (မှန်ပါ)။

ဒါကြောင့် မရသင့်ဘူးလို့ ပြောတာ၊ ထည့်ထားပုံကလဲ သိပ်မသန့်ရှင်းဘူး၊ ဒါကြောင့် ဘုန်းကြီး ကောက်ပေးတဲ့အတိုင်း ဟဒယဝတ္ထု ပစ္စည်း,မနောဓာတ်, မနောဝိညာဏဓာတ် ပစ္စယုပ္ပန် ထားပြီး ဆိုပါ၊ ကရိဏ်းပါဠိ ထုတ်တော့ ၅-ပစ္စည်းဘဲ ထုတ်ပါ။

အခုကောက်နေတာ ဘာပစ္စည်းပါလိမ့် (နိဿယပစ္စည်းပါ)။

သတိပြု နားထောင်စမ်း၊ နိဿယဃဋ္ဌနာသည် မိဿကမှာ ၆-ချက်ရှိတယ်၊ ပကိဏ်းမှာ ဘယ်နှစ်ချက် ရှိသတုံး (၄-ချက်ရှိပါတယ်)။ ဇယား[1] ခေါင်းစီးကို လှမ်းမျှော်ကြည့်ပါ၊ ဘယ်သူတွေတုံးလို့ ကြည့်ရတယ်၊ ဝတ်ပု, ဝတ္ထာ, ဝတ္ထာမီ, ပုတိ....သူတို့ရှိတယ် (မှန်ပါ)။

အခု ဒီမှာ ဝတ်ပု ကောက်ထားတော့ အောက်မှာ ပုဒ်မကလေးတွေ ဘယ်နှစ်ခု ရှိသလဲ ကြည့်ပါ (၅-ခုရှိပါတယ်)။

ဝတ္ထုပုရေဇာတ သန့်သန့် ဟောခြင်းကြောင့် အောက်မှာ ကရိဏ်းပါဠိ တပြိုင်နက် ၅-ပစ္စည်း ထုတ်ပါ။

ပြီးတော့ ဝတ္ထာသုဒ္ဓသင်္ခ်ာ ဆို၊ အာရမ္ဘဏထည့်ပြီးတော့ ၆-ပစ္စည်း တခါ ထုတ်လိုက်၊ ကရိဏ်းပါဠိ ၃-ဆင့် အထုတ်ခိုင်းနေဘာနော် (မှန်ပါ)။

ပြီးတော့ ဝတ္ထာဓိသုဒ္ဓသင်္ခ်ာကို ဆို၊ ကရိဏ်းပါဠိ ၈-ပစ္စည်း ထုတ်လိုက်။

၁။ ပဌာန်းသိပ္ပံ၊ ဒု-တွဲ၊ နှာ-၂၆၀ ရှိ မိဿကဃဋ္ဌနာ ဇယားနှင့် ၎င်းကျမ်း၊ နှာ-၂၈၈ ရှိ ပကိဏ္ဏကဃဋ္ဌနာဇယား ကြည့်။

အခု ဒီနေဆုမှာ ယံ ရှုပံ နောက်မှာ ကရိုဏ်း ၃-ဆင့်နော် (မှန်ပါ)၊ ဃဋ္ဋ-နာကရိုဏ်းတွေ၊ အဲဒါကြောင့် ဃဋ္ဋနာကို လှမ်းလှမ်းပြောနေရတာ၊ ဘာတွေ တုန်း–ဝတ်ပု, ဝတ္ထာ, ဝတ္ထာဓိ။

နောက်က ပုတိ ရှိပါသေးတယ်လို့ ဦးပဉ္စင်းတို့က ဆက်ကြည့်ရတယ်၊ တွေ့ကြရဲ့မဟုတ်လား (မှန်ပါ)။ ပုတိ က သူ့ဖာသာသူ အပေါ်နားမှာ ပြီးနေပြီ မဟုတ်လား (မှန်ပါ)။

ဒါကြောင့်မို့ ခုတင်က ပြောခဲ့သလို အဇကာက်ထဲမှာ ဝတ္ထာ-တရားကို မထည့်ပါနှင့်၊ ပဏ္ဍာဝါရတုန်းကတော့ ကောက်စရာ နေရာမရှိလို့ ထည့်ကောက်ထားတယ်မဟုတ်လား (မှန်ပါ)။ ဝတ်ပု-ကောက်လို့ရှိလျှင် ဝတ္ထာ-ထည့်ကောက်တယ်လေ မရဏာသန္နအခါ-ဆိုပြီးတော့ (မှန်ပါ)။ ဒီမှာ မထည့်နှင့်တော့ မထည့်သင့်ဘူး၊ ဦးပဉ္စင်းတို့ဆီမှာရှိတဲ့ နောက်ထပ်ရိုဏ်းနှိပ်တဲ့ စာအုပ်တွေမှာတော့ ကြည့်စမ်းကြပါဦး၊ ဘယ်လိုလုပ်ထားတယ်တော့ မသိဘူး၊ ဘုန်းကြီးဆီမှာတော့ ရှိလဲ မရှိဘူး၊ ကြည့်လဲ မကြည့်ရဘူး။

ဒီတော့ နိဿယမှာ သဟန်-သည် သဟ-အတိုင်းတူ၍ ကိုယ့်နေရာရောက်မှ ကိုယ် ရွတ်ကြပါ၊ အခု 'ပုရေနိ'ကလေးတင် ဟောကြစမ်းပါ၊ ဦးဥာဏဝရ ဟော စမ်း၊ တခေါက်ဟောသည်။

သံဃာတော်များ။ ။ပုရေနိ တခေါက်ရွတ်ကြသည်။

ဥပနိဿယပစ္စည်း

ဆရာတော်။ ။ဥပနိဿယပစ္စည်း ပါဠိတော် သွားကြဦးစို့၊ ဥပနိဿယ ပဏ္ဍာ-ဝါရတုန်းက ပြောခဲ့တယ်၊ ဘယ်နှစ်မျိုး ရှိသတဲ့တုံး (၃ မျိုး ရှိပါတယ်)။

အာရမ္မဏူပနိဿယက သင်္ချာ သတ္တ, **အနန္တရူပနိဿယက** သတ္တဘဲ၊ ဒီ **သတ္တတွေက** သတ္တသင်္ချာသာ တူတယ်၊ **အရချင်းက**တော့ မတူကြဘူး၊(မှန်ပါ)။ **အာရမ္မဏူပ** သတ္တဆိုတာက ကု ၃-ချက်, **အ**ကု ၁-ချက်, ဗျာ ၃-ချက် ဒီလိုမဟုတ်လား (မှန်ပါ)။ **အနန္တရူပ**သတ္တ-က ကု ၂-ချက်, **အ**ကု ၂-ချက်, ဗျာ ၃-ချက်၊ ဒီလိုသွားပါ၊ ပကတူပနိဿယကတော့ သင်္ချာ နဝ၊ ကု ၃-ချက်, **အ**ကု ၃-ချက်, ဗျာ ၃-ချက်၊ အဲဒီ ၉-ချက်ထဲကို ခုတင်က **အာ**ရမ္မဏူ, **အ**နန္တရ ၂-မျိုးစလုံး ဝင်နိုင်တယ် (မှန်ပါ)။

ဒီလို ဝင်နိုင်ပေမဲ့ ကုသလပဒ ၃-ချက်တို့တွင် ကုသလော ကုသလဿ, **ကုသလော** **အ**ကုသလဿ....စသည်ဖြင့် **သွားရာ** **ကုသလော** **အ**ကုသလဿ

ဆိုလျှင် အနန္တရ ရှိရဲ့လား (မရှိပါ)၊ အာရမ္မဏူပနိဿယမှာတော့ ရှိတယ်၊ သို့ပေမဲ့ အနန္တရူပနိဿယမှာ မရှိဘူး။

ထို့အတူ အကု ၃-ချက်တို့တွင်လည်း ၂-နံပါတ်ဖြစ်တဲ့ အကုသလော ကုသလ-သ-ကျတော့ အနန္တရ ရပါ့မလား (မရပါ)။

သတိထားကြပါ၊ အဲဒီ ၂-ချက်ကို၊ ကုသလော အကုလသ တချက်, အကု-သလော ကုသလသ တချက်၊ ဆန့်ကျင်ဘက်တွေ့ ကုသိုလ်က အကုသိုလ်, အကုသိုလ်က ကုသိုလ်ကို အနန္တရရူပနိဿယ မရနိုင်ဘူး။

ပါဠိတော်က ရိုးရိုးကလေး အေးအေးကလေးရယ်၊ ပုရိမာ ပုရိမာနှင့် ၉-ချက် ဟောလိုက်ရုံဘဲ၊ 'ဥပနိဿယပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော' ဆိုတာ ကု-ကု မဟုတ်လား (မှန်ပါ)။ အရမ္မဏူပနိဿယလဲ ရတယ်, အနန္တရူပ-နိဿယလဲ ရတယ်, ပကတူပလဲ ရတယ် မဟုတ်လား (မှန်ပါ)။ အကောက် ၃-မျိုး ကောက်ရတယ်၊ အဲဒါကို ဦးပဉ္ဇင်းတို့ကို အကောက်ခိုင်းတော့မှာ မဟုတ်ဘူး ပဥ္ဘာဝါရအတိုင်းလို့ ပြောမှာ။

ဒုတိယအချက် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ'-ကျတော့ ဘာ မရဘူးလဲ (အနန္တရူပ မရပါ)၊ အဲဒါကို ကေသဠိ လို့ ဆိုရတယ်၊ ကေသဠိ ဥပနိဿယပစ္စယေန ပစ္စယော၊ နံပါတ်-၂ ကုက အကုမှာ မရဘူး (မှန်ပါ)၊ ဘာဖြစ်လို့ ကေသဠိ ထည့်ရသလဲ မေးလျှင် အနန္တရူပနိဿယ မရလို့။

ရှေး ဆရာတော်ဘုရားကြီးတွေ သုံးတာကတော့ ဒီလိုမဟုတ်ဘူး၊ အနန္တရူပ-နိဿယကို စဉ်စေလို့ရ....တဲ့၊ ဒါက ရှေသုံးနော် (မှန်ပါ)။

စဉ်စေလို့ရဆိုတာ သူ ဖယ်ပေးရမယ်၊ ရှောင်ပေးရမယ်၊ ထုတ်သွားရမယ် ပေါ့ (မှန်ပါ)။ ဒါကြောင့် အနန္တရူပနိဿယ စဉ်စေလို့ရ 'ကေသဠိ' သဒ္ဒါထည့်ရ ဟောတော်မူ၏လို့ မှတ်ကြပါ။

အဲဒါကိုပင် တချိန်က ဦးပဉ္ဇင်းတို့ ပဌမကြီးတန်းပုစ္ဆာမှာ ထည့်ပေးထားတာ တွေ့ဘူးတယ်၊ ဘယ်နှစ်ခုနှစ်ကရယ်လို့ကော့ မသိဘူး၊ ကေသဠိ ဘယ်အကျိုးငှါ ထည့်သလဲလို့ မေးတာ တချို့က မဖြေတတ်ကြဘူးတဲ့၊ အခု ဘုန်းကြီးပြောခဲ့တဲ့ အတိုင်းပါဘဲ၊ အနန္တရူပနိဿယ မရမှန်းသိအောင် ထည့်ထားတာ။

ကျန်တာတွေ အတူတူဘဲ၊ ကုဗျာ၊ အကု-အကု၊ တူပါတယ် ဟောနည်းတွေ၊ အကု-ကု ကျတော့လဲ 'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ' ဆိုတဲ့ အကုပဒဒုတိယအချက်မှာ ခုတင်ကပြောတဲ့ ကေသဠိဘဲ ထည့်,

'ကေသဋ္ဌိ ဥပနိဿယပစ္စယေန ပစ္စယော'လို့ ဒါကမေးလေးဘဲ ထူးပါတယ်၊ကျွန်တော်တို့က ဗျာ ၃-ချက်အထိ ပုရိမာ ပုရိမာ-နှင့် ဒီအတိုင်း လျှောက်ဟောသွားတာပါဘဲ။

ရှေ့ကို အပိုအားဖြင့် သင်္ချာ နဝ-အရ ကုန်သွားပြီးတဲ့ခနာက် ဆက် ဟောတော်မူတဲ့ ဒေသနာတော်က သတိပြုကြပါ၊ ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ အဲဒီမှာ 'ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော' ဆိုတာ ပကတူပနိဿယကို ရည်ညွှန်းတယ်၊ ဥတုကြောင့်, ဘောဇဉ်ကြောင့် ပကတူပ-နိဿယသတ္တိဖြင့် သတ္တဝါတို့မှာ ကုသိုလ် အကုသိုလ် ဖြစ်စကောင်းတယ်လို့ တချိန်တုန်းက ဦးပဏ္ဍိတတို့ကို ပြောခဲ့ဘူးပါတယ်။

ရာသီဥတုအေးတာကို အစဲ့ပြုလို့ အေးတဲ့ ဆောင်းရာသီဥတုမျိုး အစဲ့ပြုပြီးတော့ ပုထုဇဉ်သတ္တဝါတွေရဲ့ သန္တာန်မှာ ကုသိုလ်လဲ ရနိုင်တယ်, အကုသိုလ်လဲ ဖြစ်နိုင်တယ်။

ဘယ်ပုဂ္ဂိုလ်မျိုးသန္တာန်မှာ ကုသိုလ်ဖြစ်နိုင်သလဲလို့ မေးလျှင် သတိပြုကြစမ်းပါ၊ ယောနိသော မနသိကာရ ရှိတဲ့ ပုဂ္ဂိုလ်မျိုးမှာ ကုသိုလ်ရတယ်၊ အယောနိသော မနသိကာရရှိတဲ့ ပုဂ္ဂိုလ်မျိုးမှာ အကုသိုလ်ဖြစ်တတ်တယ်။

အေးတဲ့ ရာသီဥတုမှာ 'အေးလိုက်ဘာ, ချမ်းလိုက်တာ ဒို့လူသားတွေတောင်မှ ဒို့တတွေမှာပင် ဒီလောက်ချမ်းနေလျှင် သပိတ်တလုံး သင်္ကန်း ၃-ထည်နှင့် နေတော်မူကြတဲ့ ကိုယ်တော်ကလေးတွေမှာ ဘယ်လောက် ချမ်းလိမ့်မလဲ' ဆိုပြီး ယောနိသော မနသိကာရ ရှိတဲ့ ပုဂ္ဂိုလ်က သင်္ကာလပ်သင်္ကန်းလျှူလျှင် ကောင်းမှာဘဲ၊ အနွေးထည် သွားလျှူရလျှင် ကောင်းမှာဘဲ အစရှိသည်ဖြင့် ယောနိသော အနေအားဖြင့် နှလုံးသွင်းလိုက်တော့ ကုသိုလ်ဖြစ်တယ်၊ မလုပ်ဖြစ်ခင် မလျှူဖြစ်ခင်ကပင် ကုသိုလ်ရနေတယ်၊ လျှူဖြစ်တော့ ပိုပြီး ရသွားတာပေါ့။

အယောနိသော ရှိတဲ့ ပုဂ္ဂိုလ်ကတော့ အေးလှတယ် အအေးဒဏ်ခံနိုင်အောင် ခပ်ကြမ်းကြမ်းကလေး လုပ်ဦးမှာဘဲ ဆိုပြီးတော့ ကြမ်းတမ်းစေတဲ့ အရက်ကလေး သောက်၊ ဆောပေး, ကမြင်းပေးပေါ့၊ သူတို့တတ်နိုင်သမျှ အချမ်းပြေတဲ့ဟာမျိုးကို လိုက်ပြီး လုပ်ကြမှာကိုး။

အေးတဲ့ဥတုကြောင့်သာလားလို့ မေးလျှင် ထို့အတူ ပူတဲ့ရာသီကျပြန်တော့လဲ ဒီအတိုင်းဘဲ ယောနိသော, အယောနိသော အစဲ့ပြုပြီး သတ္တဝါတွေမှာ ကုသိုလ်တရား, အကုသိုလ်တရား ၂-မျိုး ဖြစ်နိုင်တယ်။

ထို့အတူပင် ဘောဇနမို့-ဘောဇဉ်တဲ့၊ စားဖောင်းသောက်ကောင်းကို အစဲ့ပြုပြီးတော့ ကိုယ်စားရတဲ့အခါ ကောင်းတာကလေး စားရလို့လဲ ကုသိုလ်, အကုသိုလ် ဖြစ်တယ်၊မကောင်းတာ စားရလို့လဲ ကုသိုလ်, အကုသိုလ် ဖြစ်တယ်၊ဘယ်အပေါ်မှာ မှီသလဲမေးလျှင် ခုတင်ကပြောတဲ့ ယောနိသော, အဖယောနိသောဘဲ။

ကောင်းတာကလေးကို ကိုယ်စားလို့ ရလာတဲ့အခါ 'အို သိပ်ကောင်းတာဘဲ၊ ဒါကလေးတော့ ငါမစားတော့ပါဘူး၊ ငါ့အမေ ကြိုက်တတ်တယ်, အဖေကြိုက်တတ်တယ်၊ အမေ အဖေ ကျေးမယ်၊ ဘိုးဘွားတို့ ကြိုက်တတ်တယ်၊ ဘိုးဘွားတွေ ကျေးမယ်၊ ဆရာသမား ကြိုက်တတ်တယ်၊ သွားပြီး လှူလိုက်ဘော့မယ်၊ ငါ့စားလို့ ဘာ အကျိုးရှိမလဲ'၊အဲဒီစိတ်မျိုးတွေဟာ ဘောဇဉ်ကို အစဲ့ပြုပြီးတော့ ကိုယ့်သန္တာန်မှာ ကုသိုလ်, အကုသိုလ် ဖြစ်လာတတ်တယ်။

အကုသိုလ်ဖြစ်တော့ ဘယ်လိုဖြစ်သလဲ၊ ကိုယ်က ကောင်းတာကလေး စားရတော့ ခပ်ညံ့ညံ့စားရတဲ့ လူဆီသို့ လှမ်းပြီး မျက်စောင်းကလေးထိုးပြီး 'ငါလိုမှ စားနိုင်ရဲ့လား'–စသည်ဖြင့် ဒါမျိုးကလေးတွေကို သတိထားကြနော်–ဖြစ်တတ်တယ်၊ 'သူတို့ဖြင့် တနေ့လာလဲ ခရမ်းချဉ်သီး, တနေ့လာလဲ ပဲပြုတ်, ဒီဖြင့် ဒီလိုမစားနိုင်ပါ'–စသည်ဖြင့် လာတတ်တယ်၊ ကိုယ့်အစားကောင်းကလေး စားရတာ ခပ်တိတ်တိတ်စားနေလျှင် ပြီးရောပေါ့၊ တဖက် လှမ်းပြီးတော့ ဒုတ်နှင့်ထိုးနေတယ်၊ အဲဒါ အကုသိုလ်ဖြစ်သွားရော။

အဲဒါ ပဋ္ဌာဝါရမှာ ပကတူပ ပါဠိတော်ကြီးကျတော့ ဒါမျိုးကလေးတွေ သိပ်ပြီးကြည်ညိုစရာကောင်းအောင် မြတ်စွာဘုရား ဟောထားတယ်၊ ဦးပဋ္ဌင်းတို့မှာ ပါဠိတော်တွေ မျှားလှတာနှင့် ဘုန်းကြီးက စုံအောင်သင်မပေးဘဲ ထားခဲ့တာ၊ သင်ချင်တဲ့ပုဂ္ဂိုလ်တွေ စာဝါပြီးတော့ သင်ပေးမယ်၊ ဘုန်းကြီး တာဝန်ယူထားခဲ့ပါတယ်။

အဲဒီလို ဥတုကြောင့်, ဘောဇဉ်ကြောင့် ကုသိုလ် အကုသိုလ် ဖြစ်သင့်တဲ့ သတ္တဝါမျိုးတို့ရဲ့ သန္တာန်မှာ ကုသိုလ်, အကုသိုလ်တရားတွေ တိုးပွါးတတ်လွန်းလို့ မြတ်စွာဘုရားက ဘယ်လိုဆက်ထားတယ်၊ ဥတုဘောဇနမို့ ဥပနိဿယပစ္စယေန ပစ္စယော။

မှတ်သားစရာကောင်းလို့ ထည့်ပြောပေးပါတယ်၊ ပစ္စယနိဒ္ဒေသအဓိပ္ပါယ် မဟုတ်ပါဘူး၊ ပဋ္ဌာဝါရကအဓိပ္ပါယ်ကို ယူပြီး ပြောပေးတာပါ။

နောက်တချက်က 'ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော'၊ နိဿယ ဆရာတော်ဘုရားကြီးက ပုဂ္ဂလောပိ–ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည်လည်း၊ ဥပနိဿယပစ္စယေန-ဥပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော.

ကျေးဇူးပြုတတ်သည်၊ ဟောတီ-ဖြစ်၏....လို့ အနက်ပေးပါတယ်၊ ပကတ္တပ နိဿယသတ္တိတဲ့ (မှန်ပါ)။

အဲဒီမှာ ကလျာဏမိတ္တစကားဆိုတဲ့ 'စသော' ဂ-လေးက (အာဒိသဒ္ဒါက) ဘယ်သူလဲ မေးလျှင် ပါဝမ်ဘွားပါဘဲ (မှန်ပါ)။

ကလျာဏမိတ္တအရေးကြီး။ ။ဘာကို မြတ်စွာဘုရား ရည်ရွယ်ပါသလဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရန်ကိစ္စမှာပင် ဖြစ်စေကာမူ **ကလျာဏမိတ္တက** အင်မတန် **အရေးကြီး**ပါတယ်။

တချို့တုန်းက ရှင်အာနန္ဒာလေး မြတ်စွာဘုရားကို သွားလျှောက်တယ်၊ 'ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား၊ ဘုရင်ဘုရားရဲ့ သာသနာတော်တွင်းမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရန်ကိစ္စမှာ ကလျာဏမိတ္တသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း၏ အကြောင်းမှာ ကဝက်တောင် ကျေးဇူးများပါတယ်ဘုရား' တဲ့၊ ရှင်အာနန္ဒာက သွားထင်ကြေးကို သွားလျှောက်တယ် (မှန်ပါ)။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှုမှာ ကလျာဏမိတ္တက တဝက်လောက် ကျေးဇူးများပါသတဲ့....ရှင်အာနန္ဒာက။

မြတ်စွာဘုရား-က လက်မခံဘူး၊ အဲဒီစကားကိုပယ်ဘယ်၊ (မှန်ပါ)။ ပယ်ပြီးတော့ ဘာကိုမိန့်သလဲဆိုတော့ 'ချစ်သား အာနန္ဒာ....သင်လျှောက်ထားတာ မဟုတ်ဘူးတဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း အကြောင်းမှာ ကလျာဏမိတ္တသည် အပြည့်အဝ အားလုံး အကုန်လုံး ကျေးဇူးပြုနိုင်တဲ့ သတ္တိရှိတယ်'လို့ ပြန်ပြီး ဟောကြားတော်မူတယ်[1]။

ဒါလောက်အရေးကြီးပါတယ် ကလျာဏမိတ္တဟာ (မှန်ပါ)။ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ပြောထားမှတော့ သာမန်အားဖြင့်ဖြစ်တဲ့ **လောကီ**ကုသိုလ်တွေမှာ **ကလျာဏမိတ္တ** ဘယ်မှာကျေးဇူးပြုဘဲ ရှိပါတော့မလဲ၊ မိတ်ဆွေကောင်းကို မှီဝဲရလို့ မဟာကုသိုလ်တွေ ဖြစ်နိုင်တယ်၊ ရူပကုသိုလ်တွေ ဖြစ်နိုင်တယ်၊ အရူပကုသိုလ်**တွေ** ဖြစ်နိုင်ပါတယ်။

ဒါနပြုတယ်, သီလဆောက်တည်တယ်, ဘာဝနာပွါးများတယ် ဆိုတာ **ကလျာဏမိတ္တ** အင်မတန်**အရေးကြီး**ပါတယ်။

သပ္ပုရိသသံသေဝ-ဆိုတာလဲ ကလျာဏမိတ္တနယ်ကဘဲ၊ သူ့ကောင်းကောင်းနှင့် ပေါင်းသင်းတယ် မဟုတ်လား (မှန်ပါ)။

၁။ သဂါထာဝဂ္ဂ ကောသလသံယုတ်၊ကလျာဏမိတ္တသုတ်၊နှာ ၇၃-၇၈။

အဲဒါမျိုးတွေ စာထဲပါလာတဲ့အခါမှာ ဘုန်းကြီး သတိရလျှင် သတိရသလို လျှောက်ပြီး ပြောဘာသာပါတယ်၊ တရားတော့ မဟောတတ်ဘူး။

ယဒ္ဓမ္မသာဝန-ဆိုတာကော ဘယ်ကရသတုံး၊ ဒီကလျာဏမိတ္တခေါ်တဲ့ သပ္ပု-ရိသ-က ရတာပဲ မဟုတ်လား (မှန်ပါ)။ ဒါကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရခြင်း၏ အကြောင်းတွေပေါ့။

ဘုန်းကြီးတို့, ဦးပဉ္စင်းတို့ သင်ကြားပို့ချနေကြတဲ့ ပရိယတ္တိနယ်ကနေ ကြည့်လျှင်လဲ သူ့အတူပါဘဲ မိတ်ကောင်း ဆွေကောင်း ပေါင်းမိလျှင် တဦးနှင့်တဦး ပေါင်းသင်းပြီး တဦးက မသိကာကို တဦးက သိတဲ့ပုဂ္ဂိုလ်က ပြောပေးနိုင်တယ်။

ဟံနစ္ဆန္ဒ = စာအုံမှ, ဟန္ဒကဘာတ်မှုမှာ ဆုတ်နစ်တဲ့ဆန္ဒရှိနေတဲ့ပုဂ္ဂိုလ်ကို ကလျာဏမိတ္တ သူငယ်ချင်းကောင်း အားပါး၊ ခသင်းရှိလာလျှင် "ငါ့လူ ပျင်းမနေနှင့် မဖြစ်ဘူး ရှက်ကြဦးစို့" ကတ်ပြုခါ ကြိုးကုတ်ကာလိမ့်မယ်" စသည်ဖြင့် တိုက်တိုက်တွန်းတွန်း ချော့မော့ပြောဆိုလျှင်လဲ ရသွားပြန်ကော။

ကလျာဏမိတ္တစလောင့် စဒ္ဓာ-ဆိုတာ ဘာဆက်ဘားယလဲ မေးတော့ ခုဘင်းက ဘာပြောခဲ့သလဲ၊ ပါပမိတ္တကို ဆက်ဆားတယ် (မှန်ပါ)။

ပါပမိတ္တကတော့ သူ့ကို အကြောင်းပြုလျှင် ကုသိုလ်ဆိုလို့ လုံးဝမရတော့၊ အကုသိုလ်ချည်းဘဲ သွားတော့တယ်၊ ပါပမိတ္တကြောင့် အကုသိုလ်စိတ် ၁၂-မျိုး စလုံး ဖြစ်နိုင်တာပဲ၊ ခုတင်းက ပြောသလို စာအုံရှုမှာလဲ ပါပမိတ္တနှင့် တွဲမိလျှင်တော့ စာလဲမရဘူး၊ နေပါစေဦးကွာ၊ နက်ဖြန်မှရှုတ်ကာပေါ့ကိုး၊ ခက်ပါတယ်ကွာ ကြည့်ရဦးမှာ အသာသားလိုက်စမ်းပါ....ကိုး၊ လွယ်ပါတယ်ကွာ ကိစ္စမရှိပါဘူး....စသည်ဖြင့် ကြာတော့ကုန်ရော ဘာမှ မရှုတ်လိုက်ရဘူး၊ အဲဒီလို လူဟာ ပါပမိတ္တလို့သာ မှတ်သားပေတော့။

အဲဒါတွေ ဘုရားဟောတာ၊ 'ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စ-ယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊ သေနာသနမ္ပိ ဥပနိဿ-ယ ပစ္စယေန ပစ္စယော'တဲ့။ နေစရာ, ထိုင်စရာ, ကျောင်း, စရပ်, အိမ်-အစရှိသည်တို့ကို အစဲ့ပြုပြီးဘော့ သတ္တဝါတွေမှာ ကုသိုလ် အကုသိုလ် ဖြစ်တတ်ကယ်။

ခုတင်က ပြောသလိုဘဲ ကျောင်းကောင်း, အိမ်ကောင်း, စရပ်ကောင်းကြောင့် ကုသိုလ်လဲ ဖြစ်နိုင်ကယ်၊ အကုသိုလ်လဲ ဖြစ်နိုင်တယ်၊ မဒကောင်းတဲ့ အိမ်, ကျောင်း, စရပ်ကို အမှီပြုပြီးဘော့ ကုသိုလ်လဲ ဖြစ်နိုင်ဟာဘဲ၊ အကုသိုလ်လဲ ဖြစ်နိုင်ဟာဘဲ၊ အဲဒါတွေ ပြည့်ပြည့်စုံစုံ ပြောနေလျှင် အချိန် ကုန်သွားလိမ့်မယ်၊ အဲဒီတော့ ပါဠိဘော်ကို ဒီတွင် ဆုံးကြစို့ရဲ့။

သင်္ချာနဝ၏ နောက်က ဘာဆက်ထားသလဲ၊ 'ဥတုဘောဇနမ္ပိ ဥပနိဿယ-ပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊ သေနာ-သနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော-လို့ စကားကားလေး သုံးခွန်း ထည့်ပြီး မြတ်စွာဘုရား ဟောတော်မူတယ် (မှန်ပါ)။ မှတ်မိလောက်ပါတယ်၊ ဦးဥာဏ ဟောစမ်းပါ။

ဦးဥာဏ။ ။ဥပနိဿယပစ္စယောတိ ပုရိမာ ပုရိမာ ။ (၀) ။ ဥပနိဿယ-ပစ္စယေန ပစ္စယော။

ပုရေဇာတ ပစ္စည်း ပါဠိတော်ထုတ်နည်း

ပုရေဇာတပစ္စည်း သတိပြု၍ နားထောင်ကြစမ်းပါ၊ ဦးပဉ္စင်းတို့ရပြီးသား တွေ့ချည်းဘဲ၊ ဘယ်လို အကွက်ချ ပြောပေးတယ်ဆိုတာ ဒါကိုသာ နားထောင်။

ပဥ္စာဝါရတုန်းက ပုရေဇာတက အာပေါ, ဝတ်ပေါ-လို့ ၂-မျိုးရှိတယ်လို့ ပြော ခဲ့တယ် မဟုတ်လား (မှန်ပါ)။ အဲဒါကို ပြန်ပြောတော့ ဝတ်ပေါ, အာပေါ-လို့ ပြောင်းပြန် ပြန်လိုက်ကြပါ၊ ဝတ်ပေါ-က ဘယ်မှာလဲ ဧမေးလျှင် ခုတင်က နိဿယ မှာ ဟောပြီးပြီ မဟုတ်လား၊ (မှန်ပါ)။ အဲဒီ အကိုင်းဘဲ၊ နားလည်အောင် နားထောင်ကြပါ။ ဒီတော့ 'ပုရေဇာတပစ္စယောတိ' ဆိုပြီး ဝတ်ပေါ-ဟောချင် တော့ နိဿယမှာ ခုတင်က ဘယ်လိုရှတ်သားကြသလဲ၊ စက္ခာယတနံ စက္ခု-ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ထို့အတူ သောတ, ဃာန, ဇိဝှါလဲ ဟောပါ၊ ကာယာယတနံ ကာယဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဦးပဉ္စင်းတို့ ရပြီးသားတွေနော်၊ အားလုံးဟောရအောင်လို့ ဘုန်းကြီးပြော ပေးနေတာ၊ ပြီးတော့ ယံ ရူပံ မဟုတ်လား (မှန်ပါ)။ အဲဒါကို ခဏချန် ထားပါ။

ပြီးတော့ အာပေါ-ဆက်ဟောပါ၊ အာပေါ ပါဠိတော် ဘယ်မှာလဲလို့ ရှာလျှင် အာရမ္မဏ ဇယားကြီး[1]ရဲ့ အပေါ် ၂-ကြောင်း ကြည့်ပါ၊ နံပါတ် ၁-နှင့် နံပါတ်-၂ (မှန်ပါ)။ နံပါတ် ၁-က ဦးပဉ္စင်းတို့ ဘယ်လို ဟောခဲ့သလဲ၊ 'ရူပါ-ယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ' ဆိုပြီး ဟိုတုန်း ကတော့ အာရမ္မဏပစ္စယေန ပေါ့။ အခုတော့ ပုရေဇာတပစ္စယေန ပစ္စ-ယော၊ (မှန်ပါ)။ သဒ္ဒ, ဂန္ဓ, ရသ-လဲ ဒီနည်းအတိုင်းဟောပါ၊ ဖောဋ္ဌဗ္ဗာ-ယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ-ပစ္စယေန ပစ္စယော (မှန်ပါ)။

---

[1]။ ပဋ္ဌာန်းသိပ္ပံ၊ ဒု-တွဲ၊ နှာ-၄၂(က)ရှိ အာရမ္မဏ အရုကောက် ဇယား။

နံပါတ် ၂-အကြောင်းက ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာ-ယတနံ,ဖောဋ္ဌဗ္ဗာယတနံ-လို့ ပေါင်းဟောပါ(မှန်ပါ)။ မနောဓာတုယာ တံသမ္ပ-ယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရှာဖွေတဲ့နေရာကလေးတွေမှာ ရှာဖွေနည်းကို မှတ်ထားရတယ်၊ ပစ္စယ နိဒ္ဒေသအတွက် ပါဠိတော်ကို ဘုန်းကြီးဘယ်လိုလုပ်ပြီး ရှာပေးလိုက်သလဲ၊ နည်း ဘယ်လို လုပ်ပေးသလဲ၊ ဒါကို သတိထားကြပါ။ ဒီ့ပြင်ဟာက ရပြီး သားတွေချည်းပါဘဲ၊ အားလုံး(မှန်ပါ)။

ဒီမှာ ဝတ်ပု-က နိဿယကို ပြန်ညွှန်းတယ်၊အာပု-ကအာရမ္မဏပြန်ညွှန်းတယ်။

ပြီးတော့မှ ဝတ်ပု-က နိဂုံးကို ခုတင်က ချန်ထားတာ၊ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ'ဆိုတာက အနိယမ မဟုတ်လား (မှန်ပါ)။ သတိပြုကြည့်၊ နိယမကျတော့ ဘယ်လိုဟောသလဲလို့၊ တံ ရူပံ ဆိုပြီးတော့ မနောဓာတ်ကို ခွဲဟောတယ်၊ 'တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော' ဒါက တချက်၊ ပြီးတော့မှ 'မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာ-လေ ပုရေဇာတပစ္စယေန ပစ္စယော' ကိဉ္စိကာလေ နဲ့ ပုရေဇာတပစ္စယေန ပစ္စယော-လို့ သဟတုန်းကလို ထုတ်ရတယ် (မှန်ပါ)။

ဘာတွေ ပြောနေတာလဲမေးလျှင် ပဥ္စဝါရတုန်းက ဆုန်းကြီးခပြောခဲ့သလို ခုတင်ကလဲ နည်းနည်းပြောခဲ့ပါတယ်၊ သဟဇာတဟဒယဝတ္ထုသည် ပဋ္ဌိသန္ဓေ အခါ၌ ဓကျးဇူးပြုနိုင်၏၊ ပုရေဇာတဟဒယဝတ္ထုသည် ပဝတ္တိအခါ၌ ဓကျးဇူး ပြုနိုင်၏၊ အဲဒီပုရေဇာတဟဒယဝတ္ထုကို ပြောတာ။

ယံ ရူပံ-က ဟဒယဝတ္ထုဘဲ မဟုတ်လား (မှန်ပါ)။ မနောဝိညာဏဓာတ်ဖြစ်တယ်ဆိုပေမဲ့ ပဝတ္တိသာ သူ ကျေးဇူးပြုမယ်တဲ့၊ပဋ္ဌိသန္ဓေမှာ ဓကျးဇူးမပြုဘူးတဲ့။

ဘယ်မှာလဲလို့ မေးလျှင် ကာမဇောဝါရဝိထိ[1]မှာ ကြည့်စမ်း ပဋ္ဌိသန္ဓေနှင့် အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထု ပစ္စည်းဖြစ်လျှင် နောက်က ပဌမဘဝင်နာမကွန္ဓာ ပစ္စယုပ္ပန်ဖြစ်ရတယ် မဟုတ်လား (မှန်ပါ)။ဒါဘာတုံး ဝတ္ထုပုရေဇာတ။

ပဌမ ဘဝင်ပြောင်းလာကတည်းက ဒါဟာ ပဋ္ဌိသန္ဓေ မဟုတ်တော့ဘူး၊ ပဝတ္တိဖြစ်လာပြီ (မှန်ပါ)။

အဲဒါကို မှာတမ်းပြုတော်မူတာ၊ ပုရေဇာတပါဠိတော် ပြီးရောပေါ့။

၁။ ပဌာန်းသိပ္ပံ၊ပ-ဘာ၊နှာ-၃၁၉-ရှိ အနန္တရဝိထိပါဠိတော်အရကောက်ဇယားတွင် ကြည့်။

ပစ္စာဇာတပစ္စည်း ပါဠိတော်ထုတ်နည်း

ပစ္စာဇာတပစ္စည်းကို သူသုဒ္ဓသခ်္ဂါအတိုင်းမှာ ပဥ္စာဝါရက တီဏိ ဟောပေမဲ့ ဒီမှာတော့ အကျဉ်းချုပ်အားဖြင့် တပေါင်းတည်းပြု ဟောတယ်၊ သင်ကြိုဟ် အသွားအတိုင်းဘဲ၊ သတိပြုကြည့်ပါ။

ပစ္စာဇာတပစ္စယောတိ-ပစ္စ:ဇာတာ စိတ္တေစတသိကာ ဓမ္မာ၊ ဒါက ပစ္စည်း တရားပြုတာ၊ စိတ်,စေတသိက် နာမကွန္ဓာ ၄-ပါး (မှန်ပါ)။

ပြီးတော့ ပစ္စယုပ္ပန်က ပုရေဇာတဿ ဣမဿ ကာယဿ၊ ဘယ်သူတုံး ကေဇ, ဒ္ဒိဇ, တိဇ, စတုဇကာယ သုဒ္ဓသခ်္ဂါ အတိုင်း၊ အနက်ပေးလျှင် အဲဒီ အတိုင်း ပေးရတယ်၊ ပြီးတော့မှ ပစ္စာဇာတပစ္စယေန ပစ္စယော၊ ဒီတပိုဒ်ထဲဘဲ ပစ္ဆာမှာရှိတယ်နော် (မှန်ပါ)။

အာသေဝနပစ္စည်း ပါဠိတော်ထုတ်နည်း

ပြီးတော့ အာသေဝနပစ္စည်း၊ ပဥ္စာဝါရတုန်းက သခ်္ဂါ တီဏိ ထွက်တယ် မဟုတ်လား (မှန်ပါ)။ ဒီမှာလဲဘဲ ပုရိမာနှင့် ၃ ချက်ဟောရုံဘဲ။

အာသေဝနပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

အကုသိုလ်လဲ ဒီအတိုင်းဘဲ၊ အဗျာကတကျတော့ ကြိယာဟော။

ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာ-ကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ကမ္မပစ္စည်း ပါဠိတော်ထုတ်နည်း

ကမ္မမှာ ပဥ္စာဝါရက ဘယ်နှစ်မျိုးတုံး၊ အကျဉ်းအားဖြင့် (၂-မျိုးပါ)၊ သဟဇာတ ကမ္မ, နာနာက္ခဏိက ကမ္မလို့ ၂-မျိုး။

သတိပြုကြစမ်းပါ၊ နာနာက္ခဏိက ကမ္မကို ပေါင်းပေးတော့ နာနာက္ခဏိက ကမ္မဇယား[1] ခေါင်းစီးမှာ ကုသိုလ် အကုသိုလ် စေတနာက ပစ္စည်းတရား, ဝိပါက်စိတ်ဆတ္တိံ သ နာမကွန္ဓာနှင့် ကမ္မဇရူပ်က ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)။ အဲဒါကို တန်းကြည့်ပါ၊ ပါဠိတော်ကြည့်တဲ့အခါ-

ကမ္မပစ္စယောတိ၊ ကုသိုလ် အကုသိုလ်စေတနာကို 'ကုသလာကုသလံ ကမ္မံ' လို့ ပါဠိစီတယ်၊ စေတနာဟာ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတနာသည်ပင်လျှင်

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ နှာ-၅၅၅ ရှိ နာနာက္ခဏိကကမ္မ အရကောက်ဇယား။

ကံမည်တယ်၊ ပစ္စယုပ္ပန်က ဝိပါက်နှင့် ကမ္မဇရူပ်မဟုတ်လား (မှန်ပါ)။ အဲဒါကို ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ ဘယ်သူ ပါဠိတော်လဲလို့ မေးလျှင် နာနာက္ခဏိက ကမ္မ ပါဠိတော် (မှန်ပါ)။

ဒီနေရာမှာ သတိထားစရာ တခုရှိတယ်၊ ပစ္စယနိဒ္ဒေသအားလုံးမှာ ဓမ္မ-သဒ္ဒါနှင့်သာ ဟောတော်မူသည်။

သဟဇာတကမ္မကတော့ ဘာတုံး၊ သမ္မယုတ္တခန္ဓာ စိတ္တဇရူပ် ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော စိတ်တခုယုတ်ကိုးဆယ်ခဲ့ရှိသော စေတနာ၊ဒီလိုမဟုတ်လား (မှန်ပါ)။ အဲဒါဘဲဟောတယ်၊ စေတနာက ပစ္စည်း၊ သမ္မယုတ္တခန္ဓာနှင့် ရူပ် ၂-မျိုးက ပစ္စယုပ္ပန်၊ ဒါကြောင့် 'စေတနာ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော' လို့ ဟောပါ။

ကဲ ပုရေဘာတကစပြီး ကမ္မ-တိုင် ၄-ပစ္စည်းတို့ ပါဠိတော်ကို ရွတ်ကြပြီး ဒီနေ့ တော်ကြာဦးစို့။

ဥပနိဿယပစ္စည်း အရကောက်

ဒီနေ့ ဥပနိဿယပစ္စည်း အရကောက်ပြောကြရအောင်၊သတိပြုပြီးမှတ်ထားကြပါ၊ အကုန်လုံး ပြီးပြီးသားတွေ့မှည်းဘဲ။

မနေ့က ပါဠိတော်ရွတ်တော့ သခ်္ခေပနဝကို ပုရိမာနှင့်ရွတ်ထားတယ်၊ ပဌမ အချက် ကု-ကု-လို့ ဆိုကြပါစို့ ।ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော ဆိုတော့ အဲဒီတချက်တည်းမှာဘဲ အရကောက်ဆရာတော်ဘုရားကြီးက ဥပနိဿယ ၃-မျိုးစလုံး ကောက်ရမယ်တဲ့။ ၃-မျိုးစလုံးရတယ်၊ အာရမ္မဏူပနိဿယလဲ ရတယ်, အနန္တရူပနိဿယလဲ ရတယ်, ပကတူပနိဿယလဲ ရမယ် မဟုတ်လား (မှန်ပါ)။

သတိပြု နားထောင်ကြစမ်းပါ၊ ကုန်းကြီးပြောတာကို၊ အာရမ္မဏူပနိဿယ ဖြစ်နေလျှင် ဒီကု-ကုကို ဘယ်လိုလုပ်ပြီး ကောက်သင့်သလဲ–လို့ စဉ်းစားကြည့် ရတယ်၊ ဦးဉာဏဝရ ကောက်ကြည့်စမ်းပါ။

ဦးဉာဏဝရ။ ।ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသပစ္စည်းတရားကို ပြုတော်မူ၏၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ-ဟူသော သမ္ပဒါန်ပါဌ်ဖြင့် အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်စိတ် ၈-ခု ပစ္စယုပ္ပန်ဘက်ကို ပြုတော်မူ၏၊ ဥပနိဿယပစ္စယေန-ဟူသော

ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်ကောင်းသော ဥပနိဿယ, အာရမ္မဏ, အဓိပတိ ဤ ၃-ပစ္စယသတ္တိတို့တွင် ဥပနိဿယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။**အနန္တရ**ရူပနိဿယဖြစ်လျှင် ဦးသုဇာတ ဘယ်နှယ်ကောက်မလဲ။

ဦးသုဇာတ။ ။ပုရိမာ ပုရိမာ-ဟူသော ကတ္တားပါဌ်ဖြင့် **အဆုံးဇောကြည်**သော **ရှေးရှေး**သော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ-ဟူသော သမ္မဒါန်ပါဌ်ဖြင့် ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ်စိတ် ကေ-ဝိသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဥပနိဿယပစ္စယေန-ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ဥပနိဿယ, **အနန္တရ**, သမနန္တရ, **အာသေ**ဝန, နတ္ထိ, ဝိဂတ ဤ ၆-**ပစ္စ**ယသတ္တိတို့တွင် ဥပ-နိဿယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ပြီးတော့ ပကတူပနိဿယ ရှိသေးတယ်မဟုတ်လား (မှန်ပါ)။ ဦးသူရိယ ကောက်ကြည့်စမ်းပါ။

ဦးသူရိယ။ ။ပကတူပနိဿယ ဖြစ်အံ့၊ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် ဗလဝဖြစ်သော **အ**ရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ-ဟူသော သမ္မဒါန်ပါဌ်ဖြင့် ကုသိုလ်စိတ် ကေဝိသ (စ္စယုပ္ပန်တရားကို ပြတော်မူ၏၊ ဥပနိဿယပစ္စ**ယေ**နေ-ဟူသော ကရိုဏ်းပါဌ်ဖြင့် ပကတူပနိဿယ ၁-ပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။**အဲ**ဒီလိုချည်းဘဲ၊ ပဥ္စာဝါရက**အ**ဘိုင်းချည်းဘဲ၊ **ထိုနည်းတူစ**ဉ်သတိပြုနားယောင်ကြစမ်းပါ၊ **အ**ချိန်**ခ**တ္ပ မျှားမျှားကြီး ကုန်ကုန်သွားတယ်၊ **အ**ချိန်တော့ မျှားမျှားကုန်တာ ဘုန်းကြီးပြောရမှာ ပျင်းလို့ မဟုတ်ဘူး၊ တိတ်ကြီးခဲ့ မလောက်နိုင်ဘူး။

နံပါတ် ၂ ကု-**အ**ကုဖြစ်လျှင် ဘယ်နှစ်ခုရမလဲ (၂-ခုရပါတယ်)၊ ဘာ**တ**ော့**ရ**မလဲ (**အာ**ရမ္မဏူပနိဿယနှင့် ပကတူပနိဿယ ရပါတယ်)၊ **အနန္တ**ရ**ရ**ူ**ပ မရနိုင်ဘူးနော်၊ မှတ်ထား၊ခဲ့ပါတော့၊ မကောက်တော့ဘူး၊ ခုတင်က ကောက်တဲ့ **အ**တိုင်း ၃-မျိုးရလျှင် ၃-မျိုးစလုံးကောက်၊ ၂-မျိုးရလျှင် ၂-မျိုးတင်ကောက်။ (နံပါတ်-၃ ကု-ဗျာ ဖြစ်လျှင် ဥပနိဿယ ၃-မျိုးလုံး ရနိုင်တယ်)။

အကု-အကု ဆိုလျှင် ဘယ်နှစ်မျိုးရမလဲ (၃-မျိုးရပါတယ်)၊ **အကု-ဆိုလျှင်** **ကော** (တမျိုး ရပါတယ်)၊ ပကတ္တူပတမျိုးဘဲ ရမယ်၊ **အာရမ္မဏူပလဲ** **မရှိဘူး**၊ **အနန္တရူပလဲ** **မရှိဘူး**။

အနန္တရူပ **မရလို့** **ကေသဠိ-ဟောခြင်း**။ ။သတိပြုပါ၊ **အဲဒီမှာ** **အာရမ္မဏူပနိ-**
ဿယလဲ **မရှိ**, **အနန္တရူပနိဿယလဲ**
မရှိပေမဲ့ 'ပုရိမာ ပုရိမာ **အကုသလာ** **ဓမ္မာ** **ပစ္ဆိမာနံ** **ပစ္ဆိမာနံ** **ကုသလာနံ** **ဓမ္မာနံ** **ကေသဠိ** **ဥပနိဿယပစ္စယေန** **ပစ္စယော**'**လို့** **ဆိုတာက** **အာရမ္မဏူပ-**
နိဿယကိုင်ပြီးတော့ ဆိုတဲ့ ဒေသနာတော်လားလို့မေးလျှင် **မနေ့က** ဘုန်းကြီး
ပြောထားတာကို မှတ်ထားကြပါ၊ ဘာကို ငဲ့သတဲ့တုံး(**အနန္တရူပကို** ငဲ့ပါတယ်)၊
အနန္တရူပ **မရသည်၏အဖြစ်ကို** **သိစေလိုတယ်** **ဆိုပါတယ်**။

အာရမ္မဏူပ **မရလို့ဆိုတော့** **ဒီကေသဠိ** **မတိုးဘူးတဲ့** (**မှန်ပါ**)။ **ထင်ရှားစေဦး**
အုံ့၊ **နံပါတ်** ၃-**ဖြစ်တဲ့** ဒုကု-ဗျာကိုကြည့်ပါ၊ ဘယ်နှစ်မျိုး ရနိုင်သတုံး (၂-**မျိုး**
ရပါတယ်)၊ **အနန္တရူပနှင့်** ပကတ္တူပရတယ်၊ **အာရမ္မဏူပ** **မရဘူး** **မဟုတ်လား**
(**မှန်ပါ**)။ **အာရမ္မဏူပကြောင့်** **ကေသဠိထိုးလျှင်** **ဒီမှာ** **ထိုးရမှာပေါ့** (**မှန်ပါ**)။

ဒါကြောင့် **နံပါတ်** ၂-**မှာ** **အာရမ္မဏူ,အနန္တရူ** ၂-**မျိုးလုံးမရပေမဲ့** **အာရမ္မဏူ**
ကို **မငဲ့ဘူး**၊ **အနန္တရူကို** **ငဲ့ပြီးတော့** **ကေသဠိထိုးပြီး** **ဟောတော်မူတာ**(**မှန်ပါ**)။

ဘုန်းကြီးက **အထောက်အသားဖြစ်ရန်ဆိုပြီး** **နံပါတ်- ၃ အကု ဗျာ-ကို**
ပြလိုက်တော့ **အနန္တရူ** **ရနိုင်တယ်** **မဟုတ်လား** (**မှန်ပါ**)။ **အာရမ္မဏူပ** **ရရဲ့**
လား (**မရပါ**)၊ **အဲဒါကို** **ထောက်ကြည့်ပါ**၊ **နားလည်လောက်ပါပြီနော်** (**မှန်ပါ**)။

ကဲ....ရှေ့တိုးကြဦးစို့၊ **တူတာတွေကို** **လျှောက်ပြောနေလျှင်** **ကုန်နိုင်တော့**
မှာ **မဟုတ်ဘူး**၊ **တော်တော်နေတော့** **တူကာတွေကို** **ကျော်သွားမှာပါ**။

ဗျာ ၃-**ချက်တို့တွင်** **ပဌမအချက်** ဗျာ-ဗျာမှာ ၃-**မျိုးစလုံး** **ရသလား** (**ရပါ**
တယ်)၊**အဲဒီမှာ** **အာရမ္မဏူပနိဿယဖြစ်လျှင်** **အာဓိ-အကိုင်းကောက်**, **အနန္တရူပ**
ဖြစ်လျှင် **အနန္တရအတိုင်း** **ကောက်**။

ပကတ္တူပနိဿယဖြစ်လျှင်တော့ **ဘာတွေရမလဲ**၊ **ပစ္စယုပ္ပန်** **အဗျာကတ**
ဖြစ်လျှင် **ပစ္စည်းရသင့်သမျှ** **အကုန်ကောက်**၊ **ဒီလိုမဟုတ်လား**(**မှန်ပါ**)။ **ဒီတော့**
ဘာတွေရသတုံး၊ **ဗလဝဖြစ်သော** **ဝိပါက်စိတ်** **ဆတ္တံ**'**သ**, **ကြိယာစိတ်** **ဝိသ**,
စေတသိက် **အဌတိ**'**သ**,**ရူပ်အဌဝိသ-ဆိုတော့** **ကုန်သွားရောမဟုတ်လား**(**မှန်ပါ**)။
အဲဒါ **အကောက်ထဲမှာလဲ** **ဒီအတိုင်းရှိပါတယ်**၊ **ရူပ်အဌဝိသဆိုလျှင်** **ကုန်သွား**
တာဘဲ။

ပညတ်တရား ထည့်ကောက်သင့်ပုံ

ရသင့်သမျှဆိုတဲ့ အဓိပ္ပါယ်က မနေ့က ဦးပဉ္စင်းတို့ကို အဓိပ္ပါယ်ပြောထားခဲ့တဲ့ 'ဥတုဟောဇနမို့ ဥပနိဿယပစ္စယေန ပစ္စယော ပုဂ္ဂလောပိ ဥပနိဿယ-ပစ္စယေန ပစ္စယော၊ သေနာသနမို့ ဥပနိဿယပစ္စယေန ပစ္စယော'-လို့ ဗျာ ၃-ချက်ကို နောက်က ဆက်ပေါ်ထားတယ်မဟုတ်လား (မှန်ပါ)။ အဲဒီ ၃-ချက် အတွက် သီးသန့်အရကောက် မရှိဘူး (မှန်ပါ)။

ဒါဟာ ကိုယ့်ဉာဏ်ထဲမှာ ကိုယ်မှတ်ဖို့ ဘုန်းကြီးပြောနေပါတယ်၊ သူတို့ ၃-မျိုး အတွက် တရားမရသင့်ဘူးလားလို့ မေးလျှင် ရသင့်တယ်၊ ပရမတ်, ပညတ် သင့်တော်သလို ရတယ်၊ သင့်တော်သလို ရတဲ့အထဲက ပရမတ္ထမမှန်ဖြစ်လျှင် ခုတင်က ကောက်တဲ့အထဲ ပါသွားပြီ။

ဥပမာ–ထင်ထင်ရှားရှားကြည့်ချင်လျှင် ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော-ဆိုတာ ပုဂ္ဂလဆိုတဲ့အသုံးဟာ ပရမတ်လား, ပညတ်လားလို့ မေးလျှင် ပညတ်။

ဒါကြောင့် ဗျာပဒ ၃-ချက်တို့၏ ပစ္စည်းကို ပကတူပ ကောက်တဲ့အခါတိုင်း (ပစ္စည်းထိုက်သော အချို့သောပညတ်) လို့ ဒီလိုထည့်ကြပါ။

ပညတ်ရှိသမျှကော မဟုတ်ဘူးနော်၊ ပကတူပနိဿယပစ္စည်း ဖြစ်သင့် ဖြစ်ထိုက်တဲ့ ပညတ်မျိုးကို ဗျာ ၃-ချက်၏ ပစ္စည်းမှာ သည့်သွင်းရှိကောက်ပါ။

အဲဒါကယော့ ဦးပဉ္စင်းတို့ ပဌမပြန် စသည်အတွက် သုံးလို့ဖြစ်မယ် မဟုတ်လုပါဘူး၊ ငါတို့ယင်မဲ့တုန်းက ငါတို့ကို ပို့ချပေးတဲ့ ဘုန်းကော်ကြီးက ဒါဟာ ရသင့်တယ်လို့ ပြောတယ်လို့ ကိုယ့်ဉာဏ်ထဲမှာ မှတ်သားထားဘို့ ပြောပေးပါတယ်။

အဲဒါဘဲ ထူးတယ် ဗျာ ၃-ချက်မှာ၊ ကြွင်းတဲ့ အနုန္တရဘို့ အာရမ္မဏတို့ကို ခါတိုင်း ရပြီးသားလို့ ကောက်ကော်မှုကြပါ။

ဘာပိုလာသလဲ ပညတ်ပိုလာတယ်၊ ဒါကြောင့် ဘုန်းကြီး မှာဘမ်းရေးတုန်းကတည်းကိုက ပစ္စယုပ္ပန် အဗျာကတပြုလျှင် ပစ္စည်း အကုန်ကောက်-လို့ ဆိုဘို့ ရာမှာ 'ရသင့်သမျှ'-ဆိုတဲ့စကား ထည့်ထားတာဟာ ဒီပညတ်ကိုင့်ထားပါတယ်။ ပဋ္ဌာဝါရအတိုင်း ကောက်ပေါ့။

ပုရေဇာတပစ္စည်း အရကောက်အဓိပ္ပါယ်

သတိပြု နားဆောင်ကြပါ၊ ဘုန်းကြီး ပြောရုံပြောသွားမှာ အကောက်ခိုင်းနေမှာ မဟုတ်ဘူး။

ပုရေဇာတပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏ ခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(ပေယျာလ) ကာယာယတနံ ကာယဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

အဲဒါ ဘာ ပုရေဇာတတုံး (ဝတ္ထုပုရေဇာတပါ)၊ မနေ့က နိဿယပစ္စည်းမှာ ကောက်ပြီးပြီ၊ အဲဒီအတိုင်း ပစ္စည်း, ပစ္စယုပ္ပန်ကောက်ပါ၊ အခု ကောက်မပေးတော့ဘူး။

ရူပါယတနံ စက္ခုဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော (ပေယျာလ)၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဒီပါဠိတော်တွေက ဘာပုရေဇာတလဲ (အာရုံမှီပုရေဇာတပါ)။

ဘယ်ဟာကို ညွှန်ပြသလဲ မေးလျှင် အာရုံမှီဇယားကြီး[1] အပေါ်ဆုံး ၂-ကြောင်း မဟုတ်လား (မှန်ပါ)။ အဲဒီတုန်းက ပစ္စည်း, အဲဒီတုန်းက ပစ္စယုပ္ပန်, အဲဒီတုန်းက ကရိယာ ပါ၍ဘဲ၊ ကရိယာ ၄-ပစ္စည်း ထုတ်ထားတယ် မဟုတ်လား (မှန်ပါ)။ မကောက်တော့ပါဘူး၊ ဟိုတုန်းက ခဲ့လျှင်လဲ ရကြမှာဘဲ၊ ဟိုတုန်းက မရခဲ့လျှင်လဲ ရမှာမဟုတ်ဘူး။

ယံ ရူပံ နိဿာယ မနောခေါတု စ မနောဝိညာဏခေါတု စ ဝတ္ထာနိ၊ နိဿယတုန်းက ကောက်ပြီးခဲ့ပြီ မဟုတ်လား (မှန်ပါ)။ တံ ရူပံ မနောခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော....ဆိုတာ ဝတ္ထုပုရေဇာတဘဲ၊ ၅-ပစ္စည်း ကရိယာပါ၍ထုတ် (မှန်ပါ)။

မနောဝိညာဏခေါတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေန ပုရေဇာတပစ္စယေန ပစ္စယော-ဆိုတာက မှာတမ်းဘဲ၊ ဘာမှာတမ်းလဲ ပဋ္ဌာဝါရတုန်းက ပြောခဲ့ပြီ၊ သဟဇာတဟေတုဝတ္ထုသည် ပဋိသန္ဓေအခါမှာ ကျေးဇူးပြု၏၊ ဝတ္ထုပုရေဇာတဟေတုဝတ္ထုသည် ဘယ်အခါမှာ ကျေးဇူးပြုသလဲ (ပဝတ္တိအခါမှာ ကျေးဇူးပြုပါတယ်)၊ အဲဒါကလေးကို ပြောတာ။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှာ-၄၂ (က) ရှိ အာရုံမှီဇယားကြီးကြည့်။

ဟို ပဋ္ဌာဝါရတုန်းက အသားလွှတ်လိုလို ဘုန်းကြီးက ပြောခဲ့ရတယ်၊ ဒီမှာ ဘာ့ ဦးပဋ္ဌင်းတို့ အကိုးပါဋ္ဌ လာပြီး ရကြတာဘဲ။

သဟဇာတဟဒယဝတ္ထုသည် ပဋ္ဌိသန္ဓေအခါ ကျေးဇူးပြုတယ်ဆိုတာ ဘုရားဟောပါဋ္ဌကော် အကိုးရှိသလားလို့မေးလျှင် သဟဇာတ နောက်ပိုင်းက 'ရူပိ-နော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ နု သဟဇာတပစ္စယေန ပစ္စယော'၊ အဲဒါ ပါဋ္ဌတော်အကိုးဘဲ။

ထို့အတူ ဝတ္ထုပုရေဇာတ ဟဒယဝတ္ထုသည် ပဝတ္တိအခါမှာသာ ကျေးဇူးပြုတယ်ဆိုတာကော အကိုးသီချင်လျှင် ဒီပါဋ္ဌတော်ကို ထုတ်ပါ၊ တံ ရူပံ မနောဝိညာဏခါတုယာ တံသမ္ပယုတ္တာနာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေ-ဇာတပစ္စယေန ပစ္စယော၊ အသုံးချတတ်အောင် ပြောတာ၊ ဒါက ရပြီးသားတော့ချည်းဘဲ မဟုတ်လား (မှန်ပါ)။ ပါဋ္ဌတော်အကိုး ဘယ်မှာရှိသလဲမေးလျှင် အဲဒါ၊ တို့ ပြန်ပြီး လက်ညှိုး ညွှန်ပြရုံဘဲ၊ ပစ္စယနိဒ္ဒေသ ပြန်ပြီး ညွှန်တာနော် (မှန်ပါ)။ ကဲ တော်ကြပါစို့။

ပစ္ဆာဇာတပစ္စည်း အရကောက်

ရှေ့ တပစ္စည်းတိုးပါ၊ သတိပြုနားထောင်ကြစမ်းပါ။

ပစ္ဆာဇာတပစ္စယောတိ–ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာ-တဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ-ဟူသော ကတ္တားပါဋ္ဌဖြင့် ဆိုတော့ ပစ္ဆာဇာတသုဒ္ဓသင်္ခါ ပစ္စည်းဘက်ကတင် ဆို၊ အနက်ပေးလဲ သူဘဲ (မှန်ပါ)။ ပုရေဇာတဿ ဣမဿ ကာယဿ ဆိုတော့ ပစ္စယုပ္ပန်ဘက်က ကလေးတင် ဆို၊ ဦးကောလိယ ကောက်ကြည့်စမ်းပါ။

ဦးကောလိယ။ ။ပစ္ဆာဇာတာ စိတ္တဇစေတသိကာ ဓမ္မာ-ဟူသော ကတ္တားပါဋ္ဌဖြင့် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ကြည့်သော ပဋ္ဌမဈာန်ဝင် အစရှိသော နောက်နောက်သော နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ပုရေဇာတာ ဣမဿ ကာယဿ-ဟူသော သမ္ပဒါန်ပါဋ္ဌဖြင့် ပဋ္ဌိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ကေဇကာယ, ဒ္ဒိဇကာယ, တိဇကာယ, စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ပစ္ဆာဇာတပစ္စယေန-ဟူသော ကရိယာပါဋ္ဌဖြင့် တပြိုင်နက် တပ်ကောင်းသော ပစ္ဆာဇာတ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတ- ဤ ၄-ပစ္စယသတ္တိတို့တွင် ပစ္ဆာဇာတသတ္တိ ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ဒါကို အထူး ကျက်စရာလိုသေးသလား၊ သုဒ္ဓ သခ်ၤာရလျှင် ဒီအတိုင်းဘဲ မဟုတ်လား (မှန်ပါ)။ သူ့ပစ္စည်း,သူ့ပစ္စယုပ္ပန်ဘက်ကဟာ ကောက်လိုက်ရုံဘဲ၊ မထူးပါဘူး၊ ဒီတော့ ဒါတွေနှင့်အချိန်မဖြုန်းပါနှင့်တော့၊ ဒီလိုလုပ်ပြီး ဒီလိုကြည့်, ဒီလိုသိရတယ်ဆိုတာ ညွှန်ပြလျှင် ကျေနပ်ကြပါတော့၊ ဒါကြောင့် နောက်ပိုင်းက ကြေခဲ့ပေစေလို့ပြောတာ။

အာသေဝနပစ္စည်း အရကောက်

အာသေဝနပစ္စည်းက သခ်ၤာ တိကို ပဥ္ဘာဝါရကအတိုင်း ဆိုပြီး ၃-ချက်ပြတယ် မဟုတ်လား(မှန်ပါ)။ သူဟာ အနန္တရဆွေမျိုးဘဲ **အနန္တရ**-ရလျှင် ရမှာပေါ့၊ ကု-ကု၊ အကု-အကု၊ ဗျာ ဗျာ၊ ဗျာ-ဗျာမှာ ကြိယာတင် မဟုတ်လား (မှန်ပါ)။ ကဲ ဦးဥာဏ ကောက်စမ်းပါ။

ဦးဥာဏ။ ။ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ-ဟူသော ကတ္တားပါဌ်ဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော ဧလာကီကုသိုလ် သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ-ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဌမဇောကြဉ်သော ဧနောက်နောက်သော ကုသိုလ်စိတ် ဧကဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား– **မဟာ**ကုသိုလ် ဒုတိယဇော**အား** တပ်သော ပဌမဇော။(ပ)။ သတ္တမဇော**အား** တပ်သော ဆဋ္ဌဇော၊ **မဟ**ဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄-ခု, **မ**ဂ်သောမနဿ ၁၆ ခု**အား** တပ်သော ဂေါ**ဒ**ြဘူ, ဂေါ**ဒ**ါန်ကိစ္စတပ်သော **မဟာ**ကုသိုလ် ပဌမဒ္ဒေ, **မ**ဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု, **မ**ဂ် ဥပေက္ခာသဟဂုတ် ၄-ခု**အား** တပ်သော ဂေါ**ဒ**ြဘူ, ဝေ**ဒ**ါန်ကိစ္စ တပ်သော **မဟာ**ကုသိုလ် တတိယဒ္ဒေ, သမာပဇ္ဇနဝိထိ**ဌ**် နောက်နောက်သော **မ**ဟဂ္ဂုတ်**ကုသိုလ်အား** တပ်သော ရှေးရှေးသော ဇောတူ **မ**ဟဂ္ဂုတ်ကုသိုလ် **ပ**စ္စည်းတရားကို ပြတော်မူ၏။

ပစ္ဆိ**မာ**နံ ပစ္ဆိ**မာ**နံ ကုသလာနံ ဓမ္မာနံ-ဟူသော သမ္ပဒါန်ပါဌ်ဖြင့် **မ**ဟာကုသိုလ် ဒုတိယာဒိဇော, **မ**ဟဂ္ဂုတ်ကုသိုလ် ၉-ခု, **မ**ဂ်စိတ် ၄-ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အာသေဝနပစ္စယေန- ဟူသော **ကရိ**ဏ်းပါဌ်ဖြင့် တပ်ပြီင်နက် တပ်တောင်းသော **အာ**သေဝန, **အ**နန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ- ဤ ၆-ပစ္စယသတ္တိတို့ကုင် **အာ**သေဝနသတ္တိ-ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ကြင်းသော အကု-အကု- စသည်လည်း **အ**နန္တရ**အ**တိုင်း နည်းမှီးကောက်ရန်။)

ကမ္မပစ္စည်း အရဂကာက်

ကမ္မပစ္စည်းကျမှတော့ နာနာကွဏိက ကမ္မဇယားကြီး[1]ကို လှန်ကြည့်ပါ၊ ပဋ္ဌာဝါရတုန်းက ပြောတဲ့ နာနာကွဏိက ကမ္မဇယား၊ ဇယားသုံးတတ်အောင် အကြည့်ခိုင်းတာပါ၊ ဦးပဋ္ဌင်းတို့ အဲဒီတုန်းကအတိုင်းဘဲ ရပြီးသားဘဲ။

ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဇယားရဲ့ ခေါင်းစီး ပြည့်စမ်းပါ၊ ပစ္စည်းတရားက စေတနာမဟုတ်လား (မှန်ပါ)။ ဘာစေတနာလဲ မေးလျှင် ကုသိုလ် အကုသိုလ် ၂-မျိုးလုံးရှိစေတနာ ဒီလိုမဟုတ်လား(မှန်ပါ)။ ဒါမကြောင့် မြတ်စွာဘုရားက ဘယ်လိုဟောသလဲ၊ ကုသလာကုသလံ ကမ္မံ ကုသိုလ် အကုသိုလ် စေတနာသည်၊ (မှန်ပါ)။

ပြီးတော့ ပစ္စယုပ္ပန်ဘက်က အပါဆုံးအကန်းမှာ လျှောက်ကြည့်လျှင် အကုသလဝိပါက် ၇, အဟိတ်ကုသလဝိပါက် ၈ စသည်ဖြင့် လျှောက်ပြီးရေးသွားတာတွေ့ သယ်လောက်ဝုံး၊ ၁၇ ကွက်မဟုတ်လား (မှန်ပါ)။ အဲဒါတွေဟာ ပေါင်းလိုက်တော့ ဘာတုံး ဝိပါက်စိတ် ဆယ်တို့ ဘာဘဲ (မှန်ပါ)။ ဟုတ်ကို ပါဠိစီတော့ ဒီမှာ မြတ်စွာဘုရားက ဘယ်လိုစီသလဲ ဝိပါကာနံ ခန္ဓာနံ၊ ဒီလိုမဟုတ်လား (မှန်ပါ)။ နောက်တခါ ကမ္မဇရုပ်တွေကြည့်ပြီးတော့ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဒီဇယားကို ပြန်ဖြေလို့၊ ပဋ္ဌာဝါရတုန်းကတော့ ဘယ်လိုကောက်ထားသလဲ၊ ကုသလော အဗျာကတသာ တချက်, အကုသလော အဗျာကတသာ တချက် ဒီလိုမဟုတ်လား(မှန်ပါ)။ကုသလော အဗျာကတသာ ဖြစ်လျှင် ကုသိုလ်ကောဝိသဒ္ဒါရှိသော စေတနာသည် ပစ္စည်းတရား၊ ကုသလဝိပါက် ၂၉-ခုနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်တရား၊ ဒီလိုမဟုတ်လား (မှန်ပါ)။

အကုသလော အဗျာကတသာ-ဖြစ်လျှင် အကုသိုလ် ဒွါဒသဒ္ဒါရှိတဲ့ စေတနာက ပစ္စည်းတရား၊ အကုသလဝိပါက် ၇-ခု နာမက္ခန္ဓာနှင့် ကဋတ္တာရူပ်က ပစ္စယုပ္ပန်တရား၊ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ-လို့ဆို၊ ကုသိုလ်, အကုသိုလ်ကို ခွဲကောက်တာဘဲ ပဋ္ဌာဝါရတုန်းက (မှန်ပါ)။

နာနာကွဏိက ကမ္မ

အခု ဒီမှာ ပစ္စယနိဒ္ဒေသကျတော့ ကုသိုလ်, အကုသိုလ်ရယ်လို့ မခွဲဘူး၊ ကုသိုလ် အကုသိုလ်စေတနာက ပစ္စည်းတရား,၊ ဝိပါက်စိတ် ဆယ်သ နာမက္ခန္ဓာ,

---

[1] ၁။ ပဋ္ဌာန်းသိပ္ပံ ပ-တွဲ၊နှာ-၄၅၅-၌ နာနာကွဏိကကမ္မအရဂကောက် ဇယားကြည့်။

ကဋ္ဌတ္တာရုပ်က ပစ္စယုပ္ပန်တရား၊ ဒီတော့ အဇကောက်ဆရာတော်ဘုရားကြီးက ဒီပါဠိတော်ကြည့်ပြီး ဘယ်လိုကောက်သလဲ၊ ခေါင်းစီးအတိုင်း ကောက်တယ်။

ကုသလာကုသလံ ကမ္မံ-ဟူသော ကတ္တားပါဠိဖြင့် ကုသိုလ် အကုသိုလ် စေတနာ ပစ္စည်းတရားကို ပြတော်မူ၏။

ဝိပါကာနံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ-ဟူသော သမ္ပဒါနိပါဠိဖြင့် ဝိပါက်စိတ်ဆတ္တိ သ နာမက္ခန္ဓာ, ကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ နားလည်ဖယ်နော် (မှန်ပါ)။

တနည်းကား-ဆိုပြီးတော့ အဲဒီဇယားကြီးအစဉ်အတိုင်း အကုန်လုံးကောက်တယ်၊ ခုတင်က ပစ္စည်း ပစ္စယုပ္ပန် အကျဉ်းကောက်တာ၊ နောက် တနည်းကားဆိုတာက အကျယ် တခါးကောက်တယ်။

ကမ္မပစ္စယေန-ဟူသော ကရိုဏ်းပါဠိဖြင့် ကပြိုင်နက် ယထာရဟတပ်ကောင်းသော ဆိုပြီးကော့ ဒီအထဲမှာ အာနန္တရိကမ္မတွေ ပါမနေဘူးလား (ပါပါတယ်)။ ဗလဝကမ္မလဲ ပါတယ်၊ ဗလဝဒုဗ္ဗလကမ္မလဲ ပါတယ်ဆိုတော့ ကမ္မနှင့်တကွ အာနန္တရတွေပါ အကုန်လုံးစုခေါင်းပြီးတော့ ဘယ်နှစ်ပစ္စည်းတုံး (၆-ပစ္စည်းပါ)။ ဒါက ယထာရဟ-သဘာဝကရိုဏ်း ခေါ်တယ် (မှန်ပါ)။ ပြီးတော့မှ ဃဋ္ဌနာကရိုဏ်းထုတ်စို့ဆိုတော့ ပကိဏ္ဏကဃဋ္ဌနာ[1] နောက်ဆုံး ၂-ကွက်မှာ ပဌမအကွက်ကဘာတုံး (နာနာကမ္မ)၊ နောက်ဆုံးဘကွက်ကကော (အနံကမ္မ)၊ အဲဒီမှာ ဃဋ္ဌ-နာကရိုဏ်း ၂-ဆင့်ဆက်ပြီး ထပ်ထုတ်ရဘယ်။

ဗလဝကမ္မက ဘာတဲ့တုံး၊ ဝိပါက်စိတ်ဆတ္တိ သ နာမက္ခန္ဓာအား တပ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေဘနာ ပစ္စည်းတရားဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော ကမ္မ, ဥပနိဿယ ၂-ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ။

ခုတင်က ၆-ပစ္စည်းလုံးဆုတ်တာက တပြိုင်နက်ယဟာရဟနော် (မှန်ပါ)။ ဃဋ္ဌနာကရိုဏ်းကျတော့ တပြိုင်နက် (မှန်ပါ)။

နောက်တခုက မဂ္ဂါနန္တရဖိုလ် ၄-ခုအား တပ်သော မဂ်၄-ခုစေတနာ ဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော ကမ္မ, အာနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ- ဤ ၆-ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပဌမဟာက တပြိုင်နက်ယဟာရဟ ၆-ပစ္စည်း၊ ဒုတိယက တပြိုင်နက် ၂-ပစ္စည်း၊ တတိယက တပြိုင်နက် ၆-ပစ္စည်း။

၁။ ပဌာန်းသိပ္ပံ၊ ဒု-တဲ့၊ နှ-၂၀၀ ရှိ ပကိဏ္ဏကဃဋ္ဌနာဇယားတွင် ကြည့်။

လွယ်ပါတယ်၊ အားလုံး တခါက်ဟောကြစမ်းပါ။
သံဃာတော်မျှား တခါက်ဟောကြသည်။

ဆရာတော်။ ။ဒီဇယားတခုထဲဘဲ မြင်သွားအောင်လို့ ထပ်ထုတ်ခိုင်းပါတယ်။

သို့ပေမဲ့ ပဋ္ဌာဝါရတုန်းက ဒီဇယားကို ဘယ်လိုသုံးသလဲ ကုဗျာ, အကုဗျာ ၂-ချက်သုံးတယ်၊ ပစ္စယနိဒ္ဒေသကျတော့တမျိုး တဇယားလုံး တောက်လျှောက်သုံးတယ်၊ ဒီနည်းကလေးတွေလဲ မှတ်ခဲ့ကြပါ၊ ပြီးတော့ဆဝါရကျတော့ တမျိုးသုံးလိမ့်ဦးမယ်၊ ဒီအထဲမှာ ပဝတ္တိအနနှင့်သုံးတယ်, ပဋ္ဌိသန္ဓေအနေနှင့်သုံးတယ်, ရုပ်သက်သက်အနနှင့်သုံးတယ်၊ ဒီဇယားပေါ်မှာ ၃ မျိုးလောက် ထပ်သုံးတယ်၊ စာလုံးတွေ ဇယားကွက်တွေ ဘာမှ မပြောင်ပါဘူး။

ဒီတော့ ဒီဇယားကို မျက်စိထဲမြင်ပြီး ကြေနေပြီဆိုတော့ နောက်ပိုင်းမှာ ပဝတ္တိဆိုတာ ဘယ်လိုဟာ ခေါ်တယ်၊ ပဋ္ဌိသန္ဓေဆိုတာ ဘယ်လိုဟာ ခေါ်တယ်၊ ရုပ်သက်သက်ဆိုတာ ဘယ်လိုဟာ ခေါ်တယ်ဆိုတာ ခွဲပြီးပြောလို့ လွယ်တယ်၊ ဒါကြောင့် ဒါကို ပြန်ပြီး အကောက်ခိုင်းတယ်။

ဒါက ဘာကမ္မလဲမေးလျှင် နာနာကွဏ်ကကမ္မလို့ မှတ်ကြပါ၊ ၃-မျိုးစလုံးဝင်တယ်လို့ မှတ်ထားကြပါ။

သဟဇာတ ကမ္မ

ပြီးတော့ သဟဇာတကမ္မ၊ သုဒ္ဓသင်္ခါရလျှင် သုဒ္ဓသင်္ခါရအတိုင်း ကောက်ချုံ့ဘဲ၊ပါဠိတော်က မနေ့က ဟောထားတယ် ဘာတဲ့ဘုံ၊ခစကနှာ သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဂ.မ္မပစ္စယေန ပစ္စယော၊ ဧတနှာ ဟူသော ကတ္တားပါဌ်ဖြင့် စိတ် တခုယုတ်ကိုးဆယ်ဌ်ရှိသော ဧတနှာ ပစ္စည်းတရားကို ပြတော်မူ၏။

သမ္မယုဘ္ဘကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဟူသော သမ္မဒါန်ပါဌ်ဖြင့် စိတ် တခုယုတ်ကိုးဆယ်,စေတနာကြဉ်သော စေတသိက် ဇကပညာသ သမ္မယုတ္တ-ခန္ဓာ, စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ကရိုဏ်းပါဌ်ထုတ်တော့ ဘယ်နှစ်ပစ္စည်းတဲ့တုံး (၁၀-ပစ္စည်း ၁ါ)။ ဒါကြောင့် ကမ္မပစ္စယေန-ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော....တဲ့၊ တပြိုင်နက်ဘောင် ဆိုဘို့ကောင်းသေးရဲ့ သူက သို့ပေမဲ့ အလတ်တွေကျတော့ ပစ္စယုပ္ပန်မတူဘူး၊ ဒါကြောင့်မို့ တပြိုင်နက်,ယထာရဟတပ်ကောင်းသော ကမ္မ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, **အတ္ထိ, အဝိဂတ**-ဤ ၁၀-ပစ္စယ သတ္တိတို့တွင် ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

သုဒ္ဓသင်္ချာအတိုင်းပါဘဲ၊ ဒို့ရပြီးသားတွေချည်းဘဲလို့မှတ်ထားပါ၊ ဘုန်းကြီးတို့ ငယ်စဉ် သင်ခဲ့ရစဉ်က ဒီပစ္စယနိဒ္ဒေသကစပြီး သင်ရတာကိုး၊ အို....ခက်လိုက်တဲ့ ပစ္စယနိဒ္ဒေသများ ပြောစရာမရှိဘူး၊ ဒုတိယပြောက်တွေ့ခဲ့တဲ့ အာရမ္မဏပစ္စယ နိဒ္ဒေသများ ကျက်လိုက်ရတာတွေ၊ ပဌမအစ ဟေတုပစ္စယနိဒ္ဒေသ တရက်ဆို၊ ဒုတိယနေ့ကျဘော့ အာရမ္မဏ ကူးတယ်၊ အာရမ္မဏပစ္စယနိဒ္ဒေသ ဘယ်လောက်ခက်သလဲလို့ မေးလို့ရှိလျှင် ဟေတုကို မေ့အောင်ကို ခက်တာဘဲ၊ ဟေတုသာမေ့တယ် သူကိုတော့ ရသလားလို့ မေးလို့ရှိလျှင် သူလဲ ဆိုဖြစ်ရုံဘဲ ရှိတယ်။

ဘုန်းကြီးက ဒါတွေကြောင့် ပဋ္ဌာဝါရတုန်းကတော့ တူတာ၊ တူတာ၊ တူတာတွေ ပေါင်းပေါင်း ပေါင်းပေါင်းပြီး နှုတ်လိုက်နေအောင် အဆိုခိုင်းတယ်။

ကမ္မပစ္စည်းပါဠိတော်လဲ ဟောပြီးပြီ၊ အရလဲ ကောက်ခဲ့ပြီ။

ရှေကို ပါဠိဘော်လဲ ဆိုပြီးတော့ အရကောက်ကို တခါတည်း ကောက်ရအောင်၊ ဝိပါကပစ္စည်း သွားကြရအောင်။

ဝိပါကပစ္စည်း ပါဠိတော်နှင့် အရကောက်

ဝိပါကပစ္စည်း သုဒ္ဓသင်္ချာကို ဦးသုဇာတ ဆိုကြည့်စမ်းပါ။

ဦးသုဇာတ။ ။ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ။ (ပ)။ ဟူသည်တည်း။

ဆရာတော်။ ။ဘရား၊ပေါ်လာလျှင် တော်ပါပြီ၊ သတိပြု နားထောင်ကြပါ၊ ဦးပဉ္စင်းတို့ ရပြီးသား ဖြစ်နေပါဘယ်၊ သို့ပေမဲ့ တရားယူဆပုံကလေးတွေ ဘုန်းကြီးပြောပေးမယ်၊ သူသုဒ္ဓသင်္ချာက ဆိုတယ်၊ ပစ္စည်း၊တရားက ဝိပါက်နာမက္ခန္ဓာ ၄-ပါး၊ ဟုတ်ရဲ့လား (မှန်ပါ)။ ပစ္စယုပ္ပန်က ဝိပါက်နာမက္ခန္ဓာလဲ ပါတယ်၊ ဝိပါက်ကြောင့်ဖြစ်ဘဲ့ စိတ္တဇရူပ် ပဋ္ဌာသန္ဓေ ကမ္မဇရုပ်လို့ ၂-မျိုး မပါဘူးလား (ပါပါတယ်)။ ပြီးတော့ နောက်တချက်က ဟဒယဝတ္ထုအား တပ်တဲ့ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာလို့ ရပြန်တယ်မဟုတ်လား (မှန်ပါ)။

အဲဒီလိုပစ္စည်း ဝိပါက်နာမ်,ပစ္စယုပ္ပန် ဝိပါက်နာမ်နှင့် ရုပ်တွေရှိပေမဲ့ ဒီပစ္စယနိဒ္ဒေသမှာ ရုပ်ဘရားတွေထည့်ပြီး မြတ်စွာဘုရား မဟောဘူး။

ပြီးတော့ ဒုတိယအပိုဒ်ဖြစ်တဲ့-ဟဒယဝတ္ထုအား တပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာခေါ်တဲ့ နာမ်ပစ္စည်း, ရုပ်ပစ္စယုပ္ပန်ကိုလဲ မဟောဘူး။

ဆိုလိုရင်းက–ရူပ်ပစ္စယုပ္ပန်ကိုလဲ မဟောဘူး၊ နာမ်ပစ္စည်း ရူပ်ပစ္စယုပ္ပန်သာ ရတဲ့ ဟာဒယဝတ္ထုအားတပ်ဘဲ ပဋ္ဌာဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာကိုလဲ မဟောဘူး။

ဘာကြောင့် မဟောသလဲ ဝိပါကပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန် မထိုက်လို့လား လို့ မေးလျှင် ထိုက်ပါဘယ်၊ ထိုက်လျက်သားနှင့် မြတ်စွာဘုရား ဘာဖြစ်လို့ ထည့်မဟောသလဲဆိုလျှင် အဋ္ဌကထာက **သာဝသေသဝသေန ဒေသနာ ကတာ**[1] တဲ့၊ အဋ္ဌကထာသုံးစကား (မှန်ပါ)။ သာဝသေသတရားတွေ ပစ္စယနိဒ္ဒေသဟာ (မှန်ပါ)။ မကျဉ်းမကျယ် ဟောရာဖြစ်သော ပစ္စယနိဒ္ဒေသမှာ အခုလို ဝိပါက ပစ္စည်းလိုနေရာမျိုးမှာ တရားအစုံအလင် မဟောဘူး၊ သာဝသေသဒေသနာလို့ ခေါ်တယ်၊ တရားကို အကျဉ်းထားပြီးတော့ ချန်ထားပြီးတော့ အကြောင်းပြုပြီး တော့ ဟောတဲ့ ဒေသနာတော်မျိုးတဲ့။

ဒီတော့ ရုပ်တွေမပါဘူး၊ နာမ်ချည်းဘဲ၊ ပစ္စည်း ပစ္စယုပ္ပန်ဆိုတော့ ဘာတုံး၊ အချင်းချင်းအားတပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါး၊ ဒါကလေးဘဲ ကျန်တော့ တယ်မဟုတ်လား၊ (မှန်ပါ)။ ဒါကလေးကျန်တော့တာကို ဒါကို ဘယ်နှယ်လုပ် ဟောမလဲမေးလျှင် သဟဇာတဘုန်းက နံပါတ် ၁-အဘိုင်းပေါ်၊ သဟဇာတ တုန်းကတော့ စတ္တာရော ခန္ဓာ အရူပိနော၊ ဒီလိုမဟုတ်လား၊ (မှန်ပါ)။ ဒီမှာ တော့ 'စတ္တာရော ခန္ဓာ'လို့ဆိုလျှင် ကုသိုလ် အကုသိုလ် ကြိယာတွေ လိုက်ပါ လာမှာစိုးလို့ ရှေ့နားကနေပြီး ဝိပါကာ-လို့ ထည့်လိုက်ရုံဘဲ။

ဝိပါကပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

ဒီလိုဟောတယ်။ ဦးသုဇာတ ပါဠိတော်ရှုတ်ပြီး ကောက်စမ်းပါ။

ဦးသုဇာတ။ ။ဝိပါကပစ္စယောတိ။ (ပ)။ ပစ္စယော၊ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော ဟူသော ဂတ္တားပါဌ်ဖြင့် ၃-ပါး, ၃-ပါးသော ဝိပါက်နာမကွန္ဓာအားတပ်သော တပါးတပါးသော ဝိပါက်နာမကွန္ဓာ, တပါး တပါးသော ဝိပါက်နာမကွန္ဓာအားတပ်သော ၃-ပါး, ၃-ပါးသော ဝိပါက်နာမကွန္ဓာ, ၂-ပါး, ၂-ပါးသော ဝိပါက်နာမကွန္ဓာအားတပ်သော ၂-ပါး, ၂-ပါးသော ဝိပါက်နာမကွန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံ-ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ၃-ပါး, ၃-ပါးသော ဝိပါက်နာမကွန္ဓာ, တပါး တပါးသော ဝိပါက်နာမကွန္ဓာ, ၂-ပါး, ၂-ပါးသော ဝိပါက်နာမကွန္ဓာ ပစ္စယုပ္ပန်ဘရားကို ပြုတော်မူ၏။

၁။ ပဋ္ဌာနဋီကရဏ အဋ္ဌကထာ၊ နှာ-၃၇၆။

ဝိပါကပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက်တပ်ကောင်းသော ဝိပါက, သဟဇာတ, အညမညဿ, နိဿယ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ-ဤ ၇-ပစ္စယသတ္တိတို့တွင် ဝိပါကသတ္တိဟုဆိုအပ်သော သတ္တိဝ်သေသဖြင့် ကျေးဇူးပြု ဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။တရား၏အနေအားဖြင့် သုဒ္ဓသခ်္ခာအကုန်, ဟဒယဝတ္ထုအား တပ်သော ပဋ္ဌဝေါဟာရပဋ္ဌိသန္ဓေနာမကွန္ဓာ ပါနေမယ်ဆိုလျှင် ၎င်ပွယ်တို့ တောင် ရသင့်တယ်၊ (မှန်ပါ)။ အခုတော့ ဒီမှာ နာမ်ပစ္စည်း, နာမ်ပစ္စ-ယုပွန် ဖြစ်နေတော့ သဟဇာတိ ၄-ပစ္စည်းရယ်, ကိုယ်တိုင်ဝိပါက ရယ်, အည, သံရယ် ဘယ်နှစ်ပစ္စည်းတုံး (၇-ပစ္စည်း ရပါတယ်)။ ကဲ ဝိပါက တော်ကြပါစို့၊ မခက်လှပါဘူး။

အာဟာရပစ္စည်း ပါဠိတော်နှင့်အရကောက်

အာဟာရပစ္စည်းမှာ နာမ်အာဟာရ, ရူပ်အာဟာရလို့ ပဋ္ဌာဝါရက ၂-မျိုး ဟောတယ်မဟုတ်လား (မှန်ပါ)။ သတိပြုကြစမ်းပါ၊ ဒီကျတော့ ပြောင်ပြန် ဆိုသလို ဖြစ်နေတယ်၊ ရူပ်အာဟာရက ၉ပြီးဟောတယ်၊ ရူပ်အာဟာရကို ပဋ္ဌာဝါနုတုန်းက ဟောတဲ့အတိုင်းဘဲ။

> အာဟာရပစ္စယောတိ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

နာမ်အာဟာရ သုဒ္ဓသခ်္ခာရ္ဆတ်ကြည့်တော့ ဘာတုံး"သမ္မယုတ္တာနန္ဓာ စိတ္တဇရူပ် ပဋ္ဌိသန္ဓေကမ္မဇရူပ်အားတပ်သော ဖဿ, စေတနာ, ဝိညာဏ်"....ဒီလိုမဟုတ်လား (မှန်ပါ)။ ဒါကြောင့်–အရူပိနော အာဟာရတဲ့၊ ပေါ်င်းလိုက်တယ်၊ ကုသိုလ် အကုသိုလ်တွေ လုပ်မနေဟော့ဘူး (မှန်ပါ)။

အရူပိနော-နာမ်ဖြစ်ကုန်သော၊ အာဟာရ–ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော နာမ် အာဟာရတရားကိုယ် ၃ ပါး ပစ္စည်းတရားတို့သည်၊ ဒါက ပစ္စည်းတရား ပြတာ၊ (မှန်ပါ)။

ပစ္စယုပွန်အတွက်ကတော့–သမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ပေါ့၊ သူတို့က သဟဇယ်ဘဲ မဟုတ်လား၊ (မှန်ပါ)။ အရကတော့ စိတ်တရုယုတ် ကိုးဆယ် စေဘသိက် ဒွေပညာသ သမ္မယုတ္တာနန္ဓာ, စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ် ပစ္စယုပွန်တရားကို ပြတော်မူ၏။

ကရိုဏ်းပါဠိထုတ်တော့ လတ်ကြီး (၇) နှင့် ဓိ-ကံ-ဣ-ပေါင်း ၁၂၊ အဲဒါ သဘာဝကရိုဏ်းပေါ့၊ နောက်တော့ ဃဋ္ဌနာကရိုဏ်းဆိုတော့ အာဟာရမှာ

ဃဋ္ဋနာ ၃၃-ချက် မဟုတ်လား၊ (မှန်ပါ)။ အဲဒါတွေ အကုန်ထုတ်မှာဘဲ၊ အဲဒါတော့ သတိသားဘို့ ပြောတာ၊ ဒါတွေထည့်ပြီး ကောက်မှာမဟုတ်တော့ဘူး၊ ဦးဥာဏဝရ ဟောစမ်းပါ၊ ပါဠိတော်က စ-ဟောပါ။

ဦးဥာဏဝရ။ ။အာဟာရပစ္စယနိဒ္ဒေသပါဠိတော် အရကောက် အစုံဟောသည်။

ဣန္ဒြိယပစ္စည်း ပါဠိတော်နှင့်အရကောက်

ဣန္ဒြိယပစ္စည်း ပဋ္ဌာဝါဒတုန်းက ဘယ်နှစ်မျိုးတဲ့တုံး (၃ မျိုး)၊ သဟဘိ, ပုတိ, ရူပတိ-လို ဒီလိုပြတယ် ပဋ္ဌာဝါဒက၊ ဒီကျတော့ ပုတိ်က စ-ဟောတယ်။

သတိပြု နားထောင်ကြပါ၊ ရပြီးသားတွေဘဲ၊ သုဒ္ဓသင်္ချာအတိုင်း ဟောတယ်၊ သုဒ္ဓသင်္ချာအတိုင်း ကောက်မယ်။

ဣန္ဒြိယပစ္စယောတိ စက္ခုန္ဒြိယံ စက္ခုဝိညာဏခေါတုယာ တံသမ္ပယုတ္တ-ကာနဉ္စ မမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပ)၊ ကာယိန္ဒြိယံ ကာယဝိညာဏမောတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဒီအထိ ပါဠိဘော်က ဘာဣန္ဒြိယပစ္စည်းလဲ၊ (ဝတ္ထုပုံရဇာတိန္ဒြိယပါ)။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဒါက ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပါဠိတော် (မှန်ပါ)။ ပြီးတော့မှ သဟဇာတိန္ဒြိယကို—

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော—

လို့ ပါဠိတော်ရှတ်ပြီးတော့မှ အရကောက်ကို သုဒ္ဓသင်္ချာအတိုင်း ကောက်ပါ၊ ဦးသူရိယ ကောက်စမ်းပါ။

ဦးသူရိယ။ ။ဣန္ဒြိယပစ္စယောတိ (ပ)။ ပစ္စယော။ စက္ခုန္ဒြိယံ-ဟူသော ကဘွားပါဠိဖြင့် မတ္ထိမာယုကဖြစ်၍ အတိဘာဝဝင်နှင့် ဥပါဒ်ပြုင်သော စက္ခုဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ စက္ခုဝိညာဏခေါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ-ဟူသော သမ္ပယုတ်ပါဠိဖြင့် စက္ခုဝိညာဏ်ဒွေ, သမ္ပဋိစ္ဆနသာခေါရဏစေတသိက် ၇-ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဣန္ဒြိယပစ္စယေန-ဟူသော ကရိုဏ်းပါဠိဖြင့် ဝ-ပြိုင်နက်တပ်ကောင်းသော ဣန္ဒြိယ, နိဿယ, ပုံရဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤ ၆-ပစ္စယ-

သတ္တိတို့တွင် ဣန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိဒေသသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(သောတ, ဃာန, ဇိဝှါ, ကာယတို့လည်း နည်းတူ)။

ရူပဇီဝိတိန္ဒြိယ-ဟူသော ကတ္တားပါဠိဖြင့် ရူပဇီဝိပါန္ဒြကြဉ်သော ကလာပ်တူ ကမ္မဇရူပ် ၉-ခုအား တပ်သော ရူပဇီဝိတိန္ဒြေ ပစ္စည်းတရားကို ပြတော်မူ၏။ ကဋ္ဌတ္ဘာရူပါနုဟူသော သမ္မာဒါန်ပါဠိဖြင့် ရူပဇီဝိဘိန္ဒြကြဉ်သော ကလာပ်တူ ကမ္မဇရူပ် ၉-ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဣန္ဒြိယပစ္စယနဟူသော ကရိယာပါဠိ ၃-ခုနှင့် တပြိုင်နက်ဘပ်ခကာင်းသော ဣန္ဒြိယ, အတ္ထိ, အဝိဂတ- ဤ ၃ ပစ္စယသတ္တိ ဘို့ဘွင် ဣန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိဒေသသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အရူပိနော ဣန္ဒြိယာ-ဟူသောကတ္တားပါဠိဖြင့် ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဈာဂ္ဂတာ, ပညာ-ဟု ဆိုအပ်သော နာမ်ဣန္ဒြိယတရားကိုယ် ၈-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္ဗန္ဓါန်ပါဠိဖြင့် စိတ် တဒုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ သမုယုဋ္ဌာနေ့ရာ, စိတ္တဇရူပ် ပဋိသန္ဓေ ကမ္မဇရူပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဣန္ဒြိယပစ္စယနဟူသော ကရိယာပါဠိဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော ဣန္ဒြိယ, ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, စျာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ- ဤ ၁၄-ပစ္စယသတ္တိဘို့ဘွင် ဣန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိဒေသသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ပြီးတော့ တနည်းကား–ဆိုပြီးတော့ ဣန္ဒြိယ ဃဋ္ဌနာ သဟဇာတိန္ဒြိယ ဘယ်နှစ်ချက်လဲ (၇၂ ချက်ပါ)၊ အဲ တနည်းကား–တွေ့ ၇၂-ခါ ထုတ်ပါဘဲ့ ဆရာတော် ဘုရားကြီးက။

စျာနနှင့် မဂ္ဂ ပါဠိတော် အရဟကောက်

စျာနနှင့် မဂ္ဂက မျိုးကဲ့မရှိဘူး၊ သဟဇာတအတိုင်းဘဲ၊ ဦးပဋ္ဌင်းတို့ သဟဇယ် သုဒ္ဓသခ်ျာအဘိုင်း ပါဠိ၄ပြီး ဒီအတိုင်း ကောက်ရုံဘဲ။ ဥပမာ—

စျာနပစ္စယောတိ စျာနဂ်ါနိ စျာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ စျာနပစ္စယနပစ္စယော။

သုဒ္ဓသခ်ျာအတိုင်း ကောက်။

မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

သဟဇေယ်မျိုးဘဲ မဟုတ်လား(မှန်၂)။ သုဒ္ဓသင်္ချာအဘိုင်း ကောက်ရတယ်၊ ဦးဥာဏ ကောက်ကြည့်စမ်းပါ၊ ပါဠိတော် ရှတ်ပြီးကောက်ပါ။

ဦးဥာဏ။ ။စျာနပစ္စယောတိ ။(ပ)။ ပစ္စယော။ စျာနင်္ဂါနိ-ဟူသော ကတ္တားပါဌ်ဖြင့် ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဟု ဆိုအပ်သော စျာနင် တဆူးကိုယ် ၅ ပါး ပစ္စည်းဘဝ ရောက်ကို ပြုတော်မူ၏။ စျာနသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူ ါနံ- ဟူသော သမ္မ ါနံပါဌ်ဖြင့် ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၂၉-ခု, စေတသိက် ဒွေပညာသ သမ္မယုတ္တနှော, စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ် ပစ္စယုပ္ပန်တရားကို ပြုတော်မူ၏။ စျာနပစ္စယေန-ဟူဟော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော စျာန, သဟဇာတ, အညမညဿ, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္မယုဇ္ဈ, ဝိပ္ပယုဇ္ဈ အတ္ထိ, အဝိဂတ- ဤ ၁၁-ပစ္စယသတ္တိတို့ဟုင်း စျာနသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြုတော်မူ၏။

မဂ္ဂပစ္စယောတိ ။(ပ)။ ပစ္စယော။

မဂ္ဂင်္ဂါနိ-ဟူသော ကတ္တားပါဌ်ဖြင့် ပညာ, ဝိတက်, ဝိရတိ ၃-ခု၊ ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး ပစ္စည်းတရားကို ပြုတော်မူ၏။ မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာန နဉ္စ ရူပါနံ-ဟူသော သမ္ဘ ါနံပါဌ်ဖြင့် သဟိဘူစိတ် ဧကသတ္တတိ, စေတသိက် ဒွေပညာသ သမ္မယုတ္တခန္ဓာ, သဟိဘူစိတ္တဇရူပ်, သဟိတ်ပဋိသန္ဓေကမ္မဇရူပ် ပစ္စယုပ္ပန်တရားကို ပြုတော်မူ၏။ မဂ္ဂပစ္စယေန-ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက်ယထာရဟ ၈ ပ်ကောင်းသော မဂ္ဂ, ဟေတု, အဓိပတိ, သဟဇာတ, အညမညဿ, နိဿယ, ဝိပါက, ဣန္ဒြိယ, စျာန, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ- ဤ ၁၂-ပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြုတော်မူ၏။

။

သမ္မယုဇ္ဈပစ္စည်း ပါဠိတော်အရကောက်

သမ္မယုတ္တ သုဒ္ဓသင်္ချာက ဘာတဲ့တုံး၊ အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌာသန္ဓနှာမကွန္ဓာ ၄-ပါး မဟုတ်လား (မှန်ပါ)။ ကဲ- ဦးဥာဏ ဆက်ပြီး ဆိုစမ်းပါဦး။

ဦးဥဏ။ ။သမ္မယုတ္တာပစ္စယောတိ ။(ပ)။ ပစ္စယော၊ စတ္တာရော ခန္ဓာ အရူပိ-နော ဟူသော ကတ္တား ပါဌ်ဖြင့် ၃-ပါး, ၄-ပါးသော နာမက္ခန္ဓာအား တပ်သော တပါး တပါးသော နာမက္ခန္ဓာ, တပါး တပါးသော နာမ-က္ခန္ဓာအားတပ်သော ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာ, ၂-ပါး ၂-ပါးသော နာမက္ခန္ဓာအားအပ်သော ၂-ပါး ၂-ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား ကို ပြတော်မူ၏။ အညမညံ-ဟူသော သမ္မာနိုင်ပါဌ်ဖြင့် ၃-ပါး ၃-ပါး သော နာမက္ခန္ဓာ, တပါး တပါးသော နမက္ခန္ဓာ, ၂-ပါး ၂-ပါ.သော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

သမ္မယုတ္တာပစ္စယေန-ဟူသောကရိုက်ပါဌ်ဖြင့် တပ်ပြိုင်နက် တပ်ကောင်းသော သမ္မယုတ္တ, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိတ ဤ ၆-ပစ္စယသတ္တိ တို့ဘုင် သမ္မယုဘ္ဘသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ၊ အချင်းချင်းအား တပ်သော ဝိပါက်ပဝတ္တိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားဖြစ်အံ့၊ တပ်ပြိုင်နက်တပ်ကောင်းသော သမ္မယုတ္တ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အတ္ထိ, အဝိဂတ- ဤ ၇-ပစ္စယသတ္တိတို့ဘုင် သမ္မယုတ္တ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဆရာတော်။ ။ကရိုက်ပါဌ်ဆုတ်ပုံ သတိပြု၊ ပဌမကရိုက်က တပ်ပြိုင်နက် တပ်ကောင်းသော ဆို၊ အချင်းချင်းအားတပ်သော ပဝတ္တိ ပဋ္ဌိသန္ဓေ နာ-မက္ခန္ဓာ ၄-ပါး ရတဲ့ပစ္စည်းတွေ ရှာလိုက်တော့ ဘယ်နှစ်ပစ္စည်းတုံး (၆-ပစ္စည်းပါ)၊ အဲဒါတွေ ထုတ်တာပေါ့၊ ဒါကြောင့် ၀ ပြိုင်နက် တပ်ကောင်းသော သမ္မယုတ္တ, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ ဒီပစ္စည်းတွေထုတ်၊ ဝိပါက ရှိတယ်၊ တပ်ပြိုင်နက် မဝင်နိုင်ဘူး မဟုတ်လား (မှန်ပါ)။ ဒါကြောင့် ဝိပါကကိုသင်းချင်တော့ အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါးဖြစ်အံ့-ဆိုတော့မှ ဝိပါက ဝင်လာနိုင်တယ် (မှန်ပါ)။ နားလည်လောက်ပါပြီ ရှေ့ကိုသွားရအောင်။

ဝိပွယုတ္တ ပါဠိတော်အရကောက်ဇယား

ဦးရေ	ဝိပ်-၃	ပစ္စည်း	ပစ္စယုပ္ပန်
၁	ပစ္ဆာဝိပ်	နာမက္ခန္ဓာ ၄-ပါး	ဧကဇ,ဒ္ဝိဇ,တိဇ,စတုဇ
၂	သဟဝိပ်	နာမက္ခန္ဓာ ၄-ပါး	စိတ္တဇရူပ်, ပဋိသန္ဓေ ကမ္မဇရူပ်
၃	သဟဝိပ်	ဟဒယဝတ္ထု	ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ
၄	ပုရေဝိပ်	ဆဝတ္ထု	သတ္တဝိညာဏဓာတ်

ဝိပွယုတ္တပစ္စည်း ပါဠိတော်အရကောက်

ဝိပွယုတ္တမှာ ပဋ္ဌာဝါရတုန်းက ဝိပွယုတ္တဘယ်နှစ်မျိုးပြောထားသတုံး (၃-မျိုးပြောပါဘယ်)၊ ဘယ်သူတွေတဲ့တုံး၊ သဟဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ် လို့ ဝိပွယုတ္တ-၃-မျိုး။

သဘိပ္ပြုနားထောင်ကြစမ်းပါ၊ဘုန်းကြီးတမျိုးပြောပေးမလို့နားလည်အောင် စာ၁လေး ၄-ကြောင်းလောက်ရေးရမယ်၊ အထူးအဆန် မဟုတ်ပါဘူး၊ ဦးပဋ္ဌင်းတို့ရပြီးသား သုဒ္ဓသခ်္ချာကိုဘဲ ဘုန်းကြီးက အရေးခိုင်းမလို့။

ပစ္ဆာဇာက ဝိပွယုတ္တသုဒ္ဓသခ်္ချာကို အလျင်ရေးရအောင် ဝိပွယုတ္တလို့ ခေါင်းစီးတပ်ထား၊ ၁-၂ ၃ ၄-လို့ အကြောင်းရေပါ။

နံပါတ် ၁-အကြောင်းက ပစ္ဆာဇာတသုဒ္ဓသခ်္ချာကို ရေးတော့ ဘယ်လိုနေမလဲ၊ ပစ္စည်းတရားက ခုတင်က ဦးပဋ္ဌင်းတို့ ပေးသွားပြီမဟုတ်လား (မှန်ပါ)။ အကျယ်အားဖြင့် ပဋ္ဌာဝါဂ၊ ဒုတိယ ဖြစ်သောအခါ အဋ္ဌကထာပါက ၄-ခုကြဉ်သော ပဌမဘဝင်အစဉ်ဖြစ်သော-ဆိုတဲ့ 'သော' တွေက ဝိသေသနမဟုတ်လား (မှန်ပါ)။

လိုရင်းက ဘယ်သူတုံး၊ ၁ နာမက္ခန္ဓာ ၄-ပါး၊ ဒါဘဲမဟုတ်လား (မှန်ပါ)။ အဲဒါရေး၊ တကြောင်းစီးရေးနော် (မှန်ပါ)။

အခု ၁-နံပါတ်အကြောင်းရဲ့ပစ္စည်းက ဘယ်သူတုံး (နာမက္ခန္ဓာ ၄-ပါးပါ)။

ပစ္စယုပ္ပန်တရားက ဘယ်သူလဲမေးလျှင် ကေဇ, ဒ္ဓိဇ, တိဇ, စတုဇ တဲ့၊ ဒါ လိုရင်းပြောတာ (မှန်ပါ)။ ဆိုရိုးကတော့ 'ပဋ္ဌိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌိသိုရောက်သော' ဒါက ဇိသေသ,တွေ့ မဟုတ်လား၊ (မှန်ပါ)။ ကေဇကာယ, ဒ္ဓိဇ, တိဇ, စတုဇကာယအား တပ်သော ပဋ္ဌ-ဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြည့်သော ပဌမဘဝင် အစရှိ သော နောက်နောက်ဖြစ်သော နာမက္ခန္ဓာ ၄-ပါး ဒီလိုမဟုတ်လား (မှန်ပါ)။ အဲဒီအကြောင်းက ဘာဝိပွယုတ္တလဲ မေးလျှင် (ပစ္ဆာဇာတဝိပွယုတ္တ ပါ)။

ပြီးတော့မှ သဟဝိပ် ကြည့်ရအောင်၊ ပဌမပိုင်းက ဘာတုံး၊ 'စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော'–ဆိုတာက ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)။ နံပါတ် ၂-ရဲ့ ပစ္စယုပ္ပန် နောက်ပိုင်းက ရေး၊ စိတ္တဇရုပ်,ပဋ္ဌိသန္ဓေကမ္မဇရုပ်သာမန်၊ ပဋ္ဌဝေါဟာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒ္ဒေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာ တို့၏ စုတိကြည့်သော ပဝတ္တိပဋ္ဌိသန္ဓေ ၄-ပါးဆိုတော့ ပစ္စည်းက နာမက္ခန္ဓာ ၄-ပါး ဘဲ ရတယ်မဟုတ်လား (မှန်ပါ)။

နံပါဘ် ၂-ရဲ့ပစ္စည်းက ဘာရေးမယ်၊ နာမက္ခန္ဓာ ၄-ပါးဘဲ (မှန်ပါ)။ နံပါတ် ၂-ရဲ့ ပစ္စယုပ္ပန်က စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်။

အခုနေ စီစစ်ကြည့်ကြစမ်းပါ၊ ပစ္စည်းတရား တူမနေကြဘူးလား၊ သဟဝိပ်ကလဲ နာမက္ခန္ဓာ ၄-ပါး, ပစ္ဆာဝိပ်ကလဲ နာမက္ခန္ဓာ ၄-ပါး။

၁ နံပါတ်ရဲ့ ပစ္စယုပ္ပန်က ကေဇ ဒ္ဓိဇ တိဇ စတုဇ လို့ခေါ်တာ ရုပ်ဘဲ-ဟုတ်လား (မှန်ပါ)၊ ၂-နံပါတ်ရဲ့ ပစ္စယုပ္ပန်ကလဲ စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ် (မှန်ပါ)။ ဒီတော့ ဦးပဏ္ဍိတတို့ သဟဝိပ်သုဒ္ဓသင်္ချာ မကုန်သေးဘူး ဘာကျန်သေးသလဲ (အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ကျန်ပါတယ်)။

သဘိပြု နားထောင်ကြစမ်းပါ၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ဆိုတာက နာမ်မဟုတ်လား (မှန်ပါ)။ ဟဒယဝတ္ထုက ရုပ်၊ အဲဒီ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ဆိုတဲ့ တရားဟာ နံပါတ် ၂-ရဲ့ နာမက္ခန္ဓာ ၄-ပါးထဲမှာ မပါဘူးလား, ပါသလား (ပါပါတယ်)။ နံပါတ်-၂ နာမက္ခန္ဓာ ၄-ပါး အကုန်ရှာဘာ၊ နောက်ဆပ်တိုးမှာက ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာတင် ဆိုတော့ ပါဘာခပါ့ (မှန်ပါ)။ ဟဒယာတ္ထုဆိုတဲ့တရားကော ပဋ္ဌိသန္ဓေကမ္မဇရုပ်

ထဲ မပါ၊ပဘူးလား၊ (ပါပါတယ်)၊ ဒါဖြင့်လျှင် **အချင်းချင်းအားတပ်တဲ့** ပဋ္ဌာ၀ါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ ဟာ၊ယ၀တ္ထုမှာ နာမ်ပစ္စည်း, ရူပ်ပစ္စယုပ္ပန် **သည်** နံ၊ပါတ် ၂ ထဲ ရောပြီးထည့်ထား၊သည်၊ သဟခ္ခင်း အတူတူဘဲ **မဟုတ်လား** (မှန်ပါ)။

ကျန်တာ ဘယ်သူလဲ၊မေးလျှင် ဟာ၊ယ၀တ္ထုက ပစ္စည်း, ပဋ္ဌ၀ေါကာ၊ရ ပဋ္ဌိ-**သန္ဓေနာမကွန္ဓာက** ပစ္စယုပ္ပန် ကျန်မနေဘူးလား (ကျန်ပါတယ်)၊ အဲ.... ဒါ၊ကြောင့် နံ၊ပါတ် ၃-ရဲ့ ပစ္စည်းကို ဟာ၊ယ၀တ္ထု-လို့ ရေး၊ ပစ္စယုပ္ပန်**က ပဋ္ဌ**၊ခ၀ါ**ကာ**ရ ပဋ္ဌိသန္ဓေနာ၊ကွန္ဓာ-လို့ ရေး။

ကုန်သွား၊ရောပေါ့၊ သတိပြုကြပါ၊ အနေ၊ပြောဘဲ့ ၂-နံ၊ပါတ်နှင့် ၃ နံ၊ပါတ်သည် ဘာ၀ိပွယုဘွာလဲ မေး၊လျှင် သဟ၀ေ၊တ၀ိပွယုတ္တ။

ပြီး၊တော့ ဘာ၀ိပ် ကျန်သေး၊သလဲ (ပုရေ၀ိပ် ကျန်ပါတယ်)။

ဘုန်း၊ကြီး၊ဘဲ ရှုတ်ပြပါ့မယ် သတိပြုပါ၊ ပဋ္ဌ၀ေါ**ကာ**ရဘုံ၌ ဖြစ်သောအ**ခါ** အ**ရ**ူ၊ ၀ိပါက် ၄-ခု**ကာ**ဉ်သော သတ္တ**ဝ**ိညာ**ဏ**ခ**ာ**ဘ**ာ**အား**တ**ပ်**၊**သော ဒါ**က** ပစ္စယုပ္ပန် **မဟုတ်ल ः** (**မှ**န်ပါ)။ ၄-နံ**ပါ**တ်**အ**ကြောင်**း** ပစ္စယုပ္ပန်ကို ရေ**း**လို**က်** **'သ**တ္တ-**ဝ**ိ**ညာ**ဏ**ခ**ာ**တ ။

ဦ**း**ပဋ္ဌ**ာ**န်**း**တို့ **ရ**ှာ**ကာ**ဘူ**း**၊ ပြော**ပ**ေ**း**နေ**တ**ာ**က** **သ**ဘော**ကျ** **အ**ောင်, **သ**ဘာ**ဝ**မြင်**အ**ောင် ပြော**ကြ**ောတယ်။

ပစ္စည်**း**တ**ရ**ား**က** ဘာ**တ**ုံ**း**၊ **သ**တ္တ**ဝ**ိ**ညာ**ဏ**ခ**ာ**တ်**အ**ား**ဘ**င်**သ**ော ဆ**ဝ**တ္ထ**ု**၊ **ဒ**ီ**လ**ို **မ**ဟုတ်**လ**ား (**မ**ှန်**ပ**ါ)။ ရှေ**း**ဆ**ုံ**ပါ့၊ **အ**ခေါ**ခ** ဟာ**ယ**ဝတ္ထ**ု** **ရ**ှိ**တ**ယ်**မ**ဟုတ်**လ**ား (**မ**ှန်**ပ**ါ)**၊** **ဒ**ီ**က** ဘာ**ရ**ေ**း**တယ် (**ဆ**ဝတ္ထ**ု**)။

ကုန်သွား**ရ**ော ၀ိပ် ၃-**မ**ျိ**း**၊ **ဒ**ေ**သ**နာ**တ**ော်**က**တော့ ပြောင်**း**ပြန်**ကြ**ည့်**ရ**မှ**ာ**ပါ၊ **သ**ို့**ပ**ေမဲ့ **သ**ဟ**ဝ**ိ**ပ**်**ကို** **အ**ထက်**အ**ောက်ပြန်**လ**ျှင် **မ**ကော**င**်**း**တတ်**လ**ို့ ပ**ဋ္ဌ**ာ**ဝ**ိ**ပ**်**အ**ခေါ**ခ** **က** **ထ**ား**တ**ယ်။

အခ**ေ**ါ**ဆ**ုံ**း** ၁-**နံ**ပါ**တ်အ**ကြောင်**း**က ဘာ**ဝ**ိ**ပ**်**လ**ဲ **မ**ေ**း**လျှင် ပ**ဋ္ဌ**ာ**ဝ**ိ**ပ**်**၊ **အ**ော**ခ**် **ဆ**ုံ**း**၄ **နံ**ပါ**တ**်**အ**ကြောင်**း**က ပ**ုရ**ေ**ဝ**ိ**ပ**်**၊ **အ**လ**ယ**် ၂-ကြောင်**း**က **သ**ဟ**ဝ**ိ**ပ**်**၊ **အ**ဲ**ဒ**ါ**ကို**မြ**င်**အ**ောင် **အ**ဆ**ပ**်**ဆ**ပ်**ကြ**ည့်**ပ**ါ**၊ **ကြ**ည့်**စ**ေ**ချ**င်**လ**ို့ **ထ**ပ်**ပ**ြော**တ**ာ။

၁-**နံ**ပါ**တ**်**နှ**င့် ၂-**နံ**ပါ**တ**် **စ**ာ ၂-**ကြ**ောင်**း**ရဲ့ ပစ္စည်**း**ဘ**ရ**ား**ကြ**ည့်**လ**ျှင် **နာ**မ**ကွ**န္ဓ**ာ** ၄-**ပ**ါ**း**တည်**း**ဟူ**သ**ော **နာ**မ်**၊** ပ**စ**္စ**ယ**ုပ**ပ**န်**တ**ွေ**က** **ရ**ူ**ပ** (**မ**ှန်**ပ**ါ)။ **ဒ**ီ**တ**ော့ **နာ**မ် **ပ**စ္စည်**း**, **ရ**ူ**ပ** **ပ**စ**ယ**ုပ**ပ**န်။

ဦးပဉ္စင်းတို့ ပဌမပြန်စာမေးပွဲတွေမှာလဲ အသုံးကျလို့ ဒီဟာကလေး ပြောနေတာ။

၃-နံပါတ်နှင့် ၄-နံပါတ် စာ ၂-ကြောင်းရဲ့ ပစ္စည်းတရားကိုကြည့်လျှင် ရူပ်၊ ဟာဒယာတွေ့ကလဲ ရူပ်, ဆဝတွေ့ကလဲ ရူပ် ပစ္စယုပ္ပန်ကိုကြည့်လျှင် နာမ်၊ ဒီတော့ သူတို့က ရူပ် ပစ္စည်း, နာမ် ပစ္စယုပ္ပန်။

အဲဒီလို တရားသဘောကို မြင်နေအောင် လေ့လာကြပါ၊ အဲဒီလို ဒီတရားတွေ ဒီလို နေကြတဲ့အတွက် အောက် စာ ၂-ကြောင်းကို မြတ်စွာဘုရားက ဒီလို ဟောပါတယ်။

'ဇီပွယုဘ္ဘပစ္စယာတိ ရူပိနော ဓမ္မာ'-တဲ့၊ ဒါက ပစ္စည်း (မှန်ပါ)။ 'အရူပိနံ ဓမ္မာနံ ဇီပွယုဘ္ဘပစ္စယေန ပစ္စယာ'၊ ဒါက ပစ္စယုပ္ပန်နှဲ့ ကရိုဏ်းပ ဋ္ဌိတော် (မှန်ပါ)။

ဒီ-ဇီပွယုတ္တာ အဲဒီအောက် ၂ ကြောင်း ဟောတော့ ဘယ်နှစ်မျိုးရှိသလဲလို့ ကြည့်ပါလား....သဟဇိပ်, ပုဗ္ဗဇိပ်-၂ မျိုး ဝင်နေဘယ် (မှန်ပါ)။ ပ ဋ္ဌိတော် ကတော့ သက်သာပါတယ်၊ ရူပိနော ဓမ္မာ အရူပိနံ မှောနံ ဒါကလေးဘဲ၊ သက်သာပါတယ်၊ သို့ပေမဲ့ တရားတွေကတော့ ၂-မျိုး။

ဘ-နှင့် ၂ အပေါ် ၂-ကြောင်းကို ပြောင်းပြန်ပြန်ပြီး ဟောလိုက်တယ်၊ အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဇီပွယုတ္တာပစ္စယေန ပစ္စယာ၊ အပေါ် ၂-ကြောင်း (မှန်ပါ)။ ကဲ....ကြည့်ကြစေ၊ ပါ၊ ဘာင်ပ်ခတွေလဲလို့ မေးလျှင် သဟဇိပ်, ပစ္ဆာဇိပ် (မှန်ပါ)။ သဟဇိပ်ကဘဲ စ ခေါ်ပါတော့၊ သဟဇိပ်, ပစ္ဆာဇိပ် လို့။

ပါဠိတော်က ဒါပါဘဲ၊ 'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ' တပိုဒ်၊ 'အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ'-က တပိုဒ်၊ တရားကို ဒီလိုဝေဘန်သားဘယ်၊ မြတ်စွာဘုရားက ဒီလိုဝေဘန်ပြီး ဒီလိုဟော တယ်။

ဦးပဉ္စင်တို့ အဘွက် ပဌမပြန်မှာ အမှတ်မှားခဲ့ တွေ့တဲ့ အခါကျတော့ ခက်နေတတ်တယ်။

ဥပမာ-ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဇီပွယုဘ္ဘပစ္စယေန ပစ္စယော-ဥ်ဒ် ဝတ္ထုပုရေဇာတ ဇ်ပွယုတ္တာအနေအားဖြင့် အနက်သမ္ပန်၍ ကတ္တား, သမ္ပဒါန်, ကရိုဏ်း စုံအောင် ကောက်ပြပါ။

ဒီလိုပုစ္ဆာမေးခဲ့လျှင် ဘယ်အကြောင်း ကောက်မလဲ ဦးပဉ္စင်းတို့(၄ နံပါတ် ကောက်ပါမယ်)။

အနက်သမ္မန်ပါ, အရကောက်ပါ ၂-မျိုးလုံး ဆိုသားတော့ အနက်သမ္မန်ပုံက အဲဒီအတိုင်း သမ္မဲန်ရတယ်၊ ဝတ္ထုပုရေဇာတ မေးတာ မဟုတ်လား (မှန်ပါ)။

ရူပိနော- ရုပ်ဖြစ်ကုန်သော၊ မမှော- ဆဝတ္ထု တရားတို့သည်၊ အရူပိနံ နာမ်ဖြစ်ကုန်သော၊ ခမ္မာနံ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခုကြည့်သော သတ္တဝိညာဏခေါတ်တို့အား၊ ငပ္ပယုတ္တပစ္စယေန- ဝတ္ထုပုရေဇာတ ငပ္ပယုတ္တသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

သုဒ္ဓသင်္ခါတပုဒ်လုံး ရနေလျှင် ဦးပဋ္ဌာန်းတို့ လွယ်ပါတယ်၊ အရကောက်စမ်းဆိုးတော့လဲ ဒီအဘိုင်းဘဲ၊ ဆဝတ္ထုပစ္စည်းတရား, ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခုကြည့်ခဲသော စသည်ဖြင့် သုဒ္ဓသင်္ခါတအဘိုင်း အနက်ပေးထားတဲ့အတိုင်း ကောက်၊ ကရိုဏ်းပါဠိသုတ်ပေ-ဆိုးတော့ ဘယ်နှစ်ပစ္စည်းထုတ်မလဲ (တပ်ပြိုင်နက် ၅ ပစ္စည်းပါ)။

သတိပြုကြစမ်းပါ၊ ဒါက ဝိပ္ပယုတ္တမဟုတ်လား (မှန်ပါ)။ မနေ့က နိဿယပြောတာလိုပေါ့၊ နိဿယနှင့် သူက တဘန်းစားတည်း မဟုတ်လား (မှန်ပါ ॥ ဝိပ်မှာ ဃဋ္ဌနာသွားကြည့် ၄-ချက်ရှိတာဘဲ၊ အခုဟာက ဘာတုံး၊ ဝတ်ပု-ပြီးတော့ ဝတ္ထာ, ဇတ္ထာခိ၊ ဒီလိုမထုတ်နိုင်ဘူးလား (ထုတ်နိုင်ပါတယ်)။ အဲဒါတွေ အကုန် ထွက်လာလိမ့်မယ်။

ထားပါတော့ ဒီမှာ တပြိုင်နက် ၅-ပစ္စည်းထုတ်လိုက်လျှင် ခုဘင်က ပုစ္ဆာအရ ကရိုဏ်းပါဠိထုတ်မှ မှန်ကန်သွားပါပြီ၊ အဲဒီ စာမေးပွဲမေးခွန်း ပြေလည်သွားပါပြီ။

ဝတ္ထုပုရေဇာတ မဟုတ်ဘဲနှင့် ခုတင်က ပါဠိတော်ကိုရွတ်ပြီ-တော့ သဟဇာတ ငပ္ပယုတ္တဖြစ်အုံ၊ အနက်သမ္မန်၍ ပစ္စည်း, ပစ္စယုပ္ပန်, ကရိုဏ်းပါဠိ ဘို့ အရကို ကောက်ပြ-ဆိုလျှင် ဘယ်အကြောင်း ကောက်မလဲ (နံ.ါတ်-၃ ကောက်ရပါ.ယ်)။

အနက်ပေးလျှင်– ရူပိနော-ရုပ်ဖြစ်ကုန်သော၊ ခမ္မာ- ဟဒယဝတ္ထု တရားတို့သည်၊ ဒီနေရာမှာ ဟဒယဝတ္ထုရုပ် တခုတည်းမပမဏ ခမ္မာကို ကြည့်ပြီးတော့ ဗဟုဝုစ်-တို့သည် ပေးပါ (မှန်ပါ)။ အရူပိနံ- နာမ်ဖြစ်ကုန်သော၊ ခမ္မာနံ- ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမကွန္ဓာတို့အား၊ ဝိပ္ပယုတ္တ-စပ္ပယော နဖြင့်၊ ပစ္စယော-သည်၊ ဟောတိ- ဖြစ်၏။

အဲဒီမှာ အကောက်လဲ ကတ္တား, သမ္ပဒါန်ကို အနက်ပေးတဲ့အတိုင်း ဖော်ကောက်၊ ကရိုဏ်းပါဠိထုတ်တော့ ဘယ်နှစ်ပစ္စည်းထည့်မလဲ (၆-ပစ္စည်းပါ)။

ဘားဝိပ်လဲ ဒီဥစ္စာက (သဟဝိပ်ပါ)၊ ဆိုလိုရင်းက ဝိပ္ပယုတ္တနှင့် သဟကြီး-၄ ပေါင်းတော့ ၅-ပစ္စည်း ရှိသွားရော (မှန်ပါ)။ သတိပြု နားထောင်ပါ၊ အညမည မရနိုင်ဘူ.လား (ရနိုင်ပါဘယ်)၊ အညမည ထည့်လျှင် ဘယ်နှစ်ပစ္စည်းလဲ (၆ ပစ္စည်းပါ)။

အခုဟာက ဘာတုံး၊ ဟဒယဝတ္ထုက ပစ္စည်း၊ ပဋ္ဌာဝါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာက ပစ္စယုပ္ပန်၊ ဒီလို့ဟုတ်လား (မှန်ပါ)။ ဝိပါကအနေနှင့် ဝင်လို့ ရမလားလို့ ကြည့်ပါ၊ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌေါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာက ပစ္စည်းဖြင့်မှ ရမှာ မဟုတ်လား (မှန်ပါ)။ အခု ဒီမှာက ပြောင်းပြန်ဖြစ်နေတယ်၊ ဝိပါက မဝင်နိုင်ဘူး။

လိုရင်းအချုပ်ကြည့်လျှင် သဟကြီးနံပါတ်-၃ သုဒ္ဓသခ်္ခါရ၌ တဝက် မဟုတ်လား (မှန်ပါ)။ အဲဒီမှာ သဟကြီး ၄ နှင့် ညှ, ဝိပ်, ပေါင်း ၆-ပစ္စည်း ရမှာပေါ့ (မှန်ပါ)။

နောက်ဘခါ ပြောင်းပြန် ပြန်လုပ်ပါဦး၊ အရူပိနော မှော ရူပိနံ မှောနံ ဝိပ္ပယုတ္တပစ္စယနေ ပစ္စယော၊ အဲဒီမှာ သဟဝိပ်ဖြစ်လျှင် ဘာကောက်မလဲ၊ ဘယ်အကြောင်းကောက်မလဲ (၂ နံပါတ်အကြောင်း ကောက်ရပါမယ်)။ အရူပိနော ဓမ္မာ-ဟူသော ကတ္တားပါ၌ဖြင့် ပဋ္ဌေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏဝေဒနာ,ရဟန္တာတို့၏ စုတိကြည်သော ပဝတ္တိပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ရူပိနံ မှောနံ ဟူသော သမ္ဘဒါန်ပါ၌ဖြင့် စိတ္တဇရုပ်, ပဋ္ဌိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြဘော်မူ၏။ ကရိယာပါ၌ ဖြင့် ဘယ်နှစ်ပစ္စည်းလဲ ၃-ပစ္စည်း ဖြစ်ရမယ် (မှန်ပါ)။

သတိပြုကြည့်ကြပါ၊ ဘယ်လိုနေသတုံး၊ နာမ် ပစ္စည်း, ရူပ် ပစ္စယုပ္ပန် (မှန်ပါ)။ဘယ်သူ့တွေ့ရမှာလဲလို့ မေးလျှင် သဟကြီး ၄-ပစ္စည်းကိုယ်တိုင် ဝိပ္ပယုတ္တနှင့် ၅-ပစ္စည်း မနေဘူးလား (နေပါ ကယ်)။ အညမညကော မပါဘူးလား (ပါနိုင်ပါဘယ်)။ အချင်းချင်းအားတပ်သော ပဋ္ဌေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုက နာမ်ပစ္စည်း၊ ရူပ်ပစ္စယုပ္ပန်၊ ဒီအထဲမှာ ရှေ့ထည့်ထားတယ် မဟုတ်လား(မှန်ပါ)။ ဒီတော့ အညမည-မရနိုင်ဘူးလား (ရနိုင်ပါတယ်)၊ ဝိပါက မရသင့်ဘူးလား (ရသင့်ပါဘယ်)၊ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌေါကာရ ပဋ္ဌိ-သန္ဓေနာမက္ခန္ဓာ-ဆိုတာ ဝိပါကမှာ ရှိတယ်မဟုတ်လား(မှန်ပါ)။ ဘာတင် ကျန်မလဲ မေးလျှင် သမ္ပယုတ္တ တပစ္စည်းဘဲ ကျန်တယ်။

နားလည်ကြတယ် မဟုတ်လား (မှန်ပါ)။ ဦးပဋ္ဌင်းကို ဘာ ပျောက်ပျောက်နေသလဲလို့ မေးလျှင် ဝိပါက ပျောက်နေတတ်ဘယ်၊ဘယ်နှစ်ပစ္စည်း ဖြင့်နေတယ် (၃-ပစ္စည်း)။ ဒါကဘာတုံး သဟဝိပ်မဟုတ်လား(မှန်ပါ)။ဒီအတိုင်းကောက်ပါ။

ပစ္စာဇာတဝိပ္ပယုတ္တဖြစ်အံ့ - ဆိုဘော့ သူ့ရေးသားတဲ့အတိုင်း ပစ္စည်းတရားကို သုဒ္ဓသခ်ျာအတိုး ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက ၄-ခုကြည့်သော ပဌမဘဝင်အစဉ်သော နောက်နောက်သော နာမက္ခန္ဓာ ၄-ပါး ပဋိသန္ဓေတရားကို ပြုတာ၏၊ ရူပနှံ ဓမ္မာနှံ-ဟူသော သမ္ပယုတ်ပါဠိ၌ ပဋိသန္ဓေအစရှိ ရှေးရှေးသော စိတ်နှင့် အတူညီပါ၏၍ ရုပ်၏ ဌီသို့ ရောက်သော ကေဇကာယ, ဒုဋ္ဌကာယ, တိဇကာယ, စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြုတာ၏မူ၏၊ ကရိုဏ်းပါ၍ဖြင့် ဘယ်နှစ်ပစ္စည်းတုံး (၄-ပစ္စည်းပါ)။ သူကတော့ ကိန်းသေ ၄-ပစ္စည်းရတယ်၊ စဉ်းစားဘို့လိုဘူး ဦးဉာဏဝရ ကောက်စမ်းပါ့။

ဦးဉာဏဝရ။ ။ဝိပ္ပယုတ္တပစ္စယော။ (ပ)။

ဆရာတော်။ ။တ-ပစ္စည်းကျွန်နေသေးတယ်၊ အတ္ထိပစ္စည်း၊ သူ့ပြီးလျှင် ပစ္စယနိဒ္ဒေသ ပြီးမှာ၊ ဒီနေ့တော့ ရှင်ပါစေတော့၊ နက်ဖြန်ခါကျ တော့ ပုစ္ဆာဝါရ ဇယားကလေးမျှားခ်ိုလျှင် ကူးလာခဲ့ကြစမ်းပါ၊ ကဲ ဒီနေ့တော့ကြ ဦးစို့။

အတ္ထိပစ္စည်း-စသည်

မနေ့က ဝိပ္ပယုတ္တပြီးသွားပြီ၊ ဒီနေ့ **အတ္ထိ**ပစ္စည်း ပါဠိတော် အရကောက်ရအောင်။

ပစ္စယနိဒ္ဒေသ အတ္ထိပစ္စည်းမှာ ဘာတရားတွေ ဟောမလဲဆိုတာ လိုက်ကြည့်ကြဦးစို့၊ ပဋ္ဌာဝါ၊ တုန်းကတော့ အတ္ထိ ဘယ်နှစ်မျိုး ပြသလဲ (၆-မျိုးပြပါတယ်)၊ သဟဇာတတ္ထိ, အာရမ္မဏပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပ်အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ လို့ ၆-မျိုးရှိတယ်။

အဲဒီ ၆-မျိုးတို့ဘက် ရှေ့ ၃-မျိုးကို ပစ္စယနိဒ္ဒေသမှာ ဟောတယ်၊ နောက် ၃-မျိုးကို **မ**ဟောဘူး၊ အဲဒါကို ပဌမပြန်မှာလဲ တခါဘုန်းက **မေ**းဘူးတယ်၊ သတ်ပြီ မှတ်သားထား၊ကြရမယ်။

ရှေ့ ၃-မျိုးဆိုတော့ ဘယ်ဟာတွေတုံး သဟဇာတတ္ထိ, အာရမ္မဏပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ၊ အဲဒါဟာင်မဟောတယ်၊ နောက် ၃-မျိုးကို မ၊ဟောဘူး။

ဒါဟာ သိသင့်တဲ့ဥစ္စာ၊ ဘုန်းကြီးတို့ပြောပေးတဲ့နည်းနှင့် **အ**တ္ထိ ၆-မျိုးတို့ဘက် **ပ**စ္စယနိဒ္ဒေသ**မှာ** ရှေ့ ၃-မျိုး ဟော၍ **နော**က် ၃-မျိုး **မ**ဟောဘူး။

ဒီတော့ ဒီအသုံးက ဘုန်းကြီးတို့နယ်ပယ်ကသာ ကိုယ်နှင့်စပ်တဲ့တပည့်သားပြေးအစဉ်အဆက်ကသာ ဒီလိုသုံးတာကိုး၊ အမျှားသုံးလို့ဆိုကြပါစို့၊ အဌကထာက အတ္ထိကို ဘယ်လိုသုံးသလဲ၊ အတ္ထိပဋ္ဌက (မှန်ပါ)။ အတ္ထိပဋ္ဌကဆိုတော့ ဘယ်နှစ်မျိုး ရှိတော့သလဲ(၅-မျိုးဘဲ ရှိပါဘယ်)။ ၅ မျိုးဆိုလျှင် ဘယ်သူနှင့် ဘယ်သူ ပေါင်းနေသလဲ၊ (အာရေမ္မဏနှင့် ပုရေဇာတ ပေါင်းပဲ တယ်)၊ အာရေမ္မဏ-ပုရေဇာတနှင့် ဝတ္ထုပုရေဇာတ ပေါင်းပြီးတော့ ပုရေဇာတတ္ထိလို့ ခေါ်မယ် မှတ်လား (မှန်ပါ)။

အဲဒီလိုနေတော့ သူဘုံလိုချင်မှာက အတ္ထိပဋ္ဌကတွင် ပစ္စယနိဒ္ဒေသမှာ ဘယ်အတ္ထိမျှား ဟောသလဲ မေးလို့ရှိလျှင် ဘယ်နှစ်မျိုးပြစ်မလဲ၊ ရှေ့ ၂-မျိုးဟောတယ် နောက် ၃-မျိုးကိုမဟောဘူး၊ ဒီလိုမှတ်ပါ (မှန်ပါ)။ ဒါက အမျှားသုံးနှင့် နားလည်အောင်ပြောတာ (မှန်ပါ)၊ ရှေ့ ၂-မျိုးဆိုတာ ဘယ်သူလဲ မေးတော့ ခုတင်က ၃-မျိုးဘဲ မဟုတ်လား (မှန်ပါ)။ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ လို့ ၂-မျိုး, ပုရေဇာတတ္ထိ ကို ခွဲလိုက်တော့ အာရမ္မဏပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ ၂-မျိုး ဖြစ်လာတာဘဲ (မှန်ပါ)။

အတ္ထိဟောနည်း အညွှန်း

အဲဒီလိုမြင်ပြီးလျှင် ဟောစရာပါဠိတော်ဘာဟောမလဲတဲ့၊ သတိပြုကြစမ်းပါ၊ သဟဇာတတ္ထိအတွက် သဟဇာတတုန်းကအတိုင်း ပါဠိတော် ၅-ပိုင်း မဟုတ်လား (မှန်ပါ)။ မှတ်မိလောက်ကြပါတယ်နော် (မှန်ပါ)။ ပုရေဇာတတ္ထိအတွက်ကို ပုရေဇာတအတိုင်း ပဌမ ဇော်ပု-ဟော၊ ဇော်ပု-မှာ နိဂုံးဖြစ်တဲ့ ယံ ရူပံ-ချန်ပြီးတော့ အာပု ကိုဆက်ဟော၊ အာ-ပု-ဟောပြီးတော့မှ 'ယံ ရူပံနိဿဿယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္ထုန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏ-ဓာတုယာ စ တံသမ္မယုတ္တကာနဉ္စ မမ္မာနံ အတ္ထိပစ္စယေန ပစ္စယော'၊ ဒီလိုဟောမယ် မဟုတ်လား (မှန်ပါ)။

အဲဒါအတ္ထိပါဠိတော်ပြီးရော၊ အဝိဂတပါဠိတော်ကလဲ ဒီအတိုင်းဘဲ(မှန်ပါ)။

နတ္ထိ, ဝိဂတ ဟောနည်းအညွှန်း

ပြီးတော့ ကြားထဲမှာ ကျန်နေခဲ့တဲ့ နတ္ထိနှင့်ဝိဂတကို ဘယ်လိုဟောသလဲ မေးလျှင် သင်ကြိုဟ်အသွားအတိုင်း ဟောတယ်၊ သင်ကြိုဟ်အသွားအတိုင်းဆိုတော့ ဘယ်လိုဟောမလဲ။

နတ္ထိပစ္စယောတိ သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ မမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တ-စေတသိကာနံ မမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

ပြီးတော့မှ အရကောက်ကို ဘုန်းကြီးခပြောပေးပါ့မယ်၊ လွယ်လွယ်ကလေး တွေ့ပါ။

ဝိဂတပစ္စယော ကျတော့လဲ ခုတင်က သမန္တရနိုရဒ္ဓါ မဟုတ်လား (မှန်ပါ)။ 'သမန္တရဝိ.တာ စိတ္တစေဘသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတ ပစ္စယေန ပစ္စယော'၊ ဒီလိုဟောပါ၊ ဦးပညာနန္ဒ ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။အတ္ထိပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။ (ပ)။ အဝိဂတပစ္စယေန ပစ္စယော။

ဆရာတော်။ ။ပစ္စယနိဒ္ဒေသပါဠိတော် ကုန်သွားရော၊ လူ, လောကမှာ နေကြတဲ့ လူတွေဟာ ဒီနေ့ ဦ.ပဋ္ဌင်းတို့ ဆိုသွားကြတဲ့ဆီအထိ ဝတ်ရွတ်စဉ် စာအုပ်တွေ ဘာတွေထဲက ပစ္စယနိဒ္ဒေသပါဠိတော်ဇ ဦးပြီး ဂုံနှိပ်ထားတတ်တာတွေ ရှိတယ်၊ အဲဒီလောက်ရှေ့ချင် သူတို့က ပဋ္ဌာန်းတင်ပြီတဲ့၊ သူတို့.က ပဋ္ဌာန်းအကုန်ရတာဘဲတဲ့၊ သူတို့စာအုပ်ထဲမှာလဲ ပဋ္ဌာန်း ပါဠိတော်လို့ ရေးထားတာကိုး၊ ပဋ္ဌာန်းပါဠိတော် ပြီးပြီလို့ ရေးထားတတ်တယ်၊ သူဘိုဟာနှင့်သူတို့တော့ အဟုတ်သားဘဲ အကုန်ရတာဘဲ၊ စင်စစ်ကတော့ ဟိုဘက်ကို ၁၀-သက်သွားတော့ မကုန်သေးဘူး ပဋ္ဌာန်းပါဠိတော်ကြီးက၊ တသက်တောင်မဟုတ်သေးဘူး ၁၀-သက်သွားလို့ မကုန်သေးဘူး၊ ဒီနေ့ အဲဒါသိသွားအောင်လို့ ဦးပဋ္ဌင်းတို့ကို ပြတာ။

အတ္ထိ-စသည် အရကောက်

ဒီနေ့ ရွတ်သွားတဲ့ ပါဠိဘော်တွေ ဘယ်လိုလုပ်ပြီး အရကောက်မလဲ တဲ့၊ အတ္ထိအနေနှင့်ကပြီး ကြည့်ကြစို့. (မှန်ပါ)။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော-ကစ၍ မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော-ဆိုတာက ဘာအတ္ထိလဲ (သဟဇာတတ္ထိ ပါ)။ အဲဒါကို သဟဇာတတုန်းကအတိုင်း ကောက်ပါ တဲ့၊ နားလည်သလောက်ပါ့ဘယ်နော် (မှန်ပါ)။ မထူးလှပါဘူး၊ ဒါတွေ့ပြန်ပြောနေလို့ ကိုယ့်ခကျောင်းကျမှ ကိုယ် ရွတ်ဖတ်ကြပါ၊ စာချတဲ့အချိန် မကုန်ပါစေနှင့်၊

ထို့အတူ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော-ကစ၍ ကာယာယတနံ အထိက ဘာအတ္ထိတုံ (ဝတ္ထုပုဗ္ဗင်္ဂဝတတ္ထိ ပါ)။ ဟိုနောက်ကနိဂုံးကလေးပါပါတယ်၊ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ဒီဟာ ပါပါတယ်နော် (မှန်ပါ)။

ပြီးတော့ ကြားထဲမှာရှိနေတဲ့ 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ'–အစရှိတဲ့ ပါဠိတော်တွေက ဘာအတွက်တုံး (အားရမှုဏ ပုရေဇာတတ္ထိ ပါ)။ ဒါက အာရမ္မဏတုန်းကအတိုင်း ကောက်ရုံဘဲမဟုတ်လား (မှန် ၅)။

ဒါကြောင့်မို့ အကောက်မှာ သူ့အတွက် သီးသန့် ထူးထူးထွေထွေ ဘာမှ မပါဘူး၊ လွယ်လွယ်ပြောလျှင် သဟဇာတတွေကို သဟဇာတတုန်းက အတိုင်း ကောက်၊ ဝတ္ထုပုရေဇာတတွေကို နိဿယတုန်းက အတိုင်းကောက်၊ အာရမ္မဏ ပုရေဇာတတွေကို အာရမ္မဏအတိုင်းကောက်။ စာ ၂-ကြောင်းမဟုတ်လား၊ ခေါင်းစီး ၂-ကြောင်း (မှန်ပါ)။ ပြီးရောပေါ့။

ဒီဟာအပြင် အဝိဂတပစ္စည်းလဲ ဒီအတိုင်း ပါဠိတော်, ဒီအတိုင်း အရကောက်ကြပါ။

နတ္ထိဝိဂတ အရကောက်

ပြီးတော့ ကျန်နေသေးတဲ့ နတ္ထိနှင့် ဝိဂတ-တော့ ဘယ်လိုကောက်မလဲလို့ မေးလျှင် အနက်ပေးလိုက်လျှင် သိရောပေါ့၊ အနက်ပေးလိုက်လျှင် သိရော ပေါ့ဆိုတော့ အနက်ကကျက်ရဉီးမှာလားမေးလျှင် သတိပြုကြစေမ်းပါ၊ နတ္ထိဟာ ဘယ်သုဒ္ဓသင်္ချာနှင့် တူသလဲ (အနန္တရနှင့် တူပါတယ်)။ ဒါ့ကြောင့် အနန္တရ သုဒ္ဓသင်္ချာအတိုင်း ပေးလိုက်လျှင် ပြီးရောပေါ့။

ဓမ္မာပုဒ်ကို အနက်ပေးတဲ့အခါမှာ သရုပ်ပေါ်လာပါစေ။

ဒါကြောင့် သမနန္တရနိရုဒ္ဓါ–ကောင်းစွာ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ္တစေတသိကာ–စိတ်, စေတသိက်ဖြစ်ကုန်သော....ဒါက ဝိသေသနပုဒ်တွေ (မှန်ပါ)။ ဓမ္မာ-လို့ဆိုတော့ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာက ဘယ်လိုဆိုထားသတုံး၊ ရဟန္တာတို့၏စုတိကြဉ်သော ရှေးဖြစ်သော စိတ် တခုယုတ်ကို ဆယ်, စေတသိက် ဒွေပညာသ နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည် – ဆိုလျှင် ဒါဟာ သေချာ သွားပါတယ်၊ သုဒ္ဓသင်္ချာအတိုင်း (မှန်ပါ)။ ဓမ္မာ-တရားတို့သည်လို့ သာမည ပေးနေလျှင် တရားမသိဘူး၊ ဒါကြောင့် တရားဖော်ပြီး ပေးရတယ်၊ သုဒ္ဓသင်္ချာ အတိုင်းပေးပါ၊ မလွဲပါဘူး (မှန်ပါ)။

ပဋ္ဌာ်ပ္ပန္နာနံ-မိမိသို့ အတူလိုက်၍ဖြစ်ကုန်သော၊ သို့မဟုတ် ပဋ္ဌာ်ပ္ပန္နာနံ မိမိသို့ အတူလိုက်၍ဖြစ်ကုန်သော.... ဖြစ်နိုင်ကောင်းပါဘယ် ဒီလိုပေးလျှင်လဲ။ စိတ္တ-စေတသိကာနံ–စိတ် စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာနံ- ရဟန္တာတို့၏စုတိနှင့်

တကွ နောက်နောက်သော စိတ် တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ နာမကွန္ဓာ ၄-ပါး ပစ္စယုပ္ပန်ဘရားတို့အား....ဒါဘဲမဟုတ်လား (မှန်ပါ)။

အနက်ပေးတော့လဲ ဒါဘဲရှိတော့ အရကောက် အဲဒါပါဘဲ(မှန်ပါ)။

ကရိုဏ်းပါဠိထုတ်စို့ ဆိုခဲတော့ ၀ပြိုင်နက် ယထားရဟ သူ့မျိုးမှာရှိတာ ဘယ်နှစ်ပစ္စည်းတုံး၊ (၇-ပစ္စည်းရှိပါတယ်)။ ၇-ပစ္စည်းကို အကုန်ထုတ်၊ ဒါက သဘာဝကရိုဏ်း (မှန်ပါ)၊ ပြီးခဲတော့မှ အာသေဝနသုဒ္ဓသင်္ချာဆို တပြိုင်နက် ၆-ပစ္စည်း၊ အနံကမ္မ သုဒ္ဓသင်္ချာဆိုလျှင်လဲ ၆-ပစ္စည်းဘဲ။

အနံသုဒ္ဓသင်္ချာ အရင်ဆိုပါ၊ ဃဋ္ဋနာ ၃-ချက်ရှိတယ် ၃-ချက်စလုံး ထပ်ထုတ်ပါ၊ ပဌမ သာမညသဘာ၀ကရိုဏ်းဆိုတော့ ရှိသလောက်ထုတ်ပါ၊ ပြီးတော့ အနန္တရသုဒ္ဓသင်္ချာ ထပ်ဆို၊ ထပ်ဆိုပြီ တော့မှ ၅-ပစ္စည်း တပြိုင်နက်၊ အာသေ-ဝနသုဒ္ဓသင်္ချာ ဆို ၆-ပစ္စည်း တပြိုင်နက်၊ အနံကမ္မသုဒ္ဓသင်္ချာ ဆို ၆-ပစ္စည်း တပြိုင်နက်၊ နောက်ဘုန်းက အနန္တရတုန်းကလဲ ဒီအတိုင်းဘဲ ပြခဲ့ပြီးသား မဟုတ်လား (မှန်ပါ)။

ထို့အတူ နောက်ဘပစ္စည်းလဲ ဒီအတိုင်းဘဲ၊ သမနန္တရဝိဂတာ... ကောင်းစွာ အခြားမဲ့ပြစ်၍ ကင်းကုန်ပြီးသော-ဒါလောက်ဘဲ ထူးတာဘဲမဟုတ်လား(မှန်ပါ)။ ခုတင်ကအတိုင်း ကျန်တာအနက်ပေးပါ, အရကောက်လဲ အတူတူဘဲ၊ ဒါကြောင့် ပစ္စယနိဒ္ဒေသ ဣမျှနှင့် အပြီးသတ်ကြပါပို့။

ပစ္စယနိဒ္ဒေသပါဠိတော် အရကောက်ပြီးပြီ။

ပုဏ္ဏာဝါရ

၁။ **တာ**ဝတိ**ံ**သေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္မလေ။
ပါရိစ္ဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။

၂။ ဒသသု လောကဓာတူသု၊ သန္နိပတိတ္ဝာန ဒေဝတာ။
ပယိရုပါသန္တိ သမ္ဗုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။

၃။ နေ ကောစိ ဒေဝေါဝကြောန၊ သမ္ဗုဒ္ဓသ ဝိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္ဗုဒ္ဓေါ ဝိရောစတိ။

ပုဏ္ဏာဝါရဃား

သင်္ခ်ာ	ပဒ ကံ		ဝါရ	ပဒါဝသာန ကတ္တား		ဟိတ်
၁	သိယာ	ကုသလံ မဿ	ပဋ္ဌိ	ကုသလော ဗဿ	ဥပ္ပဇ္ဇေယ္ယ	ဟေ
၂	။	အကု	။	အကု ။	။	တု
၃	။	ဗျာ	။	ဗျာ ။	။	ပ
၄	။	ကု, ဗျာ	။	ကု, ဗျာ ဗဿ	ဥပ္ပဇ္ဇေယ္ယုံ	စ
၅	။	အကု, ဗျာ	။	အကု, ဗျာ ။	။	ယာ
၆	။	ကု, အကု	။	ကု, အကု ။	။	
၇	။	ကုအကုဗျာ	။	ကု အကု ဗျာ။	။	

ပုဏ္ဏာဝါရ ဃယား အညွှန်း

ပစ္စယနိဒ္ဒေသ၏ အခြားမဲ့၌-ဆိုပြီးတော့ ဦးပဋ္ဌာန်းတို့ ပဌမကြီးမှာ မေးဘယ် ပြောတယ်၊ အဲဒီလို ဆိုချိန်းကလေးတွေတော့ ကိုယ့်ဟာကိုယ် ကျက်ထားကြပါ။

ပစ္စယနိဒ္ဒေသကို နိဒ္ဒေသဝါရလို့လဲ ခေါ်တယ်လို့ ပြောထားတယ် မဟုတ်လား (မှန်ပါ)။ ဒီတော့ ပုစ္ဆာမှာ ဘာတွေ့သလဲဆိုတော့ 'နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌'ဆိုပြီး ဟောရိုး အဆက်ခိုင်းထားတယ် မဟုတ်လား (မှန်ပါ)။ ဒီနှစ်ပုစ္ဆာမှာ ကြည့်စမ်းကြပါ၊ ပုစ္ဆာဝါရကို ဟောတော်မူ၏-ဆိုပြီးတော ဟောရိုးဆက်၊ ဘုန်းကြီးတော့ ပြမပေးတော့ပါဘူး၊ ကိုယ့်ဖာသာကိုယ် ကြည့်ကြပါ၊တော့ မျှားလဲမမျှားပါဘူး၊ ပုစ္ဆာဝါရဇယားကို မနေ့က မှာလိုက်တယ်၊ ပါလာကြရဲ့လား (မှန်ပါ)။

တခါဘလေလဲ ပြပေးခဲတယ်၊ တခါတလေလဲ သူ့ကို မထူးပါဘူး ဆိုပြီး ကျော်ပြီးဘော့ ဆဝါရပိသဇ္ဇနာကို ပြပေးလေ့ရှိတယ်၊ ဒီအချိန်တော့ သင်တန်းကို အသံသဲ ဖမ်းယူနေဘာမို့လို့ ပုစ္ဆာဝါရထည့်ပြီး ပြပေးဦးမယ်။

စာမေးပွဲကလဲ ဒီနှစ်စပြီးတော့ အဲဒီမှာ 'နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌' ဆိုပြီး ဟောရိုးစစ်ပုံကို မေးထားပြန်တော့ သတိရကြပါ၊စေတော့လို့ ပြပေးရပြန်တယ်။

ဇယားမှာ ဘာရေးထားသလဲ၊ သတိပြုကြည့်စမ်းပါ၊ အပေါ်ဆုံးအတန်းမှာ သိယာ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတု စ္စယာ၊ သ္သသဘောက ဘာတုံး– ကုသလံ- ကုသိုလ်ဖြစ်သော၊ ဓမ္မံ- တရားကို၊ ပဋ္ဌိစ္စ-စဲ့၍၊ ကုသလော- ကုသိုလ်ဖြစ်သော၊ ဓမ္မော- တရားသည်၊ ဥပ္ပဇ္ဇေယ္ယ- ဖြစ်ရာသလော၊ ဥဒါဟု- ဒီလိုမဟုတ်လျှင်၊ ဟေတုပစ္စယာ- ဟေတုပစ္စည်းကြောင့်၊ ဥပ္ပဇ္ဇေယ္ယ- ဖြစ်ခဲ့ရာသလော။

ကုသိုလ်စဲ့ပြီး ကုသိုလ်ဖြစ်ရတာလား၊ ဟေတုကြောင့် ဖြစ်ရတာလား တဲ့၊ ဒါက ပုစ္ဆာကိုး (မှန်ပါ)။ ပုစ္ဆာအနေဖြင့်မေးတော့ ဒီသဘောကလေးတော့ ပါနေဘယ်။

ကံပုဒ်=ပစ္စည်း=ပဒ

အဲဒီမှာ ဒို့နားလည်အနေဖို့ကတော့ ရှေ့ပိုင်းက ကုသလံ ဓမ္မံ ပဋ္ဌိစ္စ မရောက်ခင်ကို သတိပြုကြစမ်းပါ၊ သူက ကံပုဒ်-ပစ္စည်း ခေါ်တယ်၊ တနည်း–ပစ္စည်းဆိုလျှင် ပဒပေါ့ (မှန်ပါ)။ ပဋ္ဌိစ္စနောက်က ကုသလော ဓမ္မော ဆိုတာက ကတ္တာ၊ ပစ္စယုပ္ပန် ပဒါဝသာန ခေါ်သည်။

ဒီတော့ လက်ရင်းက နေပြီးတော့ ကြည့်လို့ရှိလျှင် သိယာရှေနားမှာ ၁-ဂဏန်းကလေးကစပြီး အောက်ကိုကြည့်လို့ရှိလျှင် ၃-ဂဏန်းထိအောင် ရှိတယ် (မှန်ပါ)။

အဲဒီမှာ ၁-က ဘာတုံး ကုသလပဒ၊ နံပါတ် ၂ က အကုသလပဒ၊ နံပါတ် ၃-က ဘာပဒလဲ (အဗျာကတ ပဒပါ)။ ပြီးတော့ နောက်တခုလာခဲ့ပါ၊ နံပါတ် ၄-က ဘာတုံး (ကုဗျာပဒ)။ နံပါတ် ၅ (အကုဗျာပဒ)။ နံပါတ် ၆ (ကု-အကု ပဒ)။ နံပါတ် ၇-ကတော့ (ကု-အကု-ဗျာပဒ)။

အဲဒီနည်းတူစွာ ပဒါဝသာနမှာလဲ ဒီအတိုင်း ရှိနေတယ် မဟုတ်လား (မှန်ပါ)။ ၁ ကု၊ ၂-အကု၊ ၃-ဗျာ၊ ၄-ကု-ဗျာ၊ ၅-အကု-ဗျာ၊ ၆-ကု-အကု၊ ၇-ကု-အကု-ဗျာ (မှန်ပါ)။

သတိပြုကြစမ်းပါ၊ ပဒတခုလျှင် ပဒါဝသာန ၇-ခုစီအောင် ဟောပါ (မှန်ပါ)။ ဒီတော့ ရှေဘက်က ပဒက ကုသိုလ် ပဒ-ထားလျှင် နောက်ပဒါဝသာနတွေ အကုန်လုံး ဟောလိမ့်မယ်။

ခုတင်က ဘာရှိတ်တယ် နံပါတ် ၁-မဟုတ်လား(မှန်ပါ)။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။

ဒီပဒမှာ ကုသလံ ဓမ္မံ-ကိုတော့ မဖျက်နှင့်၊ နောက်က ပဒါဝသာနတွေ လဲလှယ်ပြီး ထည့်တော့ ဒုတိယပဒါဝသာန ဟောချင်လျှင် သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။

နံပါတ် ၁-ပဒကို ဘယ်တော့မှ မဖျောက်နှင့် ၇-ကြိမ်စေ့မှ ပျောက်ခဲပစေ၊ နံပါတ် ၃-က သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။

နံပါတ် ၄-အတွက် သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဆိုပြီး အဲဒီမှာ ဓမ္မာလို့ ဗဟုဝုစ်နှင့်ချပါ၊ ဥပ္ပဇ္ဇေယ္ယကိုလည်း ဥပ္ပဇ္ဇေယ္ယုံလို့ ဗဟုဝုစ်ပြင်ပါ (မှန်ပါ)။ ကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇေယ္ယုံ ဟေတုပစ္စယာ လို့ ပါဠိနေပေစေ (မှန်ပါ)။

၅-နံပါတ်အတွက် သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇေယ္ယုံ ဟေတုပစ္စယာ။

နောက်ဘခု ၆-နံပါတ်အတွက် သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မော ဥပ္ပဇ္ဇေယ္ယုံ ဟေတုပစ္စယာ။

နံပါတ်-၇ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇေယ္ယုံ ဟေတုပစ္စယာ။ မှတ်မိလောက်ကြပါတယ် နော် (မှန်ပါ)။ ဦးပဏ္ဍိတ ဟောစမ်းပါ။

ဦးပဏ္ဍိတ။ ။ကုသလပဒကို ပဒါဝသာန ၇-ချက်စေ့အောင် တခါက်ဟောသည်။

ဆရာတော်။ ။နောက်တခါ အကုသလပဒ လုပ်လိုက်၊ အကုသိုလ် ချည်းဘဲ မူသား၊ "ကျန်ဘဲ့ ၇-ချက် မူလီသင့်တဲ့နည်း" အသင့်တူရာ ပဒါဝသာန ကို အလျင်ထည့်ရတယ်။

အကုသိုလ်ကို မူထားတဲ့အခါမှာ အသင့်တူတရား ပဒါဝသာနကို အလျင်ထားဆိုတော့ ဘယ်လို ဖြစ်သွားသလဲ၊ သိယာ အကုသလံ မေ့ံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ၊ ပြီးတော့ ကုသိုလ်ထည့်ပြီးတော့မှ အဗျာကတ ထည့်။ ဦးကောလိယ ဟောစမ်းပါ။

ဦးကောလိယ။ ။သိယာ အကုသလံ မေ့ံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပ-ဇ္ဇေယ္ယ ဟေတုပစ္စယာ၊ (ကြွင်းနည်းတူ)။

ဆရာတော်။ ။အကုပဒက ၇-ချက်ရပြန်ရော၊ ထိုနည်းတူစွာ သိယာ အဗျာ-တံ မေ့ံ ပဋ္ဌိစ္စ-လာမယ် မဟုတ်လား (မှန်ပါ)။ အဲဒီမှာလဲ ခုတင်ကပြောတဲ့ဥကားကို သုံးပါ၊ အဗျာကတကို ပဒထားလျှင် ပဒါဝသာနကို အသင့်တူရာက အလျင်စပါ၊ ဒီတော့ ဘယ်လိုဖြစ်မလဲ၊ သိယာ အဗျာ-ကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စ-ယာ၊ ပြီးတော့မှ ကုသလော ဓမ္မော, အကုသလော ဓမ္မော အစဉ် အတိုင်း ကျန်တာတွေ ပဒါဝသာနသွင်းပါ။ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။သိယာ အဗျာကတံ မေ့ံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပ-ဇ္ဇေယ္ယ ဟေတုပစ္စယာ၊ (ကြွင်းနည်းတူ)။

ဆရာတော်။ ။အဗျာကတပဒကလဲ ၇-ချက်ပြီးပြန်ရော၊ အဲဒါကို သုဒ္ဓပဒလို့ ခေါ်တယ်၊ ကုသိုလ်ချည်း သန့်သန့် ပဒထားတယ်, အကုသိုလ် ချည်း သန့်သန့်ပဒထားတယ်, အဗျာကတချည်း သန့်သန့်ပဒထားလို့ ဒီဥ-ချက် ၁-၂-၃-ကို သုဒ္ဓပဒလို့ ခေါ်သည်။

ဦးပဋ္ဌင်းတို့ ပဌမပြန်ကမေးတဲ့သဘောက အဲဒါကလေးတွေ ပါလာတတ်တယ်၊ ဂရုစိုက်ထားကြပေါ့။

ပြီးတော့ နံပါတ် ၄-ကို ပဒထားမယ် မဟုတ်လား (မှန်ပါ)။ သိယာ ကုသ-လဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋ္ဌိစ္စ-ဆိုပြီး နံပါတ် ၄-ကို ပဒသားတော့ ပဒါဝသာနတွေ အစဉ်အတိုင်းပြန်ထည့် ကုသလော ဓမ္မော-ကပြီး အဇဉ်အတိုင်းထည့်ပါ။ ဦးပညာနန္ဒ ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။သိယာ ကုသလဟု အဗျာကတဟု ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။ (ကြွင်းနည်းတူ)

ဆရာတော်။ ။ဒီကျတော့ အစဉ်အတိုင်း ပဒါဝသာနထည့်တယ်၊ ထိုနည်းတူ စွာ နံပါတ်-၅ အကုဗျာ-ကို ပဒထားပြီး ဦးဉာဏရ ဟောစမ်းပါ။

ဦးဉာဏဝရ။ ။သိယာ အကုသလဟု အဗျာကတဟု ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။ (ကြွင်းနည်းတူ)

ဆရာတော်။ ။ပြီးတော့ နံပါတ်-၆ ကု-အကုပဒထားပြီး ဦးသူရိယ ဟော စမ်းပါ။

ဦးသူရိယ။ ။သိယာ ကုသလဟု အကုသလဟု ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။ (ကြွင်းနည်းတူ)

ဆရာတော်။ ။၇ နံပါတ်ကို ဦးဉာဏ ဟောစမ်းပါ။

ဦးဉာဏ။ ။သိယာ ကုသလဟု အကုသလဟု အဗျာတဟု ဓမ္မံ ပဋ္ဌိစ္စ ကုသ-လော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။ (ပ)။ ကုသလော စ အကု-သလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ။

ဆရာတော်။ ။ကုန်သွားရော၊ ပဒက ၇-ခုရှိတယ်၊ မှတ်ထားကြစမ်းပါ၊ တသက်လုံး ရွတ်လို့ မကုန်နိုင်တဲ့ စာတော့၊ ပဒါဝသာနကလဲ ၇-ချက်စီ ရှိတော့ ပဒတခုလျှင် ပဒါဝသာန ၇ ချက်စီဆိုတော့ ၇-ချက် ၇-ကြိမ် မနေဘူးလား (နေပါတယ်)။ ဒီတော့ အားလုံးပေါင်း ဘယ်လောက်ရှိ မလဲ(၄၉-ရှိပါတယ်)။ ၄၉-ကြိမ်ထွက်တယ်။ နောက်တော့ ပြန်ပြောပေး ပါဦးမယ်၊ အားလုံးဖြေးဖြေးကလေး မြတ်စွာဘုရားကို ပူဇော်သော အားဖြင့် ဟောကြစမ်းပါ။

သံဃာတော်များ။ ။အစအဆုံး တခေါက် ဟောကြသည်။

ဆရာတော်။ ။ပဒနှင့် ပဒါဝသာနစုံတော့မှ ပြီးတာဘဲ၊ ကုသလံ ဓမ္မံ ကုသ-လော ဓမ္မော-က စတာ၊ နောက်ပိတ်ဆုံး ၇-နံပါတ်ချင်း တခါပြန်ဆုံမှ ပြီးသွားတယ်။

ပဌမပြန်က တကြိမ်မေးဘူးတာ ဒီလိုမေးတယ်၊ ခုတင်က သဘိပေးလိုက် တဲ့အတိုင်း ပုစ္ဆာဝါရ သုဒ္ဓပဒဋ္ဌ ရနိုင်သည့် ပဒါဝသာနပေါင်း, မိဿကပဒဋ္ဌ ရနိုင် သည့် ပဒါဝသာနပေါင်း ထုတ်ပြခိုင်းတယ်။ အဲဒီလိုမေးတယ်လို့ ထင်တယ်။

ဒီတော့ သုဒ္ဓပဒဆိုတာ ကုပဒ, အကုပဒ, ဗျာပဒ ကို သုဒ္ဓပဒ ခေါ်တယ် မဟုတ်လား (မှန်ပါ)။ ပဒတခုလျှင် ပဒါဝသာန ၇-ခုရှိတော့ သုဒ္ဓပဒအတွက်က,

ဘယ်လောက်ရမလဲ (၂၁-ခုရပါတယ်)။ မိသားကပဒဆိုတာက ၄-နံပါတ်ကနေပြီး ၇-အထိ မိသားကယူမယ် မဟုတ်လား (မှန်ပါ)။ ဒီတော့ မိသားကအတွက်က ၇×၄-လီ (၇×၄=၂၈) ၂၈-ရှိတယ်။

ဒါကလေး ရေတွက်တတ်ဖို့ ရေးတတ်ဖို့ အရေးကြီးတယ်၊ ဘာပါဠိတော်ကိုမှ သူခမေးဘာမဟုတ်ဘူး၊ ပဒါဝသာနအရေအတွက် သုဒ္ဓနှင့် မိသားကမှာ အခွဲခိုင်းတာ (မှန်ပါ)။

အဲဒါအကြောင်းပြုပြီး နောက်ထပ်တမျိုးခွဲလျှင် သုဒ္ဓပဒဋ္ဌ ရနိုင်သော ပဒါဝသာန, ဒ္ဒိပဒဋ္ဌရနိုင်သော ပဒါဝသာနဆိုတော့ ၆-နံပါတ်ထိ ယူရတယ် (မှန်ပါ)။၄ ၅-၆-နံပါတ်တွေက ဒ္ဒိပဒ မဟုတ်လား(မှန်ပါ)။ ကုဗျာ,အကုဗျာ, ကုအကုလို့ ဒ္ဒိပဒစီ ရှိနေတယ်(မှန်ပါ) နောက်ဆုံးကျန်နေတဲ့ ၇-နံပါတ်က တိပဒလို့ ခေါ်တယ်။ အဲဒီ ဒ္ဒိပဒနှင့်တိပဒကို ရောနှောပြီးတော့ ခုတင်က မိသားကပဒလို့ ခေါ်တာ၊ ဒီလိုဘဲ ခွဲယူနိုင်တယ် (မှန်ပါ)။

အဲဒါ ပဌမပြန်က မေးဘူးတဲ့ပုစ္ဆာအကြောင်းကို ပြောပြပါတယ်။

ဒီပုစ္ဆာဝါရကြီးကို မျှားလွန်းလို့ သင်မပေးဘဲ ဘုန်းကြီးက ကျော်ကျော်သွားလေ့ရှိတယ်၊ အရကောက်တွေဘာတွေလဲ ရှိတာမဟုတ်သေးဘဲ သက်သက်မေးခွန်းထုတ်တဲ့ သဘောဘဲ။

ဟေတုပစ္စည်းမှာ ပဒ, ပဒါဝသာန ပေါင်း ပဒ ၇-ချက်, ပဒါဝသာန ၄၉-ချက် ထွက်နေပေမဲ့ ဟောရတဲ့ဟာကတော့ နောက် ဝိသင်္ခဇနာဝါရ ပေါ်လာမှာပေါ့။

ဒီ ပါဠိတော်တွေ ဘယ်လောက်မျှားနေမလဲလို့ မေးလို့ရှိလျှင် ယခု ဘုန်းကြီးပေးတားတဲ့ စာကလေး ၇-ကြောင်းကို အမှီပြုပြီး ကုန်အောင်ရှုတ်နိုင်ပါ့မလား၊ ဆုဌေလိုချင်လို့ ပဌမပြန်ဝင်တဲ့ အစားမျိုး ဆိုလျှင် ငင်မနေနဲ့တော့၊ အဲဒါကို ရှုတ်နေပါ၊ ကုန်တဲ့နေ့ ဘုန်းကြီးက အဲဒီဆုကို ပေးပါမယ်၊ ပဌမကြီးအောင်တော့ရတဲ့ဆု ပြောတာလေ၊ ရှုတ်သာရှုတ်ကြမယ်ပါ၊ ကုန်တဲ့နေ့ပေးပါမယ်၊ ဆုဌေတရာ နံညီးသေးကယ် တိုးပြီးတော့ ပေးပါဦ့မယ်၊ ရှုတ်နည်းတော့ ဒီနေ့ ပြပေးရမှာဘဲ၊ မေတ္တာယျ မြတ်စွာဘုရား ပွင့်လျှင်တော့ ပြိုးကောင်းပြီးကြမှာဘဲ၊ ဒီပုစ္ဆာဝါရ အကုန်လုံး။

သတိပြုကြစမ်းပါ၊ အခု ၄၉-ချက် ဟေတုကို ဟောထားတယ်မဟုတ်လား (မှန်ပါ)။ အာရမ္မဏလဲ ဒီအတိုင်း ၄၉-ချက်ဟော၊ အဓိပတိလဲ ၄၉-ချက်ဟော၊ တိုတိုပြောကြစို့ ၂၄-ပစ္စည်းစလုံး တပစ္စည်းလျှင် ၄၉-ချက်ဟော၊ ၄၉-ကို ၂၄-နှင့်မြှောက် (၄၉×၂၄=၁၁၇۶)၊ ၂၄-ပစ္စည်း ရှုတ်လျှင် ၁၁၇۶ ခု ရှုတ်ရမယ်။

သဟသမေကဋ္ဌ သတံ၊ ဆသတ္တတိ ပုနာပရာ။
ပုစ္ဆာ သမ္ပိလ္ဂိတာ ဟောန္တိ၊ နယမ္ပိ ဂေမ္ဘီရကေ[1]။

ရှက်နိုင်ကြပါ့မလား၊ ရှတ်မယ်ဆိုလျှင် ရှတ်နိုင်ပါလိမ့်မယ်၊ ၁၁၇ဖ-ဆိုတာ မျှားတာမှ မဟုတ်ဘဲ။

အဲဒါက သုဒ္ဓတဲ့၊ စပြီးတည်လိုက်တာ သုဒ္ဓတင်ဘဲ တဆောင်ကျော်နေပြီ မဟုတ်လား (မှန်ပါ)။

တော်တော်နေတော့ တခါလာခဲ့ပါဦး၊ ဒုက တဲ့ သိယာ ကုသလံ မေ့မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ....လို့ သွားပြန်လေရော့ တခေါက်၊ ဘယ်နှစ်ခါသွားမလဲ၊ ၄၉ ခါ သွားမယ် (မှန်ပါ)။

တခါလာပြန်ရော၊ အာရမ္မဏဆုံးသွားပြန်တော့ သိယာ ကုသလံ မေ့မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ အဓိပတိပစ္စယာ၊ ဟေတုက မပြောင်းရသေးဘူး၊ ဟေတုက မူလုပ်ထားပါ၊ ကျန်တဲ့ ၂၄-ပစ္စည်းက မူလိုလုပ်ပြီး လျှောက်ရှတ်နေဦးတော့ ၄၉-ကြိမ်စီ။

ဒုကပုစ္ဆာဝါရပေါင်း

သဟသမေကဋ္ဌ ကတံ၊ သတ္တဝီသတိမေဝ စ။
ဒုကေသု တေဝီသတိယာ၊ ပုစ္ဆာ ဟောန္တိ ဒုမူလကေ။

အဲဒါ ဟေတုကနေပြီး မူလံလို့ ဟေတုပစ္စယာ အဝိဂတပစ္စယာ....ဆိုတော့ ဟေတုဒုကတော့ ပြီးသွားပြီ....ခ်ုပ်ပြီ ဝေ့ ဒေါးမနုန့်ဦး၊ ဝ်ိုက ခ်ုပ်ပြီး တခါလာခဲ့ဦး၊ တိုက-ဆိုတော့မှ ၂-ပစ္စည်းသားမယ်၊ သိယာ ကုသလံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိ-ပစ္စယာ ဟောကုန့်ဲ အာရမ္မဏကို မူလုပ်, ကြွင်းတဲ့ ၂၂-ပစ္စည်းကို မူလိသည့်ပါ။ သွားလေသေးရော့။

အဲဒီလို ဟောကုကို မဖျောက်ဘဲနဲ့ ဒုက, တိုက, ဧတုက စသည်ဖြင့် ပဋ္ဌာ-ဝါရတုန်းက ပစ္စနိုက် ပြခဲ့တာတွေ (မှန်ပါ)။ တေဝီသကတ်ုင်အောင် ဆိုပါတော့ ၂၃-အထိ မူထားပြီးတော့ သွားရမယ် (မှန်ပါ)။ ကဲ ဒါ့ဖြင့် ဟေတုက်စ်ပြီးပြီလို့ ပြောကြပါစို့၊ အနုလုံအတွက် (မှန်ပါ)။

အာရမ္မဏက တခေါက်လာပြန်ဦးမယ်၊ သူ့အလှည့် လိုးနေသေးတယ်၊ သိယာ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ အာရမ္မဏပစ္စယာ

---

[1] အဘိ၊ ဌ၊ ၃။ နှာ—၃၉၃။

ဒါက သုဒ္ဓဟောနည်း (မှန်ပါ)။ ပြီးတော့ ဒုက, တိက, စတုက....စသည်ဖြင့် ဟောပါဦး၊ ကေဝိသကဘိုင်အောင်၊ အဲဒီဇင်အောင် မနည်းကြီးဟောရမယ်၊ အဲဒါပြီးတော့ အဓိပတိက သူ့အလှည့်ဆိုပြီးငင်တော့ ထားဝယ်ချင်းအလည့် နှင့် လာလိုက်တာ နောက်ပိတ်ဆုံး အင်ဂတ-က ပေါ်လာတယ်၊ အဲဒါကုန်ပြီလို့ ဆိုကြပါဦး။ ကုန်တော့ ဧကုန်သေးပါဘူး၊ ဒုက, တိက, စတုက–စသည်နှင့် သွားတာ ကုန်ပြီလို့ထားတာ ကုန်တော့ကုန်တယ်၊ အဲဒါ ဘာကုန်တာလဲ မေးလျှင် ဟိုတုန်းက ဘုန်းကြီး ပြောခဲ့တဲ့ နယ်ကြီး ၃-ပါးဟို့တွင် အဲဒါဟာ အနုလုံ ခါတယ်၊ အနုလုံမျှ ရှိသေးတယ်။

ပစ္စနိုက်ကို ဒီအတိုင်း ဟောဦး ပစ္စနိုက်ကုန်တော့ အနုလောမပစ္စနိုက် ဟောဦး၊ အနုလောမ.စ္စနိုက်ပြီးတော့ (စ္စနိယာနုလောမကို ဟောဦး(မှန်ပါ)။

မှတ်တော့သားကြပါ၊ အသက်ကြီးတော့ ကိုယ့်အနားကို ဘယ်သူမှလာချင် တာမဟုတ်ဘူး၊ လူအိုပြီဆိုတော့၊ ကိုယ့်အနားမလာချင်တာတင် မဟုတ်ဘူး၊ သူ့ဘို့အနားသွားတော့လဲ နှာခေါင်းရှုံ့ နေပေလိမ့်မယ်၊ ဒီးတော့ ယခုတရားတော်တွေ အဖော်လုပ်နေကြပါ၊ ကုသိုလ်လဲ ရသေး, ဒီဘဝလဲ ကောင်းသေး, ဘဝသံသရာလဲ ကောင်းသေး။

အနုလုံးဟာ, ပစ္စနိုက်ဟာ, အနုလောမပစ္စနိုက်ဟာ, ပစ္စနိယာနုလောမ ဟာ၊ ဟာ...ဒါလောက်တော့ သိပ်မများလှသေးပါဘူး၊ ရှက်မယ်ဆိုလျှင် ရှာ်နိုင်ပါရဲ့လို့ ထင်လိုက်လျှင် အဲဒီ အစီအစဉ်က ကုသလတိုက် ပြောတာ (မှန်ပါ)။ ဒီစာ ၇-ကြောင်းဘဲနော်၊ ဒါက ကုသလတိတ် ကုသလံ ဓမ္မံ နှင့် ဟောခဲ့တာ မဟုတ်လား (မှန်ပါ)။

တော်တော်နေတော့ ဝေဒနာတိုက်က သူ့အလှည့် ကျန်ပါသေးတယ်ဆိုပြီး လာတော့ 'သိယာ သုခါယ ဝေဒနာယ သမ္မယုတ္တံ ဓမ္မံ ပဋ္ဌိစ္စ သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော'စသည်ဖြင့် ဟောလေသေးရော–ဝေဒနာတိုက်ကို။

တိုဘိုးပြောကြပါစို့ တိ-၂၂ ဟောပြီးလို့ကုန်သွားတော့ ဒုက်တွေက ၁၁၀ မဟုတ်လား၊ သူ့ဘို့ဟာဖို့ ရှိသေးတယ်၊ ဟောဦးပေါ့၊ ဒုက်တွေကိုလဲ 'သိယာ ဟေတုံ ဓမ္မံ ပဋ္ဌိစ္စ ဟေတု ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ' ဆိုပြီး (မှန်ပါ)။ အဲဒီ အထဲမှာ အဋ္ဌကထာ ဆရာက ဒုက်ယှက်ဝေဒနာပြန်တော့ ပိုပြီးတော့ မျှားသွားပြန်ရော၊ ဒုက်က-၁၀၁ ပေါ့တော်လား (မှန်ပါ)။ သွားလေသေးရောပေါ့။

အဲဒါက တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း မဟုတ်လား (မှန်ပါ)။ ပြီးတော့ ဘာလာဦးမလဲ၊ ပြီးတော့ တိကဒုကပဋ္ဌာန်း လာဦးမယ်မဟုတ်လား (မှန်ပါ)။ သိယာ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ၊ ပဒကို တိက်ထားပြီး ပဒါဝသာနကို ဒုက်ထား ဟော၊ ဒါက တိကဒုကပဋ္ဌာန်း။

အဲဒါပြီးတော့ ဒုက တိက၊ ၎င်းပြီးတော့ တိက တိက၊ နောက်ပြီးတော့ ဒုက ဒုက-ပဋ္ဌာန်း ၆-ကျမ်းမဟုတ်လား (မှန်ပါ)။ အဲဒါ အကုန်ပေါ်ရမှာ၊ ဘယ်လောက်ကြာမလဲဆိုတာသာ ခန့်မှန်းကြည့်ကြပေတော့။

ဆရာတော်ဘုရားကြီးတပါးက ပြောတယ်၊ ပဋ္ဌာန်းပါဠိတော် နယ်ကျယ်လိုက်တာ ဒီပုစ္ဆာဝါရကို ပေစာခရ ပြီးတော့ လှည်းနှင့်တိုက်လျှင် ၄-၅-စီးတော့ တိုက်လောက်တယ်တဲ့။

အဲဒါလောက်ကျယ်ရန်းတဲ့ ဒေသနာတော်ကြီးပါ၊ ပဋ္ဌာန်းပါဠိတော်မှာ ဖတ်ကြည့်လျှင် ဂါထာ၊ ဂါထာကလေးတွေ နည်းညွှန်ပြထားပါလိမ့်မယ်၊ ဗဟု-သုတ အလိုဌာ ဒီနေ့ ထည့်ပြပေးပါတယ်။

ကဲ-ပုစ္ဆာဝါရကို ဒီမျှနှင့်ဘဲ ကျေနပ်ကြပါတော့။

ပုစ္ဆာဝါရ ပြီး၏။

ပါဠိတော် အညွှန်းဂါထာ

	တိကဒ္ဓ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
အနုလုံ	ဒုကံ တိကဒ္ဓေဝ, တိကံ ဒုကဒ္ဓ။
	တိကံ တိကဒ္ဓေ, ဒုကံ ဒုကဒ္ဓ၊
	ဆ အနုးလးမ္ပိ နယာ သုဂမ္ဘီရာ။
	တိကဒ္ဓ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
ပစ္စနိုက်	ဒုကံ တိကဒ္ဓေဝ တိကံ ဒုကဒ္ဓ။
	တိကံ တိကဒ္ဓေဝ ဒုကံ ဒုကဒ္ဓ၊
	ဆ ပစ္စနိယမ္ပိ နယာ သုဂမ္ဘီရာ။
	တိကဒ္ဓ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
အနုလောမ	ဒုကံ တိကဒ္ဓေဝ တိကံ ဒုကဒ္ဓ။
ပစ္စနိုက်	တိကံ တိကဒ္ဓေဝ ဒုကံ ဒုကဒ္ဓ၊
	ဆ အနုလောမပစ္စနိယမ္ပိ နယာ သုဂမ္ဘီရာ။
	တိကဒ္ဓ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
ပစ္စနိယာ	ဒုကံ တိကဒ္ဓေဝ တိကံ ဒုကဒ္ဓ။
နုလောမ	တိကံ တိကဒ္ဓေဝ ဒုကံ ဒုကဒ္ဓ၊
	ဆ ပစ္စနိယာနုလောမမ္ပိ နယာ သုဂမ္ဘီရာ[1]။

၁။ အဘိဓမ္မာ၃။ နှာ ၎၂၁-၂။

ဆဝါရ ဝိဿဇ္ဇနာဝါရ

အနုလုံဝိဘင်ဝါရ

ဆဝါရဟောနည်းအညွှန်း

ဝိဿဇ္ဇနာဝါရသွားရအောင်လို့ဆိုတော့ သတ်ပြုကြပါ၊ ပဥ္စာဝါရကို၊ဟောမီ ဘာကိုဟောတယ်၊ ဆဝါရကို၊ဟောတယ်၊ စာ(၆)ကြောင်းလောက် ရေးရအောင် ဆဝါရဟောနည်း ဟောပုံနှင့်တကွ ဘာပြုလို့ ဆဝါရကို ဘယ်လိုလုပ် ဟောရ မလဲဆိုတဲ့ အာဘွက်ခပါ်လာအောင် ဘုန်းကြီးပြောပေးမယ်။ (ရှေးတုန်းက လိုက်ဘူးတဲ့ပုဂ္ဂိုလ်တွေဆီမှာတော့ ရှိခဲ့ပါလိမ့်မယ်၊ ရှိခဲ့လျှင်လဲ **မရေးနှင့်**၊ ကြည့်ကြပေါ့။)

နည်းပေးနေပါတယ်၊ နည်းကို ရအောင်ယူကြပါ။ အခု ပုစ္ဆာဝါရနည်းဟာ ဘာတွေမှ လုပ်မနေရပါ ဒီစာကလေး(၇)ကြောင်းကို မျက်ခဲ့ချမပြတ် မြင်နေ မယ်ဆိုလျှင် ဘယ်ဟာဘဲ ရှတ်ရှက် ဘုန်းကြီး ခုတင်ကပြောခဲ့တာတွေ တိက်-ရှတ်ရှတ် ဒုက်ရှတ်ရှတ် ရှတ်လို့မယ် မဟုတ်လား၊ (မှန်ပါ)။

ရှတ်ချင်တာရှတ် ဖြစ်နိုင်တာချည်းဘဲ၊ ကုသိုလ်လဲ အင်မတန်ပါတယ်၊ ခုတင်ကပြောသလို လူသူလေးပါး မခါ်ချင်၊ မလာချင်တဲ့ အချိန်ကျလျှင် ဒါတွေရှတ်နေကြပါ။

ဘုန်းကြီး နောက်တုန်းက ရှတ်ခိုင်းဘူးတယ်၊ ဘုန်းကြီး သားသမီးလိုနေတဲ့ ကလေးမကလေးတယောက် (၇)နှစ် (၉)နှစ်အရွယ်လောက်ကပြီး အရှတ်ခိုင်း တယ်။ သင်ပေးပြီးတော့ ရှတ်တယ်လို့ ပြောတာဘဲ၊ နေ့တိုင်း ဘုရားရေ လဲ, ပန်းလှူပြီးတော့ သူဘတ်နိုင်သလောက် ပဋ္ဌာန်းရှတ်ဘယ်၊ နောက်အိမ်ထောင် ကျသွားတော့ မေးကြည့်တော့ မရှတ်တော့ဘူးတဲ့။ ဘုန်းကြီးက စဉ်းစား မိတယ် ကခလေးခဲ့ချိန်ဟာင် ဒါကခလေးနှင့်ခေါ့လျှင် နားထောင်ကောင်းမှာ၊ ကခလေးလဲ ကုသိုလ်ရ၊ သူမှာလဲ ကုသိုလ်ရ။ အိမ်ထောင်ကျတော့ မရှတ်ဘူးတဲ့။ အိမ်ထောင်ထဲ ကျောင်းစာ မပါ၊ဘူးထင်ပါရဲ့။

ရေးရအောင်။ ဆဝါရနှင့်စပ်လို့ စာ(၆)ကြောင်းကို ဝါရ(၆)ခု **အစဉ်** အတိုင်း ၁၊၂၊၃၊၄၊၅၊၆ ခံပြီးရေး။ ရေးကြပါ ဗဟုသုတလဲဖြစ် ကိုယ်လဲ သပ်ရေးတော့ မှတ်မိတာဘဲ၊ ရေးပြီးသားရှိလျှင်လဲ ရေ.ပြီးသားကို ပြန်ပြီး အာရုံပြုပြီး သတိပြု ကြည့်ကြပါ။

ဆဝါရပါဠိတော်အညွှန်း

၁/၂	ပဋ္ဌိစ္စဝါရ / သဟဇာတဝါရ	မှာ ပဋ္ဌာဝါရမှ သဟဇာတပစ္စည်းကို ဟောသည်
၃/၄	ပစ္စယဝါရ / နိဿယဝါရ	မှာ ။ ။ နိဿယ ။
၅/၆	သံသဋ္ဌဝါရ / သမ္ပယုတ္တဝါရ	မှာ ။ သမ္ပယုတ္တ ။

အဲဒီ (၆)မျိုးကို ဆဝါရလို့ ပေါင်းခေါ်နေတာ၊ သသာဝအားဖြင့် လှယ်လှယ်ပြောရလျှင် အတူတူပါဘဲ။ နေ့ခက်ဆုံး ပိုပြီး ထင်ရှားအောင်လဲ ပြောပြပါ၏။ ပေါင်ပြီးတော့ ဆဝါရလို့ ခေါ်နေတာ။ တူသလောက် တူတယ်။ မတူတာကလဲ ရှိနေသကိုး။ (မှန်ပါ)။

ပြီးတော့မှ ၁-နှင့်-၂ ဝါရ နောက်ကနေပြီးတော့ လက်သည်းကွင်းကလေး ဆဲ့ပြလိုက်ကြပါ။ အဲဒီ လက်သည်းကွင်းနောက်က ဘာရေးရမလဲလို့ မေးလျှင် "မှာ"လို့ ရေး၊ ဖတ်တော့ ပဋ္ဌိစ္စဝါရနှင့် သဟဇာတဝါရမှာလို့ ဖတ်၊ ၁-နှင့် ၂ ဝါရ ၂-ခုကို တွဲပြီးတော့ ရေးဟာနော်၊ (မှန်ပါ)။ နောက်ပြီးတော့ ဆက်ရေးပါဦး.... "ပဋ္ဌာဝါရမှ သဟဇာတပစ္စည်းကို ဟောသည်"လို့ ရေးပါ။

ဦးပဋ္ဌင်းတို့ ယခုဟောမည့် ဆဝါရကို အကွက်ဖော်တာ ဘာကြောင့် ဘယ်တဆုံးကို ဟောတယ်ဆိုတာ နားလည်အောင် ဘုန်းကြီးပြောပေးမယ်။ ဟောတာ မဆက်လှပါဘူး။

ထိုနည်းတူစွာ အောက်က ၃-နှင့် ၄-နံပါတ်ကို တခါတွဲလိုက်ဦး။ ပစ္စယနှင့် နိဿယဝါရမှာ....။ ၎င်းကို နောက်က ပုဒ်မ (။) ပြလိုက်လျှင် ပြီးသွားတာပါဘဲ။ အထက်က စကားနှင့်အတူတူလို့ ပြောတာ၊ နုတင်ကတော့ သဟဇာတ၊ ဒီ ၃-နှင့် ၄-မှာတော့ နိဿယပဗဒုည်းဟောလို့ နိဿယလို့ ရေးလိုက်ကြပါ၊ နိဿယပစ္စည်းကို ဟောသည်လို့ အတက်က စကားအတုံး ဆိုလိုရင်းဘဲ၊ (မှန်ပါ)။

ထိုနည်းတူစွာ ၅-နှင့် ၆ ပေါင်းလိုက်ကြပါ။ ဘာတွေရှိသလဲ။ (သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ ရှိပါတယ်)။ သံသဋ္ဌနှင့် သမ္ပယုတ္တဝါရမှာ အဲဒီစကားကို ပုဒ်မ (။) ပြလိုက်။ ပဋ္ဌာဝါရမှ နေရာမှာလည်း ပုဒ်မ ပြ ပြီးတော့ သမ္ပယုတ္တလို့ ထူးတာ ရေးလိုက်ကြပါ။ ပြီးတော့ ပုဒ်မရေးပါ။ ဘယ်လို အဓိပ္ပါယ်ပြမလဲ။

"သံသဋ္ဌဝါရနှင့် သမ္မယုဘ္ဘာဝါရမှာ ပဋ္ဌာဝါရမှ သမ္မယုတ္တာ:စွည်းကို ဟောတော်မူ၏"လို့ ဆိုလိုရင်း။

ဒီဘော့ ဝါရအနေအား:ဖြင့် ၆-မျိုးနေပေမဲ့ အတူနိုင်ဆုံ:တူအောင် ပေါင်:ဝတာ့ ၃ ခုသာ ရှိတယ်။

ဒီနေရာကလေး:တွင် အကဲခတ်ခဲ့ကြစမ်:ပါ။ အတူဆုံ: ပေါင်:ကြည့်လျှင် ဘယ်နှစ်မျိုး ထွက်လာတယ်။ (၃-မျိုး ထွက်ပါတယ်။)

ပေါင်:နည်:ကို သတိပြုလိုက်စမ်:– ဝါရ ၂-ခု ၂-ခုတို့တွင် နောက်ဝါရရဲ့ နာမည်ဆွဲကဲတဲ့ ပဋ္ဌာန်:ကို ဟောတယ်။ ဥပမာ—ပဌမအတွဲက ပဋ္ဌိစ္စနှင့် သဟဇာတ ရှိရာ နောက်ဝါရက သဟဇာတ မဟုတ်လား....၊ (မှန်ပါ)။ အဲဒီပစ္စည်:ကို ဟောတယ်။

အကဲခတ်ကြနော် စာသုံ:နေပုံ၊ ဘုန်:ကြီ:သုံ:ပြနေတာကို၊ (မှန်ပါ)။

ဒုတိယအဘွဲ့ကြီ:မှာ ဘယ်သူ့တွေတုံ: (ပစ္စယနှင့် နိဿယဝါရ ပါ)။ အဲဒီမှာ နောက်ဝါရက ဘယ်သူတုံ:၊ (နိဿယဝါရ ပါ)။ အဲဒီပစ္စည်:ကို ဟောတယ်။

ဦ:ပဋ္ဌာန်:တို့ကို လေ့လာခိုင်:တာ၊ ဘုန်:ကြီ: ဒို့ကို ဘာတွေအရေ:ခိုင်:နေသလဲ၊ ဦ:က ဒီအခေါ်မှာ ဘယ်လိုလုပ်ပြီ: ဉာဏ်သက်ဝင်မလဲ-ဆိုတာကို စဉ်:စား:ရတယ်၊ နား:လည်ကြပလား:၊ (မှန်ပါ)။

နောက် ၃-နံပါတ် အတွဲကျတော့ ဘာတုံ: (သံသဋ္ဌနှင့် သမ္မယုတ္တဝါရ)၊ ဒီတော့ ဒီမှာ ဘာဟောမလဲ၊ (သမ္မယုတ္တကို ဟောပါမယ်)။ ပဋ္ဌာဝါရတုန်:က သမ္မယုဘ္ဘပစ္စည်: ဟောတယ်။

ဒီနေရာကနေပြီ: နား:လည်စေချင်တာကတော့ ဒါတွေကို ဘုန်:ကြီ: သတိပေ: ပြောနေပါတယ်။ ဂရုစိုက် နား:ထောင်ပါ။

ဒီတော့ ပဌမအတွဲမှာ ပဋ္ဌာဝါရက သဟဇာတပစ္စည်: ဟောတယ်ဆိုလျှင် သဟဇာတက တမျိုးဘဲရှိတယ် မဟုတ်လား။ မျိုးကွဲမရှိဘူ:နော်၊ (မှန်ပါ)။

ဒုတိယတွဲ ကြည့်ကြစမ်:၊ နိဿယပစ္စည်:ကို ဟောတယ်ဆိုလျှင် နိဿယက အကျဉ်:က ၂ မျိုး မရှိဘူ:လား:၊ (ရှိပါတယ်)။

ဘာတွဲတုံ:၊ (သဟနိ နှင့် ပုဗ္ဗနိ ပါ)။ သဟဇာတနိဿယ ပုရေဇာတနိဿယ ၂-မျိုး:ကိုဘဲ ဒီဝါရမှာ ဟောလိမ့်မယ်။ ပစ္စယနှင့် နိဿယအတွဲမှာ ပြောတာနော်၊ (မှန်ပါ)။

ရှေဆုံးအတွဲမှာတော့ သဟဇာတ တမျိုးကိုသာ ဟောတယ်။

နောက်ဆုံးအတွဲ ၃-နံပါတ်ကျတော့ ဘာပစ္စည်းဟောတယ်၊ (သမ္မယုတ္တပစ္စည်း ဟောပါတယ်)။ သမ္မယုတ္တပစ္စည်းဆိုတာက ဘာတုံး၊ နာမ်တွေချည်း မဟုတ်လား၊ (မှန်ပါ)။

ဦးပဉ္စင်းတို့ ကွက်သားတဲ့ သုဒ္ဓသန်ဖျာခင်းတွေမှာ ရုပ်တွေ ပါနေပေမဲ့ သူကို မဟောနိုင်ဘူး၊ ပဋ္ဌာဝါရက သမ္မယုတ္တပစ္စည်းဆိုတာ နာမ်ချည်းဘဲ မဟုတ်လား။ "အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနားကွန်ရာ ၄-ပါး" မဟုတ်လ ား (မှန်ပါ)။ အဲဒီလို နာမ်ချည်းရတဲ့ ဟာသားကိုသာ ဟောမှာ။ ရုပ်ရနေလျှင် ဒီဘရားကို မဟောတော့ဘူး။

ဆဝါရကို ဒီကနေ အကဲခတ်ခိုင်းတာ၊ ဆိုလဲမဆိုဘူးသေးဘဲနှင့် အကဲခတ်တာ၊ ဒီလူကို တွေ့တော့ မတွေ့ဘူးခေါ်ဘူး၊ သတင်းကြားနှင့် ဒီကနေပြီး ဝေဘန်ထားရတာပေါ့၊ လုပ်ထားရတယ်၊ ဒါကလေးတွေ မြင်နေရတယ်။

ဘုန်းကြီးက ဆဝါရသင်ခါနီးပြီ ဆိုလျှင် ဒါကို ကျကျနန ပြောပေးတယ်၊ ပြောပေးတော့ အခုပေးနေတဲ့ နည်းအတိုင်း စဉ်းစားပေါ့၊ ဒီ ဘာတွေ တွေ့မှာလဲလို့ အသစ်လား, အဟောင်းလား မေးလျှင် ပဋ္ဌာဝါရက ဟာတွေချည်းဘဲ မဟုတ်လား၊ (မှန်ပါ)။ လက်ဟောင်းတွေဘဲ ပြန်လာမှာဘဲ။

ပဋိဗ္ဗဝါရ

သဟဇာတပစ္စည်း သုဒ္ဓသင်္ခြာ

ဒီနေ့မှာက ဘာလဲ ဆဝါရတို့တွင် ရှေးဦးစွာ ပဋိစ္စဝါရမဟုတ်လား၊ (မှန်ပါ)။ ပဋိစ္စဆိုတော့ ပဋ္ဌာဝါရတုန်းက ဘာပစ္စည်းဟောလဲ၊ (သဟဇာတပစ္စည်း ဟောပါမယ်)။ ကဲဒါဖြင့် သွားကြည့်ပေါ့ ပဋ္ဌာဝါရတုန်းက သဟဇာတပစ္စည်းပါတဲ့ ဇယားကြည့်။ ဘယ်ဇယားတုံး။ (သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ခြာ ဇယား ၁ ပါ)။

မှတ်လဲထားကြပါ၊ အသုံးချတာကို ဘယ်လိုလုပ်ပြီး သုံးပစ်လိုက်တယ်ဆိုတာကို။ ဒါကို အကွက်ပေါ်အောင် ဘုန်းကြီးပြောပေးနေတာ။

မှတ်ထားရတယ်၊ နောက်ပြီးတော့ သုံးကြည့်ရတယ်၊ ဘုန်းကြီးဆီက သင်သွားပြီး စာချတဲ့ဘုန်းတော်ကြီးတွေက ဘယ်ချိုကပြောတယ်။ သူတို့ပြန်လျှောက်ကြတာ "ဆရာတော်ပြောတာတွေ ဂရုဏိုက်မှတ်ဘာဘဲတဲ့၊ မှတ်လဲမှတ်မိပါတယ်၊ သိပ်လဲသိပါတယ်တဲ့၊ နို့ပေမဲ့ ပြောကြည့်တော့ မဖြစ်ဘူးဘုရားတဲ့ သူတို့ပြောလို့ မရဘူး"တဲ့၊ သြော်–သိလျက်သားနဲ့ ပြောမဖြစ်တဲ့စကားလဲ ရှိသေးတယ် နော်လို့ ဘုန်းကြီးက မှတ်ထားရတယ်။

ဒီနေ့တော့ ပြောတတ်အောင် ပြောပါ၊ အခု ဒါကြောင့်ဒီလိုလဲ လိုက်အဆိုခိုင်းနေတယ်။ မေးတတ် ပြောဘတ်အောင် မေးတာ။

ပြောဘတ်ကြပါစေ၊ လေ့ကျက်ကြပါ၊ တချို့က ဒါကလေး လွယ်လွယ်ကလေးဘဲဆိုပြီး စာချဆရာတော်တွေက ပြောရမှာကိုယ်ပင် သူတို့ကိုယ်တိုင်က လွယ်လွယ်ကလေး ပြောရမှာ ရှက်သလိုလို ဖြစ်နေကြတယ်။ မဟုတ်ဘူး ပြောကြပါ၊ ဘယ်လောက်လွယ်လွယ် ဘုန်းကြီးကတော့ ပြောတယ်။ စာရေးတာမျှား စာလုံးပေါင်းက စပြောတယ်၊ တခါတရံ အင်မတန်ကုသိုလ်လဲ ဖြစ်ပါတယ်၊ ကျေးဇူးလဲ မျှားပါတယ်။

ခုတင်က ဦးပဉ္စင်းတို့ကို အရေးခိုင်းလိုက်တာက ဆဝါရကိုယ်စား ညွှန်းပြတာ မဟုတ်လား၊ (မှန်ပါ)။ ပဋိစ္စဝါရကို ဟောချင်လျှင် ဘာဟောမလဲ ပဋ္ဌာ-ဝါရက သဟဇာတပစ္စည်းကို ဟောလိမ့်မယ်တဲ့၊ ဒီလိုမဟုတ်လား၊ (မှန်ပါ)။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲမှာ ၂၂၂-ရှိ သဟကြီးလတ် ပါဠိတော်သုဒ္ဓသင်္ခြာဇယားကြည့်။

သဟဇာတပစ္စည်းမှာလဲ သုဒ္ဓသင်္ချာဖတ်တာက ဘယ်ရောက်သလဲ၊အညမညတင် ရောက်သေးတယ် မဟုတ်လား၊ (မှန်ပါ)။ အညမညရောက်လျှင် သဟဇာတလဲ ရောက်မှာပေါ့။ သူ့သုဒ္ဓသင်္ချာနှင့် သူ သွားရအောင် ဦးဉာဏဝရ ဆိုစမ်းပါ။

ဦးဉာဏဝရ။ ။သဟဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ– **အလုံးစုံသော** ပဝတ္တိပဋ္ဌာနေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ဤကရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့ မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ, တိဏိ ဟူသည်တည်း။

ဆရာတော်။ ။တော်ပြီ၊ သင်္ချာတွေ ကိုယ့်ဟာကိုယ် ကျက်ထားကြ၊ **အား**လုံးက စဉ်းစားပြီး နားထောင်ကြစမ်းပါ။ ဘာတွေ့ရတ်သွားသလဲ–လို့ ပါးစပ်က ရှတ်ကြပါ၊ ကိုယ်ရထားတဲ့စာက ဘာလို့ ငါ့ကို ပြောသလဲလို့ ဆိုတာလဲ စဉ်းစားကြပါ၊ လေ့လာကြပါ၊ ဒီမှာဆိုတာကြည့်ပါ–အလုံးစုံသော ပဝတ္တိပဋ္ဌာနေနာမက္ခန္ဓာ ၄-ပါး၊ ဒီလိုမဟုတ်လား၊(မှန်ပါ)။ အဲဒါကို **လိုရင်း**မေးတော့ ဘာပြောမလဲ၊ **နာမက္ခန္ဓာ** ၄-ပါး၊ (မှန်ပါ)။ ထိုနာမက္ခန္ဓာ ၄-ပါးသည် ပဝတ္တိ၏ အစွမ်းအားဖြင့်လဲ ရနိုင်တယ်။ ပဋိသန္ဓေ၏ အစွမ်း**အား**ဖြင့်လဲ ရနိုင်တယ်။ အဲဒါကို **အ**ကုန်လုံးရနိုင်တယ်-ဆိုပြီးတော့ "**အ**လုံးစုံ**သော**"လို့ **သုံ**းလိုက်တယ် မဟုတ်လား၊ (မှန်ပါ)။ အဲဒါ သုဒ္ဓသင်္ချာက ကိုယ့်ကိုပြောနေတဲ့ **အ**ဓိပ္ပါယ်နော်။ **စ**ဉ်းစားကြပါ။

ကောင်းပြီ အဲဒီ**နာ**မက္ခန္ဓာ ၄-ပါးမှာ ဘာတွေ့ပါသလဲလို့ **မေ**းလျှင် **စိ**တ်, **စေ**တ**သိ**က် **အ**ကုန်ပါ**နေ**မယ် **မ**ဟုတ်လား၊ (မှန်ပါ)။ **အ**ဲဒီ**အ**ထိ **နား**လည်သဘောပေါက်ကြပါ။ **စိ**တ်-၈၉ ပါတယ်၊ **စေ**တ**သိ**က်-၅၂ ပါတယ်၊ **အ**ခုရှတ်လိုက်တဲ့ **သ**ုဒ္ဓ**သ**င်္ချာ**တ**ရား**ထ**ဲမှာ **အ**ဲဒါ**ပ**ါ**တ**ယ် **ပ**ြော**တ**ယ်၊ (မှန်ပါ)။ ဘယ်**မ**ှာ**တ**ုံး၊ **အ**လုံးစုံ**သော** ပဝတ္တိပဋ္ဌာနေ **နာ**မက္ခန္ဓာ ၄-ပါး၊ **ဒီ**မှာ**မ**ဟုတ်**လာ**း (**မ**ှန်ပါ)။

အဲဒါ**ကဒ**ေ**လ**း ပေါ့ပေါ့**ဆ**ဆ**က**လေး ရှတ်လိုက်တော့ ဘာ**ပ**ါ**မ**ှန်း**မ**သိ**တော**့ **ဘ**ူး၊**ဒီ**တော့ ကုသိုလ်**စိ**တ် **ကေ**ဝိ**သ** ကုသ**လာ** ဓ**မ**္မာ-**အ**တ**ွ**က် **ပ**ါ**မ**နေ**ဘ**ူး**လာ**း၊ (**ပ**ါ**ပ**ါ**တ**ယ်)။ ကိုယ့် **လ**ေ့**လာ**ဖို့ ခိုင်းတာ**နော**်၊ (**မ**ှန်ပါ)။ **အ**ကု**သ**ိုလ် **ဓ**ဓ**မ**္မာ-**အ**တ**ွ**က် **အ**ကုသိုလ် **ဒ**ွိ**ဒ**သ **ပ**ါ**နေ**တယ်။ **အ**ဗျာ**ကတာ** ဓ**မ**္မာ-**အ**ရ ဝိ**ပ**ါက်**စိ**တ် **ဆ**ယ်**တ**ို့**သ**, **ကြ**ိုယာ ဝ**ီ**သ **ပ**ါ**နေ**တယ်။ **တ**ရား**တ**ွေ **အ**ကုန်**ရ**ှိ**ပ**ါ**က**လား၊ **ဒ**ို့**ဟော**မယ် **ကု**သ**လ**ဟိတ် **တ**ရား**တ**ွေ **နာ**မ်**တ**ွေ **အ**ကုန်**ရ**ှိ**တ**ယ်လို့ **နား**လည်**ထ**ားပါ၊(**မ**ှန်ပါ)။

ကဲ ပြီးတော့ ဘာတွေတွဲတုံး၊ စိတ္တဇရုပ် ဒီလိုမဟုတ်လား၊ (မှန်ပါ)။ ဟို ပဋ္ဌာဝါရတုန်းက အတိုင်းဘဲ မဟာဘုတ် ၃-မျိုးကို အစဲ့ပြုပြီးတော့ ပဋ္ဌိသန္ဓေ ကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်လို့ ရုပ်ကို ၃-မျိုးခွဲမလာဘူးလား (ခွဲပါတယ်)။ ဘာဖြစ်လို့ ၃-မျိုးခွဲလာသလဲမေးလျှင် မဟာဘုတ်အမည် ၃-မျိုးကိုစဲ့ပြီး ၃-မျိုးခွဲထားတာ မဟုတ်လား (မှန်ပါ)။ သတိပြုကြပါ။ ဒီထက်ပိုပြီး ရုပ်တရားရှိသေးသလား မေးလျှင် မရှိတော့ဘူး၊ (မှန်ပါ)။

ဒါကြောင့် သဟဇာတပစ္စည်း၊ တနည်း–သဟကြီး ၄-ပစ္စည်းမှာ ရနိုင်တဲ့ တရားတွေဟာ ဘာပါလိမ့်မလဲလို့ ရှာလျှင် သတိပြုကြပါ။ နာမ်ကုန် ရုပ်ကုန်ဘဲ၊ (မှန်ပါ)။

ကုန်ရဲ့မဟုတ်လား၊ (မှန်ပါ)။ စိတ် ၇၉, စေတသိက် ၅၂ နာမ်ကုန်တယ်။ စိတ္တဇရုပ်အစရှိတဲ့ ရုပ်တွေကလဲ ၃-မျိုးလုံး အကုန်မဟုတ်လား၊ (မှန်ပါ)။ ဒါကြောင့် နာမ်ကုန် ရုပ်ကုန်ရတဲ့ တရားဘဲ။ အဲဒီလို နားလည်သဘောပေါက်ကြစမ်းပါ သုဒ္ဓသင်္ချာမှာ၊ (မှန်ပါ)။

ဒီတော့ ကုသိုလ် အကုသိုလ် အဗျာကတ ၃-မျိုးရှိခြင်းကြောင့် ပဋ္ဌာဝါရ-သဟဇာတပစ္စည်း ဟောမယ်ဆိုလို့ ဘုန်းကြီးက ပဋ္ဌာဝါရက သဟကြီးဇယား အကြည့်ခိုင်းတယ်၊ ယခု သုဒ္ဓသင်္ချာဆိုနေတာ သဟဇာတပစ္စည်း မဟုတ်လား၊ (မှန်ပါ)။ 'ဣမိ တရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏။ သင်္ချာက နဝ တမျိုး၊ သတ္တရသ တမျိုး၊ တိဏိ တမျိုး'။ နားလည်ကြပလား၊ (မှန်ပါ)။ နဝက ဘယ်မှာလဲမေးလျှင် အခု သဟကြီး ဇယားမှာကြည့်ပါလား၊ ကု ၃-ချက်, အကု ၃-ချက်, ဗျာ တချက်, ကုဗျာ တချက်, အကုဗျာ တချက် တွေ့တယ်မဟုတ်လား၊ (မှန်ပါ)။ အဲဒီ နဝ ဘဲ မဟုတ်လား၊ (မှန်ပါ)။

သတ္တရသလို့ ထုတ်ပေးလိုက်တာက အလယ်အတွဲဖြစ်တဲ့ ပစ္စယ့ဝါရနှင့် နိဿယဝါရတို့ကို ရည်ညွှန်းတယ်။ ဘာဖြစ်လို့ သူ့မှာ သင်္ချာတွေ့ တိုးနေသလဲ မေးလျှင် ဝတ္ထုပုရေဇာက ရှိတယ်မဟုတ်လား၊ (မှန်ပါ)။ ခုတင်က ပြောခဲ့တဲ့ သဟနိုက ၉-ချက် ထွက်မယ်၊ ဝတ္ထုပုရေဇာတနိဿယအတွက် နောက်ထပ် ၇-ချက် လာတယ်၊ ဒီတော့ ပေါင်းကြည့်တော့ ၁၃-ချက် ဖြစ်တယ်။

ပြီးတော့တခါ သံသဋ္ဌ၊ သမ္ပယုတ္တ ဝါရကျတော့ အခု သုဒ္ဓသင်္ချာမှာပါတဲ့ ရုပ်ဝတ္ထု အကုန်လုံးဖြုတ်ပြီးတော့ ကျန်တဲ့နာမ်တင်ဟောတော့ သင်္ချာ တိဏိဘဲ ရတယ်။ ဘယ်သူလဲမေးလျှင် ကုသိုလ်, အကုသိုလ်, အဗျာကတ နာမ်ချည်း ဟော။

ဒါကြောင့် ဝါရ ၆-ခုစလုံးကို ၃-တဲ့ တဲ့ထားလို့ ဘုန်းကြီးတို့က သင်္ချာ ၃-မျိုး ထုတ်ပေးလိုက်တယ်။

စာကုန်ဘို့ လောဘမကြီးနှင့် တခုရလျှင် အကုန်းလုံး ရနိုင်စေ့မယ်။ ပြောနေတာကို နားလည်အောင် နားထောင်ပါ၊ ကျေနပ်အောင် မှတ်ပါ၊ ဒီနေ့ ပေးလိုက်စာရလျှင် ဆဝါရပါဋ္ဌိတော်တွေ့ ဒို့အကုန်ရပြီလို့တောင် မှတ်ထားနိုင်ပါတယ်။ ကြေနေအောင်လဲ ရွတ်လာခဲ့ကြပါ။

အဲဒီတရားစုနှင့် ဒီဇယားပေါ်တင်ပြီးတော့ ဟောတော့မယ်ဆိုတော့ သတိပြု နားထောင်ကြစမ်းပါ။ ပဠာဝါရတုန်းက မြတ်စွာဘုရားက ကတ္တာ, သမ္မဒါန် လို့ ဟောတယ်။ ပဒ-ကို ကတ္တာ, ပဒါဝသာန-ကို သမ္မဒါန်၊ (မှန်ပါ)။ အခု ဆဝါရ ကျတော့ ပဒ-ကို ကံ, ပဒါဝသာန-ကို ကတ္တာလို့ ပြင်ဟောပါလိမ့်မယ်။

ဟိုက ကတ္တာ, သမ္မဒါန် ဒီမှာတော့ ကံ, ကတ္တာ။ နားလည်ကြပလား၊ (မှန်ပါ)။ ဒီတော့ ပဒ-လို့ ခေါ်တဲ့ ရှေ့ပုဒ်ကို ကံထားပြီးတော့ ပဒါဝသာန လို့ ခေါ်တဲ့ နောက်ပုဒ်ကို ကတ္တာလို့ ခေါ်ရတယ်။

ဒီတော့ ဇယားကြီးမှာ ကြည့်လိုက်စမ်း၊ ပစ္စည်း, ပစ္စယုပ္ပန်ကတော့ ပစ္စည်း ပစ္စယုပ္ပန် အတူတူဘဲ။ ကတ္တာ, သမ္မဒါန်နေရာမှာ ကံ,ကတ္တာလို့ ပြင်ထားပါ။

ဒီတော့ ဟိုတုန်းက ဘယ်လိုဟောသလဲ– ကုသလော ဓမ္မော ကတ္တာ, ကုသလဿ ဓမ္မဿ သမ္မဒါန်၊ ဒီလို မဟုတ်လား၊ (မှန်ပါ)။ ကံ,ကတ္တာ ဖြစ်တော့ ကုသလံ ဓမ္မံ ရှေ့ပုဒ်က၊ နောက်ပုဒ်က ကုသလော ဓမ္မော၊ ဒီလို ဖြစ်မယ် မဟုတ်လား၊ (မှန်ပါ)။

ကဲ ဒါဖြင့် ဒီလိုသိလျှင် ပါဋ္ဌိတော်စီရအောင် အဲဒီဇယားအတိုင်းဘဲ စီမှာဘဲ။

ပဋ္ဌာဝါရတုန်းကတော့ 'သိယာ' လို့ ထည့်တယ်။ ဒီကျတော့ ဝိဿဇ္ဇနာဝါရ ကျတော့ ၄၉-ချက်မှ မထွက်ဘဲ ၇-ချက်, ၈-ချက်, ၉-ချက်စသည် အခု ၉-ချက် မဟုတ်လား၊ (မှန်ပါ)။

ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ။ ဟိုတုန်းကတော့ ဥပ္ပဇ္ဇေယ္ယ။ ဒီကျတော့ ကေန်ဟောပြီ ဖြစ်ရတယ်၊ (မှန်ပါ)။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ....။

ပြန် နားထောင်ကြစမ်းပါ။ ပဋ္ဌာဝါရတုန်းက ကတ္တာ, သမ္မဒါန်, ကရိုဏ်း။ ဒီမှာကျတော့ ကံ, ကတ္တာ, ဟိတ်....။ သဟဇာတပစ္စယာ-လို့ ဆိုတာ ဟိတ်ဘဲ၊ (မှန်ပါ)။

ဒုတိယ ပဒ– ကုသလံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟ-ဇာတပစ္စယာ။

ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ဝိထိပါဠိတော်တွင် ပြောတာနော် (မှန်ပါ)။ အနုဝါဒကို အဲဒီမှာ ရှိတဲ့အတိုင်း ထည့်စမ်း၊ ဂဏန်းကြည့်ပါ၊ ၁၊ ၃၊ ၂၊ ၃၊ ၁၊ ၂ မဟုတ်လား (မှန်ပါ)။ အဲဒီ မှာတော့ ရေးထားတာက ပဋ္ဌာဝါရမို့လို့ ကုသလောလို့ ရှိတယ်။ အဲဒါကို ကံပုဒ် လုပ်ရမယ် (မှန်ပါ)။ ဒါကြောင့် ကုသလံ ဇော် ခန္ဓံ ပဋ္ဌိစ္စ။

အလယ်က မျဉ်းကြောင်း[1]– ကတ္တား, သမ္မဒါန် ခွဲထားတဲ့ မျဉ်းကြောင်းမှာ ပဋ္ဌိစ္စဝါရ ဟောနေလို့ ပဋ္ဌိစ္စလို့ အမြဲထည့်၊ (မှန်ပါ)။ ဒါကြောင့် ကုသလံ ဇော် ခန္ဓံ ပဋ္ဌိစ္စ။ ဟိုဘက်မှာ ၃-ဂဏန်း မဟုတ်လား၊ (မှန်ပါ)။ တဓယာ ခန္ဓာ။ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော။ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။ အဲဒါက အနုဝါဒ.... (မှန်ပါ)။

နောက်တချက် ဝိထိ စလိုက်ကြပါ။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ....။ ကုသလေ ခန္ဓေ·လို့ ဒုတိယာ ယော-ဇိဘတ် ထား (မှန်ပါ)။ ကုသလေ ခန္ဓေ ပဋ္ဌိစ္စ....အဲဒီမှာ အလယ်မျဉ်းကြောင်း နောက်က ရှုပ်မဟုတ်လား (မှန်ပါ)။ စိတ္တသမုဋ္ဌာနံ ရူပံ....ကတ္တားပုဒ်။ စိတ္တ-သမုဋ္ဌာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပံ၊ ရှုပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

နံပါတ် ၃.... ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ....။ နာမ်နှင့်ရှုပ်ကို တဲ့ပြီးတော့ ဟောတော့ ကုသလံ ဇော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ, စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ပြီးတော့ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ ပြီးတော့ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ....။ ကု ၃-ချက် ပြီးရောပေါ့။ ဦးဉာဏဝရ ဟော စမ်းပါ။

ဦးဉာဏဝရ။ ။ကုသလံ ဓမ္မံ ပဋ္ဌိစ္စ (၄) စိတ္တသမုဋ္ဌာနဉ္စ ရူပံ....။

ဆရာတော်။ ။ကြေးနနောင် လုပ်ထားကြပါ၊ အကုသိုလ် ဒီအတိုင်း နေ-မယ် မဟုတ်လား။ ကုသလံ ဓမ္မံ- အစား အကုသလံ ဓမ္မံ ဖြစ်မယ်။ ထို့အတူ ကုသလော ဓမ္မော- အစား အကုသလော ဓမ္မော ဖြစ်မယ်။ အားလုံး ပြောင်းပြောင်း ဟောကြစမ်းပါ။

သံဃာတော်များ။ ။အကုပဒ ၃-ချက် ဟောသည်။

၁။ ဖဋ္ဌာန်းသိပ္ပံ၊ ၀-တွဲ၊ နာ-၂၃၂-ရှိ သဟကြီးလတ် ပါဠိတော် အရကောက် ဇယား-တွင်ပါသော ပစ္စည်း, ပစ္စယုပ္ပန် ခွဲထားသည့် အလယ်က မျဉ်းကြောင်း။

ဆရာတော်။ ။သတိထားပြီးတော့ တရားကြည့်ကြစမ်းပါ၊ အဗျာကတ-ကျတော့ ဘယ်နှစ်မျိုးရှိသလဲ ဟိုကြည့် ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက် ၃-မျိုး မရှိဘူးလား၊ (ရှိပါတယ်)။

အဗျာကတ ဘယ်လိုဟောမလဲ၊ 'အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ'၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ဝိပါကာ-ဗျာကတံ ကိရိယာဗျာကတံ ရှိတယ်။ ဒါကြောင့် 'ဝိပါကာဗျာကတံ ကိရိယာ-ဗျာကတံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ'ဆိုတော့ ခုတင်ကနံပါတ် ၃-အတိုင်း မဟုတ်လား(မှန်ပါ)။ 'တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ'။ ဒါကဘားတုံး (ပဝတ္တိပါ)။

'ပဋိသန္ဓိကွဏေ ဝိပါကာဗျာကတံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော ကဋတ္တာ စ ရူပံ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ'။ အောက်အကြောင်းက 'ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။

မဟာဘုတ်တွေ သွားပါ၊ ထုံးစံအတိုင်း ၇-မျိုး မဟုတ်လား (မှန်ပါ)။ အစ ၂-မျိုးကို ပေါင်းလိုက်၊ 'ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ကော် မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ'။ အလယ် ၃-ခုပေါင်းလိုက်ပေါ့ ဗာဟိရံ, အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ ခုဏင်က အတိုင်းနော် (မှန်ပါ)။ နောက်ပိတ်ဆုံး အသညသတ္တာနံ-တခေါက် ဟောပါ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ။

ကု-ဗျာ-ဗျာပဒ သွားပါ၊ လွယ်ပါတယ်။ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ 'ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ' ဒီလိုမဟုတ်လား (မှန်ပါ)။

ထို့အတူ 'အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ အကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ'။ ကုန်သွားရော မဟုတ်လား (မှန်ပါ)။ ဦးသူရိယ ဟောစမ်းပါ။

ဦးသူရိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။အဲဒါကို ကြေနေအောင် မြင်ပြီး ရလျှင် ဆဝါရပါဠိတော်တွေ ဒီအကုန် ရနေတယ်လို့ နားလည်ထားပါ။ ပြီးတော့ သုဒ္ဓသခ်္ခါဆက်ကြ ဦးစို့ မနေ့က ကျန်တာကို အညမညအထိ ပြီးသွားခဲ့ပြီ။

အဲဒီ ဆဝါရ အနုလုံ, ပစ္စနိုက်, ပစ္စည်းတွန်း ဆိုတာ ဒီကျတော့ ရှိလာတယ်။ အဲဒါတွေကုန်လို့ ယခု ဘုန်းကြီး ပို့ချလာတဲ့ စာဝါ ၂၂-ကြိမ် ပြီးပြီဆိုတဲ့ နောက်ဆုံးနေ့ကျတော့ ဒီလိုလုပ်ရအောင်။ အသံလဲဖမ်းနေတာမို့လို့ စာအောင်ပဲ့ အနေနှင့် ဦးပဋ္ဌင်းတို့ခေတ် စာရေးဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ ၂၂-ကြိမ်မြောက် ပဌာန်းစာဝါ အောင်ပဲ့အနေဖြင့် ဂါထာဗန္ဓရေးတတ်တဲ့ ပုဂ္ဂိုလ်များရှိလျှင် ရေးကြပါ။ ပြီးတော့ ကိုယ်တိုင်ဘဲဖတ်ဖတ်, ဖတ်တတ်တဲ့ ပုဂ္ဂိုလ်တဦးဦးကိုဘဲ အဖတ်ခိုင်းခိုင်း ဖတ်ကြပါ။ အသံသွင်းယူထားချင်လို့ ပြောတာပါ၊ ဘယ်သူရေးရေး ရေးပါ။ ရဟန်းတော်များသာ မဟုတ်ပါ့ဘူး ဆရာကလေးတွေ ရေးချင်လဲ ရေးကြပါဦး၊ သို့သော် မဖတ်ခင်တော့ ဘုန်းကြီးတော့ မှုပြကြပါ၊ ပြင်သင့်တာပြင်မယ်၊ အဲဒါ ဘယ်နှစ်ဦးရေးရေးပေါ့။

ပြီးတော့မှ အခုအသံဖမ်းနေတဲ့ တိတ်ကြိုးခွေခေါ်တဲ့ ကြိုခွေကလေးတွေလျှို့တဲ့ အလျှို့ရှင်များရဲ့ စာရင်းကိုလဲ အဲဒီနောက်ဆုံးနေ့ကျတော့ သူတို့အားရ ဝမ်းသာ ဖြစ်ကြရန် အသံသွင်းတဲ့အထဲထည့်ပြီး ဖမ်းထားမယ်။ ဂါထာရေးတတ်တဲ့ ပုဂ္ဂိုလ်တွေ ရေးကြပါ။ ရေးပြီးတော့ ဘုန်းကြီးကိုလဲ မှုပြကြပါ၊ မရေးဘဲလဲ မနေကြပါနှင့် လူစွမ်းကောင်းကလေး ထွက်ကြစမ်းပါ။

သုဒ္ဓသခ်္ခါ ဒီနေ့ ဘာတုံး(ပုရေဇာတ ပါ)။ **ဦးကောလိယ** ဟောစမ်းပါ။

ပုရေဇာတသုဒ္ဓသခ်္ခါ

ဦးကောလိယ။ ။ပုရေဇာတ ပစ္စည်း၏ သုဒ္ဓသခ်္ခါဝါရ၌– အရှုပ ဝိပါက် ၄-ခုကြဉ်သော ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာ ၄-ပါး၊ ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နမမ္မဖြစ်သော တရားတို့မည်ကုန်၏။ **သခ်္ခါ** တိဏိ, သတ္တ, တိဏိ ဟူသည်တည်း။

ဆရာတော်။ ။ဒါကလေးဘဲ၊ တိဏိ, သတ္တက အတူတူဘဲ မဟုတ်လား (မှန်ပါ)။ ကျက်ကြပါ ကြေနေအောင်၊ ခုတင်က ဘုန်းကြီးပြောသလို ကျက်ရင်းမတ်တတ် သုဒ္ဓသခ်္ခါတပုဒ်ကို ကျက်လို့ရပြီဆိုတော့ ဉာဏ်ကဝင်စားပါ။ ဘာတဲ့ ခုတင်က ဆိုလိုက်တာ 'အရှုပဝိပါက် ၄-ခုကြဉ်သောပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာ ၄-ပါး'တဲ့။

ဝဉ်းစားခန်းကလေးတွေ ထုတ်စရာ ဘုန်းကြီးက ပြောမလို့။ သြော် ဒီ ပုရေ-ဇာတ ပစ္စည်းဟာ စ-လေးကတည်းက အရှုပဝိပါက် ၄-ခု မရဘူးလို့ သိလိုက်ရော

မဟုတ်လား (မှန်ပါ)။ ဒီတော့ စိတ် ၇၉ မရတော့ဘူး။ သူ ဘယ်လောက် ရတော့မယ်၊ ၇၅-သာ ဖြစ်တော့မယ် ဒီလိုမဟုတ်လား (မှန်ပါ)။ ဒါဟာ ကိုယ့် ဉာဏ်ကလေးနှင့် စဉ်းစားပေါ့။

ပြီးတော့ဘာတုံး ပဉ္စဝေါကာရ-လို့ ဆိုလိုက်သဖြင့် ဒီပစ္စည်းဟာ ပဉ္စဝေါ-ကာရဘုံ၌သာ ရတော့မှာဘဲ။ စတုဝေါဟာရဘုံ၌ ရတော့မှာမဟုတ်ဘူး၊ ဒီလို သိပြီး မလာရဘူးလား၊ (သိရပါတယ်)။ အဲဒီအသိကလေးတွေကို ကိုယ်က ဖော်ရတယ်။ ရမ်းပြီးကျက်ထားတာကတော့ ခလေးတွေကို ယံ မင်္ဂလံ အကျက် ခိုင်းတာနှင့် အတူတူပေါ့။ ဒါကြောင့် ယံ မင်္ဂလံ-လဲ နောက်တော့ ယံ မင်္ဂလံ တောင် မဟုတ်တော့ဘူး၊ ယမ်းမင်္ဂလံ(ရမ်း မင်္ဂလံ)ဖြစ်သွားတယ်၊ ရမ်းပြီး ကျက်ထားတာကိုး။

ပြီးတော့ ဘာတုံး ပဝတ္တိနာမကွန္ဓာ ၄-ပါး၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ပြောသွားတဲ့ ဆရာတော်ဘုရားကြီးဇတ္တရဲ့ စကားဟာ ဘာတုံး၊ ဒီပစ္စည်းဟာ စိတ်အရေအတွက်အားဖြင့် အရူပဝိပါက် ၄-ခု မရဘူး၊ ဘုံ၏ အစွမ်းအားဖြင့် စတုဝေါကာရ မရဘူး၊ ပဉ္စဝေါကာရဘုံ၌သာ ရနိုင်တယ်။ ပြီးတော့ ပဝတ္တိပဋိ-သန္ဓေ ကာလ ၂-မျိုးအားဖြင့်လဲ ပဋိသန္ဓေ မရဘူး၊ ပဝတ္တိမှာသာ ရမယ်။ ဒီ အဓိပ္ပါယ်တွေ မပြောသွားနေတာ မဟုတ်လား (မှန်ပါ)။

အဲဒါမျိုးကလေးတွေ ဦးပဉ္စင်းတို့ ဉာဏ်ထဲမှာ စာကျက်ရင်းရအောင် ဖတ်ကြပါ၊ ကျက်ကြပါ။ ပုရေ-ပြီးတော့ ဘာတုံး (အာသေဝန ပါ)။ ဆက် ဖတ်စမ်းပါ။

အာသေဝန သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာ၀ါရဋ္ဌ- **အကုသိုလ်ဒ္ဓါဒသ,** ဟသိတုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော, **မဟဂ္ဂုတ်** ကုသိုလ် **မဟဂ္ဂုတ်**ကြိယာ, မဂ် ၄-ခု နာမကွန္ဓာ၊ ဤတရားတို့သည် **အာသေဝနပစ္စည်း၏** ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ **မည်ကုန်၏။** **သင်္ချာ** တိဏိ, သတ္တ, တိဏိ ဟူသည်တည်း။

ဆရာတော်။ ။**သင်္ချာ**တွေက အတူတူဘဲ။ **ဓနာက်**တခု **ဖတ်**ပါဦး။

ကမ္မ သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။**ကမ္မ**ပစ္စည်း**၏** သုဒ္ဓသင်္ချာ၀ါရဋ္ဌ–ကုသိုလ် **အ**ကုသိုလ် ကြိယာ **စေ**တနာကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ **နာမ**ကွန္ဓာ ၄-ပါး, စိတ္တဇရုပ်, ပဋိသန္ဓေ**ကမ္မ**ဇရုပ်, အသညသတ် **ကမ္မ**ဇရုပ်, ပ**ဝ**တ္တိ**ကမ္မ**ဇ

ရူပ်၊ ဣတိတရားတို့သည် ကမ္မပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရား တို့ မည်ကုန်၏။ သင်္ချာ နာ, သတ္တရသ တိဏိ ဟူသည်တည်း။

ဆရာတော်။ ။အဲဒီမှာ သတိပြုကြစမ်းပါ၊ နာမ်၏အစွမ်းအားဖြင့် ဘာတွေ ရသလဲ၊ ရူပ်၏အစွမ်းအားဖြင့် ဘာတွေရသလဲ၊ ဒါတွေဟာ စာကျက်ရင်း သတိထားစရာတွေ။

ခုတင်တုန်းက ဦးပဉ္စင်းတို့ရှတ်သွားတဲ့ သဟဇာတြီး ၄.ပစ္စည်း မဟုတ်လား (မှန်ပါ)။ နာမ်တွေ အကုန်ရတယ်။ ရူပ်က ၇-မျိုးစလုံး ရတယ် မဟုတ်လား (မှန်ပါ)။

ဟေတုတို့ကျတော့ နာမ်က ဘာနာမ်ရသတုံး (သဟိတ်နာမ် ရပါတယ်)၊ ရူပ်ကျတော့ ဘယ်နှစ်မျိုးရသလဲ (၂-မျိုးဘဲ ရပါတယ်။)

အာရမ္မဏ-စတဲ့ ၇-မျိုးကြည့်တော့ ရူပ် တခုမှမပါဘူး၊ နာမ်တွေသာ အကုန်ရတယ်။ ဒီလိုမဟုတ်လား (မှန်ပါ)။

သဟဇာတြီးကျတော့ နာမ်လဲ အကုန်ရတယ်၊ ရူပ်လဲ ရတယ်၊ အခု ဒီမှာ ကမ္မကျတော့ နာမ်ဟာ ဘာနာမ်ရသလဲ၊ ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာမှ တပါးသော နာမ်တွေ အကုန်လုံးရတယ် ဒီလိုမဟုတ်လား (မှန်ပါ)။

ရူပ် ဘယ်နှစ်မျိုးရတယ် (၄-မျိုးရပါတယ်)၊ ဒီလိုသဘောကလေးတွေလဲ စာကျက်ရင်း မှတ်သားထားကြပါ။ နောက်တခု ဖတ်စမ်းပါဦး....။

ဝိပါက သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ– အလုံးစုံသော ဝိပါက် ပဝတ္ထိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ ဝိပါက်သည် ပြုအပ်သော စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ်, ဣတိတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဧကံ, ဧကံ, ဧကံ ဟူသည်တည်း။

ဆရာတော်။ ။အဲဒီမှာ ဧကံချည်းဘဲ ၃-ကြိမ်ဆို။ နောက်ကပစ္စည်း ဖတ်ပါဦး။

အာဟာရ သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ–အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး, စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ်, အာဟာရဇရူပ် ဣတိတရားတို့သည် အာဟာရပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ တိဏိ ဟူသည်တည်း။

ဆရာတော်။ ။သင်္ချာကတော့ နဝ-ဆိုလျှင် ဟေတုအတိုင်း အတူတူဘဲ။ တရား နေပုံ ကြည့်လျှင် ခုတင်က ကမ္မပစ္စည်းက ကုသိုလ် အကုသိုလ် ကြိယာ စေတနာမပါတဲ့ အလုံးစုံ နာမ်၊ အာဟာရက ရှိသမျှ နာမ်အကုန်လုံး ရတယ်၊ ကမ္မက ရုပ် ဘယ်နှစ်မျိုးရသလဲ (၄-မျိုးရပါတယ်။)အာဟာရ ကတော့ (၃-မျိုး ရပါတယ်။) နောက်တခု ဖတ်စမ်းပါ။

ဣန္ဒြိယ သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။ဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒ်–အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ရုပ်ဇီဝိတိ-န္ဒြေကြဉ်သော အသညသက်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဣန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ, နဝ ဟူသည်တည်း။

ဆရာတော်။ ။အဲဒီပစ္စည်း ကမ္မ ယှဉ်ကြည့်၊ ကမ္မက ကုသိုလ် အကုသိုလ် ကြိယာ "စေတနာမပါသော နာမ်။ ဒီကနာမ်မှာ ဘာမှမလျှော့ဘူး မဟုတ်ဘား (မှန်ပါ) ကမ္မက စေတနာမလျှော့တယ်၊ ဒီက မလျှော့ဘူး။ ကမ္မမှာလဲ ရုပ် ၄-မျိုးဘဲ၊ ယခု ဣန္ဒြိယမှာလဲ ရုပ် ၄-မျိုးဘဲ၊ သို့သော် ကမ္မ ရုပ်၄-မျိုးက အပြည့်အစုံရတယ်။ ဣန္ဒြိယက ရုပ် ၄-မျိုးက ဘာ လျှော့သလဲ....(ရုပ်ဇီဝိတ လျှော့ပါတယ်)။ ရှေ့ ဆက်ပါဦး။

ဈာန သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။ဈာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒ်–ဒွေပဉ္စဝိညာဉ်ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ, တိဏိ ဟူသည်တည်း။

ဆရာတော်။ ။သူက ဟေဘုနှင့်တူတယ်။ ဒွေပဉ္စဝိညာဉ် ၁၀-မှ တပါးသော နာမ်အကုန်, ရုပ် ၂-မျိုး မဟုတ်လား (မှန်ပါ)။

မဂ္ဂပစ္စည်းက ဟေတုကိုညွှန်းတယ်မဟုတ်လား၊ ဟေတုတုန်းက မောဟမူဒ္ဓေ၌ မောဟကြဉ်တယ်၊ မဂ္ဂကျတော့ မကြဉ်ရတော့ဘူး၊ ဒါလောက် ကလေး ထူးတယ်။

သမ္မယုတ္တကတော့ ဘာနှင့်တူသလဲ၊ (အာရုံမှဏနှင့်တူပါတယ်။) နောက်တခု ဘာကျန်သေးသတုံး (ဝိပ္ပယုတ္တ ကျန်ပါတယ်။) ဖတ်စမ်းပါ။

ဝိပွယုတ္တ သုဒ္ဓသင်္ချာ

ဦးကောလိယ။ ။ဝိပွယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ– **အ**ရူပဝိပါက် ၄-ခု ကြဉ်သော ပဋ္ဌေါကာရ ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ **စ**ိတ္တဇရုပ်, ပဋ္ဌိသ ၃န္ဓကမ္မဇရုပ် ဤ တရားတို့သည် ဝိပွယုတ္တပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော၁ တရားတို့ မည်ကုန်၏။ **သ**ခ်္ခ၁ နဝ, **သ**တ္တရသ, တိကိ ဟူသည်တည်း။

ဆရာတော်။ ။သူက ဘယ်သူနှင့် နှိုင်းချိန်ရသလဲ **မေ**းလျှင် **သ**တိပြုကြပါ။ ပုရေနှင့် နှိုင်းချိန်ရတယ်။ ပုရေမှာလဲ **အ**ရူပဝိပါက် ၄-ခုကြဉ်တယ်။ ဒီမှာလဲ ကြဉ်တယ် မဟုတ်လား(မှန်ပါ)။ ပုရေ-ကတော့ ပဋ္ဌေါကာရ ပဝတ္တိ၊ ဒီမှာတော့ ပဋ္ဌေါကာ**ရ** ပဝတ္တိပဋ္ဌိ**သ**န္ဓေ၊ **ဒ**ါ ထူးလာတယ်၊ ပဋ္ဌိသန္ဓေ ပိုလာတယ်(မှန်ပါ)။ ပြီးတော့ ပုရေက **နာ**မ်ချည်း**ဘ**ဲ ရှိတယ်၊ ဒီမှာ **ရူ**ပ် ဘယ်နှစ်မျိုး ပိုလာ**သ**လဲ၊ (၂-မျိုး ပိုလာပါတယ်)။**ရူ**ပ်ပိုလာလို့ သင်္ချာ သူက ဘယ်လောက်ဖြစ်လာသလဲ နဝ(မှန်ပါ)။

အတ္ထိ-နှင့် **အ**ဝိဂတ **က** သဟနှင့် **အ**တူတူ**ဘ**ဲ မဟုတ်လား(မှန်ပါ)။ **နတ္ထိ**-နှင့် **ဝ**ိဂတ-ကတော့ (**အ**ာရမ္မဏနှင့် တူပါတယ်။) တူတာကိုလဲ သိ**ကြ**ပါ။ ထူးတာကိုလဲ သိ**ရ**ပါတယ်။ ကဲ တော်**ကြ**ဦး**စို**့။

သဟ**ဇာ**တ-**က** **တ**ရား**အ**ရ **အ**မျှား**ဆုံ**း ပါ**ဋ္ဌ**တော်ဘဲ။ **နိ**ဿယ, **အ**တ္ထိ, **အ**ဝိ-ဂတ**က**လဲ ဒီ**အ**တိုင်းဘဲ၊ **တ**ရား**ရ**ပ်**၏ အ**စ**မ်**း**အား**ဖြ**င့်လဲ **နာ**မ်**အ**ကုန်**လုံ**း, **ရ**ူပ် **အ**ကုန်**လုံ**း **ရ**နေ**လို** ပါ**ဋ္ဌ**တော်**ဟ**ာ ဒီ**အ**တိုင်း**ချ**ည်း **နေ**မှာ**ဘ**ဲ၊ ဒီ**အ**တွင်း**မှ**ာ **နေ**ရတယ်၊ ဒီ**ထ**က် **မ**ပို**တ**ော့**ဘူ**း**လို** **ပြော**လို**တ**ယ်**နော**်(မှန်ပါ)။

ဟေတုပစ္စည်း သုဒ္ဓသင်္ချာ

အဲ**ဒီ**တော့ ပါ**ဋ္ဌ**တော်**က**လေ**း**တ**ွ** ဘယ်**လို** **ဖြ**စ်**သ**င့်**တ**ယ်**ဆို**တာ**က**လေ**း**တ**ွ** ဘုန်**း**ကြီ**း** **နည်**း**နည်**း**ရှင်**း**ပေ**း**မယ်။

ဥ**ပ**မာ–**ဦ**း**ပ**ဋ္ဌင်**း**တို့ သုဒ္ဓသင်္ချာ**အ**ရ **ဟေ**တု, **မ**ဂ္ဂ ၂-**ပ**စ္စည်**း** **ပေ**ါင်**း**ဆို**ထ**ား**တ**ယ် **မ**ဟုတ်**လ**ား(**မ**ှန်**ပ**ါ)။ ဘုန်**း**ကြီ**း**ကဲ**တ**ော့ **ခ**ဲ**အ**ဆို**ခ**ိုင်**း**ပါ**တ**ယ်။ **မ**ော**ဟ**-**မ**ူ**ဒ**ွေ**ရ**ှ် **မ**ော**ဟ**ကြ**ဉ်တ**ာ, **မ**ကြ**ဉ်တ**ာ**ဘ**ဲ ထူ**း**တ**ာ**ပါ**ဘ**ဲ၊ **ထ**ား **ရ**ှိ**ပ**ါ**စ**ေ**တ**ော့။ **အ**ဲ**ဒီ** **သ**ုဒ္ဓ**သ**င်္ချာ**က** ဘယ်**လို**နေ**သ**လဲ၊ **တ**ရား ဘယ်**နှ**ယ်**နေ**သ**လဲ၊ **ဒ**ို**ပ**ါ**ဋ္ဌ**တော် **စ**ိ**လ**ျှင် ဘယ်**လို** **စ**ိ**မ**ယ်**လို** **သ**ိ**ရ**အော**င်။ **ဦ**း**ပ**ညာ**နန္ဒ** **သ**ုဒ္ဓ**သ**င်္ချာ **ဆ**ို**ကြ**ည့်**စ**မ်**း**။

ဦး**ပ**ညာ**နန္ဒ**။ ။**ဟေ**တု**ပ**စ္စည်**း**၏ **သ**ုဒ္ဓ**သ**င်္ချာ**ဝ**ါ**ရ**ဋ္ဌ–**သ**ဟ**ဂ**တ်**စ**ိတ် **ကေ**သ**တ**္တ**တ**ိ, **မ**ော**ဟ**မ**ူ**ဒ**ွေ**ရ**ှ် **မ**ော**ဟ**ကြ**ဉ်သ**ော **သ**ဟ**ဂ**တ်**ပ**ဝ**တ**္တ**ပ**ဋ္ဌ**သ**န္ဓေ**နာ**မ**ကွ**န**္ဓာ

၄-ပါး၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤ တရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ, တိဏိ-ဟူသည်တည်း။

ဆရာတော်။ ။အားလုံး စဉ်းစားကြပါ။ ခုတင်က ဦးပဉ္စင်းတို့ ရှုတ်သွားတဲ့ သုဒ္ဓသင်္ချာက နာမ်ကုန် ရူပ်ကုန် ရတယ်၊ အခု ဟေတုရဲ့ သုဒ္ဓသင်္ချာက သဟိတ်နာမ်ဘဲ ရတယ်၊ မဂ္ဂလဲ အတူတူပါဘဲ(မှန်ပါ)။ 'သဟိတ်နာမ် သဟိတ်စိတ် ကေသတ္တတိ'လို့ ဆိုတဲ့ အထဲမှာ ကုသိုလ်စိတ် ကေဝီသ ပါ မပါ(ပါပါတယ်)။ ပါတာပေါ့။ မောဟမူဒ္ဒေ၌ မောဟလျှော့တာဘဲ ရှိတယ်။ ဒီပြင် သဟိတ်တွေ့ ပါတယ်။ အကုသိုလ်စိတ် ၁၂-ပါးကော (ပါပါတယ်)။ ဝိပါက်အနေနှင့်ကြည့်လျှင် ဝိပါက်စိတ် ၃၄-မှာ အဟိတ် ဝိပါက် ဘယ်လောက်တုံး (၁၅-ပါး ရှိပါတယ်)။ အဲဒါ ပါပါ့မလား (မပါပါ)။ အဟိတ်ကြိယာ ၃-ခုကော (မပါပါ)။ ဒီတော့ ဝိပါက်, ကြိယာထဲက ဘာ ပါမလဲ၊ သဟိတ်ဝိပါက် ၂၁, သဟိတ်ကြိယာ ၁၇၊ ဒါကလေးတွေဘဲ ရှိမယ်။

သတိပြုကြစမ်းပါဦး။ ရူပ်တွေမှာ သဟကြီးတုန်းကတော့ ၇-မျိုးစလုံး ရတယ်။ ဒီမှာ ဘယ်နှစ်မျိုး ရသလဲ (၂-မျိုး ရပါတယ်)။

မှတ်ထားကြစမ်းပါ 'ဟေတုနှင့် မဂ္ဂက ရနိုင်တဲ့တရားဟာ ဒါတွေဘဲ'ဆိုပြီး။

ကုသိုလ်တွေ့ အကုန်ရလို့ရှိလျှင် ဟေတုပစ္စည်းရဲ့ ပါဠိတော်မှာ ကုသလပဒ ပဒါဝသာန ၃-ချက် သဟကြီးနှင့် ထူးမလား(မထူးပါ)။ အတူတူဘဲ။

အကုသလပဒရဲ့ ပဒါဝသာန ၃-ချက်ကော အကုသိုလ်တွေ့ အကုန်ရထားတာဘဲ ထူးဦးမလား(မထူးပါ)။ မထူးပါဘူး။ အကုန်ရလို့တင် မဟုတ်ပါဘူး၊ ကုသိုလ်က မဟာကုသိုလ်တင်, အကုသိုလ်က လောဘမူတင် ရလို့ရှိလျှင်လဲ ဟာလို့ဖြစ်တယ်။ အခု ဒီမှာတော့ အကုန်တောင် ရနေတယ်။

ဝိပါက်မှာ အဟိတ်ဝိပါက်, အဟိတ်ကြိယာ လျှော့နေပေမယ်လို့ သဟိတ် ဝိပါက် သဟိတ်ကြိယာတွေ ရှိနေခြင်းကြောင့် ဗျာ-ဗျာမှာ ပဝတ္တိ ထူးမှာလား (မထူးပါဘူး)။ ဟိုက ဝိပါက်စိတ် ဆတ္တိံသ ကောက်မယ်။ ကောက်တဲ့အခါ ပါဠိတော်က အတူတူ။ ပဋိသန္ဓေဖြစ်လျှင်လဲ ပါဠိတော် အတူတူဘဲ၊ အရ ကောက်မှာ ဟိုက ပဋိသန္ဓေစိတ် ကေ့ဝီသ ရလျှင် ဒီက သဟိတ်ပဋိသန္ဓေ သတ္တရသ ရမယ်။ ဘာမှ အကြောင်းမထူးလှပါဘူး။ ပြီးတော့ ဆဝါရမှာ နံညီးပေးပါမယ်၊ အခုဟာကလေးတွေကို နားလည်အောင် နားထောင်ကြ စမ်းပါ။ အခုပြောတာကလေးတွေ နားလည်နေပါစေ။

ဒါဖြင့် ပဝတ္တိပဋ္ဌိသန္ဓေလဲဘဲ ခုတင်က ဦးပဉ္စင်းတို့ ရှတ်တဲ့အတိုင်းဘဲ ဘာမှ မထူးဘူး။

ရုပ်ဆိုတဲ့နေရာမှာ သဟဇာတ်ကြီး ၄-ပစ္စည်းက ရုပ် ၃-မျိုး ရတယ်။ ဟေတု, မဂ္ဂက ရုပ် ဘယ်နှစ်မျိုး ရမလဲ (၂-မျိုး ရပါတယ်)။ ၂-မျိုးက ဘာရုပ်တွေလဲ (သဟိတ်စိတ္တဇနှင့် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ပါ)။

အဲဒီ စိတ္တဇနှင့်ကမ္မဇကို ပါဠိစိတာဟာ ဘယ်ဝါကျလဲလို့ ကိုယ်က သိရတယ်။ ဒီတော့ ပဥ္စာဝါရတုန်းက ဘုန်းကြီးက ဘာပြောခဲ့သလဲ။ ရုပ် ၃-မျိုးတို့တွင် ရှေ့ ၂-မျိုးကို ပေါင်းပြီးတော့ တကြိမ် ပါဠိစိတယ်။ အလယ် ၃-မျိုးကို သီးသန့် တခါစီ ပါဠိစိရမယ်။ နောက် ၂-မျိုးကို တပေါင်းတည်းပြု၍ စိရတယ်။ ရုပ် ၃-မျိုးကို ပါဠိစိပုံခဲ့လိုက်တော့ အဲဒါကို သတိပြုကြပါ။

ပဥ္စာဝါရတုန်းက ပြောခဲ့ပြီးသားပါ။ ဒါကြောင့် မနေ့က သာမန်ပြောပြီး အဟောခိုင်းထားတာ။

ရှေ့ ၂-မျိုးဆိုတဲ့ဟာ ဘယ်သူလဲမေးလျှင် စိတ္တဇရုပ်နှင့် ပဋ္ဌိသန္ဓေကမ္မဇရုပ်။ သူတို့အဟုက် ပါဠိစိလျှင် ဒီရုပ် ၂-မျိုးတွေတိုင်း ဧကံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ။ မဟာဘူတေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋ္ဌတ္တာရူပံ ဥပါဒါရူပံ။

နားလည်အောင် နားထောင်ကြပါ။ စိတ္တဇရုပ်နှင့် ပဋ္ဌိသန္ဓေကမ္မဇရုပ် ပါလာလျှင် ဘယ်ပစ္စည်းမှာမဆို ပါဠိတော် ဒီလိုထွက်လာမယ်(မှန်ပါ)။

၂-မျိုး မဟုတ်ဘူး တမျိုးတည်း ရတယ်။ စိတ္တဇရုပ်တမျိုး ရတယ်။ ပဋ္ဌိသန္ဓေကမ္မဇရုပ် မရဘူးဆိုလျှင်ကော ဘယ်လိုထူးမလဲမေးလျှင် ဧကံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ။ တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ။ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ ဒါက အတူတူဘဲ။ ဘာထူးသလဲ နောက်ပိုင်းကြည့်စမ်း၊ မဟာဘူတေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ပြီးတော့ ဘာလုပ်မလဲ (ဥပါဒါရူပံ ဆက်ရပါမယ်)။ အဲ ဥပါဒါရူပံသို့ ကူးရတယ်၊ ကဋ္ဌတ္တာရူပံ မထည့်နှင့်တော့(မှန်ပါ)။ ဒါက စိတ္တဇရုပ် တမျိုးတည်းရှိနေလျှင် ပြောနေတာနော်(မှန်ပါ)။ စိတ္တဇတင်ရှိတော့ စိတ္တဇ ဥပါဒါရုပ်တင် ရတော့တာပေါ့။ ကဋ္ဌတ္တာရူပံ မရတော့ဘူး။ ကဋ္ဌတ္တာက ဘယ်ရုပ်တွေအတွက်လဲ ပဋ္ဌိသန္ဓေကမ္မဇရုပ်အတွက် ဟောထားတာဘဲ။ စိတ္တဇရုပ်တမျိုးတည်း ရလျှင် သူကို ချန်ပစ်ခဲ့ရတယ်။

အကယ်၍ ဗာဟိရရူပ် ပါနေလျှင် ဘယ်ပါဋိတော် တိုးလာမလဲ။ ဗာဟိရံ ကေ၊ မဟာဘူတ် ပဋ္ဌိစ္စ စသည် တိုးမယ်။ အာဟာရဇရူပ် ပါနေလျှင် အာဟာရ-သမုဋ္ဌာန် ကေ၊ မဟာဘူတ် ပဋ္ဌိစ္စ စသည် ဟောလိမ့်မယ်။ ဥတုဇရူပ် ပါနေလျှင် ဥတုသမုဋ္ဌာန် ကေ၊ မဟာဘူတ် ပဋ္ဌိစ္စ-စတဲ့ ပါဋိတော် ပါလာမယ်။

ထို့အတူ နောက်ပိတ်ဆုံး အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇ ရူပ် ၂ မျိုး ပါလာလျှင် ဘယ်လိုထည့်ရမလဲ။ အသညသတ္တာနံ ကေ၊ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ကေ၊ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋ္ဌိစ္စ ကဋတ္တာ ရူပံ ဥပါဒါရူပံ။

ဒါက ပါဋိနှင့်တရား တဲ့ပြုတာ မဟုတ်လား (မှန်ပါ)။ ဒီတော့ ဦးပဉ္စင်းတို့ ဟေတုသုဒ္ဓသင်္ချာမှာ ဗာဟိရရူပ် ပါသလား (မပါပါ)။ မပါလျှင် ဗာဟိရလို့ ဦးပဉ္စင်းတို့ ထည့်ပြီး ပါဋိစိဖို့ လိုသေးသလား (မလိုပါ)။

ထို့အတူ အာဟာရဇရူပ်, ဥတုဇရူပ်, အသညသတ်ကမ္မဇရူပ်, ပဝတ္တိကမ္မဇရူပ် ဆိုတဲ့ ရူပ်တွေကော ဟေတုမှာ ပါရဲ့လား (မပါပါ)၊ မပါလျှင် အဲဒီ ပါဋိတော်တွေ အကုန်ချန်ပစ်ခဲ့ပေါ့။ ဘယ်ကစပြီး ချန်မလဲ။ ဗာဟိရံ, အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ, အသညသတ္တာနံ (မှန်ပါ)။

ဒီတော့ ဟေတုသည် သဟဇာတ ၄-ပစ္စည်းထက် ဗာဟိရံ စတဲ့ ရူပ်ပါဋိတော်တွေ နည်းသွားတယ်လို့ နားလည်ကြပါ။ ဗျာ-ဗျာမှာ ပြောတာ။

ဒီသဘောတွေကို စိတ်ထဲမှာ သဘောပေါက်အောင် မှတ်လှဲးလျှင် ပြီးစီးတာဘဲ။ မမှတ်ဘဲနှင့် လျှောက်ရှတ်ရုံသာ ရှတ်နေလျှင်တော့ ခုတင်ကပြောသလို ၁-ပစ္စည်းတခါ ၁-ပစ္စည်းတခါ ရှတ်နေရမှာဘဲ။ ထူးသလားမေးတော့ အဲဒါတွေ ပြန်ရှတ်တာဘဲ။ အဲဒါ ပြန်ရှတ်ပေမဲ့ နည်းမသိတော့ ရှတ်လို့ကို မကုန်နိုင်ဘူး။

ကုသိုလ်တွေ ရှိနေပြန်တော့ ကုဗျာ-ဗျာက ၈-နံပါတ် ရတယ်မဟုတ်လား (မှန်ပါ)။ အကုသိုလ်တွေ ရှိနေပြန်တော့ ၉-နံပါတ်ဖြစ်တဲ့ အကုဗျာ-ဗျာကော ရမယ်မဟုတ်လား (မှန်ပါ)၊

ဘာထူးသတုံး သဟဇာတပါဋိတော်ထက် ပိုတာ ပါသလားလို့ မေးလျှင် ဗာဟိရံ-စတဲ့ရူပ်တွေ လျော့တာထူးတယ် (မှန်ပါ)။

နားလည်လောက်ကြပါတယ်။ အဲဒီ ဟေတုပစ္စည်းရဲ့ နည်းတူစ္ဓာ မဂ္ဂပစ္စည်း ပါဋိတော်လဲ ဒီအတိုင်းပါဘဲ။ တရားအရ အတူတူဘဲ မဟုတ်လား (တူပါတယ်)၊ ကြပ်ကြပ်ဂရုစိုက်ပြီး လေ့လာကြပါ။

ဟိုတချိန်က ဘုန်းကြီးဆိမ့ာ သံဃာတော်တွေ မျှားမျှားကြီး စာဆိုနေတဲ့ အချိန်မှာ မန္တလေးက ကိုယ်တော်တွေ ကြွလာပြီး သင်ကြတယ်။ စစ်ကိုင်းဘက် ကူးလာရတာ ဒီ့ပြင်ကိစ္စ မဟုတ်ပါဘူးတဲ့။ ပဉ္ဘာဝါရ မန္တလေးတုန်းက နားလည်ပါတယ်။ ဆဝါရကို ဘယ်လိုနည်းနဲ့မှ နားမလည်ခဲ့ပါဘူး။ ဘာတွေပြောမှန်းလဲ မသိဘူး၊ ဘာတွေချမှန်းလဲ မသိဘူးတဲ့။ ဒီ ဆဝါရကြောင့် စစ်ကိုင်းကို ကူးလိုက်လာခဲ့ရတာ ဆိုတဲ့အသံကို ပြောသံကြားတယ်။

သူတို့ ခက်နေကြဘာကိုး၊ ဒီမှာ ဘာခက်စရာရှိသလဲ၊ ဦးပဉ္စင်းတို့ မနေ့ကသိတာကလေး အသိကလေးနှင့် ဒီနေ့ဘဲ ပါဠိတော်တွေ အလိုလို ဗိုက်ထဲရောက်နိုင်နေပြီ။

စျာနပစ္စည်း သုဒ္ဓသင်္ချာ

အခု ဘာပစ္စည်း ပြီးသွားလဲ....။ (ဟေတုနှင့် မဂ္ဂ ပြီးပါပြီ)။ ရှေတခုတိုး မလို ဦးပညာနန္ဒ စျာနပစ္စည်း၏ သုဒ္ဓသင်္ချာ ဆိုပါ။

ဦးပညာနန္ဒ။ ။စျာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ–ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော အလုံးစုံသော ပဝတ္တိပဋ္ဌာနေ နာမကွန္ဓာ ၄-ပါး၊ စိတ္တဇရူပ်, ပဋ္ဌာနေ ကမ္မဇရူပ် ဤတရားတို့သည် စျာနပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏။ သင်္ချာ နဝ သတ္တရသ တိဏိ ဟူသည်တည်း။

ဆရာတော်။ ။အဲဒီ သုဒ္ဓသင်္ချာ ကြည့်စမ်း။ ခုတင်တုန်းက ဟေတုနှင့် မဂ္ဂက သဟိတ်နာမ် ရတယ်။ **အခု** စျာနက သဟိတ်နာမ်တင် မကဘဲနှင့် သဟိတ်ထဲက ၈-ခုတောင် ပိုလာ**ရသေး**တယ် **မဟုတ်လား** (မှန်ပါ)။ ဒီ**ဓတ**ာ့ ကုသိုလ် အကုသိုလ်**တွေ** လျော့**မှာ**လား (**မ**လျော့ပါ**ဘူး**)။ ဝိပါက်**မှာ**တောင် ဒွေပဉ္စဝိညာဉ် ၁၀-သာ လျော့**လို့** ဝိပါက် **ဆ**ဗ္ဗီ**ဿ**ရှာ**ယ်**။ ကြိယာ**တွေ** **အ**ကုန်**ရ**တယ်။ ရူပ်ဘယ်**နှ**စ်**မျိ**ုး **ရ**သလဲ (၂-**မျိ**ုး **ရ**ပါ**တ**ယ်)။ **ဟေ**တုနှင့် **မ**ဂ္ဂတုန်း**ကတော**့ ရူပ်ဘယ်**နှ**စ်**မျိ**ုး **ရ**သလဲ (၂-**မျိ**ုး **ရ**ပါ**တ**ယ်)။

ဒီ**ဓတ**ာ့ ဆတိ**ပ**ြုကြ**စ**မ်းပါ။ ဟေ**တ**ု **စ**ျာ**နမ**ဂ္ဂ **၃**-**ပ**စ္စည်း ပါ**ဠိ**ေ**တ**ာ်ဟာ ထပ်**တ**ူ**ဘ**ဲ ဘာ**မ**ှ**မ**ထူ**း**ဘူ**း**။

ဦ**း**ပ**ဉ**္ဇင်**း**တို့ **အ**ရ**က**ောက်**တ**ော့**လ**ဲ**ဘ**ဲ **အ**တူ**တ**ူ**ဘ**ဲ။ **အ**ဲ**ဒ**ီ **ဗ**ျာ**ဗ**ျာ**မ**ှာ ပ**ဝ**တ္တိ ဖြစ်**ခ**ဲ့**လ**ျှင် ဟေ**တ**ုနှင့် **မ**ဂ္ဂ **က** **သ**ဟိ**တ**်**ဝ**ိပါက်**နှ**င့် **သ**ဟိ**တ**်**ကြ**ီ**ယ**ာ **က**ောက်**မ**ယ်။ **စ**ျာ**နက**ာ **ဒ**ွေ**ပ**ဉ္စ**ဝ**ိ**ည**ာ**ဉ** ၁**၀**-**မ**ှ **တ**ပါ**း**သော **ဝ**ိပါက်**ကြ**ီ**ယ**ာ **က**ောက်**မ**ယ်။ ကုသိုလ် **အ**ကုသိုလ်**မ**ှာ **အ**ရ**အ**တူ**တ**ူ**ဘ**ဲ၊ **ဟ**ေ**တ**ုမှာ **အ**ကုသိုလ် **ဖ**ြစ်**လ**ျှင်**တ**ော့ **မ**ောဟ**မ**ူ**ဒ**ေ**ဋ**္ဌ **မ**ောဟ**ကြ**ဉ်**မ**ယ်....။ **ဒ**ါ**လ**ောက်**က**လေ**း**ဘဲ ထူ**း**ကြ**မ**ယ်။

ဒီလိုသဘောကို သိသွားလျှင် ဆဝါရဟာ အင်မတန် လွယ်နိုင်ပါတယ်။ နည်းမသိလျှင်လဲ ဘယ်က စပြီးတော့ကို ရှာရမှန်း ဖေါ်ရမှန်းကို မသိပါဘူး။ ဒါကြောင့် နားမလည်ကြဘူးလို့ ပြောကြတာပါ။

အခု ဘာပြောပေးနေသလဲ မေးလျှင် ဟေတု စျာန် မဂ္ဂ ၃-ပစ္စည်းတို့ရဲ့ ပါဠိတော်ဟာ အတူတူဘဲ။ ဘယ်ပုံတူသလဲ မေးလျှင် တရားအရအနေအားဖြင့် နာမ်စာရား အနည်းအကျဉ်းလျှော့သော်လည်း ရုပ်တရားအနေအားဖြင့် ၂-မျိုး စီရတဲ့ ပစ္စည်းဟာ ဒီ ၃-ပစ္စည်းဘဲလို့ မှတ်ကြပါ။

ရှိတော့ ရှိပါသေးတယ်။ နောက်တော့လဲ ပေါင်းပေးဦးမှာပါဘဲ။ သို့ပေမဲ့ ဟိုမှာ ဝိပပ္ပယုတ္တကလဲ ရုပ် ၂-မျိုးဘဲ။ သို့ပေမဲ့ သူက အဆိုကလေး နည်းနည်း ထူးတာပါလို့ ချန်ထားတယ်။

အာဟာရပစ္စည်း သုဒ္ဓသင်္ချာ

နောက်တခု **အာဟာရ**ပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို ဆိုစမ်းပါ။

ဦးပညာနန္ဒ။ ။အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ–အလုံးစုံသော ပဝတ္တိ-ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်, **အာဟာရ**ဇရုပ် ဤတရားတို့သည် အာဟာရပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏။ သင်္ချာ-နဝ သတ္တရသ, တိဏိ ဟူသတည်း။

ဆရာတော်။ ။ဘာတွေ ရသတုံး....။ နာမ်တွေ အကုန်လုံး မရဘူးလား၊ (ရပါတယ်)။ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ကုန်တယ်။ ရုပ် ဘယ်နှစ်မျိုး ဖြစ်လာသတုံး (၃-မျိုး)။ ရုပ် ၃-မျိုးဆိုတော့ ဟေတု, **စျာန**, မဂ္ဂတို့ထက် သူက တမျိုးပိုတယ်။ ဘာပိုလာသတုံး (**အာဟာရ**ဇရုပ် ပိုပါတယ်)။ **အာဟာရ**ဇရုပ် ပိုလာလျှင် ဦးပဉ္စင်းတို့ ပါဠိတော်ထဲမှာ ဘယ် ပါဠိတော် ထပ်ထည့်မလဲ (အာဟာရသမုဋ္ဌာနံ ထပ်ထည့်ရပါမယ်)။ ပြီးသွားရော့ပေါ့။ **အာ**ဟာရပစ္စည်း ဟောတဲ့**အခါ** ဒီ**နေ**ရာ**ရော**က်လျှင် အာဟာရသမုဋ္ဌာနံ **ဇ**ကံ **မ**ဟာဘူတံ ပဋ္ဌိစ္စ တယော **မ**ဟာဘူ**တာ**၊ တယော **မ**ဟာဘူ**တေ** ပဋ္ဌိစ္စ **ဇ**ကံ **မ**ဟာဘူတံ၊ ဒ္ဝေ **မ**ဟာဘူ**တေ** ပဋ္ဌိစ္စ ဒ္ဝေ **မ**ဟာဘူ**တာ**၊ **မ**ဟာဘူ**တေ** ပဋ္ဌိစ္စ ဥ**ပါ**ဒါ**ရူ**ပံ–**အ**ဲ**ဒါ** ထပ်ထည့်။

ဂရုစိုက်ပြီး နား**လ**ည်**အော**င်ယူ**ကြ**ပါ၊ **နား**မ**ल**ည်ဘူးလို့ညည်းတဲ့ ပုဂ္ဂိုလ်တွေ ညည်းသင့်တဲ့ ဆဝါရ။ ပါဠိတော်စာအုပ် ဖွင့်ကြည့်ပြန်လဲ စာအုပ်ကကို **ပ**ေ**ယျာ**ल ထိုးထားတာတွေ ရှိသေးတယ်။ ပါဠိတော်စာအုပ်တွေမှာ တခါတ**ल**ေ **သ**ဒ်ဒိတ္တံ-လို့ ပြတယ်။ ဒီတော့ ဘယ်နှယ်လုပ်ပြီး ဦးပဉ္စင်းတို့ သိမလဲ **နည်**းမရှိလျှင်

အခုခြောနေတဲ့ ပါဠိတော်တွေ ရေးတဲ့အခါလဲ ရေးတယ်၊ တခါတလေလဲ ပေ-ယျာလ ထိုးတယ်။

တခွဲ့ရှိနေရာတွေကျ ခေတ္တ ဥပမာတခု–ကုသလပဒမှာ ပဒါဝသာန ၃-ချက် ထွက်ရှိတယ်ဆိုလျှင် ဘယ်လိုရေးထားတယ်မှတ်သလဲ၊ ပါဠိတော်စာအုပ်တွေက ကုသလံ ဓမ္မံ ပဋ္ဌိစ္စ တိဏိ တဲ့။ ပြီးသွားခဲ့ရာသ္ဆေ့ဟာ၊ ၃-ချက်ကို မခရေးတော့ဘူး။ တခါတလေလဲဘဲ ဘယ်ပစ္စည်းသည် ဘယ်သူနှင့်တူ၏၊ ဒီလိုလုပ်လိုက်တယ်။

အဲဒီတော့ မူရင်းတခု နားလည်တာ မရှိလျှင် ဘယ်နှယ်လုပ်ပြီး သိနိုင်ကြ ပါ့မလဲ နည်းမသိလျှင် အင်မတန်မှ ခက်ပါတယ်။

ဣန္ဒြိယပစ္စည်း သုဒ္ဓသင်္ချာ

ရှေ ၁-ပစ္စည်း တိုးကြဦးစို့၊ ဣန္ဒြိယပစ္စည်း သုဒ္ဓသင်္ချာ ဦးသူရိယ ဆိုစမ်းပါ။

ဦးသူရိယ။ ။ဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ–အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ်, ရူပ်ဇီဝိတိန္ဒြေကြဉ် သော အညသမတ် ဂ-မ္မဇရူပ်, ပဝတ္တိကမ္မဇရူပ် ဤတရားတို့သည် ဣန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန္နခမ္မဖြစ်သော ဂရားတို့မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ တိဏိ ဟူသည်တည်း။

ဆရာတော်။ ။ဘာတွေရသလဲ အားလုံးက စဉ်းစားကြည့်ကြပါ၊ နာမ်ထဲက စိတ် စေတသိက် အကုန်လုံးရတယ်။ ရူပ်၏အနေအားဖြင့် ဘယ်နှစ်မျိုး ရသတုံး၊(၄-မျိုး ရပါတယ်)။ဘယ်သူတွေတုံးလို့ ကြည့်ကြပါ။ စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ်, ရူပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ် ကမ္မဇရူပ်, ပဝတ္တိကမ္မဇရူပ် ဒီ ၄-မျိုးရတယ်။

ဒီရူပ် ၄-မျိုးကို အကဲခတ်ကြည့်စမ်း၊ ဘုန်းကြီးပြောတဲ့ မဟာဘုတ် ၇-မျိုး တို့တွင် အစအဆုံး ၂-မျိုးနှင့် နောက်ဆုံး ၂-မျိုးဘဲ မဟုတ်လား (မှန်ပါ)။ ဒီလိုတော့ ကိုယ့်ကိုယ်တိုင်က ခွဲခြားကြည့်ပြီး သိကြပါ၊ (မှန်ပါ)။

အစဆုံး ၂-မျိုးကို ပါဠိစီလျှင် ဘယ်လိုစီမလဲမေးလျှင် ဟေတု စျာန မဂ္ဂ-တို့ လိုဘဲ စီပေါ့၊အခုဒီမှာပိုတဲ့ နောက် ၂-မျိုးက ဘယ်လိုစီရမလဲ(အသညသတ္တာနံ) အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋ္ဌိစ္စ။ပ်။ မဟာဘူဧတ ပဋ္ဌိစ္စ ကဋ္ဌတ္တာရူပံ ဥပါဒါရူပံ၊ ဒါက ဒီပစ္စည်းမှာ ပိုလာတဲ့တရား (မှန်ပါ)။

ဒီတော့ ဘယ်လိုမှတ်မလဲ။ အာဟာရပစ္စည်းမှာ အာဟာရသမုဋ္ဌာနံ ပိုသည်၊ ဣန္ဒြိယပစ္စည်းက အသညသတ္တာနံ ပိုသည်။ အဲဒါတွေစိတ်ထဲမှာ မှတ်မိအောင် မှတ်ထားဖို့။

ကိုယ့်စိတ်ထဲက သိပ်မကျေနပ်ခင် မမှတ်မိခင်တော့လဲ ဒီလိုဘဲ ခဲတံကလေးနှင့် ဥပလက္ခိတံ မှတ်သားထားရတယ်။ နောက်တော့ ကျေနပ်မှတ်မိလာတော့လဲ ဒီအမှတ်အသားတွေက အလကားပါဘဲ၊ ဘယ်ပစ္စည်းမှာ ဘာက ပိုသည်စသည်ပေါ့၊ အမှန်ကတော့ ဒါနှင့် ထိန်းလို့လဲမရပါဘူး။ သုဒ္ဓသင်္ချာနှင့် ထိန်းရတယ်။ သုဒ္ဓသင်္ချာနှင့်ကြည့်ပြီးတော့မှ ကိုယ့် ဒီကပေးတဲ့နည်းနှင့် သုံးသပ်ယူရတယ်။ နောက်တခု ကမ္မပစ္စည်း ဆက်ဟောစမ်းပါ။

ကမ္မပစ္စည်း သုဒ္ဓသင်္ချာ

ဦးသူရိယ။ ။ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ကမ္မပစ္စည်း၏ ပစ္စယုပ္ပန္နမမြဲ့ဖြင်သော တရားတို့ မည်ကုန်၏။ သင်္ချာ နဝ, သတ္တရသ, တိကဏ် ဟူသည်တည်း။

ဆရာတော်။ ။ဘာတွေ့ရသတုံး ကြည့်၊ ခုတင်က ဣန္ဒြိယပစ္စည်းက နာမ်တွေ့အကုန်လုံးရတယ်။ ရုပ်က ၄-မျိုး ဒီလိုမဟုတ်လား (မှန်ပါ)။ ကမ္မကကော ဘာထွေ့ရသလဲမေးလျှင် နာမ်အကုန်မှာ စေတနာလျှော့နေတယ်။ ရုပ်ကလဲ ၄-မျိုးဘဲ၊ ခုတင်တုန်းက ဣန္ဒြိယရတဲ့ ရုပ် ၄-မျိုးနှင့် အတူတူဘဲမဟုတ်လား(တူပါတယ်)။ ဣန္ဒြိယက ရုပ်မှာ ရုပ်ဇီဝိတလျှော့သည်။ ကမ္မက နာမ်မှာ ဘာလျှော့သလဲ(စေတနာလျှော့ပါတယ်)။ပါဠိတော် ဘယ်နှယ်နေသလဲမေးလျှင် ဣန္ဒြိယနှင့် ကမ္မ ၂-ပစ္စည်းသည် ပါဠိတော် လုံးဝတူ၏။

ဒို့လူတွေ့က ဒီလိုမျိုး အချောင်ရလျှင် ကြိုက်လှချေပေါ့။ တလုံးမှ မမှတ်ရဘူး။ ဒါကြောင့် မနေ့ကဟာကို ဘုန်းကြီးက ပြန်ပြီး အရှတ်ခိုင်းတာ။ ဘယ်လောက်သက်သာသတုံး၊ ဘုရားဟော ပါဠိတော်တွေ အသာကလေး နားထောင်တာနှင့် နည်းတာမဟုတ်ဘူး၊ အခု ရထားတာက ရှတ်နေမယ်ဆိုလျှင် ဘယ်မှာ တော်တော်နှင့်ပြီးမလဲ။

အဓိပတိပစ္စည်း သုဒ္ဓသင်္ချာ

အင်ယ် ၇-ပစ္စည်းမှာ ဘယ်သူကျန်သေးသတုံး(အဓိပတိကျန်ပါသေးတယ်)။ ဦးဥာဏဝရ ဆိုစမ်းပါ။

ဦးဥာဏဝရ။ ။အဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-အဓိပတိပစ္စည်းကိုရသော အခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၊ နာမကွန္ဓာ,

သာဓိပတိစိတ္တဇရုပ် ဤတရားတို့သည် အဓိပတိပစ္စည်း၏ ပစ္စယုန္နပ္ပဓမ္မ ဖြစ်သောတရားတို့ မည်ကုန်၏။ သင်္ချာ နဝ သတ္တရသ တိဏိ-ဟူသည် တည်း။

ဆရာတော်။ ။နဝ သတ္တရသ နေလျှင် ဒီတရားဘဲ မဟုတ်ဘူးလား(မှန်ပါ)။ သို့ပေမဲ့ ဒီပစ္စည်းအတွက် သတိထားကြစမ်းပါ။ **အဓိပတိပစ္စည်း**ကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၊ နာမက္ခန္ဓာခေါ်တဲ့နာမ်မှာ ပဥ္စာဝါရတုန်းက ဘုန်းကြီးပြောခဲ့ပါတယ်။ အဲဒီ **သာဓိပတိ**ဇော ၅၂-ခုထဲမှာ ပဋ္ဌိ**သ**န္ဓေစိတ် ဘယ်လောက်ပါသလဲလို့ မေးတော့ ဘာပြောထားသတုံး (မပါ ပါဘူး)။ မပါဘူး။ ပဋ္ဌိသန္ဓေ စပ်တဲ့ စိတ်ဆိုတာ ဝိပါက် မဟုတ်လား (မှန်ပါ)။ သာဓိပတိဇော ထဲမှာ ဝိပါက်ဆိုတာက ဘယ်သူတင် ရှိသလဲ ဖိုလ်စိတ် ၄-ခု သာ ရှိတာ။ ဖိုလ်စိတ် ၄-ခုနှင့်လည်း ပဋ္ဌိသန္ဓေနေလို့ မဖြစ်ဘူး။

အဲဒီတော့ ဒီပစ္စည်းရဲ့ ပါဠိတော် ဘယ်လိုနေမှာလဲလို့ စဉ်းစားပါလား။ ကုသလပဒ ၃-ချက်၊ အကုသလပဒ ၃-ချက်၊ ဒါတွေက အတူတူဘဲ မဟုတ်လား (မှန်ပါ)။ **အ**ဗျာကတပဒမှာ ကြည့်စမ်း ဘာရမလဲ(ပဝတ္တိဘဲ ရပါတယ်)။ မရနိုင်တာက ဘာတုံး (ပဋ္ဌိသန္ဓေ **မ**ရပါဘူး)။

ပြန်ပြီး သတိပြုကြပါ။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အဓိပတိပစ္စယာ။ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ, စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော, စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ, စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒီလို မဟုတ်လား (မှန်ပါ)။ မရနိုင်တာက ပဋ္ဌိသန္ဓိကွဏော-ကစပြီးတော့ ဘယ်အထိ မရသတုံး ခဒန္ဓ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ၊ အဲဒီ စာ ၂-ကြောင်း၊ အဲဒါက ပဋ္ဌိသန္ဓေအခါ မဟုတ်လား (မှန်ပါ)။ ဒီအဏ္ဍ မရတော့ဘူး။

ရုပ်၏အစွမ်းအားဖြင့် စဉ်းစားတော့ ဦးပဉ္စင်းတို့ ခုတင်ကရှတ်တဲ့ အဓိပတိ သုဒ္ဓသင်္ချာမှာ ဘာရုပ်ရှိသလဲ (သာဓိပတိ စိတ္တဇရုပ် ရှိပါတယ်)။ စိတ္တဇရုပ် တမျိုးတည်း မဟုတ်လား (မှန်ပါ)။ စောစောက ဘုန်းကြီးပြောထားခဲ့တယ်၊ တမျိုးတည်း ရလျှင် ဘယ်လိုရှတ်မလဲလို့မေးလျှင် ဧကံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ၊ ဒွေ **မ**ဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ **မ**ဟာဘူ**တေ** ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ။

ဘာချန်ရမလဲ မေးလျှင် (ကဋ္ဌတ္တာရူပံ)။ ဘာဖြစ်လို့လဲမေးလျှင် ပဋ္ဌိသန္ဓေ ကမ္မဇရုပ် မရှိလို့၊ ဒီနောက် ဗာဟိရ စတဲ့ ရုပ်**တွေ**ရပါ့မလား (မရပါဘူး)။

အဲဒီလို သုဒ္ဓသင်္ချာမှီပြီးတော့ ဘယ်ပစ္စည်းရဲ့ ပါဠိတော်တွေဟာ ဘယ်လို နေရမှာပါကလားဆိုတာ ကိုယ်က သိအောင်လုပ်ကြပါ၊ မူရင်းပေးတဲ့ သဟကြီး ပါဠိတော်ကို ရအောင် လုပ်သားကြလျှင် ဒီအထဲမှာချည်းဘဲ မဟုတ်လား (မှန်ပါ)။ ပိုလာတဲ့ပါဠိတော် တလုံးမှ မရှိသေးဘူး၊ ဝိပ္ပယုတ္တ ကျတော့မှ အမှာကလေးတွေ ပိုတယ်။

ပြီးရော၊ ဒါဟာ မနေ့က သဟကြီး ပါဠိတော် ၄-ပစ္စည်း, အခုပြောပေး တာက သဟယေယ် ၇-ပစ္စည်း၊ ကုန်သွားတယ် မဟုတ်လား (မှန်ပါ)။

အာရမ္ဘကပစ္စည်း သုဒ္ဓသင်္ချာ

နောက်တခု ဆက်ကြဦးစို့၊ **အာရမ္ဘကပစ္စည်း** သုဒ္ဓသင်္ချာဝါရ ဆိုစမ်းပါ။

ဦးဥာဏဝရ။ ။**အာရမ္ဘကပစ္စည်း၏** သုဒ္ဓသင်္ချာဝါရ၌ – စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ ဤတရားတို့သည် **အာရမ္ဘကပစ္စည်း၏** ပစ္စယုပ္ပန္နမမြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ တိကို, သတ္တ, တိကို-ဟူသည်တည်း။

ဆရာတော်။ ။ဘာတွေရသလဲမေးလျှင် အဲဒီမှာ ရူပ် တခုမျှမရဘူး၊ **အာ**ရမ္ဘက **အစ**ရှိသော ၇-ပစ္စည်းတို့၏ ပစ္စယုပ္ပန်တရား၌ စိတ်,စေတသိက် ဟုဆိုအပ် **သော** နာမ်တရားတို့သာ ရကြ၏။

နာမ်တွေချည်း ရနေတော့ ကံပုဒ်ကလဲ နာမ်,ကတ္တားပုဒ်ကလဲ နာမ် **ထား**လို့ **ရတာ သ**င်္ချာ တိကို, သတ္တဘဲ မဟုတ်လား၊ (မှန်ပါ)။ ကုသလေန ကုသလံ ဟေတုတုန်းက ဟောဘူးတယ် **မ**ဟုတ်လား (မှန်ပါ)။ အဲဒီအတိုင်းဘဲ၊ **အ**ကု-**သ**လ**ေ**န **အ**ကုသလံ-ဒါလဲ သဟတုန်းက ဟောပြီးပြီမဟုတ်လား (မှန်ပါ)။

အဗျာကတေန **အ**ဗျာ**ဒ**ကတံ၊ ဒီမှာ **နာ**မ်နှင့်ရူပ်နှင့် ဟောပြီးသားက ရောမနေ ဘူး**လား** (နေပါတယ်)။ **သ**ုဒ္ဓသင်္ချာက ရူပ် ရလို့လား(မရပါ)။ **အ**ဗျာကတံ မြဲ ပဋ္ဌိစ္စ **အ**ဗျာကတော **ဓ**မ္မော ဥပ္ပဇ္ဇတိ **အ**ာရမ္ဘကပစ္စယာ၊ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ အဲဒီမှာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ-လို့ ထည့်ချင်လို့ ရနိုင်ပါ့မလား (မရပါ)။ ဘာဖြစ်လို့လဲမေးလျှင် သုဒ္ဓသင်္ချာမှာ ရူပ်မရှိဘူး၊ အဲဒါကို ကိုယ့်ဟာကိုယ် **ထ**ောပေါက်**အော**င် **အ**ကဲခတ်ခိုင်းတာ။ **တ**ယော **ခ**န္ဓေ ပဋ္ဌိစ္စ **ဧ**ကော **ခ**န္ဓော၊ ဒီတွင် ရပ်နော်၊ ကုသိုလ် **အ**ကုသိုလ်နှင့် **နည်**းတူပေါ့ (မှန်ပါ)။ ဒွေ **ခ**န္ဓေ ပဋ္ဌိစ္စ ဒွေ **ခ**န္ဓာ၊ **အ**ဲဒါတွေက ပဋ္ဌာန်**အ**ဇက် (**မ**ှန်ပါ)။

ထို့အတူ ပဋ္ဌိသန္ဓေအတွက်ကျတော့ – ပဋ္ဌိသန္ဓိကွဲကော ဝိပါကားဗျာကတံ ကော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။ ရူပ်မရှိလို့ ကဋ္ဌတ္တာရူပ်-လဲ မရနိုင်ဘူး၊ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု-လဲ မရနိုင်ဘူး၊ ပစ္စယုပ္ပန်တရားဟာ နာမ်တရားသာ ဖြစ်၍ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ-ဒါလောက်ဘဲ ရနိုင်တယ်၊ နားလည်လောက်ပြီနော် (မှန်ပါ)။

ဆဝါရမှာဟောနေတာ ပဥ္စဝါရတုန်းက ဘုန်းကြီးပြောခဲ့တယ်၊ ပဥ္စဝါရက ပစ္စည်း ပဓာနထား ဟောတယ်၊ ဆဝါရက ပစ္စယုပ္ပန် ပဓာနထား ဟောတယ်၊ အခု ပစ္စယုပ္ပန်မှာ သုဒ္ဓသင်္ချာက နာမ်သာ ရတယ်၊ ဟဒယဝတ္ထုရုပ် ထည့်ဟော လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူး)။ ဒီတော့ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ မရဘူးမဟုတ်လား (မှန်ပါ)။

ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ၊ အဲဒီမှာသတိပြု၊ ဝတ္ထုံက ကံပုဒ်မဟုတ်လား (မှန်ပါ)။ ခန္ဓာ-က ကတ္တား ပစ္စယုပ္ပန်၊ ကတ္တား ပစ္စယုပ္ပန် နာမ် ရှိနေလျှင် ရတယ်(မှန်ပါ)။

ကံပုဒ်မှာတော့ နာမ်နေနေ, ရူပ်ဘဲနေနေ ဆဝါရရဲ့သဘောက ပစ္စယုပ္ပန် ကတ္တားကို ပဓာနထားတာ မဟုတ်လား၊ (မှန်ပါ)။ အာဝရမ္မဏက နာမ်ရှိလျှင် ရရမယ်မဟုတ်လား(မှန်ပါ)။ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ-ဆိုတာက ကတ္တား မဟုတ်လား (မှန်ပါ)။ အဲဒီ ကတ္တားမှာ နာမ်ရှိခြင်းကြောင့် ဒီအချက် ရတယ်(မှန်ပါ)။

အဲဒါကလေး ထူးပြီး မှတ်စရာ ရှိတယ်၊ နာမ်ချည်းရတယ်လဲ ဆိုရဲ့ ဝတ္ထုံ-လို့လဲ ဟောပြန်သလားလို့မေးတော့ ကံပုဒ်မှာ ရူပ်ရှိနေတာ ဘာမှုမဆိုင်ဘူး။

ဒီတော့ သူ့သင်္ချာဟာ တီကို ဒါဘဲရှိမှာပေါ့၊ ဟိုဘက်သွားလျှင် ရူပ်တွေ ဟောဘို့ဘဲ မဟုတ်လား၊ မခက်တော့ မခက်ပါဘူး၊ ဒါပေမဲ့ ဦးဉာဏဝရ ဟော စမ်းပါ။

ဦးဉာဏဝရ။ ။ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အာဝရမ္မဏ-ပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။ အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ။ ပ။ ဒွေ ခန္ဓာ။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာဝရမ္မဏပစ္စယာ၊ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ကော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။ ပဋ္ဌိသန္ဓိကွဲကော ဝိပါကာ-ဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ၊ စတ္တုံ ပဋ္ဌိစ္စ ခန္ဓာ။

ဆရာတော်။ ။ကုန်သွားရော၊ သတိပြုကြစမ်းပါ၊ အာရမ္မဏ်နှင့်တူတဲ့ ပစ္စည်းတွေက နောက်က **အနန္တရ သမနန္တရ ဥပနိဿယ သမ္မယုတ္တ နတ္ထိ ဝိဂတ** ၆-ပစ္စည်းရှိတယ် မဟုတ်လား(မှန်ပါ)။ **ပါဠိတော် ဒီအတိုင်းဘဲ**။

ဒီတော့ အကြီးက ၄-ပစ္စည်း, အငယ်က ၃-ပစ္စည်း ဆိုတော့ ၁၁-ပစ္စည်း ရှိသွားရော(မှန်ပါ)။ အခု ဒီက ၃-ပစ္စည်းပါ ပေါင်းလိုက်တော့ ဘယ်နှစ်ပစ္စည်းတုံး (၁၈-ပစ္စည်းပါ ။ အခုမှ ဟောမလို့ ရည်ရွယ်ကာ ရှိသေးတယ်၊ ပါဠိတော် ၁၈-ပစ္စည်း ပြီးနေပြီ၊ အဲဒါ အချောင်ရတော့ အချောင်လှင့်ပစ်တတ်ကြတယ်။ မှတ်ရတယ်၊ ဘယ်လိုလုပ်ပြီး ဒို့ကို သင်ပေးထားတာလဲ၊ ဒို့ရနေတဲ့ နည်းကလေးနှင့် သူတပါးကို ဒို့ပြလျှင် ဖြစ်ပါ့မလား၊ လေ့လာကြပါ၊ သူများနားလည်အောင် ငါတို့ ဘယ်လိုလုပ် ပြောပေးမလဲ၊ အခုကတည်းက သင်တန်းကို လေ့ကျက်ထားရတယ်၊ ဘုန်းကြီး ခဏ ခဏ သတိပေးခဲ့ပါတယ်၊ **ဒီတာဝန်**တွေက တနေ့ကျလျှင် ဦးပဉ္စင်းတို့ ခေါင်းပေါ်မှာ စီးလာလိမ့်မယ်၊ ဘုန်းကြီးတို့ မရှိတဲ့ အချိန်တွေကျလျှင် ဦးပဉ္စင်းတို့က ဒီတာဝန်တွေယူပြီးတော့ သာသနာတော်ကြီးကို စောင့်ရှောက်ရတော့မယ်၊ **ဒီအ**ချိန်ကျလျှင် ဒို့ ဘယ်လိုလုပ်ပြီး ပြပေးမယ်၊ အခု ဘုန်းကြီးပြနေတာကိုတောင်မှ ဒို့ ဘယ်လိုပြင်လျှင် ပိုကောင်းဦးမလဲ၊ ဒီအထိ အသိဉာဏ်ကလေးတွေကို တွေ့ထားကြရ**အောင်**၊ ကြိုးစားကြပါ။

ပါဠိတော်ကို ဒီတင်ရပ်ထားပါဦး၊ ၁၈-ပစ္စည်း ရှိသွားပြီ၊ ဘာကျန်တော့သလဲ၊ ဟိုဘက်မှာ ၆-ပစ္စည်းကျန်တော့တယ်၊ ၆-ပစ္စည်းမှာပင် ၁-ပစ္စည်းက မရဘူး၊ ၅-ပစ္စည်းဘဲ ကျန်တော့တယ်၊ ပစ္စာဇာတက မဟောဘူး၊ နက်ဖြန်ကာကျတော့ ပြောပေးမယ်၊ ဒီနေ့ ဟေတု-စပြီး ကောက်ရ**အောင်** **ပါဠိ**တော်ကိုတော့ သဟဇာတ-ကစပြီး ဟောပေးခဲ့တယ်နော် (မှန်ပါ)။

ဟေတုအရကောက်

ဟေတုရဲ့ ကုသလပဒ ၃-ချက်ဟို့တွင် ကုသလေန ကုသလံ, ကုသလေန အဗျာကတံ, ကု ပလေန ကုသလာဗျာကတံ။ ကုသလေန ကုသလံ-မှာ 'ကုသိုလ်စိတ် ဧကဝီသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ'ဆိုတော့ ကံပုဒ်ကလဲ ကုသိုလ်, ကတ္တားပုဒ်ကလဲ ကုသိုလ်ဘဲ မဟုတ်လား (မှန်ပါ)။ ဒီတော့ ကံပုဒ်မှာရှိတဲ့ ကုသိုလ်ကလဲ ဧကဝီသ ရတယ်, ကတ္တားမှာလဲ ကုသိုလ်ဧကဝီသဘဲ ရရတယ်၊ ရသင့် ရထိုက်တဲ့တရားကို သာမန်ပြောတာ၊ ဆိုရိုး မဟုတ်ဘူးနော် (မှန်ပါ)။

အဲဒီလိုနေတော့ ဒီတရားတွေကို အကောက်ဆရာတော်ဘုရားကြီးက ဘယ်လိုလုပ် ကောက်သလဲမေးလျှင် မနေ့က ဘုန်းကြီးပြောခဲ့တာ သတိပြုကြစမ်းပါ

ပဋ္ဌာဝါရဟောပုံက ကတ္တားတမျိုး, သမ္မာဒါန်တမျိုး, ကရိယာတမျိုး၊ ပေါင်း ၃-မျိုး။ကတ္တားကိုလဲ ကောက်တယ်၊ အဲဒါက ပစ္စည်း၊ သမ္မာဒါန်ကိုလဲ ကောက်တယ်၊ အဲဒါက ပစ္စယုပ္ပန်၊ ကရိယာပါဌ်ကိုလဲ ကောက်တယ်၊ ၃-မျိုး ကောက်တယ်။

ဆဝါရကျတော့ ဘယ်နှစ်မျိုးဟောသလဲမေးတော့ ကံ, ကတ္တား, ဟိတ်၊ ၃-မျိုးဘဲ ဟောတယ်။

အဲဒီလို ၃-မျိုး ဟောဝေပမဲ့ ကံပုဒ်ကို သီးသန့် အရမကောက်ဘူး။

ပဋ္ဌာဝါရမှာတော့ ကတ္တားအရ ကောက်တယ်နော်(မှန်ပါ)။ ဒီမှာတော့ ကံပုဒ်ကို သီးသန့် မကောက်ဘူး၊ ကတ္တားနှင့်ဟိတ်ကိုသာ ကောက်တယ်။

အဲဒါကို နားလည်ထားကြပါစေ၊ ဘာကောက်ရမယ် ဆဝါရမှာ (ကတ္တားပုဒ်နှင့် ဟိတ်ကို ကောက်ပါတယ်)။

အဲဒီ ကတ္တားကော ဘယ်သူကို စဲ့ဖြစ်တာလဲမေးတော့ 'ကုသလံ ဓမ္မံ ပဋ္ဌိစ္စ' ဆိုတော့ ကံပုဒ်ကိုစဲ့ဖြစ်တဲ့ ကတ္တား မဟုတ်လား (မှန်ပါ)။ ဆိုရိုးမှာတော့ မလွယ်တတ်ဘူး။

ဒါကြောင့် အကောက်ဆရာတော်ဘုရားကြီးက ဒီလိုကောက်တယ်၊ ကုသလေန ကုသလံ-ဠ် ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား – (ကံပုဒ်ကို ဆိုမလို့ ကောက်တော့ မကောက်ဘူး ထည့်တော့ဆိုရမယ်၊)'ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို' အဲဒီမှာ ကို-လို့ ဆိုလိုက်ကကည်းက ကံပုဒ် မဟုတ်လား (မှန်ပါ)။ စဲ့ဖြစ်သော။

ဒါဟာ ကံပုဒ်ကို ဆိုတာပါကလား-ဟု ဆိုရိုးကို ကိုယ့်ဉာဏ်က သိလိုက်ရတယ်။

ပြန်ပြီး နားထောင်ကြစမ်းပါ၊ အဲဒီ တခု ရပြီးလျှင် နောက်တော့လဲ ဒီအဘိုင်းချည်းဘဲ၊ ဆဝါရအနုလုံ, ပစ္စနိုက် ဒီအတိုင်းချည်း မှတ်ထားပါ၊ ဘာမှ မထူးပါဘူး။

ဒါကြောင့်မို့ နောက်ပိုင်းကျလျှင် စာဆိုတဲ့ ပုဂ္ဂိုလ်တွေ အဆိုခိုင်းပြီး ဦးပဉ္စင်းတို့ စာနာရုံလောက်ဘဲ ရှိပါလိမ့်မယ်၊ သတိပြုထားကြပါ။

ကုသလေန ကုသလံ-ဠ် ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား– ကုသိုလ်စိတ်ဧကဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစဲ့ဖြစ်သော–ပါက ကံပုဒ်အရနှင့် ပဋ္ဌိစ္စရဲ့အဓိပ္ပါယ်၊ ကတ္တားကောက်မလို့(မှန်ပါ)။ ကုသိုလ်စိတ် ဧကဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ဒါပါဘဲ၊ ဦးဉာဏဝရ ဆိုကြည့်စမ်းပါ။

ဦးဥဏာဝရ။ ။ကုသလေန ကုသလံ-၌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား–ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဆရာတော်။ ။စာအုပ်ထဲမှာ ဖွင့်ပြီး ကျွက်တော့ တော်တော်ခက်နေပါ လိမ့်မယ်၊ သတိပြုနားထောင်လို့ သဘောပေါက်လာတော့ မခက်လှ ပါဘူး၊ ပြီးတော့ ဘာကောက်မလဲ၊ ဟေတုပစ္စယာ-ဟူသော ဟိတ်ပါ၌ ၏ အရကား-လို့ ကောက်ပါလိမ့်မယ်၊ ဒီမှာတော့ မကောက်ပါနှင့်ဦး၊ ထားခဲ့ပါဦး ကောက်ရမှာတော့ သိထားပေါ့။

ဒီဟာကို သိသွားလျှင် နံပါတ် ၂-က ကု-ဗျာ မဟုတ်လား (မှန်ပါ)။ ကုသလေန အဗျာကတံ-ဆိုတော့ ကံပုဒ်က နာမ်၊ ကတ္တားပုဒ်က ရုပ်၊ ဒီတော့ အကောက်ဆရာတော်ဘုရားကြီးက ရုပ်ဆိုတော့ ဘုံအသတ်ခိုင်းလိမ့်မယ်။

ကုသလေန အဗျာကတံ-၌ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား—ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော-ဒါက ကံပုဒ်နှင့် ပဋိစ္စရဲ့အဓိပ္ပါယ် (မှန်ပါ)။ ကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဆဝါရတွေမှာ ဒီဟာအထူးဘဲ၊ နောက် ကျန်ကာတွေကို ဦးပဏ္ဍိတ်တို့ ဆိုပြီး ခဲ့တဲ့ ပဋ္ဌာဝါရအတိုင်းချည်း ဘုန်းကြီးက ပြောပေးမှာ၊ ဦးဥဏာဝရ ဆိုစမ်းပါ။

ဦးဥဏာဝရ။ ။ကုသလေန အဗျာကတံ-၌။ပ။ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဆရာတော်။ ။နံပါတ်-၃ ကုသလေန ကုသလာဗျာကတံ-၌ ဆိုတော့လဲ ရှုပ် ပါနေသေးတယ် ဘုံသတ်ပါ၊ ကုသလော စ အဗျာကတော စ ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား—ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ-လို့ ဘုံသတ်ပါ၊ ရုပ်ပါနေလျှင် ဆိုရမယ်နော်(မှန်ပါ)။ ကုသိုလ်စိတ်ကေဝိသ, စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာကို စွဲ၍ဖြစ်သော-ဒါက ကံပုဒ်နှင့် ပဋိစ္စအရ (မှန်ပါ)။ ဟိုဘက်မှာလဲ နာမ်နှင့်ရုပ် ၂-မျိုး ရှိတယ်မဟုတ်လား (မှန်ပါ)။ ကုသိုလ်စိတ်ကေဝိသ, စေတသိက်အဌ-တိံသ အစိတ်အစိတ်နာမကွန္ဓာ, ထိုနာမကွန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဒါလောက်ပါဘဲ၊ နောက်ကို ဒါမျိုးချည်းဘဲ၊ ကဲ တခေါက်ဆိုစမ်းပါ။

ဦးဥဏဝရ။ ။ကုသလေန ကုသလာဗျာကတံ-၌။ပ။ စိတ္တဇရုပ် ပစ္စယုပ္ပန် တရား ရ၏။

ဆရာတော်။ ။ဆဝါရ သိပ်ခက်တာမဟုတ်ပါဘူး၊ အဲဒါတွေဘဲ၊ ဒီ့ပြင်တော့ ဦးပဉ္စင်းတို့ ပဋ္ဌာဝါရ မမေ့လျှင် ရမှာဘဲ၊ မေ့လျှင်တော့ မတတ်နိုင်ဘူး။

ကုပဒ ၃-ချက် ကုန်သွားရော၊ သဘာပြုပြီး ပြန်နှားထောင်စမ်းပါ၊ ပဌမ အချက် ပြန်ပြောမယ်၊ ဟိတ်ပါဋ္ဌပါ ထည့်မလို့၊ ဒီမှာ ကံ့ကတ္တား, ဟိတ်-လို့ ၃-မျိုးရှိပေမဲ့ ကံပုဒ်ကို သီးသန့် မကောက်ဘူး၊ သူ့ကိုအစွဲပြုပြီး ဖြစ်တဲ့ ကတ္တား ပစ္စယုပ္ပန်နှင့် ဟိတ်ပါဋ္ဌကို ကောက်မယ်လို့ ဒီလိုဆိုတယ် မဟုတ်လား (မှန်ပါ)။ **အခုဟောနေတာ ဘယ်ပစ္စည်းအတွက်လဲ မေးလျှင် ဟေတုပစ္စည်းအတွက်။**

ဟိတ်, ကတ္တား အရကောက် အတူတူ

ဒီဆဝါရ ဟိတ်ပါဋ္ဌ **အရကောက်**ဆိုတာဟာ ဦးပဉ္စင်းတို့ သင်ကြားလာခဲ့ပြီး ဖြစ်တဲ့ ပဋ္ဌာဝါရက ကတ္တားပါဋ္ဌအရကောက်ကို ကောက်နေပါတယ်၊ ဟိတ်ပါဋ္ဌ **အရကောက်ဆိုတာ ပဋ္ဌာဝါရက ကတ္တားပါဋ္ဌအရကောက်နှင့် အတူတူပါဘဲ။**

ဒါဖြင့်လျှင် ပဋ္ဌာဝါရတုန်းက ဟေတုပစ္စည်းရဲ့ ကတ္တားပုဒ်ကို ကောက်တော့ ဘယ်လိုကောက်သလဲ၊ ကုသလော ကုသလဿ-၌ စသည် ကောက်တယ် မဟုတ်လား (မှန်ပါ)။ ကဲ–ဦးဥဏဝရ ဆိုကြည့်စမ်းပါ။

ဦးဥဏဝရ။ ။ကုသလော ကုသလဿ-၌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား– သမ္မယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ်ကေဝိသ, စေတသိက်အင္ဒတိ သ စိတ္တက္ခဏ တခုတခု၌ရှိသော ဒိဟိတ်ဖြစ်အံ့–အလောဘ အဒေါသ, တိဟိတ်ဖြစ်အံ့–အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရား ရ၏။

ဆရာတော်။ ။အဲဒါဘဲ၊ ဒါကြောင့် ဘုန်းကြီးက ပဋ္ဌာဝါရကို မမေ့ခဲ့ပါနှင့် ပြောတာ၊ ပစ္စယနိဒ္ဒေသ ဆိုတာလဲ ပဋ္ဌာဝါရကနေပြီး အသေးစိတ်ကလေး နည်းနည်းကလေး ထုတ်ပြတယ်၊ ဆဝါရဆိုတာ ပဋ္ဌာဝါရကို ပါဠိတော်တွေ အကုန်လုံး ပဋ္ဌာဝါရ သဟကြီး ပါဠိတော် ပို့လိုက်တယ် **မဟုတ်**လား (မှန်ပါ)။ **အခု အရကောက်က** ဦးပဉ္စင်းတို့ ခုတင်**က** ကတ္တားပုဒ်အရကောက်**က** ဘယ်လောက်များ ခက်နေသလဲ၊ **ဆဝါရ** ဆိုပေမဲ့ ပဋ္ဌာဝါရတုန်းက နည်းကို မှီးကြည့်လျှင် **အလွယ်**ကလေးဘဲ၊ **အခု** ဒီမှာ ကြည့်**စမ်း**ပါ၊ ဟိတ်ပါဋ္ဌကလဲ ပဋ္ဌာဝါရက ကတ္တား**အတိုင်း**ပြန်ပြီတဲ့။

ဒါကြောင့် ဒီမှာ ကုသခလန ကုသလံ-၌ ကုသလော ဓမ္မာ-ဟူသော ကတ္တားပုဒ်၏အရကား-လို့ ဆိုပြီး ကောက်ပြီးလျှင် ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏ အရကား-ဆိုပြီးတော့ သတိပြုနားထောင်ကြစမ်းပါ၊ ခုတင်ကဦးဉာဏဝရ ဆိုသွားသည့်အတိုင်း သမ္မယုတ္တခန္ဓာအားတပ်သော ကုသိုလ်စိတ်ကေဝိသ, စေတသိက် အဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော ဒ္ဝိဟိတ်ဖြစ်အံ့-အလောဘ အဒေါသ, တိဟိတ်ဖြစ်အံ့-အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏-လို့ နောက်ပိုင်းမှာ နည်းနည်းကလေး ပြင်ဆိုပါ။

ပဋ္ဌာဝါရတုန်းကတော့ 'ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရား ရ၏'၊ ဆဝါရကျတော့ 'ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏'၊ ဒါကလေး ပြင်ရုံပါဘဲ။

ထို့အတူ ကု-ဗျာဖြစ်ခဲ့အံ့၊ သဟိတ်စိတ္တဇရူပ်အားတပ်သော ပဋ္ဌာဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝိသ, စေတသိက်အဌတိံသ စိတ္တက္ခဏ တခု တခု၌ ရှိသော ဒ္ဝိဟိတ်ဖြစ်အံ့—အလောဘ အဒေါသ, တိဟိတ်ဖြစ်အံ့—အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

နံပါတ် ၃-ကျတော့ သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရူပ်အား တပ်သော မဟုတ်လား (မှန်ပါ)။ ပြန်ဆိုစမ်းပါ ဦးဉာဏဝရ၊ ၃-ချက်စလုံး အပြည့်အစုံ ဆိုပါ။

ကုသလေန ကုသလံ

ဦးဉာဏဝရ။ ။ကုသလေန ကုသလံ-၌ ကုသလော ဓမ္မာ-ဟူသောကတ္တားပုဒ်အရကား—ကုသိုလ်စိတ် ၈ကေဝိသ, စေတသိက် အဌဝီသ အစိတ်အစိတ် နာမကွန္ဓာကိုစွဲ၍ ဖြစ်သော ကုသိုလ်စိတ် ၈ကေဝိသ, စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏ အရကား—သမ္မယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ၈ကေဝိသ, စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒ္ဝိဟိတ်ဖြစ်အံ့- အလောဘ အဒေါသ, တိဟိတ်ဖြစ်အံ့- အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂ ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ကုသလေန အဗျာကတံ

ကုသလေန အဗျာကတံ-၌ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား—ပဋ္ဌာဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ၈ကေဝိသ, စေတသိက်

အဋ္ဌတိ ံသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိအရကား–သဟိတ် စိတ္တဇရုပ်အား တပ်သော ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဋ္ဌတိ ံသ စိတ္တက္ခဏ တခုတခု၌ရှိ၏သော ဒွိဟိတ်ဖြစ်အံ့- အလောဘ အဒေါသ, တိဟိတ်ဖြစ်အံ့- အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းဘရားတို့၏ ဟေတုသတ္တိ ရ၏။

ကုသလေန ကုသလာဗျာကတံ

ကုသလေန ကုသလာဗျာကတံ-၌ ကုသလော စ အဗျာကတော စ ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား–ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဋ္ဌတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဋ္ဌတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာ, ထို နာမက္ခန္ဓာသည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏ အရကား–သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်အားတပ်သော ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဋ္ဌတိ ံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့- အလောဘ အဒေါသ, တိဟိတ်ဖြစ်အံ့- အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းဘရားတို့၏ ဟေတုသတ္တိ ရ၏။

ဆရာတော်။ ။အကုသိုလ် ဒီအကိုင်းဘဲ၊ပစ္စယုပ္ပန်မှာ နာမ်ဖြစ်လျှင် ဘာကြောင့် ရမယ်၊ မောဟမူဒ္ဓေ၌ မောဟကြောင့်ရမယ်၊ ဦးသူရိယ ဟောစမ်းပါ။

အကုသလေန အကုသလံ

ဦးသူရိယ။ ။အကုသလေန အကုသလံ-၌ အကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား– အကုသိုလ်စိတ် ဒွိဒသ, စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်စိတ် ဒွိဒသ, မောဟမူဒ္ဓေ၌ မောဟကြောင့်ဓသော စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား– သမ္ပယုတ္တခန္ဓာအား ဟပ်သော အကုသိုလ်စိတ် ဒွိဒသ, စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့- လောဘ မောဟ, ဒေါသမူဖြစ်အံ့-

ဒေါသ မောဟ, မောဟမူဖြစ်အံ့-မောဟ၊ ဤဟိတ် ၁-ပါး, ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

အကုသလေန အဗျာကတံ

အကုသလေန အဗျာကတံ-၌ အဗျာကတော **ဓ**မ္မော-ဟူသော **ကတ္တား**ပုဒ်၏ **အ**ရ**ကား**–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒ္ဌါဒသ, စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်သည် ပြူအပ်သော သဟိတ်စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏**အ**ရ**ကား**–သဟိတ်စိတ္တဇရူပ်**အား**တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော **အ**ခါ **အ**ကုသိုလ်စိတ် ဒ္ဌါဒသ, စေတသိက် သတ္တဝီသ စိတ္တကွဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့- **လော**ဘ **မော**ဟ, **ဒေ**ါသမူဖြစ်အံ့- **ဒေ**ါသ **မော**ဟ, **မော**ဟမူဖြစ်အံ့- **မော**ဟ၊ ဤဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

အကုသလေန အကုသလာဗျာကတံ

အကုသလေန **အ**ကုသလာ ဗျာကတံ-၌ **အ**ကုသလော **စ** အဗျာကတော **စ** **ဓ**မ္မော-ဟူသော **ကတ္တား**ပုဒ်**၏အ**ရ**ကား**–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော**အ**ခါ **အ**ကုသိုလ်စိတ် ဒ္ဌါဒသ, စေတသိက် **သ**တ္တဝီသ **အ**စိတ်အစိတ် **နာ**မကွန္ဓာကိုစွဲ၍ ဖြစ်သော **အ**ကုသိုလ်စိတ် ဒ္ဌါဒသ, **မော**ဟမူ၌ **ဒေ**ါ**မော**ဟကြဉ်သော **ဒေ**တသိက် **သ**တ္တဝီသ **အ**စိတ်**အ**စိတ် **နာ**မကွန္ဓာ, ထိုနာမကွန္ဓာသည် ပြူအပ်သော သဟိတ်စိတ္တဇရူပ် ပစ္စယုပ္ပန်တရား **ရ**၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏ **အ**ရ**ကား**– **သ**မ္မယုတ္တ**ဓ**ဿ သဟိတ်စိတ္တဇရူပ်**အား**တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်**သော**အခါ **အ**ကုသိုလ်စိတ် ဒ္ဌါ-ဒသ, စေသိက် သတ္တဝီသ စိတ္တကွဏ တခုတခု၌ရှိ**သော** **လော**ဘမူဖြစ်အံ့- **လော**ဘ **မော**ဟ, ့**အ**ဒေါသမူဖြစ်အံ့- ဒေါသ **မော**ဟ, **မော**ဟမူဖြစ်အံ့- **မော**ဟ၊ ဤဟိတ် ၁-ပါး, ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ဆရာတော်။ ။**အ**ကုပဒ ၃-ချက် ကုန်သွားရော၊ ဗျာ-ဗျာမှာ ပဝတ္တိပဋ္ဌိသန္ဓေ လို့ ၂-မျိုးရှိတယ်၊ ပဝတ္တိကို ကြည့်ပါ။

အဗျာကတေန အဗျာကတံ

အဗျာကတေန **အ**ဗျာကတံ-၌ ပဝတ္တိ**အ**ခါ **အ**ဗျာကတော **ဓ**မ္မော-ဟူ**သော** **ကတ္တား**ပုဒ်**၏** **အ**ရ**ကား**-**သ**ဟိတ်ဝိပါက် **ဇ**ကဝိ**သ**, **သ**ဟိတ်ကြိယာ **သ**တ္တရ**သ**, **ဒ**စေတသိက်**အ**ဋ္ဌတိ**သ** **အ**စိတ်**အ**စိတ်**နာ**မကွန္ဓာကို စွဲ၍ ဖြစ်သော **သ**ဟိတ်ဝိပါက်

ဇကဝိသ, သဟိတ်ကြိယာ သတ္တရသ, စေတသိက်အဋ္ဌတိ သ အစိတ်အစိတ် နာမက္ခန္ဓာ, ထိုနာမက္ခန္ဓာသည် ပြုအပ်သော သဟိတ်စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ကြေနေကြပါစေ၊ ဒီတခုရလျှင် နောက်ကို ဒါနှင့် ပတ်သက်လာလျှင် ဒီအတိုင်းချည်း အကုန်လုံး ဆိုနေမှာပါ။

ဟိတ်ပါဠိထုတ်တော့ ပဋ္ဌာဝါရကတ္တားအရဆိုတော့ ဘယ်လိုတုံး၊ သမ္မယုတ္တခန္ဓာအားလုံး, သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရူပ်အားလုံး တပ်သော သဟိက်ဝိပါက် ဇကဝိသ, သဟိတ်ကြိယာ သတ္တရသ, စေတသိက်အဋ္ဌတိ သ စိတ္တ-ကွဏ တခုတခုဖြစ်ရှိသော ဒွိဟိတ်ဖြစ်အုံ – အလောဘ အဒေါသ, တိဟိတ်ဖြစ်အုံ – အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ထိုအတူ ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား—သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ, စေတသိက် ပဋ္ဌတိ သ။

အဲဒီမှာ စာ ၂-ကြောင်းကြည့်ပါ[1]၊ အဲပါ တန်းက ဇကံ ခန္ဓံ ပဋ္ဌိစ္စ-ဆိုတော့ အစိတ်အစိတ်မဟုတ်လား (မှန်ပါ)။ အောက်တန်းက ခန္ဓေ ပဋ္ဌိစ္စ-ဆိုတော့ အစိတ်, အပေါင်း၊ ဝတ္ထုံ ပဋ္ဌိစ္စ ဆိုတော့ ဟဒယဝတ္ထုမဟုတ်လား(မှန်ပါ)။

ဒါကြောင့် ဒီလိုဆိုရမယ်၊ သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ, စေတသိက် ပဋ္ဌတိ သ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထုကို စွဲ၍ ဖြစ်သော–

တရား ၃-မျိုး သတိပြုပါ (မှန်ပါ)။ အစိတ် အစိတ် နာမက္ခန္ဓာက တရား တမျိုး, အစိတ်အပေါင်း နာမက္ခန္ဓာက တရားတမျိုး, ဟဒယဝတ္ထုက တမျိုး၊ ကံပုဒ်တွင် ၃-မျိုး မဟုတ်လား (မှန်ပါ)။

ဒါကြောင့် အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ, စေတသိက်ပဋ္ဌတိ သ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ကဋ္ဌတ္တာရူပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိအရ သမ္မယုတ္တခန္ဓာအားလုံး, သမ္မယုတ္တခန္ဓာ ကဋ္ဌတ္တာရူပ်အား လုံး တပ်သော သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ, စေတသိက် ပဋ္ဌတိ သ စိတ္တကွဏ ကခုတခုဖြစ်ရှိသော ဒွိဟိတ် ဖြစ်အုံ—အလောဘ အဒေါသ, တိဟိတ်ဖြစ်အုံ–

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နာ-၂၃၂-ရှိ သဘကြီးလတ် ပါဠိတော် အရကောက် ဇယားတွင် ပဋ္ဌိသန္ဓေအတွက် စာ ၂-ကြောင်းနှင့် ၎င်းကျမ်း၊ နာ-၃၉၀-ရှိ သဟဇယ် (၇) အရကောက် ဇယားကြည့်။

အလောဘ အဒေါသ အမောဟ၊ ဣရိယာပထ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ရူပ်သက်သက်

ရူပ်သက်သက်အတွက် သတိပြုကြပါ၊ စိတ္တဇရူပ်နှင့် ပဋိသန္ဓေကမ္မဇရူပ်ကို ကောက်ရမယ်၊ ဒီမှာတော့ ဟေတုမှာတော့ သဟိတ် စိတ္တဇရူပ်, သဟိတ်ပဋိ-သန္ဓေကမ္မဇရူပ် ကောက်။

အဲဒီရူပ်တွေ ဘယ်နာမ်ကို အစဲပြုပြီးတော့ ဖြစ်သလဲလို့ မေးလျှင် အရှင် အနုရုဒ္ဓါက ပြောတယ်–လို့ ပဋ္ဌာဝါရတုန်းက ပြောခဲ့ပါပြီ၊ အရူပဝိပါကဒ္ဒိ-ပဋ္ဌဝိညာဏဝဇ္ဇိတံ ပဋ္ဌသတ္တတိဝိဓမ္မိ စိတ္တံ-ဆိုတော့ အခု ဟေတုမှာရတဲ့ သဟိတ် နာမ်ထဲမှာ အရူပဝိပါက်ပါသလား မပါဘူးလား မေးလျှင် (ပါပါတယ်)။ သဟိတ်ဝိပါက်ထဲမှာ ဒွေပဋ္ဌဝိညာဏ်-၁၀ ပါသလား, မပါဘူးလား မေးလျှင် (မပါပါ)။ ရဟန္တာစုတိ – ဆိုတာကတော့ မဟာဝိပါက်နော် (မှန်ပါ)။

ဒီတော့ ရူပ်ကိုမဖြစ်စေတတ်တဲ့ နာမ်တရားတွေ ကြဉ်ပစ်လို့ ဆိုပေမဲ့ ဟေတုမှာ ဒွေပဋ္ဌဝိညာဏ်-၁၀ ကြဉ်ဖွယ်မလိုပါဘူး။

ဒါကြောင့် ရူပ်သက်သက်ဖြစ်အုံ့ – အဗျာကတော ဓမ္မော-ဟူသောကတ္တားပုဒ်၏အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ရဟန္တာတို့၏ စုတိ ကြဉ်သော-လို့ ဆိုပါ။

ဒွေပဋ္ဌဝိညာဏ်-၁၀ ဘာဖြစ်လို့ မကြဉ်တာလဲမေးလျှင် သဟိတ်ဝိပါက်ထဲမှာ သူတို့က မရှိလို့ မပါလို့ မကြဉ်တာ (မှန်ပါ)။

အကယ်၍ နာမ်ကုန်ရနေတဲ့ ပစ္စည်းတခုခုဖြစ်လျှင်တော့ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏စုတိ ကြဉ်သော-လို့ အကုန်လုံး ကြဉ်တဲ့အထဲ ထည့်ဆိုရမှာဘဲ (မှန်ပါ)။ ဒီမှာတော့ ဟေတု, မဂ္ဂ တို့မှာတော့ သဟိတ်ဆိုတော့ အဟိတ်ဖြစ်တဲ့ ဒွေပဋ္ဌဝိညာဏ်က မရှိလို့ မပါလို့ မကြဉ်တာ။

ဒီတော့ ကျွန်တဲ့ ကုသိုလ်တွေ, အကုသိုလ်တွေ, ဝိပါက်တွေ, ကြိယာတွေက ရူပ်ကို မဖြစ်စေဘူးလား (ဖြစ်စေပါတယ်)။ ဒါကြောင့် ပြန်ပြီးတော့ နားထောင်စမ်းပါ။

အဗျာကတေန အဗျာကတံ-၌ ရူပ်သက်သက် ဖြစ်အုံ့၊ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား-ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ရဟန္တာတို့၏ စုတိ ကြဉ်သော ကုသိုလ်, အကုသိုလ်, သဟိတ်

ဝိပါက်,သဟိတ်ကြိယာ နာမကွန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တ-ဇမဟာဘုတ်။

ဘယ်သူလဲမေးလျှင် ဧကံ မဟာဘူတံ ပဋ္ဌိစ္စ၊ သူတမျိုးတည်းဆိုလျှင်ကို စွဲ၍ ဖြစ်သော-လို့ ဖြစ်တော့မှာ၊ နောက်က ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ် ရှိသေးတယ် မဟုတ်လား (မှန်ပါ)။

ဆိုရိုးက သဟိတ်ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေ တေရသ-တဲ့၊ အဲဒီမှာ ပဋ္ဌိသန္ဓေ ဇကူနဝီသရှိရာတွင် အဟိတ်ပဋ္ဌိသန္ဓေ ၂-ခုက မရဘူး၊ အရူပပဋ္ဌိသန္ဓေ ၄-ခု ကကော ရမလား(မရပါ)။ ဒီတော့ အဲဒီ ၆-ခု လျှော့လိုက်လျှင် ဘယ်လောက် ကျန်သေးသလဲ (၁၃-ပါး ကျန်ပါတယ်)။

ဒါကြောင့်–သဟိတ်ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေ တေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်၊ မဟာဘုတ် ၂-မျိုး စေ့သွားပြီ မဟုတ်လား (မှန်ပါ)။

ရုပ် ၂-မျိုးမှာ ၁-နံပါတ်ရုပ်က နာမ်ကြောင့် ဖြစ်တဲ့ရုပ်၊ စိတ္တဇရုပ်ဆိုတာ (မှန်ပါ)။ နောက် ပဋ္ဌိသန္ဓေကမ္မဇရုပ်ဆိုတာ ပဋ္ဌိသန္ဓေနာမ်နှင့် အတူတဲ့ဖြစ်တဲ့ ရုပ်၊ ဆိုရိုးကို သတိပြုစဉ်းစားကြပါ။

ပြန်ပြီး နားထောင်စမ်းပါ၊ တခေါက်၊ ရုပ်သက်သက်ဖြစ်အုံ့၊ အဗျာကတော ဓမ္မော-ဟူ၏သော ကတ္တားပုဒ်၏အရကား–ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ။ပ။ 'သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမကွန္ဓာတို့သည် ယထာရဟပြုအပ်သော' ဆိုတဲ့ အဓိပ္ပါယ်က သင့်တော်သလို ယူရမယ်ဆိုတာ ယထာရဟမဟုတ်လား (မှန်ပါ)။ ဘာပြောတာလဲမေးလျှင် ကုသိုလ်ကြောင့်ဖြစ်တဲ့ မဟာဘုတ်ကို ကုသိုလ်မဟာဘုတ်လို့ ခေါ်၊ အကုသိုလ်နာမ်ကြောင့်ဖြစ်တဲ့ မဟာဘုတ်ရုပ်ကို အကုသိုလ်မဟာဘုတ်လို့ ခေါ်၊ ယထာရဟသဘော ပြောနေတာ-နော်(မှန်ပါ)။ ဝိပါက်ကြိယာကြောင့်ဖြစ်လျှင်လဲ ထို့အတူဘဲ ဝိပါက်ကြိယာဖြစ်စေအပ်တဲ့ရုပ်လို့ ပဋ္ဌဝေါရတုန်းက ပြောခဲ့ပြီ မဟုတ်လား (မှန်ပါ)။ ဒါကြောင့် ကုသိုလ်, အကုသိုလ်, သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမကွန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇမဟာဘုတ်-တဲ့၊ ဒီနာမ်ကြောင့် ဖြစ်တဲ့ရုပ်လို့ မှတ် (မှန်ပါ)။

ပဋ္ဌိသန္ဓေကမ္မဇရုပ်လာတော့ ဆရာတော်ကြီး ဆိုရိုးကြည့်စမ်းပါ၊ 'သဟိတ် ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေတေရသတို့နှင့် ယထာရဟအတူဥပါဒ်သော'၊ အဲဒီမှာ အတူဥပါဒ်သော ဆိုတာ ဘာဆိုတာလဲ၊ အတူဖြစ်တယ်လို့ပြောတာ(မှန်ပါ)။ ပြိုင်နေတယ်၊ ပဋ္ဌိသန္ဓေစိတ်ဖြစ်လျှင် ဒီကမ္မဇရုပ်က တခါတည်း ပြိုင်ဖြစ်တယ်

အဲဒါကို ယထာရဟ အတူဥပါဒ်တယ်လို့ ခေါ်တယ်၊ ဥပါဒ်ပြိုင်တယ်-လို့ ခေါ်တယ်၊ အတူတူဘဲ။

သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော-ကံပုဒ်မှာ မဟာဘုတ်တင် ရှိတယ်၊ ကတ္တားကျတော့ မဟာဘုတ်နှင့်တကွသော သဟိတ်စိတ္တဇ ဥပါဒါရုပ်, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိထုတ်တော့ အဲဒီရုပ် ၂-မျိုးအားတပ်သော ခုတင်က နာမ်တွေ့ရဲမှာ ရှိတဲ့ဟာ ထုတ်၊ ဘုန်းကြီး ဆိုပြမယ်။

အဲဒီ ပဋိသန္ဓေစိတ်က ဘယ်သူ့ပဋိသန္ဓေစိတ်လဲ၊ ဘယ်ပုဂ္ဂိုလ်ရဲ့ ဘယ်ဘုံရဲ့ ပဋိသန္ဓေစိတ်လဲ မေးလျှင် အပါယ် ၄-ဘုံဟားဖြစ်တဲ့ သတ္တဝါအပေါင်းတို့ရဲ့ ပဋိသန္ဓေစိတ်၊ ငရဲမှာဖြစ်တဲ့အခါ ဒီစိတ်နှင့် ပဋိသန္ဓေနေတယ်၊ တိရစ္ဆာန် ဖြစ်တဲ့ မီးခင်တွေ့ဝမ်းထဲ ဝင်ရတဲ့အခါ ဒီစိတ်နှင့် ပဋိသန္ဓေနေရတယ်၊ ပြိတ္တာ, အသူရကာယ်တို့ဘဝဖြစ်လျှင်လဲ ဒီပဋိသန္ဓေစိတ်နှင့်နေရတယ် ထို ၄-မျိုးသော အပါယ်ဘုံကို ဒုဂ္ဂတိဘုံလို့ ခေါ်ကြတယ်။

ဘာဖြစ်လို့ ဒုဂ္ဂတိဘုံလို့ ပေါ်သလဲမေးလျှင် ဒုစ္စရိတမမ္မ ကျင့်ကြ, ပြုကြသူတို့၏ သွားရာ လားရာ ရောက်ရာ ဖြစ်သောကြောင့်တဲ့ (မှန်ပါ)။ ဒု+ဂတိ-ဘဲ မဟုတ်လား (မှန်ပါ)။မင်းကောင်းသူတို့၏ သွားရောက်ရာ နစ်မြုပ်ရာ ဖြစ်သောလို့ ဆိုလိုဘယ် ဒုဂ္ဂဘိဘုံဘာ၊ အဲဒါကြောင့် ဒီပဋိသန္ဓေစိတ်ကို ဒုဂ္ဂဟိအဟိတ်ပဋိသန္ဓေလို့ ခေါ်ရမယ်။

အဲဒီလို ဘုံဘဝမျိုးရောက်နေလျှင် ဘယ်တော့မှ စျာန်မင်ဖိုလ်မရဘူး၊အင်မတန် နစ်နာတယ်။

ဒုတိယ ဘာကူက်ပြောင်းကြည့်ပါ၊ ဘယ်သူတုံး(အဟိတ် ကုသလ ဝိပါက်စိတ် ၈-ခုပါ)။ အဲဒီမှာခေါ်ကာ ပဋိသန္ဓေစိတ် ဘယ်သူ့ရှိသလဲ (ကုသလဝိပါက်

၁။ ပဌာန်းသိပ္ပံ၊ ပ-တွဲ နှာ ၄၅၅-မှ် နာနာကွဏ်းက ကမ္မ တနည်းကား-အရကောက် ဇယား ကြည့်။

ဥပေက္ခာသန္ဓိရဏ ရှိပါတယ်)။ ဥပေက္ခာသန္ဓိရဏတဲ့၊ သူတို့ ၂-ခုပေါင်းတော့ အဟိတ်ပဋ္ဌိသန္ဓေ ၂-ခုလို့ ခေါ်လာရတယ် (မှန်ပါ)။

အဲဒီ ကုသလဝိပါက် ဥပေက္ခာသန္ဓိရဏ ပဋ္ဌိသန္ဓေစိတ်ကတော့ ဘယ်ဘုံ ဘယ်ဘဝ ဘယ်သတ္တဝါမျိုးရဲ့ ပဋ္ဌိသန္ဓေစိတ်လဲ၊ ဗဟုဿုတအဖြစ် ထည့်ပြော ပေးနေတာ မှတ်ထားကြပါ။

ဘုံ၏အစွမ်းအားဖြင့် လူ့ဘုံ, နတ်ဘုံ= စတုမဟာရာဇ်နတ်ဘုံလို့ ဆိုလိုက်ကြ ပါစို့ (မှန်ပါ)။ လူ့ဘုံ နတ်ဘုံမှာဖြစ်နိုင်တဲ့ ပဋ္ဌိသန္ဓေစိတ်တဲ့။

ပဋ္ဌိသန္ဓေစိတ်ချင်း ကြည့်စမ်းပါ၊ အဟိတ် ပဋ္ဌိသန္ဓေချည်းဘဲ၊ အင်မတန် ကြောက်စရာကောင်းတယ်၊ လူ့ဘုံ, စတုမဟာရာဇ် နတ်ဘုံမှာဖြစ်တဲ့ သတ္တဝါ အချို့ တို့ရဲ့ ပဋ္ဌိသန္ဓေစိတ်။

လူ့ဘုံမှာ ဘယ်လိုလူစားတွေလဲလို့မေးလျှင် မိခင်၏ဝမ်းတွင်းဌာပင်လျှင် စက္ခု-ပသာဒ မျက်စိချို့တဲ့လာခဲ့တဲ့ ပုဂ္ဂိုလ်၊ အဲဒါကို ဇစ္စန္ဓ ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ **မိခင်၏** ဝမ်းတွင်းဌာကပင်လျှင် သောတပသာဒ နားချို့တဲ့လာတဲ့ ပုဂ္ဂိုလ် တွေ အဲဒါကိုတော့ ဇစ္စဗဓိရ ပုဂ္ဂိုလ်, ဝမ်းတွင်းပါနားပင်းလို့ခေါ်တယ်၊ **ဇစ္စမူဂ အမိဝမ်း**တွင်းကပင် စကားမပြောနိုင်အောင် ဖြစ်လာခဲ့တဲ့ **သတ္တဝါမျိုးတွေ**၊ အဲဒီလို အမိဝမ်းတွင်း ပဋ္ဌိသန္ဓေအခိုက်အတန့်ကတည်းက ဆွံ့-အ-ပင်း-ကန်း-ကွေးကောက်လာခဲ့တဲ့ သတ္တဝါတွေ၊ ဤစိတ်နှင့် ပဋ္ဌိသန္ဓေနေတယ်၊ **စက္ခု-ဃသာတ စသော** ကလာပ်တွေ ဖြစ်ရမဲ့ **အချိန်**မှာ **မ**ဖြစ်တဲ့ ပုဂ္ဂိုလ်**မျိုး**ကို**သာ ဆိုတယ်**။

အင်မတန် **ကြောက်စရာ**ကောင်းပါတယ်၊ သင်္ဂြိဟ်မှာ **အရှင်အနုရုဒ္ဓ**ကြီ ဒါတွေကို တိုက်ရိုက်ပြထားပါတယ်၊ 'မနုဿာနဉ္ဉဝ ဇစ္စန္ဓာဒီနံ'-စသည်ဖြင့် ပြခဲ့တယ် **မဟုတ်**လား (မှန်ပါ)။

နတ်၏**အစွမ်း**အားဖြင့် **စ**တုမဟာရာဇ်**နတ်**ကြီး **အ**ဝင်**အ**ပါ**ဖြစ်**တဲ့ ဘုမ္မဿိတ ဝိနိပါတိက **အ**သူရာ၊ **မျိ**ုးတော့ **နတ်**မျိ,ဘဲ **နတ်**လို့ **အ**မည်**ခ**ံ**ရ**တာဘဲ၊ ,ဒါ**ပေ**မဲ့ ဆင်းဆင်းရဲရဲ မဲ့မဲ့ပေတေ ပေ**ပ**ေ:ပ်ကပ် **နေ**စ**ရာ**မ**ရှိ**၊ **စ**ား**စ**ရာ**မ**ရှိ**၊** **အ**ိမ်**ကြ**ီ**** **အ**ိမ်**ကြ**ား ****ကျ**ောင်း**ကြ**ီ**ကျ**ောင်း**ကြ**ား ****ဘ**ုရား**ကြ**ီ** ****ဘ**ုရား**ကြ**ား ****သ**ွား**လ**ာ **စ**ား**သ**ောက်**နေ**ရတဲ့ **နတ်**မျိ,၊ **အ**ဲဒီ**စ**ိတ်**နှ**င့် **ပ**ဋ္ဌိ**သ**န္ဓေ**နေ**ပါ**တ**ယ်၊ '**ဘ**ုမ္မိ**သ**ိ**တ**ာ-**နဉ္ဇ ဝ**နိ**ပါ**တ**ိ**က**ာ**သ**ုရာ**နံ**'။

ဒါ**လ**ောက်**တ**ော**င်** **ဒ**ုက္ခ**ရ**ောက်**ပြ**ီ**း** **လ**ူ**ရ**ယ်, **နတ်**ရ**ယ်**လို့ **ဖ**ြစ်**ရ**တ**ယ်**၊ **ဘ**ယ်**က**ံ **မျ**ိ**း**တွ**ေ**ကြ**ော**င့် **ဖ**ြစ်**ရ**သ**လ**ဲ**လ**ို့ **သ**တိ**ပ**ြု**က**ြည့်**က**ြ**ပ**ါ။

အဲဒီမှာ သူ့ရဲ့ အကြောင်းပစ္စည်းတရားဟာ ဘယ်သူလဲလို့ ကြည့်ပါလား၊ ဒ္ဌိဟိတ် သြမက မဟာကုသိုလ်စေတနာ တဲ့၊ တွေ့ရှိမဟုတ်လား အောက်နားက ဇယားမှာ (မှန်ပါ)။

အဟိတ် ကုသလဝိပါက် ၇-ခုရဲ့ အကြောင်းပစ္စည်းတရားဟာ ဘယ်သူတဲ့ (ဒ္ဌိဟိတ် သြမက မဟာကုသိုလ်စေတနာ)။ စာပေသင်တာလောက် သဘော ထားမနေပါနှင့် ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ ကျင့်သုံးဖို့စကား။

ဘာပြောနေတာလဲလို့ မေးလျှင် ဒါန သီလ ဘာဝနာ အတိတ်ဘဝတုန်းက ပြုခဲ့တဲ့ အချိန်အခါတုန်းက မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုနှင့် ပြုတယ်၊ အဲဒီ ဉာဏဝိပ္ပယုတ်စိတ် ၄-ခုနှင့် ပြုတဲ့အထဲမှာ—

အကုသလံ၊ ရှေနောက်ရုံ၊ မှတ်ရန် သြမက-ဆိုတဲ့အတိုင်း ဒါနပြုတုန်းက, သီလဆောက်တည်တုန်းက, ဘာဝနာပွါးများတုန်းက သိပ်ကြောက်ဖို့ ကောင်းပါတယ်၊ တချို့ ဒကာ ဒကာမတွေ ဘုန်းကြီးတို့ သတိလဲ ပေးပါတယ်၊ ဒေါသ တကြီးနှင့် သံဃာတော်ဆွမ်းကျွေးယင်း, ဆွမ်းလောင်းယင်း စိတ်ဆိုးမာန်ဆိုးနှင့် စူစူ အောင့်အောင့် ဆောင့်ဆောင့် လုပ်လာခဲ့တဲ့ ကုသိုလ်မျိုး။

ကိုယ်တိုင်လဲ ဒါကို မလုပ်ဖြစ်အောင် သတိပြုရတယ်၊ ဘုန်းကြီးတို့, ဦးပဉ္စင်းတို့တစတွေ လုပ်နေတဲ့ ကုသိုလ်တွေက ဒီစိတ်မျိုးတွေ ပါသလျှင် မကောင်းတော့ဘူး၊ ဒီအကျိုးပေးမှာကြည့်၊ ဘယ်လောက် ကြောက်စရာကောင်သလဲလို့၊ ကုသိုလ်ကြောင့် လူဖြစ်ဖြစ်တယ်, ကုသိုလ်ကြောင့် နတ်ဖြစ်ဖြစ်တယ် လူချင်းတူရဲ့လား (မတူပါ)။ နတ်ချင်းတူရဲ့လား (မတူပါ)။ အင်မတန် ကြောက်စရာကောင်းတယ်၊ ဒါကြောင့် 'အကုသလံ၊ ရှေနောက်ရုံ၊ မှတ်ရန် သြမက'။

ပြုတုန်းလဲဘဲ ဒေါသနှင့် ပြု၊ လောဘနှင့် ပြု၊ မောဟနှင့် ပြု၊ ပြုပြီးလဲ ဒေါသနှင့် ပြု၊ လောဘနှင့် ပြု၊ မောဟနှင့် ပြု၊ ပြုစဉ်ကလဲဘဲ ဉာဏဝိပ္ပယုတ်။

ဟို တချို့အရပ်တွေမှာ ကြားရတယ်၊ သားကလေး ရှင်ပြုမလို့တဲ့ ဝက်ကုန်သည်ထံ စရံပေးထားတယ်၊ ကောင်းသေးသလားလို့၊ ဒီအလှူမျိုးကို စဉ်းစားပါ၊ ပေါက်ရာပေါက်စေ့ ပံ့သုကူကိုဝယ်ပြီး လှူယင် ရတယ်မဟုတ်ဘူးလား၊ ဝက်ကုန်သည်ထံမှာ ဝက်မရလိုက်မှာစိုးလို့ စရံကို သူတို့က ပေးထားလိုက်တယ်၊ အဲဒါက ဗမာစစ်စစ် နယ်ပယ်က ကြားတဲ့စကား။

အဲဒီကုသိုလ်မျိုးတွေ အခုပြောနေတာ၊ ဒါမျိုးတွေ ဒို့ မပြုဖြစ်အောင် သတိထားပါ၊ ဦးပဉ္စင်းတို့, ဘုန်းကြီးတို့တတွေ အမျှားဆုံး သတိပြုရမယ်။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှ ၁-၄၅၅-ရှိ အနုန္တရကမ္မ တနည်းကား- အရကောက်ဇယား။

ဦးပဉ္စင်းတို့ စာချဘုန်းကြီးကလေးတွေ ဖြစ်ကြရော စာချကြရော၊ ကိုယ့်ဆီမှာ သင်တဲ့သူက တော်တော်နှင့် မကတ်ဘူး ချပေးလို့ မရဘူး၊ စိတ်တိုရော ခေါင်းထိုး, ထထ, ရိုက်, ကန်ကျောက်သွားရှာရော၊ ကိုယ်တော်ကြီး စာချကျိုး မနပ်ဘူး။

ဒို့သရုကလေးတွေလဲ ဒီအတိုင်းဘဲ သတိတရား၊ စေတနာသုံးတန် ပြဋ္ဌာန်းပြီး ဆွမ်းကပ်လား ကွမ်းကပ်လား လောင်းမည့်ကြံ ဇွန်းနှင့် သပိတ်နှုတ်ခမ်းခေါင်ကနဲဆို ခေါက်သွက်လိုက်မိတယ်၊ စိတ်ဆိုးဘာက မီးဖိုချောင်ထဲက အချင်းချင်း၊ သပိတ်ခေါက်ခံရတာက ဆွမ်းခံကိုယ်တော်၊ အဲဒီတော့ ဒီစေတနာမျိုးက သွားလေတော့ ခုတင်ကပြောတဲ့ နေ့ရောတွေ၊ မလုပ်ဖြစ်စေချင်လို့ ပြောတာပါ။

ဘုန်းကြီးတော့ ငယ်စဉ်ဆွမ်းခံတုန်းက ကြုံခဲ့ရဘူးတယ်၊ အခေါက်ခံခဲ့ရဘူးတယ်၊ သပိတ်သရိုးကို ကွာရော၊ အဲဒီဒကာမကြီးက သူ့မှာ မီးဖိုချောင်ထဲကဘယ်သူနှင့် စိတ်ဆိုးလာမှန်း မသိဘူး ကိုယ့်ကို ခေါက်ရော။

သတိရားပါ အဲဒါ၊ ဘယ်သူတဲ့တုံ၊ အဟိတ်ဗဟုသလဝိပါက် ဂ-ခုမှာ ပါတဲ့ ဥပေက္ခာသန္ဓီရဏပဋ္ဌိသန္ဓေရဲ့ အကြောင်းပစ္စည်းတရားကို ဘုန်းကြီး သတိပေးပါတယ်၊ ကိုယ်တိုင်လဲ သတိထားတယ်။

ဒီမှာ ပဋ္ဌိသန္ဓေ ၂-ခု ရခဲ့ပြီ၊ နောက်တကွက်ကိုတုံးပါ၊ နောက်က ၂-ကွက်ကို ကြည့်လျှင် မဟာဝိပါက်စိတ် ဂ-ခု မဟုတ်လား (မှန်ပါ)။ မဟာဝိပါက်က ဂ-ခု စလုံး ပဋ္ဌိသန္ဓေစိတ် မဟုတ်လား (မှန်ပါ)။ ဥာဏသမ္ပယုတ်က တိဟိတ်ပဋ္ဌိသန္ဓေ၊ ဥာဏဝိပ္ပယုတ်က ဒ္ဝိဟိတ်ပဋ္ဌိသန္ဓေလို့ မှတ်ပါ။

သဘာပြုကြပါ၊ ဘုန်းကြီးပြောပြမယ်၊ ခုတင်ကုန်းက ၂-ခုရယ်, ဒီက ဂ-ခုရယ် ပေါင်းလိုက်တော့ ၁၀၊ အဲဒါကို ဘာပဋ္ဌိသန္ဓေလို့ ဦးပဉ္စင်းတို့ မှတ်လာသတုံး၊ (ကာမပဋ္ဌိသန္ဓေ ၁၀-ပါ)။

အဲဒီနေရာကလေးဘဲ လေ့ကျင့်မှုရှိတယ်၊ နောက်က ၅-ကွက်ကို ကြည့်လိုက်တော့ ရူပဝိပါက် ၅-ခု မဟုတ်လား (မှန်ပါ)။ ၅-မျိုးစလုံး ပဋ္ဌိသန္ဓေကိစ္စ မတတ်ပေဘူးလား (တတ်ပါတယ်)။

မခက်လှပါဘူး၊ ဆဝါရကို ခက်တယ်ပြောကြတာ အဲဒါတွေ နားမလည်လို့။

နောက်ထပ် ၄-ကွက်ကို ကြည့်လိုက်တော့ အရူပဝိပါက် ၄-ခု မဟုတ်လား (မှန်ပါ)။ သူတို့ကော အရူပပဋ္ဌိသန္ဓေစိတ်ဘဲ **မဟုတ်ဘူးလား** (မှန်ပါ)။

၁-၂-၃။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှာ-၄၅၅-၌ နာနာကွဏ္ဍိကကမ္မ တနည်းကား - **အရကောက်** ဇယားတွင်ကြည့်။

နောက်ထပ် ၄-ကွက်ကို ကြည့်လိုက်ကြစမ်းပါ ဘားတွေ့တုံး (ဖိုလ်စိတ် ၄-ခု ပါ)။ သူ့နှင့်တော့ ပဋ္ဌိသန္ဓေမနေနှင့် ပဋ္ဌိသန္ဓေကိစ္စ မတပ်ဘူး၊ ပဋ္ဌိသန္ဓေနေလို့ မရဘူး။

ဒါကြောင့် အားလုံးစုပေါင်းကြည့်လျှင် ခုတင်က ကာမပဋ္ဌိသန္ဓေ ၁၀, ရူပပဋ္ဌိသန္ဓေ ၅ ခု, အရူပပဋ္ဌိသန္ဓေ ၄-ခု ပေါင်းတော့ ပဋ္ဌိသန္ဓေစိတ် ၁၉-ခု၊ ခုတင်က ကောက်ထားတဲ့ ပဋ္ဌိသန္ဓေစိတ်-၁၉ မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

ပြီးတော့ နောက်ဆုံးက သွားနေတဲ့ ရုပ် ၃-မျိုးကို ကြည့်စမ်းပါ၊ ဘာရုပ်တွေလဲ၊ ပဋ္ဌိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇ, အသုညသတ်ကမ္မဇ-တဲ့ (မှန်ပါ)။ ဦးပဉ္စင်းကို ခုတင်က ရခဲ့တာက ဘာရုပ်တဲ့ကိုး (ပဋ္ဌိသန္ဓေကမ္မဇ ပါ)။ ဒီမှာ ရုပ်တမျိုး လာတူတယ်။

အသုံးချတော်လျှင် လွယ်လွယ် သိလေ့ရယ်၊ ဒီဇယားပေါ်မှာ အသုံးချခဲ့တာ ဒီနေတွင်ဘဲ ဒါပါနှင့် ၂-ထပ်ရှိသွားပြီ မဟုတ်လား (မှန်ပါ)။ ပဥ္စဝါရတုန်းက တမျိုးသုံးခဲ့ဖယ်၊ ပစ္စယနိဒ္ဒေသ ဘုန်းက တမျိုးသုံးတယ်၊ အခု ဆဝါရမှာ ၂-မျိုး ရှိသွားပြီ၊ နောက်ထပ်တမျိုး လိုသေးတယ်၊ အဲဒါ နေတွေကို နားလည်ကြပါစေ။

ဒီတော့ ဘယ့်နှယ်လုပ်ဆိုမလဲ၊ အကောက် ဆရာတော်ဘုရားကြီး ဘယ့်နှယ်လုပ်ရေးမလဲ၊ ခုတင်က ပဋ္ဌိသန္ဓေဟိတ်ပါဌ်ကို ဦးပဉ္စင်း ကောက်သွားခဲ့ပြီ။

နာနာကွဏ်ကာ ကမ္မဖြစ်အုံ – ပဋ္ဌိသန္ဓေစိတ် ဇကြိုနဝိသ နာမကွန္ဓာ, ပဋ္ဌိသန္ဓေ-ကမ္မဇရုပ်အား တပ်သော၊ အပေါင်းပေါ်(မှန်ပါ)။ နည်းနည်းကလေး သတိပြုကြပါဦး၊ သင်ကြိုဟ်မှာ အရှင်အနုရုဒ္ဓါက ပြောတယ်၊အကုသိုလ်ဇစသနာ ၁၂-ခုစလုံး အပါယ် ၄-ပါးသို့ ပဋ္ဌိသန္ဓေအဖြစ် ပို့သလားလို့မေးတော့ ဥဒ္ဒစ္စက ပို့ရဲ့လား (မပို့ပါ)။ အဲဒါကို သတိပြု၊ ဒါ သိပ်ပြီးသားဘဲ၊ ဒီမှာ ၁၂-ရေးထားတယ် မဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓေပစ္စယုပ္ပန် ဖြစ်နေခြင်းကြောင့် "ပဋ္ဌိသန္ဓေစိတ် ဇကြိုနဝိသ နာမကွန္ဓာ, ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော ဥဒ္ဒစ္စကြည့် အကုသိုလ်စေတနာ ၁၁-ခု" နားလည်ကြရဲ့ မဟုတ်လား (မှန်ပါ)။

အောက်ကို ကြည့်လိုက်စမ်း၊ မဟာကုသိုလ်က ၃-ကြောင်း မဟုတ်လား (မှန်ပါ)။ မဟာကုသိုလ် စေတနာ ၈-ခု၊ အောက်ကို ကြည့်လိုက်ကြစမ်းပါဦး၊ ရူပါဝစရကုသိုလ်စေတနာ ၅-ခု၊ အောက်ကိုကြည့်လိုက်ပါဦး၊ အရူပါဝစရကုသိုလ် စေတနာ ၄-ခု၊ ပစ္စည်းတရားတို့၏ နာနာကွဏ်ကာ ကမ္မသတ္တိ ရှိ၏၊ လက်ရင်းကြောင်း အထက်အောက် ကြည့်ရတယ်နော် (မှန်ပါ)။

တခေါက်ပြန်ကြည့်ပါ၊ ဘုန်းကြီး ပြောပြဦးမယ်၊ အမှတ်တမဲ့ ဖြစ်သွားတတ်ပါတယ်၊ နာနာကွဏ်ကာကမ္မဖြစ်အုံ၊ ပဋ္ဌိသန္ဓေစိတ် ဇကြိုနဝိသ နာမကွန္ဓာ, ပဋ္ဌိ-

သန္ဓေကမ္မဇရူပ်အား တပ်သော ဥဒ္ဓစ္စကြဉ် အကုသိုလ်စေတနာ ၁၁-ခု၊ ဒါက အပေါ်ဆုံးအတန်း လက်ရင်းက ဟုတ်လား (မှန်ပါ)။ ဒီ့အောက်ကြည့်တော့ ၃-ကြောင်းက မဟာကုသိုလ်စေတနာ ၈-ခု၊ အောက် ၅-ကြောင်း ရူပါဝစရ ကုသိုလ်စေတနာ၅-ခု၊အောက် ၄-ကြောင်းက အရူပါဝစရကုသိုလ် စေတနာ ၄-ခု အဲဒီ့အောက်ကြည့်တော့ မဂ်ကုသိုလ် ၄-ခု မဟုတ်လား (မှန်ပါ)။ မဂ်ကြောင့် ပဋ္ဌိသန္ဓေအကျိုး ပေးသလား (မပေးပါ)။ ဝဋ္ဌဆွေဒတရား၊ ဝဋ္ဌဆင်းရဲကို ပြတ်တောက်စေတတ်တဲ့ တရားလို့ ခေါ်တယ်၊ မဂ်ကို ဒါကြောင့် သူတို့ မရနိုင် (မှန်ပါ)။ ပစ္စည်းတရားတို့၏ နာနာကွဏ်ကကမ္မသတ္တိ ရ၏။

တနည်းကား – ကြည့်ခဲ့ပါ အကြောင်းချင်း၊ အကုဝိ မဟုတ်လား (မှန်ပါ)။ ဒုဂ္ဂတိအဟိတ် ပဋ္ဌိသန္ဓေ နာမကွန္ဓာ, ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော ဥဒ္ဓစ္စ ကြဉ်သော အကုသိုလ်စေတနာ ၁၁-ခု။

အောက်တကြောင်းကြည့်စမ်း၊ ရှိနေတာကတော့ မဟာဝိပါက်စိတ် ၈-ခုရော, အဟိတ်ကုသလဝိပါက်စိတ် ၈-ခုရော ရှိနေတယ် မဟုတ်လား (မှန်ပါ)။ အကြောင်းပစ္စည်းက ဘယ်သူလဲ တိဟိတ်ဥက္ကဋ္ဌက်၊ မဟာဝိပါက်ဉာဏသမ္ပယုတ်ကိုသာ ယူရတယ်၊ ထိုမဟာဝိပါက်ဉာဏသမ္ပယုတ်ကို တိဟိတ်ပဋ္ဌိသန္ဓေလို့ ခေါ်ရတယ်၊ ဒါကြောင့် ကာမတိဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာ, ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။

နောက်တတန်း ကြည့်၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် မဟုတ်လား (မှန်ပါ)။ ဒ္ဝိဟိတ်ပဋ္ဌိသန္ဓေနာ့မကွန္ဓာ, ပဋ္ဌိသန္ဓေကမ္မဇရူပ်အားတပ်သော တိဟိတ်ဩမက, ဒ္ဝိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။

သုဂတိအဟိတ် ပဋ္ဌိသန္ဓေနာမကွန္ဓာ, ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော ဒ္ဝိဟိတ်ဩမက မဟာကုသိုလ်စေတနာ။

နောက်အကြောင်းတွေက အစဉ်အတိုင်းသွားပါ၊ ရူပါဝစရ ပဌမစျာန် ပဋ္ဌိသန္ဓေနာမကွန္ဓာ, ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော ရူပါဝစရ ပဌမစျာန် ကုသိုလ်စေတနာ၊ ဒုတိယစျာန်စသည်ကိုလဲ လျှောက်ဆိုပါ၊ ပဉ္စမစျာန်ပဋ္ဌိ-သန္ဓေနာမကွန္ဓာ,ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော ရူပါဝစရပဉ္စမစျာန်ကုသိုလ် စေတနာ။

အာကာသာနဉ္စာယတန ပဋ္ဌိသန္ဓေ။ပ။ နေဝသညာနာသညာယတန ပဋ္ဌိ-သန္ဓေ နာမကွန္ဓာအား တပ်သော နေဝသညာနာသညာယတန ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနာကွဏ်ကကမ္မသတ္တိ ရ၏။

ဒီထိုအောင် ၂-လွှာရှိသွားပြီ၊ ပဝတ္တိတလွှာ, ပဋ္ဌိသန္ဓေတလွှာ၊ ဦးသူရိယ ဆိုစမ်းပါ။

ဦးသူရိယ။ ။နာနာကွဏိကကမ္မ ဖြစ်အုံ့။ ပ။ ရှင်။

ဆရာတော်။ ။ပြီးတော့ ရုပ်သက်သက် ရုပ် ၄-မျိုး မဟုတ်လား၊ ဦးသူရိယ ဆိုစမ်းပါ။

ရုပ်သက်သက်

ဦးသူရိယ။ ။ရုပ်သက်သက်ဖြစ်အုံ့၊ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား–ပဋ္ဌာဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒေါ့ပဋ္ဌဝိညာဏ် ၁၁, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမဇာန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်, ပဋ္ဌာဝါကာရပဋ္ဌိသန္ဓေပန္နရသတို့နှင့် ယသာရဟ အတူဥပါဒ်သော ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်, အသညသတ်မဟာဘုတ်, ပဝတ္တိမဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ, ပဋ္ဌိသန္ဓေကမ္မဇဥပါဒါ, အသညသတ်ကမ္မဇဥပါဒါ, ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန် တရား ရှင်။

ကမ္မပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဋ္ဌာဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒေါ့ပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက် ကြိယာ နာမဇာန္ဓာ စိတ္တဇာတ် တခုတခု၌ ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ ရှင်။

ဆရာတော်။ ။ဒီအထိကတော့ ဦးပဉ္စင်းတို့အားလုံး ရနေရမယ်နော်၊ နောက်တိုးမှာက သတိပြု၊ ရုပ်သက်သက်ဖြင့်တော့ ပစ္စယုပ္ပန်မှာ ရုပ်လေးမျိုး မနေဘူးလား (မှန်ပါ)။ အခုထုတ်သွားတာက ဘာတုံး၊ စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်ကို ပစ္စယုပ္ပန်ထားပြီး ဟိတ်ပါဠိထုတ်တော့ ဘာကမ္မ ရသလဲ (သဟဇာတကမ္မ ရပါတယ်)။

ရနေသောရုပ် ၄-မျိုးတို့ဘင် ဓ၌ ၂-မျိုးပြင့် ဓ၌ ၂-မျိုးကို ပစ္စယုပ္ပန်ထားပြီး ဟိတ်ပါဠိထုတ်တော့ သဟဇာတကမ္မ ရတယ်၊ ဦးပဉ္စင်းတို့ အခု ထုတ်ပြီး ခဲ့ပြီ (မှန်ပါ)။ နောက်သုံးမျိုးကို ပစ္စယုပ္ပန်ထားလျှင် နာနာကွဏိကကမ္မ။

နောက် ၃-မျိုးဆိုတော့ ဦးပဉ္စင်းတို့ရတဲ့ ရုပ် ၄-မျိုးကို ကြည့်ပါ၊ နောက် ၃-မျိုးက ဘယ်သူတုံး ပဋ္ဌိသန္ဓေ ကမ္မဇ, ပဝတ္တိကမ္မဇ, အသညသတ်ကမ္မဇ။

ဘာဖြစ်လို့လဲမေးလျှင် ဇယား[1]မှာ ကြည့်ပါ၊ အဲဒီရုပ် ၃-မျိုး မရှိဘူးလား၊ နာနာကွဏ္ဍိကကမ္မမှာ (ရှိပါတယ်)။ အဲဒီရုပ် ၃-မျိုးကို ၃- ခါဆိုရတယ်၊ ဘာဖြစ်လို့လဲ မေးလျှင် ပစ္စည်းတရားအရ မတူကြဘူး။

သတိပြုပါ၊ နာနာကွဏ္ဍိကကမ္မဖြစ်အုံ–'ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အား တပ်သော' ဆိုတော့ ခုဘင်က ပဋ္ဌိသန္ဓေတွေတုန်းက ဆိုသွားတဲ့သဘောဘဲ ဆို (မှန်ပါ)။ ဒီတော့- ဥဒ္ဓစ္စကြဉ်သော အကုသိုလ်စေတနာ ၁၁-ခု, မဟာကုသိုလ်စေတနာ ၈-ခု, ရူပါဝစရ ကုသိုလ်စေတနာ ၅-ခု၊ ဒီတွင်ဘဲ ရုပ်က၊ အရူပ ရနိုင်ပါ့မလား (မရနိုင်ပါ)။

ဒါကြောင့် အရူပကုသိုလ်ကြောင့် ပဋ္ဌိသန္ဓေ အကျိုးကို ပေးနိုင်ပေမဲ့ ပဋ္ဌိသန္ဓေကမ္မဇရုပ် အကျိုးကို မပေးနိုင်ဘူး။

အောက်နားတိုးကြည့်စမ်းပါ၊ မဂ်ကုသိုလ်ကြောင့် ပဋ္ဌိသန္ဓေအကျိုးကိုလဲ မပေးနိုင်ဘူး၊ ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အကျိုးကိုလဲ မပေးနိုင်ဘူး တွေ့ရဲ့လား ဇယားမှာ (မှန်ပါ)။

ပြန်ကြည့်ကြပါ၊ နာနာကွဏ္ဍိကကမ္မဖြစ်အုံ၊ ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဥဒ္ဓစ္စကြဉ် အကုသိုလ်စေတနာ ၁၁-ခု ။ပ။ ရူပကုသိုလ်စေတနာ ၅-ခုဆိုတော့ ဒါက ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အတွက် တခေါက် (မှန်ပါ)။

ပဝတ္တိအတွက် တခေါက် လာခဲ့ပါဦး၊ 'ပဝတ္တိ ကမ္မဇရုပ်အား တပ်သော' ဆိုတော့ အကုသိုလ်က ၁၂-ပါးစလုံး ပြန်၍ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)။ ဒါကြောင့် အကုသိုလ် စေတနာ ၁၂-ခု, မဟာကုသိုလ်စေတနာ ၈-ခု, ရူပါဝစရ ကုသိုလ်စေတနာ ၅-ခု၊ ဒါက ပဝတ္တိ ကမ္မဇ ရုပ်အတွက်တွေ့ (မှန်ပါ)။

နောက် အသညသတ် ကမ္မဇရုပ်က ဘယ်မှာတင်ရှိသလဲ၊ ရူပတင်ဘဲ မဟုတ်လား (မှန်ပါ)။ ဒါကြောင့် အသညသတ် ကမ္မဇရုပ်အား တပ်သော ရူပါဝစရ ပဉ္စမစျာန် ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနကွဏ္ဍိက ကမ္မသတ္တိ ရ၏။

လွယ်ပါတယ်၊ အဲဒီလို ဇယားသဘောမသိဘဲနှင့် အရမ်းကျက်နေလို့ကတော့ ခက်နေမှာဘဲ၊ ခက်တယ်ဆိုတာလဲ အဲဒါတွေခက်နေတာ၊ အခု ကြည့်ပါဦး၊ ဒီအဆင့်ပါမှာ ဘယ်နှစ်လွှာသွားနေသလဲ ပဝတ္တိကမ္မဇတလွှာ, ပဋ္ဌိသန္ဓေကမ္မဇတလွှာ, အသညသတ် ကမ္မဇတလွှာ၊ ဂ္ဂ်မှာ ၃-ခေါက် သွားနေပြီ မဟုတ်လား (မှန်ပါ)။ ဆက်ဆိုစမ်းပါ ဦးသူရိယ။

---

[1] ပဋ္ဌာန်း သီပွဲ၊ ပ-တွဲ၊ နှာ-၄၅၅-၌ နာနာ ကွဏ္ဍိကကမ္မ တနည်းကား-အရကောက် ဇယား။

ဦးသူရိယ။ ။နာနာဂွဏ်.က ရုပ်သက်သက်ကို တခေါက် အသက်ပါအတိုင်း ဆိုသည်။

(ကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အဗျာကတံ တို့ဌ် နည်းတူ၊ သဟဇာတကမ္မ သာ)

ဆရာတော်။ ။သတိပြုကြစမ်းပါ၊ ဘုန်းကြီး တခု ပြောပြမယ်၊ အရကောက် စာအုပ်က ဒါဘွဲ့ အစုံမရေးဘူး၊ တူလျှင် ညွှန်းတယ်။

သတိပြုနှားထောင်ကြစမ်းပါ၊ ဦးပဉ္စင်းတို့လက်ထဲရှိ စာအုပ်ထဲမှာ ပြင်ပြီးမျှားဖြစ်မလား-ဘာလား သိချင်လို့၊ မှားနေတာရှိတယ်။

သဟဇာကကမ္မ သာ

အခု နောက်ဆုံးရွက်တာ ဘာတုံး၊ ကုဗျာက-ဗျာ, အကုဗျာက-ဗျာ မဟုတ်လား (မှန်ပါ)။ ဒါကို ဘယ်လိုလုပ် မှာလိုက်သလဲဆိုတော့ အကောက် စာအုပ်ထဲမှာ၊ ဘုန်းကြီးဆီမှာရှိတဲ့ စာအုပ်ပြောတာ၊ ကုဗျာ-ဗျာနှင့် အကုဗျာ-ဗျာ သည် အထက်ကိုပြန်ညွှန်းတယ်၊ ကုဗျာ,အကုဗျာနှင့် တူ၏တဲ့၊ ညွှန်းပုံ ကောင်းတယ်။

ပြီးတော့ နောက်ကဆက်ပြီးမှာတာက ဘာလဲဆိုတော့ နာနာဂွဏ်ဂ ကမ္မသာ-တဲ့၊ အခု ဦးသူရိယကောက်တော့ ဘာကမ္မလဲ(သဟကမ္မ ပါ)။ ဒီတော့ နာ-နာဂွဏ်ကကမ္မ သာလို့ မှာထားတဲ့အမှာကို ဒို့က လက်ခံလို့ ရပါ့မလား၊ အဲဒီလိုမျှား မှာထားလျှင် မမှန်ဘူး။

အဲဒီလို ကိုယ့်စာအုပ်ထဲမှာ ကြည့်၊ ဘုန်းကြီး ပြောတဲ့အတိုင်းမျှား ရှိနေပါ လျှင် ပြန်၍ပြင်ထားပါ သဟကမ္မ သာ-လို့။

အဓိပတိ အရကောက်

ကုသ-ပဒ ၃-ချက

ဒီနေ့ အဓိပတိကျန်နေသေးတယ်၊ အဓိပတိကောက်ရအောင်။

အဓိပတိက ဘယ်နှစ်မျိုးရှိသလဲ၊ ၂-မျိုး ရှိတယ် အာဓိ, သဟာဓိ-လို့၊ ပစ္စ-ယုပ္ပန်ကောက်တော့ ကုသလပဒ ၃-ချက်တို့တွင် ကုသလေန ကုသလံ၌ ကုသ-လော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား ခါတိုင်းတော့ ဘယ်လိုဆိုသလဲ ကုသိုလ်စိတ်ကေဝိသ, စေတသိက်အဌတိ သ အစိတ်အစိတ် နာမကွဲနွာကိုစွဲ၍ ဖြစ်သော–ဆိုတော့ ကေန်, အနေကန်အနေနှင့် စွဲလျှင် ဘာထူးသလဲ။

အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု, ကေန်ရသော မဟာဂျုတ်ကုသိုလ် ၉ ခု, မဂ် ၄ ခု, စေတသိက် အဌတိံသ-စသည်၊ အဓိပတိ သဘောအတိုင်းဆိုပါ၊ (မှန်ပါ)။ စေတသိက်အဌတိံသ အစိတ်အစိတ်နာမကွန္ဓာ ကို စွဲ၍ဖြစ်သော။

အဲဒီမှာ အဓိပတိပစ္စည်းကို ရသောအခါ-ဆိုတာမှာ သုဒ္ဓသန္ဓိကာ ဘာကြည့် လိုက်သတုံ၊ (အဓိပတိတရားကိုယ် ကြည့်ပါတယ်)။ ဒါကြောင့် အဓိပတိတရား ကိုယ် ကြည့်သော-လို့ ဆိုပါ၊ သူ့မျှားနှင့်မတူတာ ပြောတာ။

ပြီးတော့မှ ခုတင်ကအတိုင်း ပြန်ဆိုရမယ်၊ မဟာကုသိုလ်စိတ် ၈-ခု, ကေန် ရသော မဟာဂျုတ်ကုသိုလ် ၉-ခု, မဂ် ၄-ခု, စေတသိက်အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ ပစ္စယုပ္ပန်တရား ရှိ၏။

ဟိတ်ပါဒ်ထုတ်တော့ ပဋ္ဌာဝါရ ၈တွဲအတိုင်းထုတ်ပါ၊ ဘယ်လိုတုံး သမ္ပယုဘာခန္ဓာအားတပ်သော အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု, ကေန်ရသော မဟာဂျုတ်ကုသိုလ် ၉-ခု, မဂ် ၄-ခု စေတသိက်အဌတိံသ စိတ္တကွဏ တခုတခုဟ်ရှိသော အဓိပတိတရားကိုယ် ၃ ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်း တရားတို့၏-ဆိုတာက ဘာအဓိပတိခေါ်သလဲ (သဟဇာတာဓိပတိပါ)။ နောက် ပြီးတော့ အာဓိဟိတ်ပါဒ်ထုတ်ရအောင် အာဓိစာ ၅-ကြောင်းကို သွားကြည့်ပါ။

အာဓိ ၅-ကြောင်းကြည့်တော့ ပစ္စယုပ္ပန်ကုသိုလ်ရှိတာ ဘယ်မှာနေသလဲလို့ ကြည့်၊ ၂-၃-၅- နံပါတ်အကြောင်းတွေမှာ တွေ့လိမ့်မယ် (မှန်ပါ)။ ၂-နံပါတ် ဘယ်လိုနေသလဲ ကြည့်စမ်း၊ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏ-ဝိပ္ပယုတ်စိတ် ၄ ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ အဲဒီမှာ ပစ္စည်း, ပစ္စယုပ္ပန် ၂-ဖက်စလုံး ကုသိုလ်ဘဲ ရှိသေးတယ်နော် (မှန်ပါ)။

၃ နံပါတ်အကြောင်း ကြည့်၊ အလေးအမြတ်ပြုတတ်သော၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုအား တပ်သော အလေးအမြတ်ပြုအပ်သော၊ ဘာတွေ ရမလဲ (လောကီကုသိုလ်, အောက်ဖက်, အောက်ဖိုလ်, နိဗ္ဗာန်ရပါတယ်)။ ဒါကြောင့် လောကီကုသိုလ် သတ္တရသ အောက်မဂ် ၃-ခု, အောက်ဖိုလ် ၃-ခု, နိဗ္ဗာန်၊ အကုန် လုံးကောက်တယ် (မှန်ပါ)။

အဲဒီမှာ မျက်စိလည်တာက်တာက ဒို့ကောက်တာက ကုသလေန ကုသလံ ကောက်တယ်၊ အခုရနေတာတွေက ဘာတွေပါလိမ့်မလဲ၊ ဒါကို သတိထားရတယ်၊ ဘာတွေပါနေသလဲ၊ အောက်ဖိုလ် ၃-ခု ရနေတယ် နိဗ္ဗာန်ရနေတယ် မဟုတ်လား

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ၁-တွဲ၊ နှာ-၁၇၁-၌ အာဓိဗယားတွင် ကြည့်။

(မှန်ပါ)။ ဘာဖြစ်လို့ရနေရသလဲ၊ ပစ္စယုပ္ပန်ကုသိုလ်ကိုသာ ပဓာနထား၊ ဟော တယ်၊ ကံပုဒ်ခေါ်တဲ့ ပစ္စည်းဘက်မှာ ဘာတစုံးရှိရှိ ဘုန်းကြီးတို့ပေးထားတဲ့ ဃယားမှာပါတဲ့ တရားတွေ အကုန်ခကောက်ပါ၊ နားလည်ကြပလား (မှန်ပါ)။

ဒါကြောင့် အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ, အောက်မဂ် ၃-ခု, အောက်ဌုလ် ၃ ခု,နိဗ္ဗာန်။

နံပါတ် ၅-ကို ကြည့်ပါဦး၊ မဂ် ၄-ခုအား တပ်သော နိဗ္ဗာန်၊ ဒါလဲ အဗျာကတ မဟုတ်ဘူးလား (မှန်ပါ)။ ပစ္စယုပ္ပန်က ကုသိုလ်ဖြစ်နေလို့ ကောက်တယ်။

ကုန်သွားရော၊ ဒီတော့မှ ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ ရ၏၊ ဒီကျမှ ဆုံးတယ်၊ ဒါက ကု-ကု (မှန်ပါ)။

ကု-ဗျာဖြစ်လျှင် ခါတိုင်းလိုခကောက်၊ ကုဗျာ ကုကျလျှင် ပစ္စယုပ္ပန်မှာ ကုသိုလ် နှာမ်ပါလာပြန် မဟုတ်လား (မှန်ပါ)။ အခုအတုံင်း အာမ ၃-ချက် ပြန်ထည့် ကောက်ပါ၊ အဲဒီ ၃-မျိုး ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။တခေါက်ဟောသည်။

အကု-ပဒ ၃-ချက်

ဆရာတော်။ ။အကု ၃-ချက်ကို သတိပြုကြပါ၊ ဘာတင်ရနိုင်သတုံး ပစ္စယုပ္ပန် ကောက်ဖို့က၊ အဓိပတိ(ပစ္စည်း)ကို ရသောအခါ လောဘနှစိတ် ဂ-ခု, ဒေါသမူဒ္ဒေ, ဝိစိကိစ္ဆာကြည်သော စေတသိက်အဗ္ဗီယ ဒါကိုကောက်နော် (မှန်ပါ)။ ပစ္စယုပ္ပန်ကျတော့ ခုတင်ကအတိုင်း အဓိပတိတရားကိုယ် ကြည်ပါ။

ဟိတ်ပါဌ်ခတော့ သဟဇာတာဓိပတိ ခါတိုင်းလို ထုတ်၊ အာဓိက ဘယ် အကြောင်းက ရနိုင်သတုံး(၁-နံ ၂ါတ်အကြောင်းက ရပါဘယ်)။ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ဂ-ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဈာန်ဖြစ်သော နိုပ္ပန္နရူပ် အဋ္ဌာရသ, ဒေါသမူဒ္ဒေ မောဟမူဒ္ဒေ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြည်သော လောကီစိတ် ၇၆-ခု, ဒေါသ ဈာသာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြည်သော စေတသိက် ၎၇ ခု ပစ္စည်းဟူတို့၏ အာရမ္မဏာဓိပတိ-သတ္တိ ဆိုတော့ ၁-နံ ၂ါတ်တချက်သာ ကောက်ပါ၊ ဦးဥာဏ ဟောစမ်း၂ါ။

ဦးဥာဏ။ ။အကုသလနှ အကုသလံ ။ပ၊ ရ၏၊ (အကုပဒ ၃-ချက်စလုံး ဟောသည်။)

ဗျာပဒ ၃-ချက်

ဆရာတော်။ ။ဗျာ-ဗျာကျေးတော့ ပဝတ္တိတင် ရှိတယ် မဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓေ မရှိဘူး၊ ရုပ်က တမျိုးရှိတယ်၊ သုဒ္ဓသခ်္ခါကို သတ်ပြုပြီး ကြည့်ရတယ်၊ သုဒ္ဓသခ်္ခါကို ဆောင်ထားလျှင် ဒါတွေက ဘာရှိသင့်တယ်, မရှိသင့်ဘူး သိနိုင်တယ်၊ တခါတလေ ပါးစပ်က လွဲဆိုတတ်တယ် အမှတ်တမဲ့နှင့်၊ သတ်ပြုကြည့်လိုက်လျှင် သုဒ္ဓသခ်္ခါက အထိန်း အခကျောင်းရှိတော့ ဘာရခေနတယ်ဆိုတာ သိနိုင်တယ်။

ပစ္စယုပ္ပန်ကောက်တော့ သာဓိပဓိထဲက အဗျာကတ တရားတွေ ခါတိုင်းလို ဖော်တော့ ဘာတုံး အဗျာကကေန အဗျာကတံ-ဌ် ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား—အဓိပတိပစ္စည်းကို ရသော အခါ မဟာကြိယာ စိတ် ဂ-ခု, ကေန် ရသော မဟာဂျုတ်ကြိယာ ၉-ခု ဖိုလ် ၄-ခု, ဧကသ်ုက် အဋ္ဌတိ ်သ အစိတ်အစိတ် နာမကွန္ဓာကို စွဲရှိဖြစ်သော အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုကြည့်သော၊ ခုတင်က တရားတွေဘဲ ဘာတုံး အစိတ်အစိတ် နာမကွန္ဓာ, ထိုနာမကွန္ဓာသည် ပြုအပ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရှိ၏။ ဟိတ်ပါဠိထုတ်တော့ သမ္မယုတ္တ ခန္ဓာအားလုံး, သမ္မယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားလုံး စသည်ဖြင့် ဒီလို ဆိုပါ၊ ဒါက ဘာတုံး သဟဇာတာဓိပတိသတ္တိ (မှန်ပါ)။

ပြီးတော့ အာဓိဝုဋ္ဌာန်ချင်တော့ ဘယ်အကြောင်းတွေတုံး (၄-နှင့် ၅-နံပါတ် အကြောင်းပါ)။ ဒါကြောင့် အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္မယုတ် စိတ် ၄-ခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်၊ ဖိုလ် ၄-ခုအား တပ်သော နိဗ္ဗာန် ပစ္စည်းတရားတို့၏ အာရုံမှကား ဓိပတိသတ္တိ ရှိ၏။

ပဋ္ဌာန်းမှာ အာဟေ့ရှိရှိ ပစ္စယုပ္ပန် အဗျာကတဖြစ်လျှင် ပြီးရော ကောက်ပါ (မှန်ပါ)။

ပဋ္ဌိသန္ဓေ မရှိဘူး ရုပ်သက်သက်အတွက်၊ သတိပြုပါ၊ ကုသိုလ်စိတ် ကေဝိ-သ-က ဒီသုဒ္ဓသခ်္ခါမှာ အကုန်ပါတယ်၊ အကုသိုလ်က ၁၀ ခုသာ ပါတော့တယ်၊ မောဟမူ မရဘူး၊ ဒါကို စဉ်းစားထားကြပါ၊ ကုသိုလ် ကုန်တယ်၊ အကုသိုလ် မကုန်ဘူး၊ အဗျာကတက ဝိပါက်ဆိုတာ ဖိုလ်စိတ် ၄-ခု တင်ရတယ်၊ ကြိယာက မဟာကြိယာနှင့် မဟဂ္ဂုတ်ကြိယာပေါင်း ၁၇-ခုသာ ရတယ်၊ တရား မစုံဘူး။

ပြီးတော့ ဆဝါရဲ့ ရုပ်သက်သက်ဆိုရိုးကလဲ ဘယ်လို ဆိုသတုံး၊ ပဋ္ဌဝေါ ကာရဘုံ၌ ဖြစ်သောအခါ အဲဒီမှာ ရှင်ကို မဖြစ်စေတတ်တဲ့ နာမ်တွေကြောင့် ဆို

ဘော့ အခု ရဟားတဲ့ သာခိပတိဘောထဲမှာ ရုပ်ကိုမဖြစ်စေတတ်တဲ့ နာမ်အရူပ ဝိပါက် ၄-ခု ပါရဲ့လား(မပါ ပါ)။ ဒွေပဋ္ဌဝိညာဏ် ၁၀-ကော(မပါပါ)။ ရဟန္တာ တို့ စုဘိကော (မပါပါ)။ ပေါဘူးနော်၊ ရဟန္တာစုတိဆိုလို့ အဆန်းမှတ်မနေနဲ့ မဟာဝိပါက်စိ ဉ်ကို ပြောတာ၊ ပေါမှုမပါဘဲ ဒါတွေ ကြည့်ဖို့ကော လိုသေးသ လား (၁လိုပါ)။ ကြည့်နဖွယ်မလိုတော့ဘူး၊ ဘာဖြစ်လို့လဲ မရှိမှုမရှိဘဲ မကြည့် နဲ့ပေါ့၊ ပြီးတော့ ရနေတဲ့ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာလဲ မကုန်တော့ အရကောက် ဆရာတော်ဘုရားကြီး ဆိုရိုးပြုပုံ သတိပြု။

ရုပ်သက်သက်ဖြစ်အုံ့၊ အဗျာကတော ဓမ္မာ-ဟူသော ကဘွားပုဒ်၏ အရ ကား—ပဋ္ဌာန်ဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ သာဓိပတိ၊ အဲဒီ မှာ အဓိပတိ ဘယ်ဘဲ့တရားလို့ ဆိုတာ၊ တနည်း သာဓိပတိ=အဓိပတိနှင့် အတူ ဖြစ်တဲ့တရား၊ဒီလိုဆိုလိုတယ် (မှန်ပါ)။ သာဓိပတိ ကုသိုလ်, အကုသိုလ်,ဝိပါက်, ကြိယာ နာမ်ကွန္ဓာတို့သည် ယဆာရဟပြုအပ်သော ဆိုခဲ့ဘဲ့ မဆိုင်တဲ့ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ မရတော့ဘူးပေါ့ (မှန်ပါ)။ ဥပမာ ကုသိုလ်စိတ် အကုန်ရတယ် ဆိုပေမဲ့ မဟာကုသိုလ်ကလဲ အဓိပတိ တပ်မှ ရမှာ၊ အဓိပတိ မတပ်လျှင် မရဘူး။(မှန်ပါ)။

ဒါကြောင့် သာခိပတိ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမ်ကွန္ဓာ တို့သည် ယဆာရဟပြုအပ်သော သာဓိပတိ စိတ္တဇမဟာဘူတ်ကို စွဲ၍ ဖြစ်သော မဟာဘူတ်နှင့်တကွသော သာဓိပတိ စိတ္တဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါ၌ထုတ်တော့လဲ သာခိပတိ စိတ္တဇခ္ခဏ်အား တပ်သော ဆိုပြီးတော့ ခုတင်က တရားတွေ ပြန်ဖော် ဆို၊ ဦးကောလိယ ဟောစမ်းပါ။

ဦးကောလိယ။ ။အဗျာကဇာတနဲ့ အဗျာကတဲ့ ဟောသည်၊(ကုသလာဗျာကတ-ဇာတနဲ့ အဗျာကတဲ့ အကုသလာ ဗျာကဇာတနဲ့ အဗျာကတဲ့ တို့လည်း နည်းတူကောက်ရန်)

သတိထားစရာ

ဆရာတော်။ ။အဓိပတိကုန်သွားရော၊ အခု ဒီမှာ သတိပြုထားခဲ့ကြ မျိုးကွဲ ရှိလို့ အာဓိသည့်ဇကောက်တဲ့အခါမှာ ပစ္စယုပ္ပန် ကတ္တာ.လို့ ကတ္တ ;မှာ ကုသိုလ်ရှိနေလျှင် ကုသိုလ် ပစ္စယုပ္ပန်ရှိလျှင် ပြီးရော၊ ကံ,ဒ် ပစ္စည်းက ဘာတွေပါနေနေ ဇယားမှာတွေ့လျှင် အကုန်ကောက်ပါ၊ အဲဒါကို သတိထားခဲ့ကြပါ။

အာရမ္မဏပစ္စည်း အရင်းကောက်

ခုတင်က ဘုန်းကြီးပြောတဲ့ အာရမ္မဏ ဇယားကြီး[1] ကြည့်ကြစမ်းပါ။

အာရမ္မဏရဲ့ သုဒ္ဓသင်္ချာက ဘာတဲ့တုံး၊ အလုံးစုံသော ပဝတ္တိပဋ္ဌာနေ နာမက္ခန္ဓာ ၄-ပါးလို့ခေါ်တဲ့ စိတ် ၈၉, စေတသိက်-၅၂ ရှိတယ်မဟုတ်လား(မှန်ပါ)။ သူတို့ကို သင်္ချာထုတ်တော့ ကုသလေန ကုသလံ, အကုသလေန အကုသလံ, **အဗျာကတေန** **အဗျာကတံ**၊ ပဝတ္တိ ပဋ္ဌာနေ ၂-မျိုးရှိတယ်။

နာမ်ချည်းဘဲ **နေခြင်းကြောင့်** ပစ္စယုပ္ပန်ကိုကောက်တဲ့အခါ ကုသလေန ကုသလံ-ကို ဟေတုအတိုင်း ကောက်၊ **အ**ကုသလေန **အ**ကုသလံ-လဲ ဟေတု **အ**တိုင်းကောက်၊ သူက **မော**ဟမကြဉ်ရဘူး။

အဗျာကတဖြစ်လျှင် ဝိပါက် ကြိယာ **အ**ကုန်ကောက်မယ် **မ**ဟုတ်လား (မှန်ပါ)။ ဒီ ဘာလုပ်ရမလဲ **မေ**းလျှင် ဒီမှာ ဟိတ်ပါဌ်ထုတ်ဖို့ ဇယားလိုက်ရှာ **နေ**တယ်။

ဟိတ်ပါဌ်ထုတ်**စ**ဏ **'လိုက်ရှာ'** ဆိုဘော့ ဘုန်းကြီး ပဥ္ဇာဝါရတုန်းက **ပေ**းထားခဲ့တဲ့ **နည်**းကလေးသတိပြု၊ ခုတင်က တခါ သတိပေးတယ်၊ ပဥ္ဇာ **ဝါ**ရတုန်းက ဘယ်လိုလုပ် ကောက်ခဲ့ဘယ်ဆိုတာလဲ သတိတားရတယ်၊ **ပ**စ္စယ **နိ**ဒ္ဒေသတုန်းက ဘယ်လိုကောက်ခဲ့သလဲ၊ **အ**ခု ဆဝါရမှာ ဘယ်လိုလုပ် **ကော**က် **ဦ**းမှာလဲ၊ **နည်**းနည်းကလေးသိအောင် ယှဉ်ပြီး ပြောပေးမယ်။

ပဥ္ဇာဝါရတုန်းက **အာ**ရမ္မဏပစ္စည်းဟာ သင်္ချာ **နဝ**ဖြစ်တော့ **ကုသလော ကုသလဿ, ကုသ**လော **အ**ကုသလဿ, ကုသလော **အ**ဗျာကတဿ-လို့ ကုသ**ल ပဒမှာ ပဒါ**ဝသာန ၃-ချက် ထွက်နေတယ် **မ**ဟုတ်လား (မှန်ပါ)။ ကုသ**လော ကုသ**လဿဆိုလျှင် ပစ္စည်းကလဲ ကုသိုလ်, ပစ္စယုပ္ပန်ကလဲ ကုသိုလ်၊ ဒီလိုရတဲ့ **တ**ရားကို ရွေးရတယ်(မှန်ပါ)။ ကုသ**လော** **အ**ဗျာကတဿ ဖြစ်လျှင် **ပ**စ္စည်း**က** **ကု**သိုလ်, **ပ**စ္စယုပ္ပန်**က** **အ**ဗျာကတဖြစ်တဲ့ **တ**ရားကို ဒီ**ဇ**ယားပေါ်**မှာ** လိုက်ရှာ **ရ**တယ် **မ**ဟုတ်**လား** (မှန်ပါ)။ ကုသ**လော** **အ**ကုသ**ल**ဿ**ကလ**ဲ ဆို**အ**တူ **ပ**စ္စည်း**က** **ကု**သိုလ်, **ပ**စ္စယုပ္ပန်**က** **အ**ကုသိုလ် ရတဲ့**တ**ရားကို လိုက်ရှာ**ရ**တယ်၊ **အ**ား**လုံ**း ၃-ချက်**စ**လုံ**း** ကိုယ့်**သ**င်္ချာ**ရ**ဲ့ **အ**သံ**က**လေ**း**ပါ**လာ**တဲ့**အ**တိုင်**း** ရှာ**ယူ**ကြ**ရ**တယ်။

ပစ္စယ**နိ**ဒ္ဒေသတုန်**း**ကတော့ ဘယ်လိုကောက်သလဲ၊ ပဌမတ**ကြော**င်**း** **သ**ီ**သ**န် **ကော**ကျ်**တ**ယ်၊ ဒုတိယ**တ**ကြောင်**း** **သ**ီ**သ**န်**ကော**ကျ်**တ**ယ်၊ **တ**တိယ**အ**ကြောင်**း**ကဆုံ**း**သည်**တ**ိုင်**အော**င် **တ**ခါ**တ**ည်**း**ပေါင်**း**ပြီ**း**တော့ **ကော**ကျ်**တ**ယ်။

---

[1] ပဋ္ဌာန်**း**သီ**ပ**ွဲ ၃-တွဲ **နာ** ၄၂-(က)ရှိ **အ**ာရမ္မဏ **အ**ရ**ကော**ကျ်ဇယား**တ**ွင် ကြည့်။

ဒါက ပဋ္ဌာဝါရကောက်နည်း, ပစ္စယနိဒ္ဒေသကောက်နည်းကို အကျဉ်းမျှ ပြန်ပြီး သတ်ပေးတယ်၊ အခု ဘယ်လိုလုပ် ကောက်မလဲ။

ကုသလေန ကုသလံ

ကာမပစ္စယုပ္ပန် ၆-ကြောင်းတို့တွင် ကုသိုလ်ပစ္စယုပ္ပန်ရှိတာ ဘယ်နှံပါတ်လဲ (၄ နှင့် ၅-နံပါတ်အကြောင်း)၊ ဒီတော့ ၄-နံပါတ်မှာ မဟာကုသိုလ် ဉာဏ်ဝိပ္ပယုတ်စိတ် ၄-ခုအား တပ်သော သူပစ္စည်းတွေ ကြည့်စမ်းပါ၊ ဘာတွေရှိသလဲ၊ လောကီဘဏ်းတွေ အကုန်လုံး မရှိဘူးလား (ရှိပါတယ်)။ အဲဒါတွေ အကုန်လုံး ကောက်ပါ၊လောကီစိတ်ကောသိတို့,စေတသိက် ဒေါ့ပညာသ,ရူပ်အင္ဂဝိသ,ပညတ် ပစ္စည်းတဏှား၊ ဒါကတပိုင်း မရဘူးလား (မှန်ပါ)။ ၅-နံပါတ်ကြည့်တော့ကော အရဟတ္တမဂ် အရဟတ္တဖိုလ်မှတပါး စိတ်ဇေတသိက်ရူပ်တွေအကုန်လုံးမရဘူးလား (ရပါတယ်)။ နိဗ္ဗာန်ပညတ်ဘောင် ရလိုက်သေးတယ်၊ ကဲ-ထားခဲ့၊ ဒီ ၂-ကြောင်း တွေ့နေပြီ။

အဘိညာဏ်ပစ္စယုပ္ပန် ၆-ကြောင်းတို့တွင် ကုသိုလ်ပစ္စယုပ္ပန် ဘယ်နှစ်ကြောင်း ရှိသလဲ မေးလျှင် အားလုံးရှိတယ်၊ အားလုံးရှိလျှင် အားလုံးဘဲကောက်မယ်။

ရူပ ပစ္စယုပ္ပန် ၃-ကြောင်းတို့တွင်ကော ကုသိုလ်ပစ္စယုပ္ပန် ဘယ်နှစ်ကြောင်း ရှိသလဲ မေးလျှင် ၃-ကြောင်းစလုံးမှာ ကုသိုလ်မရှိဘူးလား (ရှိပါတယ်)။ ပဌမ တကြောင်းကြည့်စမ်းပါ၊ ရူပဝါစရ ပဌမစျာန်စိတ် ၃-ခုအား တပ်သောဆိုတော့ ကုသိုလ်တခု, ဝိပါက်တခု, ကြိယာတခုလို ပြောတာမဟုတ်လား (မှန်ပါ)။

အဲဒီမှာ ကုသိုလ်ကလေးတင် ရှေးပါ၊ ရူပဝါစရ ပဌမစျာန် ကုသိုလ်အား တပ်သော ဆိုပြီးတော့မှ လက်ရှင်းရှိတဲ့ကသိုဏ်းစသည်ပေါင်း ဘယ်လောက်တုံး၊ ၂၅-ပါးသောအာရုံ၊ ထို့အတူ ဒုတိယအကြောင်းက ရူပဝါစရ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ကုသိုလ်အားတပ်သော၊ တတိယအကြောင်းက ပဌမစျာန် ကုသိုလ်အားတပ်သော ဆို၊ ဝိပါက်ကြိယာ ကျန်ကျန် နေရစ်ခဲ့တယ်လို့ ကိုယ့်ဉာဏ်က သိပါ။

အရူပကြည့်စမ်း၊ အာကာသာနဉ္စာယတန စိတ် ၃-ခုဆိုတဲ့ အထဲမှာကော ကုသိုလ်မရှိဘူးလား (ရှိပါတယ်)။ရှေးထုတ်ပြီးဆိုပါ၊ ဝိညာ ၃-ကြောင်းကျတော့ ပဌမတကြောင်းတင် ကုထိုလ်မဟုတ်လား (မှန်ပါ)။ သူဘကြောင်းတည်းဆိုပါ၊ အာကိ ဉနေဝကျနတော့လဲ ကုသိုလ်ရှေ့ထုတ်ဆို၊ ဒီးပဉ္စင်းတို့ သုဒ္ဓသခ်ျာမှာ ကုသိုလ်တခုဘည်း ရနေလျှင် တခုတည်းကောက်ပါ၊ နောက်ဆုံးက ဘာတုံး မင်း ၄-ခုအား တပ်သော နိဗ္ဗာန်။

ဟိတ်ပါဋ္ဌဆုတ်တော့ အကျဉ်းကောက်, အကျယ်ကောက် ၂-မျိုး ရှိတယ်၊ အာရမ္မဏ ပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏အရကား–ကုသိုလ်စိတ် ဧကဝီသအား တပ်သော–ဆိုတော့ ကုသိုလ်ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)။ ဘားတွေ့ဆိုမလဲ မေးလျှင် ကာမပစ္စယုပ္ပန် ၆ ကြောင်းတို့ တွင် ကုသိုလ်ပစ္စယုပ္ပန် ၂-ကြောင်း ရှိတယ်၊ နောက်ကြောင်းကိုကြည့်၊ နောက်ကြောင်းက သမ္ပယုတ်မဟုတ်လား (မှန်ပါ)။ ကုသိုလ်စိတ် ဧကဝီသအား တပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြည် စိတ် ၇-ခု, စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်–ဟူ ဆိုအပ်သော အာရုံ ၆-ပါး၊ ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။

ဒါဘာလဲ မေးလျှင် ပဋ္ဌာဝါရတုန်းက ဘုန်းကြီး ပဏာတူမှာ ပြောတော့ ကုသိုလ် ပစ္စယုပ္ပန်ဖြစ်အုံ၊ ပစ္စည်းကုသိုလ်မှ အရဟတ္တမဂ်, ပစ္စည်းအဗျာကတမှ အရဟတ္တဖိုလ်ကြည်–ဒီအတိုင်းဘဲ သွားနေတယ်၊ ပဏာတူနှင့် အာရမ္မဏက အဲဒီသဘော ညီတယ်။

ပြီးတော့မှ တနည်းကား–ဆိုပြီးတော့မှ တကြောင်းစီ လျှောက်ဆိုရမယ်၊ နားလည်လောက်ပါပြီ၊ ဦးပညာနန္ဒ ဟောစမ်း။

အကုသလေန အကုသလ

ဦးပညာနန္ဒ။ ။ကုသလေန ကုသလံ။ပ။ရ၏။

ဆရာတော်။ ။အကုသလေန အကုသလံ ခါဘိုင်းလိုကောက်၊ ဟိတ်ပါဋ္ဌတော့ စတုတ္ထဟာကြောင်းတည်းရှိတယ်မဟုတ်လား(မှန်ပါ)။ အာရမ္မဏ ပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား– အကုသိုလ်စိတ် ဒွါဒသအား တပ်သော လောဘစိတ် ဧကာသီတိ,စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝီသ, ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရား တို့၏ အာရမ္မဏသတ္တိ ရ၏။ တနည်းကား မရှိတော့ဘူး (မှန်ပါ)။ ဒီပြင် ဟာတွေ လွယ်ပါတယ်။

အဗျာကတေန အဗျာကတ

အဗျာကတေန အဗျာကတံ ဝိပါက်,ကြိယာအကုန် ပစ္စယုပ္ပန် ထုံးစံအတိုင်း ပဝတ္တိ ကောက်။

ဟိတ်ပါဋ္ဌဆုတ်တော့ သတိပြုနားထောင်စမ်း ခပ်ကျဉ်းကျဉ်း ဘုန်းကြီး ပြောပေးမယ်၊ကာမပစ္စယုပ္ပန် ၆ ကြောင်းတို့တွင် အဗျာကတဆိုတာ ၅ ကြောင်း ရှိတယ်၊ တကြောင်းဘဲလွတ်တယ်၊ လွတ်တဲ့တကြောင်းက ဘယ်သူလဲ (၅-နံပါတ် အကြောင်းပါ)။ အဲဒီတကြောင်းဘဲ ချန်ပြီးကောက်ပေါ့။

အဘိညာဏ် ကျတော့လဲ ထိုနည်းတူစွာ ကြိယာ အဘိညာဏ်ဆိုတာ ၆-ကြောင်းစလုံး ရှိတယ်မဟုတ်လား (မှန်ပါ)။ အကုန်လုံးကောက်ပါ၊ ဒါကလေးကြေပါစေ၊ ဦးပဉ္စင်းတို့ ဒီဇယားကြီး ''ဟာ မျှားတော့ ဘယ်သူမှ မကြေတတ်ချင်ဘူး။ ဒါကဒလေး ပြန်ပြန်ဆိုရဒတော့ ကြေလဲကြေပါတယ်၊ တဝါရနှင့် တဝါရနည်း မဘူဘာကို ဒီဇယားပေါ်ကနေပြီး အမျိုးမျိုး ပြပေးနေတယ်၊ ဉာဏ်လဲ ရှင်ပါတယ်။

ဘုန်းကြီးတို့ အရကောက်ထဲမှာ ဒီအတိုင်းဘဲ ရှိနေပေမဲ့ ဝါရသဘော ပြောင်းလဲခြင်းမသိတော့ တဝါရ လာရင်း တမျိုးကျက်ရရင်းဘဲ။

ဒီတော့ ရူပ ၃-ကြောင်းမှာလဲ ၃-ကြောင်းစလုံး ရှိတယ်မဟုတ်လား (မှန်ပါ)။ ဥပမာ–ဘယ်လိုဆိုမလဲ၊ ရူပါဝစရ ပဌမစျာန် ဝိပါက်ကြိယာအား တပ်သော်လို့ ပြင်ဆိုတာဘဲနော် (မှန်ပါ)။ ခုတင်ကအတိုင်းပါဘဲ၊ ဒါကို အားလုံးဟောရပါမယ်၊ ၃-ကြောင်းစလုံးကို ဆိုပါ။

အာကာမှာလဲ ထို့အတူဘဲ အာကာသာနဉ္စာယတန ဝိပါက်ကြိယာအား တပ်သော-လို့ဆို၊ ဝိညာဏကျတော့ ဝိပါက်တခေါက် ကြိယာတခေါက် ရှိတဲ့အတိုင်းဆို၊ အာကိ'ဉ္စ နေဝလဲ ထို့အတူ ဆိုပါ၊ အောက်ဆုံး အကြောင်းကျတော့ ဘယ်လိုဆိုမလဲ ဖိုလ် ၄-ခုအား တပ်သော နိဗ္ဗာန်ဟုဆို အပ်သော ဓမ္မာရုံ၊ ဤအာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိပေါ့ (မှန်ပါ)။

အပေါင်း ကောက်လို့ရှိလျှင် ပစ္စယုပ္ပန် အဗျာကတ ဖြစ်နေခြင်းကြောင့် ဆတိပ္ပုဏ္ဏစိမ်း၊ ကာမ ၆-ကြောင်းတို့တွင် နံပါတ် ၆-ကိုကောက်ပါ(မှန်ပါ)။ အာရမ္မဏပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား–ဝိပါက်စိတ် ဆင်္ဂြိုဟ်သ,ကြိယာစိတ် ဝိသ အား တပ်သော ဆိုပြီး နံပါတ် ၆-မှာ ရှိတဲ့တရားတွေ အကုန်ဆိုပေါ့၊ ဦးဉာဏဝရ ဟောစမ်းပါ။

ပဝတ္တိအခါ အရကောက်

ဦးဉာဏဝရ။ ။အဗျာကတေန အဗျာကတံ-ဌ ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား–ဝိပါက်စိတ် ဆင်္ဂြိုဟ်သ,ကြိယာစိတ် ဝိသ, စေတသိက် အဌတိ'သ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော ဝိပါက်စိတ် ဆင်္ဂြိုဟ်သ,ကြိယာစိတ် ဝိသ,စေတသိက် အဌတိ'သ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ၏။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ဒု-တဲ့၊ နှာ-၄၂(က)ရှိ အာရမ္မဏအရကောက် ယေားတွင်ကြည့်။

အာရမ္မဏပစ္စယာဟူသော ပါဠိ၏**အရကား**–ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝိသ**အား** တပ်သော စိတ် တခုယုတ်ကိုးဆယ်, ဧစတသိက် ဒွေ ပညာသ, ရူပ်အဋ္ဌဝိသ, နိဗ္ဗာန်, ပညတ် ဟု ဆိုအပ်သော **အာရုံ ၆-**ပါး ပစ္စည်းတရားတို့၏ **အာ**ရမ္မဏပစ္စယသတ္တိ ရ၏။ တနည်းကား–**စက္ခု**ဝိညာဏ်ဒွေ**အား တပ်သော** ပစ္စုပ္ပန် ရူပါရုံ။ပ။**အာ**ရမ္မဏသတ္တိ **ရ၏။**

ပဋ္ဌိသန္ဓေအခါ အရကောက်

ဆရာတော်။ ။အဲဒါက ပဝတ္တိတဲ့၊ ပဋ္ဌိသန္ဓေက ရှိသေးတယ်၊ ဒီဇယားကြီးပေါ်မှာ ပဋ္ဌိသန္ဓေရှာပြီး **ကောက်**ရမယ်၊ ဆဝါရရဲ့သဘော။

ပစ္စယုပ္ပန်**ကောက်**နည်း သတိပြုပါဦး၊ ပစ္စယုပ္ပန်ပါဠိတော်က ဘယ်လိုဟော**ထား**သလဲ၊ ပဋ္ဌိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ **ဧကံ** ခန္ဓံ ပဋ္ဌိစ္စ တယော **ခန္ဓာ**၊ **တယော ခန္ဓေ** ပဋ္ဌိစ္စ **ဧကော ခန္ဓော**၊ **ဒွေ ခန္ဓေ** ပဋ္ဌိစ္စ **ဒွေ ခန္ဓာ**၊ **ဝတ္ထုံ** ပဋ္ဌိစ္စ **ခန္ဓာ**၊ **ဒါ** ပြန်ပြီ.**တော့** သတိပေးတာ၊ ဆိုရိုးက ဒီပါဠိတော်ကြည့်ပြီး **ဆို**နေတာ။

ဒီပါဠိတော် သတိပြုစမ်းပါဦး၊**ဧကံ** ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ **ဟော**နေတာ **အ**စိတ်အစိတ် နာမက္ခန္ဓာ **မ**ပြစ်ဘူးလား၊ ပစ္စည်းဘက်က (မှန်ပါ)။ ဝတ္ထုံ ပဋ္ဌိစ္စ **ခန္ဓာ** ဆိုတော့ ပစ္စည်းဘက်က ဘာရှိသတုံး (ဟဒယဝတ္ထု ရှိပါတယ်)။ **အ**စိတ် **အ**စိတ် နာမက္ခန္ဓာ, ဟဒယဝတ္ထုက ပစ္စည်း-ကံ ၂ခု၊ ပစ္စယုပ္ပန်က ဘာတုံး **အ**စိတ် **အ**စိတ်, **အ**စိတ် **အ**ပေါင်း နာမက္ခန္ဓာ (မှန်ပါ)။ **အ**ပေါ်တန်းက 'အစိတ် **အ**စိတ်'၊ **အ**ောက်တန်းက 'ခန္ဓာ' မဟုတ်လား (မှန်ပါ)။ ဒါကြောင့် **အ**စိတ် **အ**စိတ်, **အ**စိတ်**အ**ပေါင်း နာမက္ခန္ဓာ။

ဘုရားဟော ပါဠိတော်ကြည့်ပြီး ဆိုရိုးကဖြစ်ဘာ၊ ထားပါတော့၊ သတိပြုဘို့ အချက်.ကလေးတွေ့ သတိပြုလိုက်လျှင်လဲ ပြီးတာဘဲ။

ဒါ**ကြောင့်** ပဋ္ဌိသန္ဓေ**အ**ခါ **အ**ဗျာကတော **ဓ**မ္မော-ဟူ**သ**ော ကတ္တားပုဒ်၏ **အ**ရကား–ပဋ္ဌိသန္ဓေစိတ် **ကေ**ုနဝိသ, **ဧ**စတသိက် ပဉ္စတိံ**သ** **အ**စိတ် **အ**စိတ် **နာ**မက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော ဒီလိုမဟုတ်လား(မှန်ပါ)။ ပဋ္ဌိသန္ဓေ စိတ် **ကေ**ုနဝိသ, **ဧ**စသတသိက် ပဉ္စတိံ**သ** **အ**စိတ်**အ**စိတ်, **အ**စိတ်**အ**ပေါင်း **နာ**မက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ **အ**ဲဒီမှာ ရူပ်ဧတဒ္ဓာတော့ ဘာမှ **မ**ရှိဘူးနော် (မှန်ပါ)။ ဒါဆိုလျှင် ပါဠိတော်ကုန်ရော မဟုတ်လား(မှန်ပါ)။

ဟိတ်ပါ၌ထုတ်တော့ သတိပြု၊ ပစ္စယုပ္ပန်က ဘာရသလဲ၊ ပဋ္ဌိသန္ဓေစိတ် **မ**ဟုတ်လား (**မှ**နှ်ပါ)။

သတိပြု နားထောင်စမ်းပါ၊ သူက ပစ္စယနိဒ္ဒေသလို့လဲ မသုံး၊ ပဋ္ဌာဝါရလို့လဲ မသုံး၊ ဆဝါရမှာ သုံးထားတာ (မှန်ပါ)။ အာရမ္မဏသင်္ဂဟဆိုတာ ဘုန်းကြီးငယားကြီးကို သရုပ်ခွဲတုန်းကလဲ ပြောထားတယ်၊ ဒီအာရမ္မဏငယားကြီး[1] ဟာ သင်္ဂြိုဟ် အာရမ္မဏသင်္ဂဟာဘဲ မဟုတ်လား (မှန်ပါ)။

အဲဒီအာရုံပြုမှုကို အရှင်အနုရုဒ္ဓါက ပဋ္ဌိသန္ဓေစိတ်တွေ ဘယ်ကို အာရုံပြုသလဲလို့ဆိုတော့ 'ကမ္မဂမ္မနိမိတ္တဂတိနိမိတ္တာသမ္မတံ အာရမ္မဏံ ဟောတိ'–ဆိုတယ် မဟုတ်လား (မှန်ပါ)။ ဘာကို အာရုံပြုသတဲ့တုံး၊ 'ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် ဟု သမုတ်အပ်သော' ဒီဆိုရိုးကို ဆရာတော်ဘုရားကြီးက ဆိုပါလိမ့်မယ် (မှန်ပါ)။

ဒါကြောင့် အာရမ္မဏပစ္စယာ-ဟူသော ဟိတ်ပါဌ်၏အရကား–ပဋ္ဌိသန္ဓေစိတ် ကျေနပ်သအား တပ်သော ကံ, ကမ္မနိမိတ်,ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏–တဲ့၊ ဒါက အကျဉ်းကောက်၊ အဲဒီမှာ နားလည်အောင် နားထောင်ကြပါ၊ ဘာမှလဲ မဆန်းပါဘူး၊ အရှင်အနုရုဒ္ဓါ သင်္ဂြိုဟ်မှာ ပြောတဲ့အတိုင်းဘဲ။

တနည်းကား–တဲ့၊ ဘယ်လိုကောက်သလဲ အကောက်ဆရာတော်ဘုရားကြီး၊ ဒို့က ဒီငယား[2]ပေါ်တင်ပြီး ဘယ်လိုကြည့်မလဲ, သိမလဲဆိုဘာ ဒါကိုသတိပြုကြစမ်းပါ ဘုန်းကြီးပြောပေးမယ်။

ကာမပစ္စယုပ္ပန် ၆-ကြောင်း[3] ရှိဘယ်မဟုတ်လား (မှန်ပါ)။ ပဌမဆုံးတွေ့တာက ဘယ်သူတုံး၊ ဒွေပဋ္ဌဝိညာဏ် ၁၀၊ ၎င်း ဒွေပဋ္ဌဝိညာဏ် ၁၀-ဟာ ပဋ္ဌိ-သန္ဓေစိတ် ဟုတ်ရဲ့လား (မဟုတ်ပါဘူး)၊ မနောဓာတ် ၃-ခုကကော(မဟုတ်ပါဘူး)။ အဲဒါကို ရှာရတယ် (မှန်ပါ)။

တတိယအကြောင်း[3] မှာကော ပဋ္ဌိသန္ဓေစိတ် ပါရဲ့လား (ပါပါတယ်)။ ဘယ်သူတဲ့တုံး (မဟာဝိပါက်စိတ် ၈-ခုနှင့် ဥပေက္ခာသန္တီရဏ ၂-ခုပါ)။ ဘယ်အထဲမှာလဲလို့ ကြည့်ဦးတော့ တဒါရုံကောဒသဆိုတာ မဟာဝိပါက်စိတ်နှင့် သန္တီ-ရဏ ၃-ခုဘဲ မဟုတ်လား (မှန်ပါ)။ သန္တီရဏ ၃-ခုမှ သောမနဿသန္တီရဏ ပဋ္ဌိသန္ဓေနေလို့ ရတာပေါ့၊ ဒီတော့ မဟာဝိပါက်စိတ် ၈-ခု, ဥပေက္ခာသန္တီရဏ ၂-ခု ပေါင်း ၁၀-ခု၊ ၎င်းဘို့ကို ကာမပစ္စယုပ္ပန် ပဋ္ဌိသန္ဓေနယ်ထဲမှာနေတဲ့ ပဋ္ဌိသန္ဓေမို့ ကာမပဋ္ဌိသန္ဓေ ၁၀-လို့ ခေါ်တယ်။

ကိုယ်သိထားပြီးသား သင်္ဂြိုဟ်မှာ သင်လာခဲ့တဲ့ အခိုပ္ပါယ် သရုပ်ကလေးတွေ၊ ဒါကလေးတွေ ပေါ်လာအောင် ဒို့ကို ဘုန်းကြီး ဘယ်နှယ်လုပ် ပြောပေးသလဲ

---

[1]–[3]။ ပဋ္ဌာန်းသိမ်း၊ ၃-တဲ့၊ နှာ-၄၂(က)ရှိ အာရမ္မဏအရင်းကောက် ငယားတွင် ကြည့်။

ဆိုတာ မှတ်ထားရတယ်၊ ဟောဒီမှာကြည့်ဆိုပြီး ဒီနေရာကလေးတင် ကာမ-ပဋ္ဌိသန္ဓေ ၁၀-လို့ပြုလို့ စာသင်သားက ဗြုန်းကနဲ နားလည်မှာ မဟုတ်ဘူး၊ အဲဒီတော့ စာသင်နည်းမှာ တဖက်သားလည်အောင် ပြောဘို့ဆိုတာ ဘုန်းကြီး အခုပြောတာကလေးမျိုးတွေကို သတိထားရတယ်၊ ဘယ်သူဖြစ်ဖြစ် နံပါတ်-၃ ရှာစမ်းပါ၊ ပဋ္ဌိသန္ဓေစိတ် ရှိရဲ့လားဆိုတော့ လိုက်ရှာတော့ တွေ့တော့ အေးနေ ရော မဟုတ်လား၊ ကြွင်းတဲ့စာကြောင်းတွေက ဘာမှန်းမသိတော့ဘူး၊ အခု ဘုန်းကြီးက ၁-နံပါတ်စာကြောင်း ရှာခိုင်းတယ်၊ ပဋ္ဌိသန္ဓေစိတ် ဟုတ်ရဲ့လား-လို့ မေးတယ် မဟုတ်ဘူး၊ ၂-နံပါတ်ကလဲ မဟုတ်ဘူး မဟုတ်လား (မှန်ပါ)။ ထို့အတူ ၄-နံပါတ်ကြည့်ဦး ပဋ္ဌိသန္ဓေစိတ် တွေ့မလား (မတွေ့ပါဘူး)။၅-နံပါတ်, ၆-နံပါတ်အကြောင်းတွေမှာလဲ ဘယ်မှာမှ မတွေ့နိုင်ဘူး။

ဒီတော့ ဒီတနေရာတည်းမှာ ကာမပဋ္ဌိသန္ဓေ-၁၀ ရှိတယ်လို့ နားလည်ထားရတယ်။

ထိုနည်းတူစွာ အဘိညာဏ် ပစ္စယုပ္ပန် ၆-ကြောင်းထဲမှာ လိုက်ကြည့်စမ်း၊ ပဋ္ဌိသန္ဓေစိတ် ဘယ်နှစ်ခုပါသလဲ (မတွေ့ပါ)။ မရှိဘူး၊ ဘာဖြစ်လို့မရှိသလဲ မေး လျှင် အဘိညာဏ်ကို တရားကိုယ်ရှာတော့ ကုသိုလ်အဘိညာဏ်ဖြစ်လျှင် ရှုပါ-ဝစရ ကုသိုလ်ပဉ္စမစျာန်–ကုသိုလ်စိတ်ဘဲ (မှန်ပါ)။ အဲဒါနှင့် ပဋ္ဌိသန္ဓေနေလို့ မရဘူး ကြိယာအဘိညာဏ်ဖြစ်လျှင်လဲ ရှုပါ၀စရ ကြိယာပဉ္စမစျာန်၊ သူနှင့် ကော ပဋ္ဌိသန္ဓေနေလို့ ရပါ့မလား (မရပါ)။

အဲဒီ အဘိညာဏ်နှင့်သာ ပဋ္ဌိသန္ဓေနေလို့ ရခဲ့လျှင် စဉ်းစားကြည့်စမ်းပါ၊ ဒီဗွစက္ခုအဘိညာဏ်က ရာဘယ်ဆိုပါတော့၊ အမေ့ဗိုက်ထဲရောက်၊ ဗိုက်ထဲတွင် လျှောက်ကြည့်နေမိလျှင် အထဲဘွဲ့ မဘော်တာတွေ မြင်ရပြီး အထဲမှာတွင် အော့အန်နေရလိမ့်မယ်၊ ဒါလောက် ရှုံ့စဉ်တွေမှာ နေခဲ့ကြရဘာ၊ ဒိဗွစက္ခု အဘိညာဏ်သာ ဗိုက်ထဲမှာ ရနိုင်ခဲ့လျှင် ပြောပါဘယ် (မှန်ပါ)။ ကျင်ကြီ တွေ့ တွေ့, ကျင်ငယ်တွေ့ တွေ့, မဘော်တာတွေ့ တွေ့, မဘည့်တာတွေ့ မြင်၊ အဲဒီထဲတွင် နေချင်စရာ မရှိပါဘူး (မှန်ပါ)။

ရှေ့ ပစ္စယုပ္ပန် ရှုပ ၃-ကြောင်း ရှိတယ်မဟုတ်လား (မှန်ပါ)။ အဲဒီ ရှုပ ၃-ကြောင်းမှာကော ပဋ္ဌိသန္ဓေစိတ် ပါသလားလို့ ကြည့်ပါ (ပါပါတယ်)။ ဘယ်သူတွေတဲ့ဘုံ (ပဌမစျာန်, ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန် ရှုပဘဝါက်စိတ်တွေပါ)၊ ဝိပါက်မှန်သမျှ ရှုပ ၃-ကြောင်းက ပဋ္ဌိသန္ဓေ စိတ်၊ သူ့စာကြောင်းနှင့် သူနေပေစေ။

ပဌမအကြောင်းကြည့်လျှင် ဘာဆိုမလဲ၊ ရှုပါ၀စရ ပဌမစျာန် ပဋ္ဌိသန္ဓေ အား တပ်သော-လို့ ဆိုလိမ့်မယ်၊ ထို့အတူ ဒုတိယအကြောင်းက ဒုတိယစျာန်,

တတိယစျာန်, စတုတ္ထစျာန် ပဋ္ဌိသန္ဓေအား တပ်သော-လို့ ဆိုမယ်၊ တတိယ အကြောင်းက ရူပါဝစရ ပဌမစျာန် ပဋ္ဌိသန္ဓေအား တပ်သော-လို့ဆိုတော့ ရူပ ၃-ကြောင်းပြီးရော မဟုတ်လား (မှန်ပါ)။

အာကာ ၃-မှာကော ပဋ္ဌိသန္ဓေစိတ် ရှိသလား၊ (ရှိပါတယ်)။ ဘယ်သူလဲ (အာကာသာနဉ္စာယတနဝိပါက်)။ ဝိပါက်ပင် ဖြစ်ပေမဲ့ ဒီကျတော့ ဝိပါက်လို့ မခေါ်နှင့်တော့၊ 'အာကာသာနဉ္စာယတနပဋ္ဌိသန္ဓေအား တပ်သော အာကာသသည် ကြည့်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ' ဒီလိုဆို (မှန်ပါ)။

ထိုနည်းတူစွာ ဝိညာ ၃-ကြောင်းမှာလဲ ဒုတိယအကြောင်းက ပဋ္ဌိသန္ဓေဘဲ မဟုတ်လား (မှန်ပါ)။

အာကိ ၃-ကြောင်းမှာလဲ အာကိဉ္စညာယတနဝိပါက် ရှိတယ်။

နေဝသညာအကြောင်းမှာလဲ ဝိပါက်ရှိတယ် (မှန်ပါ)။

ဒါကြောင့် နောက်ပိတ်ဆုံးအကြောင်းအရဆိုတော့ 'နေဝသညာနာသညာ-ယတနပဋ္ဌိသန္ဓေစိတ်အားတပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ'။

ဒီတရားတွေ လာပြီး မတွေ့ပေဘူးလား(တွေ့ပါတယ်)။ အဲဒါ တနည်းကား-အရ အကျယ်ကောက်ဖို့ ငယားမှာ ရှာပေးဖာသာ။

အဲဒါကို ဆရာတော်ဘုရားကြီးက ဘယ်နှယ်လုပ် ဆိုပြန်သလဲဆိုတော့ သတိပြုကြစမ်းပါ။

တနည်းကား-'ကာမပဋ္ဌိသန္ဓေ ၁၀-အား တပ်သော' ဆိုတော့ ပစ္စည်းက ဘာတွေလာလဲ၊ ကာမစိတ်, စေတသိက်, ရူပ် အာရုံ ၆-ပါးပေါ့၊ အဲဒီအထဲမှာ စကားပြေထိုးပြီး ဆရာတော်ဘုရားကြီးက ထည့်ထားတယ်၊ ဒီပစ္စည်းနှင့် ဒီပစ္စယုပ္ပန် ၂-ခုအကြားမှာ (မှန်ပါ)။ ဘာတွေထည့်ထားသလဲမေးလျှင် ရှင်အနု-ရုဒ္ဓါ ပြောခဲ့တဲ့အတိုင်း ထည့်တယ်၊ 'ဆဒ္ဒါရုဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စ ပ္ပန္နမဘိဘာဝရမ္မဏံ'လို့ သင်္ဂဟ်မှာ ဆိုကယ်မဟုတ်လား (မှန်ပါ)။ ဘာဆိုလို တာလဲဆိုလျှင် ပဋ္ဌိသန္ဓေစိတ်ကို ရောက်ဖို့ရာ ပဋ္ဌိသန္ဓေ ရှေနားမှာ ဘာင့်သလဲ မေးလျှင် စုတိ၊ စုတိ၃တိုင်ခင် ဘာလဲ ဇော၊ ထိုဇောသည် မရဏာသန္နဇော မဟုတ်လား (မှန်ပါ)။

နားလည်ရဲ့လား ဘုန်းကြီးပြောတာ (မှန်ပါ)။ သတ္တဝါတယောက် နောက်ဘာဝတခု ပဋ္ဌိသန္ဓေ နေတော့မယ်ဆိုလျှင် ပဋ္ဌိသန္ဓေစိတ်ရှေမှာ ဘာရှိသလဲ

မေးလျှင် (စုဘီ ရှိပါဘယ်)။ စုဘီမတိုင်ခင် ဘာရှိသလဲမေးလျှင် မရဏာ-သန္ဓေ၊ အဲဒါကို ကိုယ်က သင်ကြားဟာမှာ ဆိုခဲ့တဲ့ အာဘိဓမ္မာလမ်းစဉ်ကို ကြည့်ရတယ်။

ဒါကြောင့် 'ဆဒ္ဒါရုဂ္ဂဟိဘ'–ဆိုတာက မရဏာသန္ဓေသည် ဒွါရ ၆-ပါး တို့တွင် တပါးပါးဖြင့် ယူအပ်သော၊ ဒါဘဲ မဟုတ်လား (မှန်ပါ)။

သတ္တဝါတယောက် သေချိန်ရောက်လို့ သေတော့မယ်လို့ဆိုလျှင် အဲဒီနေရာမှာ သိပ်ကောင်းလုပါတယ် အာဘိဓမ္မာသဘောတော့၊ သေတော့မယ်လို့ ဆိုမှုဖြင့် နောက်ဆုံးဖြစ်တဲ့ ဝီထိ မရဏာသန္ဓေမှာ ၅-ကြိမ် စောပါတယ်၊ အဲဒီ ၅-ကြိမ် စောတဲ့အချိန်မှာ ယူတဲ့ အာရုံဟာ ဒုတိယဘဝသွားဘို့ အာရုံဘဲ၊ ဒီဇောက အရေးအကြီးဆုံးဘဲ မဟုတ်လား၊ သူဂေနေပြီး အကျိုးပေးမှာ မဟုတ်လား (မှန်ပါ)။

ဘာတွေယူမလဲလို့မေးလျှင် 'ဆဒ္ဒါရုဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ'တဲ့၊ အဲဒီအချိန် မရဏာသန္ဓေဇောကနေပြီး လွန်ခဲ့တဲ့အချိန်က အတိတ်တုန်းက ကိုယ်ပြုထားခဲ့တဲ့ ကုသိုလ်ရှိလျှင် ကုသိုလ်တွေကို ပြန်ပြီး အာရုံပြုတယ်၊ ဘုရားတည်ခဲ့တယ်, ကျောင်းဆောက်ခဲ့ဘယ်, သီတင်းသီလ ကျင့်သုံးခဲ့တယ်, ရဟန်းတရား အားထုတ်ခဲ့ဘယ်, သီလရှင်တရား သီလဖွင့်ကျင့်ဝတ် ကျင့်ခဲ့ဘယ်, ကောင်းဘာခတ္တချည်း လုပ်ခဲ့တယ်, အဲဒါတွေကို ဒီကနေပြီး ပြန်ပြီး သတိရတယ်၊ မရဏာသန္ဓေ ကနေ နှလုံးသွင်းတာနော် (မှန်ပါ)။ အဲဒီလို ယူလို့ရလျှင် ထိုပုဂ္ဂိုလ်သည် ဒီဇော၏ အစွမ်းအားဖြင့် ဒုတိယဘဝမှာ ကောင်းရာသုဂတိ သွားမှာဘဲ။

အဲဒီ မရဏာသန္ဓေဇောကနေပြီးတော့ ပြီးခဲ့တဲ့အချိန်တုန်းက ငါဖြင့် သာသနာမှာသာ နေခဲ့ရပါတယ်၊ ခေါင်းတုံးသာ အဖတ်တင်တာဘဲ၊ ငါ ဘာတွေ လုပ်ခဲ့တယ် ဆိုပြီး ပြန်ပြီး သတိရလျှင်တော့ သွားလေရော့၊ နောက်ကွေးမည့် ပဋိသန္ဓေစိတ်က ဘယ်သွားမယ် ထင်သတုံး၊ အပါယ်လေးပါး သွားလိမ့်မယ်၊ ဘာဖြစ်လို့တုံး၊ မရဏာသန္ဓေ စောနေတာကိုက မကောင်းတဲ့ အာရုံတွေ စောလှပြီ မဟုတ်ဘူလား (မှန်ပါ)။

လိမ္မာတဲ့ မိဘ, လိမ္မာတဲ့ ဆရာသမား, လိမ္မာတဲ့ မိတ်ဆွေသင်္ဂဟမျှား အင်မတန် အရေးကြီးတဲ့အချိန် သေခါနီးမှာ အနီးမှာရှိနေလျှင် ပရိတ်ရွတ်ပေးတယ်, တရားတော် နာရတယ်, ဆင်းတုတော် အနီးမှာ ယူထားတယ်, ပန်း ဆီးမီး ရေချမ်း လှူဒါန်းပြတယ်၊ အဲဒီလို လိမ္မာတဲ့ ဆရာသမား မိတ်-သင်္ဂဟမျှား ရှိလျှင်တော့ ပစ္စုပ္ပန်ဖြစ်တဲ့ အာရုံကို ယူသွားနိုင်တယ်၊ ရူပါရုံ ယူနိုင်တယ်၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ အာရုံ ၆-ပါးစလုံး ယူလို့ရတယ်။

ပရိတ်ရွတ်နေလျှင် သဒ္ဒါရုံဖြစ်ပြီးတော့ သောတဒ္ဒါရဝီထိတွေ ကျတော့ မယ် မဟုတ်သား (မှန်ပါ)။ အဲဒီမှာ ကောင်းတဲ့ဇောတွေ စောနိုင်ပြီ။

အဲဒီလိုအချိန်မျှား မိဘဇသခါနီး သားသမီးက အမွေခံတောင်းတတ်တယ်၊ သားရော အပါယ်၊ ဘုန်းကြီးသေခါနီး တပည့်တွေက ကျောင်းအမွေ တောင်းတယ်၊ ကိုယ်တော်ကြီး စိတ်ထားမကောင်းနိုင်လျှင် သားရော နတ်ပြည်၊ အထက်နတ်ပြည် ပြောတာမဟုတ်ဘူး၊ အောက်နတ်ပြည် ပြောတာ၊ ဟိုကျမှ နပ်ရုံတင် မကာဘူး တူးပြီး ချိုးကပ်နိုင်တယ်၊

သေခါနီး မိတ်ကောင်းလို

အဲဒီလိုသေခါနီး သိပ်အရေးကြီးတယ်၊ ဦးပဉ္စင်းတို့ လွယ်လွယ်နှင့် သိချင်လျှင် ဘုန်းကြီးပြောပြမယ်၊ ရဟန္တာ ရှင်သောဏမထေရ်ရဲ့ ဒကာကြီးဟာ တဘာလုံး တသက်လုံး ဆိုကြပါစို့ ဒုစရိုက်အကုသိုလ်တွေ ပြုလုပ်လာခဲ့တာ သားရဟန်းရှိလို့ ကြီးခါမှ သက်ဦးဝတ်ပြီး နေခဲ့တယ်၊ သေခါနီးကျတော့ ဒုစရိုက်တွေကြောင့် ငရဲနိမိတ်တွေ ထင်လ ပါတယ်၊ ခွေးနက်ကြီးတွေ ဝိုင်းလာတယ်၊ သူ့စိတ်ထဲမှာ ထင်လာတာ (မှန်ပါ)။ ငါ့သားရဲ့ နှင်ပါ, ခြောက်ပါ, မောင်းပါနှင့် မြည်တမ်းတဲ့အခါမှာ သားရဟန်းက ငါ့ဒကာကြီးတော့ ခိုကိုးရာမဲ့တော့ ဖြစ်ပြီ၊ ငါကဲ့သို့သော ပုဂ္ဂိုလ်ဘဝယောက် ရှိပါလျက်ကယ်နဲ့ ငါ၏ဘခင် ဒကာကြီး အပါယ်ကျရဲသို့ မကျရောက်စေရဘူး ဆိုပြီး—

မြတ်စွာဘုရား၏ စေတီတော်ရင်ပြင်မှာ အင်မတန် ကြည်ညိုဘွယ်ကောင်းတဲ့ ပန်း, ဆီမီး, ရေချမ်းစတဲ့ လှူဘွယ်တွေကို တင့်တင့်တယ်တယ် ပြင်ဆင်လှူ ဒါန်းပြီး ဘခင်ကြီးကို အာရုံပြုနိုင်လောက်အောင် သယ်ဆောင်ညွှန်ပြကာ "ဟောဒီမှာ ကြည်ညိုစမ်းပါဦး၊ ဘခင်ကြီးအတွက် ဘုရားရှင်၏ သရီရဓာတ် မွေတော်မြတ်တွေ ကိန်းဝပ်နေတဲ့ စေတီတော်မြတ်မှာ ပန်းတွေလှူထားတယ်၊ ရေချမ်းတော်တွေ ကပ်လှူထားတယ်၊ ဆီမီးတွေကလဲ ထိန်ထိန်ညီးလို့၊ အဲဒီ အလှူတွေဟာ ဘခင်ကြီးအတွက်ပါလို့" သားရဟန်းက ရှင်လန်းနှစ်သိမ့် ဘွယ်ရာ ချီသောတဲ့ စကားတွေနဲ့ ညွှန်ကြားပြောဆိုလိုက်တော့ ဘခင်ကြီးဟာ အာရုံတွေပြောင်းပြီး ဘုရားတည်းဟူသော အာရုံတွေ ပေါ်လာတယ်၊ ကြည်ညိုဘွယ်ရာ သဒ္ဓါရှင်လန်းလို့ လှူဒါန်းထားတဲ့ ဒါနဝတ္ထုတွေကိုမြင်ပြီး ဒါနစေတနာ ဘွဲ့ ပေါ်လာတယ်၊ သေခါနီးနေပြီ ဝိညာဉ်ချုပ်တော့မယ်၊ သားရဟန်းက မိတ်ဆွေကောင်း ပီသစွာ အာရုံပြောင်းပေးလိုက်တော့ သေခါနီးမှာ မူလပေါ် နေတဲ့ ခွေ နက်ကြီးစတဲ့ ငရဲနိမိတ်ဘဝ တဘါဝဲ ပျောက်သွားပြီး ဒေဝဂတိလို့ ခေါ်တဲ့ လှလှပပ ရှုမည်းတဲ့ နတ်သမီးကညားကလေးတွေ ဘေးနားမှာ ဝိုင်းအုံ လာတာကို တွေ့မြင်နေရသတဲ့၊ အဲဒီအချိန်ကျတော့ ကိုယ်တော်ကြီးက ဘာ မိန့်

တော်မူတယ်မှတ်သလဲ၊ သားရဟန်းတော်ကို ပြောပုံက ငါ့သား နေရာဖယ်ပေး၊ ဖယ်ပေး၊ သင့်မယ်တော်တော့ လာနေကြတယ်တဲ့၊ ဘုန်းကြီးနဲ့ ဘီးဆိုတာလို ဒကာမနဲ့ရဟန်းက ဖက်စပ်လို့မရဘဲကိုး၊ ဒီတော့မှ သားရဟန်းကလဲ ငါ့ဒကာကြီးတော့ စိတ်ချရပြီဆိုပြီး အနီးမှထွက်သွားသတဲ့"။ ကဲကဲ ရှိပါစေတော့။ တနည်းကား–အရကောက် ဆက်ကြရအောင်။

တနည်းကား–အာရမ္မဏပစ္စယာဟူသော ဟိတ်ပါ၌၏ အရကား–ကာမပဋ္ဌိသန္ဓေ ၁၀ **အား**တပ်သော မရဏာသန္နဇောသည် ဒ္ဒါရ ၆-ပါးတို့တွင် တပါးပါးဖြင့် **ယူ**အပ်သော ပစ္စုပ္ပန်အတိတ်ဖြစ်သော ကာမစိတ် စတုပညာ်သ, ဧတသိက် ဒ္ဒေ-ပညာသ, ရူပ်အဋ္ဌဝိသဟု ဆိုအပ်သော အာရုံ ၆-ပ၊်း၊ ဒါက ဇယား နံ့ပါတ်-၃ **အ**ကြောင်း၊ **နောက်ပြီး** ဘယ်သွားမလဲ၊ ရူပ ၃-ကြောင်းကို ကြည့်၊ ပဌမ **အ**ကြောင်းက-ရူပါ၀စရ ပဌမစျာန် ပဋ္ဌိသန္ဓေ**အား**တပ်သော ဇယားရှိတဲ့အတိုင်း ကသိုဏ်းဃသော ၂၅-ပါးဝသာ ပညတ်ဓမ္မာရုံ၊ ဒုတိယ တတိယ စတုတ္ထစျာန် ပဋ္ဌိသန္ဓေ**အား**တပ်သော ၁၄-ပါးသော ပညတ်ဓမ္မာရုံ၊ **ပ**ဉ္စမစျာန် ပဋ္ဌိသန္ဓေ**အား**တပ်သော ၁၂-ပါးသော ပညတ်ဓမ္မာရုံ၊ ဇယားရှိတိုင်း ဖော်ဆိုပါ၊ **နောက်ပြီး** **အ**ရူပ ပဋ္ဌိသန္ဓေ ၄ ခုကိုလဲ တခုချင်း **အ**စဉ်အတိုင်းဆိုပါ၊ **နောက်ဆုံး** **နေ**၀-သညာနာသညာယတန ပဋ္ဌိသန္ဓေ**အား**တပ်သော ရှေဘ၀ အဗ္ဗတ္တသန္တာန်၌ ဖြစ်ဘူး**သော** **အာ**ကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော **ဓ**မ္မာရုံ-ကံ-ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့၏ **အာ**ရမ္မဏသတ္တိ **ရ**၏။

မှတ်ချက်။ ။**အ**ရကောက်ကျမ်းတွင် (ရူပါ၀စရ **ပ**ဋ္ဌိသန္ဓေ**ငါ**းခု**အား**တပ်**သော** ကရိုဏ်း**စ**သော **ပ**ညတ်) ဤမျှသာ **တွ**ေ့**ရ**တော့၏။

တိုက်တွန်းချက်။ ။**စ**ွမ်း**အား**ရှိသော **သူ**တော်**စ**င်, **သူ**တော်**ကော**င်း**တို့အား** တိုက်တွန်းလိုက်ပါသည်။

သာသနာတော်တွင် **အ**စဉ်**အ**သုံးပြုနေ**သော** နှစ်ပေါင်း ၂၀၀-ကျော်**က** ပြုစုတော်မူခဲ့သည့် ထန်းတပင် ဆရာတော်ဘုရား**ကြီ**း၏ ပဌာန်း**အ**ရ**ကော**က်**ကျ**မ်း**ကြီ**းကို **အ**တတ်နိုင်ဆုံး သုတ်သင်**ကာ** ထပ်မံ၍ **အ**သစ်ပုံနှိပ်**ကြ**စေလိုပါသည်၊ ဘုန်း**ကြီ**းများ**လ**ဲ **တ**တ်နိုင်သည့်ဘက်မှ ကူညီပါမည်။

ပဌာန်းသိပ္ပံ**ဆ**ရာတော်

အချိန်စေ့ပြီ **တ**ော်**ကြ**ဦး**စ**ို့။

၁။ **အ**ံ၊ ဌ၊ ၁၊ နှာ-၃ဖ၄-၅။ (သောဏထေရ်ဝတ္ထု)

အနန္တရပစ္စည်း ပါဠိတော် အရကောက်

မနေ့က အာရမ္မဏပြီးခဲ့လို့ ဒီနေ့ အနန္တရ ဟောရအောင်၊ အနန္တရ-ဟောတော့ ပဋ္ဌာဝါရအတိုင်းပါဘဲ၊ သို့ပေမဲ့ ဝိထီ နည်းနည်း ကြည့်ထားပါ။

အာရမ္မဏပစ္စည်းနှင့် အနန္တရပစ္စည်းက သုဒ္ဓသင်္ချာလဲ အတူတူဘဲ၊ ပါဠိတော်လဲ အတူတူဘဲ၊ အဲဒီလိုတူတော့ ပစ္စယုပ္ပန်အရကောက် မနေ့ကအတိုင်းလို့ နားလည်ထားကြပါ။

ဒီနေ့ ဘာပြောပေးဘို့ လိုသလဲမေးလျှင် ဟိတ်ပါဠိအရကောက်၊ ဟိတ်ပါဠိက ဘာကိုကြည့်ကောက်သလဲ မေးလျှင် **ပဋ္ဌာဝါရ ကတ္တားပါဠိအရကောက်သည် ပင်လျှင် ဟိတ်ပါဠိအရကောက် ဖြစ်လာတယ်။**

ကြိုတင်စဉ်းစား သတိထားဘို့က ဘာရှိသလဲမေးလျှင် ပဋ္ဌာဝါရကုန်းကတော့ သင်္ချာ သတ္တ ထွက်တယ်၊ ကု-ကုပြီးတော့ ကု ဗျာ ထွက်လာတယ်၊ ဒီမှာတော့ ကု-ကုတချက်တည်း ရှိတယ်၊ ထိုနည်းတူစွာ အကု-အကုပြီးတော့ အကု-ဗျာလို့ တချက်ပိုလာတယ်၊ ဗျာ-ကျတော့ ၃-ချက်တောင် ထွက်လာတယ် 'ဗျာ-ဗျာ,ဗျာ-ကု, ဗျာ-အကု' လို့။

အဲဒါတွေကို ဒီမှာ သင်္ချာ တိကိထဲမှာ ဝင်လာစေရတယ်။

ဝိထိကြည့်ထားလို့ ဆိုတော့ ဟိတ်ပါဠိပြောရအောင် အနန္တရပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား ပဋ္ဌာဝါရတုန်းက ဘယ်လိုဆိုသတုံး၊ ပဌမဇော ကြဉ်သော နောက်နောက်သော ကုသိုလ်ဇောဝိသအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်း တရားတို့၏ **အနန္တရသတ္တိ ရ၏။** အဲဒါ မှုရင်းပေါ့။

ပြန်ပြီး မှတ်ကြစမ်းပါ၊ ပစ္စယုပ္ပန်ဟာ ဘာလဲလို့ မေးလျှင် ပဌမဇော-မပ**သော** နောက်နောက်သော ကုသိုလ်စိတ် ဇောဝိသ-တဲ့၊ ပဌမဇော လျှော့နေတယ်၊ ပစ္စယုပ္ပန်မှာ (မှန်ပါ)။

ဥပမာ–ကာမဇောဝါရ ဝိထိကို ကြည့်စမ်းပါ၊ ပဌမဆုံးဝေ့တဲ့ ဇောလို့ ခေါ်တဲ့ သဝေထိုးကလေး (၄) မပါဘူး၊ ပဋ္ဌာဝါရ ကတ္တားတုန်းက မြင်အောင် ကြည့်ပါ၊ အဲဒါမြင်တော့မှ အဓိပ္ပါယ်က ပေါ်မှာ၊ ဘာဖြစ်လို့ မပါသလဲ **မေး**တော့ ဟိုက ကုသလော ကုသလဿ ဟောတာမှာ ပစ္စည်းကုသိုလ် ရှာတော့ ပဌမဇောဟာ ပစ္စည်းသာ ဖြစ်ရတယ်၊ ပစ္စယုပ္ပန် မဖြစ်နိုင်ဘူး၊ ဒီလို မဟုတ်**လား** (မှန်ပါ)။

၁။ ပဌန်းသိပ္ပံ၊ ပ-တဲ့၊ နှာ-၃၁၉-ရှိ အနန္တရဝိထိ ပါဠိတော်အရကောက် ဇယားတွင်ကြည့်။

ဒီမှာတော့ ဘာတုံး၊ ဇောကုသိုလ် မှန်သမျှဟာ အကုန် ပစ္စယုပ္ပန် ရောက်နေတယ် (မှန်ပါ)။

ကျွဉ်းအောင် ရှင်းအောင် တယ်ပြီး ပြောလျှင် ကာမဇော၀ါရ၀ိထိ တ၀ိထိ ၌သာ ပဋ္ဌာ၀ါရတုန်းက ပစ္စယုပ္ပန်မှာ ပဌမဇော မပါဘူး၊ အခုတော့ ပဌမဇော ပါနေတယ်၊ ဒါပါဘဲ။

ဒါဖြင့် ပဌမဇော ပစ္စယုပ္ပန် ပါနေလျှင် သူ့ရဲ့ ပစ္စည်းထိုက်တဲ့ တရားဟာ သူ့ရှေ့က ဘယ် ဃူလဲ (၀ုဋ္ဌောနှင့် မနောဒ္ဓါရာ၀ဇ္ဇန်း-ပါ)။ ဥ၊ပဋ္ဌင်းတို့ကိုယ်တိုင် ဆုံးဖြတ်တတ်ဖို့ ဘုန်းကြီး ပြောပေးနေတယ်။ ဒါကိုသိလျှင် အခု ဆ၀ါရရဲ့ ဟိတ်ပါဌ်မှာ ၀ုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်း ပါပေစေ။

နို့ ပဋ္ဌာ၀ါရတုန်းက ဒီ၀ုဋ္ဌော မနောဒ္ဓါရာ၀ဇ္ဇန်းက ဘယ်သင်္ချာမှာ ရောက်နေသလဲမေးလျှင် ဗျာ ၃-ချက်တို့တွင် အဗျာကတော ကုသလဿမှာ ရောက်နေတယ် (မှန်ပါ)။ အဲဒီတရားဟာ အခု ဒီမှာ ဝင်လာတယ် ဒါမှ သင်္ချာ တိကိုနှင့် ရတော့မပေါ့။ အဗျာကတော ကုသလဿ တရားသည် ဒီမှာ ရောက်လာတယ် (မှန်ပါ)။

ဒီကော့ အကောက်ဆရာတော်ဘုရားကြီးက ဘယ်နှယ်လုပ် ကောက်သလဲ။

အနုဋ္ဌရပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား– "နောက်နောက်သော ကုသိုလ်စိတ် ကေ၀ိသဟားတပ်သော, ၀ုဋ္ဌော မနောဒ္ဓါရာ၀ဇ္ဇန်း" ပစ္စည်းက တိုးလာပြီ မဟုတ်လား(မှန်ပါ)။ ပြီးတော့မှ ပဋ္ဌာ၀ါရအတိုင်း, အဆုံးဇော ကြည့်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရားတို့၏ အနုဋ္ဌရသတို့ ရ၏-တဲ့။

အရမ်းကျက်လို့ မဖြစ်ပါဘူး၊ အဲဒီလို သဘော နားလည်ရတယ်၊ ဒီဟိတ်ပါဌ်မှာ ဘာနဲ့ဘာ ရှိသလဲလို့မေးလျှင် ကုသလော ကုသလဿရယ် အဗျာကတော ကုသလဿရယ်၊ ဒီတရား ၂-မျိုး ပေါ်ထားတယ်။

မှတ်မိပလား (မှန်ပါ)။ ကျန်တဲ့ တနည်းကား–ဆိုတာက ပဋ္ဌာ၀ါရအတိုင်း ဆိုမှာပါ။

တနည်းကား–ပဌမဇောအား တပ်သော ၀ုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်း၊ ဒါက ဘယ်သူလဲ ဗျ-ကု မဟုတ်လား (မှန်ပါ)။ ကျန်တာတွေက ကု-ကုအတိုင်း ဆိုပေါ့၊ ဒုတိယဇောအား တပ်သော ပဌမဇော၊ သတ္တမဇောအား တပ်သော ဆဋ္ဌဇော-စသည်ဖြင့် ပဋ္ဌာ၀ါရတုန်းက အတိုင်း ဆိုရုံပဲ၊ ဦးဉာဏ၀ရ ဟော ကြည့်စမ်းပါ။

ကုသလေန ကုသလံ

ဦးဥာဏဝရ။ ။ကုသလေန ကုသလံ-ဌ် ကုသလော ဝမ္မော ဟူသော ကတ္တားပုဒ်၏အရကား-။ပ။ အနန္တရသတ္တိ ရ၏။

အကုသလေန အကုသလံဌ်လည်း နည်းတူပင် ဝုဋ္ဌော မနောဒ္ဓါရုဝင်္ဂန်းထည့်ဆိုဘို့ သတိပြုရသည်။

ဆရာတော်။ ။သတိပြုကြပါ ဘုန်းကြီး ခုတင်က ပြောပေးတဲ့နည်းကို၊ ဒီက 'တိဏိ'ထွက်တယ်၊ ပဥ္စာဝါရမှာ 'သတ္တ'ထွက်တယ်၊ 'သတ္တ' ရှိနေပေမဲ့ အခု ကုသလော ကုသလဿ ဟိတ်ပါဌ်ထုတ်တော့ ဘာတွေ ရသလဲ ကုသလော ကုသလဿ-ကဆုံး ရတယ်၊ ပြီးတော့ အဗျာကတော ကုသလဿရတယ်၊သခ်္ခ ၂-ချက် ဝင်လာတယ်။

ဒီက အကု-အကုကို ဟောလိုက်တာဟာ ပဥ္စာဝါရက ဘာတွေ ဝင်လာသလဲ အကုသလော အကုသလဿရယ်, အဗျာကတော အကုသလဿရယ် ဝင်လာတယ်၊ သခ်္ခ ၄-ချက် ကိစ္စပြီးနေတယ်။

ပဝတ္တိအခါ အဗျာကတေန အဗျာကတံ

ကျွန်တာဘယ်သူလဲလို့ လေ့လာလျှင် ဗျာ-ဗျာကို ဟောခဲ့ယ် မဟုတ်လား (မှန်ပါ)။ ပဥ္စာဝါရက ဗျာဗျာရယ်, ကုဗျာရယ်, အကုဗျာ ,ယ်လို့ ၃-ချက် မကျန်ဘူးလား (ကျန်ပါတယ်)။ အဗျာကတ ပစ္စယုပ္ပန်ဖြစ်တာတွေ၊ အဲဒါတွေ ကျန်နေဘယ်၊ ဒါကို သတိထားပေါ့။

ဗျာ-ဗျာဟောလျှင် ကု ဗျာ ပါလာလိမ့်မယ်၊ အကု-ဗျာ ပါလာလိမ့်မယ်၊ ပဝတ္တိအခါမှာ (မှန်ပါ)။ ဒါကြောင့် အဗျာကတေန အဗျာကတံ ဆိုပြီးတော့ ထုံးစံအတိုင်း ကောက်ပါ။

ဟိတ်ပါဌ်ထုတ်တော့ သတိပြုပါ၊ ပဥ္စာဝါရတုန်းက အကျဉ်း ဘယ်လို ကောက်သလဲ၊ အနန္တရပစ္စယာ-ဟူသော ဟိတ်ပါဌ်၏အရကား-ရဟန္တာတို့၏ စုတိနဲ့ဝင်ကွ နောက်နောက်သော ဝိပါက် ဆက္ခိတ်သ, ကြိယာဝိသအား တပ်သော ပစ္စယုပ္ပန်အတိုင်းဘဲနော် (မှန်ပါ)။ ရဟန္တာတို့၏ စုတိကြဉ်သော ရှေးရှေးမသော ဝိပါက်စိတ်ဆက္ခိတ်သ,ကြိယာစိတ် ဝိသ,ဝေဒနာသိုက် အင္ဂတိတ်သ၊ ဒါတွေ မဟုတ်လား (မှန်ပါ)။

အခု ကာမဇောဝါရဝိထိကို[1] သတိပြုကြည့်စမ်း၊ အဗျာကတပစ္စယုပ္ပန် ဖြစ်နေတော့ ပဋ္ဌိသန္ဓေ, ဘဝင်, အာဝဇ္ဇန်း, ပဉ္စဝိညာဏ်, သမ္ပဋ္ဌိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော၊ ဒါတွေက အဗျာကတတွေ မဟုတ်လား (မှန်ပါ)။ အစဉ်အတိုင်း ပစ္စည်းအဗျာကတ, ပစ္စယုပ္ပန်အဗျာကတ ရတယ်နော် (မှန်ပါ)။ ဇော-တဲ့၊ အဲဒီမှာလဲ ဟသိတုပ္ပါဒ်, မဟာကြိယာ ရတာဘဲ မဟုတ်လား(မှန်ပါ)။ သတ္တမ ဇော-တဲ့၊ အဲဒီမှာ နောက်က တဒါရုံ, ဘဝင်လို့ တရား ၂-မျိုး မရှိဘူးလား (ရှိပါတယ်)။ တဒါရုံကျသင့်လျှင် ကျမယ်၊ ဘဝင်ကျသင့်လျှင် ကျမယ်၊ အဲဒီလို ရှိနေတဲ့တရားမှာ တဒါရုံ, ဘဝင် အဗျာကတ ဖြစ်နေတုန်း ရှေက ဆုံးနေတဲ့ ဇောက မဟာကုသိုလ် သတ္တမဇော မပါဘူးလား (ပါပါတယ်)။ အရကောက် လိမ့်မယ်၊ ဒါဘဲလား မေးလျှင် အကုသိုလ်ဒုါဒသရဲ့ သတ္တမဇောကော မပါ ဘူးလား(ပါပါတယ်)။ ဒါတွေဟာ ဘာလဲ ကုသလော အဗျာကတသာ, အကု-သလော အဗျာကတသာ သခ်္ခါစာရင်းဝင်တွေဘဲ မဟုတ်လား(မှန်ပါ)။ သူတို့ တတွေပါ ကောက်ရတယ်။

အကောက်ထဲမှာ ရေးထားတာက ဟသိတုပ္ပါဒ် **မဟာ**ကြိယာက **စ-ကောက်** တယ်၊ ဘုန်းကြီးကတော့ ဆိုရိုးကို ချပေးတဲ့**အတိုင်း** ကောက်လိမ့်မယ် **သတိ** ထား**ခဲ့**ပါ။

ထိုနည်းတူစွာ **အောင်**က စျာနဝိထိ[1] ကို ကြည့်စမ်း၊ ဒီနေ့ ဦးပဉ္စင်းတို့ကို ပြောပေးနေတဲ့**အ**ဝိပွါ ပ်ကို ပြီးခဲ့တဲ့(၇၁)ကြိမ် စာဝါမှာ ဘုန်းကြီး ဒီနည်း မပြောသေးပါဘူး။

စျာနဝိထိမှာကြည့်လို့ရှိလျှင် သေက္ခ, ပုထုဇဉ်တို့ စျာန်ရတဲ့**အခါ**မှာ စျာန် စိတ်တွေက 'မဟဂ္ဂုတ်ကုသိုလ်'လို့ ဆိုတယ် မဟုတ်လား(မှန်ပါ)။ အဲဒီ မဟဂ္ဂုတ် ကုသိုလ်စျာန်ကတော့ ဆုံ့သွားတဲ့**အ**ခါကျတော့ ဘဝင်မကျဘူးလား(ကျပါတယ်)။ ဒါက ဘာသခ်္ခါတုံး (ကုသလော အဗျာကတသာ ပါ)။ အဲဒီ တရားကိုလဲ **အ**ခု ထည့်ကောက်လိမ့်မယ်၊ ရဟန္တာကိုယ်တော်ကြီး စျာန်ရတယ်ဆိုတော့ မထူးဘူး၊ သူကတော့ အဗျာကတော အဗျာကတသာ ဘဲ ဖြစ်မှာပေါ့(မှန်ပါ)။

ကဲ မဂ္ဂဝိထိ[1] ကြည့်စမ်းကြပါ၊ မင်္ဂနောင်မှာ ဖိုလ်လို့ မရှိဘူးလား (ရှိပါတယ်)။ အဲဒီ ဥစ္စာကို ပဌာဝါရတုန်းက ဘာတုံး (ကုသလော အဗျာ-ကာသာ)။ **အ**ခု ဒါကို ထည့်ကောက်မယ်၊ ပစ္စယုပ္ပန် အဗျာကတ ဖြစ်နေလျှင် ရှေက ရှိကာ **အ**ကုန်ကောက် ယ်လို့ တဒနေ့က **အ**ားရမှုတုန်းက ပြောခဲ့တယ် **မ**ဟုတ်လား(မှန်ပါ)။ **အ**ဲဒါကလေး သတိထားရုံဘဲ။

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ပ-တဲ့၊ နှာ-၃၁၉-ရှိ အနန္တရဝိထိ ပါဠိတော်အရ ရကောက် ဇယားတွင် ကြည့်။ ကျန် ဝိထိများကိုလည်း ၎င်းတွင်ပင် ကြည့်ပါ။

ထို့အတူ အောက်နား၊က သမာပတ္တိဝိထိကို ကြည့်တော့ သေက္ခသမာပတ္တိ ဖြစ်လို့ရှိလျှင် အနုလုံက ကုသိုလ်, ဖိုလ်က အဗျာကတ မဟုတ်လား(မှန်ပါ)။ သူ့ကိုလဲ ကောက်မှာဘဲ၊ သူလဲ ဘာတုံး ကုသလော အဗျာကတသ မဟုတ်လား(မှန်ပါ)။ အသေက္ခပုဂ္ဂိုလ်ရဲ့ သမာပတ္တိဝိထိဖြစ်လျှင်ကော(အဗျာကတော အဗျာကတသပါ)။ ဒါကတော့ ကောင်း ရမှာပေါ့။

ရှေ့ တဝိထိဘုံးကြည့်၊ နိရောဓသမာပတ္တိဝိထိ၊ အနာဂါမ်ဘဲ ဖြစ်ဖြစ်, ရဟန္တာဘဲ ဖြစ်ဖြစ် နောက်ပိတ်ဆုံး ဖိုလ်, ဘဝင် ကျမယ် မဟုတ်လား(မှန်ပါ)။ အနာဂါမ်ဖြစ်လျှင် နေဝသညာနာသညာယတနကုသိုလ်က ပစ္စည်း, အနာဂါမိ ဖိုလ်က ပစ္စယုပ္ပန်၊ ဒီလို မဟုတ်လား(မှန်ပါ)။ ဒီတော့ သူက ကုသလော အဗျာကာသ၊ ရဟန္တာဖြစ်လျှင်တော့ အဗျာကတော အဗျာကတသ၊ အဲဒီ ၂-မျိုးလုံ,ကို တခါတည်း ပေးကောက်မယ်၊ ဒီတော့ ဦးပဋ္ဌင်းတို့ မူလချပေးတဲ့ ဆိုရိုးအတိုင်း မဖြစ်ပေဘူးလား(မှန်ပါ)။

ကဲ မရဏာသန္နဝိထိကို သွားကြည့်စမ်း၊ တဒါရုံနောင် စုတိကျလျှင် အဗျာကတော အဗျာကတသ၊ ဇောနောင် စုတိကျရာမှာ မဟာကုသိုလ်ဇော နောင် စုတိကျတော့ ကုသလော အဗျာကတသ၊ ပဋ္ဌာဝါရက မကောက်ဘူးလို့ အတိအကျ ပြောပေးခဲ့တယ် မဟုတ်လား(မှန်ပါ)။ အကုသိုလ်ဇောနောင် စုတိကျတော့ အကုသလော အဗျာကတသ၊ ဒါလဲ ပဋ္ဌာဝါရက မကောက်ဘူး မဟုတ်လား(မှန်ပါ)။ ရှိတယ်နော်၊ ဒါကဓလေး မှတ်ထားလို့ ဘုန်းကြီးက ပြောခဲ့တယ်၊ ဘုန်းကြီးတို့ဆီမှာရှိတဲ့ နှစ်ပေါင်းများစွာက ပုံနှိပ်ထားတဲ့ အရ ကောက် စာအုပ်ထဲမှာ ပါမလာဘူး။

ထားခဲ့ပါတော့၊ ဘဝင်နောင် စုတိဆိုတော့လဲ အဗျာကတော အဗျာ-ကတသဘဲ မဟုတ်လား(မှန်ပါ)။

ခုတင်တုန်းက ပြောတဲ့ ဇောနောင်စုတိ ကုသလော အဗျာကတသ, အကုသလော အဗျာကတသ တရားတွေကို အကောက်ထဲမှာ ဘယ်လို သာမန် လုပ်ပြီး ကောက်ထ ,းသလဲလို့ဆိုလျှင် သတိပြုကြစမ်းပါ။

ဇောနောင် စုတိကျသည်ဖြစ်အုံ့၊ စုတိကျေနဝိသအား တပ်သော-ဆိုတော့ ကုသိုလ်ဇောနောင် စုတိသာ ကျေနဝိ ပရှိတယ် မဟုတ်လား(မှန်ပါ)။ အကယ်၍ ဗျာ-ဗျာသာကောက်လို့ရှိလျှင် ကြိယာဇောနောင် စုတိက ဘယ်လောက်ရှိသလဲ တေရသ(မှန်ပါ)။

အခုတော့ ဒီလို မဟုတ်ဘူး၊ ဇောနောင် စုတိကျသည်ဖြစ်အုံ့၊ စုတိ ကျေနဝိသ အား တပ်သော၊ အဲဒါက ပစ္စယုပ္ပန် ဖြစ်သွားရော မဟုတ်လား(မှန်ပါ)။ စုတိ

ရှေက ဘာဇောထားသလဲဆိုတော့ ပဠုမဇော-တဲ့၊ အဲဒါ ထုတ်ထားတယ်' အကောက်ကိုကြည့်စမ်း နော်၊ အဓိကာဂ်ကြည့်နည်း ပြောတာ။

ပဠုမဇောဆိုတော့ ဘာပဠုမဇောလဲ မေးလျှင် 'မရဏာသန္နပဠုမဇော'လို့ တခါ မလိမ့်တပတ် ဖြေချင် ဖြေနိုင်သေးတယ် မဟုတ်လား(မှန်ပါ)။ အဲဒီ ကုသိုလ်မရဏာသန္နဇော မစောနိုင်ဘူးလား (စေ နိုင်ပါတယ်)။ အကုသိုလ် ဇောကော (စောနိုင်ပါတယ်)။ အဗျာကတဇောသာဆိုလို့ရှိလျှင် မဟာကြိယာ ဇော ဖြစ်တော့မယ် မဟုတ်လား(မှန်ပါ)။ ဥပဓိပဠုဒ်းတို့ ဘုန်းကြီးတို့ သာမန် ဖြစ်တဲ့ပုထုဇဉ်တွေ သေလို့ မဟာကြိယာဇော စောနိုင်မှာလား(မစောနိုင်ပါ)။ တိရစ္ဆာန်တွေ သေတော့ကော စောလို့ ရမလား(မရပါ)။

လေ့လာကြပါ၊ ပဋ္ဌာဝါရတုန်းကလဲ ဒီတရားမရတာကို ဘုန်းကြီး ထပ်ကာ ထပ်ကာ ပြောခဲ့ပါတယ်။

ကုသိုလ်ဇော, အကုသိုလ်ဇောတွေ စောနိုင်တယ်၊ ကုသိုလ်က ဘယ်သူတုံး မဟာကုသိုလ်ဇော, အကုသိုလ်ကတော့ အကုသိုလ် ဒွါဒသလုံးရှဲဇော၊ အဗျာ-ကတဇောထုတ်လျှင် ကြိယာဇောထုတ်၊ တမျိုးတည်းသာ ရစတမ်းဆိုလို့ရှိလျှင် အခုပြောတာတွေ ဘယ်နှယ်လုပ်မလဲ၊ တိရစ္ဆာန်တွေသေလျှင် မဟာကြိယာ ဇော စောမှာလား, ပုထုဇဉ်တွေသေလျှင် မဟာကြိယာဇော စောမှာလား။ (မစောပါ)။ သေတာပန်, သကဒါဂါမ်, အနာဂါမ် သေလျှင်ကော မဟာ ကြိယာဇော စောလို့ဖြစ်ပါ့မလား (မဖြစ်ပါ)။

အဲဒါကလေးတွေ လေ့လာရပါတယ်၊ထားခဲ့ပါတော့ အဲဒါတွေ ကောက်လိမ့် မယ်၊ ဘုန်းကြီး နည်းနည်း ဒါတွေကို ပြန်ကောက်ပေးမယ်၊ အဲဒီမှာ တဘဝ ဆုံးတယ်နော်၊ ဒါ ပဝတ္တိလို့ ခေါ်တယ်။

ဒါကြောင့် အနန္တရပစ္စယာ-ဟူသော ပဋ္ဌာန်ပါဠိ၏အရကား ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်စိတ် ဆတ္တိ သ,ကြိယာစိတ်ဝီသအား တပ်သော၊ ဒါကဘာတုံး ပစ္စယုပ္ပန်နော် (မှန်ပါ)။ ခါတိုင်းတော့ ရဟန္တာတို့၏ စုတိကြည့်သော ဒီကိုသွားဘယ်မဟုတ်လား (မှန်ပါ)။ ထည့်ပါ၊ အကုသိုလ် ဒွါဒသ,ကုသိုလ်ဧကဝီသ အဆုံးဇော-တဲ့၊ အဲဒါကို ထည့်ရလိမ့်မယ်။

အဲဒါတွေ ဘယ်မှာလဲဘုရားလို့ မေးလို့ရှိယင် လိုက်ကြည့်ကြမ်း၊ အကုသိုလ် ဒွါဒသ အဆုံးဇောဆိုတာ ကာမဇောဝါရုဝိထိမှာ ရှိဘူးလား (ရှိပါတယ်)။ မဟာကုသိုလ်အဆုံးဇောကော ကာမဇောဝါရမှာ ရှိတယ်မဟုတ်လား (မှန်ပါ)။

၇-ခု ရသွားပြီ၊ စျာနဝိထိက မဟာဂျုတ် ကုသိုလ်အဆုံးဇော မရှိဘူးလား (ရှိပါတယ်)၊ ၁၇-ခု ရသွားပြီ၊ မဂ္ဂဝိထိက မဂ် ၄-ခု မရှိဘူးလား၊ (ရှိပါတယ်)၊ အဲဒါပါ ထည့်လိုက်တော့ ၂၁။

အကုသိုလ် ဒွါဒသ, ကုသိုလ်ကေဝိသ အဆုံးဇော၊ ပြီးတော့မှ ပဉ္စာဝါရ အတိုင်းဆိုတော့ ဘာတုံး ရဟန္တာတို့၏ စုတိကြည်ညိုသော ရွှေးခရွေးသော ဝိပါက်စိတ် ဆတ္တိံသ, ကြိယာဝိသ နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့၏ အနန္တရ-သတ္တိ ရ၏။

ပြီးတော့မှ တနည်းကား အကျယ်၊ 'အဗျာကတ ပစ္စယုပ္ပန်ဆိုတော့ ကာမဇော၀ါရ တဝိထိလုံးဆိုပေါ့၊ သတိပြုနားထောင်ထားပါ၊ ဦးပဉ္စင်းတို့ ရနေပါတယ်၊ ပြီးတော့ ဘာဆိုရမှန်းမသိ ဖြစ်မှာစိုးလို့၊ ပဌမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ၊ အဲဒီကသွားလိုက်တာ ဘယ်အထိလဲ၊ ပရိတ္တာရုံ ဝိထိ ဖြစ်အုံ့ ဒုတိယ ဝုဋ္ဌေါအား တပ်သော ပဌမဝုဋ္ဌော၊ ပဉ္စဝေါကာရဘဝင် ၁၅-ခုအား တပ်သော ဒုတိယဝုဋ္ဌော၊ အဲဒီကျတော့ ပရိတ္တာရုံဝိထိ ဆုံးရောမဟုတ်လား (မှန်ပါ)။

ပြီးတော့ အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝိထိဖြစ်အုံ့-ဆိုတော့ ဗျာ-ဗျာတင် ကောက်ရတယ်နော်၊ (မှန်ပါ)။ ဟသိတုပ္ပါဒ်, မဟာကြိယာ ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်း၊ ဒုတိယဇောအား တပ်သော ပဌမဇော ။ပ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော ဆိုတော့ ဗျာ-ဗျာအတူက် ဆုံးရောမဟုတ်လား (မှန်ပါ)။

အဲဒီကနောက်ကို ဇောနောင် တဒါရုံ, ဘဝင်ကို ဆိုရိုးအတိုင်း ဆိုပါ၊ လောဘမူ မောဟမူ မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အုံ့၊ တဒါရုံ ဇောဒသ, တဒါရုံ မကျသည်ဖြစ်အုံ့၊ ဘဝင်ကျေနဝိသအား တပ်သော လောဘမူ မောဟမူ မဟာကုသိုလ်အဆုံးဇော၊ ဒါတွေက ဘာတွေတုံး၊ ကုဗျာ, အကု-ဗျာတွေ မဟုတ်လား (မှန်ပါ)။

ကျွန်တာတွေ ဒေါသမူဇောနောင်, ဟသိတုပ္ပါဒ်ဇောနောင်, မဟာကြိယာ သောမနဿဇောနောင်, ဥပေက္ခာဇောနောင် အကုန်လုံးထုတ်ပါ၊ ဒါတွေက ဘာတွေဖြစ်သလဲ၊ ကုသလော အဗျာကတသာ, အကုသလော အဗျာကတသာ, အဗျာကတော အဗျာကတသာ အကုန်လုံးရတယ် (မှန်ပါ)။ အဲဒီကသွားလိုက်တာ ဘယ်မှာဆုံးသလဲ ကာမဇော၀ါရ တ၀ိထိလုံး ကုန်အောင်ဆိုပါ။

ပြီးတော့မှ ဖလသမာပတ္တိ၀ိထိကို ကျော်ကြည့်ပါ၊ ဘာတဲ့တုံး ဆိုရိုးက၊ အောက်ဒိုလ်သောမနဿ ၁၂-ခုအားတပ်သော အနုလုံကိစ္စတပ်သော မဟာ

ကုသိုလ် ပဌမဒ္ဒေ၊ ဒါကဘာတုံး ကုသလော အဗျာကတသ မဟုတ်လား (မှန်ပါ)။ အောက်ဖိုလ်ဥပေက္ခာလဲ ဒီအတိုင်းဆိုပါ။

ပြီးတော့ပြန်လာခဲ့ပါ စျာနဝိထိကို၊ မဟဂ္ဂုတ် ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿ သဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ, အနုလုံကိစ္စတပ်သော မဟာကြိယာ ပဌမဒ္ဒေ၊ သူက ဘာလဲ အဗျာကတော အဗျာကတသ၊ ဥပေက္ခာ ဒီအတိုင်းဆိုပါ။

ပြီးတော့မှ ဘာတုံး၊သမာပဇ္ဇနဝိထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာ အား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကြိယာ၊ ဒီထိအောင် အဗျာကတော အဗျာကတသဘဲ မဟုတ်လား (မှန်ပါ)။

ရှေတိုးပါ၊ ပဠေဝါကာရ တိဟိတ်ဘဝင် ၉-ခုအား တပ်သော ရူပါဝစရ ကုသိုလ်, ကြိယာ အဆုံးဇော၊ ကုသိုလ်အဆုံးဇောဆိုတာက ကုဗျာ၊ ကြိယာ အဆုံးဇောက ဗျာ-ဗျာ၊ အစဉ်အတိုင်း တက်ဆိုသွားပါ။

တိဟိတ်ဘဝင် တေရသအား တပ်သော ရူပါဝစရ ကုသိုလ်, ကြိယာ အဆုံးဇော ၂-မျိုးစလုံး ရတယ်နော် (မှန်ပါ)။ ပဠေဝါကာရ တိဟိတ်ဘဝင် ၉-ခု, အာကာသာနဉ္စာယတနဘဝင်အား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်, ကြိယာ အဆုံးဇော၊ တိဟိတ်ဘဝင် တေရသအား တပ်သော နေဝ-သညာနာသညာယတန ကုသိုလ်, ကြိယာ အဆုံးဇော၊ နိရောဓသမာပတ်မှ ထစသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အား တပ်သော နေဝသညာ နာသညာယတနကုသိုလ်,ကြိယာအဆုံးဇော၊ သူတို့က ဘာတွေလဲ၊ ကုသလော အဗျာကတသလဲ ပါတယ်၊ အဗျာကတော အဗျာကတသလဲ ပါတယ်။

ပြီးတော့မှ မဂ္ဂဝိထိ လာခဲ့ပါ၊ သောတပတ္တိဖိုလ်အား တပ်သော သောတာ-ပတ္တိမဂ်။ပ။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်၊ နောက်နောက်သော ဖိုလ် ၄-ခုအား တပ်သော ရှေးရှေးသော ဇောတူဖိုလ် ၄-ခု၊ တိဟိတ်ဘဝင် တေရသအား တပ်သော ဖိုလ် ၄-ခု အဆုံးဇောဆိုတော့ ကုန်သွားရော (မှန်ပါ)။

ပြီးတော့မှ မရဏာသန္နအခါ တဒါရုံနောင် စုတိကျသည်ဖြစ်အုံ့၊ ကာမစုတိ ၁၀-အား တပ်သော ဒုတိယတဒါရုံ၊ ဇောနောင် စုတိကျသည်ဖြစ်အုံ့၊ အဲဒီမှာ ခုတင်က သာမန်ထုတ်ထားတာ ပြောခဲ့တယ်မဟုတ်လား(မှန်ပါ)။ ဒီလို ထင်ရှား အောင် ဆိုပါ၊ ဇောနောင်စုတိကျသည် ဖြစ်အုံ့၊ စုတိကျေနဝိသအား တပ်သော ကုသိုလ် အကုသိုလ် ကြိယာ ပဌမဇော....လို့ ဇော ၃-မျိုးစလုံး ပါအောင်ဆိုပါ၊ သာမညနှင့် ပဌမဇောလို့ လုပ်မထားပါနှင့် (မှန်ပါ)။ ဘဝင်နောင် စုတိ ကျသည်ဖြစ်အုံ့ စုတိကျေနဝိသအား တပ်သော ဘဝင်ကျေနဝိသ ပစ္စည်းတရား တို့၏ အနန္တရသတ္တိ ရ၏၊ ပဝတ္တိမှု ဒီတွင်ဆုံးရသည်။

အဲဒီမှာ အကောက် စာအုပ်ဟောင်းတွေမှာ ပြောင်းပြန် ဖြစ်နေတတ်တယ်၊ ဘဝင်ကျွေနဝိသအား တပ်သော စုတိကျွေနဝိသဆိုလျှင် ဘယ့်နှယ်နေမလဲ မှန်ပါ့မလား (မမှန်ပါဘုရား)။ အဲဒီလိုဆိုလျှင် ပြောင်းပြန်ဖြစ်နေတာ။

ဆရာတော်။ ။ဦးဥာဏဝရ ဟောစမ်းပါ။

ဦးဥာဏဝရ။ ။အထက်ကအတိုင်း ကောက်သည်။

ပဋ္ဌိသန္ဓေအခါ

ဆရာတော်။ ။ပြီးတော့ ပဋ္ဌိသန္ဓေအခါအတွက် မနေ့ကအတိုင်း ကောက်ပါ၊ ဟိတ်ပါဠိထုတ်တော့ အောက်နားက ကျန်နေတဲ့ စာ ၇-ကြောင်း ကြည့်ပါ၊ ပစ္စယုပ္ပန်က ပဋ္ဌိသန္ဓေမဟုတ်လား (မှန်ပါ)။ ပစ္စည်းက စုတိ။

သုံးစဲ့တတ်ပါစေ၊ ဒီဝိထိကလေးတွေနှင့်ဘဲ ဝါရတိုင်းကို ပြောပေးနေပါတယ်၊ နည်းမပြောင်းဘူး၊ ဒီဝိထိဘဲ ဘာမှ မပြင်ဘူး၊ တရားအနေအထားကလေး သွားနေတာကို ပဋ္ဌာဝါရက ဘယ်လိုလုပ် ကောက်တယ်၊ ဒါကို ခုတင်ကပြောထားခဲ့ပါပြီ၊ သခ်္ခ'သတ္တ'နှင့် ကောက်တယ်၊ ဒီက ဆဝါရကတော့ 'တိ'ကို'နှင့် ကောက်နေတယ် မဟုတ်လား (မှန်ပါ)။ သွင်းထားတဲ့တရားကို ကြည့်ရတယ်၊ ပြန်ပြောနေတာနော် (မှန်ပါ)။

ကုသလော ကုသလသဒ္ဒမှာ ဘာဝင်သနေလဲ၊ ဟိုတုန်းက ဟောခဲ့တဲ့ ကု-ကုမှာ ကုသလော ကုသလသဒ္ဒလဲ ဝင်လာတယ် ကုသလော အဗျာကတသဒ္ဒလဲ ဝင်လာတယ်၊ သခ်္ခ ၂-ချက်ဝင်တယ် (မှန်ပါ)။ အကု-အကုကုတော့ အကုသလော အကုသလသဒ္ဒရယ်, အကုသလော အဗျာကတသဒ္ဒရယ် ဝင်တယ်၊ သခ်္ခ ၄-ချက်ရသွားပြီ၊ အဗျာကတော အဗျာကတသဒ္ဒကျတော့ ဗျာ-ဗျာဟောလိုက် တာနှင့် တမ်ပြိုင်နက် ကုဗျာ, အကုဗျာ ၃-ချက် ပေါင်းဝင်လာတယ်။

ဒီမှာတော့ ဘာခဲ့လိုက်သတုံးမေးလျှင် ပဋ္ဌာဝါရတုန်းက အကုန်ဆုံးအောင် ကောက်တယ်၊ ပဝတ္တိပဋ္ဌိသန္ဓေခဲ့တော့ အောက်တန်းက ပဋ္ဌိသန္ဓေခေါ်း၊ ပစ္စယုပ္ပန် ပဋ္ဌိသန္ဓေ (မှန်ပါ)။ အနန္တရပစ္စယာ-ဟူသော ဟိတ်ပါဠိ၏ အရကား-ပဋ္ဌိသန္ဓေ စိတ်ကျွေနဝိသအားတပ်သော ဒါက ပစ္စယုပ္ပန်ဘက် (မှန်ပါ)။ ပစ္စည်းဘက်က ဘာတွေရှိသလဲ၊ စုတိကျွေနဝိသဘဲ မဟုတ်လား (မှန်ပါ)။ စုတိစိတ်ကျွေနဝိသ ပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏၊ တနည်းကား-ဆိုပြီးတော့ တကြောင်းချင်း ဆိုပါ၊ ဟောတတ်ပါလိမ့်မယ် လုပ်ပါတယ်၊ ပစ္စယုပ္ပန်တော့ မနေ့က အာရမ္မဏ အတိုင်း ကောက်နော် (မှန်ပါ)။ အစိတ်အစိတ်နာမကွန္ဓာ, ဟဒယဝတ္ထုကို စဲ့ရ ဖြစ်သော အစိတ်အစိတ်,အစိတ်အပေါင်း နာမကွန္ဓာလို့ဆို၊ အားလုံးဟောစမ်းပါ ပဋ္ဌိသန္ဓေအခါကို။

သံယောတော်မျှား။ ။ပဋ္ဌိသန္ဓေအခါ ဟောကြသည်။

ဆရာတော်။ ။**အနန္တရပြီးတော့** ဘာဖြစ်ပါပြီးသလဲ၊ **သမနန္တရလဲ ပြီးရော၊ အနန္တရူပ** နိဿယလဲ ဒီအကိုင်းဘဲ၊ နတ္ထိ, ဝိဂတလဲ အတူတူဘဲ၊ ဒါကြောင့်မို့ ၁-ပစ္စည်းတည်းကို စိတ်ချလက်ချသင်တာ၊ ပြီးရောပေါ့၊ ကျန်တဲ့ ၄-ပစ္စည်းပါပြီးပြီ၊ ရှေ့သွားရအောင်၊ အနန္တရ ပြီးပြီ။

သဟဇာတပစ္စည်း အရကောက်

သဟဇာတပစ္စည်းက သခ်္ခ'နဝ'ထွက်တယ်၊ နာမ်ကုန် ရူပ်ကုန် ရှိသားတဲ့ တရားဖြစ်ခြင်းကြောင့် ကုသလပဒ ၃-ချက်ကိုဘဲ အလျင် ပေါင်းကြည့်ရတယ်၊ ကုသိုလ်စိတ်ကဝိသအကုန်လုံးဘဲ ရတယ်မဟုတ်လား (မှန်ပါ)။ ကု-ဗျာဖြစ်လျှင် ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်, ကု-ကုဗျာဖြစ်လျှင် ကုသိုလ်ရော, ရူပ်ရော ရမှာပေါ့၊ ပစ္စယုပ္ပန်အခါကိုင်းလိုဘဲ ကောက်ပါ။

အကုသိုလ်ဖြစ်လျှင်လဲ ဘာမှမကြည့်ရ၊ အကုသိုလ်စိတ် ဒ္ဒါဒသ, စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမကွန္ဓာကို စွဲဖြစ်တဲ့ အကုသိုလ်စိတ်ဒ္ဒါဒသ, စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမကွန္ဓာ၊ ခုတင်ကပင် ကောက်ပြီးတယ် မဟုတ်လား (မှန်ပါ)။ အကု-ဗျာ, အကု-အကုဗျာလဲ အထက်ကနည်း မှီး ကောက်ရမယ်။

ဗျာ-ဗျာဖြစ်လဲ ဝိပါက်ဆတ္တိံသ, ကြိယာဝီသ အကုန်လုံး ရတယ်၊ ပဋ္ဌိသန္ဓေ လဲ ပဋ္ဌိသန္ဓေစိတ်ဇကူနဝီသ အကုန်လုံး ရတယ်၊ နားလည်လောက်ကြပါပြီနော် (မှန်ပါ)။

ရူပ်သက်သက် ဖြစ်အုံ၊ ရူပ်တွေ ၇-မျိုးစလုံး ရနေတယ်၊ ရူပ်သက်သက်ဖြစ်အုံ၊ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အဲဒီမှာ နာမ်တွေ အကုန်ရှိတော့ ရူပ် မဖြစ်မထိုက်တဲ့ တရားတွေ အကုန်ကြည့်ပေါ့၊ ဘယ်လိုကြည့်မလဲ၊ အရူပဝိပါက် ၄-ခု, ဇဒ္ဒပဋ္ဌ-ဝိညာဉ် ၁၁, ရဟန္တာတို့၏ စုတိကြည့်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမကွန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ဒါက ရူပ်တမျိုး (မှန်ပါ)။ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋ္ဌိသန္ဓေကမ္မဇ မဟာဘုတ်၊ ၂-မျိုး ရှိသွားပြီ (မှန်ပါ)။ ကျန်တဲ့ ရူပ်တွေလဲ သည်ပေါ့၊ ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာ ဘုတ်, အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇ မဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့်တကွသော ဇိတ္တဇဥပါဒါ, ပဋ္ဌိသန္ဓေကမ္မဇဥပါဒါ, ဗာဟိရဥပါဒါ,

အာဟာရဇဉ္ဇပါဒါ, ဥတုဇဉ္ဇ ပါဒါ, အသညသတ်ကမ္မဇဉ္ဇပါဒါ, ပဝတ္တိကမ္မဇဉ္ဇပါဒါ ရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဒီမှာ ရုပ်တွေစုံလို့၊ သူဘဲ ထူးတယ် (မှန်ပါ)။ ကျန်တာတွေက အကုန်လုံး ပစ္စယုပ္ပန် အတူတူဘဲ။

ဟိတ်ပါဋ္ဌ ကြည့်ရအောင် ကုသလေန ကုသလံ ၌ သဟဇာတ ပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–ဘာကောက်ရတယ်၊ ပဋ္ဌာဝါရ ကတ္တားကို ကောက်ရတယ်ဆို မဟုတ်လား (မှန်ပါ)။ အချင်းချင်းအားတပ်သော ကုသိုလ်စိတ် ဇေဝိသ, စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ သဟဇာတသတ္တိ ရ၏။

ဘယ်လောက်လွယ်သလဲ၊ ဒါကြောင့် ပဋ္ဌာဝါရကို မေ့မပစ်ကျပါနှင့် ဆဝါရ ကျလျှင် တာက်လောက် ပါလာလိမ့်မယ်လို့ ဟိုတုန်းကတည်းက သတိပေး ခဲ့တာ။

အခုပြီးတာက ကု-ကု(မှန်ပါ)။ ကု-ဗျာကျတော့ ကုသလေန အဗျာကတံ-၌ သဟဇာတပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏အရကား–စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဇေဝိသ, စေတသိက်အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ပဋ္ဌာဝါရကတ္တားက ဒါဘဲရှိတယ်နော် (မှန်ပါ)။ သတိပြုကြပါ၊ ဆဝါရမှာ ပိုလာဟာ ကြည့်ရအောင်–

အခုကောက်နေတဲ့ တရားဟာ ဘုန်းကြီး တမျိုးပြောမလို့ သတိပြုကြစမ်း ပါ၊ သဟကြီး ဇယား ၁-မှာဘဲ အခုပြနေတယ်မဟုတ်လား (မှန်ပါ)။ အချင်း ချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါးလို့ ဆိုတာ နံပါတ်-၁ သုဒ္ဓသခ်္ခ်ာက တရား၊ ဟုတ်တယ်မဟုတ်လား (မှန်ပါ)။ စိတ္တဇရုပ်အားတပ်သော ကုသိုလ် နာမက္ခန္ဓာ ၄-ပါး ဆိုတာလဲ နံပါတ်-၁ ကဘဲ မဟုတ်လား(မှန်ပါ)။ အဲဒီလို နား လည်ထားပါ။

ဒီတော့ နံပါတ်-၂ ကု-ဗျာဟာ ပစ္စယုပ္ပန် ရုပ်မဟုတ်လား (မှန်ပါ)။ အဲဒီလို ပစ္စယုပ္ပန် ရုပ်ရနေတဲ့ ပဒါ၀ဿာနမျိုး ဟိတ်ပါဋ္ဌထုတ်တဲ့အခါမှာ နံပါတ်-၂ သုဒ္ဓ သခ်္ခ်ာကို အမြဲထည့်ပြီး ထုတ်ရတယ်၊ နံပါတ်-၂ သုဒ္ဓသခ်္ခ်ာဆိုတာ သဟကြီးမှာ ဘယ်သူလဲ၊ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် ၄-ပါး၊ ဒါမဟုတ်လား (မှန်ပါ)။ အခုပစ္စယုပ္ပန်မှာ ရုပ်ရှိနေလျှင် ထုတ်တာ ကတော့ နံပါတ်-၁ တရား၊ပစ္စယုပ္ပန်ရုပ်ရှိနေလျှင် နံပါတ်-၂ တရားကို ထည့်ထုတ် လျှင် သူ့ကို ဟိတ်ပါဋ္ဌမှာထည့်ပြီး ထုတ်ရတယ် (မှန်ပါ)။

ဒါကြောင့် ဦးပဉ္စင်းတို့ ဆဝါရမှတ်စုဆိုတဲ့ နေရာမှာ နံပါတ်စဉ် ဘယ်လောက်ရသွားမလဲ(နံပါတ်-၃ ရောက်သွားပါပြီ)။ ဒါဖြင့် ၄-နံပါတ်ဆိုပြီး ဒါကလေး ထည့်ရအောင်။

သူတို့က သဟဇာတအကြီး ၄-ပစ္စည်းလုံးနှင့် သက်ဆိုင်မည့် စကားဖြစ်ခြင်းကြောင့် သဟကြီးဆိုပြီးတော့ လက်သည်းကွင်းပြထားပေါ့။

ဆဝါရမှတ်စုအဆက်

နံပါတ်-၄ (သဟကြီး)၊ ပစ္စယုပ္ပန် ရှိပ်ရှိလျှင် သဟကြီး နံပါတ်-၂ သုဒ္ဓသခ်္ပါကို ဟိတ်ပါ၌ အရကောက်မှာ ထည့်၍ထုတ်။

ကဲ ဒါဖြင့် ကောက်ကြစို့၊ ကုသလေန အဗျာကတံ-၌ သဟဇာတပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား – စိတ္တဇရူပ်အားတပ်သော ပဋ္ဌေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဌတိံသ အစိတ် အပေါင်း နာမကွန္ဓာ၊ ဒါက ပဋ္ဌာဝါရ ကတ္တားအရ (မှန်ပါ)။ အခုပိုလာမှာက ဘာတုံး၊ "အချင်းချင်းအားဇင်း, ဥပါဒါရုပ်အားဇင်း တပ်သော မဟာဘုတ် ၄-ပါး" ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

ပြီးတော့ ကုပဒ ကုဗျာပဒါဝသာနမှာလဲ ပစ္စယုပ္ပန်မှာ ရှိပ်ပါမလာဘူးလား (ပါလာပါတယ်)။ နံပါတ် ၂-ကို ဒီအတိုင်း ထည့်ထုတ်ပါ၊ နားလည်လောက်ပါတယ်နော် (မှန်ပါ)။ ဦးသုဇာတ ကုဒ-ချက် ဟောစမ်းပါ။

ဦးသုဇာတ။ ။ကုသလေန ကုသလံ-၌။ ပ။ ရ၏။

ဆရာတော်။ ။အကု ၃-ချက်လဲ ဒီလို နေမှာဘဲ၊ အကုသိုလ်စိတ် ဒ္ဒါဒသ, စေတသိက်သတ္တဝီသ ဆိုရုံဘဲ၊ အားလုံး အကု ၃-ချက်ဟောပါ။

သံဃာတော်များ။ ။အကု ၃-ချက် ဟောကြသည်။

ဆရာတော်။ ။ဗျာ-ဗျာ ဒီအတိုင်းဘဲ၊ ပစ္စယုပ္ပန်ရှိပ်ရှိတယ်၊ ပဝတ္တိမှာ နံပါတ်-၂ ထည့်ဆိုပါ၊ ပဋိသန္ဓေကျတော့ ပစ္စယုပ္ပန် ခါတိုင်းလိုဘဲ ကောက်ပေါ့။

ဟိတ်ပါဋ္ဌထုတ်တော့ သတိပြုကြစမ်းပါ၊ သူမှာလဲ ရှိပ်ရှိတယ်မဟုတ်လား (မှန်ပါ)။ ဒီတော့ ဘယ်လိုလုပ် ထုတ်မလဲ၊ သတိပြု ပဋိသန္ဓေအခါ ဟိတ် ထုတ်နည်း။

ပဋိသန္ဓေအခါ သဟဇာတပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–အချင်းချင်းအားဇင်း, အချင်းချင်း နာမကွန္ဓာ ကဋတ္တာရုပ်အားဇင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ, စေတသိက် ပဋ္ဌတိံသ အစိတ်အစိတ်နာမကွန္ဓာ၊

ပြီးတော့ ရူပ်ရှိနေတယ်မဟုတ်လား (မှန်ပါ)။ အချင်းချင်းအားရင်း, ဥပါဒါ ရူပ်အားရင်း တပ်သော မဟာဘုတ် ၄-ပါး၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ဒါက ထုံးစံအတိုင်း ခုတင်က မှာ်တမ်းနဲ့ရမှာဘဲ (မှန်ပါ)။

အခုဒီမှာ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ' ဟောထားတဲ့ ဒေသနာ ပါတယ်မဟုတ်လား (မှန်ပါ)။ သူ့အတွက်က သဟဇာတ်ကြီး သုဒ္ဓခ်ျာမှာ နံပါတ်-၃ တရားကို ဟောထားတဲ့ ဒေသနာမဟုတ်လား (မှန်ပါ)။

ဒါကြောင့် ခုတင်က မှတ်စုအမှတ်စဉ်-၄ ရောက်သွားတော့ ဒီမှာ အမှတ်စဉ် ၅-လို့ ရေးစမ်းပါ၊ ဒီ ပဋ္ဌိစ္စအကွက် ဆာဝါရအကွက်က ဒါလောက် ကလေးတွေဘဲ သတိပြုပြီး မှတ်ရပါတယ်၊ ကျန်တာတွေက ဘာမှအကြောင်း မထူးဘူး၊ ဘယ်နေရာမှာ ဘာထည့် အသုံးချမယ်ဆိုတာ မှတ်ထား။

ဆဝါရမှတ်စု အကောက်

နံပါတ်-၅ (သဟဇာတ်ကြီး) ပဋ္ဌိသမုဒ္ဒအခါဖြစ်အုံ့၊ သဟဇာတ်ကြီးနံပါတ်-၃ သုဒ္ဓသခ်ျာကို ဟိတ်ပါဠိအရကောက်မှာ ထည့်ရှုတယ်။

နားလည်ကြရဲ့ မဟုတ်လား၊ သဟဇာတ်ကြီး နံပါတ်-၃ သုဒ္ဓသခ်ျာဆိုတာ ဘယ်သူလဲ၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ, ဟဒယဝတ္ထု၊ ဒါကြောင့် အခု ဒီ ပဋ္ဌိသန္ဓေဟိတ်မှာ ပြန်ထုတ်လျှင် 'အချင်းချင်း အားရင်း, အချင်းချင်းနာမကွန္ဓာကဋ္ဌတ္တာရူပ်အားရင်း တပ်သော ပဋ္ဌိသန္ဓေ စိတ် ကေ့ကွန်ဝိသ, စေတသိက်ပဋ္ဌတိ 'သ အစိတ်အစိတ်နာမကွန္ဓာ'၊ ဒါကတချက်၊ ပြီးတော့အချင်းချင်းအားရင်း,ဥပါဒါရူပ်အားရင်း တပ်သော မဟာဘုတ်၄-ပါး,၊ ဒါကတချက်၊ ပြီးတော့ နံပါတ်-၃ က ဘာတုံး၊ 'အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထု' ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိ ရ၏-လို့ ထုတ်ကြပါ၊ ဒါက ပဋ္ဌိသန္ဓေအခါ (မှန်ပါ)။

ရူပ်ရူပ်သက်သက်ဖြစ်အုံ့၊သဟဇာတပစ္စယာ-ဟူသောဟိတ်ပါဠိ၏ အရကား– စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော–ဆိုတာက နောက်တုန်းက တွေ့ခဲ့တယ်မဟုတ်လား (မှန်ပါ)။ ခါတိုင်းလိုထုတ်ပါ ဟေတုဘုန်းကထုတ်သလို။ ခုတင်က နာမ်တွေပြန်ထုတ်မယ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် စိတ္တဇရူပ်, ပဋ္ဌိသန္ဓေ ကမ္မဇရူပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ အစိတ်ပေါင်း နာမကွန္ဓာ အချင်းချင်းအားရင်း၊ ဥပါဒါရူပ်အားရင်း တပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ သဟ-ဇာတသတ္တိ ရ၏၊ ဦးသုဇာတ ဆက်ကောက်စမ်းပါ။

ဦးသုဇာတ။ ။အဗျာကတေနာ အဗျာကတာ်၌ ပဝတ္တိအခါ။ပ။ရ၏။ (ကုသလာဗျာကတေနာ အဗျာကတံ, အကုသလာဗျာကတေနာ အဗျာ-ကတံဘို၌လည်း နည်းတူကောက်ရန်။)

သဟဇာတ ပြီးပြီ။

အညမညပစ္စည်း အရကောက်

အညမညက သင်္ခ်ာ တီဏိ မဟုတ်လား (မှန်ပါ)။ ကုသလေန ကုသလံ, အကုသလေန အကုသလံ အတူတူဘာ၊ ဒီအတိုင်းဘဲနော်(မှန်ပါ)။အဗျာကတေန အဗျာတံမှာလဲ ပဝတ္တိမှာ ကုသိုလ်, အကုသိုလ်တို့လို နာမ်တင်ဘဲမဟုတ်လား (မှန်ပါ)။ ဦးပညာနန္ဒ ဟောကြည့်စမ်းပါ အညမညအနေနဲ့။

ဦးပညာနန္ဒ။ ။ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်အရကား– ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဋ္ဌတိ သ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ကုသိုလ်စိတ် ကေဝိသ, စေတသိတ် အဋ္ဌတိ သ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အညမညပစ္စယာဟူသော ဟ်တ်ပါဋ္ဌ၏ရကား– အချင်းချင်းအားတပ်သော ကုသိုလ်စိတ်ကေဝိသ, စေတသိက်အဋ္ဌတိ သ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားဘို့၏ အညမညသတ္တိ ရ၏၊ (အကုသလေန အကုသလံ·လည်း နည်းတူ)။

ဗျာဗျာ (ပဝတ္တိ)

အဗျာကကေန အဗျာကတံ·၌ ပဝတ္တိအခါ အဗျာကဓာတာ ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား (ရင်းလည်း အတူတူပင်)။

ပဋ္ဌိသန္ဓေအခါ

ပဝတ္တိက အတူတူပါဘဲ၊ အဲဒီမှာ ပဋ္ဌိသန္ဓေကို ဘုန်းကြီး နည်းနည်း ပြောပေးမယ်။

ပဋ္ဌိသန္ဓေအခါကျတော့ သတိပြုကြစမ်းပါ၊ ပါဠိတော်ကို အလျင်ကြည့်ရတယ်၊ ပဋ္ဌိသန္ဓိက္ခဏေ ဝိပါကဗျာကတံ ကေ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ ပြီးတော့ ဘာတုံး၊ "ဝတ္ထု စ" ဒါကလေး ပိုနေတယ်နော် (မှန်ပါ)။ တယော ခန္ဓေ ပဋ္ဌိစ္စ ကေဝေါ ခန္ဓာ ဝတ္ထု စ၊ ဒ္ဝေ ခန္ဓေ ပဋ္ဌိစ္စ ဒ္ဝေ ခန္ဓာ ဝတ္ထု စ၊ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ၊ ဒီကျမှ ဆုံးတယ်မဟုတ်လား (မှန်ပါ)။

ဒီတော့ ပစ္စယုပ္ပန်ကောက်လို့ရှိလျှင် ဘာတုံး၊အစိတ်အစိတ်, အစိတ်အပေါင်း နာမကွန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်တဲ့ အစိတ်အစိတ်, အစိတ်အပေါင်း နာမကွန္ဓာ ဟဒယဝတ္ထုတင် ရှိတယ်၊ အခါတိုင်းတော့ ကဋ္ဌတ္ထာ မဟုတ်လား (မှန်ပါ)။ အခုတော့ အစိတ်အစိတ်, အစိတ်အပေါင်း နာမကွန္ဓာ ဟဒယဝတ္ထုက ကံပုဒ်လဲ ဒါဘဲ၊ ကတ္တားလဲ ဒါဘဲ။

အရကောက်မှာ ထည့်ရန်

ဟိတ်ပါဠိထုတ်တော့ အညမညပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား–ပဋ္ဌာ-ဝါရတုန်းက တခါပြောခဲ့တယ်၊ အခုဒီမှာလဲ ဘာထုတ်ထားသလဲ၊ 'အချင်းချင်း နာမကွန္ဓာ, ဟဒယဝတ္ထုအား တပ်သော'-လို့ ဒီလိုထုတ်တယ်၊ အရကောက်မှာ ကြည့်ဘို့သတိပေးတာ၊ ဘုန်းကြီးက ဒါကို ထည့်ဦးမှာ။

ဘယ်လို ထုတ်ထားသလဲ၊ အချင်းချင်း နာမကွန္ဓာ ဟဒယဝတ္ထုအား တပ်သော၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ဘုန်းကြီး ဘာပြင်မလဲ မေးလျှင် ပြင်တာ မဟုတ်ဘူး ထည့်တာ။

ပစ္စယုပ္ပန်မှာ ရှုပ်ပါလာလျှင် အဗျာကတဓမ္မမှာ နာမ်နှင့်ရှုပ် ခွဲရမယ်မဟုတ်လား(မှန်ပါ)။အဲဒီဒတော့ ဘာထည့်မလဲ၊အချင်းချင်းအားရင်း အကောက်ထဲမှာ ရှိမှာ မဟုတ်ဘူး ထည့်ပေးကြပါ၊ နာမ်တရားချည်းသန့်သန့် အရှုပ ၄-ဘုံအတွက် အချင်းချင်းအားရင်း (မှန်ပါ)။ အချင်းချင်း နာမကွန္ဓာ ဟဒယဝတ္ထုအားရင်း အဲဒါကတော့ အကောက်ထဲမှာ ဒီအတိုင်းကလေးရှိတယ်၊ ဘုန်းကြီးထည့်တာက ဘာတုံး အချင်းချင်းအားရင်း။

ပဋ္ဌိသန္ဓေစိတ် ဂေါ့ဏဝိသ, စေတသိက် အဌတိံသ, အစိတ်အစိတ်, အစိတ်အပေါင်း နာမကွန္ဓာ။

ပြီးတော့ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု' ရှိတယ်မဟုတ်လား (မှန်ပါ)။ နံပါတ် ၃-ကို ခုတင်ကလိုဘဲ ထည့်ပါ၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ အညမညသတ္တိ ရ၏။

ဘုန်းကြီးထည့်ပေးတာကိုလဲ မှတ်ထားပါ၊ ဟိတ်ပါဠိထုတ်နည်းမှာ။

ရှုပ်သက်သက်ဖြစ်အံ့ အချင်းချင်းအားတပ်တဲ့ မဟာဘုတ်တွေ့ မဟုတ်လား (မှန်ပါ)။ ခုတင်က သဟဂြိုဟ်အတိုင်း လိုက်ပြီး ဆိုသွားပါ၊ မဟာဘုတ်ကိုစွဲ၍ ဖြစ်သော ..... ဆို၊ ခုတင်ကတော့ မဟာဘုတ်နှင့်တကွသော မဟုတ်လား (မှန်ပါ)။ ဒီမှာ မဟာဘုတ်နှင့် တကွသော ဥပါဒါ ပါ၍လား (မပါပါ)။ မဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏လို့..... သာမညဆိုပါ (မှန်ပါ)။ ပစ္စယုပ္ပန်တရား ရ၏။

ပဋ္ဌာန်းသိပ္ပံ (တ) ၁၄—ပ-မ-သ-စ

ဟိတ်ပါဋ္ဌထုတ်တော့ အချင်းချင်းအား တပ်သော မဟာဘုတ် ၄-ပါး ပစ္စည်း တရားတို့၏ အညမညသတ္တိဆိုလျှင် ပြီးပါတယ်၊ ဆက်လောက်စမ်းပါ ဦးပညာနန္ဒ။ ဦးပညာနန္ဒ။ ။ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား– ။ပ။ ရ၏။

။ပစ္စာဇာတပစ္စည်း မဟောခြင်းအကြောင်း

ဆရာတော်။ ။ဒါပါဘဲ၊ မထူးလှတော့ပါဘူး၊ နိဿယပစ္စည်းကို နက်ဖြန်ခါ ကျမှ ကောက်မယ်၊ ပါဠိတော် ဘယ်ပစ္စည်း ရောက်နေပလဲ (ပုရေဇာတ ပြီးသွားပါပြီ)။ ပုရေပြီးတော့ ဘာတုံး ပစ္စာရယ်လို့ရှိသလား(မရှိပါ)။ နည်းနည်းသတ်ပြကြပါ၊ ဆရာတော်ဘုရားကြီးမျှားကလဲ မှာထားပါတယ်၊ အကောက်ထဲမှာ ကြည့်စမ်းကြပါ။

ပစ္စာဇာတပစ္စည်းကို အနုလုံမှာ မဟောဘူး၊ ဒီတော့ အကျဉ်းချုပ် ဘယ်လိုလုပ်ပြီး မှတ်ထားမလဲမေးလျှင် ဒီပဋ္ဌိစ္စဝါရတင် မဟုတ်ဘူး အားလုံးရဲ့ ဆဝါရအနုလုံမှာ ပစ္စာဇာတပစ္စည်းကို မဟောဘူး၊ ဒီတော့ သူ့ချန်ထားတော့ ကျန်တာ ဘယ်နှစ်ပစ္စည်းတုံး (၂၃-ပစ္စည်းပါ)။

ဆဝါရအားလုံးရဲ့ အနုလုံမှာ မဟောတာနော်၊ ဒီပဋ္ဌိစ္စဝါရတင် မကဘူး (မှန်ပါ)။ ဘာဖြစ်လို့ မဟောသလဲမေးတော့ အလွယ်ဆုံးဖြေချင်လျှင် ဒီလိုပါ၊ ဒေသနာတော်ကို ကြည့်စမ်းပါ၊ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ၊ ဥပမာ–ပြောတာနော် (မှန်ပါ)။ ကုသလ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋ္ဌိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏ ဆိုတာ ကုသိုလ်ဓမ္မကိုစွဲပြီး ကုသိုလ်ဓမ္မတွေ ဖြစ်စေ ဆိုတဲ့ သတ္တိဟာ ဘာသတ္တိလဲ မေးလျှင် ဇနကသတ္တိ၊ ဖြစ်၏ ဆိုတာ ဇနက သတ္တိဘဲ။

ပစ္စာဇာက ပစ္စည်းနှင့် စပ်ပြီး ပဋ္ဌာဝါရတုန်းက ဘုန်းကြီး ပြောတော့ ဒီပစ္စည်းမှာ ဘာသတ္တိသာ ရှိတယ်၊ (ဥပတ္ထမ္ဘကသတ္တိသာ ရှိပါတယ်)။ ဥပတ္ထမ္ဘကသတ္တိသာ ရှိတယ်၊ ဌင်းတယ် ဥပမာနှင့် ပြောပေးခဲ့တယ် မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ဘာဖြစ်လို့ ဒီပဋ္ဌိစ္စအစရှိတဲ့ ဆဝါရ အနုလုံမှာ ပစ္စာဇာတပစ္စည်း မဟောသလဲ မေးလျှင် ပစ္စာဇာတပစ္စည်းဌ် ဥပတ္ထမ္ဘကသတ္တိသာ ရှိသောကြောင့် ဆဝါရ အနုလုံဌ် ပစ္စာဇာတပစ္စည်း မဟောနိုင်ပါ(ဇနကသတ္တိကိုသာ ဟောရာ ဖြစ်သော ဤ ဆဝါရအနုလုံဌ် ဥပတ္ထမ္ဘက သတ္တိမျှသာ ရှိသော ပစ္စာဇာတ ပစ္စည်းကို မဟောနိုင်)။

အဲဒါက ဘုန်းကြီးပြောတဲ့အဓိပ္ပါယ်၊ ဆရာတော်ဘုရားကြီးရဲ့ အဓိပ္ပါယ် အကောက်ထဲမှာ ရှိပါတယ်၊ ပြောတာတွေ မျှားနေမယ်စိုးလို့ ချန်ထားကြပေတော့။

ဒါမကြောင့်မို့လို့ ဟောနေတာက ဒုက္ခသတ္တိ၊ သူ့မှာရှိတာက ဥပတ္ထမ္ဘကသတ္တိ၊ သတ္တိချင်းမတူလို့ သူ့ဟန်နေတယ်၊ အနုဒုတင် ပြောတာနော်၊ ပစ္စနိုက်ကျတော့ ပါသည်။

အာသေဝနပစ္စည်း အရကောက်

ဆရာတော်။ ။သုဒ္ဓသင်္ချာကို ဦးသူရိယ ဆိုစမ်းပါ။

ဦးသူရိယ။ ။အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ အကုသိုလ် ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ်ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ၊ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နမျိုးဖြစ်သော တရားတို့ မည်ကုန်၏။ သင်္ချာ တိကို, သတ္တ,တိကို ဟူသည်တည်း။

ဆရာတော်။ ။အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ အကုသိုလ်ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ်ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ၊ ဒီလို မဟုတ်လား (မှန်ပါ)။ အဲဒီမှာ အဆဉ်အတိုင်းကြည့်စမ်း၊ အကုသိုလ်ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော ဆိုတာက ကာမဇောဘဋ္ဌ၊ ကာမဇော တခုယုတ် သုံးဆယ် ဆိုတာ အဲဒါဘဲ၊ ကာမဇောမှန်လျှင် ပဋ္ဌမဇော မရဘူး၊ သုဒ္ဓသင်္ချာ အဓိပ္ပါယ်ကို ဘုန်းကြီးပြောပြနေတယ်၊ ကာမဇောမှန်လျှင် ဒုတိယာဒိ ဇောတွေဘဲ ရမယ်၊ ပဋ္ဌမဇော မရဘူး (မှန်ပါ)။

ပြီးတော့မှ မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ်ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ၊ အဲဒီမှာ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာဆိုတာ မဟဂ္ဂုတ်ဇောတွေ၊ မဂ်-၄-ခုဆိုတာက လောကုတ္တရာဇော၊ အဲဒီဘုရားဟာ ပဏ္ဍာဝါရ သုဒ္ဓသင်္ချာနှင့် ဘာထူးလို့တုံး၊ ပဏ္ဍာဝါရသုဒ္ဓသင်္ချာရဲ့ ပစ္စယုပ္ပန်တရားကို ဒီမှာမေးထားတာ။

ပဏ္ဍာဝါရတုန်းက ဆိုပုံက ဘာတဲ့တုံး၊ အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ ပဋ္ဌမဇော, ဖိုလ်ဇောကြဉ်သောဆိုတာ သတိပြုစမ်းပါ၊ ပစ္စယုပ္ပန်မှာ ဘာမရဘူးတဲ့တုံး၊ ပဋ္ဌမဇော မရနိုင် တဲ့၊ ဖိုလ်ဇောလဲ မရနိုင် တဲ့။ **အခုဒီမှာရလို့လား** (မရပါ)။ ကာမဇောမှန်လျှင် ပဋ္ဌမဇော မရဘူး၊ အပ္ပနာဇောမှန်လျှင် ဖိုလ်ဇော မရဘူး၊ စကားအသုံးအနှုန်းဘဲ ကွာနေတာ၊ အဓိပ္ပါယ်သွား အတူတူပါဘဲ။

ပဌမဇော, ဖိုလ်ဇော ကြည်သော နောက်နောက်သော ဇော ကေပညာသ ဆိုတာ အခုဆိုထားတဲ့ သုဒ္ဓသခ်္ခါတဲ့။

နားလည်ရဲမဟုတ်လား ဘုန်းကြီးပြောတာ၊ ပဋ္ဌာဝါရက ပစ္စယုပ္ပန်တရား တွေကို ဆဝါရမှာ ယူ ဟောနေသည်။

ဒါကြောင့် အကုသိုလ်ဒုါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော-လို့ဆိုတာ ဟိုဘုန်းက ပဌမဇောကြည်သော ဆိုသောစကားနှင့် အတူတူတဲ့လို့ ပြောခဲ့တယ်နော်၊ (မှန်ပါ)။

မဟာဂုတ်ကုသိုလ်, မဟာဂုတ်ကြိယာ, မဂ် ၄-ခု နာမကွန္ဓာ ဆိုတာက ဖိုလ်ဇောကြည်သောဆိုယာနှင့် အတူတူတဲ့၊ အာသေဝနက ဇော ၅၁-တဲ့ဖိုလ်ဇော ကြည်ထားလို့ ၅၁-ကျန်တာပေါ့ (မှန်ပါ)။

ဒီတော့ ကုသိုလ်ရယ်, အကုသိုလ်ရယ်, ကြိယာရယ် ဒီ ၃-မျိုးဘဲ မဟုတ်လား (မှန်ပါ)။ 'ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော၊ အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော၊ အဗ္ယာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗ္ယာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာသေဝနပစ္စယာ၊ ကိရိယာဗ္ယာကတံ ဇေ ခန္ဓေ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ'လို့ ဟောရမယ်၊ အားလုံး ကုသိုလ်လဲရ, မြတ်စွာဘုရား ကန်မတော့သောအားဖြင့် ဟောစမ်းပါ။

သံယာတော်မျှား။ ။တခေါက်ဟောသည်။

ဝိပါကပစ္စည်း အရကောက်

ဆရာတော်။ ။ဝိပါကပစ္စည်း၏ သုဒ္ဓသခ်္ခါကို ဦးကောလိယ ဆိုစမ်းပါ။

ဦးကောလိယ။ ။ဝိပါကပစ္စည်း၏ သုဒ္ဓသခ်္ခါဝါရ၌ အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး, ဝိပါက်သည် ပြုအပ်သော စိတ္တဇရူပ် ပဋ္ဌိသန္ဓေကမ္မဇရူပ်၊ ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန္နခမ္မ ဖြစ်သော တရားတို့ မည်ကုန်၏။ သခ်္ခါ ဧကံ, ဧကံ, ဧကံ ဟူသည်တည်း။

ဆရာတော်။ ။ဘာဇတ္တရသလဲ ဝိပါက် နာမ် ရူပ် **မဟုတ်လား** (မှန်ပါ)။ ရူပ်က ဘယ်နှစ်မျိုးတုံး (၂-မျိုးပါ)။ သခ်္ခါ ဧကံ ဆိုတာက ဘယ်သူလဲ (ဗျာ-ဗျာပါ)။ သဟကြိုး ဗျာ-ဗျာထဲက ကြိယာမပါအောင် ကိုယ်တိုင် ပါဠိ စီကြည့်စမ်းပါ။

ဦးကောလိယ။ ။အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပါကပစ္စယာ၊ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ, စိတ္တ-သမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော, စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ, စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ပဋ္ဌိသန္ဓိတ္တဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ, ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော, ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ, ကဋတ္တာ စ ရူပံ၊ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ၊ ဧကံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာ-ဘူတေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ, ကဋတ္တာရူပံ ဥပါဒါရူပံ။

ဝိပွယုတ္တပစ္စည်းပါဠိတော် အရကောက်

ဆရာတော်။ ။ဝိပါက ပြီးတော့ ဘယ်ပစ္စည်းသွားမလဲ အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ ပြီးပြီ မဟုတ်လား (မှန်ပါ)။ သမ္ပယုတ္တက ဘယ်အထဲ ရောက်သွားသတုံး(အာရမ္မဏထဲ ဝင်ပါတယ်)။ ဝိပွယုတ္တသွားရအောင် ဦးသူရိယ ဝိပွယုတ္တသုဒ္ဓသင်္ချာ ဆိုစမ်းပါ။

ဦးသူရိယ။ ။ဝိပွယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ အရူပဝိပါက် ၄-ခု ကြဉ်သော ပဋ္ဌဝေါကာရ ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, စိတ္တဇရူပ်, ပဋ္ဌိသန္ဓေကမ္မဇရူပ် ဤတရားတို့ဟာသည် ဝိပွယုတ္တပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့မည်ကုန်၏၊ သင်္ချာ နဝ, သတ္တရသ, တိဏိ ဟူသည် တည်း။

ဆရာတော်။ ။ဘာတရားတွေ ရသလဲကြည့်ပါ၊ အရူပဝိပါက် ၄-ခုကြဉ်သော ပဋ္ဌဝေါကာရ ပဝတ္တိပဋ္ဌိသန္ဓေ ၄-ပါးတဲ့၊ အဲဒီမှာ စိတ် ဂဇ-ထဲက ဘာ လျော့သလဲ (အရူပဝိပါက် ၄-ခု လျော့ပါတယ်)။ ဒီကော့ စိတ် ဂ၅-ခု ရတယ်၊ ရူပ် ဘယ်နှစ်မျိုးပါသလဲ(၂-မျိုး ပါပါတယ်)။

နည်းနည်းကလေး သတိပြုလိုက်စမ်း၊ ဒေါ်ကိုပိုင်းက စကားကထေးတွေ နှင့် ပြန်ဟပ်ရအောင်၊ နာမ်က အရူပဝိပါက် ၄-ခုမှ ကပါးသော နာမ်တွေ အကုန်ရတယ် မဟုတ်လား(မှန်ပါ)။ ရူပ်က ၂-မျိုး ရတယ်။

ပြီးခဲ့တဲ့ ဟေတုတို့ စျာနတို့ မဂ္ဂတို့မှာလဲ ရူပ် ၂-မျိုးဘဲ မဟုတ်လား(မှန်ပါ)။ နာမ်တွေကတော့ ထိုက်သင့်သလောက် သဟိတ်နာမ်, ဒွေပဋ္ဌဝိညာဏ် ၁၀-မှ တပါးသော နာမ်၊ ဒါမျိုးတွေ ရတယ်နော်(မှန်ပါ)။

ဒါဖြင့် ဝိပွယုတ္တာပစ္စည်းရဲ့ ပါဠိတော်သည် ဘာနှင့်တူသလဲလို့ မေးလျှင် ဟေတု, စျာန, မဂ္ဂတို့နှင့် အတူတူပါဘဲ ပင်ကိုယ်ရင်း (မှန်ပါ)။ ကု ၃-ချက်, အကု ၃-ချက်, ဗျာ ၈ချက်, ကုဗျာ, အကုဗျာ မဟုတ်လား(မှန်ပါ)။ ဒီတော့ သင်္ချာ နဝဘဲ ထွက်တယ်၊ မှတ်ထားခဲ့ပါ။

သူ့မှာ မှာတမ်း ပါဠိတော်ကလေးတွေ ပါနေတယ်၊ မြတ်စွာဘုရားက မှာတမ်းကလေးတွေ ထည့်ဟောထားတယ်၊ အဲဒါ ဘုန်းကြီးရေးပေးထားတာ ဦးပဉ္စင်းတို့ဆီမှာ ရှိပါလိမ့်မယ်၊ "ဆဝါရ ဝိပွယုဘ္ဘပစ္စည်းအတွက်သာ"လို့ ဆိုပြီး စာကလေး ၄-၅-တန်း ရေးထားပါတယ်၊ အဲဒါ ကြည့်ကြပါ၊ အဲဒီ မှာတမ်းကလေးတွေ ထည့်ဟောဘို့။

ခက်တော့ မခက်ပါဘူး၊ ဘုန်းကြီးဖက်ယင်း ပြောသွားယင်း ဦးပဉ္စင်းတို့ ရေးချင်တဲ့ပုဂ္ဂိုလ်လဲ ရေးလို့ရပါတယ်။

၁-နံပါတ်အကြောင်းက နောက်က အကွက်၃-ကွက် ရေးပြထားတဲ့အနက်က ပဌမ, ဒုတိယ, တတိယလို့ အကွက်ကျယ် ၃ ကွက်ချထားတယ်၊ ဘယ်အကွက်မှာ ဘာရေးထားသလဲ ပဌမဆုံးကတော့ နာမ်ကတ္တား နေလျှင်ပေါ့၊ နောက်မှာ ၃-ကွက်ရှိတယ် မဟုတ်လား (မှန်ပါ)။ အဲဒီ၃-ကွက်ကို ၁-၂-၃-လို့ ချထားပါ၊ အမျှားနားလည်းအောင်မေးနေတာ၊ ပဌမအကွက်မှာ ဘာရေးထားသလဲ (ဝတ္ထု ဝိပွယုတ္တာပစ္စယာ)။ နာမ်ကတ္တား နေလျှင်ပေါ့ ဟုတ်လား (မှန်ပါ)။ အားလုံးတွေ့ကြရအောင် ပြောတာ၊ မတွေ့လျှင် ယခုပြောတဲ့အတိုင်း ရေးပါ။

'နာမ်ကတ္တား နေလျှင် ဆိုပြီး နောက်က အကွက်ကျယ်၃-ကွက် ရေးထားပါ၊ ပဌမဆုံးအကွက်မှာ ဝတ္ထု ဝိပွယုတ္တာပစ္စယာ။

နံပါတ်-၂ ထို့အတူ 'ရူပ်'ဆိုပြီးတော့ ပုဒ်မ (။) ပြထားတယ်၊ ဆိုလိုတာက 'ရူပ်ကတ္တား နေလျှင်'နောက်က ဘယ်အကွက်မှာ ဘာရေးထားသလဲ (တတိယအကွက်မှာ ရေးပါတယ်)။ ဘယ်လိုရေးထားသလဲ (ခန္ဓေ ဝိပွယုတ္တ-ပစ္စယာ)။

ဇယားမပါလာတဲ့ ပုဂ္ဂိုလ်မျှား ရေးဘို့ ပြောပေးနေပါတယ်၊ အလယ်တကွက် ကျန်နေတယ်နော် (မှန်ပါ)။ ပဌမအကွက်မှာ နာမ်ကတ္တား ဖြစ်လျှင်တဲ့၊ ဝတ္ထုံ ဝိပွယုတ္တာပစ္စယာ' တဲ့၊ ဒုတိယနံပါတ်၂-အကြောင်းက ရူပ်ကတ္တား နေလျှင် ၃-နံပါတ်အကွက်မှာ ခန္ဓေ ဝိပွယုတ္တာပစ္စယာ။

ဆဝါရ အနုလုံ ဝိပ္ပယုတ္တပစ္စည်းအတွက်သာ

၁	နာမ်ကတ္တား နေလျှင်	ဝိတ္ထုံ ဝိပ္ပယုတ္တ-ပစ္စယာ		
၂	ရူပ် ॥			ခန္ဓေ ဝိပ္ပယုတ္တ-ပစ္စယာ
၃	နာမ်ရူပ် ॥ (ပဝတ္တိ)	ခန္ဓာ ॥	စိတ္တသမုဋ္ဌာနံ ရူပံ	॥
၄	॥ ॥ (ပဋိသန္ဓေ)	ခန္ဓာ ॥	ကဋတ္တာရူပံ	॥
၅	ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ	॥ ॥		ဝတ္ထု ॥

ကဲနံပါတ်-၃ အကြောင်းကြည့်၊ နာမ်ရူပ်ဆိုပြီး ပုဒ်မ(॥)ပြထားပါ၊ ပြီးတော့ 'ပဝတ္တိ'လို့ရေး (မှန်ပါ)။ နာမ်ရော ရူပ်ရော ကတ္တားနေလျှင်တဲ့ ပဝတ္တိအခါ ဖြစ်အုံ့၊ ပဌမအကွက်မှာ ခုတင်ကအတိုင်း ရှိသလား၊ 'ခန္ဓာ'လို့ ထည့်ပေးပါ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ခန္ဓာဘဲတိုးတာ မဟုတ်လား (မှန်ပါ)။ 'ခန္ဓာ' ဆိုပြီးတော့ ပုဒ်မ ပြ၊ အလယ်ကွက်က စိတ္တသမုဋ္ဌာနရူပံလို့ ထည့်ပါ၊ အဆုံးကွက်က ခုတင်ကအတိုင်း ရုတယ်၊ ဒီတော့ ပုဒ်မ(॥)ပြတားပါ၊ ခန္ဓေ ဝိပ္ပယုတ္တ-ပစ္စယာလို့ ဆိုလိုတယ်။

ပြန်ကြည့်စမ်း၊ အမှတ်စဉ် နံပါတ်-၃၊ နာမ်ရူပ် ကတ္တားနေလျှင် ပဌမ အကွက်က ခန္ဓာရေးပြီး ပုဒ်မ ပြတော့ ဘယ်လိုဖတ်မယ် 'ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တ-ပစ္စယာ' အလယ်ကွက်က 'စိတ္တသမုဋ္ဌာနံ ရူပံ'၊ တတိယအကွက်က 'ခန္ဓေ ဝိပ္ပ-ယုတ္တပစ္စယာ'။

ထို့အတူ ၄-နံပါတ်အကြောင်းက နာမ်ရူပ်ကတ္တားဘဲ၊ ပဋိသန္ဓေအခါဖြစ်အုံ့၊ ပဌမအကွက်က ခုတင်ကအတိုင်းဘဲ 'ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ'၊ အလယ်ကွက်က 'ကဋတ္တာရူပံ'၊ နောက်အကွက်က 'ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ'။

၅-နံပါတ်ကို ကြည့်ပါ၊ 'ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ' ဒေသနာတော် ဖြစ်လျှင် ပဌမအကွက် ဘာထည့်မလဲ ခုတင်ကအတိုင်းဘဲ မဟုတ်လား (မှန်ပါ)။ ဒီတော့ 'ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ'၊ အလယ်က ဘာမှမရှိစေနှင့်၊ အဆုံးကွက်က ဘာထည့်ထားသလဲ (ဝတ္ထု)၊ ဝတ္ထုလို့ ရေးထည့်ပြီးတော့ ပုဒ်မ ပြလိုက်၊ 'ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ' ဒါကလေး ပိုလာတယ်၊ ပြီးရော၊ ဒါကလေးသိလျှင် ကဲ-ဟောရအောင်။

ကုသလေန ကုသလံ

ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ၊ အဲဒီမှာ ဘာကတ္တားလဲမေးလျှင် နာမ်ကတ္တား မဟုတ်လား (မှန်ပါ)။ ဒီတော့ နောက်က ဘာထည့်မလဲ၊ 'ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ'လို့ ထည့်။

ကု-ဗျာဖြစ်လျှင် ရူပ်ကတ္တား နေတယ် မဟုတ်လား(မှန်ပါ)။ 'စိတ္တသမုဋ္ဌာနံ ရူပံ'ဆိုပြီးတော့ 'ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ'ဒါ ထည့်မယ်မဟုတ်လား (မှန်ပါ)။

၃-နံပါတ် ကု-ကုဗျာဆိုလျှင် နာမ်ရူပ်ကတ္တား မဟုတ်လား (မှန်ပါ)။ ပဝတ္တိ–ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ စိတ္တသမုဋ္ဌာနံ ရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ'၊ ဦးဥာဏ ဟောစမ်းပါ၊ ကု ၃-ချက်။

ဦးဥာဏ။ ။ကု ၃-ချက်ကို ဟောသည်။

အကု ၃-ချက်လည်း ထိုနည်းအတိုင်း။

အဗျာက ပဝတ္တိ, ပဋ္ဌိသန္ဓေ ခဲ့ဟော။

ဆရာတော်။ ။အဝါရအနုလုံ ပါဠိတော် ကုန်ပြီ၊ ကဲ တော်ကြဦးစို့။

နိဿယပစ္စည်း အရကောက်

မနှက အညမညအကောက် ပြီးခဲ့ပြီ၊ အညမညပြီးတော့ နိဿယအလှည့်၊ နိဿယက သဟကြီးဘဲ မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန် သဟအတိုင်းကောက်တယ်၊ ပစ္စယုပ္ပန်တွေ အတူတူပါဘဲ၊ ကျော်သွားရအောင်၊ ထူးတာပြောရအောင်။

ကု-ပဒ ၃-ချက်

ဟိတ်ပါဌ်ထုတ်ပုံ ကုသလပဒ ၃-ချက်ကို ကြည့်ပါ၊ နိဿယက ဘယ်နှစ်မျိုးရှိသလဲ (၂-မျိုးရှိပါတယ်)။ သဟနိ, ပုရေနိ လို့ ၂-မျိုး၊ သဟနိ ဖြစ်လို့ရှိလျှင် သဟတုန်းကအတိုင်း ဟိတ်ပါဌ်ထုတ်ပါ၊ ပုရေနိ-ရသင့်လျှင် ဝတ္ထုပုရေဇာတ ဟိတ်ပါဌ်ထုတ်ပေါ့၊ ဝတ္ထုပုရေဇာတဟိတ်ပါဌ်က ပဋ္ဌာဝါရကတ္တားအတိုင်းဘဲ မဟုတ်လား (မှန်ပါ)။

ဥပမာ–ကုသလေန ကုသလံ-၌ နိဿယပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက်

အဋ္ဌတိသ **အစိတ်အစိတ်** နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ-လို့ ဆို။

ပြီးတော့မှ ပုရေထုတ်တော့မှ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်**နောက်သော** ကုသိုလ်ကေဝိသအား တပ်**သော** ဝုဋ္ဌေ, **မ**နောဒ္ဓါတုဝင်္ဂန်း အစရှိသော **ရှေးရှေး**သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဒါက ဝတ္ထုပုရေဇာတ။

ပြီးတော့ ဝတ္ထာရမ္မဏကတော့ ဘယ်လိုထုတ်သလဲ၊ **မ**ရဏာ**သန्န**အခါ ကုသိုလ်**မ**ရဏာသန्န**ဇော** ၅-ချက်**အား** တပ်**သော** စုတိစိတ်မှ ပြန်၍**ရ**ရ**သော**် တဆယ့်ခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ပစ္စည်း**တ**ရား**တို့၏** ဝတ္ထုပုရေဇာတနိဿယသတ္တိ ရ၏၊ ဒါက ကုသလေန ကုသလံ-မှာ ၂-ချက် (မှန်ပါ)။

ကု-ဗျာကျတော့ ပစ္စယုပ္ပန်က ရုပ်ဖြစ်နေတော့ သဟနိဘဲ ရှိတယ်၊ သဟ တုန်းက**အ**တိုင်း ထုတ်။

ကု-ကုဗျာမှာ သဟလဲ ထုတ်ရမယ်၊ ပုရေလဲ ထုတ်ရမယ် ၂-မျိုး၊ ဦးပညာနန္ဒ **ဟောစမ်း**ပါ။

ဦးပညာနန္ဒ။ ။ကုသလေန ကုသလံ-၌။ ပ။ ရ၏။

ဆရာတော်။ ။အားလုံးမှတ်ထားကြပေါ့၊ ကု ၃-ချက်ရှိတဲ့အနက် ပဌမအချက်နှင့် တတိယ **အ**ချက်မှာ ပုရေဇာတနိဿယဟိတ်ပါ၌ ထည့်ရတယ်၊ ၃-ချက်စလုံးက သဟဇာတနိဿယ၊ ဘာဖြစ်လို့ ဒီလိုထည့်တယ်ဆိုတာ နောက်တော့ ဘုန်းကြီး ပြန်ပြောဦးမယ်။

အကုပဒ ၃ ချက်

အကုသလေန **အ**ကုသလံ-စတဲ့ **အ**ကုပဒ ၃-ချက်မှာလဲ ဒီ**အ**တိုင်းဘဲ၊ **အ**ကု သိုလ်စိတ် ဒ္ဓါဒသ, **စ**ေတသိက် သတ္တဝီသ ပြောင်းရုံဘဲ (မှန်ပါ)။

ဦးပဉ္ဇင်းတို့**အ**ားလုံး ဒါ**တ**ွေ ရပြီးသားတွေချည်းဘဲ၊ ရပြီးသားဆိုတာကို ဘုန်းကြီးပြောပြမယ်၊ပစ္စယုပ္ပန်ကောက်တာကို အခုထည့်တောင် **ကော**က်**မ**ေ**ပး**ဘူး **မ**ဟုတ်လား(မှန်ပါ)။ ဘာထူးသတုံး နောက်တုန်းက ကောက်တဲ့**အ**တိုင်းဘဲ **မ**ဟုတ်**လ**ား၊ **အ**တူတူဘဲမို့ လို့ **မ**ကောက်ဘူး။

ဟိတ်ပါ၌**တ**ွေ**က**ကော ပဋ္ဌာဝါရတုန်းက ဒါ**တ**ွေ ရပြီးသားချည်းဘဲ၊ ပဋ္ဌာ-**ဝါရ ကတ**္တားပါ၌**တ**ွေဘဲ **မ**ဟု**တ်**လား (မှန်ပါ)။

ဒီတော့ ဘာကိုသတိပြုရမလဲ၊ ဆဝါရမှာ ဒို့ဟောနေတာက ဘယ်နေရာ ရောက်လျှင် ဒို့ဘယ်လိုလုပ်ရတယ်ဆိုတဲ့ စည်းမျဉ်းကို လိုက်နာပြီး ရှာပါ။

အခု ကုသလပဒ, အကုသလပဒ ၃-ချက် ဒီမှာ ပဌမနှင့် တတိယကို ဝတ္ထုပုရေဇာတ ထည့်ပြီးတော့ ဒုတိယအချက်ကို ဘာဖြစ်လို့ ဝတ္ထုပုရေဇာတဟိတ် ပါ၌ မထည့်သလဲ၊ ကိုယ့်ကိုယ်ကို မေးပါ။

ဒီတော့ ဆဝါရမှတ်စုဆိုပြီးတော့ ပြတဲ့အချိန်တုန်းက ဘုန်းကြီးက ဘာ အရေး ခိုင်းသတုံး၊ နံပါတ် ၃ မှာ ထင်ဘယ်။

မိမိဟောဆဲ ပစ္စည်းမှာ မျိုးကဲ့ရှိလျှင် ထိုမျိုးကဲ့ကို ပစ္စယုပ္ပန်တရား အရ တူရာကြည့်၍ ဟိတ်ပါ၌အရကောက်မှာ ထုတ်ရမယ်။

ဒီလို ပြောခဲ့တယ် မဟုတ်လား(မှန်ပါ)။ ဒီမှာကြည့်ပါ၊ သဟနိ, ပုရေနိ-လို့ မျိုးကဲ့ ရှိမလာဘူးလား(ရှိပါတယ်)။ သဟနိက ၉-ချက်စလုံးမှာ ထုတ်လို့ရတယ်၊ ပုရေနိကတော့ ဘယ်ထုတ်လို့ရမလဲ ပုရေက သ္ဘာဝဒွသခ်ိုးက ဘာတုံး၊ သတ္တ-ဝိညာဏဓာတ်အားတပ်သော ဆိုတော့ ပစ္စယုပ္ပန် နာမ်သာရှိရမယ် မဟုတ်လား(မှန်ပါ)။ ကု-ဗျာကို အကု-ဗျာတို့က ပစ္စယုပ္ပန် ဘာတွေတုံး၊ ရူပ်တွေ(မှန်ပါ)။ ဒါကြောင့်မို့ လို့ ဝတ္ထုပုရေဇာတ ဟိတ်ပါ၌ထည့်ထုတ်လို့ မရတာလို့ နားလည်ကြပါ။

နောက်က မှာတမ်းက ရှိပြီးသား၊ အဲဒါ တဝါရလုံးရဲ့၊ တနည်း ဆဝါရ တလျှောက်လုံးရဲ့ ဥပဒေသ အနေအားဖြင့် အကုန်လုံးပေါ်မှာချုံပြီး ဘုန်းကြီး တို့က **အ**ကြိမ်ကြိမ်ကြည့်ပြီးတော့မှ ပေးထားတဲ့ စည်းမျဉ်းတွေဘဲ။ အဲဒီ စည်း မျဉ်းတွေကို ပြန်ပြီးသုံးသပ်ရတယ်၊ ဒီနေ့ ဘာဖြစ်လို့ ဒို့ ဒီလိုလုပ်သလဲ မေးလျှင် မိမိဟောဆဲဖြစ်တဲ့ပစ္စည်းမှာ မျိုးကဲ့ရှိနေဘယ်၊ 'ထိုမျိုးကဲ့ကို ပစ္စယုပ္ပန်အရတူရာ မှာကြည့်'ဆိုတော့ ပုရေဇာတက ပစ္စယုပ္ပန်နာမ်ဟာရုံးရှိမှသာ ထုတ်ရတာမဟုတ် လား(မှန်ပါ)။ ရူပ်ဖြစ်နေတော့ ဘယ့်နယ် ထုတ်ရမလဲ။

အဗျာကတေန အဗျာကတံ

မှတ်ထားကြပါ အဲဒီလို "ဥပဒေစည်းမျဉ်းကလေးတွေကို ပြောတာနှင့်သာ လျှောက်ဆိုနေရတယ်၊ ဘာမှန်းလဲ မသိပါဘူး"လုပ်မနေကြပါနှင့်၊ ဥပဒေပေး ထားပြီးသား, ဘယ်လိုလုပ်ရမလဲဆိုတာ ပြပြီးသား ထားကြပါတော့၊ ခရှ-ဗျာ-ဗျာ ကူးရအောင်၊ ဗျာ-ဗျာမှာလဲ ပဝတ္တိတခုတည်း ဘုန်းကြီး အားကောက်ခိုင်း မှာပါ။

ပါဠိတော်ကတော့ ပဝတ္တိ, ပဋိသန္ဓေ, ရူပ်သက်သက်လို့ ရှိတာပေါ့၊ ပဝတ္တိတင် ဘာဖြစ်လို့ အကောက်ခိုင်းမလဲလို့ မေးလျှင် ဝတ္ထုပုရေဇာတ-ပါမှာက ပဝတ္တိ

တင် မဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓေဆိုတာက ဝတ္ထုပုံရေးဘတ မဟုတ်တော့ဘူး (မှန်ပါ)။

အားလုံး ဂရုစိုက် မှတ်ထားကြပါ၊ ပြီးတော့ အကုန်လုံး ဟောရအောင်၊ ကောက်တော့ သူသုဒ္ဓသခ်္ခါ ဝိပါက်ကြိယာ အကုန်ရှိတယ် မဟုတ်လား(မှန်ပါ)။ **အကုန်လုံး** ကောက်ရပါတယ်။

အဗျာကတေန အဗျာကတံ-ဌ အဗျာကဟော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား–ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝိသ, စေတသိက်အဌတိံသ အစိတ် **အစိတ်** နာမကွန္ဓာကိုစွဲ၍ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ၊ ထိုနာမကွန္ဓာသည် ပြုအပ်**သော** စိတ္တဇရူပ်၊ ဒါဘဲ**မဟုတ်လား**(မှန်ပါ)။

နိဿယပစ္စယာ-ဟူသော ဟိတ်ပါဠိ၏ **အရကား**–**အချင်းချင်းအားဇင်း, အချင်းချင်း** နာမကွန္ဓာ **စိတ္တဇရူပ်အားဇင်း** ဖြစ်သော ဝိပါက်ဆတ္တိံသ, ကြိယာ ဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ၊ ဒါကတချက်၊ **ပြီးတော့ အချင်းချင်းအားဇင်း**, ဥပါဒါရူပ်**အားဇင်း** ဖြစ်သော မဟာဘူတ် ၄-ပါး ပစ္စည်းကရားတို့၏ သဟဇာတနိဿယသတို့ ရ၏။

အဲဒီလို သိနေကြစမ်းပါ၊ ဘုန်းကြီး ဆိုတတ်သားပေါ့၊ ဦးပဉ္စင်းတို့ သက်သက် ဉာဏ်ထွက်**အောင်လို့** **မေးတာ**။

ပြီးတော့ ဝတ္ထုပုံရေကောက်တော့ ပဋ္ဌာဝါရမှာ ဘာက စ-သတုံး၊ စက္ခု-ဝိညာဏ်ဒွေ**းအား** ဖြစ်သော မဏ္ဍိမဝယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဂတ္တု။ ပ ။ ကာယဝတ္ထု၊ ပဌမဈာနကာရဘုံ၌ ဖြစ်သောအခါ အရူပ-ဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀-ကြိမ်သော၊ **ပြီးတော့** ပဌမဘဝင် **အစရှိ**သော ဆိုတာ ပါပါ့စေ နော်(မှန်ပါ)။

အသစ်အဟောင်း မပြောင်းလဲလို

အကောက်ထဲမှာ သေချာချာ ဖတ်ကြစမ်းပါ၊ စာအုပ်ထဲမှာ မှားတာတွေက **တော်**တော်ပါနေတယ်၊ ဘုန်းကြီး ဒီနေ့ အချိန်ကလေးရတာနဲ့ **အ**ရ**ကောက်** ပြန်ကြည့်တယ်၊ ဘုန်းကြီးကြည့်နေတဲ့ **စာ**အုပ်ကတော့ ပေါင်းလဲ**ဟောင်း**နွမ်းလှပြီ၊ **အ**ဖုံးပြန်ဖုံးရတာကို ၂-ခါရှိနေပြီ၊ ဒါပေမဲ့ **စာ**အုပ်**အသစ်**နှင့် **မ**လဲနိုင်ဘူး "ဘုန်းကြီး**စာ**အုပ်ကို သူရဲ့ဆက်တမ်းကြည့်လျှင် ဘုန်းကြီး**စာ**အုပ်**က**နှစ်ပေါင်း ၅၁-နှစ် ရှိနေပြီ၊ ၁၂၇၇-ခုနှစ်က ပုံနှိပ်တဲ့**စာ**အုပ်၊ **အ**ဖုံးမရှိလို့ ပြန်ပြန်

အုပ်ရတယ်၊ မှတ်ထားတာတွေလဲ ပြည့်လို့၊ ဒီတော့ ဘယ်လောက်ကောင်းတဲ့ အသစ်နဲ့ဖြစ်စေ ဘုန်းကြီးစာအုပ်က လဲလို့မရဘူး။

အဲဒါကလေးတွေ, မှားတာကလေးတွေ အများကြီးရှိပါတယ်၊ သတိပြုပြီး ကိုယ့်စာအုပ်တွေကို ကိုယ်ကြည့်ကြပါ၊ ဘုန်းကြီး ချပေးတာကလေးတွေနှင့် တိုက်ဆိုင်ပြီး မှန်တယ်လို့ မပြောင်ချင်းတောင် မူကွဲဆိုပြီးတော့ ကိုယ့်စာအုပ်မှာ မှတ်ထားရတယ်၊ မူကွဲဆိုတော့ ဘယ်သူမှုလဲမေးလျှင် ဘုန်းကြီးနာမည်စာပ်ချင် တပ်ထား၊ ပညာရှိကဲ့ရှဲတာ ခံနိုင်ပါတယ်။

ဘာတဲ့တုံး၊ ပဌမဘဝင်အစရှိသော နောက်နောက်သော ဝိပါက်ဗာဝိသ, ကြိယာဝိသအား တပ်သော ပဋ္ဌိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဆိုတာ....ဝိထိနှင့် ဘုန်းကြီး ပြောထားခဲ့ပါတယ်၊ ပဋ္ဌိ-သန္ဓေနှင့်အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုကပစ္စည်း, သူနောက်က ပဌမဘဝင်က ပစ္စ-ယုပ္ပန်၊ ဒါကြောင့် 'ပဌမဘဝင် အစရှိသော' လို့ ထည့်ပါ၊ အရကောက်မှာ ကျနေရစ်တယ်၊ အဲဒါကလေး သတိရလို့ ပြောတာ၊ ဒါက ဝတ္ထုပုရေဏတ မဟုတ်လား (မှန်ပါ)။

ပြီးတော့ ဝတ္ထာရမ္မဏကတော့ ဘယ်လိုတုံး၊ မရဏာသန္နအခါ ပဋ္ဌဝေါကာရ ဘဝဂုံပစ္ဆေဒ ၁၅-ခု, အာဝဇ္ဇန်းဒွေး, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ခု, ဝုဋ္ဌော, ကြိယာမရဏာသန္နဇော ၅-ချက်၊ အဲဒီမှာ 'ကြိယာ' လို့ ပီပီသသ ထည့်ဆိုပါ၊ အဗျာကတမို့ ကျနေတတ်တယ်၊ မနှေက ဦးပဋ္ဌင်းတို့ကောက်တဲ့ အနုဋ္ဌရမှာ သာ၍ကျနေတတ်သေး၊ ကြိယာမရဏာသန္နဇော ၅-ချက်, တဒါရုံ, စုတိအား တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဒါက ဘာတုံး၊ ဝတ္ထာရမ္မဏပုရေဏတအကွက် (မှန်ပါ)။

နိရောဓ ဟဒယဝတ္ထုထည့်ထားပုံ

နောက်တမျိုး အကောက်ဆရာတော်ဘုရားကြီး ထည့်ထားခဲ့တယ်၊ ဦးပဋ္ဌင်း တို့ အကောက်သစ်မှာတော့ ပဋ္ဌာဝါရမှာတောင် ဒါကိုထည့်ထားတယ်လို့ ကြားတယ်၊ ဘုန်းကြီးဟော့ မသုံးဒသးဘူး၊ ဆရာတော်ကြီး ထည့်တဲ့နေရာ ဆဝါရမှာဘဲ ထည့်တယ်။

"နိရောဓသမာပတ်မှ ဟသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု"။

ကုန်သွားရော၊ ဒီမှာ ပဋ္ဌာဝါရဏက် ဒါဟာ ပိုတယ်လို့ မှတ်ထားပါ၊ နိရောဓ သမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ဝတ္ထု ပုရေဏတ နိဿယသတ္တိ ရှိ၏။

နိရောဓနှင့် ဟဒယဝတ္ထု ၃-မျိုး

အဲဒီနိရောဓ ဟဒယဝတ္ထုရပုံကို ဘုန်းကြီးပြောပြမယ်၊ ကောက်နည်း ၃-မျိုးလောက် ရှိတယ်၊ အခု ဘယ်လိုချပေးသလဲ နိရောဓသမာပတ်မှ **ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု**၊ ဒါက ဗဟိုကနေပြီး မစ္ဆိမပဋ္ဌိပဒါ သုံးထားတဲ့စကား၊ ဒါက တမျိုးနော်(မှန်ပါ)။

နောက်တမျိုးက နိရောဓသမာပတ်မှ **ထသောအခါ ရှေးဖြစ်သော စိတ်နှင့်** အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဒါကတမျိုး။ အဲဒီမှာ 'ရှေးဖြစ်သော'တင် မဟုတ်ဘူးနော်၊ ရှေးဖြစ်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု (မှန်ပါ)။

နောက်တမျိုး နိရောဓသမာပတ်မှ **ထသောအခါ ရှေးစိတ္တက္ခဏတချက်ခန့် ကာလဌာရှိသော ဟဒယဝတ္ထု**။

မှတ်မိကြရဲ့လား၊ ပြန်ပြောပါဦးမယ်။

နံပါတ် ၁-က ရှေးဖြစ်သော ဟဒယဝတ္ထု။

နံပါတ် ၂-က ရှေးဖြစ်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။

နံပါတ် ၃-က ရှေးစိတ္တက္ခဏ တချက်ခန့်ကာလဌာရှိတဲ့ ဟဒယဝတ္ထု-တဲ့၊ ၃-မျိုး ဆိုကြတယ်။

ဆိုစရာက ဦးပဉ္စင်းဟို မသူ.ပါဘူး၊ ဒါက ဗဟုသုတအဖြစ် ဘုန်းကြီးပြောနေတာ၊ ဘယ်လိုယူရမလဲလို့မေးလျှင် ၁-နံပါတ်ကို အသာထား၊ ၂-နံပါတ်ကို ကြည့်စမ်း၊ ၁-ကိုတော့ မပြောဘူး မပြောဘဲနှင့် သူက ပြီးသွားလိမ့်မယ်။

'ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထု' ဆိုတာ ဦးပဉ္စင်းတို့ အနန္တရတုန်းက နိရောဓ သမာပတ္တိဝိထိ ပါတယ် မဟုတ်လား (မှန်ပါ)။ အဲဒါကို ကြည့်စမ်းပါ၊ သမာပတ် မဝင်စားမီက နေဝသညာနာသညာယတန ကုသိုလ်, ကြိယာ၊ အနာဂါမ်ဖြစ်လျှင် ကုသိုလ်, ရဟန္တာဖြစ်လျှင် ကြိယာ၊ ပြီးတော့ ၇-ရက် ကြာသွားရော။

နားလည်အောင် နားထောင်ကြပါ၊ ဗဟုသုတ ဘုန်းကြီးပြောနေတာ၊ ၇-ရက်ကြာလို့ သမာပတ်ကထတော့ အနာဂါမိဖိုလ်ဇော, ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော ဖြစ်ရော။

'နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သောစိတ်နှင့်အတူဥပါဒ်တဲ့ ဟဒယဝတ္ထု'ဆိုဘာ သမာပတ် မဝင်စားမီ ၇-ရက်အစက နေဝ-ကု ရှိတယ် မဟုတ်လား၊ နေဝ-ကြို ရှိတယ် မဟုတ်လား (မှန်ပါ)။ အဲဒီ နေဝ-ကု,ကြိုနှင့် တဲ့ပြီး တော့ဖြစ်တဲ့ ကမ္မဇရုပ် ရှိတယ်။

နားလည်ကြဟယ်နော်၊ ဘယ်မှာတဲ့တုံး၊ သမာပတ် မဂင်စားမီ အနာဂါမ် ကိုယ်တော်ကြီးသန္တာန်မှာ ဖြစ်တဲ့ နေဝ-ကု, ရဟန္တာ ကိုယ်တော်ကြီး သန္တာန်မှာဖြစ်တဲ့ နေဝ-ကြီ၊ ထိုနေဝ-ကု-ကြီနှင့် အတူတဲ့ဖြစ်တဲ့ ကမ္မဇရုပ်၊ ၎င်းကမ္မဇရုပ်ထဲမှာ ဟဒယဝတ္ထု ရှိတယ်။

မှတ်ကြပါ၊ဦးပဉ္စင်းတို့ ကြီးလာခဲကာလဲ ကြံ့ကြပေါ့၊ ကြီးဆိုပေမဲ့ အိုအောင်တော့ စောင့် မနေနဲ့၊ ကြီးဆိုတာက စာဝါကြီးရင့်လာတဲ့ အချိန်ကို ပြောတာ၊ ပြန်ကြည့်ကြပေါ့၊ ပဋ္ဌာန်းသိပ္ပံ ဘုန်းကြီး ဒို့ကို ဒါတွေပြောပြတယ်၊ ဒို့ဘယ်လို လုပ် မှတ်မလဲ။

အဲဒီ ၇-ရက်မတိုင်မီ နေဝ-ကု, ကြီ နှင့် အတူဥပါဒ်တဲ့ ကမ္မဇရုပ်ထဲမှာ ပါတဲ့ ဟဒယဝတ္ထု၊က ပစ္စည်း၊ ၇-ရက်ကျော်ပြီးမှ ပေါ်လာတဲ့ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်က ပစ္စယုပ္ပန်-တဲ့ နံပါတ် ၂-ရဲ့ သဘော ပြောတာနော် (မှန်ပါ)။

ကြိုက်တာယူကြပေါ့၊ ဗဟုသုတ ပြောပေးတာဘဲ၊ နားလည် ကြပလား၊ နံပါတ် ၂-က ဘာဘုံး နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု အခုတွေ့ပြီ မဟုတ်လား (မှန်ပါ)။

နံပါတ် ၃ ကြည့်စမ်း၊ 'နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေးဝိတ္တက္ခဏ တချက်ခန့်ကာလ၌ ရှိတဲ့ ဟဒယဝတ္ထု,တဲ့။

အနာဂါမ်, ရဟန္တာ ကိုယ်တော်ကြီ ကော့ သမာပတ်ဝင်စားတယ်၊သမာပတ်ဝင်စားတော့ ထိုကိုယ်တော်ကြီးတွေ သန္တာန်မှာ မရှိတဲ့ တရားက 'စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ရောက်တယ်'လို့ ရှင်အနုရုဒ္ဓါက သင်္ဂြိုဟ်မှာ မိန့်တယ်မဟုတ်လား (မှန်ပါ)။ စိတ်လဲမရှိဘူး, သူ့နှင့် ယှဉ်တဲ့ စေတသိက်လဲ မရှိဘူး, စိတ်ကြောင့်ဖြစ်တဲ့ ရုပ်လဲ မရှိဘူးဆိုတော့ ဒီကိုယ်တော်ကြီးတွေသန္တာန်မှာ ဘာရှိတယ်လို့ ဟိုတုန်းက ပြောခဲ့သတုံး၊ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် ဒီ ၃-မျိုးနှင့်ပင် ဆင်းတုဇတော်ကြီးတွေလို့ တည်နေတာ၊

အဲဒီမှာ ကမ္မဇရုပ် ပါနေပြီနော်၊ ကမ္မဇရုပ်ပါလျှင် ဟဒယဝတ္ထု မရှိပေဘူးလား (ရှိပါတယ်)။

ကဲ သမာပတ်မှ မထခင်ကလေးတင် စိတ္တက္ခဏ တချက်လောက်မှာ ထိုအနာဂါမ်, ရဟန္တာ ကိုယ်တော်ကြီးဟာ သန္တာန်မှာ ကမ္မဇရုပ်ဖြစ်လျှင် ထိုကမ္မဇရုပ်ထဲမှာ ဟဒယဝတ္ထု ရှိ-မရှိ (ရှိပါတယ်)။ ရှိလျှင် ၎င်း ဟဒယဝတ္ထု

က ပစ္စည်း, အဲဒီ စိတ္တက္ခဏာကချက်ခန့်ကျော်မှ ပေါ်လာတဲ့ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်က ပစ္စယုပ္ပန် (မှန်ပါ)။

ဒီတော့ နံပါတ်-၂ အဓိပ္ပါယ်က ဘယ်လောက် ဝေးနေသလဲ မေးလျှင် ၇-ရက်တိတိ ဝေးနေတယ်၊ နှားလယ်ကြပလား(မှန်ပါ)။

နံပါတ် ၂-က ဘာတုံး၊ ၇-ရက်မတိုင်မီက ဟာဒယဝတ္ထု။

နံပါတ် ၃-က ၇-ရက်ပြည့်ပြီး သမာပတ်မှ ထတော့မလို့ စိတ္တက္ခဏ ဥပါဒ်-ဌီ-ဘင် ဆိုတဲ့ ခဏငယ် ၃-ချက်အလိုက ဖြစ်တဲ့ ဟာဒယစ်တ္ထု။

အဲဒီလို ၂-ဝါဒ ကွဲပါတယ်။

အဲဒီလို ကွဲနေတဲ့ ၂ ဝါဒကို ကြား ချပြီးတော့ ခုတင်က ဆိုရိုးက ဘာတဲ့တုံး 'နိုရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်,အရဟတ္တဖိုလ်အား တပ်သော ရှေးဖြစ်သော ဟာဒယဝတ္ထု'လို့ ဆိုခဲ့တာ၊ 'ရှေးဖြစ်သော ဟာဒယဝတ္ထု'ဆိုတာ ဘယ်သူဖြစ်ဖြစ် ယူချင်တာယူ သူနှင့်တော့ ဟည့်နေမှာချည်းဘဲ မဟုတ်လား (မှန်ပါ)။ ဘက်မလိုက်ဝါဒဆိုတာ အဲဒါကို ခေါ်တယ်၊ ဘယ်သူက ဘာပြော နေနေ ဒီက ကြားနေရေးဝါဒလုပ်ပြီးတော့ တည့်နေတာဘဲ၊ ၇-ရက် မတိုင်မီက ဟာလဲ ရှေးဖြစ်တာဘဲ၊ ၇-ရက်ပြည့်ခါနီးမှ ဟာဒယဝတ္ထုလဲ ရှေးဖြစ်နေတာဘဲ မဟုတ်လား(မှန်ပါ)။ အဲဒါကြောင့် ဘက်မလိုက်ဝါဒနှင့် ဒီက ဆိုရမယ်၊ အဲဒါက 'ပဝတ္တိ' ပြီးရော့ပေါ့၊ ပဋ္ဌိသန္ဓေ, ရူပ်သက်သက် ကုဗျာ-ဗျာ, အကုဗျာ-ဗျာ တို့သည် သဟဇာတ အတိုင်း။ အားလုံး ဟောကြစမ်းပါ။

သံဃာတော်များ။ ။အဗျာကတေန အဗျာကတံ–အပြည့် အစုံ တခေါက် ဟောကြသည်။

ဆရာတော်။ ။ဒါဘဲ အထူးရှိဟယ်၊ နိဿယပစ္စည်းမှာ သခ်္ခ နဝ-ရှိတယ်၊ ကု ၃-ချက် ကောက်ပြီးပြီ၊ အကု ၃-ချက် ကောက်ဖြီးပြီ၊ အခု ဗျာ-ဗျာ မှာ ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရူပ်သက်သက်လို့ ၃-မျိုး ရှိနေမှာ ပဝတ္တိကိုသာ ကောက်ပြတယ်၊ ပဋ္ဌိသန္ဓေ, ရူပ်သက်သက် စသည်တို့သည် သဟနှင့် တူ၏-ဆိုပြီး ညွှန်းလိုက်ကြစို့၊ အလကား အချိန်တွေ့ကုန်ပါတယ်၊ရှေ့သွား ရအောင်။

ဥပနိဿယ အရကောက်

နိဿယပြီးတော့ ဥပနိဿယ၊ ဘယ်ပစ္စည်းနှင့် တူသတုံး၊ အာရမ္မဏနှင့် တူတယ်၊ သခ်္ခ တိဏိ၊ ပစ္စယုပ္ပန် မကောက်တော့ဘူး၊ အာရမ္မဏအတိုင်း ကောက်။

ဟိတ်ပါဋ္ဌကိုကြည့်လျှင် ဥပနိဿယ ဘယ်နှစ်မျိုး ရှိသတုံး (၃-မျိုး ရှိပါတယ်)။ သတိပြု နားလေထောင်ကြပါ၊ အာရမ္မဏူပနိဿယ ဖြစ်လျှင် အာရမ္မဏာဓိပတိအတိုင်း ထုတ်၊ အဓိပတိတုန်းက ထုတ်ဘူးပြီ မဟုတ်လား (မှန်ပါ)။ အနန္တရူပဖြစ်လျှင် အနန္တရတုန်းကအတိုင်း ထုတ်။ ပကတူတင် ဒီနေ့ ထုတ်ကြစို့။

ပကတူပနိဿယ အရကောက်

ပကတူထုတ်တော့ ပဠာဝါရက ဘာပြောသလဲ၊ ပစ္စယုပ္ပန် ကုသိုလ်ဖြစ်လျှင် ပစ္စည်း ကုသိုလ်မှ အရဟတ္တမဂ်, ပစ္စည်း အဗျာကတမှ အရဟတ္တဖိုလ်ကြဉ်၍ ကောက်၊ ဒါဘဲ မဟုတ်လား(မှန်ပါ)။ အကုသိုလ် ပစ္စယုပ္ပန် လောကီကောက်၊ အဗျာကတဖြစ်လျှင် အကုန်ကောက်၊ ရသင့်သလောက် အကုန်ကောက်ပေါ့ (မှန်ပါ)။

ကုသလေန ကုသလံ

ဒါကြောင့် ကုသလေန ကုသလံ-၌ ဥပနိဿယပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–ကုသိုလ်စိတ် ကေဝိသအား တပ်သော ဗလဝဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ် ၇၃-ခု, စေတသိက်ဒွေပညာသ, ရူပ်အင္ဒေါသ။ သတိပြု နားထောင်ကြပါ၊ သုဒ္ဓသင်္ချာက ဒါဘဲ မဟုတ်လား(မှန်ပါ)။ ပဠာဝါရကတ္တားကလဲ ဒါဘဲ မဟုတ်လား(မှန်ပါ)။ ပညတ်-ကို ပစ္စယနိဒ္ဒေသတုန်းက ဗျာ ၃-ချက်မှာ ဘုန်းကြီးက ထည့်ပေးခဲ့တယ် မဟုတ်လား(မှန်ပါ)။ အခု ဒီမှာတော့ အကောက်ဆရာတော်ဘုရားကြီးက ထည့်ထားတယ်။

ဘာ ထည့်သလဲ(ပညတ် ထည့်ပါတယ်)။ သတိပြု ထည့်၊ ပဠာမှာ မရှိဘူး မဟုတ်လား(မှန်ပါ)။ ပဠာ ကတ္တားအတိုင်းကောက် ဆိုပေမဲ့ ပဠာကတ္တားမှာ ပညတ်မရှိဘူး၊ ပညတ်လဲ မဟာဘူး။

ဒါကြောင့် ရူပ်အင္ဒေါသ, ပညက် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ။

အကုသလေန အကုသလံ

အကုသလေန အကုသလံ ဖြစ်အုံ့၊ ဥပနိဿယပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–အကုသိုလ်စိတ် ဒွေဒသအား တပ်သော ဗလဝဖြစ်သော လောကီစိတ် ကောသီတိ, စေတသိက် ဒွေပညာသ, ရူပ်အင္ဒေါသ, ပညတ်-ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ။

မဟောပါနှင့်တော့ ဘုန်းကြီးပြောတာ မှတ်ထားစမ်းပါ၊ ထူးလဲ မထူးလို့ တော့ပါဘူး။

အဗျာကတေန အဗျာကတံ

ပဝတ္တိအခါ ဥပနိဿယပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–ဝိပါက်စိတ်ဆတ္တိံသ, ကြိယာဝိသအား တပ်သော ဗလဝဖြစ်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, ရူပ်အဋ္ဌဝီသ, ပညတ်-ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ။ ဒါဟာ ပဋ္ဌာဝါရအတိုင်း မထူးဘူး။

'ပဋ္ဌိသန္ဓေအခါ–ဥပနိဿယပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏အရကား–ပဋ္ဌိသန္ဓေစိတ်ကျေနဝီသအား တပ်သော'—

အဲဒီမှာ သတိပြု၊ ပဋ္ဌိသန္ဓေစိတ်ဆိုတာ ကုသိုလ်, အကုသိုလ်, ဝိပါက်လားလို့ မေးလျှင် ဘာပြောမလဲ (ဝိပါက်အဗျာကတပါ)။ ဝိပါက်အဗျာကတ ဖြစ်နေလျှင် သတိပြုစရာက ပစ္စယုပ္ပန် အဗျာကတ ဖြစ်နေလျှင် ရသင့်သလောက် အကုန်ကောက်ရမယ်၊ ဒီလို မဟုတ်လား(မှန်ပါ)။ စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ ကောက်ရမှာလားလို့ သတ်ထားဝေ့ မကောက်ပါနဲ့၊ ဘာဖြစ်လို့ မကောက်ရသလဲ၊ ပစ္စည်းနှင့် ပစ္စယုပ္ပန်၊ အခု ပဋ္ဌိသန္ဓေစိတ်က ပစ္စယုပ္ပန် အကျိုး မဟုတ်လား(မှန်ပါ)။ အကြောင်းဖြစ်တဲ့ ပစ္စည်းတရားထဲမှာ လောကုတ္တရာစိတ်ထည့်ကောက်လျှင် မဂ်စိတ် ဖိုလ်စိတ် မဟုတ်ဘူးလား(မှန်ပါ)။ မဂ်ကြောင့် ပဋ္ဌိသန္ဓေအကျိုး ပေးပါ့မလား (မပေးပါ)။ ဖိုလ်ကြောင့်လဲ မပေးနိုင်ဘူး၊ အဗျာကဘပင်ဖြစ်သော်လဲ ပဋ္ဌိသန္ဓေအကျိုးကို မဂ်ဖိုလ်တို့သည် မပေးနိုင်သောကြောင့် လောကီတရားကိုသာ ကောက်ပါ။

အဲဒါမှတ်ထားပါ၊ ဒါက ပဋ္ဌာဝါရတုန်းကပြောတဲ့အထဲမှာ မပါဘူး မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ပဋ္ဌိသန္ဓေအခါ ဥပနိဿယပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–အဲဒီမှာ နောက်ပိုင်းက နည်းနည်းကလေးထူးတယ်၊ ခက်တော့ မခက်ဘူး၊ ထည့်စရာ အံကျနေရာကလေးတော့ ပြတယ်။

ပဋ္ဌိသန္ဓေစိတ် ကျေနဝီသအားတပ်သော ဗလဝဖြစ်သော လောကီစိတ်ကောသီတိ, စေတသိက်ဒွေပညာသ, ရူပ်အဋ္ဌဝီသ, ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ၊ ဒါကတချက် (မှန်ပါ)။

ပြီးတော့ဦးပဋ္ဌင်းတို့ကို ခုတင်ကပြောတဲ့ 'မိမိဟောဆဲပစ္စည်းမှာ မျိုးကဲ့ရှိလျှင် ထိုမျိုးကဲ့ကို ပစ္စယုပ္ပန်တရားအရ တူရာကြည့်၍ ဟိတ်ပါဋ္ဌထုတ်ရမယ် မဟုတ်လား (မှန်ပါ)။ ပကတူမှာ မျိုးကဲ့ ဘာရှိသလဲ၊ ပကတူသုဒ္ဓသင်္ခ်ာ အောက်က ဘာတဲ့တုန်း(ဗလဝနာနာကမ္မ ရှိပါတယ်)။ အဲဒါကလေး ထည့်ထုတ်ပါ အောက်ဆုံးက (မှန်ပါ)။

ထည့်ထုတ်ပါဆိုပေမဲ့ အကောက်ထဲမှာ အဓိပ္ပါယ်စုံစုံ မပါဘူး၊ ဘယ်လိုပါသလဲ၊ ကုသိုလ်, အကုသိုလ် ပစ္စည်းတရားတို့၏ ဗလဝနာနာကွဏ်ကကမ္မသတ္တိ ရ၏၊ ဒါလောက်ဘဲ ဆုံးထားကယ်။

ဒီဘော့ သုဒ္ဓသင်္ချာအတိုင်း ဒီလိုထည့်ပါလား၊ ဝိပါက်ဆတ္တိ သ နာမကွန္ဓာ အားတပ်ဒေသာ (ပဋ္ဌိသန္ဓေကို နောက်ကျမှထည့်၊) ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ပစ္စည်းတရားတို့၏ ဗလဝနာနာကွဏ်ကကမ္မသတ္တိ ရ၏။

အဲဒါကလေး ထည့်ပေး၊ ဘယ်လိုလုပ် ထည့်တာလဲမေးလျှင် သုဒ္ဓသင်္ချာအတိုင်း ဘုန်းကြီးထည့်တာမဟုတ်လား၊ (မှန်ပါ)။ အခုတော့ မရှုတ်ပါနဲ့တော့၊ ကိုယ့်ကျောင်းကျတော့ ရှုတ်နိုင်လျှင် ရှုတ်ထားပါ ဒါကလေးတွေ။

အခုဒီမှာ ဘာထူးသလဲမေးလျှင် ပဋ္ဌိသန္ဓေဟိတ်ပါ၌ ထူးတယ်၊ ဗလဝနာနာ-ကွဏ်ကကမ္မ ပိုလာတာ ထူးတယ်၊ အဲဒါ ပကတူပပစ္စည်း။

ရှေတိုးမလို့၊ ရှေလဲ ဦးပဉ္စင်းတို့ဆိုရမှာ မဟုတ်ဘူး၊ ဘုန်းကြီးပြောပေးမှာဘဲ၊ မဆိုရမှာက ဘာဖြစ်လို့လဲဆိုတော့ ယခုတင်ဘဲ ဆိုပြီးခါကလေး မဟုတ်လား (မှန်ပါ)။

ပုရေဇာတပစ္စည်း အရကောက်

ပုရေဇာတက သူ့ပါဠိတော် 'တိဏ'ဘဲ မဟုတ်လား (မှန်ပါ)။ နာမ်တရားတွေချည်းရနေလို့ 'တိဏ'၊ ကုသလေန ကုသလံ၊ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသ-လော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ၊ ပြီးတော့ ဘာတုံး၊ ဂတ္ထုံ ပုရေဇာတပစ္စယာ၊ ဒါကို မှာတမ်းလို့ ဘုန်းကြီးက ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။

ဒီမှာတမ်းဖြင့် ဘာပြောသလဲ၊ 'ဆဝါရ အနုလုံမှာ အာရမ္မဏပုရေဇာတကို မဟော၊ ဝတ္ထုပုဇာတကိုသာ ဟောသည်'လို့ မှာတဲ့မှာတမ်းကို နားလည်သဘောပေါက်ကြပါ၊ အကောက်ဆရာတော်ဘုရားကြီးလဲ တမျိုးတဖုံမှာထားပါတယ်၊ ကြည့်စမ်းကြပါ။

ဒါကဘုန်းကြီး ပြောတာပါ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ-ဆိုတာ အာပြောတာလဲ မေးလျှင် 'ဆဝါရအနုလုံမှာ အာရမ္မဏပုရေဇာတကို မဟောဘူး၊ ငါဘုရားသည် ဝတ္ထုပုရေဇာတကိုသာ ဟောတယ်'လို့ မှာခဲ့တဲ့မှာတမ်း၊ ဒါကို ဘုန်းကြီး အခုပြောတဲ့စကား။

ဒီတော့ ကုသလေန ကုသလံမှာ ဦးပဋ္ဌာန်းတို့ သုဒ္ဓသင်္ချာက ပဋ္ဌာဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြည့်သော ပဋ္ဌာဝေါကာရပဝတ္တိနာမကွန္ဒာ ၄ ပါး မဟုတ်လား (မှန်ပါ)။ ကုသိုလ်မှာ အရူပဝိပါက် ၄-ခုကြည့်ဘို့ မလိုပါဘူး၊ ပဋ္ဌာဝေါကာရ-လို့ ဆိုသဖြင့် ပစ္စယုပ္ပန်ကောက်လဲ ဘုံသတ်ပါ (မှန်ပါ)။

ဒီတော့ ဘယ်နှယ်ကောက်မလဲ၊ ကုသလေန ကုသလံ-၌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား-ဘာဆိုမလဲ (ပဋ္ဌာဝေါကာရဘုံ၌ဖြစ်သောအခါ) အဲဒါကလေးထည့်ဆိုပါ၊ ကျန်ဟာ ခါတိုင်းလို ကောက်ရုံဘဲ။

အကုသိုလ်ကောက်လဲ ဒီအတိုင်းဘဲ၊ ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒ္ဒါဒသ, ဧဟသိက်သတ္တဝီသ အစိတ်အဓိတ် နာမကွန္ဒာ ဆိုရမယ်။

အဗျကတေန အဗျကတံ ကျတော့ကော ပဋ္ဌိသန္ဓေရှိရဲ့လား (မရှိပါ)။ ပဝတ္တိကလေးတင်ဘဲ ဝိပါက်စိတ်ဗာတ္တိံသ, ကြိယာဝီသကို ဘုံသတ်တယ် မဟုတ်လား (မှန်ပါ)။

ဒါဟာ ပစ္စယုပ္ပန်ကောက်တာ ပြောကာနော်၊ (မှန်ပါ)။ ဘာပြောသလဲ၊ ဒီ ပြင်ပစ္စည်းမှာ ဘုံမသတ်ဘဲနှင့် ဒီ ပုရေဇာတပစ္စယုပ္ပန် ကောက်တဲ့အခါမှ ဘုံသတ်ပြီးကောက်ပါ၊ ဒီပစ္စည်းတခုလုံးက အရူပ ၄-ဘုံ မရဘူး၊ အဲဒါကြောင့် ပစ္စယုပ္ပန် ဘုံသတ်ကောက်တယ်။

ဟိတ်ပါဌ်ကျတော့ ဘယ်နှယ်ကောက်မလဲမေးလျှင် ခုတင်တုန်းက နိဿယတုန်းက ပြောခဲ့ပြီမဟုတ်လား (မှန်ပါ)။ နိဿယတုန်းက ဘာနိဿယလဲ ဝတ္ထုပုရေဇာဘာနိဿယ၊ အဲဒီအဘိုင်း ပြန်ထုတ်ရုံပေါ့။

ကဲ-ဒါဖြင့် ပုရေဇာတ သင်္ချာ ၃-ချက် ပြီးရော။

ပစ္ဆာဇာတကိုတော့ မဟောဘူးလို့ မနေ့က ပြောထားခဲ့ပြီးပြီ (မှန်ပါ)။

အာသေဝနပစ္စည်း အရကောက်

အာသေဝနသုဒ္ဓသင်္ချာ မနေ့က ဖတ်တာ ဘာတဲ့၊ အကုသိုလ် ဒ္ဒါဒသ ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော၊ မှတ်ထားကြပေါ့၊ အကုသိုလ်တို့, ဟသိတုပ္ပါဒ် မဟာကုသိုလ်တို့, မဟာကြိယာတို့ တွေ့လျှင် ဒုတိယာဒိဇောကိုသာ ကောက် (မှန်ပါ)။

ပြီးတော့ မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ်ကြိယာ, မဂ် ၄-ခု နာမကွန္ဒာ၊ ဒါဘဲမဟုတ်လား (မှန်ပါ)။ သင်္ချာ 'တ'ဏှိ'၊ ကု-ကု, အကု-အကု၊ ဗျာ-ဗျာ ကတော့ ကြိယာတင် မဟုတ်လား၊ (မှန်ပါ)။

ဒီဇေတာ့ ဘာကောက်မလဲ မေးလျှင် ကုသလေန ကုသလံ-၌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား– ကုသိုလ်စိတ် ကေဝိသ သာမန် ကောက်လို့မရဘူး၊ သုဒ္ဓသခ္ပဲကက ခွဲပစ်လိုက်ဟယ် မဟုတ်လား (မှန်ပါ)။ မဟာကုသိုလ် ဒုတိယာဒီဇော, မဟဂ္ဂုတ်ကုသိုလ် ၉-ခု, မဂ် ၄-ခု စေတသိတ် အဋ္ဌတိံသလို့ ခွဲဆိုပါ။

ဟိတ်ပါဋ္ဌကို ပဠာဝါရဟုန်းဟအတိုင်း ကောက်၊ ပဌမ ဇောကြည့်သော နောက်နောက်သော ကုသိုလ်ကေဝိလဒ္ဓား တပ်သော အဆုံးဇောကြည့်သော ရှေးရှေးသော လောကိကုသိုလ် သတ္တရသ (မှန်ပါ)။ အနန္တရပါကြေအောင် တနည်းကား–အကျယ်ကိုပါ ထည့်ကောက်ပါ။

အကုသိုလ်လဲ ဒီနည်းအတိုင်းဘဲ၊ အကုသလေန အကုသလံ-၌ အကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား-အကုသိုလ်ဒ္ဒါဒသ ဒုတိယာဒီဇော ဒီလို ကောက်ပါ (မှန်ပါ)။

အဗျာကတ ဖြစ်လျှင် အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား—ဟသိတုပ္ပါဒ်, ဟောကြိယာ ဒုတိယာဒီဇော၊ ဟဂ္ဂုတ်ကြိယာ ၉-ခု၊ စေတသိက်ပဏ္ဍိတိံသ ကောက်၊ ဟိတ်ပါဋ္ဌကို ပဠာဝါရတုန်းက အတိုင်း ထုတ်၊ ဦးဉာဏဝရ ဟောစမ်းပါ။

ဦးဉာဏဝရ။ ။တခေါက်ဟောသည်။

ဝိပါကပစ္စည်း အရကောက်

ဆရာတော်။ ။အောသေဝန ပြီးတော့ ကမ္မပစ္စည်း၊ ကမ္မက ဟောပြီးပြီ မဟုတ်လား (မှန်ပါ)။ ဝိပါကပစ္စည်း၊ သဟကြီးမှာ ကြိယာချန်ပြီး ဟောလို့ မနေနဲ့က ဦးကောလိယ ဟောခိုင်းထားတယ် မဟုတ်လား၊ ကောက်ကော့လဲ ဒီအတိုင်းကောက်ရတာဘဲ၊ ရုပ်က သူက ၂-မျိုး၊ ဦးသုဇာတ ကြံဖန်ကောက်စမ်းပါ။

အဗျာကတေန အဗျာကတံ

ဦးသုဇာတ။ ။အဗျာကတေန အဗျာကတံ-၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား– ဝိပါက်စိတ် ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ, အစိတ် အစိတ် နာမကွန္ဓာကို စွဲ၍ ဖြစ်သော ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမကွန္ဓာ, ထိုနာမကွန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဝိပါကပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–အချင်းချင်း အားရင်း, အချင်းချင်း နာမ်ကွန္ဓာစိတ္တဇရူပ်အားရင်း တပ်သော ဝိပါက်စိတ် ဆတ္တိံသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမ်ကွန္ဓာ ပစ္စည်းဟူကုန်တို့၏ ဝိပါကသတ္တိ ရ၏။

ပဋ္ဌိသန္ဓေအခါ အဗျာကတော ခမ္မာ-ဟူသော ကတ္တားပုဒ်၏ အရကား–ပဋ္ဌိသန္ဓေစိတ် ကျေနပ်သ, စေတသိက်ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမ်ကွန္ဓာ, ဟဒယဝတ္ထုကို စွဲမြဲ၍ဖြစ်သော ပဋ္ဌိသန္ဓေစိတ် ကျေနပ်သ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမ်ကွန္ဓာ, ကဋတ္တာရူပ် ပစ္စယုပ္ပန်တရား ရ၏။

ဝိပါကပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရကား–အချင်းချင်းအားရင်း, အချင်းချင်း နာမ်ကွန္ဓာ ကဋတ္တာရူပ်အားရင်း တပ်သော ပဋ္ဌိသန္ဓေစိတ်ကျေနပ်သ, စေတသိက်ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမ်ကွန္ဓာ၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေ နာမ်ကွန္ဓာ ပစ္စည်းတရားတို့၏ ဝိပါကသတ္တိ ရ၏။

ဆရာတော်။ ။'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ' လို့ ပါဠိတော်ကတော့ ပါတယ်မဟုတ်လား (မှန်ပါ)။ ဟိတ်ပါဋ္ဌထုတ်နေတာက ဘာကို ထုတ်သလဲ ဖေးလျှင် ပဉ္စဝေါရကိုကြည့်ပြီး ထုတ်တယ်မဟုတ်လား (မှန်ပါ)။

ပဉ္စဝေါရ ဝိပါကပစ္စည်း သုဒ္ဓသင်္ချာမှာ အချင်းချင်း ရရဲ့လား (မရပါ)။ ဘာတင်ရမလဲ (ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေရုပါတယ်)။ အဲဒါကို သတိထားပေါ့၊ ဒီတော့ 'အစိတ်အစိတ်, အစိတ်အပေါင်း နာမ်ကွန္ဓာ' ဆိုပြီးတော့ ဘာထည့်ကြမလဲ၊ 'ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေ နာမ်ကွန္ဓာ'။

သဇောနှင့် မှတ်ကြပါ၊ အရကောက်ကြည့်ပြီး ကျက်ထားရုံနှင့်လည်း **မမှတ်** မိနိုင်ပါဘူး အဲဒါမဟုတ်ကို၊ ကဲ ရှင်းသက်သက်ကို ပြောစမ်းပါဦး။

ဦးသုဇာတ။ ။ရှင်းသက်သက်ပြောရင်– အဗျာကတော ခမ္မာ-ဟူသော ကတ္တားပုဒ်၏ အရကား– ပဉ္စဝေါကာရဟူ၍ ဖြစ်သောအခါ အရူပ ဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏ မုဒိုကြည်သော ဝိပါက် နာမ်ကွန္ဓာတို့သည် ယထာရဟ ပြုအပ်သော ဝိတ္တဇမဟာဘုတ်, ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေပန္နရသာ တို့နှင့် ယထာရဟ အတူပါဝင်သော ပဋ္ဌိသန္ဓေကမ္မဇ မဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့် တကွသော စိတ္တဇပါဒါ, ပဋ္ဌိသန္ဓေကမ္မဇပါဒါရှိပ် ပစ္စယုပ္ပန်တရား ရ၏။

ဝိပါကပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏အရကား– စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇ ရူပ်အားတပ်သော ပဋ္ဌေဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေ ပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်ယော ဝိပါက်ဗာဝဝိသ, စေတသိက် ပဋ္ဌတိ သ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ဝိပါကသတ္တိ ရ၏။

ဆရာတော်။ ။လွယ်လွယ်ကလေးတော့ဘဲ၊ ဘာထူးသလဲ သဟအတိုင်းလို့ ဘုန်းကြီးပြောခဲ့တယ် မဟုတ်လား၊ ဟိတ်ပါဋ္ဌထုတ်တဲ့အခါ ပဋိသန္ဓေ ဖြစ်လျှင် ဝိပါကပစ္စည်း၏ ပဋ္ဌာဝါရ သုဒ္ဓသင်္ချာက 'ဟဒယဝတ္ထုအား တပ်သော' လို့ ရှိတယ်မဟုတ်လား၊(မှန်ပါ)။ အဲဒါကလေးကို ထုတ်။

ရူပ်သက်သက်ကျတော့လဲ ခါတိုင်းဘော့ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာတို့သည်-လို့ ဆိုတာက ပေါ်နေတဲ့ပစ္စည်းမှာက ကုသိုလ်, အကုသိုလ်တော့ ရှိတာကိုး၊ ကြိယာတော့လဲ ရှိတယ်၊ ဒီမှာတော့ ရှိသလားလို့ မေးလျှင် မရှိဘူး၊ ဒါကြောင့် ကုသိုလ်, အကုသိုလ်, ကြိယာ ချန်ထားပါ၊ ဝိပါက်နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇမဟာဘုတ်, ဝိပါက်တော့ အကုန်ရှိတော့ ပဋိသန္ဓေကလဲ မလျှော့ဘူးပေါ့၊ ဒါကြောင့် ပဋ္ဌေဝါကာရ ပဋိ-သန္ဓေ ပန္နရသတို့နှင့် ယထာရဟ အာဘူဥပါဒ်သော ပဋိသန္ဓေကမ္မဇ မဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ, ပဋိသန္ဓေကမ္မဇဥပါဒါရူပ် ပစ္စယုပ္ပန်တရား ရ၏၊ ဟိတ်ပါဋ္ဌ ဏုတ်။

သမ္မယုတ္တပစ္စည်း အရုကောက်

ဝိပါကပြီးတော့ အာဟာရလဲ ပြီးခဲ့ပြီ မဟုတ်လား (မှန်ပါ)။ ဣန္ဒြိယ, ဈာန, မဂ္ဂ, ပြီးပြီ၊ ကျော်ကြပါစို့။

သမ္မယုတ္တ မဟောရသေးဘူးနော်၊ ပါဠိမှာတော်က ဘာနှင့်တူလဲ၊ အာရုမ္မဏနှင့် တူတယ်၊ ဟိတ်ပါဋ္ဌလဲ သမ္မယုတ္တ သုဒ္ဓသင်္ချာထုတ်မယ် မသုတ်လား (မှန်ပါ)။ ဦးဥာဏ ဟောစမ်းပါ။

ဦးဥာဏ။ ။ကုသလေန ကုသလံ-ဌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား– (အာရုမ္မဏအတိုင်းကောက်။) သမ္မယုတ္တပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ၏ အရုကား– အချင်းချင်းအား တပ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အင္ဂတိ သ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ သမ္မယုတ္တသတ္တိ ရ၏။

(အကုသလေန အကုသလံလည်း နည်းတူ)။

အဗျာကတေန အဗျာကတံ-၌ ပဝတ္တိအခါ အာရမ္မဏ အတိုင်း။ ဟိတ်ပါဋ္ဌ အရကား– အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တံသ, ကြိယာစိတ် ဝီသ, စေတသိက် အဌတံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ သမ္ပယုတ္တသတ္တိ ရ၏။

ပဋ္ဌိသန္ဓေအခါ အာရမ္မဏအတိုင်း ကောက်ပါ။ ဟိတ်ပါဋ္ဌ၏ အရကား အချင်းချင်းအားတပ်သော ပဋ္ဌိသန္ဓေစိတ် ဧကူနဝီသ, စေတသိက် ပဉ္စတံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သမ္ပယုတ္တသတ္တိ ရ၏။

ဆရာတော်။ ။အချင်းချင်းအားတပ်တာချည်း ပါဘဲ၊ ပဥ္စာဝါရ သုဒ္ဓသင်္ခ်ာ ဝါရတုန်းက ဘာတဲ့တုံး ။အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး မဟုတ်လား (မှန်ပါ)။ အဲဒါသတိပြု ထုတ်ရုံဘဲ။

ဝိပွယုတ္တပစ္စည်း အရကောက်

ဝိပွယုတ္တပစ္စည်းကလဲ ကိစ္စငြိမ်းနေပါပြီ၊ မှာတမ်းအဓိပ္ပါယ် ဘုန်းကြီးပြော ပေးဘို့ ဝတ္တရား ရှိပါတယ်။

မနေ့က သုဒ္ဓသင်္ခ်ာ ရှတ်တာကလေးကို ပြန်ပြီး သတိပြုစမ်း၊ **အရ ကောက်တာ** အတူတူဘဲဆိုတာ ဦးပဉ္စင်းတို့ နားလည်ရအောင်။

ဝိပွယုတ္တပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌–အရူပဝိပါက် ၄-ခုကြည်သော ပဉ္စဝေါ-ကာရ ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး-လို့ ဆိုသဖြင့် စိတ် ဂ၅, စေတသိက် ဒွေပညာသ ရတယ်လို့ နားလည်ပါ (မှန်ပါ)။

ရုပ်က ဘယ်နှစ်မျိုးရတယ်၊ စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ် ဆိုပြီး ၂-မျိုး ရတယ်၊ ဒီသုဒ္ဓသင်္ခ်ာကြည့်ပြီး ပါဠိတော် ဘာနှင့်တူသလဲမေးလျှင် ဟေတုတို့နှင့် အတူတူဘဲလို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။ ပင်ကိုယ်ပါဠိတော်မှာက ဒီအတိုင်းဘဲ၊ ဘာမှ မထူးဘူး၊ ဝိပွယုတ္တသည် ဟေတု, ဈာန, မဂ္ဂနှင့် အတူတူ ဘဲ။

အရကောက်အညွှန်း

သူက ဘာပိုနေသလဲ မေးလျှင် မနေ့က ပြောတဲ့ မှာတမ်း ပိုတယ်လို့ ပြောခဲ့တယ်မဟုတ်လား (မှန်ပါ)။ မှာတမ်းက ဘာမှာတမ်းလဲလို့ မေးလျှင် ကုဒ-ချက် ပြန်သတိပြုလိုက်ကြပါ၊ ဦးပဉ္စင်းတို့ မနေ့က ဟောထားတဲ့ ပါဠိတော်။

'ဒဋ္ဌ ခန္ဓေ ပဋိစ္စ ဒဋ္ဌ ခန္ဓာ'-ဆိုပြီး ဘာဆက်ဟောသတုံး ('ဝတ္ထု ဝိပ္ပယုတ္တ-ပစ္စယာ'-ဟောပါတယ်)။

ကုဗျာကျတော့ ဘာဆက်တယ် ('ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ ဆက်ပါတယ်)။

ကုဗျာ နံပါတ် ၃-ကျတော့ 'ခန္ဓာ ဝတ္ထု ဝိပ္ပယုတ္တပစ္စယာ၊ စိတ္တသမုဋ္ဌာနံ ရူပ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ'။

အဲဒီ ၃ မျိုး နားလည်လျှင် အကုန်နားလည်ပါတယ်၊ မလည်စရာလဲ မရှိပါဘူး၊ ဘုန်းကြီးပြောတုန်း သတိပြုပြီး နားထောင်ကြပါ။

ကုသလေန ကုသလံ-ဌ ဘုံသတ်ပြီး ကုသိုလ်ကို ပုရေတုန်းက အတိုင်း ကောက်ပါ၊ ပဋ္ဌာဝေါကာရ မဟုတ်လား (မှန်ပါ)။ ဘုံသတ်ပြီး ကုသိုလ်စိတ် ကေဝိသ ကောက်ပါ။

ဟိတ်ပါဌ်ထုတ်တော့ ကာထုတ်မှုမှာလဲလို့ မေးရန်ရှိပါတယ်၊ မေးရန်ရှိတော့ ဘုန်းကြီးပြောနေကျ နည်းအတိုင်း ပဋ္ဌာဝါရတုန်းက ဝိပ္ပယုတ္တသည် ဘယ်နှစ်မျိုး ရှိတယ်လို့ ပြောခဲ့သလဲ (၃-မျိုးရှိပါတယ်)။ သဟဇိပ်, ပုရေဇိပ်, ပစ္ဆာဇိပ်လို့ ၃-မျိုးရှိတယ်၊ အာလုံး လေ့လာကြပါ၊ နားလည်အောင်လဲ နားထောင်ကြပါ၊ ဘာမှ မခက်လှပါဘူး၊ ဦးပဋ္ဌင်းတို့ ရပြီးသားကော၊ ဘယ်နေရာ သယ်လိုလုပ်ဆိုမယ်, ဘယ်နေရာမှာ ဘယ်စာသည်မယ်ဆိုတာ သိအောင် ဘုန်းကြီးပြောနေတာ၊ မြတ်စွာဘုရားကလဲ ဒါကို မှာကော်မူဟာ။

အဲဒီ ၃-မျိုးတို့တွင် အခု ဆဝါရအနုလုံမှာ ပစ္ဆာဇာတပစ္စည်းကို ဟောခဲ့လား (မဟောပါ)။ မဟောလျှင် ပစ္ဆာဇာတဝိပ္ပယုတ္တ မရှိဘူး၊ ရှိပါ့မလား (မရှိပါ)။

အကယ်၍မျှား ဦးပဋ္ဌင်းတို့ ပဌမပြန်က ဆဝါရတင် မေး မေး, ဝါရ ၆-ပါး ထဲက ဘယ်ဝါရ မေးမလဲ မေးချင်တဲ့ဝါရ မေးပေစေပေါ့၊ ပစ္စယဝါရ မေးမလား, သဟဇာတ, နိဿယဝါရ မေးမလား မေးချင်ဟာမေး၊ ၎င်းဝါရတွင် ဘယ် ဝိပ္ပယုတ်မျှားကို မြတ်စွာဘုရား ဟောကော်မူပါသလဲလို့ မေးလျှင် သဟဇာတ-ဝိပ္ပယုတ်နှင့် ပုရေဇာတဝိပ္ပယုတ်ကို ဟောပါဘယ်လို့ ပြောတတ်ကြပါစေ၊ မဟောတာတင် သိပြီး ဟောတာကို မသိတဲ့ ပုဂ္ဂိုလ်မျိုးက ရှိသေးတာကိုး။

တရားသူကြီး ဥပဒေရှာသလို

'ဗမာရှင်ဘုရင် လက်ထက်က တရားသူကြီးတယောက်လိုပေါ့၊ ဒကာမ နှစ်ယောက် မီးဖိုချောင်ထဲမှာ ချက်ရင်း ပြုတ်ရင်း စိတ်ဆိုးတယ်၊ စိတ်ဆိုးတော့ ငြုတ်သီးထောင်းတဲ့ ဒကာမက ငြုတ်ကျည်ပွေနဲ့ ထပြီး နှက်လိုက်ရော၊ ငယ်ထိပ် နှက်မိတော့ ဟိုဒကာမ သေရော၊ သေတော့ ရုံးရောက်တယ်၊ ရုံးရောက်

တော့ ရုံးက တရားသူကြီးက ဒီအမှုကို စစ်တယ်၊ စစ်တော့ ဥပဒေတွေ လျှောက်ပြီး ရှာတယ်၊ ရှာလိုက်တာ ဥပဒေတွေ အစက အဆုံး, အဆုံးက အစ, အလည်က အဆုံး, အလည်က အစနဲ့ ရှာလိုက်တာ ငြုတ်ကျည်ပွေနဲ့ ရိုက်တဲ့ အမှုကို မပါဘူး၊ အဲဒါနဲ့ ဒီဆုံးဖြတ်ချက်ကို သူမပေးနိုင်ဘူးတဲ့၊ ဥပဒေစာအုပ် ထဲမှာတော့ ဘယ်မှာ ငြုတ်ကျည်ပွေနဲ့ ရိုက်သတ်တယ်လို့ ပါမလဲ၊ သေအောင် သတ်တဲ့ လက်နက်တခုခု ဖြစ်ရမှာပေါ့'၊ အဲဒါ ငြုတ်ကျည်ပွေနဲ့ သေသေချာချာ ရိုက်သတ်တာ ပါမှ ဦးပဉ္စင်းတို့ ဟာဗမားပဲ့ ဖြေတမ်းဆိုလျှင်တော့ မဖြေနဲ့တော့၊ မဟောတာ သိလျှင် ဟောတာလဲ သိရမှာပေါ့၊ ဒါဟာ နောက်ပိုင်းမှာလဲ ပြောစရာကလေးရှိလို့ ဒီက စ-ပြောထားတာ။

ပစ္စာဝိပ် မဟောဘူးဆိုတော့ ဘာဝိပ် ဟောမလဲ၊ သဟဝိပ်နှင့် ပုရေဝိပ် ဟောမယ်၊ (မှန်ပါ)။ ဖြေတတ်ပါစေ၊ မေးလဲ မေးတတ်ပါတယ် တခါတရံ။

အဲဒီ ၂-မျိုးတို့တွင် ပစ္စယုပ္ပန်မှာ နာမ်ဖြစ်နေလို့ရှိလျှင် ခုတင်က နိဿယ တုန်းက ပြောခဲ့တယ်၊ ဘာနိဿယ ခေါ်သလဲ (ဝတ္ထုပုရေဇာတနိဿယ ပါ)။ ကုသလေန ကုသလံ-မှာ ပစ္စယုပ္ပန်မှာ နာမ်မဟုတ်လား (မှန်ပါ)။ ဘာဝိပွယုတ်လဲမေးလျှင် ဝတ္ထုပုရေဇာတဝိပွယုတ္တ။

ဌင်းနာမ်ကုသိုလ်တရားသည် ဘယ်သူနှင့် ဝိပွယုတ္တဖြစ်ရမှာလဲလို့ မေးတော့ 'ဝတ္ထုံ ဝိပွယုတ္တပစ္စယာ'၊ ဟဒယဝတ္ထုနှင့် ဝိပွယုတ်ဖြစ်ပေါ့ (မှန်ပါ)။ ဒီတော့ ကုသလေန ကုသလံ-ကို ဘာဝိပွယုတ္တ ထုတ်ပလဲ မေးလျှင် ဝတ္ထုပုရေဇာတ-ဝိပွယုတ္တထုတ်တော့ နိဿယတုန်းကအတိုင်း ထုတ်ပေါ့၊ သို့ပေမဲ့ ပြန်ဟောပါ။

ကုသလေန အဗျာကတံကျတော့ ပစ္စယုပ္ပန် ဘာဖြစ်လာသတုံး၊ ရူပ်မဟုတ် လား (မှန်ပါ)။ ပစ္စယုပ္ပန် ရူပ်ဆိုတာ 'သဟဝိပ်' မဟုတ်လား (မှန်ပါ)။ သဟဝိပ်တုန်းက ဘယ်လိုထုတ်သလဲ၊ စိတ္တဇရူပ်အားလုံးတပ်သော ပဋ္ဌေဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကောဝိသ, ဇရတသ်ကဒ္ဌတ်သ အစိတ်အပေါင်း နာမကွန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတဝိပွယုတ္တသတ္တိ ဆိုလျှင် ပြီးနေတာဘဲ။

အဲဒီ ၂-မျိုးတည်း ကြည့်၊ ဘာမှ အကျယ် မကြည့်နှင့်၊ ဝိပွယုတ် ဒီ ၂-မျိုး ရှိတယ် ဒီမှာ။

နံပါတ်-၃ ကုကုဗျာကတာ့ နာမ်လဲ ရှိတယ်, ရူပ်လဲရှိတယ် မဟုတ်လား (မှန်ပါ)။ နာမ်အတွက်ကို ပုရေဝိပ်, ရူပ်အတွက်ကို သဟဝိပ် ၂-ခါ ထပ်ထုတ်ပါ။

ဘုန်းကြီးပြောတာ နားလည်ကြရဲ့လား (မှန်ပါ)။ တခေါက်ပြန်ပြောမယ်၊ နာမ်ပစ္စယုပ္ပန်ဖြစ်လျှင် ဘာဝိပွယုတ်ခေါ်တယ် (ပုရေဝိပ် ခေါ်ပါတယ်)။ ဝတ္ထု-

ပုရေဇာတဝိပွယုတ္တ၊ မြတ်စွာဘုရားက ဘယ်လိုမှာသလဲ၊ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ-မင်းတို့ ရနေတဲ့ နာမ်တရားကို ဟဒယဝတ္ထုနှင့် ဝိပွယုပ် လုပ်လိုက်တဲ့။

နံပါတ်-၂ ကု-ဗျာကျတော့ ဘာတုံး၊ ရုပ် ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)။ မြတ်စွာဘုရားက ဘယ်လိုမှာသတုံး၊ (သဟဝိပ်)။ ကုသိုလ် နာမကွန္ဓာနှင့် ဝိပွယုတ္တ ဖြစ်လိုက်တဲ့။

နံပါတ်-၃ ကု-ကုဗျာကျတော့ နာမ်နှင့် ရုပ်နှင့် ပါနေတယ်ဘုရား၊ ဘယ်နှယ်လုပ်မလဲ ရောလျက်ကြီးဆိုတော့ 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ' တချက်၊ခန္ဓာကို ဝတ္ထုနှင့်လုပ် တဲ့၊ဝတ္ထုပုရေဇာတလို့ ပြောတာ(မှန်ပါ)။ ပြီးတော့မှ စိတ္တဇရုပ်ကကျန်သေးတယ်ဘုရာ့ ဆိုတော့မှ 'စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပွယုတ္တပစ္စယာ'၊ စိတ္တဇရုပ်တွေရှိလျှင် ခန္ဓာနှင့် ဝိပွယုတ္တလုပ်လိုက်-ဆိုတာက ဘာတုံး သဟဝိပ် လုပ်ခိုင်းတာ (မှန်ပါ)။

ဝတ္ထုနှင့်ဆိုလျှင် ပုရေဝိပ်၊ ခန္ဓာနှင့်ဆိုလျှင် သဟဝိပ်၊ အဲဒါ နားလည်နေလျှင် ပြီးတာပေါ့၊ ဦးသူရိယ ဟောစမ်းပါ။

ဦးသူရိယ။ ။ကုသလေန ကုသလံ၌။ ပ ။ ပုရေဇာတဝိပွယုတ္တသတ္တိ ရ၏။

(အကုသလေန အကုသလံ နည်းတူဟောရန်။)

ဆရာတော်။ ။ရပြီးသားစာတွေ သူ့နေရာနှင့်သူ ဘယ်နေရာမှာ ဘယ်စာကို ဆိုရမယ်-ဆိုတာကလေးကို ရှင်း ရှင်း နေပါတယ်၊ အဲဒါကို နားလည်အောင် လုပ်ပါ၊ ဦးပဉ္စင်းတို့ ကြေလဲ ကြေပါစေတော့လို့ ထပ်ပြီး အဆိုခိုင်းတာ၊ ဒါတွေဟာ ရပြီးသားတွေဘဲ။

ဗျာပဒ ၃-ချက်

ဗျာ-ဗျာကျတော့ သတိပြု ပဝတ္တိတင်ဘဲ၊ ဝတ္ထုပုရေဇာတက လိုက်နိုင်တယ်၊ သတိပြု နားထောင်ကြစမ်းပါ၊ ကောက်စရာက မလိုပါဘူး၊ တပါးလောက် ဟောပြီး နားထောင်ကြပါ၊ ဘုန်းကြီးပြောတာကလေးကို နားလည်အောင် နားထောင်ပါ။

ဝတ္ထုပုရေဇာတက ဘယ်ဘင် လိုက်နိုင်သလဲ၊ ပဝတ္တိတင် လိုက်နိုင်တယ်၊ ဘာဖြစ်လို့လဲမေးလျှင် ဝတ္ထုပုရေဇာတက ပဋ္ဌိသန္ဓေအခါ ဟောသလား (မဟောပါ)။ မဟောဘူး၊ ပဋ္ဌိသန္ဓေလဲ မဟောဘူး၊ ရုပ်လဲ မဟောဘူးလို့ နိဿယဘုန်းက တခါပြောခဲ့ပြီ။

ဒီတော့ ဗျာ-ဗျာမှာ ရုပ်ရော နာမ်ရော ရှိနေတော့ သဟဝိပ်, ပုရေဝိပ် ၂-မျိုးစလုံး ထုတ်ရမှာပါ့၊ ဦးကောလိယ ဟောစမ်းပါ၊ နိဿယ ဟော့သလို

ဟောရုံပေါ့၊ တရား ကောက်တာကတော့ ဒီမှာရှိတဲ့ ဝိပါက်ကောက်၊ 'အရူပ ဝိပါက် ၄-ခု ကြဉ်သော ဝိပါက်စိတ် ဗာတ္တိံသ'-လို့ဆိုပြီး ကောက်၊ ပဝတ္တိတင်။

အဗျာကတေန အဗျာကတံ

ဦးကောလိယ။ ။အဗျာကတေန အဗျာကတံ-ဌ် ပဝတ္တိ အခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်အရကား–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ **အရူပဝိပါက် ၄-ခုကြဉ်သော ဝိပါက်စိတ်ဗာတ္တိံသ, ကြိယာစိတ်ဝီသ, စေသသိက် အဌတိံသ အစိုက်အစိတ် နာမကွန္ဓာကို စွဲ၍ဖြစ်သော ဝိပါက်စိတ် ဗာတ္တိံသ, ကြိယာစိတ် ဝီသ, စေတသိက် အဌတိံသ အစိတ် အစိတ် နာမကွန္ဓာ, ထိုနာမကွန္ဓာသည် ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။**

ဝိပွယုတ္တပစ္စယာ ဟူသော ဟိတ်ပါ၌၏ အရကား–စက္ခုဝိညာဏ် ဒွေအား တပ်သော မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့်အတူ ဥပါဒ်ပြိုင်သော စက္ခု ဝတ္ထု,။ပ။ ကာယဝတ္ထု, ပဋ္ဌဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက်၄-ခု, ဒွေ ပဋ္ဌဝိညာဏ်-၁၀ ကြဉ်သော ပဌမဘဝင်အစရှိသော နောက်နောက်သော ဝိပါက် စိတ် ဗာဝီသ, ကြိယာစိတ် ဝီသအား တပ်သော ပဋ္ဌိသန္ဓေအစရှိသော ရှေးရှေး သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ ပဋ္ဌဝေါကာရ ဘဝဂုံပစ္ဆေဒ-၁၇, အာဝဇ္ဇန်းဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု, ဝုဋ္ဌော, ကြိယာမရဏာသန္နဇော ၅ ချက်, တပါရုံ, စုတိအား တပ်သော စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု၊ ပစ္စည်း**တရားတို့၏ ဝတ္ထုပုရေဇာတ ဝိပွယုတ္တသတ္တိ**၊ စိတ္တဇရူပ်အားတပ်သော ပဋ္ဌ-**ဝေါကာရဘုံ၌ ဖြစ်သောအခါ** အရူပဝိပါက် ၄ ခု, ဒွေပဋ္ဌဝိညာဏ်-၁၀, ရဟန္တာ**တို့၏** စုတိကြဉ်သော ဝိပါက်ဗာဝီသ, ကြိယာစိတ်ဝီသ, စေတသိက်အဌတ် ံသ **အစိတ်အပေါင်း** နာမကွန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ**ဝိပွယုတ္တသတ္တိ** ရ၏။

ဆရာတော်။ ။ပဌမ ဝတ္ထုပုရေဇာတဝိပွယုတ္တကို နိဿယတုန်းကအတိုင်း ထုတ်၊ **နောက်ဝိပွယုတ်**က 'သဟဝိပ်'မဟုတ်လား (မှန်ပါ)။ ဒါကြောင့် 'စိတ္တဇ ရူပ်အား တပ်သော။ပ။ စုတိကြဉ်လော၊ ဒီမှာ ဝိပါက် ဘယ်လောက် ကျန်တော့သတုံး (ဗာဝီသ ကျန်ပါတယ်)။ ဝိပါက်ဗာဝီသ, ကြိယာဝီသ, စေတသိက်အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ** ဝိပွယုတ္တသတ္တိ ရ၏တဲ့။

ဒါ **ပဝတ္တိ**အဟုက်၊ မှတ်ထားပါ ဒီလိုကောက်ရမယ်လို့။

ပဋ္ဌိသန္ဓေနှင့် ရုပ်သက်သက်တို့က သဟဝိပ်ချည်းဘဲ ထုတ်ရတယ်၊ ပါဠိတော်က ဘယ်လိုနေနေ သဟဝိပ်သာ ထုတ်၊ ပဋ္ဌိသန္ဓေအခါ ဝိပ္ပယုတ္တပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား– ဘာအား တပ်သော ဆိုမလဲ၊ ဒီနေရာမှာ ကဋ္ဌတ္တာရုပ်အား တပ်သော ဆိုပါ (မှန်ပါ)။ ကဋ္ဌတ္တာရုပ်အား တပ်သော ပဋ္ဌ-ဝေါကာရ ပဋ္ဌိသန္ဓေ ပန္နရသ, စေတသိက် ပဋ္ဌတိ်သ အစိတ်အပေါင်း နာမက္ခန္ဓာ ဒါကတချက်(မှန်ပါ)။ ပြီးတော့ ဝိပ္ပယုတ္တ သုဒ္ဓသင်္ခါရက နံပါတ်-၃ ရတယ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရား၏ သဟ ဇာတဝိပ္ပယုတ္တသတ္တိ၊ ပဋ္ဌိသန္ဓေ ပြောတာနော် (မှန်ပါ)။ ဒါ ပဋ္ဌိသန္ဓေဟိတ်ပါဠိ အရကောက်။

ပစ္စယုပ္ပန်ကတော့ ခါတိုင်းလိုကောက်ပေါ့၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေပန္နရသဘဲ ရတယ်၊ ပဋ္ဌိသန္ဓေစိတ် ကျေနပ်သလုံးတော့ မရဘူး၊ ဘာကြည်ထားသတုံး၊ အရူပဝိပါက် ၄-ခု ကြည်ထားတယ်၊ အဲဒါမျိုးကလေးတွေ မှတ်ပါ။

ရုပ်သက်သက်မှာလည်း ပစ္စယုပ္ပန် ခါတိုင်းလိုကောက်၊ ဟိတ်ပါဠိထုတ်တော့ စီတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ဘာဝိပ္ပယုတ္တသတ္တိ ဖြစ်မလဲ(သဟဇာတ ဝိပ္ပယုတ္တသတ္တိ ပါ)။

ကုဗျာက–ဗျာ, အကုဗျာက ဗျာ မှာလည်း ထို့အတူဘဲ သဟဝိပ်ဘဲ။

ပါဠိတော်အသံုးကို စဉ်းစားဘို့ရာကလေးကိုသာ ပြောဘို့ရှိပါတယ်၊ ဒါ နားလည်လောက်ပါပြီနော်(မှန်ပါ)။

ပါဠိတော်အသံုးမှာ ဘုန်းကြီးက ဘာပြောသလဲ 'ဝတ္ထု ဝိပ္ပယုတ္တပစ္စယာ' လို့ ပါလျှင် ဘာဝိပ်ခေါ်တယ် (ပုရေဇာတဝိပ်)။ 'ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ'ဆိုလျှင် ကော(သဟဝိပ်ပါ)။ ဒီ ၂ မျိုးကို နားလည်ပါလို့ ဘုန်းကြီးပြောတယ်၊ ပြောပြီး တော့ အခု ကု ၃-ချက်လဲ ပြီးပြီ၊ အကု ၃-ချက်လဲ ပြီးပြီ၊ ဗျာ-မှာ ပဝတ္ထိလဲ ပြီးပြီ၊ ပဋ္ဌိသန္ဓေအခါဟောတော့ ဘာပြောသလဲ၊ ပုရေဝိပ်ဆိုဒါ ပဋ္ဌိသန္ဓေအခါ က စပြီး ဟိုဘက်မှာ မရှိတော့ဘူးလို့ ဘုန်းကြီးပြောတယ် မဟုတ်လား(မှန်ပါ)။ မရှိပေမဲ့ ပါဠိတော်ကြီးက ဒီလိုနေပါတယ်၊ အခု ဦးပဏ္ဍိုင်းတို့ အမှတ်တမဲ့ နား ထောင်သံုးလျှင် ဘယ်သူမှ သိမှာ မဟုတ်ပါဘူး၊ သိအောင်လို့သာ ဘုန်းကြီးက ပြောပေးနေတာ 'ဘုန်းကြီးပြောတာ မဟုတ်သေးပါဘူး၊ ဒီနားကျတော့ ဆန့်ကျင်ဘက်ကြီး'လို့ ဘယ်သူမှ သိမှာမဟုတ်ပါဘူး၊ အမှတ်တမဲ့ ပြန်သံုးကြမှာပါ။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ၁-တွဲ၊ နှာ- ၂၂၂-ရှိ သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ခါဇယားတွင် နံပါတ်-၃ ကြည့်။

ပဋ္ဌိသန္ဓေအခါမှာ သဟဝိပ်

ပဋ္ဌိသန္ဓိကွဏေ ဝိပါကာဗျာကတံ ကေ၁ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ ကဋ္ဌတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ကေ၁ ခန္ဓော ကဋ္ဌတ္တာ စ ရူပံ၊ ဒ္ဝေ ခန္ဓေ ပဋ္ဌိစ္စ ဒ္ဝေ ခန္ဓာ ကဋ္ဌတ္တာ စ ရူပံ၊ အဲဒါပြီးတော့ နာမ်နှင့် ရူပ်နှင့်ရှိနေတော့ ဘယ်လိုဆက်ထားပြန်သတုံး၊ 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တ-ပစ္စယာ၊ ကဋ္ဌတ္တာ ရူပံ ခန္ဓေ ဝိပွယုတ္တပစ္စယာ'–လို့ ဒီလိုမပါဘူးလား (ပါပါတယ်)။

ဒီတော့ 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ' ပါလျှင် ဘုန်းကြီးက ဘာဝိပွယုတ်လို့ ပြောခဲ့သလဲ (ပုရေဇာတ ဝိပွယုတ်ပါ)။ အခု ဒီမှာလဲ **မရဘူး**လို့ ထပ်ပြောတော့ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား ဒီစကားက (မှန်ပါ)။

ပဋ္ဌိသန္ဓေအခါမှာ 'ဝတ္ထုပုရေဇာတ ဝိပွယုတ္တ **မရဘူး**'-လို့လဲ ပြောတယ် ဘုန်းကြီးက၊ 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ' လို့ တွေ့လျှင် ဒါဟာ ဝတ္ထုပုရေ-ဇာတ ဝိပွယုတ္တလို့ မှတ်ကြလို့လဲ ဆိုပြန်တယ်၊ ဒီစကား ၂-ခု ဆန့်ကျင်နေပါတယ် ဘုရား၊ ဘယ့်နှယ်လုပ် မှတ်ရပါ့မလဲဆိုတော့ သတိပြု။

ပဋ္ဌိသန္ဓေ**အခါ**မှာ ခန္ဓာနှင့် ဟဒယဝတ္ထုဟာ ဝိပွယုတ္တ ဖြစ်-**မ**ဖြစ် သဟဝိပ် **အ**နေနှင့် (မှန်ပါ)။

ခုတင်က ဘုန်းကြီးပြောလိုက်တယ် မဟုတ်လား၊ ပဥ္စာဝါရ သဟဇာတ ဝိပွ-ယုတ္တ သုဒ္ဓသင်္ချာမှာ နံပါတ်-၃ တရား[1] ရ-**မ**ရ (ရပါတယ်)။ **ရ**တယ်၊ ပဋ္ဌိသန္ဓေ **အ**ခါမှာတော့ ခန္ဓာနှင့်ဝတ္ထုဟာ သဟဝိပ်ဖြစ်နိုင်တယ်၊ ဘာတုံး အချင်းချင်း အား **တ**ပ်**သော** ပဋ္ဌာဝေါကာရ ပဋ္ဌိသန္ဓေ**နာ**မကွန္ဓာ, ဟဒယဝတ္ထုလို့ ရှိတယ် မဟုတ်လား (မှန်ပါ)။

ဒါကြောင့် 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ'-လို့ ဆိုတိုင်း **မ**ဟုတ်ဘူး၊ "ပဝတ္တိ မှာသာ ဝတ္ထုပုရေဇာတဝိပွယုတ်၊ ပဋ္ဌိသန္ဓေ **အ**ခါမှာ**တော့** 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္ထ-ပစ္စယာ' ပါလာလျှင် ဘာဝိပွယုတ် ခေါ်**မ**လဲ**မေ**းလျှင် **သ**ဟဇာ**တ**ဝိပွ**ယုတ်**ပါ၊ ပဋ္ဌိသန္ဓေ**အ**ခါဖြစ်လျှင် ပြောတာနော်(မှန်ပါ)။

ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ၌ မှတ်တမ်း

ဘာ**ကြ**ောင့် ခွဲလိုက်သလဲ၊ **ကာ**ल**ကြ**ောင့်ခွဲတယ် (မှန်ပါ)။ 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္ထ-ပစ္စယာ' ဆိုတဲ့စကားဟာ ပဝတ္တိ**အ**ခါမှာ ဖြစ်လျှင်**တော့** ဘာဝိပွယုတ်လဲ(**ဝ**တ္ထု

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ပ-တဲ့၊ နှာ-၂၂၂-ရှိ သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ချာဇယားတွင် နံပါတ်-၃ တရားကြည့်။

ပုရေဇာတဝိပွယုတ်)။ ပဋ္ဌိသဒ္ဓေဖြစ်လျှင်(သဟဇာတဝိပွယုတ်)။ဘယ်ပါဠိတော်ကို ပြောတာလဲ(ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ)။ကျေဉ်းအောင်ပြောတာ နည်းကို မှတ်ခဲ့ကြပါ။

ပြန်ပြောနေပါတယ်၊ 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ' လို့ဟောတော်မူတဲ့ မြတ်စွာဘုရားရဲ့ မှာဘမ်း ဒေသနာတော်သည် ပဝတ္တိအခါဖြစ်အံ့၊ ဝတ္ထုပုရေဇာတဝိပွယုတ္တ၊ ပဋ္ဌိသဒ္ဓေအခါဖြစ်အံ့၊ သဟဇာတဝိပွယုတ္တ-လို့ ဆုံးဖြတ်ကြပါ။

တနည်း-ဤကဲ့သို့ သဟဇာတ ဝိပွယုတ္တမှာ ခန္ဓာနှင့်ဝတ္ထု ဝိပွယုတ် ဖြစ်ကောင်းသည်ကို သိစိမ့်သောဌာနင်း၊'ရင်း' ဆိုတာ ယခုပြောပြီးသားကို တမျိုးဖြတ်တယ်နော် (မှန်ပါ)။ နောက်ဘမျိုးက ဘာရှိသလဲမေးလျှင် ဒေသနာအစဉ်အဆက် မပျက်စိမ့်သောဌာနင်း၊ နာမ်နှင့်ရူပ်နှင့်ရှိလျှင် ဒီလိုဟောတမ်း မဟုတ်လား (မှန်ပါ)။ ကုသိုလ်တုန်းကလဲ ဟောခဲ့ပြီ၊ အကုသိုလ်လဲ ဟောခဲ့ပြီ၊ အဗျာကာပဝတ္တိလဲ ဟောခဲ့ပြီ၊ ပဋ္ဌိသဒ္ဓေ အခါကျမှ ဝတ္ထုပုရေဇာတ ဝိပွယုတ်-မရလို့ ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ မထည့်ရဘူးလို့ မရှိစေနဲ့၊ ဒေသနာတော်လဲ ပျက်သွားမယ်တဲ့။

ဒါကြောင့် 'ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ' ဟူသော ပါဠိတော်သည် ပဝတ္တိအခါဖြစ်အံ့၊ ဝတ္ထုပုရေဇာတ ဝိပွယုတ္တကို ညွှန်ပြ၍ ပဋ္ဌိသဒ္ဓေအခါဖြစ်အံ့၊ သဟဇာတ ဝိပွယုတ္တကို ညွှန်ပြသည်။

ဒီလိုရှိနေဘာလဲ တကြောင်းဘဲ၊ ပြီးတော့ ဒေသနာတော် အစဉ်အဆက် မပျက်စိမ့်သောဌာနင်း၊ ခန္ဓာ ဝတ္ထုံ ဝိပွယုတ္တပစ္စယာ ကဋ္ဌတ္ထာရူပံ ခန္ဓေ ဝိပွယုတ္တ-ပစ္စယာ၊ ခန္ဓာ ဝတ္ထုံက ဘာတုံး (သဟဇာတ ဝိပွယုတ္တ)။ ကဋ္ဌတ္ထာရူပံ ခန္ဓေ ကလဲ သဟဝိပ်ဘဲ၊ ခန္ဓ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ-ထို့ အဘူ ဓသချာ အောင် မြတ်စွာဘုရား ဟောတော်မူတာကို ကြည့်ကြစမ်းပါ၊ 'ခန္ဓာ ဝတ္ထုံ ဝိပွ-ယုတ္တပစ္စယာ' ခဲ့ပြီး ဟောထားတယ် မဟုတ်လား (မှန်ပါ)။ 'ဝတ္ထု ခန္ဓေ ဝိပွယုတ္တပစ္စယာ'၊ ဒါတွေ့ ဘာခတွဲလဲ မေးလျှင် အားလုံး သဟဝိပ်ဘဲ (မှန်ပါ)။

ကျန်တာက ရုပ်သက်သက်၊ကုဗျာက ဗျာ,အကုဗျာက ဗျာ-ဒါတွေ့အားလုံး သဟဝိပ်ချည်းပါဘဲ၊ ထားခဲ့ကြစို့ ဝိပွယုတ္တကို။

ပြောတာ နားလေးတောင်ရုံနဲ့ဘော့ ဦးပဉ္စင်းတို့ မသိနိုင်ဘူး၊ ကိုယ့်ကိုယ်တိုင်လဲ ပြန်စဉ်းစားကြပါ၊ အချင်းချင်းလဲ ခဆွေးနွေးမေးမြန်းကြပါ၊ ဘုန်းကြီးက ဘာပြောလိုက်တယ်-ဆိုတာကလေးတွေ့ တပါးနှင့်တပါး နှိုးနှောပါ၊ မေးမြန်းကြပါ၊ စုံစမ်းကြပါ၊ ဒီတော့မှ သဘောပိုင်ပိုင်နှင့် သိပါလိမ့်မယ်၊ နို့မဟုတ်လျှင်တော့ မသိနိုင်ပါဘူး။ ရှေ့သွားရအောင်။

အတ္ထိပစ္စည်း ပါဠိတော် အရကောက်

အတ္ထိပစ္စည်း ပါဠိတော် ဘယ်သူနှင့်တူရသလဲ (သဟဇာတနှင့် တူပါတယ်)။ အားလုံးပစ္စယုပ္ပန်ကောက်လဲ အတူတူပါဘဲ၊ ဟိတ်ပါဌ်ထုတ်တဲ့ နည်းကို ပြောတော့မလို့၊ ဆိုဘို့မလိုပါဘူး နားထောင်ရုံပါဘဲ။

ပဋ္ဌာဝါရတုန်းက အတ္ထိ ဘယ်နှစ်မျိုးပြသလဲ(၆-မျိုး ပြပါဘယ်)။ ပစ္စယနိဒ္ဒေသမှာ ဘယ်နှစ်မျိုး ဟောပြီးတော့ ဘယ်နှစ်မျိုး မဟောသလဲ (၃-မျိုး ဟောပြီးတော့ ၃-မျိုး မဟောပါ)။ ဟောတဲ့ ၃-မျိုးက ဘယ်သူတွေလဲ၊ သဟဇာတတ္ထိ, အာရမ္မဏပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ၊ ဒီ ၃-မျိုးဟောတယ်၊ ကျန်တဲ့ ပစ္ဆာဇာတတ္ထိ၊ ရူပ်အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိကို ပစ္စယနိဒ္ဒေသမှာ မဟောဘူး၊ ရှေ့ ၃-မျိုးဟောတယ်, နောက် ၃ မျိုး မဟောဘူး၊ ဒီလို မဟုတ်လား (မှန်ပါ)။ တနည်း ရှေ့ ၂-မျိုးကိုဟော၍ နောက် ၃-မျိုးကို မဟောဘူး၊ ဒီလိုလဲ ယူရမယ် ပဠုကဆိုလျှင် (မှန်ပါ)။

ဆဝါရ အနုလုံမှာ အတ္ထိ ၄-မျိုး ဟောခြင်း

ဆဝါရကျတော့ အတ္ထိ ၆-မျိုးတို့တွင် ဘယ်နှစ်မျိုး ဟောသလဲ သတိပြုပါ၊ ဦးပဉ္ဇင်းတို့သိပြီးသား၊ 'မပြောတတ်လို့' ဆိုတာ သိလျက်သားနဲ့ မဖြေတတ်တာ။

သတိပြု စဉ်စားကြပါ၊ ပစ္ဆာဇာတပစ္စည်းကို ဟောခဲ့သလား (မဟောပါ)။ မဟောလျှင် ပစ္ဆာဇာတတ္ထိရှိမလား (မရှိပါ)။ ပုရေဇာတတုန်းကကော အာရမ္မဏ ပုရေဇာတကို ဟော့ရဲ့လား (မဟောပါ)။ **မဟော**လျှင် **အာ**ရမ္မဏပုရေဇာတတ္ထိကော ရှိပါ့မလား(မရှိပါ)။

ဒါဘဲပေါ့၊ အတ္ထိ ၆-မျိုးတို့တွင် ပစ္ဆာဇာတတ္ထိ, **အာ**ရမ္မဏ ပုရေဇာတတ္ထိကို ချန်ထား၍ ကြွင်းသောအတ္ထိ ၄-မျိုးကို **ဟော**တော်မူ**သည်**။ **ဆ**ဝါ**ရ**အနုလုံ**အာ**းလုံ**း**မှာ ပြောတာနော် (မှန်ပါ) ။

ဒါကြောင့် စာပေးပဲ့က **မေ**းတတ်တယ်ဆိုတာ **အ**ဲဒါ**ကမေ**လေ**း**တွေ့ **ဘု**န်**း**ကြီ**း**က ပြောတာ၊ အမှတ်တမဲ့**မေ**းတော့ **မ**ရဘူ**း**၊ **ဆ**ဝါ**ရအ**နုလုံ**မှ**ာ **အာ**ရမ္မဏ ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိမှတပါ**း** ကြွင်**း**သောအတ္ထိ ၄-မျိုးကို **ဟော**တော်**မူ**ပါ**သ**ည်။

နာား**လ**ည်**လော**ာ်ပါ**တ**ယ် **နော**် (**မ**ှန်ပါ)။ **နာ**ား**လ**ည်ကြ**လ**ျှင် **ပ**ါ**ဠိတော**် ပြီ**း**ပြီ ဆိုကြပါစို့၊ **အ**ရ**ကော**ာ်**က** ပ**စ**္စ**ယ**ုပ္ပန် **အ**ရ**ကော**ာ်**မှ**ာ **ဘ**ာ**နှ**င့် **တ**ူ**တ**ယ်၊ **သ**ဟ**နှ**င့် **အ**တူ**တ**ူ**ဘ**ဲ (**မ**ှန်ပါ)။

ဟိတ်ပါဋ္ဌထုတ်လျှင် ဘာတွေထုတ်မလဲလို့ သတိပြု၊ ကု ၃-ချက်မှာ နိဿယ အတိုင်း၊ ပဋ္ဌမနှင့် တတိယမှာ သဟနှိ, ပုရေနှိ ဟောခဲ့တယ် မဟုတ်လား (မှန်ပါ)။ ဒီမှာလဲ သဟဇာတတ္ထိ ပုရေဇာတတ္ထိ ၂ မျိုးကို နိဿယတုန်းက အတိုင်း ဟောပါ၊ ကု-ဗျာဖြစ်လျှင် သဟဇာတတ္ထိသာ ရှိတယ်။

အကု ၃-ချက် ထို့အတူ ပဋ္ဌမနှင့် တတိယမှာ သဟဇာတတ္ထိ, ဝတ္ထုပုရေဇာ-တတ္ထိ၊ အကု-ဗျာမှာ သဟဇာတတ္ထိ။

ဗျာ-ဗျာဖြစ်အုံ့၊ ပဝတ္တိအခါမှာ သဟဇာတတ္ထိလဲ ရှိတယ်၊ ဝတ္ထု ပုရေဇာ-တတ္ထိလဲ ရှိမယ်၊ ပဋိသန္ဓေအခါမှာ သဟဇာတတ္ထိ ဘမျိုးသာ ရှိ၏။ ပုရေဇာ-တတ္ထိ ဘယ်တော့မှ ပဋိသန္ဓေဘက် မလိုက်ဘူးနော် (မှန်ပါ)။ ဒီတော့ အတ္ထိ ၂-မျိုး ရမလာဘူးလား (ရပါတယ်)။

ရုပ် ဘယ်နှစ်မျိုး ဟောထားသလဲ သဟတုန်းက (၇-မျိုး ဟောပါတယ်)။ ၇-မျိုးလုံးမှာ သဟဇာတတ္ထိကို သဟတုန်းက အတိုင်းထုတ်ပါ၊ ဘယ်ဟာတုံး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွိပဉ္စ ဝိညာဏ် ၁၀,ရဟန္တာတို့၏ စုတိကြည်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ အစိတ်ပေါင်း နာမက္ခန္ဓာ, အချင်းချင်းအားဇင်း ဥပါဒါရူပ်အားဇင်း တပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ သဟဇာ-တတ္ထိ သတ္တိ (မှန်ပါ)။

အဲဒီရုပ် ၇ မျိုးထဲမှာ အာဟာရရုပ် မပါဘူးလား (ပါပါတယ်)။ အာဟာရ တုန်းကအတိုင်း အာဟာရတ္ထိ ထုတ်ပါ၊ ဘယ်လိုတုံး၊ "အာဟာရဇရုပ်အား တပ်သော ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇကြောင့် ပစ္စည်းတရားတို့၏ ရုပ်အာဟာ-ရတ္ထိ သတ္တိ။

ပြီးတော့ နောက်ဆုံးရုပ် ၂-မျိုးဟာ ဘယ်သူတုံး(အသညသတ်ကမ္မဇ, ပဝတ္တိ ကမ္မဇပါ)။ ရုပ်ဇီဝိတိန္ဒြေတုန်းက အတိုင်း ထုတ်ပါ၊ "ရုပ်ဇီဝိတိန္ဒြေကြည်သော အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အားတပ်သော ရုပ်ဇီဝိတိန္ဒြေ" ပစ္စည်း-တရားတို့၏ ရူပဇီဝိတိန္ဒြိယတ္ထိ သတ္တိ ရ၏-လို့အဲဒီ အတ္ထိ ၂-မျိုးကို နောက်ဆုယ် က ထည့်ရတယ်။

ဒီတော့ ရုပ်သက်သက်မှာ ဘာတွေနေသလဲ၊ အားလုံးအတွက်က သဟ-ဇာတတ္ထိ၊ အာဟာရဇ ရုပ်အတွက် ရုပ်အာဟာရတ္ထိ၊ အသညသတ်နှင့် ပဝတ္တိ ကမ္မဇရုပ်အတွက်က ရူပဇီဝိတိန္ဒြိယတ္ထိ။

ဒါကြောင့်မို့ 'အတ္ထိ ၆-မျိုးတို့တွင် အာရမ္မဏပုရေဇာတတ္ထိ, ပစ္စာဇာတတ္ထိ မှတပါး ကြွင်းသော ၄-မျိုးကို ဆဝါရအနုလုံပါဠိတော်မှာ ဟောတော်မူသည်' လို့ ဟိတ်ပါဠိမှာ ဒီ ၄-မျိုး လှည့်ထုတ်ရတယ်။

အရကောက်အညွှန်း

အဝိဂတသည် အတ္ထိနှင့် ပါဠိတော်အရကောက်စသည် အားလုံးတူ၍ နတ္ထိ ဝိဂတသည် အနုန္တရနှင့် ပါဠိတော်အရကောက် အကုန်လုံးတူ၏။

ဆဝါရပဋ္ဌာန်

အနုလုံကုန်သွားရော၊ နောက်နေ့ပစ္စနိုက်ဟောရမယ်၊ ပစ္စနိုက်သုဒ္ဓသင်္ချာ ဖတ်ရအောင်ကြည့်ကြပါ၊ သုဒ္ဓသင်္ချာခပ်မျှားမျှားကလေးရအောင် ကျက်ခဲ့ကြစမ်းပါ၊ ပစ္စနိုက်ကနည်းနည်းကလေးရယ်၊ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာကြေနေလျှင် ဘုန်းကြီးမှန်းထားတယ် ဒီတော်သလင်းလအတွင်း ပြီးမယ်လို့။ သုဒ္ဓသင်္ချာကြေလျှင် ပြောတာပါ၊ မကြေလျှင်တော့ ထစ်ထစ်-ထစ်ထစ်နဲ့ အဖုဂ-လေး အထစ်ကလေးနဲ့ ဆဲရတော့ ရုတ်တရက် မပါဘူးပေါ့၊ ပစ္စည်းတွန်းတွေက ရှိသေးတယ်။

နောက်ပြီးတော့ ဆဝါရဆိုတာ ယခု ပဋ္ဌိစ္စဝါရဟောတော့ သဟဇာတဝါရ ကသာ လုံးဝတူမှာ၊ ပစ္စယဝါရတို့, နိဿယဝါရတို့ ဟောတတ်အောင် နည်းပေးရဦးမယ်၊ သံသဋ္ဌ, သမ္ပယုတ္တတို့ ဟောတတ်အောင် နည်းပေးရဦးမယ်၊ ဒါတွေကတော့ မမျှားပါဘူး၊ အကုန်လုံးဘဲ နည်းနှင့်ပြပြီး သိအောင်လုပ်ပေးမယ်၊ ကဲ....ဦးဥာဏဝရ ဖတ်စမ်းပါ။

၀ ၄ ၄
ပစ္စနိုကသုဒ္ဓသင်္ချာမျှား

နဟေတု သုဒ္ဓသင်္ချာ

နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာ၀ါရ၌- မောဟမူဒ္ဒေ၌ မောဟ, အဟိတ်ပ၀တ္တိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး,အဟိတ်စိတ္တဇရူပ်,အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရူပ်,ဗာဟိရရူပ်, အာဟာရဇရူပ်, ဥတုဇရူပ်, အသညသတ်ကမ္မဇရူပ်, ပ၀တ္တိကမ္မဇရူပ်၊ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နမမ္မဖြစ်သော တရားတို့မည်ကုန်၏၊ သင်္ချာ ဒွေ,စတ္တာရီ, ဒွေ ဟူသည်တည်း။

ဒွေ ဟူသော်ကား-အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ ဟူသည်တည်း။

စတ္တာရီဟူသော်ကား-အကုသလေန အကုသလံ, အဗျာကတေန အဗျာ-ကတံ, အဗျာကတေန အကုသလံ, အကုလာဗျာကတေန အကုသလံ ဟူသည်တည်း။

ဒွေဟူသော်ကား-အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ-ဟူသည်တည်း။

(ကြင်းပစ္စည်းတွေ၏ သုဒ္ဓသင်္ချာကို ဤစာအုပ် ပဌမတွဲအစ၌ ကြည့်ပါ။)

ထူးခြားသောသင်္ချာ

သတိပြုကြစမ်းပါ၊ နပုရေဇာတမှာ သတ္တဆိုတဲ့ သင်္ချာဟာ ဆဝါရမှာ ဆန်းပြားလာပါတယ်၊ အဲဒီသတ္တဟာ ဘယ်သူလဲ မေးလျှင် နဝမှာ ကုဒ္ဒ-ချက်တို့တွင် တတိယအချက် ချန်ထားတယ်၊ ဇုံနည်းတူစွာ အကုဒ္ဒ-ချက်တို့တွင်လည်း တတိယအချက် ချန်ထား၊တယ်၊ ကုက ကု-ဗျာရယ် အကုက အကု-ဗျာရယ် ဒီ ၂-ချက် လျှော့လိုက်တော့ သတ္တဖြစ်တာဘဲ မဟုတ်လား (မှန်ပါ)။

ကဲ တော်ကြဦးစို့။

ဆဝါရ ပစ္စနိုက်ပါဠိတော်

ပဋ္ဌိစ္စဝါရ အနုလုံ ဝိဘင်္ဂဝါရ အရေကောက်နှင့် ပါဠိတော်ကုန်သွားပြီ၊ ဝိဘင်္ဂဝါရဟောပြီးတော့ ပါဠိတော်အစဉ်အတိုင်း မေးလျှင်တော့ သင်္ချာဝါရကို ဆက်ဟောတယ်၊ သို့ပေမဲ့ သင်္ချာဝါရကို ခဏထားပစ်ခဲ့ကြဦးစို့ ၊ ပစ္စနိုက်ကို ဟောရအောင် မနေ့က သုဒ္ဓသင်္ချာကိုစပြီးကျက်ထားတယ်၊ ဒီနေ့ သုဒ္ဓသင်္ချာ အရ ပစ္စနိုက်ပါဠိတော် ဟောရအောင်။

သုဒ္ဓသင်္ချာချင်းထူးပုံ

ဒီဆဝါရမှာ သုဒ္ဓသင်္ချာနေပုံက ပဥ္စာဝါရသွားတာနှင့် မတူတတ်ဘူး၊ ပဥ္စာဝါရက သုဒ္ဓသင်္ချာတမျိုးတည်းရှိတယ်၊ အနုလုံသုဒ္ဓသင်္ချာလို့ရှိမယ်၊ ပစ္စနိုက်သုဒ္ဓသင်္ချာရယ်လို့ သီးသန့်မထားဘူး၊ ဆဝါရကျတော့ သုဒ္ဓသင်္ချာ ၂-မျိုးထားတယ်၊ **အနုလုံသုဒ္ဓသင်္ချာလို့တမျိုး, ပစ္စနိုက်သုဒ္ဓသင်္ချာလို့တမျိုး**။

အဲဒီလို ၂-မျိုးရှိတဲ့အနက်က အနုလုံမှာရှိတဲ့ တရားတွေဟာ ဘာတွေလဲလို့ **မေးလျှင်** ပဥ္စာဝါရတုန်းက ပစ္စယုပ္ပန်တရားတွေဘဲ။

ဥပမာ ဟေတုကို ပဥ္စာဝါရတုန်းက သုဒ္ဓသင်္ချာက ဘာခေါ်သလဲ၊ **သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်**, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်ပေါ်းတယ်သော ဟိတ်ဖ-ပါး၊ အဲဒီမှာဟိတ်ဖ-ပါးဆိုတာ ပစ္စည်းမဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်က ဘာလဲ သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ဒုါမဟုတ်လား (မှန်ပါ)။

အဲဒီသမ္မယုတ္တခန္ဓာကို ပဥ္စာဝါရတုန်းက **သမ္မယုတ္တဆိုတဲ့** စာလုံးကလေးထဲမှာ **သရုပ်စိတ်ပေါင်း** ဘယ်လောက် ရှိသလဲလို့ **မေး**တော့ ဘာထွက်လာသလဲ၊ သဟိတ်စိတ်ကေသတ္တတိ, **မောဟမူဒ္ဓေ၌ မောဟ**ကြဉ်သော စေတသိက် ဒွေပညာသ မဟုတ်လား(မှန်ပါ)။**အဲဒီတရား**ဟာ **အခုဆဝါရမှာ ဟေတုအနုလုံ** လာပြီး **မဖြစ်ဘူးလား** (မှန်ပါ)။

အဓိပ္ပါယ်တမျိုးလုပ်ပြီး ဘုန်းကြီးပြောပေးနေတာ ဦးပဋ္ဌင်းတို့ ဝါရတွေကို နှိုင်းယှဉ်တတ်ဖို့။

ဘာပြောလိုတာလဲ၊ **ဆဝါရ အနုလုံ သုဒ္ဓသင်္ချာဆိုတာဟာ ပဋ္ဌာဝါရက ပစ္စယုပ္ပန်တရားဘဲ**၊ အခုဟောတုကို ချိန်ထိုးပြတယ်မဟုတ်လား (မှန်ပါ)။ အားလုံး ပစ္စည်းဘေးကို ဒီသဘောအတိုင်းဘဲ နားလည်ကြပါ၊ ကြင်းတဲ့ပစ္စည်းတွေလိုက်ကြည့်လဲ ဒီသဘောချည်းဘဲ၊**ယထာရဟယူရပါတယ်**။

ပြီးတော့မှ ဆဝါရတင်ဘဲ အနုလုံနှင့် ပစ္စနိုက် ဘယ်လိုနေသလဲ တခါကြည့်ရတယ်၊ ပရမတ္ထတရားလေးပါးကို ရသင့်သလို အနုလုံက ဟောလိုက်တယ်၊ အနုလုံက ဟောလိုက်လို့ ကျန်နေတဲ့တရားသည် ပစ္စနိုက်သုဒ္ဓသင်္ချာ ဖြစ်နေတယ်၊ ဒါပေမဲ့ နိဗ္ဗာန်ကတော့ မရနိုင်ဘူး။

လေ့လာစေချင်လို့ ပြောပေးနေတာ **လေ့လာ**ရတယ်၊ အဲဒါမျိုးကလေးတွေ ဒို့ကို ဘုန်းကြီးက ဒီလိုမှုလုပ်ပြီး ပြောတယ်၊ စဉ်းစားပြီး သတိပညာနှင့် လိုက်ရှာရတယ်၊ ဟုတ်ကဲ့လားလို့ လိုက်ကြည့်ရတယ်။

ဒီတော့ ဆဝါရအနုလုံက ဘာတွေရသလဲ၊ 'သဟိတ်စိတ်ကေသတ္တတိ မောဟမူဒ္ဓေ၌ **မော**ဟကြင်သော' ဆိုတော့ မောဟမူဒ္ဓ၌ယှဉ်ခိုက် **မော**ဟ-**မ**ရဘူးမဟုတ်**လား** (မှန်ပါ)။ **ဒီ**တော့ ဒီ**မော**ဟဟာ အခုပစ္စနိုက်မှာ **ရော**က်**မ**နေဘူး**လား** (ရောက်နေပါတယ်)။

သဟိတ်ပဝတ္တိပဋ္ဌိ**သ**ဒ္ဓေ**နာ**မကွန္ဒာ ၄-ပါး,**သ**ဟိတ် **စ**ိတ္တဇရုပ်, **သ**ဟိတ် **ပ**ဋ္ဌိ**သ**ဒ္ဓေ**က**မ္မဇရုပ်**ဆို**တော့ **သ**ဟိတ်**စ**ိတ္တဇရုပ်ကို **သ**တိပြုကြစမ်းပါ၊ **သ**ဟိတ်**စ**ိတ္တဇရုပ်ကိုယူသွားလျှင် **အ**ဟိတ်**စ**ိတ္တဇရုပ်**က**မကျန်ပေဘူး**လား**(ကျန်ပါ**တယ်**)။ **အ**ဲဒါ ပစ္စနိုက်မှာ ရောက်မယ် (မှန်ပါ)။**သ**ဟိတ်**ပ**ဋ္ဌိ**သ**ဒ္ဓေ**က**မ္မဇရုပ်ကို **အ**နုလုံ**က**ယူထားလျှင် **အ**ဟိတ်**ပ**ဋ္ဌိ**သ**ဒ္ဓေ**က**မ္မဇရုပ်**က** ကျန်**နေ**တော့ ဟော**ဒီ**ပစ္စနိုက်မှာ **ရော**က်**လာ**တယ် (မှန်ပါ)။ ကြင်းတဲ့ ဗာဟိရစတဲ့ရုပ် ၅-မျိုးကို **အ**နုလုံ**က** လုံးဝမဟောခြင်းကြောင့် ပစ္စနိုက်မှာ ရောက်**နေ**တယ်၊ ဒါဟာ ကြံစည်ပုံကို ဘုန်းကြီးပြောပြနေတာ (မှန်ပါ)။

'**သ**ဟိတ်**စ**ိတ္တဇရုပ်'လို့ ဆိုတဲ့ **အ**ချိန်တုန်း**က** ကုသိုလ်ကြောင့် ဖြစ်တဲ့ရုပ်တွေ **အ**ကုန်**ရ**တယ်၊ **အ**ကုသိုလ်ကြောင့်ဖြစ်တဲ့ရုပ်တွေ **အ**ကုန်**ရ**တယ်၊ ဝိပါက်ကြောင့် **ဆ**ိုတဲ့**အ**ခါ**ကျ**တော့ **သ**ဟိတ်ဝိပါက်, **အ**ဟိတ်ဝိပါက်လို့ ကဲ့**မ**လာ**ဘူး**လား (ကဲ့ပါ**တ**ယ်)။ **အ**ဟိတ်ဝိပါက်ကြောင့် ဖြစ်တဲ့ရုပ်တွေ ကျန်**နေ**လို့ ပစ္စနိုက်ထုတ်လိုက်**တာ** (မှန်ပါ။)

သဟိတ်ကြိယာကြောင့် ဖြစ်တဲ့ရုပ်တွေ အနုလုံမှာပါသွားတော့ အဟိတ်ကြိယာ ၃-ခုကြောင့်ဖြစ်တဲ့ရုပ်တွေက ပစ္စနိုက်မှာ ရောက်လာတယ် (မှန်ပါ)။

အနုလုံတုန်းက သဟိတ်ပဋ္ဌိသန္ဓေဆိုတော့ သဟိတ်ပဋ္ဌိသန္ဓေ ၁၉-ထဲတွင် ဥပေက္ခာသန္တီရဏ ၂-ခု မကျန်ပေဘူးလား (ကျန်ပါတယ်)။ သူကြောင့်ဖြစ်တဲ့ရုပ်တွေက ပစ္စနိုက်မှာထုတ်၊ ကြွင်းတဲ့ သဟိတ်ပဋ္ဌိသန္ဓေ ၁၇-ခုကြောင့် ဖြစ်တဲ့ရုပ်ဟောက အနုလုံမှာ။

အဲဒီတပစ္စည်းကို နားလည်နေလျှင် ကျန်တဲ့ပစ္စည်းတွေကို ဒီအတိုင်းစဉ်းစားကြည့်ပါ၊ နားလည်ကြပါ။

ဥပမာ ဟေတုပြီးတော့ နောက်တခု အာရမ္မဏကို ဆက်ကြည့်စမ်း၊ ပဠာဝါရ ပစ္စယုပ္ပန်တရားသည် ဆဝါရရဲ့ အနုလုံတရား၊ ဒီလိုမဟုတ်လား (မှန်ပါ)။ အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ခါဝါရဋ္ဌ- ဆိုပြီး ပဠာဝါရတုန်းက ကျက်တော့ ဘယ်လိုကျက်လာခဲ့ကြသတုံး၊ 'ကာမစိတ်စတုပညာသ, ဝိညာဏဋ္ဌာယတနစိတ် ၃-ခု, နေဝသညာနာသညာယတနစိတ် ၃-ခု,အာကိညာဏ် ဒွေ, လောကုတ္တရာစိတ် ၈-ခုအားတပ်သော' လို့ ပဠာဝါရတုန်းက ဆိုတယ်မဟုတ်လား (မှန်ပါ)။ ပြီးတော့ ယထာရဟ ဒီမှာရသင့်တာဆိုပြီး ပေါင်းယူထားတဲ့အခါကျတော့ ဘာကျန်နေရစ်ခဲ့သလဲ၊ ရူပ ၁၅, အာကာ ၃, ဃာကိ် ၃- ပေါင်း ၂၁၊ ဘာဖြစ်လို့ချန်ထားခဲ့သလဲမေးလျှင် ထိုအခိုက်အတန့်က ပညတ်ကို အာရုံပြုနေတဲ့ တရားတွေမို့လို့ ကျန်နေရစ်ခဲ့တယ် (မှန်ပါ)။

သူတို့တတွေဟာ အာရမ္မဏရဲ့ပစ္စယုပ္ပန်မဟုတ်ဘူးလားလို့မေးလျှင် ပဠာဝါရ အနေအားဖြင့် ခန္ဓာဖွဲ့မရလို့ ချန်ရစ်ခဲ့ပေမဲ့ စင်စစ်တော့ အလုံးစုံသောတရားတွေသည် အာရမ္မဏရဲ့ ပစ္စယုပ္ပန်တရားတွေဘဲ (မှန်ပါ)။

ဘာကို မှန်းဆသိရမလဲ မေးလျှင် ပစ္စယနိဒ္ဒေသ ဟောတဲ့အခါကျတော့ ဒီပစ္စယုပ္ပန်တွေအကုန်လုံး မရဘူးလား (ရပါတယ်)။

ပဠာဝါရမှာ ကျန်ရစ်ခဲ့တာ ဒီ ၂၁-က ဘာဖြစ်လို့ ကျန်ရစ်ခဲ့သလဲမေးလျှင် ပညတ်အာရုံပြုခိုက်မို့လို့။

အဲဒီစိတ် ၈၉, စေတသိက် ၅၂ သည်ပင်လျှင် ဆဝါရကျတော့ အနုလုံလာပြီး ဖြစ်တယ်မဟုတ်လား (မှန်ပါ)။ နာမ်ကုန်ရတယ်။

အနုလုံမှာ နာမ်တွေအကုန်ဟောထားခဲ့တော့ ပစ္စနိုက်မှာ ဘာတွေ ရောက်သွားသလဲ (ရုပ်တွေရောက်ပါတယ်)။ ရုပ်တွေ အကုန်ရောက်သွားတယ်။

နားလည်ကြတယ်နော်၊ ဘုန်းကြီးပြောတာကို၊ (မှန်ပါ)။ အဲဒီအတိုင်း ချိန်ဆတွေးတောကြပါ၊ ကဲ ထားခဲ့ကြပါစို့၊ ဒါက အပိုပြောပေးနေတာ။

နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒ် မောဟမူဒ္ဒေ၌ မောဟ....ဆိုကတည်းက နှုတ်ကလဲ ကျက်ပါ၊ စိတ်ထဲကလဲ စဉ်းစားပါ၊ သူဟာဘာလဲ၊ ဒီကုသလတိုက် အနေနဲ့ စဉ်းစားလျှင် ကုသိုလ်, အကုသိုလ်, အဗျာကတ ၃-မျိုးတို့တွင် အကုသိုလ်တရားဘဲ။

ပြီးတော့ဘာကုံး၊ အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ နာမ်တရားထဲက အဲဒါတွေဘဲရှိတယ်၊ အဲဒီအသံအရ သရုပ် စိတ်က ဘယ်သူလဲမေးလျှင် အဟိတ်စိတ်ဘဂ၊ သူနှင့်ယှဉ်နိုင်သမျှ အညသမာန်းစေတသိက်ဘ ၂-ဆန္ဒကြဉ်ပေါ့၊ သူကို ဘာခေါ်သလဲ၊ အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး။

ဒီတရားတွေကို တွေ့အောင်ကြည့်၊ ကြည့်လို့သိတော့မှ ကိုယ် ပါဠိလဲ ဒီဟုတ်တယ်, အရလဲ ကောက်တတ်တယ်။

ပြန်ကြည့်ကြစမ်းပါ၊ မောဟမူဒ္ဒေ၌ မောဟလို့ ဆရာတော်ဘုရားကြီးတွေက ဆိုတယ်၊ ဦးပဉ္စင်းတို့ ပဉ္ဇာဝါရသင်စက ဘုန်းကြီးပြောတယ်၊ မောဟသည် ၃-မျိုးရှိ၏၊ ဘယ်လို ၃-မျိုးလဲ၊ လောဘမူနှင့်ယှဉ်ခိုက် မောဟတမျိုး, ဒေါသမူ၌ ယှဉ်ခိုက် မောဟတမျိုး, မောဟမူ၌ယှဉ်ခိုက် မောဟတမျိုး၊ ပေါင်း ၃-မျိုးရှိတယ်၊ 'လောဘမူ, ဒေါသမူ၌ ယှဉ်ခိုက် မောဟသည် အနုလုံမှာ ပါသွားတယ်၊ 'ယှဉ်ဘက် ဟိတ်ရှိတယ်၊ ဒီဟိတ်တွေ မဟုတ်လား (မှန်ပါ)။ မောဟမူ၌ယှဉ်ခိုက် 'မောဟသည်သာလျှင် ယှဉ်ဘက် ဟိတ်မရှိလို့ အခု ဘယ်မှာ ရောက်နေသလဲ၊ ပစ္စနိုက်မှာ ရောက်နေတယ်။

မောဟမူ အသုံးအနှုန်း

အဲဒီ မောဟမူလို့ သုံးမှုသည် အရှင်အနုရုဒ္ဓါ ဆရာတော်ရဲ့ ဒီဘက်လက်သက်မှာ သုံးတယ်လို့ ဘုန်းကြီးက တွက်ထားတယ်၊ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို ရေးသားတော်မူတဲ့ အရှင်အနုရုဒ္ဓါ မတိုင်မီ ရှေပိုင်းကတော့ ပါဠိတော်ကြီးတွေမှာ သတိပြုလျှင် မောဟမူလို့ သုံးတာ တော်တော်ရှားတယ်၊ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စခေါ်တဲ့ တရားကိုယ်အသံနှင့်ဘဲ သုံးစဲ့တယ်၊ မောဟမူဆိုတာ ဘယ်သူလဲမေးတော့ ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စဘဲ၊ ဒါဟာ ဘုန်းကြီးရဲ့ တွေးလုံးကို ပြောတာ။

အဲဒီ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စနှင့် ယှဉ်ခိုက် ဖြစ်တဲ့ မောဟသည် ပစ္စနိုက်မှာ ရောက်နေတယ်၊ သူတို့ဟာ အကုသိုလ်ဘဲလို့ သိကြပါ။

ဒါကြောင့် ဤတရားတို့သည် နဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ ဒွေ, အကုသလေန အကုသလံ-၌ ဒီတရားကလေ၊ မောဟတလုံးတည်းကို ဟောလိမ့်ယဉ် (မှန်ပါ)။

မှတ်ထားကြပါ၊ အရကောက်နှင့် ဟိတ်ပါဠိတခု၊ ဒီနေ့ ဒီဟာကလေးတလုံးကို ဦးပဉ္စင်းတို့ ကောက်ပေးမယ်၊ အဲ.... ဒီနေ့ ကောက်ပေးတာ နားလည်လျှင်လဲ နောက်ကို မကောက်တော့ဘူး၊ နည်းဘဲရအောင် လုပ်ပေးမယ်။

သူ့ကို ဈယ်နှယ်လုပ် ဟောသလဲ၊ အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နု ဟေတုပစ္စယာ၊ ဝိထိပါဠိတော်။ အကုသလံ၊ အကုသိုလ် ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋ္ဌိစ္စ၊ စွဲ၍။ အကုသလော၊ အကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ နု ဟေတုပစ္စယာ၊ နဟေတုပစ္စည်းကြောင့်။ နဟေတုပစ္စယာ၊ ဟေတုပစ္စယံ ဝိနာ အညေန ပစ္စယေန၊ ဟေတုပစ္စည်း မှတပါး အခြားသော ပစ္စည်းတို့ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရ၏။ ဟေတုထဲတော့ သူမပါဘူး၊ ဟေတုမ ဘုတ်တဲ့ပစ္စည်းတွေတော့ ဖြစ်သင့်ဖြစ်ကြမှာပေါ့...တဲ့၊ အဲဒီ အကုသိုလ်ဟာ ဘယ်သူလဲမေးတော့ ခုတင်ကပြောတဲ့ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ မဟုတ်လား (မှန်ပါ)။ 'ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ' –တဲ့၊ ဆဝါရ တလျှောက်လုံးမှာ အထူးအဆန်းဆုံး ပါဠိတော်ပါဘဲ။

'ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋ္ဌိစ္စ' တဲ့၊ ဘာပြောတာတုံး၊ ဝိစိကိစ္ဆာသဟဂတေ၊ ဝိစိကိစ္ဆာနှင့် တကွဖြစ်ကုန်သော။ ဥဒ္ဓစ္စသဟဂတေ၊ ဥဒ္ဓစ္စနှင့်တကွ ဖြစ်ကုန်သော။ ခန္ဓေ၊ အစိတ်အပေါင်း နာမကွန္ဓာတို့ကို။ ပဋ္ဌိစ္စ၊ စွဲ၍။ ဆိုးတော့ ခုတင်က မောဟမူဒ္ဓေလို့ခေါ်တဲ့ ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စက စေတသိက်ပေါင်း ဘယ်လောက်ယှဉ်နိုင်သလဲလို့ ကြည့်လျှင် သတိပြု၊ ၂-မျိုးစလုံး ယှဉ်နေတာတွေ့လျှင် ၁၄-ခုတည်း ရှိတယ်၊ ရသမျှယှဉ်တာဆိုလို့ ရှိလျှင် ၁၆-ခု ရှိတယ်။

တခုက ဝိစိကိစ္ဆာ ယှဉ်နိုင်တယ်၊ တခုက အဓိမောက္ခယှဉ်နိုင်တယ်၊ မတူဘူး မဟုတ်လား (မှန်ပါ)။ အဲဒီ ၁၄-ထဲမှာ သူတို့ ၂-ခု ထပ်ထည့်လိုက်လျှင် ၁၆ ဖြစ်သွားရော (မှန်ပါ)။ ဝိစိကိစ္ဆာက တမျိုးယှဉ်တယ် ၁၅-ပါး၊ ဥဒ္ဓစ္စက တမျိုးယှဉ်တယ် ၁၅-ပါး၊ မတူတာနှုတ်လိုက်ပြီး ပေါင်းလိုက်တော့ ၁၆၊ ၂-မျိုးစလုံး ယှဉ်နိုင်တာ ဆိုလို့ရှိလျှင် သူတို့ ၂-လုံး ဖယ်ထားတော့ ဘယ်လောက် ရှိမလဲ (၁၄-ပါး ရှိပါတယ်)။

အဲဒါကို ဝိစိကိစ္ဆာသဟဂတ, ဥဒ္ဓစ္စသဟဂတ ဆိုလျှင် ၁၄-ခုသာ ဒီမှာ ယူရတယ်။

အဲဒီ ဝိစိကိစ္ဆာရယ်, ဥဒ္ဓစ္စရယ်, ၁၄-ပါးရယ် ခန္ဓာကိုစွဲပြီးတော့ ဖြစ်တာ ဘယ်သူလဲမေးလျှင် ဝိစိကိစ္ဆာသဟဂတတာ, ဥဒ္ဓစ္စသဟဂတော မောဟော.... တဲ့။

ဘယ်တုန်းကမှ မပါဘူးတဲ့ပါဋ္ဌိတော်၊ ဒါမျိုး ၂-နေရာလောက် ရှိတယ်၊ ကျန်တာတွေကတော့ အနုလုံပါဋ္ဌိတော်အတိုင်းဘဲ၊ ဘာမှမထူးဘူး၊ ထူးတာကလေး ဂရုစိုက်မှတ်ရအောင် ပြန်နားထောင်ကြစမ်းပါ။

အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ.... ဒါက ဝိထိပါဋ္ဌိတော် (မှန်ပါ)။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ **ခန္ဓေ** ပဋ္ဌိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော **မောဟော**။

ဝိစိကိစ္ဆာသဟဂတော၊ ဝိစိကိစ္ဆာနှင့် အတူဖြစ်သော။ ဥဒ္ဓစ္စသဟဂတော၊ ဥဒ္ဓစ္စနှင့်လည်း အတူတကွဖြစ်သော။ မောဟော၊ **မောဟသည်**။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘယ်သူကြောင့် ဖြစ်သလဲ–ဆိုတော့ နဟေတုပစ္စယာ။

အဌကထာက ဘယ်လို အပြည့်အစုံ ဖွင့်ထားသလဲ၊ **နဟေတုပစ္စယာ** ဌပေတ္ဝာ ဟေတုပစ္စယံ **အညေဟိ** **အတ္တနော** **အနုရူပပစ္စယေဟိ**။ **ဟေတုပစ္စယံ**၊ **ဟေတုပစ္စည်း**ကို။ ဌပေတ္ဝာ၊ ထားခဲ့၍။ အညေဟိ၊ တပါးကုန်သော။ **အတ္တ-**နော၊ **မိမိဟု** ဆိုအပ်သော ယခုရနေတဲ့ **မောဟအား**။ (**အတ္တနော-အရ** **မောဟမူဒ္ဒေ**ဌ် ယှဉ်ခိုက် **မောဟ**ကို ယူပါ၊) **အနုရူပ** ပစ္စယေဟိ၊ ပစ္စယုပ္ပန် ထားခြင်းငှါ သင့်တော်လျောက်ကန်ကုန်သော ထိုက်သင့်သော ပစ္စည်းတို့ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရ၏။

ဂရုစိုက်ပြီးနားထောင်ကြပါ၊ ကြားရဖန်များတော့ ကိုယ်လဲနားရည်ဝပြီး နားလည်လာရော။

အဲဒီပစ္စနိုက် ဟိတ်ပါဋ္ဌိ ကောက်တာကို စာချဆရာတော်များက ခက်တယ်လို့ ညည်းညူတော်မူခဲ့ကြပါတယ်။ **နည်းမသိလျှင်** ညည်းလဲ ညည်းလောက်ပါတယ်၊ **နည်းသိ**တော့ **အလွယ်**ကလေးပါ!။

ဘုန်းကြီးတို့ငယ်စဉ်က ပဋ္ဌာန်းဆိုတော့မယ်လို့ဆိုပြီး **စ**-ပြီး ဆိုတဲ့ **အ**ချိုကန် ယခုမန္တလေးမြို့မှာရှိတဲ့ **အ**ဘိဓဇ မဟာရဋ္ဌဂုရု ဖြစ်တော်မူတဲ့ မစိုးရိမ် ဆရာတော်ဘုရားကြီးဆီမှာ ဆိုပါတယ်၊ တဒခါက်မက ပါဘူး ၂-ခေါက်လောက် လိုက်ဘူးပါတယ်။

နောက်ဘုန်းကြီး ဒီကျောင်းရောက်လို့ **စာ**ချနေတော့ **အ**ကြောင်း**အ**ားလျော်စွာ ဆရာတော်ဘုရားကြီး ဒီကိုကြွလာပါတယ်၊ ဒီကျောင်းပေါ်မှာဘဲ ဆရာတော်ဘုရားကြီးရယ်, ဘုန်းကြီးရယ် ၂-ပါးတည်းတက်ပြီးတော့ စကားပြောနေတယ်။ **စ**ကား**ပြော**နေတုန်း ဆရာတော်ကဘာပြောသလဲဆိုတော့– 'ပဋ္ဌာန်းသီပွဲ ပဋ္ဌာန်းသီပွဲနဲ့ **မန္တ**လေး**မှာ** **စ**ာသင်သားတွေလောကက နေပြီး ကြားနေရတော့ ဘယ်သူမျှား

ပါလိမ့်မလဲလို့ နာမည်ကြီးလွန်းလို့ မေးနေတာ၊ ဓနာဂ်တော့မှ ဦးပဉ္စင်းမှန်းသိလို့ ဝမ်းသာလိုက်တာ'-တဲ့၊ သိပ်ဝမ်းသာတာဘဲတဲ့ ဦးပဉ္စင်းတို့ ဒီလိုချပ်ပြီနေတာ၊ ဆရာဇာတ်ဘုရားကြီးက ပဌာန်းကို သိပ်ဝါသနာပါတယ်။

နို့ ပေမဲ့တဲ့ ဘယ်သူမှမရှိတုန်းတဲ့၊ ဆရာတော်က တိတ်တိတ်လက်ကုတ်ပြောတယ်၊ နားမလည်တာရှိလျှင် ဘုန်းကြီးကို မေးထားတဲ့။

မိဘနှင့်တူတဲ့ ဆရာတော်ဘုရားကြီးဘဲ၊ လိုနေမယ်ထင်တာကို လူကုယ်ရှာလာပြီးတော့ အမေးခိုင်းတယ်၊ 'သိပါတယ်ဘုရား ချလို့ ပို့လို့ဖြစ်ပါတယ်'လို့ ပြန်လျှောက်ရတယ်။

ဟုတ်ကဲ့လားတဲ့ ပြန်မေးတယ်၊ စိတ်မချဘူး ဆရာတော်ဘုရားကြီးက၊ 'ချတတ်ပါပြီဘုရားလို့– တပည့်တော်ချတာ အကြိမ်ပေါင်းလဲ များပါပြီ'လို့ ပြန်လျှောက်တယ်။

မဟုတ်ဆေးဘူး လေ–တဲ့၊ 'ဆဝါရပစ္စနိုက် ဟိတ်ပါဠိ ထုတ်တတ်ကဲ့လားတဲ့ တိုးတိုးမေးတာ ဆရာဘော်ကြီးက၊ ဘုန်းကြီးကို ကျယ်ကျယ်ပြောတာမဟုတ်ဘူး တိုးတိုးဘဲ၊ မသိလျှင် မေးလိုက်တဲ့၊ တွေ့တုန်းပြောပစ်ခဲ့မယ်တဲ့။

ချတတ်ပါတယ် ဘုရား–ဆိုတော့ 'အေး–ချတတ်လျှင်တော့ ပြီးရောတဲ့၊ ဦးပဉ္စင်းလိုဘဲ စာချဘုန်းကြီး နာမည်ခံပြီးတော့ ပဌာန်းဆရာကြီးလုပ်နေတဲ့ စာချဘုန်းကြီးတပါး ပစ္စနိုက် ဟိတ်ပါဠိ မထုတ်တတ်လို့ မျက်စေ့ကို လည်လို့တဲ့၊ တလည်လည်နဲ့ ပြောလို့လဲ နားမလည်နိုင်ဘူး'တဲ့၊ နာမည်တော့မဖော်ဘူး၊ အဲဒီလို ပြောသွားပါတယ် ဆရာတော်ဘုရားကြီး။ ကြီးမားလှတဲ့ စေတနာမေတ္တာ။

အဲဒီလောက် ပဌာန်းလောကက ဒီ ဟိတ်ပါဠိ ထုတ်နည်းကို ခက်တယ်လို့ သမုတ်ထားပါတယ်၊ ဘုန်းကြီး အလွယ်ဆုံးနည်းနှင့် ပေးမယ် ဦးပဉ္စင်းတို့ကို ဒီနေ့ရအောင် ပေးမယ်။

အဲဒီ ပါဠိတော်ကလေး ထွက်လာတယ်၊ ဘယ်သူအတွက်တုံး....မောဟ။

ကဲ–ဒီတော့ ဒီပါဠိတော် အပေါ်မှာ ဘုန်းကြီးတို့က စစ်ဆေးစရာကလေး တခု ပေါ်လာတယ်၊ ဆဝါရ တလျှောက်လုံးမှာ အထူးဆန်းဆုံး ပါဠိတော်လို့ ဘုန်းကြီးက ပြောထားတယ်၊ ဒီအသွားမျိုး ၂-နေရာလောက် ရှိတယ်လို့ ပြောတယ်၊ နကမ္မ-မှာ တချက်ရှိတယ်။

ဘာဖြစ်လို့ ခါတိုင်းလို ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ–လို့ မဟောတာလဲ၊ အဲဒီ ပါဠိတော်တွေတုန်းက တရားဘယ်လို နေလို့ ဟောဒါလဲ ပြန်ကြည့်ကြပေါ့။

ဥပမာ–အကုသိုလ် ဒွါဒသ, စေတသိက် သတ္တဝီသရှိနေလျှင် ခန္ဓာ ဖွဲ့လိုက်တော့ နာမက္ခန္ဓာ ၄-ပါး မရဘူးလား(ရပါတယ်)။ တပါးအစုံပြုပြီးတော့ ၃-ပါး ဖြစ်နိုင်တယ်, ၃-ပါးစုံပြီးတော့ တပါးဖြစ်နိုင်တယ်, ၂-ပါးစုံပြီးတော့ ၂-ပါး ဖြစ်နိုင်တယ်၊ အဲဒါကြောင့် ဟောကော်မူတာ။

ဒီမှာ ရထားတဲ့ဟရားက ဘာလဲလို့ မေးလျှင် မောဟလို့ခေါ်တဲ့ စေတသိက်ကလေး၊အကုန်တောင်မဟုတ်ဘူး၊ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စယှဉ်ခိုက် မောဟစေတသိက်ကလေး ကလုံးတည်းမဟုတ်လား (မှန်ပါ)။ ထို မောဟ စေတသိက်ကလေး တလုံးတည်း ရထားတာကို ဦးပဋ္ဌင်းတို့ ခန္ဓာဖွဲ့လျှင် ဘာခန္ဓာဖွဲ့ကြမလဲ (သင်္ခါရက္ခန္ဓာ ဖွဲ့ရပါတယ်)။ သူမှာ ခန္ဓာတပါးတည်းရှိတာ ဧကံ ခန္ဓံ ပဋ္ဌိစ္စ ဆိုတော့ ဟိုဘက်က ဘာခန္ဓာ သွားထားဦးမလဲ (ထားလို့ မရပါ)။ မဟာရခြင်းအကြောင်းကို ဘုန်းကြီးပြောတာ၊ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ-လုပ်စရာ ဧကံ ခန္ဓံ-ကလဲ မရှိဘူး၊ သူကသာ တယော ခန္ဓာ-ဘက်က နေရမှာကိုး၊ ပစ္စယုပ္ပန်အဖြစ်နဲ့ (မှန်ပါ)။ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော လုပ်ထားတော့ ဧကော ခန္ဓော-ဘက်က သူရှိပေမဲ့ ဒီဘက်က တယော ခန္ဓေ-တရားမရှိဘူး(မှန်ပါ)။

အဲဒါကြောင့် ဒီလိုမဟာဘဲနဲ့ ပါဠိတော် အစဉ်ပြောင်းပြီးတော့ ဘယ်လို ဟော။ လဲ၊ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋ္ဌိစ္စ ဝိစိကိစ္ဆာ-သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

နားလည်လောက်ကြပါတယ်နော်၊ မှတ်ထားကြစမ်းပါ။

ဒီတော့ သုဒ္ဓသင်္ချာ ဒီတရားကလေးအတွက် ဒီလိုဟောပြီးတော့ ကျန်တဲ့ တရားတွေ ဘယ်လိုလုပ်ကောမလဲ၊ သတိပြုနားထောင်ကြပါ၊ ဦးပဋ္ဌင်းတို့ ရနေပါတယ်။

အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါးဆိုတာ အဟိတ် ဝိပါက်ရှိတယ်, အဟိတ်ကြိယာရှိတယ် မဟုတ်လား(မှန်ပါ)။ ထို အဟိတ်ဝိပါက်, ကြိယာတို့ကို သင်္ချာထုတ်လျှင် ကုသိုလ်, အကုသိုလ် ဖြစ်ပါ့မလား(မဖြစ်ပါ)။ ဘာဖြစ်မလဲ (အဗျာကတေန အဗျာကတံဘဲ ဖြစ်ပါတယ်)။ ဒွေ-မှာ အဗျာကတေန အဗျာ-ကတံ-သူတို့မဟုတ်လား၊ ဒီနောက်က ရုပ်တွေ(မှန်ပါ)။

ဒီတော့ အဗျာကတ-မှာ ဝိပါက်, ကြိယာ-ဆိုလို့ရှိလျှင် အနုလုံ သဟဇာတ အတိုင်း ဟောရုံပေါ့၊ သတိပြုကြစမ်းပါ။

အဗျာကတံ **ဝ**မ္မ ပဋ္ဌိစ္စ **အ**ဗျာကတေ**ာ** **ဝ**မ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ခါတိုင်းတော့ ဘယ်လိုသွားသလဲ၊ ဝိပါကာဗျာကတံ-စသည်သွားတယ်(မှန်ပါ)။

အဲဒီမှာ **ကင်**ပွန်းတပ်လိုက်ကြပါ၊ အဟိတ်မှန်းသိအောင် **အ**ဟေတုကံ·လို့၊ **ဒါ**ကလေး**တ**လုံးတိုးတယ် (**မှ**န်**ပါ**)။ ပြီးတော့ ကျန်တာကို ခါတိုင်းလိုဆို အဟေတုကံ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ကော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၊ အဟိတ် စိတ္တဇရုပ်တွေရတယ် မဟုတ်လား(**မှ**န်ပါ)။ အဲဒီအတိုင်း ဟောသွားပါ။

ထို့အတူ ပဋ္ဌိသန္ဓေကျတော့လဲ 'အဟေတုကပဋ္ဌိသန္ဓိကွဏော'လို့ အဟေတုက-သဒ္ဒါကဒလေး ရှေက ထည့်ရုံဘဲ မဟုတ်လား(**မှ**န်ပါ)။ 'ဝိပါကာဗျာကတံ ကော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ ကဋ္ဌတ္တာ စ ရူပံ'၊ ပဋ္ဌိသန္ဓေကမ္မဇရုပ်ရှိတယ် မဟုတ်လား(**မှ**န်ပါ)။ ဖော်ဆို ခါတိုင်းလိုဘဲ '**ခ**ဏ္ဍ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ' **စ**သည်ဖြင့် **ဟော**(**မှ**န်ပါ)။

ပြီးတော့ ရုပ်က ဘယ်နှစ်မျိုးတုံး **မေ**းလို့ရှိလျှင် ၇-မျိုးလုံး ရှိမယ် မဟုတ်**လား**(**မှ**န်ပါ)။ သဟကြီး**အ**တိုင်း အကုန်လုံး ဖော်ဆို။

နားလည်လောက်ပါတယ်**နော်**(**မှ**န်ပါ)။ ဦးပညာနန္ဒ **ဟော**စမ်းပါ။

ဦးပ**ညာ**နန္ဒ။ ။**အ**ကုသလံ **ဝ**မ္မ ပဋ္ဌိစ္စ ။ပ။ **အ**ထက်ပါ **အ**ညွှန်း**အ**တိုင်း **ဟော**သည်။

ဆရာ**တော်**။ ။**အ**တူတူပါဘဲ၊ တူပေမဲ့ ရှုတ်သင့် **ရ**ှုတ်**ထို**က်လို့ ရှုတ်ခိုင်းတဲ့**အ**ခါ ကျ**တော**့ ဂရုစိုက်**ရ**ှုတ်ရတယ်၊ **နော**က် သိပ်တူလာတဲ့**အ**ခါကျ**တော**့ **အ**တူတူပါဘဲလို့ ပြောမှာပေါ့။

ဘုန်းကြီးတို့ ဦးပဉ္စင်းတို့ ဘဝသံသရာကျင်လည်လာခဲ့တဲ့ဘဝပေါင်း**တွ**ေ ရေတွက်လို့**မ**ရ**အော**င် **အ**သခ်ေ့**အ**နန္တ**ရ**ှိခဲ့ပါတယ်၊ **အ**ဲဒီ **အ**ဲဒီ ဘဝ**တွ**ေ**တ**ုန်း**က** ဒီလို ဒေသနာ**တော**်မျိုး**တွ**ေ**က**ို **ကို**ယ်**တော**်**တ**ို့ နှုတ်ထဲမှာထည့်ပြီး ရှုတ်ဘူးချင်မှ ရှုတ်ဘူးမှာပါ၊ သိပ်မလွယ်တဲ့ ကိစ္စ**ကြ**ီးပါ၊ ဒါ**ကြော**င့်**မ**ို့လို့ စာသင်ရုံ, **စ**ာတတ်ရုံ**က**လေး စိတ်ထဲက**မ**မှန်းထားဘဲနဲ့ **အ**င်မတန် မြတ်နိုးဘွယ်ရာကောင်းတဲ့ **အ**လုပ်တခု**အ**နေ**မ**ျိုးနဲ့ ရှုတ်ရ ဖတ်ရပါတယ်။

နာရ**မ**ဏ **သ**ုဒ္ဓ**သ**ခ်္ခ**ာ**

အခုပြီးခဲ့**တာ**ဂ **နဟေ**တုသုဒ္ဓ**သ**ခ်္ခ**ာ** (**မှ**န်ပါ)။ **နာ**ရ**မ**ဏ**သ**ုဒ္ဓ**သ**ခ်္ခ**ာ** ဦးသုဇာတ ဘာတဲ့လဲ ဆိုကြည့်**စ**မ်းပါ။

ဦးသုဇာတ။ ။နာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ ပဉ္စ, ပဉ္စ ဟူသည်တည်း။

ဆရာတော်။ ။ဆဝါရပဋ္ဌာန်စ္ဆ အနုလုံမှာ ပါဠိတော်ပေးတော့ ပဉ္စာဝါရက သဟဇာတ်ကြီးဇယား ပေးထားတယ်မဟုတ်လား(မှန်ပါ)။ အဲဒီ သဟဇာတ်ကြီးဇယားကို လက်မလွှတ်ပါနဲ့၊ အဲဒီအတိုင်း သွားနေတာ။

ပဉ္စဆိုတာ ဘယ်သူလဲမေးလျှင် ကု ၃-ချက်တို့တွင် အလယ်အချက်၊ ဘယ်သူတုံး(ကု-ဗျာ)၊ အကု ၃-ချက်ကလဲ အလယ်အချက်က အကု-ဗျာဘဲ မဟုတ်လား(မှန်ပါ)။ အဲဒီ ပါဠိတော်တွေ ပြန်စစ်တာ။

အဗျာကတပဒမှာတော့ ကု-ဗျာ, အကု-ဗျာကို မှီပြီးတော့ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နာရမ္မဏပစ္စယာ-လို့ ဆိုပါ။

ဟိုက ကုသလေ ခန္ဓေ, အကုသလေ ခန္ဓေ ဆိုသလို ရှိပ်တွေ ရမှာကိုး(မှန်ပါ)။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ဝိပါက်ကြိယာကြောင့် ဖြစ်တဲ့ရှိပ်တင် ယူရတယ် (မှန်ပါ)။

ထို့အတူ ပဋ္ဌိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ခန္ဓေ ပဋ္ဌိစ္စ ကဋတ္တာ ရူပံ။

ပြီးတော့ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု-ဆိုတာ ရှိပ်မဟုတ်လား(မှန်ပါ)။ ဝတ္ထု ပဋ္ဌိစ္စ ခန္ဓာ-ဆိုတော့ နာမ်ဖြစ်နေပြီ၊ ရပါ့မလား (မရပါ)။ အနုလုံက ယူသွားပြီ မဟုတ်လား(မှန်ပါ)။ ဒါကြောင့် ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု။

ပြီးတော့ ရှိပ်တွေ ဟောနေကျအတိုင်း ဇော် မဟာဘူတံ ပဋ္ဌိစ္စ-က စပြီး အသညသတ္တာနံ တိုင်အောင် အကုန်ရတယ်၊ ရှိပ်တွေ အကုန်ရှိတယ်၊ ၃-မျိုး စလုံး အဲဒါကို ထုံးစံအတိုင်း ဟောရတယ်။

ပြီးတော့ နံပါတ် ၇-နှင့် ၉-က ဘာတုံး၊ ကုဗျာ-က ဗျာနှင့် အကုဗျာ-က ဗျာ၊ အနုလုံအတိုင်းနော်(မှန်ပါ)။ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။ကုသလံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နာရမ္မဏ-ပစ္စယာ ။ပ။ စိတ္တသမုဋ္ဌာနံ ရူပံ။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှာ-၂၃၂-ရှိ သဟဇာတ်ကြီး လတ် ပါဠိတော် အရကောက်ဇယား ကြည့်။

ဆရာတော်။ ။ခုတင်က ဘုန်းကြီးပြောတဲ့ ပဥ္စာဝါရ အနုသုံက သဟဇာတ ဇယားကို လက်မလွှတ်ပါနဲ့၊ အဲဒီအပေါ်မှာ ထိုက်သင့်သလို ပြင်သင့်တဲ့အခါ ပြင်သွားတယ်၊ အမျှားအားဖြင့် ဒီအတိုင်းဘဲ ပြန်ကျတယ်။

အဲဒီမှာတင် ပါဠိတော်ရပ်ထားပြီး ခုတင်က ဝိစိကိစ္ဆာ,ဥဒ္ဓစ္စကို အရကောက်ရအောင်။

ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ အရကောက်

ဒေသနာတော်ကိုကြည့်တော့ 'ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋ္ဌိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော' တဲ့၊ အဲဒီ ဒေသနာတော်ကလေး မလွှတ်နဲ့၊ ဘာပြောတာတုံး၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ် စေတသိက်စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကို စဲ့ရှုဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌိတ်ရှိသော မောဟ....လို့ ပါဠိတော် ဒီလိုနေတယ်မဟုတ်လား (မှန်ပါ)။ အဲဒီအတိုင်းကောက်ပေါ့၊ သီးသီးသန့်သန့်မဟုတ်ဘူး၊ အနုဝါဒပါဠိတော်ထက် အတိုင်း ကောက်တယ်လို့ ဘုန်းကြီးပြောတာ။

အကောက်ဆရာတော်ဘုရားကြီးက အကုသလေန အကုသလံ-ဌ် အကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် စေတသိက် စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကို စဲ့ရှုဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်ဌိ ရှိသော မောဟ ပစ္စယုပ္ပန်တရား ရ၏။

ခန္ဓေ ခန္ဓာ-လို့ရှိလျှင် 'အစိတ်အပေါင်း နာမက္ခန္ဓာကို စဲ့ရှုဖြစ်သော'-နော် မူတ်ထားပါ (မှန်ပါ)။ ဓါက ပစ္စယုပ္ပန်တရား။

နဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏အရကား-ဟေတုပစ္စည်းမှ တပါးသော ပစ္စည်းတရားတို့၏၊ အဲဒီမှာ ဟေတုတော့ မရဘူး၊ သူ့မဟုတ်လျှင် ပြီးရော သယ်သူနှင့်ဖြစ်ဖြစ် (မှန်ပါ)။ ဟေတုပစ္စည်းမှတပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။ ထိုက်သင့်သလိုဘဲ-တဲ့။

ရတာလဲရှိမှာပေါ့၊ ၂၃-ပစ္စည်းထဲက ဟေတုမပါလျှင် ၂၃-ကျန်သေးတယ် မဟုတ်လား (မှန်ပါ)။ ၂၃-ထဲက အကုန်ရမလားမေးတော့ ဘယ်မှာအကုန်လုံးတော့ ရမလဲ၊ ရသင့်တဲ့ပစ္စည်းက ရမှာပေါ့၊ မရသင့်တာက မရဘူးပေါ့၊ နားလည်ကြတယ်နော် (မှန်ပါ)။

'ဟေတုပစ္စည်းမှတပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏' ဆိုတာ နောင်ကို ဒီနည်းချည်းညွှန်ပြတယ် အကောက်ဆရာတော်ဘုရားကြီးက။

အဲဒီ ၂၃-ပစ္စည်းထဲက ရသင့်တာ ဘယ်သူတွေလဲ၊ ဘယ်လိုသိရမှာလဲ–ဆိုပြီးတော့ စဉ်းစားရတယ်။

စဉ်းစားတော့ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စလို့ဆိုတဲ့ မောဟမူဒ္ဒေးနှင့် ယှဉ်ခိုက်ဖြစ်တဲ့ မောဟ၊ ပစ္စယုပ္ပန်အနေအားဖြင့် ပဋ္ဌာဝါရတုန်းက ဟောနိုင်တဲ့ပစ္စည်းတွေကို ရှာရတယ်။

ဘာတုံး၊ နံပါတ်-၂ ဥပဒေက–**ပဋ္ဌာဝါရကတ္တားပါဌ်အရကောက်ဖြင့် ဆဝါရ ဟိတ်ပါဌ်အရကောက်ကို ညွှန်ပြရမယ်** မဟုတ်လား (မှန်ပါ)။

အဲဒီတော့ ပဋ္ဌာဝါရကတ္တားမှာ မောဟပစ္စယုပ္ပန်ရနိုင်တဲ့ပစ္စည်းတွေ ဘယ်သူ ရှိသလဲ၊ ဟေတုကတော့ မရဘူး **မဟုတ်လား** (**မှန်ပါ**)။

ဒီတော့ ဘယ်သူတွေရမှာတုံးလို့ လိုက်ရှာ၊ အာရမ္မဏစတဲ့ ၂၃-ပစ္စည်းထဲက ရသင့်ရထိုက်တာတွေ ဘယ်သူတွေရှိသလဲလို့ မေးလျှင် တ-ပစ္စည်းချင်း လိုက်ရှာ နေရလို့ရှိလျှင် သိပ်မလွယ်လှဘူး။

နှားလည်အောင် ဘုန်းကြီးပြောနေတာကို **နှားထောင်ကြစမ်း**ပါ၊ ၂၃-ခါ တောင် ရှာ**နေ**ရလိမ့်**မယ်**။

ဒီတော့ ပဋ္ဌာန်းမှာ **အကျဉ်းဆုံးချည်းပေးထားတာက** ဘာတုံး **အစတုန်း**က ပြောခဲ့တဲ့ **၈-ပစ္စည်း, ၉-မျိုး**တဲ့၊ အဲဒီ ၈-ပစ္စည်း, ၉-မျိုးနဲ့ရှာလျှင် **အကျဉ်း**ဆုံးဘဲ၊ ရှိချင်ရှိမယ်၊ မရှိချင်လျှင် နေမှာပေါ့**နော**် (**မှန်**ပါ)။

အဲဒီ **၈-ပစ္စည်း**, ၉-မျိုးက ဘယ်သူလဲ ဆိုလို့ရှိလျှင် **အာရမ္မဏ**, သဟဇာတ, **အနန္တရ**, ပကတူ, ပုရေ, ပစ္ဆာ, **ကံ**, **ဟာ**, ဣ-**မဟုတ်လား** (**မှန်**ပါ)။ ပဋ္ဌာ**ဝါရ** ပစ္စနိုက်တုန်းက ပေးထားတယ်။

အာရမ္မဏမျိုးပြင့် ရှာနည်း

အဲဒီ**တော့** **အာရမ္မဏ**မျိုးသုဒ္ဓသင်္ချာထဲ**မှာ** မောဟ**မူ**ဒ္ဒေး**၌** **မောဟ** ရထား**တာ** **ရှိ**သ**ား**လို့ သိချင်လျှင် သတိပြုပါ၊ **အာ**ရမ္မဏပစ္စည်းအတွက် မေးလျှင် **အာ**ရမ္မဏ**အ**ရ**ကောက်**ဇယား**ကြီး**[1] ရှိတယ် **မဟုတ်လား**(**မှန်**ပါ)။ အဲဒါ**ကြီး**ကို **ခ**ဏ**ကြည့်စမ်း**ပါ၊ **အ**လွတ်ပြောလိုက်လျှင်လဲ ရပါတယ်၊ **ရ**ပေမဲ့ ဦးပဋ္ဌင်းတို့ကို **နေ**ထုတ**ညွှန်ပြ**ချင်လို့။

အာရမ္မဏ**အ**ရ**ကောက်**ဇယား**ကြည့်**၊ ဘာ**ရှာ**ကြ**မလို့တုံး၊ **မောဟ**မူ**ဒ္ဒေ**၌ **မောဟ** ရှာ**မ**လို့။

၁။ ပဋ္ဌာန်းသိပ္ပံ၊ ဒု-တဲ့၊ နှာ-၄၂ (က)ရှိ **အာ**ရမ္မဏ**အ**ရ**ကောက်**ဇယား **ကြည့်**။

ဒီတော့ ဒီမောဟက သူ့ဖာသာသူ့ဖြစ်တာမှ မဟုတ်ဘဲ မောဟမူဒ္ဒေရှိမှ ဖြစ်ရမည့်တရား၊ မောဟမူဒ္ဒေရှိတဲ့နေရာကို အလျင်လိုက်ရှာရတယ်၊ **အာရမ္မဏ** ဇယားကြီး**မှာ** ၁-၂-၃-၄-၅-၆ ဆိုပြီး**တော့** ကာမပစ္စယုပ္ပန်တွေ့ရှိတယ်၊ **ကာမ**ထဲ**မှာ** သူ့ရှိ**ရ**မှာမဟုတ်လား (မှန်ပါ)။ အကုသိုလ်ပစ္စယုပ္ပန် ဘယ်မှာရှိသလဲ (၄-**နံ**ပါတ်**မှာ** ရှိပါတယ်)။ နံပါတ် ၄-**မှာ** အကုသိုလ်ရှိလျှင် **မောဟမူဒ္ဒေပါနေ**တော့**မှာ**ပေါ့၊ **မောဟမူ**ဒ္ဒေ ပါနေလျှင် သူနှင့်ယှဉ်တဲ့ **မောဟကလေး** ရှိ**မှာ**ပေါ့။

အဲဒီတော့ **အ**ကောက်ဆရာတော်ဘုရား**ကြီး**က ဘယ်**လို**ဆိုသလဲ၊ တနည်း**ကား—အာရမ္မဏ**မျိုးက စတယ် (မှန်ပါ)။ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်**၌** ရှိ**သော မောဟအား** တပ်**သော**တဲ့။

ဇယား**မှာ** ရေးထား**တာ**ကတော့ အကု ၁၂-ပေါ့၊ အဲဒီထဲ**မှာ** ကိုယ်လိုချင်တဲ့ **မော**ဟ ရှိနေတယ် **မ**ဟုတ်**လား**(**မ**ှန်ပါ)၊ ဒီတော့ ကိုယ်လိုချင်တဲ့ **မော**ဟကို ဖော်ဆိုပါ၊ ဘယ်လို**ဖော်**ဆိုတယ်၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်**၌** ရှိ**သော မော**ဟ**အား တပ်သော**၊ ပစ္စည်း**တ**ရား**တွေ** ဘာ**တွေ**ရှိ**သ**တုံ**း** (**လော**ကီ**စိ**တ်**တွေ** ရှိ**ပါ**တယ်)။ **အ**ဲ**ဒါ**တွေ ပြန်ဖော်လိုက်ကြ**ပါ**၊ **လော**ကီ**စိ**တ် **ကော**သီ**တ**ိ, **စေ**တသိက်**ဒ္ဒေ**ပ**ညာ**သ, ရူပ်**အင်ဌ**ဝီ**သ**, ပ**ညတ်** ပ**စ**ည်း**တ**ရား**ဖြ**စ်**အ**ုံ၊ **အာ**ရ**မ္ဏ**သ**တ**ို၊ ပ**ဌာ**ဝါ**ရ**ကတ**ွ**ား**ကို**း** (**မ**ှန်ပါ)။ **တ**ပ**စ**ည်း**တ**ည်း၊ ဒါက **အာ**ရ**မ္ဏ**သ**န**္ဒ**သ**န**ုကို**း**။

မှတ်**မ**ိ**တ**ယ်**နော**်၊ နံ**ပ**ါတ် ၄-**မ**ှာ **အ**ကု**သ**ိုလ်**ဒ**ါ**ဒ**သ ရှိ**က**ယ်။

အာရ**မ္ဏ**မျိုး**ထ**ဲ**မ**ှာ ဒီ**ပ**ြင် ဘယ်**သ**ူ**ရ**ှိ**သ**ေ**း**သ**လ**ဲ**လ**ို လို**က**်**ရ**ှာ၊ **အာ**ဝ**ီ**–**သ**ူ**နော**ာ်**က ဆ**ော**်**လ**ျ**ော**်**မ**ဟုတ်**လ**ား (**မ**ှန်ပါ)။ **အာ**ဝ**ီ**ပ**စ**္စ**ယ**ုပ**္ပ**န်**မ**ှာ **မော**ဟ**မ**ူ**ဒ**္ဒ**ေ ပါ**ရ**ဲ**လ**ား**လ**ို**က**ြ**ည**ှ**ည**် (**မ**ပါ**ပ**ါ)။ ဘ**ာ**တင် ပါ**နေ**သ**တ**ုံ**း(**လော**ဘ**မ**ူ**တ**င် ပါ**ပ**ါ**တ**ယ်)။ **မ**ရှိ**ဘ**ူ**း**၊ ဒါ**ဖ**ြင့် **အာ**ဝ**ီ** **မ**ရ**ဘ**ူ**း**ပေါ့**၊ **ဦ**ီ**း**ပ**ဉ**္ဇ**င်**း**တ**ို**က ဒီ**လ**ို**သ**ိ**ခ**ဲ့ ဟ**တ**်**လ**ား (**မ**ှန်ပါ)။

ပ**ြီ**း**တော**့ ဘယ်**သ**ူ**တ**ုံ**း** **အ**ာ**ပ**ုသ**ဒ**္ဓ**သ**ခ်ၨ**ာ** **ကြ**ည့်**ပ**ါ၊ '**က**ာ**မ**စ**တ**်**စ**တ**ုပ**ည**ာ**သ' **လ**ို့ **ဆ**ို**ပ**ြန်**တ**ယ် **မ**ဟုတ်**လ**ား (**မ**ှန်ပါ)။ **အ**ဲ**ဒ**ီ**မ**ှာ**တ**ော့ ပါ**ပ**ါ**တ**ယ်၊ **မ**ှတ်**ထ**ား**စ**မ်**း** ပါ**ဦ**း၊ ဆ**ရ**ာ**တ**ော်**ဘ**ုရ**ား**ကြ**ီ**း**က ပေါင်**း**ထ**ား**လ**ို့**၊ ဘ**ု**န်**း**ကြ**ီ**း**အ**လ**ို**တ**ော့ **အ**ဲ**ဒ**ါ**က**ို **သ**ီ**း**သ**န**္ဓ**ထ**ုတ်**ချ**င်**တ**ာ။

ဝတ္ထ**ာ**သ**ဒ**္ဓ**သ**ခ်ၨ**ာ**ကပ**စ**္စ**ယ**ုပ**္ပ**န် ဘ**ာ**တ**ဲ့**ဘ**ုံ**း**၊ **မ**နော**ဒ**ါ**ရ**ုဝ**ဇ**္ဇ**နိ**း**, **မ**ရ**ဏ**ာ**သ**န္န-**ဇ**ော ၅-**ချ**က် **တ**ဒါ**ရ**ုံ**အ**ား **တ**ပ်**သ**ော ဒီ**လ**ို**မ**ဟုတ်**လ**ား (**မ**ှန်ပါ)။ **မ**ရ**ဏ**ာ**သ**န္န-**ဇ**ော·**ဆ**ို**တ**ဲ့**အ**ထ**ဲ**မ**ှာ **အ**ကု**သ**ိုလ်**မ**ရ**ဏ**ာ**သ**န္န**ဇ**ောကော **မ**ပါ**ပ**ေ**ဘ**ူ**း**လ**ား (**ပ**ါ**ပ**ါ**တ**ယ်)။ ပါ**လ**ျှင် **မော**ဟ**မ**ူ**မ**ရ**ဏ**ာ**သ**န္န**ဇ**ောလ**ဲ** ရှိ**မ**ှာ**ပ**ေါ့**၊ **က**ဲ....**သ**တိ**ပ**ြု ဒါ**ဖ**ြင့် **ဝ**တ္ထ**ာ**ကို လို**က**်**ပ**ြီ**း**ဆို**မ**ယ်**နော**်၊ '**အ**ာ**ပ**ု' **လ**ဲ ရှိ**တ**ယ်**ဆ**ို**တ**ာ **နာ**း**လ**ည်**ထ**ား**ပ**ါ၊ **အ**ကော**ာ**က် **ဆ**ရ**ာ**တ**ော**်**ဘ**ုရ**ား**ကြ**ီ**း ပေါင်**း**ထ**ား**လ**ို့ ဘ**ု**န်**း**ကြ**ီ**း **မ**ဖြ**စ**်**တ**ာ၊

ဘုန်းကြီးသဘောအတိုင်း သန့်သန့်ယူပါဆိုလျှင် အာပုသန့်သန့် လုပ်မှာဘဲ၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်အား တပ်သော နိပ္ပန္နရူပ်အဋ္ဌာရသ ပစ္စည်းတရား ဖြစ်အုံ့-ဆိုပြီး အာပု ၄-ပစ္စည်းထုတ်လျှင် ရမယ်မဟုတ်လား (မှန်ပါ)။ သို့သော် ရှိပါစေတော့ နောက် ထုတ်တော့ ပါမှာဘဲ။

"ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်ဌာ်ရှိသော မောဟ မရဏသန္ဓေါအား တပ်သော စုတိစိတ်မှ ပြန်၍ရှေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား"ဖြစ်အုံ့၊ ဝတ္ထာသုဒ္ဓ ပစ္စည်း ဘယ်လောက်တုံး (၆-ပစ္စည်းပါ)။ အဲဒါကိုထုတ် အာရမ္မဏ, နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိ၊ ပဥ္စဝါရတုန်းကလို တို့တွင်တွေ့ ဘာတွေ့ မလုပ်ရတော့ဘူးနော် (မှန်ပါ)။ ၆-ပစ္စည်းလုံး ရတယ်။

နားလည်ကြရဲ့နော် (မှန်ပါ)။ အဲဒါ အာရမ္မဏမျိုးမှာ ရှာတွေ့တယ် (မှန်ပါ)။

မကုန်သေးပါဘူး၊ အာရမ္မဏမျိုးမှာ နောက်သုဒ္ဓသခ်္ခ ၂-ပုဒ် ကျန်သေးတယ် ရှာကြည့်ကြဦးစို့ ဆိုပြီး ရှာကြည့်တော့ အာပုဓိသုဒ္ဓသခ်္ခ ပစ္စယုပ္ပန် ဘာတရားလဲ (လောဘမူပါ)။ မောဟမူဒ္ဓေ ပါရဲ့လား(မပါပါ)။ ဝတ္ထာဓိသုဒ္ဓ-သခ်္ခ ပစ္စယုပ္ပန်ကကော (လောဘမူမရဏာသန္ဓေါ)။ ပါရဲ့လား (မပါပါ)။

သတိပြုကြပါ၊ မောဟမူဒ္ဓေပါတာက အာရမ္မဏရယ်, အာရမ္မဏပုရေဇာတရယ်, ဝတ္ထာရမ္မဏရယ်၊ ဒီ ၃-ပုဒ်သာ ပါတာ၊ အဲဒီမှာ အာရမ္မဏကို သီးသန့်ကောက်တယ်လို့ နားလည်ပါ၊ အာပုနှင့် ဝတ္ထာကို တပေါင်းတည်း ကောက်တယ်လို့ အသီးအမှတ်ပြုကြပါ၊ ဘုန်းကြီးအလို မေးလျှင်တော့ ၃-ခုစလုံး ထုတ်ချင်တယ်နော် (မှန်ပါ)။ အကောက်နောက် လိုက်ပြီးတော့ ထားပါတော့၊ အဲဒီနားကလေးတင် ပိုင်းပြီးတော့ တပိုင်းဖြတ်ထားပါ၊ ဦးဉာဏဝရ ဆိုကြည့်စမ်းပါ။

ဦးဉာဏဝရ။ ။အကုသလေန အကုသလံ-ဌ် အကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား–ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်, စေတသိက်စုဒ္ဓသ အစိတ်အပေါင်းနာမကွန္ဓာကို စွဲ၍ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌာ်ရှိသော မောဟ ပစ္စယုပ္ပန်တရား ရ၏။

နဟေတုပစ္စယာ·ဟူသော ဟိတ်ပါဌ်၏အရကား–ဟေတု ပစ္စည်းမှ တပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။

တနည်းကား ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌာ်ရှိသော **မောဟအား**တပ်သော လောကီစိတ်ပေါ်သီတဲ့, စေတသိက်ဒွေ့ပညာသ, ရုပ်အဌဝီသ, ပညတ်–ပစ္စည်းတရားဖြစ်အံ့၊ အာရမ္မဏသတ္တိ၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌာ်ရှိသော မောဟ, မရဏာသန္နဇောအား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားဖြစ်အံ့၊ အာရမ္မဏ,နိဿယ, ပုရေဇာတ, ဝိပဿဿုတ္တ, အတ္ထိ, အဝိဂတ–ဤ ၆–ပစ္စယသတ္တိ ရှိ၏။

ဆရာတော်။ ။အဲဒီမှာ ရခဲ့လို့ ပြန်လုပ်ဟာ၊ ကုန်တော့ မကုန်သေးဘူးနော်၊ **အာရမ္မဏ**မျိုးဟင် ရှိသေးတယ်။

သဟဇာတမျိုးဖြင့် ရှာနည်း

အာရမ္မဏမျိုးပြီးတော့ ဘာမျိုးလဲ (သဟဇာတမျိုးပါ)။ သဟဇာတမျိုး**အတွက်** **အကောက်လွယ်ဘို့**နှုတ် ခေါ်ကိုင်းတော့ ရေးပေးထားပါတယ်၊ **လို**ရင်း**ကတော့ ခုတင်ကပြောတဲ့**တရား ရေးပေးထားတာပါ။

ကံပုဒ်ရတာက ဘာတုံး၊ ဝိစိကိစ္ဆာရယ် ဥဒ္ဓစ္စရယ်က စိတ်၊ သူနှင့်ယှဉ်နေဘဲ **စေ**တသိက်**စုဒ္ဒ**သဆိုတာက ဘယ်သူလဲလို့မေးလျှင် သဗ္ဗစိတ္တသာဓারণ **စေ**တသိက် ၇-ခု, သဗ္ဗစိတ္တသာဓারণ **စေ**တသိက် ၂-ပါးစလုံး ရတယ်၊ အဲဒါကို လက်ရင်းက စိတ်က ဝိစိကိစ္ဆာနှင့်ဥဒ္ဓစ္စ၊ ပြီးတော့ **စေ**တသိက်ဟောကို တကြောင်း**ချင်း** တကြောင်းမှာ **စေ**တသိက်တလုံး ရေးရတယ်၊**ပြီ**းတော့**မှ ပက်ကား**စေ**တသိက်** ၆-ခုထဲက ဘယ်သူရသလဲလို့မေးတော့ ဝိဘက်, ဝိစာရ ဝီရိယ ၃-လုံး ရတယ်၊ ပီတိလည်း မယှဉ်နိုင်၊ **အ**ဓိ**ဓ**ောကွန့်နှင့် ဆန္ဒလည်း မယှဉ်နိုင်ဘူး မဟုတ်လား (မှန်ပါ)။ ဒီတော့ ခုတင်က ၇-ခုရယ်, ဒီက ၃-ခုရယ်၊ ပေါင်းတော့ ၁၀၊ **အ**ကုသိုလ် **စေ**တသိက်ထဲက **အ**ကုန်လုံးနှင့် ယှဉ်နိုင်တဲ့ **မော**စတုတ် ၄-ပါးဆိုတာ ဘယ်**သူ**လဲ (**မော**ဟ, **အ**ဟိရိက, **အ**နောတ္တပ္ပ, ဥဒ္ဓစ္စပါ)။ **အ**ားလုံးပေါင်းတော့ ၁၄-လုံး၊ **အ**ဲဒီ ၁၄-လုံးကို **အ**ထက်**အ**ောက် ဟန်းပြီးတော့ ရေးထားပါ၊ သဟမျိုး**နှ**င့် **ထု**တ်တဲ့**အ**ခါမှာ တရားမြင်နေ**အ**ောင်။

ပြီးတော့ **အ**ဲဒီ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စခေါ်တဲ့ စိတ် ၂-မျိုးလုံးနှင့် ယှဉ်နေတဲ့ **စေ**တသိက်စုဒ္ဒသ၊ သူတို့ကို စဲ့ပြီးဖြစ်တဲ့ **မော**ဟကို နောက်နားမှာ ပစ္စယုပ္ပန် **အ**နေနဲ့ခဲ့**ထု**တ်ပြီး ရေးထားတယ်။

အဲဒါကို **သ**ေ**သ**ချာ**ချ**ာ**တ**ွေ့**ချ**င်**လျ**င် ကျောက်သင်ပုန်းထဲမှာ ရေးထားတာလဲ ရှိပါတယ်။

စဋ္ဌာန်းသိမ့် (တ) ၁၇–ပ–မ-**သ**-**စ**

ပဋ္ဌိစ္စဝါရ နဟေတု နည်းပြ

ကံ		ကတ္တား
စိတ်	စေတသိက်	
ဝိစိကိစ္ဆာ ဥဒ္ဓစ္စ	ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဝိတက် ဝိစာရ ဝီရိယ (မောဟ) အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ	(မောဟ)

အဲဒီတော့ ပစ္စယုပ္ပန်က မောဟ၊ ကံပုဒ်ပစ္စည်းက ဘယ်သူလဲမေးလျှင် စိတ် အနေအားဖြင့် ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စ၊ စေတသိက် အနေအားဖြင့် ခုတင်ကပြောတဲ့ စေတသိက် ၁၄-လုံး အထက်အောက် ရှိပေစေ (မှန်ပါ)။

ဒီတော့ သဟမ္မာ သဟကြီး သုဒ္ဓသင်္ချာ အနေနဲ့ ဆိုရိုးပြုလျှင် သတိပြုကြပါ၊ ဦးပဉ္စင်းတို့ ကျက်ထားတာက အချင်းချင်းအားရင်း, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ ဒီလိုမဟုတ်လား (မှန်ပါ)။ အခု ဦးပဉ္စင်းတို့ ရထားတဲ့တရား က မောဟကလေး တလုံးရယ်၊ မောဟက ပစ္စယုပ္ပန်ဖြစ်ပြီးတော့ ကံပုဒ် ပစ္စည်း ဘက်မှ ထားလို့ ဖြစ်ရဲ့လား၊ (မဖြစ်ပါ)။ မရဘူး။

ဘာပြောနေတာလဲ၊ အခုဟောနေတဲ့ မောဟခေါ်တဲ့ တရားက ကတ္တား ပစ္စယုပ္ပန်မှာသာ သူနေနိုင်တယ်၊ ကံပုဒ် ပစ္စည်းမှာထားလျှင် မရနိုင်ဘူး၊ မရနိုင် လျှင် အပြိန်အလှန် အချင်းချင်းဆိုတဲ့ စကားကို သုံးလို့ဖြစ်ပါ့မလား (မဖြစ်ပါ)။

ဒါတွေကို ဘုန်းကြီးတို့က ကြံဆပြီးတော့ ဦးပဉ္စင်းတို့ကို ပြောနေရတာ။

ဒီတော့ အချင်းချင်း အပြန်အလှန်ရတဲ့ ပစ္စည်း, ပစ္စယုပ္ပန်မျိုး မဟုတ်လေတော့ အကောက်ဆရာတော်ဘုရားကြီးက ဘယ်လိုဆိုသလဲဆိုတော့–သမ္မယုတ်တော့ ဖြစ်သားဘဲ-တဲ့၊ သမ္မယုတ်ရှိဟယ် ဆိုဟာဘာလဲ ယှဉ်နိုင်တယ်လို့ပြောတာ။

ဒီတော့ ဘယ်လိုလုပ်ပြီး ဆရာတော်ကြီးက ဆိုထားသလဲဆိုတော့-နောက်ဆုတ်နေးသားတဲ့ မောဟကလေးကြည့်ပြီးတော့ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌိတိရှိသော မောဟအားတပ်သော–အဲဒါက **မောဟက** ပစ္စယုပ္ပန်လေ (မှန်ပါ)။**အား**တပ်သော-ဆိုလျှင် ပစ္စယုပ္ပန်ဘဲ၊ ကံပုဒ်ပစ္စည်းတွေက ဘယ်သူတွေတုံး၊ သမ္မယုတ်ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်,ဥဒ္ဓစ္စသဟဂုတ်,စေတသိက်စုဒ္ဒသ ဒါက ကံပုဒ်မဟုတ်လား (မှန်ပါ)။ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ဖြစ်အုံ့ဆိုတော့ စဉ်းစားကြစမ်းပါ၊ပဋ္ဌာဝါရတုန်းက ဘုန်းကြီး ပြောခဲ့တယ်၊ အခုဟာနှင့် နှိုင်းချိန်ကြည့်ရတယ်၊ ပစ္စည်းကလဲ နာမ်, ပစ္စယုပ္ပန်ကလဲ နာမ်ဘဲမဟုတ်**လား** (မှန်ပါ)။ နာမ်ပစ္စည်း, နာမ် ပစ္စယုပ္ပန်ဖြစ်လျှင် အကြီး ၄-ပစ္စည်းလဲ**ရမယ်**မဟုတ်**လား** (မှန်ပါ)။ နာမ် ပစ္စည်း, နာမ် ပစ္စယုပ္ပန်ဖြစ်လျှင် **အလတ်** ၄-ပစ္စည်းထဲက ဘယ်သူရသလဲ (အညမညနှင့် သမ္မယုတ္တ ရပါတယ်)။ ဒီတော့ ၆-ပစ္စည်း ရှိသွားပြီ။

ကောင်းပြီ၊ ဝိပါက ပစ္စည်းမှာကော နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန် **မရနိုင်ဘူး**လား (ရနိုင်ပါတယ်)။ ရပေမဲ့ အခု ဒီမှာ ဟောက်နေတဲ့ တရားက ဝိပါက်ဟုတ်ရဲ့လား (**မဟုတ်**ပါ)။ ဘာတဲ့တုံး (**အကုသိုလ်**ပါ)။ **အကုသိုလ်**ဖြစ်နေလျှင် **ရပါ့**မ**လား** (**မရ**ပါ)။

ဝိပွယုတ္တကလဲ နာမ်ပစ္စည်း ရူပ်ပစ္စယုပ္ပန်၊ **မရနိုင်ဘူး**၊ ဒါကြောင့် ပြန်ပြီး**နားထောင်**ပါ။

ဝိစိကိစ္ဆာ **သ**ဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌိတိရှိသော **မော**ဟအားတပ်**သော သ**မ္မယုတ်ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်, စေတသိက်စုဒ္ဒသ **အစိတ်အ**ပေါင်း နာမ္ခန္ဓာ ပစ္စည်းတရား ဖြစ်အုံ့၊ သဟဇာတ, အညမည, **နိ**ဿယ, **သ**မ္မယုတ္တ, **အ**တ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိဆိုဟော့ ဒါဟာ အကြီးနှင့် **အလတ်** **အ**တူက် ပြီးရော။

အယေ၁ ၇-ပစ္စည်းကနေ စဉ်းစားလျှင် ဟေတုကတော့ နဟေတုဆိုထားတော့ သူ-**မ**ရတာ သေချာနေပြီ **မ**ဟုတ်**လား** (မှန်ပါ)။ သူနှင့် **မ**ဆိုင်ပါဘူးတဲ့၊ **နဟေ**တုလို့ သူက ပြောတယ်၊ ဒီတရားက နဟေတုတရားပါ။

ဒီတော့ အစဉ်အတိုင်း ကြည့်ကြစမ်းပါ၊ ဟေတုပြီးတော့ အဓိပတိ မဟုတ်လား (မှန်ပါ)။ အဓိပတိ-သာဓိပတိ ဇော ၅၂-ခုထဲမှာကော မောဟပါရဲ့လား (မပါ ပါ)။ ပေါလျှင် သူလဲ မရှုပြန်ဘူး။

ပြီးတော့ ကမ္မပစ္စည်း၊ စေတသိက် ၁၄-လုံးထဲမှာ ကမ္မပစ္စည်းထိုက်တဲ့တရား ဟာ ဘယ်သူတုံး (စေတနာ) ပါသလား-မပါဘူးလား-လို့ကြည့်ပါ(ပါပါတယ်)။

ဒီတော့ အကောက်ဆရာတော် ဘုရားကြီးက ဘာဆိုသလဲ၊ နောက်ကထုတ်ထားတဲ့ မောဟကို ခုတင်ကအကိုင်း၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ် ဌာ်ရှိသော မောဟအား တပ်သော သမ္မယုတ် ဖြစ်သော၊ ဒါက ပစ္စယုပ္ပန် နော် (မှန်ပါ)။ ကံပုဒ် ပစ္စည်းဟာရားက ဘာတုံး၊ စေတနာ ပစ္စည်းတရားဖြစ်အုံ၊ ခုတင်က အကြီး အလယ် ဖ-ပစ္စည်းလဲ ရနိုင်တယ်။ ကမ္မပစ္စည်းလဲ ရနိုင်တယ်၊ ဒီတော့ ဘယ်နှစ်ပစ္စည်းတုံး၊ ၇-ပစ္စယသတ္တိ၊ ဟုတ်တယ်မဟုတ်လား (မှန်ပါ)။ အစဉ်အတိုင်းဆိုပါ၊ သဟဇာတ, အညမညဉ, နိဿယ, ကမ္မ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ ၇-ပစ္စယသတ္တိ-တဲ့။

အဲဒါ ဘုန်းကြီးမျေးပေးတဲ့နည်း၊ အကောက်ထဲမှာတော့ ဆရာတော်ဘုရားကြီးကဘဲ ထားခဲ့လေရဲ့သလား၊ နောက်ပုဂ္ဂိုလ်ခံတွေ ပြင်လေရော့သလား မသိဘူး။

သတ်ပြုကြစမ်းပါ၊ ဒီအချိန်မှာ စေတနာပစ္စည်းထားတုန်းမှာ ကမ္မနဲ့ အာဟာရ ၂-ပစ္စည်း ထည့်ထားဟယ်၊ ယထာရုဟ ယူလျှင်ကော့ ရမှာပေါ့၊ အာဟာရပါသည့်ပြီးတော့ ဘယ်နှစ်ပစ္စည်း ဖြစ်နေသလဲ ဂ-ပစ္စည်းတဲ့၊ ဒီလို မဟုတ်လား (မှန်ပါ)။

နားလည်အောင် နားဆောင်ကြပါ၊ အာဟာရအတွက် ဘုန်းကြီး သီးသန့် ထုတ်ပေးမယ်လေ။

ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌာ် ရှိသော မောဟအား တပ်သော သမ္မယုတ် ဖြစ်သော....ကံပုဒ် ၁၄-လုံးထဲမှာ လိုက်ကြည့်ပါ၊ဖဿ, စေတနာ, ဝိညာဏ် ပါရဲ့လား (ပါပါတယ်)။ ဘယ်သူလဲ ဝိညာဏ်ဆိုတာက ဝိစိကိစ္ဆာ သဟဂုတ်နှင့် ဥဒ္ဓစ္စသဟဂုတ်စိတ် (မှန်ပါ)။ အဲဒီ ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်စိတ်ဟာ ဝိညာဏာဟာရပေါ့၊ စေတသိက် စုဒ္ဒသထဲမှာ ဖဿလဲ ပါတယ်၊ စေတနာလဲ ပါတယ်၊ အဲဒီအထဲက—

စေတနာကို ပစ္စည်းထားလျှင် ကမ္မနှင့် ၇-ပစ္စည်း၊ ဖဿ,စေတနာ,ဝိညာဏ် ဆိုပြီး ပစ္စည်းထားလို့ရှိလျှင် အာဟာရနှင့် ၇-ပစ္စည်း၊ နားလည်တယ်နော် (မှန်ပါ)။

ကဲ–ဣန္ဒြေယ နှင့် ဟောရအောင်၊ ပစ္စယုပ္ပန်က ခုတင်ကအတိုင်းပေါ့၊ ဝိစိ-ကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်ဌာရှိသော မောဟအား တပ်သော သမ္မယုတ် ဖြစ်သော....အရကောက်ကို ကြည့်စမ်းကြပါ။

သမ္မယုတ်ဖြစ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးထဲမှ ဘယ်သူတွေ့ရသလဲလို့ အစဉ်အတိုင်း လိုက်ကြည့်စမ်းပါ၊ ဘုန်းကြီးဆိုပြမယ်၊ ဇီဝိတ ပါရဲ့လား (ပါပါတယ်)။ စိတ်(ပါပါတယ်)။ ဘယ်သူတုံး ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စစိတ်၊ ဝေဒနာ (ပါပါတယ်)။ သဒ္ဓါ(မပါပါ)။ ဝီရိယ(ပါပါတယ်)။ သတိ(မပါပါ)။ ကေဠတာ (ပါပါတယ်)။ ပညာ(မပါပါ)။

ဒီတော့ နာမ်ဣန္ဒြေတရားကိုယ်ဟာ ဘာတွေ့ရသတုံး ဟိုပဥ္စာဝါရတုန်းက ရော အကုသလမမှမှာရတဲ့ နာမ်ဣန္ဒြေတရားကိုယ်ဟာ ဘယ်သူလဲမေးလျှင် ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ကေဠတာ၊ ဘယ်နှစ်ပါးတုံး(၅-ပါးပါ)။ အခုလဲ အဲဒီ ၅-ပါး ရှိတယ်မဟုတ်လား(မှန်ပါ)။ အားတူတူဘဲပေါ့၊ ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ကေဠတာ-ဟု ဆိုအပ်သော နာမ်ဣန္ဒြေ ၅-ပါး ပစ္စည်းတရားဖြစ်အုံ၊ အကြီး အလတ် ၆-ပစ္စည်းရယ်, ဣန္ဒြိယရယ် ၇-ပစ္စယသတ္တိ။

နားလည်လောက်ပါတယ်နော် (မှန်ပါ)။ ဘာတွေ အခုရပြီလဲ၊ ကမ္မ, အာဟာရ, ဣန္ဒြိယ ရပြီ(မှန်ပါ)။

ဈာန နှင့် တခါလောစမ်းပါ၊ ခုတင်ကအတိုင်း ပစ္စယုပ္ပန်ကို ဆိုပါ၊ ပစ္စည်း ဘက်မှာ ဈာနင်တရားကိုယ် ၅-ပါး ရှိသလားလို့ လိုက်ကြည့်စမ်း၊ ဝိတက်ပါရဲ့လား (ပါပါတယ်)။ ဝိစာရ(ပါပါတယ်)။ ပီတိ(မပါပါ)။ ဝေဒနာ(ပါပါတယ်)။ ကေဠတာ(ပါပါတယ်)။ ဒီတော့ ဝိတက်, ဝိစာရ, ဝေဒနာ, ကေဠတာ-ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၄-ပါး ပစ္စည်းတရားဖြစ်အုံ၊ အကြီး အလတ် ၆-ပစ္စည်းရယ်, ဈာနရယ် ၇-ပစ္စည်း၊ နားလည်တယ်နော်(မှန်ပါ)။

ကဲ–ဒါဖြင့် မဂ္ဂ တပစ္စည်း ကျန်သေးတယ်၊ မဂ္ဂင်တရားကိုယ် ဒီထဲမှာ ရှာစမ်းပါ၊ မဂ္ဂင်တရားကိုယ် ၉-ပါးထဲမှ ပညာ, ဝိတက်, ဝိရတိ ၃-ခု စကဲ့တရား တွေဟာ အကုသိုလ်ထဲ သွင်းတဲ့အခါကျရောဘာ့ အကုသိုလ်မဂ္ဂင် ဘယ်နှစ်ပါး ပဥ္စာဝါရတုန်းက ရသတုံး(၄-ပါး ရှိပါတယ်)။ ဝိတက်, ဝိနိုဒ, ကေဠတာ, ဒိဋ္ဌိ-လို့ ၄-ပါး မဟုတ်လား(မှန်ပါ)။ ဒီမှာရော့ဘာ့ ဒိဋ္ဌိ ပါရဲ့လား(မပါပါ)။ ဒိဋ္ဌိက ဒိဋ္ဌိဂတသမ္မယုတ်မှာသာ ယှဉ်မှာပေါ့။

ဒါကြောင့် ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဌာရှိသော မောဟအား တပ်သော ဝိတက်, ဝီရိယ, ကေဠတာ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၃-ပါး ပစ္စည်းတရားဖြစ်အုံ၊ ခုတင်က အကြီး အလတ် ၆-ပစ္စည်းရယ်, အခု မဂ္ဂရယ်

ပေါင်း ၃-ပစ္စည်း(မှန်ပါ)။ သဟဇာတ, အညမည, နိဿယ, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ၃-ပစ္စယသတ္တိ ရ၏-လို့ ဒီတွင် တပိုင်း ပိုင်းပါ၊ ကျန်သေးတယ် မဟုတ်လား မျိုးတွေ(မှန်ပါ)။ ခုတင်က အာရုံမှာမျိုး၊ အခုဟာက သဟ-ဇာတမျိုး၊ ဦးသူရိယ ဟောစမ်းပါ။

ဦးသူရိယ။ ။သဟဇာတမျိုးကို အထက်ပါအတိုင်း တခေါက် ဟောသည်။

အနန္တရမျိုးဖြင့် ရှာနည်း

သဟမျိုးပြီးတော့ **အနန္တရ**မျိုး မဟုတ်လား(မှန်ပါ)။ ဝိထိကြည့်ပါ။

ဒီလို အခြေခံကလေး မပါဘဲနှင့် ရမ်းပြီး ကျက်လို့ကတော့ ဘယ်တော့မှ **သ**ဘောမကျနိုင်ဘူး၊ အကောက်ကိုလဲ ဖတ်ကြည့်ကြပါ၊ ဘုန်းကြီးက ဒီက သင်ပေးလိုက်တယ်၊ နည်းရအောင်ယူ၊ ပြီးတော့ ကိုယ်ရထားတဲ့နည်းနှင့် **အ**ရ ကောက်မှာ ဘာတွေပြနေသလဲဆိုတာ ကြည့်ရတယ်။

အခုဟောနေတဲ့တရားက ဝိစိကိစ္ဆာ,ဥဒ္ဓစ္စဒ္ဒယှဉ်ခိုက် မောဟလို့ဆိုတာ **အ**ကုသိုလ်တရား မဟုတ်လား (မှန်ပါ)။ **အ**ကုသိုလ်တရားဆိုလို့ရှိလျှင် ဦးပဉ္စင်းတို့ **အ**နန္တရပေးထားတဲ့ ဝိထိ၊ ဘယ်ဂိုဏ်မှာ **အ**ကုသိုလ်ရှိသလဲ (ကာမဇော၀ါရ ဝိထိမှာ ရှိပါတယ်)။ ကာမဇော၀ါရဝိထိ ဘယ်နေရာမှာ ရှိသလဲ (ဇောထဲမှာ **ရှိ**ပါတယ်။

သတိပြုကြပေါ့၊ ပဌမဇောထဲမှာရှိတဲ့ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ, ထိုဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်တဲ့ မောဟ၊ဒါကြောင့် ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်ဌာ**ရ**ှိသော **မ**ောဟ **ပ**ဌမဇောအား တပ်သော၊ ပဌမဇောကို ပစ္စယုပ္ပန်ထားတယ် မဟုတ်လား (မှန်ပါ)။ သူ့ရဲ့ကံပုဒ်ဖြစ်တဲ့ ပစ္စည်းရှေ့နားက ဘယ်သူရှိသလဲ (ဝုဋ္ဌော,မနော ဒ္ဒါရာ၀ဇ္ဇန်းရှိပါတယ်)။ဒါကြောင့် ဝုဋ္ဌော, မနောဒ္ဒါရာ၀ဇ္ဇန်း ပစ္စည်းတရားဖြစ်အုံ့။

ကိုယ်တိုင်က သိပါ၊ ဘုန်းကြီးက နေရာညွှန်တယ်၊ ဒါကို ဒီလိုလုပ်လိုက်ကြပါ ဆိုလျှင် ပြီးရော၊ ကိုယ့်ကိုယ်တိုင်ကဖတ်ပေါ့ ဒီဆိုရိုး ရရမယ်, ဒီဘာရေးကို မြင်နေ ရမယ်။

ကဲဒီတော့ ဝုဋ္ဌော, မနောဒ္ဒါရာ၀ဇ္ဇန်းဆိုတော့ ဇောရဲ့အပြင်ဘက် ရောက် မလာဘူးလား(ရောက်ပါတယ်)။ ဇောအပြင်ဘက်ရောက်နေလျှင် အာသေ၀နရ ပါ့မလား(မရပါ)။ ကမ္မကော မဂ္ဂဝိထိမှ မဟုတ်ဘဲ ကမ္မ ရပါ့မလား(မရပါ)။ မရလျှင် ဒီအချိန်မှာ ဘယ်နှစ်ပစ္စည်းရှိမလဲ(၅-ပစ္စည်းပါ)။ ဒါဘဲသေချာနေတာ ပေါ့၊ ဦးပဉ္စင်းတို့ သိထားတဲ့နည်းအတိုင်း (မှန်ပါ)။

ပြန်ကြည့်စမ်းပါ၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်၌ ရှိသော မောဟ ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒ္ဒါရာဝဇ္ဇောန်း ပစ္စည်းတရားဖြစ်အံ့၊ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ ၅-ပစ္စယသတ္တိ၊ နာလည်ကြပါပြီ ဝနာ် (မှန်ပါ)။

ကဲ ဒုတိယဇောကို ပစ္စယုပ္ပန်ထားရအောင်၊ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ဒုတိယဇောအားတပ်သော ပဌမဇော....အစဉ်အတိုင်း သွားတော့မယ် မဟုတ်လား (မှန်ပါ)။ (ပေယျာလ) သတ္တမဇောအားတပ်သော ဆဋ္ဌဇော ပစ္စည်းတရားဖြစ်အံ့ ဆိုတော့ ဇောထဲရောက်နေပြီ၊ ဘာဝင်လာမလဲ(အာသေဝနဝင်လာပါမယ်)။ အနန္တရ,သမနန္တရ,ဥပနိဿယ,အာသေဝန, နတ္ထိ, ဝိဂတ ၆-ပစ္စယသတ္တိ။

အနန္တရက ရှာတော့ ဒီနေရာဘဲရှိ မဟုတ်လား(မှန်ပါ)။ ဒါက အနန္တရမျိုးလို့ နားလည်းထားကြပါ။

ပကတူရှာနည်း

ပြီးတော့ဘာတုံး၊ အနန္တရပြီးတော့ ပကတူမဟုတ်လား (မှန်ပါ)။ ပကတူသွားတော့ကာ ပကတူအကောက် မနေ့တနေ့ကတင် ပြောပြီးသားဘဲ၊ အကုသိုလ် ပစ္စယုပ္ပန်ဖြစ်လျှင် ကံပုဒ်ပစ္စည်းဟာ ဘာရတယ် (လောကီတင် ရပါတယ်)။ ဒါသိနေလျှင် ပြီးတာပေါ့။

ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟအား တပ်သော ဗလဝ-ဒုဗ္ဗလဖြစ်သော လောကီစိတ်ကောသိတို, ဇစတသိက်ဒွေပညာသ, ရူပ်အဋ္ဌဝိသ, ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ။

တပစ္စည်းတည်း ရမယ် မဟုတ်လား (မှန်ပါ)။ ဗလဝကမ္မ-က ရလို့ဖြစ်ပါ့မလား(မဖြစ်ပါ)။ ဗလဝကမ္မ-က ဝိပါက်ပစ္စယုပ္ပန်ရှိမှ ရမှာမဟုတ်လား(မှန်ပါ)။ အခု ဝိပါက်ပစ္စယုပ္ပန်မဟုတ်လို့ ပကတူပနိဿယသတ္တိ တပစ္စည်းသာ၊ ဒါက ပကတူမျိုး။

အဲဒီတင် ရှေးအရကောက် နိဂုံးချုပ်လိုက်ပါတယ်။

ပုရေဇာတမျိုးဖြင့် ရှာနည်း

ဘုန်းကြီးကတော့ နောက်တမျိုးထည့်ပေးမယ်၊ နောက်တမျိုးက ဘယ်သူတုံး ဝတ္ထုပုရေဇာတ။

အဲဒီ ဘုန်းကြီးထည့်ထားတဲ့အတိုင်းဘဲ ဦးပဉ္စင်းတို့ လက်ထဲမှာရှိတဲ့ နောက်ရိုက်တဲ့ စာအုပ်ကြီးထဲမှာလဲ 'ဝတ္ထုပုရေဇာဘ' ထည့်ထားတယ်လို့ ကြားပါတယ်၊

ကြည့်စမ်းကြပါ၊ ဒီတော့ ဝတ္ထုပုရေဇာတအနေနဲ့ထည့်လျှင် ဘယ်လို ထည့်ရသတုံး၊ ဘုံသတ်ထားတယ်မဟုတ်လား (မှန်ပါ)။

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ....ဟိုတုန်းကတော့ အရှုပဝိပါက် ၄-ခု ကြဉ်သော သတ္တဝိညာဏခေတ်အား တတ်သောတဲ့၊ ဒီမှာတော့ ဒီလိုဘယ်ရှိမလဲ၊ သူမှာရှိတာဆိုပါ (မှန်ပါ)။

ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ဝိစိကိစ္ဆာသဟဂုတ်,ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟအား တပ်သော ဆိုတော့ မောဟဆိုတာ အကုသိုလ်၊ အကုသိုလ် ပစ္စယုပ္ပန်ဆိုတော့ ပစ္စည်း ဘယ်ဝတ္ထုရှိသင့်သလဲ(ဟဒယဝတ္ထု ရှိသင့်ပါတယ်)။ ဒါကြောင့် ဟဒယဝတ္ထု ပစ္စည်းတရားဖြစ်အုံ- ဆိုဟော့ ဘယ်နှစ်ပစ္စည်းတုံး၊ နိဿယ, ပုရေဇာတ, ဝိပဿဟုတ္တ, အတ္ထိ, အဝိဂတ၅ ပစ္စယသတ္တိ။

သူမျိုးထဲမှာ ပုတိ -ရှိသေးဘယ်မဟုတ်လား (မှန်ပါ)။ ပုတိ ပစ္စယုပ္ပန်ကဘာတုံး (ဒ္ဒေပဋ္ဌာဝိညာဏ် ၁၀)၊ ဒီကမောဟ ရပါ့မလား (မရပါ)။ ဒီတော့ ၅-ပစ္စည်းတင်ထုတ်၊ ဒီဘင်ဆုံးမှမယ်၊ ရှေးအရကောက်မှာ ဒီဟာ မပါဘူး။

ကျန်တဲ့မျိုးတွေနှင့် ရှာကြည့်ပါဦး

မကျေနပ်နဲ့ဦး၊ ဘုန်းကြီး မျိုးပစ္စည်းနှင့် ပြန်နေတယ်၊ အခု ပုရေဇာတဝတ္ထုမျိုးတင်ဆုံးထားတယ်၊ နောက်တပ်ကျန်တဲ့မျိုးတွေကို ဘာပြုလို့မထုတ်သလဲ၊ ထုတ်ကြည့်ကြပေါ့၊ဘာမျိုးကျန်သေးသတုံး(ပစ္ဆာဇာတ ကျန်ပါတယ်)။ ပစ္ဆာဇာတမျိုးရဲ့ ပစ္စယုပ္ပန်သည် နာမ်လား ရုပ်လား (ရုပ်ပါ)၊ ဒီတော့ ရပါ့မလား (မရပါ)။

ကမ္မမျိုးရှိသေးတယ်၊ ကမ္မမျိုးရဲ့ ပစ္စယုပ္ပန်သည် နာမ်တော့ ဟုတ်တယ် ဘာနာမ်တွေတဲ့တုံး (ဝိပါက်တွေပါ)။ ဝိပါက်နာမ်တွေ ရပါ့မလား (မရပါ)။ ဒီက ဘာတုံး မောဟမှု။

အာဟာရ, ဣန္ဒြိယတို့ရဲ့ ပစ္စယုပ္ပန်က ဘာတွေတုံး (ရုပ်တွေပါ)။ ဒါကြောင့် သူတို့တတွေကျန်တယ် ပစ္ဆာဇာတ, ကမ္မ, အာဟာရ, ဣန္ဒြိယ၊ ၇-ပစ္စည်း ၉-မျိုးမှာ သူတို့ကျန်နေတယ် (မှန်ပါ)။ ဘာတွေပါလာသလဲ၊ အာရမ္မဏ, သဟဇာတ, အနန္တရ, ပကတူ, ပုဗ္ဗေ ပါလာတယ်၊ ရှေး အရကောက်အတိုင်း ဆိုလျှင် ပကတူတင် ဆုံးတယ်။

မှတ်မိကြရဲ့လား(မှန်ပါ)။ အခုဘယ်ကစ-သလဲ၊ အနန္တရက စတယ်၊ ဦးဉာဏ ဟောစမ်းပါ။

ဦးဉာဏ။ ။အနန္တရမျိုးကစ၍ အဆက်ပါအတိုင်း တမေါက်ဟောသည်။

ဆရာတော်။ ။နောက်ဆုံးက ဟာကို ပြန်ပြီး နားထောင်စမ်းပါ၊ 'ပဌ ဝေါကာရဘုံ၌ ဖြစ်သောအခါ ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်၌ ရှိသော မောဟအား တပ်သော၊ ဘယ်က ဟဒယဝတ္ထုလဲ၊ ဝုဋ္ဌော, မနောဒ္ဓါဆုဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ဖြစ်အံ့'၊ ဒီလိုဆိုမှပေါ့ ကုသိုလ် အကုသိုလ် ရှေကဆိုလျှင် ဝုဋ္ဌော, မနောဒ္ဓါဆုဝဇ္ဇန်းဘဲ မဟုတ်လား(မှန်ပါ)။ဘယ် ပစ္စည်းတွေ ရသလဲ၊ နိဿယ, ပုရေဇာတ, ဝိပဿယုတ္တ, အတ္ထိ, အဝိဂတ ၅-ပစ္စယသတ္တိ ရ၏-လို့ ဆိုပါ။

အဲဒီ ဝတ္ထုပုရေဇာတကို ရှေးအရကောက်မှာ ဆရာတော်ကြီး ကိုယ်တော်တိုင်က ချန်ထားတော်မူပါလျှင် ဘာပြုလို့လဲလို့ စဉ်းစားကြည့်ရအောင် ဘုန်းကြီးဉာဏ်ရှိသမျှပေါ့၊ ပဌမဆုံး ကောက်ခဲ့တဲ့ အာရမ္မဏမျိုးထဲမှာ "ဝတ္ထာရမ္မဏ ပုရေဇာတ" ဆိုတာ ကောက်သွားတယ်၊ အဲဒီထဲမှာ "ဝတ္ထုပုရေဇာတ" ဆိုတာ အလိုအလျောက် ပါသွားပြီဖြစ်၍ သီးသန့်ကောက်ရန် မလိုတော့သဖြင့် ချန်ထားတော်မူခဲ့ဟန် တူ၏ဟု စဉ်းစားမိသည်၊ ဒါကြောင့် (မရဏာသန္န ဟဒယဝတ္ထုလဲ) တသီးတခြားကောက်ရန် မလိုတော့ပြီဟု သဘောရသည်။

အဲဒါတခု ရဏားလို့ သဘောကျလျှင် နောက်ကဟာတွေ အကျဉ်းချုံးပြီး တော့ လွယ်လွယ်နှင့် ပြီးအောင် ချပေးမယ်။

၈ တော်ကြည်းစို့။

ပစ္စနိက်သုဒ္ဓသခ်္ပေါတွေ ကိုယ့်ဟာကိုယ် ကျက်သားကြစမ်းပါ မမျှားပါဘူး၊ ဒီနေ့ ပစ္စနိက်တခု ထပ်ပြောပေးမယ်၊ မနေ့က အကုသလေန အကုသလံ၊ ဒီနေ့ အဗျာကတေန အဗျာကတံ ပဝတ္တိအခါ ဟိတ်ပါဌ်အရကောက်ကို ပြပေးမယ်။

ဒီလိုဘဲ အမျှားအားဖြင့်တော့ စာဝါကိုင်းမှာ အကုန်လုံး ပြမနေပါဘူး၊ မနေ့က အကုသလေန အကုသလံ တခုဘဲ ပြပေးတယ်၊ ဒီတပတ်တော့ ဦးပဋ္ဌင်းတို့ နည်းနည်းလဲ ပိုအားထုတ်တယ်လဲထင်လို့ ဗျာ-ဗျာဟိတ်ပါဌ်ကိုပါ ပြပေးမယ်။

ပစ္စယုပ္ပန် အကောက်က ရနေတဲ့တရား ကောက်ပေါ့ ဘာတုံး သူက၊ အဟိတ် ပဝတ္တိနာမကွန္ဓာ ၄-ပါး မဟုတ်လား (မှန်ပါ)။ ဆက်ပြီး နားထောင်ကြစမ်းပါ။

အဗျာကတေန အဗျာကတံ

အဗျာကတေန အဗျာကတံ-၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား--အဟိတ်စိတ်အင်္ဂါရှိသ, ဆန္ဒကြဉ်သော အညဝမာန်း

စေတသိက်ဒ္ဓါဒသ အစိတ်အစိတ် နာမကွန္ဓာကို စွဲ၍ဖြစ်သော အဟိတ်စိတ် အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ဒ္ဓါဒသ အစိတ်အစိတ် နာမကွန္ဓာ,ထိုနာမကွန္ဓာသည် ပြူအပ်သော အဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဘာတွေ့ရသလဲ၊ အဟိတ်စိတ်အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်း စေတသိက်ဒ္ဓါဒသနှင့် သူတို့ကြောင့်ဖြစ်သော စိတ္တဇရုပ် ရတယ်။

အဲဒီတရားကို မနေ့က နည်းအတိုင်း ဟိတ်ပါဋ္ဌာန်တွေမှာ လိုက်ရှာရမှာဘဲ၊ မှတ်ထားခဲ့ကြပေါ့။

နဟေတုပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌာန်၏အရကား--ဟေတုပစ္စည်းမှတပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏၊ ဒါက မနေ့ကအတိုင်းနော် (မှန်ပါ)။

အဲဒါ ခဏနေကြစမ်းပါဦး၊ မနေ့က ပြောသွားတဲ့ ဟိတ်ပါဋ္ဌာန်မှာ သတိပြုကြ စမ်းပါ၊ စဉ်းစားစရာကလေးတခု ဘုန်းကြီးပြန်ပြောမလို့၊ နဟေတုပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌာန်၏အရကား--ဆိုပြီးတော့ အကျဉ်း ခုဟင်ကလိုဘဲ ဟေတု ပစ္စည်းမှ တပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏၊ ဒီလိုဆိုခဲ့တယ် မဟုတ်လား (မှန်ပါ)။

တနည်းကားနှင့်လျှောက်ပြီး ကောက်သွားတော့ အာဝရမ္မဏမျိုးက ဘယ်နှစ် ပစ္စည်း ရလိုက်တယ် (၆-ပစ္စည်း ရပါတယ်)။ ၆-ပစ္စည်းပေါ့၊ ဝတ္ထာမဟုတ်လား (မှန်ပါ)။ ဒီတော့ မရတာ ဘယ်သူလဲ၊ ပစ္စည်းအနေနဲ့ကြည့်ရတယ်၊ အာရမ္မဏ မျိုး ၈-ပစ္စည်းရှိတယ်၊ အဲဒီအထဲက ဘယ်သူ မရသလဲ(အဓိပတိနှင့် ဥပနိဿယ မရပါ)။ အဲဒီလို ကိုယ့်ဖာသာကိုယ်ပြောတာ ပိုပြီးနားလည်တယ်၊ ဘုန်းကြီး ပြောတာကို နားထောင်တာထက် နားလည်တယ်၊ မှတ်ထားစမ်းပါ။ အာရမ္မဏ မျိုး ၈-ပစ္စည်းမှ အဓိပတိ, ဥပနိဿယ မှတပါး ကျန်သော ၆-ပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာ မောဟမူဒေးဌ် မောဟရှိတယ်၊ အာဝိနှင့် အာရမ္မဏူပ ဆိုတဲ့ သုဒ္ဓ သင်္ချာမှာ ပစ္စယုပ္ပန်မောဟမှ မရှိဘဲ (မှန်ပါ)။ နားလည်ကြဘယ်နော်၊ အာဝုဝိ, ဝတ္ထာဝိတို့က ထည့်မတွက်ရဘူး၊ အာဝိပြုတ်လျှင် သူတို့က ပြုတ်မှာဘဲ။

သဟမျိုး ၁၅-ပစ္စည်းမှ ဟေတုကတော့ မရဘူးမဟုတ်လား (မှန်ပါ)။ ဒီ.ပြင် ဘယ်သူ မရသေးသလဲလို့ မနေ့ကမှာတော့ အကြီး,အလတ် ၆-ပစ္စည်း ရတယ်မ.ဟုတ်လား (မှန်ပါ)။ အလတ်က မရတာက ဝိပါကနှင့် ဝိပ္ပယုတ္တ၊ အငယ်က နောက်ထပ် မရတာက ဘယ်သူလဲ (အဓိပတိ မရပါ)။ ဒီတော့ ကျန်တဲ့ ၁၁-ပစ္စည်းရတယ်၊ အကြီးက ၄-ပစ္စည်း, အလတ်က ၂-ပစ္စည်း, အငယ်က ၅-ပစ္စည်း၊ ၅-ပစ္စည်းက ဘယ်သူလဲ ကမ္မ, အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ၊ ပေါင်းတော့ သဟမျိုးက ၁၁-ပစ္စည်း။

မရတာက ဘယ်သူလဲ ဟေတု, အဓိပတိ, ဝိပါက, ဝိပွယုတ္တ၊ **ပေါင်း ၄-ပစ္စည်း**။

သတိပြုလိုက်ကြပါဦး၊ သဟာမျိုးက ဝိပွယုတ္တ **မရပေမဲ့ အာရမ္မဏမျိုးက** ဝိပွယုတ္တကတော့ **ရနေတယ်** (မှန်ပါ)။

ကဲ.... နောက်သွားပြန်ရော၊ အနန္တရမျိုး ၃-ပစ္စည်းမှာ ဘယ်နှစ်ပစ္စည်း ရသလဲ (၆-ပစ္စည်း ရပါတယ်)။ မရတာက ဘယ်သူလဲ (**အနန္တရကမ္မ**)။ **အဲဒါက** ဦးပဋ္ဌင်းတို့ကို **စာကြေအောင် ခိုင်းတာ**။

ကမ္မက ဒီမှာ **အနန္တရက မရပေမဲ့ သဟ-က ရမနေဘူးလား** (**ရပါတယ်**)။ **ပစ္စည်းရေ မလျော့ဘူးလို့** သတိထားရတယ်။

ပကတူမျိုးကလဲ ပကတူပနိဿယ**ရနေ**တယ် မဟုတ်လား (မှန်ပါ)။ ဗလဝ-ကမ္မ **ရ**ရဲ့**လား** (**မ**ရပါ)။ ဗလဝကမ္မ-**မ**ရပေမဲ့ သဟာမျိုးက ကမ္မ-က ရ**ပြီးသား၊ နား**လည်**ကြ**တယ်**နော်** (မှန်ပါ)။

ဝတ္ထုပုရေဇာတမျိုးမှာ ၆-ပစ္စည်း ရှိတဲ့**အနက်** **မ**ရတာ**ကဘယ်**သူလဲ (ဣန္ဒြိယ **မ**ရပါ)။ ကျန်တာ ၅-ပစ္စည်းက ရတယ်**နော်** (မှန်ပါ)။

အာရမ္မဏ, **သ**ဟာ**ဇ**ာတ, **အ**နန္တ**ရ**, ပ**က**တူ, ပု**ဂ**္ဂ-ထိ**အော**င် **မ**နေ့**ကေ**ာ**ကေ**ာ**ပေ**းတယ် **မ**ဟုတ်**လ**ား (**မ**ှန်**ပ**ါ)။

နောာ**ကေ**ာ **မ**ရ**တ**ာ**ကေ** ပ**ဋ္ဌ**ာ**ဇ**ာ**တ** **မ**ရ**ဘ**ူး၊ ရူ**ပ**ာ**ဟ**ာ**ရ**ရ**ရ**ူ**ပ**ဇီ**ဝ**တ**ိ**ဣ**န္ဒြ**ိ**ယ **ကေ**ာ (**မ**ရ**ပ**ါ**ဘ**ူ**း)။ **မ**ရ**ပ**ေ**မ**ဲ့ **သ**ဟ-**က** ရ**နေ**တ**ယ**်။

သတ**ိ**ပ**ြ**ု**ကြ**စ**မ်**း**ပ**ါ**၊ ၂၄-**မ**ျ**ိ**း**သ**ော ပ**စ**္စ**ည**်**း**မ**ှ **အ**ခ**ု** **လ**ော**ာ**ရ**ှ**ာ**တ**ော**့ **လ**ုံ**ဝ** **မ**ရ**တ**ဲ့**ပ**စ**္စ**ည**်**း**ပ**ေ**ါ**င**်**း** **ဘ**ယ**်**လ**ော**ာ**ရ**ှ**ိ**သ**လ**ဲ (**ဟ**ေ**တ**ု, **အ**ဓ**ိ**ပ**တ**ိ, **ဝ**ိ**ပ**ါ**က, **ပ**စ**္ဆ**ာ**ဇ**ာ**တ **မ**ရ**ပ**ါ**ဘ**ူ**း)။

ဒါ**ကြ**ော**ာ**့ **အ**ကု**သ**လေ**နေ** **အ**ကု**သ**လ**ံ**-**ဌ** **ဝ**ိ**စ**ိ**က**ိ**ဆ**ာ, **ဥ**ဒ**စ**ုန**ှ**င**့** **ယ**ှ**ဉ**ိ**ခ**ိ**က**် **မ**ော**ဟ** **ပ**စ**ွ**ယ**ုပ**ွ**န**်**တ**ရ**ား** **ရ**ပါ**တ**ယ**်**၊ **ထ**ို**မ**ော**ဟ** **ပ**စ**ွ**ယ**ုပ**ွ**န**်**တ**ရ**ား**ကို **ဟ**ေ**တ**ု**မ**ှ **တ**ပါ**း**သ**ော **ပ**စ**္စ**ည**်**း**တ**ို**့**၏ **ယ**ထ**ာ**ရ**ဟ**ာ**သ**တ**ို** **ဆ**ို**ပ**ေ**မ**ဲ့ **ရ**သ**င**်**တ**ဲ့**ပ**စ**္စ**ည**်**း**မ**ှ **ရ**မ**ှ**ာ**ပ**ေ**ါ**့။

အခ**ု** **ဟ**ေ**တ**ု**မ**ှ **တ**ပါ**း**ထ**ဲ**မ**ှ**ာ **အ**ဓ**ိ**ပ**တ**ိ**ရ**ယ**်, **ဝ**ိ**ပ**ါ**က**ရ**ယ**်, **ပ**စ**္ဆ**ာ**ဇ**ာ**တ**ရ**ယ**် ၃-ပ**စ**္စ**ည**်**း **နော**ာ**ကေ**ာ**ထ**ပ**် **လ**ော**ာ**့**လ**ာ**တ**ယ**် **မ**ဟ**ု**တ**်**လ**ား (**မ**ှ**န**်**ပ**ါ)။ **ကြ**ာ**င**်**း**တ**ဲ့** ၂၀-**သ**ော **ပ**စ**ွ**ယ**်**း**တ**ို**့**ရ**ဲ့** **ပ**စ**ွ**ယ**ုပ**ွ**န**်**မ**ှ**ာ** **မ**ော**ဟ**မ**ူ**ဒ**ွ**ဋ**္ဌ**ယ**ှ**ဉ**ိ**ခ**ိ**က**် **မ**ော**ဟ**ရ**ှ**ိ**နေ**ကြ**တ**ယ**်၊ **အ**ဲ**ဒ**ီ **အ**ဓ**ိ**ပ**ွ**ါ**ယ**်**က**ို **ပ**ြော**နေ**တ**ာ (**မ**ှ**န**်**ပ**ါ)။

မော**ဟ**မ**ူ** **ဒ**ွ**ဋ**္ဌ **မ**ော**ဟ** **ပ**စ**ွ**ယ**ုပ**ွ**န**်**တ**ရ**ား**အ**ပ**ြ**ား**ဖ**ြ**င**့** **နေ**ရ**ှ**ိ**တ**ဲ့ **ပ**စ**ွ**ယ**်**း**ပ**ေ**ါ**င**်**း** **ဘ**ယ**်**လ**ော**ာ**ရ**ှ**ိ**သ**လ**ဲ**မ**ေ**း**လ**ျ**ာ**ခ**ြ**ာ **အ**ခ**ု** **ပ**ြော**ခ**ဲ့**တ**ဲ့ ၂၀၊ ၂၄-**ပ**စ**ွ**ယ**်**း**အ**နေ**နဲ့ **ကြ**ည**ှ**

တာနော် (မှန်ပါ)။ မျိုး၏အနေနဲ့ ကြည့်လို့ရှိယင် အာရမ္မဏ, သဟဇာတ, အနန္တရ, ပကတ္တ, ပုရေ-လို့ ၅-မျိုးမှာရှိတယ်။

အဲဒါ ကောက်နုတ်ချက်၊ မနေ့က ဆိုသွားလို့ ရပေမဲ့ အဲဒီလိုကလေးလဲ ထပ်သိထားပါ၊ ထားခဲ့ကြစို့၊ ခုတင်ကဟာကို ဆက်ရအောင်။

ဗျာဗျာ ဟိတ်ပါဋ္ဌအရ

ဗျာဗျာ၌ ဟိတ်ပါဋ္ဌအရကား–ဟေတုပစ္စည်းမှတပါးသော ပစ္စည်း တရား တို့၏ ယထာရဟ သတ္တိ ရ၏၊ တနည်းကား ဒီလိုမဟုတ်လား (မှန်ပါ)။

ဦးပဉ္စင်းတို့ ဘာရှာမယ် စိတ်ကူးသလဲ၊ အခု ပေးထားတာကတော့ မနေ့ ကနည်းနော် (မှန်ပါ)။ အခု ကောက်ထားတဲ့ ပစ္စယုပ္ပန်က ဘာတွေတဲ့တုံး၊ အဟိတ်စိတ် အဌာရသ၊ သူတို့မဟုတ်လား (မှန်ပါ)။ စိတ်က လိုရင်းပါ၊ စေတသိက် အသာထားစမ်းပါဦး အပြောရ ကျဉ်းသွားအောင်။

အဟိတ်စိတ် အဌာရသ ပစ္စယုပ္ပန်ကို မနေ့က ပေးထားတဲ့ လမ်းစဉ်အတိုင်း လိုက်ရှာ ကြည့်ရတယ်၊ လမ်းစဉ်ကတော့ မနေ့က ပေးထားတဲ့ လမ်းစဉ်အတိုင်း၊ ဒီတော့ မနေ့က ဘယ်ပစ္စည်းမျိုးက ဦးပဉ္စင်းတို့ စ-ပြီး ကြည့်သလဲ (အာရမ္မဏက စကြည့်ပါတယ်)။ ကြည့်ပါ အာရမ္မဏဇယားကြီး[1]ကို၊ ကိုယ့်ဉာဏ်စွမ်းနှင့် ကိုယ်ထုတ်၊ နည်းပေးထားပြီ၊ အဲဒီ အထဲမှာ အဟိတ်စိတ္တဇရုပ် ရထားတယ် ဆိုတာလဲ မှတ်ထားကြပါဦး။

ကဲ ဘုန်းကြီးပြောမယ် ဦးပဉ္စင်းတို့ ကြည့်ကြစမ်းပါ၊ ကာမပစ္စယုပ္ပန် ၆-ကြောင်း ရှိတယ်မဟုတ်လား(မှန်ပါ)။ ဝိရိယ စိုက်ပြီး ကြည့်ပါ၊ ကိုယ့်ဖာသာ ကိုယ်လုပ်ယူမှ စာဆိုတာက ပိုပြီး နားလည်တတ်ပါတယ်၊ ဆရာသမား ပြောတာ ကတော့ နည်းပေးတာဘဲ၊ ကူပြီးကျက်ပေးလို့လဲ မရဘူး။

အဟိတ်စိတ် ပစ္စယုပ္ပန် အနေနဲ့ရှိတာ ကာမ ၆-ကြောင်းထဲမှာ ဘယ် အကြောင်းမှာ ရှိသလဲလို့ လိုက်ကြည့်ပါ၊ (၁-၂-၃-၆ နံပါတ်တို့မှာ ရှိပါ တယ်)။ ၄-နံပါတ် မရဘူးလား (မရပါ)။ ၄-နံပါတ်က ဘာရှိသလဲ၊ အကုသိုလ် စိတ်, မဟာကုသိုလ်, မဟာကြို ၁၁။ ၅-နံပါတ်ကတော့ မဟာကုသိုလ်၊ အဲဒီမှာ ရှိတာ ၁-၂-၃-၆ ရှိတဲ့အတိုင်း ဆိုရုံဘဲ။

ဥပမာ–ဘုန်းကြီး ဆိုပြမယ်၊ ပြီးတော့ ဘုန်းကြီးပြပေးတဲ့ နည်းကို ရအောင်လုပ်ကြပါ၊ နားလည်အောင် လုပ်ပါ၊ အကောက်ကိုလဲ ဖွင့်ကြည့်ပါ၊

---

[1] ပဋ္ဌာန်းသိမ်ပွဲ၊ ဒု-တွဲ၊ နှာ-၄၂(က)ရှိ အာရမ္မဏအရကောက် ဇယားကြီး ကြည့်။

အကောက် ဖွင့်ကြည့်လျှင် ဦးပဉ္စင်းတို့ စိတ်ညစ်စရာ ကလေးတွေတောင် တွေ့ဦးမယ်၊ အနန္တရမျိုးကျတော့ ရေးထားပုံက အနည်းငယ် ရှုပ်နေတယ်။

အာရမ္မဏမျိုးဖြင့် ရှာနည်း

တနည်းကား စက္ခုဝိညာဏ်ဒွေအား တပ်သော ပစ္စုပ္ပန် ရူပါရုံ ။ပ။ ကာယ-ဝိညာဏ်ဒွေအား တပ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ၊မနောဓာတ်၃-ခုအား တပ်သော ပစ္စုပ္ပန် ပဉ္စာရုံ၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ကဲ တတိယတန်းမှာကြည့်၊ အဟိတ်က ဘယ်သူရှိသတုံ ; (သန္ဓိရဏနှင့် ဟသိတုပ္ပါဒ် ရှိပါတယ်)။ သန္ဓိရဏက ဘယ်အနေနဲ့ ရှိသလဲ (တဒါရုံ အနေနဲ့ ရှိပါတယ်)။ တဒါရုံအနေနဲ့ ရှိလျှင် တဒါရုံလို့ ဖေါ်ဆိုပါ၊ ကိုယ်ရထားတဲ့ နှုတ်လိုက်ထားတဲ့ အတိုင်း အဖော်ခိုင်းတာ ဘုန်းကြီးက (မှန်ပါ)။ အဲဒီမှာ သန္ဓိရဏက သန္ဓိရဏရိုးရိုးမှ မဟုတ်ဘဲ တဒါရုံ ကိစ္စတပ်တဲ့ သန္ဓိရဏ မဟုတ်လား (မှန်ပါ)။

ဒါကြောင့် သန္ဓိရဏတဒါရုံ ၃-ခု, ဟသိတုပ္ပါဒ်အား တပ်သော ကာမစိတ် စတုပညာသ, စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝိသဟု ဆိုအပ်သော အာရုံ ၆-ပါး။

ပြီးတော့ နံပါတ် ၆-သွားပါ၊ မနောဒ္ဓါရာဝဇ္ဇန်းအား တပ်သော စိတ် တခု ယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရူပ်အဋ္ဌဝိသ, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားဖြစ်အုံ–ဆိုပြီး ပိုင်းလိုက်ကြပါစို့ ။

မနေ့က ဒီနေ့ထုမှာ တပစ္စည်းထဲ သုံးတယ်မဟုတ်လား (မှန်ပါ)။ ကဲ ဒီနေ့တော့ စိတ်ကြရအောင်——

အာဝဇ္ဇန် ပစ္စယုပ္ပန်မှာ အဟိတ်စိတ်တွေ ပါရဲ့လား (မပါပါ)။ မရဘူးနော် (မှန်ပါ)။

အာဝဇ္ဇန်ရဲ့ ပစ္စယုပ္ပန်မှာ ကာမစိတ် ၅၄-ဆိုတော့ အဟိတ်စိတ် **မ**ပါပေဘူးလား (ပါပါတယ်)။ ဒီတော့ **အာ**ရမ္မဏ ပုရေဇာတ ၄-ပစ္စည်း ရလိမ့်မယ်လို့ နားလည်ထားကြပါ။

ဝတ္ထာ-ပစ္စယုပ္ပန်မှာကော အဟိတ်စိတ်တွေ **မ**ပါဘူးလား **မေ**းလျှင် (ပါပါတယ်)။ **မ**နောဒ္ဓါဆုဝဇ္ဇန်း ပါနေတယ် **မ**ဟုတ်လား (မှန်ပါ)။ **မ**ရဏာသန္နဇော ဆိုတဲ့**အ**ထဲမှာတော့ **မ**ရှိဘူး၊ တဒါရုံဆိုတဲ့ အထဲမှာ သန္ဓိရဏ ၃-ခု **မ**ရှိဘူးလား (ရှိပါတယ်)။ သူတို့လဲ ယထာရဟ ဝင်နေတယ်။

မနေ့ကလိုဘဲ သုဒ္ဓသင်္ခ်ာ ၂-ပုဒ်ဘဲ **မ**ဟုတ်လား (မှန်ပါ)။ ဘာတဲ့တုံ (**အာ**ပုနှင့် ဝတ္ထာပါ)။

ဒီတော့ ၁ဝ္ထာအထိ ရေတွက်လိုက်တော့ မနေ့က ဘယ်နှစ်ပစ္စည်းရသတုံး (၆-ပစ္စည်း)။ ပေါင်းလိုက်ကြပါစို့ အာဝရုံ ၆-ပါး ပစ္စည်းတရား ဖြစ်အုံ့၊ အာ-ရမ္မဏာ, နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ ၆-ပစ္စယသတ္တိ။

ကိုယ်ရပြီးသား ဇယားကြီးပေါ်မှာ တင်ပြီးတော့ ပေးထားတဲ့ နည်းနှင့် စဉ်းစားရတာ ဘာခက်သလဲ-လို့၊ ဒါအာရမ္မဏမျိုး ပြီးရော၊ တကြိမ်တည်းနှင့် ပေါင်းလိုက်စယ်နော် (မှန်ပါ)။

သဟမျိုးဖြင့် ရှာနည်း

ထိုနည်းတူစွာ သဟမျိုးတွေကိုလဲ ဒီမှာကျတော့ ဧကော တိဏ္ဍံ နှင့် ဟော ထားတော့ သဟကြီး သုဒ္ဓသင်္ချာအတိုင်း မရနိုင်ဘူးလား (ရပါတယ်)။ အချင်းချင်းအားရင်း, အချင်းချင်း နာမကွဲနှာ အဟိတ်စိတ္တဇရုပ်အားရင်း တပ်သော အဟိတ် ပဝတ္တိနာမကွဲနှာ ၄-ပါး၊ ပဋ္ဌာနေ မရှိသေးဘူးနော် (မှန်ပါ)။ ပစ္စည်းတရားဖြစ်အုံ့- ဆိုတော့ သဟကြီး နံပါတ်-၁ သုဒ္ဓသင်္ချာ ကို ဆိုတာမဟုတ်လား (မှန်ပါ)။ ဒီ့ပြင်တရားတွေ့ မပါစေဘဲနဲ့ သုဒ္ဓသင်္ချာ ဆိုရိုးထဲမှာ အဟိတ်စိတ်တင် ဆိုတာနော် (မှန်ပါ)။

အဲဒီမှာ သတိပြုကြစမ်းပါ၊ အကြီး ၄-ပစ္စည်း ရနေပြီမဟုတ်လား (မှန်ပါ)။ အလတ် ၄-ပစ္စည်း အနေနဲ့ စဉ်းစားပါ၊ နာမ်ပစ္စည်း,နာမ်ပစ္စယုပ္ပန်တင် ယူလျှင် ည-သံ မရဘူးလား (ရပါတယ်)။ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန် ယူလျှင် ဝိပ္ပယုတ္တ ရတယ်၊ အဟိတ်စိတ် ၁၇-ခုထဲက ကြိယာကိုချန် ဝိပါက်တင်ယူလျှင်တော့ကော (ဝိပါက ရပါတယ်)။ အလတ် ၄-ပစ္စည်းလဲ ရလာပြီ (မှန်ပါ)။

ကံပုဒ်ထိုက်နေတဲ့ တရားတွေထဲမှာ မနေ့ကလို ကြည့်ရတယ်၊ အဟိတ်စိတ်ထဲမှာ အဓိပတိ တရားကိုယ် ရှိပါ့မလား (မရှိပါ)။ မရှိလျှင် အဓိပတိ မရဘူး။

ပြီးတော့ ရှေတိုးကြည့်ပါ၊ စေတနာဆိုတဲ့ စေတသိက် မနေ့ကလို မပါသင့်ဘူးလား၊ ပါမလား (ပါပါဘယ်)။ ပါလျှင် ဘယ်သူရမလဲ (ကမ္မ-ရပါတယ်)။ ဖဿ, စေတနာ, ဝိညာဏ်ကော မပါဘူးလား (ပါပါတယ်)။ ဒါဖြင့် ဘယ်သူရမလဲ၊ အာဟာရ ရမယ်။

ဇီဝိတ, စိတ်, ဝေဒနာ, ဝိရိယ, ဧကဂ္ဂတာဆိုတဲ့ တရားကော(ပါပါတယ်)။ ဘယ်သူရမလဲ (ဣန္ဒြိယ ရပါတယ်)။

ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဆိုတဲ့ စျာနင် ငါးပါးကော (ရှိပါတယ်)။ ဒီတော့ စျာနပစ္စည်း မရပေဘူးလား (ရပါတယ်)။

အဲဒီ အဟိတ်စိတ် တရားထဲမှာ မဂ္ဂင်တရားကိုယ်ထိုက်တဲ့တရား ရှိရဲ့လား (မရှိပါ)။ 'အဟေတုကေသု မဂ္ဂင်္ဂါနိ နေ လဗ္ဘန္တိ' ဒီလို မဟုတ်လား (မှန်ပါ)။ အဟိတ်စိတ် ယှဉ်ခိုက်မှာ မဂ္ဂင်ထိုက်တဲ့ တရားရယ်လို့ မရှိဘူး။

ဒီတော့ မနေ့ကတော့ ဘာတွေ့ရသလဲ အငယ်ထဲက ကမ္မ,အာဟာရ,ဣန္ဒြိယ, စျာန, မဂ္ဂ-လို့ ၅-ပစ္စည်း ရတယ် မဟုတ်လား (မှန်ပါ)။ ဒီနေ့ မဂ္ဂ-မရတော့ ဘယ်နှစ်ပစ္စည်း ကျန်မလဲ(၄-ပစ္စည်းကျန်ပါတယ်)။ အဲဒီ ၄-ပစ္စည်းနှင့် ခုတင်က အကြီး, အလတ်က ဂ-ပစ္စည်းနှင့် ပေါင်းတော့ ၁၂-ပစ္စည်း၊ နားလည်အောင် ရှာတတ်ပါစေ။

ဟေတုကတော့ နဟေတုမို့ မရဘူး၊ အဓိပတိက ဘာဖြစ်လို့ မရသလဲ၊ အဟိတ်စိတ်က အဓိပတိတပ်ရဲ့လား (မတပ်ပါ)။ အဟိတ်စိတ်က မဂ္ဂင်ကိစ္စ ကပ်ရဲ့လား (မတပ်ပါ)။ ဒါကြောင့် ဘူတို့ ၃-ပစ္စည်းလျော့တာ မဟုတ်လား (မှန်ပါ)။ ၁၅-ထဲ ၃-လျော့တော့ ၁၂-ကျန်တယ်။

ဒါကြောင့် ပြန်နားထောင်ကြစမ်းပါ၊ အချင်းချင်းအားရင်း, အချင်းချင်း နာမကွန်ရှာ အဟိတ်စိတ္တဇရုပ်အားရင်း တပ်သော အဟိတ်ပဝတ္တိနာမကွန်ရှာ ၄-ပါး ပစ္စည်းတရားဖြစ်အုံ့၊ သဟဇာတ, အညမည, နိဿယ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, စျာန, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပေါင်း ၁၂-ပစ္စယသတ္တိ။

ဒို့ဖာသာ ဒို့ရှာလျှင် ဒီအတိုင်း တွေ့မှာဘဲလို့ ဉာဏ်ထဲမှာထည့်ရတယ်၊ ရှာလဲကြည့်ရတယ်၊ ဘုန်းကြီး ပြောဓာတလေးကို လိုက်ပြီး နားထောင်ရုံ တင်လား, ဒို့ တော့ ဒါကို ဝန်ခံနိုင်ရဲ့လား, လက်ခံနိုင်ရဲ့လား ဆိုတာကြည့်၊ လက်မခံနိုင်လျှင် ပြောပေါ့ ဒါ မရသင့်ပါဘူးဘုရား စသည်။

ဒါက ဘယ်မျိုးကတုံး (သဟဇာတမျိုး)။ ပြီးတော့ ဘယ်မျိုးသွားရမလဲ (အနန္တရမျိုး သွားရပါမယ်)။ ကြည့်ကြပေါ့၊ အနန္တရကြည့်ချင်လျှင် ဘယ်ကို ကြည့်မယ်၊ အနန္တရဝိထိဘဲ ကြည့်မယ်မဟုတ်လား (မှန်ပါ)။ ကြည့်ကြစမ်းပါ။

ဆဝါရဟိတ်ပါဌ်က မနေ့က ဘုန်းကြီးပြောပြီးပြီကော အားလုံးကောက်တဲ့ ဟိတ်ပါဌ်ပါ၊ နည်းမရလျှင် အင်မတန်ကြောက်စရာကောင်းတဲ့ ဟိတ်ပါဌ်ပါ၊ အရကောက်ဖတ်နေရုံကတော့ နားမလည်ဘူး စိတ်သာချ၊ အဲဒီအနန္တရကို သာပြီးနားမလည်ဦးမယ်၊ ဖတ်ချင်တိုင်းဖတ် နားမလည်ဘူး။

အနန္တရမျိုးဖြင့် ရှာနည်း

ကာမဇောဝါရဝိထိ[1]သတိပြုကြည့်၊ တလုံးချင်းကလေး ကောက်ကြည့်သွားစမ်း၊ ပဋ္ဌိသန္ဓေကနေပြီး နောက်ဆုံးဘဝင်အထိ အဟိတ်စိတ်မဟုတ်တဲ့ ဝိထိစာလုံးကို ကိုယ်က လိုက်ရှာရမယ်။

အဟိတ်စိတ်မဟုတ်တဲ့ ဝိထိစာလုံးကိုလိုက်ရှာမတော့ ကာမဇောဝါရဝိထိ တဝိထိလုံးလိုလို ပါနေတယ်မဟုတ်လား၊ သို့ပေမဲ့ ဆိုင်ရာ,ဆိုင်ရာကို ခွဲထုတ်ရတယ်။

ပစ္စယုပ္ပန်ကတော့ အဟိတ်စိတ်ဖြစ်ရတယ်၊ ကံပုဒ်အနေနဲ့ဝင်နေမည့် ပစ္စည်းတရားကတော့ အဟိတ်စိတ် ဟုတ်ဟုတ်-မဟုတ်ဟုတ် ကိစ္စမရှိဘူး၊ ဒါကို သတိထားကြပါ။

ဒါကြောင့် ဘုန်းကြီးဘဲ ဆိုပြမယ်၊ ရှင်းအောင်လဲ နားထောင်ပြီးတော့ ရအောင်လဲ ကြိုးစားအားထုတ်ကြပါ၊ အားထုတ်နေတယ်ထင်လို့ ဒီနေ့ ဒါကို ထည့်ပြောနေတာ။

ပစ္စယုပ္ပန်က ဘာဖြစ်ရမယ် (အဟိတ်စိတ်)။ အဟိတ်စိတ် ကောနဲ့ဖြစ်ရမယ်၊ ပဋ္ဌိသန္ဓေ နောက်က ဘဝင်ဆိုပေမဲ့ ဘဝင်-၁၉ ဦးပဋ္ဌာန်းတို့ မြင်မနေဘူးလား (မြင်ပါတယ်)။ အဲဒီ ၁၉-ထဲမှာ အဟိတ်ဘဝင် ဘယ်နှစ်ခုပါသလဲ (၂-ခုပါပါတယ်)။ အဲဒါ ကိုမြင်အောင်ကြည့်ပါ၊ ပစ္စယုပ္ပန်ကိုဆိုမယ်ကြံလျှင် အဟိတ်စိတ်ကို မြင်အောင် ကြည့်ပါ။

ဒါကြောင့် 'အဟိတ် ပဌမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ'လို့ သာမညဆိုလဲ ရပါတယ်၊ အဟိတ်ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ-လို့ ဆိုမှ မဟုတ်ဘူး၊ အဟိတ်မဟုတ်တာတွေလဲ ကံပုဒ်ဖြစ်နိုင်တယ်လို့ ပြောထားတယ် မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်ကိုတော့ အဟိတ် ပီပီသသမြည်အောင် ဆိုပါ။

အဟိတ် ပဌမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋ္ဌိသန္ဓေနာမက္ခန္ဓာ၊ ဒုတိယအစရှိသော နောက်နောက်သော အဟိတ်ဘဝင် နာမက္ခန္ဓာအားတပ်သော ပဌမအစရှိသော ရှေးရှေးသော အဟိတ်ဘဝင် နာမက္ခန္ဓာ၊ အာဝဇ္ဇန်းဒွေအား တပ်သော-ဆိုတော့ သူတို့က အဟိတ်ဘဲ မဟုတ်လား (မှန်ပါ)။ ကြည့်ဘို့မလိုဘူး၊ ဒါကြောင့် ပဋ္ဌာဝေါကာရ ဘဝဂုံပစ္ဆေဒ ၁၅-ခု၊ မနောဒ္ဒါရာဝဇ္ဇန်းအားတပ်သော အရူပဘဝဂုံပစ္ဆေဒ ၄-ခု မူရင်းအတိုင်း၊ ပစ္စယုပ္ပန်ကိုက အဟိတ်ဖြစ်နေတယ် (မှန်ပါ)။

---

[1] ပဋ္ဌာန်းသိပ္ပံ၊ ၁-တွဲ၊ နှာ-၃၁၉-၌ အနန္တရဝိထိပါဠိတော်အရစကလာက် ဇယားကြည့်။

ပဠုဝိညာဏ်အား တပ်သော ပဠုဒ္ဓါရုဝဇွန်း၊ သမ္ပဋိစ္ဆိုင်းအား တပ်သော ပဠုဝိညာဏ်၊ သန္တီရဏအား တပ်သော သမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌေါအား တပ်သော သန္တီရဏ၊ ပရိတ္တာရုံ ဝိထိဖြစ်အုံ့၊ ဒုတိယဝုဋ္ဌေါအား တပ်သော ပဌမဝုဋ္ဌေါ၊ သတိပြုပါဦး၊ ပဠုဝေါဟာရ ၁ ဝင်လို့ဆိုတော့ အဟိတ်မဟုတ်တာတွေ ပါ မနေဘူးလား (ပါပါတယ်)။ ဒါကြောင့် အဟိတ်ပဠုဝေါဟာရဘာဝင် ၂-ခုအား တပ်သော။

ဘာဝင်မှာလဲ အဟိတ်က ၂-ခုဘဲရှိမယ် မဟုတ်လား (မှန်ပါ)။ အဲဒါကို ကိုယ့်ဉာဏ်က မြင်အောင်ကြည့်ကြပါ၊ ဒီစာလုံးထဲမှာ အဟိတ်စိတ် ဘယ်နှစ်ခုရှိတယ်၊ ဒါကို ကိုယ်က သတိထားပြီး လိုက်ရှုတယ်၊ ရှေက ဘုန်းကြီးက ဆိုသွားမယ်၊ ဘာတဲ့– အဟိတ်ပဠုဝေါဟာရဘဝင် ၂-ခုအားတပ်သော ဒုတိယဝုဋ္ဌော။

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝိထိဖြစ်အုံ့၊ အဲဒီမှာ ဇောထဲမှာ အဟိတ်ဘယ်သူရှိသတုံး (ဟသိတုပ္ပါဒ်ရှိပါတယ်)။ ရှိတာကလေးတင် ရှေးခဲ့ပါ။ ဒါကြောင့်– ဟသိတုပ္ပါဒ် ပဌမဇောအားဟပ်သော ဝုဋ္ဌော, မနော-ဒ္ဒါရုဝဇွန်း၊ ဒုတိယဇောအားတပ်သော ပဌမဇော။ပ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော....တဲ့။

အဲဒီမှာ သတိပြု နားထောင်စမ်းပါ၊ အကောက်ပါ ကြည့်တတ်အောင် ဘုန်းကြီးပြောမယ်၊ အဇကာတ်က ဒီနေရာမှာ ဟသိတုပ္ပါဒ်ဇော ဆုံးထားတော့ ဟသိတုပ္ပါဒ်ဇောက စပြီးမကာက်နေတယ်၊ ဟသိတုပ္ပါဒ်ရယ်, မဟာကြိယာရယ် ရောပြီး အချင်ထုတ်ဘယ်၊ ဒီတော့ မထုတ်နဲ့၊ ဦးပဉ္စင်းတို့ ဆိုရိုးအတိုင်းထုတ်၊ နို့မဟုတ်လျှင် ဦးပဉ္စင်းတို့ မျက်စိလည်မည်စိုးလို့ ပြောတာ။

ဆိုရိုးက ဘာကစသတုံး၊ ဇလာဘမှု မောဟမှု မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အုံ့၊ အဟိတ်တဒါရုံ ၃-ခု, ကဒါရုံ မကျသည်ဖြစ်အုံ့၊ အဟိတ်ဘဝင် ၂-ခုအားတပ်သော ဇလာဘမှု မောဟမှု မဟာကုသိုလ်အဆုံး ဇော၊ နားလည်လောက်ပါပြီနော် (မှန်ပါ)။

ဒေါသမူဇော နောင် တဒါရုံကျသည်ဖြစ်အုံ့၊ အဲဒီမှာ သတိပြု ဦးပဉ္စင်းတို့ ဆိုရိုးက ဘာတဲ့တုံး၊ ဥပေက္ခာတဒါရုံ ၆-ခုထဲမှာ အဟိတ်တဒါရုံ ဘယ်နှစ်ခု ပါသတုံး (၂-ခုပါပါတယ်)။ ကာမဥပေက္ခာဘဝင် ၆-ခုထဲမှာကော အဟိတ် ဘယ်လောက်ပါသတုံး၊ (၂-ခုဘဲ ပါပါတယ်)။ ၂-ခုပေါ့ ဒီတာဘဲ မဟုတ်ဘူးလား (မှန်ပါ)။

ဒီတော့ ဒီလိုသတိပြု၊ ဒေါသမူဇော နောင် တဒါရုံကျသည်ဖြစ်အုံ့၊ အဟိတ် တဒါရုံ, အဟိတ်ဘဝင် ၂-ခုအားတပ်သော အတူတူဘဲမို့လို့ ဇပါင်းလိုက်ဟယ် နော် ဆိုလိုလဲလွယ်အောင်၊ ဒေါသမူအဆုံးဇော။

ပြီးတော့မှ ဘယ်သူ့မတုံ့၊ ဟသိတုပ္ပါဒ်မဟုတ်လား (မှန်ပါ)။ ဟသိ-တုပ္ပါဒ်ဧာနောင် တဒါရုံကျသည်ဖြစ်အံ့၊ ဘာတဒါရုံလဲ (သောမနဿတဒါရုံ ၅-ခု)။ ဘဝင်ကျမတော့ကော (ပဋ္ဌဝေါကာရ တိဟိတ်ဘဝင် ၉-ခု)။

မြန်ကြည့်ပါ၊ သောမနဿဟာဒါရုံက ဘယ်လောက်(၅-ခုပါ)။အဲဒီ ၅-ခုထဲမှာ အဟိတ်ဘယ်နှစ်ခုပါသလဲ၊(သောမနဿသန္တီရဏ တခုပါပါတယ်)။

နောက်က ပဋ္ဌဝေါကာရတိဟိတ်ဘဝင်ဆိုတဲ့အထဲမှာ အဟိတ်စိတ်ပါရဲ့လား (မပါပါ)။

ကဲ ဒါဖြင့် မှတ်ထား၊ပါ၊ သောမနဿတဒါရုံမှာ သောမနဿ သန္တီရဏတခု တည်း ရတယ်မဟုတ်လား (မှန်ပါ)။

အောက်နား၊က ဘယ်သူတုံ့၊ မဟာကြီယာ သောမနဿ သဟဂုတ်ဧာ-နောင် တဒါရုံကျသည်ဖြစ်အံ့၊ သောမနဿတဒါရုံဘဲ မဟုတ်လား (မှန်ပါ)။ ဒီမှာလဲ သောမနဿသန္တီရဏတဒါရုံတခုဘဲရမယ် မဟုတ်လား (မှန်ပါ)။ ဘဝင်က သူ့နောက်က ဘယ်သူတုံ့၊ (တိဟိတ်ဘဝင်ပါ)။ တိဟိတ်ဘဝင်ထဲမှာ ကော အဟိတ်ပါပါ့မလား (မပါပါ)။

အဲ ဒါဖြင့် သူတို့ ၂-ခုက ဟသိတုပ္ပါဒ်ရယ်, မဟာကြီယာရယ် သော၊မ-နဿဧာနောင်ဖြစ်လျှင် သောမနဿသန္တီရဏတခုသာ အဟိတ်ရှိတယ် မဟုတ်-လား (မှန်ပါ)။ ဘဝင်မျိုလို့ ရပါ့မလား (မရပါဘူး)။ အဟိတ်ဘဝင်အနေနဲ့ မချနိုင်ဘူးနော် (မှန်ပါ)။

ဒါကြောင့် အကောက်ဆရာတော်ဘုရားကြီးက ဒီလိုပေါင်းစိုက်တယ်။

ဟသိတုပ္ပါဒ်, မဟာကြီယာ သောမနဿဘဟဂုတ်ဧာနောင် တဒါရုံကျ-သည်ဖြစ်အံ့၊ သောမနဿသန္တီရဏတဒါရုံတခုအား၊တပ်သော ဟသိတုပ္ပါဒ်,မဟာ-ကြီယာ သောမနဿဟဂုတ်အဆုံးဧာ။

နောက်ဘခုကျန်သေး၊တယ်၊ ဘယ်သူတုံ့ (မဟာကြီယာ ဥပေက္ခာသဟ-ဂုတ်ဧာ)။ အဲဒါ ဦး၊ပဋ္ဌင်းတို့ ဆိုရိုး၊ရထား၊လို့ ဒီလိုရွေး၊ချယ်လို့ ဖြစ်တာ၊ ဆိုရိုး-မသိလျှင် ဒါတွေ့ ဘယ့်နှယ်မှ ပြောလို့ မဖြစ်ဘူး။

မဟာကြီယာ ဥပေက္ခာဘဟဂုတ်ဧာနောင် တဒါရုံကျသည်ဖြစ်အံ့၊ဥပေက္ခာ-တဒါရုံ ၆-ခု၊ တဒါရုံမကျသည်ဖြစ်အံ့၊ ဆိုရိုး၊က တိဟိတ်ဘဝင်ဘဲ မဟုတ်လား (မှန်ပါ)။ ၆-ခုထဲမှာကော၊ကြည့်ပါလား၊ အဟိတ်ဘယ်နှစ်ခု ပါသတုံ (၂-ခု-ပါပါတယ်)။ ဘဝင်ကျတော့ ရသေး၊ရဲ့လား (မရပါ)။ ဘာဖြစ်လို့တုံ၊ သူက-တိဟိတ်ဖြစ်နေပြီ မဟုတ်လား (မှန်ပါ)။

ဒါဖြင့် ဘယ်လိုဆိုမလဲ၊ မဟာကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင် တဒါရုံ ကျသည်ဖြစ်အုံ့၊ အဟိတ်ဥပေက္ခာတဒါရုံ ၂-ခုအားတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ်အဆုံးဇော။

ပြီးတော့ ဘာကျန်သေးသတုံး၊ တဒါရုံချင်းချင်း, ဘဝင်မဟုတ်လား (မှန်ပါ)။ **အ**ဟိတ်ဒုတိယတဒါရုံ**အား**တပ်သော ပဌမတဒါရုံ၊ အဟိတ်ဘဝင် ၂-ခု **အား**တပ်သော ဒုတိယတဒါရုံ ဆိုတော့ ပြီးရောမဟုတ်လား ကာမဇောဝါရ (မှန်ပါ)။

ဈာန, မဂ္ဂ, ဖလသမာပတ္တိ, နိရောဓ-ဆိုတဲ့ အထဲမှာ အဟိတ်စိတ်တွေ ရှိရဲ့**လား**-လို့ ကြည့်ပါ၊ (မရှိပါ)။ ဘယ်တော့မှ မရှိဘူး၊ **အ**ဟိတ်စိတ် ထားလို့ ဒ္ဝိဟိတ်စိတ်တောင် **မ**ပါပါဘူး၊ ပါပါ့မလား (မပါပါ)။ မပါပါဘူး၊ ဘုန်း**ကြီး သ**တိပေးထားတယ် ဦးပဉ္စင်းတို့ကို၊ ဈာန်, မဂ်, ဖိုလ်ဆိုတဲ့ တရား**မျိ**းဟာ တိဟိတ်ရဲ့နယ်ပယ် (မှန်ပါ)။

ဂဲ ဒါဖြင့် ရှေ့ဆိုရအောင် မရဏာသန္နဝိထိ၊ ဦးပဉ္စင်းတို့ ရေးထားတဲ့**အ**တိုင်း ကြည့်**စ**မ်း၊စုတိဘယ်နှစ်**မျိ**းပေးထားသတုံး ၃-**မျိ**းပေးထား**တ**ယ်၊ **တ**ဒါရုံ**နော**င် **စု**တိ**တ**မျိ**း**၊ **ဇော**နောင် **စု**တိ**တ**မျိ**း**၊ **ဘ**ဝင်**နော**င် **စု**တိ**တ**မျိ**း**၊ **ပေ**ါင်**း** ၃-**မျိ**း။

ကိုယ့်**စ**ာ**ဂ**ေ**း**ကို **ကို**ယ်**သ**တိ**ပ**ြု**ပ**ြီ**း** **နာ**း**လ**ည်**အော**င်**ကြ**ည့်**ပ**ါ၊ ဘုန်**း**ကြီ**း**ကအ**ခါ**ခ**ပ်**သ**ိမ်**း** ချ**မ**ေ**း**ပါ**ဘူ**း**လို့ ပြော**နေ**တာ**တ**ဲ့။

အဲ**ဒ**ီ**မှ**ာ**ကြ**ည့်**လျ**ှင် ၃-**မျိ**း ၁ **စ**လုံ**း**ဟာ ပစ္စယုပ္ပန်**က** **စု**တိ**တ**ွေ့ **မ**ဟုတ်**လား** (**မ**ှန်**ပ**ါ)။ **ဇ**ယား**မ**ှာ ၂ **ကာ**မ**စု**တိ ၁၀၊ **စု**တိ**ကေ**ာ**နဝ**ိ**သ, **တ**ိ**ဟ**ိ**တ်စု**တိ ၁၃၊ **စု**တိ ၁၉၊ **ဒ**ီ**လ**ိုမ**ဟ**ုတ်**လ**ား (**မ**ှန်**ပ**ါ)။ **အ**ဲ**ဒ**ီ**အ**ထဲ**မ**ှာ **အ**ဟိ**တ်စု**တိ ၂-**ခ**ု **ပ**ါ-**မ**ပါ **ကြ**ည့်**ပ**ါ**လ**ား၊ ၃-**ဌ**ာ**နစ**လုံ**း**မှာ **ပ**ါ**နေ**တ**ယ် (**မ**ှန်**ပ**ါ)။

ဒီတော့ **တ**ဒါ**ရ**ုံ**နော**င် **စ**ုတိ**က**ျ**သ**ည်**ဖ**ြစ်**အ**ုံ့၊ **အ**ဟိ**တ်စု**တိ ၂-**ခ**ု**အား**တ**ပ်**သ**ော ဒုတိ**ယ**တ**ဒါ**ရ**ုံ၊ **ပ**ြီ**း**ရော**ပ**ေါ့။

ဇော**နော**င် **စ**ုတိ**ဖ**ြစ်**အ**ုံ့-**ဆ**ိုတော့**ဇ**ော**သ**ုံ**မျ**ိ**း**ဘုန်**း**ကြီ**း**ပေ**း**ထာ**း**ဟ**ယ်**မ**ဟုတ်**လ**ား(**မ**ှန်**ပ**ါ)။ **တ**ခြ**ေ**ား **တ**ခြ**ေ**ား **သ**ရ**ုပ်**ခ**ေ**ါ**နေ**တာ **ခ**ြ**ော**မ**လ**ို့၊ **မ**ဟာ**ကြ**ိ**ယ**ာ **ဇ**ော**နော**င် **စ**ုတိ**ကျ**သ**ည်**ဖ**ြစ်**အ**ုံ့-**ဆ**ိုတော့ **စ**ုတိ**ဟ**ယ်**လ**ော**ဂ**ေ**ထ**ား**သ**တုံ**း**(**တ**ိ**ဟ**ိ**တ်** **စ**ုတိ)။ **တ**ိ**ဟ**ိ**တ်စ**ုတိ**ဆ**ိုလ**ျ**ှင် **အ**ဟိ**တ်ရ**ှိ**ပ**ါ့**မ**လ**ာ**း (**မ**ရှိ**ပ**ါ)။ **ဒ**ါ**ဖ**ြင့် **ဇ**ော**နော**င် **စ**ုတိ**မ**ှာ **မ**ဟာ**ကြ**ိ**ယ**ာ**ဇ**ော **လ**ား**လ**ို့**ရ**ုပ**ါ**့**မ**လ**ာ**း (**မ**ရ**ပ**ါ)။

၁။ **တ**ဒါ**ရ**ုံ**နော**င်**စ**ုတိ၊ **ဇ**ော**နော**င်**စ**ုတိ၊ **ဘ**ဝင်**နော**င်**စ**ုတိ၊ **ပ**ေါင်**း** **သ**ုံ**း**မျ**ိ**း။

၂။ **ပ**ဋ္ဌာန်**း**သ**ိ**ပ္ပံ၊**ပ**-တဲ့၊**နှ**ာ-၃၁၉-**ရ**ှိ **အ**နန္တ**ရ**ဝ**ိ**ထ**ိ** **ပ**ါ**ဋ**္ဌ**တ**ော် **အ**ရ**ကော**ာ်**ဇ**ယား**တ**ွင်**ကြ**ည့်။

သတိပြု အကောက်မှာ ကြည့်ပါ၊ ဒီကျတော့ အကောက်က ဖော်လာတယ် ဇောနောင် စုတိကျသည်ဖြစ်အံ့၊ အဟိတ်စုတိ ၂-ခုအားတပ်သော အကုသိုလ်, မဟာကုသိုလ် ပဥ္စမဇော-တဲ့၊ ၂-မျိုးတင် ရတယ်နော် (မှန်ပါ)။

ဘာပြောသွားသတုံး၊ အကုသိုလ်ဇောနောင် ကာမစုတိက အဟိတ်စုတိ ၂-ခု ရှိတယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။ မဟာကုသိုလ်ဇောနောင် စုတိ ၁၉-က အဟိတ်စုတိ ၂-ခုရှိတယ် ဒါကြောင့် သူတို့ ၂-မျိုးသာ ရတယ်၊ မဟာကြိယာ မရတော့ဘူး။

ကြိုးစား အားထုတ်ကြစမ်းပါ၊ လေ့လာကြစမ်းပါ၊ တတ်လဲတတ်အောင် ပြပေးနေပါတယ်၊ အပင်ပန်းခံ ပြောပေးနေပါတယ်၊ ဒီနေ့ နားမလည်သေးတောင် ဦးပဉ္စင်းတို့ ဒီအသိဉာဏ်ကလေးတော့ ဦးနှောက်ထဲထည့်ထားလျှင် ဦးပဉ္စင်းတို့ အသက်ကြီးလာလို့ တဖြေးတဖြေး ကိုယ် စာလိုက်စားလာတဲ့အချိန် ပေါ်လာပါလိမ့်မယ်၊ ဒါမှမဟုတ်တောင်မှ ဒုတိယဘဝစသည်တို့မှာ ပါရမီ အထောက်အပံ့ဖြစ်ပါတယ်၊ ကြံစည်ကြစမ်းပါ၊ 'အဟော နော ဓမ္မစိန္တနံ' ဆိုခဲ့တဲ့ အတိုင်း။

ပြီးတော့ ဘဝင်နောင် စုတိကျတော့ကော စုတိ ၁၉-ဘဲ မဟုတ်လား (မှန်ပါ)။ အဟိတ်မရှိဘူးလား(ရှိပါတယ်)။ ဘဝင်နောင် စုတိကျသည်ဖြစ်အံ့၊ အဟိတ်စုတိ ၂-ခုအားတပ်သော ဘဝင်ကျေနပ်သ-ပစ္စည်းတရားဖြစ်အံ့-ဆိုတော့ အာသေဝနနှင့်တကွ ၆ ပစ္စည်းမရနိုင်ဘူးလား (မနိုင်ပါတယ်)။ ကာမနောင် ရမှုနော် (မှန်ပါ)။ ယထာရဟသတ္တိယူလျှင် ၆-ပစ္စည်း တခါတည်းယူလိုက်ကြပါ။

သို့ပေမဲ့ အာသေဝနဘယ်နားမှာနေသလဲ ကြည့်လျှင် ကာမဇောဝါရက ဇောထဲတွင်ရှိမယ်မဟုတ်လား (မှန်ပါ)။ သူ့ကိုသီးသန့်ထုတ်ချင်လျှင်လဲ ထုတ်လို့ ရတယ်။

ပစ္စည်းတရားဖြစ်အံ့၊ အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ-ပစ္စယသတ္တိ။

ပြီးတော့မှ အာသေဝနအတွက်ဆိုရိုးထပ်လိုက်ချင်လျှင် ပဌမဇောကြဉ်သော နောက်နောက်သော ဟသိတုပ္ပါဒ်ဇောအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ဟသိတုပ္ပါဒ်ဇော ပစ္စည်းတရားဖြစ်အံ့-လို့ ကာမဇောဝါရကို ပြန်ဆိုရတယ်၊ ဘာရမလဲ၊ အာသေဝနနှင့်တကွ ၆-ပစ္စယသတ္တိ ရတယ်၊ ဒါတွေ့ကျတော့ ယထာရဟမလိုဘူး၊ အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ၊ ဤ ၆-ပစ္စယသတ္တိ ထုတ်။

ဒါက ဘာမျိုးလဲ (အနန္တရမျိုး)။ မခက်ပါဘူး၊ မနေ့က အချိန်မရလို့ တခုချင်း ပိုင်းပိုင်း သင်ပေးနေတာ။

ပကတူမျိုးဖြင့် ရှာနည်း

ပြီးတော့ ပကတူပ-မဟုတ်လား (မှန်ပါ)။ ပကတူ ပစ္စယုပ္ပန်မှာ ဝိပါက်စိတ် ဆတ္တိ သ မရဘူးလား(ရပါတယ်)။ကြိယာဝိသကော မပါဘူးလား(ပါပါ့တယ်)။ ပါလို့ရှိလျှင် အဲဒီအထဲမှာ အဟိတ် ဝိပါက်ကြိယာတွေ ပါနေမှာပေါ့။

အဟိတ် ဝိပါက်ကြိယာ နာမက္ခန္ဓာအားတပ်သော–လို့ သာမညာ ဆိုပါ၊ ဗလဝဖြစ်သော– ဘာတွေမှမလဲ၊ အဟိတ် ဝိပါက်ကြိယာဆိုတာ အဗျာကတ မဟုတ်လား (မှန်ပါ)။ ဘာတွေရမလဲ၊ စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ် အဋ္ဌဝိသ ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ၊ ဒါက ပကတူ (မှန်ပါ)။

ဗလဝကမ္မ မရသင့်ဘူးလား (ရပါတယ်)။ ကြိယာ ထုတ်ပစ်လိုက်၊ ဝိပါက်တင် ယူရမယ် မဟုတ်လား (မှန်ပါ)။

အကောက်နှင့် မတူတတ်ဘူး၊ ဒီနားတွေမှာ ဘုန်းကြီးချပေးနေတာ သတိထား မှတ်ကြပါ။

အဟိတ် ဝိပါက်နာမက္ခန္ဓာအား တပ်သော ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ပစ္စည်းဟရားတို့၏ ဗလဝနာနာက္ခဏိကကမ္မသတ္တိ၊ မရဘူးလား (ရပါတတ်)။

ဒါက ဘယ်ကတုံး ပကတူက ခွဲလာတဲ့မျိုးနော်၊ ပြီးသွားရော။

ပုရေမျိုးဖြင့် ရှာနည်း

ပကတူ ပြီးသွားပေါ့ ဘာတုံး ပုရေမျိုးတဲ့၊ အကောက်ထဲမှာ မရှိပြန်ဘူး၊ မရှိကော့ ယည့်ပါ၊ ဘယ်လိုလုပ်ထည့်မလဲ၊ စက္ခုဝိညာဏ်ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတကာဝင်နှင့် ဥပါဒိပ္ပြင်သော စက္ခုဝတ္ထု။ပ။ ကာယဝတ္ထု ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ကြဉ်စရာ ပါသလား (မပါပါ)။ ဒွေပဋ္ဌဝိညာဏ် ၁၀ ကြဉ်သော ပဌမဘာဝင် အစရှိသော နောက်နောက်သော အဟိတ်ဝိပါက်, ကြိယာ နာမက္ခန္ဓာအား တပ်သော ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒိသော ဟဒယဝတ္ထု ပစ္စည်းတရား ဖြစ်အုံ၊ ဘယ်နှစ်ပစ္စယသတ္တိတုံး (၆-ပစ္စယသတ္တိပါ)။ ၆-ပစ္စယ၊ ဣန္ဒြိယ ရလာတယ်၊ ဒါကြောင့် နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ– ၆-ပစ္စယသတ္တိ၊ ဒါက ဘယ်သူတုံး (ပုရေဇာတမျိုး)။ ရှေးအကောက်ထဲမှာ

မပါဘူးနော်၊ ဦးပဋ္ဌင်းတို့ဆီမှာရှိတဲ့ နောက်ရိုက်တဲ့ အကောက်ထဲမှာတော့ မပြောတတ်ဘူး ပြန်ကြည့်ပေါ့။

ပစ္စာဇာတမျိုး မရ

ပြီးတော့ ဘာမျိုးရှာဖို့ ကျန်သေးသလဲ (ပစ္စာဇာတ)။ ပစ္စာဇာတကို သတိပြုကြည့်စမ်း၊ ဧကဇ, ဒ္ဝိဇ, တိဇ, စတုဇကာယအား တပ်သော ပဋ္ဌေါ-ကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော နာမကွန္ဓာ ၄-ပါးလို့ ဒီလို ဆိုသားကယ် မဟုတ်လား (မှန်ပါ)။ ဒီမှာက အဟိတ်နာမ်တင် ယူထားတယ်၊ အဟိတ်ရူပ်တင် ယူတယ်၊ အကောက်မှာလဲ မတွေ့ဘူး၊ ဘုန်းကြီးလဲ ဒီပစ္စာဇာတကို ထည့်ကောက်ဖို့ သိပ် သဘောမကျဘူး။

ဟိုတုန်းက ဘုန်းကြီးပြောခဲ့တယ်၊ ပစ္စာဇာတနှင့် စပ်တာ ဧကဇ ဆိုတာ ကမ္မဇ၊ ဒ္ဝိဇ ဆိုလျှင် ဥတုဇ၊ တိဇ ဆိုတဲ့အခါမှာ စိတ္တဇ ဝင်လာတယ်လို့ ပြောခဲ့ပါတယ်၊ အဲဒီအတွက် ဒီနေရာမှာ ပစ္စာဇာတကို အကောက် ဆရာတော်ဘုရားကြီးလဲ ထည့်မကောက်ဘူး၊ ဘုန်းကြီးလည်း ကြံဆလို့ မရဘူး၊ ဒါကြောင့် ပစ္စာဇာတကို ချန်ထားခဲ့ပါ။

နာနာကွဏိက ကမ္မမျိုးဖြင့် ရှာနည်း

ကမ္မတဲ့ တမျိုးရှိသေးဘယ် မဟုတ်လား (မှန်ပါ)။ ဘာကမ္မလဲ၊ ဗလဝ ဒုဗ္ဗလ ကမ္မ။

ကာမဝိပါက် တေဝိဿ နာမကွန္ဓာအား တပ်သော ကာမကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဘာတဲ့တုံး (ဒုဗ္ဗလ ကမ္မ)။ အဲဒါကို ကောက်ရမယ်။

ဒီတော့ ဘယ်နှယ်ဘုံ၊ အဟိတ်ဝိပါက် နာမကွန္ဓာအား တပ်သော၊ အဟိတ်ဝိပါက်ဆိုတာက ကာမဘဝမဟုတ်လား (မှန်ပါ)။ ကာမကုသိုလ်, အကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလ နာနာကွဏိကကမ္မ ပစ္စည်းတရားတို့၏ ကမ္မသတ္တိ၊ သူက ဒီတပစ္စည်း ရှိမှာဘဝမဟုတ်လား (မှန်ပါ)။

ဒီတင်ဆုံးတယ်၊ အာဟာရနှင့် ဣန္ဒြိယလဲ မရဘူး၊ ရူပ်ကွေ့ဘဲ မဟုတ်လား (မှန်ပါ)။ မရဟော့ဘူး။

ပစ္စာဇာတနှင့် ပြောစရာ နည်းနည်းမျှားနေလို့ ဒါပြန်ရှုပ်မစိုးလို့ မပြောဘဲ ချန်ထားတာ။

အဲဒါကဘာတုံး၊ **အ**ဗျာကတေ**နာ** အဗျာကတံ ပဝတ္တိ ဟိတ်ပါ၌ မဟုတ်လား (မှန်ပါ)။ ဦးသုဇာတ ကောက်စမ်းပါ။

ဦးသုဇာတ။ ။**အ**ထက်ပါ**အ**တိုင်း ကောက်သည်။

သိသင့်ရာများ

ဆရာတော်။ ။ပြန်ပြီးလေ့လာကြပါ အကောက်ထဲမှာ **နှ**ည်းနည်း ရှုပ်မည့် နေရာကို ဘုန်းကြီးပြောပြမယ်။

အနုဋ္ဌရမှာ ဇောနောင် တဒါရုံဘော့ကို ရေးတဲ့**အ**ခါမှာ ဟသိတ္ထပ္ပါဒ်၊ မဟာကြိယာက စပြီးရေးထားတဲ့**အ**တွက် **ဆ**ိုရိုး**အ**တိုင်း မကျခြင်းကြောင့် ဦးပဋ္ဌင်းတို့ မျက်စိလည်ပါလိမ့်မယ်၊ **အ**ခုချပေးတာက ဦးပဋ္ဌင်းတို့ သိပြီးသား **ဆ**ိုရိုး**အ**တိုင်း။

ပြီးတော့ ပကတူ**အ**ောက်က ဗလဝကမ္မကို ဟောတဲ့ **အ**ခါမှာ ရေးတဲ့ **အ**ခါမှာ ကုသိုလ်နှင့် **အ**ကုသိုလ် ခဲ့ရေးပါလိမ့်မယ်၊ ဒီက ပေါင်းပြီးတော့ သုဒ္ဓ-သင်္ချာ**အ**တိုင်း **ဆ**ိုပေးတယ်မဟုတ်လား (မှန်ပါ)။ ဟိုက ရေးမှာက ဘယ်လို ရေးမလဲ။

> **အ**ကုသလဝိပါက် ၇-ခု နာမဂ္ဂန္ဓာ**အ**ား တပ်ခဲသော ဗလဝဖြစ်သော **အ**ကုသိုလ် ဒ္ဒါဒသ ဧတနာ၊ **အ**ဟိတ်ကုသလဝိပါက် ၈-ခု နာမဂ္ဂန္ဓာ **အ**ားတပ်သော ဗလဝဖြစ်သော မဟာကုသိုလ်ဧတနာ –

လို့ခဲ့မယ်၊ **အ**ဲဒီနောက်နားက ဆက်ပြီးတော့ ဒုဗ္ဗလဖြစ်သော ကုသိုလ်, **အ**ကုသိုလ် ဧတနာလို့ ရောပြီးတော့ ဒုဗ္ဗ ဝကိုလဲ ပေါင်းထည့်ထားတယ်၊ ဘာဖြစ်လို့ ပေါင်းသလဲမေးလျှင် ဒီ့က ဒီ**အ**ထဲမှာ ပုရေ ခြား**နေ**တယ် မဟုတ်လား၊ သူက ပုရေထည့်မရေးတော့ **အ**ဲဒီ**ဆ**ဝါရနေရာတွင် **ကပ်**ပေါင်းထားလို့ မျက်စိ ရှုပ်တတ်သည်၊ **အ**ဲဒီလို ခဲ့ပြီး မျိုးပစ္စည်း **အ**စဉ်**အ**တိုင်း ပကတူ,ဗလဝ နာနာဂ္ဂဏိက ကမ္မ၊ ပြီးတော့မှ ပုရေ၊ ပုရေပြီးတော့မှ ဒုဗ္ဗလ ဟုတ်လား (မှန်ပါ)။

ဘာ**ဆ**ုံးသွားတယ် ခုတင်ကပြောတာ၊ **အ**ဟိတ် ဝိပါက် **နာ**မဂ္ဂန္ဓာ**အ**ား တပ်သော ကာမကုသိုလ်, **အ**ကုသိုလ် ဧတ**နာ**ဟု **ဆ**ိုဏပ်သော ဒုဗ္ဗလ **နာ**နာဂ္ဂဏိက ကမ္မသတ္တိ ရ**ဏ်**-လို့ ဒီမှာ**ဆ**ုံးရပါတယ်။

ဒါကဘာတုံး၊ **အ**ဗျာကတံ **ဓ**မ္မံ ပဋ္ဌိစ္စ **အ**ဗျာကတော **ဓ**မ္မော ဥပ္ပဇ္ဇတိ **နှ** ဟေတုပစ္စယာ၊ **အ**ဟေတုကံ ဝိပါကာဗျာကတံ ဘ**ရ**ိယာဗျာကတံ ဇော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ-**အ**ရ မဟုတ်လား။(မှန်ပါ)။

ပဋ္ဌိသန္ဓေအခါ အရကောက်

ပြီးတော့ ဆက်ကောက်ပါ၊ 'အဟေတုက ပဋ္ဌိသန္ဓိကွဏော' ဆိုတာ ခါတိုင်းလိုဘဲ ကောက်ပါ၊ ရတဲ့တရားကလေးသာ ပြောင်းပါ။

ဒီတော့ ဘာကောက်မလဲ ဦးပဏ္ဍင်းတို့က 'အဟေတုက ပဋ္ဌိသန္ဓိကွဏော' ဆိုတော့ ပဋ္ဌိသန္ဓေစိတ် ဧကူနဝီသ ကောက်လို့ ရမလား(မရပါ)။ ဘာကောက်မလဲ (အဟိတ်ပဋ္ဌိသန္ဓေ ၂-ခု)။ စေတသိက်ဘယ်လောက်ယှဉ်သတုံး (၁၀-ယှဉ်ပါတယ်)။ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀-လို့ဆိုပြီး ကောက်သွားပါ၊ ဒါက ပဋ္ဌိသန္ဓေအကောက်။

ရူပ်သက်သက်

ရူပ်သက်သက်ဖြစ်လျှင်ကော ပဋ္ဌေါဒါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ကြဉ်ရဦးမှာလား (မကြဉ်ရပါ)။ ဒွေပဋ္ဌဝိညာဏ် ၁၀-ကြဉ်ရမယ် မဟုတ်လား (မှန်ပါ)။ ရဟန္တာစုတိ လိုသလား (မလိုပါ)။ အဲဒါကလေးသတိပြုပြီးတော့ ဒွေပဋ္ဌဝိညာဏ် ၁၀-ကြဉ်သော အဟိတ်ဝိပါက်, ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြု အပ်သော အဟိတ်စိတ္တဇမဟာဘုတ်, အဟိတ်ပဋ္ဌေါဒါကာရပဋ္ဌိသန္ဓေ ၂-ခုနှင့် ယထာရဟ အတူဥပါဒ်သော အဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ်-လို့ ပြင်ဆိုပါ၊ ဦးသူရိယ ကောက်စမ်းပါ။

ဦးသူရိယ။ ။ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား- အဟိတ်ပဋ္ဌိသန္ဓေ ၂-ခု, ဆန္ဒ, ပီတိ ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀,အစိတ်အစိတ်,အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကိုစဲ့၍ ဖြစ်သော အဟိတ်ပဋ္ဌိသန္ဓေ ၂-ခု၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀၊ အစိတ် အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ, ကာဠတ္တာရူပ် ပစ္စယုပ္ပန်တရား ရ၏။

နဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အဓိပ္ပာယ်- ဟေတုပစ္စည်းမှ တပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။

ရူပ်သက်သက်ဖြစ်အုံ့၊ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား—ပဋ္ဌေါဒါကာရဘုံ၌ဖြစ်သောအခါ ဒွေပဋ္ဌဝိညာဏ် ၁၀-ကြဉ်သော အဟိတ်ဝိပါက်,ကြိယာနာမက္ခန္ဓာတို့ ပည်ယထာရဟပြု အပ်သော အဟိတ်စိတ္တဇ မဟာဘုတ်, အဟိတ်ပဋ္ဌေါဒါကာရပဋ္ဌိသန္ဓေ ၂-ခုနှင့် ယထာရဟအတူဥပါဒ်သော အဟိတ်ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်, ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကိုစဲ့၍ ဖြစ်သော မဟာဘုတ်နှင့်တကွ အဟိတ်စိတ္တဇဥပါဒါ, အဟိတ်ပဋ္ဌိသန္ဓေကမ္မဇ

ဥပါဒါ, ဗာဟိရဥပါဒါ, အာဟာရဇဥပါဒါ, ဥတုဇဥပါဒါ, အသညသတ်ကမ္မဇ-ဥပါဒါ, ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

နဟေတုပစ္စယာ ဟူသော ဟိတ်ပါဠ်၏အရကား-ဟေတုပစ္စည်းမှ တပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။

ဆရာတော်။ ။အဲဒီလိုချည်းထုတ်တော့မှာ နောက်ကိုတော့။ အခုဟိုက အကုသလေန အကုသလံ-ရယ်, ဗျာ-ဗျာ ပဇ္ဇတ္တိရယ် ထုတ်နည်းပေးပြီးပြီ မဟုတ်လား (မှန်ပါ)။နောက်တော့ ဟေတုပစ္စည်းမှတပါးသောဆိုသလို ကျန်တဲ့ပစ္စည်းတွေကို သူ့ဘို့ဆိုင်ရာပစ္စည်းမှတပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ဆိုမှာဘဲ၊ အဲဒါကို သတိပြုခဲ့ကြပါ။ ရှေ့သွားရအောင်။

နာရမ္မဏပစ္စည်း အရကောက်

နာရမ္မဏပါဠိဟော် ဆိုပြီးပြီ မဟုတ်လား (မှန်ပါ)။ပဋ္ဌ-မဟုတ်လား(မှန်ပါ)။ သတိပြုကြစမ်းပါ၊ ကု-ဗျာ, အကု-ဗျာ, ဗျာ-ဗျာ, ကုဗျာ-ဗျာ, အကုဗျာ-ဗျာ မဟုတ်လား(မှန်ပါ)။ အစ ၂-ချက် ကုဗျာ,အကုဗျာနှင့် အကုံး ၂-ချက်ဖြစ်သော ကုဗျာ-ဗျာ, အကုဗျာ-ဗျာ၊ ပေါင်း ၄-ခုတို့ကို အနုလုံ သဟဇာတအဘိုင်း ကောက်ပါ၊ ပါဠိတော်လဲ အတူတူဘဲမဟုတ်လား(မှန်ပါ)။

အလယ်ခေါင်က ဗျာ-ဗျာမှာ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်လို့ ၃-မျိုးရှိကယ်၊ ရုပ်သက်သက်က အနုလုံ သဟဇာတအဘိုင်း ကောက်ရတယ်၊ ပဝတ္တိ, ပဋိသန္ဓေကတော့ ပစ္စယုပ္ပန်ရုပ်ဝင် ကောက်လို့ ဝိပ္ပယုတ္တသုဒ္ဓသင်္ခါရအတိုင်း ဆိုရတယ်၊ ဘုန်းကြီးကောက်ပြမယ် ဒီတခု။

အဗျာကတေန **အ**ဗျာကတံ-၌ ပဝတ္တိဒုခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ဝိပါက်ဗာဝိသ, ကြိယာဝိသ, စေ့တသိက်အဌတိ ံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အဲဒီမှာ အစိတ်အပေါင်းဖြစ်သွားပြီးနော် (မှန်ပါ)။ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိပါက်ကြိယာသည် ပြုအပ်သော စိတ္တဇရုပ်–ဒါဘဲမဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်တရား ရ၏၊ကောက်ရုံဘဲ။ ဟိတ်ပါဠ်ဟာ ဘာတုံး၊ အာရမ္မဏမှ တပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။

ပဋိသန္ဓေအခါ-ဆိုးကဲ့ ကျွန်ုပ်သ စဉ်းစားတို့မယိုဘူး၊ ရုပ်ကိုဖြစ်စေမ ပဋိသန္ဓေမဟုတ်လား (မှန်ပါ)။ အရူပပဋိသန္ဓေ ရပါ့မလား (မရပါ)။ ကိန်းဝေ မှတ်စေချင်လို့ ပြောနေတာ။

ပဋ္ဌေဝါကာရ ပဋ္ဌိသန္ဓေပန္နရသ, စေတသိက်ပဋ္ဌတိ သ အစိတ်အပေါင်း နာမကွန္ဓာကိုစွဲ၍ဖြစ်သော ကဋ္ဌတ္တာရုပ်၊ ဒါက အပေါ်တန်းကလေ[1]။

ပြီးတော့ ကျန်သေးတယ်မဟုတ်လား၊ ဘာကျန်သတုံး အောက်ကျ[2]ကြည့်စမ်း၊ ဘာကျန်သတုံး 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု'-လို့ မကျန်ဘူးလား (မှန်ပါ)။ အစိတ်အပေါင်း နာမကွန္ဓာဆိုတဲ့ အထဲမှာ 'ခန္ဓေ'-မပါဘူးလား(ပါပါတယ်)။ ကဋ္ဌတ္တာရုပ်ဆိုတဲ့ အထဲမှာ 'ဟဒယဝတ္ထု'-မပါဘူးလား (ပါပါတယ်)။ ပါသွားတယ်လို့ နားလည်ပါ။

ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မာ-ဟူသော ကတ္တားပုဒ်၏ အရကား- ပဋ္ဌေဝါကာရ ပဋ္ဌိသန္ဓေပန္နရသ, စေတသိက်ပဋ္ဌတိ သ အစိတ်အပေါင်း နာမကွန္ဓာကိုစွဲ၍ ဖြစ်သော ကဋ္ဌတ္တာရုပ်ဆိုတော့ အောက်တန်း[2]ပါ ပါပေစေနော်(မှန်ပါ)။

ရုပ်သက်သက်ကို ခါတိုင်းလို ဆိုရတယ်၊ ပြည့်ပြည့်စုံစုံရှိတ်၊ ရုပ်တွေအကုန်လုံး ဘဲမဟုတ်လား(မှန်ပါ)။ဦးပညာနန္ဒ ဟောစမ်းပါ အစကနေ အဆုံးတိုင်အောင်။

ဦးပညာနန္ဒ။ ။အဗျာကတေန အဗျာကတံ-ဌ်။ပ။ ရ၏။

ဆရာတော်။ ။ကုန်သွားရော၊ အဲဒါပြီးသွားတော့ သူနှင့် အတူတူတဲ့နေတဲ့ ပစ္စည်းပေါင်း ဘယ်လောက်တုံး (၇-ပစ္စည်း)။ မကောက်တော့ဘူး ဒီအတိုင်းဘဲမို့လို့၊ အဲဒါကြောင့် ဒီတပစ္စည်းကို အားလုံးဘဲ ရပြီးသားဖြစ်ပေမဲ့ ပြန်ဟောကြစမ်းပါ။

အနန္တရ,သမနန္တရ,ဥပနိဿယ,နတ္ထိ,ဝိဂတ-တဲ့ မကောက်တော့ဘူး၊ အားလုံး ၇-ပစ္စည်း ဒီအတိုင်းဘဲ၊ ဆိုင်ရာပစ္စည်းမှ တပါးသောပစ္စည်းတရားတို့၏ ယထာရဟသတ္တိဘဲ၊ ပစ္စယုပ္ပန်က ဒါဘဲ ကောက်မှာဘဲ။

နာဓိပတိ ပါဠိတော်ထုတ်နည်း

ပြီးတော့ နာဓိပတိ၊ ပါဠိတော် မဆိုရသေးဘူး ဦးကောလိယ ဆိုစမ်းပါ သုဒ္ဓသခ်္ပါ။

ဦးကောလိယ။ ။နာဓိပတိပစ္စည်း၏ သုဒ္ဓသခ်္ပါဝါရ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်, အဓိပတိပစ္စည်းကို မရသောအခါ

---

[1] ပဌာန်းသိပ္ပံ၊ ပ-တွဲ၊ နှာ-၄၃၂-ရှိ သဟကြီး, လတ် ပါဠိတော်အရကောက် ဇယားခ်ီ ၇-ဗျာ-ဗျာရှိ ပဋ္ဌိသန္ဓေအကွက် ၂-ကွက်တွင် အပေါ်တန်းအကွက်ကြည့်။

[2] ၎င်း အောက်တန်းအကွက်ကြည့်။

အကုသိုလ်ဒုါဒသ, အဟိတ်ကြိယာ, **မဟာ**ကုသိုလ်, **မဟာ**ကြိယာ, **လောကီ**ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ **နိ**ရာ**ဓိ**ပတိ**စိ**တ္တ**ဇ**ရူပ်, ပဋ္ဌိသန္ဓေ**ကမ္မ**ဇရူပ်, ဗာဟိရရူပ်, အာဟာရ**ဇ**ရူပ်, ဥတု**ဇ**ရူပ်, **အ**သညသတ်**ကမ္မ**ဇရူပ်, ပဝတ္တိ**ကမ္မ**ဇရူပ်၊ ဤဟရားတို့သည် နာ**ဓိ**ပတိ**ပ**စ္စည်း၏ ပစ္စ-ယုပ္ပန္နဓမ္မဖြစ်သော ဟရားတို့မည်ကုန်၏၊ သင်္ချာ နဝ, သတ္တရသ, တိဏိ ဟူသည်တည်း။

ဆရာတော်။ ။နဝ, သတ္တရသက အဘူတူကဲ့ နုလုံ အတိုင်းပဲ၊ ဘာတရား တွေ့ရသလဲ၊ နာ**ဓိ**ပတိ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ **အ**ဓိ**ပ**တိ ပစ္စည်း**ကို**ရ**သော**အခါ အ**ဓိ**ပ**တိ ဟရား**ကို**ယ်—တဲ့

အဓိ**ပ**တိ**တ**ရား**ကို**ယ် ဆိုတဲ့**နေ**ရာမှာ တခါ**ရှ**ပ်ပြီး**တော**့ **အ**ဲ**ဒီ**တရား**ဟာ **ဘ**ယ်**လော**က်**ရှိ**သလဲလို့ ကိုယ်**က**ရှာ**ရ**တယ်၊ '**အ**ဓိ**ပ**တိ**ပ**စ္စည်း**ကို ရ**တဲ့**အ**ခါ **အ**ဓိ**ပ**တိ**တ**ရား**ကို**ယ်, ဆိုတာ ဆန္ဒ, စိတ္တ, ဝီရိ**ယ**, ဝီမံ**သ** **ခေါ**်တဲ့**တ**ရား**ကို**ယ် ၄-ပါး တွေ့မလာဘူးလား (တွေ့ပါတယ်)။ နား**လည်**အောင်နား**ထော**င်**ကြ**ပါ။

အဲ**ဒီ**တရား**ကို**ယ်**ဟာ**လဲ ၃-မျိုး**ရှိ**လာ**တ**ယ်၊ **ကု**သိုလ်**ကြော**င့်**ဖြ**စ်**တ**ဲ့**တ**ရား**ကို**ယ် **ရှိ**နေ**သ**လို့ **အ**ကုသိုလ်**ကြော**င့်**ဖြ**စ်**တ**ဲ့ **အ**ဓိ**ပ**တိ**ဘ**ရား**ကို**ယ် **မ**ဖြစ်**နိ**ုင်ဘူး**လ**ား (**ဖြ**စ်**နိ**ုင်ပါ**တ**ယ်)။**အ**ဗျာ**ကတ**ကြော**င့်**ဖြ**စ်**တ**ဲ့ **အ**ဓိ**ပ**တိ**ဘ**ရား**ကို**ယ်-**လို့** **တ**ရား**ကို**ယ် ၃-မျိုး ၃ စား **ထ**ွက်**လာ**လိမ့်**မ**ယ်။

ပါဠိတော်**က** **မ**ထူးဘူး၊ **အ**ရ**ကော**က်**ကျ**တော့ ထူး**လာ**မှာ**မို**့ **လို** **ကြော**်.... **တ**ရား**ကို**ယ်**တွေ**ဟာ **ကု**သိုလ်**ရှိ**သ**လို** **အ**ကုသိုလ်, **အ**ဗျာ**ကတ**လဲ **ရှိ**နေ**တ**ယ်**လို** **သ**ိ**ရ**တယ်။

ပြီး**တော**့**မ**ှ **ဘ**ာ**တ**ုံ**း** **အ**ဓိ**ပ**တိ**ပ**စ္စည်း**ကို** **မ**ရ**သော**အခါ **ဘ**ာ**တွေ**လဲ **မ**ှတ်ခဲ့ **ကြ**စ**မ်**းပါ၊ **အ**ကုသိုလ်(**ဒ**ွါ**ဒ**သ)။ **ပြီ**း**တော**့**က**ော(**အ**ဟိတ်**ကြ**ိယာ**ပ**ါ)။ **တ**ခု**ချ**င်း **မ**ှတ်**ကြ**ပါ၊ **ပြီ**း**တော**့**က**ော **မ**ဟာ**ကု**သိုလ်, **မ**ဟာ**ကြ**ိယာ, **လော**ကီ**ဝ**ိပါက် ပဝတ္တိ ပဋ္ဌိသ**န**္ဓ **နာ**မ**ကျ**န္ဓာ ၄-ပါ၊ **ပြီ**း**တော**့ **နိ**ရာ**ဓ**ိပတိ **စ**ိတ္တ**ဇ**ရူပ် ပဋ္ဌိသ**န**္ဓ **ကမ**္ဘ**ဇ**ရူပ်, ဗာ**ဟ**ိ**ရ**ရူပ်, ။ပ။ ပဝတ္တိ**ကမ**္ဘ**ဇ**ရူပ်၊ **အ**ဲ**ဒီ**တရား**တွေ**ဟာ **အ**ဓိ**ပ**တိ **မ**တပ်**ခ**ိုက် **ရ**တဲ့**တ**ရား**တွေ**ဘဲ။

ဒီအ**ထ**ဲ**မ**ှာ **ကု**သ**လ**ာ **ဓ**မ္မာ-**ဟော**ဘို့**က** **မ**ဟာ**ကု**သိုလ်**စ**ိတ် ၈-ခု၊ **အ**ကုသ**လ**ာ **ဓ**မ္မာ-**ဟော**ဘို့**က** **အ**ဓိ**ပ**တိ**မ**တပ်**ခ**ိုက် **အ**ကုသိုလ်**ဒ**ွါ**ဒ**သ၊**အ**ဗျာ**ကတ**ာ-**ဟော**ဘို့**က** **အ**ဟိတ်**ကြ**ိယာ ၃-ခု၊ **မ**ဟာ**ကြ**ိယာ ၈-ခု၊ **လော**ကီ**ဝ**ိပါက် ပဝတ္တိ**ပ**ဋ္ဌိ**သ**န္ဓ **နာ**မ**ကျ**န္ဓာ**လ**ေးပါ**နဲ**့ **နိ**ရာ**ဓ**ိပတိ **စ**ိတ္တ**ဇ**ရူပ် **စ**တဲ့**ရ**ူပ်**တွ**ေ **အ**ကုန်**လုံ**ေ**ပ**ါ့။

အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ၃-မျိုးခဲ့လိုက်တော့ ကုသလာ ဓမ္မာ-ကောက်တော့လဲ ကုသိုလ်အဓိပတိတရားကိုယ်ကောက်ရလိမ့်မယ်။

ဘာပြောသလဲ၊ ကုသလာ ဓမ္မာ-ကောက်လျှင် ကုသိုလ်နှင့်ဆိုင်တဲ့ အဓိပတိတရားကိုယ်တွေ ကောက်ရမယ်။

ထိုနည်းတူစွာ အကုသလာ ဓမ္မာ-ဟောတော့ကော အကုသိုလ်နှင့်စပ်တဲ့ အဓိပတိတရားကိုယ် ၃-ပါး မရပေတုံးလား (ရှိပါတယ်)။

အဗျာကတာ ဓမ္မာ-ဟောတဲ့ အခါကျတော့လဲဘဲ အဗျာကတာမှာ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်လို့ ၃-မျိုးရှိနာမှာ ပဝတ္တိအဗျာကတာမှာ အဓိပတိတရားကိုယ် ရှိရတယ်၊ ပဋိသန္ဓေမှာ ကရားကိုယ် ရှိပါ့မလား (မရှိပါ)။

အဲဒါကြောင့် သုဒ္ဓသင်္ချာမှာပါတဲ့ 'အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်-ဆိုတဲ့ဥစ္စာ ကုသလာ ဓမ္မာ ကောက်ဘို့ ကုသိုလ်တရားကိုယ် ရှိနေသလို အကုသိုလ် ကောက်တော့လဲ အကုသိုလ် အဓိပတိတရားကိုယ် ရလိမ့်မယ်, အဗျာကတာ ဓမ္မာ-ဟောဟော့လဲ ရခဏမှာတဲ့လို့ တရားကိုယ် ၃-မျိုး ထွက်လာတယ်။

ဒါတင်ဘဲလားလို့ မေးလျှင် 'အဓိပတိပစ္စည်းကို ရသောအခါ, – ဆိုတော့ ခုတင်က သုဒ္ဓသင်္ချာတွေ့ ဆိုလားကယ်၊ အဲဒီအထဲမှာ ကုသလာ ဓမ္မာ-ဟောဘို့ ကုသိုလ်စိတ်ပေါင်း ဘယ်လောက် ပါနေသလဲလို့ကြည့်၊ ဘာတဲ့တုံး (မဟာကုသိုလ်စိတ် ၈-ခု)။ မဟာကုသိုလ်စိတ် ၈-ခုဟာ အကုန်လုံး ရသလားလို့မေးလျှင် သူ့ဝိသေသနပုဒ်ကလေးက ဂုဏ်ထူးကလေးက ဘာတဲ့တုံး၊ အဓိပတိ-မတပ်တဲ့ မဟာကုသိုလ်တဲ့၊ အဲဒါကို သတိထားပါနော် (မှန်ပါ)။ အဓိပတိတပ်တဲ့ မဟာကုသိုလ် အနုလုံးကဟောသွားတယ် မဟုတ်လား (မှန်ပါ)။ အဓိပတိ-မတပ်တဲ့ မဟာကုသိုလ် ဒီရောက်နေတယ်လို့ နှာ-လည်နိုင်ပါတယ်။

ဒီတော့ ပြည့်ပြည့်စုံစုံ ကုသလာ ဓမ္မာ-ဟောဘို့ရာ တရားဟာ ဘာလဲလို့ မေးလျှင် ကုသိုလ်အဓိပတိတရားကိုယ် ၄-ပါးနှင့် အဓိပတိ-မတပ်ခိုက် မဟာကုသိုလ်စိတ် ၈-ခု၊ သူတို့ကို ကောက်လိမ့်မယ် (မှန်ပါ)။

ကု-ဗျာ ကောက်တော့လဲ သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ် ကောက်လိမ့်မယ်၊ နိဗ္ဗာန်ဓိပတိ စိတ္တဇရူပ် မဟုတ်လား (မှန်ပါ)။ အဓိပတိ-မတပ်တဲ့ မဟာကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ် ကောက်လိမ့်မယ်။

ထိုနည်းတူစွာ အကုသလာ ဓမ္မာ-ဟောတော့လဲ အဓိပတိ-မတပ်ခိုက် အကုသိုလ်စိတ် ၁၂-ခုစလုံး ရတယ်၊ အဓိပတိတပ်တဲ့ အကုသိုလ်က ဘယ်နှစ်ခုရတယ် (၁၀-ခု ရပါတယ်)။ လောဘမူနှင့် ဒေါသမူရတယ်၊ မောဟမူကတော့ လုံး၀ အဓိ-

ပတိမတပ်တဲ့တရား၊ လောဘမူနှင့် ဒေါသမူက အဓိပတိတပ်တဲ့အခါ တပ်တယ်၊ အဓိပတိ-မတပ်တဲ့အခါ ပစ္စနိက်ရောက်လာတယ်၊ အဓိပတိ တပ်လျှင် အနုလုံမှာ နေတယ်၊ ဒါကြောင့် ရှေးဆရာတော် ဘုရားကြီးတွေက အဓိပတိတပ်ခိုက်, တပ်နေ-ဆိုတာ အမြဲတမ်း မဟုတ်တဲ့ ဘဆုံးတွေမှာ သုံးတယ်၊ အဓိပတိ တပ်နေတုန်းကို ဘာခေါ်ရတယ်၊ အဓိပတိ-မတပ်တဲ့အခါ ဘယ်လိုတရားမျိုး ခေါ်ရတယ်၊ အခုပြောနေတဲ့ တပ်ခိုက် တပ်နေတာတွေဟာ အနုလုံမှာ၊ မတပ်ခိုက်ဟာ ပစ္စနိက်မှာ(မှန်ပါ)။ အဲဒီ ဒုဒိသကို အကုသလာ ဓမ္မာ-ဟောလိမ့်မယ်။

အဗျာကတာ ဓမ္မာ-ကျတော့ ဘာတွေရယားသလဲ မေးလျှင် ဝိပါက်စိတ်-ဆတ္တိံ သုမ္မ ဖိုလ် ၄-ခုသည် ကေန္ဓာ အဓိပတိ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်)။

ဒီတော့ ဘာဝိပါက်တွေ ကျန်နေသလဲ၊ သုဒ္ဓသင်္ချာက ဇလောကိဝိပါက်၊ ကြိယာအနေနှင့်ကြည့်တော့ ဘာတွေသတုံး အဟိတ်ကြိယာ ၃-ခု, မဟာကြိယာ စိတ် ၈-ခု ပါတယ်မဟုတ်လား (မှန်ပါ)။ ပေါင်းတော့ ကာမကြိယာ ၁၁။

ထိုကာမကြိယာ ၁၁-တို့တွင် အဟိတ်ကြိယာ ၃-ခုက အဓိပတိတပ်ရဲ့လား (မတပ်ပါ)။ မဟာကြိယာက တပ်တဲ့အခါ တပ်တယ်, မတပ်တဲ့အခါ မတပ်ဘူး၊ အဟိတ်ကြိယာ ၃-ခုသည် ကေန္ဓနိရုဓိပတိတရား၊ မဟာကြိယာကတော့ အနေကန် (မှန်ပါ)။ ကေန္ဓအဓိပတိ, အနေကန္တအဓိပတိ ခွဲတုန်းက အနေကန္တ အဓိ-ပတိထဲမှာ မဟာကြိယာပါတယ်၊ အဟိတ်ကြိယာကတော့ ကေန္ဓ နိရုဓိပတိ တရား၊ အဓိပတိမှာ လုံးဝမရှိဘူး မဟုတ်လား (မှန်ပါ)။

ပြီးတော့ လောကိဝိပါက်တွေ ဆိုတာကော အဓိပတိထဲ ပါရဲ့လား(မပါပါ)။

သူတို့တတွေ ကောက်မယ်၊ ဒီတော့ အကောက်ဆရာတော် ဘုရားကြီးက တော့ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာ အစဉ်အတိုင်းဘဲ၊ အဗျာကတေန အဗျာကတံ-ဌ် ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဆိုလို့ရှိလျှင် ခုဟင်ကပြောတဲ့ အဗျာကတာ အဓိပတိတရားကိုယ်တွေ ကောက်လိမ့်မယ်၊ ပြီးတော့ ဘာတွေကောက်မလဲ၊ အဟိတ်ကြိယာ ၃-ခု, မဟာကြိယာ ၈-ခု, လောကိဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါးခေါ်တဲ့ ကရားတွေ ကောက်လိမ့်မယ်၊ ရူပ်တွေ ၇-မျိုးစလုံး ရနေတယ်။

အဲဒါက အရကောက်ကို လှန်းကြည့်ထားဘို့ ပြောနေတာ ဒီနေ့ မကောက်ဘူး၊ ပါဠိတော်ကို ရွတ်တော့။

နဝ, သတ္တရသ-လို့ ဆိုထားဟယ်၊ ရူပ်တွေလဲ အကုန်ရတယ် မဟုတ်လား (မှန်ပါ)။ **အထူးသတိပြုကြစမ်းပါ၊ ပစ္စနိက်အဓိပတိ၊ တနည်း–နာဓိပတိပါဠိ**

တော်သည် အနုလုံ သဟဇာတပစ္စည်းနှင့် လုံးဝတူပါသည်၊ ဒါမကြောင့် ပါဠိတော်ကို မဟောကြစို့နဲ့တော့။

သိမှတ်ဖွယ်များ

နာဓိပတိ ပြီးသွားရော၊ နုက်ဖြန်မှ ကောက်မယ်၊ နာနန္တရ, နသမနန္တရ ပြီးတော့ နသဟဇာတ-လို့ မရှိဘူး၊ ဘာဖြစ်လို့ မရှိသလဲ မေးလျှင် အနုလုံက နိဗ္ဗာန်မှတပါး ပရမတ္ထတရား ၃ ပါး အကုန် ဟောသွားတယ် မဟုတ်လား၊ ဒီတော့ သဟကြီး ၄-ပစ္စည်းမှတပါး ၂၀-သော ပစ္စည်းကိုသာ ဆဝါရပစ္စနိုက်မှာ ဟောသည်-လို့ နားလည်ထားကြပါ၊ ဆဝါရတောင် မဟုတ်ဘူး စတုဝါရတင် ပြောမှ။

သတိ

ဆဝါရ-အနုလုံ, ပစ္စနိုက် ၂-ဌာနလုံးမှာ စိတ်, စေတသိက်, ရူပ် ပရမတ္ထတရား ၃-ပါးကိုသာ ဟောတော်မူသည်။ နိဗ္ဗာန်ကို ဟောတော်မမူပါ။

ဒီတော့ ဟိုတုန်းက ဦးပဉ္စင်းတို့ မှတ်ခဲ့ကဟာက သာဝတ္ထိ၊ 'ဆဝါရ အနုလုံ၌ ပစ္ဆာဇာတ ပစ္စည်းမှတပါးသော ၂၃ ပစ္စည်းကို ဟောသည်'။

ပစ္စနိုက်အနေနှင့် မှတ်လျှင် ဒီလိုမှတ်စို့၊ ရှေ့ ၄-ဝါရ စတုဝါရ ခေါ်တယ်၊ ပြည့်စုံအောင်မှတ်ချင်လျှင်—

စတုဝါရ ဟု ခေါ်သော ရှေ့ ၄-ဝါရ ပစ္စနိုက်၌ သဟကြီး ၄-ပစ္စည်းမှတပါး ၂၀-စသောပစ္စည်းတို့ကိုသာ ဟောတော်မူသည်။

လျှော့သွားပြီ၊ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ-ရယ်လို့ ပစ္စနိုက်မှာ မရှိဘူး။

ဒွေဝါရနှင့်ဆိုင်သော စကားကို နောက်ကျမှ ပြောပေးမယ်။

နအညမညပစ္စည်း

ဒီတော့ ဘာကျန်သလဲ၊ နအညမည-လို့ မကျန်ဘူးလား၊ (ကျန်ပါတယ်)။ ဦးကောလိယ သုဒ္ဓသင်္ခ်ာ ဆိုစမ်းပါ။

ဦးကောလိယ။ ။နအညမညပစ္စည်း၏ သုဒ္ဓသင်္ခ်ာပါရဋ္ဌ နာမကွန္ဒနာမှထောက်အပ်သော စိတ္တဇရူပ်, ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရူပ်, မဟာဘူတ်မှ ထောက်အပ်သော စိတ္တဇဥပါဒါ, ပဋိသန္ဓေ ကမ္မဇဥပါဒါ, ဗာဟိရဥပါဒါ, ဩဟာရဇ ဥပါဒါ, ဥတုဇဥပါဒါ, အသညသတ်ကမ္မဇ ဥပါဒါ,

ပဝတ္တိကမ္မဇ ဥပါဒါရုပ်၊ ဤတရားတို့သည် နအည်ခ်ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော ဘရားတို့မည်ကုန်၏။ သခ်္ခ ပဋ္ဌ ပဋ္ဌ ဟူသည်တည်း။

ဆရာတော်။ ။နာရမ္မဏလိုဘဲ ပဋ္ဌ၊ ဘာဖြစ်လို့လဲ မေးလျှင် သတိပြုကြပါ၊ ရုပ်တော့ချည်းဘဲ ရတယ်မဟုတ်လား (မှန်ပါ)။ နာရမ္မဏစတဲ့ ၇ ပစ္စည်းကတော့ ရုပ်ကုန်ရတယ်။ နအည်ခ်ကတော့ ရုပ်မကုန်ဘူး၊ သတိပြုပြီး နားထောင်ကြစမ်းပါ၊ နအည်ခ်-ဆိုပုံနှင့် တရားရနေပုံ။

'နာမကွန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်'တဲ့ ဘယ်သူကို ပြောကာလဲ မေးလျှင် ကုသိုလ်-ဗျာ, အကုသိုလ်-ဗျာ၊ ကုသိုလ် နာမကွန္ဓာမှ ထောက်အပ်သောရုပ်, အကုသိုလ် နာမကွန္ဓာမှ ထောက်အပ်သောရုပ်။

ထို့အတူ နောက်ဆုံး ၂-ချက်ကလည်း ကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အဗျာကတံ တို့မှာ အဲဒီမှတော့ မဟာဘူတ်နှင့် နာမကွန္ဓာကထောက်တဲ့ ရုပ်၊ ဒီမှာတော့ နာမကွန္ဓာ သန့်သန့်ကထောက်တာ၊ ဟိုမှာတော့ နာမကွန္ဓာရော မဟာဘူတ်ကရော ထောက်တာ။

ဗျာ-ဗျာမှာ ပဝတ္တိဖြစ်လျှင်လဲ နာရမ္မဏလိုဘဲ ပါဠိတော်နေလိမ့်မယ်၊ ပါဠိတော် မထူးဘူးနော် (မှန်ပါ)။ အရကောက် ထူးလိမ့်မယ်။

ပဝတ္တိမှာ ခုတင်ကအတိုင်းဘဲ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ပဋ္ဌိသန္ဓိက္ခဏေ ဝိပါကာဗျာကတေ ခန္ဓေ ပဋ္ဌိစ္စ ကဋတ္တာရူပံ၊ ခုတင်ကလဲ ဒီလိုဘဲမဟုတ်လား (မှန်ပါ)။ အခုလဲ ဒီလိုဘဲဟာမယ်၊ ကောက်တဲ့အခါကျတော့ သုဒ္ဓသခ်္ခာက ဟဒယဝတ္ထုမှတပါးသော ပဋ္ဌိသန္ဓေ ကမ္မဇရုပ်လို့ ဒီလိုဆိုတယ် မဟုတ်လား (မှန်ပါ)။ ဟဒယဝတ္ထုလျှော့လိမ့်မယ်၊ ဟဒယဝတ္ထု-မရှိဘူးမဟုတ်လား (မှန်ပါ)။ ဟဒယဝတ္ထုမှ မရှိဘဲ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု'လို့ ဟောလို့ရပါ့မလား(မရပါဘူး)။ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ-လို့ ဟောချင်လျှင်ကော နာမ်တရားရှိရဲ့လား (မရှိပါ)။ အဲဒီပါဠိတော်တွေ ကျန်နေမယ်၊ နာရမ္မဏတုန်းကတော့ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု' ဟောလို့ ရသေးတယ် မဟုတ်လား၊ (မှန်ပါ)။ နအည်ခ်ကတော့ အဲဒါမရှိဘူး၊ မှတ်ထားကြပါ၊ ပြီးတော့ ဒါကိုပြန်ရှုတ်ရအောင်။

ပြီးတော့ 'ဧကံ မဟာဘူတံ ပဋ္ဌိစ္စ-လို့ ဟောဘို့ရာ သုဒ္ဓသခ်္ခာက ဘာပြောသတုံး၊ မဟာဘုတ်မှ ထောက်အပ်သော စိတ္တဇဥပါဒါဆိုတာ မဟာဘုတ်-မဟာဘုတ်ချင်း စဲ့ဖြစ်တဲ့ဟာ မရှိဘူးတဲ့၊ မဟာဘုတ်ကြောင့်ဖြစ်တဲ့ ဥပါဒါရုပ်သာ ရတယ်ဆိုတော့ ဘယ့်နှယ်လုပ်ဟောမလဲ၊ သတိပြုနားထောင်ကြစမ်းပါ၊ ဧကံ မဟာဘူတံ တို့သာ မရှိစေနဲ့၊ 'မဟာဘူတေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ,

ကဋ္ဌတ္တာရူပံ ဥပါဒါရူပံ'-ဆိုတာ စိတ္တဇနှင့် ပဋိသန္ဓေ ကမ္မဇ ၂-မျိုးကို ပြောတာ (မှန်ပါ)။

ကျွန်တော်ဟာတွေ့ ဘယ်လိုလုပ်ဟောသလဲ မြတ်စွာဘုရားက 'ဗာဟိရေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ အာဟာရသမုဋ္ဌာနေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ'၊ အညမညမှာသာရှိတဲ့ ပါဠိတော်ဘဲ (မှန်ပါ)။ ဥတုသမုဋ္ဌာနေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ အသညသတ္တာနံ မဟာဘူတေ ပဋိစ္စ ကဋ္ဌတ္တာရူပံ ဥပါဒါရူပံ၊ ဒါ ပါဠိတော်ဆန်းပါတယ်။

ပြီးတော့ ကုဗျာက-ဗျာ, အကုဗျာက-ဗျာ ပေါင်းတော့ ၅-ချက်၊ ၅-ချက် စလုံး အားလုံးဟောစမ်းပါ။

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နု အညမညပစ္စယာ ။ပ။ နု အညမညပစ္စယာ။

ဆရာတော်။ ။ပါဠိတော်တွေ ကျန်သေးတယ်၊ နောက်နေ့မှ ဟောကြစို့။

ဒီနေ့ တော်ကြဦးစို့။

နာဓိပတိ ပါဠိတော်ကောက်နည်း

ဆရာတော်။ ။မနေ့က နဟေတုနှင့် နာရမ္မဏပြီးခဲ့တယ်၊ ဒီနေ့ နာဓိပတိ အရ ကောက်ရအောင်။

နာဓိပတိပါဠိတော်က ဘာနှင့်တူတယ်(သဟဇာတအနုလုံနှင့် တူပါတယ်)။

အရကောက်နည်း

အရကောက်တော့မယ်ဆိုတော့ မနေ့က ဘုန်းကြီးပြောတဲ့ သုဒ္ဓသင်္ချာကို ဂရုစိုက်ကြည့်၊ ပါဠိဟော်က အတူတူဘဲ၊ ကုသလေန ကုသလံ၊ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ-နှင့် ဟောပါ၊ ဟောတော့ ဘာထွေ ဒို့ကောက်မလဲလို့ ကြည့်လျှင် သုဒ္ဓသင်္ချာက 'အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်' ဆိုတဲ့ ကုသိုလ်နှင့်ယှဉ်ခိုက် တရားကိုယ်ကို တကြိမ်ကောက်ရတယ်၊ ပြီးတော့မှ သုဒ္ဓသင်္ချာမှာပါတဲ့ ကုသိုလ်က ဘယ်သူပါသေးသတုံး (မဟာကုသိုလ် ပါပါတယ်)။ မဟာကုသိုလ်စိတ် ၇-ခု ကောက်ရတယ်၊ အဲဒါကို သုဒ္ဓသင်္ချာပေါ်မှာ ကြပ်ကြပ်သတိထားပါ။

ဒီတော့ တရားကိုယ်က ဘယ်က လာတာလဲ မေးလျှင် ဦးပဉ္စင်းတို့ အနုလုံ တုန်းက 'အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော' ဆိုတဲ့ ကြဉ်လွှတ်လိုက်လို့ ဒီရောက်လာတာနော် (မှန်ပါ)။

ကုပဒ ၃-ချက် ကောက်နည်း

အဲဒါကြောင့် အရကောက် ဆရာတော်ဘုရားကြီးက ပစ္စနိုက်ကျတော့ ဘယ်လိုလုပ် ကောက်သလဲဆိုလျှင် ကုသလေန ကုသလံ-၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား–အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု, ကေန်ရသော မဟာဂျုတ်ကုသိုလ် ၉-ခု, မဂ် ၄-ခု, စေတသိက် အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာကိုစွဲ၍ဖြစ်သော အဓိပတိတရားကိုယ်-တဲ့။

အဲဒီမှာ တရားကိုယ်ကို ကောက်ချင်တာ ဒီတရားကိုယ်နှင့်ယှဉ်တဲ့ စိတ် စေတသိက်ကို ပြန်ဆိုရတယ်၊ အဲဒါက တလွှာ အကောက်စဉ်၊ ပါဠိတော်မှာ သူ့အဘွက် သီးသန့်မရှိဘူး။

ပြီးတော့မှ သုဒ္ဓသန္ဓိုဝမှာပါတဲ့ ကုသိုလ် ဘာတဲ့၊ အဓိပတိပစ္စည်းကို မရသော အခါ မဟာကုသိုလ်စိတ် ၈-ခု, စေတသိက် အဌတိံသ အစိတ် အစိတ် နာမကွန္ဓာကို စွဲ၍ဖြစ်သော မဟာကုသိုလ်စိတ် ၈-ခု, စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ၊ ဒါဘဲမဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်တရား ရ၏၊ ဟိတ်ပါ၌ကို ခါတိုင်းလိုဘဲ အကျဉ်းထုတ်။

ပြီးတော့ ကု-ဗျာဖြစ်လျှင် ကုသလေန အဗျာကတံ-၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အဲဒီမှာ ဘာရုပ်ကောက်မှာလဲလို့ ကြည့်ရတယ်၊ (နိရုဓိပတိစိတ္တဇရုပ် ဧကောက်ပါတယ်)။

နိရုဓိပတိ စိတ္တဇရုပ်ဆိုဘာ အဓိပတိ-မတယ်တဲ့ ကုသိုလ်ကြောင့်ဖြစ်တဲ့ ရုပ်ကိုကောက်ဆိုခဲတာ့ အဓိပတိ-မတင်တဲ့ ကုသိုလ်က အခုဒီမှာပါတဲ့ မဟာကုသိုလ်ရှိတယ်။

ဒါကြောင့် ပဋ္ဌဝေါဟာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ်စိတ် ၈-ခု, စေတသိက် အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်သည်ပြုအပ်သော နိရုဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏-လို့ ဆိုရိုးကလေးကို နောက်တုန်းကအတိုင်း မူသောအောင် ပြန်ပြန်ဆိုပါ၊ အကောက်ထဲမှာ စကားတွေ မပြည့်စုံတော့ဘူး။

ထို့အတူ ကုသလေန ကုသလာဗျာကတံ-၌ ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏အရကား ဒီမဟာကုသိုလ်နှင့် ဒီနိရုဓိပတိ စိတ္တဇရုပ်ဘဲ ပြန်ကောက်ပါ။

နားလည်ကြပါပြီနော် (မှန်ပါ)။ ဦးကောလိယ ကောက်စမ်းပါ ကု ၃-ချက်ကို။

ဦးကောလိယ။ ။အထက်ကအတိုင်း ကောက်သည်။

ဟူဝန်းဆိမ့် (ထ) ၁၉–ပမသ-စ

အကုပဒ ၃-ချက် ကောက်နည်း

ဆက္ကတော်။ ။အကု ၃-ချက်လဲ ထိုနည်းတူစွာ သတိပြုကြပါ၊ ကုသိုလ်တုန်းကလဲ ပဌမအခြက်မှာ တရားကိုယ်ကောက်သလိုဘဲ၊ အကုသလေန အကုသလံ·ကျောဘဝ့လဲ ပဌမအခြက် တရားကိုယ် ထည့်ကောက်ပါ။

ဒါကြောင့် အကုသလေန အကုသလံ·ဌ် အကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ရကား–အဓိပတိပစ္စည်းကို ရသောအခါ· အနုလုံက ဘာတဲ့တုံး လောဘမူစိတ် ဂ-ခု, ဒေါသမူဒ္ဓ, ဝိစိကိစ္ဆာကြောင့်သော စေတသိက်ဆဋ္ဌိသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိတရားကိုယ်။

ပြီးတော့ အဓိပတိပစ္စည်းကို မရသောအခါကျတော့ အကုသိုလ်ဒွါဒသ ဖြစ်မှာပေါ့၊ ၃-ချက်စလုံး ကောက်ရတယ်။ ဦးဉာဏ ကောက်စမ်းပါ။

ဦးဉာဏ။ ။အကုပဒ ၃-ချက် ကောက်သည်။

ဗျာဗျာ ကောက်နည်း

ဗျာဗျာ-မှာ ပဝတ္တိ,ပဋိသန္ဓေ,ရုပ်သက်ဘက်လို့ အကုန်လုံးရှိတယ်၊ ရုပ်တွေလဲ အကုန်ရနေတယ် မဟုတ်ဘူး (မှန်ပါ)။ ပဝတ္တိအခါမှာတော့ အဓိပတိတရားကိုယ် ထည့်ကောက်ပါ။

ဒါကြောင့် အဗျာကတေန အဗျာကတံ·ဌ် ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါတဲ့၊ အနုလုံတုန်းက ဘာတွေရှိသလဲ (မဟာကြိယာ ဂ-ခု, ကေန်ရသော မဟာဂျုတ်ကြိယာ ၉-ခု, ဖိုလ်၄-ခု)၊ အဲဒါတွေ ကြေနေလျှင် ပြီးတာဘဲ။

ဒါကြောင့် အဓိပတိ ပစ္စည်းကိုရသောအခါ မဟာကြိယာစိတ် ဂ-ခု, ကေန်ရသော မဟာဂျုတ်ကြိယာ ၉-ခု, ဖိုလ် ၄-ခု, စေတသိက်အဋ္ဌတိံ သ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိ တရားကိုယ်။

အဓိပတိပစ္စည်းကို မရသောအခါ ဆိုတော့ ပစ္စနိက်သုဒ္ဓသခ်ျာမှာပါတဲ့ အဗျာကတတွေ ရှေးလိုက်ကြပါ၊ ဘာတွေလဲ၊ အဟိတ်ကြိယာ ၃-ခု, မဟာကြိယာစိတ် ဂ-ခု, လောကီ ဝိပါက် ဗာတ္တိံ သ, စေတသိက် ပဋ္ဌတိံ သ အစိတ် အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော–။ ပ ။ ထိုနာမက္ခန္ဓာသည် ပြုအပ်သော နိဿဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ဒါက အဓိပတိ·မရသောအခါနော် (မှန်ပါ)။

ပြီးတော့ ပဋ္ဌိသန္ဓေကျတော့ လောကီ ဝိပါက်ရတော့ ပဋ္ဌိသန္ဓေစိတ်တွေ အကုန်မရဘူးလား (ရပါတယ်)။ ရလျှင် ခါတိုင်းလိုဘဲ ကောက်ပါ၊ အနုလုံ သဟဇာတအတိုင်း ပြောတာ (မှန်ပါ)။

ရူပ်သက်သက်ဖြစ်အုံ့–ဆိုတော့ အခုပစ္စုနိုက်ရတဲ့ ကုသိုလ်, အကုသိုလ် ဝိပါက် ကြိယာကြောင့်ဖြစ်တဲ့ ရူပ်တွေ ကောက်ရတယ်၊ အဲဒီတရားတွေကလဲ မစုံဘူး။

ဒါကြောင့် ရူပ်သက်သက်ဖြစ်အုံ့၊ အဗျာကတာ ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား–ပဋ္ဌဝေါကရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ။

အနုလုံတုန်းကတော့ ဘယ်လိုလုပ်သလဲ၊ သာဓိပတိ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာလို့ ဒီလိုဆိုတယ် မဟုတ်လား (မှန်ပါ)။ ဒီကျတော့ နိရာဓိပတိ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြု အပ်သော နိရာဓိပတိ စိတ္တဇမဟာဘူတ်၊ စိတ္တဇမှာ နိရာဓိပတိဖြစ်ရတယ်နော် (မှန်ပါ)။ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋ္ဌိသန္ဓေ ကမ္မဇ မဟာဘူတ်, ကြင်းတဲ့ရူပ်တွေ အကုန်းလုံးရလို့ အကုန်လုံးဆိုပါ၊ ဒါဘဲ ဆိုရိုးထူးတယ် သတိထားစရာ၊ ကျန်တာတွေက အနုလုံ သဟဇာကအတိုင်း။

ကုဗျာ-ဗျာ, အကုဗျာ-ဗျာမှာလဲ အဓိပတိပစ္စည်း မရခိုက်ကိုသာ ယူရတယ်၊ မရခိုက်ဆိုတော့ ကုသိုလ်က မဟာကုသိုလ်, အကုသိုလ်ကတော့ ဒုဒါဒသ၊ ကုဗျာ, အကုဗျာနှင့် အတူတူဘဲ၊ ဦးပညာနန္ဒ ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။ဗျာပဒ ၃-မျိုးစလုံးနှင့် ကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အဗျာကတံ တို့ကိုပါ အထက်ကအတိုင်း တခေါက်ဟောသည်။

ဆရာတော်။ ။အဓိပတိကုန်သွားရော၊ သုဒ္ဓသင်္ချာကို ကြေနေအောင် ကျက်ထားကြပါ၊ ပစ္စနိုက်စာဝါ ဒီလထဲ မကုန်တတ်ပါဘူး၊ သီတင်းကျွတ်လထဲ ရောက်သွားဦးမယ်၊ ကြေနေအောင်ကျက်ထားလျှင် မြန်မြန်ကလေး ပြီးမှာဘဲ။

နအည်မည် အရကောက်

နာနန္ဒရ နသမန္တရတို့ အာရမ္မဏနှင့် အတူတူ မဟုတ်လား(မှန်ပါ)။ နသဟဇာတရယ်လို့တော့ မရှိဘူး၊ နအည်မည်ကို မနေ့က ပါဠိတော် ဆိုပြီးပြီ မဟုတ်လား(မှန်ပါ)။

သတိပြုနားထောင်ကြပါ၊ မနေ့ကလဲ ပြောပြီးသားဘဲ၊ သင်္ချာ ပဋ္ဌမှာ ကု-ဗျာ, အကု-ဗျာ ခေါ်တဲ့ ပဌမ ၂-ချက်, နောက်ဆုံး ၂-ချက်ခေါ်တဲ့

ကုဗျာ-က ဗျာ-နှင့် အကုဗျာ-က ဗျာ-တို့က နာရမ္မဏနှင့်လုံးဝတူတယ်မဟုတ်လား (မှန်ပါ)။ ပါဠိဘေဘာ, အရကောက် အကုန်တူတယ်၊ ဒါ့ကြောင့် မကောက်ဘူး၊ သူတို့အတွက် ထူးတာတင် ကောက်မယ်။

ဗျာဗျာ-မှာလဲ ပဝတ္ထု, ပဋိသန္ဓေ, ရုပ်သက်သက်လို့ ၃-မျိုး ရှိတယ်၊ တူတဲ့ဟာမတူတာ ထပ်မဆိုပါနဲ့ဆောဒ အချိန်ဖြုန်းလွန်းလို့၊ အခု အဓိပတိတင် နာရီဝက်ကြာသွားတယ်။

ပဝတ္ထိက ဘာထူးသလဲ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ'ဆိုတော့ နာရမ္မဏမှာလဲ ဒီအတိုင်းဘဲ မဟုတ်လား (မှန်ပါ)။ ဒီတော့ ဒီအတိုင်းဘဲ ၁ကောက်ပါ၊ ကောက်မပြတော့ဘူး သူကိုလဲ။

ဟိုအတူ ပဋိသန္ဓိကွမဏ ဝိပါကာဗျာကတေ ခန္ဓေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါ-ရူပံ၊ ပါဠိဘေဘာ်က နာရမ္မဏနှင့် ဒီအတူတူဘဲ၊ သို့ပေမဲ့ သူက သုဒ္ဓသင်္ချာက ဘာထူးတယ်လို့ ပြောသတုံး ဘယ်လိုဆိုသတုံး သုဒ္ဓသင်္ချာက(ဟဒယဝတ္ထုမှတပါးသော ပဋိသန္ဓေ ဘဝမှာ)။ ဒါဘဲပေါ့၊ ဟဒယဝတ္ထု မထည့်နှင့်။

ပဋ္ဌာဝေါကာရပဋိသန္ဓေပန္နရသ, စေတသိက်ပဋ္ဌတိ'သ အစိတ် အပေါင်း နာမက္ခန္ဓာကိုစဲ့ချိုးဖြစ်သော ဟဒယာဝတ္ထုမှ တပါးဒသာ-ဆိုတဲ့ ဒီ စာလုံးကလေး တလုံးတိုးပါ(မှန်ပါ)။ ကဋတ္တာရူပ် ပစ္စယုပ္ပန်တရား ရ၏၊ အားလုံး နာရမ္မဏနှင့် အတူတူပါဘဲ, ဒါကြောင့်မို့ မဟနုက နာရမ္မဏကို အကောက်လဲ ခိုင်းတယ်၊ ပါဠိတော်လဲ အရှက်ခိုင်းတယ်။

ဒါကလောက် ဘပ်တူ ဘပ်မျှ ဖြစ်နေတာ ထပ်ချက်နေလို့ ဘာလုပ်မလဲ၊ ကိုယ့်ကျောင်းမှာ ကိုယ်ကြိုက်အောင်လုပ်ပြီးလျှင် တာဝန်ကြေပါတယ်။

အဲဒီ ပဋိသန္ဓေမှာ ဟဒယဝတ္ထု-မပါတာ ထူးတာပါဘဲ။

ရုပ်သက်သက်ကျတော့ နာရမ္မဏက ရုပ်တွေ အကုန်ရတယ်၊ ဒီက မဟာ ဘုတ်-မရှိတော့ဘူး၊ ဥပါဒါရုပ်တင် ရတယ် မဟုတ်လား(မှန်ပါ)။

ဒီကတော့ ဘာမျှား ထူးမလဲမေးလျှင် ခါတိုင်းတော့ မဟာဘုတ်ကိုစဲ့ချ ဖြစ်သော မဟာဘုတ်နှင့်ဟက္ခသော ဥပါဒါရုပ်၊ ဒီလို ကောက်တယ်မဟုတ်လား (မှန်ပါ)။ ဒီနေ့တော့ မဟာဘုတ်ကိုစဲ့ချ်ဖြစ်ခဲသော ဥပါဒါရုပ်၊ ဒါလောက်တင် ဖြစ်မယ်၊ အဲဒီ အဆိုကလေးကင် ထူးတယ်! ဦးပဉ္စင်းတို့ နားထောင်ကြည့်လေ၊ ဦးသုဇာတ ဟောကြည့်စမ်း ရုပ်သက်သက်ကို။

ဦးသုဇာဟာ။ ။ရုပ်သက်သက်ဖြစ်အုံ၊ အဗျာကတော ဓမ္မော-ဟူသောဝေါဟာရ ပုဒ်၏ အရှေ့ကား ပဋ္ဌာဝေါကာရဘုံ၌ဖြစ်သော အခါ အရူပဝိပါက် ၄-ခု,

ဒွေပဏ္ဍိုဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇ မဟာဘုတ်, ပဋ္ဌာဝေါကာရ ပဋ္ဌိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူ ဥပါဒ်သော ပဋ္ဌိသန္ဓေ ကမ္မဇ မဟာဘုတ်, ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသညသတ် ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော စိတ္တဇဥပါဒါ, ပဋ္ဌိသန္ဓေကမ္မဇ ဥပါဒါ, ဗာဟိရဥပါဒါ, အာဟာရဇဥပါဒါ, ဥတုဇဥပါဒါ, အသ-ညသတ် ကမ္မဇဥပါဒါ, ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

နာရမ္မဏထက် ထူးသော အာရ

ဆရာတော်။ ။နာရမ္မဏနှင့် နှ အညမည ပါဠိတော် လုံးဝတူပါတယ်၊ အရ ကောက်မှာ နာရမ္မဏထက် နှ အညမညထူးတာက ပဋ္ဌိသန္ဓေ ဖြစ်လျှင် ဟဒယဝတ္ထုခြ၍ ကောက်၊ မှတ်တာက တန်ဘိုးလေးနက်ပါလိမ့်ဦးမယ်။ မှတ်ထားကြစမ်းပါ။

ရုပ်သက်သက် ဖြစ်လျှင် ပစ္စယုပ္ပန်က ဘာကို လျှောက်ကောက်တယ်၊ (မဟာဘုတ် လျှောက်ပါတယ်)။ မဟာဘုတ်-မပါဘဲနဲ့ ဥပါဒါရုပ်တင် ကောက်။

ဆိုသွားတဲ့ ဆိုရိုးက ဦးပဉ္စင်းတို့ ဆိုနေကျဘဲ ယခု ဦးသုဇာတ လျှောက် ရွတ်သွားတာ။

နပုရေဇာတ သုဒ္ဓသင်္ချာ

နပုရေဇာတက ပါဠိတော်တောင် **မဆိုရသေးဘူး**တင်တယ်(မှန်ပါ)။ဦးဉာဏ-ဝရ သုဒ္ဓသင်္ချာ ဆိုစမ်းပါ။

ဦးဉာဏဝရ။ ။နပုရေဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အရူပဝိပါက်၄-ခု, အရူပဘုံ၌ဖြစ်သောအခါ လောဘမူ, မောဟမူ, မနောဒ္ဓါရာဝဇ္ဇန်း, မဟာ ကုသိုလ်, မဟာကြိယာ, အရူပကုသိုလ်, အရူပကြိယာ, အယက်မဂ် ၃-ခု, ဖိုလ် ၄-ခု, ပဋ္ဌာဝေါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသ-ညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္နမမြဖစ်သော တရားတို့မည်ကုန်၏။ သင်္ချာ သတ္တ, သတ္တ, တိဏိ ဟူသည်တည်း။

သင်္ချာ သတ္တဖြစ်ပုံ

ဆရာတော်။ ။နားထောင်ကြစမ်းပါ၊ ဘာထူးသွားသလဲလို့၊ နံပါတ် ၁-အနေနှင့်ပြောလျှင် သင်္ချာဟာ နဝ-အနေက နေပြီးတော့ သတ္တ-ဖြစ်သွားတယ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် မနေ့ကပြောလိုက်တယ် ထင်ပါတယ်၊ ကု ၃-ချက်တို့တွင် တတိယအချက်မပါဘူး၊ ထို့အတူ အကု ၃-ချက်ကလဲ တတိယအချက်မပါလို့ ၂-ချက်လျော့သွားတော့ နဝ-က သတ္တ-ဖြစ်သွားတယ်။

သဘ္ဘရသ-ဓနဏမှာလဲ သတ္တရသ မရဘဲနဲ့ သတ္တ-ဘဲရတယ်၊ ပစ္စယနိဿယ ဝါရအတွက်မှာ ဒီပစ္စည်းအတွက် (မှန်ပါ)။

တရားနေပုံကလေးတွေ စဉ်းစားရအောင်၊ တရားနေပုံ ဘယ်လို နေသလဲ နှ ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဘယ်ဟာက ကုသိုလ်, ဘယ်ဟာက အကုသိုလ်, ကုသိုလ် ဘယ်လောက်ပါဘယ်, အကုသိုလ် ဘယ်လောက်ပါတယ်, အဗျာကတဘာတွေဆိုဘာ မှတ်ခဲ့ကြစမ်းပါ။

အဲဒီလို လေ့လာမှုက ဦးပဋ္ဌင်းတို့မှာ အဓိကကြီးပါတယ်၊ ဒီစာတွေဟာ အကုန်လုံး မကျက်ရဘူး၊ သုဒ္ဓသင်္ချာကလေး ကျက်ပြီးတော့ ဘုန်းကြီးက သင်ပေးနေတာ။

ဘာတဲ့တုံး ပဌမဆုံးတွေ့တာ အရူပဝိပါက် ၄ ခုဆိုတာ အဗျာကတ မဟုတ်လား (မှန်ပါ)။

အရူပဘုံ၌ ဖြစ်ဓသာအခါ လောဘမူ, မောဟမူတဲ့၊ အကုသလာ ဓမ္မာ ဟောစရာတရားကို ရွေးထုတ်တာ၊ ဒေါသမူဆိုတဲ့ အကုသိုလ်က အရူပဗြဟ္မာ့ဘုံမှာ မရှိဘူး။

ဖြတ်လမ်း မှတ်ချင်လျှင် ရူပမှာလဲ မရှိပါဘူး၊ ရူပဗြဟ္မာကြီးတွေ, အရူပဘုံက ဗြဟ္မာကြီးတွေ ပုထုဇဉ်ပင် ဖြစ်စေကာမူ သူတို့သန္တာန်မှာ ဒေါသမရှိဘူး၊ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ပယ်ဘဲ့တရား မဟုတ်ဘူး၊ ဘုံ၏ အစွမ်းအားဖြင့် ပယ်တဲ့တရား။

အဲဒီ ရူပ, အရူပ ရောက်သွားလို့ရှိလျှင် ပုထုဇဉ်ရောက်ရောက်,အရိယာသေက္ခဘဲ ရောက်ရောက် ဒေါသကတော့ မရှိဘူး၊ သောတာပန်လဲ ဒေါသမရှိဘူး၊ သကဒါဂါမ်လဲ ဒေါသမရှိဘူး၊ ဘာဖြစ်လို့လဲ ဘုံ၏အစွမ်းအားဖြင့် ပယ်ထားတဲ့အတွက်။

ဒါကြောင့် ထိုရူပ, အရူပဘုံမှာ ဖြစ်နေကြတဲ့ ဗြဟ္မာကြီးတွေဟာ အင်မတန်မှ သာယာအေးချမ်းကြပါသတဲ့၊ အင်မဘန် ဆိတ်ငြိမ်တယ်, ငြိမ်သက်တယ်,

အေးချမ်းတယ်၊ ပြဟ္မဝိဟာရတရား လေးပါးလို့ခေါ်တဲ့ တရားမျိုးတွေနှင့် အမျှားအားဖြင့် နေလေ့ရှိပါဘယ်၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာခေါ်တဲ့ တရားတွေနှင့် နေလေ့ရှိကြပါတယ်၊ ဒါကြောင့် အေးချမ်းတာ။

ထဖက်သားအပေါ်မှာ ရန်ငြိုးဖွဲ့ခြင်းစတဲ့ ဒေါသနှင့်စပ်တဲ့ အပြုအမူစိတ်ကူးတွေ ဘာမှုမရှိဘူး၊ ကာမဘုံတွေမှာတော့ ဒီတရားက သိပ်ပြီး သောင်းကျန်းနေပါတယ်။

အကုသလာ ဓမ္မာ ဟောဘို့ ဘာရသလဲ (လောဘနှင့်မောဟ ရပါတယ်)။

မနောဒ္ဓါရာဝဇ္ဇနံ–တဲ့၊ အဗျာကတာ (မှန်ပါ)။ မဟာကုသိုလ်, မဟာကြိယာတဲ့၊ မဟာဝိပါက်ကတော့ မရဘူး၊ ကုသလာ ဓမ္မာ ဟောဘို့က မဟာကုသိုလ်ရတယ်၊ အဗျာကတ အတွက်က မဟာကြိယာ ရတယ်၊ ထလုံးချင်းစစ်ကြည့်ရတယ် (မှန်ပါ)။

ပြီးတော့ ဘာတုံး၊ အရူပကုသိုလ်, အရူပကြိယာဆိုတော့ ကု, ဗျာဘဲ မဟုတ်လား၊ ကုသိုလ်ရှိတယ်, အဗျာကတရှိတယ်။

ပြီးတော့ အထက်မဂ် ၃-ခု, ဖိုလ် ၄-ခု၊ အထက်မဂ် ၃-ခုက ကုသိုလ်မဟုတ်လား (မှန်ပါ)။ ဖိုလ် ၄-ခုက အဗျာကတာ။

မဂ်က ၄-ခုရှိတာ အထက်မဂ်တင် ရတယ်၊ သောတာပတ္တိမဂ်က မရဘူး၊ ဘာဖြစ်လို့မရလဲလို့ မေးလျှင် ဌီကာတော့ စာသည်မျှားက ပရဒတာဃောသ ပစ္စည်း မရှိသောကြောင့်တဲ့ ဟိတ်ခတ်တယ်၊ အရူပဘုံမှာ ပရဒတာဃောသလို့ ခေါ်တဲ့ သူတပါးတည်းဟူသော သူတော်ကောင်းတို့၏ အထံမှ တရားစကားသံ နာကြားရန် မရှိဘူးတဲ့။

အရူပဘုံ–ဆိုတော့ နာမ်ချည်းဖြစ်နေတယ် မဟုတ်လား(မှန်ပါ)။ သောတပဿာဒရုပ် ရှိပါ့မလား (မရှိပါ)။ ဒီဟော့ သူ့ဟိုဘာနဲ့ သွားပြီးနားထောင်မလဲ, တရားကို ဘာနဲ့ သွားပြီး နာမလဲ။

သောတာပန်ဖြစ်မှု ဆိုတာက သောတာပတ္တိယင်္ဂတရား ရတဲ့နေရာမှာ သပ္ပုရိ-သူပနိဿယ သပ္ပုရိသသံဒဿဝခေါ်တဲ့ အင်္ဂါတပါး ပါတယ်၊ သဒ္ဓမ္မသဝနခေါ်တဲ့ သူတော်ကောင်းတရား နာကြားမှုလဲ ရှိရတယ်၊ ဒီဟော့ အဃာတ်မှာလဲ သူတို့မှာ သဒ္ဓမ္မသဝနခေါ်တဲ့ အင်္ဂါပြည့်စုံတော့မလဲ၊ ဒီဟော့ အရူပဘုံမှာ သောတာပတ္တိမဂ် ဘယ်နေရာမှ မဖြစ်ဘူး၊ အဓိပ္ပာယ်မဂ်သို့လာ သွားနိုင်တယ်၊ ဒါကြောင့် အထက်မဂ် ၃-ခုဆိုတဲ့ ကုသိုလ် ၃-ခုသာ ရတယ်။

ပြီးတော့ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ ပြီးတော့ ရူပ်တွေက အကုန်လုံးနော် (မှန်ပါ)။

ပြန်ပြီးတော့ စုပေါင်းကြည့်စမ်း၊ ကုသလာ ဓမ္မာ ဟောဘို့ ဘာတရားတွေ ရသလဲ၊ မဟာကုသိုလ်စိတ် ၈-ခု, အရူပကုသိုလ်စိတ် ၄-ခု, အထက်မဂ် ၃-ခု။

အဲဒီမှာ ကုသိုလ်ပေါင်း ဘယ်လောက်တုံး (၁၅-ပါးပါ)။ ဒီ ၁၅-ပါးက အရူပ ၄-ဘုံမှာ ဖြစ်စကောင်းတဲ့ ကုသိုလ်တွေ၊ အရူပဘုံမှာ ဖြစ်စကောင်းတဲ့ ကုသိုလ်လဲ ဖြစ်ရတယ်၊ အရူပ ၄-ဘုံမှာ ဖြစ်ခိုက်ကလေးကိုသာလဲ ယူရတယ်၊ ဒီလိုလဲ နားလည်ကြပါ။

ထိုနည်းတူစွာ အကုသလာ ဓမ္မာ ဟောဘို့ရာ တရားရှာပြန်တော့ လောဘမူနှင့် မောဟမူသာ ရတယ်။

အဗျာကတာ ဓမ္မာ ဟောဘို့ ဘာတွေရသလဲ၊ အရူပဝိပါက် ၄-ခု, အရူပဘုံ၌ ဖြစ်ခိုက် မနောဒ္ဓါရာဝဇ္ဇန်း, မဟာကြိယာ, အရူပကြိယာ, ဖိုလ် ၄-ခု၊ အဲဒီတရားတွေ ရတယ်၊ ကောက်တော့ ဒါတွေကောက်မှာ၊ ဒီနေ့ ကောက်လဲ ကောက်မယ်၊ ပါဠိတော်လဲ တခါတည်း ရှုတ်သွားမယ်။

ဒီ သုဒ္ဓသင်္ချာရနေလျှင် ဒီလိုကလေးလဲ တမျိုးသတိပေးပရစေ၊ အရူပဘုံမှာ စိတ်ပေါင်း ဘယ်လောက်ရသလဲ မေးလျှင် အဲဒီ သုဒ္ဓသင်္ချာကလေးအတိုင်း ရေးပေးလိုက်လျှင် ပြီးနေတာဘဲ၊ အဲဒါ အရူပဘုံ စိတ်ရတာ။

ဒါကြောင့် အရူပဘုံမှာသာ ဖြစ်နေတဲ့ နာမ်တွေ ဖြစ်ခြင်းကြောင့် ထိုနာမ်တရားစုသည် အရူပဘုံဖြစ်ခိုက်တရားတွေ ရှေးကောက်ထားခြင်းကြောင့် ရူပ်နဲ့ တွဲလို့ ဖြစ်ပါ့မလား(မဖြစ်ပါ)။ မဖြစ်နိုင်ဘူးနော်။

ဒါကြောင့်မို့ ကုသလပဒ ပဒါဝသာန နံပါတ် ၃-မှာ ရနေတဲ့ ပစ္စယုပ္ပန်က နာမ်နဲ့ ရူပ်နဲ့ တွဲ၍ ရရမှာ မဟုတ်လား(မှန်ပါ)။ ဒီတော့ မရတော့ဘူး။

ထိုနည်းတူစွာ အကုသလပဒ နံပါတ် ၃-ကလဲ နာမ်နဲ့ ရူပ်နဲ့ တွဲရမှာ မဟုတ်လား(မှန်ပါ)။ မဖြစ်တော့ဘူး၊ ဒါကြောင့် ဒီ သင်္ချာ ၂-ချက် လျှော့သွားတယ်။

သင်္ချာ သတ္တဖြစ်ပုံ ပြောနေတာနော်၊ ဘာဖြစ်လို့ လျှော့သွားသလဲ၊ အဲဒါကြောင့် လျှော့သွားတယ်ဆိုတာ ကိုယ်က နားလည်ပါ။

အခုကောက်**တာ** ဘာမှ မခက်ပါဘူး၊ ပါဠိတော်လဲ အလွယ်ကလေးဘဲ။

ကုသလေန ကုသလံ

ဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုက ပါဠိတော်ကို တာဝတိံသာမှာ ဟောတုန်းက ဒီပစ္စည်း ဘယ်လိုလုပ် ဟောသတုံး။

ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နပုရေဇာတပစ္စယာ။

အရူပဘုံကဖြစ်တဲ့ နာမ်တွေပါလို့ ဆိုတာကို မြတ်စွာဘုရားက သေသေချာချာ ကျကျနန 'အရူပေ'လို့ ထည့်တားပါတယ်၊ အရူပေ ကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ, တယော ခန္ဓေ ပဋ္ဌိစ္စ ဧကো ခန္ဓော, ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ တဲ့။

ကောက်တော့လဲ ထို့ဘတူဘဲ၊ သုဒ္ဓသန်္ဃာပါတဲ့အတိုင်း အရူပဘုံ၌ဖြစ်သော အခါ မဟာကုသိုလ်စိတ် ၈-ခု, အရူပကုသိုလ် ၄-ခု, အထက်မဂ် ၃-ခု, စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာကို စွဲ၍ဖြစ်တဲ့....အစိတ်အစိတ် နာမကွန္ဓာ၊ ဒီလိုဆိုပြီး ကောက်လိုက်ရုံပေါ့။

ပါဠိတော်မှာလဲ အရူပေ ပါပစေ, အရကောက်ဟော့လဲ အရူပဘုံ၌ဖြစ်သော အခါလို့ ပါပစေ, သုဒ္ဓသန်္ဃာကလဲ ပါနေတယ် မဟုတ်လား(မှန်ပါ)။

ကုဗျာ-ကျတော့ နာရမ္မဏအတိုင်း ကောက်ပါ၊ နာရမ္မဏအတိုင်း ကောက်ဆိုတော့ ပြီးခါစကလေး ရှိသေးတယ် မဟုတ်လား(မှန်ပါ)။ အကုန်ရသွားရအောင်၊ ဒါကလေးတော့ ရှင်းသွားအောင်၊ တူတဟ့ တူတယ် တူပေမဲ့ ဒီအထဲမှာ ထည့်ကောက်လိုက်ကြဦးစို့။

အကုသလေန အကုသလံ

ထိုနည်းတူစွာ အကုသလေန အကုသလံ ဖြစ်လျှင်လဲ အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နပုရေဇာတပစ္စယာ၊ အရူပေ အကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကো ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ၊ အကုဗျာ-ကျတော့ နာရမ္မဏအတိုင်း။

တမျိုးသတိပြုချင်လျှင် ပြန်ကြည့်စမ်း၊ ကု ၂-ချက် ရှိတယ် မဟုတ်လား(မှန်ပါ)။ ပဌမအချက်က အရူပဘုံကတရား ကု ကု ပြောတာ(မှန်ပါ)။ ကု-ဗျာက ပဋ္ဌေါကာရဘုံကတရား ရှိပ် မဟုတ်လား၊ ပဋ္ဌေါကာရဘုံပေါ့။

ထို့အတူ အကု ၂-ချက်မှာလဲ ပဌမအချက်က စတုဝေါကာရတရား၊ အကု-ဗျာက ပဋ္ဌေါကာရဘုံကတရား။

အဗျာကတေန အဗျာကတံ

ကောင်းပြီ၊ ကုသိုလ်နှင့် အကုသိုလ်က ဒီလို ဖြစ်နေလျှင် အဗျာကတ ကျတော့ ဘယ်လိုလုပ်မလဲ၊ နာမ်ကလဲ အဗျာကတ, ရုပ်ကလဲ အဗျာကတ၊ ကုသိုလ်, အကုသိုလ်လို ၂-မျိုးလို့ မရတော့ဘူး မဟုတ်လား(မှန်ပါ)။

အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နပုဗ္ဗေဇာတ-ပစ္စယာ၊ အရူပေ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ကေ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ၊ အဲဒါ စတုဝေါကာရဝိဘင်းပါဘဲ၊ အရူပဝိဘင်းဖြစ်လျှင် နာမ်ချည်း ဟောရပါမယ်။

ဒါဖြင့် ထို ဝိပါက်ကြိယာကြောင့် ဖြစ်တဲ့ ရုပ်တွေတော့ နာရမ္မဏလို့ မရှိနိုင်တော့ဘူးလားလို့ မေးတော့ ရှိတာပေါ့၊ သူ့အလုက် ဝိဘင်းတခုထပ်ထုတ်၊ နာရမ္မဏတုန်းကလို့ ထုတ်ရတယ်၊ ဘယ်လိုထုတ်မလဲ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ဗျာ-ဗျာမှာ ဝိဘင်း ၂-ထပ်နော်(မှန်ပါ)။

ပြီးတော့ ကျန်တဲ့ဘရားတွေက ပါဠိကော်တော့ အကုန်ရှတ်ပါ၊ သတိပြုကြစမ်းပါ၊ ဘုန်းကြီးပြောမယ်၊ ဦးပဉ္စင်းတို့ ပဋ္ဌာဝေါကာရပဋ္ဌိသန္ဓေ နာမက္ခန္ဓာ-လို့ ပါဘယ်မဟုတ်လား (မှန်ပါ)။ အကုန်လုံးဘဲ၊ ပဋ္ဌိသန္ဓေ, ရုပ်သက်သက်, ကုဗျာ-ဗျာ, အကုဗျာ-ဗျာတို့က အနုလုံသဟဇာတအတိုင်းရှတ်ပါ ပါဠိတော်ကို၊ ဒီနားကလေးတင် ထူးနေတာ။

ဘယ်က စပြီးတော့လဲ၊ ပဋ္ဌိသန္ဓေက စပြီးတော့ အနုလုံ သဟဇာတအတိုင်း ရုပ်တွေကလဲ အကုန်မဟုတ်လား (မှန်ပါ)။ ကောက်တာ ပြီးတော့ ပြောပေးပါ့မယ်၊ ပါဠိတော် ဘားလုံးဟောစမ်းပါ လွယ်ပါတယ် ကု ၂-ချက်, အကု ၂-ချက်။

သံဃာတော်မျှား။ ။အဟက်ပါအတိုင်း ပါဠိတော်ဟောကြသည်။

နပုရေဇာတ အရကောက်နည်း

ဆရာတော်။ ။အရကောက် ဘာထူးသလဲ၊ ထူးတာကလေးတင် ကောက်ရအောင်၊ ကု-ကု ၂-ချက်တို့တွင် ပဌမအခြက်က ထူးမယ်မဟုတ်လား (မှန်ပါ)။ ကု-ဗျာက 'နာရမ္မဏ'-ဆိုတာ အနုလုံ သဟဇာတအတိုင်း မဟုတ်လား (မှန်ပါ)။ထူးတာဆိုတာ ခက်တာကို ပြောတာမဟုတ်ဘူးနော်၊ ပြီးခဲ့တာနဲ့မတူတာ ပြောတာ။

ဒါကြောင့် ကုသလေန ကုသလံ-၌ ကုသလော ဓမ္မော-ဟူသောကတ္တားပုဒ်၏ အရကား အရူပဘုံ၌ဖြစ်သောအခါ မဟာကုသိုလ်စိတ် ၈-ခု, အရူပကုသိုလ် ၄-ခု, အထက်မဂ် ၃-ခု, စေတသိက် အဌတိံသ အစိတ်အစိတ်နာမကွန္ဓာကိုစွဲ၍ ဖြစ်သော....အစိတ်အစိတ် နာမကွန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဘာခက်သလဲ၊သူမျှားနှင့်မတူတာဘဲ မဟုတ်လား၊ ခက်သလားလို့မေးတော့ သုဒ္ဓသခ်္ခါရလျှင် ဘယ် ကုသိုလ်ကောက်ရမယ်ဆိုတာ ကိုယ်သိပြီးသား ဖြစ်ရမယ်ပေါ့။

ကု-ဗျာက မထူးပါဘူး၊ အနုလုံသဟအတိုင်း၊ တနည်း နီးစပ်ရာပြောလျှင် နာဝရမ္မဏအတိုင်း ကောက်။

အကုသလေန အကုသလံ-၌ အကုသလော ဓမ္မော-ဟူသောကတ္တားပုဒ်၏ အရကား-အရူပဘုံ၌ဖြစ်သောအခါ ဒါကိုထည့်နော် (မှန်ပါ)။ လောဘမူစိတ် ၈-ခု, မောဟမူဒွေ, စေတသိက်တေဝီသ အစိတ်အစိတ် နာမကွန္ဓာကိုစွဲ၍ဖြစ်သော....အစိတ်စိတ်နာမကွန္ဓာ ပစ္စယုပ္ပန်တရား ရ၏၊ ပြီးသွားရော။

အဗျာကတဖြစ်ခဲ့သော် အဗျာကတေန အဗျာကတံ-၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား-သုဒ္ဓသခ်္ခါရအတိုင်းဆိုပါ၊ ဘယ်က စသတုံး၊ အရူပဝိပါက် ၄-ခု. အရူပဘုံ၌ ဖြစ်သောအခါ မနောဒ္ဓါ ရာဝဇ္ဇန်း, မဟာကြိယာစိတ် ၈-ခု, အရူပကြိယာစိတ် ၄-ခု, ဖိုလ် ၄-ခု, စေတသိက်ဆတ္တိံသ အစိတ်အစိတ်နာမကွန္ဓာကို စွဲ၍ဖြစ်သော....အဲဒီတရားတွေရဲ့ အစိတ်အစိတ် နာမကွန္ဓာ၊ ဒါက စဟုဝေါကာရဝိဘင်းအတွက် မဟုတ်လား (မှန်ပါ)။

ပဋ္ဌာဝေါကာရဝိဘင်းအတွက်က နာဝရမ္မဏအတိုင်း ဆက်ဆိုပါ၊ ဒါမှ ဒီမှာ ဝိဘင်းဆုံးမယ်၊ ဝိဘင်း ၂-ခုနော် (မှန်ပါ)။ ဘာတဲ့တုံး၊ ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏စုတိကြဉ် သော ဝိပါက်ဗာဝီသ, ကြိယာဝီသ, စေတသိက် အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော ဝိပါက် ကြိယာသည် ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

သူကတော့ ဝိဘင်းဆက်မို့လို့ နော်၊ ကုသိုလ်, အကုသိုလ်ကတော့ တဝိဘင်းမို့ လို့ မကောက်ခဲ့တာ၊

ပဋ္ဌိသန္ဓေကောက်တဲ့အခါ ပဋ္ဌာဝေါကာရ ပဋ္ဌိသန္ဓေပန္နရုပတင် ကောက်ရမယ် မဟုတ်လား(မှန်ပါ)။ အနုလုံသဟဇာတအတိုင်း။

အဲဒီထိရှုံ့ကလေး ကု-တချက်, အကု-တချက်, ဗျာဗျာပဝတ္ထိ ဦးဉာဏဝရ ကောက်စမ်းပါ။

ဦးဉာဏဝရ။ ။အထက်ပါအတိုင်း ကောက်သည်။

နံပစ္ဆာဇာတ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။နပုရေပြီးတော့ နပစ္ဆာဇာတ၊ ဦးဉာဏဝရ သုဒ္ဓသင်္ခ်ာကို ဆက်ဆိုစမ်းပါ။

ဦးဉာဏဝရ။ ။နပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ အလုံးစုံသော ပဝတ္ထိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး, စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္ထိကမ္မဇရုပ်၊ ဤတရားတို့သည် နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ခ်ာ နဝ, သတ္တရသ, တိဏ် ဟူသည်တည်း။

ဆရာတော်။ ။ဘာတွေ့ရသလဲလို့မေးလျှင် ဘယ်နှယ်ပြောမလဲ၊ နာမ်ကုန်, ရုပ်ကုန် ရတယ်၊ ဘာဖြစ်လို့ နာမ်,ရုပ်ကုန် ရသလဲဆိုတော့ အနုလုံမှာ မဟောခဲ့ရလို့။

ဒီတော့ နာမ်ကုန်, ရုပ်ကုန်ရနေလျှင် သူသည် အနုလုံတုန်းက နာမ်ကုန် ရုပ်ကုန်ရခဲ့တဲ့ သဟဇာတ ၄-ပစ္စည်းနှင့် ပါဠိတော်ရော, အရကောက်ပါ လုံးဝ တူပါသည်၊ ဒုါကြောင့် ရှေသွားပါ၊ သုဒ္ဓသင်္ခ်ာဆက်ရှတ်ပါဦး။

နာဝေသဝန သုဒ္ဓသင်္ခ်ာ

ဦးဉာဏဝရ။ ။နာသေဝနပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ အကုသိုလ်စိတ်ဒုါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ ပဌမဇော, အာဝဇ္ဇန်းဒွေး, ဝိပါက်စိတ်ဆတ္တိံသ, ပဝတ္ထိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး, စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်, အာဟာရဇရုပ်,ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္ထိကမ္မဇရုပ်၊ ဤတရားတို့သည် နာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ သင်္ခ်ာ နဝ, သတ္တရသ, တိဏ် ဟူသည်တည်း။

ဆရာတော်။ ။အဲဒီသုဒ္ဓသင်္ခ်ာကို သကိုယ်ကြပါ၊ အဓိပ္ပါယ်စိတ် မပြောခင် ပါဠိတော်ကို ပြောဦးမယ်။

ဒီနာသေဝနခေါ်တဲ့ ပါဠိတော်ဟာ ဘာနဲ့တူသလဲလို့ မေးလျှင် တော်တော်နေတော့ ဒို့ပါဠိတော်စာအုပ်တွေ ဖွင့်ကြည့်တော့ မရေးဘူး၊

"နာသေဝနပစ္စယမ္မိ နပစ္ဆာဇာတသဒိသံ"တဲ့၊ဒီတော့ ဘာနဲ့တူသတဲ့တုံး (နပစ္ဆာဇာတနဲ့ တူပါတယ်)။

နပစ္ဆာဇာတပါဠိတော်က ဘယ်မှာလဲမေးတော့ ဘယ့်နှယ်ပြောမလဲ (အနုလုံ သဟာကြီးပါဠိတော်နှင့် အတူတူပါဘဲ)။

အဲဒီလို ၂-ဆင့်၃-ဆင့်သွားရမှာ၊အဲဒီတော့ ကြားထဲမှာတခါပျောက်နေတတ်တယ်၊ နာသေဝနပါဠိတော် ဘာနဲ့တူသလဲ၊ နပစ္ဆာဇာတပါဠိတော်နဲ့တူတယ်၊ နပစ္ဆာဇာတပါဠိတော် ဘယ်မှာလဲမေးတော့ တခါ အနုလုံပြန်ကြည့်ရပြန်ရော။

နာသေဝန နပစ္ဆာဇာတနဲ့ တူတယ်ဆိုတာ ပါဠိတော်နဲ့ တူတာ(မှန်ပါ)။ နပစ္ဆာဇာတကတော့ သဟဇာတနဲ့တူတယ်ဆိုဟာ ပါဠိဟော်ရော အရကောက်ရော အကုန်တူတယ်၊ နာသေဝနကတော့ ပါဠိတော်သာ တူတယ်၊ အရကောက်မတူဘူး၊ ဘာဖြစ်လို့ မတူသလဲမေးလျှင် သုဒ္ဓသင်္ချာက တရားကို အသေးစိတ်ထားတယ်။

အနုလုံ အာဒေသဝနတုန်းက ဘယ်လိုဆိုသွားသတုံး၊ အကုသိုလ်ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော-တဲ့၊ အဲဒီမှာ ဒုတိယာဒိဇောဆိုတာ ဒုတိယကနေပြီး သတ္တမဇောထိအောင် အနုလုံကဟောတယ်၊ ပဌမဇော ကျန်မဒနဘူးလား (ကျန်ပါတယ်)။ အဲဒီကျန်တာ ပစ္စနိုက်ရောက်နေတာပေါ့၊ ဟိုတုန်းကတရားတွေရဲ့ ကျန်တာဘဲ မဟုတ်လား၊ ဒါကြောင့် အကုသိုလ်ဒွါဒသ, ဟသိတုပ္ပါဒ်, **မဟာကုသိုလ်**, **မ**ဟာကြိယာ ပဌမဇော။

ပြီးတော့ ဘာတုံး(အာဝဇ္ဇန်းဒွေး)။ ပြီးတော့ကော(ဝိပါက်စိတ်ဆတ္တိံသ)။ ဝိပါက်အကုန်ရကယ်မဟုတ်လား (မှန်ပါ)။အာသေဝနနဲ့ဝိပါကက ဘယ်တော့မှတဲ့တာမဟုတ်ဘူး၊ အမြဲတမ်းရန်ဖြစ်နေတဲ့ တရားတွေ၊ နောက် ပစ္စည်းတွန်းကျတော့ ဦးပဋ္ဌာန်းတို့ သိပါလိမ့်မယ်။

ဒီတော့ အဲဒီသုဒ္ဓသင်္ချာထဲမှာ ခုတင်က ဘုန်းကြီးပြောသလို အမြဲသတိထားကြပါ၊ ဒ္ဒို ဘာသင်နေသလဲ၊ **ကုသလတိက်ပဋ္ဌာန်း** သင်နေတယ်၊ သုဒ္ဓသင်္ချာပေါ်လာတဲ့တရားတိုင်းကို ကုသလာ ဓမ္မာ, **အ**ကုသလာ **ဓ**မ္မာ, **အ**ဗျာကတာ **ဓ**မ္မာထဲ**ဝ**င်ပြီး ယူရတယ်။

အရကောက်နည်း ညွှန်ပြချက်

ရှာကြည့်စမ်းပါ၊ ကုသလာ ဓမ္မာ-အရ အခု နာသေဝန သုဒ္ဓ**သ**င်္ချာထဲမှာ ဘယ်သူရှိသတုံး(ဗဟာကုသိုလ်ရှိပါတယ်)။ မဟာကုသိုလ် ပဌမဇောထိအောင် ဆိုပါ၊ **သ**ဝေထိုးကလေး (၉)တလုံး **ရ**တာ **ခ**ေါင်း**ခ**ေါင်းပါးပါး**ရ**ယ်။

အကုသလာ ဓမ္မာ-အရက ဘာရသတုံး (**အကုသိုလ်ဒ္ဓါဒသ ပဋ္ဌမဇော**)။ အကုသိုလ်ဒ္ဓါဒသရဲ့ ပဋ္ဌမဇော။

အားလုံးနားလည်အောင် နားထောင်ကြပါ၊ လွယ်လွယ်ကလေးနဲ့ အမှတ်တမဲ့ဆိုတော့ ဉာဏ်ထဲမှာရှုပ်သွားတက်ပါတယ်။

ကုသိုလ်ကလဲ မဟာကုသိုလ် ပဋ္ဌမဇောတင် ရတယ်၊ ကြင်းတဲ့ကုသိုလ်တွေနဲ့ မဆိုင်ဘူး။

ဘာပြောထားသလဲ၊ အနုလုံတုန်းက ဘုန်းကြီးပြောတာကလေး ပြန်ပြီးစပ်ကြစမ်းပါ၊ ကာမ, အပ္ပနာလို့ ဇောကို ၂-မျိုးခွဲပေးတယ် မဟုတ်လား (မှန်ပါ)။ ကာမဇောမှန်လျှင် အနုလုံမှာ ဒုတိယာဒိဇော ရတယ်၊ ပစ္စနိက်က ပဋ္ဌမဇော ယူရတယ်၊ အပ္ပနာဇောဆိုတဲ့ဥစ္စာကို အနုလုံက အကုန်လုံးယူသွားပြီ၊ ဒီမှာ အပ္ပနာဇောဘယ်နှစ်ခုပါလို့တုံး၊ ပါရဲ့လား (မပါပါ)။

အဗျာကတအနေနဲ့ကြည့်လျှင် ဘာတွေရသလဲ၊ ဟသိတုပ္ပါဒ် မဟာကြိယာ ပဋ္ဌမဇော၊ ဇောထဲက ဒါဟာ ကာမဇောဘဲမဟုတ်လား (မှန်ပါ)။ ပြီးတော့ ကျန်တာတွေက ဘာဝင်ဇန်းဒွေး, ဝိပါက်စိတ်ဆတ္တိ သ။

နားလည်ကြရဲ့နော် (မှန်ပါ)။ပါဠိတော်ကော့မရွတ်ပါနဲ့တော့ ဒီအတိုင်းဘဲ။

ဒါကြောင့် ကု ၃-ချက်တို့တွင် ကုသလေန ကုသလံ-ကောက်လျှင် မဟာကုသိုလ် ပဋ္ဌမဇောတင် ကောက်၊ ကုသလေန အဗျာကတံ-ဆိုလျှင် နာရမ္မဏအတိုင်း ကောက်။

အကုသလေန အကုသလံ-ဌ်လည်း ထို့အတူ အကုသိုလ်ဒ္ဓါဒသ ပဋ္ဌမဇော သာ ကောက်၊ အကု-ဗျာဖြစ်လျှင် နာရမ္မဏအတိုင်း အကုသိုလ် ဒ္ဓါဒသကြောင့် ဖြစ်တဲ့ ရုပ်ကိုကောက်ပေါ့၊ အကုက အကုဗျာဖြစ်လျှင်ကော ပဋ္ဌမဇောနဲ့တကွ သူ့ကြောင့်ဖြစ်တဲ့ရုပ်ကို ကောက်ရတယ်။

အဲဒီ ကု ၃-ချက် ကောက်စမ်းပါ။

ကု-ပဒ ၃-ချက်

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား – **မဟာကုသိုလ်ပဋ္ဌမဇော, စေတသိက်အဌတိ သ အစိတ်အစိတ် နာမကွန္ဓာကို** စွဲ၍ဖြစ်သော **မဟာကုသိုလ်ပဋ္ဌမဇော, စေတသိက်အဌတိ သ အစိတ်အစိတ် နာမကွန္ဓာ** ပစ္စယုပ္ပန်တရား **ရ၏**။ ဟိတ်ပါဋ္ဌအရကား **အာဓသဝနပစ္စည်းမှ တပါး**သော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ **ရ၏**။

ကုသလေန အဗျာကတံ၌ ကတ္တားပါဌ်အရကား–ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော အခါ ကုသိုလ်စိတ်ကေဝိသ, စေတသိက်အဌတိ သ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကုသလေန ကုသလာဗျာကတံ-၌ ကတ္တားပါဌ် အရကား မဟာကုသိုလ် ပဌမဇော, စေတသိက်အဌတိ သ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော မဟာကုသိုလ်ပဌမဇော, စေတသိက် အဌတိ သ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အကုသလေန အကုသလံ-စသော ၃-ချက်မှာလည်း အဃက်ကနည်း မှီ၍ ကောက်လေ။

အဲဒီမှာ သတိပြုစရာက ပဌမအချက်နှင့် တတိယအချက်က ပဌမဇောပေါ့၊ **အကျဉ်းချုပ်ကောက်လျှင်** ဒုတိယအချက်က နာဝရမ္မဏအတိုင်းဆိုတော့ ပဌမဇော-မဟုတ်ဘူး အကုန်လုံး ရတယ်၊ ကုသိုလ်ဖြစ်လဲ အကုန်လုံး, အကုသိုလ်ဖြစ်လဲ အကုန်လုံးဘဲ၊ အဲဒီလိုကလေးတွေလဲ ကောက်နှုတ်ချက်ကလေးနဲ့ မှတ်ထား ရတယ်၊

အဗျာကတေန အဗျာကတံ

အဗျာကတကျ၊တော့ ပါဠိတော်နေပုံက အနုလုံ သဟဇာတအတိုင်းဘဲလို့ ဆိုတယ်၊ ဒါကလေးက ပဋ္ဌိသန္ဓေက နောက်ပိုင်းတော့ မထူးပါဘူး၊ ရှေ့ပိုင်းက ပြောစရာကလေးရှိလို့ ချန်ထားတာ။

ပါဠိတော်က အနုလုံသဟဇာတအတိုင်း၊ **အရကောက်**ကတော့ တူမလားလို့ မေးတော့ သုဒ္ဓသင်္ချာ ကြည့်ကောက်ကြစမ်းပါ။

အဗျာကတေန **အဗျာကတံ**၌ ပဝတ္တိအခါ **အဗျာကတော** ဓမ္မာ ဟူသော ကတ္တားပုဒ်၏ **အရကား**–ဟသိတုပ္ပါဒ် **မဟာ**ကြိယာပဌမဇော, အာဝဇ္ဇန်း ဒွေး, ဝိပါက်စိတ်ဆယ်တို့ သ, စေတသိက်အဌတိ သ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော ဟသိတုပ္ပါဒ် **မဟာ**ကြိယာပဌမဇော, **အာ**ဝဇ္ဇန်း ဒွေး, ဝိပါက်စိတ် ဆယ်တို့ သ, စေတသိက်အဌတိ သ **အစိတ်အစိတ် နာ**မက္ခန္ဓာ၊ ထိုနာ**မ**က္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ်-ဆိုတော့ ဒါဟာ ဝိဘင်းအတိုင်း တရားကုန်နေပြီ မဟုတ်လား (မှန်ပါ)။ ဝိဘင်းအတိုင်းတော့ ကုန်တယ်၊ တရားက မကုန်ဘဲ ဖြစ်နေတယ်၊ သုဒ္ဓသင်္ချာမှာ ပါတဲ့တရား မကုန်သေးဘူးလို့ ပြောလိုတယ်။

ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာက စိတ္တဇရုပ်တွေ **အ**ကုန်လုံးရတယ် မဟုတ်ဘူး**လား** (မှန်ပါ)။ **သ**တိပြုနားထောင်ကြစမ်းပါ၊ အဲဒါ ပြောစရာရှိလို့။

သုဒ္ဓသခ်ၤာက စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ် စကဲ့ရုပ်တွေ အကုန်လုံး ရတယ်၊ အခု ဒီကနကာက်နေတဲ့ရုပ်က ဘယ်နလာက်မျှား ရနနသလဲ၊ မီးဖျောင်ကု-ဗျာမှာ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေ အကုန်လုံး ရတယ်၊ အကု-ဗျာမှာ အကုသိုလ်ဒွါဒသကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်တွေ အကုန်လုံး ၆ရာဘူးလား (ရပ်'တယ်)။ အခု ဗျာ ဗျာမှာ ရူပ်ကိုဖြစ်စေတတ်တဲ့ ဝိပါက်,ကြိယာ အကုန်လုံး ကြောင့်ဖြစ်တဲ့ ရူပ်တွေ ရရဲ့လားလို့ ကြည့်ရတယ်၊ ဘာတွေရှိသလဲ၊ ဟသိတုပ္ပါဒ် မဟာကြိယာပဋ္ဌမဇောတင် ရဘယ်မဟုတ်လား (မှန်ပါ)။ ဒုတိယာဒိဇောလို့ ခေါ်တဲ့ ဒုဘိယကစပြီး သတ္တမဇောတိုင်အောင် ဟသိတုပ္ပါဒ်မဟာကြိယာတို့ ကြောင့် ဖြစ်တဲ့ ရူပ်နတွေ ဘယ်မှာလဲ၊ နှားလည်ကြပြီနော် (မှန်ပါ)။ အခု မကောက်ရသေးဘူး မဟုတ်လား (မှန်ပါ)။

ဘယ်သူကြောင့် ဖြစ်တာလဲ၊ ဟသိတုပ္ပါဒ်, မဟာကြိယာ ဒုတိယာဒိဇော တွေကြောင့် ဖြစ်တဲ့ရူပ်တွေ ကျန်နေတယ်။

ဝိပါက်ကကော အကုန်လုံး ကျန်နေတယ်မဟုတ်လား (မှန်ပါ)။

ပြီးဟော့ မဟာဂျုတ်ကြိယာ ၉-ခုကြောင့်ဖြစ်တဲ့ ရူပ်တွေ ဘယ်မှာလဲ၊ မဟာဂျုတ်ကြိယာ ၉ ခုကြောင့်လဲ စိတ္တဇရူပ် ဖြစ်နိုင်တယ် မဟုတ်ဘူးလား (မှန်ပါ)။ သူ့ဘို့ကြောင့်ဖြစ်တဲ့ရူပ်တွေ ဘယ်မှာလဲ။

အဲဒီတရားတွေ ကျန်နေပါတယ်၊ အဲဒီတရားတွေ ပါဠိဘော် သီးသန့်မရှိ ပေမဲ့ ထည့်ကောက်ပါ။

နပုရောဘုန်းကတော့ ပဋ္ဌဝေါကာရဝိဘင်းဆိုပြီး တဝိဘင်း ထပ်ထွက်တယ် မဟုတ်လား (မှန်ပါ)။ ဒီမှာ ဝိဘင်းမထွက်ဘူး၊ အနုလုံသဟဇာတအတိုင်း။

ဒါကြောင့် ဟသိတုပ္ပါဒ်။ (ပ)။ အစိတ်အစိတ် နာမကွန္ဓာ၊ ထိုနာမကွန္ဓာ သည် ပြုအပ်သော စိတ္တဇရူပ်ဆိုတာ ဒါဟာ ဝိဘင်းအတိုင်း ကောက်တဲ့ အကောက်။

ပြီးတော့ ဆက်ဆိုကြပါ "ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော, မဟာဂျုတ်ကြိယာ ၉-ခု, စေတသိက်ပဋ္ဌတို့သ အစိတ်အပေါင်း နာမကွန္ဓာကိုစွဲ၍ ဖြစ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏"လို့၊ အဲဒါကို ပိုပြီး ထည့်ကောက်ရတယ်။

အပိုဆိုတာက ပါဠိတော်မရှိဘဲ ကောက်ဘာကို ပြောတာနော် (မှန်ပါ)။ တရားတွေ ကျန်နေလို့။

'ဒါကလေးဘဲ ထူးပါတယ်၊ ပဋ္ဌိသန္ဓေနှင့် ရူပ်သက်သက် စသည်တို့သည် အနုလုံသဟဇာတအတိုင်း ဘာမှုမထူးဘူး၊ ဦးဉာဏဝရ ပြန်ကောက်စမ်းပါ။

ဦးဥာဏဝရ။ ။အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ ။ပ။ ပစ္စယုပ္ပန် တရားရ၏။

ဆရာတော်။ ။ပဋိသန္ဓေတို့ ရုပ်သက်သက်တို့လည်း အနုလုံသဟအတိုင်း၊ ကုဗျာ-ဗျာတို့, အကုဗျာ-ဗျ-တို့လည်း တူသည်၊ တူတာတွေ မဟော တော့ဘူး၊ ရှေ့သွားရအောင်၊ နကမ္မသုဒ္ဓသင်္ချာ ဆိုစမ်းပါ။

နကမ္မ သုဒ္ဓသင်္ချာ

ဦးသူရိယ။ ။နကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာ, ဗာဟိရုရုပ်, အာဘာရဇရုပ်, ဥတုဇရုပ်၊ ဤတရားတို့သည် နကမ္မပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ သင်္ချာ တိကို, သတ္တ, တိကို ဟူသည်တည်း။

ဆရာတော်။ ။အားလုံး သတိပြုကြစမ်းပါ၊ ဘာတွေရသလဲမေးလျှင် အနုလုံ တုန်းက ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာကြဉ်သော-လို့ ဆိုပြီး ကြဉ်လိုက်တဲ့ စေတနာစေတသိက်ကလေး တလုံ့တည်း ပစ္စယုပ္ပန်အဖြစ် ဖြင့် နာမ်တရားရတယ်။

နဟောတုတုန်းက ဓမ္မာဟာစေတသိက် တလုံးတည်း ရနေသလို ဒီမှာလဲ စေတနာစေတသိက် တလုံးတည်း ရသည်၊ ၎င်းစေတနာသည် ကုသိုလ်နှင့် ယှဉ်ခိုက် စေတနာ, အကုသိုလ်နှင့်ယှဉ်ခိုက် စေတနာ, ကြိယာနှင့်ယှဉ်ခိုက် စေတနာ ဖြစ်ခြင်းကြောင့် သင်္ချာ ၃-မျိုး ဖြစ်လာရတယ်။

ပါဠိတော်ဟောပုံ

ဒါကြောင့်–ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကုသလေ ခန္ဓေ ပဋ္ဌိစ္စ ကုသလာ စေတနာ–တဲ့။

ကုသလေ–ကုသိုလ်ဖြစ်ကုန်သော။ ခန္ဓေ-အစိတ်အပေါင်း နာမ်ကိုးပါးကို။ ပဋ္ဌိစ္စ-စွဲ၍။ ကုသလာ ဓမ္မာ-ကုသိုလ်နှင့်ယှဉ်သော (၀၊) ကုသိုလ်ဌာ်ရှိသော **စေတနာ**သည်။ နကမ္မပစ္စယာ-နကမ္မပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ-ဖြစ်ရ၏။

ထို့အတူ–အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ **အကုသလေ** ခန္ဓေ ပဋ္ဌိစ္စ **အကုသလာ** စေတနာ။

အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကိရိ-ယာဗျာကတေ ခန္ဓေ ပဋ္ဌိစ္စ ကိရိယာစေတနာ။

နာမ်က ဒါဘဲရှိတယ်၊ ရူပ်ကတော့ ဗာဟိရစတဲ့ ရူပ် ၃-မျိုး မဟုတ်လား (မှန်ပါ)။ ခါတိုင်းလို ဗာဟိရဲ့, အာဟာရသမုဋ္ဌာန်, ဥတုသမုဋ္ဌာန် ဆိုပေါ့၊ ပါဠိတော်ဟောပုံ ထားခဲ့ကြပါစို့၊ အရကောက်ကြည့်ကြစမ်းပါ။

အရကောက်

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား– ကုသိုလ်စိတ် ကေဝိသ, စေတနာကြဉ်သော စေတသိက်သတ္တတိ ံသ အစိတ် အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်ကေဝိသ၌ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

အကုသလေန အကုသလံ၌ ကတ္တားပါဋ္ဌအရကား– အကုသိုလ်စိတ်ဒ္ဒါဒသ, စေတနာကြဉ်သော စေတသိက်ဆဗ္ဗီသ အစိတ်အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်ဒ္ဒါဒသ၌ရှိသော စေတနာ၊ ဒါက အကုသိုလ်ဖြစ်လျှင် ကေဝက်ပုံ။

အဗျာကတဖြစ်လျှင် အဗျာကတေန အဗျာကတံ၌ ပဝတ္တော်အခါ ကတ္တားပါဋ္ဌ၏ အရကား– ကြိယာစိတ်ဝီသ, စေတနာကြဉ်သော စေတသိက် စတုတိ ံသ အစိတ်အပေါင်း နာမကွန္ဓာကို စွဲ၍ဖြစ်သော ကြိယာ၌ရှိသော စေတနာ၊ နာမ်က ဒါဘဲမဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓေလို့ မရှိဘူး။

ရူပ်သက်သက်ဖြစ်အုံ့၊ ဗာဟိရမဟာဘူတ်, အာဟာရဇမဟာဘူတ်, ဥတုဇမဟာဘူတ်ကို စွဲ၍ဖြစ်သော မဟာဘူတ်နှင့် တကွသော ဗာဟိရဥပါဒါ, အာ-ဟာရဇဥပါဒါ, ဥတုဇဥပါဒါရူပ် ပစ္စယုပ္ပန်တရား ရ၏၊ ဦးသူရိယ ကောက်စမ်းပါ။

ဦးသူရိယ။ ။အထက်ပါအတိုင်း ကောက်သည်။

ဆရာတော်။ ။ကမ္မကုန်သွားပြီ၊ ဝိပါကစတဲ့ ပစ္စည်းတွေ့ရဲ့ သုဒ္ဓသခ်္ခါတွေ ကြေအောင်ကျက်ခဲ့ကြ၊ နက်ဖြန်ခါကျမှ ကုန်အောင်ဟောကြယ်၊ တော်ကြဦးစို့။

နဝိပါက သုဒ္ဓသခ်္ခါ

နဝိပါကပစ္စည်း၏ သုဒ္ဓသခ်္ခါဝါရ၌ ကုသိုလ်, အကုသိုလ်, ကြိယာနာမကွန္ဓာ၊ ထိုကုသိုလ်, အကုသိုလ်, ကြိယာသည် ပြူအပ်သော စိတ္တဇရူပ်, ဗာဟိရရူပ်, အာဟာရဇရူပ်, ဥတုဇရူပ်, အသညသတ်ကမ္မဇရူပ်, ပဝတ္တိကမ္မဇရူပ်၊ ဤတရားတို့သည် နဝိပါကပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ သခ်္ခါ– နဝ, သတ္တရသ, တိဏ် ဟူသည်တည်း။

ဆရာတော်။ ။ဘာတမ်းတွေ ရှသလဲလို့ အားလုံးက နှိုင်းချိန်ကြည့်ပါ၊ နာမည်ကေ နဝပါကဆိုသဖြင့် အကျဉ်းချုပ် ပြောလျှင် စိတ်ဂဇု-ထဲမှာ ဝိပါက်မပါတဲ့ တရားဟုဟာ နဝိပါက တရားဘဲ။

ဝိပါက်မပါဘဲနဲ့ ကျန်တဲ့တရားတွေဟာ ဘယ်သူလဲမေးလျှင် ကုသိုလ်တမျိုး, အကုသိုလ်တမျိုး, ကြိယာဟာမျိုးဘဲ (မှန်ပါ)။

အဲဒီနာမ်တရားကို မြင်သဖြင့် ရုပ်ကိုသွားကြည့်တဲ့အခါမှာ စိတ္တဇရုပ်သည် ထိုနာမ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်သာ ဖြစ်ရတယ်၊ ထို နာမ်ကြောင့်ဆိုတာ ဘယ်သူလဲ–ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဟာမျိုး ရှမယ်၊ အကုသိုလ်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တမျိုး ရှမယ်၊ အဗျာကတနယ်မှ ကြိယာကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ရှမယ်။

သတိပြု၊ဝိပါက်ပါမလာခြင်းကြောင့် ပဋ္ဌာန်းနဲ့ ကမ္မဇရုပ်ရှိမလား(မရှိပါ)။

ပါဠိတော် ဟောပုံ

အဲဒီတရားကို တွေ့အောင်ရှာပြီးတော့ ဘုရားဟောတဲ့ ပါဠိတော်တွေ စီလျှင် ကုသလပဒ ၃-ချက် အပြည့်အစုံ ပါဠိတော်ရတယ်၊ အကုသလပဒ ၃-ချက် အပြည့်စုံရတယ်။

အဗျာကတပဒ ကြည့်ကြစမ်းပါ၊ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဝိပါကပစ္စယာ။

အဲဒီမှာ ဘာဖြုတ်ပစ်ရမလဲ (ဝိပါကာဗျာကတံ ဖြုတ်ရပါမယ်)။

ဒါကြောင့်–ကိရိယာဗျာကတံ ကော် ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ကော် ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒါက ပဝတ္တိအတွက်မဟုတ်လား (မှန်ပါ)။

ဝိပါက်မရှိဘူး မဟုတ်လား၊ ဒီတော့ 'ပဋ္ဌိသန္ဓိကွဟော' လို့ ဟောလို့ရမလား (မရပါ)။ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ-အထိ ဟောလို့မဖြစ်၊ မှတ်ထားခဲ့ကြစမ်းပါ၊ ပြီးတော့ အားလုံးဟောရအောင်။

ရုပ်မှာ ဘာရုပ်လျှော့ကယ်၊ ပဋ္ဌိသန္ဓေ ကမ္မဇရုပ် လျှော့ဟယ်မဟုတ်လား (မှန်ပါ)။

ကော် မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ကော် မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ..

ပဋ္ဌိစ္စ စိတ္တာသမုဋ္ဌာန် ရူပံ ဥပါဒါရူပံ၊ ကြွင်းတဲ့ ဗာဟိရ စတဲ့ ရုပ်တွေ အကုန် ရမယ်မဟုတ်လား (မှန်ပါ)။ သူတို့ ပါဠိတော်တွေ အကုန်ထည့်ဟောပါ။

ပြီးတော့ ကုဗျာ-ဗျာ, အကုဗျာ-ဗျာ – အားလုံး ကြည်ညိုဖွယ် ဖြစ်အောင် ပြေးပြေး ဟော-ကြစမ်းပါ။

သံဃာတော်များ။ ။ပါဠိတော် တခေါက်ဟောသည်။

ဆရာတော်။ ။ဘုရား ဟောတဲ့ ပါဠိတော်တွေ မကျက်ဘဲနဲ့ စာအုပ်မကြည့်ဘဲနဲ့ နည်းပေးလျှင် အလွတ်ရတ်နိုင်တယ်၊ ပုဂ္ဂိုလ်မရွေး အလွတ်ရတ်လို့ရတယ်လို့ ဆိုလျှင် ကွယ်ရာကနေပြီး အသားလွတ် ပြောလျှင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ အဲဒါ ဦးပဉ္စင်းတို့ တလုံးမှ ကျက်တာမဟုတ်ဘဲ အကုန်လုံး ရနေတယ်၊ ဒါဘုရား ပေါ့ ပါဠိတော် (မှန်ပါ)။

အရကောက် အညွှန်း

ဒီပါဠိတော်ရဲ့အရ ကောက်ကြစို့ ဆိုတော့ ကု-ဉ-ချက် အကု-ဉ-ချက် အနုလုံ သဟစာတအတိုင်း ကောက်ပါ၊ အတူတူပါဘဲမဟုတ်လား(မှန်ပါ)။

အဗျာကတ ကောက်လျှင် ဘယ်လိုလုပ် ကောက်မလဲ-သတိပြုကြစမ်းပါ။

အဗျာကတော်နဲ့ အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ကြိယာစိတ် ဝိသ, စေတသိက် ပဋ္ဌတိ သ အစိတ်အစိတ် နာမကွန္ဒာကို စွဲ၍ဖြစ်သော ကြိယာစိတ် ဝိသ, စေတသိက် ပဋ္ဌတိ သ အစိတ် အစိတ် နာမကွန္ဒာ၊ ထို နာမကွန္ဒာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရား ရ၏။

ဒါက ပဝတ္တိအတွက်၊ ပဋ္ဌိသန္ဓေ ရဉီးမလား (မရုပါ)။

ရုပ်သက်သက်၌ ကတ္တားပါ၌ အရကား ပဋ္ဌဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်, အကုသိုလ်, ကြိယာ နာမကွန္ဒာတို့သည် ယထာရဟပြုအပ်သော စိတ္တဇ ဖဿာဘုတ်, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ် ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့် တကွသော စိတ္တဇဥပါဒါ ။ ၀ ။ ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဒါကလေးဘဲ ထူးတယ်၊ မှတ်ထားကြပေါ့၊ အားလုံးဘဲ ဆိုတတ်လောက် ပါတယ်၊ ခက်လဲ မခက်လှပါဘူး၊ ရှေ့သွားရအောင်။

နအာဟာရ သုဒ္ဓသင်္ချာ

နအာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာကို ဦးသုဇာတ ဆိုစမ်းပါ။

ဦးသုဇာတ။ ။နအာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ ဗာဟိရရုပ်, ဥတုဇရုပ်, အသည္ဓသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤကဆုံးတို့သည် နအာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန္နမမ္မဖြစ်သော တဆုံးတို့မည်ကုန်၏၊ သင်္ချာ-ကော်, ကော ဟူသည်ကား။

ဆရာတော်။ ။ရုပ် ဘယ်နှစ်မျိုး ရှိသလဲ (၄-မျိုး ရှိပါတယ်)။ ကော်-ဆိုတာ ဘယ်သူတုံး (အဗျာကတဇေန အဗျာကတံ)။

ကဲ-ဦးသုဇာက ကိုဖော်ပါဠိတော် ကိုယ်ဘဲစီစမ်းပါ၊ ပြီးတော့ အရလဲ ကိုယ့်ဖာသာ ကိုယ် ကောက်စမ်းပါ။

ဦးသုဇာတ။ ။အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နအာဟာရပစ္စယာ၊ ဗာဟိရံ ဥတုသမုट्ठာနံ ကော် မဟာဘူတံ ပဋ္ဌိစ္စ ဟယော မဟာဘူဟာ၊ ဟယော မဟာဘူတေ ပဋ္ဌိစ္စ ကော် မဟာဘူတံ၊ ဒွေ မဟာ-ဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋ္ဌိစ္စ ဥပါဒါရူပံ။ အသည္ဓသတ္တာနံ ကော် မဟာဘူတံ ပဋ္ဌိစ္စ ဟယော မဟာဘူတာ၊ ဟယော မဟာ-ဘူတေ ပဋ္ဌိစ္စ ကော် မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋ္ဌိစ္စ ဥပါဒါရူပံ။

အဗျာကတေန အဗျာကတံ-၌ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပါဠိ အရကား-ဗာဟိရမဟာဘူတ်, ဥတုဇမဟာဘူတ်, အသည္ဓသတ်ကမ္မဇမဟာဘူတ်, ပဝတ္တိကမ္မဇမဟာဘူတ်ကို စွဲ၍ဖြစ်သော မဟာဘူတ်နှင့်တကွ ဗာဟိရဥပါဒါ, ဥတုဇဥပါဒါ, အသည္ဓသတ်ကမ္မဇဥပါဒါရုပ်, ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန် တရား ရ၏။

နအာဟာရပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား အာဟာရပစ္စည်းမှ ဘပါးသော ပစ္စည်းတရားတို့၏ ယဇာရုဟသတ္တိ ရ၏။

ဆရာတော်။ ။ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာရှုနေလျှင် အားလုံး ပေါ်ပေါ်ကြမှာပေါ့၊ နားထောင်နေကြစမ်းပါ၊ အဲဒီက ဓနုတက်ပိုင်းကို ဘာမျိုး ထူးသလဲလို့။

သုဒ္ဓသင်္ချာရှုတ်ကြည့်လိုက် ဘာတရားရသလဲ၊ အဲဒီ ရလာတဲ့တရားကို သိလျှင် သင်္ချာ ဒီဘယ်လိုထုတ်မလဲ၊ သင်္ချာထုတ်ကြီးတော့ ပါဠိတော် ဘယ်လိုရှုတ်မလဲ၊အရ ဘယ်လိုကောက်မလဲ ဆိုတာ ဒီလို တရားနည်းနည်း ကလေး ရှိတဲ့နေရာမှာ ကိုယ်တိုင်လုပ်ကြည့်ရတယ်။

နက္ခတ္တိယ သုဒ္ဓသင်္ချာ

နောက်တခု ကြည့်ကြပါ၊ မရှုတ်တောဘူးနော်၊ အားလုံးက သတိပြုပြီး မှတ်တာ ပိုပြီးကောင်းပါတယ်၊ နောက်ပစ္စည်းက ဘာလဲ (နက္ခတ္တိယပစ္စည်းပါ)။ ဦးပညာနန္ဒ သုဒ္ဓသင်္ချာ ဆိုစမ်းပါ။

ဦးပညာနန္ဒ။ ။နက္ခတ္တိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ–ဗာဟိရရူပ်, အာဟာရဇရူပ်, ဥတုဇရူပ်, အသညသတ် ရူပ်ဇီဝိတိန္ဒြေ, ပဝတ္တိ ရူပ်ဇီဝိတိန္ဒြေ ဤတရားတို့သည် နက္ခတ္တိယပစ္စည်း၏ ပစ္စယုပ္ပန္နမမြဖစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ-ဧကံ, ဧကံ ဟူသည်ဟည်း။

ဆရာတော်။ ။နာမ်ပါလျှင် ဧကံ ၃ ကြိမ်ရှတ်၊ ရူပ်ပစ္စည်းဖြစ်လျှင် ဧကံ-ဧကံ လို့ ၂-ကြိမ်ရှတ်၊ အဓိပ္ပါယ် မနောက်တော့ သိလာလိမ့်မယ်ပေါ့၊ ဘုန်းကြီး ပြောပေးမယ် ဘာကြောင့် ၂-ကြိမ်, ၃-ကြိမ် ထည့်ပေးသလဲဆိုတာ။

အခုရနေတဲ့ရူပ်တွေက ဘာတွေတဲ့တုံး၊ ဗာဟိရရူပ်, အာဟာရဇရူပ်, ဥတုဇရူပ်လို့ ရူပ်ကြီး ၃-ခု ရတယ်၊ ပြီးတော့ အနုလုံက ကြည့်ထားတာကဘာတုံး (ရူပ်ဇီဝိတိန္ဒြေ)။ အသညသတ် ရူပ်ဇီဝိတိန္ဒြေ ပဝတ္တိ ရူပ်ဇီဝိတိန္ဒြေ၊ အဲဒါကလေး အတွက် ဦးပဉ္စင်းတို့ သိဘို့လိုလာတယ်၊ ရှေရူပ် ၃-မျိုးက မထူးဘူးလေ၊ ပါဠိတော် စီလျှင်လဲ ခုတင်ကစီသလိုဘဲ၊ အားလုံး သတိပြုကြစမ်းပါ။

အဗျာကတံ မမှီ ပဋ္ဌိစ္စ အဗျာကတော မမ္မော ဥပ္ပဇ္ဇတိ နက္ခတ္တိယပစ္စယာ၊ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋ္ဌိစ္စ ဟယော မဟာဘူတာ၊ ဟယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋ္ဌိစ္စ ဥပါဒါရူပံ။

ပြီးတော့ ကျန်တဲ့ရူပ်က ရူပ်ဇီဝိတ တခုတည်း မဟုတ်လား (မှန်ပါ)။ အသညသတ္တာနံ မဟာဘူတေ ပဋ္ဌိစ္စ ရူပဇီဝိတိန္ဒြိယံ။

အညမညတုန်းက ရှုတ်သလိုပေါ့၊ အသညသတ္တာနံ မဟာဘူတေ ပဋ္ဌိစ္စ ဥပါဒါရူပံ မဟုတ်လား၊ (မှန်ပါ)။ ဟိုတုန်းကလော့ ဥပါဒါရူပ်တွေ အကုန်ရတယ်၊ အခုတော့ ရူပ်ဇီဝိတိန္ဒြေ တခုတည်းရတယ်၊ ကောက်တော့လဲ ဒီရူပ်ကို သီးသန့် ကောက်ရတယ်၊ အသညသတ် ကမ္မဇမဟာဘူတ်, ပဝတ္တိကမ္မဇမဟာဘူတ်ကို စွဲ၍ဖြစ်သော ရူပ်ဇီဝိတိန္ဒြေ-လို့ ကောက်ပါ။

အဲဒါကို အားလုံးမှတ်ထားကြပါ၊ ဘာကလေး ပိုလာသလဲ၊ အသည-သတ္တာနံ မဟာဘူတေ ပဋ္ဌိစ္စ ရူပဇီဝိတိန္ဒြိယံ—ဒါကပါဠိတော်၊ အရကောက်က အသညသတ်ကမ္မဇမဟာဘူတ်, ပဝတ္တိကမ္မဇမဟာဘူတ်ကို စွဲ၍ဖြစ်သော ရူပ်ဇီဝိတိန္ဒြေ ပစ္စယုပ္ပန်တရား ရ၏။ နက္ခတ္တိယ ပြီးသွားရော၊ ရှေသွားပါ။

နစျာန သုဒ္ဓသင်္ချာ

ဆရာတော်။ ။ဦးကောလိယ ဟောစမ်းပါ သုဒ္ဓသင်္ချာ။

ဦးကောလိယ။ ။နစျာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒွေ့ ဒွေပဋ္ဌိဝိညာဏ်-၁၀ နာမကွန္ဓာ, ဗာဟိရရူပ်, အာဟာရဇရူပ်, ဥတုဇရူပ်, အသညသတ်ကမ္မဇရူပ်, ပဝတ္တိကမ္မဇရူပ်၊ ဤတရားတို့သည် နစျာနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ- ကေံ, ကေံ, ကေံ ဟူသည် တည်း။

သင်္ချာ ၂-ကြိမ်နှင့် ၃-ကြိမ် ထုတ်ပုံ

ဆရာတော်။ ။အဲဒီ နေထုကနေပြီး ဘုန်းကြီးခုတင်ကပြောတဲ့ သင်္ချာထုတ်နည်းကို နည်းနည်းပြောမယ်၊ ရုပ်ချည်း ရနေလျှင် ကေံ ၂-ချက် နာမ်ပါ ပါလာလျှင် ကေံ ဖြစ်ဖြစ်, ဘာဖြစ်ဖြစ်ပေါ့ ၃-မျိုး ထုတ်ရတယ်၊ သင်္ချာ ၃-ချက်ထွက်တယ်၊ ၃-ကြိမ် ထုတ်ရတယ်။

ဘယ်မှာတုံးလို့ မေးလျှင် ဆဝါရတခုလုံးနဲ့ ခြုံကြည့်လျှင် သင်္ချာထွက်နေပုံဟာ ရုပ်ချည်း ရနေတာက အနုလုံမှာ မရှိပါဘူး၊ ပစ္စနိက်ကျမှ လာတွေ့ရတယ်။

အဲဒီလို ရုပ်ချည်း ရနေတဲ့အခါကျတော့ ဘာဖြစ်လို့ သင်္ချာ ၂-ကြိမ်သာ ထုတ်ရသလဲလို့ မေးလျှင် ဆဝါရကို ဦးပဋ္ဌင်းတို့ စသင်ဘို့ အုတ်မြစ်ချတဲ့အချိန်တုန်းက ဝါရ ၆-ခု အစဉ်အတိုင်းရေးတယ်၊ ပြီးတော့ ၁-နဲ့- ; တဲ့တယ်, ၃-နဲ့-၄ တဲ့တယ်, ၅-နဲ့ ၆ တဲ့တယ် မဟုတ်လား (မှန်ပါ)။ မူရင်းကို ပြန်ပြောတာ၊ မူရင်းကနေ မှတ်ကြပါ။

ဒီတော့ နံပါတ် ၁-အတွဲက ပဋ္ဌိစ္စနှင့် သဟဇာတ ဝါရမှာ ဟောတဲ့ဘာသာကဘာတုံး (သဟဇာတပစ္စည်း)။ ဒုတိယအတွဲကကော (နိဿယပစ္စည်း)။ တတိယအတွဲကကော (သမ္ပယုတ္တပစ္စည်း)။

သမ္ပယုတ္တပစ္စည်း ဟောတယ်ဆိုတော့ သမ္ပယုတ္တပစ္စည်းရဲ့ ပစ္စည်း, ပစ္စယုပ္ပန်ကို ပဋ္ဌာဝါရအလိုဘဲ ကြည့်ကြည့်, ဆဝါရအလိုဘဲ ကြည့်ကြည့် အနုလုံဟာ ဘာတွေလဲလို့ မေးလျှင် နာမ်တရားတွေ။

သမ္ပယုတ္တပစ္စည်းဆိုတာ ဘာတရားဟောသလဲ မေးလျှင် နာမ်တရားတွေ၊ ရုပ်တလုံးမှ မပါရဘူး။

အဲဒီလို နာမ်တရားချည်းသာ ဟောနိုင်တဲ့ နောက်ပိတ်ဆုံးဖြစ်တဲ့ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရမှာ ရုပ်ချည်းရနေတဲ့ ခုတင်ကဟောခဲ့တဲ့ နအာဟာရ-တို့လို့ နဇရူပ-တို့ကို ပစ္စည်းမျိုး ဟောလို့ရပါ့မလား (မရပါ)။ ဘယ်လိုဟာမှ

ဟောမှာတုံ့မေးလျှင် နာမ်ရမှ ဟောမှာမဟုတ်လား (မှန်ပါ)။ ရုပ်ချည်းရနေတဲ့ သုဒ္ဓသင်္ချာတရားက အဲဒီနောက်ပိတ်ဆုံး ဒွေဝါရ-မှာ ဟောလို့ မရဘူး။

ဒါကြောင့် တနေ့ကလဲ ဘုန်းကြီး တခါပြောခဲ့ဟယ်၊ ဘာတဲ့တုံ့ သတိပြန်ပြုကြစမ်းပါ၊ ဆဝါရအားလုံးရဲ့ အနုလုံမှာ ပစ္ဆာဇာတပစ္စည်းမှတပါးသော ၂၃-ပစ္စည်းကို ဟောတော်မူသည်။ ဒီလို မဟုတ်လား (မှန်ပါ)။

ပစ္စနိုက် အနေနဲ့ပြောတော့ တနေ့က ကလေးမှာကင် ပြောပြီးသားပါ၊ စတု-ဝါရဟုခေါ်အပ်သော ရှေ့ ၄-ဝါရမှာ သဟဇာတကြီး ၄-ပစ္စည်းမှကပါးသော ၂၀-သောပစ္စည်းကို ဟောတော်မူသည်။

လေးလေးနက်နက်ကလေး မှတ်ထားကြစမ်းပါ၊ ဘယ်ဝါရမှာလဲ မေးလျှင် စတုဝါရခေါ်တဲ့ ရှေ့ ၄-ဝါရမှာ (မှန်ပါ)။

သံသဋ္ဌ, သမ္ပယုတ္တဝါရ ပစ္စနိုက်မှာ
၁၀-ပစ္စည်းကိုသာ ဟောခြင်း

အခု တွေ့နေပြီ၊ ဒွေဝါရဟုခေါ်သော သံသဋ္ဌ, သမ္ပယုတ္တ ၂-ဝါရမှာ ဘယ်နှစ်ပစ္စည်းမျှား ဟောမလဲလို့မေးလျှင် အခုပြောနေတဲ့ ရုပ်ချည်းရနေတဲ့ပစ္စည်းကို မဟောဘူး-လို့ ဆိုခဲ့တယ် မဟုတ်လား(မှန်ပါ)။ အားလုံး သတိပြုကြပါ၊ ဦးပဉ္စင်းတို့ သိနေတယ် မမှတ်တတ်သေးလို့၊ နာရမ္မဏ အစရှိတဲ့ ၇-ပစ္စည်းမှာ နာမ်ပါရဲ့လား (မပါပါ)။ ရုပ်အကုန်မဟုတ်လား၊ (မှန်ပါ)။ အဲဒီ ၇-ပစ္စည်းလဲ ဟောလို့ မရဘူး။

ပြီးသွားတဲ့ နအညမညတုန်းကရော နာမ်ပါရဲ့လား (မပါပါ)။ မပါဘူး၊ ဒီတော့ ဘယ်လောက် ရှိသွားပြီလဲ (၈-ပစ္စည်း ရှိသွားပါပြီ)။

ခုတင်က ဟောသွားတဲ့ နအာဟာရနှင့် နဣန္ဒြိယမှာကော နာမ်ပါရဲ့လား (မပါပါ)။ ပေါင်းတော့ ဘယ်နှစ်ပစ္စည်း ရှိသွားပြီလဲ(၁၀-ပစ္စည်း ရှိသွားပါပြီ)။

ဒါကြောင့် အဲဒီ ၁၀-ပစ္စည်းပါ ထပ်ကြိုး နှုတ်ရလိမ့်မယ်။

ဒီခေတော့ ဒီလို မှတ်ကြစို့လား 'ဒွေဝါရဟု ဆိုအပ်သော နောက်ဆုံး သံသဋ္ဌ, သမ္ပယုတ္တ ဝါရဘို့မှာ ပစ္စနိုက်မှာ ပြောတာနော်(မှန်ပါ)။ သဟဇာတကြီး ၄-ပစ္စည်း, နာရမ္မဏစသော ၇-ပစ္စည်း, နအညမညဉ, နအာဟာရ, နဣန္ဒြိယ၊ ပေါင်း ၁၄-ပစ္စည်းမှတပါး ကြွင်းသော ၁၀ ပစ္စည်း[1]ကိုသာ ဟောတော်မူသည်။'

---

[1]။ ၁၀-ပစ္စည်း=ဟေတု အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ကမ္မ ဝိပါက စျာန မဂ္ဂ သမ္ပယုတ္တ ပစ္စည်းမျှား။

ဒီကောက်နှုတ်ချက်ကလေးတွေက အမှတ်တမဲ့နဲ့မို့ ဦးပဉ္စင်းတို့ မသိခဲ့ကြပါဘူး၊ စာသင်တာ ရှိတာကလေး လျှောက်ဆို့, စာအုပ်ထဲရှိတာကလေး ကောက်ကျက်, အဲဒီလို လုပ်တတ်ကြပါတယ်၊ အခု ဘုန်းကြီးပေးနေတဲ့ ကောက်နှုတ်ချက်ကလေးတွေကို ကိုယ့်ဉာဏ်ထဲမှာ စဲ့လာအောင် အားထုတ်ကြပါ။

နောက်တခေါက် ပြန်ပြောဦးမယ် ဒီစကားကို "ဒွေဝါရဟု ဆိုအပ်သော နောက်ဆုံး သံသဠ, သမ္မယုတ္တ ၂-ဝါရရဲ့ ပစ္စနိုက်မှာ သဟကြီး ၄-ပစ္စည်း, နာရမ္မဏစသော ၃-ပစ္စည်း, နအညမညဿ, နအာဟာရ, နဣန္ဒြိယ၊ ပေါင်း ၁၄-ပစ္စည်းမှတပါး ကြွင်းသော ၁၀-ပစ္စည်းကိုသာ ဟောတော်မူသည်။" အဲဒါ ကောက်နှုတ်ချက် မှတ်တမ်းပါဘဲ။

ထားပါတော့ ပြီးပြီ၊ ဒါက နာသမ္မယုတ္တမှာ မဟောနိုင်တဲ့ဟာတွေ(မှန်ပါ)။

ခုတင်က ရှုတ်သွားဘဲ့ နစ္စာနပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ၌ ဒွေပဋ္ဌိညာဏ်-၁၀ နာမက္ခန္ဓာ-တဲ့၊ အနုလုံက စ္စာနပစ္စည်းမှာ ဒွေပဋ္ဌိညာဏ် ၁၀-ကြဉ်တဲ့နာမ်တွေ အကုန်ရှတယ်မဟုတ်လား (မှန်ပါ)။ ကြဉ်တဲ့ ဒွေပဋ္ဌိညာဏ် ၁၀-က ဒီမှာ ရောက်နေရော(မှန်ပါ)။

အနုလုံက ရူပ် ၂-မျိုး ရသွားတယ်၊ ရူပ် ၂-မျိုး ရသွားတော့ ကျန်ကဲ့ရူပ် ဘယ်နှစ်မျိုးတုံး(၅ မျိုးပါ)။ ဗာဟိရရူပ်, အာဘာရဇရူပ်, ဥတုဇရူပ်, အသညသတ်ကမ္မဇရူပ်, ပဝတ္တိကမ္မဇရူပ် ၅-မျိုး၊ အဲဒါက ဒီမှာ ရောက်သာတယ်။

သူတို့ကို ပါဠိစီတော့ စောစောက စီနေတဲ့အပိုင်း ဒွေပဋ္ဌိညာဏ်-၁၀ နာမက္ခန္ဓာ ဆိုတာကို မြတ်စွာဘုရားကိုယ်တော်တိုင် ပါဠိစီတော်မူတဲ့နည်း။

မသိတော့လဲ အခက်, သိတော့လဲ အလွယ်ဘဲ၊ ပဌမကြီးဘန်းမှာ အဲဒီဥစ္စာ ပါဠိစီခဲ့ပါဆိုလျှင် မလွယ်လှဘူး။

'ပဋ္ဌိညာဏ သဟာတ'-တဲ့၊ သူလို ငါလိုစီတဲ့ ပါဠိမဟုတ်ဘူး၊ မြတ်စွာဘုရားစီတော်မူတဲ့ပါဠိ၊ ဘယ်သူကို စီတာလဲ (ဒွေပဋ္ဌိညာဏ်-၁၀ နာမက္ခန္ဓာကို စီတာပါ)။

> အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နစ္စာနပစ္စယာ၊ ပဋ္ဌိညာဏသဟဂတံ ကေ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။

သူက ရူပ်မှ မရှိဘဲ၊ ရူပ်ကိုလဲ မဖြစ်စေနိုင်ဘူး မဟုတ်လား (မှန်ပါ)။

ကောက်တော့ ဘာကောက်သလဲ၊ အဗျာကတေနဲ့ အဗျာကတံ၌ ပဝတ္တိအခါ ကတ္တားပါ၌၏ အရကား– ဒွေ ပဋ္ဌိညာဏ် ၁၀, သဗ္ဗစိတ္တသာဓारณစေတသိက်

၃-ခု, အစိတ်အစိတ် နာမကွန္ဓာကိုစဉ်ဖြစ်သော...ဒီ တရားဘဲ ပြန်ကောက်မှာ မဟုတ်လား(မှန်ပါ)။ အနုလုံက ကြည်သမျှ ပစ္စနိုက်မှာ အကုန် ထောက်နေတယ်၊ ကျန်တဲ့ရုပ်တွေကို ထုံးစံအတိုင်း ကောက်၊ ဗာဟိရမဟာဘူတ်-စသည် ဆိုရုံဘဲ၊ ဦးကောလိယ ပါဠိတော်နှင့်တကွ ကောက်စမ်းပါ။

ဦးကောလိယ။ ။တခေါက်ဆိုသည်။

နမဂ္ဂ သုဒ္ဓသင်္ချာ

ဆရာတော်။ ။ဦးဥာဏ နမဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာကို ဆိုစမ်းပါ။

ဦးဥာဏ။ ။နမဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ အဟိတ် ပဝတ္တိပဋ္ဌိသန္ဓေ-နာမကွန္ဓာ ၄-ပါး, အဟိတ်စိတ္တဇရုပ်,အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤ တရားတို့သည် နမဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန္နမမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ-ကေ, ကေ, ကေ-ဟူသည်တည်း။

ဆရာတော်။ ။ပါဠိတော် ဆိုပါဦး။

ဦးဥာဏ။ ။အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နမဂ္ဂ-ပစ္စယာ၊ အဟေတုကံ ဝိပါကာဗျာကတံ ။ပ။ ဥပါဒါရူပံ။

ဆရာတော်။ ။နဟေတုအတိုင်းဘဲ၊ ကောက်တော့လဲ အဲဒီအတိုင်းဘဲ၊ ဟိုတုန်း ကတော့ ဟေတုပစ္စည်းမှတပါး, အခုတော့ မဂ္ဂပစ္စည်းမှ တပါးသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရှိ-လို့ဆို။

နသမ္ပယုတ္တ သုဒ္ဓသင်္ချာ

မဂ္ဂပြီးတော့ ဘာတုံ (နသမ္ပယုတ္တ)။ ဘာနဲ့ တူရမလဲ (နာရမ္မဏနှင့် တူပါတယ်)။

နဝိပ္ပယုတ္တ သုဒ္ဓသင်္ချာ

ဆရာတော်။ ။နဝိပ္ပယုတ္တသုဒ္ဓသင်္ချာ ဦးသူရိယ ဆိုစမ်းပါ။

ဦးသူရိယ။ ။နဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ အရူပဂိပါက် ၄-ခု, ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး, အရူပဘုံဋ္ဌ ဖြစ်သောအခါ လောဘမူ, မောဟမူ, မနောဒ္ဒါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ, အရူပ ကုသိုလ်, အရူပကြိယာ, အထက်မဂ် ၃-ခု, ဖိုလ် ၄-ခု နာမကွန္ဓာ၊ ဗာဟိရရုပ်, အာဟာရဇရုပ် ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်၊ ဤ တရားတို့သည် နဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန္နမမ္မဖြစ်သော ကများတို့ မည်ကုန်၏၊ သင်္ချာ-တိကို, တိကို, တိကို-ဟူသည်တည်း။

ဆရာတော်။ ။တီဏိ ၃-ကြိမ် ထုတ်တယ်၊ မခက်ပါဘူး၊ သို့ပေမဲ့ သဘာဝ ပြောစရာကလေးတော့ ရှိတယ်၊ ဦးပဉ္စင်းတို့ မှတ်ကြပေါ့၊ ပစ္စနိုက်အနေနဲ့ တော့ ဒါပြီးလျှင် ပြီးရောမဟုတ်လား(မှန်ပါ)။

မှတ်ဖွယ်ရာများ

သတိပြု နားထောင်ကြစမ်းပါ၊ ဘုန်းကြီး ပြောပြမယ်။

နဝိပ္ပယုတ္တသုဒ္ဓသခ်္ခ်ာသည် သာမန်အနေအားဖြင့် နပုရေဇာတနဲ့ အတူတူဘဲ တူအောင်ကြည့်လျှင် တူတာပေါ့။

ဘာများ ထူးသေးသလဲလို့မေးလျှင် သတိပြုကြပါ၊ နပုရေဇာတက အရူပ ဝိပါက် ၄-ခု ဒီတင်ရပ်တယ် မဟုတ်လား(မှန်ပါ)။ ဒီကတော့ 'ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာ'ခေါ်တဲ့စကားလုံး ပိုတယ်၊ ကျန်တာဟော ဒေလျှောက်ဆိုတော့ နပုရေ အတိုင်းဘဲ။

အရူပဘုံ၌ဖြစ်သောအခါ လောဘမူ, မောဟမူ, မနောဒ္ဓါဏဝဇ္ဇန်း, မဟာ-ကုသိုလ်, မဟာကြိယာ, အရူပကုသိုလ်, အရူပကြိယာ, အဃက်မဂ် ၃-ခု, ဖိုလ် ၄-ခု-တဲ့၊ ဒီအထိ တူတယ်မဟုတ်လား (မှန်ပါ)။

နပုရေက ဘာဆိုးသလဲ၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ ၄-ပါးတဲ့၊ ဒီကတော့ ဖိုလ် ၄-ခုဆိုပြီးတော့ နာမကွန္ဓာ၊ ဒီတွင်သက်တယ်နော် (မှန်ပါ)။ ပဋိသန္ဓေမရှိဘူးဆိုတာကို ကြပ်ကြပ်သတိထားပါ။

နပုရေက ပဋိသန္ဓေရှိနေတယ်၊ နဝိပ္ပယုတ္တကျမတော့ ပဋိသန္ဓေပါရဲ့လား (မပါပါ)။ အဃက်မဂ် ၃ ခု, ဖိုလ် ၄-ခု နာမကွန္ဓာ၊ ဒီလိုမဟုတ်လား(မှန်ပါ)။ ပြီးဘော့မှ ဗဟိရစတဲ့ ရှုပ် ၅-မျိုးထုတ်။

သခ်္ခ်ာ ဟိုတုန်းက သတ္တ, သတ္တ, တီဏိ-လို့ ထွက်တယ်၊ အခု တီဏိ ချည်းဘဲ ၃-မျိုး ထွက်တယ်။

ရနေတဲ့တရားတွေ ထုတ်ကြည့်လျှင် သခ်္ခ်ာ တီဏိက ကုကု-ဆိုတော့ ကုကု အရ ဟောစရာ ဘာရှိသလဲလို့ ရှာတော့ နပုရေတုန်းက ရှာသလိုကြည့်ပါလား၊ မဟာကုသိုလ်, အရူပကုသိုလ်, အဃက်မဂ် ၃-ခု ဒီလိုမဟုတ်လား (မှန်ပါ)။ ပေါင်း ၁၅-ခု၊ ပြန်ပြန် စဉ်းစားကြပါ။

အကုသလာ ဓမ္မာ-ဟောဘို့က လောဘမူနှင့် မောဟမူ၊ ဒါဘဲမဟုတ်လား (မှန်ပါ)။

အဗျာကတာ ဓမ္မာ ဟောဘို့တရားတွေက အရူပဝိပါက် ၄-ခု ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ အရူပဘုံ၌ဖြစ်သောအခါ မနောဒ္ဓါရာဝဇ္ဇန်း, မဟာကြိယာ,

အရူပကြိယာ, ဖိုလ် ၄-ခု၊ အဲဒီအထိ ရနေတဲ့တရားတွေထဲမှာ ပဋ္ဌာသန္ဓေကိစ္စ တပ်နိုင်တဲ့ နာမ်တရားပါရဲ့လားလို့ လိုက်ရှာလျှင် အရူပဘုံရတဲ့ တရားထဲမှာ လိုက်ရှာလျှင် ပဋ္ဌိသန္ဓေကိစ္စတပ်နိုင်တဲ့ နာမ်တရားမပါဘူး။

သတိပြု နားထောင်ကြပါ၊ သူနဲ့စပ်ပြီးတော့ သိအပ်တဲ့ အဓိပ္ပါယ်လေးတွေ ဘုန်းကြီးပြောနေကာ။

ပဋ္ဌိသန္ဓေကိစ္စ တပ်တဲ့ နာမ်တရားမပါတော့ ဒီမှာ နုပုရေတုန်းကလို 'ပဋ္ဌိသန္ဓိကွဏော' လို့ မဟောတော့ဘူး မြတ်စွာဘုရားက။

ပဝတ္တိတင်ဘဲ ဒီတရားကလေးတွေက ဘာတုံး၊ မနောဒ္ဓါရုဝဇ္ဇန်းတဲ့, မဟာ ကြိယာတဲ့, သူတို့နဲ့ ပဋ္ဌိသန္ဓေနလို့ရတာမှ မဟုတ်ဘဲ၊ အရူပကြိယာတဲ့, ဖိုလ်စိတ်တဲ့။

ဒီတော့စ-စခြင်းတွေတဲ့ အရူပဝိပါက် ၄-ခုသို့တာမပါဘူးလား(ပါပါတယ်)။ အရူပဝိပါက် ၄-ခုက ပဋ္ဌိသန္ဓေ မဟုတ်ဘူးလား (ထိုက်ပါတယ်)။ ဘယ်ဘုံရဲ့ ပဋ္ဌိသန္ဓေစိတ်လဲလို့ မေးလျှင်ကော (အရူပဘုံရဲ့ ပဋ္ဌိသန္ဓေစိတ်ပါ)။ အရူပဘုံရဲ့ ပဋ္ဌိသန္ဓေစိတ်ဘဲ။

ဒါကြောင့် စ-စခြင်း အရူပဝိပါက် ၄-ခု ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါးလို့ အကောက်ဆရာဘော်ဘုရားကြီးက လည်ဘားတာ။

နုပုရေမှာတော့ ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေလဲ ပါလို့မို့လို့ အရူပဝိပါက် ၄-ခုလို့ သာမညကဒလေး ဆိုလားတာ။

ကောင်းပါပြီ၊ ဒီမှာ အရူပဝိပါက် ၄-ခုတည်းဟူသော ပဋ္ဌိသန္ဓေစိုက် ပါပါ လျက်ရယ်နဲ့ 'ပဋ္ဌိသန္ဓိကွဏော' လို့ ဘာဖြစ်လို့ မဟောသလဲ။

ကျမ်းဆရာအလို

အဲဒါရဲ့ အဖြေကို ဘုန်းကြီး ရှာလို့မတွေ့ဘူး။ ကိုယ် စဉ်းစားလို့ရတာ ပြောပါလို့ ဆိုလျှင်တော့ ဘုန်းကြီးသတိရတာက ဒီလို စဉ်းစားရထားတယ်၊ 'ဆဝါရအားလုံးရဲ့ အနုလုံဖြစ်ဖြစ် ပစ္စနိုက်ဖြစ်ဖြစ် ပဋ္ဌိသန္ဓေသည် ဟဒယဝတ္ထုနဲ့ တွဲစပ်၍ တွဲဖက်၍ ရစကောင်းသော ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေမျိုး ဖြစ်မှ ပဋ္ဌိသန္ဓိကွဏော လို့ ဟောတယ်လို့ ဘုန်းကြီး စဉ်းစားလို့ရတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပဋ္ဌိသန္ဓေခဏ်းမှာ အောက်တန်းကကြည့်လျှင် ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ဝတ္ထု ပဋ္ဌိစ္စ ခန္ဓာ၊ ဒီလိုစကားကလေးတွေလဲ သုံးထားတယ် မဟုတ်လား (မှန်ပါ)။ ဒါက ဘယ်သူနှင့် ဘယ်သူလဲ မေးလျှင် ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေနဲ့ ဟဒယဝတ္ထု။

ပစ္စာမှကျန်တဲ့ ၄-မှတ်က ဝတ်ပု, ဝတ္ထာ, ဝတ္ထာဓိ, ပုတိ ၊ အဲဒီ ၄-နေရာကို ဘုန်းကြီး ဘာကို ပဓာနထားပြီး မနေ့က ပြောပေးခဲ့သလဲ၊ နိဿယနေတဲ့နေရာ ၄-ဌာနဆိုတာ ဒီ ၄-နေရာဘဲ မဟုတ်လား၊ အထက်ကိုလှမ်းကြည့်ပါလား၊ ဒီက တည့်တည့်ထောက်ကြည့်၊ နိဿယပစ္စည်းမှာရှိတဲ့ ၄-မှတ်နှင့် အခု ၄-မှတ်ဟာ ဘာထူးသတုံး (မထူးပါ)၊ မထူးဘူး၊ အတူတူဘဲ။

ဒါကြောင့် အမျှားအားဖြင့် နိဿယရှိနေလျှင် ဝိပွယုတ္တ ရှိတတ်တယ်၊နေရာ တူနေတတ်တဲ့တရား၊ ထို့အတူဘဲ ဝိပွယုတ္တရှိလျှင်လဲ နိဿယက ပါနေတတ် တယ်၊ သူကိုက တွဲဘက်။

ဒါကြောင့် အခုဒီမှာလဲ နိဿယ ၄-နေရာသည် ဝိပွယုတ္တရဲ့ ၄-နေရာ လာဖြစ် တာဘဲ။

ဝတ္ထုမျိုးမှာ နိဿယနှင့် ဝိပွယုတ္တ တွဲနေတတ်သည်

တနည်းပြောလျှင် ဒါဟာ ဘယ်မျိုးလဲမေးလျှင် ဝတ္ထုပုရေဏာတမျိုးပါဘဲ၊ ဝတ္ထုပုရေဏာတ ဝိပွယုတ်ပါဘဲ၊ ဝတ်ပုဆိုတာက ဝတ္ထုပုရေဏာတဝိပွယုတ်အစစ် မဟုတ်လား (မှန်ပါ)။ ဝတ္ထာဆိုတော့ ဝတ္ထုပုရေဏာတနှင့် အာရုံနှင့် စပ်ရတာ၊ ဒီလိုပေါင်းသွားတယ်နော် (မှန်ပါ)။ ပြီးတော့ ဝတ္ထာဓိဆိုတာက ဒီအပေါ်မှာ အဓိပတိပစ္စည်းတပ်နိုင်တာလေး တပ်ပြန်တယ်၊ ပြီးတော့ ပုတိ ဆိုတာက ပုရေ-ဏာတိန္ဒြိယဘဲ၊ ဒီ ၄-ဌာနဟာ ဝတ္ထုပုရေဏာတမျိုးဘဲလို့ သိကြပါ၊ ဒါကြောင့် ဝတ္ထုပုရေဏာတမျိုးမှာ ဖြစ်လျှင်တော့ ကိန်းသေ နိဿယနှင့် ဝိပွယုတ္တက တွဲနေတယ်မခွဲတဲ့ဘူး။

အဓိပတိနှင့် ဥပနိဿယလည်း တွဲနေတတ်သည်

ပြီးတော့ နောက်တခု အလျဉ်းသင့်လို့ ပြောတာ ဒီနေရာမဟုတ်ဘူး၊အာ-ရမ္မဏမျိုးတွေမှာ ကြည့်လျှင် အမျှားအားဖြင့် အဓိပတိရှိလျှင် ဥပနိဿယရှိ တယ်၊ ဥပနိဿယရှိလျှင်လဲဘဲ အဓိပတိရှိတာဘဲ၊ သူတို့ကလဲ စုံတွဲတတ်ဘဲ၊သို့ပေ မဲ့ ဒါကတော့မျိုးက အာရုံမျိုးထဲနေမှ ပြောတာနော် (မှန်ပါ)။ခုတင်ကပြောတဲ့ နိဿယနှင့် ဝိပွယုတ္တကလဲ ဝတ္ထုမျိုးထဲနေလျှင် ပြောတာ၊ သဟမျိုးထဲမှာတော့ ဘယ်ကလာပြီးတော့ တွဲလို့ အခါခပ်သိမ်း ရမလဲ။

နားလည်ကြပလား (မှန်ပါ)။ ဘယ်သူနှင့်ဘယ်သူ နီးစပ်သလဲ၊ ဝတ္ထုမျိုးမှာ နိဿယနှင့် ဝိပွယုတ္တ နီးစပ်တယ်၊ အာရုံမျိုးမှာ အဓိပတိနှင့် ဥပနိဿယ နီးစပ် တယ်၊ ဥပနိဿယရှိလဲ အဓိပတိရှိတယ်၊ အဓိပတိရှိလဲ ဥပနိဿယရှိတယ်။

ဂင်း အဝကန္တိခဏသည်ပင်လျှင် ပဋ္ဌိသန္ဓေရဲ့ ကိုယ်စားလှယ်ပါဘဲလို့ 'ပဋ္ဌိ-သန္ဓိကွဏော'လို့ ပဋ္ဌာဝါရမှာ ဟောတယ်၊ ဒီပစ္စယနိဒ္ဒေသကျတော့ 'ပဋ္ဌိ-သန္ဓိကွဏော'-မဟောပဲ ဒေသနာတော် မူပြောင်းပြီးတော့ 'သြက္ကန္တိကွဏော'-ဟောတယ်လို့ ပြောထားတယ်မဟုတ်လား (မှန်ပါ)။

အဲဒါကို အဋ္ဌကထာက မတူအောင် ခွဲပြထားတယ်၊ အဲဒါ မနေ့က အဋ္ဌ-ကထာ ကြည့်တော့ တွေ့တယ်၊ ဒါကလေး ပြောပေးဦးမှာလို့ ကိုယ်လဲ တခါမှ မပြောစဖူးဘူး-လို့ အောက်မေ့ခဲ့တယ်။

ပဌမရေးဘာ ဘာရေးသလဲ၊ သြက္ကန္တိခဏနှင့် အဝကန္တိခဏသည် အတူတူဘဲ တဲ့၊ အဋ္ဌကထာက ပဋ္ဌိသန္ဓေဘဲတဲ့၊ သဒ္ဒါရေးမျှသာ ထူးတယ်၊ 'ဗျဉ္ဇနမေဝ နာနံ'-တဲ့၊ အရေးအသား အကွာရာပုဒ်ပါဌ်အနေအားဖြင့် ထူးတယ်၊ ပဋ္ဌိသန္ဓေ ပါဘဲ-တဲ့၊ တူအောင် ပဌမ ပြောတယ်။

ထူးအောင် နောက်တော့ ဘာပြောသလဲ၊ သြက္ကန္တိကွဏော-လို့ ဟောလျှင် ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေကိုသာ ယူပါတဲ့၊ ပဋ္ဌိသန္ဓိကွဏော-လို့ ဟောလျှင် ပဋ္ဌိ-သန္ဓေစိတ်ကျေနဝိသကို ယူပါတဲ့၊ ဘာနည်း–ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေရော စတု-ဝေါကာရပဋ္ဌိသန္ဓေရော ၂-မျိုးစလုံး ရပါတယ်တဲ့။

အဲဒါကို အဋ္ဌကထာက ထူးအောင် ပြောတယ်၊ ပြန်ပြောမလို့ သြက္ကန္တိကွဏော-လို့ ဟောလျှင် ဘာသာရသင့်တယ် (ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေသာ ရပါတယ်)။ ပဋ္ဌိသန္ဓိကွဏော-လို့ ဟောလျှင် ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေလဲ ရနိုင်တယ်၊ စတုဝေါ-ကာရပဋ္ဌိသန္ဓေလဲ ရနိုင်တယ်။

အဲဒါ အဋ္ဌကထာမှာ တွေ့တဲ့စကား၊ ဘုန်းကြီးကလဲ အဋ္ဌကထာတော့ ဒီ့ပြင် စာကြည့်စရာ မရှိမှ ကောက်ကြည့်တာ၊ အနားမှာတော့ အမြဲထားပါတယ်၊ ကြည့်လျှင်တော့လဲ သိစရာကလေးတွေ တွေ့တွေ့လာပါတယ်။

ထားပါတော့၊ ခုတင်က နဝိပ္ပယုတ္တမှာ ပြောတာ၊ ဘာပြောသလဲ 'ပဋ္ဌိ-သန္ဓိကွဏော'-မဟောတာဟာ ဟဒယဝတ္ထုနှင့် တွဲစပ်၍ ရစကောင်းသော ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေ-မပါလို့၊ အရူပ ပဋ္ဌိသန္ဓေချည်း ဖြစ်နေလို့ မဟောတာ၊ ဒါဟာ ဘုန်းကြီးကြံဆချက်လို့ ပြောခဲ့တယ်၊ အဋ္ဌကထာဝါဒ မဟုတ်ဘူးနော် (မှန်ပါ)။

ဒီမှာ အရူပဟဒ္ဒိသန္ဓေ ၄-ခုစလုံး ရှိတယ်၊ အများကြီးဘဲ၊ ခုတင်တုန်းက ဦးဉာဏ အဟောခိုင်းတဲ့ နမဂ္ဂပစ္စည်းမှာ ကြည့်စမ်း၊ ပဋ္ဌိသန္ဓေစိတ် ဘယ်လောက် ရှိသလဲ၊ အဟိတ်ပဋ္ဌိသန္ဓေ ၂-ခုရှိတယ်မဟုတ်လား (မှန်ပါ)။ အဲဒီ ပဋ္ဌိသန္ဓေ ကလေး ၂-ခု ရှိတာနဲ့ဘဲ အဟေတုက ပဋ္ဌိသန္ဓိကွဏော-လို့ မြတ်စွာဘုရား မဟော

ဘူးလား (ဟောပါတယ်)။ ဒါက ဘာပဋ္ဌိသန္ဓေလဲ မေးလျှင် ပဋ္ဌေဝါကာရ ပဋ္ဌိသန္ဓေ။

အဲဒါ ၂-ခုရှိနေလို့၊ တခုတည်း ရှိနေလျှင်လဲ ပဋ္ဌိသန္ဓိကွဏော ဟောဦးမှာဘဲ။

လိုရင်းကတော့ ပဋ္ဌေဝါကာရပဋ္ဌိသန္ဓေပါမှ ပဋ္ဌိသန္ဓိကွဏောလို့ ဟောတယ်လို့ ဘုန်းကြီးက သဘောကျနေတယ်။

အရူပပဋ္ဌိသန္ဓေ ပါချင်ပါ မပါချင်ဇန၊ ပဋ္ဌေဝါကာရပဋ္ဌိသန္ဓေ အကုန်လုံး ရရ, တစိတ်တဒေသ ရရ 'ပဋ္ဌိသန္ဓိကွဏော'ဟောတဲ့ ဒေသနာတော်တွေ တတန်း ကြီး တွေ့နေရတယ်။

ဥပမာ——နာရမ္မဏအစရှိတဲ့ ပါဠိတော်တွေမှာ ကြည့်ပါလား၊ ပဋ္ဌိသန္ဓိကွဏော ဝိပါကာဗျာကတော ခန္ဓေ ပဋ္ဌိစ္စ ကဋ္ဌတ္တာ ရူပံ-ဆိုတာ ရူပ်ကိုဖြစ်မည့် ပဋ္ဌိသန္ဓေ မဟုတ်လား (မှန်ပါ)။ ဒီ ပဋ္ဌိသန္ဓေဟာ ဘာလဲ၊ ပဋ္ဌေဝါကာရ ပဋ္ဌိသန္ဓေတော် ယူရတယ် မဟုတ်လား (မှန်ပါ)။ အရူပထည့်လို့ ဖြစ်မလား (မဖြစ်ပါ)။ ကဲ... နားလည်ကြပြီနော် (မှန်ပါ)။ နားလည်ကြပျော်ပြီးရောပေါ့။

ပါဠိတော်နှင့် အရကောက်အညွှန်း

အရကောက် ကောက်လျှင် သတိပြု၊ ကုသလေန ကုသလံ ပါဠိတော်နှင့် တကွ အရကောက်ပါ၊ နပုရေအတိုင်း ကောက်ပါ၊ ပါဠိတော်လဲ 'အရူပေ' လို့ ထည့်ရှုတ်ရမယ်မဟုတ်လား (မှန်ပါ)။ အကုသလေန အကုသလံ-လဲ နပုရေ အတိုင်း ကောက်ပါ။

အဗျာကတေန အဗျာကတံ-မှာ ရှိတဲ့တရားအတိုင်း ဆိုပေါ့၊ ပဝတ္တိအခါ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပါဌ်အရကား – နပုရေတုန်းကတော့ အရူပဝိပါက် ၄-ခု သာမည်ဆိုတယ်၊ ဒီကျတော့ အရူပဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါးလို့ ဆိုပါ၊ ဦးသူရိယ ကောက်စမ်းပါ။

ဦးသူရိယ။ ။အထက်ပါ အညွှန်းအတိုင်း နပုရေအတိုင်း ကောက်သည်။

နောနတ္ထိ, နောဝိဂတ ပစ္စည်းမျှား

နဝိပဿယုတ္တပြီးတော့ နောအတ္ထိ, နောအဝိဂတလို့ ရှိရဲ့လား (မရှိပါ)။

နောနတ္ထိ, နောဝိဂတတို့က ဘာနဲ့တူသလဲ(နာရမ္မဏနဲ့ တူပါတယ်)။

ဒါဖြင့် ပဋ္ဌိစ္စဝါရ ပစ္စနိက်ကုန်သွားပြီ၊ ပဋ္ဌိစ္စဝါရအနုလုံ ဝိဘင်် ကုန်ပြီ။ ပစ္စနိက် ဝိဘင်် ကုန်ပြီ။

ပဋ္ဌိစ္စဝါရ ပြီးပြီ။

သဟဇာတ ဝါရ

ပဋ္ဌိစ္စဝါရပြီးတော့ ဘာဝါရလဲ (သဟဇာတ ဝါရပါ)။ သူက ဘယ်သူနဲ့ တူသလဲမေးတော့ ဒီပစ္စည်း ဟောနေခိုက် ပဋ္ဌိစ္စဝါရနဲ့ လုံးလုံးတူတယ်။

သတ္တဝါတို့၏ အလိုဆန္ဒ, အစ္စာသယနဲ့ သင့်တော်တဲ့ ဒေသနာတော်ကို ရွေးပြီးတော့ နာဘို့ မှတ်ဘို့ရာ ဝါရ ၂-ခု ဟောအုံးအရ တူတယ်, ဒေသနာတော် တူလျက်သားနဲ့ ၂-မျိုးခွဲဟောထားပါတယ်။ ဝေနေယျစ္စာသယလို့ ခေါ်ပါတယ်။

တနည်း ဒေသနာဝိလာသ-လို့လဲ ခေါ်နိုင်ပါတယ်၊ ဒေသနာတော်ကို အဆင်တမျိုးဆင်ပြီးတော့ ပုံတမျိုးပြ ဟောထားတာဘဲ၊ တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာဖြစ်အောင် သတ္တဝါ ဝေနေယျတို့၏ အစ္စာသယနဲ့ လိုက်လျောညီညာအောင် ဟောတယ်လို့လဲ ဆိုနိုင်ပါတယ်။

ဒီတော့ ဘယ်လိုလုပ်ဟောမလဲ၊ ဟေတုပစ္စည်း အနေနဲ့ဘဲ အနုလုံကြည့်ရအောင်။

ပဋ္ဌိစ္စဝါရမှာ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ-လို့ ဟောတယ်၊ အဲဒီမှာ ပဋ္ဌိစ္စဝါရ မို့လို့ ပဋ္ဌိစ္စ ထည့်ဟောတာ၊ သဟဇာတော-လို့ ပဋ္ဌိစ္စ-နေရာတိုင်းမှာ သင့်တော်တဲ့ သဒ္ဒါအနေထား ကြည့်ပြီးတော့ သဟဇာတော, သဟဇာတာ, သဟဇာတံ-လို့ ဟောပါလိမ့်မယ်၊ ဒီတော့ ဟောကြည့်ရအောင်။

ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ–နောက်က ခန္ဓာရှိလို့ (မှန်ပါ)။ တယော ခန္ဓာ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ၊ ဒါကလေး သတိထားလိုက်လျှင် အကုန်လုံးပြီးရော၊ ဒါ ကု-ကု မဟုတ်လား (မှန်ပါ)။

ကု-ဗျာဖြစ်အုံ၊ ကုသလံ ဓမ္မံ သဟဇာတော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဝိထိပါဋ္ဌိတော်ကတော့ ဘဟဇာတော-ချည်းဘဲနော် (မှန်ပါ)။

နောက်ရုပ် မဟုတ်လား (မှန်ပါ)။ ကုသလေ ခန္ဓေ သဟဇာတံ စိတ္တသမုဋ္ဌာနံ ရူပံ၊ ပါဋ္ဌိတော်ထူးတာ။

ထို့အတူ ကု-ကုဗျာ၊ ကုသလံ ဓမ္မံ သဟဇာတော ကုသလော စ အဗျာ-ကတော စ ဓမ္မော ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။

ဆရာတော်။ ။ဦးဥာဏာဝရ ဟောစမ်းပါ။

ဦးဥာဏဝရ။ ။အသက်ပါအတိုင်း ဟောသည်။

ဆရာတော်။ ။အတူတူဘဲ မဟုတ်လား၊ ပဋ္ဌိစ္စ-နေရာမှာ သဟဇာတော, သဟ-ဇာတံ, သဟဇာဘာ ထည့်တာဘဲ။

အကု ၃-ချက် အားလုံး ဟောကြစမ်းပါ။

သံဃာစတော်မျှား။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။ပဋ္ဌိစ္စ-နေရာမှာ သဟဇာတော-သဟဇာတံ-သဟဇာတာ ထည့်ရုံ ပါဘဲ၊ အနုလုံရော ပစ္စနိက်ပါ အားလုံး တူပါတယ်။

ဒါကြောင့် သခ်္ခါ၀ါရ မကူးသေးပါဘူး၊ အလယ် ၂-၀ါရဖြစ်တဲ့ ပစ္စယနှင့် နိဿယ၀ါရ တို့အတွက် သဟကြီး ပါဠိတော် တပုဒ် သင်ပြီး တော့ ပစ္စယနှင့်နိဿယ၀ါရ ကောက်နည်းကို ပေးမယ်၊ ဒီနေ့ ဦးပဋ္ဌင်းတို့ ပါဠိဘော်လေ့ကျင့်ဘဲ ပြီးလိမ့်မယ် ထင်ထယ်။

သဟဇာတ၀ါရ ပြီးပြီ။

ပစ္စယနှင့် နိဿယဝါရ

ဝတ္ထုကဲ့ ဇယားအညွှန်း

ဝတ္ထုကဲ့ ဇယားဆိုတာ ကြည့်ပါ၊ အားလုံးဆီမှာ ပါသလောက်ပါတယ်နော်၊ ကိုယ့်ဆီမှာ မရှိလျှင် နီးစပ်တဲ့ ပုဂ္ဂိုလ်ထံမှာ ကြည့်ကြပါ။

ပစ္စယဝါရနှင့် နိဿယဝါရ ၂-ဝါရမှာ ဘာဟောသလဲ (ပဋ္ဌာဝါရမှာ နိဿယ ပစ္စည်းကို ဟောပါတယ်)။

သတိပြု နားထောင်ကြပါ၊ တမျိုး အသွင်ပြောင်းသွားလျှင် နည်းပေးနေ တာကို ကြပ်ကြပ်ကြီး သတိပြုရပါတယ်။

နိဿယပစ္စည်း အကျဉ်းအားဖြင့် ဘယ်နှစ်မျိုးရှိသလဲ၊ သဟဇာ၊ ပုရေဇာ....တဲ့၊ ဒီလိုမဟုတ်လား (မှန်ပါ)။ သဟဇာတနိဿယ ဆိုတာ အခုပြောခဲ့တဲ့ ပဋ္ဌာန်-ဝါရက သဟဇာတပစ္စည်းကို လုံးဝဟောထားတာ မဟုတ်လား (မှန်ပါ)။

အခု ပစ္စယနှင့် နိဿယဝါရကျတော့ နိဿယပစ္စည်းဆိုတာ အဲဒီ သဟဇာတ နိဿယတရားတွေကိုလဲ ဟောမယ်၊ ဝတ္ထုပုရေဇာတ နိဿယတရားတွေကိုလဲ ဟောရမယ်။

ကောင်းပြီ၊ အဲဒီ ဝတ္ထုပုရေဇာတ နိဿယတရားဆိုတာ ဘယ်သူပါလိမ့်မလဲ လို့ ပဋ္ဌာဝါရ မေးကြည့်တော့ ဘာပြောသလဲ၊ 'ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရှုပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏခေါတ်အား တပ်သော– ဒါက ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)။ ပစ္စည်းတရားက ဘာတုံး ဆဝတ္ထု'-တဲ့။

နားလည်အောင် နားထောင်ကြပါ၊ ဘုန်းကြီး ဘယ်လိုလုပ်ပြီးတော့ စကားကို ချုံးပြီး နားလည်အောင် ပြောပေးတယ်ဆိုဘာ မှတ်ပါ။

	(။)	၂	၀	၃	(။)	။	။	။	၀ါဝယူ	။	၂၀	
	(။)				ဖလာ်ထင်ကဟရီဒေယူ				၀ါ	။	၅၀	
၂		၂	၀	၃		၀ ၂	၀ ၂	၀ ၂	ယူ	၀ါဝယူ	၆၀	
	(။)	၂	၀	၃	(။)	။	။	။	၀ါဝယူ	။	၇၀	
	(။)				ဖလာ်ထင်ကဟ ဝရီဒေ-ယ				၀ါ	။	၈၀	
၅		၂	၀	၃		၀ ၂	၀ ၂	၀ ၂	ယူ	၀ါဝယူ	၂၀	
	(။)		၀ါ်ဝ ဒုတိယကထိုဝ		၀ါ်ဝ လေထယူ		(။)		၀ါဝယူ	။	၀၀	
					၀ါ်ဝ လေထယ		ကဝိုက ဖလာ်ထင်ကဟ	(။)	၀ါဝယူ	။	၀၀	
၄					၀ါ်ဝ လေထယူ			(။)	ယူ	။	၅	
၆					၀ါ်ဝ လေထယ			(။)	ယူ	။	၀	
၇	၀ါ်ဝ ကယယ၊ ၀ါ်ဝ ကယ (လ) ယုံ၊ ထိုဝ်ကယ				၀ါ်ဝ ကယ၊ ၀ါ်ဝ ကယ (လ) ၀ါ်ဝ ဒုတိယ				၀ါ	၀ါ	၂	
									၀ါဝယူ	။	၅	
									၀ါ	။	၄	
၂					ဒုတိယ ဘုန်း (ဗိုဒ္ဓ) ကဆုန်ထပ်ခေါက				ယူ	ယူ	၆	
									၀ါဝယူ	။	၇	
									၀ါ	။	၈	
၁									ယူ	ယူ	၉	
ကျောင်း	နှုတ်ကပါစီ		ယယ်ယ:		ကျွတ်စီ:		ဝယ်ထိုဝ		နေ့ထူးပုဒ်	၀၇	ကျောင်း	

ဗုဒ္ဓဝါဂ-နှစ်ဆယ်တိုင် ပုဂ္ဂိုလ်ခေါ်ဒုတိယ (ဝယ်ထိုဝ) ခေတာ:

ဆဝတ္ထုသည် ကံပုဒ်-ပစ္စည်း၊ သတ္တဝိညာဏခေါတ်သည် ကတ္တား–ပစ္စယုပ္ပန်။

ဘာပြောနေတာပါလိမ့်၊ အခုပေးမည့် ဝတ္ထုပုရေဏာတနိဿယ တဲ့ရမှာ မဟုတ်လား (မှန်ပါ)။ 'သတ္တဝိညာဏခေါတ်အား ဘပ်သော ဆဝတ္ထု'လို့ ဆိုထားသဖြင့် ဆဝတ္ထုသည် ဘာတရားလဲ၊ ကံပုဒ် ရှိပ်ပစ္စည်းတရား၊ သတ္တဝိညာဏခေါတ်သည် ကတ္တားပုဒ် နာမ်ပစ္စယုပ္ပန်တရား။

အဲဒါကြောင့် ဒီဇယားမှာ ပစ္စယဝါရအတွက် ပါဠိတော် စဉ်တဲ့အခါမှာ သဟဇာတနိဿယအပြင် ဝတ္ထုပုရေဏာတနိဿယ ပါလာတော့ ဝတ္ထုပုရေဏာတနိဿယမှာ ဆဝတ္ထုကို ကံပုဒ်ဘက်က ထားပြီး ဟောရမယ်၊ ရသင့်တဲ့နေရာမှာ (မှန်ပါ)။ အဲဒီ ကံပုဒ်ဘက်က ထားပြီး ဝတ္ထုရုပ်ကို ဟောခြင်းကြောင့် ဘုန်းကြီးတို့က ဒီတရားကို ဘာခေါ်တယ် ဝတ္ထုကံတရားဘဲ့။

ဝတ္ထုရုပ် ၆-ပါးကို ကံပုဒ်အနေထား ဟောခြင်းကြောင့် ဘာတရားခေါ်တယ်။ (ဝတ္ထုကံတရားပါ)။

ရှေးရှေး ဆရာတော်ဘုရားကြီးတွေကလဲ ဒီအတိုင်း ဟောတယ်၊ ဝတ္ထုကံလို့ဘဲ သုံးပါတယ်။

အဲဒီတော့ ဒီဘရားမှာ ဦးပဉ္စင်းတို့ သုဒ္ဓသခ်္ခာကျက်လိုက်တော့– 'ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ သခ်္ခာ နဝ, သတ္တရသ, တိဏိ–ဟူသည်တည်း'။ နဝက ခုတင်ကပြောတဲ့ ပဋ္ဌိစ္စနဲ့ သဟဇာတဝါရအတွက်၊ ဒီမှာတော့ သတ္တရသ-လို့ ဖြစ်လာပြီ။

သတိပြုကြစမ်းပါ၊ ဇယားကို အထက်နှင့်အောက် ကြည့်ရအောင်၊ ကုသလပဒ ၃-ချက် ပဋ္ဌိစ္စအတိုင်း သဟဇာတနိဿယပစ္စည်း၊ အကုသလပဒ ၃-ချက်ကလဲ ထို့အတူ ပဋ္ဌိစ္စဝါရတို့အတိုင်း သဟဇာတနိဿယတရား။

အဗျာကတမှာကော ဗျာ-ဗျာတဲ့၊ ပဌမအချက် သဟဇာတနိဿယတုန်းကလဲ ပဋ္ဌိစ္စဝါရမှာရှိတယ် မဟုတ်လား (မှန်ပါ)။ ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရူပ်သက်သက်လို့ သဟဇာတနိဿယမှာ ပါတယ်မဟုတ်လား (ပါပါတယ်)။ အခု ဒီကဝတ္ထုပုရေဏာတနိဿယ ပိုလာတာကလေးတွေ ဇယားသွင်းပြီး ရေးပေးထားတယ်၊ ကံပုဒ် ပစ္စည်းဘက်က ရေးထားပုံကလေး ကြည့်စမ်း။

ကံပုဒ်ပစ္စည်းဘက်က ဘာတွေ ရေးထားသလဲမေးလျှင် ရေးထားပုံကလေး ပြောမလို့၊ ဗျာဗျာဆိုတဲ့အတန်းမှာ အပေါ်တန်းက- 'စက္ခာယတနံ ပစ္စယာ၊ ။ပ။ ကာယာယတနံ ပစ္စယာ'၊ ကံပုဒ်ဘက်က မဟုတ်လား (မှန်ပါ)။ သူနဲ့တည့်တည့် ကတ္တားပုဒ် ပစ္စယုပ္ပန်သွားကြည့်လျှင် 'စက္ခုဝိညာဏံ။ (ပ)။ ကာယ-ဝိညာဏံ'။

အဲဒီအကွက်ထဲမှာဘဲ အောက်ဘန်းက ကံပုဒ်ဘက်က 'ဝတ္ထု၊ ပစ္စယာ'၊ ကတ္တား က 'ဝိပါကာဝဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ'၊ ဒီလိုမဟုတ်လား(မှန်ပါ)။ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်အကွက် ပိုလာတဲ့ ပါဠိတော်မဟုတ်လား (မှန်ပါ)။

အောက် ၂-ခု ဗျာကု၊ ဒါ ဝတ္ထုပုရေဇာတဘဲမဟုတ်လား (မှန်ပါ)။ ဟဒယ ဝတ္ထုက ပစ္စည်း, ကုသိုလ်နာမက္ခန္ဓာက ပစ္စယုပ္ပန်။

ဘာရေးထားသလဲ ကံပုဒ်ပစ္စည်းက ဟဒယဝတ္ထုအတွက် 'ဝတ္ထု'ဆိုတာ အပေါ်က ဝတ္ထုအောက် တည့်တည့်မှာ လက်သည်းကွင်းပြပြီး ပုဒ်မကလေးပြ ထားတယ် မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်ကတ္တားကျတော့ ကုသလာ ခန္ဓာ။

ထို့အတူ အောက်တခုကြည့် ဗျာ-အကု၊ ကံပုဒ်ပစ္စည်းဘက်က ဘာရေး ထားသလဲ 'ဝတ္ထု၊ ပစ္စယာ'ကိုဘဲ လက်သည်းကွင်းပြပြီး ပုဒ်မနဲ့ ယူထားတယ်၊ ဇယားရေးပုံပြောနေတာနော် (မှန်ပါ)။ ပစ္စယုပ္ပန်ကတ္တားက ဘာရှိတယ် 'အကုသလာ ခန္ဓာ'။

အဲဒီ.ဘွင် ဗျာ ၃-ချက်တွင် ရပ်ထားပါဦး၊ ဗျာက ၅-ချက်ရှိတယ်။

ဒီတော့ဒီပါဠိတော်ဇတ္တ ကု ၃-ချက်,အကု၃-ချက်၊ဗျာ ၃ချက်၊ပေါင်း ၉-ချက် ကို ပြောနေတာ (မှန်ပါ)။ ရှတ်တော့ ဘယ်လိုလုပ် ရှတ်မလဲ၊ လွယ်လွယ်ကလေး ရယ် ဦးပဉ္စင်းတို့ ရှတ်စရာ သတိပြုနားထောင်ကြပါမ်းပါ၊ ကု ၃-ချက်ကို ဘုန်း ကြီး စပြောမယ်၊ ပဋိစ္စ-နေရာမှာ ခုတင်က သဟဇာတ-ဆိုခဲ့ဘယ်၊ ယခု ပစ္စယ ဝါရမို့လို့ ပစ္စယာ ဆိုပါ။

ကုပဒ ၃-ချက်

ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စ-ယာ၊ ကုသလံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ။(ကု-ကု)

ခုတင်က သဟဇာတဝါရတုန်းကလို တော-တာ-တံ-မဟုတ်လို့ လွယ်ပါတယ် ပါဠိမပါ။ ခုတင်ကတော့ တော, တာ, တံ ဟူကို ဘယ်အနားထားရမယ်ဆိုတာ ယောင်မနဘတ်ဘယ်၊ တော, တာ, တံ-ထားဘို့ ရှားတာနဲ့ ပါ၊စပ်က လွဲလွဲကုန် တတ်တယ်၊ ဒီကတော့ ပစ္စယာ ချည်းဘဲ။

၁။ တော,တာ,တံ=သဟဇာတော, သဟဇာတာ, သဟဇာတံ-ဟု ဆိုလိုသည်။

ကုသလံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ-ပစ္စယာ၊ ကုသလေ ခန္ဓေ ပဋ္ဌယာ စိတ္တသမုဋ္ဌာနံ ရူပံ။ (ကုဗျာ)

ထို့အတူ ကုသလံ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ ရူပံ၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ စိတ္ထ-သမုဋ္ဌာနဥ္စ ရူပံ။ (ကု-ကုဗျာ)

ကု ၃-ချက် ပြီးသွားရော၊ အကု- ၃-ချက် ဒီအတိုင်းဘဲ။

ဗျာပဒ ၅ ချက်

အဗျာကတကျတော့ အဗျာကတံ မဗ္ဗံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ၊ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ ရူပံ၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ။

ထို့အတူပင်–ပဋ္ဌိသန္ဓိကွဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ။

ပြီးတော့ အောက်တန်းကကြည့်၊ ခန္ဓေ ပစ္စယာ ဝတ္ထု၊ ဝတ္ထုံ ပစ္စယာ ခန္ဓာ၊ ဒါကဘာတုံ ပဋ္ဌိသန္ဓေ။

ရူပ်သက်သက်ကျတော့ ဧကံ မဟာဘူတံ ပစ္စယာ တယော မဟာ-ဘူတာ၊ တယော မဟာဘူတေ ပစ္စယာ ဧကံ မဟာဘူတံ၊ ဒွေ မဟာ-ဘူတေ ပစ္စယာ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ၊ ကဋတ္တာရူပံ ဥပါဒါရူပံ၊ ပြီးတော့ ဗာဟိရစတဲ့ ရူပ်တွေကို သူထုံးစံ အတိုင်း ဟောပေါ့။

အဲဒါတွေ ဆုံးသွားတော့ ဘာဟောမလဲ၊ အခု ဇယားထဲ ရောတ်လာပြီ မဟုတ်လား၊ (မှန်ပါ)။ နောက်ပိတ်ဆုံး မဟာဘူတေ ပစ္စယာ ကဋတ္တာရူပံ ဥပါဒါရူပံ၊ ဒီလိုနော် (မှန်ပါ)။

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ ။ပ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ။

ဒါကဘာတုံး ဗျာ-ဗျာ၊ ပဝတ္ထိ, ပဋိသန္ဓေ, ရုပ်သက်သက်, ဝတ္ထုကဲ့ ၄-မျိုး ဟောထားတယ်။

နောက်တခုသွားပါ၊ အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ။(ဗျာ-ကု)

ထို့အတူ အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ၊ ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ။(ဗျာ-အကု)

မှတ်မိလောက်ပါပြီနော် (မှန်ပါ)။ သတိပြုကြပါ၊ နောက် ဗျာ ၂-ချက် ကျန်နေတယ် မဟုတ်လား (မှန်ပါ)။

အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ၊ ဝိဘင်း ၂-ထပ်ကို သတိပြုပါ၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ ဒါက တဝိဘင်း၊ ပြီးတော့ ကံပုဒ်ဘက်မှာ 'မဟာ-ဘူတေ' တွေ့ရှိလား (တွေ့ပါတယ်)။ ကတ္တားပုဒ်က စိတ္တဇရူပ်၊ မဟာ-ဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။ (ဗျာ-ကုဗျာ)

ထို့အတူ–အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ၊ ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။(ဗျာ-အကုဗျာ)

ဗျာ ၅-ချက် စေ့ရှိမဟုတ်လား (မှန်ပါ)။ ဗျာဗျာ, ဗျာကု, ဗျာအကု, ဗျာ-ကုဗျာ, ဗျာ အကုဗျာ။

အဲဒီထိအောင် ပြေးပြေး ဟောကြစမ်းပါ။

သံယောတော်မျှား။ ။တန်းခေါက်ဟောသည်။

သဟပုရေမိဿက

ဆရာတော်။ ။ပြီးဟော့ ဘာတုံး၊ ကုဗျာ-ကု ဆိုတာ ပဋ္ဌာဝါရတုန်းက နိဿယ ပစ္စည်းမှာ ဟောတဲ့ သဟပုရေမိဿက ဒီသခ်္ခ်ာ မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ဒီမှာ ဘယ့်နှယ်လုပ် ရေးထားသလဲမေးလျှင်'ကုသလဋ္ဌ အဗျာကတဋ္ဌ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ-ပစ္စယာ'-လို့ ဝိဘင်က ဟောမယ် မဟုတ်လား (မှန်ပါ)။

ဇယားရေးပုံ ကြည့်ကြစမ်းပါ၊ ဘာရေးထားသလဲ၊ ၁-ဝတ္ထုံ စ၊ ၃-ဝတ္ထုံ စ၊ ၂-ဝတ္ထုံ စ၊ ကံပုဒ်ဘက်က မဟုတ်လား (မှန်ပါ)။ ကတ္တားကျတော့ ၃-၁-၂ ဒီလို မဟုတ်လား (မှန်ပါ)။

ဟောတော့ ဒီဟာကြည့်ပြီးတော့ ပဥ္စာဝါရတုန်းက အတိုင်း 'ကုသလံ ဇကံ ခန္ဓဥ္စ ဝတ္ထုံ စ ပစ္စယာ'၊ ကံပုဒ်အတွက် (မှန်ပါ)။ ကတ္တားက 'တယော ခန္ဓာ'၊ နားလည်ကြပလား (မှန်ပါ)။ 'တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဇကော ခန္ဓာ၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ'။

ပြီ-ရောပေါ့၊ ဒါက ဘာတုံး သဟပုရေမိဿက (မှန်ပါ)။

ပြီးတော့ ဘာတုံး ကုဗျာ-က ဗျာမဟုတ်လား (မှန်ပါ)။ ဦးပဉ္စင်းတို့ သဟ-ဇာတအတိုင်းပေါ့၊ ဘာတုံး ဟိုက ဟောတာက 'ကုသလေ ခန္ဓေ စ မဟာဘူတေ စ' မဟုတ်လား (မှန်ပါ)။

ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

ပဒါဝသာန ၂-ချက် ရှိပြီနော် (မှန်ပါ)။ သတိပြုပါ၊ နောက် ၃-နံပါတ်က ဘာတုံး ကုဗျာကနေပြီး ကုဗျာ၊ အဲဒါကတော့ ပြီးခဲ့တဲ့ ၂-ဝိဘင်းကိုဘဲ ထပ်ဆိုထားတာ။

ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာက-တော စ ဓမ္မော ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ၊ အပေါ်ဝိဘင်း။ ကုသလံ ဇကံ ခန္ဓဥ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဇကော ခန္ဓာ၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ဒါက တဝိဘင်း၊ နောက်ဝိဘင်းက ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

ဆရာတော်။ ။ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။တခေါက်ဟောသည်။

(အကု ၃-ချက်လည်း အထက်ပါအတိုင်းပင်)

ဆရာတော်။ ။အဲဒီပါဠိတော်ရလျှင် ပစ္စယဝါရဘခုလုံး, နိဿယဝါရ တခုလုံး ပါဠိတော်ရပြီလို့ မှတ်ထားကြပါ။

ကျန်တဲ့ပစ္စည်းတွေရဲ့ ပါဠိတော်တွေကို နည်းနဲ့ပြောပေးမယ်၊ ပြီးတော့ သံသဋ္ဌ, သမ္မယုတ္တ ပါဠိတော်တွေကိုလဲ နောက်နေ့ကျတော့ ပြပေးမယ်၊ ဒီနေ့ ၇-ရက်တင် တက်၊ ၈-ရက်နေ့ကို အလကားမနေဘဲနဲ့ ဆဝါရ အနုလုံရော, ပစ္စနိက်ရော သုဒ္ဓသင်္ချာကလေးတွေ ကြေးနအောင် ကျက်ထားကြပါ။

ဒီနေ့ တော်ကြဦးစို့။

တိုက်ဘုန်းချက်
ပဋ္ဌာန်းပါဠိတော်တွေကို
စေတနာ,သဒ္ဓါ အပြည့်အဝနဲ့ ရွတ်ကြစမ်းပါ။

ပစ္စယဝါရ သဟဇာတပစ္စည်းပါဠိတော်ဟောပုံ ကုန်သွားရော၊ အဖိတ်နှုတုန်းက မပါတဲ့ ပုဂ္ဂိုလ်မျိုးအတွက်ဘော့ ဘာ့တွေဆိုနေပါလိမ့်မလဲ အောက်မေ့ကြမယ်၊ အစပျောက်နေမယ်။

ဘုန်းကြီး စာသင်ပေးတဲ့နည်းက နည်းပေးတဲ့ရက်ကို လက်လွှတ်သွားလို့ ရှိလျှင် အဲဒါ နောက်ရက်က ဖမ်းလို့မဝိဘူး၊ ဒါဟာ အဖိတ်နှုတုန်းက ပြောထားတဲ့ ပါဠိတော်တွေဘဲ။

နောက်ပိတ်ဆုံး ဘုန်းကြီးက ဘာပြောလိုက်သလဲ၊ အဲဒါကလေးကြေနေအောင် လုပ်ခဲ့ပါလို့ ဒီပါဠိတော်ကို၊ပြီးဟော့ ဆဝါရတခုလုံးရဲ့ အနုလုံသုဒ္ဓသခ်္ပါနဲ့ ပစ္စနိုက်သုဒ္ဓသခ်္ပါတွေ ကြေနေအောင် ကျက်ခဲ့ပါလို့ ၊ အလုံးစုံသော ပစ္စယဝါရ အနုလုံ ပစ္စနိုက်, နိဿယဝါရ အနုလုံ ပစ္စနိုက် ပါဠိတော်တွေကို ကျက်ဘဲနဲ့ ရေးအောင် ဘုန်းကြီးပြောပေးပါမည်လို့ တာဝန်ယူလိုက်ပါတယ်၊ အဲဒါကို ဒီနေ့ ပြောပေးရမယ်၊ ပါဠိတော်တွေ ထိုက်သင့်သလောက် ရွတ်သင့်လျှင်လဲ ရွတ်ပေါ့၊ ရွေးကိုသင့်လျှင်လဲ ထားရမှာဘဲ။

ဒါကြောင့် ဘာဘေလဲလို့ဆိုတာ မူရင်းပေးထားတဲ့ ပါဠိတော်ကြောအောင် အရွတ်ခိုင်းပါတယ်၊ ဦးပဉ္စင်းတို့အနေအားဖြင့်လဲ စာပေသင်ကြားယင်း ဒီစာတွေကို ရလေးရတယ်။

မြင့်မြတ်တဲ့ဘဝ

ဘုန်းကြီးကခါတခါ စဉ်းစားကြည့်တာ ပြောပြရလျှင် အတိတ်ခေါ်တဲ့ လွန်ခဲ့တဲ့ ဘဝသံသရာတုန်းက ဘုန်းကြီးတို့,ဦးပဉ္စင်းတို့ဘတွေဟာ ဘဝပေါင်း ဘယ်လောက်ဖြစ်ခဲ့ပြီဆိုတာ ပြန်ပြီးတွေးလို့ မရနိုင်ဘူး၊ ဦးပဉ္စင်းတို့,ဘုန်းကြီးတို့သာ တွေးမရတာ မဟုတ်ဘူး၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာကိုက 'အနာဒိကော ဘိက္ခဝေ အယं သံသာရော ပုဗ္ဗကောဋ္ဌိ န ဒဿတိ'-တဲ့ သတ္တဝါဘယောက်ရဲ့အဲဟာ ဘယ်မှာလဲလို့ ရှာလို့ရှိလျှင် အနာဒိကော ဘိက္ခဝေ အယံ သံသာရော-တဲ့ အစမတင်ဘူး မဟုတ်လား၊ အဲဒီက သုံးတာ၊ အနာဒိ-ပေါ့၊ ပုဗ္ဗကောဋ္ဌိ န ပညာယတိ နနာယတိ-အစဆုံးလို့ခေါ်တဲ့ ရှေ့အစွန်းကို မမြင်နိုင်ဘူးတဲ့၊ မသိနိုင် မမြင်နိုင်ဘူး။

အဲဒီလောက် ရှည်လျားခဲ့တဲ့ အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို မရမခြင်း ဖြစ်လာခဲ့ရတဲ့ ဦးပဉ္စင်းတို့, ဘုန်းကြီးတို့ရဲ့ အတိတ်ဘဝသံသရာဟာ ဘယ်လောက်များတယ်လို့ မျှော်မှန်းလို့ မရဘူးတဲ့။

အဲဒါလောက်များတဲ့ ဘဝသံသရာထဲမှာလဲ စဉ်းစားလျှင် ယခုဘဝရဲ့ မြင့်မြတ်ပုံကို ဘုန်းကြီးက ပြောချင်လို့ပါ၊ ဘဝဘဝတွေနဲ့ ဖြစ်နေမှန်းမှ မသိဘဲ၊ လူ့ဘဝဖြစ်နေခဲ့ရတာ ဘယ်လောက်များပြီလဲ၊ နတ်ဘဝ, ဗြဟ္မာဘဝ ဖြစ်ဘူးကြပါတယ်၊ ယခုဘဝ့ ကိုယ့်အသက်ကနေတော့ လှမ်းလှမ်းတောင်းနေကြတာ နတ်သမီးဖြစ်ချင်ကြတာနဲ့, နတ် သားဖြစ်ချင်ကြတာနဲ့, ဖြစ်ဘူ လှပါပြီ စားနေကျ ငါးပိချက်ထဲကပါ၊ သို့သော် အခုနေ လူ့ဘဝက နတ်ဘဝနဲ့စာလျှင် နည်းနည်း အောက်တန်းကျတယ်လို့ မှန်းမျှော်တမ်းတနေကြတာ၊ ဗြဟ္မာဘဝလဲ ဖြစ်ဘူးလှပါပြီ။

ဟိုအောက်ပြည်လို့ခေါ်တဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရာကာယ် ဘဝတွေမှာလဲ ဖြစ်ခဲ့ပေါင်းများလှပြီ။

အဲဒီအထဲမှာ လူ့ဘဝဖြစ်ခဲ့တဲ့ အကြိမ်ပေါင်း မှတ်လျှင်လဲ ရေတွက်လို့ မရပါဘူး၊ ဘယ်လောက်ဘဲ များနေတယ်,ရှည်နေတယ်ဆိုတာ တွက်လို့မဖြစ်နိုင်ပါဘူး၊ အင်မတန်များ ပြားခဲ့ပါတယ်။

ကိုယ်ရဲ့ ဘဝခန္ဓာအစဉ်မှာ ဖြစ်လာခဲ့တဲ့ ခန္ဓာကိုယ်ကြီးတွေ,ထိုခန္ဓာကိုယ်ကြီးတွေရဲ့ တဘာဝပျက်စီးသွားလို့ ခန္ဓာကောင်ကြီးက ကျန်ခဲ့တဲ့ အရိုးအစုအပုံတွေကို စုပုံထားမယ်-ဆိုကောင်မှ အချို့ဆရာတော်များ မိန့်တော်မူကြဘယ်"လေးရက်တက်, လေးရက်ဆင်းရတဲ့ တောင်လောက်မက မြင့်ပါပြီ"တဲ့။

တယောက်ဘည်းရဲ့ကိုယ်ပြောတာနော်၊ ဦးပဉ္စင်းတို့, ဘုန်းကြီးတို့ တကိုယ်တကိုယ်အတွက် လေးရက်ဘက်, လေးရက်ဆင်း တောင်ထက်မက မြင့်တယ်တဲ့ အရိုးပုံကြီးဟာ။

အရိုးမပါတဲ့ ပက်ကျိတို့, မျှားဘို့, ကျွတ်တို့ ဖြစ်တဲ့ဘဝက ဘယ်လောက်များမှန်း မသိဘူး။

ဒီတော့ စဉ်းစားကြည့်ရဘယ် ကိုယ့်ဘဝကို၊ အဲဒီလို လူဖြစ်ပေါင်းများစွာ ဘဝတွေမှာဖြစ်ခဲ့ရပေမဲ့ သတ်ပြုစဉ်းစားကြည့်ကြပါ ဘုရားသာသနာတော်ကြီးနဲ့ တွေ့ပြီး လူဖြစ်ရဘဲ့ဘဝက အခဘာ်ကြီးနည်းတယ်လို့ ထင်ခဲ့ပါတယ်။

တွေ့လျှင်လဲဘဲ သာသနာတော်နဲ့ တွေ့ဘိုင်း လူဖြစ်တိုင်း ကိုယ်ကလဲ လူဖြစ်တယ်, သာသနာတော်နဲ့လဲ တွေ့ဘယ်, တွေ့ဘိုင်း အကျိုးရှိသလားလို့မေးလျှင် ဘယ်ဟုတ်ပါ့မလဲ၊ ဘုန်းကြီးတို့သာသနာမှာ အသင်ရှားဆုံး အရှင်ဒေဝဒတ်

ကြည့်ပါ၊ သာသနာတွင်းမှာလဲ လူဖြစ်သေးတယ်၊ သာသနာတော်နဲ့ အနီးစပ်ဆုံးတောမပြောနဲ့၊ ဘုရားအလောင်းတော်ကို နှမပေးထားရတယ်၊ အဲဒီလောက်ရင်းနှီးတဲ့ လူဖြစ်ပြီး သာသနာတော်နဲ့တွေ့တဲ့ ဒေဝဒတ်ဟာ သာသနာတော်နဲ့တွေ့ကျိုးမနပ်ဘဲနဲ့ အောက်ပြည် အောက်ဘဝ ပြောင်းကြွသွားရတယ်၊ အဲဒါတွေလဲ သတိထားရတယ်။

ထားပါတော့၊ သာသနာ့တော်လဲ ရှိတယ်၊ သာသနာတော် ကြည်ညိုတဲ့ လူ့ဘဝလဲ ရတယ်လို့ ဆိုပေမဲ့ ဦးပဉ္စင်းတို့ အနုအဆင့်အတန်းမှာ နေကြရတဲ့ ခုတင်ကလို ဒေသနာတော်ကြီးတွေ ရှတ်ဖတ်နေရတဲ့ အခုမျက်မှောက် တဘဝ ကခေလးအတွင်းမှာ လူဇယာကျား, လူမိန်းမအခေနနဲ့ဖြစ်ပြီးတော့ သာသနာတော်ကြီးနဲ့ ရင်ဆိုင်ရပါလျက်ကယ်နဲ့ ဦးပဉ္စင်းတို့ ခုတင်ကမ္ဘတ်တဲ့ ပါဠိတော်တွေ ရွတ်ရတဲ့သူ, မရွတ်ရတဲ့သူဘဝ ရှင်ဖြစ်ဖြစ်, ရဟန်းဖြစ်ဖြစ်, လူဖြစ်ဖြစ်ခေါ့လေ ဘယ်သူက မျှားမလဲလို့ မှတ်ထားကြည့်ကြစမ်းပါ၊ တသောင်းမှာ တယောက်မရှိပါဘူး၊ ဦးပဉ္စင်းတို့ ဒီအနားမှာ တကယ့်ပုဂ္ဂိုလ်တွေချည်း စုနေတော့ ဒို့ချည်းအမျှားကြီး ထင်နေတာ၊ ဦးပဉ္စင်းတို့လို နှုတ်ပေါ်တင်ပြီး မရွတ်ရတဲ့ ပုဂ္ဂိုလ်တွေက ဦးပဉ္စင်းတို့မှာပါး မရွတ်ရတဲ့ ပုဂ္ဂိုလ်က ဟိုမှာ တသောင်းလောက် ရှိတယ်၊ လူဇယာကျား, လူမိန်းမ ထို့အဘူပါဘဲ။

ဘုန်းကြီး ဘာကို သတိပေးနေသလဲ၊ ဩသြ...ဒို့ အခု သိပ်တော်တာဘဲ ဘုရားသာသနာတော်နဲ့လဲ တွေ့ခဲ့ရတယ် လူလဲ ဖြစ်ရတယ်၊ ရဟန်းလဲ ဖြစ်ရတယ်၊ သီလရှင်လဲ ဖြစ်ခဲ့ဘယ်၊ သာသနာတွင်းမှာ အလွန်တရားမှ ရွတ်ဖတ်နိုင်ခဲလှစ္စာသော မြတ်စွာဘုရားရဲ့ ဒေသနာတော်ကြီးတွေကို ပီပီပြင်ပြင် ကျက်ကျနေသင့်ပြီး ရွတ်ရတဲ့ဘဝမျိုး ငါတို့ရပါပေတယ်လို့ ဆိုပြီး ကိုယ့်ကိုယ် ကိုယ်လဲ ဝမ်းသာစေရတယ်၊ အားရစေရတယ်၊ နှစ်သိမ့်စေရတယ်၊ ကိုယ့်ကိုယ် ကိုယ်လဲ ချီးမြှောက်ပေးရပါတယ်။

ဘုန်းကြီး အခုပြောနေတာ အပြင်းပြေပြေတာ မဟုတ်ပါဘူး၊ ဘုန်းကြီးကိုယ်တိုင် နှလုံးသွင်းကို ပြောတာ၊ ဦးပဉ္စင်းတို့လဲ အဲဒီအတိုင်း နှလုံးသွင်းရတယ်၊ ဒီဒေသနာတော်ကြီးတွေကို ဒို့ဘယ်နှစ်ခါမျှား ရွတ်ဘူးတယ်ထင်သလဲ၊ တွေ့ကရာတွေသာ ဆိုမိကြတာ ဒါ့ကတော့မရွတ်မိတဲ့ဘူ.။

ခိုင်းလိုက်ရတာ ကိုယ့်ကိုယ် ကိုယ် ပြောတာ၊ ဦးပဉ္စင်းတို့ကို ပြောတာ မဟုတ်ပါဘူး၊ ပရိတ်ကခေလး မှန်မှန် ရွတ်မိအောင်, ဘုရားကို မှန်မှန်ကန်တော့မိအောင်, ဂုဏ်တော်တွေ သင်ကျေးယ်မိအောင် ခိုင်းလိုက်ရတာ၊ ကိုယ့်ကိုယ် ကိုယ်ခိုင်းတာ ပြောတာပါ၊ ဦးပဉ္စင်းတို့လဲ ဒီအတိုင်း သတိထားပြီး ခိုင်းပေးကြပါ၊ ကိုယ့်ဘဏ္ဍာ ကိုယ်ကို အင်မတန်မြင့်မြတ်တဲ့ဘဝလို့ မှတ်ထားစမ်းပါ။

ယခုခေတ်မှာ သူဌေးကြီးအခေါ်ခံပြီး မော်းတော်ကားနဲ့ စီးသွားနေပေမဲ့ ဒို့လောက် မမြင့်မြတ်ဘူးဆိုတာလဲ စိတ်ထဲမှာ မှတ်ထားကြပါ၊ အမှန်ပင် မမြတ်ပါဘူး၊ သို့သော် အဲဒီကိုလှမ်းပြီး လွမ်.လွမ်.ပြီး သာသနာက ခုန်ချတဲ့သူတွေက ပေါနေကြပါတယ်၊ ခုန်ချတယ်, တော်တော်နေတော့ တလွဲတွေဖြစ်ကုန်ရော၊ ဒီကနေစိတ်ကူးတုန်းကတော့ အဟုတ်သားပေါ့၊ ခုန်လဲချလိုက်ရော ဟိုကျတော့ မျောက်ကျ-ကျရော၊ မျောက်ကျ ကျလျှင် တော်သေးရဲ့၊ တချို့က ခွေးကျ ကျတာ၊ ကိုယ့်နေရာ သိပ်ကောင်းတဲ့နေရာဘဲ၊ ဒီနေရာကလေး လက်လွှတ်ဖို့ စိတ်မကူးနဲ့၊ ခြေကုဘ်မိအောင် လုပ်ကြပါ၊ ထားကြပါစို့။

ပါဠိတော်ကို ပြပေးမယ်၊ ဘုန်းကြီးပြပေးလိုက်လျှင် ထိုက်သင့်သလောက် ကိုယ့်နေရာရောက်လျှင်ကိုယ် ပေါင်းစုပြီးတော့ ဒီမှာ မရှတ်ရပေမဲ့ ရှတ်စေချင်လို့ တိုက်တွန်းနေတာပါ။

ပါဠိတော်ဟောပုံဟောနည်း

သဟကြီး ပါဠိတော် ၄-ပစ္စည်းမှာတော့ ယခု ဦးပဋ္ဌင်းတို့ ရှတ်သွားတဲ့ အတိုင်းပေါ့၊ နိဿယပစ္စယာ, အတ္ထိပစ္စယာ, အဝိဂတပစ္စယာ-လို့ ပြောင်းရှံ့ဘဲ ရှိပါတယ်။

ကြွင်းတဲ့ပစ္စည်းတွေအတွက် ဘယ်လိုလုပ် မှတ်မလဲ၊ ပါဠိတော် ဘယ်လိုလုပ် ကြည့်မလဲ၊ သတိပြုကြစမ်းပါ အစဉ်အတိုင်း ဘုန်းကြီး ပြောပြမယ်၊ သဘောတူ ရုကလေးတွေတော့ ပေါင်းမှာပေါ့။

ဦးပဋ္ဌင်းတို့ ရှတ်ထားတဲ့ ပါဠိတော်မှာ အထူးကိုလိုက်ရှာစမ်း။

ကုသလပဒ ၃-ချက် ပဋ္ဌိစ္စနှင့် ဘာထူးသလဲ၊ ကိုယ့်ဇယား ကိုယ်ကြည့်ပြီး စဉ်းစားစမ်းပါ၊ အကုသလပဒ ၄-ချက်လဲ ဘာမှမထူးဘူး မဟုတ်လား (မှန်ပါ)။

အဗျာကတပဒမှာကော ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရူပ်သက်သက်တဲ့၊ ဒါဟာ ပဋ္ဌိစ္စ အတိုင်းလို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။ ပိုနေတာကလေးကို အခုရေးပေးထားတယ်။

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။ပ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထု ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ။

နားလည်အောင် နားထောင်ပြီး ကြည့်ကြစမ်းပါ၊ အဲဒီဇယားမှာပါတဲ့ စာဘမ်းကလေး။

ပစ္စယုပ္ပန်တရားတွေဟာ အခု ဘုန်းကြီးရှေ့တည်သွားတဲ့ ပါဠိတော်မှာ ဘာတရားတွေလဲလို့ ကြည့်ရတယ်၊ 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ'–ဆိုတာ စက္ခာယတနံက ကံပုဒ် မဟုတ်လား (မှန်ပါ)။ စက္ခုဝိညာဏံကကော ကတ္တား ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)။ ကာယဝိညာဏ် ဒွေ-ထိ ကတ္တား ပစ္စယုပ္ပန် ဆိုတော့ ပေါင်းလိုက်တော့ ဒွေ ပဋ္ဌဝိညာဏ် ၁၀၊ မရလား (ရပါတယ်)။

နားလည် သဘောပေါက်အောင် နားထောင်ကြပါ၊ အားလုံး ပါဠိတော်တွေ ဦးပဋ္ဌင်းတို့ဖာသာ ရှုတ်လို့ဖြစ်ပြီလို့ မှတ်ကြပါ။

ပြီးတော့ 'ဝတ္ထုံ ပစ္စယာ' ဆိုတာက ကံပုဒ်၊ 'ဝိပါကေ ဗျာကတာ ကိရိယာ ဗျာကတာ ခန္ဓာ'–တဲ့၊ ဘာခေတ္တရသလဲ ဒွေပဋ္ဌာဝိညာဏ် ၁၀, အရူပဝိပါက် ၄-ခုမှ တပါးသော ဝိပါက်ကြီယာစိတ်တွေ ဘယ်သူ့ဘဲရှိရှိ ဝိပါကာဗျာကတာ ကိရိယာ-ဗျာကတာ ခန္ဓာ ဖြစ်ရမှာပေါ့၊ ဗျာဗျာဒအတွက် ပစ္စည်းကလဲ ဗျာ, ပစ္စယုပ္ပန်ကလဲ ဗျာ–နော်၊ အဗျာကတေန အဗျာကတံမှာ ပြောနေတယ်၊ ကျန်တာတွေ အသာကလေး ထား၊ ဒီတခုတည်းကို ဂရုစိုက်ကြည့်၊ ဒီတခုတည်း ဆန်းနေတယ်။

နောက် ဒုတိယနဲ့ အောက်ကရှိတဲ့ ဗျာကုနဲ့–ဗျာအကုက ကုသိုလ် အကုသိုလ် မဟုတ်လား (မှန်ပါ)။ ဒါမျိုးကတော့ ပေါပါတယ်။

ဟေတုပစ္စည်း ပါဠိတော် ဟောနည်း

ကဲ....ဒါဖြင့် ဟေတုပစ္စည်း ပါဠိတော် စဉ်းစားရအောင်၊ သုဒ္ဓသင်္ချာက ပါဠိတော်နဲ့ ပစ္စယုပ္ပန်ကောက်ကို မူတည်ရတယ် မဟုတ်လား (မှန်ပါ)။ 'ဆဝါရ သုဒ္ဓသင်္ချာဖြင့် ဆဝါရ ပါဠိတော်နဲ့ ပစ္စယုပ္ပန် အရကောက်ကို ညွှန်ပြသည်'–ဒီလို မဟုတ်လား (မှန်ပါ)။

ကဲ .. ကြည့်ကြစမ်းပါ၊ ဟေတုမှာ ဘာနာမ်တွေရသလဲ၊ သဟိတ်နာမ်တွေ မဟုတ်လား (မှန်ပါ)။ သဟိတ်နာမ်တွေ ဆိုလျှင် ကုသိုလ်တွေ မပါဘူးလား (ပါပါတယ်)။ အကုသိုလ်တွေလဲ ပါတယ်၊ ဝိပါက်က ဘာဝိပါက်တွေ ပါသလဲ (သဟိဘာဝိပါက်တွေ ပါပါတယ်)။ သဟိတ်ဝိပါက်လို့ ဆိုလျှင် ဦးပဋ္ဌင်းတို့ စဉ်းစားစမ်း၊ ဒွေပဋ္ဌဝိညာဏ်-၁၀ ပါပါ့မလား (မပါပါ)။

ဒွေပဋ္ဌဝိညာဏ်-၁၀ မပါလျှင် သူလဲ သင်္ချာက နဝ, သတ္တရသဘဲ မဟုတ်လား (မှန်ပါ)။ ကုသ-ချက်, အကုသ ချက် ခုဘင်က သဟအတိုင်း ဟောတယ်၊ ဗျာ-ဗျာ ပဝတ္တိ, ပဋ္ဌိသန္ဓေကို ခုတင်ကအတိုင်း ဟောရမယ်၊ ရှုပ်ကျတော့ ဟေတုက ဘယ်နှစ်မျိုးရှိတယ် (၂ မျိုး ရှိပါတယ်)။ ၂-မျိုးဆိုတော့ ၂-မျိုး အတွက်တင်။ ဗာဟိရံ မပါဘူးပေါ့ (မှန်ပါ)။

ထားပါတော့၊ 'မဟာဘူတေ ပစ္စယာ စိတ္တသမุဋ္ဌာနံ ရူပံ, ကဋတ္တာရိပံ ဥပါဒါရူပံ'–လို့ ရုပ်သက်သက်မှာ မဆုံးပေဘူးလား (ဆုံးပါတယ်)။

ကဲ ဒီကနေပြီးတော့ ဝတ္ထုကံ ပါဠိတော် ဆက်တော့မယ် ဆိုးတော့ သတိပြု ကြပါ၊ 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ'လို့ သဟကြီး ၄-ပစ္စည်းက ဟောတယ် မဟုတ်လား (မှန်ပါ)။ ဟောဘုဟောချင်တော့ ဖြစ်ပါ့မလား (မဖြစ်ပါ)။ ဘယ်ထိအောင် မဖြစ်သလဲမေးလျှင် 'ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ' ထိအောင် မရနိုင်ဘူး (မှန်ပါ)။

ဘာရမှာလဲလို့ မေးလျှင် 'ဝတ္ထုံ ပစ္စယာ ဝိပါကဘာဝေ ကိရိယာ ဗျာကတာ ခန္ဓာ (မှန်ပါ)။

သတ္တရသ-ရတဲ့ ပစ္စည်းရဲ့ ပါဠိတော်တိုင်းမှာ ဒီ ဒ္ဒေပဋ္ဌာဝိညာဏ် ၁၀-ကို အကဲခတ်ပါ (မှန်ပါ)။

ဒီတော့ ဟိုတုန်းက ပဋ္ဌိစ္စတုန်းက အစဉ်အတိုင်း ဘုန်းကြီးပြောတယ်၊ အခု ဟေတုမှာ 'စက္ခာယတနံ ။ပ။ ကာယာယတနံ' မရှိဘူးဆိုတာ ဦးပဋ္ဌင်းတို့ နားလည်နေပြီ မဟုတ်လား (မှန်ပါ)၊ စျာနပစ္စည်းမှာကော ရမလား (မရပါ)။ မဂ္ဂပစ္စည်းမှာကော ဒီပါဠိတော် ရမလား (ရပါ)၊ မရနိုင်ဘူး၊ သူတို့မှာလဲ ဒ္ဒေပဋ္ဌဝိညာဏ် ၁၀ မှ မရှိဘဲ။

အကျဉ်းချုပ် ပြောကြပါစို့၊ မိမိဟောလိုတဲ့ ပစ္စည်းရဲ့ သုဒ္ဓသင်္ခေါမှာ ဒ္ဒေပဋ္ဌဝိညာဏ် ၁၀ ရှိ, မရှိကို သတိပြု၊ ကိုယ်ဟောနေတဲ့ ပစ္စည်းမှာ ဒ္ဒေပဋ္ဌဝိညာဏ် ၁၀-ရှိတယ် ဆိုလို့ရှိလျှင် 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။ပ။ ကာယာယ-တနံ ပစ္စယာ ကာယဝိညာဏံ' ခေါ်တဲ့ ပါဠိတော် ရလိမ့်မယ်၊ ဒ္ဒေပဋ္ဌဝိညာဏ် ၁၀-မရှိလျှင် အခုပြောတဲ့ ဟေတု, စျာန, မဂ္ဂ ဘို့ မရသလိုဘဲ ဘယ်ပစ္စည်းမှာမှ ရမှာမဟုတ်ဘူး၊ နားလည်ကြပြီနော် (မှန်ပါ)။ ကဲဒါဖြင့် ထားခဲ့ပါတော့။

ဝိပါကပါဠိတော် ဟောနည်း

ဝိပါကပစ္စည်း သွားပါ၊ အစဉ်အတိုင်း မဟုတ်ဘူးနော်၊ သင့်ရာပြေ-ပြတာ၊ အလုံးစုံသော ဝိပါကဲပဝတ္ထုပဋ္ဌိ သန္ဓေနာမကွန္ဓာ ၄ ပါး, ဝိပါက်သည် ပြုအပ်သော စိတ္တဇရုပ်၊ မှတ်ထားစမ်းပါ ဒီတရားကလေးကို၊ ညြော်–ဘာတွေ ပါလိမ့်မလဲ၊ ဝိပါက် နာမ်နဲ့ ဝ်ပါက်ရုပ်တွေ ရတယ်၊ သင်္ချာက ကော်-စိတ္တက်မယ် မဟုတ်လား (မှန်ပါ)။

'အဗျာကတံ မေ့ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပါကပစ္စယာ ဒါက ဝိထိ ပါဠိတော်၊ အနုဝါဒက အနုလုံ ပဋ္ဌိစ္စအတိုင်းက ဘယ်လို ထွက်

သတုံး၊ 'ဝိပါကဗျာကတ် ကော် ခန္ဓာ ပစ္စယာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ'-စသည် သွားပါ၊ ပဝတ္တိ, ပဋိသန္ဓေ, ရူပ်သက်သက် ရမယ် မဟုတ်လား (မှန်ပါ)။

ကဲ သတိပြုကြစမ်းပါ၊ ဝတ္ထု-ကံဆက်ရအောင် ဒီပစ္စည်းအတွက် ဘယ်လို ဆက်သင့်သလဲ၊ စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။ ပ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝိပါက်တွေ အကုန်ရှိတော့ ဒွေပဉ္စဝိညာဏ် ၁၀-က အကုန် ရမှာကိုး (မှန်ပါ)။ ပြီးတော့ ဘယ်လိုဆက်လဲ၊ ဝတ္ထု ပစ္စယာ ဝိပါကာ-ဗျာကတာ ခန္ဓာ၊ ကြိယာမရှိဘူးနော် (မှန်ပါ)။

အဲဒါ ဒီသုဒ္ဓသင်္ချာက ပြောတာ၊ မှတ်ထားကြပါ၊ ဂရုတစိုက် မှတ်ကြစမ်းပါ။

ဒီနည်းမျိုး ပြော ပို့ချပေးတာက အင်မတန် ရှားနေပါတယ်၊ ဦးပဉ္စင်းတို့ အခု နားသောင် နေပေမယ်လို့ ဒို့လဲပြောပေးလျှင် ဒီလိုပြောပေးမယ် ဆိုတဲ့ အသုံးအနှုန်း ကလေးတွေ မှတ်ထား.ပါ။

ဘာလို့သလဲ၊ ဒီသုဒ္ဓသင်္ချာရလျှင် ဒီတရားတွေကို ဒီလိုစဉ်နေလျှင် ဖြစ်မယ် မဟုတ်ဘူးလား (မှန်ပါ)။ ရှိသမျှတွေ အကုန်သင်နေလို့ သယ်မှာ ကုန်နိုင်ပါ့ မလဲ၊ နည်းတဲ့ ပါဠိတော်တွေ မှတ်လို့။

အာ လုံး နားလည်ကြပါပြီးနော် (မှန်ပါ)။ ကဲ ဒါဖြင့် မှတ်ထားကြစမ်းပါ၊ ဒါဟာ တပစ္စည်း ပြီးရော။

အာသေဝနပစ္စည်း ပါဠိတော်ဟောနည်း

အာသေဝန သုဒ္ဓသင်္ချာက ဘာတဲ့တုံး၊ အကုသိလ်ဒွါဒသ, ဟသိတုပ္ပါဒ်, **မ**ဟာကုသိုလ်, မဟာ-ကြိယာ ဒုတိယာဒိဇော၊ မှတ်ခဲ့ပါ ဒီတရားကလေးတွေကို၊ မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ် ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ၊ သူက သင်္ချာ တီကို, **သ**တ္တ မဟုတ်လား၊ (မှန်ပါ)။ နာမ်တွေချည်း ရလို့ တီကို, သတ္တ။

ကဲ-သတ္တဖြစ်လာရော၊ ကုသလေန ကုသလံ ခါတိုင်းလို, အကုသလေန အကုသလံ ခါတိုင်းလို ဟောတယ်၊ အဗျာကတေန အဗျာကတံ ခါတိုင်းလို ဟောရမယ် ဆိုတော့ ဟောကြည့်ကြစမ်း.ပါ။

အဗျာကတံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ **အာ**သေဝန-ပစ္စယာ။ ဘယ်လိုဆက်မလဲ ဝိပါက် မရှိဘူး သူမှာ၊ ဒီ-တော့ ကြိယာတင်ဆို၊ ကိရိယာဗျာကတံ ကော် ခန္ဓံ ပစ္စယာ တယော ခန္ဓာ ရူပ်မထည့်နဲ့ သူက နာမ်တင်ဘဲ မဟုတ်လား (မှန်ပါ)။ တယော ခန္ဓေ ပစ္စယာ ကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ။

ပဋ္ဌိသန္ဓိကွဲကော-ကော ရှိ၏မလား (မရှိပါ)။ ကြိယာတွေကိုး ဘယ်ရှိမလဲ၊ ဒီတော့ 'ခန္ဓ ပစ္စယာ ဝတ္ထု၊ ဝတ္ထု ပစ္စယာ ခန္ဓာ-ရမှာလား'လို့ ဒါတွေကို လိုက်ကြည့်ရတယ်၊ ဘယ်မှာရှိလိမ့်မလဲ ပဋ္ဌိသန္ဓမှ မရှိ (မှန်၏)။

ကဲ ဒါဖြင့် ဒါက ပဋ္ဌိစ္စသဘော ပြီးပြီ၊ ပဋ္ဌိစ္စဝါရ ပြီးသား ပါဠိတော်ကို ဦးပဋ္ဌင်းတို့ကို မေးနေတာ၊ ရှေကို ဝတ္ထုက ပါဠိတော် ဆက်ရအောင် အာသေ-ဝန အတူက်၊ (မှန်ပါ)။

ဘယ်လို ဆက်သင့်သလဲ ကြည့်ပါဦး၊ 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ' ဟောလို့ ရပါ့မလား (မရပါ)။ 'ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ' ရမှာလား (မရပါ)။

ဒါဖြင့် ဘယ်လိုဆက်မလဲ၊ ဝတ္ထု ပစ္စယာ ကိရိယာဗျာကတာ ခန္ဓာ (မှန်ပါ)။

ခုတင်က ဝိပါကတုန်းကတော့ ဝတ္ထု ပစ္စယာ ဝိပါကာဗျာကတာ ခန္ဓာ-ပါ ရတယ်၊ အခု အာသေဝနကျတော့ မရတော့ဘူး၊ ဝတ္ထု ပစ္စယာ ကိရိယာဗျာ-ကတာ ခန္ဓာ-သာ ရတော့ဘယ် (မှန်ပါ)။

ဒါကို ဦးပဋ္ဌင်းတို့ စဉ်းစားပြီး ဉာဏ်ထုတ်ရုံပေါ့၊ ဒါတွေကို အကုန်လိုက်ပြီး ဟောနေလို့ ဘယ်ဟောနိုင်ပါ့မလဲ၊ သို့ပေမဲ့ တတ်နိုင်သလောက် ကိုယ့်နေရာ ရောက်တဲ့အခါကျတော့ ရှတ်သင့်တယ်လို့ ထင်တဲ့ ပါဠိတော်တွေကို ရှတ်ကြပါလို့ တိုက်တွန်းနေပါတယ်၊ ကုသိုလ်လဲခုပါတယ်၊ စာသင်ဘာလဲ ကိုယ့်မှာပို့ပြီး ပေါက်-လာပါတယ်။

သူတို့က နာမ်ချည်းနေတဲ့ ပစ္စည်းတွေကတော့ သခ်္ခာ 'သတ္တ' ဒီမှာ ထွက်ရမယ်မဟုတ်လား (မှန်ပါ)။ ကုသလေန ကုသလံ, အကုသလေန အကု-သလံ, အဗျာကတေန အဗျာကတံ။

အာရမ္မဏစသည့် ပစ္စည်း ပါဠိတော် ဟောနည်း

ဥပမာ-အာရမ္မဏ အစရှိတဲ့ ၇-ပစ္စည်း ဆိုလျှင် သူတို့က နာမ်ကုန်ရတယ်၊ နာမ်ကုန်ရတော့ ဒီဝတ္ထုကမှာ ဘာတွေရှိမလဲ၊ 'စက္ခာယတနံ ပစ္စယာ စက္ခု-ဝိညာဏံ' ရမယ်၊ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထု ပစ္စယာ-ကျတော့ နာမ်တွေ အကုန်မဟုတ်လား (မှန်ပါ)။ ဝိပါကာဗျာကာ ကိရိယာ-ဗျာကာ ခန္ဓာ ဖြစ်တယ် မဟုတ်လား(မှန်ပါ)။ ပြီးတော့ ဘာဖြစ်နိုင်သတုံး၊ ဗျာကုဖြစ်နိုင်တယ်၊ သဟဇာတအတိုင်း မဟုတ်လား (မှန်ပါ)။ ဗျာအကုလဲ ဖြစ်နိုင်တယ်၊ ပြီးတော့ ဘာဖြစ်နိုင်သေးသတုံး ကုဗျာကနေပြီး ကု, သဟပုရေ-မိသကအတိုင်းက အကု ဖြစ်နိုင်တယ် သဟပုရေမ်သကအတိုင်း၊ ဟောပြီးသား-တွေ မဟုတ်လား(မှန်ပါ)။

သတိထားစရာအချက်

ဒါတွေအတွက် မထူးဘူး၊ ထူးတာက အခု ဘုန်းကြီးပြောနေတဲ့ အဗျာကတေန အဗျာကတံ-မှာ ရနေတဲ့ဂါထားဟာ ဘာလဲ၊ ဒါကို ကိုယ်က သတိထားရတယ်၊ **'ဝိပါက်ရသလား, ကြိယာရသလား, ဝိပါက်ရနေပေမယ့် ဒ္ဒေပဋ္ဌဝိညာဏ် ပါသလား, မပါဘူးလား'** ဒါကို အကဲခတ်လိုက်လျှင် ဒီပါဠိတော်တွေ အကုန် ပေါ်လာတာပေါ့။

ကဲ....ပြန်ကြည့်ကြစမ်းပါ၊ တခေါက် ဘုန်းကြီး ပြန်ပြောမယ်။

အဓိပတိ ပစ္စည်း ဖြစ်ခဲ့လျှင် သာဓိပတိဇော ၅၂-ခုထဲမှာ သတိပြုစရာက သူလဲ နဝ, သတ္တရသ မဟုတ်လား(မှန်ပါ)။ ဒီဟာ့ ဒ္ဒေပဋ္ဌဝိညာဏ်-၁၀ ပါရဲ့လား (မပါပါ)။ ဒီဟာ့ 'စက္ခုဝယတနံ ပစ္စယာ စက္ခုဝိညာဏံ။ပ။ ကာယာ-ယတနံ ပစ္စယာ ကာယဝိညာဏံ'လို့ ဟောလို့ဖြစ်ပါ့မလား (မဖြစ်ပါ)။ ဘာတင်ရမလဲ၊ ဝတ္ထုံ ပစ္စယာ ဝိပါကဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ၊ ဘယ် ပစ္စည်းတုံး၊ **အဓိပတိ** ပြောတာ (မှန်ပါ)။

အစဉ်အတိုင်း တောင်တောင်နေတော့ ပစ္စည်းကျန်နေမှာစိုးလို့ ပြန်**စစ်ပေးတာ အနုလုံအတွက်** (မှန်ပါ)။

အညမညလဲ နာမ်ကုန်မဟုတ်လား (မှန်ပါ)။ **အာရမ္ဘလိုဘဲ ရတယ်။**

နိဿယက သဟအတိုင်း၊ **ဥပနိဿယက** **အာရမ္ဘအတိုင်း**။

ပုရေဇာတကျတော့ ဘာတဲ့တုံး သူ့ရတာက၊ **အရူပဝိပါက် ၄-ခုကြဉ်သော** ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာ ၄-ပါး၊ **သခ်္ခါထုတ်တော့** ဘယ်လောက်တုံး၊ **'သတ္တ'-ဘဲ ရဘာဘဲ၊ အရူပဝိပါက် ၄-ခု** လျှော့လို့ ပါဠိ**ထော်** **ပျက်မှာလား** (**မပျက်ပါ**)။

သတိပြုပါ၊ ဒီပစ္စည်းအတွက် ဟောနေတဲ့ ဝတ္ထုပုရေဇာတ **မဟုတ်ဘူးလား**၊ **သူက** ဘာမှ **လျှော့စရာမရှိဘူး**နော် (မှန်ပါ)။

ဂရုစိုက် **မှတ်စမ်း**ပါ **ဒါ**ကလေးတွေကို၊ **အခုလို** ပါဠိတော် **ပြပေးပြီးတော့ ဘုန်းကြီး** **အရကောက်** **သင်ပေး**ပါ့**မယ်**။

ပစ္ဆာဇာတ **မရှိဘူး**၊ **အာသေဝန** ပြီးပြီ (**မှန်ပါ**)။

ကမ္မ **မှာကော** **နာမ်**တွေ **အကုန်ရတာဘဲ** **မဟုတ်လား** (**မှန်ပါ**)။ **နဝ** **သတ္တရသ-ဘဲ**၊ **အတူတူဘဲ** **သဟ**ကြီ**းလိုဘဲ** **ထုတ်**။

ပဋ္ဌာန်းသိပ္ပံ(တ) ၂၂—ပ-မ-သ-စ

ဝိပါက ပြီးသွားပြီ၊ အာဟာရ, ဣန္ဒြေယ နာမ်ကုန်ရာယ် မဟုတ်လား (မှန်ပါ)။ စျာန,မဂ္ဂ တို့မှာ ဒွေပဋ္ဌဝိညာဏ်-၁၀ မရှိဘူးလို့ ပြောပြီးပြီ (မှန်ပါ)။

သမ္မယုဇ္ဇာ-က အာရမ္မဏ-နဲ့ အတူတူ၊ ဝိပ္ပယုဇ္ဇာ-က ပုရေဇာတလိုဘဲ၊ အရူပ-ဝိပါက် ၄-ကြောင်မသာ ပဋ္ဌာန်းပါ၊ ရုပ်ဝတ္ထုပဋိသန္ဓေနာမကွန္ဓာ ၄-ပါးဆိုတော့ သူက ဟေတု-လို သွားတယ် (မှန်ပါ)။

အတ္ထိ, အဝိဂတသည် သဟကြီးဖြစ်၍ နတ္ထိ, အဝိဂတ သည် အာရမ္မဏနဲ့ တူ၏။

ကဲ....ဒါဖြင့် ဘာခက်လတုံး၊ ပစ္စယဝါရအနုလုံ ကုန်နေပြီ။

လေးလေးနက်နက် စဉ်းစားတတ်ကြပါစေ၊ ဘုန်းကြီးပေးနေတဲ့နည်းကို ရအောင် ယူကြပါ၊ ဘာတွေ ဘုန်းကြီးသင်ပေးသလဲ၊ ပစ္စယဝါရကြီးကူးတော့ ဘာပစ္စည်းကစပြီး သင်မနသလဲ၊ ပြီးတော့ ကျွန်တော့်စည်းတွေ ဒို့ မရှတ်ဘဲနဲ့ ဘယ်လိုလုပ် သင်ပေးလိုက်သလဲ၊ ဒါကလေးတွေကို ကောက်နှုတ်ချက်ချပြီး ရအောင်ယူကြစမ်းပါ၊ ဦးပဏ္ဍိတကို ခနခင်ကချိန်မှာ ဘုန်းကြီးဘို့ တာဝန်တွေ ယူပြီးတော့ ပို့ချရမည့် ပုဂ္ဂိုလ်တွေပါ၊ ကိုယ့်ကိုကိုယ် နှိမ်ချ မထားပါနဲ့၊ အမြင့်ဆုံးအတန်းကနေပြီး လှယ်လှယ် ပြောလိုက်ပါမယ် 'ပဋ္ဌာန်းသိပ္ပံဘုန်းကြီးထက် ဒို့ သာအောင်ချမယ်' ဆိုတဲ့စိတ်ကို မေ့ထားကြပါ၊ 'သာသနာပြုမယ်၊ ပိုပြီး တော့ ပို့ချပေးမယ်' ဆိုတဲ့ စိတ်လဲမေ့းကြပါ။

ပခုက္ကူ။ ဆရာတော်ဘုရားကြီးနည်း

ဘုန်းကြီး စာသင်ခဲ့စဉ်က ပခုက္ကူ။ မြို့ အာဘိဓမ္မာရဇဋ္ဌဂုရု ဖြစ်တော်မူတဲ့ မဟာဝိဇယာရာမ ဦးရွှေတိုက်သစ် ဆရာတော်ဘုရားကြီးဆီမှာ ဝိနည်း ၅-ကျမ်း ပါဠိတော်ကို ဆိုပါတယ်၊ စာဝါကုန်သွားတဲ့အချိန်ကျတော့ ဆရာတော်ဘုရားကြီးက ဘာအမိန့်ရှိသလဲဆိုတော့ 'ဣကောင်းမှုကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ရရပါလို၏' ဆုတောင်းတာကို အတုခိုးခဲ့တယ် ဘုန်းကြီးက မှတ်ထားခဲ့ပါတယ်။

ငါကြီးလို့စာချလျှင် ဒီအတိုင်းဘဲ 'ပို့ချသမျှသော စာဝါတို့၏ ကောင်းမှု ကုသိုလ်ကံ စေတနာသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အကောက်အပုံ ဖြစ်ပါစေ သတည်း' လို့ အမြဲတမ်း အာရုံပြုပါတယ် ဆရာတော်ကြီးနည်းကို။

ဆုမတောင်းခင် ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲဆိုတော့ သူဟာ ဝိနည်း ၅-ကျမ်း ပါဠိတော်ကို အဌကထာနဲ့တဲ့ပြီး ချလာတာ အကြိမ်ပေါင်း ၂၅-ကြိမ် ရှိပြီ–တဲ့ ဆရာတော်ဘုရားကြီးက မိန့်တယ်။

အဲဒီအသံကြားတော့ ဘုန်းကြီးဝမ်းသာလိုက်တာ ဘယ်လိုဝမ်းသာမှန်းကို မသိဘူး၊ သြော်....ဆရာတော်ဘုရားကြီး ဒီ ပိုဠဝတ် ကျမ်းဂန်ကြီးကို ၂၅ ကြိမ် တိုင်တိုင် ပြောခဲ့သတဲ့၊ အဲဒါ ဘုန်းကြီးကျွေ ဆိုတုန်းက ပြောတာ၊ ဒီ နောက် ဘယ် နှစ်ကြိမ်များ ချပြီနေမှန်း မသိဘူး။

ဘုန်းကြီးစိတ်ထဲမှာ အလွန်ကို ဝမ်းသာသွားတာပဲ၊ 'ငါ ကြီးလို့ စာချလျှင် တကျမ်းတပ်ကို ဒီလိုပဲ ငါမှတ်သားပြီး ပြန်ချသွားမယ်၊ ဆရာတော်ကြီးလို ၂၅ ကြိမ် ရှိပြီလို့ နှုတ်ကပြောနိုင်အောင်ကို ချမှာပဲ' လို့ ဆိုပြီး ဘုန်းကြီး ပြန်ချလာ တာပဲ၊ ဘုန်းကြီး အခု ပဋ္ဌာန်းချတာ ၇၂ ကြိမ် ရှိသွားပြီ။

မှတ်မိပြန်ချကြ

အဲဒီလို တာဝန်ဒတ္တကို ယူပြီးတော့ ဒီ ထက်မက ဦးပဉ္စင်းတို့ကလဲ ငါတို့လဲ ဒီနည်းတွေ့ မှီးပြီးတော့ ပြန်ချသွားမယ်ဆိုတဲ့ စိတ်ကမလေးကွေ့ မွေးထားကြစမ်းပါ။

ဒါကြောင့် ရအောင်လဲ ယူကြပါ၊ ဒီ ထက်လဲ ကောင်းအောင်ပြင်ပြီး ပြန်ချပါ၊ မှတ်မိကြပါ၊ ဘုန်းကြီး အခုပြန်ချနေတဲ့နည်းက ရန်ကုန်မြို့ ပြည်လမ်းမှာ သီတင်း သုံးတဲ့ ပဋ္ဌာန်းဆရာတော်ဆိုတာ ဘုန်းကြီးတို့နဲ့ ယ်စဉ်က အတူနေပါ၊ ပဋ္ဌာန်း ဆရာတော်ရဲ့ မူရင်းနည်းပါ၊ ဘုန်းကြီးက ဒီအခုပါ မှာ မှတ်မိပြီး ပြန်ချပေးနေ ပါတယ်၊ မူရင်းက ပဋ္ဌာန်းဆရာတော်ရဲ့ နည်းပါ၊ ဘုန်းကြီးနဲ့အတူတူ ခင်ဦး တောရမှာ ဓနကြတုန်းက အားထုတ်ခဲ့တဲ့ နည်းပါ။

အဲဒါကို စာသင်သားတွေနဲ့ ဘယ်လိုလုပ်ပြီးတော့ ပြင်မှ ပြောမှ နားလည် မလဲဆိုတာတွေကို ဘုန်းကြီးက ဖြည့်စွက်မှတ်မိပြီးတော့ ချပြီပေးနေပါတယ်၊ ဦးပဉ္စင်းတို့က ဒီ ထက်ကောင်းအောင် မှတ်မိပြန်ချပေးပါ။

ရတနာဘက်ဘိုက်ကြီး

မှတ်ထားကြစမ်းပါ၊ 'အနုလုံ ပါဠိတော်စတွေကို ဒို့ ဒီနည်းဖြင့် ရအောင် ရှာဖေယူမယ်' လို့ စိတ်ကူးအားထုတ်ကြပါ၊ တန်ဘိုးမဖြတ်နိုင်တဲ့ ရတနာ အမျိုး မျိုးတို့ဖြင့် ပြည့်နှက်နေတဲ့ ရတနာဘက်ဘိုက်ကြီးကို ဦးပဉ္စင်းတို့ကို နည်းပေး တယ်ဆိုတာ ဖွင့်ယူတဲ့ဆောင့် ပေးအပ်သလို ပေးအပ်နေရတာပါ၊ မှတ်ထားရ တယ်၊ ပေါ့ပေါ့ကလေး မလုပ်နဲ့။

ပစ္စယဝါရ အရဓကောက်နည်း

ပါဠိတော်ဟောနည်း မှက်မိလောက်လျှင် အဲဒီ အနုလုံရဲ့ အရကောက်နည်း ကို ဦးပဉ္စင်းတို့ ခုတင်က ဟောသွားတဲ့ ပါဠိတော်ကို အတည်ပြု ကောက်စမ်း

ရအောင်၊ ဆရာတော်ဘုရားကြီးတွေ ဘယ်လိုလုပ် ကောက်သလဲဆိုတာ ၁၇ ချက် စလုံးဘဲ ကောက်မယ်၊ တူတာမလောက်သာ ကျော်ပေးမယ်။

မူရင်း ပြန်စဉ်းစားစမ်း၊ ဘုန်းကြီးက ဘယ်လိုလုပ် သင်ထားသလဲ 'ပဋ္ဌိစ္စ ဝါရနဲ့ သဟဇာတဝါရမှာ ပဉ္စာဝါရက သဟဇာတပစ္စည်းကို ဟောတယ်' လို့-ဆိုပြီးတော့ ပြခဲ့တယ်မဟုတ်လား(မှန်ပါ)။ ပြခဲ့တော့ သဟကြီးအတိုင်း လာခဲ့တယ်။

'အလယ်ဖြစ်သော ပစ္စယနဲ့ နိဿယဝါရမှာ ပဉ္စာဝါရက နိဿယ ပစ္စည်းကို ဟောတော်မူသည်'-ဆိုတော့ နိဿယက ဘယ်နှစ်မျိုးရှိသလဲဆိုပြီး အကျဉ်းအား ဖြင့် မေးလို့ တနေ့က ပြောပြခဲ့တယ်၊ ၂-မျိုး မဟုတ်လား(မှန်ပါ)။ သဟဇာတ-နိဿယ တမျိုး, ဝတ္ထုပုရေဇာတ နိဿယ တမျိုးလို့ ၂-မျိုး ရှိပါတယ်။

အဲဒီသင်္ချာ သတ္တရသ-မှာ သဟအပြင် ဝတ္ထုပုရေတိုးနေလို့ နဝ-မှ သတ္တရသ ဖြစ်လာတယ်လို့ ပြောခဲ့ပြီ မဟုတ်လား (မှန်ပါ)။

ကုသလေန ကုသလံ-အစရှိတဲ့ ပဒ, ပဒါဝသာန ၃-ချက်သည် ပဋ္ဌိစ္စဝါရ အတိုင်းလို့ ပြောခဲ့တယ်မဟုတ်လား(မှန်ပါ)။ အဲဒါ သဟဇာတ နိဿယ ခေါ်တယ်။

သဟဇာတ နိဿယဖြစ်လျှင် ဘယ်လိုဟောမှာလဲလို့ မေးလျှင် ဟိတ်ပါဠိ မကောက်စို့နဲ့တော့၊ ပေးတဲ့နည်း ရအောင်ယူပြီးတော့ အရကောက်ကြည့်ပါ၊ ပစ္စယုပ္ပန်တင် ကောက်ရအောင်။

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋ္ဌိစ္စအဘိုင်းဘဲလို့ စိတ်က မှတ်ပြီး နားထောင်စမ်းပါ၊ 'ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဋ္ဌတိ ်သ အစိတ်အစိတ် နာမကွန္ဓာကို ပဋ္ဌိစ္စဝါရတုံးကတော့ စဲ့ ၍ ဖြစ်မသာလို့ ဆိုခဲ့တယ် မဟုတ်လား (မှန်ပါ)၊ ဒီမှာတော့ ဒါကို ဘာနိဿယ ခေါ်ရမယ် (သဟဇာတ နိဿယပါ)။ ဒါကြောင့် သဟဇာတ နိဿယ ပစ္စည်း ပြု၍ ဖြစ်သော....။

ဒါကြောင့်မို့ ပစ္စယာကို ဆရာတော်ဘုရားကြီးက အနက်ပေးတော့ 'ပစ္စယာ နိဿယတ္ထေန ပစ္စယံ ကတ္တာ'-တဲ့၊ နိဿယဘွဲ့တဲ့၊ ဘာနိဿယလဲ မေးလျှင် သဟ-ဇာတနိဿယ။

အရကောက်ထဲမှာလဲ ဆိုရှိုးတွေဟာ သိပ်မညီညွတ်တော့ဘူး၊ မမှန်ဘူး၊ ဒီတော့ ဆိုရှိုးကလေးမှန်အောင် နားထောင်ထားကြစမ်းပါ။

ကုသလပဒ ၃-ချက်

ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရား ရ၏။

ထိုအတူ ကုသလေန အဗျာကတံ၌ ဟိတ်ပါ၍ မကောက်တော့ဘူး နော် (မှန်ပါ)။ အဗျာကတော ဓမ္မောဟူသော ကတ္တားပါ၍၏အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတိ ံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း ပြု၍ဖြစ်သော ကုသိုလ်သည် ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ကုသလေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသောကတ္တားပါ၍၏ အရကား-ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတိ ံသ အစိတ်အစိတ်နာမက္ခန္ဓာ ကို သဟဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ကု ၃ ချက် ပြီးသွားရော မဟုတ်လား(မှန်ပါ)။ ဦးသုဇာတ ဟောစမ်းပါ။ ဦးသုဇာတ။ ။ကု ၃-ချက် တခေါက်ဟောသည်။

အကုသလပဒ ၃-ချက်

ဆရာတော်။ ။အကု ၃-ချက်လဲ ဒီးဇတိုင်း နည်းမှီးဆိုရုံဘဲ၊ ဘာမှကြည့်နေဘို့ မလိုဘူး၊ အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တဝီသ ပေါ့၊ အကု ၃-ချက်ကို ဟောကြစမ်းပါ။

သံဃာတော်များ။ ။အကု ၃-ချက် ဟောကြသည်။

ဒေဝဗျာကတ ပဒ

ဆရာတော်။ ။ဒီသဘောချည်းဘဲ သွားမှာပါဘဲ၊ သတိပြုကြစမ်းပါ၊ဗျာဗျာ မှာ ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရူပ်သက်သက်လို့ ပဋ္ဌိစ္စအတိုင်းဘဲ ပါတယ် မဟုတ်လား (မှန်ပါ)။ အဲဒါတွေလဲ အကုန်လုံး သဟဇာတ နိဿယချည်းဘဲ၊ ဦးပညာနန္ဒ ကောက်စမ်းပါ။

ပဝတ္တိအရကောက်

ဦးပညာနန္ဒ။ ။အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ **အဗျာကတော** ဓမ္မောဟူသော ကံတွားပါဌ် **အရကား**–ဝိပါက်စိတ် ဆတ္တိ သ, ကြိယာစိတ်ဝိသ, စေတသိက် အဌတိ သ အင်္ဂတ် အစိတ် နာမက္ခန္ဓာကို သဟ ဇာတနိဿယ ပစ္စည်းပြု၍ဖြင့်သော ဝိပါက်စိတ် ဆတ္တိ သ, ကြိယာဝိသ, စေတသိက်အဌတိ သ အစိတ်အစိတ် နာမက္ခန္ဓာ၊ **ထိုနာမက္ခန္ဓာသည်** ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ပဋိသန္ဓေ အရကောက်

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပါဌ်**အရကား** ပဋိသန္ဓေစိတ် ကျေနဝိသ, စေတသိက် ပဋ္ဌတိ သ, **အစိတ်အစိတ် အစိတ် အပေါင်း** နာမက္ခန္ဓာ, ဟဒယဝတ္ထုကို သဟဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဋိသန္ဓေစိတ် ကျေနဝိသ, စေတသိက် ပဋ္ဌတိ သ **အစိတ် အစိတ်,အစိတ်အပေါင်း** နာမက္ခန္ဓာ, ကဋ္ဌတ္တာရူပ် ပစ္စယုပ္ပန်တရား ရ၏။

ရူပ်သက်သက် အရကောက်

ရူပ်သက်သက် ဖြစ်အုံ့၊ ကတ္တားပါဌ်၏ **အရကား** ပဋ္ဌဝေါကာရဘုံ၌ ဖြစ်**သော**အခါ အရှင်ဝိပါက် ၄-ခု, ဒွေပဋ္ဌဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာတို့သည် ယထာရေဟ ပြုအပ်သော စိတ္တဇမဟာဘုတ်, ပဋ္ဌဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇ မဟာဘုတ်, ဗာဟိရ မဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ဟာဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ, ပဋိသန္ဓေကမ္မဇ ဥပါဒါ, ဗာဟိရဥပါဒါ, အာဟာရဇ ဥပါဒါ, ဥတုဇဥပါဒါ, အသညသတ် ကမ္မဇဥပါဒါ, ပဝတ္တိ ကမ္မဇဥပါဒါရူပ် ပစ္စယုပ္ပန်တရားရ၏။

ဆရာတော်။ ။**ပဝတ္တိရယ်, ပဋိသန္ဓေရယ်, ရူပ်သက်သက်ရယ်** ပဋ္ဌိစ္စအတိုင်း ပေါ့၊ စဲ၍ဖြင်သော ဆိုတဲ့နေရာမှာ 'သဟဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်သော'လို့ ပြောင်းပေးရုံပဲ။ ပဋိစ္စတိုင်း ကောက်ရမှာ မှန်လျှင် ဒီအတိုင်းခေါ်ပဲ၊ အဲဒါ ကိန်းသေ မှတ်ထားကြပါ။

အကောက်ထဲမှာတော့ ဆိုရိုးကလေးတွေက တခါတခါ နိဿယပစ္စည်းပြု၍ ဖြစ်သော, တခါတခါလဲ သဟဇာတပစ္စည်းပြု၍ဖြစ်သော-နဲ့ အဲဒီလို ဖြစ်နေတတ်

ပါတယ်၊ အခုချပေးတဲ့အတိုင်းဘဲ ပဋ္ဌိစ္စအတိုင်းမှန်လျှင် ဒီအတိုင်းဆိုပါ၊ ကိန်းသေ လုပ်ထားရတယ်။

ကဲ....ဒါဖြင့် ထူးတာကလေး ရှေ့ဆက် ဆိုကြပါစို့၊ ဒါ မဆိုပါနဲ့တော့ အားလုံးလဲဘဲ ရလောက်ပါပြီ။

ဝတ္ထုကံ အရကောက်

ပဝတ္ထိအခါ, ပဋ္ဌိသန္ဓေ အခါ, ရုပ်သက်သက်ဖြစ်အုံ့-လို့ ဆိုခဲ့တော့ အခုကျန်တာ ဘာတုံး ဝတ္ထုကံ မဟုတ်လား (မှန်ပါ)။ အကောက်ဆယ်တော်ဘုရားကြီးက ဝတ္ထုကံနေရာ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပါ၌အရကား-

အဲဒီမှာ သတိပြုကြစမ်းပါ၊ ပါဠိတော်က ဘာတုံး 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ'၊ အဲဒီ စက္ခာယတနံက စပြီးဆိုရတာဘဲ၊ အဲဒီ စက္ခာယတနံကို ပဋ္ဌာဝါရတုန်းက စက္ခုဝတ္ထုဆိုချင်တော့ ဘယ်လို ဆိုသလဲဆိုတာ ပြန်စဉ်းစားပေါ့ ဘာတဲ့တုံး (စက္ခုဝိညာဏ် မဒ္ဒုးအားတပ်သော စက္ခုဝတ္ထု)၊ ပဋ္ဌာဝါရက တော့-အားတပ်သော-လို့ ရှိရတယ်၊ အဲဒါကိုပြုတ်ခဲ့ပါ။

'မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော' ဒီလို မဟုတ်လား၊ **အားတပ်သော** ချန်ခဲ့လျှင် ဒါဘဲ မဟုတ်လား (မှန်ပါ)။

'မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု ကို' ဒီလိုဆို (မှန်ပါ)။

ပြီးတော့ ဘာနိဿယလဲလို့ သူကိုစဉ်းစားတော့ ဘာနိဿယလဲ၊ သဟဇာတနိဿယ ဟုတ်သေးရဲ့လား(မဟုတ်ပါ)။ ဘာနိဿယလဲ(ပုရေဇာတနိဿယပါ)။ ဒါကြောင့် 'ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော' လို့ ဆိုပါ။

ကိန်းသေ ဒီအတိုင်းရနေကြစမ်းပါ၊ အကောက်ထဲမှာ အမျိုးမျိုး ဖြစ်နေတယ်၊တခါဟာလေလဲ အခုအတိုင်းပါတယ်၊တခါတလေလဲ ပုရေဇာတပစ္စည်းပြု၍ ဖြစ်သော,တခါဟာလေလဲ ပုရေဇာ.ဝါနိဿယပစ္စည်းပြု၍ဖြစ်သောနဲ့ဘဲ အမျိုးမျိုး အဖုံဖုံတွေ ဖြစ်နေတတ်တယ်၊ ဆိုရိုးကို ကိန်းသေနေပါစေ။

ခုတင်က သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဆို၊ ဝတ္ထုရုပ် ၆-ပါးနဲ့ ကံပုဒ်မှာတွေ့လျှင် ဘယ်အချိန်တွေ့တွေ့ ဘယ်လိုဆိုရမယ်၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဏ်ဒွေ, သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ သောတ ဃာန ဇိဝှါ စသည်မှာလဲ ဒီလိုဆိုရမှာဘဲ ကာယ ဆိုကြပါစို့။

မဇ္ဈိမာယုကဖြစ်၍ အတိတ်ဘဝင်နဲ့ ဥပါဒ်ပြိုင်သော ကာယဝတ္ထုကို ဝတ္ထု ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဏ်ဒွေ, သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ သူက ဘယ်သူတုံး **ကာယာ-ယတနံ** ပစ္စယာ ကာယဝိညာဏံ။

မကုန်သေးဘူး၊ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာအရ ဒီ ဝတ္ထုံက ဘယ်လိုဆိုသတုံး....

ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။

ဒါက ဝတ္ထုပုရေဇာတ(မှန်ပါ)။ ဝတ္ထာရမ္မဏကို အကျဉ်းဆိုကြစို့။

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရှေသော် ၁၇-ချက် မြောက်သောစိတ်နှင့် **အတူဥပါဒ်သော** ဟဒယဝတ္ထုကို....**ဒါက** အကျဉ်းဆိုတာနော်(မှန်ပါ)။ **မရဏာ** **သန္နအခါ** ။ပ။ ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော.... **ဒါက** ကံပုဒ် **မဟုတ်လား**(မှန်ပါ)။

ကတ္တားပုဒ်က ဘယ်လိုဆိုသတုံး၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပ ဝိပါက် ၄-ခု, ဒွေပဋ္ဌာဝိညာဏ်-၁၀ ကြဉ်သော ပဌမဘာဝင်အစရှိသော နောက်နောက်သော ဝိပါကဗာဝီသ, ကြိယာစိတ်ဒီသ စေတသိက်အဌတိံသ **အစိတ်** **အပေါင်း** နာမက္ခန္ဓာ-ဆိုတော့ ဝိပါကာဗျာကတ, ကိရိယာဗျာကတခန္ဓာ ကုန်ရော **မဟုတ်လား**(မှန်ပါ)။ ပစ္စယုပ္ပန်တရား ရ၏။

အဲဒါကလေးဘဲ တဝါရလုံး လျှောက်ပြီးမှေ့နှောက်နေတာ၊ **ဒီ** **တရား**ကို ကိုယ်က **တွေ့**အောင်ရှာတတ်လျှင် ပြီးတာဘဲ။

ဦးပညာနန္ဒ ဝတ္ထုကံ ဆက်ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။ဝတ္ထုကံနေရာ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား–**မဇ္ဈိမာယုက**ဖြစ်၍ အတိတ်ဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခု ဝတ္ထုကို ဝတ္ထုဟု ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဏ် ဒွေ, **သဗ္ဗ**စိတ္တသာဓာရဏစေတသိက် ၇ ခု **အစိတ်**အပေါင်း နာမက္ခန္ဓာ၊ ။ပ။ ကာယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော **ကာယ** ဝိညာဏ်ဒွေ, သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု **အစိတ်**အပေါင်း နာမက္ခန္ဓာ၊ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် **အတူဥပါဒ်** **သော** ဟဒယဝတ္ထု, **မရဏာသန္နအခါ** စုတိစိတ်မှပြန်၍ရှေသော် ၁၇-ချက် **မြောက်**သောစိတ်နှင့် **အတူဥပါဒ်**သော ဟဒယဝတ္ထု,နိရောဓသမာပတ်မှ **ထ**သောအခါ ရှေ့ဖြစ်သော ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယ

ပစ္စည်းပြု၍ဖြစ်သော ပဋ္ဌေါကာရတုံ့ဖြစ်သောအခါ အရှုပဝိပါက် ၄-ခု ဒွေပဋ္ဌဝိညာဏ်-၁၀ ကြည်သော ပဌမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်ဗာဝီသ, ကြိယာဝီသ, စေတသိက်အင္ဂတိ သ အစိတ် အပေါင်းနာမကွန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဗျာ-ကုနဲ့ ဗျာ-အကု

ဆရာတော်။ ။ပြီးတော့ ဘာတုံး၊ ဗျာကုနဲ့ ဗျာအကု မဟုတ်လား(မှန်ပါ)။ ဒီမှာလဲ 'ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ, ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ'ဆိုတာ ဟဒယဝတ္ထုချည်းဘဲ မဟုတ်လား(မှန်ပါ)။ အင်မတန် လွယ်ပါတယ်၊ သတိပြုနားထောင်ကြပါ။

အဗျာကတေန ကုသလံ၌ ကတ္တားပုဒ်အရကား–ဝုဋ္ဌော, မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ပဏ္ဍာဝါရမှာလဲ ဒီအတိုင်းဆိုတာဘဲ မဟုတ်လား(မှန်ပါ)။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဋ္ဌေါကာရတုံ့ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ်စိတ် ဇဝဝီသ,စေတသိက်အင္ဂတိ သ အစိတ်အပေါင်း နာမကွန္ဓာ၊ ဝုဋ္ဌော, မနောဒ္ဓါရာဝဇ္ဇန်းနဲ့ အတူဥပါဒ်တဲ့ ဟဒယဝတ္ထုက ပစ္စည်း, သူနောက်က ကုသိုလ်ဇော စောဇနလျှင် မဟာကုသိုလ် ပဌမဇော နာမကွန္ဓာက ပစ္စယုပ္ပန်၊ အဲဒါကို ဟောတာ။

အကုသိုလ်လဲ ဒီအတိုင်းပေါ့၊ နားလည်ကြတယ် မဟုတ်လား(မှန်ပါ)။ ဒါက ဘာတုံး ဗျာ-ကု နဲ့ ဗျာ-အကု။

နောက် ၂-ချက် ကျန်သေးတယ်၊ သတိပြုကြည့်ကြစမ်းပါ၊ ဒါဟာ ဝတ္ထုပုရေဇာတချည်းဘဲ။

ဗျာ-ကုဗျာနဲ့ ဗျာ-အကုဗျာ

အဗျာကတ ဓမ္မ ပစ္စယာ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ ဒါက ခုဘင်က ဝိဘင်းဘဲ မဟုတ်လား(မှန်ပါ)။အခုတိုးလာတယ် မဟာဘူတ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

နိဿယနှစ်မျိုး သီနိုင်ရေး

ဒီလိုမှတ်ပါ၊ ဝတ္ထုပုရေဇာတနိဿယဆိုတာ ဘယ်နေရာမှာလဲမေးလျှင် ကံပုဒ်မှာ ဝတ္ထုရုပ် ၆-ပါးရှိနေလျှင်, ဝတ္ထုရုပ်၆-ပါးဖြစ်လျှင် အဲဒါ ဝတ္ထုပုရေဇာတ နိဿယချည်းဘဲ။

ဝတ္ထုရုပ် ၆-ပါးမှတပါး အခြားသောဘဝများ ရုပ်ဖြစ်ဖြစ် နာမ်ဖြစ်ဖြစ် ရှိနေလျှင် အဲဒါ ဝတ္ထုပုရေဇာတနိဿယ မဟုတ်တော့ဘူး။ ဝတ္ထုပုရေဇာတနိဿယ မဟုတ်လျှင် ဘာဖြစ်မလဲ သဟဇာတနိဿယဖြစ်တယ်။

ဒီတော့ အခုဝိဘင်းကိုကြည့်စမ်း၊ ဘာတဲ့၊ 'ဝတ္ထုံပစ္စယာ ကုသလာ ခန္ဓာ' ဆိုတာ ဝတ္ထုပုရေဇာတနိဿယ၊ ဟဒယဝတ္ထုမဟုတ်လား (မှန်ပါ)။။

ကဲကြည့်စမ်း၊ 'မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ'တဲ့၊ အဲဒီမှာ မဟာဘူတေ-က ဝတ္ထုရုပ် ၆-ပါး ဟုတ်ရဲ့လား (မဟုတ်ပါ)။ မဟုတ်လျှင် ဝတ္ထုပုရေဇာတနိဿယ ဖြစ်ပါ့မလား (မဖြစ်ပါဘူး)။ မဖြစ်လျှင် ဘာဖြစ်မလဲ(သဟဇာတနိဿယ ဖြစ်ပါတယ်)။ ဒါကြောင့် ဒီမှာ ၂-ခု ရောနေတယ်၊ ၂-ဝိဘင်း (မှန်ပါ)။ ရှေဝိဘင်းက ဝတ္ထုပုရေဇာတနိဿယ၊ နောက်ဝိဘင်းက သဟဇာ-တ နိဿယ။

အရကောက်ကို ဒီတပစ္စည်းတည်း ဒီနေ့ ပြပေးမယ်၊ ဦးပဉ္စင်းတို့ ကျကျနနရအောင်လဲ လုပ်ပါ၊ ဒီကပ္ပစ္စည်းတည်းကို ရစေချင်လို့၊ ဒီ့ပြင်ဟာ ဘာမှ အထူးအဆန်း သင်မပေးဘဲ ထားတယ်။

ဒါကြောင့် အဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာက-တော စ ဓမ္မာ-ဟူသော ကတ္တားပါဌ်၏ အရကား–ခုဘင်ကအတိုင်းဆို၊ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်းအားရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရှေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်စိတ် ကေဝိသ, ဧတသိုက်အဌတိ သ အစိတ်အပေါင်းနာမကွန္ဓာဆိုတာ ခုတင်ကကောက်တဲ့အတိုင်း မဟုတ်လား (မှန်ပါ)။

ပြီးတော့ 'မဟာဘူဟေ ပစ္စယာ'သွားမှာ မဟုတ်လား (မှန်ပါ)။ အဲဒီပစ္စ-ယုပ္ပန် နာမကွန္ဓာနဲ့ ခုဘင်က ကံပုဒ်ဖြစ်မည့် မဟာဘုတ်နဲ့က တကဲ့တပြားစီ မဖြစ်စေရဘူးတဲ့၊ အရကောက် ဆရာတော်ဘုရားကြီးက အစိတ် အပေါင်း နာမကွန္ဓာ, ထိုနာမကွန္ဓာသည် ပြုအပ်သော'လို့ ဆိုပြီး ဂဟေဆက်လာခဲ့ မဟာဘုတ်ကို၊ ဟုတ်ကဲ့လား၊ မဟာဘုတ်က ဟာခြားက မဟာဘုတ်မဖြစ်စေနဲ့ ခုတင်က ပစ္စယုပ္ပန် နာမ်ခန္ဓာကြောင့်ဖြစ်တဲ့ မဟာဘုတ်လို့ နားလည်ပါတဲ့။

ဒါကြောင့် ဘယ်လိုဆိုကယ် 'ထိုနာမကွန္ဓာသည် ပြုအပ်သော မဟာဘုတ်ကို'လို့ ဆို။

ဝိဘင်း ၂-ဝိဘင်းဖြစ်နေပေမဲ့ တဝိဘင်းနဲ့ တဝိဘင်းကို သဘောသွားပြောင်းပစ်ရတယ်၊ လမ်းစဉ်မလွှတ်စေရဘူး၊ 'အစိတ်အပေါင်း နာမကွန္ဓာ, ထို နာ-မကွန္ဓာသည် ပြုအပ်သော မဟာဘုတ်ကို' ဆိုတော့ ဘာနိဿယလဲ (သဟဇာတ နိဿယပါ)။ သဟဇာတ နိဿယ ပစ္စည်းပြု၍ ဖြစ်ရာ ကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ်၊ ဒီတော့မှ ကုသိုလ်ပြုတဲ့ စိတ္တဇရုပ်ဖြစ်မှာပေါ့၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရှိ၏၊ ဒါက ဘာတုံး-အာဗျာကတောနု ကုသလာဗျာကတံ၊ အဗျာကတေနု အကုသလာဗျာကတံလဲ ဒီအတိုင်းပေါ့၊ဦးသူရိယ ဟောစမ်းပါ။ ဦးသူရိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ဗျာ-ဗျာ, ဗျာ-ကု, ဗျာ-အကု, ဗျာ-ကုဗျာ, ဗျာ-အကုဗျာ....လို့ ဗျာ ၅-ချက် မဟုတ်လား (မှန်ပါ)။ လွယ်သွားပါပြီ။

ကုဗျာကု-မှတ်ရန်

ပြီးတော့ ဘာတုံး ကုဗျာက ကုကို သဟပုရေမိဿကလို့ ပြောခဲ့တယ်မဟုတ်**လား** (မှန်ပါ)။ ဒီတော့ ကိုယ်ကပါဠိတော်ကြည့်ပြီး ဖြစ်နေပုံကို သတိထား**ရ**တယ်၊ ကုသလံ ဧကံ ခန္ဓဠ-ဒါက ကံပုဒ်တမျိုး၊ ဝတ္ထု စ-ဒါက ကံပုဒ်တမျိုး၊ **ပစ္စယာ** တယော ခန္ဓာ၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ကုသလံ ဧကံ ခန္ဓဠ-ကုသိုလ်နာမကွန္ဓာဆိုတော့ ဘာဟာ ဘာနိဿယဖြစ်မလဲ (သဟဇာတနိဿယ)။ ဝတ္ထု စ-ဆိုတော့ ဘာနိဿယလဲ (ဝတ္ထုပုရေဇာတ နိဿယ)။ ကံပုဒ်မှာ ၂-မျိုး။

မခက်ပါဘူး၊ သတိပြု နားထောင်ကြစမ်းပါ။

ကုသလာဗျာကဧတနု ကုသလ်ဠ် ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ **အ**ရကား ဘုံသတ်လိုက်စမ်းပါ၊ ပဋ္ဌာဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ်နာမကွန္ဓာကို သဟဇာတနိဿယ ပစ္စည်း၊ ဒီဘင်ဘဲသား 'မပြု'ပါနဲ့ဦး၊ ပြီးတော့ ဟဒယဝတ္ထုရှိတယ်မဟုတ်လား (မှန်ပါ)။ ဝုဋ္ဌော, မနောဒ္ဓါရာဝဇ္ဇနံးအစရှိသော ရှေးရှေ့သောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိပ်ပတ်ပြန်ဖို့ရေသော် ၁၇-ချက် မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၊ ၂-မျိုးရသွားပြီ မဟုတ်လား (မှန်ပါ)။ ဒီကျတော့မှ ပြု၍ဖြစ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝိသ, စေတသိက်အဌတိံသ **အ**စိတ်**အ**စိတ်နာမကွန္ဓာ ပစ္စယုပ္ပန်တရား ရှိ၏၊ ပြီးပြီ ဒီဟာခုရယ်ပြောင်နေနာက်ဟာ **တ**ွေလဲ အကုန်ရတာဘဲ။

ကုဗျာ-ဗျာ

အောက်က ကုဗျာက ဗျာမဟုတ်လား (မှန်ပါ)။ ဒါက ပဋ္ဌိစ္စအတိုင်းဆိုတော့ ဘာနိဿယ ဖြစ်မယ် (သဟဇာတနိဿယ ဖြစ်ပါမယ်)။

ကုသလာဗျာကတာ နှ အဗျာကတံ၌ အဗျာကတော ဓမ္မော-ဟူသော ကတ္တားပုဒ်၏အရကား ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ, ပြီးတော့ကော အစိတ်အပေါင်း မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကုသိုလ်သည် ပြုအပ်သော ဧ်တ္တဇရူပ် ပစ္စယုပ္ပန်တရား၊ ၂-ချက်နော် (မှန်ပါ)။

ကုဗျာ-ကုဗျာ

နောက်တချက်ကြည့်စမ်း၊ ဒီ ၂-ဝိဘင်းကို ပေါင်းပေးတယ်လို့ ပြောထားတယ် မဟုတ်လား (မှန်ပါ)။ ပဌမဝိဘင်းက ခုတင်ကအတိုင်း ဆိုပေါ့၊ ကုသလာဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မော-ဟူသော ကတ္တားပါဠိ၏အရကား-ဆိုတော့ ပဌမဝိဘင်းကို ပြန်ဆိုပါ၊ ဘာတဲ့တုံး ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း, ဝုဋ္ဌော မနောဒ္ဓါရုဝဇ္ဇန်း ။(ပ)။ ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယ ၊ စွဲလမ်းပြု၍ ဖြစ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ဆဲခဲ့သူကို၊ ခုတင်ကပြောခဲ့သလို ထိုနာမက္ခန္ဓာ.... 'ကုသလေ ခန္ဓေ'ကို ထိုနာမက္ခန္ဓာ လုပ်လိုက် (မှန်ပါ)။ ထိုနာမက္ခန္ဓာမဟာဘုတ် ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော....။

အဲဒီအဆက်ကို မျက်စိလည်တတ်ပါတယ်၊ အစိတ်အစိတ် နာမက္ခန္ဓာဆိုပြီးတော့ ဘယ်လိုဆက်သလဲ၊ ထိုနာမက္ခန္ဓာမဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ကုသိုလ်သည်ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ဒီတခုရှလျှင် အားလုံး ခုတင်က ပြောသလို ပါဠိတော်ရသလို ဘာထူးမှာလဲ ဒီအတိုင်းချည့်မဟုတ်လား (မှန်ပါ)။ ဘယ်ဟာမှ ကောက်မှားမဟုတ်ဘူး၊ ဒီတခုကြေနေအောင်ကောက်ပါ၊ ဒီနေ့ ဒါတွေ ချပေးမှာဘဲ၊ ဦးဥာဏ ဟောစမ်းပါ။

ဦးဥာဏ။ ။ကုသလာဗျာကတေန ကုသလံက စ-ဟောသည်။

ဆရာတော်။ ။အကုဗျာ ၃-ချက်ကလဲ ဒီအတိုင်းဘဲ အားလုံးနည်းယူပြီး ဖြေးဖြေး ဟောကြစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောသည်။

ဟေတုပစ္စည်းဟောပုံအညွှန်းများ

ဆရာတော်။ ။အဲဒါလေးတွေ ကြေနေအောင် လုပ်ခဲပါ့၊ ကြေနေအောင် လုပ်ပြီးတော့ ရွှေကိုစဉ်းစားချင်လို့ရှိလျှင် ဘုန်းကြီး နည်းပြောမယ်။

ဥပမာ–ဟေတုက ဒီအတိုင်း 'သတ္တရသ'-တွက်နေတယ်မဟုတ်လား (မှန်ပါ)။ ဟေတုပစ္စည်းအနေနဲ့ ဒီတရားကို ကောက်ချင်လျှင် အကုသိုလ် ပစ္စယုပ္ပန် တွေ့တိုင်း တွေ့တိုင်း ဘာသတိထားရမလဲ၊ မောဟမူဒ္ဓေ၌ မောဟကြဉ်။

ဥပမာ အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဆိုတဲ့နေရာ 'ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ'လို့ တွေ့ဘယ်မဟုတ်လား (မှန်ပါ)။ ခုတင်က ကောက်ပြီးတဲ့အထဲ ပါသွားပြီ၊ 'ဝတ္ထုပုရေဇာတနိဿယ ပစ္စည်ပြုရှိဖြစ်သော အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသ'လို့ ခုတင်က ဆိုတယ်၊ ဟေတုဖြစ်နေလျှင် 'အကုသိုလ်စိတ်ဒွါဒသ, မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ' ဒါကလေးထည့်ရုံဘဲ ပြောင်းဆိုရုံဘဲ မဟုတ်လား (မှန်ပါ)။ ပဋ္ဌိစ္စက နည်းရနေပြီ ဒါ ပစ္စယုပ္ပန်တရား။

အဗျာကတ ဖြစ်နေမယ်တဲ့၊ ဟေတုပစ္စည်း ခုတင်က ပြောတယ် 'စက္ခာယ-တနံ ပစ္စယာ စက္ခုဝိညာဏံ ။(ပ)။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ'-လို့ ဟေတုပစ္စည်းမှာ ပါမလား (မပါပါ)။

မပါလျှင် ဘာပါသလဲ မေးတော့ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ-ပါတယ်မဟုတ်လား(မှန်ပါ)။ဘယ်လိုလုပ်ကောက်မလဲ၊ ဟဒယဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းပြုရှိဖြစ်သော ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု အဲဒီမှာ ဒွေပဋ္ဌဝိညာဏ်-၁၀ ထည့်ရဦးမလား (မထည့်ရပါ)။ ရှိမှ မရှိဘဲ၊ ဒါကြောင့် 'အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝ၏ အစရှိသော နောက်နောက်သော သဟိတ်ဝိပါက်သတ္တရသ, သဟိတ်ကြိယာ သတ္တရသ, စေတသိက်အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ'လို့ ဒါကလေး တွေ့ကို သရုပ်အနေအားဖြင့် ပစ္စည်းအားလျော်စွာ သုဒ္ဓသင်္ချာနဲ့ ညှိတတ်လျှင် ပြီးရောပေါ့။

ပါဠိတော်ကို ရှေးဦးစွာ ခုတင်က ပေးတဲ့နည်းအတိုင်း စိစစ်တတ်ရမယ်။

ဇါဟောမည့် ပစ္စည်းမှာ ဒွေပဋ္ဌဝိညာဏ်-၁၀ ရှိသလား, မရှိဘူးလား, လေ့လာပါ၊ ဝိပါက်တွေရှိသလား, ကြိယာတွေရှိသလား, ဝိပါက်ရှိလျှင် ဝိပါက် အကုန်လား, ဒွေပဋ္ဌဝိညာဏ်-၁၀ ပါသလား-စသည်ဖြင့် လေ့လာလျှင် ခုတင်က ပါဠိတော်နည်း သွားဟတ်သလိုဘဲ အားလုံး ပစ္စယဝါရ တလျှောက်လုံးမှာ

အကောက်ကလဲ ဒီနေ့ပြပေးတာအကုန်ဘဲ၊ ဒါကြောင့် ဒီပစ္စည်းကိုကြေအောင် ကောက်ခဲ့ပါ၊ ဒီ ၁၇-ချက်ကို။ ကဲ ..တော်ကြည်ဦးစို့။

ပစ္စယဝါရ မနေ့က ဒုရေးကောက်ပြီးပြီ၊ ဂရုစိုက်ပြီး ကြိုးစား အားထုတ်ကြပေါ့၊ စာဝါလဲ ကုန်ခါနီးသွားပြီ၊ မှန်းဆကြည့်ကြပါ၊ ဘယ်နေ့လောက် ကုန်မလဲလို့၊ မြန်လျှင် အဖိတ်နေ့ပေါ့၊ အရှုလပြည့်ကျော် ၁၄-ရက် အဖိတ်နေ့၊ မြန်လို့ရှိလျှင် ပြောတာပါ၊ ဒါဟာလဲ ဦးပဉ္စင်းဘို့ သုဒ္ဓသခ်ျာရလို့ ခိုင်းလို့ဖြစ်မှ ပြောတာပါ၊ ကြားနေလျှင်လဲ သီတင်းကျွတ်လဆန်း ၂-ရက် အလွန်ဆုံးပေါ့၊ အဲဒီလောက်တော့ ကုန်မှာဘဲ။

မနေ့က ပစ္စယဝါရ အနုလုံပါဋ္ဌတော် ပြပေးပြီးတော့ သဟဇာတပစ္စည်းက နေပြီး ပြတယ်၊ အဲဒီ သဟဇာတပစ္စည်းကိုဘဲ အရကောက်ပေးတယ်။

ပါဋ္ဌတော် အနေအားဖြင့် ပြောတော့ သဟဇာတပစ္စည်းကို အဆိုခိုင်းထားပြီးတော့ ကြွင်းတဲ့ပစ္စည်းတွေ ပါဋ္ဌတော်ဖြစ်ပုံကို ပြပေးထားတယ်။

အဲဒီ ပါဋ္ဌတော်ပြပေးထားတဲ့ နည်းအတိုင်းဘဲ အရကောက်ယူတဲ့အခါမှာလဲ နည်းနည်းကလေး သဘိပ္ပါကြစမ်းပါ အရကောက်တဲ့အခါ သတိပြုဘို့ရာ။

ဝတ္ထုကံကြောင့် သခ်ျာ သတ္တရသ

ပါဋ္ဌတော်နည်းကို ဘယ်လိုလုပ် ပေးထားသလဲ၊ မည်သည့်ပစ္စည်းမှာမဆို 'သတ္တရသ' ဖြစ်လာတယ်ဆိုတာ ဝတ္ထုကံကြောင့် ဖြစ်လာတာ၊ အဲဒီ ဝတ္ထုကံ အတွက်နဲ့ စပ်လို့ ဘယ်တဆူးမျှားရှိလျှင် ဘယ်ပါဋ္ဌတော် ဖြစ်သင့်သလဲလို့ ဟိုတနေ့က ပြောတာ ပြန်ပြီးစဉ်းစားကြစမ်းပါ၊ တခေါက်။

ဒွေပဋ္ဌာဝိညာဏ်-၁၀ ပါလာလျှင် မှတ်ဖွယ်

မိမိဟောဆဲပစ္စည်းရဲ့ သုဒ္ဓသခ်ျာမှာ ဒွေပဋ္ဌာဝိညာဏ်-၁၀ ပါနေလျှင် ထိုပစ္စည်း၏ ပါဋ္ဌတော်မှာ ဘာပါလာမယ်၊ 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ ။ပ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ'လို့ ဒါတွေ ပါလာလိမ့်မယ်။

သတ္တရသမှာဘဲ ဖြစ်ဖြစ်, သတ္တမှာဘဲ ဖြစ်ဖြစ် အတူတူဘဲနော် (မှန်ပါ)။ ဘယ်ပစ္စည်းဖြစ်ဖြစ် ဒွေပဋ္ဌာဝိညာဏ်-၁၀ ပါလာလျှင် ဒီပါဋ္ဌတော် ပါလာမယ်လို့ သိရမယ်။

မှတ်ထားကြစမ်းပါဦး၊ အရကောက်ကို ပြောချင်လို့ ဒါပြန်ပြောတာ။

ဝတ္ထုံ ပစ္စယာ မှတ်ဖွယ်ရာများ

ပြီးတော့ မိမိဟောဆဲပစ္စည်းမှာ ဝိပါက်, ကြိယာ ၂-မျိုးလုံး အစုံပါနေလျှင် 'ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ'။

ထို ၂-မျိုး အစုံမရှိသော အာဒသဝန ပစ္စည်းကျတော့ ဘာဒလျှဉ်နေသလဲ (ဝိပါက် လျှော့နေပါတယ်)။ ဝိပါက်လျှော့နေတော့ 'ဝတ္ထုံ ပစ္စယာ ကိရိယာ-ဗျာကတာ ခန္ဓာ'။

ကြိယာ မပါသော ဝိပါကပစ္စည်း ဖြစ်နေလျှင်တော့ 'ဝတ္ထုံ ပစ္စယာ ဝိပါကာ-ဗျာကတာ ခန္ဓာ'။

ဒါ ဘယ်မှာ သိထားသလဲ မေးလျှင် အဗျာကတေန အဗျာကတံမှာ သိထား တာ။

ကြင်းတဲ့ ဗျာ-ကု, ဗျာ-အကုဘို့ ဆိုတာက အကြောင်းမထူးဘူး ကုသိုလ်, အကုသိုလ် ရှိသလို ကောက်တယ်လို့ ပြောတာ။

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ ဆိုရိုး

အဲဒီအတိုင်းဘဲ ဒီ ပါဠိတော် မှတ်ထားသလိုဘဲ ဒီ ပါဠိတော် သတိပြုလို့ မှတ်လို့ရလျှင် ၎င်းပစ္စည်းမှာ 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ' ပါနေလျှင် မနေ့က ဦးပဉ္စင်းတို့ ကောက်တဲ့အတိုင်း 'မဇ္ဈိမာယုကဖြစ်၍ အတီတာဘဝင်နှင့် ညပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဏ်ဒွေ, သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု, အစ်ဟ်အပေါင်း နာမက္ခန္ဓာ' ဆိုပါ။

ဆိုရိုးလဲ ကိန်းသေနေပါစေ၊ အကောက်ထဲမှာ ကိန်းမသေဘူး၊ ကြည့်ကြ စမ်းပါ၊ ဂရုစိုက်လဲ ကြည့်ပါ။

ထို့အတူ သောတ, ဃာန, ဇိဝှါ, ကာယတို့ကို ဟောရပါတယ်။

ဝတ္ထုံ ပစ္စယာ ဆိုရိုး

ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာ ဗျာကတာ ခန္ဓာ'လို့ ရှိတဲ့နေရာမှာ မနေ့က ကောက်ပေးတော့ ဟဒယဝတ္ထု ကောက်တော့ ဘယ်လိုဆိုသလဲ၊ 'ပဠိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု'လို့ ဆိုတဲ့ ဆိုရိုးဟာ သတိပြု နားထောင်ကြစမ်းပါ၊ ပဠာဝါရတုန်းက ဝတ္ထု-ပုရေဇာတ ပြောတယ်၊ သတ္တဝါတယောက်ရဲ့ ဘဝတခုအစက ဘယ်က စထား သလဲ၊ (ပဠိသန္ဓေက စပါတယ်)။ အဲဒါကိုယူတယ်၊ ဒါကြောင့်မိုလို့ ပစ္စယုပ္ပန်

ဝိပါက်, ကြိယာကောက်တဲ့ အခါကျတော့ ပဌမဘဝင်က-စပြီး ကောက်ရတယ် မဟုတ်လား (မှန်ပါ)။ "ဩော်....ဒါကြောင့် ဒီနေရာတွေမှာ ဒီလိုကောက်တာ ကိုး"လို့ နားလည်ပါစေ။

ပစ္စယုပ္ပန်ဝိပါက်ရှိနေလို့ ဟဒယဝတ္ထုပစ္စည်း ဖြစ်လျှင် 'ပဋ္ဌိသန္ဓေအစရှိသော' လို့ချည်းဘဲ သွားမယ်။

အကယ်၍ နုတင်ကပြောနေတဲ့ အာသေဝန ပစ္စည်းလို့ ဝိပါက်မပါဘဲ ကြိုးပမ်းသာ ဖြစ်နေမယ်၊ ကြိယာလဲ ဖြစ်ပြန်, အာသေဝနက ဘာဖြစ်နေပြန် သေးသတုံး–ဇောလဲဖြစ်တယ်။

အာသေဝနရဲ့ ဝတ္ထုံ ပစ္စယာ

နားလည်အောင် နားထောင်ကြနော်၊ အာသေဝနပစ္စည်းကျတော့ ဝိပါက် မပါလို့ ကြိယာဘဲဖြစ်နေတဲ့အပြင် ၎င်းကြိယာသည် ဘာဖြစ်နေသလဲ (ဇောဖြစ် နေပါတယ်။)

ဦးပဋ္ဌင်းတို့ အကောက်ကြီး ဖတ်ကြည့်ကြပါ၊ ထပ်တလဲလဲ ဒါတွေ့ရေး နေတယ်၊ထူးတာကလေးတွေကို ဘုန်းကြီး ကောက်နှုတ်ချက် ချပေးနေတယ်။

ဒီတော့ 'ဝတ္ထုံ ပစ္စယာ ကိရိယာဗျာကတာ ခန္ဓာ' လို့ အာသေဝန ပစ္စည်းမှာ ဟောထားပေမဲ့ ၎င်း အာသေဝနကြိယာကို သတိပြုကြစမ်းပါ၊ ဇောဟာ ပဌမဇောကို ကတ္တားထားလို့ ရရှိလားလို့ ကြည့်ပါ (မရပါ)။ သုဒ္ဓ သင်္ချာက ဘာတဲ့တုံး၊ 'အကုသိုလ် ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာ ကြိယာ ဒုတိယာဒိဇော–တဲ့။

အဲဒီ ဒုတိယာဒိဇောက ပစ္စယုပ္ပန် ဖြစ်နေလျှင် သူ့ပစ္စည်း ဟဒယဝတ္ထုက ဘယ်မှာနေမလဲလို့ ကြည့်လျှင် ပဌမဇောထဲမှာရှိတယ်၊ နားလည်ကြရဲ့လား (မှန်ပါ)။

ဘာပြောလိုက်တာလဲ၊ အာသေဝနရဲ့ ကြိယာ ပစ္စယုပ္ပန်က ဒုတိယာဒိဇောက ရှိနေလျှင် ပစ္စည်းထိုက်မည့် ဟဒယဝတ္ထုက ဘယ်မှာလဲလို့မေးလျှင် 'ပဌမ ဇောနှင့် အတူဥပါဒ်တဲ့ ဟဒယဝတ္ထု'။

ဒါကြောင့် အာသေဝန ပစ္စည်းကို 'ဝတ္ထုံ ပစ္စယာ ကြိယာဗျာကတာ ခန္ဓာ' ကောက်တဲ့အခါ ဘယ်လိုလုပ်ပြီး ဆရာဇတာ်ကြီးက ဆိုရိုး ပြုသလဲလို့ ဆိုလျှင် 'ပဋ္ဌိသန္ဓေ အစရှိသော' လို့တော့ မဖြစ်ဘူးနော် (မှန်ပါ)။ ဘာတဲ့တုံး ပဌမ ဇောအစရှိသော ရှေးဦးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့်

အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်း ပြု၍ ဖြစ်သော ဟသိတုပ္ပါဒ်, မဟာကြီးယာ ဒုတိယဒီဃာ၊ မဟာဂျုတ်ကြီးယာ ၉-ခု, စေတသိက် ပဋ္ဌာန်သ အစိတ်ပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရှု၏။

မျှားတာမှ မဟုတ်ဘဲ ဒီတနေ့လုံးပေး ရှိတယ်၊ ဘယ်ပစ္စည်းအတွက်လဲ **အာသေဝန**အတွက်၊ သိပ်မျှားတာမှ မဟုတ်ဘဲ ခါးလောက်ကလေး ဘာမမှတ်တတ်စရာ ရှိသလဲ။

အဲဒီလိုမှတ်တဲ့ ကောက်နှုတ်ချက်ကလေး ပိုင်ပိုင် နှိုင်နှိုင် နားလည်ပြီးတော့ အရကောက်ကြည့်တော့ အိုး–အလကားဟာတွေ ထပ်ဖရားနေရသလို ဖြစ်နေမယ်၊ ဘယ်ပစ္စည်းကြောင်းကိုယ်က သိပြီးသားဖြစ်နေယင်း ဖြစ်နေမယ်၊ ဆရာတော်ဘုရားကြီးမှာတော့ ဖနရာလေပ် ဘားဇနဲ ကြေသည်ထက် ကြေအောင် ဆိုပြီး ရေးခဲ့ရတာ၊ ဒါတွေ ယပ်တလဲလဲ ရေးနေလို့လဲ စာအုပ်ကြီးနေတာ။

ဇောမဟုတ်တဲ့ သာမန်ကြိယာ

သတိပြုကြပါဦး၊ ဒီကြိယာနဲ့ စပ်ပြီး ဘုန်းကြီး ပြောပြပါ၏။ အကယ်၍ အာသေဝန ပစ္စည်းလို မဟုတ်ဘဲနဲ့ သာမန်ကြိယာကိုဘဲ ရှိနေမယ်၊ သာမန်ကြိယာဘဲ ရှိနေတယ်ဆိုတော့ ကာမဇောပါရုဝိထိမှာ ဦးပဋ္ဌင်းတို့က ကြည့်စမ်း၊ ကြိယာ ဘယ်မှာရှိသတုံးလို့ ကြည့်ကြစမ်းပါ၊ ကာမဇောပါရ အနန္တရ ဝိထိမှာ ပဋ္ဌိသန္ဓေ, ဘဝင်ပြီးတော့ အာဝဇ္ဇန်း၊ အဲဒီမှာ စတွေ့တယ်၊ ဘဝင် နောက်မှာ အာဝဇ္ဇန်း မဟုတ်လား (မှန်ပါ)။ အဲဒီ အာဝဇ္ဇန်း ပစ္စယုပ္ပန် ဖြစ်ရတဲ့ အလှည့်မျိုးလဲ မရှိနိုင်ဘူးလား၊ ကြိယာတွေ အကုန်ရှိနေလျှင် သူပါတော့မယ် မဟုတ်လား (မှန်ပါ)။

ဒီတော့ သူ့ရှေ့က ဘယ်သူရှိသတုံး(ဘဝင်ရှိပါတယ်)။ ဘဝင်သည် ဘာဘဝင် ဖြစ်တော့မလဲ မေးလျှင် ဘဝဂုံပစ္ဆေဒ။

ဝိထိစိတ်ရဲ့ ရှေနားက ရှိနေတဲ့ နောက်ဆုံးဘဝင်ကို ဘာခေါ်သလဲ (ဘဝဂုံ ပစ္ဆေဒ ခေါ်ပါတယ်)။

ဒီတော့ အဲဒီလို **သာမန်**အားဖြင့် အဲဒီလို ဇောအနေအားဖြင့် မဟုတ်ဘဲနဲ့ ကြိယာ သာမည-ရှိနေတဲ့ ပစ္စည်းမျိုး ဖြစ်မနေလျှင် အနုလုံ ဖြစ်ဖြစ်, ပစ္စနိက် ဖြစ်ဖြစ် ဘယ်လိုလုပ် ဆိုမလဲမေးလျှင်–

> ဘဝဂုံပစ္ဆေဒ အစရှိသော ရှေးရှေးဃသာ စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။'
>
> ဗဒ္ဓဘာန်းယိမ်ပွံ (တ) ၂၃—ပမေ.သ.စ

တနေရာထဲကို လက်ညှိုး ညွှန်ပြီးဟော့ ဘုန်းကြီးကပြောတာ မဟုတ်ဘူး၊ တဝါရလုံးမှာ ပတ်သက်နေတဲ့ စကားတွေပြောတာ၊ ပစ္စယဝါရ, နိဿယဝါရ အကုန်လုံးနဲ့ ပတ်သက်တယ် အနုလုံ, ပစ္စနိက် ဒီအတိုင်းဘဲ။

'ဘ.ဂုံ ပဌေဒ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ဝတ္ထု ပုရေဇာတ နိဿယပစ္စည်း ပြု၍ ဖြစ်သော'–ဆိုပြီးတော့ ရသင့်ရထိုက်တဲ့ ပစ္စယုပ္ပန်ကြိယာတွေ ကောက်ရတယ်။

ဗျာ-ကုမ္မ ကုသိုလ်ခန္ဓာ

ဒါက ဗျာဗျာမဟုတ်လား (မှန်ပါ)။ ဗျာ-ကုကျတော့ ဘာဖြစ်နေသလဲ၊ 'ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ'။

ဒီကုသိုလ်ဟာ ကာမဇော၀ါရဝိထိကြည့်လိုက်လျှင် ဘယ်အထဲမှာ ရှိသတုံး (ဇောမှာ ရှိပါတယ်)။ ဇောရှေက ဘယ်သူရှိသတုံး (ဝုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်း)။ ပဉ္စဒ္ဓါရဝိထိဖြစ်လျှင် ဝုဋ္ဌော, မနောဒ္ဓါရဝိထိဖြစ်လျှင် မနောဒ္ဓါရာ၀ဇ္ဇန်း။

အဲဒီ ၂-မျိုးစလုံး ရည်ရွယ်ပြီးတော့ ဆရာတော်ကြီးက ဘယ်လိုဆိုထားသတုံး၊ ဦးပဉ္စင်းတို့ ဘယ်နှယ်လုပ် ကျက်ထားသတုံး၊ 'ဝုဋ္ဌော, မနောဒ္ဓါရာ-ဝ၀ဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု' လို့ ကျက်ရတယ် မဟုတ်လား (မှန်ပါ)။

ဘာကို ပခေါနထားသလဲလို့မေးလျှင် ဝိထိစိတ်တွေ၊ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ သတ္တ၀ါ၊တဲ့ သန္တာန်မှာ ဖြစ်နေတဲ့အစဉ်ကို ကြည့်ပြီးတော့ ဆိုရိုးလုပ်ရတယ်။

ဒါကြောင့် တခါ တခါ ဘုန်းကြီးက သတိပေးတယ်၊ ကိုယ်သင်နေတဲ့ စာအုပ်ထဲက စာလို့ မမှတ်ပါနဲ့၊ ကိုယ့်သန္တာန်ဖြစ်နေတဲ့တရားကို စာအုပ်ကယူပြီး ရေးထားတာ၊ ဦးပဉ္စင်းတို့, ဘုန်းကြီးတို့ သန္တာန်မှာ ဒီ ကာမဇော၀ါရဝိထိ ဖြစ်လျှင် ဒီအတိုင်းဖြစ်တာ။

ထိုနည်းတူစွာ အကုသိုလ်ပစ္စယုပ္ပန်ဖြစ်လဲ အကုသိုလ်တရား ဘယ်မှာရှိသလဲ လိုက်ရှာ၊တော့ ဇောဘဲ (မှန်ပါ)။ အဲဒီဇောရှေက ဘယ်သူရှိသလဲ မေးလျှင် (ဝုဋ္ဌောနဲ့ မနောဒ္ဓါရ-ဝ၀ဇ္ဇန်း)၊ အဲဒါကြောင့် ဆိုရိုး ဒီလိုဖြစ်နေတာ။

အာသေ၀နကျပြန်တော့ ပဌမဇော မရပြန်ဘူး၊ ဒုတိယာဒိဇော ရပြန်တော့ ခုတင်က ဘယ်လိုဆိုသတုံ။ 'ဝုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်း' လို့ မဆိုနိုင်တော့ဘူး၊ ပဌမဇော အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဝတ္ထာရမ္မဏကျမတော့ 'မရဏာသန္နအခါ' ဆိုရုံဘဲပေ (မှန်ပါ)။

အဲဒီလို ဟောဆဲပစ္စည်းရဲ့ သုဒ္ဓသင်္ချာမှာ ဒွေပဋ္ဌဝိညာဏ် ၁၀-စသော တရား ရှိနေလျှင် 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ ။ပ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ' ဟောရမယ်၊ ဒီလိုဟောထားလျှင်လဲ အကောက်ကို မနှေက အတိုင်း ကောက်ရမယ်။

ဒီမှတပါး ဒွေပဋ္ဌဝိညာဏ် ၁၀ မရလို့ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ'လို့ ဝိပါက်, ကြိယာ ရနေလျှင်လဲ အစုံဖြစ်နေလျှင် မနှေကအတိုင်း ဆိုပြီး ကောက်ပါ။

အကယ်၍ ဝိပါက်သာဖြစ်လျှင် ဆိုရိုးဟာ ဟဒယာဝတ္ထုကို မနှေကအတိုင်း ရပ်။

ကြိယာ ဖြစ်နေလျှင် ဆိုတော့ ကြိယာသာမန်ဖြစ်လျှင် 'ဘဝင်္ဂုပစ္ဆေဒ အစရှိသော'လို့ ဆို၊ အာသေဝနလို ဒုတိယာဒိဇောမျိုး ကြိယာတင်ရလျှင် 'ပဌမဇော အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု'လို့ ဆိုပါ၊ အဲဒါ ကောက်နှုတ်ချက် ပြောပေးတာ။

ကြွင်းတဲ့နေရာတွေ လိုက်ရှာတော့ ဘာတွေ့သလဲ၊ ဗျာ-ကုနဲ့ ဗျာ-အကု သိသွားလျှင် ဗျာ-ကုဗျာ ထူးဦးမှာလား (မသူးပါ)။ ဗျာ-အကုဗျာလဲ အတူတူဘဲ။

ဒီအောက်က ရှိနေတဲ့ တရားတွေကလဲ ကုသိုလ် အကုသိုလ်နဲ့ စပ်တဲ့ ကုသလာ-ဗျာကတော ကုသလဿ, အကုသလာဗျာကတော ကုသလဿ ဆိုတာတွေက ဝုဋ္ဌော, မနောဒ္ဓါဆုဝဇ္ဇန်း ခေါ်တဲ့ ဇောချည်းဘဲ မဟုတ်လား (မှန်ပါ)။

ဒါကြောင့် အနုလုံကောက်ကောက်, ပစ္စနိုက်ကောက်ကောက် အရကောက်သည် မနှေက ဘုန်းကြီးချပေးလိုက်တဲ့ သဟဇာတပစ္စည်းအရကောက်ကို ရနေလျှင် အလုံးစုံကိစ္စ ပြီးနေပါတယ်လို့ နားလည်ကြပါ၊ ဘယ်မှာလဲမေးလျှင် ပစ္စယဝါရ, နိဿယဝါရ ၂-ဝါရလုံးအတွက်။

ပစ္စနိုက်

ဒီတော့ အနုလုံအနေအားဖြင့် ကုန်မယ်ထားပြီး ပစ္စနိုက်သွားကြည့်လျှင် သုဒ္ဓသင်္ချာက ပဋ္ဌိစ္စဝါရအတိုင်းဘဲ မဟုတ်လား (မှန်ပါ)။

သင်္ချာကျတော့ ဘယ်လိုတွက်ထားသလဲ၊ နဟေတုက ဒ္ဒ, စတ္တာရိ, ဒ္ဒ၊ စတ္တာရိ-လာပြီ၊ ၂-ချက်တိုးလာတယ် မဟုတ်လား (မှန်ပါ)။ အကုသလနဲ့ အကုသလံ ပဋ္ဌိစ္စအတိုင်း၊ အဗျာကတေန အဗျာကတံ ပဋ္ဌိစ္စမှာလဲ ရခဲ့တာဘဲ မဟုတ်လား (မှန်ပါ)။

'အကုသလံ မမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော ခန္ဓေ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော'–တဲ့၊ ပဋ္ဌိစ္စအတိုင်းဘဲ မဟုတ်လား (မှန်ပါ)။ ကောက်ခတဲ့လဲ ပဋ္ဌိစ္စအတိုင်း ကောက်ရတယ်။

အဗျာကတပေါ့ဘိုရေ တရားတွေက ဘာလဲ အလွတ်စိတ်တွေ မဟုတ်လား (မှန်ပါ)။ သတိပြုပါလား အဗျာကတ နဟေတု အဟိတ်စိတ်တွေ ရတယ်လို့ မှတ်ထားနော် ကိုယ့်ဉာဏ်ထဲက (မှန်ပါ)။ ဘုန်းကြီးဟောပြမယ် ပြီးတော့မှ ဦးပဋ္ဌင်းတို့ ဒီ တ·ပစ္စည်းတော့ ဟောရမယ်။

အဗျာကတံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတု·ပစ္စယာ။

ပဋ္ဌိစ္စအဘိုင်း ဘာတွေထွက်မလဲ–ပဝတ္တိ, ပဋ္ဌိသန္ဓေ, ဝတ္ထုကံ-ဆိုပြီးတော့ (မှန်ပါ)။ ပြီးတော့ ရုပ်သက်သက် ၇·မျိုးလုံး ရှိတယ် မဟုတ်လား (မှန်ပါ)။

ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရုပ်သက်သက်ပြီးလျှင် ဘာစဉ်းစားမလဲ၊ ဝတ္ထုကံ-မဟုတ်လား (မှန်ပါ)။ ကဲ....နဟေတု ဗျာဗျာမှာ ဝတ္ထုကံ-ထည့်ဟောမလို့ ဘယ်လို ထည့်ဟောမလဲ။

ကိုယ်တိုင်ဆုံးဖြတ်လေ၊ နဟေတု မဟုတ်လား (မှန်ပါ)။ နဟေတု ဗျာဗျာမှာ ဝတ္ထုကံ ထည့်ဟောလို့ ရ·မရ၊ ရလျှင် ဘယ်လိုဟောမယ် ('စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ'-စသည့် ထည့်ရပါမယ်)။ ဘာဖြင့်လို့လဲမေးလျှင် အဟိတ်စိတ်ရှိတယ် မဟုတ်လား (မှန်ပါ)။ အဟိတ်စိတ်ရှိလျှင် ဒ္ဒေပဉ္စဝိညာဏ်-၁၀ ရှိတယ်၊ ဒါကြောင့်—

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ။(ပ)။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။

ဒါက ဒ္ဒေပဉ္စဝိညာဏ် ၁၀-အတွက် (မှန်ပါ)။ ပြီးတော့ ဘာထည့်မလဲ–

ဝတ္ထုံ ပစ္စယာ အဟေတုကဝိပါကဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ-လို့၊

အဟိတ်ဝိပါက်နှင့် ကြိယာတင် ယူ (မှန်ပါ)။ ဒ္ဒေပဉ္စဝိညာဏ် ၁၀-မှ တပါးသော အဟိတ်ဝိပါက်ဆိုဟော့ ဘယ်လောက်ကျန်တော့သတုံး၊ (၅-ပါး ကျန်ပါတော့တယ်)။ အဟိတ်ကြိယာကတော့ မလျှော့ဘူးပေါ့နော် (မှန်ပါ)။

၂-ချက် ပြီးသွားပြီ၊ နောက်တချက်က ဘာတုံး၊ အဗျာကတေန အကုသလံ မဟုတ်လား (မှန်ပါ)။

အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နု ဟေတု-ပစ္စယာ၊ ဝတ္ထုံ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

အကုသလာ ခန္ဓာ လုပ်လို့ မဖြစ်ဘူးနော် (မှန်ပါ)။ ဘာတင်ရသလဲ၊ မောဟ တင် ရမှာမဟုတ်လား (မှန်ပါ)။

နောက်တချက်က ဘာတုံး အကု-ဗျာက အကု မဟုတ်လား (မှန်ပါ)။သတိ ပြုကြစမ်းပါ၊ သဟပုရေမ်ိသက ရောက်သွားပြီ။

အကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နု ဟေတုပစ္စယာ၊ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

အဲဒီ နောက် ၂-ချက်ကို သတိထားပေါ့၊ အဲဒီလုံး မှတ်မိလောက်ပါပြီ ထင်ပါတယ်၊ တခေါက် ပြန်နားထောင်ကြစမ်းပါ၊ နောက် ၂ ချက်၊ (အထက်ပါ အတိုင်း တခေါက် ဖတ်ပေးသည်)။ ကဲ....ကုသိုလ်ဖြစ်အောင် ဟောကြစမ်းပါ အားလုံး။

သံဃာတော်များ။ ။စတ္တာရီသခ္မာ စေ့အောင် ဟောသည်။

ဆရာတော်။ ။ကြိုးစားအားထုတ်ကြစမ်းပါ ပိုပြီးတော့ ဦးပဉ္စင်းတို့ကို ဘုန်း ကြီး တိုက်တွန်းပေးနေပါတယ်။

ဝမ်းမြောက်ဝမ်းသာ ဒုိစာဝါ

ဘုန်းကြီး စာမချခင်ကလေးလေလာက်ကဘဲ ပြောပါခဲတာ့ စာဝါကို မှန်းကြည့်တော့ ခုတင်က ပြောသလို မြန်လျင်လဲဘဲ အခုလက္ခယ် အဖိတ်နေ့လောက် ပြီးသွားမှာဘဲ၊ နည်းနည်းများ ကြာနေလျင်လဲ အလွန်ဆုံး သီတင်းကျွတ်လဆန်း ၂-ရက်ပေါ့၊ ဒီလို စဉ်းစားလို့ရတယ်။

အဲဒီလို စဉ်းစားယင်းမတ္တ အခုစာဝါနှင့်စပ်ပြီးတော့ ဦးပဉ္စင်းတို့အတွက်လဲ ဘုန်းကြီးဝမ်းသာတယ်, ကိုယ့်အတွက်လဲ ဝမ်းသာတယ်၊ ကုန်ခါနီးသွားပြီလို့ စာဝါတခေါက် ပြီးဆုံးခါနီးသွားပြန်ပေါ့ လို့၊ ဘေးမရှိ, ရန်မရှိ, အန္တရာယ်မရှိ ဆိုသလို ချမ်းချမ်းသာသာနဲ့ မိမိနှင့်တကွ စာသင်သားတွေအားလုံး ရှင်ရှင် လန်းလန်း ဝမ်းမြောက်ဝမ်းသာနဲ့ စာဝါတခေါက် ပြီးဆုံးရဦးတော့မည်။

အဲဒီ စာဝါမှာလဲ ကိုယ်မှန်းထားတဲ့အတိုင်း အသံဖမ်းယူချက်လို့ ဖမ်းယူတဲ့ နေရာမှာ အနှောင့်အယှက် ဘာမှမရှိဘဲနှင့် ရခဲ့ဟယ်၊ ဦးပဉ္စင်းတို့ စဉ်းစားကြည့်ပါလား၊ စတဲ့နေ့က စပြီးတော့ အသံဖမ်းမှုကိစ္စနဲ့ပတ်သက်လို့ ဘာမှ ပျက်စီးမှု

မရှိဘူး၊ တရက်ဘဲစက်ပျက်လို့ မန္တလေးယူသွားလို့ အဲဒီတရက်ဘဲ **မဖမ်းခဲ့ရဘူး၊** ဒါလဲ နောက်တကြိမ် ပြန်ပြောလိုက်တော့ ရရော။

ဓာတ်မီးနဲ့ပတ်သက်လို့ စဉ်းစားကြည့်တယ်၊ စာမချခင်တုန်းက တော်တော်စိတ်ညစ်တယ် ဒီဓာတ်မီးကလဲ ခဏခဏပျက်တာလို့၊ တပည့်တယောက်ကို မင်း.... ဓာတ်မီးနဲ့ မဟုတ်ဘဲနဲ့ ဓာတ်ခဲနဲ့ ဖွင့်ရတဲ့ ရိုးကာ်ဒါရှိတယ်၊ ငါ့ဆီပို့ကားဆိုတာနဲ့ ပို့ထားတယ်၊ အဲဒါ ကြောင့်ကြကလေးတခု ပိုလာတယ်၊ သူပို့ထားတော့ ဝမ်းသာရတယ်၊ အားလုံးဘဲ အဆင်ပြေလို့ ဘုန်းကြီးကိုယ့်ဘက်ကနေ စဉ်းစားတော့ အတော်ဝမ်းသာပါတယ်။

ဦးပဉ္စင်းတို့ဘက်ကနေပြီး ကြည့်လျှင် ဘုန်းကြီးက စဉ်းစားတဲ့အထဲ ပါလာတယ်၊ အားလုံးဘဲ အခုစာလိုက်နေကြတဲ့ သံဃာတော်တွေဟာ- 'အမှတ်တမဲ့နားထောင်တော့ အမှတ်တမဲ့လဲ ဖြစ်တတ်ပါတယ်၊ တနည်းပြောလျှင် လျှောက်ပြောတယ် ဖြစ်ချင်ဖြစ်မယ်၊ အခုစာလိုက်နေတဲ့ သံဃာတော်တွေဟာ အမျှားအားဖြင့် ရတဲ့ ပုဂ္ဂိုလ်တွေချည်းဘဲ မျှားတယ်လို့ ဘုန်းကြီး ခန့်မှန်းထားပါတယ်၊ မရတဲ့ပုဂ္ဂိုလ်ရယ်လို့ သိပ်မရှိလှဘူး၊ အားလုံးဆိုနိုင်တဲ့ ပုဂ္ဂိုလ်တွေချည်း မျှားနေတာကို ကြားရလို့ သိပ်ဝမ်းသာပါတယ်၊ အားလုံး အားထုတ်ကြတယ်လို့ ဘုန်းကြီး အသိအမှတ် ပြုထားပါတယ်။

ကြောင် ...ငါအသံဖမ်းယူရတာ အဆင်ပြေတာဘဲလို့၊ စာသင်သားတွေ အနေနဲ့လဲ ညီညီညွတ်ညွတ် ရှိကြတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ ညွှန်ပြတဲ့အတိုင်း ကျယ်ကျယ်လောင်လောင် ရွတ်ကြဖတ်ကြ သရဇ္ဈာယ်ကြတယ်၊ အဲဒါတွေ ဝမ်းသာပြီးတော့ ကျေနပ်ခဲ့ပါတယ်။

အခုစာဝါမှာ ဦးပဉ္စင်းတို့နဲ့ နောက်နှားကနေပြီး စာလိုက်နေတဲ့ သီလရှင်ဆရာကလေးတွေကြည့်လျှင် သူတို့ကတွေကိုလဲ ဦးပဉ္စင်းတို့ သိပ်ခင်းခင်းသိမ်သိမ် မတင်ကြနဲ့၊ အစိုးရ ပဌမပြန်တန်းမှာ ပဌမလတ်ကနေပြီး ပဌမစဲ့ထားတဲ့ သီလရှင် ၂-ပါး ပါတယ်၊ ဇတော်တော် ကြိုးကြိုးစားစားကလေးလဲ အားထုတ်နေကြတယ်၊ မနှစ်က တပါး, ဒီနှစ် တပါး အလတ်တန်းမှာ သူတို့ ပဌမစဲ့သားတယ်၊ အဲဒါ နှာမည်နဲ့လူနဲ့ တဲ့လျက်တော့ ဘုန်းကြီးမသိပါဘူး၊ သူတို့ ပါဝင်တာသာ သိတယ်။

အဲဒီလို ကြိုးစားပင်းစား အားထုတ်နေကြတဲ့ စာသင်သားတွေ အနေအားဖြင့် စဉ်းစားတော့လဲ....ဒါအခု စာမချခင်ကလေးတင် စိတ်ထဲ ဖြစ်ပေါ်လာတာမို့လို့ ရေပြောပြနေတာ၊ ဘင်မတန် ဝမ်းသာပါတယ်၊ ပြီးဆုံးအောင်လဲ သင်ကြားကြပါ။

တိတ်ရိကော်ဒါ သွင်းပြီး စာဝါတခု ချနေတဲ့အထဲမှာတော့ သတိပြုကြစမ်းပါ၊ ဘုန်းကြီး ချန်ထားခဲ့တဲ့ ပဥ္စာဝါရမှ အာရုံမမူဘဲပါဠိတော်နဲ့ ပကတ္တပ ပါဠိတော်တော့ စာဝါတခုလုံး အတွင်းမှာ ပါမယ်မထင်ဘူး၊ အများအားဖြင့်လဲ အကုန်လုံး ပရိသတ်ထဲမှာ သင်ချင်တဲ့ပုဂ္ဂိုလ်, မသင်ချင်တဲ့ပုဂ္ဂိုလ် ၂-မျိုး ရှိနေတတ်လို့ စာဝါပြီးတဲ့နောက်မှ ဘုန်းကြီး သင်သင်ပေးတယ်၊ ဒါကို ဦးပဉ္စင်းတို့အထဲက သင်လိုတဲ့ပုဂ္ဂိုလ်ရှိလျှင် စာဝါပြီးဆုံးတဲ့အခါမှာ ဆက်သင်လျှင် ၄-ဂျ ရက်တော့ ဘင်ရတယ်၊ တခါတလေလဲ ၄-ရက်လောက်နဲ့ ပြီးတာပါ၊ သင်လိုလျှင် သင်ကြပါ၊ သူက ပါဠိတော် နည်းနည်းများသကိုး၊ ခက်တော့ မခက်ပါဘူး။

စာဝါပြီးတဲ့ နောက်ဆုံးတနေ့ကျပြန်တော့လဲ ဟိုဇာချိန်တုန်းက ဘုန်းကြီးပြောထားသလို အသံဖမ်းယူတဲ့ စာဝါဖြစ်ခြင်းကြောင့် နောက်ဆုံးနေ့ကျလို့ရှိလျှင် စာဝါနဲ့စပ်တဲ့-ရေးတဲ့ပုဂ္ဂိုလ်များလဲ ရေးထားတယ် ဂါထာ, နုတ္တ၊ အဲဒါကဖလေးတော့ ဖတ်ဖို့လို့ ဘုန်းကြီးစိတ်ထဲမှာ အာသီသရှိတယ်၊ အာသီသရှိလို့ ရေးလိုတဲ့ပုဂ္ဂိုလ်များ ရေးကြပါလို့၊ ရေးပြီးတဲ့နောက် အဲဒီစာကို ကိုယ်တိုင် ဖတ်ရမှာ၊ ဘုန်းကြီးကတော့ ဖတ်တဲ့လူ ရှာမပေးနိုင်ဘူး၊ ကိုယ်တိုင်ဖတ်ပါ၊ ဘယ်လိုဘဲဖြစ်ဖြစ် ရေးကြပေါ့၊ အားလုံးကလဲ ပေမံမြောက်ဝမ်းသာ ချီးမြှင့်အားပေးသောအားဖြင့် ရေးတဲ့ပုဂ္ဂိုလ်, ဖတ်တဲ့ပုဂ္ဂိုလ် ပြီးဆုံးကိုင်း သာဓုခေါ်ရတယ်။

ဒါ နောက်ဆုံးနေ့အတွက် အခုသတိရလို့ လျှောက်ပြောနေတာပါ၊ အားထုတ်ကြစမ်းပါ၊ ကြားနေရတဲ့ စာရွတ်သံကိုဘဲ ဘုန်းကြီးက သိပ်ကြည်ညိုနေပါတယ် ဝမ်းသာနေပါတယ်၊ ကဲ....ဒါကို ထားကြပါတော့။

ပစ္စနိုက်ဌ် ဝတ္ထုကံ-မရသော ပစ္စည်းများ

အခု ပြီးခဲ့တာက နေ ဟောတုပါဠိတော် မဟုတ်လား (မှန်ပါ)။ ပြီးတော့ ပစ္စနိုက်အနေနဲ့ ဦးပဉ္စင်းတို့ စဉ်းစားစရာ သတိပြုကြစမ်းပါ။

နာရမှုဏအစရှိတဲ့ ၇-ပစ္စည်းမှာ ဘာတရားတွေ ရသလဲ၊ ရူပ်တရားတွေ မဟုတ်လား (မှန်ပါ)။ သခ်္ခါ ဘယ်လောက်ထုတ်သတုံး (ပဉ္စ ထုတ်ပါတယ်)။ ပဋ္ဌိစ္စတ္ဘင် ပဉ္စ-ထုတ်တယ်၊ ပဉ္စက ဘယ်နှစ်ခုထုတ်သလဲ (ပဉ္စ, ပဉ္စ ၂-ခု ထုတ်ပါတယ်)။ ၂-ခု ထုတ်လျှင် ဒီပစ္စယမှာလဲ ပဉ္စက၊ သခ်္ခါသည်ကော် ပဋ္ဌိစ္စနဲ့ မထူးဘူး၊ ဘာဖြစ်လို့ မထူးသလဲ၊ ဒီလိုဟာကလေးတော့ နားလည်ကြပါ၊ ဒီရူပ်တော့ ရနေတဲ့အတွက် ရူပ်တရားမတွေကို အမှီပြုပြီး ဝတ္ထုကံ-ပါဠိမဟာ်ရယ်လို့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ)။ ဘာဖြစ်လို့တုံး၊ သတ္တဝိညာဏခဲတော်အား တပ်ခဲသော ဆဝတ္ထုဖြစ်မှ မဟုတ်လား (မှန်ပါ)။ ဒီရူပ်တော့ကို သတ္တဝိညာဏခဲတော်ဖွဲ့လို့ ရုမလား (မရပါ)။

ဒါကြောင့် ပစ္စနိုက်အနေနဲ့ စဉ်းစားလျှင် ပစ္စယ, နိဿယ ၂-ဝါရလုံးရဲ့ ပစ္စနိုက်မှာ နာရမ္မဏ အာဒီသော ၇-ပစ္စည်း[1]၊ နောက်ပြီးတော့ နအည္ဟမည ၁-ပစ္စည်း၊ အဲဒီမှာလဲ ရူပ်တော့ချည်းရတယ် မဟုတ်လား (မှန်ပါ)။ ဒီနေတော့ ဂ-ပစ္စည်း ရှိသွားပြီ၊ နာဟာရ, နတ္ထိဗျတ္တိယ တို့မှာလဲ ရူပ်တော့ချည်း ရတယ်မဟုတ်လား (မှန်ပါ)။ အဲဒီ ၁၀-ပစ္စည်းမှာ ဦးပဋ္ဌင်းတို့ 'ဝတ္ထုကံ'-စဉ်းစားဘို့ လိုသေးသလား ရနိုင်ပါ့မလား (မရပါ)။

စာက မခက်လှဘူးနော်၊ ဦးပဋ္ဌင်းတို့ အကုန်လုံး လျှောက်ဖတ်, ကြည့်ရှုနေကြရော, ပြီးတော့ မျှားတာနဲ့ ဘယ်ဟာမှ မမှတ်မိဘူး၊ အခု ဘုန်းကြီးပြောဘလို ကောက်နှုတ်ချက်ချပြီး ရှာလိုက်တော့ ဦးပဋ္ဌင်းတို့ သင်စရာတော့ သိပ်မမျှားလှပါဘူး။

ဝတ္ထုကံ-မဟောနိုင်တာ ဘယ်နှစ်ပစ္စည်း လျော့သွားသလဲ (၁၀-ပစ္စည်း လျော့ပါတယ်)။ ဝတ္ထုကံ-မဟောနိုင်တာ ပြောကောနော် (မှန်ပါ)။

လုံးလုံး ပစ္စနိုက်မဲ့ကဲ့ ပစ္စည်းက ကျန်သေးတယ်၊ ဘယ်သူလဲ (သဟဇာတ ၄-ပစ္စည်း)။ သူတို့မှာဆိုရင် 'ဝတ္ထုကံ'-စဉ်းစားဦးမှာလား၊ ဖြစ်မှ မရှိဘဲ(မှန်ပါ)။

'မမေ့းတဲ့သားဟောင်း ဆေးသွားတယ်'ဆိုတာလိုဖြစ်နေမယ်၊ နသဟဇာတလို့ မှ မရှိဘဲ၊ သူကို 'ဝတ္ထုကံ'-စဉ်းစားရန် ဘာလိုတော့သလဲ။

'ဝတ္ထုကံ' ရှိသော ပစ္စည်းများ

ကဲ ဒါဖြင့် ဘယ်မှာ ကျန်တော့သတုံး၊ ပဋ္ဌာန်းစဉ်းစားစရာ ဦးပဋ္ဌင်းတို့ ဘယ်လောက်ကျန်ဖေါ့သတုံး (၁၇-ပစ္စည်း ကျန်ပါတော့တယ်)။

အခု နဟေတုပြီးတော့ ဘယ်သွားမလဲ နာဝိပတိ၊ နာဝိပတိကျတော့လဲ ဝိပါက်တွေအကုန်ရှိတော့ ဝတ္ထုကံ-ရှိမှာပေါ့၊ မနေနေ ဦးပဋ္ဌင်းတို့ ဟောထားတဲ့ သဟဇာတအတိုင်း မနေပဘူးလား (မှန်ပါ)။

နာနန္တရ, နသမနန္တရမှာလဲ မရှိ၊ နသဟဇာတရယ်လို့ ပစ္စနိုက်မှာ မရှိပြန်ဘူး၊ နအည္ဟမည္ဟလဲ ရူပ်ကျည်းမို့ မရှိပြန်ဘူး၊ နနိဿယရယ်လို့ကော ရှိမလား (မရှိပါ)။ မရှိဘူး ဒီရောက်တော့ စာအုပ်ထဲ ခုတင်ကနေ ကောက်ကြည့်တယ်၊ 'နနိဿယေ ဘဏ္ဍ' နဲ့ချပေးသည်သားကယ်၊ မှတ်ထားတော့ ဦးပဋ္ဌင်းတို့ နားလည်ထားစမ်းပါ၊ ကြည့်လိုက်လျှင် ဘာပြောနေတယ်, ဘာလိုနေတယ် ကိုပါ။

နဥပနိဿယကလဲ နာရမ္မဏနဲ့ အတူတူဘဲ၊ ရူပ်ချည်းမို့လို့ ဝတ္ထုကံ-မရှိဘူး မဟုတ်လား (မှန်ပါ)။

---

[1] ၇-ပစ္စည်း=အာဝဇ္ဇန, ဘဝန္တရ, သမနန္တရ, ဥပနိဿယ, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ-ပစ္စည်း။

နပုရေဇာတကျတော့ သခ်္ဂါဘယ်လောက် ထုက်သတုံး (သတ္တလုက်ပါတယ်)။ ပဋ္ဌိစ္စမှာလဲ သတ္တ၊ ပစ္စယဝါရအတွက်ကော (သတ္တပါဘဲ)။

ဘာဖြစ်လို့ သတ္တ-သတ္တ-နဲ့ ပဋ္ဌိစ္စနဲ့ ပစ္စယမှာ ကူနေရတာလဲလို့ စဉ်းစားရတယ်၊ အဲဒါတွေ နားမလည်ဘဲနဲ့ ဗာသင်လို့ကတော့ အလကားဘဲ။

နပုရေသုဒ္ဓသခ်္ဂါဆိုကြည့်တော့ ဘာတဲ့တုံး၊ အရူပဝိပါက် ၄-ခု အရူပဘုံ၌ ဖြစ်သောအခါ ဆိုပြီးတော့ လျှောက်ဆိုသွားတာ ဘယ်ဘုံကစိတ်တွေတုံး၊ အရူပ ၄-ဘုံကရတဲ့စိတ်တွေ မဟုတ်လားပါ(မှန်ပါ)။ အရူပ ၄-ဘုံက စိတ်တွေပါလို့ ပြောနေမှာဘဲ၊ အရူပ ၄-ဘုံမှာ ဘာဝတ္ထုရူပ်ရှိသလဲ(ဘယ်ဝတ္ထုရူပ်မှ မရှိပါဘူး)။ 'အရူပမှု၊ ဝတ္ထုဟူ၊ မြှုမျှမရှိပါ'-တဲ့၊ အရူပ ၄-ဘုံ၌ ဝတ္ထုရူပ်ဆိုရှိ ဘာမှ မရှိဘဲနဲ့ ဝတ္ထုပုရေဇာတနိဿယပစ္စည်း ရမှားလား (မရပါ)။

နားလည်အောင် စဉ်းစားကြပါ၊ ဒီကောက်နှုတ်ချက်တွေ နားလည်လားလျှင် ဦးပဉ္စင်းတို့ တခေါ်ကြီး တခေါ်ကြီး ဆိုသလို ဘာမှ အကုန်လုံးလျှောက်ပြီး သင်အံ ရွတ်ဖတ်နေဘို့ မလိုပါဘူး။

ဘုန်းကြီးတို့တော့ အနှံ့အစပ် ကြိုးစားခဲ့ရပါတယ်၊ အားထုတ်ခဲ့ရပါတယ်၊ ကြည့်ရပါတယ်၊ ရှုရပါတယ်၊ အဲဒီလို အမျှားဆုံး နေ့ဆာအနှံ့အပြားက ရှာဖွေပြီးတော့မှ ကြောင်... အပြီးသတ်ကော့ ဒါဘဲကိုးလို့ ဆိုတဲ့ ကောက်နှုတ်ချက်ရတာတွေကို ဦးပဉ္စင်းတို့ပေးနေတာ။

ဘယ်ပစ္စည်းတုံး၊ နပုရေဇာတာ၊ ဝတ္ထုကံဟောလို့ မရဘူး (မှန်ပါ)။ ဘာဖြစ်လို့လဲမေးလျှင် အရူပဘုံက နာမ်ဝေဒနာတွေဟောကားခြင်းကြောင့်၊ ပဋ္ဌိစ္စနဲ့ အတူတူဘဲ မဟုတ်လား၊ ဝတ္ထုရူပ်မရှိဘူးတဲ့၊ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားက ဝတ္ထုရူပ်ကို မမှီနိုင်ဘူး။

ဒါကြောင့် ဦးပဉ္စင်းတို့ သင်ကြိုဟ်ပဏာဏီးပိုင်းနိုဂုံးဟျောဟောလဲ ဝတ္ထုသင်ဟမှာ-

ဟေစတ္ထာလီသ နိသာယ၊ ဒ္ဒစတ္ထာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။

အရူပ ဝိပါက် ၄-ခုကတော့ မှီကိုမမှီဘူး၊ လောဘမူ မဟာဟမူ မနောဒ္ဓါ-ရာဝဇ္ဇန်း စသည်တွေကတော့ အရူပဘုံ၌စ်လျှင် မမှီဘူး၊ ပဉ္စဝေါကာရဘုံဖြစ်လျှင် မှီမယ်၊ အဲဒါတွေပြောနေတာ၊ ကဲ ကျေနပ်ပါတော့။

ဒါဖြင့် ခုဟင်း ၅ ချန်သားတဲ့ ၁၁-ပစ္စည်းထဲမှာတောင်မှ အခုတပစ္စည်း ဝတ္ထုကံ-ဟောမရကာ ကျက်လောပြန်ပြီ မဟုတ်လား၊ (မှန်ပါ)။ ထားခဲ့ပါ၊ သတိပြုတားရတယ်၊ နပုရေဇာတလဲ ဝတ္ထုတဲ့ မရှိပဲကိုး လို့၊

နပစ္စာဇာဟဆိုတော့ နာမ်ကုန် ရူပ်ကုန်ဆိုတော့ အနုလုံ သဟဇာတအတိုင်း မနေဘူးလား (နေပါတယ်)။ နာသေဝနမှာလဲ ဝိပါက်တွေ့ရတယ် မဟုတ်ဘူးလား၊ ဟောမှာဘဲ ဝတ္ထုကံတွေ့။

ကဲ သတိပြုကြည့်၊ တပစ္စည်းတွေ့ပြန်ပြီ၊ နကမ္မတဲ့၊ သခ်ၤာဘယ်လောက် ထွက်သလဲ (သတ္တဆွက်ပါတယ်)။ တဆုံးရတာက ဘာတဲ့ကုံး ကြိယာစေတနာ၊ ရူပ်က ဘယ်နှစ်မျိုးရသလဲ (၃-မျိုးရ-ပါတယ်)။ အဲဒီတဆုံးမြင်ပြီးတော့ သတ္တဖြစ်ခဲအောင် ဖေါ်ရတယ်၊ ပဋ္ဌိစ္စတုန်းကတော့ သူဟာ ဘီဆီ ပေါ်တုတ်လား (မှန်ပါ)။

ကဲ....ကြည့်စမ်း၊ အဲဒါကလေးလဲ ဖေါ်ရခဲအောင် ကုသိုလ်လဲဖြစ်၊ ရလဲရအောင်။

နကမ္မပါဠိတော် သခ်ၤာ ၇ ချက်

(၁) ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကုသလေ ခန္ဓေ ပစ္စယာ ကုသလာ စေတနာ ဒိလိုမဟုတ်လား၊ ပဋ္ဌိစ္စအတိုင်းနော် (မှန်ပါ)။

(၂) အကုသလံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မ-ပစ္စယာ၊ အကုသလေ ခန္ဓေ ပစ္စယာ အကုသလာ စေတနာ။

(၃) အဗျာကတံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကိရိယာဗျာကတေ ခန္ဓေ ပစ္စယာ ကိရိယာဗျာကတာ စေတ-နာ၊ ဒါက ပဝတ္တိအတွက်မဟုတ်လား၊ (မှန်ပါ)။ ပဋ္ဌိယန္ဓေဟောစရိုတရား ရှိရဲ့လား၊ (မရှိပါ)။ ရူပ်သက်သက်ဟောဆိုတော့ ရူပ်သက်သက်က ရှိတယ်၊ ဘယ်နှစ်မျိုးလဲ (၃-မျိုးပါ)။ ဒါကြောင့် ဗဟိဒ္ဓံ အာဟာရုသမုဋ္ဌာနံ ဥတုသ-မုဋ္ဌာနံ ဧကံ မဟာဘူတံ ပစ္စယာ တယော မဟာဘူတာ၊ တယော မဟာဘူ-တေ ပစ္စယာ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပစ္စယာ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပစ္စယာ ဥပါဒါရူပံ။

မုတ်တားကြ ဦးပဋ္ဌင်းတို့ဟောဘို့၊ ပဋ္ဌိသန္ဓေမရှိဘူးနော်၊ ပဝတ္တိရယ်, ရူပ်သက်သက်ရယ် (မှန်ပါ)။ ပြီးတော့ ဝတ္ထုကံ-ဟောမလို့၊ စက္ခာယတနံ ပစ္စယာ ရကြပါ့မလား၊ (ပရပါ)၊ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံလဲ မရဘူး၊ ဘာရမလဲ ကြည့်ကြစမ်း၊ ဝတ္ထုံ ပစ္စယာ ကိရိယာဗျာကတာ ဖေတနာ၊ ဒီ ကြိယာစေတနာ ကလေးက ရှိနေကယ်နော် (မှန်ပါ)။

နောက်တမျိုး ဗျာ-ကို, ဗျာအကို မရဘူးလား (ရပါတယ်)။

(၄) အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ဝတ္ထုံ ပစ္စယာ ကုသလာ စေတနာ၊ ၄-ချက်ရှိသွားပြီနော် (မှန်ပါ)။

(၅) အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္ম-ပစ္စယာ၊ ဝတ္ထုံ ပစ္စယာ အကုသလာ စေတနာ။

ဒီတရားကိုမြင်နေလျှင် ဒီပါဠိတော်တွေကို ဆိုကတ်ရမယ်၊ ကျက်မှရတဲ့စာမျိုး မဟုတ်ဘူးလို့ ဘုန်းကြီးပြောနေတယ်၊ ပဋ္ဌာန်းပါဠိတော်တွေကို ကျက်မှသာ ရမယ်ဆိုလျှင် ခက်ရရောပေါ့ သဒ္ဓေဘာပိုင်အောင်မှတ်လျှင် ကျက်နေဘို့တောင် မလိုပါဘူး။

(၆) နောက်တခု ကုဗျာ-ကု သွားပါ၊ ကုသလဠာ ဗျာကတာ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကုသလေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ကုသလာ စေတနာ။

(၇) အကုဗျာ-အကုလ ဒီအတိုင်းသွားပေါ့၊ အကုသလဠာ အဗျာကတာ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ အကုသလေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ အကုသလာ စေတနာ။

သင်္ချာ သတ္တစေ့သွားရော မဟုတ်လား (မှန်ပါ)။ ဒါပါဘဲ သူတို့ထူးတာ၊ အားလုံး ဖြေးဖြေး ဟောစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုန်သွားရော၊ ပဋ္ဌိစ္စအတိုင်း သဟဇာတနိဿယ နေဟာက ဘယ်လောက်ရှိသလဲမေးလျှင် ကု-ကုရယ် အကု-အကုရယ်, ဗျာ-ဗျာ ပဝတ္တိနဲ့ ရုပ်သက်သက်၊ ကျန်တာတွေက ဝတ္ထုကံချည်းဘဲ မဟုတ်လား (မှန်ပါ)။ သဟပုရေမိဿက ရှိတယ်၊ သဟနိ, ပုရေနိ ၂-ချက်ရတာက အောက်ဆုံး ၂-ချက်ဘဲ၊ မခက်ပါဘူး၊ နကမ္မ ပြီးသွားရော။

နဝိပါက

နဝိပါက လားပြန်ရော၊ သင်္ချာ သူကလဲ သတ္တရသ မဟုတ်လား (မှန်ပါ)။

သတိပြုကြစမ်းပါ၊ နဝိပါကမှာ ဗျာ-ဗျာ ဟောလျှင် 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ' လို့ ဟောရမလား (မရပါ)။ မဟောရဘူး၊ 'ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ'လဲ မရဘူး၊ 'ဝတ္ထုံ ပစ္စယာ' ကုဟော့ ဘာဟောမလဲ (ကိရိယာဗျာကတာ ခန္ဓာ ဟောရပါမယ်)။ ဒါဘဲပေါ့၊ ဝိပါက်မရှိဘူး၊ နဝိပါက ပါလို့ ပြောနေမှာဘဲ၊ နဝိပါကတဲ့ ဝိပါက်မရှိဘူး လို့ ဆိုလို့မို့ ဇဒ္ဓပဋ္ဌဝိညာဏ် ၁၀-မှ မရှာ၊ ကြွင်းတဲ့ ဝတ္ထုကံတော့ ရတာပေါ့၊ ဇဒ္ဓပဋ္ဌဝိညာဏ် ၁၀-နှင့် စပ်တဲ့

ဝတ္ထုကံ-မရဘူး၊ ခုတင်က နပုရေဇာတကတော့ ဝတ္ထုကံ-လုံးလုံးမရှိတာ(မှန်ပါ)။ နဝိပါက-ကတော့ ဒွေပဋ္ဌဝိညာဏ် ၁၀-သာ မရှိတာ။

'ဝတ္ထုံ ပစ္စယာ ကိရိယာဗျာကတာ ခန္ဓာ'လို့ ဟောနိုင်သေးတယ်မဟုတ်လား (မှန်ပါ)။ ကျန်တာကတော့ အနုလုံအတိုင်းဘဲ ဗျာ-ကု, ဗျာ-အကု ထွက်သွားပြီ မဟုတ်လား (မှန်ပါ)။ ဒါက နဝိပါကပစ္စည်းအတွက် မှတ်စရာများ (မှန်ပါ)။

နာဟာရ,နက္ခန္ဒြိယ

နာဟာရ,နက္ခန္ဒြိယ ခုတင်က ပြောပြီးပြီ ရုပ်ချည်းဘဲမဟုတ်လား (မှန်ပါ)။ ဝတ္ထုကံ လုံးဝမရှိဘူး။

နစျာန

နစျာနတဲ့၊ ဘာရှိသတုံး သ္ဌမှာ (ဒွေပဋ္ဌဝိညာဏ်-၁၀ ရှိပါတယ်)။ ဒွေပဋ္ဌ-ဝိညာဏ်-၁၀ ရှိနေလျှင် 'အဗျာကတံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နစျာနပစ္စယာ၊ ပဋ္ဌဝိညာဏာသင်္ခါရက်ကို ကော် ခန္ဓံ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ' ဆိုတာ ပဝတ္တိမဟုတ်လား (မှန်ပါ)။

ပဋ္ဌိသန္ဓေမရှိဘူး၊ ရုပ်သက်သက် ဟောတယ်နော်၊ (မှန်ပါ)။ ပြီးတော့မှ ဝတ္ထုကံ-ဟောချင်တော့ ဘယ့်နှယ်လုပ်ဟောမလဲ၊ 'စက္ခာယတနံ ပစ္စယာ စက္ခု-ဝိညာဏံ ။ပ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ'။

ပြီးတော့ ဘာထည့်နိုင်သေးသတုံး၊ 'ဝတ္ထုံ ပစ္စယာ'လို့ ဟောလို့ ရပါ့မလား (မရပါ)။ ဟောစရာတရား မရှိတော့ဘူး၊ မဟောနဲ့တော့၊ သ္ဌမှာ ကော်-ဘဲ ထွက်တယ်မဟုတ်လား (မှန်ပါ)။ ဒါဘဲရမှာပေါ့။

ပဘတ္တိ, ရုပ်သက်သက်, ဝတ္ထုကံ၊ နစျာနမှာ ၃-မျိုးရှိတယ်နော် (မှန်ပါ)။

နမဂ္ဂ

ပြီးတော့ နမဂ္ဂသွားတော့ အဘိတ်ပဘတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါးလို့ဆိုတော့ ခုတင်က နုဟေဘု ဟောတဲ့အတိုင်းဘဲ မဟုတ်လား (မှန်ပါ)။ မောဟ မပါဘူး၊ သူကတော့ ဘယ်လောက်တင်ရှိမလဲ၊ ကော် ရှိမယ် (မှန်ပါ)။

နသမ္ပယုတ္တ

နသမ္ပယုဇ္ဇာ ရုပ်ချည်းဘဲ ဝတ္ထုကံ-မရဘူး၊ နာရမ္မဏနဲ့ တူတယ်။

နဝိပ္ပယုတ္တ

နဝိပ္ပယုတ္တမှာ ဘာတဲ့တုံး၊ အရူပဝိပါက် ၄-ခု ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး အရူပဘုံဌ်ဖြစ်သောအခါ-ဆိုပြီး လျှောက်ဆိုသွားလိုက်တာနောက်ပိတ်ဆုံး သင်္ချာထုတ်တော့ ဘယ်လောက်တုံး (တီဏိပါ)။ တီဏိ, တီဏိ, တီဏိ-ဆိုပြီး ၃-တီဏိ မဟုတ်လား (မှန်ပါ)။

ဘာဖြစ်လို့ သင်္ချာ-မပိုသလဲမေးလျှင် သူလဲ နပုရေလိုဘဲ ဘယ်ဘုံက နာမ်တရားတွေတုံး (အရူပဘုံကပါ)။ အရူပဘုံက နာမ်တရားတွေချည်း ဖြစ်နေခြင်းကြောင့် ပစ္စယ, နိဿယ ၂-ဝါရလုံးတို့၏ ပစ္စနိုက်ဌ် ခြုံပြီးတခါ ပြန်ပြောနေတယ်၊ ပစ္စနိုက်လုံးလုံး မဟောနိုင်သော သဟကြီး ၄-ပစ္စည်း, ရုပ်သက်သက်ရနေသော ၁၀-ပစ္စည်း, ပေါင်း ၁၄-ပစ္စည်းမှ တပါးသော ၁၀-ပစ္စည်းထဲမှာလဲဘဲ ဝတ္ထုကံလိုက်ရှာတဲ့အခါ နပုရေဇာတနဲ့ နဝိပ္ပယုတ္တသည် အရူပနာမ် ဖြစ်နေပြန်ခြင်းကြောင့် သူတို့မှာလဲ ဝတ္ထုကံ ဟောလို့ မရဘူး။ ပစ္စနိုက်မှာ ဝတ္ထုကံ ဟောလို့ မရနိုင်တာ ၁၆-ပစ္စည်း ရှိနေပါတယ်။

ပစ္စယဝါရ ပစ္စနိုက်ဌ် ဝတ္ထုကံ ၈-ပစ္စည်း

ဒီတော့ ဦးပဉ္စင်းတို့ ဝတ္ထုကံ ဟောစရာ ဘာကျန်ရစ်ခဲ့တော့သတုံး (၈-ပစ္စည်း ကျန်ပါတော့တယ်)။ ဘာတွေတုံးလို့မေးလျှင် နဟေတု, နာဓိပတိ, နပစ္ဆာဇာတ, နာသေဝန, နကမ္မ, နဝိပါက, နစျာန, နမဂ္ဂ၊ ဒါဘဲ မဟုတ်လား (မှန်ပါ)။

ပြီးသွားရော၊ အဲဒါ ပစ္စနိုက်မှာ ပါဠိဇတော်အနေအားဖြင့်ရင်း၊ အရကောက်အနေအားဖြင့်ရင်း မှန်းဆနိုင်ပြီဖြစ်၍ ပစ္စယဝါရအတွက် ပစ္စနိုက်လို့ ဆိုပြီး နားလည် ကျေနပ်ကြပါ။

ပစ္စယဝါရ ပြီးပြီ။

နိဿယဝါရ

သူနဲ့ အတူဘူဆိုပြီးတော့ ပစ္စယတ္ထံ နာမ နိဿယတ္ထံ ဆိုပြီးတော့ အဋ္ဌ-ကထာများ ပြတဲ့အတိုင်း နိဿယဝါရကို မြတ်စွာဘုရား ဝေနေယျဇ္ဈာသယ အားဖြင့် ဟောတော်မူပြန်တယ်၊ ဟောတော့ ဘယ်နှယ်လုပ် ဟောသလဲ၊ ပစ္စယာ-နေရာမှာ နိဿာယ-ထည့်ပြီး ဟောရုံပါဘဲ။

> ကုသလံ ဓမ္မံ နိဿာယ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ နိဿာယ ဒွေ ခန္ဓာ—

စသည်ဖြင့် ပစ္စယဝါရအတိုင်းဘဲ ၁၇-ချက်ရှိမယ် မဟုတ်လား (မှန်ပါ)။ ကုပဒ ၃-ချက်ကို ဦးကောလိယ ဟောကြည့်စမ်းပါ။

ဦးကောလိယ။ ။တခေါက် ဟောသည်။

ဆရာတော်။ ။အားလုံး အတူတူဘဲ၊ အနုလုံ, ပစ္စနိုက်၊ ပစ္စယာ နေရာမှာ နိဿာယ-လို့ ဟောသွားရုံပါဘဲ၊ အရကောက်ကော့လဲ ဒီအတိုင်းဘဲ ဘာမှ မထူးတော့ဘူး၊ ဒါကြောင့် ဒီ ၂-ဝါရ လုံးဝတူပါတယ်၊ ယခုအထိ ၄-ဝါရ ပြီးသွားပြီ။

ကဲ...သံသဋ္ဌဝါရနဲ့ သမ္မယုတ္တဝါရပါ ကခါတည်း ပြီးအောင် ထည့်လိုက်ကြစို့ အိတ်သွန်ဖာမှောက်၊ ဒါမှ မြန်မြန်ကုန်မှာ။

ရှေပိုင်းတုန်းကတော့ တိက်ကြိုးခွေ ရှာမရမှာစိုးလို့ ဘုန်းကြီး ခပ်နှင်နှင် ကလေး ပြောတယ်၊ နောက်ပိုင်းကျတော့ သိပ်မစိုးရိမ်တော့ဘူး၊ ကြိုးခွေက ရှာလို့ရတယ်။

နိဿယဝါရ ပြီးပြီ။

သံသဌ္ဌနှင့် သမ္မယုတ္တဝါရ

သံသဌ္ဌနှင့် သမ္မယုတ္တပါရကို ဟောချင်လျှင် သတိပြု၊ မိမိတို့ ကျက်ထားသော အနုလုံ, ပစ္စနိုက် သုဒ္ဓသင်္ချာ ၂-မျိုးလုံးမှာ ရှုပ်ပါနေလျှင် ရှုပ်မထည့်ဘဲနဲ့ ဟော ရတယ်။

သံသဌ္ဌနှင့် သမ္မယုတ္တ ၂-ဝါရအတွက် ပြောတာနော်၊ နားလည်ကြစမ်းပါ ကောက်နှုတ်ချက်ကို၊ ဦးပဉ္စင်းတို့တတွေဟာ နောင်ကို ပို့ချရမည့် ပုဂ္ဂိုလ်တွေပါ။

ဝါသနာနဲ့တကွ ပါသွားလို့ သင်ကြား လေ့ကျက်ထားလို့ရှိလျှင် နောက်ပိတ်ဆုံး သံဃာတွေနဲ့ စာချနိုင်တဲ့ အရပ်ဒေသမှာ အကျိုးပေးလို့ သံဃာရှားပါးတဲ့ စာသင်တိုက် မဟုတ်တဲ့အရပ်များ ရောက်နေတောင်မှ ကိုယ့်ဝါသနာအားလျှော် စွာ ရှုပ်ရှာဒေသ ဒကာ ဒကာမတွေကို ထိုက်သင့်သလောက် အလွယ်နည်းနဲ့ ပါဠိတော်ဖြစ်ပစေ သင်ပြပေးနိုင်တဲ့ အရည်အချင်း ပါသွားစေရတယ်၊ ပါရမီ ကုသိုလ်တွေ ဖြစ်စေရတယ်။

ဘာပြောပေးနေသလဲ အခု၊ သံသဌ္ဌနှင့်သမ္မယုတ္တ ၂-ဝါရ အနုလုံ, ပစ္စနိုက် ၂-မျိုးစလုံးမှာ ရှုပ်ပါနေလျှင် ထိုရှုပ်ကို ချန်၍ ဟောရမယ်၊ နာမ်ချည်းဘဲ ဟောရမယ်။

ဒါဖြင့် ခုကင်ကပြောသလို ပစ္စနိုက်မှာ ရှုပ်တွေချည်း ရနေတဲ့ ပစ္စည်းပေါင်း ကိုက ဘယ်လောက်ရှိတယ် (၁၀-ပစ္စည်း ရှိပါတယ်)။ အဲဒီ ၁၀-ပစ္စည်းကျတော့ ရှုပ်တွေချည်း ရနေခြင်းကြောင့် ပစ္စနိုက်မှာ ဒီ ၁၀-ပစ္စည်း မဟောနိုင်ဘူးလို့ စောဓောစီးစီးက ဟခါ ကြိုတင်ပြီး ပြောခဲ့ပြီ မဟုတ်လား (မှန်ပါ)။

ဒီတော့ ဘာထူးမလဲ၊ ဘယ်ပစ္စည်းရှတ်ကြည့်ကြည့် သင်္ချာအနေနဲ့ စဉ်းစားလျှင် ဝိပါကမှ လွဲအုံ့ တီဏိ ချည်းဘဲ ထွက်တော့မယ်။

ဘာတဲ့တုံး၊ ဝိပါကမှတပါး ဟောတိုင်း ဟောတိုင်းသော ပစ္စည်းတွေဟာ အနုလုံအနေအားဖြင့်ကြည့်လျှင် ဘယ်လောက် ထွက်မလဲ (တီဏိ ချည်း ထွက်ပါမယ်)။

ဝိပါကကတော့ သူမှာ ဝိပါက်ချည်းရှိတော့ ဘယ်လောက်လွက်မလဲ (ကော်-ထွက်ပါမယ်)။ ကော် ဖြစ်မှာပေါ့။

ပစ္စနိုက် အနေနဲ့ကြည့်လျှင် ဒီကုသိုလ်, အကုသိုလ်,ဝိပါက်, ကြိယာ ရနေလျှင် တော့ ဟီဏိဘဲ ဖြစ်မှာပေါ့၊ ရှုပ်ရှိနေလျှင် မဟောဘူး။

ဒီတော့ ဒီတရားတွေနဲ့ စပ်လို့ ဘာ မကောက်တတ်စရာ, မဟောတတ်စရာ ရှိသလဲ၊ ဟေတုဖြစ်လဲ တိကျတဲ့, အာရမ္မဏဖြစ်လဲ တိကျတဲ့ဆိုတော့ ဘာတွေတုံး ဒီ တိကျတွေက ကုသလေန ကုသလံ, အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ-- နာမ်သာဟော ဒီလိုမဟုတ်လား (မှန်ပါ)။ ဒီတော့ ဟောကြည့်ရအောင်။

ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

အကု ဒီအတိုင်းဘဲ (မှန်ပါ)။

အဗျာကတ ကျတော့ကော—

အဗျာကတံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

အားလုံး ကုသိုလ်ဖြစ်အောင် ဟောကြစမ်းပါ။

သံယောဇဝတ်မျှား။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ကုန်ရော၊ ဘယ်ပစ္စည်းမဟာဟော ဒါဘဲမဟုတ်လား (မှန်ပါ)။ ကောက်တော့လဲ....အစိတ်အစိတ် နာမကွန္ဓာစုံ၍ ဖြစ်တဲ့ အစိတ်အစိတ် နာမကွန္ဓာ၊ ကုသိုလ်, အကုသိုလ်, အဗျာကတ ၃-မျိုးစလုံး ဒါဘဲဖြစ်မယ် မဟုတ်လား (မှန်ပါ)။

ပြီးကြပါတော့၊ အနုလုံလဲ ဒါဘဲ၊ ပစ္စနိုက်လဲ ဒါပါဘဲ။

သံသဋ္ဌဝါရ ပြီးပြီ။

သမ္ဘယုဏ္ဏာဝိရ

သမ္ဘယုတ္တာဝါရ ကျတော့ကော ဒီက သံသဠော, သံသဋ္ဌာ ရှိနေသလို ဟိုက သမ္ဘယုတ္တော, သမ္ဘယုတ္တာ ပါဘဲ။

ကုသလံ ဓမ္မံ သမ္ဘယုတ္တော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဇော ခန္ဓံ သမ္ဘယုတ္တာ တယော ခန္ဓာ၊ တယော ခန္ဓာ သမ္ဘယုတ္တော ဇော ခန္ဓော၊ ဒ္ဝေ ခန္ဓေ သမ္ဘယုတ္တာ ဒ္ဝေ ခန္ဓာ— အစရှိသဖြင့် ဒီအတိုင်း ဟောပါ၊ အရကောက်တော့လဲ ဒါဘဲ၊ ဘာမှ မထူးဘူး၊ အနုလုံ ဖြစ်လျှင်လဲ အနုလုံ ရတဲ့တရား, ပစ္စနိုက်ဖြစ်လျှင်လဲ သူ သုဒ္ဓသင်္ချာ ပါတဲ့တရားကို ကြည့်ပြီး ဟောနေရုံပါဘဲ။

ဒါကြောင့် ဝိဘင်ဝါရ အနေအားဖြင့် ဒီနေ့ ဒီနေဗျာတွင်ဘဲ နိုဂုံးချုပ်ကြပါစို့၊ ပါဠိတော်, အရကောက်, အနုလုံ, ပစ္စနိုက် ပြည့်စုံပြီလို့ မှတ်တော်မူကြပါတော့။

ခန္ဓာဝါရ သင်တန်း

ဒီနေ့ ဘာဆက်ပေးမလဲ၊ ခန္ဓာဝါရ ဟောရိုးကလေး စပေးချင်လို့၊ ခန္ဓာဝါရ ဇယား ကြည့်ကြပါ။

ဘာတွေ ရေးထားသလဲမေးလျှင် သတိပြုကြပါ၊ နာမကွန္ဓာ ၄-ပါးကို ၄-ကွက်အင်းကလေးချပြီးကော့ ၂-ကွက်ခရေး၊ ၄-ကွက်အင်းက ၂-ကွက်၊ ၆-ကွက်အင်းက တကွက်၊ ၄-ကွက်တတန်းက တကွက်၊ ခန္ဓာဝါရဇယား အားလုံးပါကြလိမ့်မယ် ထင်ပါတယ်။

ခန္ဓာဝါရဇယား

ဆောင်ပုဒ်

၁။ နာမ်, နာမ် ဆယ့်လေး၊
နာမ်,ရူပ် တွေး၊
ဒွေ ဒွေး ပဉ္စသာ။

၂။ နာမ်,နာမ်ရူပ၊
တွေ့ကြုံက၊
နှစ်ရာ့ တဆယ်သာ။

၃။ ခန္ဓာ,ဝတ္ထု၊
ရူပ်,ရူပ်စု၊
မှတ်ရှု ဆယ့်ငါးသာ။

ကေက -၄- ဝါရ

ဝေ	သဉ်	သင်	ဝိ
သဉ်	သင်	ဝိ	ဝေ
သင်	ဝိ	ဝေ	သဉ်
ဝိ	ဝေ	သဉ်	သင်

ကေက -၄- ဝါရ

ပ	အာ	တေ	ဝါ
အာ	တေ	ဝါ	ပ
တေ	ဝါ	ပ	အာ
ဝါ	ပ	အာ	တေ

တိုက -၄- ဝါရ

ဝေ	သဉ်	သင်	ဝိ
သဉ်	သင်	ဝိ	ဝေ
သင်	ဝိ	ဝေ	သဉ်
ဝိ	ဝေ	သဉ်	သင်

တိုက -၄- ဝါရ

ပ	အာ	တေ	ဝါ
အာ	တေ	ဝါ	ပ
တေ	ဝါ	ပ	အာ
ဝါ	ပ	အာ	တေ

ဒုက -၆- ဝါရ

ဝေ	သဉ်	သင်	ဝိ
ဝေ	သင်	သဉ်	ဝိ
ဝေ	ဝိ	သဉ်	သင်
သဉ်	သင်	ဝေ	ဝိ
သဉ်	ဝိ	ဝေ	သင်
သင်	ဝိ	ဝေ	သဉ်

ဒုက -၆- ဝါရ

ပ	အာ	တေ	ဝါ
ပ	တေ	အာ	ဝါ
ပ	ဝါ	အာ	တေ
အာ	တေ	ပ	ဝါ
အာ	ဝါ	ပ	တေ
တေ	ဝါ	ပ	အာ

စတုက -၁- ဝါရ

ဝေ	သဉ်	သင်	ဝိ

စတုက -၁- ဝါရ

ပ	အာ	တေ	ဝါ

ပြီးတော့ မဟာဘုတ် ၄-ပါး ကြည့်ပြီးတော့လဲ ပထဝီ, အာပေါ, တေဇော, ဝါယော– ဆိုတဲ့ မဟာဘုတ် ၄-ပါးကို နာမက္ခန္ဓာ ၄-ပါးနည်းတူ အင်းကလေး ၄-ကွက် ချပေးထားပါတယ်။

အဲဒီအထဲမှာ အကုန်လုံး ဆဝါရမှာ ဆရာတော်ဘုရားကြီး ဖွဲ့ထားတဲ့ ခန္ဓာဝါရတွေ အဲဒီအင်းနဲ့ ဖမ်းထားဘာ။

သတိပြုကြည့်ပါ၊ နာမ်ဘက်က နာမက္ခန္ဓာ ၄-ပါးကို အပေါ်က ခေါင်းစီးက ဧကက ၄-ဝါရလို့ဆိုပြီး တပ်ထားတယ်၊ အဲဒီ ဧကက ၄-ဝါရလို့ဆိုတဲ့ အင်းကွက်ကလေးမှာ နာမက္ခန္ဓာ ၄-ပါးကို အကျဉ်းချုံးပြီးတော့– ဝေ, သဉ္ဇ, သင်, ဝိ-လို့ ရေးထားတယ်၊ သ-ကို ဉ-ကလေး သတ်ထားတယ် အပေါ်ဆုံးအတန်းက နော် (မှန်ပါ)။

ဒုတိယ အတန်းကျတော့ ဝေ-က မစဘဲနဲ့ ဘယ်ကစသတုံး (သဉ်-က စပါတယ်)။ သဉ်, သင်, ဝိ, ဝေ။

တတိယ အတန်းကျတော့ သင်, ဝိ, ဝေ, သဉ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။

စတုတ္ထ အတန်းကျတော့ ဝိ, ဝေ, သဉ်, သင်= ဆိုတော့ အင်းဆန်သွင်းပြီးရော မဟုတ်လား (မှန်ပါ)။

အဲဒီ ၄-ကွက်ဘို့တွင် အသက်အောက် အစတလုံးစီကို မျဉ်းထင်ထင်ကလေး ချထားရတယ်၊ ၄-တန်း မဟုတ်လား (မှန်ပါ)။ တတန်းတတန်းရဲ့ အစတလုံးကို အထက်အောက် ကြည့်လိုက်ပြန်တော့ ဝေ, သဉ်, သင်, ဝိ,–ဘဲ ရှိတယ် မဟုတ်လား (မှန်ပါ)။ အဲဒီမှာ မျဉ်းထင်ထင်ကလေး သွင်းထားပါ။

ဘာပြောမလို့လဲ မေးလျှင် မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတော်မှာ 'ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ' ဆိုတာကို ကြည့်ထားတာ၊ အစဆုံးတလုံးက 'ဧကံ ခန္ဓံ' ဖြစ်တယ်မဟုတ်လား (မှန်ပါ)။ နောက်ပါလေတဲ့ ၃-ခုက တယော ခန္ဓာ၊ အဲဒါကို အကောက် ဆရာတော်ဘုရားကြီးများက ဧကက ၄-ဝါရ-လို့ သုံးလိမ့်မယ်။

ထိုနည်းတူစွာ အောက်နားက တိုက ၄-ဝါရလို့ ဆိုပြီးတော့ အင်းကွက်ကလေးတကွက် ချပြန်ရော၊ အင်းဆန်သွင်းတော့ ခုတင်ကအတိုင်းဘဲ။

ဘုန်းကြီးကို 'ဇယားနည်း, ဇယားနည်း'-လို့ ပြောလွန်းလို့ ဘုန်းကြီးက ဇယားမဟုတ်ဘူး အင်းလို့ ပြောင်းပြောနေတာ။

ခုတင်က အတိုင်းဘဲ မဟုတ်လား 'ဝေ-သဉ် သင်-ဝိ ၊ သဉ်-သင်-ဝိ-ဝေ၊ သင်-ဝိ-ဝေ-သဉ်၊ ဝိ-ဝေ-သဉ်-သင်-'လို့ ခုတင်ကအတိုင်း တည်ထားတယ်နော် (မှန်ပါ)။

ဒါက ဘာခေါ်တယ်၊ တိုက ၄-ဝါရဆိုမြင်းကြောင့် အစခန္ဓာ ၃-ပါးချန်ပြီး တော့ နောက်တပါးကို မျှင်းထင်ထင်နဲ့ ခွဲထားလိုက်ကြပါ၊ 'တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော' ဟောတဲ့ ဒေသနာတော်အရ အကောက်ဆရာတော် ဘုရားကြီးက တိုက-လို့ သုံးလိမ့်မယ်။

အောက်က ဒုက ၆-ဝါရဆိုတော့ ခန္ဓာ ၄-ပါးကို အလယ်ခေါင်က မျှင်း ထင်ထင်ချ ခွဲလိုက်ကြပါ။

ဝေဒနာမူ ၃-ဝါရ

ဒီတော့ ခန္ဓာတွေ ဝေတော့ ဘယ်လိုလုပ် ဝေထားသလဲ သတိပြုကြပါ၊ ပဌမအတန်းက ခန္ဓာ ၄-ပါး အစဉ်အတိုင်းပေါ့ ဟုတ်လား (မှန်ပါ)။ ဝေဒနာ, သညာ တဖက်၊ သင်္ခါရ, ဝိညာဏ်က တဖက်၊ ဒီလိုမဟုတ်လား (မှန်ပါ)။ 'ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ' ဒေသနာတော်အရ ခွဲတာ။

ဒုတိယအတန်းကျတော့ ဘာဖြစ်နေ တုံး၊ ဝေဒနာ သင်္ခါရက တဖက်၊ ကျန်တဲ့ ခန္ဓာ ၂ ပါးက တဖက်။

တတိယ အတန်းကျတော့ ဝေဒနာနဲ့ ဝိညာဏ်က တဖက်၊ ကျန်တဲ့ ၂-ပါးက တဖက်ဆိုတော့ ၃-ကြောင်းရှိသွားပြီ မဟုတ်လား (မှန်ပါ)။ အဲဒီ ၃-ကြောင်းကို ဝေဒနာမူ ၃-ဝါရ-လို့ ခေါ်တယ်။

နားလည်ကြရဲ့လား (မှန်ပါ)။ ပဌမအကြောင်းက ဝေဒနာ သညာ၊ ဒုတိယ က ဝေဒနာ သင်္ခါရ၊ တတိယ က ဝေဒနာ ဝိညာဏ်။

ဒီဇယားကလေးတွေ ဖတ်ပြောနေတာ ဦးပဉ္စင်းတို့ ဉာဏ်ထဲ, မျက်စိထဲမှာ မြင်နေအောင် ဘုန်းကြီး ပြောပေးနေတာ၊ ဒါကို မြင်နေလျှင် ဘာမှ မခက်ဘူး၊ အဲဒီ အရကောက်ထဲမှာ ရေးထားတဲ့အတိုင်း လျှောက်ကျက်လို့က တော့ ဆုံးကို မဆုံးနိုင်ဘူး။

သညာမူ ၂-ဝါရ

နောက် စဘုတ္ထအတန်း ကြည့်ခဲတော့ ဝေဒနာ မဟုတ်ဘူး၊ သညာ သင်္ခါရ အစဘက်က၊ ကျန်တဲ့ ၂-ပါးက နောက်က။

နောက်တခုက သညာ ဝိညာဏ်၊ ကျန်တဲ့ ၂-ပါးက နောက်က၊ ဒီလိုမဟုတ်လား (မှန်ပါ)။

အဲဒီ ၂-တန်းကို သညာမူ ၂-ဝါရလို့ ခေါ်တယ်။

ခုတင်က ဝေဒနာမူက ၃-ဝါရ၊ သညာမူက ၂-ဝါရ၊ သင်္ခေါပေါက်အောင် လေ့လာကြပါ။

နောက်ဆုံး ဆဋ္ဌအကြောင်းကျတော့ သခ်ါရ ဝိညာဏ်က ကံပုဒ်၊ ကျန်တဲ့ ဝေဒနာနဲ့ သညာက ကတ္တားပုဒ် ပစ္စယုပ္ပန်။

'ဒွေ ခန္ဓေ ပဋ္ဌိစ္စ'ဆိုတဲ့နေရာမှာ ၆-ဝါရ ရတယ်။

ပြီးတော့ အောက်က ဝေဒနာ သညာ သခ်ါရ ဝိညာဏ်လို့ စတုက ဟဝါရ ထားဦး။

ဒါ စာရေးနည်း ပြောတာ၊ မဟာဘုတ်တွေ နေပေစေဦး။

ကဲ–ပြန်ကြည့်စမ်းရအောင်၊ အဲဒီ ခန္ဓာဝါရ ဖွဲ့နည်းနဲ့ စပ်ပြီးတော့ ဘုန်းကြီး သံပေါက်ကလေး ၃-ပုဒ် ရေးပေးထားတာ ရှိတယ်။

ရေးနည်းအညွှန်း

(၁) နာမ်, နာမ် ဆယ့်လေး၊ နာမ်, ရုပ်တွေ၊ ဒွေ ဒွေ ပဋ္ဌာန်။

စာရေးနည်းကလေး ပြန်ပြောပါရစေဦး၊ နာမ်-ဆိုပြီးတော့ ကော်မာကလေး (,)ပြပါ၊ ပြီးတော့မှ နာမ်-လို့ ဆက်ရေးပါ။

ဘာပြောဘာလဲ မေးလျှင် နာမ်ကံပုဒ်, နာမ်ဘဲ ကတ္တားထားတဲ့အခါမှာ ခန္ဓာဝါရ ၁၄-ဝါရ ထွက်လိမ့်မယ်တဲ့။ ဒါကြောင့် နာမ်, နာမ်ဆယ့်လေး–လို့ ဆိုဘာ။

ပြီးတော့မှ နာမ်ဆိုပြီး တခါ ကော်မာပြ၊ ရုပ်ဆိုပြီး ပြီးတော့မှ ဆက်ရေး၊ နာမ်, ရုပ်ဆိုတာ ကံပုဒ်က နာမ်, ကတ္တားပုဒ်က ရုပ်ဖြစ်နေလျှင် ခန္ဓာဝါရ ဘယ်လောက်လဲ မေးတော့ 'ဒွေ ဒွေ ပဋ္ဌာန=၂၂၅-ဝါရ'တဲ့။

မျှားလိုက်တာနော် ဖြစ်-ဖြစ်ပါ့မလား မလုပ်ပါနဲ့၊ ဘာမှ မပူနဲ့၊ ပေးတဲ့ နည်းသာ ရအောင်ယူကြပါ။

(၂) နာမ်, နာမ်ရူပ၊ တွေ့ကြုံက၊ နှစ်ရာ့တဆယ်သာ။

(၃) ခန္ဓာ, ဝတ္ထု၊ ရုပ်, ရုပ်စု၊ မှတ်ရှုဆယ့်ငါးသာ။

ခန္ဓာဆိုပြီး ကော်မာကလေးပြ၊ ပြီးထောမှ ဝတ္ထုထည့်၊ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ'ကို ရည်ညွှန်းတယ်။

'ရူပ်'လို့ဆိုပြီး ကောမာကလေး ပြပါ၊ ပြီးတောမှ 'ရူပ်' ဆက်ရေး၊ 'ရူပ်, ရူပ်စု' လို့ ဒီလိုသွားပါ။ ကံပုဒ်လဲ ရူပ်, ကတ္တားပုဒ်လဲရူပ် နေမယ်၊ သို့မဟုတ် ခန္ဓာက ပစ္စည်း, ဟဒယဝတ္ထုက ပစ္စယုပ္ပန် နေမယ်၊ ဟဒယဝတ္ထုက ပစ္စည်း, ခန္ဓာက ပစ္စယုပ္ပန် နေမယ်ဆိုလျှင် တမျိုးတမျိုးလျှင် ခန္ဓာဝါရ ၁၅-ခု ရှိမယ်။

ဒါကြောင့် 'ခန္ဓာ, ဝတ္ထု၊ ရူပ်, ရူပ်စု၊ မှတ်ရှုဆယ့်ငါးသာ'လို့-ဆိုခဲ့တာ၊ အဲဒါကို အထိန်းအအုပ်လုပ်ပြီး ရအောင်ကျက်ကားပါ။

နာမ်,နာမ် ဆယ့်လေး

ကဲ-ဒီနေ့ ဘာပြောမလဲဆိုလျှင် 'နာမ်,နာမ် ဆယ့်လေး'ဆိုတာ ပြောမယ်၊ သံပေါက် ၃-ပုဒ်ဖတော့ အားလုံးရကြပါပြီနော် (မှန်ပါ)။

အဲဒီ သံပေါက် ၃-ပုဒ်မှ နာမ်, နာမ်ဆယ့်လေးအရ မည်သည့် ပစ္စည်းမှာမဆို ကံပုဒ်ကလဲ နာမ်၊ ကတ္တားပုဒ်ကလဲ နာမ်၊ ဘယ်ပစ္စည်းဘဲ ဖြစ်ဖြစ်, ကုသိုလ် နာမ်ဘဲ ဖြစ်ဖြစ်, အကုသိုလ်နာမ်ဘဲ ဖြစ်ဖြစ်, အဗျာကတ နာမ်ဘဲ ဖြစ်ဖြစ် ဘယ်နေရာမျိုးမှာမဆို အနှုလုံးဖြစ်ဖြစ်, ပစ္စနိုက်ဖြစ်ဖြစ်ပေါ့ နေရာမရွေး ကံပုဒ်က နာမ်, ကတ္တားပုဒ်က နာမ် ဒီလိုဖြစ်နေလျှင် ခုတင်ကဟောတဲ့ ပါဠိတော် ဟောတုဘဲ အလျှင်ဟောကြပါစို့။

ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟောတုပစ္စယာ၊ ကုသလံ ကေ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ကော ခန္ဓော၊ ဒ္ဝေ ခန္ဓေ ပဋ္ဌိစ္စ ဒ္ဝေ ခန္ဓာ။

အကုသိုလ်ဖြစ်လဲ ဒီလိုဟောမှာဘဲ မဟုတ်လား (မှန်ပါ)။ အဗျာကတ လဲ ဒီလိုဟောမှာဘဲ၊ အဲဒါ နာမ်ချည်းဘဲ နေသမျှ ဒီလိုဟောမှာမို့ သတိပြုကြပါ၊ 'ကေ ခန္ဓံ ပဋ္ဌိစ္ဆ' ဆိုတာက ကေက ၄-ဝါရ ထွက်လာလိမ့်မယ်၊ 'တယော ခန္ဓေ ပဋ္ဌိစ္ဆ ကော ခန္ဓော'ဆိုတာက တိုက ၄-ဝါရ ထွက်လာလိမ့်မယ်၊ ဒီတော့ ဘယ်လောက်ရှိပြီလဲ (၈-ဝါရရှိပါပြီ)။ 'ဒ္ဝေ ခန္ဓေ ပဋ္ဌိစ္ဆ ဒ္ဝေ ခန္ဓာ' ဆိုတာက ဒုက ၆-ဝါရ ထွက်လာလိမ့်မယ်၊ ဂပါင်းလိုက်တော့ ဘယ်လောက်ရသလဲ (၁၄-ဝါရ ရပါတယ်)။ အဲဒါကို ပြောနေတာ၊ ဒါကြိုတင်နားလည်မှုကို ပြတာ။

ဒီတော့ အကောက်ဆရာတော် ဘုရားကြီးက ဒါကို ဘယ်လိုဟောမလဲ၊ ကုသိုလ်ဘဲ ပမာပြပြီး ဟောကြစို့။

ကုသလေန ကုသလံ၌ ခန္ဓာဝါရ ၁၄-ဝါရ ဖြစ်သတည်း။ ဒါဟောရိုးနော်၊ ဟောရမှာ အဲဒါကလေးတွေ(မှန်ပါ)။

၁၄-ဝါရ ဟူသော်ကား–ကေက ၄-ဝါရ,တိက ၄-ဝါရ, ဒုက ၆-ဝါရ အားဖြင့် ၁၄-ဝါရ ဖြစ်သတည်း။

ခန္ဓာဝါရ ၁၄-ဝါရ

ပဌမဆုံး အင်းကွက်ကလေးကြည့်ပါ၊ ကေက ၄-ဝါရ ဟူသော်ကား 'ကေ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ'ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ ကေ ခန္ဓံ၏ အရကို ဝေဒနာယူပြီး တယော ခန္ဓာ၏ အရကို သညာ, သင်္ခါရ, ဝိညာဏ် ယူ၍ တဝါရ၊ ဒါက တကြောင်းပြီးရော။

ဒုတိယ တကြောင်းကြည့်ပါ၊ ကေ ခန္ဓံ၏ အရကို သညာယူပြီး တယော ခန္ဓာ၏ အရကို သင်္ခါရ, ဝိညာဏ်, ဝေဒနာ-ယူ၍ တဝါရ၊ ကေ ခန္ဓံ၏ အရကို သင်္ခါရယူပြီး တယော ခန္ဓာ၏ အရကို ဝိညာဏ်, ဝေဒနာ, သညာယူ၍ တဝါရ၊ ကေ ခန္ဓံ၏အရကို ဝိညာဏ်ယူပြီး တယော ခန္ဓာ၏ အရကို ဝေဒနာ, သညာ, သင်္ခါရ ယူ၍ တဝါရ၊ ဤသို့လျှင် 'ကေက ၄-ဝါရ ဖြစ်သတည်း။

ကေ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာက ဟောထုတ်တာ(မှန်ပါ)။ အဲဒီတုန်း ပိုင်းပြီး ဦးဥာဏဝရ မေးစမ်းပါ။

ဦးဥာဏဝရ။ ။ကုသလေန ကုသလံ၌ ခန္ဓာဝါရ ၁၄-ဝါရ ဖြစ်သတည်း။ပ။ အထက်ကအတိုင်း။

တိက ၄-ဝါရ

တိက ၄-ဝါရ ဟူသော်ကား–'တယော ခန္ဓေ ပဋ္ဌိစ္စ ကေကော ခန္ဓော' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်၌ တယော ခန္ဓာ၏ အရကို ဝေဒနာ, သညာ, သင်္ခါရ-ယူပြီး ကေကော ခန္ဓာ၏ အရကို ဝိညာဏ်ယူ၍ တဝါရ၊ တယော ခန္ဓေ၏ အရကို သညာ, သင်္ခါရ, ဝိညာဏ်ယူပြီး ကေကော ခန္ဓာ၏ အရကို ဝေဒနာယူ၍ တဝါရ၊ တယော ခန္ဓေ၏ အရကို သင်္ခါရ, ဝိညာဏ်, ဝေဒနာယူပြီး ကေကော ခန္ဓာ၏ အရကို သညာယူ၍ တဝါရ၊ တယော ခန္ဓေ၏ အရကို ဝိညာဏ်, ဝေဒနာ, သညာယူပြီး ကေကော ခန္ဓာ၏ အရကို သင်္ခါရယူ၍ တဝါရ၊ ဤသို့လျှင် တိက ၄-ဝါရ ဖြစ်သတည်း။

ဦးသုဇာတ ဟောကြည့်စမ်းပါ။

ဦးသုဇာတ။ ။တိက ၄-ဝါရ တခေါက်ဟောသည်။

ဒုက ၆-ဝါရ

ဒုက ၆-ဝါရ ဟူသော်ကား-အောက်တန်းကိုကြည့် ၆-ကွက် မဟုတ်လား (မှန်ပါ)။ 'ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်၌ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ, သညာကို ယူပြီး ဒွေ ခန္ဓာ၏ အရကို သင်္ခါရ, ဝိညာဏ်ယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ, သင်္ခါရကိုယူပြီး ဒွေ ခန္ဓာ၏ အရကို သညာ, ဝိညာဏ်ယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ, ဝိညာဏ်ကိုယူပြီး ဒွေ ခန္ဓာ၏ အရကို သညာ, သင်္ခါရကို ယူ၍တဝါရ၊ ဒွေ ခန္ဓေ၏ အရကို သညာ, ဝိညာဏ်ကိုယူပြီး ဒွေ ခန္ဓာ၏ အရကို ဝေဒနာ, သင်္ခါရ ယူ၍တဝါရ၊ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ, သင်္ခါရ, ဝိညာဏ်ကို ယူပြီး ဒွေ ခန္ဓာ၏ အရကို ဝေဒနာ, သညာယူ၍ တဝါရ၊ ဤသို့လျှင် ဒုက ၆-ဝါရ ဖြစ်သတည်း။

ကုန်သွားရော၊ ကုန်သွားတော့ ပြန်ပေါင်းလိုက်ရတယ်၊ ဤသို့လျှင် ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ အားဖြင့် ခန္ဓာဝါရ ၁၄-ဝါရ ဖြစ်သတည်း-လို့ နိဂုံးချုပ်ရတယ်။ အားလုံး ဆိုကြစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။အားလုံး အစက စပြီးတော့ ဖြေးဖြေး တခေါက် ဟောကြစမ်းပါ။

သံဃာတော်များ။ ။အစက စ၍ တခေါက်ဟောသည်။

ဆရာတော်။ ။အဲဒီ ၁၄-ဝါရ ကြေလျှင် ကျန်တဲ့ ၂၅၀, ၂၁၀-ကို ဆိုတာ အကျုံးဝင်ပါတယ်။

ကဲ....တော်ကြဦးစို့။

မနေ့က 'နာမ်, နာမ် ဆယ့်လေး' ဆိုတဲ့အရ ကံပုဒ်လဲနာမ်, ကတ္တားပုဒ်လဲ နာမ် ရတဲ့ ကုသလေန ကုသလဲ, အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ ဖြစ်လဲ နာမ်ချည်းနေလျှင် ဒီးတိုင်းရတာဘဲ ဥပမာ အာရမ္မဏ တို့လိုပေါ့။

အဲဒီလို ကံပုဒ်နာမ်,ကတ္တားပုဒ်နာမ်ရှိလျှင် အနုလုံမှာဘဲဖြစ်ဖြစ်,ပစ္စနိက်မှာဘဲ ဖြစ်ဖြစ် ပစ္စည်းအနေအားဖြင့် ကြည့်လျှင်လဲ ဘယ်ပစ္စည်းမှာဘဲကြည့်ကြည့် ဆဝါရအားလုံးမှာ ခန္ဓာဝါရ အဲဒီအတိုင်း ဖွဲ့ရတယ်။

အဲဒါ ဦးပဉ္စင်းတို့ အရကောက်စာအုပ် ကြည့်လျှင်ဖတ၊ နေရာတိုင်းမှာ ဝိဘင်းတခုဆုံးတိုင်း ခန္ဓာဝါရပြသွားတယ်၊ အနုလုံလဲပြတာဘဲ, ပစ္စနိုက်လဲပြတာဘဲ၊ ဘယ်ပစ္စည်းမဆို နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန် နေသမျှ အဲဒီအတိုင်းပြတယ်။

ဒီကော့ ကိုယ်က မူပိုင်တခု ရှိထားလို့ရှိလျှင် တခုကြည့်လဲအသစ်, တခုကြည့်လဲအသစ် ဖြစ်နေတတ်ပါတယ်။

ဒီတော့ မနေ့က ဘုန်းကြီးပေးတဲ့အတိုင်း မှတ်ထား၊ မှတ်ထားပြီးတော့ စာအုပ်ကိုကြည့်စမ်း၊ အဲဒီလိုကြည့်လျှင်ကတော့ ဒို့ရပြီးသားတွေချည်းဘဲဆိုတာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား မြင်လာပါလိမ့်မယ်။

ကံမှာရော, ကတ္တားမှာရော နာမ်ချည်းဘဲနေလျှင် ဒီအတိုင်းချည်းဘဲလို့ နားလည်ကြပေါ့ (မှန်ပါ)။

နာမ်ရုပ်တွေ၊ ဒွေဒွေးပဉ္ဇသာ

ဒီနေ့တော့ ဘယ်လိုနေရမလဲ "နာမ်ရုပ်တွေ၊ ဒွေဒွေးပဉ္ဇသာ" ဆိုတဲ့ အပိုဒ် အရ ကံပုဒ်က နာမ်တရား နေပြီးတော့ ကတ္တားပုဒ်က ရုပ်နေရမယ်-တဲ့။

ဒီတော့ ဘယ်ဝိဘင်းမျိုးလဲလို့ ကြည့်ရတယ်၊ ကုသလေန အဗျာကတံ, အကုသလေန အဗျာကတံ ဖြစ်နိုင်တယ်မဟုတ်လား (မှန်ပါ)။ အဗျာကတေန အဗျာကတံမှာလဲ ရှိတဲ့နေရာ ရှိတယ်မဟုတ်လား (မှန်ပါ)။ နာမ်ပစ္စည်း, ရုပ်-ပစ္စယုပ္ပန် ရှိတာပဲတယ်၊ 'ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ' လို့ ဟောခဲ့တယ် မဟုတ်လား (မှန်ပါ)။ ထို့အတူ 'ပဋ္ဌိသန္ဓိက္ခ-ဏေ ဝိပါကာဗျာကတေ ခန္ဓေ ပဋ္ဌိစ္စ ကဋတ္တာရူပံ'၊ ဒါတွေဟာ နာမ်နဲ့ရုပ် မဟုတ်လား (မှန်ပါ)။

အဲဒီလို နာမ်ကို ကံပုဒ်ထားပြီး ရုပ်ကတ္တား ပစ္စယုပ္ပန်နေလျှင် ခန္ဓာဝါရ ဘယ်လောက်တဲ့ (၂၂၅-ဝါရ ရှိပါတယ်)။

အံမာလေး....'မနေ့က ၁၄-ဝါရတောင် မနည်းဆိုယူရတယ်၊ ဒါကြီး ဘယ်နှယ်လုပ်မလဲ' လို့ စိတ်ထဲကတွေးပြီး ကြောင့်ကြမနေပါနဲ့၊ အလွယ်ကလေးရယ်၊ မနေ့က ၁၄-ဝါရ ရလျှင် ပြီးရောလို့ ဘုန်းကြီးက ပြောခဲ့ပြီ။

သတိပြု နားထောင်စမ်းပါ၊ မနေ့က နာမ်မှာ ကောက ၄, တိက ၄, ဒုက ၆, ရှိနေသလိုဘဲ ဟိုဘက်တဖက်က ဘာလဲ ရုပ်ကော့မဟုတ်လား (မှန်ပါ)။ မဟာဘူတ် ၄-ပါးကို ပဓာနထားပြီး (၀) ဝိ, ဘာ, ဂတ, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄-ပါး၊ မြေ, ရေ, လေ, မီး ဆိုတဲ့ ဓာတ်ကြီး ၄-ပါးပေါ့၊ အဲဒါကို

အကျဉ်းချုပ်ပြီးတော့ ပထဝီကို ပ၊ အာပေါကို အာ၊ တေဇောကို တေ၊ ဝါယောကို ဝါ-လို့ ဆိုပြီးတော့ ရေးထားတယ်၊ ခန္ဓာ ၄-ပါး ရေးသလိုရေးတာ။

ပရမတ္ထတရားထဲမှာ ခန္ဓာငါးပါး ဖွဲ့ထားတဲ့အချိန်မှာလဲ နာမကၡန္ဓာက ပဓာနဘဲ၊ ဒါကြောင့် နာမ်ခန္ဓာ ၄-ပါးကို ဦးစားပေးထားတယ်။

ရူပ်တရားတွေ သန့်သန့်ကြည့်ပြန်တော့လဲ ရူပ်တရားတို့တွင် မဟာဘုတ်သည် အရေးအကြီးဆုံးဘဲ၊ ကြွင်းတဲ့ ဥပါဒါရူပ်ဆိုတာက မဟာဘုတ်ကိုမှီမှ ဖြစ်ရတာ၊ ဥပါဒါရူပ်ကိုမှီပြီး မဟာဘုတ်က မဖြစ်ရဘူး၊ မဟာဘုတ်သည် ပင်ကိုယ်, ပင်မတရား၊ ဒီမဟာဘုတ်တည်းဟူသော မိဘသဖွယ်ဖြစ်တဲ့ရူပ်ကြီး ၄-ပါး မရှိလျှင် ဥပါဒါရူပ်တွေ မဖြစ်နိုင်ဘူး။

ဒါကြောင့် ပဓာနဖြစ်တဲ့ မဟာဘုတ်တွေကိုသာ ဒီမှာ လိုရင်းပြနေတယ်လို့ ပြောတာ၊ ဥပါဒါရူပ်ကို လိုရင်းမထားဘူး။

ဒါကြောင့် မနှေကလိုဘဲ ခန္ဓာ ၄-ပါး ဖွဲ့ထားသလို ရူပ်မှာ ကေက ၄-ဝါရ၊ ပထဝီ, အာပေါ, တေဇော, ဝါယောပဲ။

ဒုတိယအာဟန်းကျတော့ ဘာကစသလဲ၊ အာပေါ, တေဇော, ဝါယော ပထဝီ။

တတိယအတန်းကျတော့ တေဇော, ဝါယော, ပထဝီ, အာပေါ။

စတုတ္ထအတန်းကျတော့ ဝါယော-က စပြီး ဝါယော, ပထဝီ, အာပေါ, တေဇော။

ခန္ဓာမှာသားတဲ့ နည်းအတိုင်းနော်၊ အဲဒါကလေးတွေကို အရေးမပျက်စေနဲ့။

ပြီးတော့မှ လက်ရင်းဖြစ်တဲ့ မဟာဘုတ်ဘပါးကို မျဉ်းထင်ထင်ကလေး ဆွဲချလိုက်၊ အဲဒီကြည့်လိုက်ဟာလဲ အစတလုံးစီဟာ ဘာတုံး၊ ပထဝီ, အာပေါ, တေဇော, ဝါယော-ဖြစ်ပြန်တာဘဲ။

ကေက ၄-ဝါရ

သူက ဘယ်ပါဠိတော်အရ ဟောမှာလဲလို့ မေးလို့ရှိလျှင် ရူပ်သက်သက်မှာ ဟောတာ၊ 'ကေ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ကေ မဟာဘူတံ၊ ဒ္ဝေ မဟာဘူတေ ပဋ္ဌိစ္စ ဒ္ဝေ မဟာဘူတာ' လို့ ဟောတဲ့ ဒေသနာတော်မှာ 'ကေ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ' လို့ ဟောတဲ့ ဒေသနာဟာ ကေက ၄-ဝါရ ဖြစ်နေတယ်။

တိက ၄-ဝါရ

ထိုနည်းတူစွာ အောက်က တိက ၄-ဝါရကလဲ ၄-ကွက်အင်းကလေး ချပြီးတော့ 'တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ' ဆိုတော့ ခုတင်က အတိုင်းဘဲ မဟာဘုတ်တွေကို သွင်းလိုက်ရာ၊ သွင်းပြီးတော့မှ အစ ၃-ပါးကို တခြား, နောက်ဆုံးတပါးကို တခြား ထားပြီးတော့ 'တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ' ဖြစ်ကရော မဟုတ်လား (မှန်ပါ)။

ဒုက ၆-ဝါရ

နားလည်လောက်တယ်နော်၊ မနေ့က နာမ်တရားလဲ ပြောပြီးသားမို့လို့ ဒီနေ့ ရုပ်တရားလဲ ခပ်ကျဉ်းကျဉ်း ပြောနေတာ။

ပထဝီမှု ၃ ဝါရ

ထိုနည်းတူစွာ 'ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ' လို့ ပထာတော်မှုအပ်သော ဒေသနာတော်အရ ဒုက ၆-ဝါရ ဆိုပြီး ဖြစ်လာတော့ ဘာတုံး အပေါ်ဆုံး အတန်းက ပထဝီ, အာပေါ, တေဇော, ဝါယော-ကို ထက်ထက်ခွဲတော့ ပထဝီ, အာပေါ ထည့်၊ တေဇော, ဝါယောက တဖက်။

ဒုတိယအတန်းကျတော့ ပထဝီ, တေဇော၊ ကျန်တဲ့ ၂-ပါးက နောက်က။

တတိယအဘန်းကျတော့ ပထဝီ, ဝါယော၊ ကျန်တဲ့ ၂-ပါးက နောက်ကပ်။

အဲဒါဟာ မနေ့တုန်းက ဝေဒနာမှု ၃-ဝါရ လာဖြစ်သလို ဒီမှာလဲ ပထဝီမှု ၃-ဝါရ လာဖြစ်တယ်၊ ပထဝီ-ကစပြီး ဟောထားတယ်။

အာပေါမှု ၂-ဝါရ

ထိုနည်းတူစွာ ၄-နံပါတ်က အာပေါ, တေဇော-တဝါရ၊ အာပေါ, ဝါယောက မှုရင်းထားပြီးတော့ တဝါရ၊ သူတို့က ဘာတုံး အာပေါမှု ၂-ဝါရ။

တေဇောမှု တဝါရ

ပြီးတော့မှ နောက်ဆုံး တေဇော, ဝါယောလို့ ဆဋ္ဌမခါတဲ့ ၆-ခု မြောက် အကြောင်း၊ ကျန်တာက ပထဝီ, အာပေါ ပစ္စယုပ္ပန်ထားပြီး ဒုက ၆-ဝါရ ဖြစ်တယ်။

စတုက တဝါရ

ထိုနည်းတူစွာဘဲ ဒီမဟာဘုတ် ၄ ပါးစလုံး ပစ္စယုပ္ပန်ထားလိုက်တော့ စတုက ဖြစ်တယ်၊ ပထဝီ, အာပေါ, တေဇော, ဝါယောလို့ဆိုပြီးနေရော၊ နားလည်တယ်နော် (မှန်ပါ)။

မဇ္ဇုက နာမ်ိုးခန္ဓာတွေဟောတော့ကို ကေက ၄-ဝါရ, တိက ၄-စါရ, ဒုက ၆-ဝါရလို့သာ ရတယ်၊ စတုက ရရဲ့လား (မရပါ)။ ဘာဖြစ်လို့လဲ 'ကေ ခန္ဓာ ပဋ္ဌိစ္စ တယော ခန္ဓာ' ဟောတဲ့ဒေသနာ ကေက၊ တယော ခန္ဓေ ပဋ္ဌိစ္စ ကေသော ခန္ဓာ-က တိက၊ 'ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ'က ဒုက။

အစိတ်အစိတ် နာမကွန္ဓာခေါ်ပုံ

အဲဒီလိုနေတဲ့ အပါကျတော့ ဘာဟောသလဲ၊ ဦးပဋ္ဌင်းကျိုပဋ္ဌာဝါရတုန်းက ဟောတဲ့အခါမျိုးတွေ ပြန်စဉ်းစား၊ အချင်းချင်းအားတပ်သော ကုသိုလ်စိတ် ကေဝိသ, စေတသိက် အဌတိ သ အစိတ် အစိတ် နာမကွန္ဓာတဲ့၊ တပါးက ၃-ပါး, ၃-ပါးက တ, -ပါးက ၂-ပါး သွားနေတယ်၊ ဒီမှာ ခဏ-ကြိမ် မဟုတ်လား။ အဲဒါကို အစိတ်အစိတ် ခေါ်တယ်၊ နာမကွန္ဓာ ၄-ပါးလုံး ပေါင်းပြီး ကံပုဒ် အနေမှာ မရှိနိုင်ဘူး။

ကေက ၄-ကွက် ကြည့်

ပါဠိတော်က ဘာတုံး၊ 'ကုသလေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ ခန္ဓာဝါရ ၂၂၅-ဝါရ ဖြစ်သတည်း။ ၂၂၅-ဝါရ ဟူသော်ကား အဲဒီမှာ နာမ်ဘက်က မကြည့်နဲ့ ရူပ်ဘက်ကို သွား ကြည့်စမ်း၊ ရူပ်ကလေးတွေကို ကြည့်၊ ဇကက ၄-ဝါရမှာ အထက် အောက် တန်းနေတဲ့ ရူပ်ကလေး ၄-ခုရှိတယ် မဟုတ်လား (မှန်ပါ)။ ပထဝီမဟာဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ၊ အာပေါ ဆုံးတန်းက ပဌမဆုံးတွေ့တဲ့ပထဝီကလေး(မှန်ပါ)။

ဒုတိယအတန်းက ဘာရှိသတုံး၊ အာပေါမဟာဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ၊ တတိယအတန်းအစက တေဇောမဟာဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ၊ ဝါယောမဟာ ဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ။

ဘယ်မှာကြည့်တာတုံး ဒါက ကေက ၄-ဝါရမဟုတ်လား (မှန်ပါ)။ ဘာမှ ကေက, တိက စသည် မသုံးသပ်နဲ့ဦး၊ ရူပ်တမျိုးမှာ ၁၅-ဝါရ ရှိနေတယ်လို့ နားလည်ပါ။ (မှန်ပါ)။

တိက ၄-ကွက် ကြည့်

ပြီးတော့ တိကကွက်ကလေး ကြည့်စမ်း၊ ပထဝီ, အာပေါ,တေဇော မဟာ ဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ၊ ဒုတိယအတန်းက အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ၊ တေဇော,ဝါယော, ပထဝီ မဟာဘုတ် စိတ္တဇ ရူပ်၌ ၁၅-ဝါရ။ ဝါယော, ပထဝီ, အာပေါ- မဟာဘုတ်စိတ္တဇရူပ်၌ ၁၅-ဝါရ။

ဒုက ၆-ကွက် ကြည့်

ဒုက ၆-ကွက်ကို ကြည့်စမ်း၊ ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ၊ ပထဝီ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ ပထဝီ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ၊ အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ၊ အာပေါ, ဝါယော-မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ၊ တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ ဆိုတော့ ဒုက ၆-ကွက်ပြီးရော မဟုတ်လား(မှန်ပါ)။

စတုကကွက် ကြည့်

အောက်ကွက်ကြည့်၊ ပထဝီ, အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ၊ သူက စတုက မဟုတ်လား (မှန်ပါ)။

ခန္ဓာဝါရ ၂၂၅

ကဲ သတိပြုကြည့်စမ်းပါ၊ ဘယ်နှစ်ကြိမ်ရှိလာပြီလဲ ၁၅-ဝါရပေါင်း ၁၅-ကြိမ် မရှိဘူးလား (ရှိပါတယ်)။

ဒီတော့ ဒီလိုနိဂုံးချုပ်ရတယ်၊ နောက်ပိတ်ဆုံး ဘာတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရအားဖြင့် ခန္ဓာဝါရ ၂၂၅-ဝါရ ဖြစ်သတည်း။

အဲဒါ ဘာက ဘယ်လောက်ဆိုတာ မခင်းသေးဘူး၊ ၁၅-ဝါရတွေ လျှောက်ခင်းဖားတာ မဟုတ်လား (မှန်ပါ)။ ပြီးတော့မှ အဲဒါကို ပြန်ရှင်းပါ၊ ပဌမဆုံး ဘာတုံး။

ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရဟူသော်ကား.. အစဆုံး ပထဝီ ကလေးကို ပြောတာ၊ ဘယ်လို ရမှာလဲလို့မေးလျှင် အဲဒီတော့ နာမ်ဘက်ကို လှည့်ကြည့်လိုက်ကြပါ၊ ကုသလေ ခန္ဓေ မဟုတ်လား(မှန်ပါ)။ ၁၅-ဝါရဟူသော်ကား နာမ်ဘက်ကိုကြည့်ပါ၊ ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ, စတုက ၈ဝါရ အားဖြင့် ၁၅-ဝါရ ဖြစ်သတည်း။

ပထဝီဘင်ပြောတာ၊ ရုပ်မပြောင်းနဲ့၊ ရုပ်က ပထဝီတင်၊ နာမ်က ၁၅-ကြိမ် ရှိနေတယ်မဟုတ်လား (မှန်ပါ)။ အဲဒါနဲ့တွဲမလို့၊ သတိနှင့်ကြည့်ပါ လွယ်လွယ် ကလေးရယ်။

ဧကက ၄-ဝါရဟူသော်ကား–'ကုသလေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ'ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ ကုသလေ ခန္ဓေ၏ အရကို ဝေဒနာ ယူပြီး စိတ္တသမုဋ္ဌာနံ ရူပံ၏ အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ကိုယူ၍ ၈ဝါရ၊

ကုသလေ ခန္ဓာ၏ အရကို သညာယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ။

အဲဒီမှာ ခန္ဓာက ပြောင်းပြောင်းသွားတယ်၊ ရူပ်က မပြောင်းဘူး (မှန်ပါ)။ နာမ်ပြောင်းတယ်၊ ရူပ်မပြောင်းဘူး၊ ဒါကြောင့်–

ကုသလေ ခန္ဓာ၏ အရကို သခ်ါရယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ၊ ကုသလေ ခန္ဓာ၏ အရကို ဝိညာဏ်ယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ၊ ဤသို့လျှင် သောတ ၄-ဝါရ ဖြစ်သတည်း။

ဒီလို မဟုတ်လား (မှန်ပါ)။ ဘာမှ မခက်ပါဘူး၊ သတိပြုပြီးတော့ကြည့်ပါ ဘုန်းကြီး ဘယ်နှယ်လုပ်ပြီး နည်းပေးနေသလဲလို့၊ နာမ်နဲ့ ရူပ်နဲ့ ကုသလေ ခန္ဓာ-က နာမ်, စိတ္တသမုဋ္ဌာန် ရူပ်-က ရူပ် မဟုတ်လား (မှန်ပါ)။ ကဲ–တိုက သွားပါ။

တိုက ၄-ဝါရဟူသော်ကား–ကုသလေ ခန္ဓာ၏ အရကို ဝေဒနာ, သညာ, သခ်ါရယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ ဆိုပြီးက တိုက ၄-ကြိမ်စေ့အောင် ဆိုပါ (မှန်ပါ)။ ဤသို့လျှင် တိုက ၄-ဝါရ ဖြစ်သတည်း။

ဒုက ၆-ဝါရဟူသော်ကား–ကုသလေ ခန္ဓာ၏ အရကို ဝေဒနာ, သညာယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ်စိတ္တဇရူပ်ကိုယူ၍ တဝါရ၊ အဲဒီမှာလဲ ၆-ကြိမ်ထိအောင် ဆိုသွားပါ (မှန်ပါ)။ နောက်ပိတ်ဆုံး ဝါရ ကုသလေ ခန္ဓာ၏ အရကို သခ်ါရ, ဝိညာဏ်ယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ၊ ဤသို့လျှင် ဒုက ၆-ဝါရ ဖြစ်သတည်း။

စတုက တဝါရဟူသော်ကား–ကုသလေ ခန္ဓာ၏ အရကို ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်ယူပြီး စိတ္တသမုဋ္ဌာန် ရူပ၏ အရကို ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ (မှန်ပါ)။

ဤသို့လျှင် ကေက ၄-ဝါရ, တိုက ၄-ဝါရ, ဒုက ၆-ဝါရ, စတုက တဝါရအားဖြင့် ပထဝီ မဟာဘုတ် စိတ္တဇရူပ်၌ ၁၅-ဝါရ ဖြစ်သတည်း။

ပြီးတော့ ထို့အတူဆိုပြီးတော့ လိုက်ခဲ့၊ ထို့အတူ အာပေါ မဟာဘုတ် စိတ္တဇ-ရူပ်၌ ၁၅-ဝါရဆိုပြီးတော့ အစဉ်အစားပြီး ဖြန့်သွားတဲ့အတိုင်း သွားပေါ့၊ ကေက-က ၄-ကြိမ်, တိုက-က ၄-ကြိမ်, ဒုက-က ၆-ကြိမ်, နောက်ပိတ်ဆုံး ဘယ်မှာဆုံး-သတုံး၊ ပထဝီ, အာပေါ, တေဇော, ဝါယော စိတ္တဇ မဟာဘုတ်၌ ၁၅-ဝါရ အားဖြင့် ၁၅-ဝါရ ၁၅-ကြိမ် ဖြစ်ကောင်းသောကြောင့် ခန္ဓာဝါရ ၂၂၅-ဝါရ ဖြစ်သတည်း၊ ၁၅×၁၅-လို ဘဲ မဟုတ်လား (မှန်ပါ)။

ဒါပါဘဲ၊ မနေ့ကဟာ ရနေလျှင် ဒါကို ရဒေတာ့တာပါဘဲ။

ဒီတော့ ဘုန်းကြီးဆိုပြီသလို ဦးပဉ္စင်းတို့လဲ စိတ်ဝင်စားစ့ာနဲ့ ဒီဇယားကလေး တွေကို ကြည့်လျှင် ဘာခက်စရာရှိသလဲ၊ ဘယ်သူမျိုးမဆို အလွတ်ဆိုလို့ဖြစ်အောင် ဘုန်းကြီး ကြံဆပြီး လုပ်ထားတာ။

ဒီတော့ စိတ်ဝင်စားဘို့က မနေ့ကပြောသလို အင်းဆန်သင်းတယ်ဆိုတဲ့ ဒီနာမကွန္ဓာ ၄-ပါးထက် အပိုရှိတာမှုမဟုတ်ဘဲ၊ ဟိုဘက်ကလဲ မဟာဘုတ် ၄-ပါး ထက် မပိုပါဘူး၊ ဒီမဟာဘုတ် ၄-ပါးနဲ့ နာမကွန္ဓာ ၄-ပါးကို ဇယားကွက်ထဲမှာ ဘယ်လိုလုပ် သွင်းပေးထားသလဲ ဆိုတာလဲ ပြပေးပြီးပြီ။

အဲဒီ သွင်းကားတဲ့ ခန္ဓာ ၄-ပါး, မဟာဘုတ် ၄-ပါး သဘောသွားပုံကို သိနေလျှင် မျက်လုံးမှိတ်ပြီး ဆိုနေလို့ ရပါတယ်၊ ကဲ–ဂရုစိုက်ပြီး အစအဆုံးနားထောင်ကြစမ်းပါ၊ ဦးဥာဏဝရ ဟောစမ်းပါ။

ဦးဥာဏဝရ။ ။ကုသလေန အဗျာကတံ၌ (ခန္ဓာဝါရ ၂၂၅-ဝါရ ဟောသည်။)

ဆရာတော်။ ။ဒါပါဘဲ၊ **သိပ်မခက်ပါဘူး**၊ သိပ်အာဝဇ္ဇ် မစိုက်ရဘူး၊ ဝိရိယ မှန်မှန်ကလေး ထားရတယ်၊ ပဋ္ဌာန်းဟောတာက ဝိရိယ ဒါလောက် မလိုဘူး၊ သတိကတော့ ဂရုစိုက်ရတယ်၊ သတိကတော့ **ဘေးမထွက်ရ**ဘူး၊ သတိဘေးထွက်လျှင် ပါးစပ်ကလဲ လွဲပြီး ထွက်သွားရော၊ ဝိရိယကတော့ ခပ်မှန်မှန်ကလေးနဲ့ ညှင်းညှင်းကလေးသွားနေ၊ **သတိကတော့** လေ့တ်ပါစေနဲ့။

ဆရာတော်။ ။အားလုံးတခေါက် ဟောကြစမ်းပါ။

သံဃာတော်များ။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။ပဌမပြန်ကဘဲ ဒါကို တို့တို့စမ်းကြည့်ပြီး မေးပြီ၊ ဒီနှစ်လား, မနှစ်ကလား မသိနိုင်ဘူး ပုစ္ဆာထဲ တွေ့လိုက်တယ်၊ ဒီမှာလိုတော့ ဆိုရိုး မဆိုခိုင်းဘူး၊ ဘယ်နေရာမှာမှလဲ မဆိုနိုင်ဘူး၊ ခန္ဓာဝါရ မည်၍ မည်မျှ ရသနည်းလို့ ထုတ်ခိုင်းတယ်၊ ဒီနှစ်ဘဲ ထင်ပါရဲ့ 'ကုသလေန အဗျာကတံ'မှာ ထုတ်ခိုင်းတယ်၊ ကုသလေန အဗျာကတံမှာ ရသင့်တဲ့ ခန္ဓာဝါရ သခ်္ခြာမျှ ထုတ်ခိုင်းတာနဲ့ တူပါတယ်၊ ၂၂၅-လို့ ဒါလောက်ပါဘဲ၊ ရေးရုံ ရှိတာဘဲ၊ လျှောက်ပြီးတော့သာ အရေးခိုင်းလျှင်တော့ ဒါနဲ့ကို စာရွက် လောက်မှာ မဟုတ်ဘူး။

ဘယ်နေရာဘဲတွေ့တွေ့ ကုသလေန အဗျာကတံ သိလျှင် ဟောစေကာ ဘုန်းကြီးပြောသလို အကုသလေန အဗျာကတံလဲ ရတာဘဲ။

အဗျာကတေန အဗျာကတံမှာလဲ နာမ်ပစ္စည်း, ရူပ်ပစ္စယုပ္ပန် ဖြစ်နေတဲ့ ပစ္စည်းမျိုး ဖြစ်နေလျှင် ဒီအတိုင်းဘဲ ၂၂၅-ဝါရ ရတာပေါ့။

ဒါကို ဘုန်းကြီးတို့ ဒီကပြတာက နည်းနဲ့ မှတ်ရတာဘဲ၊ အကုန်လုံး လျှောက်ကျက်နေရတာမှ မဟုတ်ဘဲ။

ဒါမှမဟုတ်ဘဲ နောက်ပိတ်ဆုံး ခုတင်ကလို သခ်ျာမျှသာ မေးတာမျိုး ဖြစ်နေလျှင်တော့ ဘုန်းကြီး မနေ့က ရွတ်ပြတဲ့ သံပေါက်ကလေး ၃-ပုဒ်ရလျှင် ရနိုင်တယ် မဟုတ်လား (မှန်ပါ)။

နာမ်, နာမ်ရူပ၊ တွေ့ကြုံက၊ နှစ်ရာ့တဆယ်သာ

နာမ်, နာမ်ရူပ၊ တွေ့ကြုံက၊ နှစ်ရာ့တဆယ်သာ၊ ဒီနေ့ အဲဒါကူးရအောင်။

ဟိုက နာမ်က ရူပ်သွားတော့ ၂၂၅၊ ဒီမှာ နာမ်က နာမ်ရူပ်သွားတော့ ဘယ်လောက်လဲ ၂၁၀။

အားလုံးသဘောသွားက ခုတင်ကအတိုင်း သွားမှာ၊ ဦးပဏ္ဍိုင်းတို့ နာကြားရုံဘဲ နာကြားကြစမ်းပါ၊ ဘုန်းကြီး ဘာပြောသလဲ, စာဆိုကဲ့ပုဂ္ဂိုလ် ဘာဆိုသလဲဆိုတာကို သတိပြု။

ဒီတော့ ခုတင်က ပြီးသွားတဲ့ ကု-ဗျာအနေနဲ့ကြည့်လျှင် ပဏ္ဍာဝါရတုန်းက ဘယ်လိုဟောသလဲ၊ 'စိတ္တဇရူပ်အားကပ်သော ပဏ္ဍဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ဇကဝိသ, စေတသိက်အဌတိ ံသ အစိတ်အပေါင်း နာမကွန္ဓာ' ဒီလိုမဟုတ်လား (မှန်ပါ)။

အစိတ်အပေါင်း နာမကွန္ဓာအဝိပ္ပယိ

အစိတ်ဆိုတာ ဘယ်မှာလဲ၊ ဇကက, တိက, ဒုဟ-က အစိတ်၊ စဟုက-က အပေါင်း။

ဆရာတော်ဘုရားကြီးတွေ သုံးစဲ့တာကလေးတွေဟာ အင်မတန် အဖိုးတန်ပါတယ်၊ အင်မတန် ခရီးရောက်ပါတယ်၊ အစိတ်အပေါင်း နာမကွန္ဓာတဲ့။

"စတုက မပါလျှင် အစိတ် အစိတ် နာမကွန္ဓာ၊ စတုက ပါလာလျှင် အစိတ် အပေါင်း နာမကွန္ဓာ"

ကျက်ထားတဲ့ စာ,ရွတ် ဖတ်ထားတဲ့စာထက် ဒီလိုမှတ်တဲ့ ဗဟုသုတကလေးတွေက တခါတခါ ဦးပဏ္ဍိုင်းတို့ ပဌမပြန်မှာ အမှတ်တော်တော်များများ ရနိုင်တယ်။

ပဌမပြန်လို့သာ ပြောပါတယ်၊ ဘုန်းကြီးသင်နေတာကဘာ့ ပဌမပြန် မရည်ညွှန်းပါဘူး၊ ကျမ်းဘတ်စေချင်တာကိုသာ ရည်ညွှန်းပါတယ်၊ ဒီထဲမှာတော့ အတွင်းဝင်သွားတာပေါ့၊ အဲဒီလို နှားထောင်ထားတဲ့ ဗဟုသုတကလေးတွေက ပေမဲ့ ပဌမပြန်မှာသွားပြီး တိုးတက်တယ်၊ ကိုယ် အားမထုတ်လို့ ဂရုမစိုက်လို့ မမှတ်မိကာတော့ ဘုန်းကြီး မဘတ်နိုင်ဘူးပေါ့။

ကြိုးစားပြီးလဲ မှတ်ရတယ်၊ အချိန်ကျလို့ စာလာလိုက်ရုံ လိုက်ပြီး ပေါ့တီး ပေါ့ဆနဲ့ ဒီမှာတုန်းကတော့လဲ တောင်တွေး မြောက်တွေးနဲ့ နေရာရောက်တော့ လဲ ဘာမှ ပြန်မကြည့်ဘဲ ထိုးထားတဲ့ ပုဂ္ဂိုလ်အဖို့တော့ ဘုန်းကြီး ဘယ်လို ကယ်လို့ရမလဲ။

ကုသလေန ကုသလာဗျာကတံ၌
ခန္ဓာဝါရ ၂၁၀

ဘာဆိုသွားသလဲ၊ ဘယ့်နှယ်လုပ် နည်းပေးသလဲ ကြည့်ပါ၊ ကုသလေန ကုသလာဗျာကတံ၌ ခန္ဓာဝါရ ၂၁၀-ဖြစ်သတည်း။

စာဆိုမည့်ပုဂ္ဂိုလ်များ ဂရုစိုက်ပြီး နှားထောင်ကြစမ်းပါ၊ ဘုန်းကြီးမဆိုဘူး ဦးပဋ္ဌင်းတို့ခိုင်းမလို့။

ခုတင်ကအတိုင်းဘဲ ၂၁၀-ဟူသော်ကား– ပထဝီမဟာဘုတ် စိတ္တဇရူပ်၌ ၁၄-ဝါရ၊ ခုတင်ကတော့ ၁၅-ဝါရ မဟုတ်လား၊ (မှန်ပါ)။ အခုတော့ တေဇော၌ ၁၄-ဝါရတင် ရတယ်၊ ပထဝီမဟာဘုတ် စိတ္တဇရူပ်၌ ၁၄-ဝါရ၊ အာပေါ၌ ၁၄၊ ၁၄-စသည်ဖြင့် အောက်ကို လျှောက်သွားပါ၊ နောက်ပိတ်ဆုံး စတုက ကျတော့ ပထဝီ, အာပေါ, တေဇော, ဝါယောမဟာဘုတ် စိတ္တဇရူပ်၌ ၁၄-ဝါရ အားဖြင့် ခန္ဓာဝါရ ၂၁၀-ဖြစ်သတည်း။

ပထဝီ-၌ ၁၄-ဝါရ

ပထဝီမဟာဘုတ် စိတ္တဇရူပ်၌ ၁၄-ဝါရ ဟူသော်ကား–နာမ်ဘက်ကြည့်လိုက်ကြပါ၊ ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ အားဖြင့် ၁၄-ဝါရ ဖြစ်သတည်း။ ဒီတင်ရမှာပေါ့၊ စတုက ဘယ်မှာ ရလိမ့်မလဲ (မှန်ပါ)။

ဧကက ၄-ဝါရ ဟူသော်ကား– 'ကေ၊ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တ-သမုဋ္ဌာနဥ္စ ရူပံ' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ ကေ၊ ခန္ဓံ၏ အရကို ဝေဒနာကိုယူ၍ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏ အရကို သညာ, သင်္ခါရ, ဝိညာဏ်၊ နာမ်က ဒါဘဲမဟုတ်လား (မှန်ပါ)။ ရူပ်က ပထဝီမဟာဘုတ် စိတ္တဇရူပ်ကိုယူ၍ တဝါရ။

ကတ္တားပုဒ်မှာ နာမ်နဲ့ ရူပ်နဲ့ တွဲလိုက်နေတာ၊ ကတ္တားမှာ နာမ်နဲ့ ရူပ်နဲ့ တွဲလိုက် ကတည်းက စတုက ဘယ်နှယ်နေလို့ ဖြစ်ပါတော့မလဲ၊ ရပါ့**မလား** (**မ**ရပါဘူး)။

ထို့အတူ ကော် ခန္ဓာ၏ အရကို သညာယူ၍ 'တယော **ခန္ဓာ** စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏ အရကို သခ်ါရ, ဝိညာ**ဏ်**, ဝေဒနာ, ပထဝီ မဟာဘုတ် စိတ္တဇရူပ်ကို ယူ၍ တပါရ-ဆိုပြီးဟော့ ကေက ၄-ဝါရစေ့တော့ ဤသို့လျှင် ကေက ၄-ဝါရ **ဖြစ်**သတည်း၊ ဒီလိုဆိုပါ။

ပြီးတော့ 'တယော ခန္ဓေ ပဋ္ဌိစ္စ ကော **ခန္ဓာ** စိတ္တသမုဋ္ဌာနဥ္စ ရူပံ' အတွက်က တိက ၄-**ဝါ**ရ ဖြစ်မယ် မဟုတ်လား(မှန်ပါ)။

ထို့အတူ 'ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ **ခန္ဓာ** စိတ္တသမုဋ္ဌာနဥ္စ ရူပံ'-**၏** အရက **ဒုက** ၆-**ဝါ**ရ ဖြစ်ရော(မှန်ပါ)။

ဤသို့လျှင် ပထဝီ မဟာဘုတ် စိတ္တဇရူပ်၌ **ခန္ဓာ**ဝါရ ၁၄-ဝါ**ရ** ဖြစ်**သ**တည်း။ ထို့အတူ ဆိုသွားပြန်ရော။

နောက်ပိတ်ဆုံး ပထဝီ, **အာ**ပေါ, တေဇော, ဝါယော **မ**ဟာဘုတ်စိတ္တဇရူပ်၌ ၁၄-ဝါရ အားဖြင့် ၁၄-ဝါရ ၁၅-ကြိမ် ဖြစ်ကောင်းသောကြောင့် **ခန္ဓာ**ဝါ**ရ** ၂၁၀-ဖြစ်သတည်း။

ဘာမျှ ခက်စရာမရှိပါဘူး။ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။ကုသလေန ကုသလာဗျာကတ်၌ **ခန္ဓာ**ဝါ**ရ** ၂၁၀-ဖြစ်သတည်း။ ။ပ။ဖြစ်သတည်း။

ဆရာတော်။ ။ဒါပါဘဲ၊ **မ**ဟောကြပါနဲ့တော့၊ ခုတင်က ၂၂၅-ထဲမှာ **အ**တွင်း ဝင်နေတာ။

ဟေတုပစ္စည်း၌ ခန္ဓာဝါရပေါင်း ၁၈၂၈

သတိပြုခဲ့ကြပါ၊ ယခု ဒီ**အ**ထိ ဘာတွေ ပြီးသွားသလဲ**မေ**းလျှင် ကုသ**ဟ**ဒ**မ**ှာ ပဒါဝ**သ**ာန ၃-ချက် ရှိတယ်**မ**ဟုတ်**လ**ား (**မ**ှန်ပါ)။ ကုသ**လေ**နဲ့ ကုသ**လ**ံ ဆိုတဲ့ ၁-နံပါတ်**မ**ှာ ဘယ်**လော**က် **ရ**ခဲ့**သ**လဲ ၁၄-ဝါ**ရ** ရခဲ့**တ**ယ်၊ **ကုသ**ိ**လေ**နဲ့ **အ**ဗျာ**ကတ**ံက ၂၂၅-ဝါ**ရ** ရခဲ့**တ**ယ်၊ ကုသ**လေ**နဲ့ ကုသ**လ**ာ**ဗျ**ာ**ကတ**ံက ၂၁၀-**ရ**တယ်၊ ပေါင်းလိုက်တော့ (၄၄၉)ဝါ**ရ** ရ**ပ**ါ**တ**ယ်။

အဲဒီ **နှ**ည်းတူပေါ့ ပစ္စည်းတခု **မ**ူ**ထ**ား**ကြ**ပါ**စ**ို့၊ ဟေ**တ**ုပ**စ**ည်း**မ**ှာ **ဒီ**အ**တ**ိုင်း ကုသ**ဟ**ဒ**က** ပ**ဒ**ါ**သ**ာန ရှိ**တ**ယ် **မ**ဟုတ်**လ**ား (**မ**ှန်ပါ)။ **အ**ကုသ**ဟ**ဒ**ကလ**ဲ

ဒီအတိုင်း ပဒါဝသာန ၃-ချက် ထွက်မလာဘူးလား(ထွက်ပါတယ်)။ အကုသလ ပဒမှာလဲ ဒီအတိုင်းဘဲ၊ ၄၄၉-ခန္ဓာဝါရ ဖြစ်မှာပေါ့ (မှန်ပါ)။

မှတ်ထားရတယ်၊ ကုပဒက (၄၄၉)၊ အကုပဒကလဲ (၄၄၉)။

ဗျာ-ဗျာမှာ ခန္ဓာဝါရ ၄၈၀

အဗျာကတပဒမှာ ပဝတ္တိ, ပဋ္ဌိသန္ဓေ, ရူပ်သက်သက်လို့ ဒီလို မရှိပေဘူးလား (ရှိပါတယ်)။

ပဝတ္တိမှာ နာမ်က ကံပုဒ်, နာမ်နဲ့ရူပ်က ကတ္တားပုဒ်ဆိုတော့ နာမ်,နာမ်ရူပ ဘဲ မဟုတ်လား (မှန်ပါ)။ ဒီတော့ သူက ပဝတ္တိမှာ ဘယ်လောက် ရမလဲ (၂၁၀-ရပါတယ်)။

ပဋ္ဌိသန္ဓေမှာ ခန္ဓာဝါရ ၂၄၀

ပဋ္ဌိသန္ဓေကျတော့ကော 'ပဋ္ဌိသန္ဓိကွဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ ကဋ္ဌတ္တာ စ ရူပံ'ဆိုတဲ့ အကြောင်းမှာပင် ၂၁၀-မရဘူးလား (ရပါတယ်)။

မှတ်ထားပါ၊ ဗျာဗျာမှာ ပဝတ္တိကလဲ ၂၁၀, ပဋ္ဌိသန္ဓေတပိုင်းမှာလဲ ၂၁၀ (မှန်ပါ)။ သတိပြုပါ၊ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ'မပါသေးဘူး မဟုတ်လား(မှန်ပါ)။ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထုမှာ ခန္ဓာဝါရ ဘယ်လောက်ရသတဲ့တုံး "ခန္ဓာ ဝတ္ထု၊ ရူပ် ရူပ်စု၊ မှက်ရှ ဆဲ့ငါးသာ"ဒီလိုဆိုခဲ့တယ် မဟုတ်လား(မှန်ပါ)။ ခန္ဓာနဲ့ ဝတ္ထုတင်ဘဲ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု-မှာ ၁၅-ဝါရတဲ့၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာကလဲ ၁၅-ဝါရ ဆိုတော့ ၃၀-မရနဘူးလား(မှန်ပါ)။ ဒီကျမှ ပဋ္ဌိသန္ဓေကုန်မှာ၊ ခုတင်က ၂၁၀၊ ဒီက ၃၀-ဆိုတော့ ပဋ္ဌိသန္ဓေတင် ဘယ်လောက်ရှိသလဲ (၂၄၀-ရှိပါတယ်)။

နားလည်ကြပါပြီနော်၊ ဟေတုပစ္စည်းကို မူထားပြီး ပြောနေပါတယ်၊ အဲဒါ ခန္ဓာဝါရဖွဲ့နည်း နောက်မှ ပြန်ပြောမယ်။

ထိုနည်းတူစွာ 'ရူပ်,ရူပ်စု'ဆိုတာက ဘာတုံး၊ ရူပ်တွေက မဟာဘုတ် ၃-မျိုး ခဲ့ပြီး ရူပ် ၃-မျိုးလို့ ဘုန်းကြီး ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။ ဟေတုမှာ ရူပ် ဘယ်နှစ်မျိုး ရသလဲ(၂-မျိုး ရပါတယ်)။ စိတ္တဇရူပ်နဲ့ ပဋ္ဌိသန္ဓေကမ္မဇရူပ်၊ စိတ္တဇရူပ်မှာလဲ ၁၅-ဝါရ၊ ပဋ္ဌိသန္ဓေကမ္မဇရူပ်မှာလဲ ၁၅-ဝါရဆိုတော့ ဖယတု ပစ္စည်းမှာ ရူပ်တင်ဘဲ ခန္ဓာဝါရက ၃၀-ရပြန်တယ်။

ဒီတော့ ပြန်သတိပြုကြစမ်းပါ၊ အဗျာကတေန အဗျာကတံမှာ ပဝတ္တိ, ပဋ္ဌိသန္ဓေ,ရူပ်သက်သက်လို့ရှိရင် ခန္ဓာဝါရ ဘယ်လောက်ရှိမလဲမေးလျှင် ပဝတ္တိက

၂၁၀၊ပဋ္ဌိသန္ဓေက ၂၄၀၊ရုပ်သက်သက်က ၃၀၊ပေါင်းလိုက်တော့(၄၈၀)ရှိတယ်၊ ဗျာ-ဗျာမှာ ပြောတာနော်(မှန်ပါ)။

ထိုနည်းတူစွာ ကုသလာဗျာကတေန ဒေဗျာကတံ၌ ၂၂၅၊ အကုသလာ-ဗျာကတေန အဗျာကတံ ၂၂၅၊ ထားပါတော့၊ ဒါက မထူးပါဘူး။

ဘယ်မှာ ဘာထူးသလဲလို့မေးလျှင် ဦးပဏ္ဍိုင်းတို့ ဗျာဗျာမှာ လှည့်စားတတ်တယ်၊ ဗျာဗျာမှာ တချို့ပစ္စည်းက ပဝတ္တိရှိတယ်, ပဋ္ဌိသန္ဓေမရှိဘူး မဟုတ်လား (မှန်ပါ)။

တချို့ပစ္စည်းက ပဝတ္တိရှိတယ်၊ ပဋ္ဌိသန္ဓေရှိမပမဲ့ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု'-သာ ရှိတယ်၊ 'ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ'-မပါဘူး၊ ဒီလိုလဲရှိတယ် မဟုတ်လား (မှန်ပါ)။

တချို့က 'ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ' ရှိတယ်၊ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု' ရရဲ့လား အာရမ္မဏတို့မှာ (မရပါ)၊ ခန္ဓာဝါရတွက်လျှင် သတိထားပေါ့။

ဟေတု, စျာန, မဂ္ဂစတဲ့ ပစ္စည်းတွေက ရုပ် ၂-မျိုးရတော့ တမျိုးမှာ ၁၅-ဆိုတော့ ၃၀-ရတယ်။

အာဟာရကျတော့ ၃-မျိုး ဖြစ်မနေဘူးလား (မှန်ပါ)။ ၁၅ ဝါရ ထပ်ပြီး တိုးလိမ့်မယ်။

ကမ္မတို့, ဣန္ဒြိယတို့ကျတော့ ၄-မျိုး ဖြစ်မနေဘူးလား (ဖြစ်ပါတယ်)။ ရုပ်တမျိုးတမျိုး တိုးလာခဲ့လျှင် ခန္ဓာဝါရက ၁၅-ဝါရ, ၁၅-ပါရ တိုးလိမ့်မယ်၊ နားလည်ကြပေဒစနော် (မှန်ပါ)။

သဟဇာတ်ကြီး ၄-ပစ္စည်းလို ရုပ်တွေအကုန် ရနေတော့မယ် ဆိုလျှင်တော့ ၁၅-၇-လီ သွားလိမ့်မယ် (မှန်ပါ)။

၁၅-၇-လီ ဆိုတော့ ဘယ်လောက်ရှိသလဲ(၁၅×၇=၁၀၅) ၁၀၅-ရှိတယ်။

အဲဒီလို ဒေသနာတော် တပိုဒ်တပိုဒ်လျှင် ရသင့်ရထိုက်တဲ့ ခန္ဓာဝါရကို အနုလုံမှာဘဲဖြစ်ဖြစ်, ပစ္စနိက်မှာဘဲဖြစ်ဖြစ် မည်သည့်ပစ္စည်းမှာမဆို ဒေသနာတော် ဟောနေတာမြင်လျှင် ကိုယ်က ခန္ဓာဝါရ ဖွဲ့တတ်ရတယ်။

ခန္ဓေ ဝတ္ထုနှင့် ဝတ္ထုံ ခန္ဓာတို့၌ ဖွဲ့နည်း

အဲဒါကို အရေးတကြီး သတိပေးပါတယ်၊ နည်းက တခုပေးထားတာ ကုန်နေပြီ သံဃပါက်ကလေး ၃-ခုနဲ့။

နာမ်, နာမ်ဆယ့်လေး၊ နာမ်ရုပ်တွေး၊ ဒွေဒွေးပဋ္ဌသာ။
နာမ်, နာမ်ရှုပ၊ တွေ့ကြုံက၊ နှစ်ရာ့တဆယ်သာ။
ခန္ဓာဝတ္ထု၊ ရုပ်, ရုပ်စု၊ မှတ်ရှုဆယ့်ငါးသာ—

ဆိုတော့ ခန္ဓာ ဝတ္ထုမှာ ဘယ်လိုလုပ်ပြီး ၁၅-ဖြစ်မလဲတဲ့၊ သတိပြုပါ၊ ဦးပဋ္ဌင်းတို့ အခု နာမ်ခန္ဓာမှာ ကေက ၄, တိက ၄, ဒုက ၆, စတုက ၁-လို့ မရှိဘူးလား (ရှိပါတယ်)။ အဲဒါကို ကံပုဒ်ထားလိုက်ပါ၊ စိတ်ကူးနဲ့ နောက်က ဟဒယဝတ္ထုကို တနေ့ထုကလေး ပုံထားတော့ ခုတင်က ပထဝီမဟာဘုတ် စိတ္တဇရုပ်ရသလို ၁၅-ဝါရ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)။

ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထုဌ် ၁၅-ဝါရ

'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်၌ ကေက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ, စတုက ၁-ဝါရအားဖြင့် ၁၅-ဝါရ ဖြစ်သတည်း။

ကေက ၄-ဝါရ ဟူသော်ကား 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ ခန္ဓေ၏ အရကို ဝေဒနာယူ၍ ဝတ္ထု၏ အရကို ဟဒယဝတ္ထုယူ၍ တဝါရ-စသည်ဆိုပြီး ကေက ၄-ကြိမ် မထွက်နိုင်ဘူးလား (ထွက်နိုင်ပါတယ်)။

ထို့အတူ တိက ၄-ဝါရကျတော့လဲ ခန္ဓေ၏ အရကို ဝေဒနာ, သညာ, သင်္ခါရယူ၍ ဝတ္ထု၏ အရကို ဟဒယဝတ္ထုယူ၍ ဆိုပြီး တိက ၄-ဝါရ။

ဆို့အတူ ဒုက ၆-ဝါရကျတော့လဲ ခန္ဓေ၏ အရကို ဝေဒနာ, သညာယူ၍ ဝတ္ထု၏ အရကို ဟဒယဝတ္ထုယူ၍ တဝါရ-စသည်ဖြင့် ၆-ကြိမ် သွားပါ။

စတုကတဝါရဟူသော်ကား ခန္ဓေ၏ အရကို ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ယူ၍ ဝတ္ထု၏ အရကို ဟဒယဝတ္ထုကိုယူ၍ စတုကတဝါရ-ဆိုပြီးတော့ ပြန်၍ဆိမ်းလိုက်တော့၊ ဤသို့လျှင် ကေက ၄, တိက ၄, ဒုက ၆, စတုကတဝါရ အားဖြင့် 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု'-၌ ခန္ဓာဝါရ ၁၅-ဝါရ ဖြစ်သတည်း။

ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ-၌ ၁၅-ဝါရ

'ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ' ကျတော့လဲ သူကို ပြောင်းပြန် ပြန်လိုက်ရုံပါဘဲ၊ ကံပုဒ် ဘာထားမလဲ ဟဒယဝတ္ထု၊ ခန္ဓာ အခုအတိုင်း ကေက, တိက, ဒုက, စတုက-လို့ ရှိမယ်မဟုတ်လား (မှန်ပါ)။

ဒါကြောင့်မို့လို့ 'ခန္ဓာ ပဋ္ဌိစ္စ ဝတ္ထု' ဖြစ်လျှင် ၁၅-ဝါရ၊ 'ဝတ္ထု ပဋ္ဌိစ္စ ခန္ဓာ' လို့ ဟောထားလျှင် ၁၅-ဝါရ။

နားလည်လောက်ပါတယ်နော်၊ မှတ်ရုံဘဲ မှတ်ပါ၊ မဆိုကြပါနဲ့တော့၊ အချိန်မကုန်ချင်လို့။

ရုပ်တမျိုးတမျိုးလျှင် ၁၅-ဝါရ

ရုပ်တမျိုးတမျိုးလျှင် ၁၅-ဝါရဆိုတာက ဘယ်လိုလဲ-ရုပ်သက်သက်ပါဋ္ဌိတော် သတိပြုကြပါ၊ ပါဋ္ဌိတော်သံကြားလျှင် ခန္ဓာဝါရကို ကိုယ်က သိရတယ်။

ဧကံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ အဲဒါ ဘာဝါရခေါ်မလဲ၊ ဧကံ မဟာဘူတံ ပဋ္ဌိစ္စ ဆိုကတည်းက ဧကက ၄-ဝါရ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

တယော မဟာဘူတေ ပဋ္ဌိစ္စ ဧကံ မဟာဘူတံ ဆိုတာက ဘာတုံး (တိက ၄-ဝါရပါ)။

ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ (ဒုက ၆-ဝါရပါ)။

လေ့လာကြပါ မခက်ပါဘူး၊ စာအုပ်ကြီးထဲမှာတော့ ပြည့်ပြည့်စုံစုံဖြစ်အောင် ဟိုကတမျိုး, ဒီကတမျိုး လျှောက်ရေးနေရတယ်၊ လိုရင်းကတော့ ဒါဘဲရှိတယ်။

အခု ဘုန်းကြီးပြနေတဲ့ ဆဝါရကို နားလည်ထားလျှင် ပဌာဝါရကို ဒီနည်းမှီးကြည့်ပါ မတိမ်းမယိမ်းကလေးဘဲ၊ ဘာမှ မထူးဘူး။

ပြီးတော့ သတိပြုဦး၊ 'မဟာဘူတေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ ဆိုတော့ ဒါက ဘာတုံး စတုက မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

ပေါင်းလိုက်တော့ စိတ္တဇရုပ်မှာတင် ၁၅-ဝါရ ဖြစ်သွားရော။

ပဋ္ဌိသန္ဓေ ကမ္မဇရုပ်ကလဲ ဒီအတိုင်း ထုတ်ရတယ်၊ ပေါင်းပြီး ဟောထားလို့ မဟုတ်လား (မှန်ပါ)။ ခဲ့တော့ ဘယ်မှာ ခဲ့မလဲ၊ မဟာဘူတေ ပဋ္ဌိစ္စ ကဋ္ဌတ္တာ-ရူပံ ဥပါဒါရူပံ ဆိုတာက စတုက၊ နိဂုံးမှာမှ စတုက ကျမှ ပါဋ္ဌိကို တွဲပစ်ရတယ်။

မဟာဘူတေ ပဋ္ဌိစ္စ-၌ စိတ္တဇရုပ်ဖြစ်လျှင် ဘယ်လိုထားမလဲ 'စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ'၊ စိတ္တဇဥပါဒါလို့ ပြောတာ (မှန်ပါ)။

ဒါမှ မဟုတ်လို့ မဟာဘူတေ ပဋ္ဌိစ္စ-၌ ပဋ္ဌိသန္ဓေကမ္မဇရုပ်ဖြစ်လျှင် ဘယ်လို ထည့်မလဲ'ကဋ္ဌတ္တာရူပံ ဥပါဒါရူပံ' ဆိုတာက စတုက။

ဒါကြောင့် ရူပ်တမျိုး တမျိုး ကိုးလာတိုင်း တိုးလာတိုင်း ခန္ဓာဝါရသည် ဘယ်လောက်တိုးမယ် (၁၅-ဝါရ တိုးပါတယ်)။ ၁၅-ဝါရ တိုးပါတယ်။

ကုန်ရောပေါ့ 'ခန္ဓာ ဝတ္ထု၊ ရူပ်, ရူပ်စု၊ မှတ်ရှု ဃယ်ငါးသာ' ခန္ဓာဝါရ ဖွဲ့နည်း အဲဒါကုန်ရော။

ဦးပဉ္စင်းတို့ကလဲ မြန်မြန်ကုန်ချင်နေတာနဲ့ မြန်မြန်ကုန်အောင်ကို ချတယ်။

တချို့က ညည်းတယ်၊ 'ကြာလှပြီ၊ ဒီလကုန်လို့မှ ကုန်ပါ့မလားတဲ့' ရှာပြီးတော့ ဆိုကြည့်စမ်းပါ တခြားမှာ ပဌာန်းကို ဒီအချိန်နဲ့မျှား ဒါလောက် ပြီးလွယ်မလားလို့။

ကဲ ဒါဖြင့် ဒီနေ့ ခန္ဓာဝါရ ဒီတွင် နိဂုံးချုပ်ပြီးတော့ သင်္ချာဝါရကို ဆဝါရ အားလုံးရဲ့ အနုလုံအနေအားဖြင့် ဟောရမယ်။

အခုဟာက ဝိဘင်္ဂဝါရဆုံးလို့ ခန္ဓာဝါရ ဖွဲ့ပေးတာမဟုတ်လား (မှန်ပါ)။ သင်္ချာဝါရကို ဒီနေ့ပြီးနိုင်သမျှ နည်းဘဲရရ ပြေပေးမယ်၊ သုဒ္ဓသင်္ချာကြောင့် ကျက်ခဲ့၊ ဒီနေ့ ဘယ်နှစ်ချက်လဲ ၁၁-ရက်လား (မှန်ပါ)။ ကုန်ကောင်းပါရဲ့လေ ကြိုးစားရင်တော့။

ခန္ဓာဝါရ ပြီးပြီ။

သင်္ချာ ဝါရ

ဘုန်းကြီးနည်းက ခက်တယ်၊ အဲဒီ ပစ္စည်းတွန်းတွေ ဘာတွေ ကျတော့ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာ ကြေနေတဲ့ ပုဂ္ဂိုလ်ဖြစ်လျှင် လွယ်မယ်၊ အခု ၃-ရက် တောင် ကျန်သေးတာဘဲ၊ ဘုန်းကြီး တနာရီထဲနဲ့ ပြီးအောင် ပြောလဲ ရတယ်။

သို့ပေမဲ့ အများကို ငဲ့ပြီးတော့ ဒါတွေဟာ ဒီလိုပြောလို့ မဖြစ်ဘူး ဆိုပြီး ဆိုသင့် ဆိုထိုက်တာတွေ အကုန်ဆိုခိုင်းပြီး ချပေးလားပါတယ်။ အဖိတ်နေ့ဘဲ ကိန်းသေ ကုန်အောင် လုပ်ကြပါစို့။

သင်္ချာဝါရ အနုလုံ

အနုလုံ တဝါရထဲ မဟုတ်ဘူး၊ ဆဝါရအကုန်လုံးရဲ့ အနုလုံကို သတိပြု နားထောင်ကြစမ်းပါ။

ဝိဘင်ဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌....

စာအုပ်တွေ လှန်သံ ကြားရတယ်၊ ဇယား ရှာကြတာလား (မှန်ပါ)။ သေ အောင်ရှာ မရှိဘူး။

ပြောမှာကိုသာ မှတ်ထားကြပေတော့၊ ဦးပဉ္စင်းတို့ကို သုဒ္ဓသင်္ချာ ကျက် ခိုင်းထားသားဘဲ၊ သုဒ္ဓသင်္ချာ သတိပေးနေတာ ၂-ရက်, ၃-ရက်ရှိပြီ။

ဘာဇယားမှ မရှိဘူး၊ ဘုန်းကြီး ပစ္စည်းတွန်းပေးတဲ့နည်းက စကားကလေး ၄-၅-ခွန်းပြောလျှင် ပြီးတဲ့ ကိစ္စဘဲ ပစ္စည်းတွန်းကာ၊ သို့ပေမဲ့ ပြည့်စုံအောင် ပြပေးပါ့မယ်။

သုဒ္ဓသင်္ချာဝါရ

ဝိဘင်ဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို ဟော တော်မူ၏။ ထိုသင်္ချာဝါရသည်လည်း သုဒ္ဓသင်္ချာဝါရ, ဒုကာဒိသင်္ချာ ဝါရအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို သုဒ္ဓသင်္ချာ ဝါရသည်လည်း ဟေတု ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ, အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစ ရှိသော အားဖြင့် ၂၃-ပါး အပြားရှိ၏။

၂၃-ပါးဆိုတာက အနုလုံမဟုတ်လား(မှန်ပါ)။ အနုလုံမှာ ပစ္ဆာဇာတပစ္စည်း မရဘူး။

ထို ၂၃-ပါးတို့တွင် ဟေတုပစ္စည်း၏ သုဒ္ဓသခ်္ဂ၀ါရကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား—

အဲဒီမှာ ဦးပဉ္စင်းတို့ ကျက်ထားတဲ့အတိုင်း ဆိုပေါ့၊ ဘယ့်နှယ်လုပ်ပြီးကျက်ထားသလဲ။

သဟိတ်စိတ် ကေသတ္တတို့, မောဟမူဒ္ဒေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် ပ၀တ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ သဟိတ်စိတ္တဇရူပ်, သဟိတ် ပဋ္ဌိသန္ဓေကမ္မဇရူပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏။

ဒီလို ကျက်ခဲ့တယ် မဟုတ်လား၊ အခုလဲ အဲဒီအတိုင်းပါဘဲ။

ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍ရင်း၊ ၀ါရသို့ လိုက်၍ရင်း၊ တိက်ပုဒ် အရသို့ လိုက်၍ရင်း—

ပဥ္စာ၀ါရအတိုင်း ဆိုတာ မဟုတ်လား (မှန်ပါ)။ ပဥ္စာ၀ါရတုန်းကတော့ ကတ္တား, သမ္ပဒါန်၊ ဒီကျတော့ ကံနှင့် ကတ္တား(မှန်ပါ)။ ပါဠိတော်သခ်္ချာထုတ်။

ကံ ကတ္တား နေဟန်သို့ လိုက်၍ရင်း ဟေတုယာ နဝ, သတ္တရသ, တိဏ ဟူသည်တည်း။

သခ်္ခ ၃-မျိုး

အဲဒီမှာ ဘာတွေလုပ်လိုက်တာလဲ၊ ဆ၀ါရအကုန်လုံးအတွက်လို့ ပြောတယ် မဟုတ်လား (မှန်ပါ)။ ပဋ္ဌိစ္စ၀ါရနဲ့ သဟဇာတပါဠိတော်ကို ကြည့်လျှင် နဝ-လို့ ဟောထားလိမ့်မယ်၊ ပါဠိတော်ကိုကြည့်ပါ။

ပစ္စယ၀ါရ, နိဿယပါရတို့ရဲ့ သခ်္ခ၀ါရပါဠိတော်ကို ကြည့်လျှင် ဟေတုယာ-သတ္တရသ-လို့ ဟောထားလိမ့်မယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ကျေးကျေနပ်နပ် လက်ခံစမ်းပါ၊ ပြီးတော့ ကြည့်စမ်းကြပေါ့၊ သုံးမဖြစ်တော့ လွှင့်ပစ်လိုက်၊ ဘာခက်တာမှတ်လို့။

သံသဋ္ဌနဲ့ သမ္ပယုတ္တ၀ါရရဲ့ ပါဠိတော်ကိုကြည့်လျှင် ဟေတုယာ တိဏိ။ ကိန်းသေနည်းပါ၊ တခုချင်းလျှောက်ဆိုနေလို့ ဘယ်တော့ပြီးလိမ့်မလဲ။

ထို့နောင် အာရမ္မဏပစ္စည်း၏ သုဒ္ဓသခ်္ခ၀ါရကို ဟောတော်မူ၏၊ ဟောဟန်ကား စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ၊ ပ၀တ္တိ-ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် ။ ပ ။ အာရမ္မဏော တိဏိ, သတ္တ, တိဏိ ဟူသည်တည်း။

ပေယျာလထိုးထဲ့နေဆုမှာ ခုတင်ကအတိုင်းဆိုပါ၊ ပဋ္ဌိစ္စနဲ့ သဟဇာတ အတွက် အာရုမ္မဏော ဘယ်လိုထွက်မလဲ (တီကိ)၊ ပစ္စယ, နိဿယ ဝါရအတွက် (သတ္တ)၊ အာရုမ္မဏော သတ္တ-လို့ ရှိတယ်၊ ကိန်းဝေသမ္ပတ်ထားကြစမ်းပါ၊ ယုံယုံ ကြည်ကြည် မှတ်ထားကြစမ်းပါ၊ တကယ်သေချာတဲ့နည်းကို လုပ်ထားတာဘာ၊ သံသဋ္ဌနဲ့ သံမဂ္ဂယုတ္တဝါရကြည့်လျှင် တီကိ လို့ ရှိတယ်။

အဲဒီ ၂-ပစ္စည်းလောက်ကလေးတင် ဦးသူရိယ မဟာကြည့်စမ်းပါ။

ဦးသူရိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။တော်ပါပြီ၊ ဒါက ဆရာတော်ဘုရားကြီးမျှား ပေးထားတဲ့ နည်း မကွယ်မပျောက်အောင် ဆိုရုံး ဒီလိုဆိုရတယ်လို့ သိအောင် အဟောခိုင်းတာ။

ကျန်တဲ့ပစ္စည်းတွေ ဒီအတိုင်းဟောနေမှာပေါ့၊ အားလုံး ၂၃-ပစ္စည်းကို ဒီလိုဘဲ ဟောရုံးစစ်ပြီး ဆရာတော်ကြီးမျှား ဟောလိမ့်မယ်လို့ နားလည်ပါ။

အဲဒီအပေါ်မှာ တည်ပြီးတော့ ဦးပဉ္စင်းတို့က ဘာသတိပြုရမလဲ၊ ကဲ....ဒီပါဠိတော်စာအုပ်ကြည့်လျှင် ဝါရတခုတခုမှာ ပါဠိတော် ဒီသုဒ္ဓသခ်္ဂါကို မြတ်စွာဘုရားက ဘယ်လိုဟောမလဲ၊ အဲဒါက အကုန်လေ့လာဖို့ပေးတာ။

ပဋ္ဌိစ္စနဲ့ သဟဇာတဝါရ သုဒ္ဓသခ်္ဂါပါဠိတော်

ဘယ်လိုဟောမလဲလို့မေးတော့ ပဋ္ဌိစ္စဝါရနှင့် သဟဇာတဝါရက အတူတူ မဟုတ်လား(မှန်ပါ)။အတူတူဖြစ်နေတော့ ဦးပဉ္စင်းတို့ကျက်ထားတဲ့ သုဒ္ဓသခ်္ဂါ အတိုင်း ပဋ္ဌိစ္စဝါရအတွက်သာ၊ သို့မဟုတ် သဟဇာတအတွက်သာ ဆိုလျှင် သခ်္ဂါတူမဟုတ်လား (မှန်ပါ)။ ဘယ်လိုရှိသင့်သလဲ။

ဟေတုယာ နဝ၊ အာရုမ္မဏော တီကိ၊ အဓိပတိယာ နဝ၊ အနန္တရော တီကိ၊ သမနန္တရော တီကိ၊ သဟဇာတော နဝ၊ အညမညော တီကိ၊ နိဿယော နဝ၊ ဥပနိဿယော တီကိ၊ ပုရေဇာတော တီကိ၊ အာသေ-ဝနော တီကိ၊ ကမ္မော နဝ၊ ဝိပါကော ကော၊ အာဟာရော နဝ၊ ဣန္ဒြိယော နဝ၊ ဈာနော နဝ၊ မဂ္ဂေ နဝ၊ သမ္ပယုတ္တော တီကိ၊ ဝိပ္ပယုတ္တော နဝ၊ အတ္ထိယာ နဝ၊ နတ္ထိယာ တီကိ၊ ဝိဂတော တီကိ၊ အဝိဂတော နဝ။

ဒါက ဘယ်မှာရှိမယ် ဒီပါဠိက၊ ပဋ္ဌိစ္စဝါရမှာရှိမယ်၊ သဟဇာတဝါရမှာ ရှိမယ်။

ပစ္စယနဲ့ နိဿယ သုဒ္ဓသင်္ချာပါဠိတော်

အလယ်ဝါရမျှားဖြစ်တဲ့ ပစ္စယဝါရနဲ့ နိဿယဝါရကျတော့ ဒီက နဝ-ရထားလျှင် ဟိုမှာဘာဖြစ်မယ်(သတ္တရသ-ပါ)။ ဒီက ပဋ္ဌိစ္စဝါရက တိကိ ရလျှင် သတ္တ၊ ဒီလိုမဟုတ်လား (မှန်ပါ)၊ သတိပြုကြည့်ပါ။

ဟေတုယာ သတ္တရသ၊ အာရမ္မဏေ သတ္တ၊ အဓိပတိယာ သတ္တရသ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ သဟဇာတေ သတ္တရသ၊ အညမညေ သတ္တ၊ နိဿယေ သတ္တရသ၊ ဥပနိဿယေ သတ္တ၊ ပုရေဇာတေ သတ္တ၊ အာသေဝနေ သတ္တ၊ ကမ္မေ သတ္တရသ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တရသ၊ ဣန္ဒြိယေ သတ္တရသ၊ ဈာနေ သတ္တရသ၊ မဂ္ဂေ သတ္တရသ၊ သမ္မယုတ္တေ သတ္တ၊ ဝိပ္ပယုတ္တေ သတ္တရသ၊ အတ္ထိယာ သတ္တရသ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အဝိဂတေ သတ္တရသ။

သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရ သုဒ္ဓသင်္ချာပါဠိတော်

သံသဋ္ဌနဲ့ သမ္မယုတ္တဝါရ သုဒ္ဓသင်္ချာတို့မှာ ဝိပါကပစ္စည်းက လွဲလျှင် တိကိ၊ ဝိပါကပစ္စည်းကတော့ ဧကံ တဲ့၊ ဦးပဋ္ဌင်းတို့ ဟောကြည့်စမ်းပါ။

ဟေတုယာ တိကိ၊ အာရမ္မဏေ တိကိ၊ အဓိပတိယာ တိကိ။ ပ။ ဝိပါကေ ဧကံ၊ အာဟာရေ တိကိ ။ပ။ အဝိဂတေ တိကိ။

တိကိနဲ့ ဧကံဘဲ မဟုတ်လား (မှန်ပါ)။ သံသဋ္ဌဝါရ ဒီအတိုင်းရှိတယ်၊ သမ္မယုတ္တဝါရ ဒီအတိုင်းရှိတယ်၊ အဲဒါက သုဒ္ဓသင်္ချာဝါရခေါ်တယ်။

ဒုကာဒိသင်္ချာဝါရ

ဟေတုမူ အာရမ္မဏဒုက

ဒုကာဒိသင်္ချာဝါရတဲ့ ဂရုပြု နားထောင်ကြပါ၊ အဲဒါ ဒီနေ့ကစပြီး နည်းပြောမလို့၊ တပစ္စည်းတည်းကို ဘုန်းကြီးက ပြမှာ၊ ၂၃-ပစ္စည်းကို ပြနေမှာ မဟုတ်ဘူး နည်းဆိုတာက။

ဦးပဋ္ဌင်းတို့ သုဒ္ဓသင်္ချာက ဘယ်ပစ္စည်းအတွက် ဘယ်အချိန်ဖြစ်ဖြစ် ဒီအတိုင်းတရားရနေတယ် မဟုတ်ဘူးလား (မှန်ပါ)။

ဒီတော့ တပစ္စည်းတည်း ဆိုတော့ ဒုကကို ဒီလိုဟောရတယ်၊ ဟေတုသည် မူပစ္စည်းအနေနဲ့ နေပေစေ။

နားလည်အောင် နားထောင်ကြပါ၊ ဒါနည်းဘဲ၊ ဒါ သဘောကျထားလျှင် နောက်နေ့တွေ ပြောစရာကို မရှိသလောက်။

နားလည်အောင် နားထောင်နေကြစမ်းပါ၊ သဟိတ်စိတ် ဆိုတာက ဘယ်လောက်ရှိသလဲ၊ (၇၁-ပါး)။ သာဓိပတိစိတ်ဆိုတာက ဘယ့်လောက် ရှိသလဲ (၅၂-ပါး ရှိပါတယ်)။

အဲဒီ သာဓိပတိဇော ၅၂-ထဲမှာ သဟိတ်မဟုတ်တဲ့ နာမ်များ ပါသလား (မပါပါ)။ မပါဘူး၊ သာဓိပတိဇောဆိုတာ အားလုံး သဟိတ်နာမ်တွေချည်းဘဲ၊ သာဓိပတိဆိုတာ အဟိတ်စိတ်ဝေးလို့ ဇကဟိတ်တောင် မရဘူး မဟုတ်လား (မှန်ပါ)။

ရုပ်အနေနဲ့ ဒီနာမ်ကြောင့်ဖြစ်တဲ့ သာဓိပတိရုပ်ဆိုတာကော သာဓိပတိစိတ္တဇရုပ်ဆိုတာ သဟိတ်စိတ္တဇရုပ်ထက် နည်းနေသေးတာမဟုတ်လား (မှန်ပါ)။

ဒီတော့ တူအောင်ညှိဆိုလို့ရှိလျှင် အဓိပတိအတိုင်း သုဒ္ဓသင်္ချာဆိုလိုက်လျှင် ဒီတရားတွေ ဟေတုမရှိပေဘူးလား (ရှိပါတယ်)။

သတိပြုဘို့က ဘာလဲ၊ ဟေတု-မရတာက မောဟမူဒ္ဓေ၌ မောဟ၊ ဒီမှာ အဓိပတိကျတော့ မောဟမူဒ္ဓေ- မရှိလို့ မောဟကြည့်ဘို့ လိုသေးသလား (မလိုပါ)။ သို့ပေမဲ့ သူသုဒ္ဓသင်္ချာမှာ အဓိပတိက ဘာကြည့်ခိုင်းသတုံး (အဓိပတိတရားကိုယ် ကြည့်ပါတယ်)။

ဟေတုမူ အဓိပတိ ဒုကၠ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြည့်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ,သာဓိပတိစိတ္တဇရုပ် ပြီးရောမဟုတ်လား (မှန်ပါ)။ ဟေတုပစ္စယာ အဓိပတိယာ ဘယ်လောက်ထုတ်မလဲ၊ ဟေတုမှာလဲ နဝ-သတ္တရသဘဲ၊ အဓိပတိမှာလဲ နဝ-သတ္တရသဘဲ အတူတူဘဲ မဟုတ်လား (မှန်ပါ)။ ဟေတုပစ္စယာ အဓိပတိယာ နဝ, သတ္တရသ, တီဏိ-ဟူသည်တည်း။ ဒီလိုပေါင်းထုတ်ပါ ဆဝါရလုံး ပြီးပါစေ ဟုတ်လား (မှန်ပါ)။ တဝါရချင်း ပစ္စည်းတွန်းနေလျှင်တော့ ပြီးမှာမဟုတ်ဘူး၊ နောက်တဝါရ ဆက်ဆိုရလိမ့်မယ်။

ဒါကြောင့် ဟေတုပစ္စယာ အာရမ္မဏေ တီဏိ, သတ္တ, တီဏိ၊ အနန္တရ စသည်တို့မှာလဲ ဒီအတိုင်းဆို၊ အဓိပတိကျတော့ နဝ, သတ္တရသ, တီဏိ-ပြီးသွားရော။

ဟေတုမူ သဟဇာတဒုက

ပြီးတော့ ဘာတုံး သဟဇာတ၊ ဟေတုမူ သဟဇာတ ဒုကၠ၌ ဟေတုက သဟိတ်နာမ်နဲ့ သဟိတ်ရုပ်ရှိတယ်၊သဟကြီး ၄-ပစ္စည်းကတော နာမ်ကုန် ရုပ်ကုန် ရှိတယ်မဟုတ်လား (မှန်ပါ)။ ဒီတော့ တူအောင် ထားဆိုလျှင် ဟေတုအတိုင်း ထားလျှင် မပြီးဘူးလား (ပြီးပါတယ်)။ ဒါဖြင့် ဟေတုသုဒ္ဓသင်္ချာ ဆိုလိုက်ရုံပေါ့။

ဟောတူမူ သဟဇာတဒုကဋ္ဌ သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒ္ဒေ ဌ် မောဟကြဉ်သော စေတသိက် ဒွေပညာသ- သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ သဟိတ်စိတ္တဇရူပ်, သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရူပ်၊ ဒါဘဲ မဟုတ်လား (မှန်ပါ)။ သင်္ဃာထုတ် ဟေတုပစ္စယာ သဟဇာတေ နဝ, သတ္တရသ, တိဏိ၊ နိဿယေ နဝ, သတ္တရသ, တိဏိ၊ အတ္ထိယာ နဝ, သတ္တရသ, တိဏိ၊ အဝိဂတေ နဝ, သတ္တရသ, တိဏိ။

ဘယ်နှစ်ပစ္စည်း ပြီးသွားပလဲ (၁၂-ပစ္စည်း ပြီးသွားပြီ)။

ဆရာတော်။ ။ဦးဥာဏ ဟောကြည့်စမ်းပါ။

ဦးဥာဏ။ တခေါက်ဟောသည်။

ဆရာတော်။ ။ရှေးမဟာကြန့်ဦး၊ စာကလေးရေးစရာရှိတာ နည်းနည်း ရေးရအောင်၊ စာကလေး ၄-ကြောင်းလောက် အဲဒါကလေးရအောင်လဲ သတိပြုခဲ့ကြပါ၊ ခေါင်းစီးတပ်ထား ဆဝါရသင်္ဃာထုတ်နည်း လို့၊ နက်ဖြန် ကျတော့မှ သင်္ဃာထုတ်ပုံ အဓိပ္ပါယ်ကလေးတွေ ပြောပေးမယ်၊ ဒီနေ့ ရေးခိုင်းတဲ့ ဟာကလေးကို ကိုယ့်ဟာကိုယ် လေ့လာခဲ့၊ နှုတ်ရလုပ်ထား လျှင် သာကောင်းပါတယ်။

ဆဝါရ သင်္ဃာထုတ်နည်း

(၁) သဟိတ်နာမ် သို့မဟုတ် နာမ်ကုန်ရလျှင် ၃-၇-၃၊ (တိဏိ, သတ္တ, တိဏိ-ဆို)။

(၂) သဟိတ်ရူပ် သို့မဟုတ် ရူပ်ကုန်ရလျှင် ၅-၅ (ပဉ္စ,ပဉ္စ)။

(၃) သဟိတ်နာမ်, သဟိတ်ရူပ် သို့မဟုတ် နာမ်ကုန်, ရူပ်ကုန်ရလျှင် ၉-၁၇-၃ (နဝ, သတ္တရသ, တိဏိ)။

(၄) အဟိတ်နာမ်, အဟိတ်ရူပ် သို့မဟုတ် ဝိပါက်နာမ်, ဝိပါက်ရူပ် ရလျှင် ၁-၁-၁ (ကေံ, ကေံ, ကေံ)လို့ ဆိုရမည်။

အဲဒီဥစ္စာကို ကြေနေအောင် ကျက်ထားပါ၊ ဂရုစိုက်လိုက်လျှင်လဲ ဘယ်လောက်မှ မမျှားပါဘူး၊ ကြာလဲ မကြာပါဘူး၊ ဒါကလေး ရနေလို့ ရှိလျှင် ဦးပဉ္စင်းတို့ ဆဝါရအတွက် အကုန်လုံး သင်္ဃာ ထုတ်တတ်တယ်လို့သာ မှတ်ပါတော့။

ကဲ တော်ကြဦးစို့။

သင်္ချာဝါရ ပစ္စည်းတွန်း

ဆဝါရ မနေ့ကစပြီး ပြောခဲ့တာ သင်္ချာဝါရ၊ အဲဒီသင်္ချာဝါရကိုဘဲ ရှေးတုန်းက ပဋ္ဌာန်းလောက အနေအားဖြင့် ပြောကြဆိုကြတာက ဆဝါရပစ္စည်းတွန်း-လို့ ခေါ်ပြီးတော့ ရှေးကသုံးကြတယ်၊ ဘုန်းကြီးကြီးဟူးတဲ့ သူတော်တော့ တချို့ပစ္စည်းတွန်းမှန်း ဘာမှန်းတောင် မသိပါဘူး၊ လျှောက်ဆို သွားကြတာ ပါဘဲ။

အဲဒါ ပစ္စည်းတွန်းတယ်ဆိုတဲ့ အသုံးအနှုန်းဟာ ပဋ္ဌာန်း လောကမှာ သုံးနေပါတယ်၊ ဘာအစဲ့ပြုပြီးတော့ သုံးပါသလဲလို့ မေးလို့ရှိလျှင် မနေ့ကဦးပဋ္ဌင်းတို့ ဆိုသွားတဲ့ ဥပမာဟာခု သတိပြုကြစမ်းပါ၊ 'ဟေတုမူ အာရမ္မဏ ဒုက'ဋ္ဌ-လို့ ဆိုလိုက်တယ်မဟုတ်လား (မှန်ပါ)။ ဘုရားသခင် သဟိတ်စိတ် ကေ သတ္တာတို့ ဧမောဟမူဒ္ဒေဋ္ဌ မောဟကြဉ်သော စေတသိက် ဒ္ဒေပညာသ- သဟိတ် ပဝတ္တိပဋ္ဌိသမုဒ္ဓနာမကွန္ဓာ ၄-ပါး၊ ဤတရားတို့သည် ဟေတု, အာရမ္မဏ ၂-ပစ္စည်းတို့၏ ပစ္စယုပ္ပန္နမမ္မ ဖြစ်သော တရားတို့မည်ကုန်၏။

ဟေတုရဲ့ ပစ္စယုပ္ပန်ဖြစ်သလို အာရမ္မဏရဲ့ ပစ္စယုပ္ပန်လဲ ဖြစ်တယ်မဟုတ်လား (မှန်ပါ)။

သတိပြုနားထောင်ကြစမ်းပါ၊ ပစ္စည်းတွန်းဆိုတဲ့ စကားကို နားလည်အောင် ပြောတာ။

ဒီတော့ ဟေတုမှာလဲ ဒီတရားရှိတယ်၊ မနေ့က ဘုန်းကြီးပြောထားတာက အာရမ္မဏမှာလဲ ဒီတရားရှိတယ်၊ ဟေတုကလဲ သူနဲ့လဲဆိုင်တယ်၊ အာရမ္မဏကလဲ သူနဲ့လဲဆိုင်တယ် ဆိုပြီးတော့ ပစ္စည်း ၂-ခု လက်ခံထားတဲ့ တရား၊ ဘယ်သူကမှ ငါနဲ့မဆိုင်ဘူးလို့ ကြဉ်မှု, ဖယ်မှု, မရှိတဲ့တရား လိုရင်းချုပ်၊ အဲဒါကို မြတ်စွာဘုရားဟောနေတယ်၊ ဒါကို ဘုန်းကြီးက ရှေးကောက်ပေးလိုက်တယ်၊ ဘယ်လိုတဲ့ 'ဟေတုပစ္စယာ အာရမ္မဏော တိဏိ'။

မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော်မှာ ဒီအတိုင်းဘဲ၊ မနေ့က သုဒ္ဓ သင်္ချာပြီးတော့ ဒုကဟောတော့ ဟေတုပစ္စယာ အာရမ္မဏော တိဏိ ဟောတော်မူ တာဘဲ။

အဲဒီ ဒေသနာတော်ကိုကြည့်ပြီး အကောက်ဆရာတော် ဘုရားကြီးက နယကြီး ၄-မျိုးနဲ့ ဝေဘန်ပြထားတယ်၊ ဆိုရိုးပြုနေကြတာ ပဋ္ဌာန်းလောကမှာ ပစ္စည်းတွန်းဆိုတာ သူဘဲ။

အခုဟာက ဟေတုလဲ အနုလုံ, အာရမ္မဏလဲ အနုလုံတရား မဟုတ်လား (မှန်ပါ)။ ဆရာတော်ဘုရားကြီးက ဘယ်လိုလုပ်ထားသလဲ သတိပြုကြပါ၊ နယ

ကြီး၄-ပါးတို့တွင် ပဌမဦးစွာ ပစ္စနိယာနုလောမတရားကို ရှာတယ်၊ နံပါယ်-၁ ပစ်နု-လို့ မှတ်သား၊ ဒါကတကြောင်း၊ ဦးပဉ္စင်းတို့ နားထောင်တာထက် လေးနက်အောင်လို့ ဘုန်းကြီးက စာရေးခိုင်းတာ။

နံပါတ် ၁-အကြောင်းကို တကြောင်းခန့်သန့်နော် (မှန်ပါ)။ ဘာရေးထားသလဲ (ပစ်နုလို့ ရေးပါတယ်)။ ပစ္စနိယာနုလောမကို ဆိုလိုတယ် ဟုတ်လား (မှန်ပါ)။

နံပါတ် ၂-အကြောင်းက အနုလောမ ပစ္စနိုက်ကို ဟောတယ်၊ ဒီတော့ နုပစ်-လို့ ရေးထားပါ၊ သူကလဲ တကြောင်းနေပေးစေ၊ နောက်ဟာကျ်ပေးချင်သေးလို့။

တတိယအကြောင်းက ပစ္စနိုက်၊ စတုတ္ထ ၄-နံပါတ်ကျတော့မှ အနုလုံ၊ အဲဒီ ၄-မျိုး ဝေဘန်မယ်။

အဲဒါ ဦးပဉ္စင်းတို့ တချို့သင်ကြိုဟ်သရုပ်ခဲ့ ဆရာတော်များကလဲ ၄-ချက်သေ လှည့်တယ်ဆိုပြီးတော့ လှည့်ပြီးတော့ စာသင်သားတွေ သင်ပေးတယ်၊ သရုပ်ကြောအောင်လို့ ဆိုပြီး မကြေတဲ့အပြင် ဘုန်းကြီးဖြင့် ယေစဉ်က အဲဒီနည်း တွေ့လျှင် စိတ်ညစ်တယ်၊ သူတို့ကဟော့ ကောင်းသည်ထက် ကောင်းတယ် ဆိုပြီး လုပ်တာဘဲ၊ အခု ဒီမှာ ဆရာတော်ဘုရားကြီးရေးမှာကို ပြောပြမယ်။

ဦးပဉ္စင်းတို့ ကျက်ထားတဲ့ သုဒ္ဓသခ္ခါကို လေ့လာကြစမ်းပါ ခဏကလေး ဘုန်းကြီး ပြောမယ်။

ဟေတုရဲ့ အနုလုံတရားက ဘာတဲ့တုံး မေးလျှင် သဟိတ်နာမ်နှင့် သဟိတ်ရုပ်၊ ဟေဘုရဲ့ ပစ္စနိုက်တရားက ဘယ်သူလဲလို့ မေးလျှင် အဟိတ်နာမ်, အဟိတ်ရုပ်, မောဟ၊ မောဟမူဒ္ဓေ့ခ္ခဲ ယှဉ်ခိုက် မောဟရယ်, အဟိတ်နာမ်, အဟိတ်ရုပ်၊ အနုလုံက တရားတမျိုး, ပစ္စနိုက်က တရားတမျိုး။

အဲဒီတရားတွေ စပ်ကြည့်လျှင် ဟိုတချိန်က ဘုန်းကြီးပြောခဲ့တယ်၊ ဒါ ဘာဖြစ်လာမလဲ၊ ပရမတ္ထဘရား ၃-ပါးဖြစ်မှာပေါ့။ စိတ်-စေတသိက်-ရုပ်ပေါ့၊ နိဗ္ဗာန်ကိုတော့ မဟောဘူး မရှာဘူး။

ထိုနည်းတူစွာ အာရမ္မဏကြည့်စမ်း၊ အာရမ္မဏရဲ့ အနုလုံက ဘာရှိသလဲ နာမ်ကုန်၊ ပစ္စနိုက်က ရုပ်ကုန်။

အဲဒီလိုတရား ၄-မျိုးတွေ့တယ်၊ ဒီတရားလေးမျိုးနဲ့ ၄-ချက်သေ လှည့်မည်။

ဘုန်းကြီးဆီက သင်တဲ့ ပုဂ္ဂိုလ်က အဲဒီအကောက်ကို မဖတ်တတ်ဘူး။ ဘာမှန်းကို မသိအောင် ဖြစ်တယ်။

ကြာပါပြီ ပြောပါတော့၊ လွန်ခဲ့တဲ့ ၁၀-နှစ်လောက်က ကျောင်းထိုင် ဘုန်းတော်ကြီးတပါးဘဲ ဘုန်းကြီးဆီ စာသင်တယ်၊ သူက ဂရုစိုက်ပြီးတော့ အရကောက် စာအုပ်ကြီး ကြည့်သကိုး။

ဘုန်းကြီးက ဒီဝိဘင်္ဂဝါရပြီးတော့ သင်္ချာဝါရ ချပေးတော့ ၂-ရက် ၃-ရက်နဲ့ ပြီးတယ်၊ သူက စာအုပ်ကြီးထဲ ရှာလို့မတွေ့ဘူး၊ သူက နေ့တိုင်း အကောက် စာအုပ်ကြည့်တယ်၊ ရှာတယ် ရှာပေမဲ့ ဟိုရှာမတွေ့, ဒီရှာမတွေ့၊ အဲဒီပစ္စည်း တွန်းထားတာတင်ဘဲ လက်တလုံးလောက် ထူတယ်၊ အကောက်စာအုပ်ထဲမှာ ကြည့်စမ်းကြပါ၊ လက်ညှိုးတလုံးလောက် ထူတယ်။

၂-ရက် ၃ ရက် ချပေးလို့ ပြီးပြီဆိုတော့ သူက ဘာလာပြောသလဲ ဆိုတော့ 'ဆရာတော်-တဲ့ စာအုပ်ကြီးထဲမှာ စာရက်တွေကို လက်တလုံးလောက် ရှိတယ်၊ ဆရာတော်က ပြီးပြီဆိုလို့သာ အပြီး သတ်လိုက်ရတယ် ဘာတွေ ပြီးသွားတာလဲ-တဲ့။

အဲဒီလို မကြည့်တတ်သည့် ဘဝထိအောင် ရောက်သွား တတ်ပါတယ်၊ အဲဒါကြောင့် ကြည့်တတ်အောင် ဘုန်းကြီးပြောတယ်၊ ကိုယ့်လက်ထဲ ရှိတဲ့ စာအုပ် ဖတ်ကြည့်လို့မှ ဘာမှန်းမသိ ဖြစ်တတ်ပါတယ်။

၁-၂-၃-၄-လို့ ရေးထားတယ်၊ ၁-က ဘာတုံး ပစ္စနိယာနုလောမ၊ ၂-က အနုလောမပစ္စနိက်၊ ၃-က ပစ္စနိက်၊ ၄-က အနုလုံ။

ဘာတုံး ဒါဟာ၊ ဟိုအချိန်တုန်းက အစတုန်းက ဘုန်းကြီး ပြောထားတဲ့ နယကြီး ၄-ပါးမဟုတ်လား (မှန်ပါ)။ အစဉ် အတိုင်း ပြောတော့ ၄-က စပြောတော့ အနုလုံ, ပစ္စနိက်, အနုလောမ ပစ္စနိက်, ပစ္စနိယာနုလောမ၊ အခု ဒါကို အကောက်ဆရာတော်ဘုရားကြီးက ပြောင်းပြန် ပြန်ထားတယ်။

ဒီတော့ ဟေတုရယ် အာရမ္မဏရယ် ၂-ပစ္စည်း သုဒ္ဓသင်္ချာ ၄-ပုဒ်ကို ဦးပဋ္ဌင်း တို့က ဉာဏ်နဲ့ ပေါင်းကြည့်စမ်း၊ ပစ္စနိယာနုလောမ တရား ရှာရမယ်ဆိုတော့ ဟေတုရဲ့ ပစ္စနိက်ဖြစ်ရမယ်၊ အာရမ္မဏရဲ့ အနုလုံဖြစ်ရမယ်၊ ဒီလို မဟုတ်လား (မှန်ပါ)။

ကဲ ဒီတော့ မူတရားက ဟေတုမဟုတ်လား (မှန်ပါ)။ ဟေတုမှာ ဘာရှိသလဲ မောဟမူဒ္ဒေ၌ မောဟရှိတယ်, အဟိတ်နာမ်, အဟိတ်ရူပ်ရှိတယ်၊ အဲဒီ တရားဟာ အာရမ္မဏ အနုလုံမှာ ရှိရဲ့လားလို့ ကြည့်ပါ၊ အာရမ္မဏ အနုလုံမှာ နာမ်တွေအကုန်လုံး ရှိတယ်မဟုတ်လား (မှန်ပါ)။ ဒီတော့ မောဟမူဒ္ဒေ၌ မောဟ မရသေးဘူလား (ခုပါတယ်)။ အဟိတ်နာမ်တွေကော မရနိုင်ဘူလား (ရပါတယ်)။ အဟိတ် ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အဲဒီတရားက

ပစ္စနိယာနုလောမတရား၊ ဘာဖြစ်လို့လဲ ဟေတုရဲ့ပစ္စနိက်, အာရမ္မဏရဲ့ အနုလုံ ၂-မျိုးလုံးမှာ ဖြစ်နိုင်တယ်။

ဟေတုမှာတော့ ပစ္စနိက် ဒီတရားဟာ၊ အာရမ္မဏထဲကျတော့ အနုလုံမှာ ရှိတယ်မဟုတ်လား (မှန်ပါ)။ အဲဒါကို နံပါတ် ၁-ထဲ သွင်းလိုက်ကြစမ်းပါ၊ မောဟမူဒ္ဓေ၌ မောဟ, အဟိတ် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး။

ဒီတရားက အနုလုံကနေပြီးကြည့်လျှင် အာရမ္မဏရဲ့ ပစ္စယုပ္ပန်ကော့ ဟုတ်နေတယ်၊ ဟေတုရဲ့ ပစ္စယုပ္ပန် ဟုတ်ရဲ့လား မေးလျှင် ဘယ့်နှယ်ပြောမလဲ (မဟုတ်ပါ)။

ဒီတော့ အကောက်ဆရာတော်ဘုရားကြီးက ဒါကို ဘယ်လိုလုပ်ပြီး ရေးသလဲ သတိပြု ကြည့်ကြစမ်းပါ။

> မောဟမူဒ္ဓေ၌ မောဟ, အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။

ဟေတုကနေပြီး 'မင်း ငါဆီက မဟုတ်ဘူး၊ သွားရောက်ဗာ' ဆိုပြီး ကန်လွှတ်လိုက်တယ်၊ စင်ထွက်သွားရော၊ တွန်းလွှတ်လိုက်တယ်, ကန်လွှတ်လိုက်တယ်၊ တွန်း, ကန် လွှတ်လိုက်လို့ စင်လွင့်ထွက်သွားတာကိုဘဲ အဲဒါကို ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏–တဲ့။ [စဉ်လွင့်]

အကောက်မှာ ကြည့်စမ်းကြပါ၊ ဒီသဘောကို ရေးနေတယ်။

ဘာပြောနေတာလဲ၊ နံပါတ်-၁ ဟေတုနဲ့ အာရမ္မဏ ၂-ပစ္စည်း ယှဉ်ထားပြီးတော့ သုဒ္ဓသခ်္ခ ၄-ပုဒ်ကို ညွှန်ကြည့်ရတယ်၊ ဟေတုရဲ့ ပစ္စနိက်, အာရမ္မဏရဲ့ အနုလုံမှာ ဖြစ်နိုင်တဲ့တရားကို ရှာတော့ ဘာတွေ့သလဲ၊ 'မောဟမူဒ္ဓေ-၌ မောဟ, အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ နှ ဟေတုပစ္စယာ အာရမ္မဏော။

သခ်္ခါထုတ်မလို့၊ နဟေတုပစ္စယာ အာရမ္မဏော သခ်္ခါထုတ်တော့ ခုတင်ကတရားဘဲ။

မောဟမူဒ္ဓေ၌ မောဟက အကုသိုလ်မဟုတ်လား (မှန်ပါ)။ အဟိတ်ကကော (အဗျာကတ)၊ ဒါကြောင့် 'ဒ္ဒ, စတ္တာရိ, ဒ္ဒ'၊ သူ့နောက်နားက ထုတ်ထားပါလား၊ ၂-၄-၂ လို့။

ဒွေ, စတ္တာရိ, ဒွေ-ဟု သခ်ၢၢတပ်၍ ဟောအပ်ကုန်၏၊ မပြီးသေးဘူး၊ ဆရာတော်ဘုရားကြီးက 'ဒွေဟူသော်ကား' ဆိုပြီး 'ပဋ္ဌိစ္စဝါရ' ကို တခါလာပြန်ရော၊ 'ဒွေဟူသော်ကား အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ ဟူသည်တည်း' ဆိုပြီး အကုသလေန အကုသလံ ပါဠိတော်ကို ရွတ်ပြန်ရော၊ အရကောက်တွေ့ ပြန်ကောက်ပြန်ရော၊ ဟိုတုန်းက ကောက်ခဲ့ပြီ မဟုတ်လား (မှန်ပါ)။ အဗျာကတေန အဗျာကတံလဲ ထို့အတူပဲ ပါဠိတော်ရွတ်ပြန်ရော, အရတွေ့ ကောက်ပြန်ရော နည်းတာမဟုတ်ဘူး စာအုပ်ကြီးထဲမှာ ရေးရတာ၊ ဆရာတော် ဘုရားကြီးရဲ့ လုံ့လ ဝီရိယ တော်မတူ ကြည်ညိုစရာပါ။

၂-နံပါတ်အပုံ

ကဲ–တပုံထားခဲ့ပါတော့၊ နံပါတ် ၂-အပုံကြည့်စမ်း ဘာဖြစ်ရမလဲ၊ အနုလောမ ပစ္စနိုက် ဖြစ်ရမယ် မဟုတ်လား (မှန်ပါ)။

သတိပြုပါ ဟေတုက အနုလုံ၊ အာရုံမှကား ပစ္စနိုက်၊ ဒီတော့ မူကဟေတု မဟုတ်လား (မှန်ပါ)။ ဟေတုအနုလုံမှာ ဘာတရားတွေ ရှိသလဲ၊ သဟိတ် နာမ်နဲ့ သဟိတ်ရုပ်၊ အာရုံမှာရဲ့ ပစ္စနိုက်မှာ ဘာတရားရှိ (ရုပ်ရှိပါတယ်)၊ ၂-ခု တူအောင်ကြည့်တော့ ဘာသွက်လာမလဲ သဟိတ်ရုပ်၊ ဟုတ်တယ် မဟုတ်လား (မှန်ပါ)။

ဟေတုရဲ့ အနုလုံမှာရှိတဲ့ သဟိတ်ရုပ်သည် အာရုံမှာ ပစ္စနိုက်မှာ ရှိတယ် မဟုတ်လား (မှန်ပါ)။

ရေးထားပေါ့ နံပါတ် ၂-နုပစ်မှာ (မှန်ပါ)။ ဘာရေးမလဲ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ဇီဝိသန္ဓေ ကမ္မဇရုပ်။

ကိုယ်က သုဒ္ဓသခ်ၢၢ ကျက်ထားတဲ့ ပုဂ္ဂိုလ်၊ ဒါကို ဘာမှ ကြောက်စရာ မရှိဘူး၊ သုဒ္ဓသခ်ၢၢ မရလျှင်တော့ ကလယ် ကလယ်နဲ့ပေါ့။

သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတု စွယ်၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာရုံမှာပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် ဘယ်သူက တွန်းရမှာလဲ၊ (အာရုံမှာကပါ)။ အာရုံမှာပစ္စည်း တွန်း၍ စင်ကုန်၏။

မင်း ငါ့လူမဟုတ်ဘူးတဲ့၊ ဟေတုရဲ့လူ သွားရောဟု ဆိုပြီးတော့ ကန်ထုတ်လိုက်တာပဲ။

ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိုက်၌ ဟေတုပစ္စယာ နာရုံမှာ။

အဲဒီမှာ သတိပြု၊ မနေ့ကပေးထားတဲ့ ၄-ချက်ထဲမှာ ဘာတဲ့တုံး၊ သဟိတ်ရုပ်, သို့မဟုတ် ရုပ်အကုန်ရလျှင် 'ပဋ္ဌ' မဟုတ်လား (မှန်ပါ)။ ထုတ်ပေါ့ နောက်က ၅-နှစ်လုံး၊ ပဋ္ဌ-ပဋ္ဌ၊ ပဋ္ဌတချက်တည်းဆိုလျှင် ရှေ့ ၂-ဝါရမှာပေါ့၊ စတုဝါရမှီ ၅-နှစ်လုံး ထုတ်ထားဘာ၊ ပြီးရော နံပါတ် ၂။

ကြပ်ကြပ်ဂရုစိုက်ကြပါ၊ ဦးပဋ္ဌင်းတို့ စာအုပ်ကြီးကိုကြည့်လို့ ဆရာတော် ဘုရားကြီး ရေးသားခဲ့တဲ့ အကျယ်,အပြန့်ကြီးတွေကို ရုပ်တရက် သဘောမပေါက်ဟတ်ကျပါဘူး၊ ရအောင်ကူက်ပြီ တဲ့ နောက်တောင်မှ နားမလည်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိခဲ့ပါတယ် ဘုန်းကြီးတို့ယေ်စဉ်က တွေ့ခဲ့ရတယ်။

နံပါတ် ၃-အပို

ဘာရှာရမယ် ပစ္စနိုက်ဘဲ၊ ဟေတုရဲ့ ပစ္စနိုက်လဲဖြစ်ပေစေ၊ အာရမ္မဏရဲ့ ပစ္စနိုက်လဲ ဖြစ်ပေစေဆိုတော့ ဟေတုပစ္စနိုက်မှာ ဘာတွေရှိသတုံး၊ မောဟ မူဒ္ဒေ၌ မောဟ, အဟိတ်နာမ်, အဟိတ်ရုပ်-ဒါတွေမဟုတ်လား(မှန်ပါ)။အာရမ္မဏက ဘာတွေရှိ(ရုပ်ရှိပါတယ်)။ ၂-ခုတူတာတွေ ကြည့်ဆိုတော့ ဟေတုရဲ့ရုပ်တွေ မရဘူးလား (ရပါတယ်)။

'အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာ-ဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်'

ဟေတုရဲ့ပစ္စနိုက်မှာ အကုန်ရှိကယ် မဟုတ်လား ဒါတွေ(မှန်ပါ)။ အဲဒါတွေ အာရမ္မဏရှာကော မရှိဘူးလား (ရှိပါတယ်)။ ဒါကြောင့် အဟိတ်စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်လို့ နံပါတ် ၃-မှာ ထည့်ထားပါ။

ဤကရားတို့သည် ဟေဟာ, အာရမ္မဏ ၂-ပစ္စည်းတို့၏ ပစ္စယုပ္ပန္နခမ္ဓမ်ာ မဟုတ်သော တရားတို့မည်ကုန်၏။

ဟေတုကဲလဲ လက်သင့်မခံဘူး၊ ပစ္စနိုက်ရောက်နေရုံကယ်၊ အာရမ္မဏမှာလဲ မရှိဘူး မဟုတ်လား (မှန်ပါ)။

'ဤကြောင့် ယိုတရားဟို့ကို ပစ္စနိုက်ဌိ နှ ဟေတုပစ္စယော နာရမ္မဏော' ဘယ်လို ထုတ်မလဲ၊ အဟိတ်ရုပ်တွေ မဟုတ်လား (မှန်ပါ)။ မနေ့က နံပါတ် ၄-မှာ ဘာ ပြောလိုက်သတုံး (ဒုကံထုတ်ရ ၊ါမယ်)။ ဒုကံ ဒုကံ လို့ ၂-ချက်သာဝုတ်၊ နာမ်ပါမှ ၃-ချက်ထုတ် (မှန်ပါ)။ ဒုကံ-ဒုကံလို့ ၁-ဝဏ္ဏန်း ၂ လုံးကည့်။

ဒါက နံပါတ် ၃၊ ကြပ်ကြပ်ဂရုစိုက်ကြနော်၊ အဖိတ်နဲ့ ဘုန်းတော်ကြီး ပြီးစီးနေရတယ်။

နံပါတ် ၄-အပုံ

နံပါတ် ၄-က အနုလုံမဟုတ်လား (မှန်ပါ)။ ဟေတုရဲ့အနုလုံလဲ ဖြစ်ရမယ်, အာရုံမကရဲ့ အနုလုံလဲ ဖြစ်ရမယ်ဆိုတော့ မနှေက ဦးပဉ္စင်းတို့ ရှာထားပြီးပြီ မဟုတ်လား (မှန်ပါ)။ ဘာတွေတုံး။

'သဟိတ်စိတ်ကေသတ္တတိ, မောဟမူဒ္ဓေ၌ မောဟကြဉ်သော သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး'။

အဲဒီနံပါတ် ၄-ကို 'သဟိတ်နာမ်' လို့ သာမညထည့်ထားပါ၊ မောဟမူဒ္ဓေ၌ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါးဆိုလဲ ပြီးရောပေါ့။

ဤတရားတို့သည် ဟေတု အာရုံမက ၂-ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ ဟေတုပစ္စယာ အာရုံမကော တိကိ, သတ္တ, တိကိ။

အဲဒါကို ပစ္စည်းတွန်းတယ်လို့ လုပ်ထားတာ၊ ဒုကတွန်းတဲ့, တိကတွန်းတဲ့, စတုက္ကတွန်းတဲ့, ပဉ္စကတွန်း, ဆက္ကတွန်း, သတ္တကတွန်း စသည်ဖြင့် သွားလိုက်တာ ကေဝိသက တိုင်ပါရော။

အဲဒါတွေ ဒီနေ့ ဦးပဉ္စင်းတို့ ပြပေးရမှာ၊ ဒီအတိုင်းချည်းသာ လျှောက်လုပ်နေလျှင်တော့ နောင်နှစ်ခါ တန်ဆောင်မုန်းကျမှ ပြီးမှာ။

အဲဒါ ဆရာတော်ကြီးများ သုံးတော်မူတဲ့နည်း၊ အဲဒါ တရားတွေ ကောက်သေးတယ်, ဝိဘင်းတွေ ပြန်ထုတ်သေးတယ်, အရဓတွေ ပြန်ဖော်သေးဘယ်-ဆိုတော့ ဘယ်ဆုံးနိုင်ပါတော့မလဲ၊ စာအုပ်ထဲ လက်တလုံးခန့်ဆိုတော့ နည်းတောင်နည်းပါသေးတယ်။

ဒီတော့ ဒီလို နယကြီး ၄-မျိုးနဲ့ ဝေဘန်ထားတာ ပြန်သတိပြုလိုက်စမ်း၊ ပစ်နု, နုပစ်, နိုက်, အနုလုံ-လို့ ၄-မျိုးမှာ လိုချင်တဲ့ အနုလုံတရားကို ဓမ္မစစ်ဆိုပြီးတော့ နောက်ပိတ်ဆုံး ချန်ထားလိုက်တာဘဲ။

ပစ္စနီယာနုလောမတရား ရှာလိုက်၊ သူက ကျန်တော့ အနုလောမပစ္စနိုက်ဖြစ်၊ သူကကျန်တော့ ဘာဖြစ်သလဲ၊ ပစ္စနိုက်ဖြစ်တယ်၊ နောက်ပိတ်ဆုံး ဘယ်သူကမှ မသုံးတာ ကိုယ်လိုချင်တဲ့ ဘာလာဖြစ်သတုံး၊ အနုလုံ လာဖြစ်တယ်။

အဲဒီတရားကို အကုန်လုံးစုကြည့်၊ နံပါတ် ၁-ရတာ, ၂-ရတာ, ၃-ရတာ, ၄ ရတာ တရားကို ပေါင်းကြည့်ရတယ်၊ ဘာဖြစ်သွားမလဲလို့မေးလျှင် ပရမတ္ထ တရား ၃-ပါး မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

အနုနံပါတ် ၄-အပုံမှာ ဘာရှိသလဲ၊ သဟိတ်နာမ်တရား မဟုတ်လား(မှန်ပါ)။ အဟိတ်နာမ်တရားတွေက ဘယ်မှာရှိသလဲမေးလျှင် နံပါတ် (၁) မှာ၊ ပေါင်းလိုက်တော့ နာမကွန္ဓာ ၄-ပါး မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

ပြီးတော့ သဟိတ်ရုပ်တွေက ဘယ်မှာရှိသလဲ နံပါတ် (၂) မှာ အဟိတ်ရုပ်တွေကကော (နံပါတ် ၃-မှာ ရှိပါတယ်)။ ပေါင်းလိုက်တော့ ရုပ်တွေမကုန်ဘူးလား (ကုန်ပါတယ်)။

အဲဒီလို ၄-ချက်သေ လှည့်လိုက်လို့ ပရမတ္ထတရား ၃-ပါးကုန်အောင် ထုတ်ပစ်တာကို ပစ္စည်းတွန်းတယ်လို့ ခေါ်တယ်၊ အခု ဘုန်းကြီး ရွတ်ပြတဲ့အတိုင်း (မှန်ပါ)။

မြတ်စွာဘုရားက ဒီအနေ ဟောသလားလို့ ဖေးတော့ ဟောတယ်, ဟောပေမယ်လို့ ဒီလို တခုနရာထဲမှာ အနုလုံ, ပစ္စနိုက်, အနုလောမပစ္စနိုက်, ပစ္စနိ-ယာနုလောမ-လို့ မပေါင်းဘူး။

ဟောတော်မူတဲ့ ဒေသနာအစဉ်က ပဌမ ၁-နံပါတ် ဝိဘင်ဝါရ ဟောပြီးတော့ သခ်္ခါဝါရဲ့အနုလုံသခ်္ခါကို မနေ့က ဘုန်းကြီးချပေးသလို ဟောတယ်။ ၎င်းနောက် ပစ္စနိုက် ဝိဘင်ဝါရဟောပြီးတဲ့နောက် ပစ္စနိုက်သခ်္ခါဝါရ ဟောတယ်၊ ဒီနောက်မှာမှ အနုလောမပစ္စနိုက်, ပစ္စနိယာနုလောမ-လို့ သခ်္ခါတင် ဟောတယ်။

အဲဒီ ဟောသားတဲ့ တရားတွေကို ဘုန်းကြီးမနေ့က ပြပေးလိုက်တဲ့ နံပါတ် ၄-အထိပေးတဲ့ တရားကလေးကို နှလုံးသွင်းတတ်လျှင် ဆဝါရမှာ အားလုံး မဟုတ်သော်လည်း သခ်္ခါထုတ်တတ်သလောက် ရှိသွားတယ်။

အဲဒါကို ဒီနေ့ ဘုန်းကြီးက ပြန်စပေးမယ်၊ ပြီးတော့ နည်းကို နားလည်အောင် ပြောပေးမယ်။

ဒီတော့ ဒီတရားတွေ ဘာယ်လိုလုပ်ပြီး နားလည်ရမလဲ၊ ဘယ်လိုလုပ်သိမှာလဲလို့ မေးလို့ရှိလျှင် မနေ့ကပြောတဲ့စကား အကျဉ်းကို ပြန်ကြည့်စမ်း။ 'ဟေတုမူ အာရမ္မဏဒုကဠ' ဆိုတော့ ဘာလုပ်ခိုင်းသလဲ၊ ဟေတုသုဒ္ဓသခ်္ခါရယ်, အာရမ္မဏသုဒ္ဓသခ်္ခါရယ်-သုဒ္ဓသခ်္ခါ ၂-ခု တရားတူအောင်ညို၊ ရလာတဲ့တရားကို ကိုယ်က သခ်္ခါ ထုတ်တတ်ရမယ်။

မနေ့က ဒါလောက် အကျဉ်းပြောထားတယ်၊ ဒီတော့ ဘယ်လို ညှိလိုက်သတုံး၊ ဟေတုရနေတဲ့ သဟိတ်နာမ်တရားတွေက အာရမ္မဏမှာ ရှိသလားလို့ မေးတော့ (ရှိပါတယ်)။ ရှိလျှင် သူ့ကို့ရတယ်၊ ရလာလျှင် ဒီသဟိတ်နာမ်တရားကို သခ်္ခါထုတ်တော့ ဘာယ်လိုလုပ်ထုတ်ရမှာလဲလို့ မေးတော့ မနေ့ကပေးလိုက်

တဲ့ ၄-ချက်တို့တွင် နံပါတ် ၁ ကြည့်စမ်း၊ သဟိတ်နာမ်, သို့မဟုတ် နာမ်ကုန်ရလျှင် တီဏိ, သတ္တ မဟုတ်လား (မှန်ပါ)။ အခု သဟိတ်နာမ်ရနေပြီဘဲ၊ တီဏိ, သတ္တ, တီဏိ-ထုတ်ပေါ့ (မှန်ပါ)။ ဒါမှမဟုတ်လို့ နာမ်တွေအကုန်ရလဲ တီဏိ, သတ္တ,တီဏိ ပါဘဲ၊ တွေ့လတ္တံ့တွေ့ပေါ့။

ဒါမှမဟုတ်လို့ ရူပ်တွေချည်းဘဲ၊ သဟိတ်ရူပ်, သို့မဟုတ် ရူပ်တွေအကုန်ရလျှင်လဲဘဲ ပဋ္ဌ ဖြစ်မှာဘဲ။

ကိန်းဂဏ လုပ်ဆားစမ်းပါ၊ မတူဘူးဆိုတာကလေး ဘုန်းကြီး နောက်တော့ ပြပေးမယ်၊ အားလုံးနဲ့ သက်ဆိုင်တဲ့ ၄-ချက်။

နောက်တနည်းက ဘာတုံး နံပါတ် ၃-က၊ သဟိတ်နာမ်နဲ့ သဟိတ်ရူပ်ဘဲရရ၊ သို့မဟုတ် နာမ်တွေ, ရူပ်တွေ အကုန်လုံးရရ သဟိတ်နာမ်, သဟိတ်ရူပ်ဆိုဘာ ဘယ်လိုဟာမျိုး ကြည့်ရမယ်ဆိုတာ နောက်တော့ တခေါက်ရှင်းပေးမယ်၊ တွေ့လျှင် ဒီတဆားမျိုး စုံနေလျှင် နဝ,သတ္တရသ, တီဏိ ထုတ်ပါ။

အဟိတ်နာမ်, အဟိတ်ရူပ်, ဝိပါက်နာမ်, ဝိပါက်ရူပ်ရလျှင် သခ်္ခ်ာကို နာမ်ပါလျှင်ကော် ၃-ချက်၊ နာမ်မပါလျှင် ကော် ၂-ချက်ထုတ်ပါ၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ပြယုဂ်နဲ. ရှင်းပြချက်

ကဲ တခေါက် ပြန်ကြည့်ကြစမ်း၊ ဘုန်းကြီးပေးခဲ့တဲ့နည်းကို နေရာနဲ့တကွ ရှင်းပြမယ်။

သဟိတ်နာမ်, သို့မ ဟုတ် နာမ်ကုန်ရလျှင် ဘာထုတ်မယ် (တီဏိ, သတ္တ, တီဏိ ထုတ်ပါမယ်)။

ဘယ်မှာ ဧနသလဲဘုရား ဆိုလို့ရှိလျှင် သဟိတ်နာမ် ဆိုလျှင် မနေ့က 'ဟေတုပစ္စယာ အာရမ္မဏေ တီဏိ'လို့ ထုတ်ပြီးပြီ မဟုတ်လား (မှန်ပါ)။

နာမ်ကုန်ရလို့ တီဏိထုတ်တဲ့နေရာ ရှိသလားလို့ မေးလျှင် အာရမ္မဏ အနုလုံ သုဒ္ဒသခ်္ခ်ာဟာ နာမ်ကုန် မဟုတ်လား (မှန်ပါ)။ ဘယ်လောက်ထုတ်ဆားသလဲ (တီဏိ ထုတ်ဆားတယ်)။ တီဏိ, သတ္တ, တီဏိဘဲ။

လက်တွေ့ ဦးပဋ္ဌာန်းတို့ သိပြီးသားကို လက်ညှိုးညွှန်တာနော် (မှန်ပါ)။

သဟိတ်ရူပ် ဘယ်မှာလဲလို့ မေးလျှင် ခုတင်က ၄-ချက်တို့တွင် ဟေတု အနုလုံ, အာရမ္မဏ ပစ္စနိုက်ဖြစ်ဘဲ့ အနုလောမပစ္စနိုက်မှာ 'သဟိတ် ရူပ်တွေ

မဟုတ်လား (မှန်ပါ)။ သခ်္ဂါဘယ်လောက် ထုတ်ခဲ့သတုံး(ပဋ္ဌာန်းပါတယ်)။ ပဋ္ဌ, ပဋ္ဌ၊ ၂-ကြိမ်ဆိုပါ။

ဒါမှ မဟုတ်လို့ ပြည့်ပြည့်စုံစုံ ရှိပ်တော့ဖေကုန်လုံး မေးလျှင် အာရမ္မဏပစ္စ-နိုက်ကြည့်တော့ ရှိပ်ကုန်မဟုတ်လား (မှန်ပါ)။ သခ်္ဂါဘယ်လောက်ထုတ်သလဲ (ပဋ္ဌ ထုတ်ပါတယ်)။ ပဋ္ဌ, ပဋ္ဌ ၂-ကြိမ်ဆိုပါ။

ဦးပဋ္ဌင်းတို့ သိပြီးသားနဲ့ လက်ညှိုး ညွှန်ပြနေတာနော် (မှန်ပါ)။

နံပါတ် ၃-က ဘာပြောထားသလဲ၊ သဟိတ်နာမ်, သဟိတ် ရှိပ်ဆိုတာ ဘယ်မှာလဲ မေးလျှင် ဟေတုအနုလုံ သုဒ္ဓသခ်္ခါဟာ သဟိတ်နာမ်, သဟိတ်ရှိပ် မဟုတ်လား (မှန်ပါ)။ ဘယ်လောက်ထွက်ရသတုံး (နဝ,သတ္တရသ, တေဘူမိ)

သို့မဟုတ် နာမ်ကုန်, ရှိပ်ကုန်ဆိုတာ အနုလုံသဟဂြိုဏ် ၄-ပစ္စည်းမှာ နာမ်ကုန် ရှိပ်ကုန် မရဘူးလား (ရပါတယ်)။ သယ်လောက်ထုတ်ရသလဲ(နဝ,သတ္တ-ရသ,တေဘူမိ ထုတ်ရပါတယ်)။

ကျွန်းသေရှာပြီးတော့ ပေးထားတဲ့နည်းတွေပါ။

ပြီးတော့ တမျိုးလောတော့ ဘာတုံး၊ အဟိတ်နာမ်, အဟိတ်ရှိပ်ဆိုတာက မဂ္ဂပစ္စနိုက်-နမဂ္ဂမှာ အဟိတ်နာမ်, အဟိတ်ရှိပ်တွေ မရဘူးလား (ရပါတယ်)။ သခ်္ခါ ဘယ်လောက်ထွက်သလဲ (ကော်-ထွက်ပါတယ်)။ ကော် ၃-ချက်ထွက်တယ်။

ဝိပါက်ရှိပ်, ဝိပါက်နာမ် ကော်ထွက်တာ ဘယ်မှာလဲ မေးလျှင် ဝိပါကပစ္စည်းမှာ (မှန်ပါ)။

နားလည်ကြပြီနော် (မှန်ပါ)။ အဲဒါတွေအပေါ်မှာ အကုန်လုံးရှာဖွေပြီးတော့မှ ဒီ ၄-ချက်ကို ဘုန်းကြီးက ဦးပဋ္ဌင်းတို့ကို ရေးပေးထားကာ၊ ရေးပေးထားပြီးတဲ့နောက် ဟောလတ္တံ့ သောတရားတွေမှာ ဟောတဲ့အခါ ဘယ်လို လုပ်ရမလဲ-တဲ့၊ နည်းပြောပေးနေပါတယ်။

မိမိဟောနေတဲ့နေရာမှာ ဒုက-စသည် ဟောတဲ့အခါမှာ ခုဘင်ကပြောသလို ပစ္စည်းတွန်းကယ်ဆိုတာ ပစ္စည်းတခုနဲ့ဘာခု ညှိကြည့်နေတာ။

အနည်းနဲ့အများ

သဘာဝမှန်ကြည့်ကြစမ်းပါ ပေတုပစ္စယ အာရမ္မဏော၊ ဟေတုရတဲ့နာမ်, အာရမ္မဏရတဲ့နာမ်၊ ဒီနာမ် ၂-မျိုးကိုတွင် ဘယ်သူကနည်းပြီး ဘယ်သူက များသလဲမေးလျှင် ဘယ်လိုပြောမလဲ (အာရမ္မဏများပါတယ်)။ နည်းတာက ကော (ဟေတုက နည်းပါတယ်)။ မှတ်ထားပါနော်။

"အနည်း,အမျှား၊ ထိုနှစ်ပါးတွင်၊ အမျှား အနည်းနောက်သို့ လိုက်ရ၏"

အခုအာရမ္မဏကနာမ်တွေ အကုန်လုံးရတယ်၊ ဟေတုက သဟိတ်နာမ်တင် ရတယ်၊ အဟိတ်နာမ်မရဘူး၊ သူတို့ ၂-ခု ယှဉ်ကြည့်တဲ့အခါကျတော့ ဟေတုက နည်းတယ်၊ နည်းတော့ဟေတုနည်းတဲ့နောက်ကို လိုက်ပြီးဆိုတယ်မဟုတ်ဘူလား (မှန်ပါ)။ ဒါကို ဘုန်းကြီး ရည်ညွှန်းတယ်။

နောက်ထပ်တခု သတိပြုပါဦး၊ သင်္ချာအနေအားဖြင့် ကြည့်စမ်း၊ ဟေတုမှာ သင်္ချာဘယ်လောက်ရသတုံး၊ နဝ-လို့ ဆိုကြပါစို့၊ အာရမ္မဏမှာ သင်္ချာ ဘယ်လောက်ရသတုံး (တိဏိ)။ ဘယ်သူကမျှားသလဲ (ဟေတုကမျှားပါတယ်)။ အာရမ္မဏနည်းတယ်၊ အခုထုတ်လိုက်တော့ ဘယ်သူနောက်လိုက်ပြီး ထုတ်သလဲ (အာရမ္မဏနောက်လိုက်ပြီး ထုတ်ပါတယ်)။ သင်္ချာထုတ်ပုံ,ဖြစ်ပုံကိုကြည့်။

တရားမှာလဲ အမျှားအနည်းတွေ့တယ်၊ အမျှားက အနည်းနောက်လိုက်ရလို့ သဟိတ်ဖြစ်ရတယ်မဟုတ်လား (မှန်ပါ)။ သင်္ချာကျတော့လဲ နဝနဲ့ တိဏိ တွေ့တော့ ဘယ်သူနောက် လိုက်သွားသတုံး (တိဏိနောက် လိုက်သွားပါတယ်)။

"အပ္ပကဗဟုလေသု အပ္ပကမေဝ"

အနည်းနဲ့အမျှား ယှဉ်ကြည့်တဲ့အခါမှာ အနည်းနောက် လိုက်ပေးပါတဲ့၊ အနည်းက အမျှားကိုမှီအောင် မလိုက်နိုင်ဘူး၊ အမျှားကတော့ အနည်းကို မှီအောင် လျှော့ပေးလို့ရတယ်။

ဆောင်ပုဒ်

"အနည်း အမျှား၊ ထိုနှစ်ပါးတွင်၊ အမျှားနည်းရာ၊ လိုက်၍သာ၊ သင်္ချာတရားထုတ်"။

အဋ္ဌကထာ သိမှတ်စရာ

"တတြိဒံ လက္ခဏံ-ဗဟုဂဏနောပိ ပစ္စယော၊ အဗဟုဂဏနေန သဒ္ဓိ ယုတ္တော တေန သမာနဂဏနောဝ ဟောတိ[1]"။

တရားဘဲဖြစ်ဖြစ်, သင်္ချာဘဲဖြစ်ဖြစ် ၂-မျိုးစလုံးဟာ အနည်း အမျှား တွေ့လာလျှင် အမျှားက အနည်းနောက် လိုက်ရတယ်၊ ကိန်းသေမှတ်ထားပါ၊ ထူးတာကလေးကျတော့ ပြမယ် ဟောဒါကလေး ထူးတယ်, ဒါကလေးကို သန့်သန့်မှတ် ဆိုပြီးတော့ (မှန်ပါ)။

၁။ ပဋ္ဌာနကရဏအဋ္ဌကထာ၊ နှာ-၄၁၇၊ ၈။

အဲဒါကို မဇနေ့က ဘုရားဟောတော်မူတဲ့အတိုင်း ဟောပေးတော့ ဘယ်နှစ်ပစ္စည်း ပြီးသွားသလဲ၊ ဟေတုမူ အာရမ္မဏဒုက, အဓိပတိဒုက, သဟဇာတဒုဏ ပြီးသွားပြီမဟုတ်လား (မှန်ပါ)။ အဲဒီပြီးသွားတာတွေမှာ ပြန်ကြည့်ကြစမ်းပါ၊ ဘုန်းကြီး ခုတင်ကပြောတဲ့စကား ဘယ်လောက်သေချာသလဲ ဆိုတာ။

ဟေတုနဲ့ အဓိပတိ ယှဉ်ကြည့်တဲ့အခါကျတော့ အဓိပတိက နည်းမသွားဘူးလား(နည်းပါတယ်)။ အဓိပတိနောက် လိုက်ပြီးထုတ်။

ဟေတုနဲ့ သဟဇာတ ယှဉ်ကြည့်တော့ ဘယ်သူကနည်းသတုံး (ဟေတုကနည်းပါတယ်)။ ဟေတုကနည်းတော့ ဟေတုနောက် လိုက်ပြီးထုတ်။

ဟေတုမူ အညမညဒုက

ကဲ....ရှေတိုးရအောင်၊ ဟေတုမူ အညမညဒုကဆ် ဟေတုက သဟိတ်နာမ်, သဟိတ်ရုပ်၊ အညမညက ဘာတွေရှိသလဲ နာမ်တွေအကုန်လုံး မရဘူးလား (ရပါတယ်)။ ရလျှင် သဟိတ်နာမ်တင် ယူရတော့မှာပေါ့ (မှန်ပါ)။

ကဲ....ရုပ် နေပုံထိုင်ပုံ ကြည့် အညမညက ဘာတဲ့တုံး၊ ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုတဲ့၊ ဟေတုမှာရှိရဲ့မဟုတ်လား (မှန်ပါ)။ ပြီးတော့ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇအစရှိတဲ့ မဟာဘုတ်တွေ အကုန်လုံး။

မှတ်ထားပါ၊ ဟေတုနဲ့ပေါင်းတော့ ဟေတုက ၂-မျိုးရှိတော့ ၂-မျိုးနောက် လိုက်ပါ၊ ဆိုရိုးကို အညမညနောက် လိုက်လိမ့်မယ်၊ သတိပြုကြည့်ကြပါ။

> ဟေတုမူ အညမညဒုကဆ် သဟိတ်စိတ်ကေသတ္တတိ, မောဟမူဒ္ဒေ၂ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော—

ဟေတုကလဲလိုက်တော့ သဟိတ်လို့ ထည့်ရတယ်၊ 'ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော'ဆိုတာ အညမညင့်တာမဟုတ်လား(မှန်ပါ)။ ဒါကြောင့်—

> သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု' အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ်, သဟိတ်ပဋ္ဌိသန္ဓေကမ္မဇ မဟာဘုတ်။

ရှေတိုးလို့ရမလား(မရပါ)။ ဟေတုက လက်မခံဘူး(မှန်ပါ)။

ဒီကျတော့ သခ်္ခါဘယ်လောက်ထွက်မတုံး၊ အညမညက သခ်္ခါနည်းနေပြီ မဟုတ်လား(မှန်ပါ)။ ဟေတုပစ္စယာ အညမညေ တိဏိ, သတ္တ, တိဏိ။

ပြီးတော့ ဘယ်သွားမလဲ၊ နိဿယ, ဥပနိဿယ ပြီးပြီမဟုတ်လား(မှန်ပါ)။ ပုရေဇာတ သွားပါ။

ဟေတုမူ ပုရေဇာတဒုက

လွယ်လွယ်ကလေးပါ၊ ဘုန်းကြီးတိုက်တွန်းတဲ့ သုဒ္ဓသခ်ျာရနေတဲ့ ပုဂ္ဂိုလ် အဖို့ ဘာမှ အလုပ် လုပ်စရာ မရှိသလောက်တောင်ပါဘဲ။

ဘာတဲ့ဝုံး ပုရေဏ၊ အရူပဝိပါက် ၄-ခု၊ ကြည်သော ပဋ္ဌေါကာရ ပဝတ္တိ နှာမကွန္ဓာ ၄-ပါး၊ အဲဒီ 'ပဋ္ဌေါကာရပဝတ္တိ'ဆိုတာ အရူပဝိပါက် ၄-ခုမှတပါး စိတ်-၇၅ မရှိပေဘူးလား(ရှိပါတယ်)။ ဒါ့ဖြင့် အဲဒီထဲမှာ ဟေတုတရားတွေ အကုန်မရှိပေဘူးလား(ရှိပါတယ်)။

အရူပဝိပါက် ၄-ခုကလဲ သဟိတ်စိတ်ဘဲ မဟုတ်ဘူးလား(မှန်ပါ)။ နို့ပေမဲ့ အရူပဝိပါက် ၄-ခုကို ပုရေဇာတက လက်သင့်မခံဘူး၊ မောဟမူဒ္ဓေ၌ မောဟကို ဟေတုက လက်သင့်မခံဘူး၊ သူတို့ ၂-မျိုးစလုံးကြည်။

ဒါကြောင့်–ဟေတုမူ ပုရေဇာတဒုက၌ မောဟမူဒ္ဓေ၌ မောဟ, အရူပ ဝိပါက် ၄-ခုကြည်သော။

အဲဒီမှာ ၂-မျိုးနော်(မှန်ပါ)။ အရူပဝိပါက် ၄-ခုက ဘယ်သူအတွက်လဲ ပုရေဇာတအတွက် ကြည်ရတယ်၊ မောဟက ဟေတုအတွက် ကြည်ရတယ်။

မောဟမူဒ္ဓေ၌ မောဟ အရူပဝိပါက် ၄-ခုကြည်သော သဟိတ် ပဋ္ဌေါကာရ ပဝတ္တိနှာမကွန္ဓာ ၄-ပါး၊ ပုရေဇာတက ပဋ္ဌေါကာရပဝတ္တိနှာမကွန္ဓာ ၄-ပါး မဟုတ်လား(မှန်ပါ)။ ပဋ္ဌေါကာရပဝတ္တိနှာမကွန္ဓာတွေ အားလုံးဖြစ်နေမှာ စိုးတဲ့အတွက် ဟေတုအတွက် ဘာနဲ့ပိတ်လိုက်သတုံး၊ သဟိတ်။ သဟိတ်လို့ မသည့်လျှင် အဟိတ်တွေ ပါလာမှာပေါ့။

သခ်ျာထုတ်ပေးတော့ ဟေဘုဇယာ ပုရေဇာဟေ ဘယ်လောက်ထုတ်မလဲ (တိကို, သတ္တ, တိကို)။

ကိန်းသေနည်းပါ၊ အဲဒါ မယုံလို့ရှိလျှင်လဲ စာပိုတတ်ချင်လို့ဘဲ၊ ပါဠိတော် စာအုပ်တွေ ကြည့်စမ်းပါ၊ ဆဝါရစလုံးကို ကြည့်ရတယ်။

ဦးပဋ္ဌင်းတို့ စာသင်သား ၆-ပါးလောက်စု၊ တာ၀ါရဏတွက် တပါးက ပါဠိတော်စာအုပ်ကြည့်၊ ပဋ္ဌိစ္စ ၁-ပါးကြည့်၊ သဟဇာတ ၁-ပါးကြည့်၊ အဲဒီလို ၆-ပါးက စာအုပ် ၆-အုပ်နဲ့ကြည့်၊ တပါးသောပုဂ္ဂိုလ်က ဘုန်းကြီးပေးတဲ့နည်းနဲ့ ဆိုပြ၊ ပါဠိတော်နဲ့ အံကျဖြစ်ရဲ့လား-လို့။ လွယ်ပါတယ် ဘုန်းကြီးပေးတဲ့နည်း ရမယ်ဆိုလျှင်။

ဟေတုမူ အာသေဝနဒုက

အာသေဝနတရား ဖွဲ့လိုက်စမ်း၊ဟေတုဖြစ်တဲ့တရား ပါသလား, မပါဘူးလား ကြည့်ရတယ်။

ဘာတဲ့တုံး၊ အကုသိုလ်ဒွါဒသလို အာသေဝနမှာ ချီလိုက်ပြီးဟုတ်လား (မှန်ပါ)။ အဲဒီအထဲမှာ မောဟမူဒွေ့ မပါဘူးလား(ပါပါတယ်)။ပါလျှင် မောဟ ကြဉ်ရဘော့မယ်နော်(မှန်ပါ)။ မောဟမူဒွေ့ဌ် မောဟကြဉ်သော အကုသိုလ် ဒွါဒသလို စကတည်းက ဒါကို သုံးလိုက်ကြပါ။

ပြီးတော့ ဘာတုံး(ဟ သိတုပ္ပါဒ်ပါ)။ ဟေတုက ရှိရဲ့လား(မရှိပါဘူး)။ ဃုတ် ပစ်ပါ၊ ထည့်ကို မဆိုနဲ့။

ပြီးတော့ကော မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော၊ မဟာဂျုတ် ကုသိုလ်, မဟာဂျုတ်ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ၊ ဒါတွေဟာ ဟေတုတရားတွေ မဟုတ်လား(မှန်ပါ)။ သဟိတ်တွေချည်းဘဲ၊ သဟိတ်မဟုတ်တာ ဘယ်သူတုံ ၊ ခုတင်ကဆုက်တဲ့ ဟသိတုပ္ပါဒ်မဟုတ်လား(မှန်ပါ)။ အဲဒီအတိုင်း ဆိုရုံပေါ့။ ပြန်ကြည့်ပါ—

ဟေတုမူ အာသေဝနဒုကဌ် မောဟမူဒွေ့ဌ် မောဟ ကြဉ်သော အကုသိုလ်ဒွါဒသ, မဟာကုသိုလ်, မဟာကြိယာဒုတိယာဒိဇော,မဟာဂျုတ် ကုသိုလ်, မဟာဂျုတ်ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ၊ ဟေတုပစ္စယာ အာသေဝနေ (တီဏိ, သတ္တ, တီဏိ)။

ဟေတုမူ ကမ္မဒုက

ကမ္မမှာ စေတနာမှာပါး နာမ်စေတ အကုန်လုံး မဟုတ်လား(မှန်ပါ)။ ကမ္မ အတွက် စေတနာကြဉ်, ဟေတုအတွက်က မောဟကြဉ်၊ ကမ္မက ရုပ် ၄-မျိုး၊ ဟေတုက ရုပ် ၂-မျိုး၊ ဒီဘော့ ဟေတုနောက်လိုက်ပါ၊ ဒီလိုမဟုတ်လား(မှန်ပါ)။ ဒါကြောင့်—

ဟေတုမူ ကမ္မဒုကဌ် မောဟမူဒွေ့ဌ် မောဟ, ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး, သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

သခ်္ဂါဆုတ်ပါ၊ သဟိတ်နာမ်, သဟိတ်ရုပ်ဖြစ်တော့ ဟေတုပစ္စယာ ကမ္မေ နဝ, သတ္တရသ, တီဏိ။

အစကနေပြီးတော့ အဲဒီနားထိ ဦးသုဇာတ ပြန်ဟောစမ်းပါ၊ တူတဲ့ပစ္စည်း တွေ တန်းပြီး ထုတ်သွားပါ။

ဦးသုဇာတ။ ။တခေါက်ဟောသည်။

ဟေတုမူ ဝိပါကဒုက

ဝိပါကဒုကဋ္ဌ- ဟေတုထဲမှာ ဘာဝိပါက်တွေ ရှိသလဲ (သဟိတ်ဝိပါက် ရှိပါတယ်)။ အဲဒါဆိုရုံပေါ့၊ ဝိပါက်ထဲ မောဟကြောင့်ဘို့ လိုသေးသလား(မလိုပါဘူး)။

ဒါကြောင့်- ဟေတုမူ ဝိပါကဒုကဋ္ဌ သဟိတ်ဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, ဝိပါက်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋ္ဌိ-သန္ဓေကမ္မဇရုပ်၊ ဟေတုပစ္စယာ- ဘယ်လောက်ထုတ်မလဲ (ကေံ)၊ ၃-ခါထုတ်နော်(မှန်ပါ)။ ကေံ, ကေံ, ကေံ-လို့ နာမ်ပါလာလျှင် ၃-ကြိမ်ထုတ်ပါ။

ဟေတုမူ အာဟာရဒုက

အာဟာရနဲ့ကြည့်လိုက်တော့ အာဟာရက ရုပ်တမျိုးပိုနေတယ် မဟုတ်လား (မှန်ပါ)။ နာမ်တွေ အကုန်ဖြစ်နေတော့ ဟေတုအတိုင်းဆိုလျှင် မပြီးဘူးလား (ပြီးပါတယ်)။ မှတ်ထားကြစမ်းပါ ၁-ပစ္စည်း၊ မဆိုပါနဲ့တော့။

ဟေတုမူ ဣန္ဒြိယဒုက

ထို့အတူ ဣန္ဒြိယကြည့်လျှင်ကော နာမ်အကုန်နဲ့ ရုပ် ၄-မျိုး မဟုတ်လား။ (မှန်ပါ)။ မဆိုပါနဲ့တော့ ဟေတုအတိုင်း ဖြစ်မယ် မဟုတ်လား (မှန်ပါ)၊ ပြီးတော့မှ ဘုန်းကြီး တခေါက်ပြန်ပေါင်းမေးမယ်။

ဟေတုမူ စျာနဒုက

စျာနမှာလဲ ဟေတုထက် တရားများတာဘဲ မဟုတ်လား (မှန်ပါ)။ တရားများနေတော့ ဟေတုအတိုင်း ဆိုလျှင်ကော သူ မပြီးဘူးလား (ပြီးပါတယ်)။

ဟေတုမူ မဂ္ဂဒုက

မဂ္ဂကြည့်လျှင်ဇကော ဟေတုနဲ့မဂ္ဂ ဘယ်သူက တရားများသလဲ၊ မဂ္ဂကများတယ်၊ ဘာများသလဲ မေးလျှင် မောဟ၊ အဲဒါ ဘိန်းစားခြင်းအတူတူ တလုံးပို့ရှုဆိုတာ မဂ္ဂဘဲ၊ မောဟတလုံး သူကများနေတယ်။

သဟဇာတအတိုင်း ထုတ်ပါ

ဒီတော့ အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ- ပေါင်း ၄-ပစ္စည်းကို သဟကြီးဟောလျှင် တခါတည်း ဂ-ဂစ္စည်း ထုတ်ဟောလိုက်ကြပါ၊ ဒီတော့- 'ဟေတုမူ သဟဇာတဒုကဋ္ဌ' လို့ ခုတင်က ဆိုခဲ့ပြီမဟုတ်လား (မှန်ပါ)။ ဘာဆိုခဲ့သတုံး၊ ဟေတု သုဒ္ဓသင်္ချာ ဆိုတယ်၊ ဟေတုပစ္စယာ သဟဇာတေ နဝ, သတ္တရသ,

တိ၀ါ၊ နိ၀ါသယေ နဝ, သတ္တရသ, တိ၀ါ ဆိုပြီးတော့ အတ္ထိ မသွားပါနဲ့ဦး၊ အာဟာရေ နဝ, သတ္တရသ, တိ၀ါ၊ ဣန္ဒြိယေ– ဈာနေ– မဂ္ဂေ– အတ္ထိယာ– အ၀ိဂတေ နဝ, သတ္တရသ, တိ၀ါ။

၈-ပစ္စည်းတောင် တူတယ်၊ ဘယ်လောက် လွယ်တဲ့နည်းလဲ ဆိုတာကြည့်၊ အာရမ္မဏနဲ့ အတူပေါင်းပေးတာက ၇-ပစ္စည်း, သဟဇာတနဲ့ အတူပေါင်းပေးတာက ၈-ပစ္စည်း၊ မှတ်ထားကြစမ်းပါ။

ဟေတုမူ ၀ိပ္ပယုတ္တဒုက

ဒီတော့ ဘာကျန်တယ်၊ သမ္မယုတ္တကလဲ ပြီးပြီမဟုတ်လား (မှန်ပါ)။ ၀ိ ပ္ပ ယုတ္တ ကျန်နေတယ်၊ ၀ိပ္ပယုတ္တကလဲ ပုရေဇာတ အသွားဘဲ မဟုတ်လား (မှန်ပါ)။ ဘာပိုနေသလဲ မေးလျှင် ပုရေဇာတက ပ၀တ္တိတင်၊ ဒီက ပဋိသန္ဓေပါ ပါတယ်။ ပြီးတော့ ရုပ်ပါသေးတယ် မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ဟေတုမူ ၀ိပ္ပယုတ္တဒုကဋ္ဌ မောဟမူဒ္ဒေဋ္ဌ မောဟ,အရူပ ၀ိပါက် ၄-ခုကြည့်သော သဟိတ်ပဋ္ဌဝေါကာရပ၀တ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဟေတုပစ္စယာ ၀ိပ္ပယုတ္တေ နဝ, သတ္တရသ, တိ၀ါ၊ ကုန်ရော။

အခု နောက်ပြောတာ ၀ိပါကနဲ့ ၀ိပ္ပယုတ္တ ၂-ပစ္စည်းဘဲ မမှုတ်လား (မှန်ပါ)။ ဦးသုဇာတ ပြန်ဆိုစမ်းပါ၊ အဲဒီ ၂-ပစ္စည်းကို။

ဦးသုဇာတ။ ။တခေါက်ဆိုသည်။

ဆရာတော်။ ။အားလုံး သတိပြုကြစမ်းပါ၊ ဘုန်းကြီး ပြန်ပြောပြတယ်၊ ဟေတုမူ အာရမ္မဏဒုက ဆိုတော့ အတူ ဘယ်နှစ်ပစ္စည်း ထည့်မလဲ (၇-ပစ္စည်း[1])။ ဟေတုမူ သဟဇာတဒုကဆိုတော့ ဘယ်နှစ်ပစ္စည်း ထည့်မလဲ (၈-ပစ္စည်း[2]ထည့်ပါတယ်)။

ကြွင်းတာ ဘာရှိတော့သတုံး ဦးပဉ္စင်းတို့ ကြည့်စမ်းကြပါ၊ အဓိပတိ, အညမည, ပုရေဇာတ, အာသေ၀နဲ, ကမ္မ, ၀ိပါက, ၀ိပ္ပယုတ္တ၊ အားလုံးမှ အဲဒါက ဘယ်နှစ်ပစ္စည်း ရှိသလဲ(၇-ပစ္စည်းပါ)။

---

[1]။ ၇-ပစ္စည်း=အာရမ္မဏ, အနန္တရ, သမနန္တရ, ဥပနိဿယ, သမ္မယုတ္တ, နတ္ထိ, ၀ိဂတ ပစ္စည်း။

[2]။ ၈-ပစ္စည်း=သဟဇာတ, နိဿယ, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, အတ္ထိ, အ၀ိဂတ ပစ္စည်း။

ဒုက-ကို နှုတ်ငုံဆောင်ပါ

အဲဒါကို အကောက် ဆရာတော်ဘုရားကြီးတွေက တိုက်တွန်းတာမှာ ဒီ ဒုက-ကို နှုတ်ငုံဆောင်တော်မူကြပါ-တဲ့၊ အရှင်ကောက်မှာ ကြည့်စမ်းကြပါ ၁။ အင်မတန်တိုက်တွန်းပါတယ်၊ ဒုကကို ရလာလို့ လာဘ်ပြုင်လာပြီဆိုကော့ ကျွန်တာဝေ့ဟာ ဘာမှ မခက်ခဲပါဘူး၊ ဟိုမှာ အရမ်းကျက်ရပါတယ်၊ ဒီမှာ ဦးပဋ္ဌင်းတို့ ယေ်စာရင်းကနေပြီး သုဒ္ဓသခ်ျာက ကျက်ထားတော့ ဘယ်ပစ္စည်းမှာ ဘယ်ဟာများ ရှိသင့်တယ်ဆိုတာ သတိပြုလိုက်လျှင် နားလည်နေကြတယ် မဟုတ်လား၊ (မှန်ပါ)။

အဲဒါကြောင့် အခုနောက်ထပ်ထည့်ထားတဲ့ ၂-ပစ္စည်းနဲ့တကွ အစကစ၍ တခေါက် ဖြေးဖြေးကလေး ပြန်ဟောကြစမ်းပါ။

တိကသခ်ျာ၀ါရ စသည်

ဒုဂ-ကို ကြေနေအောင်လုပ်ပါ၊ ရအောင်လဲ အားထုတ်ကြပါ၊ တိက-စသည်ကို ဘုန်းကြီးပြောပေးမယ်၊ သတိပြု နားထောင်ကြစမ်းပါ။

ဒုကဆိုတာက ဘာတုံး၊ မူ ၁-ပစ္စည်း, မူလီ ၁-ပစ္စည်းသင့်တယ် မဟုတ်လား (မှန်ပါ)။ တိုက ဆိုလျှင်ရော့ မူက ၂-ပစ္စည်းဖြစ်မယ်၊ ရှေ့ကို ဆက်စဉ်းစားလျှင် စတုကဆိုလျှင် မူ-က ၃-ပစ္စည်းဖြစ်မယ်-စသည်ဖြင့် မူထဲကို ၁-ပစ္စည်း, ၁-ပစ္စည်း တိုးသွားပါတယ်။

ပဋ္ဌက, ဆက္က, သတ္တက, အဋ္ဌက စသည်ခေါ်တဲ့ အဲဒီ နေရာတွေမှာတော့ ဘယ်လိုလုပ်မလဲ မေးလျှင် ဥပမာ— အခုတွေ့တော့မည့် တိက-ကို ဟေတုနဲ့ အာရမ္မဏ ၂-ပစ္စည်း မူသားတယ် မဟုတ်လား (မှန်ပါ)။ ဘယ်လောက်လွယ်သွားတယ်ဆိုတာကို ဘုန်းကြီးပေးတဲ့နည်းကို ဂရုစိုက်နားထောင်းပါ။

ဟေတုနဲ့ အာရမ္မဏ ၂-ပစ္စည်း ပေါင်းပြီး မူသားလိုက်ဆိုတော့ ခုဘင်ကဟေတုမူ အာရမ္မဏဒုကခေါ်တဲ့ သဟိတ်နာမ်တရားတွေ မကျန်ဘူးလား (မှန်ပါ)။

တိက စသည်၌ ရုပ်မရ

ရုပ်နဲ့ပတ်သက်လို့တော့ ဒုကပြီးတော့ တိက က စပြီးတော့ ဘယ်ရုပ်မှ မစဉ်းစားနဲ့တော့ မရှိတော့ဘူး (မှန်ပါ)။ ဒီဘော့ သတိပြု နားထောင်ကြစမ်းပါ။

၁။ ဆဋ္ဌမ္ဘ ဒေကောက်စာအုပ် စာမျက်နှာ ၂၀၂-ရှိ [ ] ဒေါင့်ကွင်းတွင်းမှ ကြည့်ပါ။

ဟေတု အာရမ္မဏမူဆိုပြီး သဟိတ်နာမ် ရနေလျှင် နာမ်ကုန်ရတဲ့ ပစ္စည်း တွေ့ဘိုင်း တွေ့တိုင်း ဒီမူတရားအတိုင်းဘဲ မောဟမူဒုံးခ္ခ် မောဟကြောင့်သော သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄ ပါး မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

ကြိုပြီးပြောထားနှင့်တာ၊ ပြီးတော့တွေ့မယ်၊ နာမ်ကုန်မရလို့ ဟေတုထက် နည်းတဲ့ ပစ္စည်းဖြစ်နေလျှင်ကော မူလီပစ္စည်းရဲ့ နာမ်တရားအားတိုင်း ဆိုလိုက်လျှင် မပြီးဘူးလား (မှန်ပါ)။

အရေးကြီးသော မှတ်စရာ ၂-ချက်

နားလည်လိုက်ကြပါရဲ့လား ပြောတာ၊ ဘာတုံး—

မူထက်တရားမျှားနေလျှင် မူအတိုင်းဆိုလိမ့်မယ်၊
မူထက်တရားနည်းနေလျှင် မူလီအတိုင်း ဆိုရုံဘဲ၊

အခုပြောလိုတဲ့စကား ၂-ခွန်းက (မှန်ပါ)။

ကဲ–ဒါဖြင့် လက်တွေ့ကြည့်စမ်းရအောင် ဟေတုအာရမ္မဏမူ အဓိပတိတိကဋ္ဌ

အဲဒီမှာ ဘယ်သူက မျှားနေသတုံး (မူကမျှားပါတယ်)။ ဒါဖြင့် ဘယ်သူ အတိုင်း ဆိုမလဲ (မူလီအတိုင်း ဆိုရပါမယ်)။ အဲဒါ သတိပြုပေါ့။

အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြည့်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ သင်္ချာဘယ်လို ထုတ်မလဲ....သဟိတ် နာမ်တွေ့ မဟုတ်လား (မှန်ပါ)။ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ အဓိပတိယာ တိဏိ, သတ္တ, တိဏိ။

အနန္တရ-စတဲ့ ပစ္စည်းတွေဟာ နာမ်ကုန်မရှိဘူးလား (ရှိပါတယ်)။ အဲဒီ နာမ်ကုန်ရှိတဲ့ ပစ္စည်းတွေဟာ ဘယ်သူလဲလို့ ကြည့်လိုက်စမ်းပါ၊ သတိနဲ့ မှန်း လိုက်ခဲ့၊ ဘုန်းကြီးပြောပြမယ်၊ အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ, သမ္မယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတ ပေါင်း ၁၅-ပစ္စည်း၊ အဲဒါတွေ တခါတည်း တွန်းလိုက်ပေါ့၊ ၁၅-ပစ္စည်းတို့၏ တိကဋ္ဌ (မှန်ပါ)။ ဒီတော့ တပစ္စည်းသာ ဆိုပါ၊ ဟေတု, အာရမ္မဏမူ အနန္တရတိကဋ္ဌ ဆိုလိုက်လျှင် ပြီးရောမဟုတ်လား၊ ဘာဆိုမယ်၊ မူအတိုင်းဆိုရမယ် မဟုတ်လား (မှန်ပါ)။

မူလီကမျှားနေလျှင် မူအတိုင်း၊
မူလီကနည်းနေလျှင် မူလီအတိုင်း၊

ဒီလို မဟုတ်လား (မှန်ပါ)။

မောဟမူဒ္ဓေ၌ မောဟကြောင့်သော သဟိတ်ပဝတ္ထိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ အနန္တရေ-ဆိုပြီးတော့ လျှောက်ဆိုသွားပါ၊ တိကိ, သတ္တ, တိကိ။

ဒီတော့ ကြားထဲမှာ ဘယ်သူကျန်ရစ်ခဲ့သေးသတုံး ကြည့်ကြပါဦး၊ ခုတင်က ၁၅-ပစ္စည်းပြီးတော့ ပုရေဇောတ, အာသေဝန, ကမ္မ, ဝိပါက, ဝိပ္ပယုတ္တ ၅-ပစ္စည်း ကျန်တယ်။

တိက ဆိုနည်းအညွှန်း

ဘယ်နှယ်လုပ် ဆိုမလဲမေးလျှင် ခုတင်က ဒုကအတိုင်းမှာ နာမ်တင် ဆိုပါ၊ ရုပ်မပါစေနဲ့၊ သူတို့ရှိတဲ့ နာမ်တွေ ဆိုရုံဘဲ မဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။ကဲ- မှားမှထောက်မယ်၊ ဦးဉာဏဝရ ဆိုစမ်းပါ။

ဦးဉာဏဝရ။ ။ဟေတု, အာရမ္မဏမူ အဓိပတိတိကဋ္ဌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြောင့်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ အဓိပတိယာ တိဏ, သတ္တ, တိဏ။

ဟေတု, အာရမ္မဏမူ အနန္တရတိကဋ္ဌ သဟိတ်စိတ်ကသတ္တတိ, မောဟမူဒ္ဓေ ဋ္ဌ မောဟကြောင့်သော သဟိတ်ပဝတ္ထိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ အနန္တရေ တိကိ, သတ္တ, တိကိ၊ သမနန္တရေ၊ သဟဇာတေ၊ အညမညေ၊ နိဿယေ၊ ဥပနိဿယေ၊ အာဟာရေ၊ ဣန္ဒြိယေ၊ ဈာနေ၊ မဂ္ဂေ၊ သမ္မယုတ္တေ၊ အတ္ထိယာ၊ နတ္ထိယာ၊ ဝိဂတေ၊ အဝိဂတေ တိကိ, သတ္တ, တိကိ။

ဟေတု, အာရမ္မဏမူ ပုရေဇာတတိကဋ္ဌ မောဟမူဒ္ဓေ၌ မောဟ, အရူပ-ဝိပါက် ၄-ခု ကြောင့်သော သဟိတ်ပဋ္ဌဝေါကာရပဝတ္ထိ နာမကွန္ဓာ ၄-ပါး၊ ဟေတု-ပစ္စယာ, အာရမ္မဏပစ္စယာ ပုရေဇာတေ တိကိ, သတ္တ, တိကိ။

ဟေတု, အာရမ္မဏမူ အာသေဝနတိကဋ္ဌ မောဟမူဒ္ဓေ၌ မောဟကြောင့်သော အကုသိုလ်ဒ္ဒါဒသ, မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော, မဟာဂ္ဂုတ်-ကုသိုလ်, မဟာဂ္ဂုတ်ကြိယာ မဂ် ၄-ခု နာမကွန္ဓာ၊ ဟေတုပစ္စယာ,အာရမ္မဏပစ္စယာ အာသေဝနေ တိကိ, သတ္တ, တိကိ။

ဟေတု, အာရမ္မဏမူ ကမ္မတိကဋ္ဌ မောဟမူဒ္ဓေ၌ မောဟ ကုသိုလ်, အကုသိုလ် ကြိယာ စေတနာကြောင့်သော သဟိတ်ပဝတ္ထိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး၊ ဟေတု-ပစ္စယာ, အာရမ္မဏပစ္စယာ ကမ္မေ တိကိ, သတ္တ, တိကိ။

ဟေတု, အာရမ္မဏမ္ဘ ဝိပါကတိကၨ် သဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကၠန္ဓာ ၄-ပါး။ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ ဝိပါကေ ကေံ, ကေံ, ကေံ။

ဟေတု အာရမ္မဏမ္ဘ ဝိပ္ပယုတ္တတိကၨ် မောဟမူဒ္ဓၨ် မောဟ, အရူပဝိပါက် ၄-ခု ကြၨ်ဒသာ သဟိတ်ပဋ္ဌေါကာရပဝတ္တိ ပဋ္ဌိသန္ဓေ နာမကၠန္ဓာ ၄-ပါး။ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ ဝိပ္ပယုတ္တေ တိဏိ, သတ္ထ, တိဏိ။

ဆရာတော်။ ။ကုန်သွားရော၊ မနေ့က မိုးရွာလာတော့ အသံဖမ်းတာ ပြတ်သွားတယ်၊ မှတ်ထားပါတော့၊ မဆိုကြပါနဲ့တော့၊ ပြီးတော့ ဘုန်းကြီးရှေ့ကို ဆက်ပြောပေးမယ်။

စတုကစသည် အညွှန်း

တိကပြီးခဲတော့ စတုက၊ ဦးပဉ္စင်းတို့ကိုယ်တိုင် စိတ်ကူးကလေးနဲ့ စိတ်ကူးကြည့်ရတယ်၊ စတုကဖြစ်တော့ မူက ၃-ပစ္စည်းဖြစ်မယ် မဟုတ်လား (မှန်ပါ)။ သတိပြု နားထောင်ကြစမ်းပါ၊ စာက မခက်ပါဘူး လွယ်ပါတယ်၊ ၃-ပစ္စည်းမူဖြစ်တော့ ဟေတု, အာရမ္မဏ, အဓိပတိအထိ မူမဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။ ဂရုပြု နားထောင်ကြပါ၊ ဟော်တော်နေတော့ ကုန်မှန်းမသိ ကုန်သွားလို့ ဘယ်ရောက်ကုန်သလဲ မလုပ်နဲ့၊ အဲဒီ ၃-ပစ္စည်း မူထားပြီးတော့ မူလိ ၁-ပစ္စည်းထည့်လျှင် ဘာခေါ်မလဲ (စတုကပါ)။

တရားက ဘယ်လိုနေမလဲ၊ တရားရှိသင့်တာ ဘယ်လိုရှိသင့်သလဲ၊ အနည်းဆုံးတရားကို ကြည့်ရတယ်၊ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြၨ်သော သာဓိပတိဇော ၅၂-ခု နာမကၠန္ဓာ၊ ဒီလို မဖြစ်ဘူးလား (မှန်ပါ)။

မနေ့က ဘုန်းကြီးပြောတာကို သတိထားစမ်းပါ၊ ဘာပြောထားသတုံး မူပစ္စည်းရယ်, မူလိပစ္စည်းရယ်လို့ ဒီလိုရှိရတယ် မဟုတ်လား (မှန်ပါ)။ အခုမူက ၃-ပစ္စည်း မဟုတ်လား (မှန်ပါ)။ အဲဒီ မူ-မူချင်းညီလဲ အတူတူပေါ့ ပြောမည့် စကားက။

မနေ့ကတော့ မူ-မူလိ ၂-မျိုး ထားပြောတယ်၊ မူပစ္စည်းထက် မူလိပစ္စည်းက တရားမျိုးနေလျှင် မူပစ္စည်းနောက် လိုက်ရမယ်၊ သို့မဟုတ် မူပစ္စည်းထက် မူလိပစ္စည်းက တရားအရ နည်းနေလျှင်တော့ ဘယ်နောက်လိုက်ရမလဲ (မူလိနောက် လိုက်ရပါမယ်)။ နည်းတဲ့နောက် လိုက်ခိုင်းနေတာပါ လိုရင်းစဲ့ကတော့။

ဟိုတနေ့က ဘာပြောသလဲ ဒီစကားတွေ့ မတိုင်ခင်က အကျဉ်းချုပ်ပြီးတော့–

> အနည်း, အများ၊ ထိုနှစ်ပါးတွင်၊ အများ အနည်းနောက်သို့ လိုက်ရမြဲ။

ဒီလို မဟုတ်လား (မှန်ပါ)။ အဲဒါ သတိထားလိုက်ရုံပေါ့။

အခု မူကို ဟောတဲ့, အာရုံမူ၊ အဓိပတိလို့ ၃-ပစ္စည်း ထားတယ်၊ ဒီ ၃-ပစ္စည်းမှာလဲ တရားအရ အနည်းဆုံးက ဘယ်သူလဲလို့ကြည့်လျှင် အဓိပတိအနည်းဆုံး၊ ဒါကြောင့် အဓိပတိအတိုင်း ထားရတယ်။

ဒီတော့ မူလိတပစ္စည်းတည်လိုက်တော့ စတုကဖြစ်မယ်ဆိုတော့ ဘယ်သူကို ထည့်မလဲ မူလက(အနန္တရ ထည့်ရပါမယ်)။ အနန္တရထည့်တော့ တရား ဘယ်လိုမျိုး ပြောင်းသွားနိုင်သတုံး၊ မူလိက တရားမျိုးနေပြီ မဟုတ်လား (မှန်ပါ)။ မူအတိုင်း ဟရားဖြစ်တော့မှာပေါ့၊ စဉ်းစားပြီး နားထောင်ကြစမ်းပါ။

ဒါဖြင့် ဒီတရားကို မှတ်ထားစမ်းပါ၊ ဘာတုံး အဓိပတိပစ္စည်းကို ရယော အခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅ ၂-ခု နာမကွန္ဓာ၊ ဒါ မူမှာ ရတဲ့ တရားမဟုတ်လား (မှန်ပါ)။ အနန္တရတရားကို မူထဲသည့်လိုက်လျှင် ဒီတရားယှက်သွားမလား (မပျက်ပါ)၊ မူလိမဟုတ်ဘူးနော်၊ အနန္တရကို မူထဲသွင်းလိုက်ပါ ပြောတာ (မှန်ပါ)။

ဦးပဋ္ဌင်းတို့ကိုယ်တိုင်က ဆုံးဖြတ်ပါ၊ ဘုန်းကြီး ပြောတာကြောင့် မဖြစ်ပါစေနဲ့။

သမနန္တရမူထဲ ထည့်တော့ကော ဒီတရားပျက်မလား (မပျက်ပါ)။ ဘာဖြစ်လို့လဲ ဟိုက နာမ်ကုန်ရှိတဲ့ တရားတွေ မဟုတ်လား (မှန်ပါ)။

သဟဇာတထည့်မယ်, အညမညထည့်မယ်, နိဿယထည့်မယ်, ဥပနိဿယထည့်မယ်၊ ဒီတရား ပျက်မလား (မပျက်ပါ)။

နားလည်အောင် နားထောင်နေကြပါ၊ ထောင်တောင်နေတော့ ဟာ-ဘယ်နှယ် ဘယ်ရောက်ကုန်ပြီလဲလို့ မဖြစ်ပါစေနဲ့၊ အဲဒီ သဘောတွေကို မရိပ်မိတော့ စာတွေဟာ အကုန်လုံး များလာတယ် ခက်လာတယ်။

အခု ဘုန်းကြီး ဘာပြောသလဲ၊ စတုက ကနေပြီး ကိုင်ပြီး တရားတွေကို လှမ်းပြီးကြည့်လိုက်တော့ ဘယ်နှစ်ပစ္စည်း ဖြစ်သွားသလဲ ဟောတဲ့, အာရုံမူ၊ အဓိပတိ, အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ-ဆိုတော့ ၉-ပစ္စည်းအထိဟာ စတုကနှင့် ဘာထူးသတုံး (မထူးပါ)။ ၉-ပစ္စည်းကို မူထားပြီး မူလိထည့်လျှင် ဒသက မဟုတ်လား(မှန်ပါ)။ သတိပြု စတုကမှစ၍ ဒသက တိုင်အောင် တရားတူနေတယ်၊ မတူဘူးလား(တူပါတယ်)။

ဘုန်းကြီးပြောလို့ မတူပါနဲ့ ကိုယ်တိုင်က အစွန်းထွက်နေတဲ့တရားတွေလျှင် ရှာပေါ့။

ဘာဖြစ်နေသလဲ မူပစ္စည်းထက် မူလီဖြစ်မယ်လို့ဆိုရတဲ့ အနန္တရစတဲ့ ပစ္စည်းတွေဟာ တရားတွေက နာမ်ကုန်ရှိပြီး မျှားနေကြတယ် မဟုတ်လား (မှန်ပါ)။ ဒီတော့ မူအာဘိုင်းဘဲ ပြန်ဖြစ်နေကြတယ် မဟုတ်ဘူးလား (မှန်ပါ)။

လေးလေး နက်နက် မှတ်ကြပါ၊ သုံးမကုန်တဲ့ပညာ, စာနဲ့ဖိုး မဖြတ်နိုင်တဲ့ ပညာလို့ ခေါ်ပါတယ်၊ ဘုန်းကြီးက ဒီဟေတုမူ တခုတည်း ပြမှာ၊ ကြွင်းတဲ့ ၂၂-ပစ္စည်းတွေကို ဦးပဋ္ဌင်းတို့ ဘယ်ပစ္စည်း မူထားသား ဒီသဘောချည်းဘဲ၊ အဲဒါတွေပါ လျှောက်ပြနေလျှင်တော့ နောက် တဝါဆိုရလိမ့်မယ်လို့ ပြောခဲ့ပြီ၊ နည်းမရဘဲနဲ့ လျှောက်ဆိုနေလို့ကတော့လဲ အဖိုဘဲ။

ဒီကော့ သတိပြုကြပါ၊ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ, အဓိပတိပစ္စယာ, အနန္တရပစ္စယာ, သမနန္တရပစ္စယာ, သဟဇာတပစ္စယာ, အညမညပစ္စယာ, နိဿယပစ္စယာ, ဥပနိဿယပစ္စယာ မူသားတာက ၉-ပစ္စည်း၊ ပုရေဇာတေ-လို့ ပုရေဇာတကို မူလီသည်လို့ကိုက်တော့ ပုရေဇာတမှာ ဘာဘရားကျေမျှား ရှိလို့လဲ ဒီက တရားကို ဖျက်ပစ်နိုင်လို့လား။

ပုရေမှာ ဘာတွေရှိသတုံး၊ အရူပဝိပါက် ၄-ခု ကြည့်သာ ပဋ္ဌာဝါကာရ ပဝတ္တိနာမကွန္ဓာ ၄-ပါးဆိုတာ စိတ်-၇၅ ရှိတယ်မဟုတ်လား (မှန်ပါ)။ ရှိလျှင် ဒီတရားကို သူဖျက်နိုင်ရဲ့လား (မဖျက်နိုပါ)။

ကောဒသက အညွှန်း

ဒီတော့ ဘာထူးမှာလဲလို့ မေးလျှင် သတိပြု၊ သူကိုပါ မူထဲတည့်မလို့၊ ဘုံသက်ဘာကခလား ထူးတယ် (မှန်ပါ)။ ဘယ်အထိတုံး ပုရေဇာတ အထိ မူသားတယ်။

ဒီတော့ ဘယ့်နှယ်လုပ် ဆိုမလဲ 'ဟေတု, အာရမ္မဏ ။ပ။ ပုဗ္ဗဇာတ-မူလို့ ဆိုလိုက်လျှင် ပဋ္ဌာဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြည့်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ။

အဲဒီမှာ ပုဗ္ဗဇာတနဲ့ကြည့်တဲ့ အရူပဝိပါက် ၄-ခုက ဇောထိုက်ကဲ့လား (မထိုက်ပါ)။ မထိုက်လျှင် ကြည့်ဘို့ မလိုတော့ဘူး (မှန်ပါ)။

ဘာထူးသွားသလဲ ခုတင်တုန်းက ဒသက၊ အခု ကောဒက ဖြစ်သွားတယ် မဟုတ်လား (မှန်ပါ)။ ဖြစ်မည့် မူတရားက ကာထူးသတုံး ဘုံသက်တာကလေး ထူးတယ်။

ပြန်နားထောင်စမ်း ဟေတု,အာရမ္မဏ ။ပ။ ပုဗ္ဗဇာတ-မူလို့ ဒီလိုထားတဲ့ အချိန် ပဋ္ဌာဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ် ကြည့်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ ဟုတ်ကြပြီနော် (မှန်ပါ)။

အာသေဝန ကောဒသက

မူလီဘယ်သူကို သင်းမလဲ **အာသေဝနသင်း**တော့ **အာသေဝန** သုဒ္ဓသင်္ချာ မှာ ရထားတဲ့ တရားတွေဟာ သာဓိပတိဇော ၅၂-ခု ဟုတ်-မဟုတ်ကို ကိုယ်က သတိပြုကြည့်ပါ၊ မူက **သာဓိပတိဇော** ဖြစ်နေပြီမဟုတ်လား (မှန်ပါ)။ ကြည့်လိုက်တော့ အကုသိုလ်ဇောတဲ့ ၁၂-ခုစလုံး သာဓိပတိဇော ဟုတ်ပါရဲ့လား (မဟုတ်ပါ)။ ဘယ်သူတုံး မဟုတ်တာက (မောဟမူဒ္ဒေး)။ **ချန်ထား** လိမ့်မယ် အဲဒါကို။ ဟသိတုပ္ပါဒ်က သာဓိပတိဇော ဟုတ်ရဲ့လား (မဟုတ်ပါ)။ သူကိုလဲ **ချန်ထား**လိမ့်မယ်၊ ကျန်တာလျှောက်ကြည့်စမ်းပါ **အ**ကုန်လုံး သာဓိပတိ ဖြစ်ကဲ့လား (ဖြစ်ပါတယ်)။ ဖြစ်တယ်၊ ခုတင်က ဟာတွေလဲ ဇောဘဲ (**မှန်ပါ**)။ **မောဟမူ**လဲ ဇောဘဲ, ဟသိတုပ္ပါဒ်လဲ ဇောဘဲ၊ သို့ပေမဲ့ **သူ**တို့က ဘာတုံး၊ **အ**ဟိတ်ဇောနဲ့ **ကေ**ဟိတ်ဇော၊ သာဓိပတိဇောဆိုတာက ဒ္ဒိဟိတ်နဲ့ တိဟိတ်ဇော ဒါကြောင့် **အ**ဟိတ်နှင့် **ကေ**ဟိတ်ဇော**ကို** ဖယ်ပစ်**တာ**ပေါ့။

ဖယ်ပြီးတော့ ဘယ်လိုဆိုမလဲ၊ **မော**ဟမူဒ္ဒေးမှ မရှိဘဲနဲ့ **သူ**နဲ့ယှဉ်တဲ့**မော**ဟ**ကော** ရှိဦးမလား (**မ**ရှိ**ပါ**)။ ဒါ**ကြောင့်**—

> ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ **အ**ဓိပတိတရား ကိုယ်ကြဉ်**သော** **လော**ဘမူ **မော**ဟမူ **မ**ဟာကုသိုလ် **မ**ဟာ**ကြိ**ယာ ဒုတိယာဒိ**ဇော**,**မ**ဟဂ္ဂုတ်ကုသိုလ် **မ**ဟဂ္ဂုတ်**ကြိ**ယာ **မ**ဂ် ၄-ခု နှာမကွန္ဓာ။

ဘယ်သူကိုကြည့်ပြီး ဆိုသလဲမေးလျှင် **အာ**သေဝနသုဒ္ဓသင်္ချာ၊ **သူ**သုဒ္ဓသင်္ချာမှ သာဓိပတိမဟုတ်တဲ့တရား နုတ်ပစ်တာဘဲ **မ**ဟုတ်လား (**မ**ှန်ပါ)။

ဒီနေ့ တနေ့အတွက် ဖိဖိစီးစီး **မ**ှတ်ကြစမ်းပါ၊ **အ**နုလုံရနေလျှင် ပစ္စနိက်က ဒီ**အ**တိုင်းဘဲ၊ ဘာမှုမဆူးလှဘူး ဒီသဘောဘဲ၊ ဆိုတာကတော့ **သူ**သုဒ္ဓသင်္ချာရှိတဲ့ တရား မြင်မှာပေါ့၊ နည်းရနေလျှင် ဘာမှ **မ**ခက်ဘူး။

ဒီတော့ ပါဠိတော် ဘယ်လိုဖြစ်မလဲ ဟေတုပစ္စယာ **အ**ာရမ္မဏပစ္စယာ ॥ပ॥ ပုရေဇာတပစ္စယာ **အ**ာသေဝန တိဏိ, **ဃ**ဋ္ဌ, တိဏိ။

ဆဝါရစလုံး ပြောတာနော်၊ **အ**ကုန်လုံးရတယ်၊ နာမ်ချည်းဟောနေသမျှ တော့ ဆဝါရမှာ ဒီ**အ**တိုင်းချည်းဘဲ ရှိမယ်။

ကမ္မကောဒသက

ပြီးကော့ ဘာပစ္စည်း မူလီထည့်မလဲ၊ (ကမ္မပစ္စည်း)။ ကမ္မမှာ တရားက ဘာ**ကြ**ဉ်ဆားသတုံး (ကုသိုလ်, **အ**ကုသိုလ်, **ကြိ**ယာစေတ**နာ** **ကြ**ဉ်ထားပါ**တ**ယ်)။ **အ**ဲဒါကို ထပ်ပြီး**ကြ**ဉ်ရုံဘဲ။

ဟေတုအာရမ္မဏ ။ပ။ ပုရေဇာတမ္ၚ ကမ္မကောဒသကၵ် ပဋ္ဌေါ-
ကာရဘုံၵ် အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ ဒါက
မ္ၚက ကြဉ်မ္ၚာမဟုတ်လား (မ္ၚန်ပါ)။ မ္ၚလိအတ္ထက်ကကုသိုလ်, အကုသိုလ်
ကြီးယာ စေတနာ့ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ။

ကမ္မက နာမ်ကုန်ရှိတခဲကိုး၊ သာဓိပတိဇောတွေ အကုန်ပြန်ရတယ်။

သခ်ၢ်ဝတုတ်တော့ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ ။ပ။ ပုရေဇာတပစ္စယာ
ကမ္မေ တီကိ, သတ္တ, တီကိ။

ဝိပါက ကောဒသက

ပြီးတော့ ဝိပါက၊ ဝိပါကကောဒသကၵ် ဘာကျန်သတုံး၊ ဘာတရား
ရှိသတုံး၊ ဝိပါကမ္ၚာ ဝိပါက်တွေအကုန်ရှိနေတော့ သာဓိပတိဇောထဲမ္ၚာ ဝိပါက်
လိုက်ရှာပေါ့၊ သာဓိပတိဇောထဲ ဝိပါက်လိုက်ရှာတော့ ဝိပါက်စိတ်ပေါင်း
ဘယ်လောက်ပါနိုင်သတုံး (၄-ပါးရှိပါတယ်)။ ဘယ်သူပါလိမ့် (ဖိုလ်စိတ် ၄-ပါး)။
ဒါဘဲရှိတယ်၊ ဒါကြောင့်–

ဝိပါက ကောဒသကၵ် ပဋ္ဌေါကာရဘုံၵ် အဓိပတိပစ္စည်းကိုရသော
အခါ အဓိပတိတရားကိုယ်ကြဉ်သော ဖိုလ် ၄-ခု နာမကွန္ဓာ၊ ဟေတု-
ပစ္စယာ, အာရမ္မဏပစ္စယာ ။ပ။ ပုရေဇာတပစ္စယာ ဝိပါကေ ကေံ, ကေံ,
ကေံ လို့ ၃-ကြိမ်ထုတ်ပါ။

အာဟာရ ကောဒသက စသည်

အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ,
အဝိဂတ-အာဟာရမ္ၚ စကဲ့ပစ္စည်းတွေ ကောဒသကၵ်ဆိုလျှင် မ္ၚအတိုင်းပေါ့၊
ဘာလို့ ဆိုမလဲ။

ပဋ္ဌေါကာရဘုံၵ် အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရား
ကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ။

ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ ။ပ။ ပုရေဇာတပစ္စယာ အာဟာ-
ရေ ဣန္ဒြိယေ စျာနေ မဂ္ဂေ သမ္ပယုတ္တေ ဝိပ္ပယုတ္တေ အတ္ထိယာ နတ္ထိယာ
ဝိဂတေ အဝိဂတေ တီကိ, သတ္တ, တီကိ။

တခုစီ တပစ္စည်းစီ ထုတ်ပါနော်၊ အားလုံး တီကိ, သတ္တ, တီကိ ချည်းဘဲ။
မ္ၚတ်မိလောက်ပါတယ်နော် (မ္ၚန်ပါ)။ ဦးသူရိယ ဟောစမ်းပါ။

ဦးသူရိယ။ ။ကောဒသကအကုန် တခေါက်ဟောသည်။

ကမ္မ ဒ္ဒါဒသက

ဒ္ဒါဒသကဆိုတော့ မူထဲ ဘာထပ်ပြီးထည့်မလဲ (အာသေဝန ထပ်ထည့်ပါဘယ်)၊ အာသေဝနမူထဲထည့်တော့ ခုတင်က ကောဒသကမှ အာသေဝနမူလီ တရားအတိုင်း မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

သတိပြုနားသောင်ကြပါ၊ မဆိုဘဲနဲ့လဲ ရတော့မည်၊ ဒီတော့ ပါဠိတော်က ဘယ်လိုနေမလဲ၊ ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ ။ပ။ ပုရေဇာတပစ္စယာ, အာသေဝနပစ္စယာ၊ ဒါက မူမဟုတ်လား (မှန်ပါ)။ အဲဒီထိအောင် ထားတော့ ကမ္မကျတော့ ဒ္ဒါဒသကဖြစ်မှာပေါ့။

တရားက ဘယ်လိုနေမလဲ ကမ္မထည့်လျှင် မထည့်ခင်မူကို အလျင်ကြည့်တော့ ပဋ္ဌာဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော ခုတင်က ဆိုသွားတဲ့အတိုင်း လောဘမူ, မောဟမူ, မဟာကုသိုလ်, မဟာ ကြိယာ ဒုတိယာဒိဇော, မဟာဂုတ်ကုသိုလ်, မဟာဂုတ်ကြိယာ မဂ် ၄-ခု နာမက္ခန္ဓာ။

မူဘရားက ဒီလိုနေတယ်၊ ကမ္မကို မူလီထည့်ခဲ့တော့ စေတနာထပ်ကြဉ်ရုံဘဲ မဟုတ်လား (မှန်ပါ)။ ။အခုဆိုပြီးခဲ့တဲ့ မူတရားရဲ့ဆိုရိုးအတိုင်းမှာ စေတနာ ထပ်ကြဉ်ပါ၊ သခ်္ခါရထုတ်တော့လဲ တိကို, သတ္တ, တိကို ပါဘဲ။

ဝိပါက ဒ္ဒါဒသက မရှိ

ဝိပါကဒ္ဒါဒသကဌ် ဘာတရားထုတ်မလဲ(ဖိုလ် ၄-ခု)။ဖိုလ် ၄-ခု နာမက္ခန္ဓာတဲ့၊ ပြင်ကြည့်မလား၊ ဦးဉာဏ ဖိုလ် ၄-ခု နာမက္ခန္ဓာ·တဲ့ ရပါ့မလား (မရပါဘူး)။

တပါးက ရတယ်, တပါးက မရဘူးတဲ့၊ ဦးပဉ္စင်းတို့ချင်း ။အနားကပ်ခြင်း ကြရမှာ။

အာသေဝနသုဒ္ဓသခ်္ခာ ဆိုကြည့်ပါလား(မရပါဘူး)။ မရဘူးတဲ့ အရှုံး ပေးသွားပြီ၊ မရဘူးနော် (မှန်ပါ)။

သတိပြုကြပါ၊ ဘယ်အချိန်အခါမျိုးမှာမဆို အနုလုံဖြစ်လျှင် ဘယ်ဝါရ ဖြစ်ဖြစ်—

အာသေဝနမူလကော ဝိပါကံ နတ္ထိ....တဲ့။

အာသေဝနမူလကော၊ အာသေဝနပစ္စည်းမူ ဖြစ်ရှိနေသောအခါ၌ ဝိပါကံ၊ ဝိပါက်သည် (တနည်း) ဝိပါကပစ္စည်းသည်။ နတ္ထိ၊ မရှိ....တဲ့။ ဝိပါက်မရှိဘူး၊ ဝိပါကပစ္စည်း မူလီသွင်းလို့ မရဘူးလို့ ပြောတာ(မှန်ပါ)။

ဟုတ်ပါ့မလား လို့ မေးတော့ ဦးပဉ္စင်းတို့ အာသေဝနသုဒ္ဓသခ္ခါ ဆိုကြည့်တော့ အာသေဝနထဲမှာ ဝိပါက်ပါရဲ့လား (မပါပါ)။ ဒါပြောတာ။

အဲဒီလို နည်းကိုရအောင် ယူပါ၊ ကုန်ပြီ၊ ကျွန်တဲ့ အာဟာရစတဲ့ ပစ္စည်းတွေ မူလီသွင်းလို့ မူဘရားပျက်မှာလား (မပျက်ပါ)။ ဘယ်လိုဖြစ်နေမလဲ ဆိုရိုး။

ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရား ကိုယ်ကြဉ်သော လောဘမူ, ဒေါသမူ, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော, မဟာဂျုတ်ကုသိုလ်, မဟာဂျုတ်ကြိယာ, မဂ် ၄-ခု နာမက္ခန္ဓာ။

ဒီလို မဟုတ်လား (မှန်ပါ)။ အာဟာရကစပြီး ဘယ်အထိတုံး၊ အဝ်ဂတ-အထိ ဒီအတိုင်းချည်းဘဲ။

နားလည်ကြပါပြီနော်၊ ဒါက ဘာခေါ်သလဲ (ဒ္ဒါဒသက)။ ဒ္ဒါဒသက ခေါ်တယ်၊ နားထောင်ရုံကလေး နားထောင်နေကြစမ်းပါ၊ မဆိုနဲ့။

တေရသက

တေရသကဆိုတော့ မူကို ဦးပဉ္စင်းတို့ ဘယ်ထိအောင် ထားမလဲ (ကမ္မထိအောင် ထားရပါမယ်)။ ကမ္မထိအောင် ထားတော့ ခုတင်က တရားပေါ်မှာ ကုသိုလ်, အကုသိုလ်, ကြိယာ, စေတနာ, ထပ်ကြဉ်ရုံဘဲ မဟုတ်လား (မှန်ပါ)။

ပြီးတော့ မူလီသွင်းချင်ခဲတော့ နောက်က ဘယ်သူရှိသတုံး (ဝိပါကခ္ခန်ဓာပါတယ်)။ သွင်းလို့ ရပါ့မလား (မရပါ)။ ခုတင်ကအတိုင်းဘဲ အာသေဝနက မူထဲ ရောက်နေတယ်၊ ဝိပါက-မရနိုင်ဘူး။

ဝိပါက ပစ္စည်း

မူလီသွင်းလို့ မရရုံလား၊ မူအဖြစ်ဖြင့် ဇာတ်လျှင်ကော ရမလား၊ ဝိပါကအထိ မူလုပ်မလို့ ရပါ့မလား၊ အာသေဝနမှာ ဝိပါက်မရှိဘူးလို့ သိနေပြီမဟုတ်လား (မှန်ပါ)၊ ဝိပါက်မှုမရှိဘဲ ဝိပါကမူ လုပ်လို့ရပါ့မလား (မရပါ)။

ဒါကြောင့် မြန်မာလို မှတ်ချင်လျှင် 'အာသေဝန ပစ္စည်း မူဖြစ်နေလျှင် ဝိပါကပစ္စည်းကို မူ-မူလီအဖြစ်ဖြင့် သွင်းရ်မဟောနိုင်' လို့ မြန်မာလို အဓိပ္ပါယ်ရှင်းရှင်း မှတ်ကြပါ။

ကမ္မမူလီ လုပ်တာကတော့ ကုသိုလ် အကုသိုလ် ကြိယာ စေတနာ ထပ်ကြဉ်ရုံဘဲ။

အာသေဝနပစ္စည်း မူတရားမှာပါနေလျှင် ဝိပါကပစ္စည်းလည် မူ-မူလီ ၂-မျိုး စလုံးသင့်းလို့ မရဘူး။

သာသေဝန ဒေသနာတော်

ကဲ....ဒါဖြင့် ဝိပါကပစ္စည်းကို ဘေးဖယ်ထားပေါ့၊ ပဋ္ဌာဝါရ ပစ္စနိက်တုန်းက ပြောတဲ့ သာဟာရဒေသနာ, သဂ္ဂန္ဒြိယ ဒေသနာတော် ခေါ်သလိုဘဲ အခု အာသေဝနနဲ့ ဟောနေတော့ ဝိပါကကို ဖယ်ထားလို့ရှိလျှင် ဒီဒေသနာတော်ကို ဘာခေါ်သင့်သလဲ ဓမ်းလို့ရှိလျှင် သာသေဝန ဒေသနာတော်လို့ ခေါ်သင့်တယ်တဲ့၊ အာဇသေဝနနဲ့တကွ ဟောပြတဲ့ ဒေသနာတော်။

အားလဲဆုတ်ကြပါ၊ မှတ်လဲမှတ်ကြပါ၊ ဦးပဉ္စင်းတို့ ပင်ပန်းတာ ဘာမှမရှိဘူး၊ ပင်ပန်းတာက ဘုန်းကြီး တာဝန်ပေးထားတာ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာ ကျက်ဘို့ဟာ အပင်ပန်းဆုံး တာဝန်ဘဲ။

ဒီစကားသံမျိုး ဒီနည်းမျိုးကိုလဲ ဦးပဉ္စင်းတို့ ရှုတ်တရက် နောက်ထပ် နာခွင့်တနေရာ တနေရာဆီမှာ မလွယ်လှဘူး၊ သိပ်ပြီး ချပ်ချီးလဲ မရှိကြဘူး၊ ဒါကြောင့် ဘုန်းကြီး အပင်ပန်းခံ ပြောပေးနေဘာ။

ပြီးချင်လျှင်လဲ အလွယ်ကလေးဘဲ၊ ပြီးခဲ့တဲ့ ၂-ရက်လောက် ကတည်းက ပြီးပြီဆိုလျှင်လည်း ဒါဟာ ကိစ္စပြီမ်းနေတာဘဲ၊ နည်းကလေး သာမန်ပြောလိုက်လျှင် ဖြစ်တယ်၊ ပြည့်ပြည့်စုံစုံကလေး နာကြရပါစေတော့လို့ ပြောပေးနေတာ။

အာဟာရစတဲ့ ပစ္စည်းတွေ

ဘာဒေသနာတော် ခေါ်တယ် (သာသေဝနဒေသနာတော် ခေါ်ပါတယ်)။ အဲဒီ **သာ**သေဝန ဒေသနာတော်ကို ကမ္မအထိ မူကားပြီးတော့ ဝိပါကကို မူလီသင့်းမရတော့ မူလီခနရာမှာ ဘယ်သူတွေကို ထည့်မတုံး၊ (အာဟာရ ထည့်ရပါမယ်)။ အာဟာရစတဲ့ ပစ္စည်းတွေ အကုန်လုံး အဝိဂတအထိ ဘယ်ပစ္စည်း တည့်ထည့် ဒီတရားဟာ ပျက်သွားမှာလား (မပျက်ပါ)။ မပျက်နိုင်ဘူး။

အာဟာရေ တီဏိ, **သ**တ္တ, တီဏိ ရှိသလို ကြွင်းတဲ့ပစ္စည်းတွေမှာလဲ တီဏိ, သတ္တ, တီဏိ ဖြစ်မှာပေါ့။

နို့ဒီပစ္စည်းတွေကော မူလီသင့်းလို့သာ ရကာလား, မူကော လုပ်လို့ မရဘူးလား မေးလျှင် အကုန်လုံး တပစ္စည်းစီ မူထဲထည့်ဟာနဲ့ ဒီတရား ပျက်မလားလို့ စဉ်းစားစမ်းပါ။

မူထဲကို သူတို့ တပစ္စည်းချင်းထည့်မယ်လေ၊ အာဟာရေကို မူထဲထည့်လိုက်ကျန်တဲ့ပစ္စည်းတွေ မူလီသင့်းလိုက်၊ ဂ္ဂန္ဒြိယကိုမူထဲထည့်လိုက် ကျန်တဲ့ပစ္စည်း

တွေ့ မူလီသင့်း ဟောလိုက်နဲ့ သွားနေမှာ၊ စျာနမူထဲထည့်၊ မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, ထည့်ချင်တဲ့ပစ္စည်း မူထဲသည့်နေ ဒီတရား မပျက်တော့ဘူး၊ ပျက်ဘို့ အကြောင်းမရှိဘူး၊ ဘာဖြစ်လို့လဲ ဟိုက နာမ်တွေ့ အများကြီး မဟုတ်လား (မှန်ပါ)။

နောက်ပိတ်ဆုံး ဗာဝိသကမူ

နောက်ပိတ်ဆုံးတော့ ဘယ်ရောက်မလဲမေးလျှင် ဝိဂတအထိ မူသားဆိုတော့ ရှိတဲ့ ၂၄-ပစ္စည်းမှာ ပစ္ဆာဇာတ ပစ္စည်းက အနုလုံမဟောဘူး မဟုတ်လား (မှန်ပါ)။ ပြီးတော့ ဝိပါကကလဲ မူ,မူလီထဲ မရောဘူးဆိုတော့ ၂-ပစ္စည်းနှုတ်တော့ ၂၂-ပစ္စည်းမကျန်ဘူးလား (ကျန်ပါတယ်)။ ၂၂-ပစ္စည်းမှာ မူက ၂၁-ပစ္စည်း, မူလီက တပစ္စည်းရှိတယ်။

ဒီတော့ ဒေသနာတော်ကြီးဟာ သယ်နှယ်နေမလဲ ကြည့်စမ်း။

ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ ။ပ။ ပုရေဇာတပစ္စယာ, အာသေဝနပစ္စယာ, ကမ္မပစ္စယာ, အာဟာရပစ္စယာ, ဣန္ဒြိယပစ္စယာ, စျာနပစ္စယာ, မဂ္ဂပစ္စယာ, သမ္မယုတ္တပစ္စယာ, ဝိပ္ပယုတ္တပစ္စယာ, အတ္ထိပစ္စယာ, နတ္ထိပစ္စယာ, ဝိဂတပစ္စယာ၊ ဒါကမူတွေနော် (မှန်ပါ)။ မူလီက အဝိဂတေ တိဏိ, သတ္တ, တိဏိ,။

တရားက ဘယ်သူပါလိမ့်မေးလျှင် ပြန်စဉ်းစား။

ပဋ္ဌဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်, ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော လောဘမူ, ဒေါသမူ, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒ်ဇော, မဟာဂျုတ် ကုသိုလ်, မဟာဂျုတ်ကြိယာ, မဂ် ၄-ခု နာမကွန္ဓာ။

ဒါကတရားနော်၊ ပါဠိတော် အလျှင် ရှုတ်ပြလေးပြီပြီ။

အင်မတန်လဲ ကြည်ညိုဖွယ်ရာကောင်းပါတယ်၊ ဦးပဉ္စင်းတို့ ယခုအချိန်မှာ ဘုန်းကြီးပြောပေးတဲ့ နည်းလမ်းအတိုင်း ဉာဏ်ထဲသက်ဝင်နေတဲ့ ပုဂ္ဂိုလ်လဲ ရှိပါမယ်၊ သိပ်ပြီးတော့ ကျေကျေနပ်နပ် မဟုတ်သေးတဲ့ပုဂ္ဂိုလ်လဲ ပါချင် ပါ ပါလိမ့်မယ်၊ သို့ပေမဲ့ ဒီနည်းကိုလက်ခံထား၊ နောက်ထပ်ပြန်စဉ်းစား၊ ငယ်ငယ်ကြီးကြီး ကိုယ်စဉ်းစားနိုင်လို့ စဉ်းစားတဲ့အခါမျိုးကျလျှင် ကျေကျေနပ်နပ်ကြီး ဉာဏ်ထဲမှာ သြော် ဟုတ်ပါလား-ဟုတ်ပါလား-ဆိုတာတော့ ဖြစ်လာပါလိမ့်မယ်၊ ဒေသနာတော်ကြီးကို လက်ခံနိုင်တဲ့ အရည်အချင်းတွေ့ ပါလာပါပြီ၊ နည်းကိုတော့ ဖျောက်မပစ်ပါနဲ့။

သဝိပါက ဒေသနာဖြစ်လျှင် အာသေဝနဖယ်

ထားပါတော့၊ အဲဒါ သာသေဝန ဒေသနာတော်တဲ့၊ သာသေဝန ဒေသနာတော် ရှိနေလျှင် ဝိပါကပစ္စည်းမရတော့ ဝိပါကပစ္စည်းကို မဟောနိုင်ဘူးလားမေးလျှင် ဝိပါကထည့်ချင်လျှင် အာသေဝနဖယ်ပစ်လိုက်တဲ့၊ ဒီတော့ ပါဠိတော်ကြီး ဘယ်လိုနေမလဲ သတိပြု။

ဟေတုပစ္စယာ အာရုမ္မဏပစ္စယာ ။ပ။ ပုရေဇာတပစ္စယာ- ပြီးတော့ ဘာထည့်မလဲ အာသေဝနမရဘူး မဟုတ်လား (မှန်ပါ)။ ကမ္မပစ္စယာ ဝိပါက-ပစ္စယာ။

အာသေဝန မရှိဘူး၊ **အာသေဝန** မရှိတော့ တရားဟာ သုဒ္ဓသင်္ချာက သာဓိပတိဇောနဲ့ ဆိုလျှင် ရတယ် မဟုတ်လား၊ (မှန်ပါ)။ ဝိပါကကို မူထဲထည့်လိုက်တော့ သာဓိပတိဇောထဲရှိတဲ့ ဝိပါက်က ဘယ်သူတဲ့တုံး ခုတင်ကပြောတာ (ဖိုလ် ၄-ခုပါ)။

ပဋ္ဌဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ အဓိပတိ
တရားကိုယ်ကြည်သော ဖိုလ် ၄-ခု နာမက္ခန္ဓာ။

သူကို သင်္ချာထုတ်တော့ ဘယ်လိုဖြစ်မလဲ ကေ် ကေ် ကေ်-တဲ့။

သွားလေရော၊ ဝိပါကထိမူထား၊ အာဟာရ, ဣန္ဒြိယစတဲ့ ပစ္စည်းတွေ မူလီသွင်း၊ ကေ် **ကေ်** ကေ်-ချည်းဘဲနေမယ် မဟုတ်လား (မှန်ပါ)။

ခုတင်ကလိုဘဲ ဝိပါကနောက်ကရှိတဲ့ ပစ္စည်းတွေကို တပစ္စည်းချင်း မူထဲထည့်သွားစမ်းပါ၊ ဒီတရား ပျက်သွားမလား(မပျက်ပါ)။ အာဟာရမူထဲထည့် ကျန်တာတွေ မူလီသွင်း၊ ဣန္ဒြိယမူထဲထည့် ကျန်တာတွေ မူလီသွင်း၊ နောက်ပိတ်ဆုံး ခုတင်က ပြောသလိုဘဲ ဘယ်အထိ မူဖြစ်ရမယ်၊ ဝိဂတအထိ မူသား၊ ၂၁-ပစ္စည်းဘဲ မဟုတ်လား (မှန်ပါ)။ ၂၁-ပစ္စည်းမူသားပြီး မူလီ အဝိဂတ သွင်းတော့လဲ သင်္ချာ ကေ်-ဘဲဖြစ်မယ်၊ တရားကတော့ ဘယ်သူတဲ့တုံး၊ သဝိပါက ဒေသနာတော်မှာ ဟောနိုင်တဲ့တရားက ဘယ်သူလဲလို့မေးလျှင်—

ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရား
ကိုယ်ကြည်သော ဖိုလ် ၄-ခု နာမက္ခန္ဓာ။

မှတ်ထားကြပါ အဲဒီနောက်ဆုံးပိတ်တရားကလေး ၂-ခုကို၊ ဒါက သဝိပါက ဒေသနာတော်မှာဟောတဲ့တရား။

သာသေဝန ဒေသနာတော်မှာဟောတဲ့ တရားက ဘာတဲ့တုံး။

ပဋ္ဌေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရား ကိုယ်, ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော လောဘမူ,ဒေါသမူ, မဟာကုသိုလ်, မဟာကြိယာ ဒုတိယာဒိဇော, မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ, မဂ် ၄-ခု နာမကွန္ဓာ။

ကြပ်ကြပ်ကြီး ကြိုးစားကြပါ၊ ဦးပဋ္ဌင်းတို့ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေမို့လို့ဘဲ တိုက်တွန်းနေတာပါ။

အင်မတန်လေးနက်တဲ့ ဒေသနာစောင်တွေ၊ သဘာဝမသိလျှင်လဲ နားထောင်ချင်စရာကို လုံးဝမရှိတာ၊ နားထောင်ကောင်းတာက ဝတ္ထုဇာတ်လမ်းမှ နားထောင်ကောင်းတာ၊ ဒီက ဝတ္ထုဇာတ်လမ်း မဟုတ်ဘူး၊ ပရမတ္ထသဘာဝရဲ့ ဖြစ်ပျက်နေပုံ ကလေးတွေအကြောင်း ၂၄-မျိုးတို့ဖြင့် ရသင့်သလို ဝေဘန်ထားပုံတွေကို ညွှန်ပြနေတာ။

ဒီတော့ သဘာဝရဲ့တရားကို မသိလျှင်တော့ အလွန်ပျင်းစရာ ကောင်းပါတယ်၊ သိလာပြန်ပြီဆိုတော့လဲ ဝတ္ထုဇာတ်လမ်း နားထောင်လို့ကောင်းတဲ့ အရသာနဲ့ မတူအောင် ကောင်းပါတယ်၊ အင်မတန် အဖိုးလဲ တန်ပါတယ်။

အဲဒီမှာ လိုရင်းအဓိပ္ပါယ်တမျိုး ချုပ်ကြည့်လျှင် ဘာလာတွေ့သလဲလို့ မေးလျှင် သာသေဝနဒေသနာတော် ဆိုတုန်းက မူက ၂၁-ပစ္စည်း မူလိကတပစ္စည်း မဟုတ်လား (မှန်ပါ)။ ပေါင်း ၂၂-ပစ္စည်း။

အနုလုံ ၂၂-ပစ္စည်းလုံးမှာရှိတဲ့တရား[1]

ဆဝါရ အနုလုံမှာ သာသေဝန ဒေသနာတော်အဖြစ်ဖြင့် ၂၂-ပစ္စည်းလုံးမှာ ရှိတဲ့တရား ဘယ်သူလဲလို့ရှာလျှင် ခုတင်ကတရား[1]ဘဲ။

ဒီတရားဟာ ဟေတုမှာလဲ ရှိတယ်၊ အာရမ္မဏမှာလဲ ရှိတယ်၊ အဓိပတိမှာလဲ ရှိတယ်၊ တိုတိုပြောလိုက်ပါတော့ ၂၂-ပစ္စည်းစလုံးမှာ ရှိတယ်။

ယမိုက်မှာ ၂-ဖက်ရသာ ရှိခြင်း

ဒါကြောင့် ဘုန်းကြီး တခါတခါပြောတယ်၊ ဘုန်းကြီးတို့ ယမိုက်သင်တဲ့အခါ ယမိုက်ဟောတာက ၂-ဖက်ရ တရားသာ ရှိတယ်၊ ၃-ဖက်ရ တရားတော်ခင် မရှိဘူး၊ အခု ဒီမှာရှိတာက ၂၂-ဖက်ရတဲ့ တရားရှိတာ(မှန်ပါ)။

၁။ ၂၂-ပစ္စည်းလုံးမှာရှိတဲ့တရား=သာသေဝနဒေသနာတော်တရားဖြစ်သည့် ပဋ္ဌေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်, ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော လောဘမူ, ဒေါသမူ, မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော, မဟာဂျုတ်ကုသိုလ်, မဟာဂျုတ်ကြိယာ, မဂ် ၄-ခု နာမကွန္ဓာ။

၂၂-မျိုးသော ပစ္စည်းတို့မှာ အညီအမျှ ဒီအတိုင်းရနေတဲ့ တရားကို ရှာပေးပါ ဆိုလျှင် အမှတ်တမဲ့ဆိုလျှင် ဒါဟာ ဦးပဋ္ဌင်းတို့ ပဋ္ဌမကြိုးတန်းမှာ ပုစ္ဆကတွေက သတ်မပြုလို၊ ဒီလိုသာမေးလျှင် ရုတ်တရက်မလွယ်ဘူး။

ထိုနည်းတူစွာ သဝိပါက ဒေသနာတော်၌ ၂၂-မျိုးသော ပစ္စည်းစလုံးရနိုင်တဲ့ တရားကို ကောက်နုတ်ပြီး ပြပါဆိုလို့ရှိလျှင် ခုတင်ကပြောတဲ့ ဖိုလ် ၄-ခု၊ ဆိုရိုးက ခုတင်ကအတိုင်း အပြည့်အစုံပေါ့ (မှန်ပါ)။

အဲဒါ ဟေတုကစပြီးဟောတဲ့ ဆဝါရ အနုလုံသန့်သန့် သခ်္ခာဝါရခေါ်တယ်။

ဟေတုနိုင်လျှင် ကြွင်းပစ္စည်းတွေ ဟောနိုင်ပြီ

အဲဒီတမျိုးကိုဘဲ ဘုန်းကြီးအမြဲတမ်း ချပြီးနေတာ၊ ဟေတု တပစ္စည်းကိုဘဲ ပြပေးတယ်၊ ရှိတာကတော့ အနုလုံမှာ ၂၃-ပစ္စည်း မဟုတ်လား (မှန်ပါ)။ ကြွင်းတဲ့ပစ္စည်းတွေကော မသင်ကောင်းဘူးလား မေးလျှင် အဲဒီဟေတုပစ္စည်းကို ဦးပဋ္ဌင်းတို့ နှားလည်နေလျှင် ကျန်တဲ့ပစ္စည်းတွေ ဦးပဋ္ဌင်းတို့ ထားချင်တဲ့ပစ္စည်း မူလုပ်ထားပါ၊ ဟောကြည့်ပါ၊ စမ်းသပ်ကြည့်ကြပါ၊ ဘုန်းကြီးပေးတဲ့နည်း အတိုင်း ဟောလို့မရလျှင် ပြောပါ။

ဒီတော့ မကျေနပ်ပါနဲ့ဦး၊ ဘုန်းကြီးက ပြောပြဦးမယ်၊ နည်းပေးဦးမယ်၊ အချိန်နဲ့ နေ့ရက်ကြည့်ပြီး နာရီကြည့်ကြည့်ပြီး ဘုန်းကြီးက စကားပြောနေလို့၊ ပြောစရာတွေ ဒီမှာလဲပြည့်လို့။

အာဝရမ္ဘကာ မူလုပ်လျှင်

ဥပမာ အာဝရမ္ဘကာ စပြီး မူလုပ်ထားမယ်တဲ့၊ ကြွင်းတဲ့ မူလီပစ္စည်းတွေမှာ ရုပ်တွေ ရပါဦးမလား (မရပါ)။ အာဝရမ္ဘကာ ဘာတရား ရထားလို့လဲမေးလျှင် နာမ်အကုန်လုံး ရှိတယ်။

ဘယ်လောက်လွယ်တယ်ဆိုတာ ဦးပဋ္ဌင်းတို့ ချိန်ကြည့်ကြပါ၊ ဘုန်းကြီး နည်းပြောနေတယ်၊ အာဝရမ္ဘကာမူလုပ်လျှင် ကြွင်းတဲ့ပစ္စည်းတွေမှာရှိတဲ့ ရုပ်တွေ ဟာ လုံးဝမရတော့ဘူး၊ ကြွင်းတဲ့ပစ္စည်းတွေမှာရှိတဲ့ နာမ်တရားတွေအတိုင်း လာထွက်တယ်၊ ဟေတုမှာ ဘာနာမ်ရှိသလဲ (သဟိတ်နာမ်ရှိပါတယ်)။ အဲဒါဘဲ ထွက်မယ်၊ သခ်္ခာက တီကို, သတ္တာဘဲ၊ တီကို, သတ္တ ဟိုဘက်ကိုထော့ မတိုးနိုင်ဘူး၊ အတွင်းဆုတ်လျှင် ဆုတ်ဘို့ဘဲ။

၁။ သဝိပါကဒေသနာတော်၌ ၂၂-ပစ္စည်းစလုံးမှာ ရနိုင်တဲ့တရား=ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြည်သော ဖိုလ် ၄-ခု နာမက္ခန္ဓာ။

အဓိပတိထည့်တော့ကော အဓိပတိနာမ်အတိုင်း မနေပေဘူးလား (နေပါတယ်)။ ဘာတဲ့တုံး သာဓိပတိဇော နာမကွန္ဓာဖြစ်မယ် မဟုတ်လား (မှန်ပါ)။

သတိပြု၊ အားလုံး နာမ်ကုန်ရနေတဲ့ပစ္စည်းတွေ မူသွင်းတော့ နာမ်အကုန်လုံးဖြစ်မှာပေါ့၊ မနေ့က လျှောက်ပြီးထွက်ထားတာတွေ နာမ်ကုန်ရတဲ့ပစ္စည်းတွေ အနန္တရကစပြီး အဝိဂတအထိ ၁၅-ပစ္စည်း မဟုတ်လား (မှန်ပါ)။ အဲဒါတွေထည့်တော့ ဒီအတိုင်းပေါ့၊ စိတ် တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသခေါ်တဲ့ ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး ရမှာပေါ့၊ သခ်္ဂါတွေဟာ ဘယ်လိုထွက်မလဲ တီဏိ, သတ္တ ချည်းထွက်။

လွယ်အောင်ပေးတော့ မယုံချင်ကြဘူး

အဲဒီလောက် လွယ်အောင်ပေးပြတော့ ဒီနည်းကို အချို့ကသိပ်တောင် မယုံချင်ဘူး၊ မယုံလို့ ပါဠိတော်နဲ့ ဘာနဲ့ အတိအကျကို ပြန်ပြီး ရှာဖွေကြည့်သလားမေးတော့ ဒီလိုလဲ လုပ်တာမဟုတ်ဘူး။

ပဌမပြန်က မသုံးလျှင် မသင်ကောင်းသလို ထင်ကြခြင်း

အားထုတ်ကြပါ ဘုန်းကြီးတို့က ကိုယ်ကြံစည်ထားတဲ့ နည်းကလေးတွေကို ဦးပဉ္စင်းတို့ကို သိပ်ပေးချင်တယ်၊ သို့ပေမယ့် ဦးပဉ္စင်းတို့ကလဲ ခက်နေတာက ဦးပဉ္စင်းတို့ ဆိုတာ လက်ရှိပုဂ္ဂိုလ်ကို ရှေးပြောနေတာ၊ စာသင်သားတွေက ခက်တာပါ၊ ပဌမပြန်က မသုံးလျှင် အဲဒီစာ မသင်ကောင်းကြတော့ဘူး၊ အာပတ် သင့်မတတ် ဖြစ်နေကြပြီ၊ အပိုတွေပါကွာလို့ ပြောတဲ့ ပုဂ္ဂိုလ်တွေက ရှိသေး။

အပိုတွေပါတဲ့ မပိုပါဘူး၊ သင်ကြစမ်းပါ၊ နောက် မတတ်တောင် သင်တန်းမှာ သိပ်ပြီး ကုသိုလ်ရပါတယ်။

အခုပြောခဲ့တာက နီးစပ်ရာ ဟေတုအနားကပ်နေတဲ့ ပစ္စည်းကနေပြောတာ ပစ္စနိက်ဆိုတာလဲ အကြောင်း မထူးဘူး၊ အခု နည်းပေးနေတာကို နားလည်အောင်လုပ်ကြပါ။

ဝိပါက မူထားဟောလျှင်

၁၄ ခု မြောက် ဖြစ်တဲ့ ဝိပါကပစ္စည်းက နေပြီး ဟောမလို့၊ ဝိပါကပစ္စည်း မူထားမယ်လို့ ပြောတာ။

ဝိပါက မူထားတယ်၊ ဟေတုကို မူလီသွင်းတယ်၊ ဘယ်လိုဖြစ်မလဲ ဒီတရားဟေတုမူ ဝိပါကဒုကတဲ့ ထူးဦးမှာလား (မထူးပါဘူး)။ ဘာရမလဲ သဟိတ်၊

ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး, သဟိတ် ဝိပါက်သည် ပြုအပ်သော သဟိဟ် စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ဆိုပြီးပြီ မဟုတ်လား (မှန်ပါ)။

အာရမ္မဏာ အစရှိတဲ့ နာမ်ကုန်ရတဲ့ပစ္စည်းတွေ မူလီသင်းတောဲ့ကော အလုံးစုံသော ဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး မရှေပဘူးလား(ရပါတယ်)။ ရုပ် ရဦးမလား (မရပါ)။ သခ်ၤာတွေကတော့ ကေ-ချည်းထွက်မှာဘဲ၊ ရုပ်ရရ မရရ ဟုတ်ရဲ့လား (မှန်ပါ)။

ကြင်းတဲ့ ပစ္စည်းဇတ္တကို မူလီထည့်ဆိုတော့ အဓိပတိထည့်ဟောဲ့ကော အဓိပတိထဲမှာ ဝိပါက်က ဘယ်သူတုံး ခုတင်က ပြောခဲ့ပြီး (ဖိုလ် ၄-ခုပါ)။ ဒါကို သိနေလျှင် ပြီးတာဘဲ၊ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော ဖိုလ် ၄-ခု နာမကွန္ဓာ, ဝိပါက်သည် ပြုအပ်သော သာဓိပတိ စိတ္တဇရုပ်ပေါ့၊ ဒါဘဲ မဟုတ်လား (မှန်ပါ)။

ပြီးတော နာမ်ကုန်ရတယ်, ရုပ်ကုန်ရတယ်, စိတ္တဇနဲ့ ပဋ္ဌိသန္ဓေ ကမ္မဇဆိုတဲ့ ရုပ် ၂-မျိုးရတယ် ဆိုတဲ့ တရားမျိုးတွေ ပစ္စည်းမျိုးတွေ လိုက်ရှာလျှင်ကော ခုတင်က ဟေတုရသလိုဘဲ ဝိပါက်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး, ဝိပါက်သည် ပြုအပ်သော စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်-လို့ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

ဒါကြောင့် အရှင်ဘုရားတို့ ဟေတုမူကိုသာ ပိုင်အောင်လုပ်ပါလို့ ဘုန်းကြီးက တိုက်တွန်းပါတယ်၊ ဒါတွေလျှောက်ပြီး ချပေးနေလျှင် သိပ်မထူးတောဲ့ပါဘူး၊ ကုန်လဲကုန်နိုင်မှာ မဟုတ်ဘူး၊ ဆိုယင်း ပြင်းလာကြလိမ့်မယ်။

ရှေးကပဋ္ဌာန်းသင်နည်း

ရှေးကဆရာတော်ကြီးတွေများ ညဝါချနိုင်တယ်ဆိုတဲ့ နေရာသွားပြီးတော့ ဝါတွင်းမဟုတ်တဲ့ တဆောင်းတွင်းလုံး, တနွေလုံး ဝါဦးကျမှ ကိုယ့်အရပ်ကိုယ့် ဒေသပြန်ပြီးတော့ဝါကပ်ကြတယ်၊ ပဋ္ဌာန်းပို့ချနိုင်တဲ့ နေရာမှာ သွားပြီး အဲဒါ ဆောင်းရာသီနဲ့ နွေရာသီ ၂-ရာသီ သွားပြီး ဆိုနေကြရတယ်။

အဲဒီတော့ **ရဟန်**လှမ်းမှီသ့လောက် ဆရာတော်ဘုရားကြီးများကို ဘုန်းကြီးလျှောက်ကြည့်တော့ 'ဆရာတော်များ အဲဒါတွေ ဆိုတော့ ကုန်ရော့လား- ဆိုတော့ ဟာ ငါ့လူနှယ် ဘယ်မှာကုန်တယ်ဟုတ်မလဲ၊ ဆိုနေကြတာဘဲ'တဲ့၊ ဆိုနေတော့ 'ဆရာတော်တို့ အဲဒါတွေ တတ်ကဲ့လားလို့ လျှောက်တော့ အောင်မယ်မင်း ဒါလောက်များတာကြီး ရှေ့လျှောက်ဆို နောက်က မေ့ကုန်ရောတဲ့။ နို့ ဒါဖြင့် ဘာဖြစ်လို့ ဆိုနေတာတုံးဆိုတော့ ဟာ ကုသိုလ် ရအောင် ဆိုနေ

တာ'တဲ့၊ ဒါလောက်ကြာအောင် ဆိုတယ်၊ **ထ**ခ္ခါ တနှစ်ကျော်အောင်တောင် ဆိုတယ်။

ကုသိုလ်ဖြစ်အောင် ဆိုရသေးတယ်

အဲဒါတွေကို အခုဘုန်းကြီးပြောတဲ့နည်းတွေ အကုန်လုံး လိုက်ဆိုနေတာဘဲ၊ နည်းလည်း သိပ်မရှိလှဘူးလေ၊ ရောက်တဲ့နေရာ ဆရာလုပ်တဲ့ ဘုန်းကြီးက ဒီလိုဆို ဆိုပြီး ချပေးလျှင် လိုက်ဆိုနေကြတာဘဲ ကုသိုလ်ဖြစ်အောင် ဆိုရသေးတယ်၊ အဲဒါ ပဌမပြန်မပေါ်ခင်လောက်က အရေးအနေပြောတဲ့ စကားတွေဘဲ၊ ယခုတော့ ပဌမပြန် ပေါ်လာတော့ ပဌမပြန်က မပြဋ္ဌာန်းလျှင် ၎င်းစာမသင်ကောင်းဟူ၍ပင် မှတ်နေကြတော့သည်၊ သင်လျှင် အာပတ်သင့်မတတ်။

ကဲ တော်ကြပါတော့ အဲဒါ အနုလုံးဘဲ။

ဆဝါရ ပစ္စနိုက်

နက်ဖြန်ခါကျတော့ ခပ်ကျဉ်းကျဉ်းနဲ့ ချောင်ချောင်ချိချိဖြစ်အောင် ပစ္စနိုက် ဓပြာစမ်းရအောင် အားထုတ်ကြည့်ပါ။ မသိလျှင် ဘုန်းကြီးဆီ အချိန်မရွေး လာမေးပါ။

ပစ္စနိုက်မှာလဲ နည်းက ဒါပါဘဲ၊ နည်းကိုမပြောင်းပါနဲ့၊ ဒါပါဘဲ။

သုဒ္ဓသင်္ချာ အနေအားဖြင့် လေ့လာဘူးတယ်, စိတ်ဝင်စားဘူးတယ် ဖြစ်အောင် ဘုန်းကြီးပြောမလို့ပါ။

ဘယ်ပစ္စည်းက စစ အတူတူပါဘဲ၊ သို့ပေမဲ့ ဟေတုကဘဲ စပြီး ပြောပါ့မယ်။

နည်းမပြောင်း တရားသာပြောင်း

ခုတင်က အနုလုံမှာ ဘယ်ပစ္စည်းက စစ ဒီနည်းဘဲ မဟုတ်လား (မှန်ပါ)။ ပစ္စနိုက်ဆိုခြင်းကြောင့် နည်းကောပြောင်းသလား မေးလျှင် နည်းမပြောင်းပါဘူး၊ တရားပြောင်းတာဘဲထူးတယ်၊ နည်းကတော့ ခုတင်ကပြောတယ်၊မနေ့က ပြောတယ်၊ အဲဒီနည်းဘဲ။

မှ မှလီ ၂-ပစ္စည်းတို့တွင် မှပစ္စည်းက တရားမျှားနေလို့ မှလီက နည်းနေလျှင် ထိုမှလီနည်းနောက်ကိုဘဲလိုက်။

သို့မဟုတ် မှလီက တရားမျှားပြီးမတော့ မှက တရားနည်းနေလျှင် မှခနောက်သို့ လိုက်ပြီးတော့ တရားထုတ်ပါ။

လျှော့ပေးရမယ်မဟုတ်လား၊ (မှန်ပါ)။ ဒါဟာနည်းပါ။

အပ္ပကဗဟုလေသု အပ္ပကမေဝ။

တရားမှာလဲ အနည်းအမျှားမှီနေလျှင် အနည်းနောက် အမျှားကလိုက်၊ သင်္ချာမှာလဲ အနည်းအမျှားရှိလျှင် အမျှားက အနည်းနောက် လိုက်ရတယ်။

အဲဒါက ဘုမသိ-ဘမသိ-ကို ထုတ်ပြတဲ့နည်း၊ အပ္ပကဗဟုလေသု-ဆိုတာက အသေးစိတ်တရားကို သိသိ-မသိသိ ရမ်းထုတ်ရုံဘဲ၊ တပစ္စည်းက နဝရှိတယ် တပစ္စည်းက တီဏိရှိတယ်၊ ဒီ ၂-ပစ္စည်းပေါင်းထုတ် ဆိုလို့ရှိလျှင် နည်းတဲ့နောက် လိုက်ထုတ် ဆိုတဲ့အတိုင်း 'တီဏိ'ဘဲ၊ ဒါပြီးရော။ တရားက ဘယ်မှာလဲ ဆိုလို့ရှိလျှင် တရားက ဘယ်မှာမှန်းတောင် မသိသေးဘူး။ ကဲ တရားထုတ်ရအောင်—

ပစ္စနိုက ဒုကသခ်ၢဝါရ

နဟေတုမူ နာဝရမ္မဏဒုက အညွန်း

နဟေတု-တဲ့ အဟိတ်နာမ်, အဟိတ်ရုပ် ဆိုဟယ်မဟုတ်လား (မှန်ပါ)။ **လက်ကိုင်လုပ်ထားပါ** သူ့ကို ပစ္စနိုက်ပြောရအောင်။

အဟိတ်နာမ်, **အ**ဟိတ်ရုပ်**ခေါ်**တဲ့တရားကို သခ်ၢဝထုတ်တော့လဲ ဧကံ-၉-ချက် ထွက်တယ်မဟုတ်**လား** (မှန်ပါ)။

ဦးပဉ္စင်းတို့က ဒီတရားကို မူ, ဒီပစ္စည်းကို မူလုပ် ဟောလျှင် ဒီတရားကို ဦးနှောက်ထဲထည့်ထားပါ၊ မူလီလာမည့်ပစ္စည်းမှာ ရမည့်ကိုးကို သူနဲ့ညီကြည့်ရတယ်၊ **အ**ာရမ္မဏ**အ**စရှိတဲ့ ရုပ်ကုန်ရတဲ့ ၇-ပစ္စည်းကို မူလီသွင်းလိုက်၊ သုဒ္ဓသခ်ၢကတော့ တပစ္စည်းချင်းနော်၊ မနေ့က **အ**နုလုံ**အ**တိုင်း ဟောရတယ် (မှန်ပါ)။ **နဟေတုမူ နာဝရမ္မဏဒုက**ဌ် ဘာတရားထုတ်သင့်သလဲ ထုတ်ကြစမ်းပါ၊ (**အ**ဟိတ်-စိတ္တဇရုပ်, **အ**ဟိတ်ပဋိသန္ဓေကမ္မဇရုပ်)။ **အ**ဟိတ်ရုပ်တွေ **အ**ကုန်လုံးပေါ့၊ **အ**ဟိတ်စိတ္တဇရုပ်, **အ**ဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရစတဲ့ရုပ်တွေ **အ**ကုန်ထုတ်၊ **နဟေတုပစ္စယာ နာဝရမ္မဏော** ဘယ်လောက်သခ်ၢထုတ်မလဲ (ဧကံ-ထုတ်ရပါမယ်)။ ရုပ်တွေဘဲ ကော်ပေါ့။

၂-ပစ္စည်းရောနှောမှုဌ် မှတ်ဖွယ်

မူပစ္စည်းမှာဘဲ နာမ်ရှိတယ်၊ မူလီပစ္စည်းမှာ နာမ်ရှိရဲ့လား (မရှိပါ)။ သူ**အ**တွက် နာမ်လျှော့သွားတယ်။

ဒါဖြင့် မူလီပစ္စည်းမှာ ရှိနေတဲ့ရုပ်တွေက **အ**များကြီးဘဲလို့ **ဝမ်း**ပြန်တော့ မူပစ္စည်းမှာ ရုပ်ကနည်း**တယ်**၊ ပါ့ကြောင့် မူပစ္စည်းက ရုပ်**အ**တိုင်းဆိုရတယ်။

ဒီတော့ '**နဟေတုပစ္စယာ နာဝရမ္မဏော** ဧကံ, ဧကံ' လို့ ၂-ကြိမ်သာ ဆိုပါ၊ ရုပ်တင်ရတယ်၊ ဘယ်ဝါရ**အ**တွက်လျှော့သလဲ သံသဋ္ဌနဲ့ သမ္ပယုတ္တပါရ **မ**ရောက်ဘူး **ဒီ**ပစ္စည်းတွန်း (မှန်ပါ)။ ပစ္စနိုက် ဒီတွန်း**နည်**းကို သံသဋ္ဌ, **သ**မ္ပယုတ္တဝါရ**မှာ** **မ**တွန်း**တော**့ဘူး၊ ဘာဖြစ်လို့လဲ **သူ**တို့က နာမ်ကိုသာ ဟောတာမဟုတ်**လား**၊ (မှန်ပါ)။ ဘယ်နှစ်ပစ္စည်းသွားရမလဲ ၇-ပစ္စည်းသွားရမယ် (မှန်ပါ)။

နဟေတုမူ **နာ**ဝိ**ပ**တိ**ဒု**က **အ**ညွန်း

သတိပြုပါ၊ **နာ**ဝိ**ပ**တိ**ဒု**ကဌ် **နာ**ဝိ**ပ**တိ**သ**ုဒ္ဓ**သ**ခ်ၢထဲမှာ **မ**ောဟမူ**ဒ**ဌ် **မ**ောဟ **မ**ပါဘူး**လား**-ပါ**သ**လား (ပါပါ**တ**ယ်)။ ဘယ်လိုဆိုမလဲ '**အ**ဝိ**ပ**တိ**ပ**စ္စည်းကို **မ**ရ**သော**အ**ခါ** **မ**ောဟမူ**ဒ**ဌ် **မ**ောဟ'၊ **ဧ**စတသိက်တလုံးတည်း။

ပြီးတော့ ဘာမတ္တရှိသလဲ၊ အဟိတ်စိတ်အနေနဲ့ကြည့်စမ်း ဘာတ္တရှိသလဲ၊ အဟိတ်ကြိယာ ပါတယ်မဟုတ်လား (မှန်ပါ)။ ပြီးတော့ ဘာတ္တရှိသေးသလဲ (ဝိပါက်တ္တရှိပါတယ်)။ လောကီဝိပါက်တ္တ အကုန်မရဘူးလား (ရပါတယ်)။ လောကီဝိပါက်ထဲမှာ အဟိတ်ဝိပါက် ၁၅-ခု မပါဘူးလား (ပါပါတယ်)။ ဒီက အဟိတ်ကြိယာ ၃-ခုရှိတယ်၊ ဟိုက အဟိတ်ဝိပါက် ၁၅-ခု ရှိတယ်၊ပေါင်းလိုက်တော့ အဟိတ်စိတ် ၁၈-ခုဘဲ မဟုတ်လား (မှန်ပါ)။ နာမိပတိတရားထဲမှာ အဟိတ်စိတ် ၁၈-ခုရှိတယ်လို့ ဘုန်းကြီးပြောနေတာ၊ (မှန်ပါ)။

ဘာတဲ့တုံး 'အဓိပတိပစ္စည်းကို မရသောအခါ မောဟမူဒ္ဓေ၌ မောဟ, အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး' လို့ ဆိုလျှင် တရားမစုံဘူးလား (စုံပါတယ်)။

ရှုပ်တ္တကြည့်ထော့ကော ဒီအတိုင်းဘဲ နိရာဓိပတိ အဟိတ်စိတ္တဇရှုပ်, အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရှုပ်, ဗာဟိရစတဲ့ရှုပ်တ္တကော မရဘူးလား (ရပါတယ်)။ နဟေတုမှာလဲရတယ်၊ နာဓိပတိမှာလဲ (ရပါတယ်)။

အဲဒါကြောင့် တနည်းပြောလျှင် နာဓိပတိနဲ့ နဟေတုဟာ မူမှာ အတူတူလိုဘဲ၊ 'အဓိပတိပစ္စည်းကို မရသောအခါ' ထည့်ဆိုတာ ထူးတယ်။

ဝိသေသန-မထည့်လဲ ဖြစ်ခြင်း

ဒီဝိသေသနတောင် မမ-လဲ ဖြစ်ပါတယ်၊ မောဟမူဒ္ဓေဟာ နဂိုကမ္ဘ အဓိပတိ မတပ်ဘဲ၊ နဟေတုအတိုင်းထားလျှင်ကို ဖြစ်ပါတယ်၊ 'မောဟမူဒ္ဓေ၌ မောဟ, အဟိတ် ပဝတ္တိပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး' လို့ ဆိုလိုက်လျှင်ဘဲ ရနိုင်တဲ့သတ္တိရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောဟမူဒ္ဓေသည်ပင်လျှင် သာဓိပတိမှ မဟုတ်ဘဲ (မှန်ပါ)။ သင်္ချာက ဒွေ, စတ္တာရိ, ဒွေ နော် (မှန်ပါ)။

နဟေတုမူ နအညမညဒုက အညွှန်း

ရှေ့တိုးစမ်းပါ ဘာရှိသလဲ၊ နသဟဇာတလို့ ရှိရဲ့လား (မရှိပါ)။ နအညမညလို့ကော (ရှိပါတယ်)။ ဘာရှိသလဲ ရှုပ်မဟုတ်လား (မှန်ပါ)။ နအညမည သုဒ္ဓသင်္ချာနော်ကိုသို့ လိုက်ရှာဆိုပါ။

ဘာတဲ့တုံး နအညမည သုဒ္ဓသင်္ချာက နာမက္ခန္ဓာမှ ထောက်အပ်သော အဟိတ်စိတ္တဇရှုပ်၊ ပြင်လိုက်ကြပါ နဟေတုအဟုတ် (မှန်ပါ)။

'နာမက္ခန္ဓာမှ ထောက်အပ်သော အဟိတ်စိတ္တဇရှုပ်, ဟဒယဝတ္ထုမှ တပါးသော အဟိဟ်ပဋ္ဌိသန္ဓေကမ္မဇရှုပ်, မဟာဘုတ်မှ ထောက်အပ်သော အဟိတ်စိတ္တဇ ဥပါဒါ' ဆိုလျှင် အကုန်လုံး ပါရောမဟုတ်လား (မှန်ပါ)။ နအညမည

လဲ အကုန်လုံးရှိတယ်၊ နဟေတုကလဲ ရှိတယ်မဟုတ်လား (မှန်ပါ)။ ဥပါဒါရှိပ်ကတော့ချည်း ဟောသွားတယ်။

ဒီတော့ သူအတွက်ကတော့ သခ်ၦာဘယ်လောက်ထွက်မလဲမေးလျှင် မောဟမှု မပါဘဲ သခ်ၦာ'ကေ'ရှိတော့မှာပေါ့၊ 'နအညမညေ ကေ, ကေ'လို့ထုတ်၊ သံသဋ္ဌနဲ့ သမ္မယုတ္တကို သူလဲ မသွားနိုင်ဘူး။

နဟေတုမှု နံပုရေဇာတဒုက အညွှန်း

နပုရေဇာတဒုကဋ္ဌ ဘာရမလဲ၊ အရှုပဝိပါက် ၄-ခုတဲ့၊ နဟေတုမှာ ရှိရဲ့လား (မရှိပါ)။ အရှုပဘုံဋ္ဌဖြစ်သော အခါ လောဘမှု မောဟမှု၊ တွေ့နေပြီ မဟုတ်လား (မှန်ပါ)။

ဒီတော့ ဘယ်နှယ်လုပ်ဆိုမလဲ၊ နဟေတုမှု နပုရေဇာတ ဒုကဋ္ဌ အရှုပဘုံဋ္ဌ ဖြစ်သောအခါ မောဟမှုဒ္ဒွေ့ဋ္ဌ မောဟ၊ မနောဒ္ဒါရဝဇ္ဇန်း၊ ဒါ အဟိတ်စိတ်ကွေ့ မဟုတ်လား (မှန်ပါ)။ ပြီးတော့မှ နောက်နားသွားကြည့်၊ အဟိတ်ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ နပုရေမှာ ရှိတယ်မဟုတ်လား (မှန်ပါ)။ မှတ်ခဲ့ကြပါ၊ အဲဒါ ဦးပဋ္ဌင်းတို့ ဒုကလောက်တော့ ဟောရမယ်။

သခ်ၦာမေးလျှင် ဒ္ဒေ, စတ္တာရိထက် မပိုဘူး၊ မောဟပါလျှင် ဒ္ဒေ, စတ္တာရိ ဖြစ်မယ်၊ မောဟ-မပါလျှင် ကေ ဖြစ်မယ်။

နဟေတုမှု နပစ္စာဇာတဒုက အညွှန်း

ပြီးတော့ နပစ္စာဇာတဆိုတော့ တရားတွေ အကုန်ရှိနေတယ် မဟုတ်လား (မှန်ပါ)။ မူအတိုင်း ဆိုလိုက်ရုံဘဲ။

နဟေတုမှု နာသေမနဒုက အညွှန်း

နာသေဝနထဲမှာ မောဟမှုဒ္ဒေ့ မပါဘူးလား, ပါသလား-လို့ ကြည့်ပေါ့! ဘယ်လိုပါသားသလဲ (မောဟမှု ပဌမဇော)။ မောဟမှု ပဌမဇောဋ္ဌ ရှိသော မောဟ။

ဘုန်းကြီး ခပ်ငယ်ငယ်က အဲဒီပါဠိတော် ကြည့်တယ်၊ နပုရေဇာတေ ဒ္ဒေ, နာသေဝနေ ဒ္ဒေ- ဒီဒ္ဒေ ၂-ဒ္ဒေမှာ တရားရှာလို့ မတွေ့ဘူး။ နောက်တော့ နာသေဝနေ ဒ္ဒေက လာပေါ်တယ်၊ အကုသိုလ်ဒွါဒသဆိုတော့ မောဟမှုဒ္ဒေ့ဋ္ဌ မောဟတွေ့တယ်၊ သူကို အလျင်တွေ့တယ်၊ နပုရေ ဒ္ဒေကို ရှာလို့ မတွေ့ဘူး၊ လောဘမှု မောဟမှု ဆိုတာကိုဘဲ မစဉ်းစားမီတော့ မောဟရှာလို့ မတွေ့တော့

ဖျက်တော့မလို့ စာအုပ်မှာ ခဲတားထားထယ်၊ အတော်ကြီး အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားတော့မှ ဒီဥစ္စာ မောဟ-လာတော့တယ်။

ကြည့်တတ်ကြပါစေ၊ ကိုယ်တိုင်တွေ့ခဲ့ရတဲ့ အမှားဒုက္ခ ပြောပြတာ။

ဘာတဲ့တုံး၊ နာသေဝနဒုကၖ မောဟမူ ပဌမဇောၖ ရှိသော မောဟ၊ ပြီးတော့ ဘာတွေရှိသလဲ အဟိတ်စိတ်မှာ ဟသိတုပ္ပါဒ် ပဌမဇော မပါဘူးလား (ပါ ပါတယ်)။ အာသေဝန သုဒ္ဓသင်္ချာမှာ ပါတယ်၊ ပြီးတော့မှ အာဝဇ္ဇန်းဒွေ၊ နောက်နား၊က အဟိတ်ဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေ နာမကၖန္ဓာ ၄-ဖါး။

ကြိယာက တရားနေပုံ မတူလို့ ခွဲထုတ်နေရတာ၊ ဟသိတုပ္ပါဒ် ကတော့ ပဌမဇောတင် ရမှာမဟုတ်လား (မှန်ပါ)။ အာဝဇ္ဇန်း ဒွေက အကုန်ရတယ်၊ ဝိပါက်တွေ အကုန်ရတယ်၊ ရူပ်တွေကျတော့လဲ နဟေတုအတိုင်း ရမယ်မဟုတ်လား (မှန်ပါ)။

ပြန်နားထောင်စမ်းပါ၊ နာသေဝနဒုကၖ မောဟမူ ပဌမဇောၖ ရှိသော မောဟ,ဟသိတုပ္ပါဒ် ပဌမဇော, အာဝဇ္ဇန်း ဒွေ,အဟိတ်ဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေ နာမကၖန္ဓာ ၄-ပါး၊ အဟိတ် စိတ္တဇရူပ် ကျန်တဲ့ရူပ်တွေ အကုန်ဆိုပ။ နာသေ-ဝနေ ဒွေ,စတ္တာရိ,ဒွေ။

ပစ္စနိုက် ဒုကသင်္ချာဝါရ ဆိုရိုးကျဉ်း

ဆရာတော်။ ။ဦးဥာဏဝရ ဒုကသင်္ချာ အဲဒီအထိ ဟောစမ်းပါ။

ဦးဥာဏဝရ။ ။နဟေတုမူ နာရမ္မဏဒုကၖ အဟိတ်စိတ္တဇရူပ်,အဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရူပ်, ဗာဟိရရူပ်, ဥတုဇရူပ်, အာဟာရဇရူပ်, အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇရူပ်၊ နဟေတုပစ္စယာ နာရမ္မဏော ကော်,ကော်၊ နာနန္တရေ ကော်,ကော်၊ နသာမနန္တရေ ကော်,ကော်၊ နဥပနိဿယေ ကော်,ကော်၊ နသမ-ယုဒတ္တ ကော်,ကော်၊ နောနတ္ထိယာ ကော်,ကော်၊ နောဝိဂတေ ကော်,ကော်။

နဟေတုမူ နာဓိပတိဒုကၖ အဓိပတိပစ္စည်းကို မရသော အခါ မောဟမူဒွေၖ မောဟ, အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကၖန္ဓာ ၄-ပါး၊ အဟိတ်စိတ္တဇရူပ် အဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရူပ်။ပ။ပဝတ္တိကမ္မဇရူပ်၊ နဟေတုပစ္စယာ နာဓိပတိယာ ဒွေ,စတ္တာရိ,ဒွေ။

နဟေတုမူ နအာသေဝနဒုကၖ အဟိတ်ပဋ္ဌိသန္ဓေနာမကၖန္ဓာမှ ထောက်အပ်သော အဟိတ်စိတ္တဇရူပ်, ဟဒယဝတ္ထုမှတပါး အဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရူပ်, မဟာဘုတ်မှ ထောက်အပ်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋ္ဌိသန္ဓေကမ္မဇဥပါဒါ, ။ပ။ ပဝတ္တိကမ္မဇဥပါဒါရူပ်၊ နဟေတု-ပစ္စယာ နအာသေဝနေ ကော်, ကော်။

နဟေတုမူ နပုရေဇာတဒုကဒ္ဒ အရူပဘုံဒ္ဒြစ်သောအခါ မောဟမူ ဒ္ဒေ၌ မောဟ, မနောဒ္ဓါရုဇဇန်း, အဟိတ်ပဋ္ဌဝေါကာရပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ။ပ။ ပဝတ္တိကမ္မဇရုပ်၊ နဟေတုပစ္စယာ နပုရေဇာတေ ဒ္ဒ, စတ္တာရိ, ဒ္ဒ။

နဟေတုမူ နပစ္ဆာဇာတဒုကဒ္ဒ မောဟမူဒ္ဒေ၌ မောဟ, အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋ္ဌိသန္ဓေကမ္မဇ ရုပ် ။ပ။ ပဝတ္တိကမ္မဇရုပ်။ နဟေတုပစ္စယာ နပစ္ဆာဇာတေ ဒ္ဒ, စတ္တာရိ, ဒ္ဒ။

နဟေတုမူ နာသေဝနဒုကဒ္ဒ မောဟမူဒ္ဒေ ပဌမဇောဒ္ဒ ရှိသော မောဟ, ဟသိတုပ္ပါဒ်ပဌမဇော, အာဝဇ္ဇန်း ဒ္ဒ အဟိတ်ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋ္ဌိသန္ဓေကမ္မဇ ရုပ်။ပ။ပဝတ္တိကမ္မဇရုပ်၊ နဟေတုပစ္စယာ နာသေဝနေ ဒ္ဒ, စတ္တာရိ, ဒ္ဒ။

နဟေတုမူ နကမ္မဒုက အညွှန်း

နကမ္မဒုကကျတော့ နကမ္မမှာ ဘာတချားရှိသလဲ (စေတနာရှိပါတယ်)။ ဒီက နဟေတုက ရှိတာက ဇမောဟဆိုတော့ ဘာမှ မဆိုင်ဘူး မဟုတ်လား (မှန်ပါ)။ ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာဆိုတာက ဘာမှ မဆိုင်ဘူး။

ပြီးတော့ ဘယ်သွားသလဲ ရုပ်တွေသွားတယ် မဟုတ်လား (မှန်ပါ)။ ဘာ ရုပ်တွေ ရသလဲ ဗာဟိရရယ်, အာဟာရဇရယ်, ဥတုဇရယ်၊ဒီ ၃ မျိုးဘဲ မဟုတ် လား (မှန်ပါ)။

ဒါဖြင့် နဟေတုမူ နကမ္မဒုကမှာ ဘယ်ဟရား ထုတ်သင့်သလဲ၊ အဲဒီရုပ် ၃-မျိုး ရမှာပေါ့ (မှန်ပါ)။ ဒီရုပ် ၃-မျိုးက ပိုလို့ ဘယ်ရတော့မလဲ၊ နဟေတုမှာ ဒီ့ပြင် ဟာတွေ ရှိပေမဲ့ နကမ္မမှာ ရှိမှ မရှိဘဲ၊ နကမ္မမှာ စေတနာရှိတာကော နဟေတု မှာ ရှိလို့လား (မရှိပါ)။ သခ်္ခေပထုတ်တော့ ကေ၊ ၂-ချက်ထုတ်။

နဟေတုမူ နဝိပါကဒုက အညွှန်း

နဝိပါကဒုက သတိပြုစမ်းပါ။ နဟေတုမူ နဝိပါကဒုကဒ္ဒ ထုတ်ကြစမ်းပါ ကိုယ့်စိတ်ကြိုက်ကလေး၊ ဘယ်ဟရားရမလဲလို့ စိတ်ကြိုက်ထုတ်ကြည့်စမ်းပါ။

မောဟမူ ဒ္ဒေ၌ မောဟ ရမလား– မရဘူးလား၊ (ရပါတယ်)။ ရရမှာပေါ့၊ ဟိုက ဝိပါက် မဟုတ်တဲ့ဟရား အကုန်ရှိမှာ မဟုတ်လား (မှန်ပါ)။

အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမက္ခန္ဓာ ၄-ပါး-တဲ့၊ နဟေတုက ရှိတယ်မဟုတ် လား (မှန်ပါ)။ နဝိပါကမှာ အကုန်ရှိရဲ့လား (မရှိပါ)။ မရှိလျှင် ဘာတင် ထုတ်

မလဲ (ကြိုယာတင် ထုတ်ရပါမယ်)။ အဟိတ်ကြိုယာနာမကွန္ဓာ ၄-ပါးလို့ ဆိုပါ၊ အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ-လို့ သွားပြီး မလုပ်ပါနဲ့ ဝိပါက်မရှိဘူး၊ ပဋ္ဌိသန္ဓေ ရပါ့ မလား (မရပါ)။

အဲဒီ ပါဠိတော်တွေအထိ စာအုပ်ကို လှန်ကြည့်ရပါတယ်၊ ပါဠိတော်က သခ်္ခ၀ါရဆိုပေမဲ့ အဋ္ဌကထာက ဒါမျိုးတွေကျတော့ ထုတ်ပြတယ်။

အခုဟာ နဟေတုမူ နဝိပါကဒုက မဟုတ်လား (မှန်ပါ)။ ဥပမာ- အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ နဝိပါက-ပစ္စယာ ဆိုတော့ မောဟ-က ရတယ်မဟုတ်လား (မှန်ပါ)။ 'ဝိစိကိစ္ဆာသဟ-ဂတော ဥဒ္ဓစ္စသဟဂတော ခန္ဓေ ပဋ္ဌိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော ဓမ္မောဟော'လို့ ထုတ်လျှင် ရတာဘဲ။

အဗျာကတကျတော့ သတိပြုကြစမ်းပါ၊ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာ-ကတော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ, နဝိပါကပစ္စယာ၊ ဘယ်လိုသွားမလဲ အဲဒီဝိဘင်းကို။

ဝိပါက်မရှိဘူး မဟုတ်လား (မှန်ပါ)။

အဟေတုကံ ကိရိယ:ဗျာကတံ ကေ၊ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော စိတ္တ-သမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။

ဒါ ဘယ်သူကို ဟောတာလဲမေးလျှင် အဟိတ်ကြိုယာ ၃-ခုကို ဟောတာ၊ ဝိပါက်မရှိတော့ 'ပဋ္ဌိသန္ဓိကွဏ'လို့ ထည့်လို့ဖြစ်ပါ့မလား (မဖြစ်ပါ)။ 'ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ' ကော ရမလား (မရပါ)။

ပြီးတော့ ဘာတွေဟောမလဲ မေးလျှင် ရူပ်တွေကျတော့ ဘာရူပ်မရှိသလဲလို့ ကြည့်ရတယ်၊(ပဋ္ဌိသန္ဓေကမ္မဇရူပ် မရပါ)။ ဘူအတွက် ချပေါ့၊ ကေံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋ္ဌိစ္စ ကေံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋ္ဌိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋ္ဌိစ္စ....ဘာချမလဲ(ကဋ္ဌတ္ထာ-ရူပံ)။ ဒါဘဲ၊ ကျွန်တဲ့ရူပ်တွေက ၂-ဖက်စလုံး ရှိဘယ်မဟုတ်လား၊ ဗာဟိရစတဲ့ ရူပ်တွေ (မှန်ပါ)။

အဲဒီလို တရားကိုမြင်အောင်လဲ ကြည့်ရတယ်၊ အခု ရှတ်ပြတဲ့ပါဠိတော်က ဘုရားဟောတော်မူတဲ့ ပါဠိတော်ထဲမှာ မရှိဘူး၊ မြတ်စွာဘုရားက သခ်္ခ၀ါရတင် 'နဟေတုပစ္စယာ နဝိပါကေ ဒွေ, စတ္တာရိ, ဒွေ'- လို့ ဟောတယ်၊ အဲဒီလို ဟောထားတဲ့ တရားဟာ ဘယ်သူလဲလို့ အဋ္ဌကထာနည်းနဲ့ ရှာရတယ်၊ ရှာပြီး

တော့ ပါဠိတော်ထုတ်နည်းကို နေရာတိုင်းတော့ မထုတ်ဘူး၊ အချို့အချို့နေရာ တွေမှာ အဋ္ဌကထာဆရာကြီးက ထုတ်ပြတယ်။

